သုဓမ္မဝတီဗုဒ္ဓဝင်

သုစမ္ဗဝတီ ဗုဒ္ဓဝင် နိဒါန်း

သဗ္ဗသော ပရိပုဏ္ဏင်္ဂီ၊
နေတ္တာ သောတ မနောဟရီ။
ဗုဒ္ဓဝံသ သိရိန္ဒာရီ၊
ဗုဒ္ဓဝံသော သမုဗ္ဘာဝိ။

သဗ္ဗသော၊ စ လယ် အဆုံး နိဂုံး နိဒါန်း အခဏ်းခဏ်းတို့ဖြင့် အဆန်းထွင်ကာ မင်္ဂလာကြက်သရေ အထွေထွေစုပေါင်း အကောင်းတကာ့ထိပ်တင် အယဉ်တကာ့ခေါင်ဆုံး ရှင်ပြုံးဘွယ်တကာ့ထွဋ်ဖူး ညွတ်နူးအေးကြည် ဝန်းလည်ပတ်ခြုံ အလုံးစုံအားဖြင့်။ ပရိပုဏ္ဏင်္ဂီ၊ မင်ကျ မင်နု အစစ ပြေပြစ်၍ ဖွေလှစ်ကာ တမျိုးဆန်းလျက် မရိုးတန်း တည်ဆွင်ကာ ပြည်ခွင်မှာ သဒ္ဒါမြူးကြဘို့ ရတနာ အဖူးသဘွယ် ရောင်စုံခြယ် အမြတ်စားဟု ဆိုအပ်သော ငါးဆယ်ကျော် ဓာတ်ကားတို့ဖြင့် မှတ်သားစရာ အချက်ပြ၍ အကွက်ကျကျ ပြင်ဆင်ကာ စာအုပ်အင်္ဂါတို့နှင့်လည်း ပြည့်စုံ လုံလောက်စွာထသော။ နေတ္တာသောတမနော-ဟရီ၊ စာသွားက ခေတ်ဆန်၍ စစ်မှန်စွာ ဂုဏ်ပေါ်စေမည့် ပုံတော်တွေကို ရှုရသဖြင့် လူ့ဘဝ ဤအခါမှာ အရသာမပြတ် စက္ခုဓာတ်ကြည်ရွှင် ဘတ်ချင်အာသာ ကြားနာပြန်က သောတဓာတ်နား ကြားပြီးရင်း ကြားချင်၍ တရားအစဉ် အတောမသတ်နိုင်အောင် မနောဓာတ်ကိုလည်း ဆောင်ပေထသော။ ဗုဒ္ဓဝံသသိရိန္ဒာရီ၊ ဒီပင်္ကရာ စေသတ္တာမှ စစ္စာပေါင်းရုံး အဆုံးဂေါတမ လောကထွတ်ထား မြတ်ဘုရားနှင့် သားတော်ရာဟု မျက်ရှု ယသော် နွယ်တော်ရိယာ ပေါင်းများစွာတို့၏ ဖြစ်ရာဋ္ဌုပ္ပတ် ဇာတ်အသွယ်သွယ် မှတ်ဘွယ်ရာ မက်မပြေ ကြက်သရေအရောင် သိရီဓာတ်ကိုလည်း ဆောင်ပေထသော။ ဗုဒ္ဓဝံသော၊ ဗုဒ္ဓဘာသာ ပေါင်းများစွာတို့ သဒ္ဒါအဖူး ကြည်ရွှင်မြူးအောင် ဂုဏ်ထူးကဲမြင့် အမြဲတင့်မည့် နေမင့်သဘွယ် အမှောင်ပယ်တဲ့ ရောင်စွယ်လွင်လွင် **သုစမ္ဗဝတီ** ဗုဒ္ဓဝင် သည်။ သမုဗ္ဘာဝိ၊ ကမ္ဘာတွင် အဆန်းတွေစုံလျက် စန်းငွေယုန် အောင်ဆုခံပြီးလျှင် တောင်ယုဂန် အထက်စွန်းမှာ တက်ထွန်းကာ အမှောင်ကိုဖြတ်လျက် အရောင်ဓာတ် မယုတ်လင်းပြီးလျှင် တမုဟုတ်ချင်း

တသိရ်တင့်စေဘို့ ဝတီ မြင့် ဘဝဂ်ဆုံးသို့ တက်ချုန်းကာ အပေါင်းချီးလောက် အောင် ကောင်းကောင်းကြီး ခေတ်နှင့်လျော်စွာ ဖြစ်ပေါ်၍ လာပေသတည်း။

ရည်ရွယ်ချက်

"တကမ္ဘာလုံး သာသနာတော်ကြီးပြန့်နှံ့၍ ဗုဒ္ဓဘာသာ လူဦးရေတိုးပွားမှုမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀-ကျော်က ပွင့်တော်မူသော ဂေါတမ ဘုရားရှင်နှင့်တကွ ဒီပင်္ကရာအစ ကဿပ အဆုံးရှိသော ဘုရားရှင်တို့၏ နွယ်တော်စဉ် အဠုပ္ပတ်ကို စုပေါင်းကာ ဆေးရောင်စုံခြယ်အပ်သော ပုံတော်ပေါင်းတို့ဖြင့် တန်ဆာဆင်၍ ဗုဒ္ဓဝင်ကြီးတခု ရေးသားစီရင်ကာ ထုတ်ဝေပါလျှင် ဗုဒ္ဓဘာသာ ဝင်တိုင်း မိမိတို့ ဘုရားအကြောင်းကို ကောင်းကောင်းကြီး သိရှိ နားလည်ကြ၍ တနေ့တခြား ဗုဒ္ဓဘာသာ လူဦးရေတိုးပွားလျက် လောက, ဓမ္မ နှစ်ဌာနဝယ် ကျေးဇူးများရန်အကြောင်း ရှိလေသည်"ဟု ဤသို့သော အာသီသစေတနာ သဒ္ဓါပသန္န ဖြစ်အလာမှာ မဟာကုသိုလ်စိတ်က အထွတ် အထိပ်သို့ အရောက် တက်ကြွ၍ အထမြောက်ဘို့သာ စိတ်ဝင်စားလျက် လုံ့လနှင့် ဝီရိယတရားတို့ကို ပွားများကာ နှလုံးပိုက်ပြီးလျှင် အလွန်ကြီး ဝါယာမ စိုက်ခဲ့လေသည်။

ဗုဒ္ဓဝင်၏ မှီရာကျမ်းများ

ဤသို့သော ရည်ရွယ်ရိုးရင်း နှလုံးသွင်းနှင့် ဤသို့သော လုံ့လဝီရိယတို့ဖြင့် ဗုဒ္ဓဝံသပါဠိတော်, ၎င်း အဋ္ဌကထာ, ၎င်း ဋီကာတို့ကို အရင်းခံ ပဓာနထား၍ ဇာတ်အဋ္ဌကထာနိဒါန်း, ဇာတတ္တကီ, ဇာတ်ဋီကာ, သောတတ္တကီ,ဇိနာလင်္ကာရ ဋီကာ, ဇိနစရိတပါဠိ, အနာဂတဝံသပါဠိတော်, ၎င်း အဋ္ဌကထာ, သုတ်မဟာဝါ ပါဠိတော်, ၎င်း အဋ္ဌကထာ, ၎င်း ဋီကာ, အဋ္ဌသာလိနီ အဋ္ဌကထာ, အင်္ဂုတ္တရ ပါဠိတော်, ၎င်း အဋ္ဌကထာ, ၎င်း ဋီကာ, ထေရာပါဠိတော်, ၎င်း အဋ္ဌကထာ, ထေရီပါဠိတော်, ၎င်း အဋ္ဌကထာ, အပဒါန်ပါဠိတော်, ၎င်း အဋ္ဌကထာ, ဓမ္မပဒ အဋ္ဌကထာ, ၎င်း ဓမ္မပဒ အဋ္ဌကထာ ဂါထာ ယောဇနာ သုတ္တနိပါတ်ပါဠိတော်, ၎င်း အဋ္ဌကထာ, ဥဒါန်းပါဠိတော်, ၎င်း အဋ္ဌကထာ, သာရသင်္ဂဟ အဋ္ဌကထာ, ဇိနတ္ထပကာသနီ, တထာဂတ ဥဒါနဒီပနီ, ဝံသမေဒပကာသနီ, မဟာဝင်, ဗောဓိဝင်, သမန္တစက္ခုဒီပနီ အစရှိသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိဿယ, ဝိနိစ္ဆယ ကျမ်းအမျိုးမျိုးတို့ကို မှီငြမ်းပြုကာ ဤဗုဒ္ဓဝင်ကျမ်းကြီးကို ကြိုးပမ်း အားထုတ်ရလေသည်။

ခေတ်လူတို့ အဇ္ဈာသယ

ထိုသို့ ဗုဒ္ဓဝင်ကျမ်းကို စီရင်ရေးသားရာ၌လည်း ရှေးဟောင်းနှောင်းခေတ်က ဝေါဟာရမျိုး ပေါရာဏစကားရိုးတို့ နည်းနိုင်သမျှ နည်းပါးစေလျက် စကားအသုံးအနှုန်းနှင့်တကွ စာသွား စာလာ သာယာပြေပြစ် ထစ်ဖုမမြင် ယဉ်ကျေးမွေ့သိမ် နိုင်းချိန်ပညာ သမ္မာစုံပြည့် ခေတ်ကိုကြည့်လျက် ကဝိဝါစာ အလင်္ကာဆန်း ငြိမ်းဥပဒေ သေခွေကျန ဥပမေယျ ဥပမာန, သာဓျ သာဓက, ဉာပျ ဉာပက, ယုတ္တိအာဂုံ ပြည့်စုံအင်္ဂါ နှစ်ဆိပုံယင် စာဘတ်သူတိုင်း ရှင်ပျလျက် လက်မလွှတ်ချင်ကြအောင် ရေးသားကုံးသီ၍ ထားသည့်အပြင် ပြတ်သားပေါ်လွင် ကြည်လင်တင့်တယ် ဆန်းကြယ်ယဉ်နု ရှုကြည့်မျှော်ဖူး ကြည်နူးစရာ ရုပ်ပုံပေါင်း များစွာတို့ကိုလည်း စာသားနှင့်ဆီလျော်ရာ သင့်ရာမှာညှပ်သွင်း ခမ်းနားခြင်းတို့နှင့် ပြည့်စုံအောင် ငွေကုန်ကြေးကျ အမြောက်အမြားခံ၍ တန်ဆာဆင်ယင်၍ ထားလေသည်။

ပဌမအကြိမ် ရိုက်နှိပ်ခြင်း

ဆီးနှင်း မြူ တိမ် သူရိန် မီးခိုး ညစ်မျိုးငါးဝ ပဋိပက္ခ ရန်စွယ်တို့ကို တွန်းပယ်သုတ်သင်ကာ အရှေ့လောကခေတ် ယုဂန္ဓိုရ်တောင်ထိပ်မှ ပေါ်ထွက်လျက် ရောင်ခြည်တထောင်တို့ဖြင့် လွှမ်းခြုံဆင်မြန်းကာ ကမ္ဘာသူ ကမ္ဘာသားတို့အား အလင်းရောင်ကို ပေးစွမ်းနိုင်သော ကမ္ဘာ့တန်ဆာ နေစကြာကြီးအလား ဗုဒ္ဓဝင် တရားတော်မြတ်ကြီးကို ဗုဒ္ဓဝင်စာအုပ်ကြီးအဖြစ် ပဌမအကြိမ် ရိုက်နှိပ် ထုတ်ဝေလိုက်သောအခါ မြန်မာနိုင်ငံတော်တဝှမ်းလုံး၌ရှိသော သာသနိကနှင့် လောကီယ ကျမ်းဂန် အမျိုးမျိုးကို ကျွမ်းကျင်လိမ်မာ တတ်မြောက်တော်မူကြကုန်သော ဆရာတော် သံဃာတော်များ, လူပညာရှိ ပုဂ္ဂိုလ်များနှင့်တကွ သာသနာဝင် အပေါင်းတို့က အလွန်ကောင်းချီးပေးကာ ထောမနာချီးကျူး၍ အထူးနှစ်သက်ကြသောကြောင့် ၎င်းပဌမအကြိမ် ရိုက်နှိပ်ခြင်း၌ မြောက်မြားစွာ ရောင်းချ၍ကုန်သွားပါကြောင်း။

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း

ထိုသို့ စာအုပ်ပေါင်း မြောက်မြားစွာ ကုန်ပြီးဖြစ်ပါလျက် ခေတ်ဆန်း ခေတ်သစ်မှာ ခေတ်ကြိုက် နိုင်ငံကျော် လူသိအများဆုံး စာအုပ်ကြီး ဖြစ်သည့်အလျောက် ဒုတိယအကြိမ် ရိုက်နှိပ်ခွင့်သို့ပင် ဆိုက်ရောက်လာပြန်ရာ ဗုဒ္ဓဝင်ကား

ပုံတော်ပေါင်း ၅၀-ကျော်များ အပြင် မဇ္ဈိမဒေသ မြတ်စွာဘုရားသခင်၏ ပွင့်တော်မူရာဌာနနှင့် သာသနာလုံးဆိုင်ရာ ဌာနတို့မှ ရိုက်ကူးသော နဂိုပကတိ ပင်ရင်းရှိ ဓာတ်ပုံပေါင်း ၅၀-တို့ကိုပါ ပေါင်းချုပ်ပြီးလျှင် နောက်ဆက်တွဲပြုလုပ်၍ အဆိုပါ ပုံတော်ပေါင်း ၁၀၀-ကျော်တို့ဖြင့် ခမ်းနားတင့်တယ် သာသနာတော်ကြီးဝယ် ခိုင်ဖြိုးတိုးပွား ထွန်းကားစေမှုကိုသာ အာရုံပြု၍ သာသနာမှု သာသနာရေး အားပေးချီးမြှောက် အထောက်အပံ့ ခိုင်ခံ့မြဲမြံသော သာသနော ပထမ္ဘက ဓမ္မာနုဂ္ဂဟ သာသနဟိတ ကုသိုလ်အကျိုးငှါ ကျွန်ုပ်တို့ **သုဓမ္မဝတီ ပိဋကတ်ပုံနှိပ်တိုက်က** သိုက်မြိုက်ဝေဆာ ကောင်းစွာ စက်တင်ခဲ့ပါသည်။

တတိယအကြိမ် ရိုက်နှိပ်ခြင်း

ပိုမို ခမ်းနားသော အစီအစဉ်များအရ ဒုတိယအကြိမ်ရိုက် စာအုပ်ပေါင်း မြောက်မြားစွာမှာလည်း ကာလမကြာမီပင် ကုန်သွားပြန်ပါ၍ **တတိယအကြိမ်** ဆက်လက်၍ ပုံနှိပ်ခဲ့ရပြန်ပါသည်။

စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း

ရဟန်းရှင်လူ ပြည်သူလူထု တရပ်လုံး၏ နှစ်သက်မှုကြောင့် တတိယအကြိမ် ရိုက်စာအုပ်ပေါင်း မြောက်မြားစွာမှာလည်း ကာလမကြာမီပင် ကုန်သွားပြန်ပါ၍ **စတုတ္ထအကြိမ်** အတွက် မူရင်းမပျက် ဆက်လက်၍ ပုံနှိပ်ထုတ်ဝေလိုက်ရပါသည်။

ပဉ္စမအကြိမ် ရိုက်နှိပ်ခြင်း

စတုတ္ထအကြိမ်ရိုက် စာအုပ်များမှာလည်း မကြာမီပင် ကုန်သွားပြန်ပါ၍ **ပဉ္စမအကြိမ်** အတွက် မူရင်းမပျက် ဆက်လက် ပုံနှိပ် ထုတ်ဝေလိုက်ရပြန်ပါသည်။

ဆဋ္ဌမအကြိမ် ရိုက်နှိပ်ခြင်း

ပဉ္စမအကြိမ်ရိုက်စာအုပ်များမှာလည်း အချိန်မမြင့်မီ ကုန်သွားပြန်ပါသဖြင့် ယခု ဆဋ္ဌမအကြိမ်အတွက် မူရင်းမပျက် ဆက်လက် ပုံနှိပ်ထုတ်ဝေလိုက်ရပြန်ပါသတည်း။

သုဓမ္မဝတီ

မာတိကာ

မာတိကာ	စာမျက်နှာ
အာသီသ ပုဗ္ဗကဂန္ထာရမ္ဘ	၁
ယာစက, ပဋိညာဉ်	၂
ဥယျောဇဉ်	၃
အာသီသ	၄
ဗုဒ္ဓဝင်ဖြစ်ပေါ်လာပုံ	၅
အရှင်ကာဠုဒါယီ လျှောက်ထား ပင့်ဘိတ်ခြင်း	၆
ဗုဒ္ဓဝင်ကို ဟောကြားတော်မူခြင်း	၈
ကမ္ဘာနှင့် ဘုရား	၁၀
ဆောင်ပုဒ်လင်္ကာ	၁၁
ကမ္ဘာနှင့်ဘုရား ဇယားကွက်ပုံ	၁၃
၁ - ဒီပင်္ကရာဗုဒ္ဓဝင်	၁၅
ဘုရားဖြစ်တော်မူခြင်း	၁၈
ဂေါတမဘုရားအလောင်း သုမေဓာအကြောင်း	၂၀
သေဋ္ဌေးသားကလေးသည် သံဝေဂဉာဏ်ပေါ်ခြင်း	၂၃
သုမေဓာသေဋ္ဌေးသား တောထွက်တော်မူခြင်း	၂၈
ကျောင်းကို ငြီးငွေ့တော်မူခြင်း	၂၉
ဒီပင်္ကရာဘုရားနှင့် တွေ့တော်မူခြင်း	၃၀
ဒီပင်္ကရာဘုရား၏ ဗျာဒိတ်စကား	၃၃
အလောင်းတော် သုမေဓာအား ပူဇော်ကြခြင်း	၃၅
ကဆုန်လပြည့် ဘုရားနေ့	၃၇
ဒီပင်္ကရာဘုရား၏ ဗျာဒိတ်စကားကို ဆင်ခြင်တော်မူခြင်း	၃၉
ဘုရားဖြစ်ကြောင်း ဒါနပါရမီကို လက်ဦးစွာမြင်ခြင်း	၄၀
အလောင်းတော်၏ တန်ခိုးဟုန်ကြောင့် ကမ္ဘာကြီး တုန်ခြင်း	၄၁

လျှောင်လှုပ်ခြင်း အကြောင်းကို ဘုရားအား လျှောက်ထားကြခြင်း ၄၁
အလောင်းတော် သုမေဓာအား နတ်, လူတို့ ပူဇော်ကြပြန်ခြင်း ၄၂
ယသောဓရာအလောင်း သုမိတ္တာဆုတောင်း ၄၆
ယသောဓရာအလောင်း စေတနာစည်းပြောင်းပုံ ၄၈
မေတ္တာအစ ကြာပန်းက ၅၀
သုမိတ္တာ အမျိုးသမီး ၅၂
ဒီပင်္ကရ ဗုဒ္ဓဝင်၏ နိဂုံးချုပ် စကား ၅၃

၂ - ကောဏ္ဍညဗုဒ္ဓဝင် ၅၅
ဂေါတမဘုရားအလောင်း ဝိဇိတာဝီစကြာမင်းအကြောင်း ၅၇

၃ - မင်္ဂလဗုဒ္ဓဝင် ၅၉
အလောင်းတော် သန္ဓေသား၏ ထူးခြားပုံ ၅၉
မင်္ဂလဘုရား၏ ထူးခြားသော ရောင်ခြည် ၆၁
မင်္ဂလဘုရားအလောင်း၏ ဆုတောင်း ပတ္ထနာ ၆၁
ဂေါတမဘုရားအလောင်း သုရုစိပုဏ္ဏားအကြောင်း ၆၄
အလောင်းတော်၏ သဒ္ဓါမိုးဃ်းနှင့် သိကြားမင်း၏ မဟာတန်ခိုး ၆၅

၄ - သုမနဗုဒ္ဓဝင် ၆၉
ဂေါတမဘုရားအလောင်း အတုလနဂါးမင်းအကြောင်း ၇၁

၅ - ရေဝတဗုဒ္ဓဝင် ၇၃
ဂေါတမဘုရားအလောင်း အတိဒေဝပုဏ္ဏားအကြောင်း ၇၅

၆ - သောဘိတဗုဒ္ဓဝင် ၇၇
ဂေါတမဘုရားအလောင်း သုဇာတပုဏ္ဏားအကြောင်း ၈၀

၇ - အနောမဒဿီဗုဒ္ဓဝင် ၈၁
ဂေါတမဘုရားအလောင်း ဘီလူးစစ်ဗိုလ်ကြီးအကြောင်း ၈၄

၈ - ပဒုမဗုဒ္ဓဝင် ၈၇
ဂေါတမဘုရားအလောင်း ခြင်္သေ့မင်းအကြောင်း ၉၀

၉ - နာရဒဗုဒ္ဓဝင် ၉၃
ဂေါတမဘုရားအလောင်း သူတော်ကောင်းရသေ့အကြောင်း ၉၅
၁၀ - ပဒုမုတ္တရဗုဒ္ဓဝင် ၉၇
ဂေါတမဘုရားအလောင်း ဇဋိလသေဌေးကြီးအကြောင်း ၁၀၀
၁၁ - သုမေဓဗုဒ္ဓဝင် ၁၀၃
ဂေါတမဘုရားအလောင်း ဥတ္တရလုလင်အကြောင်း ၁၀၅
၁၂ - သုဇာတဗုဒ္ဓဝင် ၁၀၇
ဂေါတမဘုရားအလောင်း စကြာမင်းအကြောင်း ၁၀၉
၁၃ - ပိယဒဿီဗုဒ္ဓဝင် ၁၁၁
ဂေါတမဘုရားအလောင်း ကဿပပုဏ္ဏားအကြောင်း ၁၁၃
၁၄ - အတ္ထဒဿီဗုဒ္ဓဝင် ၁၁၅
ဂေါတမဘုရားအလောင်း သုသီမရသေ့အကြောင်း ၁၁၇
၁၅ - ဓမ္မဒဿီဗုဒ္ဓဝင် ၁၂၁
ဂေါတမဘုရားအလောင်း သိကြားမင်းအကြောင်း ၁၂၄
၁၆ - သိဒ္ဓတ္ထဗုဒ္ဓဝင် ၁၂၇
ဂေါတမဘုရားအလောင်း မင်္ဂလရသေ့အကြောင်း ၁၃၀
၁၇ - တိဿဗုဒ္ဓဝင် ၁၃၁
ဂေါတမဘုရားအလောင်း သုဇာတရသေ့အကြောင်း ၁၃၃
၁၈ - ဖုဿဗုဒ္ဓဝင် ၁၃၅
ဂေါတမဘုရားအလောင်း ဝိဇိတာဝီမင်းအကြောင်း ၁၃၇
၁၉ - ဝိပဿီဗုဒ္ဓဝင် ၁၃၉
ဂေါတမဘုရားအလောင်း အတုလနဂါးမင်းအကြောင်း ၁၄၁

၂၀ - **သိခီဗုဒ္ဓဝင်** ၁၄၃

ဂေါတမဘုရားအလောင်း အရိန္ဒမမင်းအကြောင်း ၁၄၆

၂၁ - **ဝေဿဘူဗုဒ္ဓဝင်** ၁၄၇

ဂေါတမဘုရားအလောင်း သုဒဿနမင်းအကြောင်း ၁၄၉

၂၂ - **ကကုသန္ဓဗုဒ္ဓဝင်** ၁၅၁

ဂေါတမဘုရားအလောင်း ခေမမင်းအကြောင်း ၁၅၃

၂၃ - **ကောနာဂမနဗုဒ္ဓဝင်** ၁၅၅

ဂေါတမဘုရားအလောင်း ပဗ္ဗတမင်းအကြောင်း ၁၅၇

၂၄ - **ကဿပဗုဒ္ဓဝင်** ၁၅၉

ဂေါတမဘုရားအလောင်း ဇောတိပါလလုလင်အကြောင်း.... ၁၆၁

ဇောတိပါလ၏ စဉ်းစားဉာဏ် ၁၆၄

ဇောတိပါလလုလင် သာသနာ့ဘောင်ဝင်ခြင်း ၁၆၇

ဗျာဒိတ်တော်ခံဏ်း နောက်ဆက်တွဲ ၁၇၃

အလောင်းတော်ဘဝ အကျဉ်းပြ ဆောင်ပုဒ်လင်္ကာ ၁၇၃

ဆောင်ပုဒ်လင်္ကာ အဓိပ္ပါယ် ၁၇၃

၂၅ - **ဂေါတမဗုဒ္ဓဝင်** ၁၇၇

နတ်ပြဟ္မာအများတို့သည် ဘုရားဖြစ်ရန် တောင်းပန်ကြခြင်း ၁၇၇

ကြည့်တော်မူပုံ ၁၇၀

မဇ္ဈိမဒေသ မှတ်ဘွယ်သံပေါက် ၁၇၉

မယ်တော်ကြီး၏ အိပ်မက်တော် ၁၈၁

မီးရှူးသန့်စင် ဘွားမြင်တော်မူခြင်း ၁၈၂

၃၂-ပါးသော နိမိတ်ကြီးများ ၁၈၄

ကဆုန်လပြည့် ဘုရားနေ့ ၁၈၅

ဘွားဘက်တော် ခုနစ်ပါး ၁၈၇

မှတ်ဘွယ်သံပေါက် ၁၈၈
ကာလဒေဝိလရသေ့ကြီးအကြောင်း ၁၈၈
အလောင်းတော်နှင့် ကာလဒေဝိလရသေ့တို့ တွေ့ဆုံကြခြင်း.... ၁၉၀
အလောင်းတော် မင်းသားကလေးအား အမည်ပေးခြင်း ၁၉၃
လယ်ထွန်မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပခြင်း ၁၉၆
ခုနစ်နှစ်သား အလောင်းတော်၏ အာနုဘော်ကြီးမားပုံ ၁၉၈
အလောင်းတော်သိဒ္ဓတ် လေးအတတ်ကိုပြခြင်း ၂၀၀
ဆွေတော်မျိုးတော်အဆက် အမြွက်စကား ၂၀၇
အလောင်းတော်သည် နိမိတ်ကြီးလေးပါးကို မြင်တော်မူခြင်း ၂၀၈
ဝိသုကြုံနတ်သားသည် နတ်ဝတ် တန်ဆာတို့ဖြင့် အလောင်းတော်အား ဆင်မြန်းခြင်း ၂၁၂
ရာဟုလာမင်းသား ဘွားမြင်တော်မူခြင်း ၂၁၂
ကိသာဂေါတမီ၏ ချီးကျူးသံ ၂၁၃
အလောင်းတော်သည် တောထွက်တော်မူခြင်း ၂၁၄
ယသောဓရာအခန်းသို့ ကြွလှမ်းတော်မူခြင်း ၂၁၆
မာရ်နတ်၏ အနှောက်အယှက် ကန့်ကွက်လာပုံ ၂၁၆
အနောမာသောင်ကမ်း၌ ရဟန်းပြုတော်မူခြင်း ၂၁၈
ဃဋိကာရဗြဟ္မာကြီး ကြာသကၤန်း ကပ်လှူခြင်း ၂၂၀
ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူခြင်း ၂၂၁
ဗိမ္ဗိသာရမင်းနှင့်တွေ့ခြင်း ၂၂၃
ရသေ့နှစ်ဦးထံ စျာန်သမာပတ် နည်းခံခြင်း ၂၂၅
ပဉ္စဝဂ္ဂီရဟန်းများ ခစားလုပ်ကျွေးခြင်း ၂၂၅
ဒုက္ကရစရိယာ ခြောက်နှစ်ကြာမျှ ကျင့်တော်မူရပုံ ၂၂၆
မှတ်ဘွယ်သံပေါက် ၂၂၆
ရှစ်လုံးဖွဲ့ကဗျာ မြန်မာဂါထာ ၂၂၆
နတ်သားတယောက်၏ မမှန်သတင်း ၂၂၈
အလောင်းတော်၏ ပြင်းထန်သောအကြံ ၂၂၉

အလောင်းတော်အား မာရ်နတ်တားမြစ်ခြင်း ၂၃၀
ပဥ္စဝဂ္ဂီတို့ အလောင်းတော်ကို ရှောင်ခွါစွန့်ထားခဲ့ကြခြင်း ၂၃၀
သေဌေးသမီး သုဇာတာ၏ ဆုတောင်း ၂၃၁
သေဌေးသမီး သုဇာတာ ဃနာသို့ဆွမ်း စီမံပုံ ၂၃၂
အလောင်းတော်မြတ်၏ ငါးရပ်သော အိပ်မက် ၂၃၃
သုဇာတာ သေဌေးသမီး ဃနာနို့ဆွမ်းကို လှူဒါန်းခြင်း ... ၂၃၄
နေရဥ္စရာမြစ်ကြော၌ ရွှေခွက်ကိုမျှောခြင်း ၂၃၅
သောတ္ထိယသည် မြက်ရှစ်ဆုပ် လှူဒါန်းခြင်း ၂၃၆
အလောင်းတော်သည် ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူခြင်း ၂၃၇
ဝီရိယအားဟုန်ကို အစွမ်းကုန် ပြုတော်မူခြင်း ၂၃၈
မာရ်နတ်ကြီး ရောက်လာပြန်ခြင်း ၂၃၉
မာရ်နတ်ကို အောင်သဖြင့် ကောင်းချီး ပေးကြခြင်း ၂၅၃
အလောင်းတော်သည် ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ၂၅၅
ရှင်ရှင်မြူးမြူး ကျူးရင့်တော်မူအပ်သော ဥဒါန်းဂါထာကြီး ၂၆၀
ကဆုန်လပြည့် ဘုရားနေ့ ၂၆၃
ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံနေတော်မူခြင်း ၂၆၃
၁—ပလ္လင်္က သတ္တာဟ ၂၆၃
၂—အနိမိသ သတ္တာဟ ၂၆၄
၃—ရတနစင်္ကမန သတ္တာဟ ၂၆၄
၄—ရတနဃရ သတ္တာဟ ၂၆၅
၅—အဇပါလ သတ္တာဟ ၂၆၇
မာရ်နတ်သားတဖန် ရောက်လာပြန်ခြင်း ၂၆၈
မြတ်စွာဘုရား၏ မိန့်ကြားသံ ၂၇၁
၆—မုစလိန္ဒ သတ္တာဟ ၂၇၂
၇—ရာဇာယတန သတ္တာဟ ၂၇၃
တဖုဿနှင့် ဘလ္လိကတို့ ရောက်လာကြခြင်း ၂၇၃

ကိုးကွယ်ရာတခုကို တောင်းကြခြင်း ၂၇၆
သဟမ္ပတိဗြဟ္မာ တရားဟော တောင်းပန်လာခြင်း ၂၇၇
မြတ်စွာဘုရား၏ တရားဟောရန် စိတ်အကြံတော် ၂၇၉
ဂယာသီသ၌ ဥပကနှင့် တွေ့ခြင်း ၂၈၀
ဓမ္မစကြာတရားထူးကို လက်ဦးစွာ ဟောကြားခြင်း ၂၈၂
ပဥ္စဝဂ္ဂီရဟန်းတို့ ကျွတ်တမ်းဝင်ပုံ ၂၈၄
အနတ္တလက္ခဏာသုတ် ဟောကြား၍ ရဟန္တာဖြစ်ကြခြင်း ၂၈၅
သာတာဂိရနှင့် ဟေမဝတနတ်တို့အကြောင်း ၂၈၆
ဟေမဝတနတ်သား ဘုရားဟုတ်,မဟုတ် မေးခွန်းထုတ်ခြင်း ၂၈၉
နတ်မင်းကြီးများ ကျွတ်တမ်းဝင်ကြခြင်း ၂၉၆
ရာဇဂြိုဟ်ပြည် အမျိုးသမီးကာဠီ ကျွတ်တမ်းဝင်ခြင်း ၂၉၆
အရှင်နာဠကအကြောင်း ၂၉၇
မောနေယျ အကျင့်မြတ်ကို လျှောက်ထားခြင်း ၂၉၉
မောနေယျတရား ဟောကြားတော်မူခြင်း ၂၉၉
သေဌေးသား ယသလုလင်အကြောင်း ၃၀၄
ရောက်လာပုံ ၃၀၄
ယသလုလင်၏ ဘခင်သေဌေး ကျွတ်တမ်းဝင်ခြင်း ၃၀၇
သားအဘနှစ်ယောက် တွေ့ကြခြင်း ၃၁၀
နှီဆွမ်းအမကြီး သုဇာတာ ကျွတ်တမ်းဝင်ခြင်း ၃၁၂
အရှင်ယသ၏ သေဌေးသား မိတ်ဆွေများ ၃၁၂
အရှင်ယသ၏ ကုသိုလ်ဘက် မိတ်ဆွေများ ၃၁၃
ဘဒ္ဒဝဂ္ဂီ ညီနောင်မင်းသားတို့ အကြောင်း ၃၁၅
တွေ့တော်မူပုံ ၃၁၅
ဥရုဝေလကဿပ ရသေ့ညီနောင် သုံးဦးတို့အကြောင်း ၃၁၉
ရသေ့တို့၏ အယူဝါဒ ၃၁၉
မြတ်စွာဘုရားနှင့် တွေ့ကြခြင်း ၃၁၉
နတ်မင်းကြီးလေးပါး ခစားဖူးမျှော် လာကြခြင်း ၃၂၀

သိကြားမင်း ဝတ်ပြုလာခြင်း ၃၂၂
မြောက်ကျွန်း၌ ဆွမ်းခံ၍ သီဟိုဠ်ကျွန်းသို့ ကြွခြင်း ၃၂၂
ပံသုကူ ကောက်တော်မူခြင်း ၃၂၄
ရှင်တထောင် ကျွတ်တမ်းပင်ခြင်း ၃၃၀
ရှင်တော်ဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း ၃၃၄
ပရိသတ်များ၏ ယုံမှားခြင်း ဝိစိကိစ္ဆာ ၃၃၄
ဗိမ္ဗိသာရမင်း၏ အလိုဆန္ဒ ပြည့်ဝခြင်း ၃၃၆
နိဗ္ဗာန်ဆော်သိကြားမင်း လုလင်အသွင် ဖန်ဆင်းခြင်း ၃၃၇
သိကြားမင်း၏ ချီးကျူးသံ ၃၃၈
သိကြားမင်းလုလင်၏ နှုတ်ရှင်ရှင် ပြန်ပြောပုံ ၃၃၉
အဂ္ဂသာဝကနှစ်ပါး၏ မွေးဘွားရာ ဇာစ်မြစ်အကြောင်း ၃၄၂
မိတ်ဆွေနှစ်ဦး ကြည်နူးပျော်ရွှင် ၃၄၂
လုလင်နှစ်ဦး၏ ထူးသော သံဝေဂ ၃၄၃
သူငယ်ချင်းနှစ်ဦး တရားထူးရှာကြခြင်း ၃၄၆
တရားထူးကိုရခြင်း ၃၄၇
လက်ျာရံမထေရ်မြတ်ကြီး၏ တရားထူးရသော ဂါထာတော်ကြီး ၃၄၉
မိတ်ဆွေနှစ်ဦး ပြန်တွေ့ခြင်း ၃၅၁
သိဥ္စည်းဆရာကြီးကို ခေါ်ကြခြင်း ၃၅၂
မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ကြခြင်း ၃၅၅
မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း ၃၅၆
ကာဠုဒါယီမထေရ်မြတ် လျှောက်ထားခြင်း ၃၆၀
ကာဠုဒါယီမထေရ်မြတ်သည် ခမည်းတော်ကြီးနှင့် ဆွေတော်
မျိုးတော်များအား ပြောကြားနှင့်ခြင်း ၃၆၆
ဗုဒ္ဓဝင်တရား ဟောကြားတော်မူခြင်း ၃၆၈
ကပိလဝတ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူခြင်း ၃၇၀
ယသောရော်နှင့် ရာဟုလာတို့ ဖူးမြင်ကြခြင်း ၃၇၂
နရသီဟဂါထာ လင်္ကာ ၉-ပုဒ် ၃၇၇

သုဒ္ဓေါဒန မင်းတရားသည် ဘုရားထံ သွားရောက်ခြင်း	....	၃၇၀
သာကီဝင်နှင့် ဗုဒ္ဓဝင်	....	၃၇၁
ခမည်းတော်ကြီး သောတာပန်တည်ခြင်း	....	၃၇၂
ယသောဓရာ၏ အဆောင်နန်းသို့ ကြွမြန်းတော်မူခြင်း	....	၃၇၅
ညီတော် နန္ဒမင်းသားအကြောင်း	....	၃၇၉
သပိတ်ထမ်းခေါ်ခြင်း	....	၃၇၉
နှမတော်၏ မှာတမ်း	....	၃၈၀
နန္ဒမင်းသား ရဟန်းပြုခြင်း	....	၃၉၀
နတ်ပြည်သို့ ခေါ်ဆောင်သွားခြင်း	....	၃၉၂
အရှင်နန္ဒ ရဟန္တာဖြစ်၍ တေဒဂ်ရခြင်း	....	၃၉၃
သားတော်ရာဟုလာ အမွေတောင်းခြင်း	....	၃၉၄
သုဒ္ဓေါဒနမင်းကြီး တောင်းပန်စကား လျှောက်ထားခြင်း	....	၃၉၆
ခမည်းတော်ကြီး အနာဂါမ်တည်ခြင်း	....	၃၉၇
ရှင်တော်ဘုရား၏ မှတ်သားဘွယ်ရာ ဝါဆိုစဉ်	....	၃၉၉
ဘုရားရှင်၏ သီတင်းသုံးတော်မူရာ ဝါဆိုစဉ်တေးထပ်	....	၄၀၁
မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်တော်မူခြင်း	....	၄၀၁
မာရ်နတ်သားက ပရိနိဗ္ဗာန်ပြုပါဟု လျှောက်ထားခြင်း	....	၄၀၃
မြေလှုပ်ခြင်းအကြောင်းကို အရှင်အာနန္ဒာ လျှောက်ထားခြင်း		၄၀၅
ပရိနိဗ္ဗာန်မစံတို့အကြောင်းကို အရှင်အာနန္ဒာ တောင်းပန်ခြင်း		၄၀၇
ပါဝါမြို့ စုန္ဒသေဌေးသား၏ဆွမ်းကို ဘုဉ်းပေးတော်မူခြင်း	....	၄၁၁
ပါဝါမြို့မှ ကုသိနာရုံပြည်သို့ ကြွချီတော်မူခြင်း	....	၄၁၃
ပရိနိဗ္ဗာန်ဝင်စံရာ အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူခြင်း		၄၁၆
မြတ်စွာဘုရားအား သက်ရှိသက်မဲ့ဟူသမျှ ပူဇော်ကြခြင်း	....	၄၁၇
ခန္ဓာကိုယ်ကြီးလှသော အရှင်ဥပဝါဏအကြောင်း	....	၄၂၀
အရှင်အာနန္ဒာသည် မာတုဂါမအကြောင်းကို လျှောက်ခြင်း		၄၂၂
အလောင်းတော်ဥတုဇဥ္ဇ ဈာပနအစီအစဉ်ကို လျှောက်ပြန်ခြင်း		၄၂၄
အရှင်အာနန္ဒာသည် စိတ်မချမ်းသာသဖြင့် ငိုယိုကာနေခြင်း		၄၂၆

အရှင်အာနန္ဒာအား အပူအေးကြောင်းတရား ဟောကြားခြင်း ၄၂၇
မလ္လာမင်းတို့အား အကြောင်းကြားစေခြင်း ၄၂၈
သုဘဒ္ဒပရိဗိုဇ် ပုစ္ဆာမေးလျှောက်ခြင်း ၄၂၉
နောက်ဆုံးစကား မိန့်ကြားတော်မူခြင်း ၄၃၃
ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း ၄၃၅
သဟမ္ပတိဗြဟ္မာ၏ သံဝေဂ ဂါထာ ၄၃၇
သိကြားမင်း၏ သံဝေဂ ဂါထာ ၄၃၈
အရှင်မဟာကဿပ ကြွလာတော်မူခြင်း ၄၄၁
အလောင်းတော်ကို တေဇောဓာတ်မီး ခ,တော်မူခြင်း ၄၄၄
မြတ်စွာဘုရား၏ ခုနစ်နေ့အဖြစ်အပျက်ကို စစ်တွက်စုပေါင်း၍
ပြရာဖြစ်သော မြန်မာဂါထာ ရှစ်လုံးဖွဲ့ ကဗျာများ ၄၄၈
အဇာတသတ်မင်း စစ်ချီလာခြင်း ၄၅၁
ဓာတ်တော်ဝေခဏ်း ၄၅၄

မဇ္ဈိမဒေသ ပုံတော်များ

လုမ္ဗိနီ ကျောက်တိုင် ၄၅၉
လုမ္ဗိနီ ဥယျာဉ်တော် ၄၆၀
မယ်တော်မာယာ အုတ်ဂူတိုက် ၄၆၁
အနောမာသောင် ၄၆၂
ပဥ္စဝဂ္ဂီငါးဦးတို့ ခရီးဦးကြို ပြုရာဌာန ၄၆၃
ဥရုဝေလတောတန်း ၄၆၄
ဒုက္ကရစရိယာ ကျင့်ရာဌာန ၄၆၅
သေဌေးသမီး သုဇာတာ နို့ဃနာ ကပ်လှူရာဌာန.... .... ၄၆၆
နေရဉ္စရာမြစ် ၄၆၇
မဟာဗောဓိ စေတီတော်ကြီး ၄၆၈
မဟာစင်္ကြံတော် ၄၆၉

မဟာဗောဓိပလ္လင်တော် ၄၇၀

မဟာဗောဓိ စေတီရံများ ၄၇၁

မဟာဗောဓိပင် ၄၇၂

အနိမိသကုန်း ၄၇၃

စင်္ကမနကုန်း ၄၇၄

ရတနာဃရ ရွှေအိမ် ၄၇၅

ဆိတ်ကျောင်းညောင်ပင် ၄၇၆

မုစလိန္ဒာအိုင် ၄၇၇

လင်းလွန်းပင်နေရာ ၄၇၈

မိဂဒါဝုန်တော ၄၇၉

မိဂဒါဝုန်တော အဝင်ဝ ၄၈၀

ဓာတ်တော်တိုက် ၄၈၁

ရာဇဂြိုဟ်ပြည် ကျောင်းတော်ရာ ၄၈၂

ဝေဘာရတောင်နှင့် ကျောင်းတော်ရာ ၄၈၃

ရာဇဂြိုဟ် မြို့တော်ဟောင်း ၄၈၄

ဇေတဝန်ကျောင်း စင်္ကြံတော်နေရာ ၄၈၅

အာနန္ဒာဗောဓိပင် ၄၈၆

ရဟန္တာဓာတ်တော် စေတီနေရာ ၄၈၇

ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်နေရာ ၄၈၈

သာဝတ္ထိတောတန်း ၄၈၉

ညောင်စောင်းတော်နေရာ ၄၉၀

သရက်ဖြူကုန်း ၄၉၁

ဒေဝဒတ် မြေမျိုရာဌာန ၄၉၂

ဒေဝဒတ် ကျောက်လှိမ့်ချရာအရပ် ၄၉၃

နိဂြောဓာရုံကျောင်းတော်ရာ ၄၉၄

ပဋာစာရီကူးသော မြစ် ၄၉၅

အသောကမင်း ကျောက်တိုင် ၄၉၆

ကျောက်ဆင်ရုပ် ၄၉၇
သက်ဿနဂိုရ် ကျောင်းတော်ရာ ၄၉၈
အင်္ဂုလိမာလ ကျောင်းတော်ရာ ၄၉၉
တက္ကသိုလ်ပြည် ထူပါရုံ ၅၀၀
နာလန္ဒမြို့ ကျောင်းတော်ရာ ၅၀၁
(ဆံချီ) ဝေဒိဿကတောင်ပေါ် စေတီတော် ၅၀၂
ညီတော်အာနန္ဒာ ရေကြည်ရှာရာ ဌာန ၅၀၃
ကုသိနာရုံပြည် ၅၀၄
ပရိနိဗ္ဗာန် စံရာဌာန ၅၀၅
တေဇောခေတ်လောင်ရာဌာန ၅၀၆
ကုသိနာရုံစေတီတော် ၅၀၇
ပဋ္ဌမသင်္ဂါယနာ တင်ရာဌာန ၅၀၈
နိဂုံး အာသီသ ၅၀၉

မာတိကာ ပြီး၏။

သုဓမ္မဝတီ-ဗုဒ္ဓဝင်

နမော ဗုဒ္ဓဝံသ ဒေသကဿ သမ္မာသမ္ဗုဒ္ဓဿ။

အာသီသ ပုဗ္ဗက ဂန္ထာရမ္ဘ

၁ ဗုဒ္ဓေါ ယော သေဋ္ဌ ဂေါတ္တေသီ၊
သာကိယော သာရမေဒကီ။
ဝဏ္ဏကာမီ ဝံသပါလီ၊
ပါလေတု ဝံသပါကဋ္ဌိ။

သေဋ္ဌဂေါတ္တေသီ၊ သန့်ရှင်းမြင့်မြတ် အနွယ်ဇာတ်ကို မပြတ်ကြံဆောင် ဉာဏ်ရောင်ဆီမီး ထိန်ထိန်ညီးလျက် ရှာမှီးတော်မူတတ်ထသော။ သာရမေဒကီ၊ တရားအနှစ် အသားစစ်မျိုးမှန် အဘိုးတန် အဆီကောင်းတို့၏ တည်အောင်း ခိုလှုံရာ ရတနာအထူး အညွန့်အဖူးလည်း ရှိတော်မူပေထသော။ ယော ဗုဒ္ဓေါ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို သာကြည်လှမ်းဆွတ် နန်းထွတ်ပရမေ အောင်မြေ ပိုင်သ အနိုင်ရသည့် ဂေါတမနွယ်ဝင် အကြင် ဘုရားရှင်သည်။ သာကိယော၊ ကမ္ဘာလုံး တောမသတ်အောင် ပြောစမှတ် ရှိန်တေဇာတို့ဖြင့် ထိန်ဝေဖြာအကဲ

ရောက်ပေသည့် ရဲရဲတောက်အာဇာနည် မဟာသာကီ ဂိုဏ်းအကျော်မှာ သမိုင်းပေါ်ပေါ် ဖြစ်တော်မူရလေပြီ။ ဝဏ္ဏကာမီ၊ ကာမဂုဏ် အဆွေးအပုပ်ကို ထွေးထုတ်တော်မူပြီးသသော။ ဝံသပါလီ၊ မြင့်မြတ်သော အမျိုးအနွယ်ကို မညှိုးငယ်မကွယ်ပျောက်အောင် တကယ်စောင့်ရှောက်တော်မူပေထသော။ ဝံသပါကဋ္ဌ၊ ကမ္ဘာတရိုး တဟိုးဟိုးကျော် အမျိုးတော်ဇာတ် ဂုဏ်သကတ်လည်း ရှိတော်မူပေထသော။ သော ဗုဒ္ဓေါ၊ လေးသစ္စာအချက်အလက်ကို မပျက်မကွက် သိမြင်ထိုဂေါတမဘုရားရှင်သည်။ (မံ၊ ဗုဒ္ဓနွယ်တော် ဇာတ်လုံးဖော်၍ သင့်လျော်စွာ စီစဉ် တီထွင်ကာရေးထုတ် နာမ်, ရုပ် နှစ်ခုသာဖြစ်သော ဘုရားတပည့်တော်ကို။) ပါလေတု၊ အကြံမပြောင်း ဉာဏ်မစောင်းဘဲ လမ်းကောင်းမြင့်ထောက် အသင့်ရောက်အောင် စောင့်ရှောက်တော် မူပါစေသတည်း။

ပဋိညာဉ်

၂ **ဝံသပါလာန မတ္ထာယ၊**
သာသနဿ စ ဝုဒ္ဓိယာ။
ပသာဒဂုဏသမ္ပန္နံ၊
လိခိဿံ ဗုဒ္ဓဝံသိကံ။

ဝံသပါလာနံ၊ ကိုးကွယ်ဆည်းကပ် ရှင်တော်မြတ်တို့၏ ဒြပ်နှင့်ဂုဏ် အဖုံဖုံတို့ကြောင့် အာရုံမနော သဒ္ဓါဇောထက်ကြောင်း အနွယ်ကောင်းကို မစောင်းမကောက် စောင့်ရှောက်တော်မူကြကုန်သော ကလျာဏဂိုဏ်းဝင် သူတော်စင်တို့၏။ အတ္ထာယ စ၊ ဘုရားမြတ်၏ သကတ်သွယ်သွယ် ဇာတ်အနွယ်ကို မှတ်လွယ်, သိလွယ် ဆရာမပြောင်းဘဲ သဒ္ဓါကောင်း ရလွယ်ကြစေခြင်း အကျိုးငှါရင်း။ သာသနဿ၊ ငါးမာရ်ဟန့်တား မြတ်ဘုရား၏ ထူးခြားလှစွာ သာသနာတော်၏။ ဝုဒ္ဓိယာ စ၊ ရောင်ခြည်တထောင် ထိန်ပြောင်ပဝင်း ရှင်နေမင်းမခြားတိုးပွားခြင်းငှါရင်း။ ပသာဒဂုဏသမ္ပန္နံ၊ စိတ်ထားဖြူစင် ပညာရှင်တို့ ကြည်လင်သဒ္ဓါ ကောင်းစွာဖြစ်ကြောင်း ဂုဏ်အပေါင်းနှင့် ပြည့်စုံပေသော။ ဗုဒ္ဓဝံသိကံ၊

ဗုဒ္ဓရှင်တော် ထင်ပေါ်စေကြောင်း အနွယ်ကောင်းကို ပြကြောင်းပြရာ ရတနာ အသွင် **ဗုဒ္ဓဝင်** မည်သော ကျမ်းသစ်ကို။ လိခိဿံ၊ ဘတ်သူမှာလဲ သဘောငြိမ့် နာသူမှာလဲ မနောစိမ့်၍ ဟောမိန့်သမျှ အစစ် အမှန် ခေတ်ဆန်ဆန် ဘတ်ကောင်းအောင် ထပ်လောင်း ရေးသားလိုက် ပေတော့အံ့သတည်း။

ဥယျောဇဉ်

၃　ပဿန္တု ဝံသပါလာ စ၊
ဗုဒ္ဓဝံသံ ဝိဇာနိတုံ။
ဒိသွာ အတ္တမနာ ဟောန္တု၊
ပသာဒေန္တု ပမောဒနာ။

စ၊ ရှေ့ကိုဆက်လက် တိုက်တွန်းချက်စကား ပြောကြားပါဦးအံ့။ ဝံသပါလာ၊ အမျိုးအနွယ် မညှိုးငယ်အောင် တကယ် ဖြောင့်ဖြောင့် စောင့်ရှောက်တော်မူကြသည့် ဗုဒ္ဓသာသာ မျိုးမြန်မာတို့သည်။ ဗုဒ္ဓဝံသံ၊ ဘုရားရှင်တို့၏ ဖြစ်စဉ် ပျက်စဉ် ဗုဒ္ဓဝင်ကို။ ဝိဇာနိတုံ၊ ကွဲကွဲပြားပြား ခြားနားသေချာ သိကြစိမ့်သောငှါ။ (ဣမံ၊ နောက်ထပ်တဖန် ခေတ်ဆန်ဆန်သုံး စကားလုံးပြေပြေ ခြေခြေမြစ်မြစ် ဤ **ဗုဒ္ဓဝင်ကျမ်းသစ်** ကို။) **ပဿန္တု**၊ စိန်စစ်မျက်ခြယ် လက်ဝယ်ဆင်သုံး ပမာနှုန်းသို့ ပြုံးပြုံးပျော်ပျော် ကြည့်ရှုတော်မူကြ ပါစေကုန်သတည်း။ ဒိသွာ၊ အခြေပါပါ စေတနာနှင့် သဒ္ဓါမွေ့ရှင် ကြည့်ရှုတွေ့မြင် ကြကုန်ပြီးသည်ရှိသော်။ အတ္တမနာ၊ မနောပီတိ ဂွမ်းဆီထိသို့ တအိအိစိမ့် ကိုယ်လုံး ဖိမ့်ကြကုန်သည်။ ဟောန္တု၊ ကောင်းကင် မြေကြီး ပွဲတင်တီးမျှ တဟည်းဟည်းတုန် ဖြစ်ကြပါစေကုန်သတည်း။ ပမောဒနာ၊ မပြတ်မပြတ် အထပ်ထပ်သာ စိတ်ဓာတ်ကြည်လင် သဒ္ဓါပန်း ရှင်ကြကုန်လျက်။ ပသာဒေန္တု၊ ကမ္ဘာ့မကိုဋ် ဦးတိုက်ရာအမှန် အလံတလူလူ သယမ္ဘူကို ညာဏ်ဖြူ ညာဏ်ကောင်း စည်းမပြောင်းဘဲ သောင်းသောင်းဖြဖြ ကြည်ညိုကြပါစေကုန်သတည်း။

အာသီသ

၄　ဗုဒ္ဓဝံသ ပေါက္ခရဏီ၊
သမ္ဘာဝိ ဗုဒ္ဓကေဇကီ။
တံ နေတ္တဥ္စလိနာ ပါယီ၊
ဘဝန္တု သုခသီတလီ။

ဗုဒ္ဓကေဇကီ၊ ဒီပင်္ကရာ အစပြုသည့် ကမ္ဘာကျော်ကြား ဘုရားမြတ်ရှင် ကြာပင်ကြာပန်း အဆန်းတကြယ်တို့ဖြင့် ဘွယ်ဘွယ်ရာရာ တင့်တယ်စွာထသော။ ဗုဒ္ဓဝံသပေါက္ခရဏီ၊ သုမင်္ဂလဝိလာသိနီခေါ်တွင် ဗုဒ္ဓဝင်ဟု လူရှင်ဝှဲချီး ရေကန်ကြီးသည်။ သမ္ဘာဝိ၊ ချိုးကြစေသား သောက်စေသားဟု များပြားဗိုလ်လူ ဟိန္ဒူကို ပျူငှါဆိုမြွက် နှုတ်ဆက်သည့်ပမာ ဖြစ်ထွန်းပေါ်ပေါက်၍ လာပေပြီ။ တံ၊ ထို ကြည်ကြည်အေးအေး ရန့်မွှေးသည့် ဘေးရန်ကာဆီး **သုမင်္ဂလဝိလာသိနီ ဗုဒ္ဓဝင်** ရေကန်ကြီးကို။ နေတ္တဥ္စလိနာ၊ သလာတိမ်စင် ရှုတိုင်းမြင်လျက် ကြည်လင်ရှင်လန်း ကြိုးပမ်းစိုက်ထုတ် မျက်စိတည်ဟူးသော လက်ခုပ်ဖြင့်။ ပါယီ၊ သဒ္ဓါကို အရင်းထူလျက် အတွင်းဖြူဖြူ စိတ်ထားဖြင့် အားပါးတရ သောက်သုံးကြကုန်၍။ ဝါ-ယူကာယူကာ ပူဆာပယ်မှုန်း သောက်သုံးကြကုန်သောကြောင့်။ ဝါ-နားတွင် ကြာပန်း ပန်ဆင်မြန်း၍ ရေချမ်းသောက်သုံး လူအလုံးတို့သည်။ သုခသီတလီ၊ ကိုယ်, စိတ် နှစ်ဖြာ လိုဏ္ဍစွာနှင့် မကြာခဏ ချမ်းသာ အေးမြကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဝါ-ရက်တိုတိုဖြင့် မဂ်, ဖိုလ်ကို ရှယ်မှန်း၍ တကယ်တမ်း ဖြစ်ကြပါစေကုန်သတည်း။

ဗုဒ္ဓဝင် ဖြစ်ပေါ်လာပုံ

ဗုဒ္ဓသာသနာတော်၏ ထွန်းကားစည်ပင်ရာ ဤမြန်မာနိုင်ငံကြီးတွင် ဗုဒ္ဓဝင်, ဒီပဝင်, မဟာဝင်,ရာဇဝင် စသည်ဖြင့် ဝင်ပေါင်းများစွာ ရှိလေရာ ဗုဒ္ဓဘာသာတို့ အဘို့တွင် ဗုဒ္ဓဝင်သည်သာ - သာလွန်၍ပင် အရေးကြီးသည်ဖြစ်၍ ယင်း ဗုဒ္ဓဝင်၏ အစ,အဆုံး အဓိပ္ပါယ်အားလုံးကို သိမ်းကျုံး၍ သိသင့် သိထိုက်လှပေသည်၊ **ဗုဒ္ဓဝင်** ဟူသောစကား အရမှာလည်း **ဗုဒ္ဓဝံသ** ဟူသော ပါဠိတော်ရင်းမှ သက်ဆင်းလာသော စကားဖြစ်၍ ဗုဒ္ဓ - ဘုရား။ ဝံသ - အနွယ်အဆက်တော်။ "ဗုဒ္ဓဝံသ - ဘုရားရှင်တို့၏ အဆက်အနွယ်ကို မပျက်ပြယ်အောင် ဟောတော်မူအပ်သော ဘုရားနှုတ်ထွက် *ဓမ္မစကတ်တော်ကြီး"ဟု ဆိုလိုပေသတည်း။

ယင်း ဗုဒ္ဓဝင်ဟူသော ဘုရားနှုတ်ထွက် ဓမ္မစကတ်တော်ကြီး ဖြစ်ပေါ်လာခြင်း ကြောင့် ဗုဒ္ဓဘာသာတို့မှာ † သဒ္ဓါဗလဝ ဖြစ်ကြရ၍ ဗုဒ္ဓဝင်ဖြစ်ပေါ်လာအောင် အကျိုးဆောင်တော်မူသော လက်ျာတော်ရံ ပညာတံဆိပ်ဖြင့် ဘွဲ့ထူးနှိပ်ခံရသော ‡ အရှင်သာရိပုတြာ မထေရ်မြတ်ကြီးအား အလွန်အကျူး အထူးပင် ကျေးဇူးတင်ဘွယ် ကြည်ညိုဘွယ် ကောင်းလှသည်ဖြစ်၍ ထိုမထေရ်မြတ်၏ လျှောက်ထားသော စကားရပ်နှင့် ဗုဒ္ဓရှင်တော်မြတ် ဟောကြားမိန့်အပ်သော အခြင်းအရာကို အောက်ပါအတိုင်း ဉာဏ်ကသိဏ်း စေစားလျက် အမှတ်အသား ပြုသင့်ပေ၏။

ဂေါတမ ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်၌ + ငါးအင်သောမာရ် အယုတ်ကို လှန်ထုတ်ဖျက်ဆီး၍ အောင်မြင်ပြီးသောအခါ § သစ္စာလေးပါးကို သိတော်မူ၍ ဘုရားဖြစ်တော်မူလေလျှင် ပဌမဝါကို ÷ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဟောကာ ဝါဆိုတော်မူလေ၏၊ ထိုမှတဖန် အစဉ်အားဖြင့် ကြွသွားတော်မူလေလျှင် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်မင်းမြတ်၏ တောင်းပန်အပ်သော စကားကို ဝန်ခံထားသည့်အတိုင်း တောင်ငါးလုံး ရစ်ဝိုင်း၍ ရှုလိုက်တိုင်း

---

* ဘုရားဟော တရားတော်။ † အားကြီးသော ယုံကြည်ခြင်း။ ‡ သာရီပုဏ္ဏေးမ၏သား နာမည်ရင်းကား ဥပတိဿ။ + ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရ မာရ်။ § ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ။ ÷ သားအပေါင်းတို့အား ဘေးမဲ့ပေးရာတော။

သာယာစိမ်းစိုသော ရာဇဂြိုဟ်မြို့သို့ ကြွတော်မူကာ သီတင်းသုံး နေစဉ်အတွင်း ခမည်းတော် သုဒ္ဓေါဒနမင်းမြတ်ကြီးသည် သားတော်၏ ဘုရားဖြစ်ကြောင်းကို ကောင်းစွာ သိရသော်လည်း သားတော် ဘုရားကို ရှုစားတော်မမူရ သတင်း ကြားမျှဖြင့်သာ တင်းတိမ်တော်မူရရှာ၏၊ တနေ့သောအခါ တင်းတိမ်တော်မမူ ရှာနိုင်ဘဲ အမတ်ကြီးတယောက်,တယောက်ကို စစ်သည်ပေါင်း တထောင်စီခြံရံ ကာ ကိုးကြိမ် ကိုးခါ အပင့် လွှတ်ပါသော်လည်း တဦးမျှ မပေါ်လာ မြှော်ရှာ သော ခမည်းတော်ကြီးမှာသာ သောကဖိစီး၍ နေရရှာလေ၏၊ နောက်ဆုံး အခါ*ကာဠုဒါယီအမတ်ကြီးကိုခေါ်ကာ မြှော်ပါသော်လည်း မပေါ်လာသော အမတ်များ အကြောင်းကို ပြန်ပြောင်းကာ မိန့်တော်မူပြီး၍ "အို - ချစ်သား ကာဠုဒါယီ သားတော် ဘုရားထံ အမြန်သွား၍ လျှောက်ထားပင့်ပါချေ"ဟု မိန့်ချေတော်မူလေ၏၊ ထိုအခါ ကာဠုဒါယီအမတ်သည် နှလုံးခာတ်ပြုံးရွှင် မျက်နှာထား ကြည်လင်စွာဖြင့် "အရှင်မင်းမြတ် အမတ်ဖြစ်သော ကျွန်တော် မျိုးသည် ရှင်တော်မြတ်ဘုရား ထံတော်ပါးငယ် တရားကျင့်ကြံ ရဟန်းခံရန် အခွင့်ကို အသင့်ကြည်ဖြူ ပေးတော်မူပါက အရှင်မင်းတရားကြီး၏ ငံ့စား တောင့်တသောအချက်ကို ပြည့်စုံအောင် ဆောင်ရွက်ပါမည်ဘုရား"ဟုလျှောက် ထား သံတော်ဦးတင်လေ၏၊ ကာဠုဒါယီ၏ စကားကို ခမည်းတော်ကြီး ကြား လေသော်"အို ချစ်သား သွားသာ သွားပါ၊ သင် အာသာရှိသလို ပြုလိုလည်းပြု, မပြုလိုလျှင်လည်းနေ ခမည်းတော်ကြီး၏ လိုအင်ဆန္ဒကိုသာ ပြည့်ဝအောင် ဆောင်ရွက်ပါ"ဟု ချိုသာစွာ မိန့်ကြားလေ၏၊ ခမည်းတော်ကြီး၏ အခွင့်ကို အသင့်ရရှိသော ကာဠုဒါယီအမတ်လည်း ခြံရံအပ်သော စစ်သည်တော်သား တထောင်တို့၏ ရှေ့ဆောင်ပြုကာ ဘုရားပင့်ရန် သွားလေသတည်း။

အရှင်ကာဠုဒါယီသည် မြတ်စွာဘုရားအား လျှောက်ထားပင့်ဘိတ်ခြင်း

ကာဠုဒါယီအမတ်ကြီးသည် ဘုရားကျောင်းတော်သို့ ရောက်လေရာ ရှေး အခါ သုဒ္ဓေါဒနမင်းမြတ် ကိုးကြိမ် ကိုးခါ စေလွှတ်အပ်သောအမတ်ကြီးများနှင့် စစ်သည်တော်တပ်သားတို့သည်ကားအားလုံးပင်ကျွတ်တမ်းဝင်၍ ရဟန္တာ အရှင်

* ဘွားဘက်တော် တဦးဖြစ်သော အမတ်ကြီး။

မြတ်တွေ့ ဖြစ်နေကြသည်ကိုသာ ကောင်းစွာ တွေ့ရလေတော့၏၊ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူသော ရှင်တော်မြတ်ဘုရားသည် အပင့်ရောက်လာသော ကာဠုဒါယီ အမတ်ကြီးနှင့် တကွ တထောင်မျှသော စစ်သည်တော်တပ်သားတို့အား တရားဟောတော်မူလေလျှင် အားလုံးပင် ရဟန်းပြုကြ၍ *သမုဒယကြိုးအရှုပ်ကို မျိုးပြုတ်အောင် ပြုတော်မူကာ † ရဟန္တာချည်း ဖြစ်ကြကုန်သတည်း၊ ကာဠုဒါယီ အမတ်ဘဝမှ အမြတ်တကာ့အမြတ် ရဟန္တာဇာတ်ဖြစ်တော်မူ၍ လျစ်လျူရှုသောအနေ ရတ်တရက် မလျှောက်သေးဘဲ ရှိလေ၏၊ ရာသီဥတုပြောင်းသော တပေါင်းလပြည့်နေ့ အခါကျမှသာ မြတ်စွာဘုရားထံ ချဉ်းကပ်၍ "မြတ်စွာဘုရား... အရှင်မြတ်ဘုရား၏ ခမည်းတော်ကြီးမှာ အရှင်ဘုရားကို ရှုစားဖူးမျှော်လိုသော အာသာ လွန်စွာကြီးလှပါသည်၊ ယခုအချိန်အခါသည်ကား ရွက်သစ်တွေပြောင်းလို့ ရွက်ဟောင်းတွေကလဲ ကြွေချိန်ဖြစ်၍ နေရှိန်ကလည်း မပူမအေး, ခရီးဝေး, ခရီးနီး သွားဘို့ကောင်းသောအခါကြီး ဖြစ်ပါသည်ဘုရား"စသည်ဖြင့် ကာဠုဒါယီမထေရ်မြတ် လျှောက်ထားအပ်သော စကားကြောင့် မြတ်စွာဘုရားသည် အင်္ဂတိုင်းနှင့် မဂဓတိုင်းဘွား အမျိုးကောင်းသားဖြစ်သော ရဟန်းတသောင်း, ကပိလဝတ်ပြည်ဘွား အမျိုးကောင်းသားဖြစ်သော ရဟန်းတသောင်း အားလုံးပေါင်း ရဟန်းနှစ်သောင်းတို့ဖြင့် ခြံရံကာ ရာဇဂြိုဟ်မြို့တော်ကြီးမှ ခရီးမိုင်တာ ယူဇနာ ခြောက်ဆယ်ကွာသော ကပိလဝတ် နေပြည်တော်ကြီးသို့ တနေ့လျှင် တယူဇနာ နှစ်လကြာမျှ ကြွသွားတော်မူလေ၏။

မြတ်စွာဘုရားသည် ကပိလဝတ် နေပြည်တော်သို့ ရောက်တော်မူလေလျှင် နိဂြောဓမင်းသား၏ အာရာမ်ဉယျာဉ်တွင် ပြုပြင်ကာထားသော နိဂြောဓာရုံ ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူလေ၏၊ ဆွေတော် မျိုးတော်အပေါင်းတို့သည် မြတ်စွာဘုရား ကြွလာကြောင်းကို သိကြ၍ ခရီးဦးကြိုဆိုကြမည့်ဇော သောမနဿ တဖြိုင်ဖြိုင်နှင့် နံ့သာ ပန်းခိုင်တို့ကို မြိုင်မြိုင်ကြီးကိုင်ကာ အပြိုင်အဆိုင် အသွင် နိဂြောဓ ဉယျာဉ်သို့ ထွက်လာကြကုန်၏၊ ရောက်လာသော ပရိသတ်တို့တွင် ငယ်ကုန်ငယ်ကုန်သော သာကီဝင်မင်းသမီး,မင်းသား ဆွေတော်မျိုးတော်များတို့သည် မြတ်စွာဘုရားအား ညွတ်တွားဦးနှိမ် အကြိမ်ကြိမ် ရှိခိုး

* တွယ်တာကပ်ငြိဘတ်သော သံယောဇဉ်။ † လူသုံးဦးတို့၏ ပူဇော်အထူးကို ခံထိုက်သောပုဂ္ဂိုလ်။

ကြကုန်သော်လည်း မြတ်စွာဘုရားထက် အသက်အရွယ်ကြီးကုန်သော သူများ တို့သည်ကား ငယ်သူတို့၏နောက်နားကသာ တိမ်းရှောင်ကာ နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "သာကီဝင်မင်းမျိုးကား ရိုကျိုးဦးနှိမ်ခြင်းကို အလျဉ်းပင် မပြုလုပ်ချင်ကြ၊ အလွန်မာနကြီးကုန်စွတကား၊ ငါဘုရား၏ တန်ခိုးနှင့် အစွမ်းအားကို ဆွေတော် မျိုးတော်များ သိကြစေအံ့"ဟု ကြံစည်တော်မူကာ ဒေသနာမိုဃ်းကို သွန်းဖြိုးတော်မူလိုသော မြတ်စွာဘုရားသည် အတိုင်းအရှည် အားဖြင့် စင်္ကြဝဠာအနားအထိ ရတနာအတိပြီးသောစင်္ကြံကို ကောင်းကင်ယံ၌ ဖန်ဆင်းတော်မူပြီးသော် ၎င်း စင်္ကြံတွင်ပင် အစဉ်အားဖြင့် စင်္ကြံကြွသွားတော် မူလျက် လူအပေါင်းတို့၏ * စရိုက်ဝသီနှင့် ကိုက်ညီသော တရားဒေသနာကို ကောင်းစွာ ဟောကြားတော်မူလေသတည်း။

ထိုအခိုက် အခါဝယ် လက်ျာတော်ရံဖြစ်သော အရှင်သာပုရိတြာသည် † ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ်ဖြစ်၍ အရှင်မြတ်၏ စိတ်ခတ်၌ အမှတ်ပြုကာ စဉ်းစားမိသည်မှာ "တသောင်းသော စကြဝဠာမှလာကုန်သော နတ်,ဗြဟ္မာအပေါင်းတို့ဖြင့် သောင်းသောင်းညံမျှ ခြံရံလျက် ဖန်ဆင်းအပ်သော စင်္ကြံအပြင်ကို တရားဟောပလ္လင်ပြုကာ ဒေသနာတော်မိုဃ်းကို ခြိမ့်ခြိမ့်ကျိုးမျှ သွန်းဖြိုး၍နေသော မြတ်စွာဘုရားအား ဘုရား၏ ကျေးဇူးဂုဏ်ကို စုံအောင်ပြ တတ်သော **ဗုဒ္ဓဝံသ** ဗုဒ္ဓဝင်ဒေသနာကို လျှောက်ရပါမူကား ကောင်းလေစွ"ဟု သတည်း။ ယင်းသို့ စဉ်းစား ကြံစည်မိသည်အားလျော်စွာ သီတင်းသုံးဘော် ဖြစ်သော ရဟန်းတော် ငါးရာတို့နှင့် တိုင်ပင်ညှိနှိုင်းပြီးလျှင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရား၏ ထံတော် ပါးသို့ ကြွသွားကြကုန်သတည်း။

ဗုဒ္ဓဝင်တရားကို ဟောကြားတော်မူခြင်း

ပြဟ္မာမင်း၏ အသံကဲ့သို့ § ရှစ်တန်သော အင်္ဂါနှင့် ကောင်းစွာပြည့်စုံသော သဗ္ဗညုတ ဉာဏ်ရောင်ရှင် ဘုရားသခင်သည် ကိုယ်တော်မြတ် ဖန်ဆင်းတော်မူအပ်

---

* အလေ့အလာ ဝါသနာ။ † လင်းတနှင့်တူသော အထွဋ်ရှိသောတောင်။ § သန့်ရှင်းခြင်း၊ ချိုမြိန်ခြင်း၊ သိလွယ်ခြင်း၊ နားဝင်ချိုခြင်း၊ မကွဲမအက်ခြင်း၊ နက်နဲခြင်း၊ လုံခြင်း၊ ဟိန်းခြင်း။

သော ရတနာစင်္ကြံ၌ သတ္တာလေးပါး*လက္ခဏာရေးသုံးပါးတို့နှင့် စပ်သောတရားကို ဟောကြားနေစဉ် အတွင်းမှာပင် အရှင်သာရိပုတြာ မထေရ်မြတ်သည် ရောက်တော်မူလတ်၏၊ မြတ်စွာဘုရား ဖန်ဆင်းထားသော ရတနာစင်္ကြံကြီး၏ အစွန်းတဘက်သည် အရှေ့ စကြဝဠာအဝသို့ ရောက်၍ အခြားအစွန်းတဘက်သည်ကား အနောက် စကြဝဠာ အရပ်သို့ ရောက်လေ၏၊ ဤမျှလောက် ရှည်လျားသော စင်္ကြံအပြင်တွင် ခြေလျင် လျှောက်တော်မူသော မြတ်စွာဘုရားသည် အရှေ့စကြဝဠာမှ အနောက် စကြဝဠာသို့ အရောက် အခေါက်ခေါက် အခါခါ ကြွမြန်းတော်မူကာ ဒေသနာတော် အမြိုက်ဆေးကို တိုက်ကျွေးတော်မူနေစဉ် အကနိဋ္ဌ ဗြဟ္မာ့ဘုံမှ အဝီစိ ငရဲဘုံအတွင်း အရောင်အလင်းတို့သည် တဝင်းဝင်း တထိန်ထိန် အရှိန်မပြတ် တောက်ပကုန်၏၊ နံပါးဖြစ်သော အရပ်မှာ တသောင်းသော စကြဝဠာအတွင်း တပြိုင်နက် လင်းလေ၏၊ လူအပေါင်းတို့သည်လည်း နတ်,ဗြဟ္မာများကို အထင်အရှား တွေ့မြင်ကြကုန်၏။

အရှင်သာရိပုတြာ မထေရ်မြတ်သည် မနှိုင်းယှဉ်အပ်သော မြတ်စွာဘုရား၏ †သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်တော်မူပုံကို အာရုံစိုက်၍ သူ့ထက်ငါလု၍ ရှုမြင်ရလေလျှင် "ဤအခါကြီးသည်ကား လောကဓာတ်တသောင်းမှ စုပေါင်းလာကြကုန်သော နတ်, ဗြဟ္မာအများတို့၏ စုံလင်စုဝေးရာ အခါကြီး ဖြစ်ပေသည်၊ **ဗုဒ္ဓဝံသ** နှင့် စပ်သော ဒေသနာတော်သည်လည်း သတ္တဝါအပေါင်းတို့၏ "ဘုရား၌ကြည်ညိုစေခြင်း"ဟူသော ဂုဏ်ရောင်ကို လွန်စွာရှက်ဆောင်တတ်ပေသည်၊ သို့အတွက် **ဗုဒ္ဓဝံသဒေသနာတော်** ကြီးသည် အလွန်အကျိုး များသော ကျေးဇူးရှိပေသည်၊ ဤမျှလောက် ကျေးဇူးတရားကို ဆောင်ရွက်တတ်သော ဒေသနာတော်အချက်ကို ဟောမြွက်တော်မူရန် အကြောင်း တောင်းပန်လျှောက်တော့အံ့"ဟု ကြံစည်ပြီးလျှင် သင်္ကန်းကိုပြင်၍ လက်ကန်တော့တင်ကာ ဘုရားရှင်ထံပါးသို့ ဝပ်တွားချဉ်းကပ်လျက် လျှောက်ပတ်စွာ နေပြီးသော် ဆယ်ချောင်းသော လက်သည်းရောင်တို့ဖြင့် တောက်ပြောင်၍ ပဒုမာကြာငုံဖူးအသွင် လက်အုပ်

* အနိစ္စ, ဒုက္ခ, အနတ္တ။ † သမန္တစက္ခု ဒီပနီကျမ်း စသည်၌ ကြည့်ရှုတော်မူကြပါ။

ပန်းကို ချီတင်ကာ "ဗုဒ္ဓဝင်ဒေသနာတော်ကို သေချာဂရုစိုက် ဟောပြတော်မူပါ ဘုရား" ဟု လျှောက်ထား တောင်းပန်လေ၏။

ငါးမာရ်အောင်မြင် ထွတ်ဘုန်းရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကောင်းကင်ယံတွင် ဖန်ဆင်းတော်မူအပ်သော ရတနာ စင်္ကြံတော်ကြီး၌ပင် လျှင် အရှင်သာရိပုတြာ မထေရ်မြတ်၏ တောင်းပန် လျှောက်ထားအပ်သော ဤ **ဗုဒ္ဓဝင်** ဒေသနာတော်ကို နတ်, လူ အများတို့၏ အကျိုးစီးပွားအလို့ငှါ *ပုဗ္ဗေနိဝါသဉာဏ်မြတ်ဖြင့် ကောင်းစွာ ဟောကြားတော်မူ၏၊ ထိုအခါမှစ၍ **ဗုဒ္ဓဝင်**ဒေသနာတော်မြတ်သည် လောကဓာတ်သောင်းတခွင်ဝယ် ဒေါင်းယာဉ်ပျံ နေမင်းကဲ့သို့ ထိန်လင်း ထင်ပေါ်လျက် အကျော်တစော ဖြစ်လာလတ် သတည်း၊ ဤ **ဗုဒ္ဓဝင်** ဒေသနာတော်ကြီး သည်ကား အာကာဝေဟင် ထက် ကောင်းကင်အတွင်း ဖန်ဆင်းအပ်သော ရတနာစင်္ကြံဝယ် အဆန်းတကြယ် ဟောကြားအပ်သော တရားတော်မြတ်ကြီး ဖြစ်ပေသတည်း။

ကမ္ဘာ နှင့် ဘုရား

ဤဗုဒ္ဓဝင်၌ **ကမ္ဘာ** နှင့် **ဘုရား** ကို ပိုင်းခြား၍ သိဘို့ရန်အချက်သည် အရေး အကြီးဆုံးသော အချက်တို့တွင် တပါးအပါအဝင် ဖြစ်ပေ၏၊ အကြောင်းမူကား "ဂေါတမဘုရား အလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ဝယ် ရှင်ရင်းဗုဒ္ဓတို့၏အထံ ဘယ်သို့သော ပုံဟန်ဖြင့် ဆုပန်တော်မူခဲ့သည်" ဟူ သော စကားကို ထင်ရှားသိဘို့ လိုလေသည်၊ ၎င်းရှင်တော် အတုလ မြတ်ဗုဒ္ဓတို့ သည်လည်း အဘယ်ကမ္ဘာမျိုးမှာ အဘယ်မျှသော ပွင့်တော်မူကြ၍ အဘယ် ကမ္ဘာမျိုးတွင်မူ မပေါ်မပွင့် ပေါ်ခွင့်မရ အချိန်မကျကြောင်းကို ကောင်းစွာ မှတ်သား သိနားလည်ရမည် ဖြစ်ပေ၏။

---

* ရှေး၌ဖြစ်သော ခန္ဓာအစဉ်ကို သိမြင်နိုင်သောဉာဏ်။

*ကမ္ဘာသည် (၁) သာရကမ္ဘာ။ (၂) မဏ္ဍကမ္ဘာ။ (၃) ဝရကမ္ဘာ။ (၄) သာရမဏ္ဍကမ္ဘာ။ (၅) ဘဒ္ဒကမ္ဘာ။ (၆) သုညကမ္ဘာ-အားဖြင့် ခြောက်မျိုး ပြားလေသည်၊ ယင်းခြောက်မျိုးသော ကမ္ဘာတို့တွင် သာရကမ္ဘာမျိုး၌ ဘုရား တဆူသာ ပွင့်တော်မူ၏၊ မဏ္ဍကမ္ဘာမျိုး၌ နှစ်ဆူ, ဝရကမ္ဘာမျိုး၌ သုံးဆူ, သာရမဏ္ဍကမ္ဘာမျိုး၌ လေးဆူ, ဘဒ္ဒကမ္ဘာမျိုး၌ ငါးဆူ ပွင့်တော်မူကြကုန်၏၊ သုညကမ္ဘာမျိုး၌ကား ဘုရားပွင့်ရိုး ထုံးစံမရှိချေ၊ ပစ္စေကဗုဒ္ဓါ, ရဟန္တာနှင့် စကြဝတေးမင်းတို့သော်မှလည်း မပေါ်လုံးလုံး အသုံးမကျသော ကမ္ဘာမျိုး ဖြစ်လေသတည်း။

ဆောင်ပုဒ်လင်္ကာ

၁ တဆူသာရ၊ နှစ်-မဏ္ဍ၊ ဝရ သုံးဆူသာ။

၂ သာရမဏ္ဍ၊ လေးဆူမှျ၊ ဘဒ္ဒ ငါးဆူသာ။

၃ တဆူသော်မျှ၊ မပွင့်က၊ သုည ကပ်ကမ္ဘာ။

၄ ကမ္ဘာခြောက်မျိုး၊ မေ့ကွန်းထိုး၊ ကျမ်းရိုးစဉ်အလာ။

"ယခု ဗုဒ္ဓသာသနာတော်၏ အခြေအမြစ်သည် ဘယ်ခေတ် ဘယ်ကမ္ဘာက ဘယ်ဘုရားထံတော်တွင် ဖြစ်ပေါ်ဘို့ စတင်ခဲ့ပါသနည်း" ဟူသော အမေးပုစ္ဆာ၏ အဖြေ ပြဿနာကို ကျေနပ်စွာသိကြရန် လိုသည့်အတိုင်း အရင်းမူလ ပကတူပ ဖြစ်သော အခြေမှစ၍ ရေတွက်ပြရမည်ဆိုသော် အောက်တွင် ဖေါ်ပြထားသည့် အမြွက်စကားဖြစ်သောအချက်များကို မျက်ဝါးထင်ထင် ရှုမြင်မှတ်သားကြရန် သင့်မြတ်လှပေ၏၊ ၎င်းကို ဂေါတမဘုရားအလောင်းတော်၏ **နိယတဗျာဒိတ် ခေတ်** ဟူ၍လည်း ဆိုသင့်ပေသတည်း။

ဤကမ္ဘာမှစ၍ တွက်ရေလျှင် အထက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလအတွင်း ပွင့်လင်းတော် မူကြသော ဘုရားရှင်များနှင့် ကမ္ဘာ၏ အရေ

---

* အလွန်တရာ ရှည်လျားသော ကာလကို ခေါ်သည်။

၈၄၄

အတွက်ကို ဤဆိုလတ္တံ့သော စကား မှတ်ပုံ ဇယားဖြင့် မှတ်သားသင့်ပေ၏၊ **လေးအသင်္ချေ** ဟူသော စကားအရ ရေတွက်၍ ပြရမည်ဆိုသော်–

ဒီပင်္ကရာဘုရားနှင့် ကောဏ္ဍညဘုရားတို့၏ အကြား အသင်္ချေတခု၊ ထိုဘုရားနှစ်ဆူတို့၏ အကြားမှာ သုညကမ္ဘာတွေ မရေမတွက်နိုင်အောင် များ၏၊ ထို ဘုရားနှစ်ဆူတို့၏ အကြား ရှည်လျားသော အချိန်ကာလ **ဗုဒ္ဓန္တရ** ကို **၁-သေလအသင်္ချေ**။

ကောဏ္ဍညဘုရားနှင့် မင်္ဂလဘုရားတို့၏ အကြား အသင်္ချေတခု၊ ထိုဘုရားနှစ်ဆူတို့၏ အကြားမှာ သုညကမ္ဘာတွေ မရေမတွက်နိုင်အောင် များ၏၊ ထိုဘုရား နှစ်ဆူတို့၏ အကြား ရှည်လျားသော အချိန်ကာလ **ဗုဒ္ဓန္တရ** ကို **၂-ဘာသအသင်္ချေ**။

သောဘိတဘုရားနှင့် အနောမဒဿီ ဘုရားတို့၏ အကြား အသင်္ချေတခု၊ ထိုဘုရား နှစ်ဆူတို့၏အကြားမှာ သုညကမ္ဘာတွေ မရေတွက်နိုင်အောင် များ၏၊ ထိုဘုရား နှစ်ဆူတို့၏ အကြား ရှည်လျားသော အချိန်ကာလ **ဗုဒ္ဓန္တရ** ကို **၃-ဇယအသင်္ချေ**။

နာရဒဘုရားနှင့် ပဒုမုတ္တရဘုရားတို့၏ အကြား အသင်္ချေတခု၊ ထိုဘုရားနှစ်ဆူတို့၏ အကြားမှာ သုညကမ္ဘာတွေ မရေတွက်နိုင်အောင် များ၏၊ ထိုဘုရားနှစ်ဆူတို့၏ အကြား ရှည်လျားသော အချိန်ကာလ **ဗုဒ္ဓန္တရ** ကို **၄-ရုစိရအသင်္ချေ** ခေါ်ဆိုလေ၏၊ ဤလေးထွေတို့ပင်တည်း။

ကမ္ဘာ နှင့် ဘုရား—ဇယားကွက်ပုံ

ကမ္ဘာ	ဘုရား
သာရမဏ္ဍကမ္ဘာ	၁ တဏှင်္ကရာဘုရား။ ၂ မေဓင်္ကရာဘုရား။ ၃ သရဏင်္ကရာဘုရား။ ၄ ဒီပင်္ကရာဘုရား။
၎င်းနောက် သေလအသင်္ချေသုဉ်း၏။	
သာရကမ္ဘာ	၁ ကောဏ္ဍညဘုရား။
၎င်းနောက် ဘာသအသင်္ချေသုဉ်း၏။	
သာရမဏ္ဍကမ္ဘာ	၁ မင်္ဂလဘုရား။ ၂ သုမနဘုရား။ ၃ ရေဝတဘုရား။ ၄ သောဘိတဘုရား။
၎င်းနောက် ဇယအသင်္ချေသုဉ်း၏။	
ဝရကမ္ဘာ	၁ အနောမဒဿီဘုရား။ ၂ ပဒုမဘုရား။ ၃ နာရဒဘုရား။
၎င်းနောက် ရုစိရအသင်္ချေသုဉ်း၏။	
သာရကမ္ဘာ	၁ ပဒုမုတ္တရဘုရား။ (ကမ္ဘာတသိန်းထက်)
၎င်းနောက် ကမ္ဘာ ၇၀၀၀၀-ခန့်သုဉ်း၏။	
မဏ္ဍကမ္ဘာ	၁ သုမေဓဘုရား။ ၂ သုဇာတဘုရား။ (ကမ္ဘာသုံးသောင်းထက်)
၎င်းနောက်ကမ္ဘာ ၂၈၂၀၀-ခန့်သုဉ်း၏။	
ဝရကမ္ဘာ	၁ ပိယဒဿီဘုရား။ ၂ အတ္ထဒဿီဘုရား။ ၃ ဓမ္မဒဿီဘုရား။ (ကမ္ဘာ ၁၈၀၀-ထက်)
၎င်းနောက် ကမ္ဘာ ၁၇၀၅-သုဉ်း၏။	

ကမ္ဘာ နှင့် ဘုရား-ဇယားကွက်ပုံ

ကမ္ဘာ	ဘုရား
သာရကမ္ဘာ	၁ သိဒ္ဓတ္ထဘုရား။ (၉၄-ကမ္ဘာထက်)
၎င်းနောက် တကမ္ဘာသုဉ်း၏။	
မဏ္ဍကမ္ဘာ	၁ တိဿဘုရား။ ၂ ဖုဿဘုရား။ (၉၂-ကမ္ဘာထက်)
သာရကမ္ဘာ	၁ ဝိပဿီဘုရား။ (၉၁-ကမ္ဘာထက်)
၎င်းနောက် ကမ္ဘာ ၅၉-သုဉ်း၏။	
မဏ္ဍကမ္ဘာ	၁ သိခီဘုရား။ ၂ ဝေဿဘူဘုရား။ (၃၁-ကမ္ဘာထက်)
၎င်းနောက် ကမ္ဘာ ၂၉-သုဉ်း၏။	
ဘဒ္ဒကမ္ဘာကြီး	၁ ကကုသန်ဘုရား။ ၂ ကောဏာဂုံဘုရား။ ၃ ကဿပဘုရား။ ၄ ဂေါတမဘုရား။ (ယခု သာသနာတော်) ၅ မေတ္တေယျဘုရား။ (ပွင့်တော်မူလတ္တံ့)

ဂေါတမ ဘုရားအလောင်းတော်၏ **နိယတဗျာဒိတ်ခေတ်** ဟု ဆိုအပ်သော ဤလေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ပွင့်လင်းတော်မူကြသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကိုသိဘို့ရန် ဗုဒ္ဓဘာသာ ဟူသမျှ လူမျိုးမရွေး အရေးကြီးသည်အားလျော်စွာ *နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော် မူရသော အခါမှစ၍ ကျနသေချာစွာ ရေးသားရမည် ဖြစ်ပါသတည်း။

နိဒါန်းစကားရပ် အပြီးသတ်တည်း။

* မြတ်စွာဘုရား၏ မြဲသောမိန့်ခွန်းစကားတော်။

၁ - ဒီပင်္ကရ ဗုဒ္ဓဝင်

ဤ ဘဒ္ဒကမ္ဘာမှ ပဋိလုံအားဖြင့် ပြန်၍ရေတွက်သည်ရှိသော် အသင်္ချေ လေးရပ် တသိန်းကပ်အခါတွင် သမ္ဘာရှင် ဖြစ်ကြကုန်သော တဏှင်္ကရာ ဘုရား, မေဓင်္ကရာဘုရား,သရဏင်္ကရာဘုရား-ဟူသော လောကထွတ်ထား အရှင်ဘုရားတို့ သည် ထင်ရှားပွင့်တော် မူကြကုန်သတည်း၊ ထိုဘုရားရှင်သုံးဆူတို့သည် အစဉ် အားဖြင့် ထင်ရှားစွာ ပွင့်တော်မူကြကုန်ပြီးသော် သရဏင်္ကရာ ဘုရားသည် ငါးပါးသော ခန္ဓာကို စွန့်လွှတ်ကာ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အသင်္ချေ တသိန်းတမ်းသို့ ကျရောက်သော အခါတွင် ဂေါတမ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အားနိယတဗျာဒိတ် မြတ်ဆိပ်ကိုခတ်နှိပ်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် ဝေဿန္တရာ ဘဝကဲ့သို့သော ဘဝတခု၌ မြေကြီးတုန်လှုပ် စေနိုင်သော အလှူဒါနကြီးများကို ပေးလှူပြီး၍ ထိုဘဝမှ စုတေမနေ သေလွန် သောအခါ တုသိတာနတ်ပြည်၌ ညီးညီးထိန်ထိန် နတ်တို့၏စည်းစိမ်ကို တင်းတိမ် ခြင်း မရှိနိုင်အောင် ခံစားတော်မူနေစဉ် လောကဓာတ်တသောင်းတွင် ပျော်မွေ့ ခိုအောင်းကြသော နတ်, ဗြဟ္မာ အပေါင်းတို့သည် သောင်းသောင်းညီညာ စုဝေးကာ လာကြကုန်၍ "အလောင်းတော်နတ်သား ဘုရားဖြစ်ဘို့ရန် အချိန် တန်ပါပြီ၊ လူ့ပြည်သို့ သက်ဆင်း၍ အမိဝမ်းတွင်း၌ ပဋိသန္ဓေယူကာ များစွာ သော သတ္တဝါတို့အား ဩဇာဓမ္မ မြိုက်ရသကို တိုက်ကျွေး၍ နိဗ္ဗာန်ချမ်းသာကို ပေးတော်မူပါ"ဟု ဦးညွှတ်ကာ တောင်းပန်ကြသည်ရှိသော် အလောင်းတော်တို့ ၏*ဓမ္မတာ† ကြည့်ခြင်းကြီးငါးဖြာကို ကောင်းစွာကြည့်တော်မူလျက် ဝန်ခံချက် ပေးပြီးလျှင် ယင်း တုသိတာ နတ်ပြည်မှ စုတေခဲ့၍ ရမ္မဝတီ နေပြည်တော်ကြီး တွင် ထီးနန်းစိုးစံ အဘိသိက်ခံသော **သုဒေဝ** ဘုရင်မင်း၏ ညာနှင်းသက်ထား

---

* အစဉ်အလာတရား။ † ဘုရားပွင့်ချိန်အခါ, ပွင့်ရာအရပ်, ပွင့်ရာကျွန်း, ဖြစ်ရာအမျိုး, မယ်တော်၏ အသက်ပိုင်း။

သုမေဓာ မည်သော မိဖုယားကြီးဝမ်းတိုက်၌ * ဥတ္တရာသဠ္ဌနက္ခတ်နှင့် စန်းမြတ်ယှဉ်ခိုက်ဖြစ်သော အချိန်အခါဝယ် ကောင်းစွာစွဲမှီ သန္ဓေတည်တော်မူလေသတည်း။

ဒီပင်္ကရာ ဘုရားအလောင်း ကိန်းအောင်းသန္ဓေ စွဲတည်နေသော အခါမှစ၍ သုဒေဝမင်းမြတ်သည် သုမေဓာ မိဖုယားကြီးအား များစွာသော အစောင့်အရှောက်ကိုပေးတော်မူ၏၊ အလောင်းတော်သန္ဓေသားမှာ ပတ္တမြားနားဒွေင်းအတွင်းသို့ သက်ဆင်းဝင်အောင်းရသဘွယ် မစင်ကြယ်သော အညစ်အကြေးတို့ဖြင့် ရောထွေးလိမ်းကျံခြင်းမရှိ ဆယ်လတိတိကြာသောအခါ တန်ဆောင်မုန်းလအတွင်း ဆီးနှင်း,မြူ,တိမ်,သူရိန်,မီးခိုး ညစ်မျိုးကင်းပလျက် ပွင့်လင်းထွက်ပေါ်လာသော သော်တာယုန်စန်း ဘုံနန်းပြာသာဒ်အလား မိဖုယားကြီး၏ဝမ်းကြာမှချမ်းသာစွာ ဘွားမြင်တော်မူလေ၏၊ **ဒီပင်္ကရာသတို့သား** ဘွားမြင်သောအခါနှင့် ပဋိသန္ဓေနေတော်မူသောအခါတို့၌ † သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်ကြီးစွာသော အကြောင်းဟိတ်တို့သည် ဒေါင်းတံဆိပ် နေမင်းကြွေကျ၍ မြေခတော့မလောက် ကမ္ဘာကြီးသိမ့်သိမ့်တုန်အောင် အဖုံဖုံဖြစ်ကြကုန်သတည်း။

အလောင်းတော် မင်းသားသည် အစဉ်အားဖြင့် ကြီးပွား၍ အရွယ်တော်မြောက် အချိန်ရောက်သောအခါ ရတနာတော်ဝင် အပျိုစင်ဖြစ်ကြကုန်သော မိဖုယားပေါင်း ‡ **တသိန်း** တို့တွင် **ပဒုမာဒေဝီ** ကို မဟေသီ မြှောက်စား၍ မိဖုယားကြီးအရာ၌ ထားကာ ဥတုရာသီ သုံးပါးအား လျော်ကန်လျောက်ပတ်သော **ဟံသပါသာဒ, မယူရပါသာဒ, ကောဥ္စပါသာဒ**ဟု ဆိုအပ်သော ပြာသာဒ်သုံးဆောင်တို့၌ ဘုန်းရောင်တော်ကွန့်မြူးသော ညွန့်ဖူးဥက္ကဋ္ဌ ဒီပင်္ကရာအလောင်းတော်မြတ်သည် နတ်တို့နှင့် မခြားနား များပြားစုံလင်၍ ဂုဏ်တင်လောက်သော စည်းစိမ်ချမ်းသာတို့ဖြင့် လွန်စွာပျော်မွေ့လျက် နေ့ရက်ရှိသလောက် စံစားတော်မူလာရာ **အနှစ်တသောင်း** ကြာလေ၏၊ တနေ့သော အခါဝယ် မင်္ဂလာဥယျာဉ်အတွင်းသို့ အပျော်ခင်းစုံစွာဖြင့် အပျော်ထွက်သောအခါ သူအို, သူနာ, သူသေ-တည်းဟူသော နတ်တမန်တို့ကို တွေ့မြင်တော်မူ၍ မမွေ့ရှင်နိုင်သော စိတ်ဖြင့်သာ ထိတ်လန့်စွာ နေတော်မူလေသတည်း။

---

* ဝါဆိုလပြည့်နေ့။ † ဂေါတမဗုဒ္ဓဝင်၌ ကြည့်ပါ။ ‡ သုံးသိန်း (မူကွဲ)

ပဒုမာဒေဝီဖြစ်သော မိဖုယားခေါင်ကြီးမှ သားတော် **ဥသဘက္ခန္ဓ** ကို ဘွားမြင်၍ အချိန်စေ့ရောက်သော လေးကြိမ်မြောက်အခါ၌လည်း ဆင်ဦးစီးကို ခေါ်ကာ မင်္ဂလာဥယျာဉ်ကို ပြုပြင်ခိုင်းပြီးလျှင် ရှစ်သောင်း လေးထောင်သော ဆင်အပေါင်းနှင့် ဗိုလ်ပါပေါင်းများစွာ ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်တော်မူလေ၏၊ ထိုအခါ *ဝိသုကြုံ နတ်သားသည် အလောင်းတော်မင်းသားကို ဆန်းပြားထူးထွေသော အဝတ်အဖုံဖုံ ဂန္ဓာရုံအမျိုးမျိုး အဘိုးထိုက် ရတနာတို့ဖြင့် ကောင်းစွာ တန်ဆာဆင်လေ၏။

အလောင်းတော် ဒီပင်္ကရာမင်းသားသည် စိတ်အားစွဲမက် နှစ်သက်မြတ်နိုး၍ စိတ်တန်ခိုး ရွှင်ပျစေနိုင်သော ဥယျာဉ်တော်သို့ ဝင်ကာ မင်္ဂလာဆင်ပေါ်မှ ဆင်းသက်တော်မူပြီးလျှင် ဥယျာဉ်တော်အတွင်း အခင်းအကျင်းများကို ရှုစားတော်မူပြီးသောအခါ မင်္ဂလာရှိသော ကျောက်ဖျာအပြင်ဝယ် တင်ပလ္လင်ခွေ၍ ငြိမ်သက်စွာ နေပြီးသော် ငြီးငွေ့သောစိတ်ဓာတ်ဖြင့် ရဟန်းမြတ် ဖြစ်ရေးကိုသာ တွေးတောကာ နေလေသတည်း၊ အလောင်းတော် မင်းသားသည် စဉ်းစား စူးစိုက်၍ ရဟန်းအဖြစ်၌ စိတ်ညွတ်တော်မူခိုက်တွင် ‡သုဒ္ဓါဝါသဘုံ၌ စျာန်ဟုန် ပျော်မွီးသောရဟန္တာဗြဟ္မာကြီးသည် + ပရိက္ခရာရှစ်သွယ်ကို ဆောင်သယ်ယူငင် လာ၍ ဒီပင်္ကရာ အလောင်းတော်မင်းသား၏ မျက်စိမြင်ရာ အရပ်တွင် ထင်ရှား ဖြစ်စေ၏၊အလောင်းတော်သည် ထိုရဟန်းပရိက္ခရာကို စိတ်မှာရွှင်ပျ၍ မြင်ရလေသော် "ဤအရာကား အဘယ်မည်သော ပစ္စည်း အသုံးအဆောင်တို့နည်း"ဟု ဆင်ဦးစီးယောကျ်ားအား မေးမြန်းတော်မူသောအခါ "ရဟန်းတို့ ပရိက္ခရာပါ ဘုရား"ဟု လျှောက်ထားသော စကားကို ကြားရလေလျှင် ရွှေဘဝင် ရွှင်ပြုံး၍ နှလုံးတော်အေးကြူလျက် ဝတ်တော်မူလာသော ရတနာအထွေထွေကို ဖြေချွတ် စုပုံကာ § ကျွန်ယုံတော် ဘဏ္ဍာစိုး လက်တွင်းသို့ အပ်နှင်းတော်မူပြီးလျှင် လက်သုံးတော် သန်လျက်ကိုယူကာ မြကေသာ သျှောင်ထုံးကို တအိုးလုံးဖြတ်၍ ကောင်းကင်ရပ် အာကာဗွေသို့ ပစ်တင်တော် မူလိုက်လေသတည်း။

---

* အမှုကိစ္စကို ခဏခြင်း ပြီးစေနိုင်သော နတ်သား။ † အမွှေး အကြိုင်။ ‡ ကာမတဏှာ စင်ကြယ်သော အနာဂါမ်ဘုံနှင့် တဏှာဟူသမျှ စင်ကြယ်သောရဟန္တာဘုံ၏နေရာဌာန။+၁–သင်းပိုင်။ ၂–ကောသီ။ ၃–ဒုကုဋ် သင်္ကန်းကြီး။ ၄–သပိတ်။ ၅–သင်ရုန်း။ ၆–အပ်။ ၇–ခါးပန်းကြိုး။ ၈–ရေစစ်။ § ပစ္စည်းထိန်း စာရေးကြီး။ ဝါ–အမတ်။

ထိုအခါ တာဝတိံသာ သေဋ္ဌနင်း သိကြားမင်းသည် ဝါဝင်းထိန်ပြေ ကြက်သရေရှိသောရွှေပန်းတောင်းဖြင့် ဆံတော်အပေါင်းကိုခံယူကာ သုံးယူဇနာ ပမာဏရှိသော ဣန္ဒနီလာကျောက်အတွင်း ဌာပနာသွင်းလျက် အမင်းမင်းတို့ ဦးတိုက်၍ ဖူးဆိုက်သော **မဏိစူဠာစေတီ** ကို တာဝတိံသာ နတ်ပြည်၌ တည်ထား ကိုးကွယ်လေ၏၊ အလောင်းတော်သည် ဆံတော်ကို ပယ်ပြီးလျှင် ဗြဟ္မာကြီး ယူဆောင်လာသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူ၍ ချွတ်ပုံလိုက်သောပုဆိုး အစုံကိုလည်း ကောင်းကင်သို့ပင် ပစ်တင်လိုက်လေ၏၊ ယင်းသို့ ပစ်တင်လိုက် သော အလောင်းတော်မင်းသား၏ ပုဆိုးများကို ဗြဟ္မာကြီးခံယူကာ တဆယ့်နှစ် ယူဇနာရှိ၍ ရတနာအတိပြီးသော စေတီအတွင်း ဌာပနာသွင်းလျက် ဗြဟ္မာမင်း တို့၏ ကိုးကွယ်ရာ သုဒ္ဓါဝါသဘုံ၌ပင် တည်ထားလေ၏၊ ဒီပင်္ကရာမင်းသား ရဟန်းပြုသွားခလေလျှင် အလောင်းတော်သို့ အတုလိုက်၍ ပြုထိုက်သောအကျင့် တရားဟု စဉ်းစားမိကြသော ယောကျ်ားပေါင်း **ဆယ်သန်း** တို့သည်လည်း ရဟန်းပြုကြကုန်သတည်း၊ ထိုဆယ်သန်းသော ရဟန်းတို့ဖြင့် ခြံရံကာ အလောင်းတော်ဒီပင်္ကရာသည် ကြည်ရွှင်စွာသော နှလုံးခတ်ဖြင့်* **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ဆယ်လ**တိတိ သမာဓိမဏ္ဍိုင်ဖြင့် ခိုင်ခိုင်ကြီးထားကာ အားထုတ် ကျင့်သုံးတော်မူလေ၏။

ဘုရားဖြစ်တော်မူခြင်း

ယင်းသို့ ဒုက္ကရစရိယာကို ဆယ်လမျှကြာအောင် ကျင့်တော်မူလာရာ ကဆုန် လပြည့် အခါနှင့် ကြုံသောနေ့၌ အလောင်းတော်မြတ်သည် အမှတ်မရှိသော မြို့တွင်းသို့ ဆွမ်းခံဝင်လတ်သော် ထိုမြို့အတွင်း၌လည်း နတ်မင်းတို့အား ပူဇော် ပ, သရန် ဗလိနတ်စာ အလို့ငှါ ရေမပါသော နို့ဃနာကို များစွာသော မြို့သူ မြို့သားတို့သည် အားပါးတရ ချက်ပြုတ်သုပ်ကိုင်နေကြစဉ် လမ်းမကြီးအပြင်ဝယ် ဆွမ်းခံဝင်လာသော အလောင်းတော်ကို မြင်ကြ၍ ရွှင်ပျသော သဒ္ဓါဖြင့် ကောင်းစွာ လောင်းလှူကြကုန်၏၊ မြို့သူ မြို့သားများ အားပါးတရ လှူဒါန်း လိုက်သော နို့ဃနာသည် သိန်းပေါင်း တရာလောက်သော ရဟန်းတော်တို့အား ဘုဉ်းပေးခြင်းငှါ လောက်လေ၏၊ အလောင်းတော် ဘုရားဖြစ်ဘို့ နေ့ရက်ကို

* လူသာမာန်တို့ ပြုနိုင်ခဲသော အကျင့်။

စောင့်မြှော်လျက် နေကြကုန်သော နတ်အပေါင်းတို့သည် နှစ်ထောင်းကြည်ညို စွာ နတ်သြဇာကို ထည့်ကြကုန်၏။

အလောင်းတော်သည် ရတော်မူလာသော နို့ဃနာကို ကောင်းစွာဘုဉ်းပေး တော်မူပြီးလျှင် နေဝင်ခါနီး ညနေချမ်းအခါဝယ် မိမိနှင့်ပါလာသော ပရိသတ် များကို စွန့်ထားခဲ့၍ **သုန္ဒ** မည်သော အာဇီဝက တက္ကတွန်းသည် လှူဒါန်း အပ်သော မြက်ရှစ်ဆုပ်ကို ယူလျက် **ညောင်ကြပ်ပင်** ဗောဓိအနီးသို့ ကြွကာ ပါလာသောမြက်များကို နေရာတော်အလို့ငှါ ကောင်းစွာခင်းလျက် ယင်းဗောဓိ ပင်ကို နောက်မှီတံကဲပြု၍ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီးလျှင် *အင်္ဂါလေးပါး ရှိသော ဝီရိယ အားအစွမ်းကို တကယ်တမ်း ဆောက်တည်တော် မူလေ သတည်း။

ထိုအခါစစ်သည်ဗိုလ်ပါနှင့်တကွ ချီတက်တိုက်ခိုက်လာသော †မာရ်နတ်သား ကို ဒုတ်,ဓား မစွက် ‡ပါရမီကောင်း လက်နက်ဖြင့် ထက်မြက်စွာ ချေမှုန်းတော် မူ၍ ဒေဝပုတ္တမာရ်ကို အနိုင်ရလေပြီးသော် ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ + ဒိဗ္ဗစက္ခု ဉာဏ်တော်များကို ရတော်မူလျက် ပစ္ဆိမယာမ်တွင် သစ္စာလေးပါးကို သိမြင်၍§အာသဝက္ခယဉာဏ်တော်ကိုရတော်မူရကား÷သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူလေသတည်း။

စကြဝဠာ တိုက်ဘောင်တွင် မိုက်မှောင်ကို ပယ်ခွင်း၍ သဗ္ဗညုတဉာဏ်ရောင် အလင်းကို ရတော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသော နေ့မှ **သတ္တသတ္တာဟ**လေးဆယ့်ကိုးရက်အတွင်း ဗောဓိပင်မင်း၏အနီး၌ပင်ဘုရား ရှင်တို့၏ ဓမ္မတာ ကောင်းစွာ သီတင်းသုံးတော်မူ၍ ပြဟ္မာမင်း၏ **တရားဟော** တောင်းပန်ခြင်းကို အရင်းပဓာန ပြုတော်မူကာ **သုနန္ဒာရာမ** ၌ **ဓမ္မစကြာ**တရား ကို ဟောကြားတော်မူလေလျှင် **ကုဋေတရာ** မျှသော လူ, နတ်အများတို့သည် အမြိုက်တရားကို ခံစားသုံးဆောင်ကြရလေ၏၊ ဘုရားမြတ်ဒီပင်္ကရာသည် ထိုအခါ မှစ၍ မြို့ ရွာ နိဂုံး ဇနပုဒ် အားလုံးတို့သို့ လှည့်လည်ကာ ဒေသနာတော်မိုးကို

---

* ၁—အရေကြွင်းခြင်း။ ၂—အကြောကြွင်းခြင်း။ ၃—အရိုးကြွင်းခြင်း။ ၄—အသား အသွေး ခြောက်ကပ်ခြင်း။ † ကုသိုလ်ကောင်းမှုတို့ကို နှောက်ယှက်တတ်သော နတ်သား။ ‡ နိဗ္ဗာန်သို့ရောက်စေ တတ်သောတရားမြတ်။ + နတ်မျက်စိကဲ့သို့ မြင်စွမ်းနိုင်သောဉာဏ်။ § အာသဝေါတရားတို့ကိုကုန်ခန်း စေတတ်သော အရဟတ္တမဂ်ဉာဏ်။ ÷အလုံးစုံသော တရားတို့ကို သိမြင်နိုင်သော မြတ်စွာဘုရား။

သွန်းဖြိုးရွာချလျက် သတ္တဝါ ဗိုလ်ခြေ များဝေနေတို့အား * နိဗ္ဗာန်ချမ်းသာကို ပေးသနားတော် မူလေသတည်း။

ဒီပင်္ကရာ မြတ်စွာဘုရား၏ † **အဂ္ဂသာဝက** တို့ကား **အရှင်သုမင်္ဂလ** နှင့် **အရှင်တိဿ** တို့ ဖြစ်ကြ၍ **အရှင်သာဂတ** ကား **အလုပ်အကျွေး** ရဟန်းတော် ပေတည်း၊ နန္ဒာထေရီ နှင့် **သုနန္ဒာထေရီ** တို့သည် မြတ်စွာဘုရား၏ အားထား လောက်သော တပည့်မ မိန်းမမြတ်အစုံ ‡ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ ကိုယ်တော်မြတ်၏ **အရပ်တော်** အမြင့်ပမာဏကား **အတောင်ရှစ်ဆယ်** ရှိ၍ **အသက်တော်** မှာ **တသိန်း** မျှ ရှည်ကြာလေသတည်း။

မှတ်ချက်။ ။ အသက်တမ်းအားဖြင့် အနှစ်တသိန်းဟု ဆိုရသော် လည်း ဘုရားရှင်တို့၏မမှတာအားဖြင့် အသက်တမ်း၏ ငါးပုံလေးပုံသာ နေရလေသည်ဖြစ်၍ ဒီပင်္ကရာဘုရား၏ အသက်တော်သည် နှစ်ပေါင်း ရှစ်သောင်းမျှသာတည်း၊ အခြားသော ဘုရားရှင်တို့၏ အသက်ပိုင်း ကိုလည်း ဤနည်းအတိုင်း မှတ်အပ်လေသတည်း။

အလုပ်အကျွေး ဖြစ်ကြသော + **ဥပါသကာ** § ဒါယကာတို့ကား **တပုဿ** နှင့် **ဘလ္လိက** တို့ဖြစ်ကြ၍ **သိရိမာဒါယိကာမ** နှင့် **သောဏာဒါယိကာမ** တို့ကား အလုပ်အကျွေး **ဥပါသိကာမ** အစုံ ဖြစ်ကြကုန်၏။

ဂေါတမဘုရားအလောင်းသုမေဓာ အကြောင်း

ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေတွက်သော် အထက်ဖြစ်သော လေးအသင်္ချေ နှင့် ကမ္ဘာတသိန်းအခါ သာရမဏ္ဍကမ္ဘာဝယ် တဏှင်္ကရာဘုရား, မေဓင်္ကရာဘုရား သရဏင်္ကရာဘုရား သုံးဆူတို့ ထံပါးတွင် ငါတို့ အရှင်ဖြစ်သော ဂေါတမဘုရား

---

* တဏှာမရှိ၍ အတိသုခဖြစ်သော ချမ်းသာ။ † အမြတ်အဦး အကြီးအမှူးဖြစ်သောတပည့်။ ‡ အမြတ်အဦး အကြီးအမှူး ဖြစ်သော တပည့်မ။ + ရတနာသုံးရပ်ကို ဆည်းကပ်တတ်သောသူ။ § ပေးတတ်သောသူ။

အလောင်းတော်သည် ကိုယ်,နှုတ်, စိတ် သုံးပါးဖြင့် ဆုတောင်းခြွေးသော်လည်း *အင်္ဂါရှစ်ပါးနှင့် မပြည့်စုံ မလုံလောက်ခြင်းကြောင့် နိယတဗျာဒိတ်ကို ခတ်နှိပ်ခြင်း မခံရပေ၊ သာမညအနေဖြင့်သာ ပါရမီကို ရှာဖွေ၍ အခြေစိုက်တော်မူရပေ၏။

သရဏင်္ကရာဘုရား ပွင့်တော်မူပြီးနောက် ဒီပင်္ကရာဘုရား ပွင့်တော်မမူမီ လူတို့၏ အသက်ကိန်းခန်း တသိန်းတမ်း အခါဝယ် မဟာနွယ် မဟာမျိုးတို့၏ အရိုးစဉ်လာ ပျော်ရာစုံညီ **အမရဝတီ** မည်သော မင်းနေပြည်တော်ကြီး၌ စည်ထီးခရိုင် နိုင်ငံ၏ကြက်သရေဖြစ်သော ပစ္စင် ရင်တား တံတား ကျုံးရိုး ပြအိုး အရပ်ရပ် ရွှေနန်းပြာသာဒ်တို့ဖြင့် စိတ်ဓာတ်နှလုံးကို ရှုမဆုံးနိုင်အောင် ဂမုန်းခိုင်အနေ ကြက်သရေ မင်္ဂလာတို့သည် အစဉ်မကွာတွဲ၍ အမြဲတင့်တယ်ကြလေကုန်၏။

ရင်းပြင်လည်း ဆင်သံ, မြင်းသံ, ရထားသံ, ခရုသင်း စသော တူရိယာသံတို့ဖြင့် သိမ့်သိမ့်ညံစည်ကား၍ ပြည်သားပြည်သူတို့၏ ကြည်ဖြူစွာ ဆိုကြသည့် **စားကြပါ, သောက်ကြပါ, ယူကြပါ** ဟု ဖြူဆွစွာသော အသံတို့သည်လည်း †နဘံအဇဋ္ဌာပေါ်သို့ လွှမ်းကျော်ကာ သွားမလောက် ပေါ်ပေါက်လာသည်မှာ ပွဲတင်တီးမျှ မြည်ဟည်း၍ နေကြကုန်၏၊ ကာမဂုဏ်အရပ်ရပ် နဝရက်အဖုံဖုံ ရတနာ အမျိုးနှင့် အခိုးအထုံ နံ့သာပေါင်းတို့မှာလည်း တထောင်းထောင်း မွှေးကြူ အေးအေးလူလူ ခံစားယူရန် အသင့်အားဖြင့် ပေါများကြလေကုန်၏၊ ပိုး,ဖဲ,ကတ္တီပါ, ကမ္ဗလာအဖုံဖုံ အထည်မျိုးစုံသော ဈေးရုံကြီးများနှင့် မြသား, ရွှေစစ်,ပုလဲနှစ်,စိန်ထည်,ပတ္တမြားနီ, ပတ္တမြားပြောက် ကျောက်ထည်အထွေထွေ ရွှေထည်အရပ်ရပ် တလျှပ်လျှပ် တထိန်ထိန် တာဝတိံသာ နတ်နန်းကဲ့သို့ မှတ်တမ်းပင်လွှမတတ် အကဲခပ်၍ပင် မရနိုင်သော ရတနာဆိုင်တို့မှာလည်း ကမ္ဘာတိုင်မြဲမလောက် အကဲရောက်ကာ စည်ကားကြလေကုန်၏၊ဆန်,ဆီ,ဆေး, ဆား,ဟင်းရွက်,ဟင်းသီးများပါမကျန် တညံညံတစီစီ ထိုထိုဤဤ ဈေးတန်းကြီး

---

* ၁–လူ့အဖြစ်။ ၂–ယောက်ျားအဖြစ်။ ၃–ရဟန္တာအဖြစ်သို့ ရောက်နိုင်သောအကြောင်းနှင့် ပြည့်စုံခြင်း။ ၄–ဘုရားကို ဖူးမြင်ရခြင်း။ ၅–ရသေ့ရဟန်းအဖြစ်။ ၆–အဘိညာဉ် သမာပတ်ဂုဏ်နှင့် ပြည့်စုံခြင်း။ ၇–မိမိအသက်ကို ဘုရားအားစွန့်နိုင်ခြင်း။ ၈–ဘုရားဖြစ်ချင်သော အာသာ လွန်စွာကြီးမားခြင်း။ † မိုဃ်းကောင်းကင်။

တို့မှာလည်း အသီးအသီး ရောင်းချကာ ကောင်းလှစွာသောအပြုတ်, အကြော်, အလှော်, အကင် ကောင်းနိုးရာ ပြင်ဆင်၍ တွင်တွင်ကြီး ရောင်းချကြသော ပျော်ပွဲစားရုံကြီးများကလည်းမိုဃ်းပါးနီးဖြင့်အထက်သို့ စွင့်ပြီးလျှင်မြင့်ချင်တိုင်း မြင့်၍နေကြကုန်၏၊ အဖော်အလှော်စုံတို့ဖြင့် ပျော်ပုံ ပျော်နည်း အပျော်ကြီး ပျော်ရာ အငြိမ့်ပြေစရာ အဖုံဖုံ အပျော်ရုံတို့မှာလည်း မိုဃ်း*ဝသုန် တုန်ဟည်းမျှ အစုံကြီး စုံလှပေသတည်း။

ဤအမရဝတီ နေပြည်တော်ကြီးသည်ကား ကုသိုလ်ဘုန်းကံရှိသူ အပေါင်းတို့၏ ပျော်ညောင်းရာဌာနီ စာစီ၍ဆုံးမကုန်အောင် အလုံးစုံသော ကောင်းခြင်းတို့ဖြင့် သောင်းတွင်းမှာ ကျေညာသော ပဒေသာမြို့တော်ကြီး ဖြစ်သည် အားလျော်စွာ လူ, နတ်, ဗြဟ္မာ သတ္တဝါ အမျိုးမျိုးတို့ ကိုးကွယ်ရာဖြစ်တော်မူလတ္တံ့သော အလောင်းတော်မြတ် အရှင် † သုမေဓာ လုလင်သည် ဤမြို့တော်ကြီး၏ ဇာတိချက်ကြွေ အနေမပြောင်း အခြေကောင်း၍ ပစ္စည်းပေါင်းကုဋေကုဋာ ပေါများသော မြို့သားတယောက် ဖြစ်လေ၏၊ ၎င်း သုမေဓာလုလင်၏ ပါရမီတန်ခိုးအရှိန်တို့သည် မိုဃ်းတိမ်ကင်း၍ တဝင်းဝင်း အရောင်ဖြာသော ဘာဏုရာဇာ မဟာနေမင်းကြီးသဘွယ် အလင်းဓာတ် ကြွယ်ပြီးလျှင် ခန့်ထယ်သော ဂုဏ်နွေတို့ဖြင့် သိရသရေရှိရှိ ဖြစ်ကြလေကုန်၏။

ပါရမီဘုန်းကံတို့သည် အတော်အတန်ပြည့်ဝ၍ အဓိက ပုဂ္ဂိုလ်ထူး ဖြစ်သည် အားလျော်စွာ ဥစ္စာရတနာနှင့်သာပြည့်စုံရုံမက မြင်ရသူတို့၏မျက်လုံးကို ပွိုးစေနိုင်သော ရူပါရုံနှင့်လည်း ပြည့်စုံလေသတည်း၊ လူတို့၏ ကိုယ်တွင်းတွင် **အဆင်း** နှင့် **အချင်း** သည် လိုရင်းအကျဆုံးသော အချက်ဖြစ်၍ အလောင်းတော် သေဌေးသားကလေး သုမေဓာမှာ အဆင်းသာမက အချင်းဟု ဆိုအပ်သော ပညာဂုဏ်တို့နှင့်လည်း ပြည့်စုံသည်ဖြစ်ရကား ‡ နိဃဏ္ဍုကျမ်း + ကေဋုဘကျမ်း တို့နှင့်တကွ § အက္ခရပ္ပဘေဒကျမ်း ÷ ဣတိဟာသကျမ်းတို့ကိုလည်း တတ်ကျွမ်း

* မြေကြီး။ † ကောင်းသော ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။ ‡ သစ်ပင်စသည်တို့၏ အမည်ကို ပြသောကျမ်း။ + ကဗျာဖွဲ့ခြင်း အစီအရင်ကို အထူးကြံရာ အလင်္ကာကျမ်း။ § အက္ခရာအထူးအပြားကို ပြသောကျမ်း (မူလသဒ္ဒါကျမ်းစာ)။ ÷ ရှေးစကားဟောင်းအစဉ်ကို ပြသောကျမ်း။

တော်မူလေသည်၊ လောကီအတတ်စုံ၍ * ဗေဒင်သုံးပုံကိုလည်း နှုတ်ငုံဆောင်စွမ်းလျက် ကမ်းတဘက်ရောက် တတ်မြောက်လေ၏၊ † လောကာယတကျမ်း ‡ မဟာပုရိသ လက္ခဏာကျမ်းတို့၌လည်း ပုဒ်၏အစွမ်းအားဖြင့် တတ်ကျွမ်းလိမ္မာလှသည်ဖြစ်၍ အလောင်းတော် သုမေဓာသည် လူ့ပြည်မှာထိပ်သီး အထက်တန်းစားပညာရှိကြီးဟု အနီးအဝေးကျော်ကြားလျက် လွန်စွာ ထင်ရှားလှပေသတည်း။

ရကုန်ဆိုကွဲဟူသောစကားကဲ့သို့ ရသမျှသောပစ္စည်းတို့သည် တနေ့ကျလျှင် ကုန်၍ ဆုံသမျှသော အမိ,အဘ,ညီ,အစ်ကို,မောင်,နှမနှင့် ဉာတိမိတ္တတို့မှာလည်း သခ်ါရနယ်တွင်းမှ မကင်းနိုင်ကြသောကြောင့် နောက်ဆုံးတရက် ကွဲကြရမည့်အချက်သည် သံမှိုနှက်ပမာ မြဲသည့်အားလျော်စွာ သုမေဓာ၏ အမိ, အဘနှစ်ပါးတို့မှာ သားကလေးငယ်ရွယ်စဉ်ကပင် မခွဲချင်မခွါချင် ဘဝင်မှာအပူမြိုက်၍ တဟိုက်ဟိုက် တနွမ်းနွမ်း ပင်ပန်းကြီးစွာ + မရဏာသန္န ဇောဝါးပြာဖြင့် သေမင်းရွာသို့ လိုက်ပါသွားရရှာကုန်၏။

သေငွေးသားကလေးသည် အကြောက်သွေးပူပန်၍ သံဝေဂဉာဏ်ပေါ်ခြင်း

အလောင်းတော် သုမေဓာ၏ မိဘ နှစ်ပါးတို့သည် ဘဝတပါးသို့ ပြောင်းသွားကြကုန်ပြီးသော် ပစ္စည်းဥစ္စာဟူသမျှတို့ကို စာရင်းအင်းနှင့် ရှင်းလင်းမှတ်သားခြင်းပြုရသော စာရေးကြီးသည် ပစ္စည်းစာရင်းစာအုပ်ကိုယူကာ သုမေဓာထံသို့လာ၍ဘဏ္ဍာတိုက်များကိုဖွင့်လှစ်ပြီးလျှင် "အရှင့်သား-ဤပစ္စည်း ဤပစ္စည်းများကား အရှင့်သား၏ မွေးဘခင်ကြီးဘက် ဆွေဆက် မျိုးဆက်ကပါသောပစ္စည်းများပါတည်း၊ ဤပစ္စည်း ဤပစ္စည်းများကား အရှင့်သား၏ မွေးမိခင်ဘက်အဆက်ဆက်က ပါသော ပစ္စည်းတို့ပါတည်း" စသည်ဖြင့် စာရင်းနှင့် ပစ္စည်းကိုတထပ်တည်းကျအောင် ပြသရှင်းလင်း၍ ဘွင်းဘွင်းကြီးပြောဆိုလေ၏၊ ထိုအခါငယ်ရွယ်ရှာသေးသော သေငွေးသားကလေးသည် "အို-စာရေးကြီး ဤပစ္စည်း

---

* ၁-ဣရုဗေဒင်။ ၂–ယဇုဗေဒင်။ ၃–သာမဗေဒင်။ † ပညာရှိတို့၏ နှလုံးကို တုန်လှုပ်စေတတ်သော စာရပ်ကဆရာကြီး ရေးသောကျမ်း။ ‡ ယောကျ်ားမြတ်တို့၏ လက္ခဏာကြီးငယ်ကို ပြသောကျမ်း။ + သေခါနီးအခါ စောသော ဇောဝါးချက်။

များကား မိဘနှစ်ပါးနောက်သို့မလိုက်မပါ အကုန်လုံးပင် ကျန်ခဲ့ပါသလော”ဟု မေးမြန်းသောအခါ“အရှင့်သား-အဘယ်သို့ပြောကြားတော်ပါနည်း၊ ပစ္စည်းဥစ္စာနှင့်တကွ ချစ်လှစွာသော သား,သမီး, ညီ,အစ်ကို, မောင်, နှမ, မိတ်ဆွေသင်္ဂဟ, အဆွေအမျိုးဟူသမျှတို့ပါ သေသောသူ၏နောက်သို့ တယောက်တဦး လိုက်ဘူး, ပါဘူးသောထုံးလည်းမရှိ၊ လိုက်လည်းမလိုက်နိုင်၊ ကိုယ့်အကြောင်းနှင့် ကိုယ့်ကံစီမံသလိုသာ သွားကြရပါသည်၊အရှင့်သားတို့ကဲ့သို့ ကုဋေကုဋာချမ်းသာကြွယ်ဝသောသူ ဖြစ်စေ၊ ခွက် ပလုံးလောက်ကိုသာ အားကိုးပြီး ညှိုးငယ် ပင်ပန်းစွာတောင်းရမ်းကာစားရသောသူပင် ဖြစ်စေ၊အသက်နှင့်ကိုယ် ပျက်ပြိုသောနောက်ဆုံးတချက်မှာ အားလုံးကို မျက်နှာလွှဲ၍ တယောက်ထဲသွားရရိုး ဓမ္မတာသည် သံသရာကြီး၏အစဉ်အလာဖြစ်ပါကြောင်း၊ ဘယ်သူမှပြင်မရသော အစဉ်ထာဝရ တရားကြီးပါတည်း”ဟု နည်းမှန် လမ်းမှန်ကို ထုတ်ပြန် ဖြေလိုက်သောအခါ အလောင်းတော်သုမေဓာမှာ အသူရိန်ဖမ်းသော စန်းယုန်, နေရောင်ဖျန်းသော ပန်းပဒုံ အလွမ်းဟုန်သည်းသော * စန္ဒကိန္နရီကဲ့သို့ အလွန်ကြည်သော မျက်နှာတော်သည် ညှိုးလျော်ညိုမှိုင်းစွာ ဖြစ်ပြီးလျှင် “အင်း-ကောင်းပြီ ကောင်းပြီသောင်းချီ သိန်းချီမက အသချေ်ၤ အနန္တ ကြွယ်ဝသောသူများလည်း ဤနည်းအတိုင်းပင်ဖြစ်ကြမှာပါကလားဟု ပြောကြားပြီးလျှင် စာရင်းကိုင် စာရေးကြီးကို လွှတ်လိုက်၍ ဆိတ်ငြိမ်ရာသို့ မှီကပ်ကာ အကြည်ဓာတ် ဉာဏ်ကို ဖြာလျက် သဒ္ဓါတရားရှိရှိနှင့် ဤယနေ့ကစ၍ ပြုသင့်သော ကောင်းမှုကုသိုလ်ကိုသာ ပြု၍နေရှာလေတော့သတည်း။

တနေ့သ၌

ဤကဲ့သို့ထိုက်သင့်သည့်အားလျော်စွာ စေတနာစည်းမပြောင်းဘဲ ကောင်းမှုများကိုသာ အားထုတ်နေစဉ် တနေ့သောအခါ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ အတွင်းဓာတ်စိတ်များသည် နိုးကြား၍လာသည်မှာ“ကြိမ်ဖန်များစွာ ကိုယ်ခန္ဓာ အသစ်လဲ၍ တဖြစ်ထဲဖြစ်ပြီးနေရခြင်းသည်ကား အလွန်အမင်း ဆင်းရဲတွင်းနက်လှပေ၏၊ ဤကဲ့သို့ တဖြစ်လဲရသောဇာတိမှ ဆက်သွယ်၍ စက်လယ်သလိုလယ်ပြီးလျှင် **အမယ်ကြီး အဘိုးကြီး** ဟူသောအမည် ပေါ်လာအောင် ဖန်တီးတဘ်သော

---

* တည့်မျှလင်သားနှင့် ကွဲကွာရ၍ အနှစ်ခုနစ်ရာပတ်လုံး အငိုမဆုံးနိုင်သော မဒ္ဒိကာအလောင်း။

ဇရာ တရားကြီးကလည်း အများကြီးမတွေ့ဝံ့အောင် သွေးရှုံ့စရာပါဘဲကလား၊ ဇရာကသွား၍ ဗျာဓိနားရောက်ခဲ့သော် တညည်းညည်း တအော်အော်နှင့် အနိုး အဖော်တိုပင် မုန်းစရာ နှလုံးနာဘွယ်အချိုး ဒုက္ခမျိုးပါကလား၊ ဗျာဓိကဆက် လာလျှင် သက်သာစရာမရှိ မချိအောင် ဆူသည်း၍ အပူကြီးပူရသော မရဏ တရားကလည်း သာ၍ပင် ဆိုးဝါးပါသေးကလား၊ ဤ သံသရာမှာ တရံ တခါမျှ ရှောင်မရသော ဤတရားဆိုးတွေဟာ ဘယ်လူမျိုးကိုမှ မညှာတာ ဝါသနာ အတွင်းမဲမဲနှင့် ညှဉ်းဆဲတတ်တဲ့ တရားကြီးတွေပါကလား၊ ဇာတိ ဆိုသောတရားနှင့် အကွက်လယ်အောင် ဆက်သွယ်ခဲ့ပြီးသော ငါသည်ကား ဇရာ, ဗျာဓိ, မရဏ ဆိုသော တရားတို့နှင့် မဆက်သွယ် သေးသည်မှာ အသက် ငယ်ငယ် ကလေးမို့သာ ဖြစ်ပေသည်၊ နောက်နောင်နေ့ အသက်ကြီးလာလျှင် ဆက်ပြီးရင်း ဆက်ချင်တဲ့ ဇရာ, ဗျာဓိ, မရဏမင်းတို့က ငါ့ကို အသေညှဉ်းပြီး သေမင်းထံမှောက်သို့ အရောက်ပို့ကြမှာပါကလား၊ ငါလည်း သံသရာသမား ကြီးဖြစ်၍ ဘယ်နည်းနှင့်မှ မလွတ်နိုင် ဇွတ်ထိုင်ကာနေလျက် ပေခံ၍လည်း မရ ကေန္တတွေ့ရချေမည် ဖြစ်၍ အိုဘေး, နာဘေး, သေဘေးတို့မလာမီ တနာရီ အချိန်မဖြုန်းဘဲ စိန်တုံး မြတုံးတို့ကို ကောက်ယူသည့်အလား ကိုယ်ကျိုးတရား ကိုသာ အားထုတ်ဘို့ သင့်တော့သည်”ဟု ကြံစည်စိတ်ကူး မိလေသတည်း။

ထို့ပြင်လည်း မိမိ၏ ခန္ဓာကိုယ်ပေါ်တွင် အပြစ်ကိုဖော်သည်မှာ “ဤငါ၏ ခန္ဓာကိုယ်သည်ကား * ရှစ်ဆယ်သော ပိုးမျိုး ပိုးကောင်တို့၏ အိမ်ထောင် သားမွေးဘို့ရန် လက်ခံ၍ ကျွေးထားသော အိမ်အို, အိမ်ဆွေးကြီးပါတကား၊ စားသောအခါ တပြုံးပြုံးနှင့် ပုန်းစွန့်ရအောင် ရှုံ့စရာအတိ အပုပ်အသိုးတွေ ပြည့် နေသော ခန္ဓာဆွေးကြီးကို မတွေးမငဲ့ ပယ်စွန့်ခဲ့ပြီးလျှင် ပဋိသန္ဓေ တည်နေမှု, အိုမှု, နာမှု,သေမှုတို့မှကင်းရာ မဟာသုခဖြစ်သော နိဗ္ဗာန်ကို စိတ်သန်ထက်မြက် စွာ သွက်သွက်ကြီးရှာဘို့ သင့်ချေပြီ၊ ဤလောက အတွင်းဝယ် အလင်းနှင့် အမှောင်,သန်းခေါင်နှင့် မွန်းတည့်, အကောင်းနှင့် အဆိုး,သူခိုးနှင့် သူတော်စင်, အပူအပင်နှင့် အအေးသီတာ,ချမ်းသာနှင့် ဆင်းရဲ ဆန့်ကျင်ဘက် ဒွန်တွဲရှိသလို ဤသံသရာကြီးကား ထန်သည်း လွန်ကဲသော ဆင်းရဲပေတည်း၊ ယင်းသို့

---

* စတုဂိရိရှုဘွယ်ကျမ်း,ယောအတွင်းဝန်ကြီးရေးသော ကာယာနုပဿနာကျမ်းတို့၌ ကြည့်ရှုပါ။

ဆင်းရဲသော နေရာရှိပါက ချမ်းသာသော အရပ်လည်း မုချဆတ်ဆတ် ရှိရမည် သာတည်း၊ဤသံသရာကြီး၌ ဇာတိရှိ၏၊ဤသံသရာကြီး၌ ဇရာရှိ၏၊ ဤသံသရာကြီး၌ ဗျာဓိရှိ၏၊ဤသံသရာကြီး၌ မရဏရှိ၏၊ ဤသံသရာကလွဲလျှင် ထူးကဲသော ချမ်းသာ ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့မှ ကင်းရာဌာန ဧကန္တ ရှိရပေမည်”ဟု ဉာဏ်မီသမျှ ကြံဆ စဉ်းစားပြန်လေသတည်း။

ထိုမှတပါးလည်း ဥပမာအားဖြင့် စဉ်းစားတော် မူပြန်သည်မှာ “ကျင်ကြီး မစင်တို့ဖြင့် လူးလဲ၍ လူထဲသို့ ဝင်မကောင်းအောင် မစင်နံ့ တထောင်းထောင်း နှင့် နေသောသူသည် ရေကြည် ရေကောင်း ကြာငါးပါးအပေါင်းတို့နှင့်ဖုံးလွှမ်း ကာ ဆေးကြောဘို့ရာ လွန်စွာကောင်းသော ရေကန်ကြီးရှိသည်ကို သိပါလျက် ထိုရေကန်ကြီးသို့ သွားလမ်းကိုမရှာ တော်ရာမှာမှိုင်၍ ထိုင်နေပါလျှင် ရေကန် ကြီး၏ အပြစ်မဟုတ် အားထုတ်၍ မရှာသော အပျင်းသမား၏ အပြစ်သာ ဖြစ်သကဲ့သို့ ထို့အတူ ကိလေသာတည်းဟူသော ချေးညှော်တို့ကို ဆေးလျှော်ရာ ဖြစ်သော မဟာနိဗ္ဗာန် ရေကန်ကြီးရှိပါလျက် နိဗ္ဗာန်ကို မရှာမှီးဘဲ အပျင်းကြီး ၍ နေခြင်းသည် နိဗ္ဗာန်၏ အပြစ်မဟုတ် အားထုတ်၍ မရှာ ကိလေသာဖြင့် ဆော့၍နေသော လူ့ဘော်ကျော့သမား၏ အပြစ်သာ ဖြစ်ပေသည်၊ သူခိုး, ဓားမြတို့ သူပုန်ထနေသည်ကိုသိပါလျက်သာယာဖြောင့်ဖြူးသော ခရီးလမ်းဘက် သို့ မထွက်ပြေးပါက လမ်းခရီး၏အပြစ်မဟုတ်သကဲ့သို့ ထို့အတူပင်* ကိလေသာ တည်းဟူသော သူပုန် ဓားမြတို့သည် ထကြွ သောင်းကျန်းသော ဤသံသရာ တောတန်းမှ အမောအပန်းပြေရာမြို့ကြီး နိဗ္ဗာန်သွားရာ ခရီးသို့ မသွားမရောက် စုံထောက်၍ မရှာမှီးခြင်းသည် နိဗ္ဗာန်မြို့နန်း သွားရာလမ်း၏ အပြစ်မဟုတ် လူနုပ်ပါမွှား အပျော်သမားများ၏ အပြစ်သာ ဖြစ်ချေသည်၊ ရောဂါဝေဒနာ တို့ဖြင့် သေရွာသို့ လိုက်ပါရတော့မည်ဟန် ပြင်းထန်စွာ အနှိပ်စက်ခံနေရသော လူသည် သမားတော်အပေါင်း ဆရာဝန်ကောင်းများရှိပါလျက် ထိုဆရာတွေ ကို မရှာမဖွေဘဲ အနာခံ၍ နေပါလျှင် ဆေးဆရာများ၏ အပြစ်မဟုတ် အားထုတ်၍ မကုစား ဆေးသမားကို မရှာသောသူ၏ အပြစ်သာဖြစ်သကဲ့သို့ ကိလေသာ တည်းဟူသော ရောဂါ အနာဆိုးတို့သည် အမျိုးမျိုးနှိပ်စက်အပ် သည်ဖြစ်ပါလျက် ထိုကိလေသာရောဂါကို ဆောမကြာ ပျောက်အောင်ကုတတ်

* ပူပန်ညှစ်နွမ်းစေတတ်သော တရား။

သော ဆရာမြတ် ဆရာကောင်းကိုမရှာဘဲ တင်ရာကိုပူလုပ်နေခြင်းသည် ကိလေသာ ရောဂါပျောက်ကြောင်း ဆေးကောင်းအလား * ဩဝါဒတရားကိုပေးတတ်သော ဆရာ၏အပြစ်မဟုတ်၊ ကိလေသာ အလိုလိုက်၍ စရိုက်ညံ့သောသူ၏အပြစ်သာ ဖြစ်ချေသည်”ဟု အလီလီစိတ်ကူး၍ အထူးထူး ကြံစည်ပြန်လေ၏။

အလောင်းတော် သုမေဓာသည် ထို့ထက်ပင် တဆင့်တိုး၍ တမျိုးကြံပြန်သည်မှာ“စိန်ရွှေပတ္တမြား ပိုးသား ဖဲထည်တို့ကို အလဲအလှယ်ဆင်၍ ပွဲထိုင်ဝင်လိုသောသူသည် မိမိ၏လည်ပင်း၌ ရန်သူတို့ဖွဲ့ချည်အပ်သဖြင့် ကပ်ငြိ၍ ပါလာသောခွေးကောင်ပုပ်ကြီးကို သုတ်သီး သုတ်ပြာ ကပြာ ကရာ စွန့်ပစ်ကာ ကောင်းမွန်ချမ်းသာစွာသွားသကဲ့သို့ ထို့အတူပင် ငါသည်လည်း၍ခန္ဓာကောင်အသိုးအပုပ်ကြီးကိုမတွယ်မငဲ့ပယ်စွန့်ခဲ့ပြီးလျှင် နိဗ္ဗာန်တည်းဟူသောမြို့ပြင်သို့ဝင်ပေတော့အံ့၊ ထို့ပြင်တပါး ယောကျ်ား, မိန်းမ လူဟူသမျှတို့သည် နှာခေါင်းရှုံ့၍ စက်ဆုပ်ဘွယ်ရာသော ကျင်ကြီး,ကျင်ငယ်တို့ကို စွန့်ပြီးသောအခါ မတာမတွယ်ပြန်လှည့်၍မျှပင်မကြည့် ငဲ့ကွက်ခြင်းမရှိဘဲ သွားကြသကဲ့သို့ ငါသည်လည်း ကျင်ကြီး, ကျင်ငယ် ရွံ့ရှာဘွယ်တို့ဖြင့် ပြည့်သော ၍ခန္ဓာကောင် အဆွေးအပုပ်ကို အရေးမလုပ် စက်ဆုပ် ရွံ့မုန်း လုံးလုံးကြီး မငဲ့ကွက်ဘဲ စွန့်ထွက်ကာ ရှောင်ရှား၍ နိဗ္ဗာန်သို့သွားခြင်းငှါ သင့်ပေသည်တကား၊ ဥပမာ တနည်းအားဖြင့် လှေသူကြီးတို့မည်သည် ဆွေးမြည့်ကွဲအက် ရေယိုထွက်သော လှေအိုကြီးကို အပြီးတိုင် စွန့်ပစ်၍ သွားကြကုန်သကဲ့သို့ ထို့အတူပင် ကိုးပေါက်သောဒွါရ အမာဝတို့မှ ပသာဒရှိသော အပုပ်ရည်တို့သည် တစီစီ ယိုထွက်ရာ ၍ခန္ဓာလှေပျက်ကို မငဲ့မကွက် စွန့်ထားခဲ့၍ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်သို့ ဝင်ပေတော့အံ့၊ တစုံတယောက်သောသူသည် စိန်, ရွှေ, မြသား, ပတ္တမြား, ပုလဲ,ကျောက်မျက်ရွှံ့စသော ရတနာကောင်းတွေကို ယူကာ သူခိုးနှင့် သွားလာမိသည်ရှိသော် မိမိ၏ရတနာများကို ခိုးဝှက်လုယူမည့်အရေး တွေးမိတိုင်း ပူပန်ကာ သူခိုးကို စွန့်ခွါ၍ လွတ်ရာသို့ပြေးလျက် ဝေးရာကို ရှောင်သွားသကဲ့သို့ ထို့အတူပင် သူခိုးအသွင်ကဲ့သို့ အရိုးတွင် အသားအုပ်၍ စက်ဆုပ်ဘွယ်ရာဖြစ်သော ၍ ကိုယ်ခန္ဓာ၌ အာသာစွဲလျက် တပ်မက်ခြင်း တဏှာရန်ကို အကယ်၍ လက်ခံသည်ဖြစ်အံ့၊ ငါ၏

* အပြစ်မလာ၃ခ၆ ကြိုတင်၍ ဆုံးမသော တရား။

သန္တာန်၌ အရိယာဖြစ်ကြောင်း ကောင်းမှုတည်းဟူသော ရတနာများသည် ပျက်ပြား ဆုတ်ယုတ်တော့မှာပါတကား၊ သို့အတွက် သူခိုးမားမြနှင့် တူသော ဤ *ကရဇကာယကို စွန့်ခွါ၍ အညွန့်တကာတို့၏အဖူး အလွန်ထူးမြတ်သော နိဗ္ဗာန်အရပ်သို့ သွားခြင်းငှါ သင့်လေပြီ”ဟု †သမ္ပဇဉ်ဉာဏ် အကြည်ဖြင့် ကြံစည်ကာသာ နေလေသတည်း။

သုမေဓာ သေဋ္ဌေးသား တောထွက်တော်မူခြင်း

ဆိုခဲ့ပြီးသည့်အတိုင်း မိဘနှစ်ပါးတို့မှာလည်း လူ့ရွာတွင်မနေသာ၍ သေရွာသို့ လိုက်ပါကြရပုံ, ရှိသမျှသော ရတနာ ရွှေ ငွေ ခြွေရွေသင်းပင်း ကျန်ရင်းကျေးရင်းတို့မှာလည်း မိဘတို့နောက်သို့ မလိုက်မပါ ထိုက်ရာထိုက်ရာဖြစ်ကြရပုံ အကြောင်းစုံတို့ အတွက် ‡သံဝေဂဉာဏ် အငွေ့အသက်တို့သည် နွေ့ရက်ရှိသလောက် အညွန့်အငြွောင့် သန်စွမ်းတော် မူလာသည်ဖြစ်၍ တကြောင်း၊ နိဗ္ဗာန်တရားကို စဉ်းစားကြံစည်သော အခါ၌လည်း **ဝတ်ကြောင်ပုဆိုးကောင်းကျိုးမပေး** ဟူသကဲ့သို့ ဤလိုအဝတ်ကြောင်ဖြင့် သံသရာမှလွတ်အောင် မရုန်းနိုင်ဘဲ + ဘုံသုံးဆိုင် စက်ရဟတ်မှာသာ အဆက်မပြတ် ဖြစ်နေရမည့်အရေးကို တွေးမိတိုင်း ရင်ပူ၍ အရှင်တဆူဖြစ်တော်မူလတ္တံ့သော သေဋ္ဌေးသား သုမေဓာသည် ဘုရင့်ထံသို့ သွားကာ “အရှင်မင်းမြတ် အကျွန်ုပ်သည် ဇာတိ, ဇရာ စသော ဘေးအပေါင်းမှ ဝေးကြောင်း ဝေးရာ တရားအရသာကို ရှာမှီးလိုသော စိတ်ရှိသည်ဖြစ်ပါ၍ အကျွန်ုပ်၌ ရှိသမျှသော ဥစ္စာပစ္စည်းကို အရှင်မင်းကြီးပင် သိမ်းဆည်းတော်မူပါ”ဟု လျှောက်ထား သံတော်ဦး တင်လေ၏၊ ထိုအခါ ဘုရင်မင်းမြတ်က “သေဋ္ဌေးသား သုမေဓာ စုတေရှာသော သင့်မိဘတို့၏ပစ္စည်းကို သင်တဦးတည်းသာပိုင်၏၊ ၎င်းပစ္စည်းများကို ငါလည်း အလိုမရှိ၊ သင့်ပစ္စည်းတွေကို သင့်သဘောအတိုင်းသာ ပြုပေတော့”ဟု ချီပြော့သာယာ မိန့်ကြားတော်မူသောအခါ သုမေဓာ§ဘုရားညွန့်မှာ ပစ္စည်းတွေစွန့်တော့မည်ဟု ကြံစည်စိတ်ကူးလျက် အိမ်သို့ပြန်လာပြီးလျှင် ဘဏ္ဍာတိုက်တို့ကို ဖွင့်ထုတ်၍ အယုတ်,အလတ်,အမြတ်မရွေး စေတနာဖွေးဖြူစွာ ပေးလှူတော်မူလေ၏။

---

* မိဘတို့၏ သုက်သွေးကြောင့် ဖြစ်သောကိုယ်၊ † အပြားအားဖြင့် သိတတ်သောဉာဏ်။ ‡ ထိတ်လန့်ခြင်းနှင့်ယှဉ်သောဉာဏ်။ + ကာမဘုံ, ရူပဘုံ, အရူပဘုံ။ § ဘုရားညွန့်-ဘုရားအလောင်း။



အလောင်းတော် သုမေဓာသည် သန်းပေါင်းများစွာသော ဥစ္စာပစ္စည်းတို့ကို စွန့်လှူတော်မူခန်း။

အလုံးစုံသော ပစ္စည်းဥစ္စာ ရတနာရွှေငွေ အထွေထွေတို့ကို စေတနာမတုန် သဒ္ဓါဟုန်မပြောင်းဘဲကောင်းစွာပေးလှူတော်မူခဲ့ပြီး၍ * နေက္ခမ္မဓာတ်ခံ ရင့်သန်တော်မူသော သေဌေးသား သုမေဓာသည် လူ့ပြည်မှာ နေရခြင်းကို တဝင်းဝင်း တောက်သော မီးပုံကြီးကဲ့သို့ ထန်သည်းစွာ အကြောက်သန်၍ နောက်ဆံတင်းတော်မူခြင်းမရှိဘဲ ထူးကဲ ကျွတ်လွတ်သော † မနောဓာတ်ဖြင့် တောအရပ်သို့ ခိုဝင်ကာ **ဓမ္မိက** မည်သော တောင်ယံတွင် သိကြားစေတမန် အစေခံလက်သမားဖြစ်သော ဝိသုကြုံနတ်သားသည် တည်ထားဖန်ဆင်းအပ်သည့် ‡ အပြစ်ငါးပါးမှ ကင်းသော စင်္ကြံကျောင်းဝယ် ကိန်းအောင်းစံပယ်တော်မူလျက် + ရှစ်ပါးသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော အဘိညာဉ်အားကို ဆောင်အံ့သောငှါ § အပြစ်ကိုးပါးရှိသော ခါးဝတ်ပုဆိုးများကိုစွန့်၍ ÷ တဆယ့်နှစ်ပါးသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော လျှော်တေ သင်္ကန်းကို ဆင်မြန်းဝတ်ရုံကာ **ဣသိပဗ္ဗဇ္ဇ** ရသေ့ ရဟန်း ပြုတော်မူလေသတည်း။

ကျောင်းကို ငြီးငွေ့တော်မူခြင်း

၎င်းစင်္ကြံကျောင်းတွင် ခိုအောင်းချဉ်းကပ်၍ မကြာမြင့်မီပင် ကျောင်းကို အပြစ်မြင်လေသည်မှာ "ငါသည် လူဝတ်ကြောင်နှင့် လူ့ဘောင်ကို စက်ဆုပ်ရုံမက ပစ္စည်းပ ရိဘောဂ အသုံးအဆောင် ဟူသမျှကိုလည်း ဖြူဆွသော သဒ္ဓါ

---

* ကာမဂုဏ်မှ ထွက်လိုသောဆန္ဒ။ † စိတ်။ ‡ ၁-ကြမ်းတန်းလှစွာ မညီညာခြင်း။ ၂—စင်္ကြံအတွင်း သစ်ပင်ရှိခြင်း။ ၃—တောချုံတို့ဖြင့် ဝိုင်းအုံဖုံးလွှမ်းခြင်း။ ၄—အလွန်ကျဉ်းမြောင်းခြင်း။ ၅—အလွန် ကျယ်ပြန့်ခြင်း။ + ၁—စိတ်၏ တည်ကြည်ခြင်း။ ၂—စိတ်၏ စင်ကြယ်ခြင်း။ ၃—စိတ်၏ ဖြူစင်ခြင်း။ ၄—ကိလေသာ မရှိခြင်း။ ၅—ကိလေသာ ကင်းခြင်း။ ၆ စိတ်နူးညံ့ခြင်း။ ၇—စိတ်၏ ခိုင်ခံ့ခြင်း။ ၈—မတုန်မလှုပ်သော အဖြစ်သို့ ရောက်ခြင်း။ § ၁—အဘိုးထိုက်တန်ခြင်း။ ၂—သူတပါးနှင့် စပ်၍ဖြစ်ခြင်း။ ၈—သုံးဆောင်၍ လျင်စွာညစ်နွမ်းခြင်း။ ၄—သုံးဆောင်၍ ဆွေးမြည့်လွယ်ခြင်း။ ၅—ရှာ၍ရခဲခြင်း။ ၆—ရဟန်းတို့အား မသျော်ကပ်ခြင်း။ ၇—ရန်သူတို့နှင့်ဆက်ဆံခြင်း။ ၈—သုံးဆောင်သောသူ၌ တန်ဆာဆင်ခြင်း၏ အကြောင်းဖြစ်ခြင်း။ ၉—ယူဆောင်သွားသောသူအား ပခုံးဝန်ဖြင့် ကြီးစွာဆောင်ရခြင်း။ ÷ ၁—အဘိုးနည်း၍ ရဟန်းတို့အား အပ်ခြင်း။ ၂—ကိုယ်တိုင်ပြုလုပ်နိုင်ခြင်း။ ၃—တဖြည်းဖြည်းမှ ညစ်နွမ်း၍ ဖွပ်သော်သည်း မကြာခြင်း။ ၄—ဆွေးသောအခါ ချုပ်ဘွယ်ရာမရှိခြင်း။ ၅—ရှာ၍ရလွယ်ခြင်း။ ၆—ရသေ့ရဟန်းတို့နှင့် သင့်လျော် လျောက်ပတ်ခြင်း။ ၇—ရန်သူတို့၏အသုံးအဆောင် မဟုတ်ခြင်း။ ၈—တန်ဆာဆင်ခြင်း အကြောင်းမရှိခြင်း။ ၉—ဆောင်ယူ၍ ပေါ့ပါးခြင်း။ ၁၀—သင်္ကန်း၌ အလိုနည်းပါးခြင်း။ ၁၁—လျှော်တေဖြစ်၍ တရားနှင့်လျော်ခြင်း။ ၁၂—ပျောက်သွားသော်လည်း ငဲ့ကွက်ဘွယ်ရာ မရှိခြင်း။

အစွမ်းဖြင့် လှူဒါန်းခဲ့ပြီးလျှင် တောရခိုဝင်ကာ ဘာဝနာကမ္မဋ္ဌာန်းတို့ကို အစွမ်းကုန် ကျင့်တော့မည်ဟု ကြံစည်စိတ်ကူးပြီးလာပါလျက် ဤကျောင်းကိုစွဲမက်၍ အခွဲခက်, အခွါခက် အာသာရမ္မက် ကြီးနေပါက အဘယ်မှာ မှန်းခြေပေါက်အောင် ရောက်နိုင်ပါမည်နည်း၊ ကျောင်း၌နေရခြင်း အပြစ်များကား *ရှစ်ပါးရှိချေသည်၊ ထိုအပြစ်မကင်းသော ကျောင်းမှ ရွှေ့ပြောင်း၍ † အကျိုးဂုဏ် ဆယ်ပါးနှင့်ပြည့်စုံသော သစ်ပင်ရင်း ရုက္ခမူ ကျောင်းမှာ နေမှသာ သင့်တော်တော့မည်တကား”ဟု စဉ်းစားဆင်ခြင် ဉာဏ်၌ထင်လာလေ၏။

ဤကဲ့သို့ မိမိဉာဏ် အကြည်ဓာတ်တွင် မှီကပ် ထင်မြင်လာသော အတိုင်း သိကြား,နတ်တို့ ဖန်ဆင်းအပ်သော ကျောင်းကိုပယ်စွန့်၍ အပြစ်မလူး ကျေးဇူးဂုဏ် ဆယ်ပါးရှိသော ရုက္ခမူကျောင်းသို့ ရွှေ့ပြောင်းတော်မူကာ ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးကြိုးပမ်းပမ်း အလိုလို ကြွေကျသော သစ်သီးဆွမ်းကိုသာ စား၍ အားထုတ်တော်မူရာ ခုနစ်ရက် အတွင်းမှာပင် ‡ အဘိညာဉ် ငါးရပ် + သမာပတ်ရှစ်ထွေကို ရရှိတော်မူလေသတည်း။

ဒီပင်္ကရာဘုရားနှင့် တွေ့တော်မူခြင်း

သုမေဓာ ရသေ့မှာ § ချမ်းချမ်းသာဖြင့် မွေ့လျော် ပျော်ပိုက်၍ တော၌ နေစဉ် လူအပေါင်းတို့၏ မကိုဋ္ဌသရဖူ ÷ သယမ္ဘူအစစ်ဖြစ်တော်မူသော ဒီပင်္ကရာ

* ၁-သစ်စသော အဆောက်အဦတို့ကို များစွာ ရှာမှီးရခြင်း။ ၂—အမြဲမပြတ် အထပ်ထပ် သုမ်သင် ရှင်းလင်းရခြင်း။ ၃-မထေရ်ကြီးများ ရောက်လာ၍ မကြာမကြာ နေရာမှ ထပေးရသဖြင့် စိတ်၏ဘည်ကြည်မှု ပျက်ပြားခြင်း။ ၄-ကိုယ်၏ သိမ်မွေ့နူးညံ့သည်ကို ပြုခြင်း။ ၅-ကဲ့ရဲ့မှုကို ဖုံးလွှမ်း၍ပေးခြင်း။ ၆-သိမ်းဆည်းမှုကို ပြုရခြင်း။ ၇—အဖော်ရှိသောသူ၏ နေခြင်းကဲ့သို့ ဖြစ်ခြင်း။ ၈-များသော သတ္တဝါတို့နှင့် ဆက်ဆံခြင်း။ † ၁-နည်းသော အဆောက်အဦရှိခြင်း။ ၂-မပြုပြင် မသုမ်သင်ရခြင်း။ ၃-မထေရ်ကြီးတို့ လာသော်လည်း ထပေးဘွယ်ရာ မရှိခြင်း။ ၄—ကဲ့ရဲ့မှုကို မဖုံးလွှမ်းခြင်း။ ၅—လွင်တီးခေါင်၌ နေသကဲ့သို့ ကိုယ်ခက်တရော် မဖြစ်စေခြင်း။ ၆—သိမ်းဆည်းဘွယ်ရာ မရှိခြင်း။ ၇—ကပ်ငြိဘွယ်ရာ တဏှာမရှိခြင်း။ ၈—နှင်ထုတ်ခြင်းကို မခံရခြင်း။ ၉—နှစ်သက်ခြင်း ပီတိကိုဖြစ်စေခြင်း။ ၁၀—အရလွယ်ခြင်း။ ‡ ၁—အမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်။ ၂—နတ်တို့၏ နားကဲ့သို့ ကြားနိုင်သော ဒိဗ္ဗသောတဉာဏ်။ ၃—သူတပါးစိတ်ကို သိစွမ်းနိုင်သော ပရစိတ္တဝိဇာနနဉာဏ်။ ၄—ရှေးဘဝ ခန္ဓာအစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်။ ၅-နတ်တို့၏ မျက်စိကဲ့သို့ ကြည့်ရှုတွေ့မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်။ + ရူပဈာန်လေးပါးနှင့် အရူပဈာန် လေးပါး။ § ကိလေသာကို ရှို့မြိုက်ပြီး၍ နှစ်ခြိုက်စွာခံစားရသော ချမ်းသာ။ ÷ ဆရာမရှိဘဲ အလိုလိုပွင့်တော်မူသောဘုရား။

မြတ်စွာဘုရားသည် လောကကြီးအလယ်ခေါင်တွင် ကြယ်ရောင်, လရောင်, နေရောင်မက ပ,ဝင်း၍ သတ္တဝါခပင်းတို့အား တရားဓာတ်အလင်းကို မပြတ် သွင်းတော်မူလျက် ရှိနေချေပြီ။

သုမေဓာ ရသေ့မှာကား မိမိဈာန်ဖြင့်သာ ပျော်ပိုက်၍ နှစ်ခြိုက်ဘွယ်သော ပီတိအရသာကို ခံစားတော်မူနေသဖြင့် ဒီပင်္ကရာ ဘုရားအလောင်းတော်သည် (၁) မယ်တော်၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူသော အခါ၊ (၂) မီးရှူးသန့်စင် ဘွားမြင်တော်မူသောအခါ၊ (၃) သဗ္ဗညုတဉာဏ်ကိုရ၍ *သမ္မာသမ္ဗုဒ္ဓအစစ် ဘုရားဖြစ်တော်မူသောအခါ၊ (၄) ဓမ္မစကြာတရားကို ဟောကြားတော်မူသောအခါ ဤအခါကြီးလေးပါးတို့တွင် မြေလျင် ပြင်းစွာ လှုပ်ခြင်းစသော နိမိတ်ကြီးများကို မကြား မသိ မမြင်မိချေ။

တနေ့သောအခါ **ဒီပင်္ကရာ** ထွတ်ချာ သေဌ်နင်း အမင်းမင်းတို့၏ မကိုဋ်ဦးတိုက်ရာချစ်ရှင် ဘုရားသခင်သည် **ရမ္မဝတီ** နေပြည်တော်သို့ နောက်ပါသာဝက လေးသိန်းမျှခြံရံကာ ကြွလာတော်မူ၍ **သုဒဿန** အမည်ရှိသော ကျောင်းတွင် ကိန်းအောင်းစံနေ သီတင်းသုံးတော်မူလေလျှင် ရမ္မဝတီ ပြည်သူ ပြည်သားတို့ သည် ဘုရားထံချဉ်းကပ်၍ အလင်းဓာတ်ပေးသောတရားကို ကြားနာကြကုန် ပြီးသော် နက်ဖြန်ဆွမ်းအတွက် ဘိတ်ကြားကြကုန်လျက် မိမိတို့အိမ်ခရီးသို့ အသီးသီး ပြန်ကြလေကုန်၏။

တိုင်းသားပြည်သူ များဗိုလ်လူတို့မှာ နံနက်မိုးသောက် အလင်းရောက်သော နောက်တနေ့၌ † အသဒိသ အလှူကြီးကို ဖန်တီးစီရင်၍ ပျော်ရွှင်စွာပြုလုပ်ကြ လျက် မြတ်စွာဘုရားနှင့် တပည့်သား သံဃာတော်များ၏အတွက် မဏ္ဍပ်ကိုထိုး ကြာညိုကိုမိုးပြီးလျှင် ‡ နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံခြင်းစသော အပြေ အပြစ် အတင့်အတယ်တို့ကို မွမ်းမံချယ်လှယ်ကာ အသွယ်သွယ် အဝဝ ပြုလုပ်ကြ ကုန်၏။

တပြည်လုံးကိုလည်း တံခွန်, ကုက္ကား, မုလေးပွားတို့ဖြင့် စည်ကားအောင် တန်ဆာဆင်ပြီးလျှင် လမ်းခရီးတို့ကိုလည်း အထစ်အဖုမရှိ တိရိချောမောအောင်

---

* သစ္စာလေးပါးကို မဘောက်မပြန် အမှန်သိသော မြတ်စွာဘုရား။ † အတုမရှိအောင် လှူဘွယ် ဝတ္ထု၊ တခုမကျန် စီမံဖန်တီးသော အလှူ။ ‡ ကုင်္ကုမံ, လေးညှင်းပွင့်, တောင်ဇလပ်, ကမျည်း။ (မာဂဓအဘိဓာန်အလို)

ပြုပြင်ကာ ပုလဲနှင့်တူသော သဲဖြူကို ကြဲသူကကြဲ ငှက်ပျောပင်, ကွမ်းသီးပင်တို့ကို စိုက်သူကစိုက်လျက် သိုက်မြိုက်အောင် ပြင်ဆင်ကြလေ၏။

ထိုအခါ **သုမေဓာ ရသေ့မြတ်** သည် မိမိနေရပ်မှ ပျံတက်၍ ကောင်းကင်အပြင်တွင် သွားစဉ် ရမ္မဝတီပြည်သူပြည်သားတို့၏ အားပါးတရ ပြုလုပ်နေကြသော အမှုကိစ္စကို မြင်လေလျှင် ဤလူအများကား ယခုလောက် ကြိုးစားအားထုတ်၍ ပြုလုပ်နေကြပုံသည် မုချအကြောင်းထူး ရှိချေမည်၊ အကြောင်းခြင်းရာကို သိရအောင် မေးမှတော်မည်ဟု ကြံစည်ကာ အာကာဗေ့ ကောင်းကင်မှ မြေပြင်သို့ သက်ဆင်းပြီးလျှင် "အို....လူများအပေါင်းတို့ အသင်တို့သည် အဘယ်သူ၏ အတွက် အားတက်သရော စိတ်ဇောကြည်လင်စွာ ဤလမ်းကို ပြုပြင်နေကြပါသနည်း" ဟု မေးလေ၏၊ လမ်းကို ပြုပြင်ကြသူ လူအများက "အို-အရှင်ရသေ့ သုမေဓာ ဒီပင်္ကရာ မြတ်စွာဘုရားသည် နောက်ပါတပည့်အပေါင်း လေးသိန်းတို့နှင့် တကွ ဤပြည်သို့ ကြွလာပါလိမ့်မည်၊ သို့အတွက် ဤလမ်းကို သုမ်သင်ကာ ပြုပြင်ကြပါသည်"ဟု ပြန်ပြောကြလေ၏။

ဘုရားတည်းဟူသော စကားသံကို သုမေဓာရသေ့ကြားလေလျှင် ကြည်ရှင်လန်းလန်း ပီတိပန်း အညွန့်အခက်တို့သည် တလွန့်လွန့်တက်ကုန်လျက် "ငါလည်း ဤလူများနှင့်အတူ လမ်းကိုပြုပြင် သုမ်သင်ပေတော့အံ့"ဟု ကြံပြီးလျှင် "အို-လူများတို့ ဤလမ်းခရီးကို မြတ်စွာဘုရားအတွက် သုမ်သင်ကြပါလျှင်- အကျွန်ုပ်လည်း ပါဝင်၍ ပြင်ဆင်လိုပါသည်၊ အကျွန်ုပ်အတွက် နေရာတကွက်ပေးပါ"ဟု ပြောလေလျှင် လူအပေါင်းကလည်းနှစ်ထောင်းအားရ ဝမ်းမြောက်ကြကုန်လျက် "ဤ သုမေဓာ ရသေ့ကား လွန်စွာ တန်ခိုး အာနုဘော် ကြီးတော်မူပေသည်၊ သို့အတွက် အပြင်ခက်သော နေရာကို ရွေး၍ ပေးမှတော်မည်"ဟု ပြောဆိုတိုင်ပင်ကြကုန်ပြီးလျှင် သုမ်သင်ရန် အလွန်ခက်၍ ရွှံ့ညွန်ဗွက်များသည့် မညီညာသော နေရာတခုကို ပေးလိုက်ကြကုန်၏။

အရှင်သုမေဓာရသေ့သည် **ဘုရားတည်းဟူသော** အာရုံကို တအိအိလှိုင်းခုန်သကဲ့သို့ စိမ့်ထုံပွားများကာ "ငါသည် တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဤလမ်းကိုကောင်းမွန်သာယာအောင် ပြုပြင်နိုင်သော်လည်း နှစ်သက်ကျေနပ်ဘွယ် မဟုတ်ပေ၊ ကာယဝေယျာဝစ္စအမှုကိုပြုမှသာ ကျေနပ်ဘွယ်ပါတကား"ဟု စဉ်းစားကြံစည်ပြီးသော်

မြေများကိုတူးဆွ၍ ထူးလှသော ဝီရိယအစွမ်းဖြင့် ကိုယ်တိုင်ထမ်းကာ လမ်းကို ဖို့ရှာလေ၏၊ ကာယဗလရိုးရိုး တန်ခိုးမပါသော အားစွမ်းဖြင့် ထမ်းဆောင်သည်ပိုးပါသော်လည်း ပင်ကိုယ်က သေချေးသားမှာ အသွေး အသား နုနုဖြစ်သဖြင့် ပြီးသင့်သော အချိန်တွင် မပြီးဘဲ ရှိရှာလေ၏။

သုမေဓာရသေ့ ပြုပြင်အပ်သော လမ်းသည် ဆုံးခန်းသို့မရောက်မီ ဒီပင်္ကရာဘုရားမြတ် ကြွလာတော်မူလတ်သော် "ငါ့တာဝန်ဖြစ်သော လမ်းသည်လည်း မပြီးသေး၊ ဘုရားရှင် ကိုယ်တော်မြတ်လည်း ကြွတော်မူလာချေပြီ၊ ငါ့အတွက်ကြောင့် မြတ်စွာဘုရားနှင့်တပည့်သားသံဃာတော်တို့မှာ မသန့်မရှင်း ရွှံ့ညွှန်မှာ မနင်းကြပါစေနှင့်"ဟု စိတ်ကို ဆုံးဖြတ်လိုက်စဉ် အနီးအနားသို့ မြတ်စွာဘုရား ရောက်တော်မူလာသောအခါ လျှော်တေ သက်နန်းကို ရွှံ့ညွှန်ပေါ်တွင် ခင်း၍ ၎င်း သက်န်းအပေါ်၌ မြတ်စွာဘုရား တံတား လျှောက်တော်မူရန် အလျားမှောက်လိုက်လေသတည်း။

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာရသေ့၏ ဦးခေါင်းရင်းသို့ ရောက်၍ ရပ်တော်မူလျက် * အနာဂတံသညာဏ်ဖြင့် ဝေဘန် စူးစမ်းတော်မူလေလျှင် ဤရသေ့သည်ကား နှောင်ကမ္ဘာတသိန်း အလွန်ရှိသော လေးအသင်္ချေ ထက်၌ လောကတလွှားတွင် **ဂေါတမဘုရား** ဟု အထင်အရှား ပွင့်တော်မူလတ္တံ့သည်ကို မြင်တော်မူသောအခါ ဤဆိုလတ္တံ့သော ဗျာဒိတ်စကားကို မိန့်ကြားမြွက်ဟတော် မူလိုက်လေသတည်း။

ဒီပင်္ကရာဘုရား၏ ဗျာဒိတ်စကား

ပဿထ ဣမံ တာပသံ၊
ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျေ ဣတော ကပ္ပေ၊
ဗုဒ္ဓေါ လောကေ ဘဝိဿတိ။

အနက်ကား ဘိက္ခုဝေ၊ သံသရာ ဝဋ္ဋစခန်းမှ အထွက်နန်း နိဗ္ဗူကို စိတ်ဖြူဖြူ လိုလားကြကုန်သော အို· ချစ်သားတို့။ တုမှေ၊ လောကကြီး ဤဘုံမှာ

* နှောင်လာလတ္တံ့သော အဘို့ကို မြင်စွမ်းနိုင်သော ဉာဏ်တော်။

ဆီဆုံပမာ ဝဲလယ်၍ အနဲနဲ အသွယ်သွယ် ဖြစ်ကြကုန်သော သင်တို့သည်။ ဇဋ္ဌိလံ၊ မင်္ဂပိတုန်းရောင် မျက်စဉ်းတောင်ကဲ့သို့ ညိုမှောင်စုရုံး ဆံကျစ်ကိုထုံးပေသော။ ဥဂ္ဂတာပနံ၊ အဝတ်အစား မကြွားမမော် တရားတော်ထောက်ချင့်၍ ခြိုးခြံသော အကျင့်လည်း ရှိပေထသော။ ဣမံ တာပသံ၊ ရှုံ့ညှန့်နွံအောက် အလျားမှောက်၍ တံတားလျှောက်ပါ ချိုသာမွှက်ကြား တရားသိမ်မွေ့ ဤရသေ့ကို။ ပဿထ၊ အာရုံစက္ခု နှစ်ဘက်လှ၍ ကြည့်ရှုကြကုန်လော့။ အယံ တာပသော၊ တရားမွေ့သိမ် တည်ငြိမ်စိတ်ဓာတ် ဤရသေ့မြတ်သည်။ ဣတော၊ ဘုရားလေးဆူ ပွင့်တော်မူရာ ဤသာရမဏ္ဍကမ္ဘာမှ။ အပရိမေယျေ၊ ဤရွှေ့ဤမျှ ဂဏန်းချုလျက် မှန်းဆပိုင်ပိုင် ရေတွက်၍ မရနိုင်သော။ ကပ္ပေ၊ ကမ္ဘာတသိန်း တွက်ကိန်းလွန်မှတ် လေးရပ်အသင်္ချေ ဘုရားငါးဆူ ပွင့်ရာဖြစ်သော ဘဒ္ဒကမ္ဘာ၌။ လောကေ၊ လောကသုံးရပ် ဘုံလောကဓာတ်ကြီးအတွင်း၌။ ဗုဒ္ဓေါ၊ နွယ်တော် ဂေါတ္တ **ဂေါတမ** ဟု ဗုဒ္ဓချစ်ရှင် ဘုရားသခင်သည်။ ဘဝိဿတိ၊ စက်စက္ကဝါ သွက်သွက်ခါအောင် ကမ္ဘာဒလိမ့် တော်သံခြိမ့်၍ နှစ်သိမ့်ကြည်ဖြူ ပွင့်တော်မူလိမ့်သတည်း။

ဤဂါထာကို ရွတ်ဆို၍ မြွက်ကြားကာ အင်္ဂါရှစ်ပါး ဘုရားတံဆိပ် နိယတ ဗျာဒိတ်ကို ခတ်နှိပ်အပ်သောဂုဏ်နှင့် ပြည့်စုံသော အလောင်းတော်အား ဗျာဒိတ်တော် မြတံဆိပ်ကို ခတ်နှိပ်တော်မူပြီးလျှင်“အို-ချစ်သားတို့ ဤသုမေဓာ ရသေ့သည်ကား နောင် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအခါ ဘဒ္ဒကပ် ကမ္ဘာတွင် ကပိလဝတ်နေပြည်တော်ကြီးကို စည်ထီးခရိုင်နှင့်တကွ နိုင်ငံပါအုပ်စိုး၍ သာကီဝင်မင်းမျိုး၌ဖြစ်သော ခမည်းတော် **သုဒ္ဓေါဒနမင်း** နှင့် မယ်တော်ရင်း **မဟာမာယာ** တို့၏ ရွှေရင်တော်သွေးဖြစ်ကာ အချိန်အခါရောက်၍ တောထွက်တော် မူလေလျှင် **ဂေါတမဘုရားရှင်** ဟု လောကတလွှားတွင် အထင်အရှားဖြစ်ပေလိမ့်မည်၊ **အရှင်သာရိပုတြာ** နှင့် **အရှင်မဟာမောဂ္ဂလာန်** တို့မှာ အဂ္ဂသာဝက တပည့်မြတ်အစုံ ဖြစ်ကြ၍ အလုပ်အကျွေးမှာ * **အရှင်အာနန္ဒာ** ဖြစ်ပြီးလျှင် အဂ္ဂသာဝိကာနှစ်ပါးတို့မှာကား **ခေမာထေရီ** နှင့် **ဥပ္ပလဝဏ္ဏာထေရီ**

* ဘွား:ဘက်တော်တပါးအပါအဝင် ညီအစ်ကိုတဝမ်းကွဲ တော်သူ။



တံတားခင်းနေသော အလောင်းတော် သုမေဓာ ရှင်ရသေ့အား ဒီပင်္ကရာ ဘုရား ဗျာဒိတ်ကြားတော်မူခဏ်း။

တို့ ဖြစ်ကြပေလိမ့်မည်၊ ထိုဘုရားရှင်၏ ဗောဓိပင်မှာ **ညောင်ဗုဒ္ဓဟောပင်မင်း** ပေတည်းဟု မိန့်ကြားတော်မူလိုက်လေသတည်း။

အလောင်းတော်သုမေဓာအား ပူဇော်ကြခြင်း

အထက်ပါ ဗျာဒိတ်စကားကို ဒီပင်္ကရာမြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သောအခါ အလောင်းတော်သုမေဓာသည် "ငါ့အား များစွာသော ဘဝပေါင်းက ဆုတောင်းလာသော သမ္မာသမ္ဗုဒ္ဓ ဆုကောင်းသည် အကြောင်းအားလျော်စွာ ပြည့်စုံတော့မှာပါ တကား"ဟု ရှင်အားနှင့် သိပြီးလျှင် ပီတိဟုန်တက်ကြွ၍ လွန်စွာပင် ဝမ်းမြောက်တော်မူလှပေသတည်း၊ လူ, နတ် အပေါင်းတို့သည်လည်း မြတ်စွာဘုရား၏ စကားတော် မိန့်သံကို နာခံလိုက်ရသည်နှင့် တပြိုင်နက် "ဤ သုမေဓာ ရှင်ရသေ့ကား ဘုရားမျိုးစေ့ဖြစ်သတတ်၊ ဘုရားအညွန့် အလွန့်အလွန် ထူးမြတ်သော ပုဂ္ဂိုလ်ကြီးပေတကား" ဟူသော စိတ်ထားဖြင့် နှုတ်မြွက်စကားပေါင်း ပြည့်နှက်အောင် တဖြောင်ဖြောင် လက်ခမောင်း ခတ်ကြကုန်လျက် ကမ္ဘာကြီးတုန်မတတ် ကြွေးကြော်သော အသံတို့သည် ဆူညံကာနေကြကုန်၏။

ဝင်းပြင်လည်း နတ်,လူအများတို့ ကြံစည်စဉ်းစားကြသည်မှာ "မြစ်ကူးသော သူသည် တည့်တည့် ဖြောင့်ဖြောင့် ကူးခြင်းငှါ မတတ်နိုင်ခဲ့သော် အောက်ဆိပ်သို့ ကူးရသကဲ့သို့ ထို့အတူပင် ငါတို့သည်လည်း ဤဒီပင်္ကရာဘုရားမြတ်၏ ခြေတော် ရင်းတွင် သစ္စာတော် အခိုးအလင်းကို ထိုးထွင်း၍ မမြင်နိုင်ငြားအံ့၊ နောင်သောအခါ အရှင်သုမေဓာသည် သမ္မာသမ္ဗုဒ္ဓအစစ် ဘုရားဖြစ်ငြားအံ့၊ ထိုအခါ ထိုဘုရား၏ မျက်မှောက်တွင် မဂ်, ဖိုလ်သို့ ဆိုက်ရောက်ရပါလို၏"ဟု စိတ်အား ထက်မြက်စွာဖြင့် သူ့ထက်ငါ ဆုကြီးပန်ကြကုန်သတည်း။

ဒီပင်္ကရာမြတ်စွာဘုရားသည်လည်း သုမေဓာဘုရားလောင်းကို နားညောင်း မတတ် ချီးမွမ်းတော် မူအပ်ပြီးသော် ရှစ်ဆုပ်သော ပန်းတို့ဖြင့် *ပူဇော်လျက် လက်ျာရစ်လှည့်လည်၍ † ခြေစက်တော် ဖြန့်ချီကာ ကြွတော်မူလေ၏။ မြတ်စွာဘုရား၏ နောက်တော်ပါ လေးသိန်းသော ရဟန္တာတို့ကလည်း ဘုရားအလောင်းကို ပန်းနံ့သာ အထုံပေါင်းတို့ဖြင့် ပူဇော်ကြကုန်လျက်ပင် ကြွချီတော်

* လေးမြတ်သော အခြင်းအရာကို ပြတော်မူခြင်း။ † ခြေဘဝါးတော်။

မူကြကုန်၏၊ လူ့နတ်အပေါင်းတို့ကလည်း သောင်းသောင်းကျော်ညာ၍ * ထောမနာ ပြုကြကုန်ပြီးလျှင် ပန်းအမျိုးမျိုး အခိုးအထုံ နံ့သာပေါင်း အစုံတို့ဖြင့် အစွမ်းကုန် ပူဇော်ကြသတည်း။

အလောင်းတော် သုမေဓာရှင်ရသေ့သည် မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရသောအခါ ယနေ့ နက်ဖြန်ပင် လက်ဝါးပြင်သို့ အလျှင်အမြန်ရောက်လာတော့မည့်ပုံ ယုံကြည်ထင်မှတ်ကာ လွန်စွာဝမ်းမြောက်တော် မူလှသည်ဖြစ်၍ နေရာမှထပြီးလျှင် ပါရမီတို့ကို ဆင်ခြင်အံ့သောငှါ ပန်းမွေ့ရာကြီး အထက်တွင် တင်ပလ္လင်ခွေ၍ နေတော်မူလေ၏၊ ထိုအခါ သုဒ္ဓါဝါသ ဗြဟ္မာအများတို့သည် ညွတ်တွားကာ ကိုယ်ရှိန်သတ်၍ ချီအပ်သော လက်အုပ်ပန်းတို့ဖြင့် ဝမ်းသာဝမ်းမြောက် ဦးတင်၍ လျှောက်ကြကုန်၏။

လျှောက်ကြပုံမှာ "အရှင်ရသေ့မြတ် † ဗောဓိသတ် အရှင်ရသေ့သည် မုချကေန် အမှန်စင်စစ် ဘုရားဖြစ်ပါလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် အလောင်းတော်တို့သည် နိယတဗျာဒိတ်ပန်းကို ဆွတ်လှမ်းတော်မူ၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူကြသောအခါ ကြီးစွာသောနိမိတ် အခဏ်းခဏ်း တို့သည် အဆန်းတကြယ် အံ့ဩဘွယ် ဖြစ်ကြပါကုန်သည်။

ယင်းနိမိတ်တို့သည်ကား "အချမ်းကင်း၍ ပူပြင်းခြင်းလည်း မရှိကြပါကုန်၊ တသောင်းသော စကြဝဠာတို့သည် ဆိတ်ငြိမ်စွာ ဖြစ်ကုန်လျက် အနှောက်အရှက်လည်း ကင်းကြပါကုန်၏၊ လေထန်လေပြင်း အလျဉ်းကင်း၍ လေညှင်းလေပြေတို့သာ တိုက်ခတ်လာလျက် သည်းထန်စွာစီးသော မြစ်ကြီးတို့ပင်သော်လည်း အထက်, အောက် မစီးဘဲ တညီတည်း ဖြစ်ကြပါကုန်၏၊ ရေပန်းကုန်းပန်း တို့သည်လည်း အဆန်းတကြယ် ပွင့်၍ ပင်မြင့်, ပင်နိမ့်မကျန် အင်မတန်မှ တင့်တယ်ကြပါကုန်၏၊ နွယ်ပင်, သစ်ပင်ဟူသမျှတို့မှာ မူလက အသီး မမြင်သော်လည်း ယခုအခါတွင် အားလုံးပင် အကုန်သီး၍ တပြုံကြီး တပြုံကြီး ဖြစ်နေကြပါကုန်ပြီ၊ ကောင်းကင်,မြေအောက် ကမ္ဘာတလျှောက်မှာ

---

* ချီးမွမ်းခြင်း။ † ဘုရားအဖြစ်၌ အားသန်ကပ်ငြိ အလိုရှိသူ။

ရှိကြသော ရတနာအဆိုင်ဆိုင်တို့သည်လည်း အရောင်ချင်း ယှဉ်ပြိုင်၍ သူနိုင်, ငါနိုင် ထွန်းလင်းလျက် တဝင်းဝင်းတောက်ပကြပါကုန်၏၊ နတ်ပြည်နှင့်လူ့ရွာက တူရိယာ အသီးသီးတို့လည်း ဘယ်သူမျှမခတ်တီးဘဲ အလိုလို မြည်ဟည်းကာ အသံကြီးများဖြစ်ပေါ်ကြပါသည်၊ အဆင်းအမျိုးမျိုး အခိုးအထုံတို့နှင့်ပြည့်စုံ၍ ဤလူ့ဘုံမှာမမြင် အလွန်ပင် ဆန်းတင့်သော ပန်းပွင့်ပေါင်း များစွာတို့သည်လည်း အာကာဗွေ ကောင်းကင်ထဲမှ မိုးသီးကြီးသဲသလို ဖြန့်ကြဲကာ ရွာသွန်းကြပါကုန်၏၊ မဟာသမုဒ္ဒရာကြီးသည် မြည်ဟည်းကာဝဲလည်၍ လောကဓာတ် တသောင်းတို့သည် ခြိမ့်ညောင်းကာ တော်လျှင်လဲလျက် တသဲသဲတုန်လှုပ်ကြပါသည်၊ စကြဝဠာ တသောင်းမှာ ရှိကြသော ငရဲအပေါင်းတို့သည် ငရဲမီး ငြိမ်းအေး၍ ပူနွေးနွေးမျှ မရှိကြပါကုန်၊ ဒေါင်းယာဉ်ပျံနေမင်းကလည်း မှုံတိမ် တွေကင်း၍ အလင်းအားကောင်းပြီးလျှင် ကြယ်တာရာ အပေါင်းတို့ကလည်း ညွတ်ပျောင်းကာ ဦးယုတ်သကဲ့သို့ နေ့အခါမှာပင် ထွက်နေကြပါသည်၊ ကောင်းကင်မှ မိုးမရွာဘဲ အောက်ရပ်မြေလွှာက ရေဇလာ ရေပွက်တို့သည်လည်း ပေါ်ထွက်လာကြပါကုန်၏၊ နက္ခတ်ကြီး *နှစ်ဆယ့်ခုနစ်လုံးနှင့်တကွ ကြယ်တာရာ ဟူသမျှတို့ကလည်း ဖြူဆွကာ အရောင်ဝင်း၍ တထိန်ထိန်လင်းကြပါသည်၊ ဝိသာခါနက္ခတ်သည်လည်း စန်းမြတ်နှင့်ယှဉ်ခိုက်မို့ မုချပင် ဘုရား ဖြစ်ထိုက်ပါသည်။ (ကဆုန်လပြည့်နေ့ ဟူလို)

ကဆုန်လပြည့် ဘုရားနေ့

သုမေဓာလောင်း ကပ်ဟောင်းလွန်လေ၊
ဒီပင်ထံပါး တံတားအနေ။
ရွှေဗျာဒိပ်ပန်း ဆင်မြန်းဆွတ်ချွေ၊
ကဆုန်လ † ပုဏ္ဏာဒိဝသေ။

---

* ၁–အဿဝဏီနက္ခတ်။ ၂–ဘရဏီ။ ၃–ကြတ္တိကာ။ ၄–ရောဟဏီ။ ၅-မိဂသီ၊ ၆-အဒြ။ ၇–ပုနဗ္ဗုသျှ။ ၈–ဖုသျှ။ ၉–အသလိဿ။ ၁၀–မာဃ။ ၁၁–ပြုဗ္ဗဖလဂုနီ။ ၁၂–ဥတ္တရဖလဂုနီ၊ ၁၃–ဟဿတ။ ၁၄–စိတြ၊ ၁၅ သွာတိ။ ၁၆–ဝိသာခါ။ ၁၇–အနုရာဓ။ ၁၈–ဇေဋ္ဌ။ ၁၉–မူလ။ ၂၀–ပြုဗ္ဗာသဠ်။ ၂၁–ဥတ္တရာသဠ်။ ၂၂-သရဝဏ်။ ၂၃–ဓနသိဋ္ဌ။ ၂၄–သတ္တဘိသျှ။ ၂၅–ပြုဗ္ဗဘဒြပိုဒ်။ ၂၆-ဥတ္တရဘဒြပိုဒ်။ ၂၇–ရေဝတီနက္ခတ်။ † လပြည့်နေ့။

ကဆုန်လပြည့် – ဘုရားနေ့ ဟူသည်ကား (၁) နိယတဗျာဒိတ်ကို ခတ်နှိပ်ခံယူရရှိတော်မူသောနေ့၊ (၂) မီးရှူးသန့်စင် ဘွားမြင်သောနေ့၊ (၃) ဂုဏ် ၉-ပါးနှင့် ဘုရားဖြစ်သောနေ့၊ (၄) ပရိနိဗ္ဗာန် ဝင်စံကြွသွားသောနေ့၊ ဤလေးနေ့တို့တည်း။ ၂-မှ ၄-အထိ ကျန်သုံးနေ့မှာ ဂေါတမ ဗုဒ္ဓဝင်အခဏ်း၌ ထင်ရှားပေလတ္တံ့။

ချောက်ကြားနှင့် တွင်းခေါင်းမှာ ခိုအောင်းသော သတ္တဝါအပေါင်းတို့သည်လည်း မိမိတို့အောင်းသော နေရာဟောင်းမှထွက်၍ အပြင်ဘက်တွင်ကွန့်မြူးကာ အထူးပင်ပျော်ကြပါသည်၊ ယခုအခါ *သတ္တဝါခပင်းတို့မှာ အပျင်းဟူ၍ မြူငွေ့မျှ မထင်ဘဲ အပျော်ကြီးပျော်ရွှင်ကြပါသည်၊ ထို့ပြင်တပါး သတ္တဝါများမှာလည်း ရောဂါ ဝေဒနာမှ ကင်း၍ ဆာလောင်ခြင်းမျှမရှိ နှစ်သက်ခြင်းပီတိကို တအိအိ ခံစားကြရပါသည်၊ † ပုထုဇဉ်သတ္တဝါတို့ သန္တာန်ဝယ် တရံမစဲ အမြဲကပ်၍ ဖြစ်ပေါ်နေကြသော ကာမရာဂ တရားအပေါင်းတို့မှာ အလွန်တရာ ခေါင်းပါးကြလျက် ဒေါသ,မောဟ တရားဆိုးတို့ကသည်း နှမ်းညှိုးကာ ရှောင်ထွက်၍ နှောက်ရှက်ခြင်း မရှိကြပါကုန်၊ ဘေးဥပဒ် အန္တရာယ် ရန်စွယ်ရန်ငြောင့်ကင်း၍ ကြောက်လန့်ခြင်းတရားယုတ်တို့သည် တမုဟုတ်ခြင်း ကွယ်ပျောက်ကာ ဘယ်ရောက်မှန်းမသိ အလျဉ်းပင် မရှိကြပါကုန်၊ အရှေ့, အနောက်, တောင်, မြောက်, ဖီလာ အရပ်မျက်နှာတို့မှ မကြာမကြာ လေဟုန်ဖြင့် ပါလာသော မြူမှုန်ဟူသမျှတို့သည် မထမကြွ ငြိမ်ဝပ်လှပါကုန်၏။ ‡ အနိဋ္ဌာရုံ ဖြစ်သော အနံ့ဆိုး အသွယ်သွယ်တို့သည် ရှောင်ဖယ်ငြိမ်သက်၍ နှာခေါင်းကို မနှောက်ရှက်ဘဲ နတ်တို့၏ ရနံ့အထုံတို့သည်သာ တသုံသုံမွှေးကြူ၍ အေးအေးလူလူ ဖြစ်ကြပါကုန်သည်၊ အရူပဗြဟ္မာကိုထား၍ ရူပဘုံ၌ကျက်စားသော ဗြဟ္မာကြီးများနှင့်တကွ နတ်သား, နတ်သမီး ဟူသမျှတို့သည် လူအပေါင်း မြင်သာအောင် ထင်စွာဖြစ်ကြပါကုန်သည်၊ + သုဂတိ အထက်ဘုံသားသာမက § နရက်ဘုံတလွှားက ဒုက္ခိတသားတို့သည်လည်း ထင်ရှားစွာ မြင်သာအောင်

---

* သတ္တဝါအလုံး။ † ကိလေသာကို လွန်စွာ ဖြစ်စေတတ်သော သတ္တဝါ။ ‡ အလိုမရှိအပ်သော အာရုံ၊ + ကောင်းမှုရှင်တို့၏ လားရာဒေသ ဘုံဌာန။ § ငရဲဘုံ။

ဖြစ်ကြပါကုန်၏၊ ပင်ကိုယ်က ပိတ်ဆို့၍ထားသော တံခါး,နံရံ,တံတိုင်းပါ မကျန်ဘဲ အပိတ်အဆို့ မှန်သာမျှတွေသည် လူမဖွင့်, နတ်မဖွင့် အလိုလို ပွင့်ကြပါကုန်၏၊ ဘဝပြောင်းရွှေ့ စုတေ့ခြင်းဟု ဆိုအပ်သော မရဏတရားနှင့် ပဋိသန္ဓေ တည်နေကိန်းအောင်းခြင်းဟု ဆိုအပ်သော ဇာတိသည် လုံးလုံးကြီး မရှိပါကုန်၊ ဤသို့သော အကြောင်းစုံ ကောင်းဟုန်နိမိတ်တို့ကြောင့် အရှင်ရသေ့မြတ်မှာ မုချဆတ်ဆတ် ဗုဒ္ဓဇာတ်အနွယ်ဝင်၍ တကယ်ပင်ဖြစ်လိမ့်မည်ဆိုတဲ့အကြောင်းကို ကောင်းကောင်းကြီး သိကြပါကုန်သည်ဘုရား၊ သို့ဖြစ်ပါ၍ အရှင်ရသေ့သည် မမေ့သောအပ္ပမာဒ မြဲမြံသောဝီရိယကို အမိကလက်ကိုင်ထား၍ တရားကို အားထုတ်တော်မူပါ”ဟု ကောင်းချီးဟစ်ကြွေး၍ အားပေးပြောဆိုကြကုန်သတည်း။

ဒီပင်္ကရာဘုရား၏ ဗျာဒိတ်စကားကို စဉ်းစား ဆင်ခြင်တော်မူခြင်း

အလောင်းတော် သုမေဓာရသေ့သည် ယင်းသို့ဗျာဒိတ်ထားသော ဒီပင်္ကရာ ဘုရား၏ အမိန့်တော်စကားကို ကြားရသည့်အပြင် သုဒ္ဓါဝါသဘုံသား ဗြဟ္မာကြီး များ၏ အားပါးတရ ကြွေးကြော်ကြသော ကောင်းချီးခြိမ့်ညံ ပွဲတင်သံကို တဖန် ကြားရလေသော် ဆထက်ထမ်းပိုး တိုးကာတိုးကာ အားထုတ်ချင်သော အာသာ သည် အခါခါဖြစ်လတ်၍ “လောကထွတ်ထား ဘုရားတို့မည်သည်ကား အကျိုး မပြီး အချည်းနှီးသော စကားကို လားလားမျှမဆိုကုန်၊ ကောင်းကင်သို့ ပစ်အပ် သောကျောက်ခဲသည် အောက်ထဲသို့ ကျခြင်း မြဲသကဲ့သို့ရင်း၊ ပဋိသန္ဓေတည်နေ ရသော သူအများသည် သေခြင်းတရားနှင့် တွဲ၍ အမြဲစုတေရသကဲ့သို့ရင်း၊ အရှေ့လောကဓာတ်မှ * အရုဏ်တက်လတ်သော် ရောင်ဝါဝင်းသော နေမင်း၏ ပေါ်ထွက်ခြင်း မြဲသကဲ့သို့ရင်း၊ ကျောက်ဂူအတွင်းမှ ထွက်သော ခြင်္သေ့မင်းသည် ဟောက်ခြင်း မြဲသကဲ့သို့ရင်း၊ ကိုယ်လေးလက်ဝန်ရှိသော မိန်းမ၏ ကိုယ်ဝန် ချခြင်းသည် မကင်းမလွဲ မုချမြဲသကဲ့သို့ရင်း၊ ဘုရားရှင်တို့၏ စကားတော်သည် မိုဃ်းကြိုးသွား ဝရဇိန်စက်ကဲ့သို့ ထက်မြက်စူးယှ မှန်ကန်လှပေသည်၊ သို့ကြောင့်

---

* အရုဏ်ပုဒ်-နေမပေါ်မီ ရှေးဦးထွက်သော အလင်း ရောင်ခြည်။

ငါသည်ကား ဘုရားစင်စစ် ကေန်ဖြစ်ပေအံ့''ဟု တည်တံ့စွာ ကြံစည်၍ ဉာဏ်မှီ သမျှ စဉ်းစားတော်မူလေ၏။

ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို စုပေါင်း၍ဆင်ခြင်ရာ ဒါနပါရမီကို လက်ဦးစွာမြင်ခြင်း

ယင်းသို့ စဉ်းစားဆင်ခြင်သော် ''ငါသည် မချွတ်ကေန် အမှန် ဘုရား ဖြစ်ပေတော့အံ့၊ ဖြစ်ရမည် စင်စစ်သာတည်း၊ သို့သော် ဘုရားဖြစ်ရန် အရေးသည် သေးငယ်သော အလုပ်မဟုတ် ငုတ်တုတ်ထိုင်ကာ မှိုင်နေ၍မဖြစ်နိုင်၊ ရွှေငွေကို အလိုရှိသောသူသည် ရွှေငွေရကြောင်းအလုပ်ကို ကြိုးကုတ်ပင်ပန်းစွာ ရှာဖွေလုပ်ကိုင်မှသာလျှင် အလိုရှိရာကို ကောင်းစွာ ရနိုင်သကဲ့သို့ ထိုအတူပင် ဘုရားဖြစ်ချင်သော ငါသည် ဘုရားဖြစ်ကြောင်း ကောင်းသော တရားအလုပ်ကို အားထုတ်ရှာဖွေမှသာ ဖြစ်နိုင်မှာပါတကား''ဟု စဉ်းစားတော်မူ၍ အရှေ့, အနောက်, တောင်, မြောက်, ဖီလာ အရပ်ရှစ်မျက်နှာနှင့် အထက်, အောက်ပါ မကျန် အတန်တန် စူးစမ်းဆင်ခြင်သည်ရှိသော် ရှေးရှေးသောအခါက ဘုရားအလောင်းလျာတို့သည် ကောင်းစွာမှီဝဲ အမြဲမပြတ် ဆည်းပူးအပ်သော ဒါနပါရမီကို သာကြည်ပြုံးရွှင် လက်ဦးစွာတွေ့မြင်၍ မိမိကိုယ်ကို ဆုံးမတော်မူသည်မှာ''အမောင်သုမေဓာ ဤအခါမှစ၍ ဒါနပါရမီကို တနာရီ အချိန်မဖြုန်းဘဲ ရွှင်ပြုံးစွာ ဖြည့်ပါလော၊ မှောက်၍ထားသော ရေအိုးသည် တစက်မကျန် အားလုံးပင် ထွက်အန်သကဲ့သို့ ဥစ္စာ, စီးပွား, သား, မယား, အခြွေအရံ, အင်္ဂါကြီး,ငယ်တွေကို တောင်းလေသမျှ အလှူခံတို့အား မှုဆံမျှမတွန့် ပေးစွန့်လှူဒါန်းပါလော၊ ယင်းသို့ ပေးလှူမှသာလျှင် ဖွေးဖြူသော ဗောဓိဉာဏ်ကို ကေန်ပင် ရပေလိမ့်မည်''ဟု ပါရမီဆယ်ပါးတွင် ရှေးဦးစွာမြင်သော ဒါနပါရမီကို သဒ္ဓါကြည်ကြည်ဖြင့် ကြံစည်လိုက်လေသတည်း။

ထို့အတူ အစဉ်အားဖြင့် စဉ်းစားဆင်ခြင်လိုက်သော အခါ သီလပါရမီ, နေက္ခမပါရမီ,ပညာပါရမီ, ဝီရိယပါရမီ,ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီတို့ကို တွေ့မြင်တော်မူလေ၏။

အလောင်းတော်၏ တန်ခိုးကြောင့် ကမ္ဘာကြီးတုန်ခြင်း

ထို့နောင်မှ အလောင်းတော် သုမေဓာရသေ့မြတ်သည် ဤဆယ်ရပ်သော ပါရမီတို့ကို ကြံစည် ဆင်ခြင်တော်မူပြီးသော် ဤသို့ တဖန် စဉ်းစားပြန်လေ၏၊ "ဤကမ္ဘာလောကဓာတ်ကြီးအတွင်း၌ ထန်ပြင်းသောဆန္ဒဖြင့် ကြံဆဆုတောင်းကြသော ဘုရားအလောင်းတော်တို့၏ သဗ္ဗညုတဉာဏ်ကို ရင့်သန်စေကြောင်း တရားကောင်းတို့ကား စုပေါင်း၍ ရေတွက်ငြားသော် ဤဆယ်ပါးတို့သာ ရှိကုန်၏၊ ဤဆယ်ပါးသော တရားအပေါင်းတို့သည် အထက်ကောင်းကင်,အောက်မြေပြင်နှင့် ဝန်းကျင်ဒိသာ အရပ်ဆယ်မျက်နှာတို့တွင် ဘယ်နေရာမှာမျှ မရှိ၊ ငါ၏ ဟဒယ အကြည်ဓာတ်မှာသာ မှီကပ်ကာ တည်ကြကုန်၏"ဟု အလုံးစုံသော အကြောင်းအရာကို ကောင်းစွာထင်မြင် ဆင်ခြင်မိသည်ရှိသော် ယင်း ပါရမီ အလုံးစုံကို အနုလုံ, ပဋိလုံ, အစုန်, အဆန်, အပြန်, အလှန်အားဖြင့် အတန်တန် စဉ်းစားကာ ဗာဟိရဘဏ္ဍာကို စွန့်လှူပါလျှင် သာမညပါရမီသာ မည်၏၊ မျက်စိ, နား, နှာ, ကိုယ်လက် အင်္ဂါကို စွန့်လှူပါလျှင် ဥပပါရမီ မည်၏၊ မိမိအသက်ကို မငဲ့ကွက်ဘဲ ရက်စက်ကြည်ဖြူ ပေးလှူခြင်းသည် ပရမတ္ထပါရမီ မည်၏၊ ယင်းကဲ့သို့ သာမည ပါရမီ ဆယ်ပါး, ဥပပါရမီ ဆယ်ပါး, ပရမတ္ထပါရမီ ဆယ်ပါး အပြား သုံးဆယ်တို့ကို ကိုယ်တော်မြတ်၏ နှလုံးဓာတ်တွင် သုံးသပ် ဆင်ခြင်တော်မူလေ၏၊ ပါရမီဆယ်ပါး အပြား သုံးဆယ်ကို နှလုံးဝယ်ကိန်းတည်၍ အလီလီဆင်ခြင်တော်မူသော အလောင်းတော်၏ ရှိန်စော်ဖွံ့ဖြိုး အာနုဘော် တန်ခိုးကြောင့် ထစ်ကြိုး တော်လဲ ကမ္ဘာကြီးကဲ့မတတ် တဖျတ်ဖျတ် လှုပ်တုန်ကာ မြေဝသုန် ငြိမ့်ငြိမ့်ညောင်းပြီးလျှင် ကောင်းချီးပေးသကဲ့သို့ ဖြစ်လေ၏။

လျှင်လှုပ်ခြင်းအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြခြင်း

အလောင်းတော်၏ တန်ခိုးကြောင့် ကမ္ဘာကြီးမြေဝသုန်သည် မြည်ဟည်း လှုပ်တုန်သည်ရှိသော် ဒီပင်္ကရာ မြတ်စွာဘုရားအား ဆွမ်းဘောဇဉ် များကို ဆက်ကပ်လှူဒါန်းကာနေကြသော ရမ္မဝတီပြည်သူပြည်သားတို့သည် ထိုထို၌ဤ ရပ်တည်ခြင်းငှါ မတတ်သာ ကောင်းသောကြောင့် လေပြင်းမုန်တိုင်းတို့သည်

တိုက်ခတ်အပ်သော သစ်ပင်ကြီး၏ အကိုင်းအခက်တို့ကဲ့သို့ ငြိမ်သက်၍ မနေနိုင် မိန်းမောကာ ယိမ်းယိုင်၍ မခိုင်ပြိုလဲ အနဲနဲဖြစ်ကြကုန်၏၊ အိုးခွက် ပန်းကန် ဖလ်မှုန်အပေါင်းတို့သည်လည်း ထောင်းထောင်းညက်ကြေ အမှုန့်တွေဖြစ်ကြ ကုန်၏၊ တိုင်းသူပြည်သားတို့သည် ကြောက်အား လန့်အားဖြင့် ဒီပင်္ကရာ ဘုရားထံ အမြန်ပြေးသွားကြကုန်ပြီးလျှင် "မြတ်စွာဘုရား မဟာပထဝီမြေကြီး သည် တုန်ဟည်းပြင်းထန်စွာ လှုပ်ပါသည်၊ ဤမြေလှုပ်ခြင်း အကြောင်းသည် ကောင်း, မကောင်း နှစ်မျိုးတို့တွင် ကောင်းကျိုးလော, မကောင်းကျိုးလော မိန့်ဟောတော်မူပါဘုရား"ဟု လျှောက်ထားကြကုန်သတည်း၊ ထိုအခါ မြတ်စွာ ဘုရားသည် "အို-ချစ်သား, ချစ်သမီးများတို့ ဤမြေလှုပ်ခြင်း အကြောင်းကား မကောင်းသော ဘေးဒဏ် ဖြစ်ဘို့ရန် မဟုတ်ချေ၊ ငါဘုရားသည် ဤယနေ့ပင် သုမေဓာအလောင်းရှင်အား အကောင်းတွင်ထိပ်တန်းဖြစ်သော နိယတဗျာဒိတ် ပန်းကို မိန့်ခွန်းတော် မြွက်ထုတ်၍ လက်ဆုပ် လက်ကိုင် ပေးလိုက်လေပြီ၊ ထို ဗျာဒိတ်သံကို လက်ခံသိမ်းပိုက်တော်မူသော သုမေဓာ ရှင်ရသေ့သည် မွေ့သိမ် သော စိတ်ဓာတ်ဖြင့် ပါရမီကို သုံးသပ်ဆင်ခြင်သော တန်ခိုးအဟုန်ကြောင့် မိုဃ်းဝသုန် မြည်ဟည်း၍ မြေကြီးတုန်လှုပ်ခြင်းဖြစ်ပေသည်"ဟု မိန့်တော်မူလိုက် လေလျှင် နှလုံးမရွှင် ပူပင်နွမ်းလျ စိတ်သောက ဖြစ်နေကြသော တိုင်းသား ပြည်သူတို့မှာ ကြည်ဖြူဇောပြတ် သောမနဿပြုံးရွှင်ကာ နှလုံးတွင် ဂမုန်းပေါင်း အမွှေးဖျန်းသကဲ့သို့ အေးချမ်း၍ သွားကြလေကုန်၏။

အလောင်းတော် သုမေဓာအား နတ်, လူတို့ ပူဇော်ကြပြန်ခြင်း

ကြောက်အား လန့်အားနှင့် လျှောက်ထားကြသော တိုင်းသားပြည်သူ လူအပေါင်းတို့သည် မြတ်စွာဘုရား၏ မိန့်ကြားသော စကားသံကို နာခံကြရ ကုန်သည်ရှိသော် စိတ်အားတက်ကြွ ရွှင်လန်း ဝမ်းမြောက်ကြ၍ ပျားပန်းခတ် သည့်ပမာ လူစုလူဝေးကြီးများမှာ သုမေဓာရသေ့ ထံပါးသို့ ခစားချဉ်းကပ်လျက် အတွင်းဓာတ်ဖြူဖြူနှင့် ပူဇော်ဘွယ် နံ့သာပန်း လှူဒါန်းဘွယ် အမျိုးမျိုးတို့ဖြင့် ရှိခိုး ဦးချ လကျာ်ရစ် လှည့်ကြကုန်ပြီး၍ ရမ္မဝတီပြည်သို့ ဝင်ကြလေ၏၊

လူအပေါင်းတို့သည် ညွတ်ပျောင်းသော အဥ္ဇလီဖြင့် တင်ချီဝပ်တွား၍ ပြန်သွားကြသောအခါ အလောင်းတော် သုမေဓာသည် ဆယ်ဖြာသော ပါရမီတို့ကို သုံးသပ်ဆင်ခြင်ကာ မြဲစွာသော ဝီရိယကို အဓိက အမှူးပြု၍ ဆောက်တည်မှု ပြင်းထန်လျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူရာမှ ထတော်မူလေသတည်း။

ယင်းသို့ထိုင်တော်မူရာမှ ထလိုက်သောအခါ စကြဝဠာတသောင်းမှ စုပေါင်း၍ လာကြသော နတ်ဒေဝါတို့သည် ဝေဆာသင်းပျံ့၍ အဆင်းအနံ့နှင့် ပြည့်စုံသော နတ်ပန်း, နတ်နံ့သာတို့ဖြင့် သဒ္ဓါအရှိန် ရှိသလောက် ဝမ်းမြောက်စွာ ပူဇော်ကြကုန်ပြီးလျှင် "အို· အလောင်းတော်မြတ် ဗောဓိသတ် ဝိသာခါနက္ခတ်နှင့် စန်းမြတ်ယှဉ်တွေ့သော ဤယနေ့ပင် ဒီပင်္ကရာ ဘုရားရှင်၏ခြေတော်ရင်းမှာ ထန်ပြင်းသော ဆန္ဒဖြင့် သမ္ဗုဒ္ဓဆုမြတ်ကို တောင်းအပ်ပါသည်၊ အရှင်ရသေ့ တောင်းအပ်သော ဆုမြတ်သည် ဥပဒ်မတွယ် အန္တရာယ်မနှောင့်ဘဲ တဖြောင့်တည်း ပြည့်စုံပါစေ၊ အရှင်ရသေ့မြတ်၏ ခန္ဓာကိုယ်ဒြဗ်မှာလည်း အနာရောဂါ ကင်း၍ မှူတိမ်ရှင်းသော ငွေလမင်းကြီးကဲ့သို့ တဝင်းဝင်း ထိန်ကြည်ကာ ချမ်းသာသုခ တည်ပါစေ၊ ပါရမီဆယ်ပါး အပြားသုံးဆယ် * သုံးသွယ် စရိယ † စွန့်ခြင်းကြီး ငါးဝတို့ကိုလည်း အားရ ပါးရ ဖြည့်စွမ်းနိုင်၍ မဏ္ဍိုင်ဗောဓိမှာ သဘောပြည့်ဝကြောင်း ဖြစ်သော သဗ္ဗညုတ ဉာဏ်တော်ကောင်းကိုလည်း မစောင်းမချော် ရတော်မူပါစေ၊အသီးအပွင့် သီးပွင့်နိုင်၍ ကြီးမြင့်ရင့်ထွားသော သစ်ပင်များသည် အချိန်တန်၍ အခါသင့်လျှင် အပွင့်အသီးတွေကို မှိုင်မှိုင်ကြီး ပွင့်သီးကြကုန်သကဲ့သို့ အရှင်ရသေ့မြတ်မှာလည်း ဘုရားဗျာဒိတ် ခပ်နှိပ်တော်မူသော ချိန်အခါကို မလွန်စေမူ၍ သဗ္ဗညုတဉာဏ် အပွင့်အသီးသည် ကေန်အမှန် ပွင့်သီးပါစေ၊ အလုံးစုံသော ဘုရားရှင်တို့သည် ဘုရားဖြစ်၍ ပကတူး အများ ထက်ဦးစွာ ဓမ္မစကြာ တရားကောင်းကို သတ္တဝါအပေါင်းအား ဟောကြား

---

* ၁—ဆွေတော်မျိုးတော်တို့အကျိုးငှါ ကျင့်ခြင်း။ ၂—သတ္တဝါတို့အကျိုးငှါ ကျင့်ခြင်း။ ၃—ဘုရားဖြစ်ခြင်းအကျိုးငှါ ကျင့်ခြင်း။ † ၁—ပဉ္စသဉ်းဥစ္စာ တိုင်းပြည် မြို့ရွာကို စွန့်ခြင်း။ ၂—သား, သမီးကို စွန့်လှူခြင်း။ ၃—မယားကို စွန့်လှူခြင်း။ ၄—မျက်စိ, နား, နှာ စသော ကိုယ်လက်အင်္ဂါကို စွန့်လှူခြင်း။ ၅—အသက်ကို စွန့်လွှတ်ခြင်း။ (ဤကား အများသုံးရိုး ပြောရိုးတည်း။ အဋ္ဌကထာကြီးတို့၌ကား အဆို အမျိုးမျိုး ကွဲလွဲလျက်ရှိသည်။

တော်မူသကဲ့သို့ အရှင်ရသေ့မြတ်မှာလည်း မေ့စကြာ မြိုက်ရသာကို လက်ဦးစွာ ဟောကြားနိုင်ပါစေ၊ တန်ဆောင်မုန်းလပြည့် မှုတိမ်ငွေ့မသန်းသော လစန်း သော်တာသည် လွန်စွာတင့်တယ်၍ ရှုချင်ဘွယ်ရှိသကဲ့သို့ အရှင်ရသေ့မြတ်၏ နှုလုံးခါတ် အလိုတော်သည်လည်း မယိုမဟောက် လိုသလောက် ပြည့်ဝ၍ *အမိတ, တဆူ ဖြစ်တော်မူပါစေ၊ အလုံးစုံသော မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ချောင်းပေါင်းများစွာတို့မှ စီးဆင်းသောရေအယဉ်သည် သမုဒ္ဒရာသို့ ဝင်သကဲ့သို့ နတ်, လူ, ပြဟ္မာ သတ္တဝါအများ သုံးဘုံသားတို့သည်လည်း အရှင်ရသေ့မြတ်၏ ထံပါးသို့သာ ဝပ်တွားချဉ်းခ ဦးညွှတ်ကြပါစေ"ဟု အထွေထွေသော ထုတိ မင်္ဂလာ ဩဘာစကားတို့ကို ပြောကြားကြကုန်ပြီးလျှင် မိမိတို့နေရာ ဘုံဗိမာန် သို့ အသီးအသီး ပြန်ကြကုန်သတည်း၊ အလောင်းတော် ရသေ့မြတ်သည်လည်း နတ်,လူ အများတို့ ပြန်သွားကြသောအခါ အဇဋ္ဌာကောင်းကင်ခရီးဖြင့် ဈာန် ဟုန်စီးကာ မိမိနေရာဖြစ်သော ဟိမဝန္တာသို့ ကြွသွား၍ အဘိညာဉ်တရားတို့နှင့် သာ မွေ့လျော်ပျော်ပါးတော်မူရုံမက **သမဏသုခ** ရှစ်ပါးတို့ကိုလည်း ခံစားတော် မူရလေသတည်း။

ယင်း သမဏသုခ ရှစ်ပါးတို့ကား (၁)လူ့ဘောင်၌နေ လူ့လောကကြီးတွင် ဆန်,ရေ,စပါး စီးပွား ဥစ္စာတို့ကို နေ့ရှိသမျှရှာဖွေ၍ အာဟာရေ ပဋိကူလသညာ ကိုမျှ မထင်နိုင်သော်လည်း ရသေ့ရဟန်းတို့မှာကား စီးပွား ဥစ္စာကို မရှာမဖွေ ရသည့်ပြင် ရသမျှသော အရာဝတ္ထုဖြင့်သာ ရောင့်ရဲ တင်းတိမ်ရသည်ဖြစ်၍ ဥစ္စာပစ္စည်းကို မသိမ်းဆည်းရတော့ခြင်း၊ (၂) လောကကြီးတခွင် မြင်မြင်သမျှ သော သတ္တဝါတို့သည်ကား အစားအစာကင်း၍ အလျဉ်းမနေနိုင်ကြသည့် အတွက် ထိုစားရေး သောက်ရေးကိုပင် ဝန်လေးစွာ ရှာဖွေကြရပါသော်လည်း ရခါရံခါတွင်မူ မိမိတို့စားသောက်ကြသော အာဟာရကား **ဓမ္မိယလဒ္ဓ** တရားနှင့် လျော်စွာ ရသည်ချည်းဟု မဆိုနိုင်ဘဲ **အဓမ္မိယလဒ္ဓ** ဟု ဆိုအပ်သော မတရား သဖြင့် ရမှုလည်း ရှိတတ်ချေ၏၊ အရှင်သုမေဓာ ရသေ့မြတ်မှာကား ယင်းသို့ မတရားမှုမျိုးမှ ကင်းစင်၍ အပြစ်မထင်သော အစာအာဟာရကိုသာ ရှာမှီး

* မန္တိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်ထူးတဦး။

ရရှိသည်၏အဖြစ်၊ (၃) အိမ်ရာတည်ထောင်သော လူ့ဘောင်နေသူ လူများကဲ့သို့ ပူပင်သောက ဗျာပါရ အားကြီးစွာ ပြုလုပ် ချက်ပြုတ်ရသော ထမင်းမဟုတ်ဘဲ လက်ပေါ်သို့ ရောက်လျှင် အလိုအလျောက် ကျက်ရသကဲ့သို့ ဒုက္ခသောက မရှိ အခိပတိ ငြိမ်းအေးသော အစာကိုသာ သုံးဆောင် စားသောက်ရခြင်း၊ (၄) လူဝတ်လူစားနှင့် နေသောသူများကဲ့သို့ မင်းစိုးရာဇာနှင့် များစွာသော တိုင်းသူပြည်သားတို့၏ ထိပါးနှိပ်စက်ခြင်းကို မခံရဘဲ လွတ်လပ်ချောင်ချိစွာ နေရခြင်း၊ (၅) အိမ်ရာထောင်၍ လူဝတ်ကြောင်နှင့် နေကြသူ လူအပေါင်းတို့ကား မိမိတို့နေထိုင်ရာဖြစ်သော အိမ် အဆောက်အဦကို များစွာပင် တပ်မက်နှစ်သက်၍ မခွါရက်အောင် စွဲလမ်းသကဲ့သို့ ရသေ့ ရဟန်း တို့မှာကား မိမိတို့နေထိုင်ရာ အာဝါသ ဗိမာန်ကို တာတွယ် ကပ်ငြိသော ဆန္ဒတဏှာ မရှိခြင်း၊ (၆) လူအများတို့သည်ကား **မရှိတောင့်တ,ရှိကြောင့်ကြ** ဟူသကဲ့သို့ ပစ္စည်းဥစ္စာရှိသော သူများမှာ လွန်စွာ ကြောင့်ကြ၍ မအိပ်ရ မနေရဖြစ်သော်လည်း ရသေ့ ရဟန်းတို့မှာကား သူခိုး,ဓားပြတို့၏ လုယက်သော ဘေးမှ ကင်းဝေးခြင်း၊ (၇) လူဝတ်လူစားနှင့် နေသောသူများက မင်းစိုးရာဇာတို့၏နယ် အောက်လက်တွင်းမှ မလွတ်ကင်းကြသည်ဖြစ်၍ ၎င်းမင်းစိုးရာဇာတို့၏ အာဏာ ဥပဒေအတိုင်းသာ လိုက်နာကျင့်ကြံရသောကြောင့် များစွာအနှောက်အယှက် ကြုံတွေ့ရလေ၏၊ ရသေ့ရဟန်းတို့မှာကား ထိုမင်းစိုးရာဇာ တည်းဟူသော ဩဇာအာဏာပေးသူတို့ လက်အောက်မှ ထွက်မြောက် လွတ်ကင်းကြရသည်ဖြစ်၍ ၎င်းတို့နှင့် ဆက်ဆံပေါင်းသင်းဘွယ်ရာ မရှိခြင်း၊ (၈) လောကကြီးအတွင်းမှီတင်းနေထိုင်ကြသူဟူသမျှ အကြီးအချုပ် ခေါင်းကအုပ်လျက် နေကြရသဖြင့် ထင်ရာသွား၍ ထင်ရာစားခြင်းကို မပြုနိုင်သော်လည်း ရသေ့ ရဟန်းတော်အရှင်မြတ်တို့မှာကား မိမိတို့အား တားဆီး ပိတ်ပင်သူ မရှိဘဲ ချောင်ချိလွတ်လပ်စွာ နေရသဖြင့် မိမိကိုယ်ကိုသာ သိက္ခာပုဒ်ဖြင့် အုပ်ချုပ်၍ အပိတ်အပင်မရှိ ကိုယ်ထင်သည့်အတိုင်း သွားနိုင်ခြင်းဟု ဆိုအပ်သော ရဟန်းတို့၏ ချမ်းသာကြောင်း တရားကောင်းရှစ်ပါးကိုလည်း ခံစားတော်မူရလေသတည်း။

သုမေဓာ ဗျာဒိတ်ခဏ်း ပြီး၏။

ယသောဓရာအလောင်း သုမိတ္တာဆုတောင်း

မှာထားချက်။ ။ ဂေါတမ မြတ်စွာဘုရားနှင့် ယသောဓရာဒေဝီ မဟေသီမိဖုယားခေါင်ကြီးတို့သည် မေတ္တာပေါင်းဆုံ၍ ပါရမီ အဖူးအငုံတို့၏ ပြည့်စုံအောင် ဖြည့်မှုတွင် သံသရာ ဘဝအဆက်ဆက်က တွဲ၍ မခွဲမခွါ နောက်တော်မှ အမြဲပါလျက် မလွှဲသာသောသူနှစ်ဦးတို့ ဖြစ်ကြသည်အားလျော်စွာ ဤ သုမေဓာအခဏ်း ဗျာဒိတ်ပန်း ခံယူရာတွင်လည်း အတူပါ၍ လူတကာ အသိအမှတ် ပြုလောက်အောင် ဆုတောင်းလိုက်ပုံသည် အာကာဘုံ နေ့,လ နှစ်ပါးကဲ့သို့ ထင်ရှားလှသည်ဖြစ်သောကြောင့် ယသောဓရာ အလောင်းဖြစ်သော သုမိတ္တာ၏ ဆုတောင်းကို အကြောင်းအားလျော်စွာ ထည့်သွင်းအပ်ပါသတည်း။

ဤ ဂေါတမဘုရား လက်ထက်တော် အခါတွင် လွန်စွာ ထင်ရှားသော ယသောဓရာမိဖုယား၏အလောင်း အမျိုးကောင်းသတ္တေးသမီး * သုမိတ္တာသည် ထို ဒီပင်္ကရာဘုရား ပွင့်တော်မူစဉ် အခါ အမရဝတီ နေပြည်တော်ကြီးအတွင်း ဂုဏ်သတင်းကြွယ်ဖြိုးသော ဗြာဟ္မဏမဟာသာလ သတ္တေးမျိုး၌ ကုဋေပေါင်းရှစ်ဆယ် ကြွယ်ဝသော သတ္တေးသမီးဂုဏ်ဖြင့် တသုံးသုံးမွှေးကြူ၍ဖြစ်လာသတည်း၊ "ရုပ်ဆင်းအင်္ဂါ ပြင်လျာကြန်အင် ချို့ယွင်းချက်မမြင်ဘဲ ပုံအသွင်ပြေပြစ်၍ ရွှေအနှစ်ကို ထုထားသော ယမင်းရုပ်သဘွယ် တင့်တယ်လှပ အချိုးကျသော အမျိုးသမီးကလေး တဦးပေတည်း"ဟု တိုင်းကြီး ပြည်ကြီး ဟူသမျှတွင် သူက, ငါကမကျန် လူမှန်သမျှသိကြကုန်၏၊ ၎င်းသုမိတ္တာ သတ္တေးသမီးကလေး၌လည်း အလောင်းတော် သုမေဓာကဲ့သို့ပင် အပြစ်မြင်စရာဟူ၍ မှုံငွေ့မျှမထင် သန့်ရှင်းစင်လေ၏။

ယင်းသို့သော အဆင်းဂုဏ်ဖြင့် သတင်းဟုန် ကြီး၍နေသော အမျိုးသမီး သုမိတ္တာသည် ချမ်းသာချင်တိုင်း ချမ်းသာစွာဖြင့် ကြီးပွား၍လာခဲ့ရာ အလာ, အသွားနည်းပါးလျက် အခြားသို့ ခရီးထွက်သောအလေ့သည် မရှိသလောက်ဖြစ်၍ "သုမိတ္တာကို မြင်ဘူးပါသည်"ဟု သေချာစွာ ပြောနိုင်သောသူပင် အလွန်ရှားပါးချေ၏။

---

* မိတ်ဆွေကောင်းရှိသော သတ္တေးသမီး။

အလာ အသွား နည်းပါး၍ ခန့်ညားတည်ငြိမ်စွာ အိမ်မှာနေခြင်းသည်ကား အမျိုးသမီးများ၏ ထူးခြားသော ဂုဏ်ကြီးတခုပေတည်း။

ထိုသို့ ဂုဏ်သတင်းကြီးမား၍ သွားလာခြင်း အလွန်နည်းပါးသော အမျိုးသမီးကလေး သုမိတ္တာသည် တနေ့သောအခါ အမရဝတီ နေပြည်တော်ကြီး တခုလုံး၌ အုံးအုံးကြွက်ကြွက် ရှိသမျှ လူကုန်ထွက်၍ မင်းထက်မင်း ဖြစ်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားကို အကြိုအဆိုပြုသောပွဲကြီးသို့ ဘုရင်မင်းပါ မကျန် အားလုံးပင် သွားကြသည်ကို မြင်လေလျှင် အခြွေအရံဖြစ်သော သတို့သမီးငါးရာနှင့်တကွ ယာဉ်ရထားစီးကာ ကြိုဆိုပွဲကြီးသို့ ထွက်လာလေသတည်း၊ သေဋ္ဌေးသမီး သုမိတ္တာသည် ကညာတော်ဝင် အပျိုစင်ဖြစ်၍ ပင်ကိုယ်ယဉ်သော ကြန်အင်နှင့် ပြည့်စုံရုံမက အခြွေအရံဖြစ်ကြသော သတို့သမီး ငါးရာတို့မှာလည်း သွင်လျာချောပြေ၍ ရှုလေတိုင်းတင့်တယ်ကာ မျက်လုံးအရသာကို ကောင်းစွာ ဆောင်နိုင်သော သူတို့ ဖြစ်ကုန်ရကား ယောကျ်ား, မိန်းမ ရှိသမျှတို့သည် ထိုအချောအလှ လောက၏ ကြက်သရေဖြစ်သော သူတို့ကို မျက်နှာလွဲကာ ရှောင်ဖဲ၍ မသွားနိုင်ကြလေကုန်၊ သုမိတ္တာ၏ သင်းထုံသော သတင်းဂုဏ်ကို ကြားရ၍ မမြင်ဘူးကြသော သူအပေါင်းတို့သည်လည်း **သုမိတ္တာ လာသည်** ဟူသော စကားသတင်းကို ကြားလျှင်ကြားခြင်း နားတွင်းချိုမြိန်၍ ကိုယ်ရှိန်သတ်ကာ လမ်းဖွင့်ပေးလျက် အငေးသား စိုက်ကြည့်နေကြကုန်၏၊ ဖြည့်ဘူးသော ပါရမီရှင် ဖြစ်သဖြင့် ထူးချင်တိုင်းထူး၍ သူတဦး၏ စိတ်ဓာတ်ကို တဖျတ်ဖျတ် နေအောင် ဆွဲဆောင်နိုင်သည်မှာ အံ့ဩဘွယ်ရာ မဟုတ်ချေ၊ ဓမ္မတာလမ်းရိုး အတိုင်း ဖြစ်ပေသတည်း။

သုမိတ္တာသည် အခြွေအရံ ငါးရာနှင့်ထွက်၍လာသော ထိုအခါ၌ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာ၏ဦးခေါင်းနားတွင် တန့်နားရပ်တည်တော်မူသည် ဖြစ်၍ လူထုပရိသတ်ကြီး၏ ပြည့်ကျပ်တိုးဝှေ့နေသည်ကို သုမိတ္တာမြင်လေလျှင် အနီးသို့ဝင်၍ ဖူးမြင်လိုသောအာသာ ဖြစ်ပေါ်၍လာလေ၏၊ ထိုအခါ သုမိတ္တာ သေဋ္ဌေးသမီးသည် ကြာပန်းရှစ်ခိုင်ကို ကိုင်ကာ မြတ်စွာဘုရားကို ပူဇော်မည်ဟု ရွယ်ရည်မှန်းထား၍ ယာဉ်ရထားပေါ်မှ သက်ဆင်းကာ လူထုကြီးအတွင်းသို့ ဝင်လာလေ၏၊ ပင်ကိုယ်က သေဋ္ဌေးသမီး ဂုဏ်ကြီးရှင်ဖြစ်၍ အမျိုးသမီးကလေး

လည်း ဖြစ်သည်အားလျော်စွာ သုမိတ္တာကို အနှောက်အယှက်မပေးဘဲ ခပ်ဝေးဝေးက ရှောင်ဖယ်ကာ သွားဘို့ရန်လမ်းကိုပေးကြကုန်၏၊ ယင်းသို့ တဖြည်းဖြည်း တိုးကာတိုးကာ သွားလေလျှင် ဒီပင်္ကရာဘုရားနှင့် တံတားဒါယကာ ဖြစ်သော သုမေဓာရသေ့၏ အနီးအနားသို့ ရောက်သွားလေ၏။

ယသောဓရာအလောင်း စေတနာစည်းပြောင်းပုံ

ယသောဓရာအလောင်းဖြစ်သော သုမိတ္တာသေဌေးသမီးမှာ ဒီပင်္ကရာမြတ်စွာဘုရားအား ပူဇော်ဖူးမျှော်ရန် လာသောအခါ အလျားစင်း၍ တံတားခင်းနေသော သုမေဓာရသေ့ကိုမြင်ရလျှင် ယခင်ကစိတ်အပေါင်းသည် တမျိုးပြောင်း၍ သွားလေ၏၊ "ရွှံ့ညွှန်တွေထဲမှာ ကိုယ်ပါလှဲပြီး အလျားစင်းလို့ တံတားခင်းနေတာ သနားစရာပါကလား၊ သူ့ရုပ်သူ့အဆင်းနှင့် တံတားခင်းနိုင်တဲ့ စေတနာဟာ ရောမချီးမွမ်းစရာ ကောင်းပါပေတယ်၊ အလွန်အံ့ဩစရာပါတကား၊ လောကကြီး အလယ်တွင် တကယ်ပင် ကြည်ညိုစရာကောင်းကဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ပါပေဘဲ၊ ဤရသေ့ကို ဖူးတွေ့ရတာ ငါ့မှာ အသက်ရှင်ကျိုးနပ်ပါပြီ၊ လူဖြစ်ကျိုး မြင့်မြတ်လှပါပေသည်"ဟု စိတ်ကြည်နှစ်မြို့ ဝမ်းသာလုံးဆို့ကာ နေလေ၏။

သုမိတ္တာအမျိုးသမီး၏ စိတ်ခါတ်သည် နောက်ထပ်တဖန် ဖြစ်ပြန်သည်မှာ "ဤရသေ့သည်ကား နုနုနယ်နယ် သပ်သပ်ယပ်ယပ်နှင့် အကယ်၍များ ဒီပင်္ကရာဘုရားကြီး တပါးတည်း နင်းပါလျှင် တော်ပါသေး၏၊ နောက်တော်ပါ သံဃာလေးသိန်းတို့ကလည်း တပါးပြီး တပါး နင်းသွားပါလျှင် သူ့ခမြာမှာ *မရဏဘေးသင့်ဘွယ်ရာ ရှိချေတော့မည်၊ ရသေ့မှာ အရိုးအသား ရှာတွေ့နိုင်စရာပင် အကြောင်းမမြင်၊ သနားစရာပင် ဖြစ်နေတော့တာဘဲ" ဟု † မေတ္တာနှင့် ‡ကရုဏာ တွဲသောစိတ်တို့သည် မိုးသီးတိမ်လိပ်ကြီးများကဲ့သို့ တရိပ်ရိပ်ဖြစ်ပေါ်ကာ မသက်မသာ အရေးတကြီးနှင့် တွေးပြီး သနားနေလေသတည်း၊ သေဌေးသမီး သုမိတ္တာမှာ အလောင်းတော် သုမေဓာ၏ ဖြစ်ပုံကိုမြင်ရလျှင် ရှင်ပျသောနှလုံးအိမ်သည် အပြုံးရှိန် တန့်နား၍ ဟန့်တားခြင်းခံရသကဲ့သို့ ဖြစ်နေလေတော့သတည်း။

---

* သေဘေး။ † ဘဏ္ဍာမဘက် သက်သက်ချစ်ခင်ခြင်း။ ‡ သနားခြင်း။



ယသောဓရာအလောင်း သုမိတ္တာသေဋ္ဌေးသမီးသည် ဒီပင်္ကရာဘုရား ဖူးမျှော်ရန် ထွက်လာခဏ်း။

ဒီပင်္ကရာမြတ်စွာဘုရားသည် အလောင်းတော်သုမေဓာအား ဗျာဒိတ်စကားကို မြွက်ကြားတော်မူသောအခါ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် သောင်းသောင်းဖြဖြ စိတ်ကြွဝမ်းမြူး ကြည်နူးဆူညံကာ နေကြလေ၏၊ ထိုအခါ သုမိတ္တာ သေဌေးသမီးအား ဆုကြီးပန်လိုက်ချင်သော ဇောစိတ်သည် တရိပ်ရိပ်တက်၍ လာလေလျှင် "ယခုအခါသည် လသာတုန်းအခိုက်မှာ ဗိုင်းငင့်လိုက်ဘို့ကောင်းသော အခါကြီးပေတည်း၊ ဒီပင်္ကရာ မြတ်စွာဘုရားနှင့် မျက်နှာချင်းယှဉ်ပြိုင်၍ ရင်ဆိုင်တွေ့နေရသော အခါကောင်းကြီးတွင် ရတနာပေါင်းများစွာကို ရတာထက် လွန်စွာ အဘိုးတန်လှပေသည်၊ ငါနှစ်ခြိုက်တဲ့ ဆုပန်းကိုဖြင့် လက်လှမ်း၍ ယူတော့မည်"ဟု ကြံစည်စဉ်းစားပြီးလျှင် အလှူဝတ္ထုကို ဆင်ခြင်လိုက်သောအခါ အခြားမှာမမြင် မိမိလက်တွင် ပါလာသော ကြာရှစ်ခိုင်ကိုသာ မြင်ရ၍ ယခင်က ရည်မှန်းချက်အတိုင်း မြတ်စွာဘုရားအား လှူဒါန်းတော့မည်ဟု ကြံရွယ်လိုက်သောအခါ သုမေဓာ၏ မျက်နှာရိပ် အသွင်သည် မျက်စိမှာ ထင်လာလေသတည်း။

ထိုအခါ သုမိတ္တာ၏ စေတနာရှိန်သည် လက်နက်အချိန်ခံရသော ယောကျ်ားကဲ့သို့ နုံနဲ့ကာသွား၍"ဘုရားနှင့် သုမေဓာအား ဝေမျှကာလှူဒါန်းမှ တော်တော့မည် တကား"ဟု စဉ်းစားမိလေ၏၊ ယင်းသို့ စေတနာ အချိုးအစားသည် တမျိုးအားဖြင့် ဖြစ်သွားပြီးလျှင် ကြာရှစ်လက်ကို တဝက်စီခွဲသောအခါ သုမေဓာအတွက် ကြာငါးလက်ဖြစ်၍ ဒီပင်္ကရာဘုရားအတွက်မှာ သုံးလက်သာကျန်လေ၏၊ ဤနည်းအားဖြင့် အကြိမ်ကြိမ် ခွဲဝေပါသော်လည်း သုမေဓာအတွက် ကြာငါးလက် ဘုရားအတွက် ကြာသုံးလက်ဖြင့်သာ အဆုံးသတ်လိုက် ရလေတော့၏။

ကြာပန်းကို နှစ်ဘို့ခွဲပြီးသောအခါ သုမိတ္တာ သေဌေးသမီးသည် အရေးတကြီး စိတ်ထားဖြင့် ဘုရားအလောင်းတော် သုမေဓာအား နှုတ်ဆက်စကားပြောကြားလိုက်သည်မှာ "အို- ရသေ့မြတ် သုမေဓာ တပည့်တော် သုမိတ္တာသည် အရှင်ရသေ့မြတ်အတွက် ကြာပန်းငါးလက် လှူပါသည်၊ ဒီပင်္ကရာမြတ်စွာဘုရားကြီးအတွက် ကြာပန်းသုံးလက် လှူပါသည်၊ ဤယခုလိုပြုသော ကုသိုလ်အရှိန်ကြောင့် တပည့်တော် သုမိတ္တာသည် ဖြစ်လေရာရာ သံသရာဘဝ၌ အရှင်

ရသေ့နှင့် အတူတကွ ဖြစ်ပါရစေ၊ တပည့်တော်မ၏ လှူဒါန်းသော ကြာပန်းကုသိုလ်ကြောင့်လည်း အရှင်ရသေ့မြတ်၏ တောင့်တအပ်သော ဗောဓိဉာဏ်သည် အမြန် ရင့်သန်ပါစေသား”ဟု နှစ်ဘက်ရသော စကားကို စတင်၍ ပြောကြားလေ၏။

ဤစကားကို ထောက်ထား၍ ရှေးပညာရှိကြီး များသည် ဘုရားလောင်းနှင့် ယသောဓရာ အလောင်းတို့အား **မေတ္တာအစ ကြာပန်းက** ဟု မြွက်ဟ မိန့်ဆိုတော်မူကြကုန်သတည်း။

မေတ္တာအစ ကြာပန်းက

* **ပဥ္စဟတ္ထာ တဝ ဟောန္တု၊**
တယော ဟောန္တု မမ ဣသေ။
တေန သဒ္ဓိံ သမာ ဟောတု၊
ဗောဓတ္ထာယ တဝ ဣသေ။

ဣသေ၊ ဘုရားမျိုးစေ့ ရသေ့မြတ်ရှင် ကျွန့်သခင်။ တဝ၊ ယခုနေ့မှ ဖူးတွေ့ရသော ရသေ့မြတ်ရှင် ကျွန့်သခင်တို့။ပဥ္စဟတ္ထာ၊ အဆင်းအနံ့ သင်းပျံ့မွှေးကြိုင် ကြာငါးခိုင်တို့သည်။ဟောန္တု၊တပည့်တော်၏ မှန်းမြော်စိတ်ဓာတ် လျောက်ပတ်စွာပေ ဖြစ်ပါစေကုန်။ မမ၊ ဒီပင်္ကရာ ထွတ်ချာမှန်ကင်း သော်ငှနင်းဉက္ကဌ် ဘုရားမြတ်အား ဆက်ကပ်ဘို့ရာ ကျွန်တော်မ သုမိတ္တာဘို့။ တယော ဟတ္ထာ၊ အဆင်းအနံ့ သင်းပျံ့မွှေးကြိုင် ကြာသုံးခိုင်တို့သည်။ဟောန္တု၊ တပည့်တော်၏ မှန်းမြော်စိတ်ဓာတ် လျောက်ပတ်စွာပေ ဖြစ်ပါစေကုန်။ ဣမိနာ၊ မွှေးကြိုင်လှစွာ ပဒုမာကြာပန်း လှူဒါန်းရသော ပုညမျိုးမှန် ဤကောင်းမှုကံကြောင့်။ တေန၊ မေတ္တာရေစက် တူစုံဘက်၍ နှစ်သက်စွာတွေ့ ထိုရှင်ရသေ့နှင့်။ သဒ္ဓိံ၊ အတူပေါင်းဆုံ မောင်နှံစုံသာလျှင်။ သမာ၊ ဘဝများစွာ ကျင်လည်ရာဝယ် မခွဲမခွဲ အတူတွဲနေမြဲမသွေ။ ဟောတု၊ မေတ္တာစွေကာ ဖြစ်ပါစေသား အရှင်ဘုရား။ ဣသေ၊ ဘုရားဆုနှင့် ကောင်းမှုစုံစေ့ အို-ရှင်ရသေ့။ တဝ၊ အရှင်ရသေ့၏။ ဗောဓတ္ထာယ၊ ဗောဓိမဂ်ဉာဏ် ရင့်ကျက်သန်၍ အမြန်ဖြစ်ပါစေခြင်းအကျိုးငှါ။ဟောတု၊တပည့်တော်မ မှန်းဆရည်ဆို အလိုအတိုင်း မဆိုင်းမကြာ ဖြစ်ပါစေသား အရှင်ဘုရား။

---

* အပဒါန် ပါဠိတော်လာ ဤဂါထာကို အနက်အမျိုးမျိုး ပေးကြ၏။

ဤစကားဖြင့် ဝပ်တွားနှုတ်ဆက်ကာ ကြာငါးလက်ကို အရှင်သုမေဓာအား လှူ၍ ကျန်သော ကြာပန်းသုံးလက်ကို ဒီပင်္ကရာ မြတ်စွာဘုရားအား လှူဒါန်းလေ၏၊ အလောင်းတော် ရသေ့မြတ်ကလည်း သုမိတ္တာ၏ လက်ဆောင်နှုတ်ဆက် ဆုပန္နက်လိုက်သည်ကို နှစ်ခြိုက်တော်မူကာ သူ့အတွက် ကြာငါးခိုင်ကိုလည်း မြတ်စွာဘုရားအားပင် လှူဒါန်း၍ "ဤ သုမိတ္တာ အမျိုးသမီးကလေးသည် ဘဝသံသရာ ပါရမီဖြည့်သော အခါဝယ် တပည့်တော်၏ ကူဘော်ကူဘက် ပါရမီဖြည့်ဘက် ဖြစ်ပါစေသား"ဟူ၍ စိတ်ထား ရည်ညွှန်းလိုက်လေသတည်း။

သုမေဓာနှင့် သုမိတ္တာတို့ နှစ်ဦးသည် ကြည်နူးနှစ်သိမ့်စွာ ကြာပန်းကို လှူကြလေလျှင် ဒီပင်္ကရာရှင်တော်မြတ်ကလည်း"အို-ရသေ့မြတ်သုမေဓာ ယခုနေအခါတွင် သဒ္ဓါတရားပြောင်း၍ဆုတောင်းနေသော ဤသုမိတ္တာ အမျိုးသမီးကလေးသည်ကား သင် ဘုရားမဖြစ်မီ ကျင်လည်လေရာ ဘဝအဖြာဖြာတို့တွင် သင်၏အကျိုးကိုသာ မြှော်ကိုးရည်သန် အပင်ပန်းခံလျက် အကူအညီ ပါရမီဖြည့်ဘက်ကလေးဖြစ်၍ သင့် အပေါ်မှာလည်း ကိုယ်ရောစိတ်ပါ နှုတ်ဝါစာဖြင့် သာယာပြေပြစ် ချစ်ဘွယ်ကိုဆောင်ပြီးလျှင် ပုံယုံနှင်းအပ်၍အတွင်းခါတ်ဖြူဖြူနှင့် စိတ်တူသဘောတူ အမူမပြောင်း သူတော်ကောင်းပီပီ လေးမြတ်ရှာ ပေလိမ့်မည်၊ ထို့ပြင်တပါး ထူးခြားသော အချက်တခုမှာလည်း ဤသုမိတ္တာအမျိုးသမီးသည် သင်၏စိတ်နှလုံးကိုလည်း ရွှင်ပြုံးနှစ်သိမ့်စေနိုင်ပေလိမ့်မည်၊ သင်၏နားဌ် ကြားလျှင် ချိုမြိန်၍ စည်းစိမ်ရှိသော စကားကိုလည်း ပြောကြားတတ်ပေလိမ့်မည်၊ ပါရမီဖြည့်စဉ်အခါ သံသရာကျင်လည်ရသော ဘဝများတွင်လည်း ကျင့်ဘွယ်ဖြည့်ဘွယ် သုံးဆယ်အညီ ပါရမီတော် အခက်ပန်းတို့ကို တဘက်တလမ်းကပြည့်အောင်ရှာကာ သင်နှင့်သာအတူတွဲပြီးလျှင် အလှူပွဲကြီးအဖုံဖုံကို အစွမ်းကုန်ပြုလုပ်ဖြည့်ကျင့်ပေလိမ့်မည်" စသည်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရား မိန့်ကြားတော်မူသော ဗျာဒိတ်စကားကို သုမေဓာရသေ့ ကြားရလျှင် အလွန်ပင်အားတက်၍ ဝမ်းမြောက်လေ၏၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်လည်း ဒီပင်္ကရာမြတ်စွာဘုရား၏ မိန့်ကြားတော်မူသည်ကို ကြားကြရ၍ သုမိတ္တာအမျိုးသမီးအား ကောင်းချီးသံ မြည်ကြွေးလျက်သာ ဩဘာပေးကြကုန်၏၊ အမရဝတီ

ကြိုဆိုပွဲကြီးတခုလုံးသည် အလောင်းတော် သုမေဓာနှင့် သုမိတ္တာ နှစ်ဦးတို့အား အထူးပြုသော ကြိုဆိုပွဲကြီးကဲ့သို့ ဖြစ်လေသတည်း။

သုမိတ္တာ သေဌေးသမီးကလေးအား ဗျာဒိတ်ပေးပြီးသောအခါ ကြိုဆိုပွဲကြီးသို့ရောက်လာကြကုန်သော ကညာ,ယုဝတီ,ကုမာရီ စသော လူမိန်းမများစွာနှင့် အာကာဝေဟင်း ကောင်းကင်အပေါ်မှ ဖူးမျှော်နေကြသော နတ်သမီးပေါင်းများစွာတို့ကလည်း တက်ကြွသော စေတနာဖြင့် သုမိတ္တာကဲ့သို့ ဖြစ်လိုကြသော အာသာသည် များစွာဖြစ်ပေါ်၍ လာလေလျှင် ဦးတင်ချီကျော့ အလောင်းတော်ကို ကန်တော့ကြ၍ "တပည့်တော်မတို့သည်လည်း အရှင်ရသေ့မြတ်၏ အလုပ်အကျွေးများပင် ဖြစ်ရပါလို၏"ဟု ပူဇော် လှူဒါန်းဘွယ် အမျိုးမျိုးဖြင့် ဝပ်လျှိုးကာ ဆုတောင်းကြလေ၏၊ ထိုဆုတောင်းသော ဣတ္ထိဘာဝအနွယ် မိန်းမငယ်တို့ကား သုံးသိန်း, ကိုးသောင်း, ခြောက်ထောင်မျှ ရှိလေသတည်း။

သုမိတ္တာ အမျိုးသမီး

ယင်းသို့ လူမိန်းမနှင့် နတ်မိန်းမ ပေါင်းများစွာတို့သည် သူ့ထက်ငါ ဆုတောင်းကြသည်ကို သုမိတ္တာအမျိုးသမီး ကြားသိရသောအခါ "ငါသည်ကား ထိုအရှင်ရသေ့မြတ်အား ကြာပန်းများဆက်ကပ်၍ ထူးမြတ်သော စေတနာဖြင့် လက်ဦးစွာ ဆုတောင်းပြီးလေပြီ၊ မြတ်စွာဘုရားကြီးကလည်း ထိုရှင်ရသေ့၏ အနီးအပါး ခစားလုပ်ကျွေးသော ဇနီး ဖြစ်လိမ့်မည်ဟု ရွှေနှုတ်တော်ချီကာ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလေပြီ၊ ဤလူမိန်းမ, နတ်မိန်းမ အများတို့သည်ကား ငါ၏အခြွေအရံ ပရိသတ်တို့ပင်တည်း"ဟု ကြံစည်မိရှာလေ၏။

လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအခါ ဒီပင်္ကရာဘုရား လက်ထက်တော်က ဆုတောင်းဘော် ဆုတောင်းဘက် ဖြစ်ကြကုန်သော လူမိန်းမ နတ်မိန်းမတို့သည် နောက်ဆုံးဘဝ အလောင်းတော်သုမေဓာ သိဒ္ဓတ္ထမင်းသား ဖြစ်လာသောအခါ အပျိုတော်တွေ ဖြစ်ကြပေ၏၊ သုမိတ္တာမှာမူကား ယသောဓရာ မိဖုယားကြီး ဖြစ်လေသတည်း။

ဒီပင်္ကရာမြတ်စွာဘုရားသည် အလောင်းတော် သုမေဓာနှင့် သုမိတ္တာ နှစ်ဦးသားတို့အား ထူးခြားသောဗျာဒိတ်ကို ခပ်နှိုပ်မိန့်ကြားတော်မူပြီးလျှင် ဆွမ်း

ကျေးပွဲကြီးသို့ ကြွတော်မူလေ၏၊ အလောင်းတော် သုမေဓာမှာကား နေရာမှ ထတော်မူ၍ ပါရမီတော်အရပ်ရပ်ကို သုံးသပ်ဆင်ခြင်တော်မူပြီးလျှင် မိမိပျော်စံရာဌာနသို့ ကြွတော်မူလေ၏၊ သုမိတ္တာ အမျိုးသမီးသည်လည်း သုမေဓာ ထွတ်ဘုန်းကို မျက်စိတဆုံး ဖူးမျှော်ကာ မျက်ခြေပြတ်သောအခါမှသာ အခြွေအရံငါးရာ သမီးကညာတို့နှင့်အတူ ယာဉ်စီး၍ အိမ်ဘက်ခရီးသို့ ပြန်ရှာလေ၏၊ ထိုဘဝ၌ကား သုမေဓာသည် ရသေ့ဘဝဖြင့်သာ ကိစ္စတုံး၍ လုံးလုံးမပေါင်းသင်းရသော်လည်း နောက်နောင်သော ဘဝတို့တွင်ကား ယသောရော ဘဝအထိ ကွဲသည့်ဘဝမျိုးနည်းပါး၍ တဦးနှင့်တဦး အချင်းချင်းတွေ့ဆုံ မေတ္တာငွေ့လှုံကြလျက် တူစုံဘက်၍ ပေါင်းသင်းကြပြီးလျှင် အရင်းအနှီးဖြစ်သော ပါရမီတော်အဖူးအပွင့်တို့ကို အထူးသဖြင့် ဖြည့်ကျင့်တော်မူကြသတည်း။

ယသောဓရာအလောင်း သုမိတ္တာ ဆုတောင်းခဏ်း ပြီး၏။

ဒီပင်္ကရဗုဒ္ဓဝင်၏ နိဂုံးချုပ်စကား

ဒီပင်္ကရာ မြတ်စွာဘုရားသည် လက်ျာ, လက်ဝဲ ထူးကဲသော အဂ္ဂသာဝကတပည့်များနှင့်တကွ အဂ္ဂသာဝိကာဖြစ်သော တပည့်မ မိန်းမမြတ် ဘိက္ခုနီအစုတို့ပါ မဟာသာဝကပေါင်း များစွာတို့ဖြင့် ခြံရံတော်မူကာ လောကကြီးအလယ်တွင် နေမင်း, လမင်းတို့ထက်မက ပေါ်လွင် ထင်ရှားလှသည်ဖြစ်၍ ကုဋေပေါင်းများစွာသော သတ္တဝါ အနန္တတို့အား အမတအမြိုက်ရေကို တိုက်တော်မူပြီးလျှင် သက်တော်တသိန်းအတွင်း အမြဲလင်းသော ဓာတ်မီးကြီးကဲ့သို့ တရားတော်အလင်းရောင်ကို ဝင်းပြောင်ထိန်လက်တော်မူစေလေ၏။

ယင်းသို့ နှစ်ကာလ ပရိစ္ဆေဒကြာမြင့်စွာ သတ္တဝါအပေါင်းကို ခြေချွတ်တော်မူနိုင်သော အစွမ်းအားနှင့်ပြည့်စုံ၍ ဗိုလ်ပုံပရိသတ်အလယ်တွင် ပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပါသော်လည်း **မရဏ**ခေါ်သော သေမင်း၏ဘေးရန်ကိုကား ခုခံတိုက်ဖျက်တော်မမူရှာနိုင်သည်ဖြစ်သောကြောင့် အာယုတော်ကုန်ခန်း၍ အသက်တမ်းစေ့သော နောက်ဆုံးနေ့၌မူကား ပြုစုပျိုးထောင် ထားသောသာသနာတော်ကြီးကို မျက်နှာလွှဲတော်မူကာ မီးတောက်ကြီးများ ငြိမ်းသကဲ့သို့

ဘုန်းတော် တန်ခိုးတော် တည်းဟူသော အခိုးအရှိန်တို့သည် ညှိုးမှိန်သကဲ့သို့ ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံတော်မူရလေသတည်း။

ဤကဲ့သို့ ကမ္ဘာလောကကြီး တခုလုံးတွင် တုနှိုင်းပြိုင်ဆိုင်ဝံ့သူမရှိ အဓိပတိ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပါလျက် သံသရာ့လက်ငုတ် စက်ဆုပ်ဘွယ်ကောင်း သော သေခြင်းတရားကို မကျွေကွင်း မရှောင်ရှားနိုင်ခြင်းသည်ကား လွန်မင်းစွာ ထိတ်လန့်ဘွယ် ကောင်းလှပေ၏။

ဒီပင်္ကရာ မြတ်စွာဘုရားသခင်၏ ပေါ်လွင် ထင်ရှားသော တရာ့ရှစ်ကွက် စက်လက္ခဏာမှစ၍ လက္ခဏာတော် ကြီး, ငယ် အသွယ်သွယ်တို့သည် အကုန် ကွယ်ပျောက်၍ သွားရခြင်းမှာလည်း ထန်ပြင်းသော လက်နက်နှင့် တွေ့ရသော အလား များစွာကြောက်လန့်ဘွယ် သံဝေဂရဘွယ်တို့ ဖြစ်ချေသည်၊ သို့အတွက် အလုံးစုံသော သင်္ခါရတရားတို့သည် အသုံးမဝင် ပြုံးရွှင်ဘွယ်ရာမဟုတ် စက်ဆုပ် ဘွယ်ကြီး အချည်းနှီးတို့သာ ဖြစ်ကြကုန်သတည်း။

မှာထားချက်။ ။ ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော် အနန္တတို့နှင့် စံမျှတုပြိုင်၍ မရအပ်သော ဒီပင်္ကရာ ဘုရားမြတ်သည် လောကဓာတ် ဗွေပြင်မှ နေဝင်၍ သွားသောအလား ပရိနိဗ္ဗာန် ဝင်စံ ကြွသွားသည့်အတူ နောင် လာလတ္တံ့သော ဘုရားရှင်တို့သည်လည်း သံသရာ၏ ဝဋ္ဋသဘောကို မကျော်မလွန်နိုင်ကြသည်ဖြစ်၍ ဤနည်း နှင်နှင် ပရိနိဗ္ဗာန် စံဝင်တော် မူကြကုန်မည်သာတည်း၊ ဤသို့ အနန္တ အပ္ပမေယျ အတုလသခင် ဘုရားရှင်တို့သည် သော်မှလည်း ဤ သံသရာကြီး၏ သြဇာ အာဏာကို မလွန်ဆန်သာ နိုင်ကြတုံသေး၏၊ သာမည အပါကဋ္ဌဖြစ်သော ငါတို့မှာကား အရာသွင်း၍ စာရင်းပြုဘွယ် မရှိချေ၊ သံသရာ၏ သြဇာ အာဏာသံကို မုချ နာခံကြရမည်သာ တည်းဟု ကြီးစွာသော သံဝေဂကို ရကြကုန်ရာ၏၊ ဤမှ နောက် ဗုဒ္ဓဝင်တို့၌လည်း ဤနည်း အတိုင်းပင် မှတ်ယူတော် မူကြကုန်ရာ သတည်း။

ဒီပင်္ကရ ဗုဒ္ဓဝင် ပြီး၏။

၂ - ကောဏ္ဍညဗုဒ္ဓဝင်

ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာသည် ဓမ္မတာအလျောက် ကွယ်ပျောက် ပျက်စီး၍ ထိုနည်းတဖန် နောက်ကမ္ဘာ တည်ပြန်သော်လည်း အသင်္ချေတခုလုံးလုံး ဘုရားသုဉ်းကာ နောက် တခုသော သာရကမ္ဘာတွင်မှ **ကောဏ္ဍည** မည်သော ရှင်တော်မြတ်သည် လောကဓာတ်တိုက်အတွင်းဝယ် အမိုက်ကို ပယ်ရှင်း၍ ထင်လင်းစွာ ပွင့်တော်မူလာသတည်း၊ ၎င်းဘုရားရှင်၏ ဘွားမြင်တော်မူရာကား လွန်စွာ ပြောစည် **ရမ္မဝတီ** ပြည်ကြီးပေတည်း၊ ယင်း ရမ္မဝတီပြည်ကြီးကို စည်ထီးခရိုင် ပိုင်စံတော်မူသော **သုနန္ဒ** ဘုရင်မင်းနှင့် ညာနှင်းသက်ဖျော် ထင်ပေါ်ကျော်စောသော **သုဇာတာ** အမည်ရှိ မိဖုယားကြီးတို့ကား ခမည်းတော်နှင့် မယ်တော်တို့ပေတည်း၊ အလောင်းတော် ကောဏ္ဍညမင်းသားသည် ရာမ, **သုရာမ**, **သုဘ** မည်သော ရွှေနန်းပြာသာဒ်သုံးဆောင်တို့၌ **ရုစိဒေဝီ** ကို မိဖုယားကြီး အရာထား၍ မှန်နန်း အပျိုတော်ပေါင်း **သုံးသိန်း**ခြံရံကာ ပျော်ရွှင်စွာ ခံစား၍နေရာ **အနှစ်တသောင်း**ကြာလျှင် သားရတနာဖြစ်သော **ဝိဇိတသေန**ကို မိဖုယားကြီးမှ ဘွားမြင်တော်မူ၏၊ သူအို, သူနာ,သူသေ, ရဟန်း သံဝေဂ အခဏ်းတို့ကို မြင်ရ၍ လူ့ဘောင်မှာ မရွှင်ပျဘဲ အာဇာနည်မြင်းကသော **ရထား**ဖြင့် တောထွက်သွားပြီးလျှင် ထန်သည်းသော ဝီရိယဖြင့် **ဒုက္ကရစရိယာ**ကို **ဆယ်လ**ကြာမျှ ကျင့်တော်မူရှာလေ၏။

ကောဏ္ဍညမင်းသားသည် ဘုရားအဖြစ်ကို ရည်မှန်း၍ ရဟန်းပြုသည်ရှိသော် **ဆယ်ကုဋေ**မျှသော လူအပေါင်းတို့သည် ဘုရားအလောင်းမင်းသားကို အတုယူ၍ အပြုအမူ စင်ကြယ်စွာဖြင့် ခင်တွယ်စရာ အာရုံ အရပ်ရပ်ကို အကုန်လုံး ပယ်ဖြတ်ကာ အန္တယ်ဇာတ် မြင့်မြတ်သော ရဟန်းအဖြစ်ကို ခံယူကြလေကုန်၏၊ အလောင်းတော်သည်ကား ထိုဆယ်ကုဋေသော ရဟန်းအပေါင်း ခြံရံအပ်သည်

ဖြစ်၍ ထူးမြတ်သော အကျင့်ကောင်းကို ကျင့်တော်မူရာ **ဆယ်လမျှ** ကြာလျှင် ကဆုန်လပြည့် အခါနှင့်ကြုံသော နေ့ထူး၌ လွန်ကျူးသော အရှိန်သဒ္ဒါဖြင့် လိမ္မာရေးချာ **သုနန္ဒရွာသူ** ဖြစ်သော သေဋ္ဌေးသမီး **ယသောဓရာ**သည် လှူဒါန်း အပ်သော နို့ဃနာကို ဘုဉ်းပေးတော်မူပြီးလျှင် **သုနန္ဒက** မည်သော အာဇီဝက သည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ယူကာ ***သာလကလျာဏီ** ပင် ဗောဓိ အောက်၌ ငါးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်အခင်းကိုခင်း၍ ထန်ပြင်း သော ဝီရိယအရှိန်ဖြင့် တည်ငြိမ်စွာ နေတော်မူသည်ရှိသော် ညဉ့်သုံးယာမ်ကျော် မြောက်လျှင် သုံးခွင်ဘုမ္မိ တုမရှိသော မုနိဥက္ကဋ္ဌ ဘုရားမြတ်အဖြစ်သို့ ရောက် တော်မူလေသတည်း။

ဘုရားဖြစ်တော်မူပြီး၍ ဗောဓိပင်အနီးမှာပင် (သတ္တ သတ္တာဟ) လေးဆယ့် ကိုးရက် နှစ်သက်ရွှင်ပြုံး သီတင်းသုံးတော်မူကာ အဋ္ဌမသတ္တာဟသို့ ရောက်သော အခါ ဗြဟ္မာကြီး တောင်းပန်အပ်သောကြောင့် လောကတခွင်ကို ရွှေညာဏ်တော် ကွန်ရက်ဖြင့် ဖြန့်ကြက်၍ ကြည့်ရှုတော်မူလတ်သော် အခြေအရံဖြစ်၍ ကျေးဇူး အထူးရှိကြသော ရဟန်းတော်ဆယ်ကုဋေကိုမြင်တော်မူသောအခါ ကောင်းကင် ခရီးဖြင့် ကြွတော်မူ၍ **အမရဝတီ**မြို့အနီး မွှေးပေါင်းထုံသော နတ်တောကြီး၌ **ဓမ္မစကြာ** သုတ္တန်ကို ထုတ်ပြန်ချီမြှင့်သဲကာ တရားပွဲပြုလုပ်လေလျှင် ဆယ်ကုဋေ သော ရဟန်းတို့နှင့် တကွ **ကုဋေတသိန်း**မျှသော **နတ်ဗြဟ္မာ** အများတို့သည် တရားသား အစစ်ရတနာဖြစ်သော သစ္စာလေးပါးကို သိကြ၍ တရားထူးကို ရကြကုန်သတည်း။

ကောဏ္ဍည မြတ်စွာဘုရား၏ **အဂ္ဂသာဝက** နှစ်ပါးတို့ကား **အရှင်ဘဒ္ဒ** နှင့် **အရှင်သုဘဒ္ဒ** တို့တည်း၊ **အရှင်အနုရုဒ္ဓါ**သည် **အလုပ်အကျွေး** ဖြစ်၍ **တိဿာ ထေရီ** နှင့် **ဥပတိဿာထေရီ**တို့ကား **အဂ္ဂသာဝိကာ** အစုံ တပည့်မ မိန်းမမြတ်တို့ ဖြစ်ကြကုန်၏၊ **သောဏဒါယကာ** နှင့် **ဥပသောဏဒါယကာ**တို့သည် မြတ်သော အလုပ်အကျွေး **ဥပါသကာ**တို့ဖြစ်ကြ၍ **နန္ဒာဒါယိကာမ** နှင့် **သိရိမာဒါယိကာမ**

* ကြောင်လျှာပင်ဟူ၍ ဆရာတို့ အနက်ပြန်ဆိုကြသည်၊ ဘုရားပွင့်သောကာလ, စကြာမင်းဖြစ် သော ကာလတို့၌ တနေ့ခြင်းပေါက်၍ ကြီးပွားသော သစ်ပင်မျိုးဖြစ်သည်။ (ဗုဒ္ဓဝင် အဋ္ဌကထာ အလို)

တို့ကား မြတ်သောအလုပ်အကျွေး **ဥပါသိကာမ** နှစ်ဦးတို့ပေတည်း၊ မြတ်စွာဘုရား၏ **အရပ်တော်** မှာ ရှစ်ဆယ့်ရှစ်တောင် အမြင့်ဆောင်၍ **သက်တော်** မှာကား **အနှစ်တသိန်း** ဖြစ်ပေသတည်း။

ဂေါတမဘုရားအလောင်း ဝိဇိတာဝီစကြာမင်း အကြောင်း

ကောဏ္ဍည ဘုရားသခင်သည် တရားသဘင် အမျိုးမျိုးကို မြို့နယ်တရိုး၌ ဟောကြားတော် မူနေစဉ် ဂေါတမဘုရားရှင်၏ အလောင်းတော် ဖြစ်သော **ဝိဇိတာဝီ စကြာမင်း** ကြီးသည် **စန္ဒဝတီ** မည်သော နေပြည်တော်ကို ထီးဖြူ အုပ်ချုပ်၍ မင်းလုပ်တော် မူလေသတည်း၊ အလောင်းလျာဖြစ်သော စကြာမင်းကြီးအား များစွာသော လူအပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ ရွှေအိုး, ငွေအိုး အမျိုးမျိုးတို့၏ တည်ရာဖြစ်ပြီးလျှင် တောင်မြင်းမိုရ်နှင့် ယုဂန္ဓိုရ်ပါမကျန် မြေမှန်သမျှကို စိုးမိုးသော တန်ခိုးရှင်ဖြစ်သော်လည်း ပြစ်ဒဏ်မစွက် လက်နက်မပါ တရားသဖြင့် မင်းလုပ်၍ စိုးအုပ်တော်မူလေ၏။

ကောဏ္ဍည မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန္တာတို့ဖြင့် ခြံရံကာ မြို့ရွာအသီးသီးသို့ ခရီးဒေသစာရီ ကြွချီတော်မူသည်ရှိသော် စန္ဒဝတီ နေပြည်တော်သို့ ရောက်လာတော်မူလေ၏ အလောင်းတော်စကြာမင်းကြီးသည် မြတ်စွာဘုရား ကြွလာတော်မူကြောင်း သတင်းကောင်းကို ကြားရလျှင်ပင် နားဝနှင့် ဗဟိုနှလုံးမှာ ချိုပြုံးစွာဖြစ်လတ်၍ ဘုရားမြတ်အား ခရီးဦးကြိုဆိုကာ သီတင်းသုံးတော်မူရာ ကျောင်းဝိဟာကို ကောင်းစွာစီရင်လျက် နက်ဖြန်အတွက် ဆွမ်းဘိတ်၍ လောကထိပ်တင် ဘုရားရှင်နှင့်တကွ ကုဋေတသိန်းမျှသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဘောဇဉ် ဆက်ကပ်ပြီးလျှင် ကြီးစွာသော ဒါနပွဲကို ခြိမ့်ခြိမ့်သဲအောင် ပြုလေ၏။

အလောင်းတော် စကြာမင်းသည် ဆွမ်းကျွေးပြီး၍ တရားအနုမောဒနာ အဆုံးတွင် ပြုံးရွှင်ကြည်ညိုသော မျက်နှာထားနှင့် "တလောကလုံး၏ မှန်ကူသသယမ္ဘူထွတ်မကိုဋ္ဌဟု ကျွတ်ထိုက်သော ဝေနေယျာကို ဒေသနာဓမ္မောစက်ဖြင့်

ဟောမြွက်တော်မူတတ်သော အရှင်မြတ်ဘုရား တပည့်တော်များ ဒုက္ခိတသား တို့အား သနားကြည်ဖြူ၍ သီတဂူမပြတ်သုံးကာ ဤဝါတွင်း သုံးလပတ်လုံး ဝါကပ် သီတင်းသုံးတော်မူပါ ဘုရား” ဟု လျှောက်ထားလေသော် ဝန်ခံတော် မူသော မြတ်စွာဘုရားနှင့် တပည့်သား သာဝကတို့အား **အသဒိသဒါန** ကို ဝါပသည့်တိုင်အောင် စေတနာလှိုင်လှိုင်ဖြင့် ပြုလေသတည်း။

ထိုရေအခါစေတနာသဒ္ဓါအလင်းတို့ဖြင့် ဝါဝင်းထိန်ပြောင်ကြက်သရေရောင် ရှိသော အလောင်းတော်စကြာမင်းကြီးအား ကောဏ္ဍညမြတ်စွာဘုရားသည်—

အနာဂတေ ဂေါတမော နာမ ဗုဒ္ဓေါ ဘဝိဿတိ။

အယံ ရာဇာ၊ သဒ္ဓါညွန့်ဖူး ကွန့်မြူးထိန်လင်း ဤဝိဇိတာဝီ စကြာမင်းသည်။ အနာဂတေ၊ နောင်သောအခါ ဘဒ္ဒကပ်ကမ္ဘာ၌။ ဂေါတမော နာမ နွယ်တော် ဂေါတ္တ ဂေါတမအမည်ရှိသော။ ဗုဒ္ဓေါ၊ သစ္စာလေးရပ် တပ်အပ်သိမြင် ဘုရား ရှင်သည်။ ဘဝိဿတိ၊ မချွတ်ကေန် အမှန်ဖြစ်ပေအံ့။

ဟူသော ဗျာဒိတ်စကားနှင့်တကွ မယ်တော်, ခမည်းတော်, အဂ္ဂသာဝက, အဂ္ဂသာဝိကာ, ပွင့်တော်မူရာ မဟာဗောဓိပင် စသော စကားကိုလည်း မိန့်ကြား တော်မူလေ၏။

ဤဗျာဒိတ်စကားကို ကြားနာတော်မူရသော အလောင်းတော်စကြာမင်း ကြီးသည် ထီးနန်းစည်းစိမ်ကို မီးထိန်ထိန် တောက်လောင်သော အမှိုက်တောင် ကြီးကဲ့သို့ ထင်မှတ်လျက် နန်းရပ်စည်ထီး ပြည်ကြီးနိုင်ငံကို အပ်နှင်းခဲ့၍ ရဟန်းပြုလေသော် ပိဋကတ်သုံးပုံကို သင်ပြီးလျှင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သမာပတ်နှင့် ငါးရပ်သော အဘိညာဉ်ကို ဖြစ်စေ၍ မယုတ်သော ဈာန်ဂုဏ်ဖြင့် လူ့ဘုံမှ စုတေလျှင် ဗြဟ္မာ့ပြည်သို့လားကာ ပီတိအရသာကို ကောင်းစွာခံစား၍ နေလေတော့သတည်း။

ကောဏ္ဍည ဗုဒ္ဓဝင် ပြီး၏။

၃-မင်္ဂလဗုဒ္ဓဝင်

ကောဏ္ဍည မြတ်စွာဘုရားသည် တရားတော်တည်းဟူသော စည်ကြီးကို အနှစ်တသိန်းပတ်လုံး ခတ်တီးတော်မူပြီးလျှင် သံသရာကြီး၏ ဓမ္မတာသဘောကို မကျော်မလွန်နိုင်သဖြင့် ပရိနိဗ္ဗာန် ဝင်စံကာ ကြွသွားရရှာလေ၏၊ ထိုရှင်တော်ဘုရား ပရိနိဗ္ဗာန် ဝင်စံသွားပြီးနောက် ကမ္ဘာကြီးလည်း တဖြည်းဖြည်း တစတစ သင်္ခါရလက်တွင်းသို့ သက်ဆင်းကျရောက် အစပျောက်၍ သွားပြီးလျှင် ကမ္ဘာသစ်ကြီးတဖန် တည်ပြန်လေ၏၊သို့သော်လည်း အသင်္ချေတခုလုံးလုံး ဘုရားသုဉ်းလေသတည်း၊ နောင် တခုသော **သာရမဏ္ဍကမ္ဘာ** တွင်မှ (၁) **မင်္ဂလဘုရား**၊ (၂) **သုမနဘုရား**၊ (၃) **ရေဝတဘုရား**၊ (၄) **သောဘိတဘုရား** ဟု လေးဆူသော ဘုရားတို့သည် အစဉ်အားဖြင့် ထင်ရှား ပွင့်တော်မူကြကုန်၏။

မင်္ဂလဘုရား အလောင်းတော်သည် တုသိတာနတ်ပြည်မှ လူ့ပြည်သို့ စုတေတော်မူခဲ့ပြီးလျှင် မြို့တကာတို့တွင် အမြတ်တင်ရသော **ဥတ္တရမြို့၌ ဥတ္တရ**မည်သော ဘုရင်မင်းမြတ်၏ နှင်းအပ်သော မဟေသီ ဘွဲ့ထူးကို ဆွတ်ခူးတော်မူသော **ဥတ္တရာဒေဝီ** မိဖုယားကြီး၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူလေ၏။

အလောင်းတော်သန္ဓေသား၏ ထူးခြားပုံ

အလောင်းတော်သည် မိဖုယားကြီး၏ ဝမ်းကြာ၌ ချမ်းသာစွာ ကိန်းစက်သည်နှင့် တပြိုင်နက် အဆိုင်အဆိုင် ထွက်ပေါ်သော **ကိုယ်တော်ရောင်** သည် **အတောင်ရှစ်ဆယ်** အတွင်း နေ့ညဥ့်မပြတ် ထိန်လင်း၍ နေမင်း, လမင်းတို့၏ အရောင်အဝါကိုပင် ပြောင်ကာ လျှောင်ကာ ပြုသကဲ့သို့ ထင်ရလေ၏၊ မယ်တော် မိဖုယားကြီးသည် အခြားသော မီးရောင်, နေရောင်, လရောင်တို့ကို အလေးမပြု ဂရုမစိုက်ဘဲ မိမိကိုယ်၌ဖြစ်ပေါ်သော အရောင်အဝါဖြင့်သာ အမှောင်တကာတို့

ပယ်ဖျောက်၍ **ခြောက်ဆယ့်ရှစ်ယောက်သော** နို့ထိန်း တို့ဖြင့် ခြံရံကာ သွားလာ စံပယ်၍နေလေ၏၊ နတ်အပေါင်းတို့၏ ကောင်းစွာ စောင့်ရှောက်ခြင်းရှိသော မိဖုယားကြီးသည် စည်ကားသာယာ လွန်စွာ မွေ့လျော်ဘွယ် ကောင်းသော **ဥတ္တရမဓုဥယျာဉ်** ၌ ကိုးလလွန်ကျူး ဆယ်လကူးသော နေ့ထူး ရက်ထူးတွင် မီးရှူးသန့်စင်၍ အလောင်းတော်ကို ဘွားမြင်တော်မူလေ၏၊ အလုံးစုံသော ထောမနာအဖုံဖုံ မင်္ဂလာဂုဏ်တို့နှင့်ပြည့်စုံစွာ ဘွားမြင်သောကြောင့် အလောင်း တော်ကလေး၏ နာမည်ကို **မင်္ဂလမင်းသား** ဟု ပုဏ္ဏားတို့ မှည့်ကြကုန်၏။

အလောင်းတော်မင်းသားသည် အစဉ်အားဖြင့် ကြီးပွားတော်မူလတ်သော် **ယသဝါ ပြာသာဒ်, သုစိမာ ပြာသာဒ်, သိရိမာ ပြာသာဒ်** ဟု ဆိုအပ်သော ရွှေနန်းဆောင်သုံးရပ်တို့၌ အပြုံးခါတ်သက်သက်ဖြစ်သော **ယသဝတီ** မိဖုယား ကြီးကို အမှူးထား၍ **သုံးသောင်း** သော မောင်းမ ခြွေရံတို့ဖြင့် **နှစ်ပေါင်း ကိုးထောင်** ပတ်လုံး ရွှင်ပြုံးစွာ စံစားတော်မူနေစဉ် ရွှေစင် သိင်္ဂနိက်ကဲ့သို့ တဖိတ်ဖိတ်သော အရောင်အလင်းဖြင့် အမှောင်ကို ခွင်းမတတ် အလင်းခါတ် ထူးခြားသော ယသဝတီ မိဖုယားကြီးမှ **သီလဝ**မည်သော သားတော်ကို ဘွား၍ သူအို, သူနာ, သူသေ, ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်လျှင် တန်ဆာဆင်အပ်သော **ပဏ္ဍုရမြင်း** မြတ်ကို စီး၍ တောထွက်တော်မူကာ ရဟန်း ပြုလေသတည်း။

အလောင်းတော် မင်္ဂလမင်းသား တောထွက်သွားကြောင်းကို ကြားကြ၍ တရားရသောလူအပေါင်း **သုံးကုဋေ**တို့သည် အလောင်းတော်ကဲ့သို့ပင် ရဟန်းပြု ကြကုန်၏၊ ၎င်း ရဟန်း သုံးကုဋေတို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** ကျင့်တော်မူရာ ရှစ်လမျှကြာလေလျှင် ကဆုန်လပြည့်နေ့၌ **ဥတ္တရရွာသူ** သဒ္ဓါဖြူသော သေဌေး သမီး **ဥတ္တရာ**သည် နှတ်ဝါစာ ချိုမြစွာ အလိုကျလှူဒါန်းသောနတ်သြဇာဃနာ ဆွမ်းကို ဘုဉ်းပေးတော်မူကာ **ဥတ္တရ** မည်သော တက္ကတွန်းသည် လှူဒါန်းအပ် သော မြက်ရှစ်ဆုပ်ကို ယူလျက် မည်းနက်မှိုင်းညို အရောင်စိုသော **ကံ့ကော်ပင်** ဗောဓိအောက်၌ ငါးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်အခင်းကို ဖြန့်ခင်း ကာ သီတင်းသုံးတော်မူနေရာ ပါရမီအညွန့်ပန်းတို့၏ ဆုံးခန်းသို့တိုင်မြောက်၍ ဘုရားအဖြစ်သို့ ရောက်လေသတည်း။

မင်္ဂလဘုရား၏ ထူးခြားသော ရောင်ခြည်

အခြားတပါးကုန်သော ရှင်တော်ဘုရားတို့၏ ပကတိ ရောင်ခြည်တော်တို့သည် အလွန်အားဖြင့် တဆယ့်နှစ်ယူဇနာ အယုတ်အားဖြင့်တလံမျှသာ ရှိကြကုန်သော်လည်း မင်္ဂလမြတ်စွာဘုရား၏ ရောင်ခြည်တော်တို့သည်ကား သူတပါးထက် ထူးခြား၍ တသောင်းသော လောကဓာတ်ကို အမြဲမပြတ် နှံ့ကာတည်လေ၏၊ သစ်ပင်, တော, တောင်, စရပ်, တန်ဆောင်း, အိမ်, ကျောင်း, မဏ္ဍပ် အရပ်ရပ်သော အရာဝတ္ထုများသည် ရွှေပြားဖြင့် လွှမ်းဖုံးမြေးယှက်သကဲ့သို့ အရောင်အဝါ ထွက်ကြကုန်၏၊ ထိုမင်္ဂလဘုရား ပွင့်တော်မူသော အချိန်ကစ၍ နေ, လ, နက္ခတ် တာရာတို့၏ အရောင်သည် မပြောင်မထွန်းနိုင်ရုံမက နေ့, ည ဟူသော အချိန်၏ အပိုင်းအခြားသည်လည်း မထင်ရှားတော့ချေ၊ နံနက်အခါ တွန်မြူးကြသော ကြက်, ငှက်တို့၏ တွန်သံကို နာခံမှတ်သား၍ ညချမ်းအခါ ပွင့်သော ပန်းတို့ကို ကြည့်သဖြင့်သာ နေ့,ညဟု သိကြရလေကုန်၏၊ လူအပေါင်းတို့သည် မြတ်စွာဘုရား၏ ရောင်ခြည်တော် အလင်းဖြင့်သာ လုပ်ခင်း ဆောင်တာ ဟူသမျှကို နေ့, ည ရှိသလောက် လုပ်ကိုင်နေကြရကုန်သတည်း။

မင်္ဂလဘုရားအလောင်း၏ ဆုတောင်းပတ္ထနာ

အကျိုးနှင့်အကြောင်းသည် မကင်းကောင်းသော သဘောဖြစ်သည် အားလျော်စွာ ထိုမင်္ဂလဘုရား၏ ထူးခြားသော ရောင်ခြည်တော် အကျိုးပေးသည်လည်း တန်ခိုးသေးသော အရာမဟုတ်၊ ရတနာထုပ်ကြီး ထောင်သောင်းထက်ပင် အဆပေါင်းများစွာ ထိုက်တန်သောအရာဖြစ်၍ စင်စစ်အားဖြင့် ၎င်းအကြောင်းအရာကို ကောင်းစွာ သိသင့်ပေသတည်း။

ရှေးဆုတောင်း အကြောင်းသော်ကား–မင်္ဂလဘုရား အလောင်းတော်သည် ဝေဿန္တရာမင်းနှင့် တူသော ဘဝတခု၌ ဝက်တောင်နှင့်တူသော တောင်ယံဝယ် မောင်နှံစုံနှင့်တကွ သားကလေးနှစ်ယောက်ပါ တရားကျင့်ကာ နေကြကုန်၏၊ ထိုအခါ * ခရဒါဌိက ဟူသော အမည်အားဖြင့် ထင်ရှားသော လူသားစားကြူး တောဘီလူးကြီးသည် ပုဏ္ဏားအသွင် ဟန်ပြင်ဖန်ဆင်း၍ အလောင်း

* ကြမ်းတန်းသော အစွယ်ရှိသော ဘီလူး။

တော်သို့ ကပ်ချဉ်းကာ သားနှစ်ယောက်ကို အလှူခံလာလေ၏၊ အလှူ ဟူသော စကားကိုကြားရသောအလောင်းလျာသည် အတောင်းလာသော အလှူခံပုဏ္ဏား ၏ လက်တွင်းသို့ သားနှစ်ယောက်ကို ဆက်သွင်းကာ ချက်ခြင်း လှူလိုက်လေ၏၊ အလိုဆန္ဒပြည့်ဝသော ခရဒါဠိကဘီလူးသည် သားနှစ်ယောက်ကိုယူသွား၍ဘုရား အလောင်း၏ မျက်စိမြင်ရာ အရပ်မှာပင် ပုဏ္ဏားအသွင်ကို ပယ်ဖျောက် ဘီလူး အသွင် ရောက်ပြီးလျှင် ချောညက် နုနယ်၍ မဟာနွယ် မဟာသွေး ဖြစ်ကြသော သားတော်ကလေး နှစ်ပါးကို ကျွတ်ကျွတ်ဝါးကာ ကိုက်စားလိုက်လေသတည်း၊ အလောင်းတော်သည် စောင်းမျှော်၍အကြည့်တွင် ဘီလူး၏ခံတွင်းမှထွက်သော သွေးစိမ်း သွေးချင်တို့ကို တဖွားဖွားမြင်သောအခါ ဘဝင်မတုန် ရင်မခုန်ဘဲ သဒ္ဓါ ဟုန်လည်းမစောင်း စေတနာကောင်းကောင်းနှင့် "ငါ၏ လှူဒါန်းအပ်သော ဒါန သည် ကောင်းမွန်လှပေ၏"ဟု ရွှင်အိပြုံးပြုံး ရွှေနှုတ်လုံးတော် မူမပြောင်းဘဲ ဆုတောင်းလိုက်သည်မှာ "နောင်သောအခါ သစ္စာလေးပါးကို သိ၍ အမိပတိ မြင့်မြတ်သော ဘုရားအဖြစ်သို့ ရောက်လေလျှင် ငါ၏ ရောင်ခြည်တော်အပေါင်း သည် လောကဓာတ် တိုက်တသောင်းဝယ် အမိုက်ပေါင်းကင်းရှင်း၍ အမြဲ လင်းပါစေသား"ဟု နှုတ်ဖျားတော် ချိုချိုနှင့် မြွက်ဆို ဆုတောင်းလိုက်လေ သတည်း၊ ယင်းသို့ စေတနာ အရှိန်ကောင်းကောင်း သဒ္ဓါမောင်း သန်သန်နှင့် ဆုမြွက် ခံယူလာသော အကြောင်းကြောင့် တသောင်းသော လောကဓာတ်ဝယ် ပြောစမှတ်မကုန်ဆုံးအောင် ရောင်ခြည်တော်ဖြင့် ဖုံးလေသတည်း။

ထို့ပြင်တပါး ထူးခြားစွာ ပြုတော်မူခဲ့သော အကြောင်းတရပ် ကောင်း မြတ်တော်မူပုံမှာ မင်္ဂလဘုရားရှင်သည် အလောင်းတော်မြတ်ဖြစ်စဉ် စေတီတဆူ ကို မြင်လျှင် ကြည်ရွှင်သော သဒ္ဓါကောင်းတို့သည် ရတနာမောင်းတီးသကဲ့သို့ တဟည်းဟည်းမြည်လတ်၍ အကြည်ဓာတ်များလာသည့် အတွက် "ဤငါ၏ အသက်ကို စေတီအားဆက်၍ ရက်စက်စွာ လှူခြင်းငှါ သင့်၏"ဟု ကြံပြီးလျှင် ခန္ဓာကိုယ်ကြီးကို ဆီမီးတိုင်အမှတ်ထား၍ မီးစာများဖြင့် ရစ်ပတ်ကာ ထောပတ် မှာ စိမ်လျက် တထိန်ထိန်လင်းအောင် ညှိထွန်းပြီးလျှင် စေတီတော်မြတ်ကို လကျာရစ်ပတ်၍ တည်ဥ္စလုံးပူဇော်လေ၏၊ အရုဏ်ကျင်း၍ အလင်းရောက်သော အခါ မိမိကိုယ်ခန္ဓာကို ပြန်ကာ လှန်ကာ ကြည့်သော်လည်း မွေးတွင်းတကွက်မျှ

အငွေ့မထွက်ဘဲ မွှေ့စက်ဘွယ်ကောင်းသော ပဒုမာ ကြာတိုက်ဝယ် လာလိုက် သွားလိုက် ပြုနေသကဲ့သို့ သူ့အခြေမပျက်ရှိလေ၏၊ **ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ** ။ ဓမ္မော၊သို့လော့သို့လော မတွေးတောနှင့် သဘောအတိုင်း ဆောင်တတ်သော တရားတော်မြတ်သည်။ ဟဝေ-ကေန္တေန၊ မိမိရရ *ဒွိဟာမဖြစ်ရာ အမှန်အစစ်သာ။ **ဓမ္မစာရိံ**၊ ဂုဏ်ကိုလည်းမလို ပကာသနကိုလည်းမမက် စေတနာ သဒ္ဓါ သက်သက်ဖြင့် ရက်ရက်ရောရော သဘောကြည်ညို တရားစောင့်သော ပုဂ္ဂိုလ်ကို။ ရက္ခတိ၊ စိတ်ထားနှင့် အပြုအမူ ဘသူ့ဘသူ အသာမပေးဘဲ အခါ မရွေး စောင့်ရှောက်တတ်လေသတည်း။

ဤဆိုအပ်ခဲ့ပြီးသော အလှူကောင်း မတူကြောင်းဖြစ်သော သဒ္ဓါတရားတို့ ကြောင့် ကမ္ဘာတလွှားတွင် အခြားသောဘုရားရှင်တို့နှင့်မတူဘဲ ရောင်ခြည်တော် ဓာတ်အရှိန်သည် ရှိသမျှသော အရောင်ကို နှိမ်၍ တထိန်ထိန် လင်းတော်မူလေ သတည်း။

မင်္ဂလမြတ်စွာဘုရားသည် လေးပါးသော သစ္စာဉာဏ်ကို အမှန်အကန်ရ၍ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗောဓိပင်အနီးတွင် (သတ္တ သတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး သီတင်းသုံးတော်မူပြီးသော် အဌမမြောက် သော သတ္တာဟအတွင်းဝယ် ဗြဟ္မာမင်း တောင်းပန်အပ်သောပန်ခံချက်ကြောင့် စကြဝဠာကို ကြည့်ရှုတော်မူသောအခါ ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုကြ ကုန်သောသူတို့ကို ရွှေဉာဏ်တော်အပြင်၌ ထင်မြင်တော်မူ၍ ကောင်းကင်ခရီး ဖြင့် ကြွတော်မူကာ †**သိရိဝဍ္ဍနတော** အတွင်းသို့ သက်ဆင်းတော် မူလေ၏၊ ထိုတောအတွင်းဝယ် ခင်းအပ်သော ‡ဓမ္မာသနသို့ ကြွတော်မူကာ ရဟန်းပေါင်း သုံးကုဋေကို အမှူးထား၍ တရားတော် **ဓမ္မစက်**ကို ဟောမြွက်တော်မူလေလျှင် ထိုရဟန်းတော်များနှင့်တကွ **ကုဋေတသိန်း**မျှသော နတ်, ဗြဟ္မာအများတို့သည် တရားမှန် ထင်မြင်၍ ကျွတ်တမ်းဝင်ကြကုန်၏၊ ယင်းသို့ တနေ့ထက် တနေ့ သာသနာ အရှိန်အငွေ့သည် ရေတွေ့သော ကြာပန်းကဲ့သို့ တလန်းလန်း တထိန်ထိန် အားအရှိန် ကောင်းလာလေလျှင် မင်္ဂလမြတ်ရှင်ပင် သည်လည်း

---

* စိတ်နှစ်ခွ။ † ကြက်သရေကို ပွားစေတတ်သော တော။ ‡ တရားဟောပလ္လင်။

တိုင်းခွင် မြို့ပြ ထိုထိုသော အရပ်ဌာနတို့၌ ဓမ္မတည်းဟူသော စည်ကြီးကို တသိမ့်သိမ့်ခတ်တီး၍ မြည်ဟည်းအောင် ပြုတော်မူလေသတည်း။

မင်္ဂလဘုရား၏ တပည့်သားတို့တွင် **အရှင်သုဒေဝ** နှင့် **အရှင်** ***ဓမ္မသေန** နှစ်ပါးတို့ကား ထူးခြားမြင့်မြတ်သော **အဂ္ဂသာဝက** အစုံ တပည့်မြတ်ဖြစ်ကုန်၍ **အရှင်ပါလိတ** မထေရ်ကား **အလုပ်အကျွေး** ရဟန်းတော်ပေတည်း၊ **သိဝလာ ထေရီ** နှင့် **အသောကထေရီ** ဘိက္ခုနီနှစ်ပါးတို့သည် ရှင်တော်ဘုရား၏ အားထားလောက်သော တပည့်မ မိန်းမမြတ်အစုံ ဖြစ်ကြကုန်၏၊ **နန္ဒဒါယကာ** နှင့် **ဝိသာခဒါယကာ** နှစ်ဦးတို့သည် ထူးသော အလုပ်အကျွေး **ဥပါသကာ** တို့ ဖြစ်ကြ၍ **အနုလာဒါယိကာမ** နှင့် **သုတနာဒါယိကာမ** တို့သည် အလုပ်အကျွေး **ဥပါသိကာမ** တို့ ဖြစ်ကြကုန်၏၊ မင်္ဂလမြတ်စွာဘုရား၏ **အရပ်တော်** ကား **ရှစ်ဆယ့်ရှစ်တောင်** အမြင့်ဆောင်၍ ရွှေတောင်ကြီးအလား တမားမား တင့်တယ်တော်မူကာ **အသက်တော်မှာ**ကား နှစ်ပေါင်း **ကိုးသောင်း** ရှည်ညောင်းတော် မူလေသတည်း။

မင်္ဂလဘုရား၏ ထူးခြားသော အချက်တခုမှာ အကြင်မျှလောက် ကာလပတ်လုံး မင်္ဂလဘုရားသည် ထင်ရှားစွာ တည်ရှိနေ၏၊ ထိုမျှလောက် ကာလပတ်လုံး ဘုရားရှင်၏ သာသနာတော်တွင်း၌ ရှိကြသော တပည့်သာဝကအပေါင်းတို့သည် ကိလေသာ တည်းဟူသော အညစ်အကြေးတို့ဖြင့် အပြစ်ဘေးလိမ်းကျံကာ တမလွန်ဘဝတပါးသို့ ပြောင်းသွားရသည် မရှိကြကုန်၊ အလုံးစုံ ရဟန္တာတို့ချည်းသာတည်း။

ဂေါတမဘုရားအလောင်းတော် သုရုစိပုဏ္ဏားအကြောင်း

ဂေါတမ ဘုရားအလောင်းတော်သည် သုမေဓာ ဘဝ နိယတ ဗျာဒိတ်ကို ရသောအခါကာလမှ ဘဝပေါင်းများစွာ သံသရာတခွင်တွင် ကျင်လည်ခဲ့လေရာ မင်္ဂလမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ **သုရုစိ**မည်သော ပုဏ္ဏားဖြစ်၍

---

* ဓမ္မဒေဝ။ (မူကွဲ)



အလောင်းတော် သုရုစိပုဏ္ဏားသည် မင်္ဂလဘုရားထံ ဗျာဒိတ် ခံတော်မူခဏ်း။

နိဿယဏ္ဍုကျမ်းနှင့်တကွ ဗေဒင်သုံးပုံကို အစွဲမ်းကုန်တတ်မြောက်ရုံမက လောကာယတကျမ်းနှင့် မဟာပုရိသ လက္ခဏာကျမ်းတို့ကိုလည်း ဆုံးခန်းတိုင်အောင် ကိုယ်ပိုင်အနေ တတ်မြောက်တော်မူလေ၏၊ အလောင်းတော် သုရှစိပုဏ္ဏားသည် ပစ္စည်းဂုဏ်အားဖြင့် ပေါများကြွယ်ဝသော သေဋ္ဌေးကြီး တယောက်ဟူ၍ ထွန်းပေါက် ကျော်ကြားလေ၏။

တနေ့သောအခါ အလောင်းတော်သုရှစိပုဏ္ဏားသည် မင်္ဂလမြတ်စွာဘုရားထံ ချဉ်းကပ်၍ တရားတော်မြတ်ကိုကြားနာရလေလျှင် ကြည်လင်သောစိတ် ယိုဖိတ်သော သဒ္ဓါတရားတို့သည် တဖွားဖွား ဖြစ်ပေါ်လာရကား အရှင်ဘုရားအား နက်ဖြန်ခါ ရဟန်းသံဃာနှင့်တကွ တပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် "အသင်ပုဏ္ဏား သင်ကား အဘယ်မျှလောက်သော ရဟန်းသံဃာကို လိုပါသနည်း"ဟု မိန့်တော်မူလေသော် "အရှင်ဘုရား၏ တပည့်သားကား အဘယ်မျှလောက် များပါသနည်း"ဟု လျှောက်ထားလေ၏၊ "ငါဘုရား၏ တပည့်သားသည် လက်ဦးအစ ပထမ အစည်းအဝေး၌ ကုဋေ တသိန်းရှိခဲ့ပသည်"ဟု မြတ်စွာဘုရား မိန့်ကြားလေသော် "အရှင်ဘုရား ကုဋေ တသိန်းမျှသော ရဟန်းသံဃာသည်ပင် တပည့်တော်၏ ဆွမ်းကို အလှူခံတော် မူပါဘုရား"ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားလည်း စကားမပြော နှစ်သက်သောသဘောဖြင့် တုဏှိဘာဝနေကာ သည်းခံတော်မူလေ၏။

အလောင်းတော်၏ သဒ္ဓါမိုဃ်းနှင့် သိကြားမင်း၏ မဟာတန်ခိုး

အလောင်းတော် သုရှစိပုဏ္ဏားသည် ဆွမ်းစားပင့်ဘိတ်၍ ရွှင်လန်းသော စိတ်ဖြင့် အိမ်သို့ပြန်သွားပြီးသော်"ငါသည်ကား ဤမျှလောက်များသောရဟန်း သံဃာတော်တို့အား အဝတ်သက်န်းနှင့် ဘောဇဉ်ဆွမ်းတို့ကို အစွမ်းရှိသလောက် လှူဒါန်းနိုင်ပါသော်လည်း သံဃာတော်များနေရာကို ဘယ်လိုဖွဲ့ရှာ၍ ထားရပါမည်နည်း" ဟု ထန်သည်းသော သဒ္ဓါအရှိန်ဖြင့် အကြိမ်ကြိမ် ကြံစည်၍

နေလေ၏၊ ထိုအခါ တာဝတိံသာသေဌ်နင်း သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်လွှာသည် တင်းမာပူပြင်းသော အခြင်းအရာကို ပြလတ်သော် နတ်အများတို့၏ ညွှတ်တွား ဝပ်စင်းရာဖြစ်သော သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသွား၍ လက်သမားသဏ္ဌာန် ပုံဟန်တူစွာ ဖန်ဆင်းကာဖြင့် ပဲကွပ်, ပုဆိန် စသော လက်သမားကြိယာကို ထမ်းလျက် အလောင်းတော်၏ အိမ်လမ်းသို့ တမ်းမှန်းကာ သွားလေ၏၊ လက်သမားပုံဟန် ဖန်ဆင်းသော သိကြားမင်းသည် အလောင်းတော်ပုဏ္ဏား၏ မျက်ဝါးထင်ထင် တွေ့မြင်သောနေရာသို့ ရောက်လေလျှင် "အသင်ပုဏ္ဏား လက်ခစားအလုပ်ကို ငှါးလိုသောသူများ ရှိပါသလား" ဟု မေးလေလျှင် အလောင်းတော် ပုဂ္ဂိုလ်မြတ်က "အမောင် လုလင်သည် ဘယ်လိုအလုပ်ခွင်ကို ကျွမ်းကျင်ပါသနည်း"ဟု မေးလိုက်လေ၏၊ "အကျွန်ုပ်သည်ကား စရပ်, တန်ဆောင်း, အိမ်, ကျောင်း, ပြာသာဒ် မဏ္ဍပ်ပါ မကျန် အလုပ်မှန်သမျှကို အကုန်လုံးပင် တတ်ပါသည်၊ အကျွန်ုပ် မတတ်သောပညာ မရှိ ပြုလုပ်သောအမှုကို တခုမကျန် အမြန်ပြုလုပ်တတ်ပါသည်" ဟု ပြန်ပြောလိုက်လေ၏၊ ဤကဲ့သို့ တယောက်နှင့်တယောက် အပြန်အလှန် ပြောပြီးသောအခါ အလောင်းတော်မြတ်သည် မဏ္ဍပ်ဆောက်လုပ်ရန် ကိစ္စကို လက်ခနှင့် ငှါးလိုက်လေ၏။

အဘိုးအခကို ပြောကြပြီး၍ လက်သမားကြီးဖြစ်သော သိကြားမင်းသည် *ရတနာခုနစ်ပါးဖြင့် ခြယ်မှုန်း၍ ရှုမဆုံးနိုင်ဘွယ် တင့်တယ်သပ်ယပ်စွာ တဆယ့်နှစ်ယူဇနာရှိသော မဏ္ဍပ်ကို တန်ခိုးဖြင့် ဖန်ဆင်းလိုက်လေ၏၊ ၎င်း မဏ္ဍပ်တွင် ငွေတိုင်၌ ရွှေပန်းအိုး, ရွှေတိုင်၌ ငွေပန်းအိုး, ရွှေတိုင်၌ သန္တာပန်းအိုး, သန္တာတိုင်၌ ပတ္တမြားပန်းအိုး စသည်ဖြင့် အမျိုးမျိုး ဖန်ဆင်းလေ၏၊ ထိုမှတပါးလည်း မဏ္ဍပ်၏ အကြား အကြား၌ များစွာ အဘိုးထိုက်သော ရွှေခြူကွန်ရက်တို့နှင့် နံ့သာဆိုင်း, ပန်းဆိုင်း, ရတနာဆိုင်းတို့ကိုလည်း ရှုလိုက်တိုင်း မက်မပြေဘဲ ကြက်သရေရှိအောင် ပြုပြင်ခြယ်လှယ်၍ တင့်တယ်အောင်ဖန်ဆင်းရုံမက သံဃာတော်များအတွက် သောက်ရေ, သုံးရေ, သပိတ်ခြေ မကျန်ရအောင် အသုံးအဆောင်မှန်သမျှကိုဟန်ကျအောင်စီစဉ်၍ အသွင်အပြင်လှပစွာဖန်ဆင်းလေ၏။

* ၁–ရွှေ။ ၂–ငွေ။ ၃–ပုလဲ။ ၄–ပတ္တမြား။ ၅–ကျောက် (ကြောင်) မျက်ရွဲ။ ၆–စိန်။ ၇–သန္တာ။ (သဒါ)

သိကြားမင်းသည် အခင်းအကျင်းနှင့်တကွ ဖန်ဆင်းပြီးသော် အလောင်းတော်ကိုခေါ်၍ မဏ္ဍပ်ကိုအပ်နှင်းလိုက်လေလျှင် မဏ္ဍပ်ကိုမြင်ရသော အလောင်းတော်၏ ဘဝင်နှလုံးသည် ရွှင်ပြုံးကြည်အေး သဒ္ဓါသွေး အရောင်ထိန်၍ တင်းတိမ်ခြင်းမရှိအောင် ကြည့်ရှုကာ "ငါသည် ဤမျှလောက်ကောင်းမွန်သော မဏ္ဍပ်ကိုရခြင်းသည် နတ်မင်း, သိကြားမင်းတို့၏ ဖန်ဆင်းခြင်းသာ ဖြစ်ပေမည်၊ ငါ၏ သဒ္ဓါအရှိန်ကြောင့် တာဝတိံသာ သိကြားမင်းသော်မှ မနေသာဘဲ လူ့ရွာသို့ သက်ဆင်းခြင်း ဖြစ်ပေမည်၊ ဤလိုကောင်းမွန် ဆန်းကြယ်သော မဏ္ဍပ်၌ တရက်မျှသာ ဆွမ်းကျွေးခြင်းငှါ မသင့်ပေ၊ အနည်းဆုံး ခုနစ်ရက်လောက် ကျွေး၍ အလှူပေးခြင်းငှါ သင့်ပေသည်တကား" ဟု စိတ်ထားတော်တမျိုးပြင်၍ ပြုံးရွှင်စွာနေလေ၏၊ ကြံစည်သည့်အတိုင်း မြတ်စွာဘုရားနှင့် တကွ သံဃာတော်ကုဋေတသိန်းတို့အား ခုနစ်ရက်ပတ်လုံး **ဂဝပါန** မည်သော နို့ထမင်းဆွမ်းကို လှူဒါန်းလေသတည်း၊ ဤမျှ တဆယ့်နှစ်ယူဇနာရှိသောမဏ္ဍပ်၌ သံဃာတော်များသည် နေခြင်းငှါ မလောက်သော်လည်း မိမိတို့၏ တန်ခိုး အာနုဘော်ဖြင့် ဖန်ဆင်း၍ နေကြကုန်၏၊ ဤမျှလောက် များသော သံဃာတော်အပေါင်းအား လူတို့သည် လုပ်ကျွေးပြုစုခြင်းငှါ မတတ်နိုင်ကြသော်လည်း တယောက်ခြားတယောက်ခြားနတ်များကူညီသဖြင့် အလှူသည်ပြီးမြောက်၍ အောင်မြင်ခြင်းသို့ ရောက်လေ၏၊ အလောင်းတော်မြတ်သည် သဒ္ဓါဇာတ်အရှိန် မတုံးနိုင်သေးသည် ဖြစ်၍ နောက်ဆုံးဖြစ်သောနေ့၌ ထေပတ်,ဆီဦး, ပျား, တင်လဲတို့ကို သပိတ်တို့၌ ပြည့်စေလျက် သင်္ကန်းသုံးထည်စီနှင့်တကွ အလှူကြီးကို ပေးလှူပြန်လေ၏၊ အငယ်ဆုံး ရဟန်းတော်ရသော သပိတ် သင်္ကန်းသည်ပင် အဘိုးတသိန်းမျှ ထိုက်တန်လေသတည်း။

ထိုအခါ မင်္ဂလမြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာ တရားကို ဟောကြားတော်မူပြီးလျှင် အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမြော်စူးစမ်းသည်ရှိသော် နောင်သောအခါ ကိုယ်တော်မြတ်ကဲ့သို့ပင် သဗ္ဗညုတဉာဏ်ရှင်တပါး ဘုရာဖြစ်လတ္တံ့သည်ကို မြင်တော်မူ၍ "အို သုရုစိမည်သော အလှူ့တကာ အလောင်းအလျာ သင်ဒါယကာသည် နောင် ကမ္ဘာတသိန်းလွန်သော အသင်္ချေ နှစ်ခုထက်၌ **ဂေါတမ** ဟူသော အမည်ထူးဖြင့် ချီးကျူး၍မကုန် ကိုးဂုဏ်သခင် ငါကဲ့သို့

ဘုရားရှင် ဖြစ်ပေလိမ့်မည်”ဟု သာကြည်စွာ မြွက်ဆို၍ နိယတဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ၏။

မင်္ဂလဘုရား၏ မိန့်တော်မူအပ်သော ဗျာဒိတ်စကားကို ကြားရလေလျှင် အလောင်းတော် အလှူ့ရှင်မှာ ယခုပင် ရတော့မလောက် ဝမ်းမြောက်တော်မူလှ၍ “ငါသည် ဧကန်စင်စစ် ဘုရားဖြစ်လတ္တံ့၊ ဃရာဝါသဖြင့် ကာမကိုအလိုလိုက်၍ အကြိုက်ကိုမမွေး ကာမဂုဏ်အပုပ်အဆွေးတို့ဖြင့် ရှုပ်ထွေးသော ဤလူ့ဘောင်ကို ယခုပင် ခွါရှောင်၍ ရတနာရောင်မက ဝင်းပထိန်လင်းသော သာသနာတော်တွင်း၌ *ပဥ္စင်း ရဟန်းပြုတော့အံ့”ဟု ကြံပြီးကာ ပစ္စည်းဥစ္စာ အပေါင်းကို ပယ်စွန့်၍ အနှိုင်းမဲ့ဖြစ်သော မြတ်စွာဘုရားထံတွင် ရဟန်းပြုလေ၏၊ မြတ်စွာဘုရား၏ စကားတော်ကို သင်အံလေ့ကျက်၍ နေ့ရက်မကြာမီပင် အဘိညာဥ်ငါးပါးနှင့် သမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူ၍ အသက်အတိုင်း တည်နေပြီးမှ လူ့ပြည်မနေ စုတေလေသည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားကာ ပီတိအရသာကို ခံစား၍ နေလေသတည်း။

မင်္ဂလ ဗုဒ္ဓဝင် ပြီး၏။

---

* ပဥ္စင်ပုဒ်မှလာ၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်တည်း။ ငါးပါးကား ၁-သိမ်၏ ပြည့်စုံခြင်း။ ၂–ဉတ်၏ ပြည့်စုံခြင်း။ ၃–ကမ္မဝါစာ၏ ပြည့်စုံခြင်း။ ၄–ပရိသတ်၏ ပြည့်စုံခြင်း၊ ၅–ပဥ္စင်းလောင်း တည်းဟူသော ဝတ္ထု၏ ပြည့်စုံခြင်း။ (ဝတ်,ဉတ်,ကမ္မဝါ၊ သိမ်, ပရိသာ၊ ငါးဖြာသမ္ပတ္တိ။)

၄-သုမန ဗုဒ္ဓဝင်

မင်္ဂလဘုရားရှင် ပရိနိဗ္ဗာန်စံဝင်၍ အစဉ်အတိုင်း အသက်တမ်း ဆုတ်ယုတ်လာသည်ရှိသော် လူတို့၏အသက်တမ်းသည် ရက်မှန်းနှင့် မပျော်လောက်အောင် ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ယင်းဆယ်နှစ်တမ်းမှ တဖန် ပွားတက်ပြန်သော် အသင်္ချေနေရသော အသက်တမ်းသို့ ရောက်လေ၏၊ သတ္တဝါအပေါင်းသည် အသက်မသေ တကမ္ဘာနေရသကဲ့သို့ စိတ်ကထင်မှန်းပြီးလျှင် သံဝေဂဏ်းတို့ မှာလည်း လမ်းပိတ်တော့မလောက် တရားပျောက်၍ အမှားနောက်သို့ အလိုက်များကြလေလျှင် အသင်္ချေဖြစ်သော အသက်တမ်းသည် ဆုတ်မှန်းမသိ ဆုတ်ယုတ်၍လာရာ အနှစ် ကိုးသောင်းတမ်းသို့ ရောက်လာလေ၏၊ ယင်း **အနှစ်ကိုးသောင်း** အသက်တမ်းတွင် တဘက်ကမ်း ခေမာသောင်သို့ ဒေသနာ ရောင် အခဏ်းခဏ်းဖြင့် ဆောင်မြန်းတော်မူတတ်သော **သုမန** ဘုရားမြတ်သည် လောကခေတ် တိုက်အတွင်းပယ် ပွင့်လင်းတော်မူလေသတည်း။

ထိုသုမနဘုရားရှင်သည် **မေခလ** မြို့၌ ဘွားမြင်၍ **သုဒတ္တ** ဘုရင်နှင့် **သိရိမာ** မိဖုယားတို့ကား ခမည်းတော်, မယ်တော်များပေတည်း၊ နှစ်ပေါင်း **ကိုးထောင်** ပတ်လုံး **စန္ဒပြာသာဒ်, သုစန္ဒပြာသာဒ်, ဝဋံသပြာသာဒ်** ဟု ဆိုအပ်သော ရွှေနန်းတော်ရပ် သုံးဆောင်သော ပြာသာဒ်တို့၌ **ဝဋံသိကာဒေဝီ** ကို မိဖုယား ကြီးအရာ၌ထား၍ **ခြောက်သန်း သုံးသိန်း** သော မောင်းမခြွေရံတို့ အလယ်တွင် စံပယ်ရွှင်ပြုံးလျက် မုန်းနိုင်ဘွယ်မရှိသောအလား စံစားတော်မူနေစဉ် နှစ်ပေါင်း **ကိုးထောင်** ပြည့်သောအခါ **အနုပမ** မည်သော သားရတနာကို မိဖုယားကြီးမှ ဘွားမြင်လာလေ၏၊ သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော နတ်တို့၏

တမန် သံဝေဂဖြစ်ရန် အကြောင်းကိုမြင်လျှင် **ဆင်ယာဥ်**ကို စီး၍ တောထွက်ကာ **ဒုက္ကရစရိယာ** ကို **ဆယ်လ** မျှကြာအောင် ကျင့်တော်မူလေ၏၊ အလောင်းတော် မင်းသား တောထွက်သွားကြောင်းကို သတင်းကောင်းကြားကြသော လူပေါင်း **ကုဋေ သုံးဆယ်** တို့သည် အလောင်းတော်ကို အတုယူ၍ ကြည်ဖြူစွာ ရဟန်း ပြုကြကုန်၏။

အလောင်းတော်သည် ထို ရဟန်းအပေါင်း ကုဋေသုံးဆယ်တို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** ကို ကျင့်နေဆဲမှာပင် **ဆယ်လ**မျှ ကြာလေသော် ကဆုန်လပြည့် နေ့၌ **အနောမနိဂုံး**သူ **အနုပမာ** မည်သော သေဋ္ဌေးသမီးသည် လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဥ်းပေးတော်မူ၍ **အနုပမ**မည်သော အာဇီဝကသည် ဆက်ကပ် လှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်ကို ယူတော်မူကာ မဟာဗောဓိဖြစ်သော **ကံ့ကော်ပင်** အောက်၌ အတောင်သုံးဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်းပြီးလျှင် ၎င်းမြက်အခင်းပေါ်မှာပင် ကောင်းစွာဖွဲ့ခွေ ထိုင်နေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို ထောင်းထောင်းညက်ကြေမျှ အနိုင်ရတော် မူလေ၏၊ ထိုညဥ့်သုံးယာမ်အတွင်း ဝိဇ္ဇာအလင်းသုံးပါးကို ရရှိတော်မူလျက် အရုဏ်ကျင်း၍ အလင်းရောက်လျှင် * မဟာအတုလဘွဲ့ထူးကို ဆွတ်ခူးတော် မူလေသတည်း။

သုမနမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး ဗောဓိပင်အနီးမှာပင် (သတ္တ သတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် ဗြဟ္မာကြီး တောင်းပန်အပ်သည်ကို အရင်းထား၍ စဥ်းစားဆင်ခြင်တော် မူသောအခါ လွန်စွာ ကျေးဇူးရှိပေသော ရဟန်းအပေါင်း ကုဋေသုံးဆယ်တို့နှင့် အဘတူ အမိကွဲဖြစ်သော ညီတော် **သရဏ** မင်းသား ပုရောဟိတ်ပုဏ္ဏား၏ သားဖြစ်သော **ဘာဝိတတ္တ** လုလင်ပျိုတို့အား † ဥပနိဿယဂုဏ်နှင့် ပြည့်စုံကြောင်းကို သိမြင်

---

* တုပြိုင်နိုင်သူမရှိ အလွန်မြတ်တော်မူသောဘုရား။ † အားကြီးသော ပါရမီ တည်းဟူသော မှီရာ အထောက်အပံ့။



သုမန ဘုရားအလောင်းမင်းသား ဆင်ယဉ်ဖြင့် တောထွက်တော်မူခဏ်း။

လေသော် ဗောဓိပင်မှ ကောင်းကင်ခရီးဖြင့် **မေခလ** ဥယျာဉ်ကြီးသို့ ကြွသွားတော်မူလေ၏။

ဥယျာဉ်ကြီးအတွင်းသို့ သက်ဆင်းတော်မူပြီးလျှင် ‹သရဏညီတော်မင်းသားနှင့် ဘာဝိတတ္တ လုလင်ပျိုတို့ကို ၎င်းတို့၏ အခြံအရံဖြစ်သော လူပေါင်း ကုဋေသုံးဆယ်နှင့်တကွ ခေါ်တော်မူ၍ ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုတော်မူကြသော ရဟန်းပေါင်း ကုဋေသုံးဆယ်ကိုင်း၊ အခြားသော နတ်လူပေါင်း ကုဋေများစွာတို့ကိုင်း ဤ **ကုဋေတသိန်း** ရှိသော ပရိသတ်ကြီးအား **ဓမ္မစကြာ** ဒေသနာကို ဟောတော်မူသောအခါ များစွာသော ပရိသတ်ကြီးသည် တရားတော် တည်းဟူသော အရသာကို ကောင်းစွာ သောက်ကြရလေသတည်း။

သုမနမြတ်စွာဘုရား၏ **အဂ္ဂသာဝက** တို့ကား **အရှင်သရဏ** နှင့် **အရှင်ဘာဝိတတ္တ** တို့ ဖြစ်ကြ၍ **အရှင်ဥတေန** မထေရ်မှာ **အလုပ်အကျွေး** ရဟန်းတော်ပေတည်း၊ **သောဏာထေရီ** နှင့် **ဥပသောဏာထေရီ** တို့သည် ဘိက္ခုနီအပေါင်းတို့တွင် ခေါင်းဆောင်ဖြစ်သော **အဂ္ဂသာဝိကာ** အစုံ တပည့်မ ဖြစ်ကြကုန်၏၊ **ဝရုဏဒါယကာ** နှင့် **သရဏဒါယကာ** တို့သည် အလုပ်အကျွေး အရာတွင် မြတ်သော **ဥပါသကာ** ဘွဲ့ထူးကိုရကြ၍ **စာလာ** မည်သော ဒါယိကာမနှင့် **ဥပစာလာ** မည်သော ဒါယိကာမတို့သည်ကား မြတ်သော အလုပ်အကျွေး **ဥပါသိကာမ** တို့ပေတည်း၊ သုမနမြတ်စွာဘုရား၏ **အရပ်တော်** ကား **အတောင်ကိုးဆယ်** မြင့်၍ **အသက်တော်** မှာ **အနှစ်ကိုးသောင်း** ရှည်ညောင်းတော် မူလေသတည်း။

ဂေါတမဘုရားအလောင်း အတုလနဂါးမင်း အကြောင်း

သုမန ဘုရားမြတ်စွာသည် ဓမ္မစကြာ ဒေသနာကို ဟောတော်မူသောနေ့မှစ၍ ဌာနအသီးအသီး တိုင်းကြီးပြည်ကြီးပေါင်း များစွာသို့ ကြွသွားလှည့်လည်

ကာ တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးလျက် နေတော်မူစဉ် ဂေါတမ ဘုရားရှင်၏ အလောင်းသည် တန်ခိုးအာနုဘော်ကြီးသောနဂါးမျိုး၌ **အတုလနဂါးမင်း** ဟူသော အမည်ပညတ်ဖြင့် ဖြစ်တော် မူလတ်သတည်း၊ ထိုအလောင်းတော် နဂါးမင်းသည် လောကအတွင်းဝယ် မောဟကို ရှင်းပယ်နိုင်သော ဘုရားသည် ထင်ရှားစွာ ပွင့်တော်မူကြောင်း ကောင်းစွာ သိရလေသော် ဆွေတော် မျိုးတော် မိတ်ဆွေအပေါင်းတို့ဖြင့် ခြံရံကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် နတ်၌ဖြစ်သော တူရိယာအဖုံဖုံ တီးမှုတ်ဘွယ်မျိုးစုံတို့ဖြင့် ကိုးဂုဏ်သခင် ဘုရားရှင်၏ မျက်မှောက်တွင် ဝမ်းမြောက်ညင်သာစွာ မှုတ်တီး၍ အသီးအသီး အစုံအစုံသော ပူဇိုးတို့ကို လှူကာ သရဏဂုံသီလကို ခံယူဆောက်တည်နေ၏၊ သုမနမြတ်စွာဘုရားသည် အတုလနဂါးမင်း၏ ကြည်ဝင်းသော စေတနာကို ကောင်းစွာ ရှုစားတော်မူလျက် "ဤ နဂါးမင်းသည် နောင်သောအခါ ငါဘုရားကဲ့သို့ပင် လောကသုံးခွင်၌ အထင်အရှား ဘုရားဖြစ်ပေလတ္တံ့" ဟု နိယတ ဗျာဒိတ်ကို ခတ်နှိပ်တော်မူလေ၏၊ ထိုဗျာဒိတ်စကားကို နဂါးမင်း ကြားရလျှင် နားဝတွင် သကာစိမ်သကဲ့သို့ ချိုမြိန်နှစ်သက်သော စိတ်ထားဖြင့် မိမိနဂါးပြည်သို့ ပြန်သွားလေသတည်း။

သုမန ဗုဒ္ဓဝင် ပြီး၏။

၅-ရေဝတ ဗုဒ္ဓဝင်

အနုစ်ကိုးသောင်း ရှည်သော အသက်တမ်း၌ တဘက်ကမ်း ပြည်ခေမာသို့ ပို့ဆောင်တတ်သော သုမနမြတ်စွာရှင်သည် ပရိနိဗ္ဗာန် စံင်တော် မူပြီးနောက် အသက်တမ်းသည် တဖြည်းဖြည်းဆုတ်ယုတ်သွားလေရာ ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ထိုမှတဖန် ပြန်၍တက်လေလျှင် အသင်္ချေယျတမ်းသို့ ရောက်၍ သတ္တဝါတို့၏ အတွင်းသဘော၌ မကင်းသော ကိလေသာဆိုးတို့သည် အမျိုးမျိုး သောင်းကျန်း၍ လာပြန်သဖြင့် တဖန်ယုတ်၍ အသက်တမ်း ဆုတ်လာသည်ရှိသော် **အနှစ် ခြောက်သောင်းတမ်း**သို့ ရောက်လေ၏၊ ထိုအခါ **ရေဝတဘုရား အလောင်းတော်**သည် တုသိတာ နတ်ပြည်မှ စုတေခဲ့၍ * **သုဓညဝတီ** ပြည်ကို အာဏာတန်ခိုးတို့ဖြင့် အစိုးရတော်မူသော **ဝိပုလဘုရင်** မင်း၏ သက်နှင်းမျက်ဖျော် **ဝိပုလာဒေဝီ** ဟူသော အမည်တော်ဖြင့် ထင်ပေါ် ကျော်ကြားသော မိဖုယားကြီး၏ ဝမ်းတိုက်၌ ကိန်းပိုက် သန္ဓေ တည်နေတော်မူလေသတည်း။

ကိုးလလွန်မြောက် ဆယ်လရောက်သောအခါ ဘွားမြင်တော်မူလာ၍ အစဉ်အားဖြင့် ကြီးပွားတော်မူသော **ရေဝတမင်းသား** အလောင်းဘုရားသည် အကောင်းစား ဖြစ်သော **သုဒဿနပြာသာဒ်**, **ရတနဂ္ဃိပြာသာဒ်**, **အာဝေဠပြာသာဒ်** မဟာတို့၌ **သုဒဿနာ** မည်သော မိဖုယားကြီးကို အမှူးထား၍ ထူးခြားစွာ လှပသဖြင့် အစစပြေပြစ်ကုန်သော မောင်းမပေါင်း **သုံးသောင်း သုံးထောင်** တို့ဖြင့် ခြံရံကာ နှစ်ပေါင်း **ခြောက်ထောင်** ကြာအောင် လူ့ဘောင်တွင် ပျော်ပါး၍ လူ့စည်းစိမ်ကိုခံစားကာ နေလေ၏၊ ထိုအခါ သုဒဿနာဒေဝီ

* ဓညဝတီ။ (သောတဏ္ဍက် အလို)

မဟာသီ၏ ဝမ်းမှ **ဝရုဏ** မည်သော သားကို ဘွားတော်မူ၍ နိမိတ်ကြီး လေးပါးတို့ကို တွေ့မြင်လတ်သော် မွေ့ရှင်သောစိတ်ခတ် ကင်းပြတ်တော် မူသည်ဖြစ်၍ တန်ဆောင်မုန်းလ သရဒအခါ ကြယ်တာရာ အပေါင်း ခြံရံသော လမင်းကြီးကဲ့သို့ရင်း၊ နတ်အပေါင်း ခြံရံသော သိကြားမင်းကြီးကဲ့သို့ရင်း၊ ဗြဟ္မာအပေါင်း ခြံရံသော ဟရိတ ဗြဟ္မာကြီးကဲ့သို့ရင်း အင်္ဂါလေးပါး ရှိသော စစ်သည်ပေါင်း များစွာ ခြံရံ၍ **အာဇာနည်မြင်း** က,သော ရထားဖြင့် တောထွက်သွားတော်မူလေသတည်း၊ ရေဝတ ဘုရားအလောင်း၏ လမ်းကြောင်းကို နှစ်ခြိုက်၍ အတုလိုက်ကာ ရဟန်းပြုကြကုန်သော သူတို့သည်ကား **တကုဋေ** အရေအတွက် ရှိကုန်၏။

အလောင်းတော်သည် ထိုတကုဋေသော ရဟန်းတို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ခုနစ်လ** ပတ်လုံး အသားအရေပိန်ချုံးအောင် ရှင်ပြုံးစွာ ကျင့်တော်မူလေလျှင် ကဆုန်လပြည့် ဘုရားဖြစ်အံ့သော နေ့တူး၌ **သာဓုဒေဝီ** မည်သော သေဌေးသမီးတဦးသည် ကြည်နူးစွာလှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက် **ဝရုဏိန္ဒရ** မည်သော အာဇီဝကသည် ဆက်ကပ်လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ယူကာ မဟာဗောဓိဖြစ်သော **ကံ့ကော်ပင်** ရှိရာသို့ ကြွတော်မူပြီးလျှင် ငါးဆယ့်သုံးတောင် အပြန့်ကျယ်၍ ရန့်ကြွယ်သော မြက်အခင်းကို ချက်ခြင်း ခင်းတော်မူလျက် ထက်ဝယ်ဖွဲ့ခွေ ငြိမ်သက်တည်ကြည်စွာ နေတော်မူလျှင် ငါးအင်သော မာရ်ဆိုးကို ဖျက်ချိုးတော်မူကာ မဟာအတုလဟူသော ဘွဲ့ထူးကို ဆွတ်ခူးတော်မူလျက် လူသုံးဦးတို့၏ ဦးတိုက်ညွှတ်တွားရာ ဖြစ်သော ဘုရားမြတ် အဖြစ်သို့ ကောင်းစွာ ရောက်တော်မူလေသတည်း။

ဘုရားဖြစ်တော်မူပြီးနောက်ဗောဓိပင်အနီးတွင်(သတ္တသတ္တာဟ)လေးဆယ့်ကိုးရက်ပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် ဗြဟ္မာကြီး တောင်းပန်အပ်သည်ကို အကြောင်းပြု၍ ကြည့်ရှုစုံစမ်းတော်မူလတ်သော် ကိုယ်တော်မြတ်၏ အယူကို



ရေဝတ ဘုရားအလောင်းမင်းသား မြင်းရထားဖြင့် တောထွက်တော်မူခဏ်း။

ကြည်ဖြူ နှစ်သက်၍ တောထွက်ကြကုန်သော ရဟန်းအပေါင်း တကုဋေကို မြင်တော်မူလေလျှင် ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူ၍ **ဝရုဏာရာမ** ၌ သက်တော်မူပြီးလျှင် ကြီးကျယ် ခမ်းနား ဆန်းပြား ထူးထွေသော တန်ခိုး ပြာဋိဟာကို ကောင်းစွာပြတော်မူလျက် **ဓမ္မစကြာ** ဒေသနာကိုဟောကြားတော် မူလေသော် တရားဓမ္မကို အားရနှစ်မြို့ သောက်စို့ကြရကုန်သော ရဟန်းတော် ပေါင်း **တကုဋေ**တို့သည် အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကို ဆောင်းတော် မူကြရလေကုန်၏၊ အောက်ဖြစ်သော မဂ်ဖိုလ်တို့၌ တည်သော ပုဂ္ဂိုလ်တို့၏ အရေအတွက်ကား ဤမျှဤမျှဟု ဂဏန်းချ၍ မပြနိုင်ချေ။

ထိုရေဝတ မြတ်စွာဘုရား၏ တပည့်သား အပေါင်းတို့တွင် **အဂ္ဂသာဝက** ဖြစ်သော တပည့်မြတ် ယောကျ်ားအစုံတို့ကား **အရှင်ဝရုဏ** နှင့် **အရှင်ဗြဟ္မဒေဝ** တို့ဖြစ်ကြကုန်၍ **အလုပ်အကျွေး** ရဟန်းတော်ကား **အရှင်သမ္ဘဝ** ဖြစ်လေ၏၊ **ဘဒ္ဒါထေရီ** နှင့် **သုဘဒ္ဒါထေရီ** တို့ကား **အဂ္ဂသာဝိကာ** ဖြစ်သော တပည့်မ မိန်းမမြတ် အစုံတို့ပေတည်း၊ ရေဝတမြတ်စွာဘုရား၏ အမြဲအားဖြင့် ထွက်ပေါ် သော **ရောင်ခြည်တော်**သည် **တယူဇနာ** အတွင်း တဝင်းဝင်း တပြောင်ပြောင် အမှောင်မရှိဘဲ အဓိပတိ ထိန်လင်းတော်မူ၏၊ **အရပ်တော်** မှာ **အတောင်ရှစ်ဆယ်** မြင့်၍ **အသက်တော်**မှာ နှစ်ပေါင်း **ခြောက်သောင်း** ရှည်တော်မူလေသတည်း။

ဂေါတမဘုရားအလောင်း အတိဒေဝပုဏ္ဏား အကြောင်း

ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးနောက် ရေဝတမြတ်စွာ ဘုရား၏ သာသနာတော်ရောင်သည် တနေ့ထက် တနေ့ ထိန်ပြောင်တော် မူနေစဉ် ရမ္မဝတီမြို့သား **အတိဒေဝပုဏ္ဏား** ဖြစ်သော ဂေါတမ ဘုရားအလောင်း တော်သည် မြတ်စွာဘုရား ထံတော်ပါးသို့ ညွတ်တွားဦးတင် ဖူးမြင်ခြင်း အကျိုးငှါ သွားသည်ရှိသော် ဘုရားရှင်၏ ပုံဟန်နှင့် ဂုဏ်လျှံကာနေသော

အချက်ပေါင်းများစွာကို ဖူးမြင်ရသောအခါ ရှင်ပျသောသဒ္ဓါဖြင့် သီလ,သမာဓိ, ပညာ စသော ဂုဏ်တော်၏ ထင်ပေါ်ကျော်စောသော သတင်းစကားများကို မြတ်စွာဘုရားအား ဂါထာ တထောင်ဖြင့် လျှောက်ထား ချီးမွမ်းပြီးလျှင် "အဘိုး တထောင်ထိုက်သော ကိုယ်ဝတ်သင်္ကန်းကို တင်လှူမ်းဝတ်ရုံတော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်ထားကာ လှူဒါန်းလေ၏၊ ထိုအခါ ရေဝတ ရှင်တော်မြတ်က "ဤ ရမ္မဝတီမြို့သား အတိဒေဝပုဏ္ဏားသည် ဂုဏ်အားဖြင့် မတုသာဘဲ လူ့ရွာကျော်မြောက် ဘဝဂ်ပေါက်အောင် ထွန်းတောက်သော တေဇာရှိန်ဖြင့် ဝေဖြာ၍ ထိန်ပြီးလျှင် ငါဘုရားကဲ့သို့ပင် ဘုံသုံးခွင်လောက၌ **ဂေါတမဟူသော** အမည်အားဖြင့် ဘုရားဖြစ်လတ္တံ့"ဟု မိန့်ကြားတော်မူလေ၏၊ အလောင်းတော် အတိဒေဝပုဏ္ဏားမှာ ကြားရသည်နှင့် တပြိုင်တည်း ပိုင်ပိုင်ကြီး ရပြီးသည့်ပမာ လွန်စွာ ဝမ်းမြောက်၍နေလေ၏။

ရေဝတ မြတ်စွာဘုရား၏ မိန့်ကြားတော်မူသော ဗျာဒိတ်တော် နှုတ်သံကို အလောင်းတော် အတိဒေဝပုဏ္ဏား သေဌေးကြီးသည် အဖန်ဖန် အပြန်ပြန် စဉ်းစား၍ "ငါသည်ကား မုချစင်စစ် ဘုရားဖြစ်လိမ့်မည်၊ ဘုရားအဖြစ်ကို အားသစ် လိုလားသော ငါသည်ကား မေ့လျော့ ပေါ့တန်သော ပမာဒ အလုပ်ကို ခွါထုတ်ပယ်ဖြတ်၍ အနှယ်မြတ်ဖြစ်ဘို့အရေးကို အားပေးတတ်သော အပ္ပမာဒအလုပ်ခွင်သို့ဝင်မှသာသင့်တော်ပေမည်တကား"ဟု စိတ်ထားကိုတမျိုး ဆင်၍ အချိုးကိုပြင်ပြီးလျှင် ဒါနပါရမီ,သီလပါရမီ,နေက္ခမပါရမီစသော ပါရမီ ဆယ်ရပ် တရားမြတ်တို့ကို မအားမလပ်အောင် ကြိုးစားကာ နေပြီးသော် ထိုသေဌေးကြီးဘဝ၌ အသက်တမ်းစေ့၍ ကမ္မဇရုပ် ချုပ်ငြိမ်းသောအခါ ကုသိုလ်အားလျော်စွာသော ဘုံနန်းသို့ ကြွမြန်းတော်မူလေသတည်း။

ရေဝတ ဗုဒ္ဓဝင် ပြီး၏။

၆-သောဘိတ ဗုဒ္ဓဝင်

ရေဝတ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ကမ္ဘာကြီး၏ ဓမ္မတာ သဘောအတိုင်း အသက်ပိုင်း ယုတ်လျော့၍ သွားလေရာ ဆယ်နှစ်တမ်းသို့ အရောက်တွင် အမြော်အမြင်ရှိသော သူများ၏ တရားစောင့်မှုကြောင့် အာယု ခေါ်သော အသက်သည် တက်၍ တက်၍ လာလေရာ အသင်္ချေယျတမ်းသို့ ရောက်ပြန်လေ၏၊ ထိုအသင်္ချေယျတမ်းမှ တဖန် ဆုတ်ယုတ်၍ လာပြန်သော် အသက် **ကိုးသောင်းတမ်း** တွင် **သောဘိတဘုရား** အလောင်းတော်သည် အပေါင်းအဖော် ဖြစ်သော နတ်များကို စွန့်ခွါ၍ တုသိတာနတ်ပြည်မှ စုတေ၍ လာရာ ဇမ္ဗူဒိပ်ကျွန်း အပြင်တွင် အလွန်ပင် ထင်ပေါ်လှသော **သုဓမ္မမြို့** ကြီး ကို စည်ထီးခရိုင် ပိုင်စံတော်မူသော **သုဓမ္မမင်းမြတ်** ၏ နှင်းအပ်သော မဟေသီ ဘွဲ့တံဆိပ်ကို ခံယူတော်မူသော **သုဓမ္မာဒေဝီ** မိဖုယားကြီး၏ ဝမ်းတိုက်၌ ကိန်းခန်းကောင်းသော အခိုက်တွင် စွဲပိုက်သန္ဓေ တည်နေတော်မူ၏။

သောဘိတဘုရား အလောင်းတော် ဖြစ်သော မင်းသားသည် မြသား စိန် ကျောက်တို့ဖြင့် ထိန်တောက်၍ နေသော **ကုမုဒပြာသာဒ်, နာဠိယပြာသာဒ်, ပဒုမာပြာသာဒ်** တို့၌ နတ်စည်းစိမ်နှင့်မခြား ခံစားတော်မူကာ **ခုနစ်သောင်း** သော မိဖုယားရတနာတို့တွင် **မခိလာဒေဝီ**မည်သော မိဖုယားကို အမှူးထား၍ အထူးအားဖြင့် ပျော်ပါးနေစဉ်အတွင်း ညာနှင်း မျက်ဖျော်ဖြစ်သော မခိလာ ဒေဝီမှ **သီဟကုမာရ** မည်သော သားတော်ကို ဘွားမြင်လတ်သော် လေးရပ် သော နိမိတ်ကြီးများကိုလည်း မြင်ရ၍ ရှင်ပျစွာ မနေနိုင်တော့ဘဲ ခွေယိုင်၍ လဲတော့မလို သံဝေဂစိတ် ပိုတော်မူကာ **စံနန်းပြာသာဒ်** မှာပင် ရဟန်းပြုတော် မူ၍ အာနာပါနဿတိ သမာဓိကို ပွားလျက် လေးပါးသော ဈာန်တို့ကို ရလေ

လျှင် **ခုနစ်ရက်** ပတ်လုံး **ဒုက္ကရစရိယာ** ကို ကျင့်တော်မူကာ **မခိလာဒေဝီ** လှူဒါန်းအပ်သော ကောင်းမြတ် ချိုမြိန်သည့် နို့ဃနာကို ဘုဉ်းပေးတော်မူပြီး သော အခါ တောထွက်လိုသော အာသာတော်သည် ဖြစ်ပေါ်၍ လာလတ် သတည်း။

ထိုအခါ သောဘိတ ဘုရားအလောင်းဖြစ်သော တရားကောင်း အရှင်သည် "ဤငါ၏ စံနန်းတော် ပြာသာဒ်ကား လူအများမြင်စဉ်ပင် ကောင်းကင်ပြင် ခရီးဖြင့် တဟုန်တည်းသွား၍ ဘုရားရှင်တို့၏ မဏ္ဍိုင်အသွင်ဖြစ်သော ဗောဓိပင် ကို အလယ်ဗဟိုတွင်ထားကာ မြေသား၌ တည်ပါစေသတည်း" ဟူ၍ရင်း၊ "ဤငါ၏ မိဖုယား မောင်းမ အခြွေအရံတို့သည်လည်း ဗောဓိမဏ္ဍိုင်ဝယ် ငါထိုင် လတ်သည်ရှိသော် နှုတ်ဖွင့်ကာ ငါမဆိုဘဲ အလိုလိုထွက်သွား ကြစေသတည်း" ဟူ၍ရင်း သံဝေဂ စိတ်သန်သန်နှင့် အဓိဋ္ဌာန်ပြုတော်မူလေ၏၊ ယင်းသို့အဓိဋ္ဌာန် ၍ စိတ်ကြံလိုက်သည်နှင့် တပြိုင်နက် ရွှေအိမ်တော်စံနန်းသည် ပါဂွမ်းကလေး ပမာ မိမိတည်ရာမြေကြီးမှ ကောင်းကင်ခရီးသို့ ပျံတက်လေ၏။

အလောင်းတော်၏စံနန်းသည် ကောင်းကင်ကြီးတခုလုံးကို စုရုံး၍ တန်ဆာ ဆင်ထားသကဲ့သို့ရင်း၊ တိမ်လွှာမှူမှိုင်းသော နေမင်းကြီး, လမင်းကြီးတို့ကဲ့သို့ ရင်း ထွန်းလင်းတောက်ပ ပြိုးပြိုးပြောင်ပြောင် အရောင်ကြွလျက် ဆန်းကြယ် လှသော ရွှေခြူကွန်ရက်တို့သည် နှစ်သက်ဘွယ်သော အသံကိုမြည်ကြသည်မှာ တူရိယာတို့ကို တီးမှုတ်သည်နှင့်မခြား များစွာ သာယာကုန်၏၊ အသံကိုကြား ရကုန်သောလူအပေါင်းတို့သည် နှစ်ထောင်းဝမ်းသာရှိကြကုန်၍ လမ်းဆုံလမ်းခွ ဟူသမျှတို့တွင် သူကတခွန်း ငါကတခွန်းနှင့် ရွှန်းရွှန်းဝေအောင် ပြောဆို ချီးမွမ်းကြလေ၏။

စံနန်းတော်ကြီးသည်ကား ကောင်းကင်ခရီးဖြင့် သွားသော်လည်း သစ်ပင် ဖျားမျှ ကြွတော်မူရာ မနိမ့်လွန်း မမြင့်လွန်းဘဲ ကြည့်ရှုသူ အပေါင်းကို ဖြားယောင်းဘိသကဲ့သို့ ဖြစ်လေ၏၊ အထူးထူးသော ရတနာရောင်တို့ဖြင့် ထိန်ပြောင်တောက်ပ ရှုမဝနိုင်သော အဆင်းသည် သတ္တဝါခပင်းတို့၏ မျက်လုံး ကို ရှု၍ မမုန်းနိုင်အောင် ဆွဲဆောင်ဘိသကဲ့သို့လည်း ဖြစ်ပေ၏၊ အလုံးစုံသော



သောဘိတ ဘုရားအလောင်းသည် စံနန်းတော်ဖြင့် ကောင်းကင်ယံ ပျံတက်၍ တောထွက်ခဏ်း။

သတ္တဝါအရင့်အနုတို့၏ ကောင်းမှုအာနုဘော်ကို သာယာနာပျော် ကြွေးကြော်ကာ နေဘိသကဲ့သို့လည်း ဖြစ်ပေသတည်း။

ထိုစံနန်းတော် ပြာသာဒ်၌ အလှခေတ်စုံညီကြသော ကချေသည် ကညာ အပေါင်းတို့သည် သာတောင့်သာယာ မဟာဂီတတို့ကို ပီသသောအသံဖြင့် စည်းစိမ်ခံ၍မငြီးအောင် တူရိယာကိုတီးကာ သီဆို၍လိုက်ပါကြကုန်၏၊ ချပ်နှင့် မိန်ညို ထိုထိုသော စစ်ဝတ်စစ်စားတို့ကို ဝတ်ဆင်ထားကြသော စစ်သား အပေါင်းတို့သည်လည်း နတ်စစ်သည်တို့နှင့်မခြား မြေအပြင်တွင် သွားသကဲ့သို့ ပြာသာဒ်၏ အနီးအပါး၌ ခြံရံကာ လိုက်ပါကြကုန်၏။

စံနန်းတော် ပြာသာဒ်မှာ ခေတ်နှင့်သွားသော လေယာဉ်ပျံကဲ့သို့ ကောင်း ကင်ယံ တိမ်ညွန့်၌ တလွန့်လွန့်သွားလေလျှင် အတောင်ရှစ်ဆယ် အမြင့်ဆောင်၍ မြစိမ်းရောင် တောင်ညိုကြီးကဲ့သို့ နုပျိုသော ရွက်ညွန့်,ဆန်းကွန့်သော ပန်းအဖူး, ဆန်းထူးသော အပွင့်အငုံတို့ဖြင့် တသင်းသင်းထုံသော **ကံ့ဂေါ်ပင်** ဗောဓိကို အလယ်ဗဟိုပြုလျက် မြေသို့သက်ကာ တည်လေ၏၊ ပါရမီဂုဏ်နှင့် ပြည့်စုံတော် မူသော အလောင်းတော်မြတ်သည် လူအပေါင်း ခြံရံကာပင် တရားကို သိမြင် အောင် အားထုတ်တော်မူသောအခါ တညဉ့်ချင်း အတွင်းမှာပင် အောင်သူ တကာတို့၏ အဓိပတိ အောင်သိဒ္ဓိသခင် ဘုရားရှင်အဖြစ်သို့ ရောက်တော် မူလေတော့သတည်း။

သောဘိတ မြတ်စွာဘုရားသည် သစ္စာလေးပါးကို သိ၍ ဘုရားဖြစ်တော်မူ သောအခါ ဗောဓိပင်၏အနီးမှာပင်(သတ္တသတ္တာဟ) လေးဆယ့်ကိုးရက်သီတင်း သုံးတော်မူပြီးသော် ပြဟ္မာကြီး တောင်းပန်အပ်သည်ကို အကြောင်းပြု၍ အဘယ်သူအား ရှေးဦး ရှေးဖျား တရားဟောရပါအံ့နည်းဟု *ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသောအခါ အဘတူ အမိကွဲ ညီတော်များဖြစ်ကြသော **အသမ မင်းသား** နှင့် **သုနေတ္တမင်းသား** တို့အား ဥပနိဿယဂုဏ်နှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ တရားဦးဟောခြင်းငှါ ကောင်းကင်လမ်းဖြင့် ကြွမြန်းတော်မူကာ **သုဓမ္မဥယျာဉ်** ၌ ဆင်းသက်တော်မူ၏၊ ညီတော်မင်းသားနှစ်ပါးကို ဥယျာဉ်

---

* သတ္တဝါတို့၏ အလိုဆန္ဒကို သိတတ်သော အာသယာနုသယ ဉာဏ်တော်နှင့် သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို နှိုင်းချင့်သိမြင်နိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်။

စောင့်အား ခေါ်ခိုင်းတော်မူ၍ အခြံအရံနှင့်တကွသော လူထုကြီးအလယ်တွင် တင့်တယ်လျောက်ပတ်သော **ဓမ္မစကြာ** တရားမြတ်ကို ဟောကြားတော်မူသော အခါ များစွာသော ပရိသတ်သည် တရားခဲတ်မိုယ်းရေကို ဖြိုးဝေစွာသောက် ကြရလေ၏။

သောဘိတမြတ်စွာဘုရား၏ **အဂ္ဂသာဝက** နှစ်ပါးတို့ကား **အရှင်အသမ** နှင့် **အရှင်သုနေတ္တ** တို့ဖြစ်ကြ၍ **အလုပ်အကျွေး** ရဟန်းကား **အရှင်အနောမ** ဖြစ်လေ၏၊ **နကုလာထေရီ** နှင့် **သုဇာတာထေရီ** တို့ကား တပည့်မ မိန်းမမြတ် အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ **ဇယသေနမင်း**ကား အလုပ်အကျွေး ဒါယကာ **ဥပါသကာ** ပေတည်း၊ ကိုယ်တော်မြတ်၏ **အရပ်တော်**ကား **ငါးဆယ့် ရှစ်တောင်** မြင့်၍ **အသက်တော်** ကား **ကိုးသောင်း** ရှည်တော်မူ၏။

ဂေါတမဘုရားအလောင်း သုဇာတပုဏ္ဏား အကြောင်း

သောဘိတမြတ်စွာဘုရား၏ သာသနာတော်ဝယ် ဂေါတမအလောင်းတော် သည် **ရမ္မဝတီမြို့** ၌ *သုဇာတမည်သော ပုဏ္ဏားဖြစ်လေ၏၊ တနေ့သောအခါ မြတ်စွာဘုရား၏တရားကို နာရ၍ † သုံးဝသော သရဏဂုံကို ဆောက်တည်ကာ ဘုရားအမှူးရှိသော သံဃာတော်အား ဝါတွင်းသုံးလပတ်လုံး ကြီးစွာသော အလှူကို ပေးလေ၏၊ သောဘိတ မြတ်စွာဘုရားသည်ကား သုဇာတပုဏ္ဏား၏ ဂုဏ်အားဖြင့်ကြီးပုံကို စေ့စုံစွာ သိတော်မူ၍ "ဤ အလှူဒါယကာ ပုဏ္ဏားသည် နောင်သောအခါ ဘဒ္ဒကမ္ဘာဝယ်**ဂေါတမဘုရား**ဟု ထင်ရှားစွာပွင့်တော်မူလတ္တံ့" ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ၏၊ ယင်း ဗျာဒိတ်စကားကို ကြားရသော အလောင်းတော်သည် လွန်စွာ ဝမ်းမြောက်တော်မူကာ သံသရာ ဝဋ်ဒုက္ခကိုလည်း ရှုံတုန်ထိတ်လန့် စိတ်မသန့်တော်မူလှ၍ အဆပေါင်းများစွာ သော ဝီရိယစက်ကို သွက်သွက်ကြီးနှိုးဆော်ကာ မြော်ကိုးရင်း ဘုရားဉာဏ်ကို အမြန်ရအောင် အားသန်သန်နှင့် အားထုတ်နေလေတော့သတည်း။

သောဘိတ ဗုဒ္ဓဝင် ပြီး၏။

---

* အဇိတ (အဋ္ဌသာလိနီ, ဇာတ်အဋ္ဌကထာတို့အလို)။ † ဘုရား, တရား, သံဃာ။

၇-အနောမဒဿီ ဗုဒ္ဓဝင်

သောဘိတ မြတ်စွာဘုရားသည် တရားတည်းဟူသော အမြိုက်အရသာကို သတ္တဝါဗိုလ်လူ ဟိန္ဒဂူတို့အား ကြည်ဖြူစွာ တိုက်ကျွေးတော် မူပြီးနောက် အသင်္ချေယျ တကပ်လုံး *ဘုရား သုဉ်းတော်မူပြီးလျှင် ဘုရားသုံးဆူပွင့်ရာ **ဝရဘမ္ဘာ** တခု ပေါ်ထွန်းရှိလာလေ၏၊ ယင်း ဝရကမ္ဘာ၌ (၁) **အနောမဒဿီ**၊ (၂) **ပဒုမ**၊ (၃) **နာရဒ** ဟူသော သမ္မာသမ္ဗုဒ္ဓ ဘုရားသုံးဆူတို့သည် နှိုန်းသူ ပြိုင်သူကင်း၍ လောကတွင်း ဘုံတလွှားတွင် အစဉ်အားဖြင့် ပွင့်တော်မူကြကုန် သတည်း။

ထိုသုံးဆူသော ဘုရားရှင်တို့တွင် **အနောမဒဿီ**ဘုရား အလောင်းတော်သည် တဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး အမြတ်ဆုံးဖြစ်သော ပါရမီ အခက်ပန်းတို့ကို လက်လှမ်းဆွတ်ချူ ဖြည့်တော်မူပြီးသော နောက်ဆုံးဘဝ၌ တုသိတာဘုံနန်းမှ ကြည့်ခြင်းကြီးငါးပါးဖြင့် စုံစမ်း၍ ထောက်လှမ်းဆင်ခြင်တော် မူပြီးသော် နတ်ထီးကို ငြီးငွေ့ကာ လူ့ပြည်သို့ စုတေလာပြီးလျှင် **စန္ဒဝတီ** မည်သော မြို့ခရိုင်ကို ပိုင်စံတော်မူသော **ယသဝါ** မင်းမြတ်၏ မိဖုယားခေါင် တောင်နန်းမဟေသီ **ယသောဓရာဒေဝီ** ၏ ဝမ်းကြာတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူလေ၏။

ထိုအနောမဒဿီ ဗောဓိသတ်သည် မယ်တော်ဝမ်းသို့ကပ်၍ ကိန်းလတ်သည် ရှိသော် ၎င်း၏အာနုဘော် အရှိန်ကြောင့် တထိန်ထိန် တောက်ဝင်းသော ရောင်ခြည်ပန်းတို့သည် အဆန်းတကြယ် ရှုဘွယ် မက်မပြေ ကြက်သရေ

---

* ဘုရားမပွင့်။

သုစမ္ပဝတီ (၀) ၂၀၁-၁၁

အဆင့်ဆင့် မြင့်ချင်တိုင်း မြင့်ပြီးလျှင် ထက်ဝန်းကျင်ဒိသာ **အတောင်ရှစ်ဆယ်** အတွင်းရှိသော အရပ်မျက်နှာ၌ ခါတ်စကြာကြီးအလား ထင်ရှားစွာတည် ထွန်းလေ၏၊ နေမင်း လမင်းတို့သည် ထိုရောင်ခြည်ကင်းအောင် အလျင်းမတတ် နိုင်ကြလေကုန်၊ အလောင်းတော်သန္ဓေသည် ကိုးလနေပြီး၍ ဆယ်လခရီးသို့ ရောက်လတ်သော် လျောက်ပတ် ဆန်းကြယ်သော ပန်းနွယ် ပန်းကုံးတို့ဖြင့် ရှင်ပြုံးဘွယ်ရာ လွန်စွာစည်ပင်သည့် **သုနန္ဒ** မည်သော ဥယျာဉ်၌ ကြည်လင်စွာ ဘွားမြင်တော်မူလေ၏။

အလောင်းတော် မင်းသားကလေးကို နာမည်ပေးသောနေ့၌ ဗေဒင်သုံးပုံကို ကမ်းကုန်ဆုံးရောက် တတ်မြောက်ကျော်ကြားသော ပုဏ္ဏားပညာရှိတို့နှင့် ညီနှိုင်း တိုင်ပင်ကာ ကောင်းရာ ကောင်းကြောင်းကို ရွေးချယ်ကြလေလျှင် ကိုယ်တိုင် ဗျာပွတ် နိမိတ်ဘတ်လာသော သားတော်မြတ်ဖြစ်သည့်အားလျော်စွာ မွေးဘွား သောအခါမှာပင် ရတနာခုနစ်မျိုးတို့သည် မိုဃ်းရွာသလို ဖြန့်ကြဲ၍ တသဲသဲ ရွာသောကြောင့်၎င်း၊ ဤမင်းသားကလေး၏ မွေးဘွားရာသည် မယုတ်သော ရတနာတို့၏ ဖြစ်ရာစင်စစ် ဖြစ်သောကြောင့်၎င်း ဤအကြောင်း အတ္ထုပ္ပတ် တို့ကြောင့် အမြတ်ဥက္ကဋ္ဌ ဖြစ်တော်မူသော မင်းသား၏အမည်ကို **အနောမဒဿီ** ဟူ၍ မှည့်ခေါ်ကြကုန်၏။

ယင်းသို့ အစဉ်အားဖြင့် ထင်ရှားစွာ ကြီးပွား၍လာသော **အနောမဒဿီ** မင်းသားသည် **သိရိပြာသာဒ်**, **ဥပသိရိပြာသာဒ်**, **သိရိဝစ္စပြာသာဒ်** ဟု ဆိုအပ် သော ရွှေနန်းဆောင် သုံးရပ်တို့ဘွင် အပြုံးခါတ်ကိုပေး၍ ပဂေးဟု ခေါ်တွင် လောက်သဖြင့် တော်ဝင်တယောက်ဖြစ်သော **သိရိမာဒေဝီ**ကို မဟေသီမြှောက် စားလျက် နောက်ပါးရံရွေ ဖြစ်ကြကုန်သော မောင်းမပေါင်း **နှစ်သောင်း သုံးထောင်** တို့ဖြင့် မမုန်းအောင် စံစား၍နေရာ **အနှစ်တသောင်း** ကြာလတ် သော် နန်းမတော် မဟေသီဖြစ်သော သိရိမာဒေဝီမှ * **ဥပဝါန** မည်သော သားရွှေစင်ကို ဘွားမြင်လေ၏၊ သားတယောက်ကို ဘွားမြင်သည်နှင့် တပြိုင် တည်း နိမိတ်ကြီးလေးရပ်ကိုလည်း သွေးခါတ်ခုန်မတတ် မြင်တော်မူလတ်၍

---

* ဥပကရဏာဟူ၍၎င်း, ဥပစာရဏာဟူ၍၎င်း, ဥပခါရဏာဟူ၍၎င်း မူအမျိုးမျိုး ရှိ၏။

ရင်ပပ်ကို အသာဖိလျက် မချိသောဘဝင် မရွှင်သော နှလုံးဖြင့် နေအံ့ဟု တားကြသော်လည်း နားကျတော် မမူသာအောင် ဒီကရီချိန်မှာ အရှိန်တော် အားကောင်း၍ ဘုရားအလောင်း ရွှေနန်းရှင်သည် **ထမ်းစင်** ကို စီးကာ ထွက်ပြီးလျှင် တောနက်ရာမြိုင်တန်း၌ ရဟန်းပြုလေ၏။

ဘုရားအလောင်းမင်းသား တောထွက်သွားပြီဟု ကြားကြသော လူပေါင်း **သုံးကုဋေ** တို့သည်လည်း ဘုရားလောင်းနောက်သို့ အတုလိုက်ကာ ရဟန်းပြုကြကုန်၏၊ အလောင်းတော်မြတ် ဗောဓိသတ်သည် ထိုသုံးကုဋေသော ရဟန်းတို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** ကို **ဆယ်လ** ကြာအောင် ကျင့်တော်မူပြီးသော် ဝိသာခါနက္ခတ်နှင့် စန်းမြတ်ယှဉ်ကြုံသော လ,ကဆုန် အပြည့်ရက်တွင် ဆွမ်းခံထွက်တော်မူသောအခါ **အနုပမ ပုဏ္ဏားရွာသူ** သဒ္ဓါဖြူသော သေဋ္ဌေးသမီး **အနောပမာ** သည် ဩဇာပြည့်လျှမ်းသော ဃနာနို့ဆွမ်းကို ဝမ်းပန်းတသာ ကပ်လှူလေရာ ကောင်းစွာ ဘုဉ်းပေးတော် မူပြီးလျှင် **အနောမ** မည်သော အာဇီဝကသည် သဒ္ဓါကြည်မြစွာ လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူလျက် **ထောက်ကြံ့ပင်** ဗောဓိသို့ ကြွတော်မူကာ သုံးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်ခင်းတော်နေရာကို သေချာစွာ ခင်းပြီးလျှင် သီတင်းသုံးတော်မူလေ၏၊ ကဆုန်လပြည့် နေဝင်ခါနီး အချိန်တွင် မာရ်စစ်သည်ကိုနှိမ်၍ ငြိမ်ဝပ်သွားသော အခါ အစဉ်အလာအတိုင်း ညဥ့်သုံးယာမ် သုံးပိုင်း၌ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးကို ကုံးထားသော ပုလဲပုတီးအနေ ရတော်မူလေ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပေ၏။

အနောမဒဿီ မြတ်စွာဘုရားသည် ဗောဓိပင်၏ အနီး၌ပင် ခရီးမထွက်သေးဘဲလေးဆယ့်ကိုးရက် သီတင်းသုံးတော်မူသောအခါ မဟာဗြဟ္မာကြီး တောင်းပန်အပ်သည်ကိုအကြောင်းပြု၍ ကောင်းမှုပါရမီ စုံညီပြည့်ဖြိုး အဘယ်ပုဂ္ဂိုလ်မျိုးကို တရားမိုးသွန်း အရင်ရွာရပါမည်နည်းဟု ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလတ်သော် ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုတော်မူကြကုန်သော ရဟန်းအပေါင်း သုံးကုဋေတို့ကို တွေ့မြင်တော်မူလေ၏၊ ထိုအခါ *အဇဋ္ဌာခရီးဖြင့် ကြွတော်မူ၍

* ကောင်းကင်ခရီးလမ်း။

ထိုရဟန်းတို့၏ နေရာ **သုဘဝတီမြို့** အနီး **သုဒဿနဥယျာဉ်** ကြီး၌ ခရီးမဆက် ဆင်းသက်တော်မူပြီးလျှင် ဘုရားရှင် ကိုယ်တော်မြတ်သည် ထိုရဟန်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ဗြဟ္မာ, လူ, နတ် ပရိသတ် အလယ်တွင် တင့်တယ်ပြုံးပြုံး သီတင်းသုံးတော်မူကာ **ဓမ္မစကြာ** ဒေသနာကို ကောင်းစွာ ဟောတော်မူလေလျှင် **ကုဋေတရာ** မျှသော သတ္တဝါ တစုတို့သည် အမြတ်သာဓုခေါ်ကာ လေးဘော်သော သစ္စာကို အမြစ်ပါမကျန် အပြန်အလှန် သိကြကုန်သတည်း။

ထိုအနောမဒဿီ မြတ်စွာဘုရား၏ နှစ်ပါးသော **အဂ္ဂသာဝက** တို့ကား **အရှင်နိသဘ** နှင့် **အရှင်အနောမ** တို့ဖြစ်၍ အလုပ်အကျွေး ရဟန်းကား **အရှင်ဝရုဏ** ဖြစ်တော်မူပေ၏၊ **သုန္ဒရီထေရီ** နှင့် **သုမနာထေရီ** နှစ်ပါးတို့ကား တပည့်မ မိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ**တို့ ဖြစ်ကြကုန်၍ **အရပ်တော်** မှာ **ငါးဆယ့်ရှစ်တောင်** မြင့်ပြီးလျှင် **အသက်တော်** ကား **အနှစ်တသိန်း** ရှည်တော်မူ၏၊ **ဓမ္မိက** မည်သော မင်းသည် အလုပ်အကျွေး ဒါယကာ **ဥပါသကာ** ပေတည်း။

ဂေါတမဘုရားအလောင်း ဘီလူးစစ်ဗိုလ်ကြီး အကြောင်း

နိမ့်တုံမြင့်တုံ **ဝဋ်တေးဘုံ** ဟူသကဲ့သို့ သံသရာဝဋ်ဘုံတွင် ကရွတ်မြုံအလား ခရီးသွားကြရသော သတ္တဝါအပေါင်းတို့သည် ကောင်းသော အမြင့်ဘဝမှာ ရံခါ ယုတ်ညံ့စွာသော ဇာတ်တရိုးမှာလည်းတမျိုး အဆိုဆိုး အပေပေ အနေမမှန် အခြေခံမကောင်းဘဲ သောင်းပြောင်းရောရာဖြစ်ရသည့်အားလျော်စွာ *ဂေါတမ ဘုရားလျာမှာလည်း သံသရာကမကျွတ်သေးဘဲ ဝဋ်ဘေးနှင့်ကြုံ၍ ဘုံအမျိုးမျိုး၌ ဖြစ်ရလေသောကြောင့် တရံတခါ သံသရာတွင် ပါရမီပြည့်ဝသော အလောင်းတော်ကြီးများပင် ဖြစ်သော်လည်း ဘဝဇာတ်၏ သဘောဇစ်ကို မည်သူမျှ တားမြစ်၍ မဖြစ်နိုင်သောကြောင့် လူ့ဘဝ၌ပင် ဖြစ်ရပါလည်း ဒွန်းစဏ္ဍား စသော ယုတ်ညံ့သည့် အမျိုးမှာပင် ညှိုးညှိုးငယ်ငယ် မဖွယ်မလှ ဖြစ်တော်မူရ

---

* ဂေါတမဘုရားအလောင်းတော်။



အလောင်းတော် ဘီလူးစစ်ဗိုလ်ကြီးသည် အနောမဒဿီ ဘုရားထံ ဗျာဒိတ်ခံယူခဏ်း။

ချေသေး၏၊ ထိုထက်ပင် အောက်တန်းကျ၍ ဆင်းရဲဒုက္ခကြီးလှသော အပါယ်က တိရစ္ဆာန်မျှလောက် ဘဝမျိုးကိုကား စာရင်းထိုး၍ပင် မပြနိုင်တော့ချေ၊အလွန် တရာ များလှပေ၏။

ဤသံသရာကြီး၌ ကြက်သီး ထလောက်၍ ကြောက်စရာ အလွန်ကောင်း သော အချက်တခုမှာလည်း ဤယခုဘဝကား လူ့ဘဝပင် ဖြစ်သော်လည်း နောင် သက်တမ်းစေ့၍ စုတေပြောင်းကာ သေရသော အခါ၌မူ မိမိတို့သန္တာန် ဝယ် မှုမှန် အချိုးကျသော် သစ္စာတရားကို မရကြသေးသည်ဖြစ်၍ လူ့ဘဝက စုတေလျှင် လူ့ဘဝသို့ပင် ပြန်ရောက်လိမ့်မည်ဟု မည်သူတဦးတယောက်မျှ မုချ မပြောနိုင်ချေ၊ ဤကဲ့သို့ ဖြစ်ရရိုးဓမ္မတာလည်း မရှိသောကြောင့် လူ့ဘဝမှ စုတေကြသော သူများကား အပါယ်လေးခွင်တွင် ငရဲဘုံသို့ ရောက်သူကား ရောက်ကြပေလိမ့်မည်၊ တိရစ္ဆာန်ဘုံသို့ ခုန်သူက ခုန်ကြရပေလိမ့်မည်၊ ပြိတ္တာ ဘဝသို့ သွားသူကလည်း သွားကြရပေလိမ့်မည်၊ အသုရကာယ်သို့ ညှိုးငယ်စွာ ရောက်သူကလည်း ရောက်ကြရပေလိမ့်မည်၊ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံ ကြသော ပုဂ္ဂိုလ်များသာလျှင် အထက်နတ်ရွာ သုဂတိသို့ ရောက်ရှိကြရ၍ သုခအမျိုးစုံကို အဖုံဖုံခံစားစံစား ကြရချေသည်၊ ထိုနတ်ပြည်လောက သံသရာ ဘုံဌာနကြီးသို့ရောက်၍ လောကီအာရုံ ကာမဂုဏ် အရပ်ရပ်ကို မပြတ်မလပ် ခံစားနေရသောကြောင့်လည်း စိတ်ဓာတ်မြောက်မြင့်၍ မမေ့လျော့သင့်သေး၊ အကြောင်းမူကား ၎င်းနတ်ပြည်၌လည်း ကာမဂုဏ် ဘက်မှာသာ အားသာ၍ အစားအစာကို မေ့လျော့နေကြပုံနှင့်ပင် အသက်ကုန်၍ နရက်ဘုံသို့ ရောက်နိုင် ကြပြန်လေသည်၊ ဤမျှလောက် ကြောက်ဘွယ် ကောင်းသော သံသရာ ကြီးမှ ငါတို့၏ ဘုရားအလောင်းတော်သည် မလွတ်ထွက် သေးသည်ဖြစ်၍ ထိုအနေ့ာမဒဿီဘုရား ထင်ရှားပွင့်တော်မူသော အခါ ကံဇာတနိမ့်ရှိုးလျက် ဘီလူးမျိုးမှာ ဖြစ်တော်မူရရှာသတည်း။

သို့ပါသော်လည်း ဘဝပေါင်းအနန္တတွင် ကြံသမျှပြုသမျှ ကုသလကောင်းမှု ရှိန်သည် တထိန်ထိန်တင့်၍ ပါရမီအချိန် မြင့်လာသော ပုဂ္ဂိုလ်ဖြစ်ရကား ဘီလူး

ဘဝမှာပင် ထူးလှစွာသော အရှိန်အာဏာသည် *ဝတိံသာဘုရင်နိုးနိုး ကြီးလှသည်ဖြစ်၍ ကုဋေတသိန်း တွက်ကိန်းသင်္ချာများလှစွာသော ဘီလူးအပေါင်းတို့၏ ဦးခေါင်းညွှတ်လျှိုး ရှိခိုးမှီခိုရာ **ဘီလူးစစ်ဗိုလ်ကြီး** ဖြစ်လေ၏၊ ထိုစစ်ဗိုလ်ကြီး အလောင်းမြတ်သည် တသောင်းခေတ် ကမ္ဘာတခွင်တွင် အာဏာရှင်ဖြစ်တော်မူသောဘုရား ထင်ရှားစွာပွင့်ကြောင်းကို ကောင်းစွာ ကြားသိရလေလျှင် အလွန်ပင် ကြည်ညို၍ "ဤလိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အား ဆည်းကပ်ဘို့အရေးသည် ဝန်လေးဘို့မသင့်ချေ"ဟု ကြံစည်စဉ်းစားကာ အတွင်းသား အပြင်သား ရတနာခုနစ်ပါးတို့ဖြင့် ထူးခြား သပ်ရပ်သော မဟာမဏ္ဍပ်ကြီးကို တခါတည်း ဖန်ဆင်းပြီးလျှင် အနောမဒဿီ မြတ်စွာဘုရားနှင့် သံဃာတော်များကို ပင့်၍ လှူသင့် လှူထိုက်သော အလှူသဘင်ကို ပြုစင်မြင့်မြတ် စိတ်ခေတ် ရွှင်ပြုံးစွာ ခုနစ်ရက်ပတ်လုံး ပြုလေ၏။

မြတ်စွာဘုရားသည် အလှူပွဲကြီးဆုံး၍ နိဂုံးကမ္ပတ် အပြီးသတ်သောနေ့၌ အနုမောဒနာတရားကို ဟောကြားတော်မူပြီးလျှင် "ဤ ဘီလူးစစ်ဗိုလ်ကြီးသည် အသင်္ချေတရပ်နှင့် တသိန်းကပ်လွန်သော ဘဒ္ဒကမ္ဘာ၌ အမြတ်တကာ့ မဟာဟု ဆိုအပ်သော ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ထူးဖြစ်၍ ညွန့်ဖူးဥက္ကဋ္ဌ **ဂေါတမဘုရားမြတ်**ဟု လောကခေတ်ကြီးအလယ်တွင် တင့်တယ်စွာ ပွင့်လတ္တံ့" ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ၏၊ ဤမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရသော အလောင်းတော် ဘီလူးသည် အထူးပင် အားရဝမ်းမြောက်လှသောကြောင့် ဗုဒ္ဓအခြေကောင်းဖြစ်သော ပါရမီအပေါင်းတို့ကို နာရီမပြောင်း အချိန်မနှောင်းဘဲ စိန်ကောင်း, မြကောင်းတို့ကို ကောက်ယူသည့်အလား ထောက်ကူသော ဝီရိယခေတ်အားကို အမြတ်ထားကာ ကြိုးကုတ်၍ အားထုတ်နေလေတော့သတည်း။

အနောမဒဿီ ဗုဒ္ဓဝင် ပြီး၏။

---

* သိကြားမင်း။

၈-ပဒုမ ဗုဒ္ဓဝင်

အနောမဒဿီ ဘုရားမြတ်သည် တရားခေတ်အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ အနှစ်တသိန်းကြာလေသော် ခန္ဓာခေတ်မကြွင်းကျန်သော ပရိနိဗ္ဗာန်စံမှုကို ပြုတော်မူပြီးနောက် သတ္တဝါတို့၏အသက်တမ်းသည်လည်း တဖြည်းဖြည်းဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ထိုမှတဖန် အသက်တမ်း ပြန်တက်လေလျှင် အသင်္ချေယျတမ်းသို့ ရောက်လေ၏၊ ထိုအသင်္ချေယျ တမ်းတွင် စည်းကမ်း ဖျက်ဖောက်၍ အရှက်အကြောက် ကင်းကုန်သော သတ္တဝါခပင်းတို့ကြောင့် ရှိရင်းဖြစ်သော အသက်တမ်းမှ ယုတ်လျော့ လာပြန်လေသည်ရှိသော် အသက်တသိန် တမ်းသို့ ရောက်လေ၏၊ ထို အသက်တသိန်းတမ်းတွင် **ပဒုမဘုရားလောင်း** ဖြစ်သော သူတော်ကောင်း နတ်သားသည် တုသိတာနတ်ပြည်မှစုတေ၍ လူ့ပြည်ဖြစ်သော **စမ္ပကမြို့** တွင် မချိုကိုလို အာဏာဂုဏ်နှင့်ပြည့်စုံသော **အသမမင်း** ၏ သက်နှင်းဒေဝီ မဟေသီဖြစ်သော **အသမာ** မိဖုယား၏ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏၊ အချိန်အခါ စေ့ရောက်၍ ဆယ်လမြောက်သောအခါ အလောင်းတော် သားရတနာကို **စမ္ပကဥယျာဉ်** ၌ ဘွားလာတော် မူပေသတည်း၊ အလောင်းတော်မင်းသား ဘွားသောအခါ၌ ပင်လျှင် ကောင်းကင်ပြင်တခုလုံးမှ ရှုမဆုံးနိုင်ဘွယ် အသွယ်သွယ်သော ပဒုမာကြာမိုးကြီးသည် သည်းထန်စွာ ရွာကြဲ၍ အလောင်းတော်ကို ပူဇော်ပွဲကဲ့သို့ ပြုလေ၏၊ သို့ကြောင့် အလောင်းတော် မင်းသားကို အမည်မှည့်သောအခါ **မဟာပဒုမ** မင်းသားဟု အများခေါ်ဝေါ်စရာ အမည်သညာကို ပေါ်လွင်စွာ မှည့်ခေါ်ကြကုန်၏။

အလောင်းတော် မဟာပဒုမမင်းသားသည် အစဉ်အားဖြင့် ကြီးပွားတော်မူလတ်သော်* **နန္ဒုတ္တရပြာသာဒ်,ဝသုတ္တရပြာသာဒ်,ယသုတ္တရပြာသာဒ်** ဟူသော ရွှေနန်းပြာသာဒ်သုံးဆောင်တို့၌ **ဥတ္တရာဒေဝီ** မင်းသမီးကို ရင်းနှီးသော ချစ်ခြင်းအားဖြင့် မိဖုယားကြီးအရာ၌ ထား၍ အချော့ကောင်း အမြူကောင်း **သုံးသောင်း သုံးထောင်** သော မောင်းမဗြွေရံ အပေါင်းတို့ဖြင့် နား မျက်စိ မညောင်းအောင် ခံစားတော်မူနေရာ အနှစ် **တသောင်း** ကြာ လေ၏၊ ထိုအခါ ဥတ္တရာဒေဝီ မိဖုယားကြီး၌ ရမ္မ မည်သော သားရတနာသည် ဘွားမြင်လာသည် ရှိသော် နိမိတ်ကြီးလေးတန် နတ်တမန်တို့ကိုလည်း တွေ့မြင်ပြန်သည်ဖြစ်၍ **အာဇာနည်မြင်း က,သောရထား**ဖြင့် တောထွက်တော်မူလေသတည်း။

အလောင်းတော်မင်းသား တောထွက်သွားကြောင်းကို ကြားသိကြရသော ယောကျ်ားအပေါင်းတကုဋေတို့သည်လူ့ပြည်ကိုငြီ ငွေ့၍ထိုနေ့မှာပင်အလောင်းရှင် နောက်သို့လိုက်ကာ ဖန်ဝါသက်န်းကို ဆင်မြန်းဝတ်ရုံ၍ ရဟန်းပြုကြကုန်၏၊ အလောင်းတော်သည် ထိုတကုဋေသော ရဟန်းအပေါင်းတို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** ကို **ရှစ်လ** ကြာအောင် ကျင့်တော်မူလေလျှင် စန်းမြတ်နှင့် ဝိသာခါ နက္ခတ် ယှဉ်လတ်သော ကဆုန်လပြည့်နေ့၌ ဧညဝတီ ပြည်သူဖြစ်သော သေဌေး သမီး **သုဧညဝတီ** သည် ကြည်လင်သောသဒ္ဓါဖြင့် ကောင်းစွာ လှူဒါန်းအပ်သော နို့ဃနာဆွမ်းမြတ်ကို ဘုဉ်းပေးတော်မူလတ်၍ ထိုအရပ်မှ ဖဲလေလျှင် **တိတ္ထက** မည်သော အာဇီဝကသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူကာ အပရာဇိတမည်သော **ကြောင်လျှာပေါစိပင်မြတ်**သို့ ချဉ်းကပ်တော်မူလေ၏၊ ကိုယ်တော်မြတ်၌ပါလာသော မြက်အပေါင်းတို့ကို ကောင်းစွာဖြန့်ခင်းလေလျှင် သုံးဆယ့်ရှစ်တောင် အလျားရှိသော နေရာတော်သည် ဖြစ်ပေါ်၍ လာလတ်၏၊ ထိုနေရာထက်၌ ငြိမ်သက်သော သမာဓိမဏ္ဍိုင်ကို ခိုင်ခိုင်ကြီး ထားလျက် လက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏၊အနောက် ဂေါယာကျွန်းသို့ နေယွန်းမည့်ဆဲဆဲ မာရ်စစ်သည် တိုက်ပွဲကို ရိုက်ဆွဲ၍ ပစ်သကဲ့သို့ အမြစ်ပါမကျန်ရအောင် အနန္တ

---

* ဥတ္တရပြာသာဒ်။ (မှတ်)

ပါရမီဘုန်းတို့ဖြင့် လုံးလုံးကြီး အောင်မြင်တော် မူပြီးသော် ညဥ့်သုံးယာမ် အတွင်း အလင်းခေတ် ဝိဇ္ဇာဉာဏ်ကို ဝေဘန်ချင့်မြော် ရတော်မူ၍ နံနက် မိုးသောက်လျှင်ပင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသတည်း။

ပဒုမမြတ်စွာဘုရားသည် တရားတည်းဟူသော အလင်းခေတ် သဗ္ဗညုတဉာဏ် မြတ်ကို ရတော်မူလတ်၍ ပင်မြတ်ကြောင်လျှာ မဟာဗောဓိအနီးမှာပင် (သတ္တ သတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး နဝရတ်ကိုးကို သီသကဲ့သို့ ညီမျှစွာသီတင်း သုံးတော် မူလေ၏၊ ထိုအခါ မဟာဗြဟ္မာကြီး တောင်းပန်သည်ကို ဝန်ခံတော် မူလျက် တရားဟောထွက်လိုသည်ဖြစ်၍ အဘယ်မည်သော ပုဂ္ဂိုလ်ထူးတို့အား တရားဦးကို ဟောကြားရပါအံ့နည်းဟု ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသောအခါ ကိုယ်တော်မြတ်နှင့်အတူ ကြည်ဖြူရှင်လန်းစွာ ရဟန်းပြုကြကုန်သော ရဟန်း ပေါင်း တကုဋေတို့ကို မြင်တော်မူလေလျှင် ကောင်းကင်ခရီးဖြင့် ကြွတော် မူကာ ထိုရဟန်းတို့နေရာ **ဓညဝတီ** မြို့အနီး **ဓနဥယျ** မည်သော ဥယျာဉ်ကြီး၌ ခရီးမဆက် ဆင်းသက်တော်မူ၍ ထိုရဟန်းအပေါင်းတို့၏ ခညောင်း ဝန်းရံသော အလယ်တွင် တင့်တယ် ရှင်ပြုံး သီတင်းသုံးတော်မူကာ **ဓမ္မစကြာ** ဒေသနာကို သေချာဂန ဟောပြတော်မူလေလျှင် **ကုဋေပေါင်းတရာ** မျှရှိသော နတ်, လူ အများတို့သည် သစ္စာလေးပါးကို သိမြင်သော တရားရှင်တွေချည်း ဖြစ်ကြ ကုန်၏။

ပဒုမ မြတ်စွာဘုရား၏ သားတော်ကြီး ဖြစ်ကြကုန်သော **အဂ္ဂသာဝက** တို့ ကား **အရှင်သာလ** နှင့် **အရှင်ဥပသာလ** တို့ ဖြစ်ကြ၍ **အရှင်ဝရုဏ** ကား **အလုပ် အကျွေး** ရဟန်းတော်တည်း၊ **ရာဓာထေ ရီ** နှင့် **သုရာဓာထေရီ** တို့ကား တပည့်မ မိန်းမမြတ်ဖြစ်ကြသော **အဂ္ဂသာဝိကာ** တို့တည်း၊ **ဘိယျဒါယကာ** နှင့် **အသမ ဒါယကာ** တို့သည်ကား အလုပ်အကျွေး **ဥပါသကာ** တို့ ဖြစ်ကြ၍ **ရုစီဒါယိကာမ** နှင့် **နန္ဒရာမာဒါယိကာမ**တို့သည် အလုပ်အကျွေး **ဥပါသိကာမ** တို့ ဖြစ်ကြကုန်၏၊ **အရပ်တော်** သည် **ငါးဆယ့်ရှစ်တောင်** မြင့်တော်မူ၍ **အနှစ်တသိန်း** အသက်

သုဓမ္မဝတီ (ခ) ၂၈၁–၁၂

ရှည်တော်မူလျက် ကိုယ်တော်မြတ်၏ **ရောင်ခြည်** တော်တို့သည်ကား **အရပ်ဆယ်မျက်နှာ** ထိန်လင်း၍ စိန်အဆင်း မြအဆင်းမက နေမင်း, လမင်း တို့၏ အရောင်ထက်ပင် တောက်ပြောင်တော် မူကြလေကုန်သတည်း။

ဂေါတမဘုရားအလောင်း ခြင်္သေ့မင်း အကြောင်း

တနေ့သောအခါ ပဒုမ မြတ်စွာဘုရားသည် သာယာညို့မှိုင်း၍ ရှုလိုက်တိုင်း အရောင်စိုသဖြင့် တောင်ညို တောင်ဝိုင်းတို့ဖြင့် ရစ်သိုင်းကာရံကာ မဟာဆန်သော သူတို့ပင်သော်လည်း ပျော်ပျော်ပြုံးပြုံး စိတ်နှလုံး ရွှင်လန်းစေနိုင်၍ သဇင်ပန်း ဂမုန်းခိုင်တို့၏ တကြိုင်ကြိုင်သော ရနံ့ဖြင့် သင်းပျံ့မွှေးထုံ ရဂုံသာမော တောအုပ်ကြီးအရပ်၌ ဝါကပ်တော်မူလေ၏၊ မြတ်စွာဘုရားသည် ဆင်, ကျား, ဆိတ်, ကျွဲ မှစ၍ အနဲနဲသော တောတိရစ္ဆာန်တို့၏ မျက်လုံးကို ရွှင်ပြုံးစေလျက် နှစ်သက်ဘွယ်သော အဆင်းကို ဆောင်ကာ သီတင်းသုံးနေတော်မူစဉ် အတွင်း **ခြင်္သေ့မင်း** ဖြစ်သော **ဂေါတမ ဘုရားအလောင်း** တော်သည် ဘုရားရှင် သီတင်းသုံးတော်မူရာဖြစ်သော တောဂနိုင်ဝယ် အာဏာပိုင်သခင် သားအပေါင်းတို့၏ အရှင်ဖြစ်လေ၏၊ ပဒုမမြတ်စွာဘုရားသည် နိရောဓသမာပတ်ကို ခုနစ်ရက်ပတ်လုံး ဝင်စားတော် မူလေလျှင် ခြင်္သေ့မင်း မြင်လတ်၍ အရှင်ခေတ် တည်းဟူသော သဒ္ဒါရောင်သည် ထွန်းပြောင်ဝင်းတောက်ကာ လွန်စွာ ဝမ်းမြောက်လေရကား မြတ်စွာဘုရားကို စောင့်ရှောက်ခြင်းငှါ သုံးကြိမ် သုံးခါ ဟောက်လျက် အစာရှာမထွက်ဘဲ အသက်ကို စွန့်တော့အံ့ဟု ကြံပြီးလျှင် ကြည်လင်သော ဘုရားအာရုံကို စိမ့်ထုံသော ပီတိဖြင့် ဆီထိသော ဂွမ်းဝါကဲ့သို့ ဝမ်းသာရွှင်ပြုံး တအိအိကြွသော ဘဝင်နှလုံးဖြင့် လူသုံးပါးတို့၏ အဓိပတိဖြစ်သော မုနိချစ်ရှင် ဘုရားသခင်ကို အနားတွင် ဆည်းကပ်၍ နီးနီးစပ်စပ် စောင့်ရှောက်ကာ နေလေ၏။



အလောင်းတော် ခြသေ့်မင်းသည် ပဒုမဘုရားထံ ဗျာဒိတ်ခံယူတော်မူခဏ်း။

ဝါသနာဘာဂီ ဆက်တိုင်းမှီ ဟူသော စကားကဲ့သို့ ရှေးရှေးသောဘဝ ရှေးရှေးသော အခါတို့က ပါရမီမျိုးစေ့ဘို့ကို တိုး၍ တိုး၍ ဖြည့်ဘူးသောသူသည် ဘဝ အဆက်ဆက်၌လည်း ဝါသနာ အငွေ့အသက်မကုန် ထုံပြီးသားဖြစ်သည် အားလျော်စွာ ပါရမီကုသိုလ်ကို ပြုလိုသော သဒ္ဓါအရှိန်သည် မိုးသံးတိမ်ကင်း သော နေမင်းကဲ့သို့ တဝင်းဝင်း တောက်လာနိုင်လေ၏၊ ထို့အတွက် မည်သည့် ပုဂ္ဂိုလ်မဆို မိမိတို့ အဇ္ဈတ္တသန္တာန်ဝယ် ကုသိုလ်ပါရမီ အဆောက်အဦတို့ကို ပြုလိုသောဆန္ဒ ပြုလုပ်ချင်သော အာသာကို အခါခါ မွေးမြူသင့်ကြပေ၏။

မြတ်စွာဘုရား သာသနာတော်တည်းဟူသော ခေတ်ကောင်း ကာလ ကောင်းကြီးမှာသာ ဤဝါသနာမျိုးကို စိုက်ပျိုးရန်လွယ်ကူလေသည်၊ သာသနာ ကွယ်ပသော အခါကာလတို့၌မူ ကုသိုလ်ကို ပြုလိုသောစိတ်သည် အနှစ်တရာမှာ တခါဖြစ်ဘို့ရန် ခဲယဉ်းပေ၏၊ ရှေးရှေးသော ဘဝပေါင်းများစွာက စုဆောင်း ဆည်းပူးလာသော ပါရမီကုသိုလ် အရှိန်အဝါ ဝါသနာတို့ကြောင့်သာ ဤဘဝ ဤအခါ၌ ဤဝါသနာမျိုးသည် လွယ်ကူစွာ ဖြစ်ပေါ်လာတတ်ချေ၏။

ထို့အတွက် နိဗ္ဗာန်မရမီ ကျင်လည်လေရာ များစွာသောဘဝတို့၌ ပါရမီပုညသမ္ဘာရကို အားပါးတရ ပြုလိုကြသော သူအပေါင်းသည် ခေတ်ကောင်းကာလ ကောင်းဖြစ်သော ဤဘုရားသာသနာတော်ဝယ် သူတပါးထက် ထူးအောင် ရှေးဦးစွာ ဆည်းပူးသင့်ကြပေ၏၊ အလောင်းတော်ကြီးများမှာ ယုတ်ညံ့သော တိရစ္ဆာန် ဘဝမျိုးမှာပင် ညှိုးငယ်စွာ ဖြစ်ရပါသော်လည်း အဘိုးတန်သော ကုသိုလ်ကို ပြုလိုသောဆန္ဒဖြစ်ပေါ်ပုံမှာ ဤဝတ္ထုကို ထောက်ထား၍ ခြားနားစွာ သိသင့်ပေသတည်း။

ပဒုမမြတ်စွာဘုရားသည် ခုနစ်ရက်လွန်လတ်၍ နိရောဓသမာပတ်မှ ထတော်မူလေလျှင် ခြင်္သေ့ကြီးကို မြင်တော်မူ၍ "ရဟန်းသံဃာအပေါင်းကို ဤခြင်္သေ့ ကြီးမြင်လျှင် ကြည်လင်သောစိတ် တဖိတ်ဖိတ် ဖြစ်စေသတည်း၊ ယခုအခါ ရဟန်းသံဃာလည်း ကြွလာစေသတည်း" ဟူသော စိတ်အကြံဖြင့် အဓိဋ္ဌာန်

ပြုတော်မူလိုက်သောအခါ ကုဋေမက များလှစွာသော ရဟန်းသံဃာတို့လည်း ကြွလာတော်မူလေ၏၊ အလောင်းတော် ခြင်္သေ့မင်းသည် ရှင်ရင်းထံပါး၌ခစား ဝင်ရောက်ကြသော ရဟန်းသံဃာတော်တို့ကို ကြည်ညိုသော စိတ်ဓာတ်သည် တဖြတ်ဖြတ် တပြုံးပြုံး လှိုင်းလုံးကြီးအိသကဲ့သို့ ပီတိပန်းနုံ့ကြိုင်ကာ တလှိုင်လှိုင် ဖြစ်၍နေလေ၏၊ ထိုအခါ မြတ်စွာဘုရားသည်“ဤခြင်္သေ့မင်းကား သံဃာတော် များ၌ စိတ်ထားကြည်လင်၍ သဒ္ဓါဓာတ်ရှင်ချေပြီဟု သိတော်မူလျှင် ခြင်္သေ့ ကြီးကိုကြည့်ကာ “နောင်သောအခါ ဘဒ္ဒကမ္ဘာအတွင်းဝယ် ဤခြင်္သေ့မင်းသည် တုဘက်ကင်းသောဘုရား ထင်ရှားဖြစ်လတ္တံ့” ဟူသော ဗျာဒိတ်စကားကို မိန့် ကြားတော်မူလေ၏၊ဂေါတမဘုရားအလောင်းဖြစ်သော သူတော်ကောင်း ခြင်္သေ့ မင်းကြီးသည် ပဒုမမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားလေလျှင် နား၀ တွင် သကာလောင်းသကဲ့သို့ အခါပေါင်းများစွာ ချိုမြိန်၍ နဂိုအရှိန်ထက် ကြီးစွာသော ဝီရိယဓာတ်စက်ကို ခတ်သွက်သွက် ဆော်နှိုးကာ ကြိုးစား ဆောက်တည်တော်မူပြီးလျှင် အဟိတ်မျိုးနွယ် စိတ်တန်ခိုးငယ်စွာပင် ဖြစ်ရပါ သော်လည်း အလောင်းတော် ခြင်္သေ့မင်းကြီးမှာ ရှေးရှေးသော ပါရမီတန်ခိုး တို့က အမျိုးမျိုး နှိုးဆွအပ်လေသောကြောင့် ပါရမီဆယ်ပါးတို့တွင် တိရစ္ဆာန် ဘဝနှင့် သင့်လျော်လျောက်ပတ် ကောင်းမြတ်သော ပါရမီတို့ကို နာရီ, မိနစ် အချိန်မလစ်စေဘဲ ချစ်မြတ်နိုးစွာ အားထုတ် ဆည်းပူးတော်မူလေသတည်း။

ပဒုမ ဗုဒ္ဓဝင် ပြီး၏။

၉ - နာရဒ ဗုဒ္ဓဝင်

ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာတော်လည်း ကွယ်ပျောက်လတ်သော် အနှစ်တသိန်း အသက်တမ်းသည် တဖြည်းဖြည်း ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်ပြီးလျှင် ထိုနောက်တဖန် တက်၍လာပြန်သော် အသင်္ချေယျ အသက်တမ်းသို့ ရောက်လေ၏၊ ထိုအသင်္ချေယျ အသက်တမ်းမှ ဆုတ်မှန်းမသိ တတိတိ ဆုတ်လာလေလျှင် **အသက် တသိန်းတမ်း** သို့ ရောက်လေ၏။

ထို အနှစ်တသိန်း အသက်တမ်းတွင် **နာရဒဘုရားအလောင်း** ဖြစ်သော သူတော်ကောင်းနတ်သားသည် တုသိတာနတ်ပြည်မှ စုတေခဲ့၍ **ဓညဝတီမြို့**တွင် ထီးနန်းစည်းစိမ်ကို တင်းတိမ်နိုင်ဘွယ် မရှိအောင် ခံစားကာနေသော **သုဒေဝ** မင်းမြတ်၏ ယမင်းဇာတ်တော်ဝင် အမြော်အမြင်ကြီးသော **အနောမာဒေဝီ** မိဖုယားကြီး၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူကာ ဆယ်လကြာလျှင် **မနုဿယ** ဥယျာဉ်၌ ဘွားမြင်တော်မူလေ၏၊ အလောင်းမင်းသား၏ အမည်ကို မှည့်အံ့သောနေ့၌ ၎င်း မင်းသားကလေး၏ ဂုဏ်ဟိတ် ပုဗ္ဗနိမိတ် အားလျော်စွာ မွေးဘွားတော်မူသော အခါဝယ် ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသား တို့၏ သုံးဆောင်ခြင်းငှါ ဝတ်စားတန်ဆာ ဟူသမျှတို့သည် ကောင်းကင်အပြင် ပဒေသာပင်မှ ကျကုန်သည်ဖြစ်၍ အလောင်းတော်ကလေးသည် လူအများတို့၏ အသုံးအဆောင် ဝတ်စားတန်ဆာကို ဝမ်းသာ ရွှင်ပြုံး နှလုံးအေးအောင် ပေးတတ်သော အကြောင်းထူးကြောင့် **နာရဒ** ဟူသော အမည်ကို မှည့်ကြ ကုန်၏။

အလောင်းတော်နာရဒမင်းသားသည် **ဝိဇိတပြာသာဒ်, ဝိဇိတာဝိပြာသာဒ်, ဝိဇိတာဘိရာမပြာသာဒ်** ဟူသော ရွှေနန်းရပ် သုံးဆောင်တို့၌ ပြုံးယောင်

ရယ်ယောင် မျက်တောင် မျက်ခုံးတို့ဖြင့် တသက်လုံး ရှုစဘွယ် အညု အဆွယ် ကောင်းလှသော မောင်းမပေါင်း တသိန်း နှစ်သောင်းတို့ အလယ်တွင် စပယ် ပင် သဇင်ဂမုန်းကဲ့သို့ အယဉ်ဆုံးဖြစ်သော **ဝိဇိတသေနာ** မင်းသမီးကို အရင်း အနှီးဆုံး မိဖုယားကြီးအရာ၌ ထားကာ **အနှစ်ကိုးထောင်** ကြာအောင် လွန်စွာ မွေ့လျော်ဘွယ် ကောင်းသော စည်းစိမ်အပေါင်းကို နှစ်ထောင်းမြိန်ယှက်စွာ ခံစားကာ နေလေသတည်း။

လောကီသုခတွင် အတုလဖြစ်သော စည်းစိမ်ကို တင်းတိမ်ခြင်း မရှိအောင် ခံစားနေဆဲတွင် ရွှေခဲ, မြခဲ တနှုန်းကဲ့သို့ ရှုမဆုံးနိုင်ဘွယ်သော အဆင်းဖြင့် တဝင်းဝင်း လှပသော ဝိဇိတသေနာ မိဖုယားကြီးမှ **နန္ဒုတ္တရ** မည်သော သတို့သားကို ဘွားမြင်, နိမိတ်ကြီးလေးပါးလည်း ထင်လာသည်ဖြစ်၍ စစ်သည် တော်တပ်သား များစွာတို့ဖြင့်ခြံရံကာ ရတနာအမျိုးမျိုး အဘိုးထိုက် တန်ဆာ ကို ကောင်းစွာဆင်မြန်းလျက် မြေပြင်တွင် **ခြေလျင်လျှောက်ကာ** မင်္ဂလာ ဥယျာဉ်တော်သို့ ကြွသွားတော်မူလေ၏၊ ဥယျာဉ်တော်သို့ရောက်လျှင် ဝတ်ဆင် လာသော တန်ဆာတို့ကို ချွတ်ကာ ဘဏ္ဍာစိုးလက်တွင်းသို့ အပ်နှင်းပြီးလျှင် ကိုယ်တော်မြတ်၏ ရောင်ထုံးဥသျှောင်ကို တလျှပ်လျှပ်ပြောင်သော သန်လျက် ဖြင့် ဖြတ်တောက်၍ ကောင်းကင်သို့ ပစ်မြှောက်လိုက်လေ၏၊ သိကြားမင်းသည် အလောင်းမင်းသား၏ ဆံတော်များကို ရွှေပန်းတောင်းဖြင့် ခံယူကာ တာဝတိံ သာ နတ်ပြည်သို့ ဆောင်ယူပြီးလျှင် သုံးယူဇနာ အစောက်မြင့်၍ ရတနာဖြင့် ပြီးသော စေတီကို တည်ထားလေသတည်း၊ အလောင်းတော်မြတ်သည် နတ်တို့ ကပ်လှူသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူကာ ရဟန်းပြုတော်မူလေသော် လူအပေါင်း **တသိန်း** တို့သည်လည်း ဘုရားအလောင်းတော်သို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏။

အလောင်းတော်မြတ်သည် ထိုမင်္ဂလာ ဥယျာဉ်တော် အရပ်၌ပင် **ခုနစ်ရက်** ပတ်လုံး သီတင်းသုံးကာ **ဒုက္ကရစရိယာ** ကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ တွင် **ဝိဇိတသေနာဒေဝီ** မင်းသမီး လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေး တော် မူပြီးသော် **သုဒဿန** မည်သော ဥယျာဉ်စောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ယူကာ **ကြောင်လျှာပင်** ဗောဓိ၌ ငါးဆယ့်ရှစ်တောင် အပြန့်



နာရဒ ဘုရားအလောင်း မင်းသား ခြေလျင်ကြွ၍ တောထွက်တော်မူခဏ်း။

ကျယ်သော မြက်အခင်းကို ခင်းပြီးလျှင် တင်ပလ္လင်ဖွဲ့ခွေ သီတင်းသုံး နေတော်မူလေ၏၊ မာရ်ရှိစစ်သည်ကို အောင်မြင်၍ ညဉ့်သုံးယာမ်တွင် ဝိဇ္ဇာသုံးပါးကို ရတော်မူကာ သယမ္ဘူအစစ် သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူလေသတည်း။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် ဗောဓိပင်၏ အနီးမှာပင် (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက် သီတင်းသုံးတော်မူ၍ ဖြဟ္မာမင်း တောင်းပန်အပ်သည်ကို ဝန်ခံတော်မူပြီးသော် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော် မူကြကုန်သောသူတို့နှင့်တကွ နတ်,ဗြဟ္မာ အများတို့အား **ဓနုဥယျ** ဥယျာဉ်မှာပင် ဓမ္မသဘင်ကို ဆင်ယင်တော်မူကာ **ဓမ္မစကြာ** ဒေသနာကို ဟောတော်မူရာ **ကုဋေတသိန်း** မျှသော သူတို့သည် သစ္စာလေးပါးကို ထင်ရှားစွာ သိမြင်တော်မူကြကုန်၏။

နာရဒဘုရားရှင်၏ **အဂ္ဂသာဝက** ဖြစ်သော တပည့်မြတ် အစုံတို့ကား အရှင် **ဘဒ္ဒသာလ** နှင့် အရှင်**ဇိတမိတ္တ** တို့ ဖြစ်ကြ၍ အရှင်ဝါသေဋ္ဌ ကား **အလုပ်အကျွေး** ရဟန်းပေတည်း၊ **ဥတ္တရာထေရီ** နှင့် **ဖဂ္ဂုနီထေရီ** နှစ်ပါးတို့ကား **အဂ္ဂသာဝိကာ** ဖြစ်သော တပည့်မ မိန်းမမြတ်အစုံတို့ ဖြစ်ကြ၍ အလုပ်အကျွေး **ဥပါသကာ** တို့မှာ **ဥဂ္ဂရိန္ဒဒါယကာ** နှင့် **ဝသဘဒါယကာ** တို့တည်း၊ အလုပ်အကျွေး **ဥပါသိကာမ** တို့သည်ကား **ဣန္ဒာဝရီဒါယိကာမ** နှင့် **ဝဏ္ဏီဒါယိကာမ** နှစ်ယောက်တို့ ဖြစ်ကြကုန်၏၊ ကိုယ်တော်မြတ်၏ **အရပ်တော်** ကား ရှစ်ဆယ့်ရှစ်တောင် ရှိ၍ **ကိုယ်တော်ရောင်** မှာ **တယူဇနာ** တိုင်တိုင် အမြဲပြန့်နှံ့၍ တည်၏၊ **အသက်တော်** ကား နှစ်ပေါင်း **ကိုးသောင်း** တည်း။

ဂေါတမ ဘုရားအလောင်း သူတော်ကောင်းရသေ့ အကြောင်း

နာရဒမြတ်စွာဘုရားသည် လောကတလွှားတွင် အထင်အရှား ပွင့်တော်မူစဉ် ဂေါတမဘုရားရှင် ဖြစ်လတ္တံ့သော အလောင်းတော်သည် ဟိမဝန္တာ တောတန်း ကျောင်းသင်္ခမ်း၌ ရသေ့ရဟန်းတို့၏ ကျင့်လမ်း ကျင့်စဉ်ကို တွင်တွင် ကြီးအားထုတ်တော်မူသော် အဘိညာဉ်စျာန်ရ ရသေ့ ဖြစ်တော်မူလေသတည်း၊

နာရဒဘုရားမြတ်သည် တရားခတ် ကိန်းအောင်းသော **အလောင်းတော်** ရသေ့မြတ်ကို သနားခတော်မူသော ကရုဏာခတ် တိုက်တွန်းတော် မူအပ်သည် ဖြစ်၍ ကုဋေရှစ်ဆယ်သော ရဟန္တာတို့နှင့် ကုဋေတရာသော အနာဂါမ် ဥပါသကာတို့ ခြံရံကာ အလောင်းတော်နေရာ ကျောင်းသခ်မ်းသို့ ကြွမြန်းတော် မူလေ၏။

အလောင်းတော် ရသေ့သည် မြတ်စွာဘုရားနှင့် တပည့်သား အပေါင်းတို့ကို မြင်တွေ့လျှင် ရွှင်မွေ့ဝမ်းမြောက်တော် မူလှသည်ဖြစ်၍ သီတင်းသုံးတော်မူရန် နေရာ ကျောင်းများကို အကောင်းစား ပထမတန်း ဖန်ဆင်းတော်မူကာ သံဃာတော်များနှင့် တကွ ဘုရားရှင်အား ပင့်တင်လှူဒါန်းလေ၏၊ အလောင်းတော်သည် ညဥ့်သုံးယာမ်ပတ်လုံး အမြတ်ဆုံးဖြစ်သော ဘုရားဂုဏ်ကို စုံလင်အောင် လျှောက်ထားကာ မြတ်စွာဘုရားနှင့်သာ စကားပြော၍နေလေ၏၊ အလောင်းတော်ရသေ့သည် ဘုရား, တရား, သံဃာ ရတနာသုံးပါးနှင့်သာ တညဥ့်လုံး အချိန်ကုန်၍ စိန်ပုံပေါ် ရောက်သွားသော ယောကျ်ားနှင့် မခြားပင် ဥတ္တရကုရုမည်သော မြောက်ကျွန်းသို့ သွား၍ ဆွမ်းများကို ဆောင်ကြဥ်းယူငင်ပြီးလျှင် ဖြူစင်သောသဒ္ဓါခတ်ဖြင့် ဆက်ကပ်လှူဒါန်းလေ၏။

၎င်းအတူ ခုနစ်ရက်ပတ်လုံး ရွှင်ပြုံးကြည်ဖြူ အလှူကြီး ပေးလှူပြီးလျှင် ခုနစ်ရက်မြောက်သော နောက်ဆုံးရက်၌ ဟိမဝန္တာမြိုင်ယံတွင် အဘိုးအတန်ဆုံး ဖြစ်သော စန္ဒကူးနီကို ဆောင်ယူ၍ မြတ်စွာဘုရားအား လှူဒါန်းလေ၏၊ နာရဒ မြတ်စွာဘုရားသည် အနာဂတံသဉာဏ်တော်ဖြင့် ရှုစားတော်မူပြီးလျှင် "၎င်းရှင်ရသေ့သည်ကား နောင်သောအခါ ငါကဲ့သို့ပင် လောကတွင် ထင်ရှားသော **ဂေါတမဘုရား** ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော် မူလေသတည်း၊ အလောင်းတော် ရသေ့မြတ်သည် မိန့်အပ်သော ဗျာဒိတ်စကားကို ကြားရလျှင် များစွာပင် ဝမ်းမြောက်၍ ယနေ့, နက်ဖြန်လောက်မှာပင် ရတော့မည်ကဲ့သို့ စိတ်ကြည် ရွှင်မြူး အထူးအားတက်၍ နေလေ၏၊ အလောင်းတော်မှာလည်း မယုတ်သော ဈာန်သမာပတ်ဖြင့် စုတေလတ်သော် အထက်ရပ် ပြဟ္မာ့ဘုံသို့ ကျော်ခုန်ကာ သွားလေသတည်း။

နာရဒ ဗုဒ္ဓဝင် ပြီး၏။

၁၀-ပဒုမုတ္တရ ဗုဒ္ဓဝင်

နာရဒမြတ်စွာဘုရားသည် နှစ်ပေါင်း ကိုးသောင်းပတ်လုံး အဆုံးမရှိသော သတ္တဝါအပေါင်းတို့အား တရားကောင်း အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ပရိနိဗ္ဗာန် ဝင်စံကြွသွားသောအခါ သာသနာတော်လည်း တဖြည်းဖြည်း ကွယ်ပျောက်၍ အနောက် ဂေါယာကျွန်းသို့ ယွန်းသော နေမင်းကြီးသဖွယ် ကွယ်ခဲ့လေသတည်း၊ နာရဒဘုရား ပွင့်တော်မူရာ ဝရကမ္ဘာကြီးသည်လည်း ဓမ္မတာလမ်းကို မကျော်လွှမ်းနိုင်သည်ဖြစ်၍ ကုန်ခန်း ပျက်ကြေ ပြီးနောက် အသင်္ချေတခုလုံးလုံး ဘုရားမပွင့်ဘဲ သုဉ်းလေ၏၊ ထို့နောက်မှ **သာရကမ္ဘာကြီး** တခု ပေါ်ပေါက်လာလေ၏၊ ယင်း သာရကမ္ဘာ **အသက်တသိန်းတမ်း** အခါတွင် သမ္ဘာရှင်ဖြစ်သော **ပဒုမုတ္တရဘုရားအလောင်းတော်**မြတ်သည် တုသိတာနန်းရပ်မှ စခန်းဇာတ် သိမ်းတော်မူကာ လူ့ပြည်သို့ စုတေလာပြီးလျှင် **ဟံသဝတီ** နေပြည်ကြီးကို စည်ထီးခရိုင် ပိုင်စံတော်မူသော **အာနန္ဒ** မည်သော မင်းရာဇာ၏ အဆင်းပဘာဂုဏ်နှင့် ပြည့်စုံသော **သုဇာတာဒေဝီ** မိဖုယားကြီး၏ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူလေသတည်း၊ အလောင်းတော် သန္ဓေသည် ဆယ်လပြည့်သောအခါ မင်္ဂလာရှိသော **ဟံသဝတီဥယျာဉ်** ၌ ဘွားမြင်တော် မူလေလျှင် အဇဋ္ဌာပြင် မိုယ်းကောင်းကင်မှ အလွန်ပင်ထူးဆန်းသော **ပဒုမာပန်း**.မိုဃ်းသည် သွန်းဖြိုးရွာချလေ၏၊ ဤ အတိတ်ထူး, နိမိတ်ထူး မဖြစ်ဘူးသော အကြောင်းကို စွဲ၍ အမည်မှည့်သောပွဲကြီး၌ အလောင်းတော်မင်းသားကလေး၏ အမည်တော်ကို **ပဒုမုတ္တရ** မင်းသားဟု အမည်မှည့်ကြလေကုန်၏။

သုဓမ္မဝတီ (စ) ၂၀၁-၁၃

အလောင်းတော် ပဒုမုတ္တရမင်းသားသည် လူလားမြောက်၍ လာသောအခါ **နရဝါဟနပြာသာဒ်, ယသဝါဟနပြာသာဒ်, သေဝတ္တိပြာသာဒ်** ဟု ဆိုအပ်သော ရွှေနန်းရပ်သုံးဆောင်တို့၌**ဝသုဒတ္တာဒေဝီ**မင်းသမီးကို မိဖုယားကြီးမြှောက်စား၍ အခြားသော မောင်းမပေါင်း **တသိန်းနှစ်သောင်း**ခြံရံကာ နှစ်ပေါင်း **တသောင်း** ကြာအောင် ကောင်းစွာ ခံစား စံစားတော်မူနေစဉ် ဝသုဒတ္တာဒေဝီမှ ကေသရီမျိုးကဲ့သို့ အားကိုးပြုလောက်စရာ **ဥတ္တရ**မည်သော သားရတနာကို ဘွားမြင်လာသည်ရှိသော် နတ်တို့၏တမန်ဖြစ်သော နိမိတ်ကြီးလေးပါးကိုလည်း ထင်ရှားစွာ တွေ့ရသောကြောင့် လောကီစည်းစိမ်ကို တညီးညီးတထိန်ထိန် တောက်လောင်သော မီးအရှိန်ကဲ့သို့ ရွှေညာဏ်တော် ချိန်ပြီးလျှင် တောထွက်ချင်သော အာသာသည် အခါခါ ဖြစ်ပေါ်လာလေ၏၊ တောထွက်ချင်သော အာသာနှင့်ကြုံမိသော အခါ၌ပင် ဝသဝတ္တိမည်သော ပြာသာဒ်သည် ချာချာလည်သော အိုးထိန်းစက်ကဲ့သို့ ကောင်းကင်သို့ ပျံတက်၍ အလှံ့လက်သော နတ်ဗိမာန်ကြီးသဘွယ် ကောင်းကင်လယ် ခရီး၌ တဟုန်တည်းသွားပြီးလျှင် ဗောဓိပင်ကို အလယ်ပြု၍ သောဘိတဗုဒ္ဓဝင်၌ကဲ့သို့ မြေသို့ ဆင်းသက်လေ၏၊ အလောင်းတော်မြတ်သည် ပြာသာဒ်မှ သက်ဆင်း၍ နတ်, ဗြဟ္မာတို့ ဆက်နှင်းအပ်သော အဝတ်သင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူကာ ထိုအရပ်မှာပင် ရဟန်းပြုလေ၏၊ ဝသဝတ္တိပြာသာဒ်သည်လည်း တဖန် ကောင်းကင်သို့ပျံတက်လတ်၍ မိမိနေရာ အရပ်၌ပင် အလျှင် အတိုင်း တည်လေ၏၊ အလောင်းတော်နှင့် အတူပါလာသော ပရိသတ်တို့တွင် မိန်းမများကိုသာ ချန်လှပ်ထား၍ ယောကျ်ားဟူသမျှတို့သည်ကား ရဟန်းပြုကြလေကုန်သတည်း။

အလောင်းတော်မြတ်သည် ထိုရဟန်းတို့နှင့်အတူ **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ခုနစ်ရက်** ပတ်လုံး ကျင့်တော်မူရာ ကဆုန်လပြည့်အခါနှင့်ကြုံ၍ စန်းယှန်နှင့် ဝိသာခါနက္ခတ် ယှဉ်စပ်သောနေ့ထူး၌ **ဥဇ္ဇေနိဂုံးသူ** သဒ္ဓါပြုသော သေဌေးသမီး **ရုစာနန္ဒာ** သည် ကောင်းစွာ လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ **သုစိတ္တ** မည်သော အာဇီဝကသည် လှူအပ်သော မြက်ရှစ်ဆုပ်ကို

ယူပြီးလျှင် **ထင်းရှူးပင်** ဖြစ်သော မဟာဗောဓိမြတ်သို့ ချဉ်းကပ်တော်မူကာ သုံးဆယ့်ရှစ်တောင်အပြန့်ကျယ်သော မြက်အခင်းကို ခင်းတော်မူလျက်ထက်ဝယ် ဖွဲ့ခွေ နေတော်မူလေ၏၊ အလောင်းတော်သည် အင်္ဂါလေးပါးရှိသော ဝီရိယ အားကို မားမားမတ်မတ် ဆောက်တည်တော်မူလတ်၍ မာရ်နတ်၏ စစ်သည် တော် တပ်သားကို ထွာ ထွားညက်ညက် ပါရမီတော်လက်နက်ဖြင့် နှုတ်တော် မမြွက် တချက်တည်း အောင်မြင်တော်မူပြီးလျှင် ညဉ့်သုံးယာမ်အတွင်း အလင်း ရောင်ဖြစ်သော ဝိဇ္ဇာဉာဏ်ကို ရရှိတော်မူကာ မဟာအတုလဟု ဆိုအပ်သော ဘုရားအဖြစ်သို့ ရောက်တော်မူလေသတည်း။

ပဒုမုတ္တရမြတ်စွာဘုရားသည် သစ္စာလေးပါးသိ၍ ဘုရားအဖြစ်သို့ရောက်တော် မူလေလျှင် ဗောဓိပင်၏အနီး၌ပင် (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက် ငြိမ်သက် ရွှံ့ပြုံး သီတင်းသုံးတော်မူ၍၊ ထို့နောက်မှတဖန် ဗြဟ္မာမင်း တောင်းပန်ခြင်း ကြောင့် သတ္တဝါခပင်းအား တရားတည်းဟူသော အလင်းကို ပေးတော့အံ့ဟု ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော် မူလတ်သော် **မိထိလာပြည်** ၌ **ဒေဝလမင်းသား** နှင့် **သုဇာတမင်းသား** တို့ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားပြီးလျှင် **မိထိလာဥယျာဉ်ကြီး**၌ သက်ဆင်းတော်မူလျက် ဥယျာဉ်စောင့်အား မင်းသား နှစ်ပါးကိုခေါ် စေတော်မူ၏ မင်းသားနှစ်ယောက်တို့လည်း ဝမ်းမြောက် ဝမ်းသာ "ငါတို့အရီး၏ သားတော်ဖြစ်သော ပဒုမုတ္တရ မင်းသားသည် ဘုရားဖြစ်၍ ငါတို့ကို ချီးမြှောက်ရန် ငါတို့မြို့သို့ ရောက်လာပေသည်"ဟု ရွှင်ကြည်စွာသွား ကြ၍ မြတ်စွာဘုရားထံ ခစားချဉ်းကပ်လျက် လျှောက်ပတ်စွာ နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် မင်းသားနှစ်ပါးနှင့်တကွ များစွာသော ပရိသတ် အပေါင်းအား **ဓမ္မစကြာ** တရားတော်ကို ဟောကြားတော်မူရာ သတ္တဝါ **ကုဋေ တသိန်း** တို့သည် သစ္စာလေးပါးကို သိမြင်၍ ကျွတ်တမ်းဝင်ကြကုန်၏။

ပဒုမုတ္တရဘုရားရှင်၏ **အဂ္ဂသာဝက** အစုံတို့ကား **အရှင်ဒေဝလ** နှင့် **အရှင် သုဇာတ** တို့ဖြစ်ကြ၍ **အလုပ်အကျွေး** ရဟန်းတော်ကား **အရှင်သုမန** တည်း၊

အမိတာထေရီ နှင့် **အသမာထေရီ** တို့ကား တပည့်မ မိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၍ **ဝိတိဏ္ဏဒါယကာ** နှင့် **တိဿဒါယကာ** တို့သည် အလုပ်အကျွေး **ဥပါသကာ** တို့ ဖြစ်ကြကုန်၏၊ **ဟဋ္ဌာဒါယိကာမ** နှင့် **ဝိစိတ္တာဒါယိကာမ** တို့သည် အလုပ်အကျွေး **ဥပါသိကာမ** တို့ပေတည်း၊ မြတ်စွာဘုရား၏ **အရပ်တော်** မှာ ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၍ **အသက်တော်** ကား **အနှစ်တသိန်း** ရှည်တော်မူ၏။

ပဒုမုတ္တရ ဘုရားရှင် ကိုယ်တော်မြတ်သည် နန္ဒာရာမဥ္ဇ ပရိနိဗ္ဗာန် စံတော်မူသောအခါ ဓာတ်တော်တို့သည် ဖရိုဖရဲမကွဲမပျက် တခဲနက်တည်ကုန်၍ ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသားတို့သည် ထိုမကွဲမပျက် တခဲနက်သော ဓာတ်တော်တို့ကို ပင့်ယူကာ တဆယ့်နှစ်ယူဇနာ မြင့်သော စေတီတည်၍ ရတနာခုနစ်သွယ်ဖြင့် ချယ်လှယ်မွမ်းမံကာ ကောင်းစွာ ကိုးကွယ်ကြကုန်သတည်း၊ အထူးအားဖြင့်ကား မြတ်စွာဘုရား၏ **ရောင်ခြည်တော်** သည် ထက်ဝန်းကျင် အရပ်မျက်နှာတို့တွင် **တဆယ့်ရှစ်ယူဇနာ** အမြဲပြန့်နှံ့ တောက်ပတော်မူ၍ ဘုရားတဆူသာ ပွင့်တော်မူရာ သာရကမ္ဘာပင် ဖြစ်သော်လည်း ဘုရားနှစ်ဆူ ပွင့်တော်မူရာ မဏ္ဍကမ္ဘာကဲ့သို့ လွန်စွာစည်ကား၍ အကျွတ်တရား ရကြသူများမှာ ကုဋေကုဋာ များပြားရုံမက ထိုပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါ၌ မိစ္ဆာအယူကို ကြည်ဖြူကြသော သူတို့ပင် မရှိကြကုန်ဘဲ ဘုရားအယူကို ကြည်ဖြူ လိုက်နာကြသော **ဗုဒ္ဓဘာသာ** တို့ ချည်းသာ ဖြစ်ကြကုန်သတည်း။

ဂေါတမဘုရားအလောင်း ဇဋိလသေဌေးကြီး အကြောင်း

ဒါနတော ဘောဂဝါ ဟောတိ ဟု စောသာကိရှင်ဘုရား မိန့်ကြားတော်မူသော ဒေသနာအချက်ပြ စကားကဲ့သို့ ငါတို့၏ ကျေးဇူးရှင်အစစ် ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် အလောင်းတော် သုမေဓာဖြစ်စဉ် ပါရမီကို

ဆင်ခြင်ရာဝယ် **ဒါနပါရမီ** ကိုသာ လက်ဦးစွာ တွေ့တော်မူရပေ၏၊ ယင်းသို့ ဒါနပါရမီကို သာကြည်ရွှင်ပြုံး ရွှေနှလုံးတော်အေးမြ၍ တွေ့မြင်ရသည်အား လျော်စွာ ဘဝပေါင်း များစွာတို့တွင်လည်း ဒါနအရာတွင် ငြိုငြင်လေ့မရှိ စောင်းမှောက်၍ သွန်အပ်သော ရေအိုးကဲ့သို့ ခွက်ထိုးမှောက်လှန် အတန်တန် လှူခဲ့သော အရှိန်ကြောင့်လည်း ပစ္စည်းနှမ်းပါး ဆင်းရဲသားဖြစ်သော ဘဝက နည်းပါး၍ ရတနာရွှေငွေ ခြေရွှေကျွန်ကျေးတို့ဖြင့် ကြွယ်ဝှေးသော အဖြစ်မျိုး သာလျှင် များလှပေသတည်း။

ပစ္စည်းဥစ္စာကို အထုပ်ပမာရုံးစု၍ သုံးမှု, စားမှုကိုမျှ မပြုရက် အလှူဘက်၌ လည်း မကြည်ဖြူနိုင်ဘဲ ပစ္စည်းဥစ္စာပေါ်၌ ခိုင်မြဲသော အစွဲကြီးကိုစွဲပြီး နေပါ လျှင် ခန္ဓာပျက်ကြွေ၍ စုတေသောအခါ၌မူ ထိုပစ္စည်းများကို စွဲလမ်း ခြင်းကြောင့် ငရဲခန်း ပြိတ္တာခန်းတို့သို့ တမ်းမှန်း ရောက်ကြရတတ်သည်ကိုလည်း အထူးသတိပြုရာသည်၊ ဤသို့ သတိပြုပြီးလျှင် အလောင်းတော်ကြီးများ၏ နည်းနာနိသျနည်းပြလမ်းကောင်းကို မစောင်းမတ်မတ် လိုက်တတ်ကြမှသာလျှင် မိမိတို့မြှော်မှန်းသော နိဗ္ဗာန်နန်း အမြိုက်ခေတ်သို့ ဆိုက်ကပ်နိုင်ကြ ပေလိမ့်မည်၊ ဤသို့သော ဖြစ်အင်ကို **အတုမြင် အတတ်သင်**ကြရန် ကောင်းသော အလောင်း တော်ကြီး၏ ပုံထုံးကို နှလုံးမူကြစေရန်အတွက် ဆက်လက်ကြည့်ရှုအပ်သည့်ပြင် နောက်နောက်သော ဗုဒ္ဓဝင်တို့၌လည်း အလောင်းတော်ကြီးများ၏ စိတ်ထား နှင့် အပြုအမူကို အတုယူစရာ ကောင်းလှပေ၏။

ဤကဲ့သို့ ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းတို့၏ ထုံးဟောင်း သက်သေ သာဓက အခြေကို လက်ကိုင်ထားနိုင်ကြသော လူအပေါင်းတို့မှာ ရှေးသူတော်ကောင်းများကဲ့သို့ပင် သူတော်စင် သူတော်ကောင်း ဖြစ်ကြရမည် မှာ ယုံမှားဘွယ်ရာ မရှိချေ၊ သို့အတွက် ဤမှနောက် လာလတ္တံ့သော ဗုဒ္ဓဝင် တို့ကို ဉာဏ်အမြင်မစောင်း သူတော်ကောင်း အခြေခံ ထက်သန်သောစိတ်ထား ဖြင့် ရှုစားတော်မူကြရာသည်၊ မိမိတို့ကြည့်ရှု သိမြင်ရသော အတိုင်းလည်း

ယုတ်ညံ့ပျင်းရိသောစိတ်ထားကို နုတ်ပယ်ပစ်လှင့်ကာ စေတနာကောင်းကောင်း သဒ္ဓါမောင်းသန်သန်ဖြင့် ကျင့်ကြံ အားထုတ်ကြရာသတည်း။

ပဒုမုတ္တရဘုရားရှင်သည် လောကကြီးတခွင်၌ အထင်အရှားပွင့်တော်မူသော ထိုအခါဝယ် **ဂေါတမ ဘုရားအလောင်း** သည် သန်းပေါင်းများစွာ ကြွယ်ဝ ချမ်းသာ၍ **ဇဋိလသေဌေးကြီး** ဟူသော အမည်ဖြင့် အဝေးအနီး ကျော်ကြား လေ၏၊ တနေ့သောအခါ ထိုဗောဓိလောင်းလျာဖြစ်သော သေဌေးကြီးသည် မြတ်စွာဘုရားနှင့်တကွ များစွာသော သံဃာတော်အပေါင်းအား သဒ္ဓါကောင်း ကြည်ဖြူစွာ ဆွမ်းကပ်လှူပြီးလျှင် သင်္ကန်းအစုံပေါင်း များစွာကိုလည်း လှူဒါန်း လေ၏၊ ပဒုမုတ္တရအမည်ရသော လောကထွတ်ထား မြတ်စွာဘုရားသည် ထိုဇဋိလ သေဌေးကြီး၏ ကျွေးမွေးလှူဒါန်းသော ဆွမ်းနှင့်သင်္ကန်းကို ဘုဉ်းပေး, အလှူခံ တော်မူပြီးလျှင် ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူပြီးသော အဆုံး၌ ရှင်ပြုံးသာယာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော နှုတ်သံတော်ကိုဖွင့်၍ "ဤဇဋိလ သေဌေးကြီးသည် နောင် ကမ္ဘာတသိန်း အလွန်ရှိသော **ဘဒ္ဒကမ္ဘာ**၌ ငါဘုရား ကဲ့သို့ပင် **ဂေါတမဘုရား** ဟု ထင်ရှားစွာ ပွင့်တော်မူလတ္တံ့" ဟူသော ဗျာဒိတ် စကားကို မိန့်ကြားတော် မူလေသတည်း၊ အလောင်းတော် သေဌေးကြီးသည် မြတ်စွာဘုရား၏ မိန့်ကြားသော ဗျာဒိတ်သံကို နာခံကြားသိရသောအခါ လွန်စွာဝမ်းမြောက်၍ ယနေ့, နက်ဖြန်လောက်မှာပင် ရတော့မည် ထင်မှတ်လျက် ဘဝင်ခတ် နှလုံးငြိမ်ပြီးလျှင် အပြုံးရှိန် တက်နေလေတော့သတည်း။

ပဒုမုတ္တရ ဗုဒ္ဓဝင် ပြီး၏။

၁၁—သုမေဓ မုနိဝင်

ပဒုမုတ္တရဘုရား ပွင့်တော်မူရာ သာရကမ္ဘာကြီး ကွယ်ပျောက်ပြီးသည် နောက် ကမ္ဘာပေါင်း *ခုနစ်သောင်းတို့ ၂တ်လုံး ဘုရားမပွင့်ဘဲ သုဉ်းပြီးလျှင် တခုသော **မဏ္ဍကမ္ဘာ** ၌ (၁) **သုမေဓဘုရား** နှင့် (၂) **သုဇာတဘုရား** တို့သည် ထင်ရှားစွာ ပွင့်တော်မူကြကုန်သတည်း၊ ထိုနှစ်ဆူသော ဘုရားတို့တွင် **သုမေဓ ဘုရားအလောင်း** ဖြစ်သော နတ်သားသည် တုသိတာနတ်ပြည်မှ စုတေခဲ့၍ **သုဒဿနမြို့** ၌ **သုဒတ္တ** မည်သော ဘုရင်မင်း၏ မိဖုယားကြီးဖြစ်သော **သုဒတ္တာ ဒေဝီ** ၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏။

အလောင်းတော် မင်းသားသည် **သုဒဿန** မည်သော မင်္ဂလာ ဥယျာဉ်၌ မွေးဘွားတော်မူပြီးလျှင် အစဉ်အားဖြင့် ကြီးပွားခြင်းသို့ ရောက်လတ်သော် **သုစန္ဒန ပြာသာဒ်**,**ကဉ္စနပြာသာဒ်**,**သိရိဝဍ္ဎနပြာသာဒ်**ဟူသော ရွှေနန်းပြာသာဒ် သုံးဆောင်တို့တွင် **သုမနာဒေဝီ** မင်းသမီးကို မိဖုယားကြီး အရာ၌ ထား၍ **လေးသောင်း ရှစ်ထောင်** သော မှန်နန်း အပျိုတော်အပေါင်းတို့ဖြင့် ပျော်မွေ့ ကြောင်းဖြစ်သော လောကီချမ်းသာကို ခံစား၍နေလေရာ နှစ်ပေါင်း**ကိုးထော ၂င်** ကြာလေ၏၊ထိုအခါသုမနာဒေဝီမင်းသမီးမှ မငြိးနိုင်သောအဆင်းဖြင့်တဝင်းဝင်း လှပသော **ပုနဗ္ဗသုမိတ္တ** မည်သော သားရတနာကို ဘွားမြင်လာသည် ရှိသော် နိမိတ်ကြီးလေးပါးကို အစဉ်အားဖြင့် တွေ့မြင်တော်မူရ၍ သူက, ငါက မကျန်

---

* ဤ၌ မှုအမျိုးမျိုး ကွဲပြ ားလျက် ရှိ၏၊ သင့်သျော်အံ့ ထင်သည်ကိုသာ ရေးလိုက်ပါသည်။ (ပညာရှင်များ ဆင်ခြင်တော် မူကြပါကုန်။)

ပုထုဇဉ်မှန်သမျှ နှစ်သက်အပ်သော လောကီ သုခကို အသုဘ ထင်မြင်ကာ ဆင်ယာဉ်ဖြင့် တောထွက်တော်မူလေ၏။

အလောင်းတော် သုမေဓမင်းသား တောထွက် သွားကြောင်း သတင်း ကောင်းကို ကြားသိကြကုန်သော လူပေါင်း **ကုဋေတရာ** တို့သည် လူ့ပြည်မှာ မပျော်မွေ့နိုင်ဘဲ မီးပုံကို တွေ့ရသည့်အလား စိတ်ထားညှိုးကြုံ သံဝေဂဖြစ်ကုန် လျက် ဘုရားအလောင်းနှင့်အတူတောထွက်၍သာ **ဒုက္ကရစရိယာကိုဆယ့်ငါးရက်** ကြာအောင် ကျင့်တော်မူကြကုန်၏၊ ဆယ့်ငါးရက်မြောက်သောနေ့သည် ကဆုန် လပြည့်ဖြစ်၍ ထိုနေ့မှာပင် **နကုလနိဂုံး** ၌ ကြည့်မဆုံး ရှုမဆုံး ပုထုဇဉ်တို့၏ မျက်လုံးကို ရွှင်ပြုံးစေနိုင်သော **နကုလသေဋ္ဌေးသမီး** သည် သွေးပြီးသော သန်လျက်ကဲ့သို့ အလွန်ထက်မြက်သော စေတနာဖြင့် ကောင်းစွာလှူဒါန်းအပ် သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် **သိရိဝစ္** မည်သော အာဇီဝက သည် သာကြည်လှသောစိတ် ယိုဖိတ်သောသဒ္ဓါဖြင့် ဆက်ကပ်သောမြက်ရှစ်ဆုပ် ကိုယူကာ မဟာဗောဓိ ဖြစ်သော **တမာပင်** ရင်း၌ အတောင်နှစ်ဆယ် ရှိသော မြက်အခင်းကို ခင်း၍ သီတင်းသုံးတော်မူလေ၏၊ ညနေအချိန်တွင် မာရ်စစ်သည် ကို ပယ်နိုမ်၍ ရွှယ်ချိန်သော ဘုရားအဖြစ်သို့ ညဉ့်သုံးယာမ် လွန်မြောက်လျှင် ကောင်းစွာ ရောက်တော်မူလေသတည်း။

သုမေဓဘုရားရှင်သည် ဗောဓိပင်အနီး၌ပင် (သတ္တသတ္တာဟ)ကို လွန်စေ၍ အဌမမြောက်သော သတ္တာဟတွင် ဗြဟ္မာမင်း၏ တောင်းပန်ခြင်း ယာစနာကို ညာတာခွင့်ပြုတော်မူလျက် ပါရမီရင့်ကျက်၍ အမြင့်တက်ထိုက်သော သူတို့ကို ကြည့်ရှုတော်မူရာ ကိုယ်တော်မြတ်၏ ညီငယ်များဖြစ်ကြသော **သရဏမင်းသား** နှင့် **သဗ္ဗကာမမင်းသား** တို့ကိုရင်း၊ ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော် မူကြကုန်သော ရဟန်းအပေါင်း ကုဋေတရာတို့ကိုရင်း ရွှေဉာဏ်တော် အပြင်၌ ထင်မြင်လာသော အခါ အာကာဗွေပြင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ **သုဒဿနမြို့အနီး သုဒဿန** မည်သော မင်္ဂလာဉယျာဉ်တော်အတွင်း သက်ဆင်း

တော်မူလေ၏၊ ထိုအခါ ဥယျာဉ်စောင့်အား ညီငယ်များကို ခေါ်စေ၍ အခြံအရံ နှင့် တကွသော ပရိသတ်အလယ်၌ **ဓမ္မစကြာ** တရားကို ဟောကြားတော်မူလေ လျှင် **ကုဋေတသိန်း** မျှသော သတ္တဝါအများတို့သည် သစ္စာလေးပါးတည်းဟူ သော တရားထူးကို ရှေးဦးစွာ သိတော်မူကြကုန်သတည်း။

သုမေဓမြတ်စွာဘုရား၏ တပည့်သား **သာဝကအစုံ** တို့ကား **အရှင်သရဏ** နှင့် **အရှင်သဗ္ဗကာမ** တို့ ဖြစ်ကြ၍ **အလုပ်အကျွေး** ရဟန်းတော်ကား **အရှင် သာဂရ** ဖြစ်လေ၏၊ **ရာမာထေရီ** နှင့် **သုရာမာထေရီ** နှစ်ပါးတို့ကား **အဂ္ဂသာဝိကာ** ဖြစ်သော တပည့်မ မိန်းမမြတ်အစုံတို့ပေတည်း၊ **ဥရုဝေလ ဒါယကာ** နှင့် **ယသဝါ ဒါယကာ** တို့ကား အလုပ်အကျွေး **ဥပါသကာ** တို့ဖြစ်ကြ၍ **ယသောဓရာ ဒါယိ ကာမ** နှင့် **သိရိမာ ဒါယိကာမ** တို့သည် အလုပ်အကျွေး **ဥပါသိကာမ** တို့ဖြစ်ကြ ကုန်၏၊ သုမေဓဘုရားရှင်၏ **အရပ်တော်** ကား **ရှစ်ဆယ့်ရှစ်တောင်** မြင့်တော်မူ၍ **ရောင်ခြည်တော်** ကား အမြဲအားဖြင့် **တယူဇနာ** တိုင်တိုင် ပြန့်နှံ့တော်မူ၏၊ **အသက်တော်** ကား **အနှစ်ကိုးသောင်း** ရှည်ညောင်းတော်မူလေသတည်း။

ဂေါတမဘုရားအလောင်း ဥတ္တရလုလင် အကြောင်း

ဂေါတမဘုရားအလောင်းသည် ဘဝပေါင်းများစွာ သံသရာတွင် တရံတခါ လည်း လူ့ဘဝ, တရံတခါလည်း နတ်ဘဝ, ဗြဟ္မာ့ဘဝ, ယုတ်ညံ့လှစွာသော တိရစ္ဆာန်ဘဝတို့၌ ဖြစ်ရ ကျိုးရ၍ ဘုံဘဝ မမြဲသေးသည်အားလျော်စွာ နိမ့်တုံ မြင့်တုံ ခေါက်ရှာငှက် ပျံပုံကဲ့သို့ ဆန်စုန်ကာ ဖြစ်နေရသော ဘဝအမျိုးမျိုး တို့တွင် ဤ သုမေဓ မြတ်စွာဘုရား လက်ထက်တော် အခါ၌ကား ပစ္စည်းဥစ္စာ လွန်စွာပေါများ၍ သူတပါးထက် မြင့်မြတ်သောကြောင့် **ဥတ္တရလုလင်** ဟူသော အမည်ထူးဖြင့် ချီးကျူးခေါ်ဝေါ်ကြကုန်၏၊ ဥတ္တရလုလင်ဖြစ်သော အလောင်း ရှင်မှာ သောင်းခွင်ကျော်ကြား၍ များသောပစ္စည်းဥစ္စာတို့သည် ကုဋေရှစ်ဆယ် မျှ ရှိကုန်သတည်း၊ တနေ့သောအခါ အလောင်းတော် လုလင်သည် သုမေဓ ဘုရားရှင်၏ တရားတော်ကို နာရလေလျှင် စေတနာ, သဒ္ဓါ အညွန့်တို့သည်

တလွန့်လွန့် သန့်စွမ်းကုန်ရကား မြတ်စွာဘုရားနှင့်တကွ များလှစွာသော သံဃာတော်အပေါင်းအား ကောင်းနိုးရာရာသော ဘောဇဉ်အစာကို ကပ်လှူပြီးလျှင် ပစ္စည်းဥစ္စာ ရတနာအထွေထွေ ရွှေ ငွေ ပတ္တမြား မြသား စိန် ကျောက်တို့ကို ထိန်တောက်သောမီးပုံကဲ့သို့ ရှိတုန်သော နှလုံးသွင်းဖြင့် ချက်ခြင်းပယ်စွန့်ကာ အနွယ်ညွန့်ဖြစ်သော လုလင်သည် ယခုပင် တောထွက်အံ့ဟု ကြံစည်တော်မူ၍ ဗောဓိဉာဏ် မြသရဖူကို အရယူမည် မြော်မှန်းလျက် ရဟန်းပြုတော်မူလေသတည်း။

ထိုအခါ သုမေဓမြတ်စွာဘုရားသည် ရဟန်းတော် အရှင်ဥတ္တရကို ကြည့်တော်မူကာ“နောင်သောအခါ ဘဒ္ဒကမ္ဘာတွင် ငါနှင့်တမူ တူတော်မူသော သမ္ဗုဒ္ဓဘုရားစစ် ဧကန်ဖြစ်လတ္တံ့”ဟု သီးသန့် ပိုင်းခြားသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ၏၊ ထိုဗျာဒိတ်စကားကို ကြားရသော အလောင်းတော် အရှင်ရဟန်းမှာ ရွှင်လန်းဝမ်းမြောက် ပိဋကတ်သုံးပုံ ပေါက်အောင် သင်တော်မူပြီးလျှင် ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်တော်မူသောအခါ သမာပတ်ရှစ်ပါး အဘိညာဉ်တရားတို့ကို ရရှိတော်မူ၍ မယုတ်သောစျာန်ဖြင့် စုတေလတ်သော် ဗြဟ္မာ့ပြည် အထက်နန်းသို့ ကြွလှမ်း ရွှင်ပျော်လျက် စံနေတော်မူရလေသတည်း။

သုမေဓ ဗုဒ္ဓဝင် ပြီး၏။

၁၂-သုဇာတာ မုဒ္ဒဝင်

သုမေဓ မြတ်စွာဘုရားသည် တပည့်သား များဝေနေကို အမြိုက်ရေ သွန်းလောင်းတော်မူ၍ နှစ်ပေါင်း ကိုးသောင်းအကြာတွင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အသက်တမ်းသည် ဆုတ်မှန်းမသိ ဆုတ်လာရာ ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ယင်းဆယ်နှစ်တမ်း အခါမှ ဓမ္မတာအလျောက် အသင်္ချေယျတမ်းသို့ ပြန်ရောက်လတ်သော် တရားဓာတ် ကိန်းအောင်းသော သူတော်ကောင်းတို့ နည်းပါးကြသဖြင့် အသင်္ချေယျ အသက်တမ်းသည် တဖြည်းဖြည်းဆုတ်လာရာ **အနှစ်ကိုးသောင်းတမ်း** သို့ ရောက်လေ၏၊ ထိုအခါ **သုဇာတဘုရား** အလောင်းတော်မြတ်သည် တုသိတာနတ်နန်းမှ အသက်တမ်းကုန်၍ လူ့ဘုံသို့ စုတေလာရာ **သုမင်္ဂလ** နေပြည်တော်၏ အရှင် **ဥဂ္ဂတ** မည်သော ဘုရင်၏ ညာတင်မြှောက်စား **ပဘာဝတီ** မိဖုယား၏ မြသား စိန်တိုက်နှင့် တူသော ဝမ်းကြာ၌ ချမ်းသာကြည်ဖြူ သန္ဓေယူတော်မူလေ၏၊ ဆယ်လစေ့သော နေ့ကောင်းရက်သာတွင် မီးရှူးသန့်စင်သော မင်းသားကလေး၏ အမည်နာမကို **သုဇာတ** ဟု မှည့်ကြလေသတည်း။

အလောင်းတော် သုဇာတမင်းသားသည် **သိရီပြာသာဒ်**, **ဥပသိရီပြာသာဒ်**, **သိရိနန္ဒပြာသာဒ်** ဟူသော နဝရတ်ချယ်သန်းသည့် ရွှေနန်းပြာသာဒ် သုံးဆောင်တို့တွင် ဂမုန်းတောင် ကရမက်ပန်းကဲ့သို့ အထက်တန်း ကြက်သရေ ဂုဏ်တို့ဖြင့် တသုံသုံမွှေးကြူစွာသော **သိရိနန္ဒာ** မိဖုယားကြီးကို အမှူးထား၍ အထူးအားဖြင့် လှပသော အဆင်းရတနာဖြင့် ယမင်းကညာ ဖြစ်ကြကုန်သော မောင်းမပေါင်း **နှစ်သောင်း သုံးထောင်**တို့ အလယ်တွင် မမုန်းအောင် စံစားတော် မူနေစဉ် သိရိနန္ဒာ မိဖုယားကြီးမှ **ဥပသေန** မည်သော သားရတနာကို ဘွားလာသော

အခါ၌ပင် နတ်တမန်လေးပါး နိမိတ်ကြီးများကိုလည်း အစဉ်အားဖြင့် တွေ့မြင်တော် မူသောကြောင့် လောကီစည်းစိမ်ကို တညီးညီးထိန်တောက်သော မီးပုံကဲ့သို့ ရှုတုန် ငြီးငွေ့တော်မူကာ **ဟံသဝဟ** မည်သော **မြင်းတော်** ကို စီး၍ တောထွက်တော်မူလေလျှင် **တကုဋေ** သော ယောကျ်ား တို့သည်လည်း နောက်ပါးက အစဉ်လိုက်၍ အရှင်မကိုဋ္ဌဖြစ်သော အလောင်းတော်ကို ခြံရံကာ ရဟန်းပြုကြကုန်၏။

အလောင်းတော်သည် ထိုရဟန်းတော်ပေါင်း တကုဋေတို့ဖြင့် ခြံရံကာ သဗ္ဗညုတ ဉာဏ်အကျိုးငှါ **ကိုးလ** တို့ပတ်လုံး ကျင့်သုံးတော်မူသည် ရှိသော် ကဆုန်လပြည့်နေ့၌ **သိရိနန္ဒာ** မည်သော သေဌေးသမီးသည် ကပ်လှူအပ်သော နို့ဃနာကို ကောင်းစွာ ဘုဉ်းပေးတော်မူကာ ညနေချမ်းအခါဝယ် **သုနန္ဒ** မည်သော အာဇီဝကသည် သဒ္ဓါကြည်လှသော စိတ်ဓာတ်ဖြင့် ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကိုယူ၍ **ကြခတ်ဝါး** ပင် ဖြစ်သော မဟာဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်တော်မူလေ၏၊ ယင်း ဗောဓိပင်အောက်တွင် သုံးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်းတော်မူကာ အင်္ဂါလေးပါးရှိသော ဝီရိယဓာတ်ရင်းကို ခံ့တင်းစွာ ဆောက်တည်လျက် ထိုင်နေတော်မူစဉ် နေမဝင်မီအချိန်တွင် မာရ်နတ်၏ လုပ်ကြံခြင်းကို နှုတ်လှန်ပယ်ရှင်း အောင်မြေ နင်းတော်မူ၍ ညဉ့်သုံးယာမ်အတွင်းမှာပင် အလင်းရတနာဖြစ်သော ဝိဇ္ဇာသုံးပါးကို ရတော်မူကာ ဘဂဝါ အောင်ပန်းကို ဆွတ်လှမ်းတော် မူရလေသတည်း။

သုဇာတဘုရားရှင်သည် အရဟတ္တမဂ် နတ်ပန်းကို ဆင်မြန်းတော် မူပြီးသောအခါ ဗောဓိပင်၏ အနီးမှာပင် (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး သီတင်းသုံးတော်မူ၍ အဌမမြောက်ဖြစ်သော သတ္တာဟတွင် ကောင်းကင်ဗွေ အာကာမှ ရောက်လာသော ဗြဟ္မာမင်း၏ တရားဟော တောင်းပန်ခြင်းကို ခွင့်ပြုတော်မူချက်အရ ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသောအခါ ကိုယ်တော်မြတ်၏ ညီငယ်ဖြစ်သော **သုဒဿနမင်းသား** နှင့် ပုရောဟိတ် ပုဏ္ဏား၏ သားဖြစ်သော **သုဒေဝသတို့သား**တို့သည် လေးပါးသောသစ္စာကို ကောင်းစွာ သိကြလိမ့်မည်ဟု အကြည်ဓာတ် ဉာဏ်အပြင်ဝယ် ထင်မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်

မူကာ **သုမင်္ဂလ** မြို့အနီး **သုမင်္ဂလ ဉယျာဉ်** ကြီးအတွင်း သက်ဆင်း ဝင်ကြွတော်မူလေ၏၊ ထိုအခါ ညီတော် နှင့် ပုရောဟိတ်သားတို့ကို ဉယျာဉ်စောင့်အား ခေါ်စေ၍ အခြေအရံနှင့်တကွ ထိုသူတို့ အလယ်တွင် **ဓမ္မစကြာ** တရားကို ဟောကြားတော် မူသောအခါ **ကုဋေရှစ်ဆယ်** မျှသော သူအပေါင်းတို့သည် အယူကောင်း လမ်းမှန်ဖြစ်သော သစ္စာဉာဏ်ကို ရရှိကြလေကုန်၏။

သုဇာတမြတ်စွာဘုရား၏ တပည့်သားများစွာတို့တွင် လက်ျာ,လက်ဝဲ ဦးစီးသော တပည့်ကြီးနှစ်ပါး **အဂ္ဂသာဝက** များကား **အရှင်သုဒဿန** နှင့် **အရှင်သုဒေဝ** တို့ဖြစ်ကြ၍ အနီးခယမ်းသော **အလုပ်အကျွေး** ရဟန်းကား **အရှင်နာရဒ** ဖြစ်ပေ၏၊ **နာဂါထေရီ**နှင့် **နာဂသမာလာထေရီ** နှစ်ပါးတို့ကား တပည့်မမိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ **သုဒတ္တဒါယကာ** နှင့် **စိတ္တဒါယကာ** တို့သည် အလုပ်အကျွေး **ဥပါသကာ** တို့ဖြစ်ကြ၍ **သုဘဒ္ဒါ ဒါယိကာမ** နှင့် **ပဒုမာ ဒါယိကာမ** တို့သည်ကား အလုပ်အကျွေး **ဥပါသိကာမ** တို့ပေတည်း၊ သုဇာတမြတ်စွာဘုရား၏ **အရပ်တော်** မှာ **အတောင်ငါးဆယ်** မြင့်တော်မူ၍ **အသက်တော်**မှာ နှစ်ပေါင်း **ကိုးသောင်း** ရှည်ညောင်းတော်မူလေ၏၊ **ရောင်ခြည်တော်** မှာမူကား ထက်ဝန်းကျင် အရပ်မျက်နှာတို့၌ စကြာဝဠာမဆံ့ ပြန့်နှံ့တော်မူလေသတည်း။

ဂေါတမဘုရားအလောင်း စကြာမင်း အကြောင်း

ထိုသုဇာတ ဘုရားမြတ်၏ တရားခတ် အလင်းရောင်တို့သည် ဝင်းပြောင်လက်ထိန်၍ ဓမ္မစက်ရှိန် ကောင်းသောအခါ၌ ပါရမီတော် မျိုးမဟာကို တိုးကာတိုးကာသာ စုဆောင်း၍လာသော **ဂေါတမ ဘုရားအလောင်းတော်** သည် လေးကျွန်းလုံး ပိုင်စိုး၍ ဘုန်းတန်ခိုး အရှိန်အဝါလင်းသဖြင့် *ဝတီ သာသေဌနင်းနှင့် တူသော **စကြာမင်းကြီး** ဖြစ်လတ်သတည်း၊ သုဇာတဘုရားထင်ရှားပွင့်ကြောင်း သတင်းကောင်းကို ကြားရသောအခါ ဘုရားထံချဉ်းကပ်၍

* သိကြားမင်း။

အတွင်းခေတ် ဖြူစင်စွာဖြင့် တရားတော်ကို နာရလျှင် ကာမ၏ အပြစ်ကို မြင်တော်မူ၍ ခုနစ်ပါးသော ရတနာနှင့် စကြာမင်းစည်းစိမ်ကို မြတ်စွာဘုရား နှင့်တကွ သံဃာတော်မြတ်များအား ပြတ်သားသော သဒ္ဓါအစွမ်းဖြင့် လှူဒါန်း တော်မူပြီးလျှင် မြတ်စွာဘုရား၏ အထံတော်၌ပင် သာသနာတော် ဝန်ထမ်း၍ ရဟန်းပြုလေ၏၊ ထိုအခါ ထူးခြားပုံအချက်တခုမှာ ဇမ္ဗူဒိပ် ကျွန်းသူကျွန်းသား တို့သည် မိမိတို့ကိုယ်ကို အရှံစောင့်သဘွယ် သဘောထားကုန်၍ ထွက်သမျှ ရသမျှသော အခွန်အကုတ်တို့ကို ဘုရားအမှူးထားသော သံဃာတော်များအား သာ လှူဒါန်းကြကုန်သတည်း၊ မြတ်စွာဘုရားသည် အလောင်းတော် စကြာမင်း ရဟန်း၏ လှူဒါန်းပုံအခြေနှင့် စေတနာမပြောင်းဘဲ စိတ်ကောင်းပုံများကို ရှုစား တော်မူကာ "နောင်သောအခါ ကမ္ဘာသုံးသောင်းကြာလျှင် ငါဘုရားကဲ့သို့ပင် လောကသုံးပါး၌ ထင်ရှားသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြား တော်မူလေ၏။

ဂေါတမဘုရားအလောင်းဖြစ်သော စကြာမင်းရဟန်းတော်သည် သုံးဘော် သော ပိဋကတ်ကို တဘက်ကမ်းခတ်အောင် သင်တော်မူကာ သာသနာတော် တန်ဆောင်ကို တောက်ပြောင်တော်မူစေ၍ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တော် မူလေလျှင် အဘိညာဉ် ငါးရပ်နှင့် သမာပတ်ရှစ်ထွေကို ရတော်မူလေ၏၊ မယုတ်သော စျာန်မြတ်ဖြင့် စုတေလတ်သော် အထက်ရပ် ပြဟ္မာ့ဘုံသို့ ရောက်တော်မူလေသတည်း။

သုဇာတ ဗုဒ္ဓဝင် ပြီး၏။

၁၃–ပိယဒဿီ ဗုဒ္ဓဝင်

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကမ္ဘာပေါင်း တထောင့်ရှစ်ရာ မြောက်သော **ဝရကမ္ဘာ** ၌ မဟာအတုလ သမ္မာသမ္ဗုဒ္ဓ ဘုရားမြတ်တို့သည် သုံးဆူမျှ ပွင့်တော် မူလတ်ကုန်သတည်း၊ ယင်းသုံးဆူတို့တွင် အစ လက်ဦး ပွင့်တော်မူမည့် **ပိယဒဿီ ဘုရားအလောင်းတော်** သည် လူတို့၏ အသက် **ကိုးသောင်းတမ်း** တွင် တုသိတာ နတ်နန်းမှ စုတေခဲ့၍ **သုစည်မြို့** ကြီးတွင် **သုဒတ္တ**မည်သော ဘုရင်၏ **စန္ဒာဒေဝီ**မည်သော မိဖုယားကြီးဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော် မူလေ၏၊ အလောင်းတော် သန္ဓေဘွားသည် ကိုးလလွန်မြောက်၍ ဆယ်လရောက်သောအခါ **ဝရဏဉယျာဉ်** ၌ ဘွားမြင်တော်မူ၍ အမည်မှည့်အံ့ သော နေ့၌ ပုဏ္ဏားတော် ပညာရှိတို့နှင့် ညီနိုင်းတိုင်ပင်ကာ ရွေးချယ်လေလျှင် လူအပေါင်းတို့ ချစ်အပ်သော တန်ခိုးကို အမျိုးမျိုး မြင်စေအပ်သောကြောင့် **ပိယဒဿီမင်းသား** ဟူသော အမည်ကို မှည့်ကြလေကုန်၏။

အလောင်းတော် ပိယဒဿီမင်းသားသည် အစဉ်အားဖြင့် ကြီးပွားလာလတ် သော် **သုနိမ္မလပြာသာဒ်, ဝိမလပြာသာဒ်, သိရိဂုဟာပြာသာဒ်**ဟူသော ရွှေနန်း ပြာသာဒ် နဝရတ်စီချယ် တင့်တယ်သာယာသော ဘုံဗိမာန်တို့တွင် **ဝိမလာဒေဝီ** မင်းသမီးကို အကြီးအမှူးအဦးထား၍ **သုံးသောင်း သုံးထောင်** သော မောင်းမ တို့၏ အလယ်တွင် စပယ်ပင်,ဂမုန်းရနံ့ကဲ့သို့ အပြုံးသန့်သန့်ဖြစ်သော စည်းစိမ်ကို ခံစား၍နေရာ နှစ်ပေါင်း **ကိုးထောင်** ကြာလေ၏၊ တနေ့သောအခါ ဝိမလာဒေဝီ မဟေသီမှ **ကဥ္စနဝေလ** မည်သော သားရတနာကို ဘွားလာတော်မူလေလျှင် နိမိတ်ကြီး လေးပါးကိုလည်း မြင်သေး၍ ဘဝင်သွေး လှုပ်တုန်ကာ သုံးဘုံ

သုခသည် တခုမျှ မကၡရာမထင် သက်သာဘိုလည်း မမြင်သဖြင့် တောတခွင် ခိုအောင်းသော သူတော်ကောင်း အချိုးအစားသာလျှင် တမျိုးအားဖြင့် အားကိုးဘို့ ရှိလေသည်ဟု စဉ်းစားဆင်ခြင်ကာ မြင်းကသောရတနာရထားဖြင့် တောထွက်၍ သွားလေ၏၊ အလောင်းတော် ပိယဒဿီမင်းသား တောထွက် သွားသည်ဟု တဆင့်စကား ကြားကြသော လူအပေါင်း တကုဋေတို့သည်လည်း ဘုရားလောင်းနှင့် အတူ တောထွက်၍ ရဟန်းပြုတော်မူကြကုန်သကည်း။

ဗောဓိသတ်ဖြစ်သောယောကျ်ားမြတ်သည် ထိုရဟန်းပေါင်းတကုဋေခြံရံကာ ဒုက္ကရစရိယာ အကျင့်မြတ်ကို ခြောက်လပတ်လုံး ကျင့်သုံးတော်မူရာ ကဆုန် လပြည့်နှင့်ကြုံသော နေ့အခါတွင် ဝရုဏ ရွာသူ ဝသဘာ မည်သော ပုဏ္ဏားသမီး သည် လှူဒါန်းအပ်သော နို့ဃနာကို ကောင်းစွာ ဘုဉ်းပေးတော်မူပြီးလျှင် သုဇာတ မည်သော အာဇီဝက လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ယူတော်မူကာ မဟာဗောဓိ ဖြစ်သော ထောက်ကြံ့ပင် သို့ ကြွသွား၍ ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်းတော်မူလျက် ထက်ဝယ်ဖွဲ့ခွေ နေတော် မူစဉ် နေမဝင်မီ မာရ်စစ်သည်ကို အောင်မြင်တော်မူကာ ဘဂဝါ ဘွဲ့ထူးကို ဆွတ်ခူး တော်မူလျက် သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ပိယဒဿီ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဗောဓိပင် အနီးမှာပင် (သတ္တ သတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး သီတင်းသုံးတော် မူပြီးသော် ဗြဟ္မာကြီး တောင်းပန်အပ်သည်ကို အကြောင်းပြု၍ ကောင်းမှုပြည့်စုံသောသူကို ကြည့်ရှုတော် မူလေလျှင် ကိုယ်တော်နှင့်အတူ ရဟန်းပြုကြကုန်သော သူတို့ကို မြင်တော်မူ၍ ၎င်းရဟန်းတော်ပေါင်း တကုဋေတို့အား မိမိသိအပ်သော တရား ထူးကို လက်ဦးစွာ ဟောတော်မူခြင်းငှါ အာကာဝေဟင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ဥသဘဝတီ မြို့အနီး ဥသဘဝန မည်သော ဥယျာဉ်ကြီးအတွင်းသို့ သက်ဆင်းတော်မူလေ၏၊ ထိုအခါ တကုဋေသော ရဟန်းတော်များကို အဦး

ထား၍ အထူးတရားဖြစ်သော **ဓမ္မစကြာ** သုတ္တန်ကို ထုတ်ပြန်မြွက်ကြားတော်မူလေလျှင် ထိုရဟန်းပေါင်း **တကုဋေ** တို့သည် လေးထွေသော သစ္စာကို အမြစ်ပါမကျန် အမှန်ထိုးထွင်း၍ သိကြကုန်၏။

ပိယဒဿီ မြတ်စွာဘုရား၏ တပည့်အစုံ **အဂ္ဂသာဝက** ဖြစ်ကုန်သော အရှင်မြတ်တို့ကား **အရှင်ပါလိတ** နှင့် **အရှင်သဗ္ဗဒဿီ** တို့ ဖြစ်ကြ၍ **အရှင်သောဘိတ** ကား **အလုပ်အကျွေး** ရဟန်းတော်ပေတည်း၊ **သုဇာတာထေရီ**နှင့် **ဓမ္မဒိန္နာထေရီ** တို့ကား တပည့်မ မိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ **သန္ဓက ဒါယကာ** နှင့် **ဓမ္မကဒါယကာ** နှစ်ယောက်တို့ကား အလုပ်အကျွေး **ဥပါသကာ** တို့ဖြစ်ကြ၍ **ဝိသာခါ ဒါယိကာမ** နှင့် **ဓမ္မဒိန္နာ ဒါယိကာမ** တို့ကား အလုပ်အကျွေး **ဥပါသိကာမ** တို့ပေတည်း၊ ပိယဒဿီ မြတ်စွာဘုရားသည် **အရပ်တော် အတောင် ရှစ်ဆယ်** မြင့်တော်မူ၍ **အသက်တော်** ကား **အနှစ်ကိုးသောင်း** ရှည်သောင်းတော်မူသတည်း။

ဂေါတမဘုရားအလောင်း ကဿပပုဏ္ဏား အကြောင်း

ပိယဒဿီ မြတ်စွာဘုရားသည် သုံးပါးသော လောကတွင် **အဟောဝတ** ဟူသော ကောင်းချီးသံဖြင့် တချိမ့်ချိမ့်ညံ၍ ပွင့်တော်မူစဉ် **ဂေါတမဘုရား အလောင်းတော်** သည် **ကဿပ** ဟု အမည်တွင်သော ပုဏ္ဏားလုလင် ဖြစ်လေသတည်း၊ အလောင်းတော်သည် ဇာတိဟာသကျမ်းလျှင် ငါးခုမြောက်သော ဗေဒင်သုံးပုံကို အလုံးစုံ တတ်မြောက်တော်မူ၏၊ ပါရမီတော်နှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ် ဗောဓိသတ်သည် တနေ့သောအခါဝယ် ပိယဒဿီ မြတ်စွာဘုရား၏ တရားကို ကြားနာရသည်ရှိသော် အတိုင်းမသိသော သဒ္ဓါအညွန့်သည် တလွန့်လွန့် တလူလူ ဖြစ်ပေါ်တော်မူလတ်၍ ကုဋေတသိန်း မျှသော ဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်ကာ မွေလျော်ဘွယ်ရာ ကောင်းသော

သုမင်္ဂလာ (၈) ၂၀၁–၁၅

ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီးလျှင် ဖြူလျှမ်းစင်ကြယ်စွာသော သီလသိက္ခာကိုလည်း စိတ်ပါလက်ပါ ဆောက်တည်လေ၏၊ ပိယဒဿီ ဘုရားရှင်သည် ကဿပလုလင်ဖြစ်သော အလောင်းအလျာ၏ ကောင်းစွာ လှူဒါန်းသော ဒါန, ဆောက်တည်သော သီလတို့၏ ညီမျှဖြူစင်သော ကောင်းမှုတို့ကြောင့် တောင်းဆု ပြည့်လတ္တံ့သည်ကို မြင်တော်မူကာ "ဤ ဘုရားလျာ ဖြစ်သော ကဿပ လုလင်သည် နောင်ကမ္ဘာပေါင်း တထောင့်ရှစ်ရာ လွန်သောအခါ မဟာအတုလ ဘွဲ့ထူးကို ဆွတ်ခူးပန်ယူလျက် သယမ္ဘူမကိုဋ် ဘုံသုံးတိုက်တို့၏ ဦးညွတ်ရာဖြစ်သော ဘုရားအဖြစ်သို့ ရောက်တော်မူလတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏၊ ဂေါတမ ဘုရားအလောင်းဖြစ်သော သူတော်ကောင်း လုလင်သည် ရှင်တော်မြတ်၏ မိန့်အပ်သော ဗျာဒိတ်စကားကို ကြားရသော အခါ ယခုပင် ရတော့မည်ကဲ့သို့ စိတ်ကြည် ဝမ်းမြောက်၍ သဒ္ဓါအရှိန်တောက်ကာ နေပြီးလျှင် မိမိကိုယ်ကိုလည်း လောဘ, ဒေါသ-စသော အကုသိုလ်အမှုမျိုး၌ အတုမခိုးစေမူ၍ ရိုးရိုးသားသားနေကာ ပါရမီရင့်ကြောင်းဖြစ်သော ကုသိုလ်ကောင်း တရား အလုပ်ကိုသာ အားထုတ်ကာ နေသောကြောင့် လူ့ပြည်မှ စုတေသောအခါ ကောင်းမွန်ရာ ဘုံဂတိ၌ ဂုဏ်ရှိစွာ ဖြစ်ရလေတော့ သတည်း။

ပိယဒဿီ ဗုဒ္ဓဝင် ပြီး၏။

၁၄-အဋ္ဌဒဿီ ဗုဒ္ဓဝင်

ဤ ဝရကမ္ဘာ၌ပင် ပိယဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားပြီးနောက် အသင်္ချေကိုးသောင်းတမ်းသည် ဆုတ်မှန်းမသိ ဆုတ်လာသည်ရှိသော် ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ထိုမှတဖန် ပြန်၍တက်သောအခါ အသင်္ချေယျဖြစ်သော အသက်တမ်းသို့ရောက်၍ ထိုအသင်္ချေယျတမ်းအခါမှ ဆုတ်လာလျှင် အသက် တသိန်းတမ်းသို့ ရောက်လေ၏၊ ထို အသက် **တသိန်းတမ်း** တွင် ကိန်းခန်းတော် သင့်၍ ဘုရားပွင့်ဘို့ အချိန်ကောင်း ကြုံလာရကား **အဋ္ဌဒဿီ ဘုရားအလောင်း** နတ်သားသည် တုသိတာနတ်အများတို့၏ ပျော်ပါးခိုလှုံရာဖြစ်သော နတ်ကြင့်နန်းမှ စုတေခဲ့ပြီးလျှင် **သောဘဏ** မည်သော ပြည်ကြီး၌ စည်ထီးခရိုင် ပိုင်စံတော်မူသော **သာဂရ ဘုရင်မင်း** ၏ ညာနှင်းသက်ထား **သုဒဿနာ** မိဖုယား၏ ဝမ်းကြာတွင် နန်းလျာအမွေ သန္ဓေတည်နေတော်မူလေ၏၊ ဓမ္မတာထုံးတမ်းအရ ဆယ်လစေ့သောအခါ မင်္ဂလာတော်ဝင် ဖြစ်သော **သုစိန္ဓန ဥယျာဉ်** တွင် ဘွားမြင်တော်မူလေ၏၊ အလောင်းတော်မင်းသားကို ဘွားမြင်သော ခဏ၌ပင် ကာလမြင့်ကြာ ရှေးအခါက မြှုပ်နှံထား၍ ပျောက်သွားသော ရွှေအိုးတို့ကို ဥစ္စာရှင်တို့သည် တဖန်တွေ့မြင် ရရှိကြကုန်၏၊ သို့အတွက် မင်းသားကလေးအား အမည်ပေးသည်မှာ **အဋ္ဌဒဿီ** ဟူသော အမည်ထူးကို ချီးကျူးမှည့်ခေါ် ပေးတော်မူကြကုန်၏။

အလောင်းတော် အဋ္ဌဒဿီမင်းသားသည် ပတ္တမြားကြိုးတပ်၍ * ကိုးနဝရတ် ချယ်စီသော မြပုခက်ပေါ်မှာသာ အချီတော် အချော့တော်တို့ဖြင့် မွေ့လျော်

* ၁-စိန်။ ၂-ပုလဲ။ ၃-သန္တာ။ ၄-ဂေါ်မုတ်။ ၅-နီလာ။ ၆-ကြောင်။ ၇-ဥဿဖယား။ ၈-မြ။ ၉-ပတ္တမြား။

ပျော်ပါး၍ ကြီးပွားလာရာ ရာဇာဘိသိက် ခတ်နှိပ်သွန်းလောင်းတော်မူသော အခါတွင် ကညာတော်ဝင် အပျိုစင်ပေါင်း **သုံးသောင်း သုံးထောင်** ခြံရံလျက် **ဝိသာခါဒေဝီ** ကို မဟေသီမြှောက်စား၍ **အမရဂိရိပြာသာဒ်**, **သုရဂိရိပြာသာဒ်**, **ဂိရိဝါဟနပြာသာဒ်** သုံးရပ်သော နန်းမတို့တွင် နွမ်းလျပျင်းရိခြင်း မရှိကောင်း သကဲ့သို့ **အနုစ်တသောင်း** ကြာအောင် စံစားကာ နေလေ၏၊ ထိုအခိုက်မှာပင် ဝိသာခါမိဖုယားကြီး၏ဝမ်းမှ **သေလ**မည်သော သားတယောက်ကို ဘွားမြှောက် သန့်စင်, နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ **သုဒဿန**ာ မည်သော **မင်္ဂလာမြင်းတော်** ကို စီးနင်းလျက် တောထွက်တော်မူလေ၏၊ အလောင်းတော် အတ္ထဒဿီမင်းသား တောထွက်သွားကြောင်းကို ကြားသိကြသော လူအပေါင်း **ကိုးကုဋေ**တို့သည် အမျိုးအဆွေနှင့် ရွှေ, ငွေ ဘဏ္ဍာတို့ကို ဆံလွှာလောက်မျှမကင့်ကွက်သော စိတ်မပါ အနိဋ္ဌာရုံအနေ ပယ်စွန့်ကြလေ၍ ရဟန်းပြုကြကုန်သတည်း။

အလောင်းတော်မြတ် ဗောဓိသတ်သည် ထိုကိုးကုဋေသော ရဟန်းတို့ဖြင့် ဝိုင်းဝန်းခြံရံကာ **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ရှစ်လ** တို့ပတ်လုံး ကျင့်သုံးတော်မူလေလျှင် ဝိသာခါနက္ခတ်နှင့် စန်းမြတ်ယှဉ်ကြုံသော ကဆုန်လပြည့်နေ့၌ **သုစိန္ဓရ** မည်သော **နဂါးမ** သည် မိမိအတွက် ပို့ဆက်လာသော နို့ဃနာကို လူများအပေါင်း မြင်စဉ်ပင် ညွှတ်ပျောင်းသောစိတ် ယိုဖိတ်သော သဒ္ဓါအစွမ်းဖြင့် ရွှေခွက်နှင့်တကွ လှူဒါန်းအပ်သည်ကို ခံယူဘုဉ်းပေးတော်မူလျက် **ဓမ္မရုစိ** မည်သော **နဂါးမင်း**သည် ဆက်ကပ် လှူဒါန်းအပ်သော သမန်းမြက် ရှစ်ဆုပ်ကို ယူတော်မူကာ မဟာဗောဓိဖြစ်သော **စကားပင်** သို့ ကပ်တော်မူ၍ ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်းတော်မူလေ၏၊ အလောင်းတော်သည် ထိုမြက်အခင်းပေါ်မှာပင် သီတင်းသုံးတော်မူကာ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်လျက် တည်ကြည်သော သမာဓိကို အရင်းခံပြီးသော် အတွင်းဉာဏ်ထက်ထက်နှင့် သွက်လက်စွာ အားထုတ်လေလျှင် ညဉ့်သုံးယာမ်အလွန်တွင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူလေသတည်း။

အတ္ထဒဿီ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသောနောက် မဟာဗောဓိ အနီးမှာပင်(သတ္တသတ္တာဟ)လေးဆယ့်ကိုးရက်မျှ သီတင်းသုံးတော်မူပြီး



"သုစိန္ဒရာ" နဂါးမသည် အတ္တဒဿီ ဘုရားအလောင်းအား နို့ဃနာ ဆက်ကပ်ခဏ်း။

လျှင် အငှမ သတ္တာဟအတွင်း ပြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူကာ လေးသစ္စာ အချက်ပိုင်အောင် သိစွမ်းနိုင်သော ဝေနေယျ သတ္တဝါကို ကြည့်ရှု တော်မူရာတွင် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းပေါင်း ကိုးကုဋေကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားပြီးသော် **အနောမမြို့** အနီး **အနောမ** မည်သော ဥယျာဉ်ကြီးအတွင်းသို့ သက်ဆင်းတော်မူလေ၏၊ ထိုဥယျာဉ်ကြီး အတွင်း တရားပွဲခင်းကျင်း၍ အလင်းတွင် ပထမ သစ္စာဉာဏ် ပြတတ်သော **ဓမ္မစကြာ** ဒေသနာကို ကောင်းစွာဟောလေလျှင် **ကုဋေတသိန်း** မျှသော သူအပေါင်းတို့သည် သစ္စာလေးပါး မြတ်တရားကို ပြတ်သားသေချာ စွာ သိမြင်တော်မူကြကုန်၏။

အတ္ထဒဿီ ရှင်တော်ဘုရား၏ တပည့်သားအပေါင်းတို့တွင် ဆုတောင်းပါရမီ နှင့် အထူးတလည်ပြည့်ဝသော **အဂ္ဂသာဝက** နှစ်ပါးတို့ကား **အရှင်သန္တ** နှင့် **အရှင်ဥပသန္တ** တို့ဖြစ်ကြ၍ **အရှင်အဘယ** မထေရ်ကား **အလုပ်အကျွေး** ရဟန်း ပေတည်း၊ **ဓမ္မာထေရီ** နှင့် **သုဓမ္မာထေရီ** နှစ်ပါးတို့ကား လက်ဝဲသာသနာရေး ကိစ္စတွင် တပည့်မ မိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ **နကုလ ဒါယကာ** နှင့် **နိသဘဒါယကာ** တို့ကား အလုပ်အကျွေး **ဥပါသကာ**တို့ ဖြစ်ကြ၍ **မဏိလာဒါယိကာမ** နှင့် **သုနန္ဒာဒါယိကာမ**တို့ကား အလုပ်အကျွေး **ဥပါသိကာမ** တို့ဖြစ်ကြကုန်၏၊ အတ္ထဒဿီ မြတ်စွာဘုရား၏ **ကိုယ်တော်ရောင်**သည် ရောင်ခြည် တထောင် ဆောင်သော နေမင်း၏အရောင်ကို လွှမ်းမိုး၍ တန်ခိုးတော်မစ္စက်ဘဲ အမြဲထွက်တော်မူသည်မှာ ထက်ဝန်းကျင် **တယူဇနာ** ပြန့်နှံ့လေ၏၊ **အရပ်တော်** ကား **အတောင်ရှစ်ဆယ်** မြင့်တော်မူ၍ **အသက်တော်** ကား **နှစ်ပေါင်းတသိန်း** ရှည်တော်မူလေသတည်း။

ဂေါတမဘုရားအလောင်း သုသီမရသေ့ အကြောင်း

အတ္ထဒဿီ ရှင်တော်ဘုရားသည် ထင်ရှားပွင့်တော်မမူမီ **ဂေါတမ ဘုရား အလောင်း**တော်သည် စမ္ပကမြို့ကြီး၌ မဟာသာလ ပုဏ္ဏားအမျိုးတွင် ပေါ်လွင် ထင်ရှား၍ များပြားသော ပစ္စည်းဥစ္စာတို့နှင့် ပြည့်စုံသော **သုသီမ** ဟူသော

အမည်သညာဖြင့် ဖြစ်လတ်သတည်း၊ အလောင်းတော်သည် တနေ့သောအခါ ပါရမီတန်ခိုး နှိုးအပ်သည်ဖြစ်၍ ရှိရှိသမျှ ကြွယ်ဝသော ပစ္စည်းတို့ကို အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိ ပကတိကြည်လင် သန့်စင်သော စိတ်ဓာတ်ဖြင့် စွန့်လွှတ်လှူဒါန်းခဲ့ပြီးလျှင် ဟိမဝန္တာတောသို့ ဝင်၍ *သမ္ဗောဇ္ဈင်ညာဏ် ရှေးရှုလျက် ရသေ့ပြုကာ နေလေ၏။

အလောင်းတော် ရသေ့မြတ်သည် အတွေ့နှင့် အငွေ့ဓာတ်ကို ပယ်ဖြတ်တော်မူလျက် ထက်မြက်သော ဝီရိယအားစွမ်းဖြင့် ကမ္မဋ္ဌာန်းအကျင့်မြတ်ကို ကျင့်လတ်သည်ရှိသော် ရှစ်ပါးသော သမာပတ်, ငါးရပ်သော အဘိညာဉ်တို့နှင့် စုံလင်ပြည့်ဝ၍ အဓိကရဖြစ်သော တန်ခိုးဂုဏ်နှင့်လည်း ပြည့်စုံလေ၏၊ မိမိတန်ခိုးဖြင့် အမျိုးမျိုးသော လူအပေါင်းတို့အား ခရီးကောင်းညွှန်ပြလျက် ကုသိုလ်ဓမ္မတို့ကို အားထုတ်ရန် အတန်တန် ဟောကြား၍ ဘုရားဖြစ်ခြင်း သတင်းကောင်းကိုသာ မြှော်ညှောင်းငံ့လင့်ကာ နေလေသတည်း။

အလောင်းတော် သုသိမရသေ့သည် နေ့ပေါင်းများစွာ မြှော်လင့်၍လာရာ တနေ့သော အခါဝယ် အတ္ထဒဿီ မြတ်စွာဘုရားသည် လောကသုံးပါးတွင် နှိုင်းထားစံတုသူမရှိ အဓိပတိခေါင်ချုပ်ဖြစ်၍ ပွင့်တော်မူလာလေ၏၊ ထိုနောက်မှ သုဒဿနမည်သော မင်းနေပြည်တော်မြို့ကြီးသို့ ခရီးဒေသစာရီ ကြွချီတော်မူကာ များစွာသော ပရိသတ်အလယ်တွင် တရားတော်မိုးကို သွန်းဖြိုးတော်မူသောအခါ အလောင်းမဟာဖြစ်သော ရသေ့မြတ်သည် တရားဓာတ်မိုးလုံးကို ချိုးသုံးရသည်ဖြစ်၍ အသစ်အသစ်ဖြစ်သော သဒ္ဓါပန်းတို့သည် တလန်းလန်း တထိန်ထိန် ရောင်ရှိန်ကောင်းလှသောကြောင့် နတ်ပြည်သို့သွား၍ ထင်ရှားပန်း, ပဒုမာကြာပန်း, ပင်လယ်ကသစ်ပန်းတို့ကို ဆောင်ယူခဲ့ပြီးလျှင် မိမိ၏တန်ခိုးဂုဏ်ကိုလည်း မျိုးစုံအောင် ပြပြန်လိုရကား အရပ်လေးမျက်နှာ အုပ်ဖုံး၍ လေးကျွန်းလုံးတို့တွင် တဒုံးအုံး ရွာသွန်းသော မိုးကြီးကဲ့သို့ ပန်းမိုးကို

* အပြားအားဖြင့် သိတတ်သောညာဏ်။

ရှာစေပြီးလျှင် ထက်ဝန်းကျင် အရပ်၌လည်း ပန်းမဏ္ဍပ်ကို ဖန်ဆင်းလျက် မြတ်စွာဘုရားကိုကား ပန်းထီးဖြင့်ဆောင်း၍ ကောင်းစွာ ပူဇော်လေ၏။

တိက္ခ,ဟာသ၊ ဇဝနနှင့်၊ ဒဠှ,ဘူရိ၊ ဂမ္ဘီပညာ၊ ကောင်းစွာကိုယ်နှံ့၊
ကျော်ပျံ့ထင်ရှား၊ ခြောက်ရံများ၏၊ ဆယ်ပါးအကျိုး၊ စုံပြည့်ဖြိုးသည်။ ။
အခိုးထုံနှံ့ အလှူတည်း။

ဟူ၍ ရှေးရှေးသော ပညာရှိများ ကျမ်းဂန်နှင့်အညီ ရေးသားတော်မူအပ်သော ပန်း နံ့သာ အခိုးအထုံ၏အကျိုးပြ လင်္ကာစကား အရကဲ့သို့ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်လည်း ထိုအလှူပွဲသို့ ရောက်လာသော ပရိသတ်နှင့် တကွ အလောင်းတော်မြတ် သုသိမရသေ့အား ဤဆိုလတ္တံ့သော စကားကို ဟော ကြားတော်မူလေသတည်း။

"အို-ချစ်သားတို့ ဤအလောင်းတော် ရသေ့အား စေ့စေ့ငုငု ကြည့်ရှုကြ ကုန်လော၊ ဤရသေ့မြတ်သည် ဤကဲ့သို့ မွှေးကြိုင်၍ ရနံ့တလှိုင်လှိုင် သင်းသော ပန်းများကို လှူဒါန်းရသော ကောင်းမှု အရှိန်ကြောင့် သူတပါးတို့ မသိနိုင်၍ ကြံမှိုင်ရသော အရာဌာနတို့၌ စူးရှထက်မြက်စွာ သိနိုင်သော တိက္ခဉာဏ်နှင့် ပြည့်စုံရရှိပေလိမ့်မည်၊ သူတပါးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်သော ဟာသ ဉာဏ်နှင့်လည်း ပြည့်စုံပေလိမ့်မည်၊ မြင်ကာမျှ, ကြားကာမျှဖြင့် လျင်မြန် ဆော စွာ သိစွမ်းနိုင်သော ဇဝနဉာဏ်နှင့်လည်း ပြည့်စုံပေလိမ့်မည်၊ ကျောက်သား အပြင် ပေါ်လွင်ထင်ရှားစွာ မှတ်သား ထုလုပ်ထားသော စာများသည် *ကာလ လျှားသော်လည်း ပျောက်သွားခြင်း မရှိသကဲ့သို့ တခါကြည့်ရုံနှင့် မှတ်မိ နိုင်သော ဒဠှပညာဉာဏ်နှင့်လည်း ပြည့်စုံပေလိမ့်မည်၊ ယူဇနာ နှစ်သိန်း လေးသောင်းအထုရှိသော မြေကြီးပမာ အထုအထယ် ကြီးစွာသော ဘူရိပညာ နှင့်လည်း ပြည့်စုံပေလိမ့်မည်၊ အလွန်တရာ သိနိုင်ခဲ၍ ခက်ခဲနက်နဲသော အရာကို ကောင်းစွာသိနိုင်သော ဂမ္ဘီရပညာနှင့်လည်း ပြည့်စုံပေလိမ့်မည်၊ ခန္ဓာကိုယ်ရန့်

---

* ကာလရှည်ကြာခြင်း။

လည်း သင်းပျံ့ကြိုင်လှိုင်၍ မိမိ၏ သတင်းဂုဏ်သည် တသုံးသုံး ကျော်ကြားကာ သား,သမီး,ပစ္စည်း စသော အခြွေအရံ အစေခံတို့နှင့်လည်း တရံမပြတ် ပြည့်စုံ ပေလိမ့်မည်”ဟု အကျိုးဂုဏ်ဆယ်ပါးကို ဟောကြားတော်မူလေ၏၊ ထိုသို့ ဟောကြားတော် မူသောအခါ ရောက်လာသော ပရိသတ်အားလုံးတို့သည် ရွှင်ပြုံးဝမ်းမြောက် *လက်ပမ်းပေါက် ခတ်ကြကုန်လျက် ပီတိဓာတ် တစိမ့်စိမ့် ထုံပြီးလျှင် သဒ္ဒါဂုဏ်တက်ကြွကာ ရွှင်လန်းစွာ နေကြလေကုန်တော့သတည်း။

ထိုနောက်မှ မြတ်စွာဘုရားသည် ယင်းသို့သော သဒ္ဒါအဟုန်တို့ဖြင့် မိုးညံ့, ဝသုန် ချိမ့်ချိမ့်သဲအောင် ပူဇော်ပွဲကျင်းပသော သုသီမ ရသေ့မြတ်ကို ရှုကြည့် တော် မူလတ်၍ “ဤရသေ့မြတ်သည် နောင်သောအခါ ကမ္ဘာပေါင်း ထောင့် ရှစ်ရာကြာလျှင် ငါကဲ့သို့ပင် လူတွင်ထင်ရှားသော **ဂေါတမဘုရား** ဖြစ်လတ္တံ့”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏၊ ဂေါတမဘုရားအလောင်း ဖြစ်သော ရသေ့သူတော်ကောင်းသည် နှစ်ထောင်းဝမ်းမြောက်ဘွယ်သော ဗျာဒိတ်စကား ကို ကြားရလျှင် နားဝတွင် သကာလောင်းသကဲ့သို့ သဒ္ဒါကောင်း အရှိန်သန် ကာ ဝတိံယံလောက် စိတ်မြင့်မောက်၍ ဝမ်းမြောက်ကာ နေလေသတည်း၊ ယင်းကဲ့သို့ပင် ဗုဒ္ဓါနုဿတိ ဂုဏ်ကို တကိုယ်လုံး သိုင်းခြုံ၍ မတုန်လှုပ်သော သမာဓိ ရရှိသော အဘိညာဉ်တို့ကြောင့် လူ့ပြည်မှ စုတေသောအခါ ပြဟ္မာ့ဘုံ သို့ ရောက်လေသတည်း။

အဋ္ဌဒဿီ ဗုဒ္ဓဝင် ပြီး၏။

---

* လက်ခမောင်းခတ်ခြင်း။

၁၅–ဓမ္မဒဿီ ဗုဒ္ဓဝင်

အတ္ထဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားပြီးနောက် အသင်္ချေတမ်းသည် ဆယ်နှစ်တမ်းသို့ ရောက်အောင် ဆုတ်ပြီးလျှင် တဖန်ပြန်တက်၍ အသင်္ချေယျ တမ်းသို့ ရောက်လေ၏၊ ထိုမှတဖန် ဆုတ်ပြန်လေသော် အသက် **တသိန်းတမ်း** အခါကောင်းတွင် သမ္ဘာပေါင်းပြည့်စုံ၍ တုသိတာနတ်ဘုံဝယ် ဇာတ်စုံသော အပျော်ထူးတို့ဖြင့် ပျော်မွေ့၍နေစဉ် ဗေ့ပြင်အာကာ စကြဝဠာတသောင်းမှ ခညောင်းဆည်းကပ် လာကြသော နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်စကား ကြောင့် လူ့ပြည်သို့သွား၍ ဘုရားဖြစ်တော်မူမည်ဟု ကြံစည်စိတ်ကူး ပုဂ္ဂိုလ်ထူး ဖြစ်သော **ဓမ္မဒဿီ** ဘုရားအလောင်း နတ်သားသည် ယင်းတုသိတာနတ်ပြည်မှ စုတေခဲ့၍ **သရဏ** မြို့ကြီးရှင် ဘုရင် **သရဏ** မင်းကြီး၏ အရင်းနှီးဆုံးဖြစ်သော **သုနန္ဒာဒေဝီ** ၏ နေခြည်မသန်းသော ကြာတိုက်ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေ တော်မူပြီးလျှင် ဆယ်လစေ့ရောက်သော အခါတွင် သမ္ဘာရှင် ဖြစ်သော အလောင်းတော်သည် ဆီးနှင်း, မှူ,တိမ်, သူရိန်, မီးခိုး ညစ်မျိုး ကင်း၍ ဖြူဝင်း သော လယုန်နန်း စန်းရတနာကဲ့သို့ ချမ်းသာလင်းထိန်ကာ အရှိန်အဝါ အားအင်နှင့် ဘွားမြင်လာလေ၏။

အလောင်းတော်မင်းသားကို ဘွားမြင်သော ခဏ၌ပင်လျှင် တရားလွှတ် ရုံးတော်ရှိ စာအုပ်တို့၌ မတရားသဖြင့် ပြုလုပ်အပ်သော ဆုံးဖြတ်စီရင်ချက်တို့ သည် အလိုလိုပပျောက်ကုန်၍ တရားနှင့် လျော်ကန်၍ တော်တန်ဖြောင့်မှန် သော စီရင်ထုံးတို့သည်သာ လုံးလုံး ကျန်ရှိရစ်ကုန်သတည်း၊ သို့ကြောင့် အလောင်းတော် မင်းသားအတွက် စဉ်းစားချက် ထုတ်ကြသော ပညာရှိသုခမိန် တို့သည် ၎င်းမင်းသားကလေး၏ အမည်ကို ရင်္ဂြိမဘက် အနွတ္ထသက်သက် အားဖြင့် **ဓမ္မဒဿီ**ဟူ၍ မှည့်ခေါ် သမုတ် ဇာတာထုတ်ကြလေကုန်၏။

သုမင်္ဂလဝိ (စ) ၂၀၁–၁၆

ပါရမီဘုန်းတို့သည် မိုးသည်းလုံး, လေလုံးမက ခုတ်ခံကြီးလှသော အလောင်းတော် ဓမ္မဒဿီ မင်းသားကလေးသည် လုပ်ကျွေးခယ ချီမ, ထိန်းသိမ်းကြသော မိန်းမအပေါင်းတို့၏ လက်ပေါ်မှာပင် သက်တော်ကြီးလာ၍ ပျင်းစရာမရှိသော စည်းစိမ်တို့ကိုသာ မြိန်မြိန်ကြီး စံစားလာရာ နှစ်ပေါင်း ရှစ်ထောင်ကြာလေ၏၊ ထိုအရတာအတွင်း တဝင်းဝင်း ဓာပြောင်ပြောင် လောင်လုဘနန်းသော **အရဇပြာသာဒ်, ဝိရဇပြာသာဒ်,သုဒဿနပြာသာဒ်** တို့၌ နတ်နှယ်တမျှ သာမည လူတို့ထက် အဆင်းလှ၍ ယမင်းသမ္မတဟု ခေါ်ရသော မင်းမောင်းမ အပျိုတော် **တသိန်း နှစ်သောင်း** တို့အလယ်တွင် နှယ်သဇင် မြဂမုန်းကဲ့သို့ အလှဆုံးဖြစ်သော **ဝိစိကောဠိ မင်းသမီး** ကို အဂ္ဂမဟေသီ မြှောက်တင်၍ ပျော်ရွှင်စွာ စံစားနေစဉ်အတွင်း ယင်းမိဖုယားကြီးမှ **ပုညဝဍ္ဎန** မည်သော သားရွှေစင်ကို ဘွားမြင်တော်မူလေလျှင် နိမိတ်ကြီးလေးပါးကိုလည်း မြင်ပြန်သဖြင့် သည်းထန်သော အကြောက်ဉာဏ်သည် ထောက်ခံကူပံ့၍ လာလေ၏၊ ဤသို့သော အခြင်းအရာကို တင်းမာစွာ မခုခံနိုင်ဘဲ "လူ့ထံတွင် မနေအပ် တောရပ်မှာ ခိုကပ်၍ လိုအပ်သော တရားအကျင့်ကို နားခွင့်မပေးဘဲ ကျင့်ဘိုတော်ချေပြီ"ဟု ကြံစည် စိတ်ကူးကာ အိပ်ရာထဲတွင် လျောင်း၍နေလေ၏၊ ဤအကြံအစည်ကို ဉာဏ်မှီသမျှ ကြံဆစိတ်ကူး၍ အိပ်ပျော်ကြူးသွားသော အလောင်းတော်မင်းသားသည် သန်းခေါင်ယာမ်အခါ အသာအယာ ထ၍ မင်းမောင်းမတို့၏ ဘောက်ပြန်ချွတ်ယွင်း အချစ်ကင်းလောက်အောင် ရွံမုန်းခြင်းကို ဖြစ်စေသော အခြင်းအရာကို တွေ့မြင်ရလေသော အခါ မဟာသံဝေဂစိတ်ဖြင့် ထိတ်လန့်တော်မူ၍ တောထွက်အံ့ဟု ကြံစည်စဉ်းစားတော်မူလေ၏။

ယင်းသို့ ဘုရားအလောင်း ဓမ္မဒဿီ မင်းသား၏ စဉ်းစားကြံစည်သည်နှင့် တပြိုင်နက် ပြောင်လက်ထိန်လျှပ်၍ ဝတိံနတ်၏ အသုံးအဆောင်နှင့်တူသော **သုဒဿနပြာသာဒ်** ကြီးသည် "ကောင်းကင်ခရီးဖြင့် သွားအံ့"ဟု အားဆန့်ကာ ပျံတက်၍ စစ်မက်အင်္ဂါလေးပါးတို့လည်း အနားမှခြံရံကာ လိုက်ပါလာကြကုန်၏၊ ပြာသာဒ်ကြီး၏ အရောင်အလင်းသည် နေနှစ်စင်း အပြိုင်ထွက်သကဲ့သို့

တလက်လက် ထွန်းပကာ အာကာသကောင်းကင်တွင် မောင်းနှင်၍ သွားဘိသည့်အလား တမားမား ပျံလေလျှင် **ရေခံတက်ပင်ဗောဓိ** အနီးသို့ ရောက်သောအခါမှ အောက်သို့ သက်လာလေ၏၊ ဗောဓိသတ် ဖြစ်သောယောကျ်ားမြတ်သည် ပြဟ္မာမင်းဆက်ကပ်သော သက်န်းဖြင့် ရဟန်းပြုတော်မူ၍ ပြာသာဒ်ပေါ်မှ ဆင်းသောအခါ ရတနာပြာသာဒ်သည် ကောင်းကင်ရပ်သို့ တဖန်ပျံတက်ပြီးလျှင် ဗောဓိပင်ကို အတွင်းပြုလျက် မြေသို့သက်လေ၏။

သုဒဿန ပြာသာဒ်ကြီးအပေါ်တွင် ပျော်ရွှင်စွာ ပါလာကြသော မိန်းမတို့သည်ကား မိမိတို့၏ အခြွေအရံနှင့်တကွ သက်ဆင်းကြကုန်၍ တမိုင်ခွဲမျှလောက်သော အရပ်သို့ရောက်လျှင်ပင် ထိုပါလာသော လူအပေါင်းတို့တွင် မင်းမောင်းမ အပျိုတော်နှင့် လက်ပါးစေတို့ကို ထား၍ အားလုံးသော လူအပေါင်း **ကုဋေတသိန်း** တို့သည်ကား ပြေငြိမ်းအေးမြ ဓမ္မလမ်းကြောင်းကို ပြတတ်သော အလောင်းတော်မြတ်သို့ အတုလိုက်၍ ရဟန်းပြုကြကုန်၏၊ အလောင်းတော်သည် **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ခုနစ်ရက် ပတ်လုံး** ကျင့်သုံးလေလျှင် **ဝိစိကောဋ္ဌိ** မိဖုယားကြီး လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ **သိရိဝစ္စန** မည်သော မုယောခင်း စောင့်သမား လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူကာ မဟာဗောဓိ ဖြစ်သော **ရေခံတက်ပင်**သို့ ကြွဝင်ချဉ်းကပ်တော်မူလေ၏၊ ထိုရေခံတက်ပင်ရင်း၌ ငါးဆယ့်သုံးတောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်းတော်မူကာ မဟာပုရိသပီပီ အာဇာနည် ရဲမာန်ဖြင့် မြဲမြံသောဝီရိယကို ဆောက်တည်လျက် ငြိမ်သက်စွာ ထိုင်နေတော်မူလေ၏၊ ယင်းသို့ ဝီရိယအား တင်းတင်းဖြင့် ဆုတ်နစ်ခြင်းမရှိဘဲ နေတော်မူသောအခါ ညဥ့်သုံးယာမ် လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်လေ၏။

ဓမ္မဒဿီ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် **ဗောဓိပင်**၏ အနီးအနား၌ပင် ခရီးသွားခြင်းကိစ္စကိုပယ်ဖြတ်၍ သတ္တသတ္တာဟ) **လေးဆယ့်ကိုးရက် သီတင်းသုံးတော်မူပြီးလျှင် ပြဟ္မာကြီး တောင်းပန်အပ်သည်**

ကို ကောင်းမြတ်စွာ ပဋိညာဉ် ခံတော်မူ၍ တရားဟောတော်မူရန် ကမ္ဘာလောက ကြီးအားလုံးကိုသိမ်းခြုံး၍ ကြည့်ရှုတော်မူသည်ရှိသော် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းတော် ကုဏ္ဍေတသိန်းတို့အား ပြေငြိမ်းချမ်းမြသော နန်းအမတ ရွှေဘုံသို့ ခိုလှုံနိုင်ဘို့အကြောင်း ခတ်ခံကောင်း ရှိသည်ကို မြင်တော်မူ၍ တဆယ့်နှစ်ယူဇနာဝေးသော **မိဂဒါဝုန်** တောကြီးသို့ တရက်တည်းသောခရီးဖြင့် ကြွတော်မူကာ **ဓမ္မစကြာ** ဒေသနာကို လက်ဦးစွာ ဟောတော်မူလေ၏၊ ထိုတရားကို နာကြားကြရကုန်သော ရဟန်းတော် **ကုဋေတသိန်း** တို့သည် ဘဝများစွာက ကိန်းလာသော အနုသယ ကိလေသာပါ မကျန် အမြစ်မှပယ်လှန်၍ တကယ်မှန်သော သစ္စာတရားကို ထင်ရှားစွာ သိကြကုန်သတည်း။

ဓမ္မဒဿီဘုရားမြတ်၏ လက်ထက်တွင် အထက်မြက်ဆုံး ဖြစ်သော **အဂ္ဂသာဝက** နှစ်ပါးတို့ကား **အရှင်ပဒုမ** နှင့် **အရှင်ဖုဿဒေဝ** တို့ဖြစ်ကြ၍ **အရှင်သုနေတ္တ** ကား အလုပ်အကျွေး ရဟန်းတော်ပေတည်း၊ **ခေမာထေရီ** နှင့် **သစ္စနာမာထေရီ** တို့ကား ဘိက္ခုနီတို့အတွက် လက်ဝဲဘက် သာသနာတွင် တပည့်မ မိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ အလုပ်အကျွေး **ဥပါသကာ** ဒါယကာတို့ကား **သုဘဒ္ဒ** နှင့် **ကဋိဿဟ** တို့ဖြစ်ကြ၍ **သာဋိယာဒါယိကာမ** နှင့် **ကဋိယာဒါယိကာမ** တို့ကား အလုပ်အကျွေး **ဥပါသိကာမ** တို့ပေတည်း၊ မြတ်စွာဘုရား၏ အရပ်တော် မှာ **အတောင်ရှစ်ဆယ်** မြင့်တော်မူ၍ **အသက်တော်** ကား နှစ်ပေါင်း **တသိန်း** ရှည်တော်မူလေသတည်း။

ဂေါတမဘုရားအလောင်း သိကြားမင်း အကြောင်း

ဓမ္မဒဿီ အမည်တော်ဖြင့် ထင်ပေါ်ကျော်ကြားသော ရှင်တော်မြတ်ဘုရားသည် တရားကောင်း ဓမ္မစကြာကို များစွာသော လူနတ်တို့အား အပူခတ် ဝေးကြောင်း ကောင်းစွာ ဟောတော်မူပြီးလျှင် ကိုယ်တော်မြတ်မှာမူကား

မဟာကရုဏာရှင် ဖြစ်တော်မူသည် အားလျော်စွာ တိုင်းတကာ ပြည်တကာ မြို့တော်ပေါင်း များစွာသို့ ဒေသစာရီ ကြွချီတော်မူ၍ ကျွတ်ထိုက်သောသူ ဗိုလ်လူများစွာ သတ္တဝါ အပေါင်းတို့အား တရားကောင်း အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေ၏။

ဤသို့ မြတ်စွာဘုရားသည် တပည့်သား သာဝကပေါင်းများစွာ ခြံရံလျက် အသံတော် မဆိတ်အောင် ဒေသနာမိုဃ်းကို သွန်းဖြိုး ရွာချတော်မူလာသည်မှာ ကာလကြာလေလျှင် သာသနာတော် ရောင်ဝန်းသည်လည်း တောင်ကျွန်း ဖြစ်သော ဤဇမ္ဗူဒိပ်တွင် အရိပ်မထင်သော နေမင်း, အလင်း အားကောင်း သော လယုန်စန်းကဲ့သို့ တလျှမ်းလျှမ်းတောက်ပ၍ နေစဉ်အခါ **ဂေါတမဘုရား အလောင်း** သည် ဘဝပေါင်းများစွာ သံသရာတွင် ကျင်လည်ရသော အခါ၌ မိမိ အဇ္ဈာသယဓာတ် အားလျော်စွာ ကောင်းရာ ကောင်းကြောင်း ဖြစ်သော ကုသိုလ်ကောင်းမှုဘက်မှာသာ အားသန်နေသည်ဖြစ်၍ ဒါန,သီလ,နေက္ခမ္မ,ပညာ စသော ပါရမီတော်ဆယ်ရပ်ကို ဘယ်ဇာတ် ဘယ်အမျိုး၌ပင် ဖြစ်ရပါသော် လည်း မိမိစွမ်းပကားရှိသလောက် ဆောက်တည် ဆည်းပူး အထူးဖြည့်ကျင့်ခဲ့ရုံ မက စရိယသုံးလီ စာဂိငါးရပ်တို့ကိုလည်း အားလပ်ခွင့် အချိန်မယူဘဲ ဟိန္ဒဂူ များသတ္တာတို့၏ အကျိုးငှါသာလျှင် တိုးကာ တိုးကာ ရှာမှီးတော် မူရရှာလေ ၏၊ ယင်းသို့သော အကြောင်း ကောင်းမှု အမျိုးမျိုးတို့၏ အရှိန်ဓာတ်ကြောင့် ဝတိံရပ် အာကာခွင်ဝယ် အာဏာရှင်ဖြစ်သော နတ်ပေါင်းများစွာ၏ ရာဇာ သေဋ္ဌနှင်း **သိကြားမင်း** ဖြစ်၍ နေလေသတည်း။

မြတ်စွာဘုရား၏ ဂုဏ်သည် အကနိဋ္ဌ ဘုံတိုင်အောင် တသုံးကြိုင်လှိုင်၍ ပြိုင်ဆိုင်ဝံ့သူ မပေါ်ဘဲ ထူးတော်မူသော အကြောင်းအရာကို ကောင်းစွာသိ တော်မူသော အလောင်းတော် သိကြားမင်းသည် တရားမင်းအရှင်ဖြစ်သော မြတ်စွာဘုရား ထံတော်ပါးသို့ ခစားဖူးမျှော်လိုသည်ဖြစ်၍ အောက်လက်ငယ် သားဖြစ်သော နတ်များစွာတို့ကို ဆင့်ခေါ်ကာ နံ့သာပေါင်းစုံ အခိုးအထုံအမျိုး မျိုး မညှိုးသော နတ်ပန်းနှင့် အဆန်းတကြယ်ဖြစ်သော စောင်းငြင်းပတ်သာ

တူရိယာ အမျိုးစုံတို့ကိုယူလျက် မြတ်စွာဘုရားအထံတော်သို့ အဖူးအမြော်သွားကြပြီးလျှင် အခိုးအထုံ အမွှန်းသာ ပန်းများစွာတို့ဖြင့် လှူဒါန်းရုံမက သာယာလှသော တူရိယာကိုလည်း ညီညာပြေပြစ်စွာ မှုတ်တီး၍ အပူဇော်ကြီး ပူဇော်လေ၏။

ယင်းသို့ စေတနာထက်သန် သဒ္ဓါကောင်းခြေရုံ၍ အခြေခံ ပါရမီကောင်းသော အလောင်းတော်သိကြားနတ်ကို ဘုရားမြတ် ရှုစားတော်မူကာ "ဤကမ္ဘာမှ ကမ္ဘာပေါင်း တထောင့်ရှစ်ရာလွန်သော ဘဒ္ဒကမ္ဘာတွင် အမြတ်ဓမ္မ ရတနာကို ရသော **ဂေါတမဘုရား**ဟု လောကတလွှား၌ ထင်ရှားဖြစ်ပေလတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသတည်း၊ အလောင်းမြတ်ဖြစ်သော သိကြားမင်းသည် တရားအလင်း၏ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရ၍ များလှသော အခြေအရုံ စည်းစိမ်ချမ်းသာကို ခံစားနေရသည်ထက် အဆပေါင်းများစွာပို၍ နှစ်လိုဝမ်းမြောက်ပြီးလျှင် ခရီးမဆုံးသေးသော မိမိနေရာ တာဝတိံသာသို့ပင် ပြန်သွားကာ ရှေးအခါကနှင့်မတူ အမူကွဲပြား ပျော်ပါးခြင်းအတွက်ကို လက်လျှော့တော်မူကာ ဘုရားရှင်၏ နှုတ်သံဖွင့်၍ ကျူးရင့်တော်မူအပ်သော ဗျာဒိတ်စကားကို စဉ်းစားဆင်ခြင်တော်မူလျက် ဘုရားဖြစ်ကြောင်း ပါရမီ အပေါင်းတို့ကိုလည်း စုဆောင်းပျိုးစိုက်၍ အဘိုးထိုက် အဘိုးတန်ဖြစ်သော ရတနာ အမျိုးမျိုးကို တိုးကာ တိုးကာသာ လှူဒါန်းနေလေသတည်း။

ဓမ္မဒဿီ ဗုဒ္ဓဝင် ပြီး၏။

၁၆—သိဒ္ဓတ္ထ ဗုဒ္ဓဝင်

ဤဘဒ္ဒကမ္ဘာမှ အထက်သို့ပြန်တွက်သည်ရှိသော် တထောင့် ရှစ်ရာမြောက်သော ကမ္ဘာတွင် ဓမ္မဒဿီမြတ်စွာဘုရားသည် ပွင့်တော်မူပြီး၍ တရားစည်ကြီးကို ခတ်တီးကျေညာလျက် ဒေသနာဓမ္မစက်ကို ဟောမြွက်ချွေချွတ်တော်မူပြီးသော နောက်ဆုံးနေ့ရက်၌ အငွေ့အသက်မျှ ဒုက္ခမထင်သော ပြည်ခွင်နိဗ္ဗာန်သို့ ဝင်စံကြွသွားတော်မူပြီးသောအခါ ကမ္ဘာကြီးသည်လည်း တဖြည်းဖြည်း ဆုတ်ယုတ်လျက် နောက်ဆုံးဖြစ်သော ရက်၌ကား ပျောက်ပျက်၍ သွားလေသတည်း၊ ထိုကမ္ဘာကြီး ကွယ်ပျောက်၍ ကမ္ဘာသစ် ပေါ်ပေါက် လာငြားသော်လည်း ဘုရားမပွင့်ဘဲ တရားနှင့်ကင်းကွာနေသော ကမ္ဘာပေါင်းမှာ **တထောင့်ခုနစ်ရာငါး** ကမ္ဘာမျှ ရှည်ကြာလေ၏၊ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သော် **ကိုးဆယ့်လေးခု** မြောက်သော **သာရကမ္ဘာ** အသက် **တသိန်းတမ်း** အခါတွင် မဟာဝင်, ရာဇဝင်တို့၌ စာတင်၍ ဆုံးမကုန်အောင် သုံးဘုံသုံးတို့၏ မကိုဋ်သရဖူ သယမ္ဘူတဆူဖြစ်တော်မူလတ္တံ့သော **သိဒ္ဓတ္ထဘုရားအလောင်း** နတ်မင်းသည် တပ်ခြင်းအမျိုးစုံ၍ အကြိုက်အာရုံ ကာမဂုဏ်တောထသည့် **လောကတမျိုး**ဟု ဆိုအပ်သော နတ်ပြည်, နတ်နန်း တုသိတာ နတ်ကြငှန်း၌ စံမြန်းတော်မူစဉ် သောင်းခွင်စကြဝဠာ နတ်ဗြဟ္မာတို့ ညီညာရုံးစု တောင်းပန်မှုကြောင့် လူ့ပြည်သို့စုတေကာ **ဝေဘာရ** ပြည်နန်းကို ကြည်လျှမ်း ဝမ်းမြောက်စွာ အုပ်ချုပ်၍ မင်းလုပ်တော်မူသော **ဥဒေနမင်း**ဘုရင်၏ အတွင်း, အပြင် ယုံကြည်ရ၍ အလှပေါင်းစုံညီသော **သုဖဿာဒေဝီ** ၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏၊ ပဋိသန္ဓေတည်နေသည်မှ ဆယ်လစေ့သောနေ့၌ **ဝိရိယ** မည်သော မင်္ဂလာ ဥယျာဉ်တွင် ဘွားမြင်တော်မူလေသတည်း။

အလောင်းတော်သားမြတ်ကို ဘွားတော်မူလတ်သော် လူခပ်သိမ်းတို့အား တွက်ကိန်းမှာ များလှသော အမှုကိစ္စတို့၌ စိတ်ကမပြို အလိုခပ်သိမ်း ပြီးငြိမ်းခြင်း သကတ်ဂုဏ်ကြောင့် အမည်ထူးကို မှတ်ပုံတင်ရာတွင် ထင်ရာမြင်ရာမဆိုဘဲ **အနွတ္ထ** သညာကို အစွဲပြု၍ ပုလဲဥ အဆင်းကဲ့သို့ ဖြူဝင်းသော မင်းသားငယ်ကို **သိဒ္ဓတ္ထ**ဟု အမည်ပေးကြကုန်၏။

အလောင်းတော် မင်းသားသည် အကင်းပါးသော အခြေနှင့် အရွယ်သို့ ရောက်လေသော် ***ကောကာပြာသာဒ်, သုပ္ပလပြာသာဒ်, ပဒုမပြာသာဒ်** ဟူသော ရွှေနန်းပြာသာဒ်တို့၌ နတ်ပြည်နှင့် မခြားသော စည်းစိမ်ချမ်းသာများကို စံစားတော်မူရာ များစွာသော မိဖုယား **လေးသောင်း ရှစ်ထောင်** တို့တွင် အချစ်ရောင် အထူးတက်၍ ပါရမီဘက်ဖြစ်သော **သောမနဿာ** မင်းသမီးကို မဟေသီ မြှောက်စား မိဖုယားကြီးအရာ၌ထား၍ ကမ္ဘာတလွှားတွင် အကောင်းစား ထင်ရသော အာရုံအမျိုးမျိုးကို မရိုးအောင် ခံစား၍ နေလေ၏၊ ယင်းသို့ ခံစား စံစား၍ လာရာ **အနှစ်တသောင်းမျှ** ကြာလေလျှင် ရွှေစင်ကိုဦး၍ အထူးစီမံ ထုလုပ်ထားသော ရွှေသားအရုပ်ကလေးကဲ့သို့ အသွေးတဝင်းဝင်း အဆင်းလှပသော **အနုပမ** မည်သော သားကို မိဖုယားကြီးမှ ဘွားမြင်လေ၏ ထိုအခိုက်မှာပင် နတ်များစီစဉ်သော နိမိတ်ကြီးလေးပါးကိုလည်း အစဉ်အားဖြင့် တွေ့မြင်တော်မူရာ ဝါဆိုလပြည့်နေ့တွင် **ရွှေထမ်းစင်**ကို စီး၍တောကြီးမြက်မဲမဟုတ်သော ဝီရိယဥယျာဉ်တော်သို့ ထွက်ကာ ရဟန်းပြုလေ၏၊ အလောင်းတော်မင်းသား တောထွက် သွားကြောင်းကို ကြားကြသော လူအပေါင်း **ကုဋေ တသိန်း**တို့သည်လည်း အလောင်းမင်းသားကဲ့သို့ ကောင်းခြင်းတရားကို အားထုတ်မည်ဟု မဆုတ်သော ဝီရိယအစွမ်းဖြင့် ရဟန်းပြုကြကုန်သတည်း။

အလောင်းတော်မြတ် ရဟန်းသည် မှန်းမြော်သော တရားထူးကို ဆွတ်ခူးလိုသည်ဖြစ်၍ **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ဆယ်လ** ပတ်လုံး ကျင့်သုံးတော်မူကာ ဝိသာခါနက္ခတ်နှင့် စန်းမြတ်ကြုံသော ကဆုန်လပြည့်နေ့၌ **အသဒိသ** ရွာသူ **သုနေတ္တာ** မည်သော ပုဏ္ဏားသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို

* ကောကနဒပြာသာဒ်, ပုပ္ဖလပြာသာဒ်။ (မူကွဲ)

ဘုဥ်းပေးတော်မူပြီး၍ **ဝရုဏ** မည်သော မုယောခင်း စောင့်သမားသည် လူ့ဒါန်း အပ်သော မြက်ရှစ်ဆုပ်ကိုယူကာ မဟာဗောဓိဖြစ်သော **မဟာလှေကားပင်** သို့ ကြွဝင် ချဉ်းကပ်လျက် အတောင်လေးဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်းကာ တင်းမာသော ဝီရိယစက်တန်ခိုးကို သွက်သွက်ကြီး နှိုးဆော်တော်မူ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏၊ ယင်းသို့သော ဝီရိယဓာတ်သော့ဖြင့် မလျော့ သောလုံ့လကို ပြုသည်ရှိသော် ညဥ့်သုံးယာမ် လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်လေ၏။

သိဒ္ဓတ္ထဘုရားမြတ်သည် တရားဓာတ်ရောင်ဆိုင်ကို ပိုင်ပိုင်ကြီး သိမြင်တော် မူပြီးနောက် ဗောဓိပင်အနီး၌ပင် (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက် သီတင်း သုံး၍ ရှင်ပြုံးစွာနေပြီးလျှင် အဌမမြောက်သော သတ္တာဟတွင် လောကကြီး တခွင်ကို ကုန်စင်အောင် ကြည့်ရှုတော်မူသောအခါ လက်ဦးစွာ ကျွတ်တမ်း ဝင်ကြမည့် ကုဋ္ဌေတသိန်းသော ရဟန်းတော်တို့ကို တွေ့မြင်တော်မူ၍ ကောင်း ကင်ခရီးဖြင့် ကြွတော်မူကာ **မိဂဒါဝုန်** ပန်းမျိုးစုံသည့် ရဂုံသာမော စုံမှိုင်တော အတွင်းသို့ သက်ဆင်းတော်မူလေ၏၊ ထိုတောအတွင်း သီတင်းသုံးကြသော ရဟန်းတော်ပေါင်း **ကုဋ္ဌေတသိန်း** တို့အား **ဓမ္မစကြာ** တရားကို ဟောကြား လေလျှင် လေးပါးသော သစ္စာကို အမြစ်ပါမကျန် အမှန် သိကြကုန်သတည်း။

သိဒ္ဓတ္ထ အရှင်ဘုရား၏ အထင်ရှားဆုံးသော တပည့်မြတ် နှစ်ပါးတို့ကား **အရှင်သမ္ဗလ** နှင့် **အရှင်သုမိတ္တ** တို့ ဖြစ်ကြ၍ **အရှင်ရေဝတ** ကား ဘုရား၏ **အလုပ်အကျွေး** ရဟန်းတော်ပေတည်း၊ **သီလာထေရီ** နှင့် **သုရာမာထေရီ** နှစ်ပါးတို့ကား မြတ်စွာဘုရား၏ လက်ဝဲဘက် သာသနာတွင် များစွာကြီးမှူး၍ **အဂ္ဂသာဝိကာ** ဟူသော ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသော တပည့်မ မိန်းမမြတ် အစုံ ဖြစ်ကုန်၏၊ **သုပ္ပိယဒါယကာ** နှင့် **သမုဒ္ဒ** မည်သော ဒါယကာ တို့ကား အလုပ်အကျွေး **ဉပါသကာ**တို့ ဖြစ်ကြ၍ ရမ္မာ မည်သော ဒါယိကာမနှင့် **သုရမ္မာ** မည်သော ဒါယိကာမတို့ကား အလုပ်အကျွေး **ဉပါသိကာမ** တို့ ဖြစ်ကြကုန်၏၊ ကိုယ်တော်မြတ်၏ **အရပ်တော်** ကား **အတောင်ခြောက်ဆယ်**မြင့်၍ ကောင်းကင် ၌ စွင့်ပြီးလျှင် **အသက်တော်** မှာ နှစ်ပေါင်း **တသိန်း** ရှည်ကြာတော် မူလေ သတည်း။

သုခမ္မတော် (စ) ၂၀၁–၁၇

ဂေါတမဘုရားအလောင်း မင်္ဂလရသေ့ အကြောင်း

ထိုသိဒ္ဓတ္ထ ဘုရားမပွင့်မီ **သုရသေန** မည်သောမြို့၌ မချို့သော ပစ္စည်းဂုဏ်နှင့် ပြည့်စုံတော်မူသော **ဂေါတမဘုရားအလောင်း** သည် **မင်္ဂလ** ဟူသော နာမည်ဖြင့် ရှာပြည်တလျှောက် သတင်းပေါက်၍ နေလေသတည်း၊ အလောင်းတော်မှာ ပုဏ္ဏားတို့၏ရိုးရာဓမ္မတာအတိုင်းပင် ပညာကိုသင်လေရာ ဗေဒင်သုံးပုံကို အလုံးစုံ တတ်မြောက်၍ ကမ်းတဘက်သို့ ရောက်လေ၏၊ တနေ့သောအခါ အလောင်းတော် သတို့သားသည် သံဝေဂဉာဏ်ဖြစ်ပွား၍ ဖန်ဝါသက်နှ်းကို ဆင်မြန်း ဝတ်ရုံလျက် ရသေ့ပြု၍ နေလေ၏၊ ရသေ့ပြုပြီး၍ မကြာမီပင် အဘိညာဉ်ငါးရပ် နှင့် သမာပတ်ရှစ်ထွေကိုရရှိ၍ လောကကြီးတွင် ဘုရားပွင့်အံ့သော အချိန်အခါ ကိုသာ စောင့်မြော်ကာ နေလေ၏။

သိဒ္ဓတ္ထဘုရားရှင်သည် လောကကြီးတခွင်၌ ရောင်ရှင်တော် တမားမားဖြင့် ထင်ရှား ပွင့်ပေါ်လာသည်ရှိသော် အလောင်းတော် ရသေ့မြတ်သည် ဘုရားထံ ချဉ်းကပ်၍ အလင်းဓာတ်တရားသံကို နာခံရသောအခါ စေတနာသဒ္ဓါတရား တို့သည် တဖွားဖွား ဖြစ်ပေါ်လာသောကြောင့် ဇမ္ဗူ့သပြေပင်ကြီးမှ အသီးကို ဆောင်ယူကာ အောင်သူတကာတို့၏ အဓိပတိ အောင်သိဒ္ဓိရှင် ဖြစ်တော်မူသော ဘုရားသခင်နှင့် ရဟန်းသံဃာပေါင်း ကိုးကုဋေတို့အား သဒ္ဓါမိုးသည်းစွေစွေနှင့် ကပ်လှူလေ၏၊ သိဒ္ဓတ္ထမြတ်စွာဘုရားသည် လှူဒါန်းသော သပြေသီးကို ဘုဉ်းပေး တော်မူပြီးလျှင်"ဤရသေ့မြတ်သည် နောင်အနာဂတ်အခါ ကိုးဆယ့်လေးကမ္ဘာ မြောက်၌ ဘုရားအဖြစ်သို့ ရောက်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော် မူလေ၏၊ အလောင်းတော်သည် ဗျာဒိတ်စကားကိုကြားရ၍ လွန်စွာဝမ်းမြောက် ကာ နေပြီးလျှင် စုတေမနေ သေလွန်သောအခါ ဗြဟ္မာ့ရွာ အထက်လမ်းသို့ တက်လှမ်းတော် မူလေသတည်း။

သိဒ္ဓတ္ထ ဗုဒ္ဓဝင် ပြီး၏။



အလောင်းတော် မင်္ဂလရသေ့သည် သိဒ္ဓတ္ထဘုရားအား ဇမ္ဗူ့သပြေသီး လှူရန် ဈာန်ဖြင့်လာခန်း။

၁၇ - တိဿ ဗုဒ္ဓဝင်

သိဒ္ဓတ္ထဘုရားရှင်သည် အမျိုးမျိုးသော တရားသဘင်ကို ဆင်ယင်ကျင်းပတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသောအခါ နောက်ကမ္ဘာတခုသည် သုညကမ္ဘာဖြစ်၍ ဤဘဒ္ဒကမ္ဘာမှ ပြန်၍တွက်စစ်သော် ကိုးဆယ့်နှစ်ခုမြောက်သော မဏ္ဍကမ္ဘာတွင် ဘဂဝါ အရှင်နှစ်ပါးတို့သည် ထင်ရှားစွာ ပွင့်တော်မူကြကုန်သတည်း၊ ထိုနှစ်ဆူကုန်သော ဘုရားတို့တွင် **တိဿ ဘုရားအလောင်း** သည် ပါရမီပေါင်းများစွာကို ဖြည့်ကျင့် ဆည်းပူးတော် မူပြီးသောအခါ တုသိတာနတ်နန်း၌ အပန်းဖြေသော အနေကဲ့သို့ အထွေထွေသော စည်းစိမ်ကို အကြိမ်ကြိမ် စံစားတော်မူနေခိုက် တသောင်းတိုက် စကြဝဠာမှလာသော နတ် ဗြဟ္မာတို့ တောင်းပန်အပ်သည်ဖြစ်၍ လူ့ပြည်သို့ စုတေပြီးလျှင် အသက် **တသိန်းတမ်း** ကာလ၌ **ခေမက** မည်သော နန်းမြို့ကို အုပ်စိုး၍ တန်ခိုးဂုဏ်ထက်မြက်လှသော **ဇနသန္ဓ** မင်း၏ ကြာပဒုမာ ပွင့်ညှာအဆင်းကဲ့သို့ ထိန်ဝင်းကြည်လင်သော မျက်နှာရှိသောကြောင့် **ပဒုမာဒေဝီ** မည်သော မိဖုယားကြီးဝမ်း၌ စွဲလမ်းသန္ဓေတည်နေတော်မူကာ သန္ဓေတော်ရင့်မာ၍ ဘွားချိန်သင့်သော အခါ ဆယ်လကြာလျှင် **အနောမ** မည်သော ဥယျာဉ်၌ ရတနာစင်ကဲ့သို့သော သားကို မွေးဘွားတော်မူလေ၏၊ အလောင်းတော် မင်းသားကလေးအား **တိဿ** ဟူသော အမည်ကိုပေး၍ အရေးတစိုက်ပြုစုသောသူ ချော့မြူသော အထိန်းအာယတို့၏ လက်ပေါ်၌သာ သက်တော်ကြီးရင့်၍ တော်သင့်သော အချိန်အရွယ်သို့ ရောက်လေရာ ရတနာ အဘိုးတန်တို့ဖြင့် မွမ်းမံချယ်လှယ်၍ ထားအပ်သော **ဂုဟာသေလပြာသာဒ်, နာရိသပြာသာဒ်, နိသဘပြာသာဒ်** တို့တွင် အလှဓာတ်

စိုပြေလျက် နဂိုအနေကောင်းလှသော မောင်းမပေါင်း **သုံးသောင်း သုံးထောင်** တို့၏ အလယ်တွင် မင်းမျိုးအနွယ်ဝင်ဖြစ်သော **သုဘဒ္ဒါ** မင်းသမီးကို မိဖုယား ကြီးအရာ၌ထား၍ စံစားတော်မူရာ နှစ်ပေါင်း **ခုနစ်ထောင်** ကြာလေ၏။

ထိုအခါ သုဘဒ္ဒါဒေဝီ မဟေသီကြီး၏ဝမ်းမှ ချမ်းမြကြည်ဖြူစွာ **အာနန္ဒ** မင်းသားကို ဘွားလာ၍ လေးဖြာသော နိမိတ်ကြီးတို့ကိုလည်း တွေ့မြင်ရလေ သော် မွေ့ရှင်သော အပျော်ခာတ်တို့သည် ကော်ကပ်သော စက္ကူကို ခပ်ပူပူ နေထိသကဲ့သို့ ခွေယိညှိုးကြုံတော်မူကာ **သောဏုတ္တရ** မည်သော **မင်္ဂလာမြင်း** ကို စီး၍ တောထွက်တော်မူပြီးလျှင် ရဟန်းပြုလေသတည်း။

ဘုရားအလောင်း၏ ရဟန်းပြုကြောင်းကို ကြားကြသော လူအပေါင်း **တကုဋေ** တို့သည်လည်း အလောင်းတော်သို့ အတုလိုက်၍ ဂရုတစိုက် နှင့်ခြိုက် ပျော်ပိုက်စွာ ရဟန်းပြုကြကုန်၏၊ အလောင်းတော်မြတ်သည် ခြံရံအပ်သော ရဟန်းပေါင်း တကုဋေတို့ဖြင့် **ဒုက္ကရစရိယာ** ကို ရှစ်လ ကြာအောင် ကျင့်တော် မူသောအခါ ကဆုန်လပြည့် ကြုံလာသော်နေ့၌ **ဝီရနိဂုံးသူ** သေဋ္ဌေးသမီး လှူဒါန်း အပ်သော နို့ဃနာကို နှစ်မြို့စွာ ဘုဉ်းပေးတော်မူပြီးလျှင် **ဝိဇိတသင်္ဂါမက** မည် သော မုယောခင်းစောင့် ယောကျ်ား လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ယူ၍ အပူဋ္ဌေ မျိုးဖြုတ်၍ အခိုးထုတ်ရာ မဟာဗောဓိဖြစ်သော **ပိတောက်ပင်** သို့ ကြွဝင်ချဉ်းကပ်လျက် ခင်းအပ်သော မြက်အခင်းပေါ်တွင် အင်္ဂါလေးပါးရှိ သော ဝီရိယစက်ဖြင့် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏။

ညဥ့်သုံးယာမ် လွန်မြောက်သော အရုဏ်တက် အချိန်လောက်မှာပင် ဘုရား အဖြစ်သို့ ရောက်တော်မူသော **တိဿဘုရားရှင်** သည် ဗောဓိပင်အနီးမှ မသွား မလာ လေးဆယ့်ကိုးရက်ကြာအောင်နေတော်မူ၍ အဋ္ဌမမြောက်သောသတ္တာဟ ၌ ပြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံကာ သဗ္ဗညုတဉာဏ်စက္ခုဖြင့် လောကကို ကြည့်ရှုလေလျှင် **ဟံသဝတီမြို့** **ပြဟ္မဒေဝမင်းသား** နှင့် **ဥဒယမင်းသား** တို့အား အခြံအရံ နှင့် တကွ ဥပနိဿယဂုဏ် ပြည့်စုံမှုကို မြင်၍ ကောင်းကင် ခရီးဖြင့် ကြွသွားတော်မူကာ မင်္ဂလာ ဥယျာဉ် အတွင်းသို့ သက်ဆင်းတော် မူလေ၏၊ ထိုအခါ ဥယျာဉ်စောင့်ကို အခေါ်လွှတ်၍ မလျော်သောဝဋ္ဋမှ ကျွတ်လွတ်

စေကြောင်း ဖြစ်သော **ဓမ္မစကြာ** တရားကောင်းကို ဟောတော်မူလေလျှင် **ကုဋေတရာ** သော လူ, နတ်တို့သည် အဖြူမာတ် အစစ်ရတနာဖြစ်သော သစ္စာလေးပါးကို မျက်ဝါးထင်ထင် သိမြင်တော်မူကြကုန်၏။

တိဿမြတ်စွာဘုရား၏ တပည့်အများတို့တွင် ထူးခြားသောဂုဏ်နှင့် ပြည့်စုံသော **အဂ္ဂသာဝက** နှစ်ပါးတို့ကား အရှင် **ဗြဟ္မဒေဝ** နှင့် အရှင် **ဥဒယ** တို့ ဖြစ်ကြကုန်၍ **အလုပ်အကျွေး** ရဟန်းတော်မှာ **အရှင်သမင်္ဂ** ဖြစ်လေသည်၊ **ဖုဿာထေရီ** နှင့် **သုဒတ္တာထေရီ** တို့ကား ဘိက္ခုနီအများတို့တွင် **အဂ္ဂသာဝိကာ** ဘွဲ့ဖြင့် ချီးမြှောက်စားအပ်သော တပည့်မနှစ်ပါးစုံတို့ ဖြစ်ကြကုန်၏၊ **သမ္ဗလဒါယကာ** နှင့် **သိရိမာဒါယကာ** နှစ်ဦးတို့သည် **အဂ္ဂုပဋ္ဌာက** ဘွဲ့ထူးကို ဆွတ်ခူးကြသော **ဥပါသကာ** တို့ဖြစ်ကြ၍ **ကိသာဂေါတမီ** မည်သော ဒါယိကာမနှင့် **ဥပသေနာ** မည်သော ဒါယိကာမတို့သည်ကား **အဂ္ဂုပဋ္ဌိကာ** ဟူသောဘွဲ့တံဆိပ်ဖြင့် ခပ်နှိပ်သော **ဥပါသိကာမ** အစုံ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရား၏ **အရပ်တော်** မှာ **အတောင်ခြောက်ဆယ်** မြင့်တော်မူ၍ **အသက်တော်** ကား **အနှစ်တသိန်း** ရှည်တော်မူလေ၏။

ဂေါတမ ဘုရားအလောင်း သုဇာတရသေ့ အကြောင်း

တိဿမြတ်စွာဘုရား မပွင့်ပေါ်မီ **ဂေါတမ ဘုရားအလောင်း** တော်သည် **ယသဝတီမြို့** ၌ **သုဇာတ** မည်သော ထီးနန်းအရှင် ဘုရင် ဖြစ်လေသတည်း၊ အလောင်းတော် ဘုရင်မင်းမြတ်သည် နဝရတ်ကျောက်တို့ဖြင့် ထိန်တောက်သော နန်းတော်ကြီးနှင့်တကွ ကုဋေပေါင်းများစွာသော ပစ္စည်းဥစ္စာ မိဖုယားရတနာတို့ကို လမ်းမှာပေါက်သော မြက်ကဲ့သို့ နှစ်သက်စွဲလမ်းခြင်း မရှိဘဲ စွန့်လွှတ်တော်မူခဲ့ပြီးလျှင် ဇာတိ, ဇရာ စသော ဘေးကြီးကို ထန်သည်းစွာ ကြောက်တော်မူလှ၍ ဘာကိုမျှမငဲ့ကွက်ဘဲ တောထွက်တော်မူလေ၏၊ တောမြိုင်တန်းတွင် ရဟန်းအဖြစ်နှင့် တရားကို ကျင့်လေလျှင် အဘိညာဉ်, သမာပတ်တို့ကိုရတော်မူ၍ အာနုဘော်ကြီးသော ရသေ့တပါးဟု ထင်ရှားကာ နေလေသတည်း၊ အလောင်းတော် ရသေ့မြတ်သည် ဘုရားပွင့်အပ်သော အကြောင်းကို

ကောင်းစွာသိတော်မူ၍ ဘုရားပွင့်မည့် အချိန်တော်ကိုသာ စောင့်မြော်ကာ နေစဉ်အတွင်း တရားမင်းဖြစ်သော တိဿ ရှင်တော်ဘုရားသည် ထင်ရှားစွာ ပွင့်တော်မူလာလေ၏၊ ဘုရားပွင့်ကြောင်း သတင်းကောင်းကို ကြားရသော အလောင်းတော်ရသေ့၏ ဘဝင်အိမ်၌ ဆီစိမ်၍ထားသော ဂွမ်းကဲ့သို့ တအိအိ ဖြစ်ပြီးလျှင် *ပီတိငါးဖြာဖြင့် လွန်စွာ ဝမ်းမြောက်လျက် မြတ်စွာဘုရား အထံတော်သို့ ဖူးမျှော်ရန် သွားလေ၏၊ ဘုရားမြတ်၏ အဆင်းဓာတ်ကို ဖူးမျှော်ရသော အလောင်းတော် ရသေ့သည် နတ်ပြည်မှ ဖြစ်သော ပန်းတို့ဖြင့် ဘုရားရှင်အား ပူဇော်အံ့ဟုကြံကာ နေရာမှထသွားပြီးသော် တာဝတိံသာနတ်ပြည်သို့ သွား၍ စိတ္တလတာဥယျာဉ်သို့ဝင်လျက် ပင်လယ်ကသစ်ပန်း ပဒုမာကြာပန်း ထင်ရှားပန်း စသော ပန်းအမျိုးမျိုးတို့ကို ရတနာအဘိုးတန်တို့ဖြင့် စီမံ၍ ထားသော တောင်း၌ ကောင်းစွာ ထည့်ပြီးလျှင် သုံးမိုင်ပမာဏ မြင့်သော ကောင်းကင်ပြင်မှ ဦးတင်ရှိခိုးကာ ဝမ်းမြောက်စွာ ပူဇော်လေ၏၊ ထို့ပြင် ရတနာအတိပြီးသော ထီးကိုလည်း မြတ်စွာဘုရားအား ဆောင်းမိုးလေ၏၊ တိဿရှင်တော်ဘုရားသည် ရသေ့မြတ်၏ စေတနာကောင်းပုံကို အကြောင်းစုံ မြင်တော်မူ၍ "ဤရသေ့မြတ်သည် နောင်အနာဂတ်အခါ ကိုးဆယ့်နှစ်ကမ္ဘာ မြောက်သော ဘဒ္ဒကမ္ဘာ၌ ငါကဲ့သို့ပင် လောကကြီးတခွင်ဝယ် **ဂေါတမ ရှင်တော်ဘုရား** ဟု ထင်ရှားစွာ ဖြစ်ပေလတ္တံ့" ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ၏၊ ထိုစကားကိုကြားရသော အလောင်းတော် ရသေ့ရှင်သည် ယနေ့ပင် ရတော့မည်ကဲ့သို့ သာကြည်သော စိတ်နှလုံးဖြင့် ရွှင်ပြုံးဝမ်းမြောက်ကာ နေပြီးလျှင် စုတေမနေ သေလွန်သောအခါ အထက်ကမ္ဘာဖြစ်သော ပြဟ္မာ့ဘုံသို့ ရောက်လေသတည်း။

တိဿ ဗုဒ္ဓဝင် ပြီး၏။

---

* ၁ ကြက်သီးမွေးညှင်း ထရုံသာ နှစ်သက်သော ခုဒ္ဒကာပီတိ။ ၂–ရံခါရံခါကြက်သီ မွေးညှင်း ထ၍ နှစ်သက်သော ခဏိကာပီတိ၊ ၃–တကိုယ်လုံး လှိမ်း၍ လှိမ်း၍ သွားအောင် နှစ်သက်သော ဩက္ကန္တိကာပီတိ၊ ၄–ဈာန်မရဘဲ ကောင်းကင်သို့ပျံတက်နိုင်သော ဥဗ္ဗေဂါပီတိ။ ၅–တကိုယ်လုံးကို လွှမ်းသွားစေသော ဖရဏာပီတိ။

၁၇–ဖုဿ မုန္တဝင်

တိဿမြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွား၍ အစဉ်အားဖြင့် အသက်တမ်း ဆုတ်ယုတ်လေသည်ရှိသော် ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ထိုမှတဖန် တက်ကပ်ပြန်လာသည်ရှိသော် အသင်္ချေယျ အသက်တမ်းသို့ ရောက်လေ၏၊ ထိုအသင်္ချေယျ အသက်တမ်း၌ ရက်မှန်းခြေ၊ လမှန်းခြေအားဖြင့် မရေမတွက်နိုင်အောင် အသက်ရှည်ကြကုန်သော သတ္တဝါဝေနေ လူပုဂ္ဂိုလ်ခြေတို့၏ အနေအထား တရားပျက်ကွက် မေ့လျော့ချက်ကြောင့် အသက်တမ်း တဖန်ဆုတ်ပြန်သော် အသက်နှစ်ပေါင်း **ကိုးသောင်းတမ်း** သို့ ရောက်လေ၏၊ ထိုရောအခါ ပါရမီပြည့်ဝသော **ဖုဿ ဘုရားအလောင်းတော်**သည် တုသိတာ နတ်ပြည်မှ စုတေခဲ့၍ **ကာသိ** တိုင်းပြည်ဝယ် **ဇယသေန** မည်သော ရာဇာ၏ **သိရိမာ** မည်သော မိဖုယားကြီး၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူလေသတည်း၊ အလောင်းတော်ဖြစ်သော သန္ဓေသားသည် ရင့်မာ၍ ဆယ်လကြာသော် **သိရိမာ** မည်သော မင်္ဂလာ ဥယျာဉ်၌ ဘွားမြင်တော်မူသဖြင့် မင်းသားကလေး၏ အမည်တော်ကို **ဖုဿ** ဟု ခေါ်ဝေါ်သမုတ်ကြလေကုန်၏။

အလောင်းတော် ဖုဿမင်းသားသည် ထူးခြားသော ဂုဏ်ရှိန်ဖြင့် ဘုံဝတိံ နတ်သားကဲ့သို့ ကြီးပွားလာသောအခါ ရတနာ ခုနစ်သွယ်တို့ဖြင့် စီချယ် မွမ်းမံအပ်သော **ဂရုဠပက္ခပြာသာဒ်, ဟံသပက္ခပြာသာဒ်, သုဝဏ္ဏဘာရပြာသာဒ်** သုံးဆောင်တို့၌ ပြုံးယောင်ယောင် မျက်နှာထားနှင့် တဘက်သားတို့၏ နှလုံးအိမ်ကို ဂမုန်းစိမ်သော ကတိုးကောင်ကဲ့သို့ ရှင်ပျော်အောင် ပြုတတ်သော အပျိုတော်ပေါင်း **သုံးသောင်း** ခြံရံကာ **ကိသာဂေါတမီ** မင်းသမီးကို မိဖုယားကြီး အရာ၌ထား၍ စံစားကာ နေလေ၏၊ အလောင်းတော် မင်းသားသည်

အဆင်းအားဖြင့် နုပျို၍ သူ့အလိုကို သိကြသော မိန်းမပျိုတို့ အလယ်တွင် ပျော်ရွှင်စွာ စံစား၍ နေလေရာ နှစ်ပေါင်း**ကိုးထောင်** ကြာလေလျှင် မဟာဆွေဖြစ်သော မိဖုယားကြီးဝမ်းကြာမှ ပန်းမာလာ အဖူးအပွင့်ကဲ့သို့ အထူးသဖြင့် တင့်တယ်လှပသည့် အနုပမ မည်သော သားရတနာကို ဘွားလာလေသော် နတ်စေတမန်ဖြစ်သော နိမိတ်ကြီး လေးပါးကိုလည်း အထင်အရှား တွေ့မြင်၍ ယနေ့ပင် တောထွက်အံ့ဟု ကြံစည်ကာ **မင်္ဂလာဆင်တော်**ကို စီး၍တောမြိုင်ကြီး နက်ရာသို့ ထွက်ခွါတော်မူပြီးလျှင် ရဟန်းပြုလေသတည်း၊ အလောင်းတော် မင်းသား တောထွက်သွားကြောင်းကို ကြားသိရသော လူပေါင်း **တကုဋေ** တို့သည်လည်း အလောင်းမင်းသားနည်းတူ ရဟန်းပြုတော် မူကြကုန်၏။

လောကီစည်းစိမ်ကို မမြိန်မယှက် မမက်မမော တောထွက်တော်မူ၍ ရဟန်းပြုသွားသော အလောင်းတော်မင်းသားသည် အတုလိုက်၍ ရဟန်းပြုကြသော လူပေါင်း တကုဋေတို့ဖြင့် ခြံရံကာ ဘာဝနာကမ္မဋ္ဌာန်း အကျင့်လမ်းကို အဆင့်အတန်း မြင့်သထက် မြင့်အောင် အားထုတ်တော်မူလေရာ **ခြောက်လ** မျှကြာလေသော် ထိုရဟန်းတို့ကို ခုနစ်ရက် ခွါစွန့်၍ ရတနာသုံးပါးကို ဆွတ်ခူးသည့် အလား အထူးသဖြင့် အားထုတ်လေလျှင် အမှတ်မမြင် မထင်မရှားသော မြို့သူ **သိရိဝဍ္ဍနာ** မည်သော သတို့သမီးသည် လှူဒါန်းအပ်သော နို့ဃနာကို နှစ်မြို့စွာခံယူ၍ သုံးဆောင်တော်မူပြီးသောအခါ ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးပမ်း၍နေသော **သိရိဝဍ္ဍန** ရသေ့မြတ်၏ ဆက်ကပ်သော မြက်ရှစ်ဆုပ်ကိုယူလျက် ဘွားဘက်တော်ဖြစ်သော **သျှိရှားပင်** မဟာဗောဓိသို့ ချဉ်းကပ်တော်မူလေ၏၊ ထိုဗောဓိပင်အောက်တွင် သုံးဆယ့်ရှစ်တောင် ကျယ်ပြန့်၍ သန့်ရှင်းသော မြက်အခင်းကို ခင်းကာ ထိုင်တော်မူပြီးလျှင် "သဗ္ဗညုတဉာဏ်ကို မရလျှင် ငါမထ"ဟူသော ဝီရိယကို ဆောက်တည်တော်မူလေ၏၊ ညနေချမ်း အခါ များစွာသော မာရ်စစ်သည်ကို အောင်မြင်တော်မူ၍ ညဥ့်သုံးယာမ် လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသတည်း။

ဖုဿမြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးသော် ဗောဓိပင် အနီးမှာပင် (သတ္တ သတ္တာဟ)လေးဆယ့်ကိုးရက်ပတ်လုံးသီတင်းသုံးတော်မူကာ အဌမမြောက်သော

သတ္တာဟတွင် ပြဟ္မာကြီး တောင်းပန်အပ်သော လျှောက်ထားချက်ကို ဝန်ခံတော်မူလျက် သယမ္ဘူ မကိုဋ္ဌထီးသည် ရိုက်ဟည်းတော်မူလတ္တံ့သော တရားကို အဘယ်သူအား လက်ဦးစွာ ဟောကြားရပါမည်နည်းဟု ရွှေဉာဏ်တော်စက္ခုဖြင့် ကြည့်ရှုတော်မူလေသော် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းပေါင်း တကုဋေတို့အား အခြေကောင်း ပါရမီ စုံညီ ပြည့်ဝကြောင်းကို ကောင်းစွာ မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွကာ **သက်ဿနဂိုရ်မြို့** အနီး **မိဂဒါဝုန်** တောကြီးအတွင်းသို့ သက်ဆင်းတော်မူလေ၏၊ ထိုတောကြီးအတွင်း တရားပွဲကို ခင်းကျင်းလေလျှင် တကုဋေသော ရဟန်းတို့နှင့် နတ်, ပြဟ္မာ **ကုဋေတသိန်း** တို့သည် အေးငြိမ်းရာမှန်သော မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်သတည်း။

ဖုသရှင်တော်ဘုရား၏ သားကြီးရတနာအစုံ **အဂ္ဂသာဝက** ဖြစ်ကုန်သော မထေရ်မြတ်တို့ကား **အရှင်သုရက္ခိတ**နှင့်**အရှင်ဓမ္မသေန**တို့ဖြစ်ကြ၍ **အရှင်သဘိယ** မထေရ်ကား **အလုပ်အကျွေး**ရဟန်းတော်ပေတည်း၊ **စာလာထေရီ**နှင့်**ဥပစာလာ ထေရီ** နှစ်ပါးတို့ကား ဘိက္ခုနီအပေါင်းတွင် အခေါင်တင်ရသော **အဂ္ဂသာဝိကာ** အစုံ တပည့်မ မိန်းမမြတ်တို့ ဖြစ်ကြကုန်၏၊ **ဓနဉ္စယဒါယကာ** နှင့် **ဝိသာခ ဒါယကာ** နှစ်ယောက်တို့ကား အလုပ်အကျွေး **ဥပါသကာ**တို့ ဖြစ်ကြ၍ **ပဒုမာ** မည်သော ဒါယိကာမနှင့် **နာဂါ** မည်သော ဒါယိကာမတို့သည်ကား အလုပ်အကျွေး **ဥပါသိကာမ** တို့ပေတည်း၊ ဖုသမြတ်စွာဘုရား၏ **အရပ်တော်** သည် **ငါးဆယ့်ရှစ်တောင်** မြင့်တော်မူ၍ **အသက်တော်** ကား **အနှစ်ကိုးသောင်း** ရှည်ညောင်းတော်မူပေ၏။

ဂေါတမဘုရားအလောင်း ဝိဇိတာဝီမင်း အကြောင်း

ငါတို့၏ ကျေးဇူးရှင်အစစ် ဓမ္မရာဇ်ထွတ်ထား **ဂေါတမဘုရား** အလောင်းတော်သည် ထိုဖုသဘုရား ပွင့်တော်မူ၍ သာသနာနေဝန်း ထွန်းလင်းသော အချိန်ကာလဝယ် **အရိန္ဒမမြို့** ခရိုင်အများကို အပိုင်စားရသော **ဝိဇိတာဝီ** မင်း

ဖြစ်တော်မူ၍ ရှင်တော်မြတ်၏ တရားခေတ်အလင်းရောင်ကို မကွင်းရှောင်သော သဒ္ဓါတရားဖြင့် နာကြားရလေလျှင် ရွှေဘဝင်အသဲညှာ၌ ဘုရားနှင့် မခွဲခွါချင် တော့ဘဲ အမြဲသာလိုနေသော အာသာသည် လွန်စွာ ထန်ပြင်းကြီးမားလှသည် ဖြစ်၍ မူးယစ်စရာကောင်းသော စည်းစိမ်ပေါင်း များစွာနှင့် ရာဇာဘိသိက် ဘွဲ့တံဆိပ်ကြီးကို စွန့်ပစ်ကာ သာသနာတော်ထမ်း ရဟန်းပြုလေ၏၊ လူ့အဖြစ် ခွါရှောင်၍ သာသနာ့ဘောင်သို့ ရောက်လာသော မဟာပုရိသ ဗောဓိသတ္တ ဖြစ်သော အလောင်းတော် ရဟန်းကောင်းသည် ကျမ်းပေါင်းအရပ်ရပ်ပိဋကတ် အဖုံဖုံ ကို နှုတ်ငုံရရှိအောင် သင် အံ ကျက်မှတ်တော်မူပြီးနောက် သာသနာတော် အရောင်ကို ပြောင်သည်ထက်ပြောင်, လင်းသည်ထက်လင်းအောင် ဖြူစင်သော သဒ္ဓါဇောဖြင့် ဟောပြောရုံမက ဓမ္မလမ်းမှန်ကိုလည်း ကျမ်းဂန်နှင့်အညီ ဝသီ မပြောင်းဘဲ ကောင်းစွာကျင့်သည်ရှိသော် အဘိညာဉ် ငါးရပ်နှင့် သမာပတ် ရှစ်ပါးကို ရရှိတော်မူလေ၏၊ ယင်းသို့ သာသနာတော်ရေး ကိစ္စတွင် ဝီရိယ အထက်တန်း သဒ္ဓါပန်းပွင့်ပွင့်နှင့် ပါရမီဖြည့်ကျင့်ရသော ဘုရားအလောင်းတော် ဝိဇိတာဝီ ရဟန်းကို ဘုရားရှင်မြင်သိ၍ ရှင်အိသော သောမနဿဖြင့် လောက ခေတ် တိုက်တသောင်းကို ရိုက်ညှောင်း ခတ်တီးသောအလား မိန့်ကြားတော် မူသည်မှာ “ဤဝိဇိတာဝီ ရဟန်းမြတ်သည် နောင်အနာဂတ်ကာလ **ကိုးဆယ့်နှစ် ကမ္ဘာ** အလွန်ကျသော ဘဒ္ဒကမ္ဘာ၌ ငါဘုရားကဲ့သို့ပင် လူတွင်တယောက် ဆိုစလောက်သော ဘုရားအဖြစ်သို့ ရောက်လတ္တံ့”ဟု နိယတတံဆိပ်ကို ခတ်နှိပ် တော်မူလေသတည်း၊ အလောင်းတော်ဖြစ်သော ရဟန်းမြတ်သည် ဘုရားရှင် မိန့်အပ်သော ဗျာဒိတ်စကားကြောင့် သဒ္ဓါစိတ် ပွားသည်ထက် ပွားပြီးလျှင် သာသနာတော်တွင် ပျော်ရွှင်စွာ အားထုတ်နေရာ မယုတ်သော စျာန်ရှိသည် ဖြစ်၍ စုတေမနေ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်လေသတည်း။

ဖုဿ ဗုဒ္ဓဝင် ပြီး၏။

၁၉ - ဝိပဿီ ဗုဒ္ဓဝင်

တိဿဘုရားနှင့် ဖုဿဘုရား ပွင့်တော်မူသော ကမ္ဘာ ကွယ်ပျောက်၍ နောက် ကမ္ဘာတခု ပေါ်ပေါက်လာသောအခါ သတ္တဝါတို့၏ အသက်သည် နှစ်အရေ အတွက်အားဖြင့် **ရှစ်သောင်း** ရှည်ကြာ၍ အခါအခွင့် ဘုရားပွင့်ချိန်တန်သော ခေတ်ကောင်း၌ **ဝိပဿီဘုရားအလောင်းဖြစ်သော** နတ်သားသည် တုသိတာနတ် ပြည်မှ စုတေခဲ့၍ **ဗန္ဓုမတီ** နေပြည်တဝ်မ်းတွင် ရွှေရည်ငွေရည် ဖျန်းနိုင်သော ကုသိုလ်အစွမ်းကြောင့် မင်းခမ်းမင်းနားဖြင့် ထွန်းကား၍နေသော **ဗန္ဓုမာဘုရင်** ၏ ညာတင်သက်ထား ဖြစ်သော **ဗန္ဓုမတီ** မိဖုယားကြီး၏ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏၊ အလောင်းတော်သည် ကိုးလလွန်မြောက် ဆယ်လရောက် သောအခါ ကောင်းစွာဘွားမြင်၍ လာလေလျှင် ပညာရှင်ဖြစ်ကြသော ပုဏ္ဏား တော်များသည် မင်းသား၏ လက္ခဏာကို ဘတ်ကြား၍ အမည်ပေးကြသော အခါ **ဝိပဿီ** ဟူသော အမည်သညာကို ကောင်းစွာ မှည့်ကြကုန်သတည်း။

အလောင်းတော် မင်းသားသည် ဖျော်ဖြေသူ အပေါင်းတို့၏ ရင်ခွင်၌သာ အစဉ်အားဖြင့် ကြီးပွားလာရ၍ အချိန်အရွယ် ကျသောအခါတွင် ကမ္ဘာတခွင် ဝယ် စာတင်၍ ဆုံးမကုန်အောင် အလုံးစုံသော အလှတကာတို့ထက် အဆ တရာမက သာလွန်၍လှပသော **သုဒဿာဒေဝီ** မင်းသမီးကို မိဖုယားကြီးအရာ၌ ထား၍ အခြေအစားဖြစ်သော အပျိုတော်ပေါင်း **တသိန်းနှစ်သောင်း** တို့ဖြင့် ဝန်းရံကာ ရတနာ ခုနစ်သွယ်တို့ဖြင့် အဆန်းတကြယ် ဆောက်လုပ်အပ်သော **နန္ဒပြာသာဒ်, သုနန္ဒပြာသာဒ်, သိရိမာပြာသာဒ်** တို့တွင် နေ့စဉ်နေ့တိုင်း မေတ္တာ ထုံ၍ ချစ်အာရုံဖြစ်သော အလှကညာတို့ဖြင့် မဟာအပျော်ကြီး ပျော်၍ နေလေရာ အနှစ်ရှစ်ထောင် ကြာလေ၏၊ ထိုအခါ သုဒဿာဒေဝီ မိဖုယားမှ

ပတ္တမြားရွှေကြုတ် နှုတ်ငုံတော် အရင့်အမာသည် ဘွားမြင်လာလေသော် **သမဝတ္တကန္ဒ** ဟူသော အမည်ကို ထိုမင်းသားကလေးအား ပေးလေ၏၊ ထိုစဉ် အခိုက်မှာပင် နိမိတ်ကြီး လေးပါးကို မြင်၍ ရွှေဘဝင် နှလုံးဓာတ်ကို ကမ္ဘာမီး ဟပ်သကဲ့သို့ တဆတ်ဆတ်ခုန် ရွှေရင်တော်တုန်လှသဖြင့် **အာဇာနည်မြင်း ကသောရထား** ကို စီးနင်းကာ တောထွက်၍ ရဟန်းပြုတော်မူလေ၏၊အလောင်း တော် ဝိပဿီမင်းသား တောထွက်ကြွသွားကြောင်းကို ကြားသိကြရကုန်သော လူပေါင်း **ရှစ်သောင်းလေးထောင်**တို့သည် ငေးကြောင်ကြောင် မနေနိုင်တော့ဘဲ တောမှိုင် ရိပ်ဖျားသို့ ကြွသွားသော မင်းသားနှင့်အတူ ရဟန်းပြုတော် မူကြကုန်၏။

ဝိပဿီဘုရားအလောင်းတော်သည် ထိုရှစ်သောင်းလေးထောင်သော ရဟန်း တို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ရှစ်လ** ပတ်လုံး ကျင့်တော်မူရာ ဝိသာခါနက္ခတ်ကြုံသော ကဆုန်လပြည့်နေ့၌ **သုဒဿန** မည်သော သေဋ္ဌေး သမီးသည် ဆက်ကပ်လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ **သုဇာတ** မည်သော မုယောခင်း စောင့်သမားသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ယူကာ မဟာဗောဓိဖြစ်သော**သခွတ်ပင်**သို့ ထွတ်အရှင်ဗောဓိသတ်သည် ချဉ်းကပ် တော်မူလေ၏၊ထိုသခွတ်ပင်ဗောဓိရင်း၌ငါးဆယ့်သုံးတောင်ပြန့်ကျယ်သော မြက် အခင်းကိုခင်းကာ ကောင်းစွာဖွဲ့ခွေ ထိုင်နေတော်မူစဉ် လောကတခွင်၌ အမိုက် ပင်ကိုစိုက်ထူ၍ မိုက်သူတို့၏ရှေ့သွားဖြစ်သော မာရ်နတ်သား၏ စစ်သည်ဗိုလ်ပါ အပေါင်းကို ထောင်းထောင်းကျေညက်မျှ ပယ်ဖျက် သုတ်သင်တော်မူပြီးသော် ညဥ့်သုံးယာမ်လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသတည်း။

ဝိပဿီရှင်တော်ဘုရားသည် သဗ္ဗညုတရွှေဉာဏ်တော်ကိုရပြီးနောက် ခရီးသွား မှုကို ရပ်စဲ၍ ဗောဓိပင်၏ အနီးမှာပင်(သတ္တသတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး သီတင်းသုံးနေတော်မူလေ၏၊ယင်းလေးဆယ့်ကိုးရက်လွန်မြောက်၍အဋ္ဌမသတ္တာ ဟသို့ရောက်သောအခါပြဟ္မာမင်းကြီးတောင်းပန်လျှောက်ထားချက်ကိုငြိမ်သက် တည်နေ ဝန်ခံတော်မူလေပြီးသော် ကမ္ဘာကြီးကို အပြန်အလှန် ရွှေဉာဏ်တော် စက္ခုဖြင့် ကြည့်ရှုတော်မူသောအခါ ကိုယ်တော်မြတ်၏ ဘတူ မိကွဲ သားဖြစ်၍

ညီငယ်တော်စပ်သော **ခဏ္ဍ** မင်းသားနှင့် ပုရောဟိတ် ပုဏ္ဏား၏ သားဖြစ်သော **တိဿ** တို့အား ဥပနိဿယဂုဏ်နှင့် ပြည့်စုံခြင်းကို မြင်တော်မူလေလျှင် အာကာ ဝေဟင် ကောင်းကင်ခရီးဖြင့် ကြွကာ **မိဂဒါဝုန်** တောအတွင်းသို့ သက်ဆင်း တော်မူလေ၏၊ ရွှေညာဏ်တော် အပြင်၌ ထင်မြင်သောသူနှစ်ယောက်ကို ဥယျာဉ် စောင့်အား အခေါ်လွှတ်၍ မလျော်သော ဝဋ်စက်မှ လွတ်ထွက် စေကြောင်း ဖြစ်သော တရားကောင်းဒေသနာ **ဓမ္မစကြာ** ကို ဟောလေလျှင် ထိုမင်းသားနှင့် ပုဏ္ဏားတို့၏ အခြံအရံများပါ **အသင်္ချေယျ အနန္တ** ဖြစ်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် လေးပါးသော သစ္စာကို နှစ်နှစ်ကာကာ အမြစ်ပါမကျန် အမှန် သိတော်မူကြကုန်သတည်း။

ဝိပဿီမြတ်စွာဘုရား၏ အထင်ရှားဆုံးဖြစ်သော တပည့်ကြီး နှစ်ပါး **အဂ္ဂ သာဝက** များကား **အရှင်ခဏ္ဍ** မထေရ်နှင့် **အရှင်တိဿ** မထေရ်တို့ ဖြစ်ကြ၍ **အရှင်အသောက** ကား **အလုပ်အကျွေး** ရဟန်းပေတည်း၊ **စန္ဒာထေရီ** နှင့် **စန္ဒမိတ္တာထေရီ** ဘိက္ခုနီနှစ်ပါးတို့ကား မြတ်စွာဘုရား၏ လက်ဝဲသာသနာပြု ဖြစ် ကြသော **အဂ္ဂသာဝိကာ** အစုံ တပည့်မ မိန်းမမြတ်တို့ ဖြစ်ကြကုန်၏၊ **ပုနဗ္ဗသုမိတ္တ** မည်သော ဒါယကာနှင့် **နာဂ** မည်သော ဒါယကာတို့ကား အလုပ်အကျွေး အတွင်းရေး အကျဆုံးသော **ဥပါသကာ** တို့ဖြစ်ကြ၍ **သိရိမာဒါယိကာမ** နှင့် **ဥတ္တရာဒါယိကာမ** တို့သည်ကား ရှင်တော်ဘုရား၏ ထူးခြား မြင့်မြတ်၍ **အဂ္ဂုပဋ္ဌိကာ** ဘွဲ့တပ်ရသော **ဥပါသိကာမ** တို့ပေတည်း၊ ဝိပဿီ မြတ်စွာဘုရား၏ **အရပ်တော်** ကား **အတောင်ရှစ်ဆယ်** မြင့်မားလျက် ရှုစားကြည်ညို၍ အားမရ တင်းမတိမ်နိုင်ဘွယ်သော **ရောင်ခြည်တော်** ခြောက်သွယ်သည်ကား **ခုနစ်ယူဇနာ** အတွင်း အမြဲလင်းတော်မူ၏၊ **အသက်တော်** မှာ **ရှစ်သောင်း** သာတည်း။

ဂေါတမ ဘုရားအလောင်း အတုလနဂါးမင်း အကြောင်း

ဝိပဿီဘုရားမြတ်၏ သာသနာတော်ရောင်သည် ထွန်းပြောင် ထိန်လက်၍ အရှိန်တက်တော်မူစဉ် **ဂေါတမ ဘုရားအလောင်း** သည်ကား ကံဇာတာညှိုး၍ နဂါးမျိုး၌ပင် ဖြစ်ရသော်လည်း တန်ခိုးတေဇာကြီးမားသဖြင့် **အတုလနဂါးမင်း**

ဟူသော ဂုဏ်အမည်သည် ဘုံမဟီ ဤမြေကြီးကို တုန်ဟည်း၍ သွားမလောက် ထွန်းတောက်ကျော်စော၍ နေလေ၏၊ တနေ့သောအခါ ဘုရားလျာဖြစ်သော နဂါးမင်းသည် မှားခြင်းဟူသော အလုပ်ကိန်းကို ရုပ်သိမ်းတော်မူကာ ကုဋေ ပေါင်းများစွာသော နဂါးပရိသတ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ အမြတ်တကာ့ အမြတ် ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော ဝိပဿီဘုရားထံ ချဉ်းကပ်လျက် ကောင်း မြတ်သောတရားကို နာကြားပြီးသော အခါ ရတနာခုနစ်ရပ် နဝရတ်စီချယ်၍ တင့်တယ်လှပသော ရတနာမဏ္ဍပ်ကို ဖန်ဆင်းပြီးလျှင် ဘုရားရှင်ကို ပင့်တင်၍ ကြည်ရွှင်သော သဒ္ဓါစေတ်ဖြင့် ခုနစ်ရက်ပတ်လုံး ပြုံးပြုံးပျော်ပျော် အာနုဘော် အားလျော်သော အလှူကြီးကိုပေးလှူလေ၏၊ ထိုတွင်မက စောင်းငြင်း, ပတ်သာ, တူရိယာ မျိုးစုံတို့ကိုလည်း နားထောင်၍ မငြီးအောင် မှုတ်တီးပူဇော်ပြီး လျှင် စိန်ရောင်, မြရောင်, ရတနာရောင်တို့ဖြင့် ပြောင်ပြောင် ပဝင်းသော အင်းပျဉ်အခင်းကိုလည်း မြတ်စွာဘုရားအား လှူဒါန်းလေ၏၊ နဂါးမင်း အတုလ ၏ ပြုသမျှသော ကုသိုလ်မှုကို ကြည့်ရှုဆင်ခြင်တော်မူသော ဘုရားရှင်သည် "ဤအတုလ နဂါးမင်းသည် ဤကမ္ဘာမှ **ကိုးဆယ့်တကမ္ဘာ** မြောက်သော ဘဒ္ဒ ကမ္ဘာတွင် အမြတ်တကာ့ သမ္ဘာရှင်ဖြစ်သော ဘုရားအဖြစ်သို့ စင်စစ်ရောက် လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသတည်း၊ ဝိပဿီမြတ်စွာဘုရား ထုတ်ပြန်သော နှုတ်သံတော်ဗျာဒိတ်ကြောင့် သဒ္ဓါစိတ်ရွှင်သော နဂါးမင်းသည် နေ့ချင်းညချင်း ရတော့မည်ကဲ့သို့ စိတ်ကြည်ဝမ်းမြောက်လျက် မိမိနေရာ ဖြစ်သော ဘောဂဝတီပြည်သို့ ပြန်လည်တော်မူလေသတည်း။

ဝိပဿီ ဗုဒ္ဓဝင် ပြီး၏။

၂၀–သိဒ္ဓိ ဇာတ်ဦးခင်း

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူပြီးသော သာရကမ္ဘာ၏နောက် ပေါ်ပေါက်လာသော **ငါးဆယ့်ကိုးကမ္ဘာ** တို့ လုံးလုံး ဘုရားသုဉ်းတော်မူ၍ ဤကမ္ဘာမှ အထက် **သုံးဆယ့်တကမ္ဘာ** မြောက်သော မဏ္ဍကမ္ဘာဝယ် နှစ်ဆူသော မြတ်စွာဘုရားတို့သည် ထင်ရှားစွာ ပွင့်တော်မူကြကုန်သတည်း၊ ထိုနှစ်ဆူတို့တွင် **သိခီဘုရားအလောင်း** သည် တရားကောင်းကိန်းရာ တုသိတာနတ်နန်း၌ အမြတ်အဆန်းဖြစ်သောစည်းစိမ်ကို ခံစားတော်မူနေစဉ် သောင်းခွင် စကြဝဠာမှ စုရုံးလာကြကုန်သော နတ်ဗြဟ္မာတို့၏ တောင်းပန်မှုကြောင့် စုတေမနေ ကွယ်လွန်လေပြီးသော် လူတို့၏အသက် အနှစ် **ခုနစ်သောင်းတမ်း** တွင် **အရုဏဝတီ** မြို့ကြီး၌ မငြီးနိုင်သော စည်းစိမ်ရှင် ဘုရင် **အရုဏဝန္တ** မင်း၏ ထိန်လင်းတောက်ပသော ကိုယ်ရောင်ဖြင့် အမှောင်ဟူသမျှကို ဖြူဆွအောင် ပြုတတ်သော **ပဘာဝတီ** မိဖုယားကြီး၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူလေ၏၊ ကိုးလလွန်မြောက်သော ဆယ်လအရောက်တွင် **နိသဘ** မည်သော **မင်္ဂလာဉယျာဉ်** ၌ ဘွားမြင်တော်မူ၍ မင်းသား၏အမည်ကို ပေးအံ့သော နေ့၌ လက္ခဏာ ဘတ်ကြကုန်သော ပညာတတ်ပုဂ္ဂိုလ်တို့၏ သင်းကျစ်မှ ဝင်းသစ်ထိန်လျှပ် အရှိန်ဟပ်သော မီးလျှံပမာ တက်လာခြင်းကို အကြောင်းပြုပြီးလျှင် ကောင်းမှုနှင့် ပြည့်စုံ၍ သမ္ဘာဂုဏ်ရှိသော အလောင်းတော် မင်းသားအား **သိခီ** ဟူသော အမည်ကို ဘွဲ့ချည်ခတ်နှိပ် တံဆိပ်ပုံနှင်း၍ ဇာတာစာရင်း သွင်းကြကုန်၏။

အလောင်းတော် **သိခီမင်းသား** သည် စဉ်းစားနိုင်းချိန်တတ်သော အရွယ်ရောက်၍ လူလားမြောက်သောအခါ ရတနာအရပ်ရပ် နဝရတ်အဖုံဖုံ အရောင်စုံပြိုးပြွမ်း၍ မရိုးတမ်း ပြုပြင်ထားအပ်သော **သုစန္ဒကသိရိပြာသာဒ်**, **ဂိရိယသ**

ပြာသာဒ်, နာရိဝသဘပြာသာဒ် တို့၌ နတ်ကိုကားမမှီ လူ့ပြည်ရှိ အလှ အကောင်းတို့ထက် အဆပေါင်းများစွာသာသော ရတနာတော်ဝင် အပျိုစင် ပေါင်း **နှစ်သောင်း လေးထောင်** တို့ဖြင့် ဝိုင်းရံကာ **သဗ္ဗကာမာ** မည်သော မင်းသမီးကို မိဖုယားကြီးအရာ၌ ထား၍ စံစားတော်မူလေရာ **အနှစ်ခုနှစ်ထောင်** ကြာလေ၏၊ ထိုစဉ်အခါ မဟာဒေဝီ ဖြစ်သော မိဖုယားကြီးမှ **အတုလ** မည် သော သားရတနာကို ဘွားလာလေလျှင် နိမိတ်ကြီးများကိုလည်း မြင်၍ ရွှေဘဝင် နှလုံးပူလျက် ပြုံးသူကိုလည်း မငဲ့ညှာ အန္ဓသာသော အပျိုစင်တို့ကို လည်း မလိုချင် ငြိုငြင်လှစွာသော မနောခတ်ဖြင့် တောရပ် ခိုအောင်း၍ မအိုကြောင်း,မနာကြောင်းဖြစ်သော တရားမြတ်ကိုရှာရန် **မင်္ဂလာဆင်** ကို စီး၍ တောထွက်တော်မူလေ၏၊ အလောင်းတော် သိခီမင်းသား၏ တောထွက်သွား ကြောင်းကို ကြားကြရသော လူပေါင်း **သုံးသန်း ခုနှစ်သိန်း** တို့သည်လည်း ဝဋ်မြစ်သုံးတန်ကို ရှန်းကန်ကြကုန်လျက် သံသရာကမ်းဖြို၍ လမ်းတိုကလိုက် ကြမည်ဟု ကြံစည် စိတ်ကူးကြပြီးလျှင် တောထွက်ကာ ရဟန်းပြုကြကုန် သတည်း။

ဘုရားအလောင်းသည် ရဟန်းအပေါင်း ခြံရံကာ ဒ၇ **ရစရိယာ** အကျင့်မြတ် ကို **ရှစ်လပတ်လုံး** ကျင့်သုံးတော်မူလေလျှင် ကဆုန်လပြည့်နှင့် ကြုံသောနေ့၌ **သုဒဿနနိဂုံးသူ** ဖြူဖြူချောချော စိတ်သဘောကြည်ကြည် **ပိယဒဿီ** မည်သော သေဌေးသမီးသည် ထန်သည်းသော စေတနာ ကြည်နူးသော သဒ္ဓါဖြင့် ကောင်းစွာ လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် **အနောမ ဒဿီ** မည်သော ရသေ့မြတ် လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်ကိုယူကာ ဇမ္ဗူမှာ ဗဟိုအလယ် ကြည်ညိုဘွယ် ပေါက်ရောက်သော **သရက်ဖြူဗောဓိပင်မင်း** သို့ ကပ်ချဉ်းတော်မူ၍ နှစ်ဆယ့်လေးတောင်အပြန့်ကျယ်သောမြက်အခင်းကိုခင်းပြီး လျှင် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏၊ အင်္ဂါလေးပါးရှိသော ဝီရိယခတ်ကို လည်း မပြတ်နှိုးဆော် ဆောက်တည်တော်မူကာ “သဗ္ဗညုတဉာဏ်ကို မရလျှင် ငါမထ”ဟူသော အဓိဋ္ဌာန်ဖြင့် စိတ်သန်သန် နေတော်မူလေ၏၊ နေမဝင်မီ မာရ်စစ်သည်ကို အောင်မြင်၍ ရှေးယခင် ပြုဘူးသော ပါရမီထူးတို့ကြောင့် ညဥ့်သုံးယာမ် လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်လေ၏။

သိခီမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်မြတ်ကို ရတော်မူလေလျှင် ဗောဓိပင် အနီး၌သာ(သတ္တသတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး ရှင်ပြုံးစွာနားနေ၍ အပန်းဖြေသကဲ့သို့ သီတင်းသုံးတော်မူလေ၏၊ အဋ္ဌမ သတ္တာဟ မြောက်သော အခါတွင် ကမ္ဘာတခွင်ကို ကြော်ငြာမောင်း ဆင်ခဲ့သော ဗြဟ္မာမင်းကြီး၏ ထန်သည်း ပူဆာ တောင်းပန်လာသော အချက်ကို နှုတ်တော် မမြွက်ဘဲ ဝန်ခံတော်မူလျက်သာ ဉာဏ်လွှာသော စက္ခုဖြင့် လောကကို ကြည့်ရှုတော်မူ လေလျှင် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းပေါင်း သုံးသန်းခုနစ်သိန်းတို့အား မှီကိန်းသော ပါရမီဂုဏ်နှင့် ပြည့်စုံသောအကြောင်း ကို ကောင်းစွာမြင်လေလျှင် ဗေွပြင်အာကာ အဇဋ္ဌာလမ်းခရီးဖြင့် ကြွမြန်းတော် မူ၍ **အရုဏဝတီ** နေပြည်တော်အနီး **မိဂါဇိန်** ဥယျာဉ်ကြီး အတွင်းသို့ သက်ဆင်း တော်မူလေ၏၊ ထိုဥယျာဉ်အတွင်း သီတင်းသုံးကြသော သုံးသန်းကျော်ကျော် ရဟန်းတော်တို့ကို အမှူးထား၍ ထူးခြားသော **ဓမ္မစကြာ**သုတ္တန်ကို နှုတ်သံတော် မြွက်ဟလျက် အချက်ကျဟောလေလျှင် **ကုဋေတသိန်း** သော လူ, နတ်တို့သည် အပုဇာတ်ရုပ်သိမ်းရာ မဟာအသခ်တဖြစ်သော အထွတ်နန်းကိုမြင်၍ ကျွတ်တမ်း ဝင်ကြလေသတည်း။

သိခီမြတ်စွာဘုရား၏ ဓမ္မစက်ရောင်တွင် တန်ဆောင်အသွင် ထင်ရှားသော **အဂ္ဂသာဝက** အရှင်နှစ်ပါးတို့ကား **အရှင်အဘိဘူ** နှင့် **အရှင်သမ္ဘဝ** တို့ဖြစ်ကြ၍ **အမြဲခယလုပ်ကျွေးသော** ရဟန်းတော်မြတ်ကား **အရှင်ခေမင်္ကရ** ပေတည်း၊ **သခိလာထေရီ** နှင့် **ပဒုမာထေရီ** နှစ်ပါးတို့ကား ဘိက္ခုနီ သာသနာစက်တွင် အထက်တန်းစားဖြစ်သော **အဂ္ဂသာဝိကာ** အစုံ တပည့်မ မိန်းမမြတ်တို့ ဖြစ်ကြ ကုန်၏၊ **သိရိဝဍ္ဍ** ဒါယကာနှင့် **စန္ဒ** မည်သော ဒါယကာနှစ်ဦးတို့ကား အထူး လုပ်ကျွေး၍ အရေးယူလောက်သော **ဥပါသကာ** တို့ဖြစ်ကြ၍ **စိတ္တာဒါယိကာမ** နှင့် **သုဂုတ္တာဒါယိကာမ** တို့ကား ရှင်တော်ဘုရား၌ ခစားလုပ်ကျွေး အရေး ပေးသော **ဥပါသိကာ**မတို့ ဖြစ်ကြကုန်၏၊ သိခီမြတ်စွာဘုရား၏ **အရပ်တော်** ကား **အတောင် ခုနစ်ဆယ်** မြင့်၍ တင့်တယ်တော်မူကာ **ရောင်ခြည်တော်** ဓာတ်မှာ **သုံးယူဇနာ**တိုင်တိုင် အမြဲတောက်လင်းတော်မူ၏၊ **အသက်တော်**ကား နှစ်ပေါင်း **ခုနစ်သောင်း**တည်း။

သုဓမ္မဝတီ (ခ) ၂၀၁–၁၉

ဂေါတမ ဘုရားအလောင်း အရိန္ဒမမင်း အကြောင်း

ထိုအခါ ဂေါတမဘုရား၏ အလောင်းအလျာဖြစ်တော်မူသော အရိန္ဒမ မင်းမြတ်သည် ပရိဘုတ္တ မည်သော မြို့ကြီး၌ ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူလေသတည်း၊ သိခီမြတ်စွာဘုရားသည် အစဉ်အားဖြင့် ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ဘုရားလောင်း၏ နေတော်မူရာ ရတနာတထိန်ထိန် စည်းစိမ်အမျိုးမျိုး အတိုးဆိုက် အတိုးတန်တို့နှင့် စုံပြည့်၍ ဂုဏ်ရှိသောသူတို့၏ နေရာဖြစ်သော ပရိဘုတ္တမြို့ကြီးသို့ ခရီးဆိုက်ရောက်တော်မူလေ၏၊ အလောင်းတော် အရိန္ဒမမင်းသည် ဘုရားရှင် ကြွတော်မူလာကြောင်းကို သိရလျှင် အမိတဖြစ်သော ကြည်ညိုခြင်းဖြင့် ခရီးဦးကြိုဆိုကာ မြတ်စွာဘုရားအား ပင့်၍ အခြံအရံနှင့်တကွ ခုနစ်ရက်ပတ်လုံး ဆွမ်းဘောဇဉ်အလှူကို ကြည်ဖြူစွာ လှူဒါန်းလေ၏၊ နောက်ဆုံးတရက်တွင် ခေါမ, ရောမတိုင်းဖြစ် ပိုးစစ်, ပိုးကောင်း အထည်ပေါင်းတို့ကိုလည်း ဘုရားအမှူးထားသော သံဃာတော်များအား သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းပြန်လေ၏၊ ထိုမှတဖန် မင်္ဂလာဆင်မင်းကိုလည်း ကပ္ပိယဘဏ္ဍာအစုံတို့နှင့် စုပုံကာ လှူဒါန်းလေ၏၊ သိခီမြတ်စွာဘုရားသည် အလောင်းမင်းကိုကြည့်ရှုတော်မူကာ "ဤအရိန္ဒမ မင်းရာဇာသည် ဤကမ္ဘာမှနောက် သုံးဆယ့်တကမ္ဘာမြောက်သော ဘဒ္ဒကမ္ဘာတွင် ငါဘုရားကဲ့သို့ပင် လောကကြီးတခွင်၌ အထင်အရှား ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသတည်း၊ မြတ်စွာဘုရား၏ ဗျာဒိတ်သံကို ကြားရသော အရိန္ဒမမင်းမြတ်သည် အတွင်းဓာတ် သဒ္ဓါမပြောင်းဘဲ ကမ္ဘာပေါင်း ဤမျှကြာသည်ကိုပင် မကြာခင် ရတော့မည်ကဲ့သို့ စိတ်ကြည်ဝမ်းမြောက်ကာ နေလေတော့သတည်း။

သိခီ ဗုဒ္ဓဝင် ပြီး၏။

၂၁-ဝေဿဘူ ဗုဒ္ဓဝင်

သိခီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံဝင်သွားပြီးနောက် အနှစ်ခုနစ်သောင်းတမ်းသည် ဆုတ်မှန်းမသိ ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်သောအခါ ကမ္ဘာပေါ်၌ ကျန်ရှိသော လူအများတို့သည် တရားကို မြော်ချင့်၍ တော်သင့်စွာနေကြလျှင် အသက်တမ်းကာလလည်း သဘာဝအလျောက် တက်ရောက်လာလေသော် အသင်္ချေယျတမ်းသို့ တဖန်ဆိုက်၍ ပျော်ပိုက်စွာ နေကြလေကုန်သတည်း၊ ထိုအသင်္ချေယျ အသက်တမ်းတွင် အထက်လမ်းဖြစ်သော တရားတော်ကို နားချော်ကြကုန်သော သူများအတွက်ကြောင့် အသက်တမ်းဆုတ်ကပ်သို့ အယုတ်အမြတ်မရွေး ကြုံပြန်လေ၏၊ ယင်းသို့ တဖြည်းဖြည်းဆုတ်လာလျှင် မကြာခင် ဆိုသကဲ့သို့ အနှစ် **ခြောက်သောင်းတမ်း** သို့ ရောက်လတ်သတည်း။

ထိုအခါ ပါရမီ အထွတ်အဖူးကို ဆွတ်ခူးတော်မူပြီးသော **ဝေဿဘူဘုရားအလောင်း** နတ်သားသည် တုသိတာနတ်ဗွေတွင် အပန်းဖြေသောအသွင် ပျော်ရွှင်ပြုံးပြုံး စိတ်နှလုံးငြိမ်ငြိမ်ဖြင့် စည်းစိမ်ကို ခံစားနေစဉ် သောင်းခွင်စကြဝဠာမှ တညီတညာ လာကြသော နတ်,ဗြဟ္မာအပေါင်းတို့၏ တောင်းပန်သော စကားကို ဝန်ခံတော်မူကာ တုသိတာမှ စုတေ၍ လူ့ပြည်ဖြစ်သော **အနောမမြို့** ၌ မချိုသော စည်းစိမ်ကို အချိန်ရှိသလောက် ခံစားနေရသော **သုပ္ပတိတ** မင်း၏ နှလုံးတွင်း ဘဝင်ညှာကို နားဝင်သာအောင် ပြုတတ်သော **ယသဝတီ** မိဖုယား၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူ၏၊ အလောင်းတော် သန္ဓေသည် တည်နေသည်မှ ဆယ်လစေ့သော နေ့ကောင်းရက်မြတ်၌ အထက်ရပ် အာကာဗွေမှ ဝဠာဟက ပုလဲကြွေသကဲ့သို့ ကောင်းစွာ

ဘွားမြင်လေသတည်း၊ အလောင်းတော် မင်းသားကို အမည် မှည့်အံ့သော နေ့၌ ဘွားမြင်တော်မူစဉ်က ကြည်ရွှင်နှစ်သက် **ဝဿဘ** ဟူသော အဓိပ္ပါယ် စကားကို မြွက်ကြားသောကြောင့် **ဝေဿဘူမင်းသား**ဟု ထင်ရှားသော အမည် ကို ဖော်ထုတ်၍ သမုတ်ခေါ်ဝေါ်ကြကုန်၏။

အလောင်းတော် ဝေဿဘူမင်းသားသည် အချိန်အရွယ်ရောက်၍ လူလား မြောက်သောအခါ **ရုစိ မည်သော ပြာသာဒ်,သုရုစိ မည်သော ပြာသာဒ်, ရတိ ဝဍ္ဎန မည်သောပြာသာဒ်** သုံးရပ်သော ရွှေနန်းတို့၌ ချမ်းချမ်းသာသာ **အနှစ် ခြောက်သောင်း** ကြာအောင် ကညာခေါင်ညွန့် **သုံးသောင်း** တို့၏ အလယ်တွင် **သုစိတ္တာဒေဝီ**ကို မဟေသီအရာ၌ထား၍ စံစားတော်မူနေစဉ် **သုပ္ပဗုဒ္ဓ** မည်သော သားကို ဘွားမြင်၍ နိမိတ်ကြီးများကိုလည်း တဖန် မြင်ပြန်လေသောကြောင့် **ရွှေထမ်းစင်**ကိုစီး၍ မင်္ဂလာဥယျာဉ်ကြီးသို့ သွားကာ ဖန်ဝါသက်န်းဖြင့် ရဟန်း ပြုလေ၏၊ အလောင်းတော်မင်းသား တောထွက် သွားလေလျှင် လူပေါင်း **သုံးသောင်းခုနစ်ထောင်** တို့သည်လည်း အလောင်းတော်မြတ်ကဲ့သို့ တောရပ်သို့ ခိုဝင်ကာ ငြိုငြင်စွာသော အကျင့်လမ်းဖြင့် အမြင့်တန်းကို ရှယ်မှန်းလျက် ရဟန်းပြုကြကုန်သတည်း။

အလောင်းတော် အရှင်ရဟန်းသည် ပင်ပန်းဆင်းရဲစွာ ကျင့်အပ်သော **ဒုက္ကရစရိယာ**ကို ရဟန်းအပေါင်းခြံရံကာဖြင့် **ခြောက်လ** ကြာအောင် ကျင့်လတ် သော် ကဆုန်လပြည့်နေ့ဝယ် **သုစိတ္တနိဂုံး**၌ ရှင်ပြုံးစွာနေသော **သိရိဝဍ္ဎနာ** နဂါး မသည် လှူဒါန်းအပ်သော နို့ဃနာကို ဘုဉ်းပေးတော်မူပြီးလျှင် ခရီးစဉ်ကြွလေရာ **နရိန္ဒ** မည်သော နဂါးမင်းသည် လှူဒါန်းဆက်ကပ်လိုက်သော မြက်ရှစ်ဆုပ်ကို ယူတော်မူလျက် **အင်ကြင်းပင်** ဗောဓိသို့ ချဉ်းကပ်လေ၏၊ ထိုဗောဓိပင်အောက် တွင် အတောင်လေးဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်းကာ တင်းမာ သော ဝီရိယဖြင့်"သဗ္ဗညုတဉာဏ်ကို မရလျှင် ငါမထ"ဟု အဓိဋ္ဌာန်ပြု၍ နေတော် မူလေ၏၊ အလောင်းတော်သည် နေမဝင်မီအတွင်း မာရ်စစ်သည်ခပင်းကို ပယ် ရှင်းသုမ်သင် အောင်ပွဲဝင်ပြီးနောက် ညဥ့်သုံးယာမ် လွန်မြောက်လျှင် ဘုရား အဖြစ်သို့ ရောက်လေသတည်း။



ဝေဿဘူ ဘုရားအလောင်း မင်းသား ရွှေထမ်းစင်ဖြင့် တောထွက်တော်မူခဏ်း။

ဝေဿဘူ မြတ်စွာဘုရားသည် ဗောဓိပင်၏ အနီးမှာပင် (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက်တို့ပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် အဋ္ဌမသတ္တာဟ ရောက်သော အခါ ပြဟ္မာကြီး တောင်းပန်သော စကားကို ကတိထားတော်မူ၍ လောကကြီးတလွှားကို ဉာဏ်တော်ဖြင့် ရှုစားတော်မူသည်ရှိသော် ကိုယ်တော်မြတ်၏ ညီငယ်ဖြစ်ကြကုန်သော **သောဏ** မင်းသားနှင့် **ဥတ္တရ** မင်းသားတို့ကို မြင်တော်မူ၍ ကောင်းကင် ခရီးဖြင့် ကြွသွားတော်မူကာ **အနုပမ** မြို့အနီး **အရုဏ** ဥယျာဉ်ကြီး အတွင်းသို့ သက်ဆင်း ကြွရောက်တော်မူလေ၏၊ ဥယျာဉ် စောင့်အား မင်းသားနှစ်ပါးကို အခေါ်လွှတ်၍ အခြွေအရံ အသင်းအပင်းတို့နှင့် တကွ **ဓမ္မစကြာ** တရားကို ဟောကြားလေလျှင် **ကုဋေရှစ်သောင်း** သော လူ, နတ် အပေါင်းတို့သည် သစ္စာလေးပါး တရားကို မျက်ဝါးထင်ထင် သိမြင်တော်မူကြကုန်သတည်း။

ဝေဿဘူရှင်တော်မြတ် တံဆိပ်ခတ်အပ်သော တပည့်မြတ်တို့တွင် အသိအမှတ် အထူးပြုအပ်သော **အဂ္ဂသာဝက** နှစ်ပါးတို့ကား **အရှင်သောဏ** နှင့် **အရှင် ဥတ္တရ** တို့ဖြစ်ကြ၍ **အရှင် ဥပသန္တ** ကား အလုပ်အကျွေး ရဟန်းတော်ပေတည်း၊ **ရာမာထေရီ** နှင့် **သမလာထေရီ** နှစ်ပါးတို့ကား မြတ်စွာဘုရား၏ အားထားလောက်သော တပည့်မ မိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ **သောတ္ထိကဒါယကာ** နှင့် **ရမ္မဒါယကာ** တို့ကား အလုပ်အကျွေး **ဥပါသကာ** တို့ ဖြစ်ကြ၍ **ဂေါတမီဒါယိကာမ** နှင့် **သိရိမာဒါယိကာမ** တို့သည် အလုပ်အကျွေး **ဥပါသိကာမ** အစုံတို့ ဖြစ်ကြကုန်၏၊ ဝေဿဘူ မြတ်စွာဘုရား၏ **အရပ်တော်** သည် အတောင်ခြောက်ဆယ် မြင့်မား၍ ရွှေသားတိုင်ကြီးသဘွယ် တင့်တယ်တော်မူကာ **အသက်တော်** မှာကား **အနှစ်ခြောက်သောင်း** ရှည်ညောင်းတော်မူလေ၏။

ဂေါတမဘုရားအလောင်း သုဒဿနမင်း အကြောင်း

ဝေဿဘူဘုရားမြတ်စွာ၏ သာသနာတော် အရောင်အလင်းသည် နေအစင်း ပေါင်းများစွာကဲ့သို့ အရှိန်အဝါလင်း၍နေစဉ် ဂေါတမဘုရားအလောင်းတော်

သည် **သရဘမြို့၌သုဒဿန** ဟူသော အမည်ဖြင့် မင်းပြု၍နေလေသတည်း၊ ထိုစဉ် အခါ ဘုရားမြတ်စွာသည် သရဘမြို့သို့ ကြွလာလျှင် သဒ္ဓါရှင်သော အလောင်း မင်းသည် ကောင်းခြင်းပြည့်စုံသော ဘုရားထံမှ တရားသံကို နာခံရသော အခါ သဒ္ဓါဗလဝတို့သည် အာကာသ ရေတံခွန်ကဲ့သို့ စွေသွန်တော်မူပြီးသျှင် ဘုရားရှင် နှင့်တကွ ပါသမျှ သံဃာတော်ကိုပင့်၍ အမြင့်ဆုံးအတန်းဖြစ်သော အလှူအတန်း ကိုလည်း ပြုလျှမ်းသော ဓာတ်သဒ္ဓါဖြင့် အထပ်ထပ် အခါခါ ပြုလုပ်လေ၏၊ ထိုမှတပါးလည်း သရဘမြို့ကြီး အနီးမှာပင် ခရီးတာ မကွာလှမ်းသော အရပ် ကောင်းတွင် ကျောင်းပေါင်းတသောင်း ခြံရံသော ဂန္ဓကုဋိတိုက်ကျောင်းကြီး ကို ဆောက်လှူရုံမက ရသမျှသော အခွန်ဘဏ္ဍာ ပစ္စည်းဥစ္စာ ဟူသမျှကိုလည်း မှုလဓာတ်ခံ စေတနာသန်သောအတိုင်း မဆိုင်းမတွ လှူဒါန်းပြီးလျှင် သာသနာ တွင် ကြည်ညိုလှ၍ ဘုရားအလိုတော်ကျ **သမဏ** အဖြစ်ကို ခံယူကာ သဃမ္ဘာူ အဆောက်အဉီကို ဆည်းပူး၍ နေလေသတည်း၊ အလောင်းတော်မြတ် ရဟန်း ၏ ကမ္မဋ္ဌာန်းကိုဝင်, ဓုတင်ကိုကျင့်သဖြင့် သင့်တင့်သော အလုပ်ကို အားထုတ် နေသော အကြောင်း ကောင်းစွာသိမြင်ရသော ဝေဿဘူ ဘုရားရှင်သည် "ဤသုဒဿန ရဟန်းမြတ်သည် နောင်အနာဂတ်အခါ **သုံးဆယ့်တကမ္ဘာ**မြောက် တွင် ထွန်းတောက်သောတေဇာ ဝေဖြာသော ပရိသတ်တို့ဖြင့် လောကဓာတ် တိုက်ဘောင်တွင် အမိုက်မှောင်ပယ်လွင့်၍ အနှယ်မြင့်သော မြတ်ဘုရား ထင်ရှား ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏၊ အလောင်းတော်ဖြစ် သော သုဒဿန မထေရ်မြတ်သည် အကြည်ဓာတ် သောတဋ္ဌ သဘောကျဖြစ် သော အချက်ကို ကြားရလေလျှင် ပွင့်းရှင်သော နှလုံးသွေးကို ဂမုန်းမွှေးဖြင့် ထုံသကဲ့သို့ စိတ်အာရုံ တအားတက်၍ တရားဘက်မှာသာ အသားတက်အောင် အားထုတ် နေလေတော့သတည်း။

. . . . . .

ဝေဿဘူ ဗုဒ္ဓဝင် ပြီး၏။

၂၂-ကကုသန္ဓ ဗုဒ္ဓဝင်

သိခိဘုရားနှင့် ဝေဿဘူဘုရားတို့ပွင့်တော်မူရာ မဏ္ဍကမ္ဘာကြီးသည် ပျက်စီးခန်းခြောက် အစပျောက်သော အခါ နှောင်ဖြစ်ပေါ်လာသော နှစ်ဆယ့်ကိုးကမ္ဘာတို့လုံးလုံး ဘုရားမပွင့်ဘဲ သုဉ်းတော်မူ၍ ကျွန်ုပ်တို့ ယခုတည်နေရာ ဘဒ္ဒကမ္ဘာကြီး ပေါ်လာလေသတည်း၊ ကမ္ဘာပေါင်း များစွာတွင် ခြောက်မျိုးခြောက်စား ရှိလေရာ ဤကမ္ဘာကိုကား ဘုရားငါးဆူ ပွင့်တော်မူမည်ဖြစ်၍ ကောင်းမြတ်သော ဂုဏ်သကတ်ကို အမှတ်ပြုလျက် **ဘဒ္ဒကမ္ဘာ** ဟု သညာသမုတ် သမိုင်းကို ထုတ်ကြကုန်၏၊ ဤဘဒ္ဒကမ္ဘာ အနှစ် **လေးသောင်းတမ်း** အခါဝယ် အသွယ်သွယ်သော ပါရမီတို့ဖြင့် စုံညီပြည့်ဝသော **ကကုသန္ဓ ဘုရားအလောင်း** နတ်သားသည် အမြတ်စားဖြစ်သော ဘုရားအဖြစ်ကို အားသစ်လိုလားတော်မူသည်ဖြစ်၍ မိမိပျော်ရာ တုသိတာနတ်နန်းမှ ဇာတ်စခန်းသိမ်းတော်မူခဲ့ပြီးလျှင် **ခေမဝတီ** မြို့ကို အုပ်စိုးသော **ခေမင်္ကရ** မင်းမြတ်အား အကောင်းအဆိုး ပြည့်သွန်၍ သွန်သင် ဆုံးမ တတ်သောကြောင့် **ပုရောဟိတ်** ဟူသော ဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ်အပ်၍ **အတွင်းဝန်အမတ်ကြီး** ဖြစ်သော **အဂ္ဂိဒတ္တ** ပုဏ္ဏား၏ သက်ထားမျက်ဖျော် ကြင်ယာတော်ဖြစ်၍ **အတွင်းဝန်ကတော်ကြီး** ဟု ခေါ်အပ်သော **ဝိသာခါ** ပုဏ္ဏေးမ၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူလေ၏။

အလောင်းတော် သန္ဓေသည် ဆယ်လသို့ ရောက်လေလျှင် **ခေမ** မည်သော ဥယျာဉ်၌ ဘွားမြင်တော်မူလေ၏၊ **အတွင်းဝန်** အမတ်ကြီး၏ သားဖြစ်သော ဘုရားအလောင်းတော်သည် အပေါင်းအဖော် ကညာပေါင်း **သုံးသောင်း** တို့ဖြင့် ခြံရံကာ **ရောစိနီ** မည်သော ကညာစင်ကို ညာတင်မြှောက်စား အကြီး

အမှူးထား၍ ရွှေသားတို့ဖြင့် မွမ်းမံအပ်သော **ကာမပြာသာဒ်**, **ကာမဝဏ္ဏပြာသာဒ်**, **ကာမသုဒ္ဓိပြာသာဒ်** ဘုံဆောင်သုံးရပ်တို့၌ အပြုံးခါတ်ကို ဖြစ်စေသော လူ့စည်းစိမ်ကို တင်းတိမ်ဘွယ် မရှိအောင် ခံစား၍နေစဉ် ရောစိနီ ၏ ဝမ်းမှ **ဥတ္တရ** မည်သောသားကို ဘွားမြင်လာ၍ ထိုနေ့မှာပင် နိမိတ်ကြီးများကို လည်း ထင်မြင်လျက် ဆင်ယင်အပ်သော တန်ဆာတို့ဖြင့် လွန်စွာတင့်တယ်သော **အာဇာနည်မြင်း** ခြောက်ကောင်ကသည့် ရထားကိုစီးကာ ဝနာမြိုင်စောင်း ခိုအောင်းရန်အတွက် တောထွက်တော်မူလေ၏၊ ထိုကကုသန် ဘုရားအလောင်း တောထွက်သွားကြောင်းကို သိကြသော လူပေါင်း **လေးသောင်း** တို့သည်လည်း သူတော်ကောင်း အလုပ်ဖြင့် ကုတ်ရုတ်သေခွေ ဣန္ဒြေရရ နေထိုင်ကြရန် အလောင်းတော်သို့ အတုလိုက်၍ နှစ်ခြိုက်စွာ ရဟန်းပြုကြကုန်သတည်း။

အလောင်းတော်မြတ် ဗောဓိသတ်ဖြစ်သောရဟန်းတော်သည် လေးသောင်းသော ရဟန်းကောင်းတို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** ကို **ရှစ်လ** လုံးလုံး ကျင့်သုံး လေလျှင် ဘုရားအဖြစ် နက္ခတ်ကြုံသော ကဆုန်လပြည့်နေ့၌ **သုစန္ဒရ** နိဂုံးသူ **ဝဇိရိန္ဒာ** မည်သော ပုဏ္ဏားသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေး တော်မူပြီးလျှင် **သုဘဒ္ဒ** မည်သော မုယောခင်းစောင့်သမား လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ယူတော်မူလျက် မဟာဗောဓိဖြစ်သော **ကုက္ကိုပင်** သို့ ခိုဝင် ချဉ်းကပ်တော်မူလေ၏၊ ထိုဗောဓိပင်အောက်၌ သုံးဆယ့်လေးတောင် ရှိသော မြက်အခင်းကို ဖြန့်ခင်းတော်မူကာ ကောင်းစွာ ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် နေမဝင်မီအတွင်း မာရ်စစ်သည်ကို ပယ်ရှင်း၍ ရည်ရွယ်ရင်းဖြစ်သော သဗ္ဗညုတ ညာဏ်ကို အမြန်သိတော်မူဘို့အတွက် ထက်မြက်သော ဝီရိယကို ဆောက်တည် တော်မူကာ ညဉ့်သုံးယာမ် အလွန်မှာပင် ညွန်တဏှာ ခန်းခြောက်၍ ဘုရား အဖြစ်သို့ ရောက်လေ၏။

ကကုသန်ဘုရားမြတ်သည် လောကသုံးရပ်၌ နှုန်းအပ်သောသူ မပေါ်သော ဘုရားအဖြစ်သို့ ရောက်တော်မူလေလျှင် ဗောဓိကုက္ကို အနီးမှာပင် (သတ္တ သတ္တာဟ) လေးဆယ့်ကိုးရက်ပတ်လုံး နဝရတ်ကုံး သီသကဲ့သို့ ထို, ဤ မရွှေ့ မရွှေ့မပြောင်း ကောင်းစွာ သီတင်းသုံးတော်မူလေ၏၊ ယင်း သတ္တသတ္တာဟ

လှန်မြောက်၍ အဌမသတ္တာဟ ရောက်သော အခါ ဗြဟ္မာကြီး၏ တောင်းပန် အပ်သည်ကို အကြောင်းပြု၍ တောင်းဆုနှင့် ပြည့်စုံသူကို ကြည့်ရှုတော်မူလေ လျှင် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းတော်ပေါင်း လေးသောင်းကို မြင်တော်မူ၍ မြေပြင်စခန်းမှ မလှမ်းမကွာ အာကာသဝေဟင်မှ လေယာဉ်ကို စီးသည့်အလား စျာန်သမာပတ်ဖြင့် သွားပြီးသော် **မကိလမြို့**အနီး **မိဂဒါဝုန်** တောကြီး၌ ခိုမှီးကြသော ရဟန်းတော်များထံသို့ ရောက်လျှင် ကောင်းကင်ယံမှ သက်ဆင်းတော်မူလေ၏၊ ထိုရဟန်းတော်ပေါင်း လေးသောင်း ကို အမှူးထား၍ ထူးခြားသော တရားသဘင်ဝယ် ဘုရားရှင် ဟောကြားတော် မူလေလျှင် **ကုဋေပေါင်းလေးသောင်း** သော နတ်,လူ အများတို့သည် လေးပါး သော သစ္စာကို ကောင်းစွာ သိကြကုန်သတည်း။

ကကုသန်မြတ်စွာဘုရား၏ တပည့်ကြီးနှစ်ပါး **အဂ္ဂသာဝက** များတို့ကား အရှင်**ဝိဓုရ** နှင့် **အရှင်သဉ္ဇိဝ** တို့ဖြစ်ကြ၍ **အလုပ်အကျွေး** ရဟန်းတော်ကား အရှင်**ဗုဒ္ဓိဇ** မည်၏၊ **သာမာထေရီ** နှင့်**စမ္ပကာထေရီ** နှစ်ပါးတို့ကား မြတ်စွာဘုရား ၏ ထူးခြားသော တပည့်မ မိန်းမမြတ်အစုံ **အဂ္ဂသာဝိကာ** တို့ ဖြစ်ကြကုန်၏၊ **အစ္စုတ ဒါယကာ** နှင့် **သုမန ဒါယကာ** နှစ်ယောက်တို့ကား အလုပ် အကျွေး **ဥပါသိကာ** တို့ ဖြစ်ကြ၍ နန္ဒာ မည်သော ဒါယိကာမ နှင့် **သုနန္ဒာ** မည်သော ဒါယိကာမ တို့ကား မြတ်စွာဘုရား၌ ခစားလိမ်မာ **ဥပါသိကာ** ဘွဲ့ထူးကို ဆွတ်ခူး သော သူတို့တည်း၊ ကကုသန် မြတ်စွာဘုရား၏ **ရောင်ခြည်တော်** အရှိန်အဝါ သည် **ဆယ်ယူဇနာ** အတွင်း အမြဲ ထိန်လင်းတော်မူ၏၊ **အရပ်တော်** မှာကား **အတောင် လေးဆယ်** မြင့်၍ ကိုယ်တော်မြတ်၏ **အသက်တော်** သည် အနှစ် **လေးသောင်း** ရှည်ညောင်းတော်မူလေ၏။

ဂေါတမဘုရားအလောင်း ခေမမင်း
အကြောင်း

ဂေါတမဘုရားအလောင်းသည် ပါရမီတော်ပေါင်း များစွာကို စုဆောင်း လာသည်ဖြစ်၍ ဤဘဒ္ဒကမ္ဘာ ကကုသန်ဘုရားပွင့်သောအခါဝယ် မဟာနွယ်ဖြစ် သော မင်းမျိုး၌ တန်ခိုး အာဏာပြင်း၍ ဘယာ ကင်းတော်မူခြင်းကြောင့်

သုဓမ္မဝတီ (၈) ၂၀၁—၂၀

ခေမမင်းဟု အမည်တွင်သော ဘုရင်တပါးဖြစ်လေသတည်း၊ ထိုအလောင်းတော် ခေမ မင်းသည် နေလ အစင်းပေါင်း များစွာကဲ့သို့ ရောင်ဝါကွန့်မြူး၍ အထူး တင့်တယ်တော်မူလှသော ကကုသန်ဘုရားထံ တရားနာရန် ချဉ်းကပ်လေ၏၊ မြတ်စွာဘုရား၏ တရားကိုနာရလျှင် အာသဝအခိုးအရှိန်တို့သည် ကုန်ချိန်မသင့် ၍ ကုန်ခွင့်မရသော်လည်း ဘဝါဘဝ များစွာက ဖြည့်လာသော ပါရမီခတ် တန်ခိုးတို့သည် နှိုးလိုက်သည့်အလား တဖွားဖွား ဖြစ်လာကုန်၍ သဒ္ဓါဟုန် ညွတ်နူးကာ ဘုရားအမှူးရှိသော သံဃာတော် အပေါင်းအား သပိတ်သက်န်း ပရိက္ခရာ အခန်းခန်းနှင့် ရဟန်းတို့အား လျောက်ပတ်သော ဆေးဝါးများကို လည်း လှူဒါန်းလေ၏၊ ထိုမှတဖြာ ထက်သန်လာသော စေတနာကြောင့် ဧကရာစိုးအုပ်သော မင်းအလုပ်ကိုလည်း မစင်ပုပ်ကဲ့သို့ စက်ဆုပ် ရွံမုန်းပြီးလျှင် ခေါင်းတုံးကာ ဖန်ဝတ်ဆီး၍ သုံးလူ့ထီးဖြစ်သော မြတ်စွာဘုရား အထံတော် တွင် ရဟန်းပြုလေသတည်း၊ ကကုသန်မြတ်စွာဘုရားသည် အလောင်းတော် အရှင်ရဟန်း၏ ပင်ပန်းစွာ ကြိုးကုတ်၍ လုံ့လထုတ်သည်ကို သိမြင်တော်မူလေ လျှင်"ဤရဟန်းတော်ကား မှန်းမြှော်သော ပါရမီကို နာရီမခြား အားလပ်ချိန် မယူဘဲ ကြည်ဖြူစွာ အားထုတ်ခြင်းကြောင့် ဤဘဒ္ဒကမ္ဘာ အတွင်းမှာပင်လျှင် ငါကဲ့သို့သော ဘုရားတဆူ ကောင်းစွာ ဖြစ်တော်မူလတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသတည်း၊ အလောင်းတော်မြတ် ရဟန်းသည် မှတ်တမ်း တော် ဗျာဒိတ်ကြောင့် သဒ္ဓါစိတ်ရှေးကထက်တိုး သဒ္ဓါမိုးသည်းရွာနေလေတော့ သတည်း။

ကကုသန္ဓ ဗုဒ္ဓဝင် ပြီး၏။

၂၃-ကောနာဂမန ဗုဒ္ဓဝင်

ကကုသန် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားပြီးနောက် အနှစ်လေးသောင်း တမ်းသည် ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ယင်းဆယ်နှစ်တမ်းမှ တဖန်ပြန်၍ တက်လာသောအခါ အသင်္ချေယျ အသက်တမ်းသို့ ရောက်လေ၏၊ ယင်းအသင်္ချေယျတမ်းမှ အသက်တမ်းဆုတ်လာ၍ နှစ်ပေါင်း **သုံးသောင်းတမ်း** သို့ ရောက်သောအခါ ကောနာဂမန **ကောနာဂုံဘုရားအလောင်း** တော်ဖြစ်သော နတ်သားသည် တုသိတာနတ်ပြည်မှ စုတေခဲ့၍ **သောဘဝတီ** မြို့သား **ယညဒတ္တ** ပုဏ္ဏား၏ ဇနီးမယားဖြစ်သော **ဥတ္တရာ** ပုဏ္ဏေးမ၏ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏၊ အလောင်းတော် သန္ဓေသည် ကိုးလလွန်မြောက်၍ ဆယ်လ သို့ ရောက်လေလျှင် **သုဘဝတီ** ဥယျာဉ်၌ ဘွားမြင်သည်ရှိသော် ဇမ္ဗူဒိပ်ကျွန်း လုံးတွင် ရွှေမိုးကြီး ရွာသွန်းလေ၏၊ ထို့ကြောင့် အလောင်းတော်၏အမည်ကို **ကနကာဂမန** ဟူ၍ မှည့်ခေါ်ကြကုန်သတည်း၊ ထို့နောက် ကာလရှည်လျား သဖြင့် အနည်းငယ်ပျက်ပြားပြီးလျှင် * **ကောနာဂမန** ဟူ၍ ခေါ်ဝေါ်သမုတ် ကြကုန်၏။

ပါရမီဘုန်းရှိန်ဖြင့် တထိန်ထိန်တောက်ပသော အလောင်းတော် ကောနာ ဂမန ပုဏ္ဏားလုလင်သည် အချိန်တန် အရွယ်ရောက်၍ လူလားမြောက်လာသော အခါ ပညာတည်းဟူသောဂုဏ်ဖြင့် တသုံးသုံးကြိုင်မွှေးလျက် ရွှေသွေးစိန်ရောင်တို့ ဖြင့် ထိန်ပြောင် ထွန်းလက်သော **တုသိတပြာသာဒ်**, **သန္တုသိတ ပြာသာဒ်**, **သံတုဋ္ဌ ပြာသာဒ်** ဘုံဆောင်သုံးရပ်တို့တွင် အလောင်းတော် ဘဝင်သွေး၏

* ရွှေဟော(ကနက)ပုဒ်နှင့် အာဂမနပုဒ်ရင်းမှ ဆင်းသက်လာသောကြောင့်“ကောနာဂမန”ဟု (ကောနာ) ၌ နငယ်နှင့် ရှိသင့်သည်။

ရှင်ဆေးပမာကဲ့သို့ ယဉ်ကျေးလှပစွာသော **ရုစိဂတ္တာ** ပုဏ္ဏေးမကလေးကို အမှူးထားကာ ထူးခြားစွာသော ကညာပျိုပေါင်း **တသောင်း ခြောက်ထောင်** တို့ဖြင့် လူ့ဘောင်ဦးဖြစ်သော စည်းစိမ်အမျိုးမျိုးကို မရိုးအောင် ခံစား၍ နေစဉ် ရုစိဂတ္တာ မည်သော မယားဇနီးမှ သားကြီးသားဦးဖြစ်သော **သတ္တဝါဟ** ကို ဘွားမြင်၍ နိမိတ်ကြီးများ ထင်လာသော် ကြင်ရာတော် အမြောက်အမြားကိုလည်း ထောက်ထားတော်မမူနိုင်၊ အပူလှိုင်သောဘဝင်သွေးသည်လည်း ရှင်အေးခြင်းမရှိ နေထိသောပန်းကဲ့သို့ ခွေယိကာနွမ်းပြီးလျှင် **ဆင်စီး** ကာ တောထွက်၍ ရဟန်းပြုတော်မူလေသတည်း၊ အလောင်းတော် ကောနာဂမန လုလင်၏ အနု၊ အယဉ် နှင့် အပြုအပြင်ကောင်းသော ဇနီးအပေါင်းကိုမျှ မငဲ့ကွက်ဘဲ တောထွက်သွားကြောင်းကို ကြားသိကြသော ယောကျ်ားပေါင်း **သုံးသောင်း** တို့ သည်လည်း ကုန်းကြောင်းခရီးဖြင့် လိုက်ကာ ရဟန်းပြုကြကုန်သတည်း။

အလောင်းတော်မြတ်သည် ခြံရံအပ်သော ရဟန်းပေါင်း သုံးသောင်းတို့ဖြင့် အချိန်နှောင်း မခံဘဲ အားအန် ခဲပြီးလျှင် **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ခြောက်လ**ပတ်လုံး ကျင့်သုံးတော်မူရာ ငွေစန္ဒာ ပြာသာဒ်နှင့် ဝိသာခါနက္ခတ်တို့ တွေ့ကြုံသော ကဆုန်လပြည့်နေ့၌ **အဂ္ဂိသေန** ပုဏ္ဏား၏ သမီးရတနာသည် ဆက်ကပ်လာသော နို့ဃနာကို ကောင်းစွာခံယူ ဘုဉ်းပေးတော်မူ၍ **ဇဋ္ဌာတိန္ဒုက** မည်သော မုယောခင်းစောင့်သမား ဆက်ကပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူကာ မဟာဗောဓိဖြစ်သော **ရေသဖန်းပင်** သို့ ခိုဝင် ချဉ်းကပ်လျက် အတောင်နှစ်ဆယ် အပြန့်ကျယ်သော မြက်အခင်းကိုခင်း၍ ခံ့တင်းသော ဝီရိယဓာတ်ဖြင့် ထိုင်နေတော်မူလတ်သတည်း၊ ထိုရွှေနန်းပလ္လင်နှင့် တူသော ရေသဖန်းပင် မဟာဗောဓိ အောက်၌ပင် နေမဝင်မီ မာရ်စစ်သည်ကို အောင်တော်မူ၍ ညဥ့်သုံးယာမ် လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ကောနာဂုံ မြတ်စွာဘုရားသည် မဟာဗောဓိပင်ဖြစ်သော ရေသဖန်းပင်၏ ရွှေကြငှန်းတော် အနီး၌ပင်လျှင် (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက် သီတင်းသုံးတော်မူ၍ အဋ္ဌမသတ္တာဟ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို ဝန်ခံတော်မူလျက် လောကကြီးတခွင်ဝယ် ကျွတ်တမ်းဝင်မည့်သူကို ကြည့်ရှု

တော်မူလေလျှင် ကိုယ်တော်မြတ်နှင့် အတူ ရဟန်း ပြုတော်မူကြကုန်သော ရဟန်းတော်ပေါင်း သုံးသောင်းတို့၏ ကောင်းမြတ်သော ဥ၊ နိဿယဂုဏ်နှင့် ပြည့်စုံမှုကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူရာ **သုဒဿန** မြို့ အနီး **မိဂဒါဝုန်** တောကြီး အတွင်းသို့ သက်ဆင်းတော်မူလေ၏၊ ထိုအခါ အနီးသို့ ရောက်လာသော ရဟန်းတော် သုံးသောင်းတို့ကို အမှူးထား၍ လက်ဦးတရား ဖြစ်သော **ဓမ္မစကြာ** ဒေသနာတော်ကို ဟောကြားလေလျှင် **ကုဋေသုံးသောင်း** မျှသော နတ်, လူ, ပြဟ္မာ ပေါင်းများစွာတို့သည် မဟာအသင်္ခတ ဖြစ်သော အမြိုက်ခေတ်သို့ ဆိုက်ကပ်အာရုံ ကျွတ်တမ်း ဝင်ကြလေကုန်သတည်း။

ကောနာဂုံမြတ်စွာဘုရား၏ တပည့်သား အပေါင်းတို့တွင် ကောင်းမှုထူးကို သူများထက်ဦးအောင် ဆွတ်ခူးခဲ့ကြသော **အဂ္ဂသာဝက** နှစ်ဦး တပည့်ထူး တို့ကား **အရှင်ဘိယျောသ** နှင့် **အရှင်ဥတ္တရ** တို့ဖြစ်ကြ၍ **အရှင်သောတ္ထိဇ** ကား အမြဲအားဖြင့် **အလုပ်အကျွေး** ပြုတော်ရသော ရဟန်းတော်တည်း၊ **သမုဒ္ဒါထေရီ** နှင့် **ဥတ္တရာထေရီ** နှစ်ပါးတို့ကား ဘိက္ခုနီအများတို့တွင် ထူးခြားသောတပည့်မ မိန်းမမြတ်အစုံ ဖြစ်ကြကုန်၏၊ **ဥဂ္ဂဒါယကာနှင့်သောမဒေဝဒါယကာ** နှစ်ယောက် တို့ကား ထွန်းပေါက်ကျော်စော၍ ဘွဲ့ထူးကိုရသော **ဥပါသကာ** အစုံ ဖြစ်ကြ ကုန်၏၊ **သီဝလာ** မည်သော ဒါယိကာမနှင့် **သာမာ** မည်သော ဒါယိကာမတို့ ကား လူဒါယိကာမ တပည့်အများတို့တွင် ထူးခြားသောဂုဏ်နှင့် ပြည့်စုံသဖြင့် **အဂ္ဂုပဋ္ဌိကာ** ဟူသော ဘွဲ့တံဆိပ်ရ **ဥပါသိကာမ** တို့ပေတည်း၊ မြတ်စွာဘုရား၏ မားမားမတ်မတ် **အရပ်တော်** ကား **အတောင်သုံးဆယ်** မြင့်တော်မူ၍ **အသက် တော်** ကား နှစ်ပေါင်း **သုံးသောင်း** ရှည်ညောင်းတော်မူလေ၏။

ဂေါတမဘုရားအလောင်း ပဗ္ဗတမင်း အကြောင်း

ဆယ်ရပ်သော ပါရမီဂုဏ်တို့ဖြင့် အစုံကြီးစုံလှ၍ ကြုံရသော ဘဝမျိုးတွင် တန်ခိုးရှင် ဖြစ်ရသည်အားလျော်စွာ **ဂေါတမဘုရားလျာ** ဖြစ်တော်မူသော

ပဗ္ဗတမင်း သည် လူ့နယ်တွင်း ဘုံခရိုင်တွင် ထုံကြိုင်သောတေဇာဖြင့် **ဧကရာ** နိုးနိုး မိထိလာပြည်ကြီး၌ စည်ထီးခရိုင် ပိုင်စံတော်မူကာ **ရာဇာဘိသေက** ကို ရတော်မူလေသတည်း၊ ထိုစဉ်အခါ ကောနာဂုံမြတ်စွာဘုရားသည် တပည့်သား အပေါင်း များစွာဖြင့် မိထိလာပြည်ကြီးသို့ ခရီးအစဉ်ဆိုက်ကာ ကြွတော်မူ လာလျှင် အာဏာရှင်ဖြစ်သော ပဗ္ဗတမင်းသားသည် အခင်းအကျင်းများစွာ တူရိယာအစုံအညီ ပဟိုရ်စည်ခတ်တီး၍ အမြတ်ကြီးမြတ်လှစွာသော ဘုရားသခင် ကို ခရီးဦးကြိုဆိုလေ၏၊ ဘုရားရှင်အား ဝပ်လျှိုး၍ ရိုကျိုးစွာပူပြီးလျှင် သံဃာ တော် အရှင်များနှင့်တကွ ဆွမ်းစားပင့်တော်မူ၍ အလှူကြီးပေးလေ၏၊ မိမိ ပိုင်စံသော နိုင်ငံတော်တွင်း၌ ဘုရားသီတင်းသုံးတော်မူရန် ပင့်လျှောက်သော အခါ ဝါတွင်းသုံးလအတွက် ဝန်ခံချက်ရသည်ဖြစ်၍ စိတ်ကြည်စွာ သဒ္ဒါပေါက် လျက် ဒါလောက်နှင့် အားမရ များလှသော အထည်တိုက်တို့ကို ဖွင့်ကာ သင့်ရာ ကောင်းရာဖြစ်သော ပိုး, ဖဲ, ကတ္တီပါ, ကမ္ဗလာ အထည်ကောင်းတို့ကို စုပေါင်း၍ လှူပြန်လေ၏။

ကောနာဂုံ မြတ်စွာဘုရားသည် ထူးခြားသော သဒ္ဒါဓာတ်ဖြင့် အခါမပြတ် အောင် လှူဒါန်းနေသော ဘုရားအလောင်း ပဗ္ဗတမင်းကို ကြည့်ရှုတော်မူကာ “ဤရာဇာသေဌ်နင်း ပဗ္ဗတမင်းသည် ဤဘဒ္ဒကမ္ဘာ အတွင်း၌ပင် ငါကဲ့သို့သော ဘုရားတဆူ ပွင့်တော်မူလတ္တံ့”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏၊ ရှင်တော်မြတ်၏ မိန့်အပ်သော ဗျာဒိတ်သံကို ကြားရသော အလောင်းတော် သည် ခေါင်းပေါ်တွင် မီးကျသကဲ့သို့ ကြီးလှစွာသော မင်းအဖြစ်ကို စွန့်ပစ် တော်မူကာ သာသနာတော်ထမ်း ရဟန်းပြုလေသတည်း။

ကောနာဂမန ဗုဒ္ဓဝင် ပြီး၏။

၂၄-ကဿပ ဗုဒ္ဓဝင်

ကောနာဂုံ မြတ်စွာဘုရားသည် တရားတည်းဟူသော ခေတ်အလင်းကို မပြတ်သွင်းတော်မူပြီး၍ ပြည်ကြီးနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အသက်တမ်းသည်လည်း တဖြည်းဖြည်း ဆုတ်ယုတ်သွားလေသည်ရှိသော် အသက်ဆယ်နှစ်တမ်းသို့ ရောက်လေ၏၊ ထိုမှတဖန် အသက်တမ်းပြန်၍ တက်သောအခါ အသင်္ချေယျတမ်းသို့ ရောက်လေ၏၊ ထိုအသင်္ချေယျ အသက်တမ်းတွင် တဘက်ကာဏ်ားအသွင်ကဲ့သို့ တရားတော်ဘက်တွင် အမြင်မှောက်မှား၍ အပျော်အပါး အမော်အကြွားတို့ဖြင့်သာ နေကြကုန်ရကား အသက်တမ်းလျော့၍ လာပြန်လေလျှင် အနှစ် **နှစ်သောင်းတမ်း** သို့ ရောက်လေ၏၊ ထိုအခါ **ကဿပဘုရားအလောင်း** တော်ဖြစ်သော နတ်သားသည် တုသိတာနတ်နန်းမှ စုတေ၍ လူ့ဘုံဌာနီ ဗာရာဏသီပြည်၌ **ဗြဟ္မဒတ္တ** မည်သော ပုဏ္ဏား၏ ပစ္စည်းဂုဏ်အားဖြင့် များသည်၏အဖြစ်ကြောင့် **ဓနဝတီ** မည်သော ပုဏ္ဏေးမဝမ်း၌ စွဲလမ်းသန္ဓေတည်နေတော်မူလေ၏၊ အလောင်းတော် သန္ဓေသည် ကိုးလလွန်မြောက်၍ ဆယ်လ ရောက်သောအခါ **မိဂဒါဝုန်** တော၌ ဘွားမြင်တော်မူ၍ အလောင်းတော်၏ အမည်ကို အနွယ်အားဖြင့် **ကဿပကုမာရ** ဟု မှည့်ခေါ်ကြလေ**ကုန်၏**။

အလောင်းတော် ကဿပ သတို့သားသည် **ဟံသဝါပြာသာဒ်, ယသဝါပြာသာဒ်, သိရိနန္ဒပြာသာဒ်** ဟူသော ဘုံဆောင်သုံးရပ်တို့၌ **သုနန္ဒာ**မည်သော သတို့သမီးကို အကြီးအမှူး အဦးထား၍ လေးသောင်းရှစ်ထောင်သော အပျိုစင်အပေါင်းတို့ဖြင့် ခြံရံကာ ရတနာအထွေထွေ ကြက်သရေမင်္ဂလာရှိသော အဝတ်တန်ဆာ အသုံးအဆောင်တို့ဖြင့် မမုန်းအောင် ခံစား၍နေရာ **နှစ်ပေါင်း**

နှစ်ထောင် ကြာလျှင် သုနန္ဒာမည်သော ဇနီးသယ်အကြီးမှ **ဝိဇိတသေန** မည်သော သားရတနာကို ဘွားလာ၍ လေးဖြာသော နိမိတ်ကြီးတို့ကိုလည်း ထင်မြင်သောကြောင့် ရွှေဘဝင်လိုက်ခုနှကာခံစားနေကျဖြစ်သော အာရုံဟူသမျှကို စက်ဆုပ် ရွံမုန်း စိတ်နှလုံး မနှစ်ခြိုက်နိုင်တော့ဘဲ တောထွက်တော့မည်ဟု အားခဲကြံစည်သော ခဏ၌ပင် စီးတော်မူရာ **ရတနာပြာသာဒ်ကြီး** သည် စက်ဘီးကြီးကဲ့သို့ လည်ပြီးလျှင် ကောင်းကင်သို့ တက်၍ကာ မဟာဗောဓိ ဖြစ်သော **ပညောင်ပင်** ကို အလယ်ထား၍ တန့်နား တည်နေတော်မူ၏။

အလောင်းတော်ဖြစ်သော ကဿပသတို့သားသည် ဝတ်စားဆင်ယင်လာသော အဝတ်တန်ဆာကို ချွတ်တော်မူလျက် ပြဟ္မာမင်းဆက်ကပ်သော ဖန်ဝါသင်္ကန်းကို ဆင်မြန်း ဝတ်ရုံတော်မူလေလျှင် နောက်တော်ပါ ယောကျ်ားဟူသမျှတို့သည်လည်း ဘုရားအလောင်းတော်သို့ အတုလိုက်၍ နှစ်ခြိုက် ရှင်လန်းစွာ ရဟန်းပြုကြလေကုန်သတည်း၊ အလောင်းတော်သည် ထိုရဟန်းအပေါင်းတို့ဖြင့် ခြံရံကာ **ဒုက္ကရစရိယာ** အကျင့်မြတ်ကို **ခုနစ်ရက်** ပတ်လုံး ကျင့်လေလျှင် ကဆုန်လပြည့်နှင့်ကြုံသောနေ့၌ **သုနန္ဒာ** မည်သော ပုဏ္ဏေးမလှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူကာ **သောမ** မည်သော မုယောခင်းစောင့်သမားလှူဒါန်း ဆက်ကပ်သော မြက်ရှစ်ဆုပ်တို့ကို ယူတော်မူလျက် မဟာဗောဓိဖြစ်သော **ပညောင်ပင်** အောက်တွင် အလျားအနံ တဆယ့်ငါးတောင်ရှိသော မြက်အခင်းကို ခင်းတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏၊ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်ကာ "သဗ္ဗညုတဉာဏ်ကို မရလျှင်ငါမထ" ဟူသော အဓိဋ္ဌာန်ဖြင့် စိတ်သန်တည်ငြိမ် ဣန္ဒြေကြီးမားစွာ တရားကို ဆင်ခြင်တော်မူသဖြင့် ညဉ့်သုံးယာမ် လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ကဿပမြတ်စွာဘုရားသည် သစ္စာလေးပါးကို မျက်ဝါးထင်ထင် သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်လေလျှင် ဗောဓိပင်၏ အနီးမှာပင် (သတ္တသတ္တာဟ) လေးဆယ့်ကိုးရက် သီတင်းသုံးတော်မူကာ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ပြဟ္မာကြီးတောင်းပန်အပ်သည်ကို အကြောင်းပြု၍ ကောင်းမှုနှင့်

ပြည့်စုံသူ အပေါင်းကို ကြည့်ရှုတော်မူလေလျှင် ကိုယ်တော်မြတ်နှင့် အတူ ရဟန်းပြုတော်မူကြသော ရဟန်းတော် **တကုဋေ** တို့အား ဥပနိဿယဂုဏ်နှင့် ပြည့်စုံသည့်အကြောင်းကို ကောင်းစွာ မြင်တော်မူ၍ ကောင်းကင် ခရီးဖြင့် ကြွတော်မူကာ **ဗာရာဏသီ** ပြည်အနီး **မိဂဒါဝုန်** တောကြီးအတွင်း သက်ဆင်း တော်မူလေ၏၊ ထိုမိဂဒါဝုန် တောအတွင်း သီတင်းသုံးတော်မူကြသော ရဟန်း တော်ပေါင်း တကုဋေတို့ကို အမှူးထား၍ ထူးခြားသော **ဓမ္မစကြာ** သုတ္တန်ကို ထုတ်ပြန် မိန့်ကြားတော်မူလေလျှင် **ကုဋေနှစ်သောင်း** မျှသော နတ်, ဗြဟ္မာ အများတို့သည် လေးပါးသော သစ္စာကို သိမြင်၍ ကျွတ်တမ်း ဝင်ကြကုန် သတည်း။

ကဿပ မြတ်စွာဘုရား၏ **အဂ္ဂသာဝက** နှစ်ပါးတို့ကား **အရှင်တိဿနှင့် အရှင်ဘာရဒွါဇ** တို့ဖြစ်ကြ၍ **အရှင်သဗ္ဗမိတ္တ** ကား မြတ်စွာဘုရား၏ ထံပါး ဆည်းကပ် **အလုပ်အကျွေး** ရဟန်းမြတ်ပေတည်း၊ **အနုဋ္ဌာထေရီ** နှင့် **ဥရုဝေလာ ထေရီ** နှစ်ပါးတို့ကား မြတ်စွာဘုရား၏ လက်ဝဲဘက် သာသနာတော်တွင် ပေါ် လွင် ထင်ရှားသော **အဂ္ဂသာဝိကာ** နှစ်ပါးတို့ ဖြစ်ကြကုန်၏၊ **သုမင်္ဂလဒါယကာ** နှင့် **ဃဋိကာရ ဒါယကာ** နှစ်ယောက်တို့ကား အလုပ်အကျွေး **ဥပါသကာ** တို့ ဖြစ်ကြ၍ **ဝိဇိတသေနာ** မည်သော ဒါယိကာမနှင့် **ဘဒြာ** မည်သော ဒါယိကာမ တို့သည်ကား အလုပ်အကျွေးအရာတွင် **အဂ္ဂုပဋ္ဌိကာ** ဟူသော ဘွဲ့ထူးကို ဆွတ်ခူး ကြသော **ဥပါသိကာမ** တို့ ပေတည်း၊ မြတ်စွာဘုရား၏ **အရပ်တော်** သည် **အတောင်နှစ်ဆယ်** မြင့်တော်မူ၍ ကြယ်တာရာအပေါင်း ဝန်းရံသော လဗိမာန် ကဲ့သို့ တင့်တယ်တော်မူပြီးလျှင် **အသက်တော်** ကား နှစ်ပေါင်း **နှစ်သောင်း** ရှည်ညောင်းတော်မူလေသတည်း။

ဂေါတမ ဘုရားအလောင်း ဇောတိပါလလုလင် အကြောင်း

ကဿပမြတ်စွာဘုရား ပွင့်တော်မူစဉ် အခါဝယ် **ဂေါတမဘုရားအလောင်း** တော်သည် ဝေဟဠိင်္ဂနိဂုံး၌ ပစ္စည်းဥစ္စာ အလုံးအရင်း နှင့် တကွ ကျေးသင်း ကျွန်သင်းတို့ဖြင့် များစွာ ကြွယ်ဝချမ်းသာသော ပြာဟ္မဏ မဟာသာလ အမျိုး

တွင် ပေါ်လွင်ထင်ရှား၍ **ဇောတိပါလ** ဟူသော အမည်အားဖြင့် ဖြစ်လေသတည်း၊ အလောင်းတော် ဇောတိပါလလုလင်သည် ဉာဏ်အမြင်ကြီးမား၍ ပစ္စည်းပေါများခြင်း, အမျိုးအဂိုးအားဖြင့် အမြင့်စား အမြတ်စား ဖြစ်ခြင်းကြောင့် ဇာတိမာန်, ဓနမာန်, ပညာမာန်တို့ဖြင့် ခက်ထန်နေရကား မြတ်စွာဘုရားသို့လည်း မခစား မချဉ်းကပ်နိုင်ဘဲ မိဘ ဘိုးဘွားတို့၏ လက်ထက်ကစ၍ ကိုးကွယ်လာသော ဗြဟ္မာ,ဗိဿဏိုးတို့ကိုသာ ကိုးကွယ်ချဉ်းကပ်လျက် အလေးအမြတ် ပြုနေလေသတည်း။

ထိုအလောင်းတော် ဇောတိပါလသည် မာနတံခွန်ကို မိုးစွန်နီးပါးမျှ ထောင်လွှား၍နေလေရာ ရတနာသုံးပါးဂိုဏ်းကို ကြောခိုင်းလျက်ရိုင်းစိုင်းသော အလေ့အလာဖြင့်ပင် နေငြားသော်လည်း ကဿပ မြတ်စွာဘုရား၏ အလုပ်အကျွေး အနာဂါမ်ဖြစ်သော အိုးထိန်းသည်ကြီး ဃဋီကာရနှင့်သော်ကား အဖော်အပေါင်းဖြစ်၍ အလွန်တရာ ရင်းနှီးသော မိတ်ဆွေကြီး ဖြစ်လေ၏၊ ဘာသာအယူ မတူကွဲပြား နှစ်ယောက်သားဖြစ်သော မိတ်ဆွေတို့တွင် ဇောတိပါလ လုလင်သည် ဃဋီကာရကို မမြင်ရလျှင် ရှင်ပျခြင်း မရှိနိုင်သောကြောင့် မေတ္တာဓာတ် တန်ခိုးရှိန်ဖြင့် ဃဋီကာရ၏ အိမ်သို့ တနေ့လျှင်တခေါက် အမြဲရောက်လေ၏ ဃဋီကာရ အိုးထိန်းဆရာကြီးသည်ကား ဇောတိပါလ၏ နေထိုင်ပုံအရိပ်အခြေနှင့် စိတ်နေစိတ်ထားကို အကဲခတ်ကာ အမြဲမပြတ် သတိထား၍ နေလေ၏၊ "တနေ့ကျလျှင်တော့ ငါ၏ မိတ်ဆွေဖြစ်သော ဇောတိပါလသည် ဗုဒ္ဓဘာသာ အယူကို ယုံကြည်သူအဖြစ် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ရမည်" ဟူ၍လည်း ကြံစည် စိတ်ကူးမိလေ၏၊ ဘာသာရေးအကြောင်း ကောင်း,မကောင်းကိုကား မပြောကြားသေးချေ၊ **လောကိယမိတ္တ** အဖြစ်မျိုးနှင့်သာ သဘောရိုးပေါင်းသင်း ဆက်ဆံကာ နေလေ၏၊ "ငါ၏မိတ်ဆွေချစ်ဖြစ်သော ဇောတိပါလသည် ပညာဉာဏ်နှင့် ပြည့်စုံသူတယောက်ဖြစ်၍ မြတ်စွာဘုရားထံတော်မှောက်သို့ တခေါက်လောက် ခေါ်သွားပြီး တရားကိုနာစေရလျှင် သဒ္ဓါညွန့် အတက်ပေါက်၍ ဗုဒ္ဓဘာသာအဖြစ်သို့ ရောက်လိမ့်မည်"ဟု ယုံကြည်ကာ နေလေတော့သတည်း။

မိတ်ဆွေချစ်တယောက် မှောက်မှောက် မှားမှားနှင့် ကြွားဝါ မာန်တက်နေသည်ကို ရှုမြင်လိုသောဆန္ဒ မရှိသည့်အတိုင်း တနေ့သောအခါ ဇောတိပါလလုလင်သည် အိမ်သို့ရောက်လာ၍ ထောက်ညှာသော စိတ်ထားဖြင့် ပြောကြားသွေးဆောင်သည်မှာ "အို-ချစ်မိတ်ဆွေ ဇောတိပါလ လောကကြီးတခွင်မှာ ကဿပဘုရားရှင်ဟု ပေါ်လွင် ထင်ရှားတော် မူပြီးလျှင် တရားတည်းဟူသော ဆေးမွေးကို ကျွေးမွေးကာ နေပါသည်၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ပင် ညွတ်စင်းဝပ်တွား၍ အကျွတ်တရားရဘို့ရန် အဖန်ဖန် အခေါက်ခေါက် အဖူးအမျှော် ရောက်ကြပါသည်၊ မိတ်ဆွေသည်ကား ဘုရားရှင်ကို ကျောခိုင်း၍ သဘောရိုင်း မနေရာရိုင်း မဖြစ်ပါစေနှင့်၊ ချစ်သူမိတ်ဆွေချင်းဖြစ်ကြ၍ ချစ်လှသော မေတ္တာတရားကို ခံစားသည် မည်လေအောင် ယခုနေ့ပင် ကဿပဘုရားထံ ချဉ်းကပ်၍ တရားတော်မြတ်ကို နာကြားကြပါစို့"ဟု နှစ်မြို့စေလိုသော သဘောဖြင့် ပြောကြားလိုက်လေ၏။

ထိုအခါ အလောင်းတော် ဇောတိပါလသည် မာနမြင့်မောက်၍ မညှာမထောက် ငေါက်ဆတ်ဆတ် ပြောလိုက်ပုံမှာ "အို - ဃဋိကာရ မိတ်ဆွေကြီး ရဟန်းဦးပြည်း ခေါင်းတုံးကြီးတွေကို မြင်ရလျှင် ရှင်ပျံစရာ နတ္ထိမို့, ဘာအကျိုးရှိမည်နည်း၊ ကတုံးဘဝနှင့် အသုံးမကျသောရဟန်းအသွင်ဟာ မင်္ဂလာမရှိပါဘူး၊ ဤစကားမျိုးကို ရှေ့မတိုးဘဲ ဖြတ်ထား၍ ရပ်စကား ရွာစကား ပြောခြင်းကား ကောင်းပါသေးသည်"ဟု မကြည်လင်သောမျက်နှာ မသက်သာသော အချိုးအစားဖြင့် ကိုးရိုးကားရား ပြောကြားလေ၏။

အနာဂါမ်ဖြစ်၍ သည်းခံနိုင်သောဂုဏ်နှင့် ပြည့်စုံသော ဃဋိကာရအိုးထိန်းဆရာကြီးသည် ဇောတိပါလ၏ မာနရှေ့ထား၍ ပြောလိုက်သော စကားကို ကြားရလျှင် နားဝကို မီးမြှိုက်သကဲ့သို့ အသည်းခိုက်အောင် ဖြစ်ရရှာသော်လည်း မိမိကာယိန္ဒြေကို မပျက်စေမူ၍ "အင်း-ငါ့မိတ်ဆွေဟာ ပညာခံအကောင်းသားနှင့် ဤစကားကို ပြောလိုက်ခြင်းသည် လွန်စွာပင် ရိုင်းစိုင်းပါကလား၊ သူ မနှစ်သက်သော စကားကို ပြောကြား၍ မတော်သေး၊ ယခုသွေးဆောင်၍

မရသော်လည်း တနေ့ကျလျှင် ငါ့အလိုအတိုင်းပါအောင် ဆွဲဆောင်မည်”ဟု ကြံစည်စဉ်းစားပြီးလျှင် မိမိ၏ စကားကို ရှေ့သို့မဆက် နှုတ်မမြွက်ဘဲ ရုတ်တရက် ဖြတ်လိုက်လေသတည်း။

ဤနည်းအတိုင်း ဒုတိယတကြိမ် ထပ်မံ၍ ပြောသော အခါ၌လည်း ရင့်ရင့် သီးသီးနှင့် နင့်နင့်ကြီး ပြန်ပြောလေ၏၊ ဃဋီကာရသည် ဤအကြိမ်တွင်လည်း လက်လျှော့ပေးလိုက်၍ နောက်တကြိမ် အတွက်ကိုသာ မြော်လင့်လျက် နေရ ရှာလေ၏၊ နောက် တတိယအကြိမ်၌လည်း ရှေးနည်းများနှင့် မခြားနားဘဲ မျက်နှာထား ပုပ်သိုးသိုး နှုတ်ထွက်ဆိုးဆိုးနှင့် “အကျိုးမရှိတဲ့ အလုပ်ကို မလုပ်ဘူး”ဟူ၍သာ ပြန်ပြောလေ၏၊ ဃဋီကာရ အိုးထိန်း ဆရာကြီးသည် မိမိမိတ်ဆွေကြီး ဇောတိပါလ အပေါ်၌ မြော်လင့်ခဲ့သမျှသည် သဲရေကျအလား ကဲ့သို့ ဖြစ်သော်လည်း အကြံကို လက်မလျှော့သေးဘဲ “အနု နှင့် မနိုင်လျှင် အကြမ်းကိုင်မှ တော်ချေမည်”ဟု ကြံစည်မိပြန်လေသတည်း။

ဇောတိပါလ၏ စဉ်းစားဉာဏ်

မိတ်ဆွေကောင်းတို့၏ ကျင့်ဝတ်ဖြင့် မချွတ်ကုံလုံ ပြည့်စုံလှပေသော ဃဋီကာရ အိုးထိန်းဆရာကြီးသည် မိမိမိတ်ဆွေအတွက် အကျိုးရှိဘို့ရန် အချက်ကို သာ စဉ်းစားလျက်နေသည်မှာ အတော်ကလေးကြာ၍ တနေ့သော အခါဝယ် မိတ်ဆွေနှစ်ဦး တွေ့ကြပြန်သည်တွင် ဃဋီကာရက စတင်၍ ပရိယာယ်ဆင်သော စကားဖြင့် “အို-မိတ်ဆွေကြီး ဇောတိပါလ မြစ်ဆိပ်သို့သွား၍ ရေချိုးကြရ အောင် ရေလဲအဝတ်နှင့် ဆပ်ပြာများကို ယူခဲ့ပါ”ဟု ပြောကြားလေလျှင် သဘောရိုးထင်သော ဇောတိပါလ လုလင်က ကောင်းပါပြီ ဝန်ခံ၍ နှစ်ယောက် အတူ မြစ်ဆိပ်သို့ သွားကြကုန်၏၊ ယင်းသို့ မြစ်ဆိပ်သို့ပါအောင် သွေးဆောင် သည်မှာ ထိုအခိုက်အခါတွင် ကဿပဘုရားရှင်သည် မြစ်ကမ်းနှင့် မနီးမဝေး သော တောကျောင်းကလေး၌ သီတင်းသုံးတော်မူလေ၏၊ သို့ကြောင့် မြတ်စွာ ဘုရား၏ အနီး အနားသို့ ရောက်အောင် သွေးဆောင် ခေါ်ယူခြင်း ဖြစ်ပေ သတည်း။

မြစ်ဆိပ်သို့ရောက်၍ ရေချိုးပြီးသောအခါ ဃဋိကာရ အိုးထိန်းဆရာကြီးက "အို - မိတ်ဆွေ ဇောတိပါလ မြတ်စွာဘုရား သီတင်းသုံးတော်မူသော တောကျောင်းကလေးသည် ခရီးမဝေး အနီးကလေးမှာပင် ရှိပါသည်၊ အကျိုးရှိသော အလုပ်ဖြစ်၍ ခပ်သုပ်သုပ် တိုက်တွန်းရပါသည်၊ ဘုရားဖူးမျှော်ရန် ယခုပင် သွားကြပါစို့"ဟု ပြောကြားလေ၏၊ အလောင်းတော် ဇောတိပါလမှာ ယခင် သဘောမျိုးကဲ့သို့ အပြောဆိုးဆိုးနှင့်သာ ပြောဆို ငြင်းပယ်ပြန်လေ၏၊ မည်မျှ လောက် အပြောဆိုးသော်လည်း ဃဋိကာရသည် လက်လျှော့၍ စိတ်ပြော့ခြင်း မရှိဘဲ နှစ်ကြိမ်, သုံးကြိမ်တိုင်တိုင် ပြောကြားလေ၏၊ အလောင်းတော် လုလင်ကလည်း ချစ်ခင်သော မေတ္တာကိုမျှ မငဲ့ညှာ ဘုရား ဟူသော စကား ပါလာလျှင် နားသာခြင်း မရှိနိုင်ဘဲ ဘဝင်စိုင် အသည်းနှလုံးမှာ မီးဟုန်းဟုန်း တောက်သကဲ့သို့ ဖြစ်လေသတည်း။

ဃဋိကာရ အိုးထိန်းဆရာကြီးသည်လည်း ဘုရားအရေးနှင့်ကြုံ၍ စိတ်အာရုံ ဒေါသ အရှင်းမပါသော်လည်း တင်းမာသောသဘော ကရုဏာဇောတိုက်တွန်း သည့်အတွက်"ကဲ-မိတ်ဆွေ ဘုရားရှင်အား ဖူးမြင်ကန်တော့ရန် သွားကြမည်ကို မလိုက်ဘူး လိုက်မယ်ဆိုတာ ရှင်းလင်းစွာပြောပါ"ဟု မေးသောအခါ ဇောတိ ပါလကလည်း အတွင်သာ ခေါင်းခါ၍ တင်းမာနေလေလျှင် အိုးထိန်းဆရာကြီး သည် ဇောတိပါလ၏ ပုဆိုးခါးပုံစကို အတင်းကိုင်ကာ "ဒီတခါဖြင့် မိတ်ဆွေနှင့် ကျွန်ုပ် တွေ့ကြရတော့မည်၊ ကဿပမြတ်စွာဘုရား၏ ကျောင်းတော်သည် ခရီး မဝေးလှဘဲ အနီးကလေးမှာ ရှိပါ၏၊ လိုက်, မလိုက် စိတ်ကြိုက်ကို ပြောပေတော့၊ လျှော့မယ်မျှား မထင်နှင့်"ဟု မျက်နှာထားတင်းတင်းနှင့် ခပ်ပြင်းပြင်းဆွဲ၍မေး လေ၏၊ ထိုအခါ ဇောတိပါလလုလင်က "အို-မိတ်ဆွေ တယ်လဲကြမ်းပါကလား၊ မလိုက်ဘူးဆိုတဲ့ စကားကလွဲပြီး သုံးလို့ဘဲ မဖြစ်နိုင်တော့ပေ၊မိတ်ဆွေ၏သဘော အတိုင်း ဗိုင်းဗိုင်းလဲအောင် ပြုချင်ပြုပါတော့၊ မိတ်ဆွေတို့၏ ဘုရားထံသို့ သွား ဘို့အရေးကိုကား ပဋိညာဉ်မပေးနိုင်ချေ"ဟု စိတ်နေမပြော့ အလျှော့မပေးဘဲ တင်းမာသော စကားကိုသာ ပြောကြားလေ၏၊ဃဋိကာရကလည်း ဇွတ်အတင်း

ဇောတိပါလကလည်း အလွတ်ငြင်းသဖြင့် အထွတ်သေဌနင်းဘုရားထံ ရောက်ဘို့ ရန်အတွက် စစ်လက်နက်ပင် ကူညီရတော့မည်ကဲ့သို့ ဖြစ်နေကြပေ၏။

အိုးထိန်းဆရာကြီး ဃဋိကာရသည် အကြိမ်ကြိမ် အဖန်ဖန် ပြောဆို ဖြားယောင်း၍ နားညောင်းအောင် ပြောသော်လည်း အငြင်းကြီးငြင်း၍ အပယ်ကြီး ပယ်နေသော ဇောတိပါလ၏ ခေါင်းလျှော်ပြီးကာစ ဖြစ်သော "ဆံပင်ကို အတင်းကိုင်ကာ ငြင်းနိုင်လျှင်ငြင်း တရားမင်း ဖြစ်တော်မူသော ဘုရားရှင်ထံ အမြန်သွားကြမည်"ဟု ပြောပြောဆိုဆိုနှင့် ဆံပင်ကိုဆွဲသောအခါ ဇောတိပါလလုလင်သည် ဉာဏ်အမြင် ကြီးမားသော သူတယောက်ဖြစ်သည် အားလျော်စွာ ဆံပင်များ ဆွဲထားသည်ကို မရုန်းမကန် ငုံ့ကာခံ၍ စဉ်းစား ဉာဏ်ထုတ်သည်မှာ "ဃဋိကာရဖြစ်သော ငါ့မိတ်ဆွေကြီးသည် ငါနှင့်ခပေါင်း သင်း၍ အချင်းချင်း ဆက်ဆံလာသည်မှာ အတော်ပင်ကြာပေပြီ၊ သို့ကလို ဆံပင်ကို အတင်းဆွဲ၍ ညှဉ်းဆဲသည့်အနေကို တခါတလေမျှ မပြုဘူးချေ၊ သူနှင့်ငါသည်ကား မိတ်ဆွေ အချင်းချင်းဖြစ်၍သာ ပေါင်းသင်း နေကြရိုး မှန်သော်လည်း ဇာတ်အားဖြင့် စစ်တွက်လျှင် ငါ့ထက် ယုတ်ညံ့ချေသည်၊ သို့အတွက် ငါ၏ဆံပင်ကိုဆွဲဘို့နေနေသာသာ မရိုသေ မခံ့ညားပြောကြားနိုင်တဲ့ လူစားမဟုတ်ချေ၊ လွန်စွာအံ့သြဘို့ကောင်းပေ၏၊ ငါ့ကို အကြိမ်ကြိမ် အဖန်ဖန် ချော့မော့၍ ချိုပြော့သော စကားဖြင့်သာ သွေးဆောင်ကာ ဘုရားထံ သွားဘို့ ခေါ်ပေသည်၊ ထို့နောက် တဖန် ပုဆိုးခါးပုံစကို ဆွဲကာ တင်းတင်းမာမာ ခေါ်ပေသည်၊ ယင်းသို့ မရသည့်အတွက် ငါ့ခေါင်းအထက်က ဆံပင်များကို ဆွဲကိုင်ပြီး အနိုင်အထက် ခေါ်ပေသည်၊ ငါ၏မိတ်ဆွေသည် ငါ့အပေါ်၌ စိတ်နေ စိတ်ထား ရိုးသားဖြောင့်မတ်၍ ကောင်းမြတ်သော စေတနာရှိပုံကို ငါအကုန် သိပြီးဖြစ်ချေသည်၊ သူ့ဘုရားကိုလည်း သူအလွန်အားထား၍ အများအပြား ဂုဏ်တင်ကာ ပြောလေ့ရှိပေသည်၊ ယခု ငါ့ဆံပင်များကို ဆွဲကိုင်ခြင်းသည်ကား နိုင်လိုမင်းထက် ရက်စက်သောစိတ်ဖြင့် ဖိနှိပ်ဆွဲကိုင်ခြင်း မဟုတ်နိုင်ရာ၊ သူ့ ဘုရားကို အားကိုးတဲ့မာန်ကြောင့်သာ ဖြစ်ပေလိမ့်မည်၊ ငါ့အပေါ်မှာ အကျိုးနဲ့ အရှက်ကွဲစေလို၍မဟုတ်၊ သူ့နှုတ်သံစကားအတိုင်း ကဿပဘုရားထံသို့ သွား

ရောက်ဖူးမျှော်ခြင်းသည် သင့်လျော်ကောင်းမြတ်၍ အကျိုးထူးရှိမည်ဟု ထင်ပေသည်၊ သို့ကလောက် အရဲစွန့်ပြီး မလှဲဝံ့အောင် ခေါ်လိုရှိမှဖြင့် ငါလိုက်ဘို့ ကောင်းပေပြီ၊ လိုက်မှတော်တော့မည်”ဟု ကြံစည်စိတ်ကူး၍ အထူးစဉ်းစား သောဉာဏ်ဖြင့် အပြန်အလှန် ဆင်ခြင်မိလေသတည်း။

ယင်းသို့ စဉ်းစားဉာဏ် ထုတ်ပြီးသောအခါ ပြုံးရွှင်သောမျက်နှာ, ကြည်သာသော စကားလုံးဖြင့် “အို-မိတ်ဆွေကြီး ဃဋိကာရ ကျွန်ုပ်၏ ဆံပင်ကို အမြန်ပင်လွှတ်ပါ၊ ယခုပင် လိုက်ပါတော့မည်”ဟု ပြောလိုက်လေ၏၊ ဃဋိကာရ အိုးထိန်းဆရာကြီးကလည်း ဆွဲထားသောဆံပင်များကိုလွှတ်ကာ မျက်နှာရွှင်ပြုံး အကြိုက်လုံးဆုပ်မိ၍ “အို-မိတ်ဆွေကြီး ဇောတိပါလ ယခုလိုပြုလုပ်သည့်အတွက် စိတ်မမျက်ပါလေနှင့်၊ ကောင်းစေလိုသော စေတနာက ညွှန်ပြ၍ ခတ်လွန်လွန် ကလေး လုပ်လိုက်ပါသည်၊ မြတ်စွာဘုရား ထံတော်မှောက်သို့ ရောက်ရသော အခါ များစွာအကျိုးရှိ,မရှိကို သိပါလိမ့်မည်၊ ယခုပင် သွားကြပါစို့”ဟု ပြော ဆိုကာ မြတ်စွာဘုရားကျောင်းတော်သို့ အပေါင်းအဖေါ်ဖြစ်သော မိတ်ဆွေ နှစ်ယောက်တို့သည် ဝမ်းမြောက်စွာ သွားကြကုန်သတည်း။

ဇောတိပါလလုလင် သာသနာဘောင်ဝင်ခြင်း

*အနာဂါမ်နှင့် †မဟာမာန်ဖြစ်ကြသော မိတ်ဆွေနှစ်ဦးတို့သည် ကြည်နူး ရွှင်ပျ သွားကြလေလျှင် ကဿပဘုရားရှင်၏ သီတင်းသုံးရာဖြစ်သော တော ကျောင်းကလေးသို့ ရောက်ကြလေသတည်း၊ ရှင်တော်ဘုရားကလည်း သတ္တဝါ တို့၏ အဇ္ဈာသယကို စံနစ်ကျကျ သိတော်မူသည်အားလျော်စွာ နှစ်သိမ့်ဘွယ် ရာသော တရားစကားများကို မိန့်ကြားတော်မူလေလျှင် ဇောတိပါလ၏ ဘဝင် နှလုံး၌ ရွှင်ပြုံးသော ပီတိဓာတ်သည် တဖျပ်ဖျပ်တုန်၍ လှိုင်းခုန်သကဲ့သို့ ဖြစ်နေလေသတည်း၊ ဃဋိကာရ အိုးထိန်းဆရာကြီးသည် ဇောတိပါလ၏မျက်နှာ အရိပ်အကဲကိုသာ စိတ်ထဲမှာတွေ၍ အကဲခတ်နေလေ၏၊ ဇောတိပါလမှာကား မြတ်စွာဘုရားကို ဖူးမြင်၍ တရားတော်ကို နာရလျှင်ပင် သဒ္ဒါဇောတက်ကြွ၍

* ကာမဘုံသို့ ပြန်မစုန်တော့ဘဲ ဗြဟ္မာ့ဘုံမှာသာ ပရိနိဗ္ဗာန်စံမည့် ပုဂ္ဂိုလ်။
† အလွန်တရာထောင်လွှားသောသူ။

အရောက်နောက်ကျလေခြင်းဟု စိတ်တွင်းမှာ အောက်မေ့၍ နေ့တွေကိုသာ နှမျောပြီးလျှင် ဘုရားရှင်နှင့် *အာလာပ သလ္လာပ စကားကို ပြောကြားကာ နေလေ၏၊ ထိုအခါ အိုးထိန်းဆရာကြီးသည် လက်အုပ်ချီတင် ကန်တော့ပန်းဆင်၍ ဘုရားရှင်အား"မြတ်စွာဘုရား ဤဇောတိပါလလုလင်သည် တပည့်တော်နှင့် လွန်စွာခင်မင်၍ အကျွမ်းဝင်သော မိတ်ဆွေတဦး ဖြစ်ပါသည်၊ တပည့်တော်၏ မိတ်ဆွေကြီးအား သနားတော်မူသဖြင့် ချီးမြှင့်တော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

ယင်းသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဇောတိပါလလုလင်အား ကာမဂုဏ်တို့၏ အပြစ်များပုံ ရဟန်းပြုခြင်း၏ အကျိုးများပုံကို စုံလင်စွာ မြွက်ကြား၍ တခမ်းတနား ဟောတော်မူလေ၏၊ ဇောတိပါလ၏ သဒ္ဒါတည်းဟူသော ကြာငုံသည် နေရောင်ခြည် လွှမ်းခြုံသကဲ့သို့ အစွမ်းကုန် ပွင့်၍သာ နေတော့သတည်း။

"ငါ၏မိတ်ဆွေကြီး ဃဋိကာရသည် မြတ်စွာဘုရားထံတော်သို့ ငါ့ကိုခေါ်ပါလျက် မလိုက်ဘဲ ငြင်းပယ်၍နေသည်ကား အလွန်မှားလေစွ၊ ဟိုယခင်ကသာ မငြိုမငြင် လိုက်ခဲ့မိလျှင် ဘုရားရှင်၏ကျေးဇူးနှင့် ထူးသောတရားအရသာကို ကောင်းစွာ သိရသော အချိန်သည် တင်းဘိမ်နိုင်ဘွယ်ရာ ရှိချေပြီ၊ ငါ၏ မိတ်ဆွေကြီးသည်ကား အလွန်ကျေးဇူးများသော သူပါတကား၊ ငါတို့အမျိုးမှ ဆင်းသက်လာသော အယူသည် မဖြူမစင် အလွန်ပင် မှားလေစွတကား၊ သို့ကလောက် ဖြောင့်မှန်မြင့်မြတ်သော ဘုရားစစ် ဘုရားမှန်ကို တွေ့ပါလျက် ကာမဂုဏ်အငွေ့အသက်တို့ဖြင့် နေ့ရက်ကိုဖြုန်းလျှင် အသုံးမဝင်သော အချိန်တွေသာ ဖြစ်ချေမည်၊ ဘဝသံသရာက များစွာတွေ့ကြုံလာသော ကာမဂုဏ်အရေးတွင် ရှောင်ရှားကာအနားပေး၍ တရားဆေး သောက်နေဘို့အခါ ကြုံ၍လာချေပြီ"ဟု ကြံစည်စိတ်ကူးမိပြီးလျှင် မိတ်ဆွေကြီးနှင့် တိုင်ပင်ရန် ချန်ထား၍ ဘုရားရှင်ထံ ခွင့်တောင်းခံခြင်း မပြုသေးဘဲ လေးမြတ်စွာ ရှိခိုးလျက် ဝပ်လျှိုးကာ ထွက်လာလေ၏။

* အာလာပ, ရှေးဦးစွာ မပြောသောစကား၊ သလ္လာပ,နောက်ထပ်ဘဖန် အပြန်အလှန်ပြောသော စကား။

ကျောင်းဝင်းအပြင်သို့ ရောက်လာကြသောအခါ ဇောတိပါလက စတင်၍ "အို-မိတ်ဆွေကြီး အသင်သည် ကဿပဘုရားရှင်ထံ ချဉ်းကပ်၍မြတ်သောအလုပ် အကျွေးကြီး လုပ်နေသည် မဟုတ်ပါလား၊ ကဿပဘုရားနှင့် အကျွမ်းဝင်သော အရာမှာ သာသူမရှိ, အဓိပတိ အကျွမ်းဝင်သူ မဟုတ်ပါလား၊ ဟောကြားတော် မူသော တရားကိုလည်း အခါများစွာ နာကြားရသည် မဟုတ်ပါလား၊ ယခု လောက် တရားတော်ကိုကြားနာရပါလျှင် တရားတော်၏အရသာကို ကောင်းစွာ သိမြင်၍ အလွန်ပင် ရှုပ်ထွေးသော လူ့ဘောင်မှ အဘယ့်ကြောင့် မထွက်နိုင် အောင် ရှိနေပါသနည်း"ဟု မေးလိုက်လျှင် အိုးထိန်းသည်ဆရာကြီး ဃဋိကာရက "မိတ်ဆွေဇောတိပါလ ကျွန်ုပ်သည်ကား မြတ်စွာဘုရားထံ တရံမပြတ် ချဉ်းကပ် သော အလုပ်အကျွေးမြတ်ကြီး မှန်ပါသည်၊ ဘုရားရှင်နှင့် အကျွမ်းဝင်သော အရာမှာ အကျွန်ုပ်ထက် သာသူမရှိပါ၊ ဟောကြားတော်မူသော ဒေသနာတော် ပေါင်း များစွာကိုလည်း ကြားနာရသည့်အတိုင်း တရားတော်၏ အရသာကို ကောင်းစွာသိပါ၏၊ ထိုသို့ပင် သိရသော်လည်း လူဝတ်ကြောင်နှင့် လူ့ဘောင်မှ မခွါမထွက်ဘဲ သာသနာတော်ဘက်သို့ မရောက်နိုင်သည်မှာ မိတ်ဆွေသိသည့် အတိုင်း မျက်စိနှစ်ကွင်း အလင်းမရရှာသော အမိအဘတို့အတွက် လူဝတ်ကို မနှစ်သက်သော်လည်း သာသနာတော်ဘက်သို့ မရောက်နိုင်ခြင်း ဖြစ်ပါသည်။

မိဘနှစ်ပါး ဒုက္ခိတများကိုလည်း မပစ်ထားကောင်းပါ၊ သား,သမီး ဆိုတာ လည်း ကျွန်ုပ်တယောက်သာရှိ၍ ထောက်ညှာသင့်သော အကြောင်းသည် ကျွန်ုပ်၏ ဦးခေါင်းပေါ်သို့ ရောက်နေပါ၏၊ မိဘများသည် စိမ်းကားကောင်း သော အရာမဟုတ်ကြောင်းကို ကောင်းစွာသိသည်အတွက် အရသာကိုသိလျက် နှင့်ပင် နေရပါတော့သည်၊ ကျွန်ုပ်သည်ကား လူဝတ်ကြောင်နှင့် လူ့ဘောင်မှာ နေပါသော်လည်း အခြားသူများကဲ့သို့ မှားသောအလုပ်ရေး၌ အားပေးခြင်း မရှိဘဲ သူတကာနှင့်မတူ စင်ဖြူအောင် အသက်မွေး၍ အိုးကလေးများကိုသာ လုပ်ကာ သမ္မာအာဇီဝဖြစ်အောင် ဆောင်ရွက်၍ ဖန်ရေဆိုးသော အဝတ်ကို ဆည်းပြီး ဆယ်ပါးသီလကြီးကိုလည်း အမြဲဆောက်တည်ပါသည်၊ ကျွန်ုပ်၏ အတွင်း အဇ္ဈတ္တ သန္တာန်တွင် ဒေါသရန်နှင့် ကာမတဏှာမာန်ကို ပယ်ခွါ၍ ပြီးသည့်အတွက် လူ့ဘောင်မှာနေသည်ဟု ဆိုစေကာမူ အနာဂါမိဖိုလ်တ်နှင့်

သုမင်္ဂလ၀တီ (၈) ၂၀၁-၂၂

မြင့်မြတ်စွာ နေကြောင်းကို ကောင်းစွာသိသည် မဟုတ်ပါလား”ဟု ပြတ်သား ရှင်းလင်းစွာ ပြောကြားလိုက်လေ၏။

အလေလောင်းတော် ဇောတိပါလ လုလင်သည် ပြုံးရွှင်သော မျက်နှာဖြင့် “အို- မိတ်ဆွေကြီး, မိတ်ဆွေကြီးသည် ကျွန်ုပ်၏ ကျေးဇူးရှင်အစစ် ဖြစ်ပါပေ သည်၊ မိတ်ဆွေကြီး၏ မရ-ရအောင် သွေးဆောင် ဖြားယောင်းခြင်းကြောင့် တရားကောင်းကိုလည်း နာရ၍ ပသာဒဂုဏ်နှင့်ပြည့်စုံသော ဘုရားမြတ်ကိုလည်း ဖူးတွေ့ရပါပေပြီ၊ယခုလောက် နှောင့်နှေး၍ အချိန်ဝေးသွားခြင်းမှာ အကျွန်ုပ်၏ အပြစ်သာ ဖြစ်ပါသည် မြတ်စွာဘုရား ထံတော်မှောက်သို့ အရောက်နောက်ကျ လေခြင်း မိတ်ဆွေကြီး၊ ဘုရားမှန်, တရားမှန်, သံဃာမှန်ကို ယခုလိုတွေ့ကြုံ၍ သဒ္ဓါဟုန်တက်ကြွကာ ဖူးမြင်ရခြင်းသည်ကား လွန်မင်းစွာကောင်းလှပါပေသည်၊ ကဿပရှင်တော်ဘုရားသည် ဂုဏ်ကိုးပါးနှင့် ပြည့်စုံ၍ အပုံကြီး ကြည်ညိုစရာ ကောင်းလှပါသည်၊ ဘုရားရှင်၏ ဒေသနာဓမ္မသည်ကား ခြောက်ဝသောဂုဏ်နှင့် ပြည့်စုံ၍ သဒ္ဓါဟုန် မပြောင်းအောင် ကြည်ညိုဘွယ် ကောင်းလှပါပေသည်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်များသည်ကား ကိုးပါးသောသတင်း ဂုဏ်ဖြင့် သင်းထုံတော်မူလှပေသည်ဖြစ်၍ စင်စစ် ကြည်ညိုဘွယ်ကြီးပါတကား၊ အို-မိတ်ဆွေ ကျေးဇူးရှင်ကြီး ကျွန်ုပ်သည်ကား မြတ်စွာဘုရား၏ တရားတော် အရသာကို ကောင်းစွာသိပြီး ဖြစ်ပါ၍ လူဝတ် လူစားနှင့် ဒုက္ခများသော လူ့ဘောင်မှခွါရှောင်ကာ သာသနာတော်အတွင်း ပဉ္စင်းပြုလိုပါသည်၊ မိတ်ဆွေ ကြီးနှင့် မတိုင်ပင်ရသေး၍သာ မြတ်စွာဘုရားထံမှာ ခွင့်တောင်းခံခြင်း မပြုရ သေး ဖြစ်ပါသည်”ဟု ရွှင်ကြည်စွာ ပြောလိုက်လေလျှင် ဃဋီကာရ အိုးထိန်း ဆရာကြီးသည် မိတ်ဆွေအတွက် အကြံမြောက်ရခြင်းကို လွန်မင်းစွာ နှစ်သက် လှ၍ “အို-မိတ်ဆွေ ဇောတိပါလ လူ့ဘဝအဖြစ်မျိုးကို ရဘို့ရန်အတွက် မခဲခက် ပါ၊ သာသနာတော်နှင့်ကြုံ၍ ရဟန်း ဟူသောဂုဏ်ကို အပုံကြီးရခဲလှပါသည်၊ မိတ်ဆွေချစ်သည် ရဟန်းအဖြစ်ကို အားသစ်ကြိုးစားပါ”ဟု ဝမ်းသာစွာ ပြော ကြားလေ၏။

ယင်းသို့ မိတ်ဆွေနှစ်ဦး အထူးဝမ်းမြောက်သော စကားကို ပြောကြားကြ ပြီးလျှင် ထိုနေရာမှပင် ဘုရားရှင်ထံသို့ပြန်သွားကြလေ၏၊ ဘုရားရှင် ထံမှောက်

ရောက်သောအခါ "တပည့်တော် ဇောတိပါလအား သနားတော်မူ၍သဖြင့် ရဟန်း ပဥ္စင်း အဖြစ်သို့ သွတ်သွင်း ချီးမြှင့်တော်မူပါဘုရား"ဟု လျှောက်ထား လေ၏· မြတ်စွာဘုရားသခင်သည်လည်း ပါရမီရင့်ပြီးသော အလောင်းတော်ကြီး ဖြစ်ကြောင်းကို ကောင်းစွာ သိတော်မူသဖြင့် ရဟန်းပြုခွင့်ကို ပေးလိုက်သော ကြောင့် ဇောတိပါလ လုလင်သည် ချက်ချင်းပင် ရဟန်းအဖြစ်သို့ ရောက်သွား လေသတည်း၊ အိုးထိန်းဆရာကြီး ဖြစ်သော ဃဋီကာရသည်ကား မိမိမိတ်ဆွေကြီး ဇောတိပါလ ရဟန်းဘဝသို့ရောက်သည်ကို ဝမ်းမြောက်၍မဆုံးအောင် အကြည် လုံး ရိုက်၍ နေသော်လည်း မိမိမှာမူကား စက္ခုနှစ်ကွင်း အလင်းမရသော ဒုက္ခိတ မိဘများအတွက် ရဟန်းဘက်သို့ မလှည့်နိုင်ရှာဘဲ လူဝတ်လူစားဖြင့်သာ တရားနှင့် ဖြေဖျော်၍ သင့်တော်အောင် နေရလေတော့သတည်း။

ကဿပမြတ်စွာဘုရားသည် ရဟန်းတော် အရှင်ဇောတိပါလ၏ မာနနှိမ်ချိုး ၍ စိတ်ဆိုးစိတ်ပုပ်များကို ပယ်ထုတ်ကာ သိက္ခာပုဒ်တော်ကိုလည်း ဂရုစိုက်၍ ပြုထိုက်သော ရဟန်းကျင့်ဝတ်ကို မချွတ်မယွင်းအောင် အားထုတ်လျက် ပါရမီ မျိုး စိုက်ပျိုးနေသည့် အကြောင်းကို ကောင်းစွာသိမြင်တော်မူ၍ "ဤရဟန်း တော် ဇောတိပါလသည် ဤဘဒ္ဒကမ္ဘာ အတွင်း၌ပင် အလင်းမကိုဋ္ဌတည်းဟူ သော သဗ္ဗညုတဉာဏ်ကို ဆင်ပန်တော်မူကာ ဓမ္မရာဇာ ဟူသော အဘိသိက်ကို ခတ်နှိပ်တော်မူလျက် အောင်ကနက် မဏ္ဍိုင်ဝယ် တုပြိုင်နိုင်သောသူမမြင် ဂေါတမဘုရားရှင် ဟူသော အမည်ဖြင့် သုံးလီသော ကမ္ဘာတလွှား၌ ထင်ရှား ပွင့်တော်မူလိမ့်မည်"ဟု ရွေနှုတ်တော်ချီကာ နိယတဗျာဒိတ်ကို ခတ်နှိပ်တော်မူ လေသတည်း၊ ထိုဗျာဒိတ် စကားကို ကြားတော်မူရသော အလောင်းတော် ရဟန်းမြတ်သည် စခန်းသတ်ခြင်းမရှိသေးသော ပါရမီ မျိုးစေ့ကို တိုး၍ တိုး၍ သာ ဖြည့်ကျင့်တော်မူလေ၏။

ဃဋီကာရ အိုးထိန်းဆရာကြီးသည်ကား မိဘနှစ်ပါးအတွက် ငဲ့ကွက်တော် မူရရှာသဖြင့် သာသနာတော် အတွင်းသို့ မရောက် အနာဂါမ်လောက်ဖြင့်သာ စတောမနေ သေလွန်လေလျှင် အကနိဋ္ဌဘုံမကိုဋ္ဌသို့ ဆိုက်ရောက်တော်မူ၍ သက်န်း ထိန်း ပြဟ္မာကြီးဖြစ်လေ၏၊ အလောင်းတော် ဇောတပါလမှာမူ သံသရာတခွင်၌

ကျင်လည်တော်မူကာ ရတနာအိုးနှင့်တူသော ပါချမိမျိုးတို့ကို အားကြိုး ဆည်းပူးတော်မူရလျက် သံသရာစက်မှ မထွက်ရသေးသော **သံသရာသမားကြီး** ဖြစ်တော်မူရလေသတည်း။

နောင်သောအခါ ဇောတိပါလ လုလင်သည် သိဒ္ဓတ္ထမင်းသားဘဝ၌ တော ထွက်တော်မူ၍ အနောမာသောင်ကမ်း၌ ရဟန်းပြုလေလျှင် **မဟာမိတ္တကြီး** ဖြစ်သော ဃဋိကာရဗြဟ္မာကြီးသည် ပရိက္ခရာရှစ်သွယ်ကို ဆောင်သယ်တော် မူလာ၍ အလောင်းတော်မြတ် ရဟန်းဇာတ်အသွင်ကိုယူရန် ဖူးစင်သောနှလုံး ရွှင်ပြုံးသော မျက်နှာဖြင့် ဆက်ကပ်လာလေ၏၊ အလောင်းတော်သည်ကား ဃဋိကာရ ဗြဟ္မာကြီး၏ အကြောင်းကို မသိရှာသော်လည်း ဃဋိကာရ ဗြဟ္မာ ကြီးသည်ကား အလောင်းတော်၏ အကြောင်းအရာကို ကောင်းစွာ သိသဖြင့် လျှောက်ထားခွင့်ရှိသော အကြောင်းအရာကို ကောင်းစွာ လျှောက်ထားလေ၏၊ လျှောက်ထားပုံကား "တပည့်တော်သည် ကဿပဘုရားရှင် လက်ထက်တော် အခါက အရှင်ဘုရား၏ မဟာမိတ်ကြီး အစစ် ဖြစ်ရပါ၍ အရှင်ဘုရား ရဟန်းပြု ရန်ကို ပြောဆိုပြည့်နှိုး တိုက်တွန်းဘူးပါပြီ၊ ထိုစဉ်အခါကလည်း တပည့်တော် သည် အရှင်ဘုရား၏ ရဟန်းဒကာကြီး ဖြစ်ဘူးပါသည်၊ ယခုအခါလည်း တပည့် တော် ဆက်ကပ်သော ပရိက္ခရာတို့ဖြင့်သာ မြင့်မြတ်သော ရဟန်းအသွင်ကို ယူသောကြောင့် တပည့်တော်သည်ပင် အရှင်ဘုရား၏ ရဟန်းဒကာကြီးပါ တည်း"စသည်ဖြင့် ဇာတ်သစ်, ဇာတ်ဟောင်းကို ထပ်လောင်း၍ လျှောက်ထား လေ၏၊ အလောင်းတော် သိဒ္ဓတ္ထ မင်းသားမှာမူ အဝိဇ္ဇာကို မခွါမမြှော အာသဝေါမကုန် မှိုင်းမှုံသော ကိလေသာဓာတ် မကင်းသေးသည်ဖြစ်၍ ဗြဟ္မာ ကြီးသည်ကား ဝမ်းသာအားရ ပြောပြပြီးလျှင် မိမိခိုလှုံရာ အကနိဋ္ဌဘုံသို့ ပြန်သွားလေတော့ သတည်း။

ကဿပ ဗုဒ္ဓဝင် ပြီး၏။

ဗျာဒိတ်ခံခန်း နောက်ဆက်တွဲ

အလောင်းတော်ဘဝ အကျဉ်းပြ ဆောင်ပုဒ်လင်္ကာ

ခြင်္သေ့တပါး၊ နဂါးနှစ်ဦး၊ ဘီလူးတခါ၊ ဣန္ဒာတဖြစ်၊ လူဇာတ်ဆယ့်ကိုး၊ မင်းမျိုးအဋ္ဌ၊ ဗြာဟ္မဏ သတ်၊ စက္ကဝတ် ဒွေး၊ သေဋ္ဌေး ငေါ၊ မာဏဝ သုံး၊ နှလုံးသိမ်မွေ့၊ ရသေ့ ပဥ္စ၊ သမဏ နော၊ အရောရောဖြင့်၊ ရှင်စောမြွက်စွာ၊ တို့ဆရာလျှင်၊ ကမ္ဘာသိန်းနေ၊ သင်္ချေလေးထပ်၊ ဆယ့်နှစ်ကပ်တွင်၊သဗ္ဗညုတ၊ ဗုဒ္ဓတံဆိပ်၊ ငါးမာရ်နှိပ်သား၊ နှစ်ကျိပ်လေးပါး၊ ရှင်တော်များ၌၊ ဝပ်တွား ကျိုးနွံ၊ ဗျာဒိတ်ခံ၍၊ သယမ္ဘူစစ်၊ ကိုယ်တော်ဖြစ်သည်။ ။သုံးခေတ် မကိုဋ် သျှောင်ပန်းတည်း။

ဆောင်ပုဒ်လင်္ကာ အဓိပ္ပါယ်

ခြင်္သေ့တပါး အရ ရှစ်ဆူမြောက် ပဒုမဘုရား လက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည် ခြင်္သေ့မင်းတကြိမ် ဖြစ်တော်မူလေ၏။

နဂါးနှစ်ဦး အရ လေးဆူမြောက် သုမနဘုရား လက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည်(၁)အတုလနဂါးမင်းဖြစ်တော်မူ၏၊ တဆယ့်ကိုးဆူမြောက် ဝိပဿီဘုရား လက်ထက်တော်၌လည်း ဂေါတမဘုရားအလောင်းသည် (၂) အတုလနဂါးမင်း ဟူသောအမည်ဖြင့်ပင် ဖြစ်တော်မူလေ၏။

ဘီလူးတခါ အရ ခုနစ်ဆူမြောက် အနောမဒဿီဘုရား လက်ထက်တော်၌ ဂေါတမ ဘုရားအလောင်းတော်သည် ဘီလူးစစ်ဗိုလ်ကြီး တကြိမ်ဖြစ်တော်မူ၏။

ဣန္ဒာတဖြစ် အရ တဆယ့်ငါးဆူမြောက် ဓမ္မဒဿီဘုရား လက်ထက်တော်၌ ဂေါတမ ဘုရားအလောင်းတော်သည် သိကြားမင်းတကြိမ် ဖြစ်တော်မူ၏။

လူဇာတ်ဆယ့်ကိုး အရ ဒီပင်္ကရာ ဘုရားမှစ၍ ကြွင်းသော ဘုရားသခင် တဆယ့်ကိုးဆူတို့၏ လက်ထက်တော်၌ကား ဂေါတမဘုရား အလောင်းတော်သည် လူ့ဘဝ တဆယ့်ကိုးကြိမ် ဖြစ်တော်မူ၏။

မင်းမျိုးအငှ အရ လူ့ဘဝတဆယ့်ကိုးကြိမ်တို့တွင် ဂေါတမဘုရားအလောင်းတော်သည် နှစ်ဆူမြောက် ကောဏ္ဍညဘုရား လက်ထက်တော်၌ (၁) ဝိဇိတာဝီစကြာမင်း၊ တဆယ့်နှစ်ဆူမြောက် သုဇာတဘုရား လက်ထက်တော်၌ (၂)စကြာမင်း၊ တဆယ့်ခုနစ်ဆူမြောက် တိဿဘုရားလက်ထက်တော်၌ (၃) သုဇာတမင်း၊ တဆယ့်ရှစ်ဆူမြောက် ဖုဿဘုရား လက်ထက်တော်၌ (၄) ဝိဇိတာဝီမင်း၊ အဆူနှစ်ဆယ်မြောက် သိခီဘုရားလတ်ထက်တော်၌ (၅) အရိန္ဒမမင်း၊ နှစ်ဆယ့်တဆူမြောက် ဝေဿဘူဘုရား လက်ထက်တော်၌ (၆) သုဒဿနမင်း၊ နှစ်ဆယ့်နှစ်ဆူမြောက် ကကုသန္ဓဘုရားလက်ထက်တော်၌(၇)ခေမမင်း၊နှစ်ဆယ့်သုံးဆူမြောက် ကောနာဂမနဘုရား လက်ထက်တော်၌ (၈) ပဗ္ဗတမင်း၊ ဤသို့လျှင် မင်းမျိုး၌ ရှစ်ကြိမ်ဖြစ်တော်မူ၏။

ဗြာဟ္မဏ သတ် အရ ဂေါတမ ဘုရားအလောင်းတော်သည် အစ ပထမ ဒီပင်္ကရာဘုရား လက်ထက်တော်၌ (၁) သုမေဓပုဏ္ဏား၊ သုံးဆူမြောက် မင်္ဂလဘုရားလက်ထက်တော်၌ (၂) သုရုစိပုဏ္ဏား၊ ငါးဆူမြောက် ရေဝတဘုရား လက်ထက်တော်၌ (၃) အတိဒေဝပုဏ္ဏား၊ ခြောက်ဆူမြောက် သောဘိတဘုရား လက်ထက်တော်၌ (၄) သုဇာတပုဏ္ဏား၊ တဆယ့်သုံးဆူမြောက် ပိယဒဿီဘုရား လက်ထက်တော်၌ (၅) ကဿပပုဏ္ဏား၊ တဆယ့်လေးဆူမြောက် အတ္ထဒဿီဘုရား လက်ထက်တော်၌ (၆)သုသီမပုဏ္ဏား၊ တဆယ့်ခြောက်ဆူမြောက် သိဒ္ဓတ္ထဘုရား လက်ထက်တော်၌ (၇) မင်္ဂလပုဏ္ဏား၊ ဤသို့လျှင် ပုဏ္ဏားမျိုး၌ ခုနစ်ကြိမ်ဖြစ်တော်မူ၏။

စက္ကဝတ် ဒွေး အရ ဂေါတမ ဘုရားအလောင်းတော်သည် နှစ်ဆူမြောက် ကောဏ္ဍညဘုရား လက်ထက်တော်၌ (၁) ဝိဇိတာဝီစကြာမင်း၊ တဆယ့်နှစ်ဆူမြောက် သုဇာတဘုရား လက်ထက်တော်၌ (၂) စကြာမင်း၊ ဤသို့လျှင် စက္ကဝတ္တိခေါ် စကြာဝတေးမင်း၊ ဝါ-စကြာမင်းနှစ်ကြိမ် ဖြစ်တော်မူ၏၊ ဤစကြာမင်းနှစ်ကြိမ်ကား မင်းမျိုးရှစ်ကြိမ်တွင် အဝင်အပါ ဖြစ်သတည်း။

သေငွေး ဧကေ အရ ဂေါတမဘုရား အလောင်းတော်သည် ဆယ်ဆူမြောက် ပဒုမုတ္တရဘုရား လက်ထက်တော်၌ ဇဋိလ သေငွေးကြီးတကြိမ် ဖြစ်တော်မူ၏။

မာဏဝသုံး အရ ဂေါတမဘုရားအလောင်းတော်သည် တဆယ့်တဆူမြောက် သုမေဓဘုရား လက်ထက်တော်၌ (၁) ဥတ္တရလုလင်၊ တဆယ့်သုံးဆူမြောက် ပိယဒဿီဘုရား လက်ထက်တော်၌ (၂) ကဿပလုလင်၊နှစ်ဆယ့်လေးဆူမြောက် ကဿပဘုရား လက်ထက်တော်၌ (၃) ဇောတိပါလလုလင်၊ ဤသို့လျှင် လုလင် သုံးကြိမ် ဖြစ်တော်မူ၏၊ ဤတွင် နှစ်ခုမြောက် ကဿပလုလင်သည် ပုဏ္ဏားဘဝ ခုနစ်ကြိမ်တွင် အဝင်အပါ ဖြစ်သတည်း။

ရသေ့ ပဥ္စ အရ ဂေါတမဘုရားအလောင်းတော်သည် အစ ပထမ ဒီပင်္ကရာ ဘုရားလက်ထက် (၁) သုမေဓပုဏ္ဏားဘဝ၌ ရသေ့တကြိမ်၊ ကိုးဆူမြောက် နာရဒဘုရားလက်ထက် (၂) ရသေ့တကြိမ် (အမည်မပါ) တဆယ့်လေးဆူ မြောက် အတ္ထဒဿီဘုရား လက်ထက် (၃) သုသီမပုဏ္ဏားဘဝ၌ ရသေ့တကြိမ်၊ တဆယ့်ခြောက်ဆူမြောက် သိဒ္ဓတ္ထဘုရား လက်ထက် (၄) မင်္ဂလပုဏ္ဏားဘဝ၌ ရသေ့တကြိမ်၊ တဆယ့်ခုနစ်ဆူမြောက် တိဿဘုရား လက်ထက် (၅)သုဇာတမင်း ဘဝ၌ ရသေ့တကြိမ်၊ ဤသို့လျှင် ရသေ့ငါးကြိမ် ဖြစ်တော်မူလေ၏။

သမဏ နဝ အရ ဂေါတမ ဘုရားအလောင်းတော်သည် နှစ်ဆူမြောက် ကောဏ္ဍညဘုရား လက်ထက် (၁) ဝိဇိတာဝီ စကြာမင်းဘဝ၌ ရဟန်းတကြိမ်၊ သုံးဆူမြောက် မင်္ဂလဘုရားလက်ထက် (၂) သုရုစိပုဏ္ဏားဘဝ၌ ရဟန်းတကြိမ်၊ တဆယ့်တဆူမြောက် သုမေဓဘုရားလက်ထက် (၃) ဥတ္တရလုလင်ဘဝ၌ ရဟန်း တကြိမ်၊ တဆယ့်နှစ်ဆူမြောက် သုဇာတဘုရားလက်ထက် (၄) စကြာမင်းဘဝ၌ ရဟန်းတကြိမ် (အမည်မပါ) တဆယ့်ရှစ်ဆူမြောက် ဖုဿဘုရားလက်ထက် (၅) ဝိဇိတာဝီမင်းဘဝ၌ ရဟန်းတကြိမ်၊ နှစ်ဆယ့်တဆူမြောက် ဝေဿဘူဘုရားလက် ထက် (၆) သုဒဿနမင်းဘဝ၌ ရဟန်းတကြိမ်၊ နှစ်ဆယ့်နှစ်ဆူမြောက် ကကု သန္ဓဘုရား လက်ထက်(၇)ခေမမင်းဘဝ၌ ရဟန်းတကြိမ်၊ နှစ်ဆယ့်သုံးဆူမြောက်

ကောနာဂမနဘုရားလက်ထက် (ဂ) ပဗ္ဗတမင်းဘဝ၌ ရဟန်းတကြိမ်၊ နှစ်ဆယ့်လေးဆူမြောက် ကဿပဘုရား လက်ထက် (ဃ) ဇောတိပါလ လုလင်ဘဝ၌ ရဟန်းတကြိမ်၊ ဤသို့လျှင် ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းတော်မြတ် ကိုးကြိမ် ဖြစ်တော်မူလတ်သတည်း။

ဤသည်ကား ယခုအခါ လက်ရှိဖြစ်သော ဗုဒ္ဓသာသနာတော်ကြီးကို ဖန်တီးပျိုးထောင်၍ ဓမ္မရောင် တောက်ကြွားစေခဲ့သော ဂေါတမ ရှင်တော်ဘုရား၏ နှစ်ကျိပ်လေးဆူ သော ဘုရားရှင်တို့ အထံတော်ဝယ် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့သော ဘဝများစွာဖြစ်တော်မူရပုံ အခြင်းအရာတည်း၊ ကြည့်ရှုသူများ သိနားလည်ကြစေရန် ဆောင်ပုဒ်လင်္ကာနှင့်တကွ အဓိပ္ပါယ်ကို ဖော်ပြခြင်း အကျဉ်းသည် ဤမျှလောက်ဖြင့် အပြီးသို့ရောက်ပေ၏။

ဤ နိယတဗျာဒိတ်အခဏ်း၌ ဂေါတမဘုရား၏ အခြေအနေကို သေချာစွာ ကြည့်ရှုကြကုန်၍ ဘုရားတဆူ၏ ဖြစ်ရေးသည်ကား ကြောက်သွေးတုန်၍ ရင်ခုန်စရာ ဖြစ်လောက်အောင် ခဲယဉ်းလှကြောင်းကို ကောင်းစွာ သိကြပြီးသော် အလွန်အကြူး အထူးခဲယဉ်းစွာ ဖြည့်ကျင့်အားထုတ် ပြုလုပ်တော်မူပါမှ ရအပ်သော သဗ္ဗညုတဉာဏ်မြတ်သခင် ဘုရားရှင်ကိုရင်း၊ ထိုဘုရားရှင်သည် သိမြင်တော်မူအပ်၍ အထပ်ထပ် အဖန်ဖန် အပြန်ပြန် ဟောကြားအပ်သော တရားတော်မြတ်ကိုရင်း၊ ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တရားခေါင်ခွေပေး၍ မွေးမြူတော်မူအပ်သောကြောင့် သားတော်မြတ်ဖြစ်ကြသော သံဃာတော် အရှင်မြတ်များကိုရင်း လေးစားမှီခို ကြည်ညိုနိုင်ကြသည်ဖြစ်၍ အလှူပေးခြင်း ဒါနပါမီ၊ ကိုယ်နှုတ်တို့ကို ချုပ်တည်းဆိမ်းသိမ်းခြင်း သီလပါရမီ၊ ကာမဂုဏ်တောမှ ထွက်မြောက်ခြင်း နေက္ခမ္မပါရမီ စသော နိဗ္ဗာန်ယူမှု ပါရမီစုတို့ကို ပြုနိုင်ကြပါစေကုန်သတည်း။

နိယတဗျာဒိတ်ခဏ်း အလုံးစုံ ပြီးပြည့်စုံပြီ။

၂၅-ဂေါတမ ဗုဒ္ဓဝင်

ဤ ဘဒ္ဒကမ္ဘာ အနှစ်တရာတမ်းတွင် ဘုန်းပန်းတော် ထိန်တောက်၍ ပွင့်ခြင်းသို့ ရောက်တော်မူသော **ဂေါတမဘုရားရှင်** သည် ဒီပင်္ကရာမြတ်စွာဘုရား၏ အထံ၌ နိယတဗျာဒိတ်ကို ဆင်ပန်တော်မူသော အခါမှစ၍ ဆယ်ဝသော ပါရမီ, ငါးလီသော စာဂ, စရိယသုံးထွေကို ဘဝတိုင်း ဖြည့်ကျင့်တော်မူလေပြီးသော် ဝေဿန္တရာမင်း ဘဝသို့ ရောက်တော်မူလေသတည်း၊ ထိုဝေဿန္တရာမင်း ဘဝ၌လည်း ပစ္စယ ဆင်ဖြူတော်ကို အစပြု၍ ဒါနမှု၌ အလျှော့မပေးဘဲ ဖြူဖွေးသော စေတနာထားကာ ဇနီးမယားနှင့် သမီး,သားပါမကျန် အလှူခံရောက်လာလျှင် နောက်အခါ ဘုရားဖြစ်ရေးကိုသာ ငဲ့တွေးတော်မူလျက် ရက်စက်သောသဘောဖြင့် နှမြောမတွန့် ပေးစွန့်လှူဒါန်း၍ ဒါနအခန်းခန်းကို ကြိုးပမ်းတော်မူလေ၏။

ထိုဝေဿန္တရာမင်း ဖြစ်သော ဘဝ၌ ဒါန ပါရမီကိုသာ ထူးလည်း လွန်ကဲစွာ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ ပါရမီပြည့်အောင် ဖြည့်တော်မူလျက် အသက်ကုန်ခန်းလေလျှင် ဘုံနန်းပြာသာဒ်တို့ဖြင့် အထပ်ထပ်ဝင်းပြောင်၍ အဆင်းအရောင် ထိန်တင့်လှစွာသော **တုသိတာ** နတ်ပြည်တွင် ***သေတကေတု** အမည်ရှိသော နတ်သားဖြစ်တော်မူကာ နတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းလေးထောင် လူတို့၏ အရေ အတွက်အားဖြင့် နှစ်ပေါင်း **ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း** တို့ ကာလပတ်လုံး ရွှင်ပြုံးဘွယ်ရာ နတ်ကညာ အပေါင်း ခြံရံလျက် ရောင်လျှံညီးညီး ရှုမခန်းသော စည်းစိမ်ကြီးတို့ကို မညည်းမညူ ပပူမပင် နေ့စဉ်နေ့စဉ် မွေ့ရှင်စွာ စံစား၍ နေလေသတည်း။

နတ်ဗြဟ္မာ အများတို့သည် ဘုရားဖြစ်ရန် တောင်းပန်ကြခြင်း

ဤသို့ တုသိတာ နတ်ပြည်တွင် နှစ်ပေါင်းများစွာ ကာလကြာအောင် မဟာသုခကြီးကို ခံစားတော်မူနေစဉ် အနှစ်တထောင်ကပင် လူ့ခွင်တလွှား၌

* သန္တုသိတ-ဟူ၍လည်း အချို့အရာ၌ ရှိ၏။

*ဘုရားပွင့်မည်ဟူသော ဂယက်သံသည် ဘဝဂ်လုံအောင် ကျော်ကြားနေသည်ဖြစ်၍ တသောင်းသော လောကဓာတ်မှ နတ်နှင့်ဗြဟ္မာ ပေါင်းများစွာတို့သည် ညီညာစုရုံးလျက် ရှင်ပြုံးသောမျက်နှာ သာယာသော အသံဖြင့် "အလောင်းတော် နတ်သား ဘုရားဖြစ်ချိန် တန်ပါပြီ၊ လူ့ပြည်သို့ကြွသွား၍ ဘုရားဖြစ်တော်မူပါ၊သတ္တဝါအများအား တရားတော်တည်းဟူသောအမြိုက်ဆေးကို တိုက်ကျွေးတော်မူပါ"ဟု ကောင်းစွာ လျှောက်ထားကြကုန်၏၊ နတ်, ဗြဟ္မာတို့ တညီတညာ လျှောက်လာသောစကားကို ကြားတော်မူရသော အလောင်းတော် နတ်သားသည် ရုတ်တရက် ဝန်ခံတော်မမူသေးဘဲ (၁) ဘုရားဖြစ်ထိုက်သော အချိန် **ကာလ**၊ (၂) ဘုရားဖြစ်ရာကျွန်း **ဒီပ**၊ (၃) ဘုရားဖြစ်ရာအရပ် **ဒေသ**၊ (၄) ဘုရားဖြစ်ရအံ့သော **အမျိုး အနွယ်**၊ (၅) မယ်တော်၏ **အသက်အပိုင်းအခြား** ဤငါးပါးကို ကြည့်ရှု စဉ်းစားတော်မူလေ၏။

ကြည့်တော်မူပုံ

၁။ လူတို့၏ အသက်အသခ်ေ်ျယျ ရှည်လျားသော အသက်တမ်းမှ အနှစ်တသိန်းတမ်း၏ အထက် ဤ အချိန်ကာလ အတွင်း၌ သတ္တဝါပင်းတို့အား ဇာတိ,ဇရာ,ဗျာဓိ, မရဏတို့ အချိန်ကာလ ကွာဝေး၍ လက္ခဏာရေး သုံးပါးကို နှလုံးထားဘို့ အကြောင်းဖြစ်သော တရားတော်မြတ်ကို အထပ်ထပ် အဖန်ဖန် အပြန်အလှန် ဟောငြားသော်လည်း သဘောထားမယုံကြည်၍ အကျိုးမဲ့ဖြစ်ပေရာသည်၊ သို့ကြောင့် ဤအချိန်အခါအတွင်း တရားမင်းဖြစ်တော်မူကြသော မြတ်စွာဘုရားတို့ ပွင့်တော်မမူကြကုန်၊ ဘုရားပွင့်ပေါ်ဘို့ သင့်တော်သော ကာလမဟုတ်ပေ၊ လူတို့၏ အသက်တရာတမ်းမှအောက် ယုတ်သော အသက်တမ်း၌လည်း မင်္ဂလမ်း,ဖိုလ်လမ်းပိတ်၍ သတ္တဝါတို့၏ စိတ်နေစိတ်ထားသည် တရားနှင့်မလျော် မတရားဖြင့်သာ ပျော်ကြ၍ လောဘ, ဒေါသ, မောဟ အားကြီးကြသောကြောင့် ဆုံးမဟောကြားသော တရားအစဉ်ကို နားမဝင်နိုင်

---

* ဗုဒ္ဓကောလာဟလ ဟူသို။ ကောလာဟလကား ငါးပါးတည်း။ ၁—ကမ္ဘာမပျက်မီ နှစ်ပေါင်းတသိန်းက ကျော်ကြားသော ကပ္ပကောလာဟလ။ ၂-ဘုရားမပွင့်မီ နှစ်ပေါင်းတထောင်က ကျော်ကြားသော ဗုဒ္ဓကောလာဟလ။ ၃-စကြဝတေးမင်းမပေါ်မီ နှစ်ပေါင်း တရာက ကျော်ကြားသော စက္ကဝတ္တိကောလာဟလ။ ၄—မင်္ဂလသုတ် မဟောမီ တဆယ့်နှစ်နှစ်က ကျော်ကြားသော မင်္ဂလကောလာဟလ။ ၅-မောနေယျ အကျင့် မေးလျှောက်သော ပုဂ္ဂိုလ်မပေါ်မီ ခုနစ်နှစ်က ကျော်ကြားသော မောနေယျ ကောလာဟလ-ဤငါးပါးတို့တည်း။

အလောင်းတော် သေတကေတု နတ်သားသည် တုသိတာ နတ်ပြည်မှ စုတေတော်မူခဏ်း။

ကြချေ၊ အကျိုးမဲ့သာ ဖြစ်ပေရာ၏၊ သို့ကြောင့် အသက် တရာတမ်းမှ အောက်ဖြစ်သော အချိန်ကာလ၌လည်း သမ္ဗုဒ္ဓဘုရားရှင်တို့သည် ပွင့်တော်မမူကြကုန်၊ အသက် **တသိန်းတမ်း** နှင့် **တရာတမ်း** အတွင်း၌သာလျှင် ဘုရားရှင်တို့ ပွင့်တော် မူကြကုန်သတည်း၊ ဤယခုအခါသည် လူ့ရွာလူ့ပြည်၌ အသက် တရာတမ်းဖြစ်၍ ဓမ္မတာလမ်းအတိုင်း ဘုရားဖြစ်ခြင်းငှါ သင့်ပေသည်။

၂။ ဘုရားရှင်တို့ ပွင့်တော်မူရာ ကျွန်းကား အကျယ်အားဖြင့် ယူဇနာပေါင်း တသန်း နှစ်သိန်း သုံးထောင့် လေးရာ့ ငါးဆယ် ကျယ်သော စကြဝဠာ၏ အတွင်း၌ ကျွန်းငယ်ငါးရာစီ ဝန်းရံသော **ပုဗ္ဗဝိဒေဟ** ခေါ်သော အရှေ့ကျွန်း၊ **ဇမ္ဗူဒီပ** ခေါ်သော တောင်ကျွန်း၊ **အပရဂေါယာန** ခေါ်သော အနောက်ကျွန်း၊ **ဥတ္တရကုရု** ခေါ်သော မြောက်ကျွန်းတို့တွင် မြင်းမိုရ်တောင်၏ တောင် မျက်နှာ၌ တည်ရှိသော **ဇမ္ဗူဒိပ် ခေါ် တောင်ကျွန်းသည်သာလျှင်** ဘုရားရှင်တို့ ပွင့်ရာကျွန်းပေတည်း။

၃။ *ယူဇနာပေါင်း တသောင်း ကျယ်ဝန်းသော ဇမ္ဗူဒိပ်ကျွန်း၌လည်း တောနေသုံးထောင်၊ ရေနေလေးထောင်၊ လူနေသုံးထောင်ရှိသည်တွင် လူနေ သုံးထောင်၏ အလယ်ဗဟို၌ တောင်၊ မြောက် အလျားအားဖြင့် ယူဇနာသုံးရာ၊ အရှေ့၊ အနောက် အနံအားဖြင့် ယူဇနာနှစ်ရာ့ငါးဆယ်၊ အဝန်းယူဇနာကိုးရာ ရှိ၍ ငှါနအပိုင်းအခြားဖြင့် အရှေ့သို့လားသော် **ဂဇင်္ဂလနိဂုံးရွာ** အရှေ့တောင် သို့လားသော် **သလ္လဝတီမြစ်** တောင်သို့လားသော် **သေတကဏ္ဏိကနိဂုံးရွာ** အနောက်သို့လားသော် **ထူဏ** မည်သော **ပုဏ္ဏားရွာ** မြောက်သို့လားသော် **ဥသီရဒ္ဓဇတောင်** ဤငှါနငါးရပ်တို့ဖြင့် သတ်မှတ်ပိုင်းခြားအပ်သော **မဇ္ဈိမဒေသ** သည်သာလျှင် ဘုရားတကာတို့၏ ပွင့်ရာအရပ် ဖြစ်ပေသည်။

မဇ္ဈိမဒေသ မှတ်ဘွယ် သံပေါက်

(က) အရှေ့ ဇင်္ဂလ၊ ရှေ့တောင်ကမူ၊ သလ္လဝတီ၊ တောင်ဆီ သေတ၊ နောက် ထူဏ၊ မြောက်မှ ဥသီရဒ္ဓဇာ။

(ခ) နိမိတ်ငါးရပ်၊ ပိုင်းခြားအပ်၊ တွင်းရပ် မဇ္ဈိမာ။

* တယူဇနာလျှင် ၁၂-မိုင်၊ ၅-ဖာလုံနှင့် အတောင် ၃၆၀-ရှိ၏။

၄။ *လူမျိုးအပြား လေးပါးရှိသည်တို့တွင် မင်းမျိုးနှင့် ပုဏ္ဏားမျိုး ဗြာဟ္မဏတို့သည် လူအပေါင်းတို့၏ ညွှတ်ပျောင်းဝပ်လျိုး မြတ်နိုးတနာ ကိုးကွယ်ရှိသေရာဖြစ်၍ ဤလူမျိုးနှစ်မျိုး၌သာ ဘုရားတကာတို့ ဖြစ်ကြကုန်၏၊ အကြင်အခါ၌ မင်းမျိုးကို အမြတ်တနိုး ပြုကြ၏၊ ထိုအခါတွင် မင်းမျိုး၌သာ ဘုရားဖြစ်ကုန်၏၊ အကြင်အခါ၌ ပုဏ္ဏားမျိုး ဗြာဟ္မဏကို အမြတ်တနိုး ပြုကြ၏၊ ထိုအခါတွင် ပုဏ္ဏားမျိုး ဗြာဟ္မဏ၌သာ ဘုရားဖြစ်ကုန်၏၊ ယခုအခါ၌မူကား မင်းမျိုးကိုသာ အမြတ်တနိုး ပြုကြကုန်၍ ထိုမင်းမျိုးသည်သာ လွန်စွာသင့်မြတ်လှပေသည်။

၅။ ထိုမင်းမျိုးတို့တွင်လည်း သက္ကတိုင်း ကပိလဝတ်ပြည်ကြီးကို စည်ထီးခရိုင် ပိုင်စံတော်မူသော **သုဒ္ဓေါဒန** မင်းမြတ်သည် ကမ္ဘာဦးမှ မဟာသမ္မတမင်းကို အစပြု၍ သုံးသိန်း သုံးသောင်း လေးထောင် ငါးရာ ခြောက်ဆယ့် ခုနစ်ယောက်သော ဥက္ကာကဝံသ,မဟာဝံသ, အသမ္ဘိန္န, ခတ္တိယအစစ် မင်းမျိုးဖြစ်ပေသည်၊ ယင်း သုဒ္ဓေါဒန မင်းရာဇာ၏ **မဟာမာယာ** ခေါ်သော မိဖုယားကြီးကား †လော်လည်ခြင်း ငါးပါးနှင့်+မာန်မူခြင်းကိုးပါး ယုတ်ညံ့သော တရားခပင်းမှ ကင်းရှင်းတော်မူသည်ဖြစ်၍ မကျိုး, မပြောက်, မပေါက်, မကျားသော ငါးပါးသီလလည်း ကိုယ်ဝတ် အထည်ကဲ့သို့ အမြဲတည်ရကား ငါ၏မယ်တော်ဖြစ်ခြင်းငှါ ထိုက်ပေသည်၊ အသက်တော်၏ အပိုင်းအခြားသည်လည်း ဆယ်လအထက် ခုနစ်ရက်သာ ရှိတော့သည်ဟု ကြည့်ရှုတော်မူသတည်း။

ဤ ကြည့်ခြင်းကြီးငါးပါးကို ရှုစားတော်မူပြီး၍ ထန်သည်းသော လုံ့လဖြင့် အဆုံးအစ အပိုင်းအခြားမရှိ များဘိတောင်းတောင်း နတ် ဗြဟ္မာအပေါင်းတို့၏

* ၁–မင်းမျိုး။ ၂–ပုဏ္ဏားမျိုး။ ၃–သူကြွယ်မျိုး။ ၄–သူဆင်းရဲမျိုး။

† ၁–စားသောက်မှု၌ လော်လည်ခြင်း။ ၂–တန်ဆာဆင်မှု၌ လော်လည်ခြင်း။ ၃–ယောကျ်ားဘပါး၌ လော်လည်ခြင်း။ ၄–ပစ္စည်းဥစ္စာ၌ လော်လည်ခြင်း။ ၅–ထိုထို ဤဤ သွားလာမှု၌ လော်လည်ခြင်း။

+ ၁–မြတ်သောသူအား မြတ်သောသူနှင့် အန်တုပြုခြင်း။ ၂–မြတ်သောသူအား တူသောသူနှင့် အန်တုပြုခြင်း။ ၃–မြတ်သောသူအား ယုတ်သောသူနှင့် အန်တုပြုခြင်း။ ၄–တူသောသူအား မြတ်သောသူနှင့် အန်တုပြုခြင်း။ ၅–တူသောသူအား တူသောသူနှင့် အန်တုပြုခြင်း။ ၆–တူသောသူအား ယုတ်သောသူနှင့် အန်တုပြုခြင်း။ ၇–ယုတ်သောသူအား မြတ်သောသူနှင့် အန်တုပြုခြင်း။ ၈–ယုတ်သောသူအား တူသောသူနှင့် အန်တုပြုခြင်း။ ၉–ယုတ်သောသူအား ယုတ်သောသူနှင့် အန်တုပြုခြင်း။



သိရီမဟာမာယာ မိဖုယားကြီး၏ " ဆင်ဖြူရတနာဝင်လာကြောင်း " အိပ်မက်မြင်ခဏ်း။

ညွတ်ပျောင်းပန်ထွာ တောင်းပန်လာသောစကားကို ခံ့ညားသော မျက်နှာတော်နာပျော်ဘွယ်ရှိသော နှုတ်သံဖြင့် "ကောင်းပြီ"ဟု ဝန်ခံလိုက်လေ၏၊ ယင်းသို့ဝန်ခံတော်မူပြီးမှ နတ်အပေါင်းတို့ဖြင့် ဝန်းရံကာ *နန္ဒဝန် ဥယျာဉ်တော်သို့ ကြွသွား၍ စုတေတော်မူပြီးလျှင် ဆိုအပ်ပြီးသော သုဒ္ဓေါဒနမင်းမြတ်၏ မိဖုယားခေါင် တောင်ညာဒေဝီ **သိရိမဟာမာယာ** မဟေသီကြီးဝမ်း၌ စွဲလမ်းသန္ဓေတည်နေတော်မူ၏။

မယ်တော်ကြီးအိပ်မက်တော်

အလောင်းတော်မြတ်၏ ဘိုးတော်ဖြစ်သော အဥ္စနမင်းကြီးသည် ရှစ်ထောင့်ခြောက်ရာ့ ငါးဆယ့်လေးခုနှစ် ဖြစ်သော သက္ကရာဇ်ကို ဖြိုပစ်တော်မူပြီးနောက် အသစ်ပေါ်ပေါက်လာသော သက္ကရာဇ် "ခြောက်ဆယ့်ခုနစ်ခုနှစ်၊ ဝါဆိုလပြည့်ကြာသပတေးနေ့"ဥတ္တရာသဠ်နက္ခတ်နှင့် လနတ်ယှဉ်စံသော သန်းခေါင်ယာမ်အခါ တုသိတာမှ စုတေလာသော အလောင်းတော်နတ်သားသည် မိဖုယားကြီးမဟာမာယာ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေလာသော် မယ်တော်ကြီးသည် ကြီးစွာသော အိပ်မက်ကို မြင်မက်တော်မူလေသတည်း။

မြင်မက်ပုံကား "စတုမဟာရာဇ် နတ်မင်းကြီး လေးပါးသည် မိဖုယားကြီးမဟာမာယာကို အိပ်ရာတော် သလွန်ညောင်စောင်းနှင့်တကွ ချီမ၍ ဟိမဝန္တာတောင်သို့ ယူဆောင်ပြီးလျှင် ယူဇနာ ခြောက်ဆယ် ကျယ်သော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ၏အပြင် အင်ကြင်းပင်အောက်၌ ချထားကြသောအခါ နတ်မိဖုယား လေးယောက်လာ၍ အနဝတတ်ရေအေးဖြင့် ချိုးပေးကြပြီးလျှင် နတ်၊ နံ့သာ နတ်ဝတ်တန်ဆာတို့ဖြင့် ကောင်းစွာ ဆင်မြန်းလျက် ပင်ပန်းခြင်းမရှိအောင် ငွေတောင်ထွဋ်အထက်၌ ပြောင်လက် ထိန်လင်းသော ဗိမာန်ကြီးအတွင်းသို့ ဆောင်ယူကာ ချမ်းသာစွာ အိပ်စေပြန်လေ၏၊ ထိုအိပ်နေစဉ်အတွင်း ဘော်သာခွါ အဆင်းကဲ့သို့ ဖြူဝင်းလှပ၍ ကြာသရေပေါင်း ခသော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာပြီးလျှင် မိဖုယားကြီး၏ လက်ျာနံပါးကို ဖွင့်ဖောက်ကာ ဝင်လေသည်"ဟု အိပ်မက်အတွင်းထင်လင်းစွာ မြင်မက်လေ၏။

---

* နတ်အများတို့ နှစ်သက်ရာဌာန။

အလောင်းတော်မြတ် သန္ဓေမိုကပ်သော အချိန်မှစ၍ ဤစကြဝဠာအတွင်း မှီတင်းနေထိုင်ကြသော စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် အရောင်လျှံလက်သော သန်လျက်ကို ကိုယ်စီကိုင်ကြကုန်လျက် ရွှေနန်းတော် အတွင်း ကြက်သရေရှိသော တိုက်ခန်း၌ ရှင်လန်းစွာ စောင့်လာကြကုန်၏၊ စကြဝဠာတသောင်းမှ နတ်,ဗြဟ္မာ အပေါင်းတို့သည်လည်း နှစ်ထောင်းဝမ်းသာ အစောင့်လာကြကုန်၏၊မယ်တော်ကြီးအတွက် ထူးခြားပုံအချက်မှာ ယောကျ်ား တို့၌ ညွတ်ငိုက်ရမ္မက် ရာဂစက်မရှိ၊ အမြိုက်အတိ ဝလင်၍ ကြည်ရှင်နှစ်သက် အပ်သော မင်းစည်းစိမ်ကိုခံကာ ခြွေရံသင်းပင်းတို့နှင့်သာ သန့်ရှင်းစွာ စံတော် မူလေ၏။

အလောင်းတော်ဖြစ်သော သားသန္ဓေသည်ကား ကြည်လင်လှစွာ ပတ္တမြား ရတနာ၌ သီသော သန္တာနီ ကြိုးကဲ့သို့ငှင်း၊ ဖလ်ချိုင့်အတွင်း သွင်းထားအပ် သော ပုလဲစစ်ကို ထုလုပ်သည့် အရုပ်ကလေးကဲ့သို့ငှင်း၊ တရားဟောပလ္လင်ဝယ် ကြည်လင်သော မျက်နှာ သိက္ခာဂုဏ်နှင့် ပြည့်စုံ၍ ကြည်ယုံလေးမြတ်ဘွယ်ရာ ကောင်းစွာဖွဲ့ခွေ ထိုင်နေတော်မူသော တရားဟော **ဓမ္မကထိက** ပုဂ္ဂိုလ်ကဲ့သို့ငှင်း မယ်တော်၏ ဝမ်းဝယ် ထက်ဝယ် ရွှေးရှူ နေတော်မူသည်ကို မယ်တော်ကြီး ကိုယ်တိုင်ပင် တွေ့မြင်ရလေ၏။

မီးရှူးသန့်စင် ဘွားမြင်တော်မူခြင်း

သန္ဓေတော်ရင့်မာ၍ ဆယ်လစေ့သောအခါ မယ်တော်, ခမည်းတော်နှင့်တကွ ဆွေတော် မျိုးတော်အပေါင်းတို့၏ ပျော်ညောင်းရာဌာန ဒေဝဒဟပြည်သို့ ထွက်ကြွလိုသော အာသာသည် မယ်တော်မာယာ၏ သန္တာန်၌ ထင်ရှားစွာ ဖြစ်ပေါ်လာလေလျှင် သုဒ္ဓေါဒနမင်း၏ ရွှေခွင်သို့ ဝင်တော်မူကာ "ဘုရားနှမ တော်သည် မယ်တော်, ခမည်းတော်တို့နှင့် တကွ ဆွေတော် မျိုးတော်တို့၏ စံတော်မူရာ ဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသောအာသာ ရှိလှပါသည်၊ မောင်တော်ဘုရား သနားသဖြင့် အခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထား သံတော်ဦးတင်လေ၏၊ မဟာမာယာ မိဖုယား၏ လျှောက်ထားသော စကားကို ကြားရသော သုဒ္ဓေါဒနမင်းမြတ်သည် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည် အကြား ငါးယူဇနာရှိသော အရပ်ကို ခင်းအပ်သော တလင်းအသွင် သန့်စင်စွာ

လုမ္ဗိနီဥယျာဉ်၌ အလောင်းတော်မင်းသားကို မီးရှူးသန့်စင် ဘွားမြင်တော်မူခဏ်း။

ညီညွတ်စေပြီးလျှင် စရပ် ကန္နား ကုက္ကား တံခွန် အမွန် အမြတ်ဖြစ်သော မဏ္ဍပ် အမျိုးမျိုး ရေချမ်းအိုး အဖုံဖုံ ပန်း,နံ့သာ အစုံတို့ဖြင့် စိတ်အာရုံ ရွှင်ပြုံးစဘွယ် ချယ်လှယ်ပြုပြင် တန်ဆာဆင်ကာ * အင်္ဂါလေးပါးရှိသော စစ်သည်တော် ပေါင်းများစွာတို့ဖြင့် ဝန်းဝိုင်းခြံရံကာ ရတနာတို့ဖြင့် မွမ်းမံ ပြင်ဆင် အပ်သော ရွှေထမ်းစင်ကို စီးစေပြီးလျှင် ခရီးထွက်စေလေ၏။

ကပိလဝတ်ပြည်နှင့်ဒေဝဒဟပြည်အကြား၌ နှစ်ပြည်ထောင်သားတို့ သုံးစား ဆွတ်ယူရာ သာယာနုပျို စိမ်းစိုညိုမှိုင်း ရှုလိုက်တိုင်းပျော်စဘွယ် အလွန်တင့်တယ် သော † လုမ္ဗိနီဥယျာဉ်ဝယ် အင်ကြင်းပင်တို့၏ ပင်လုံးကျွတ်ပွင့်၍ ခူးချင့်စဘွယ် ဆန်းကြယ်သော အရောင်အသွေးတို့ဖြင့် ငေး၍ပင် ကြည့်ရတော့မလို ထိုဆို ဥဩ ပျံသန်းလျက် ဇာတ်စခန်း ထွက်နေသည့်အလား ထူးခြားစွာ သာယာ၍ ဘာသာဘာဝ ဆိုမြည်ကြသော ငှက်အပေါင်းတို့၏ တွန်သံ မြူးသံကိုလည်း မဟာမာယာ မိဖုယားကြီး ကြားရလေသော် ထိုဥယျာဉ်တွင် ပျော်ရွှင်ဝင်နား ကစားမြူးတူးလိုသော အာသာသည် ဖြစ်ပေါ်၍လာလေ၏၊ ယင်းသို့ ရွှေနှလုံး တော်အာသာ ဖြစ်ပေါ်လာလေလျှင် ရွှေထမ်းစင်ပေါ်မှ သက်ဆင်း,ကာ မင်္ဂလာ ရှိသော အင်ကြင်းပင်အောက်သို့ ဝင်သောအခါ အင်ကြင်းပင်၏ အကိုင်းသည် ညွတ်ရှိုင်း၍ ခံလာလေ၏၊ ထိုခံလာသော အင်ကြင်းကိုင်းကို ရပ်လျက်ပင် အသာ လှမ်း၍ လက်ကမ်းကာ ကိုင်လိုက်လေ၏၊ စကြဝဠာ ကမ္ဘာတသောင်းသည် ကောင်းချီးပေးသကဲ့သို့ အေးအေးကြည်ကြည် ကျူးမြည် ရိုက်ဟည်းလျက် မြေကြီးတုန်လှုပ်ခြင်း ဥက္ကာပျံညီး မီးရှူးရောင်လက် နေ, လ နှင့်ကြယ် အစုံ ထွက်၍ တပြိုင်နက် ထွန်းလင်းခြင်း အစရှိသော **သုံးဆယ့်နှစ်သွယ် အံ့ဘွယ်သရဲ** လွန်ကဲထူးဆန်းသော တိတ်ကြီး နိမိတ်ကြီးတို့သည် ဖြစ်ပေါ်၍ လာကြကုန် သတည်း။

သိရိမဟာ မာယာဒေဝီ မဟေသီကြီးသည်လည်း ထိုအခါ ကမ္ဗဇလေ လှုပ်ကြွ၍ အထိန်းအယ မောင်းမခြွေရံအပေါင်းအား အကြောင်းကြားလေ သော် ထိုအင်ကြင်းပင် အနီး၌ပင် ကန့်လန့်ကာများကို ကာရံ၍ ပေးကြကုန်၏၊ အထိန်းအယတို့သည် ကိုယ်လက်ပြုပြင် ဖက်တွဲယှာ်၍ ပေးစဉ်ပင်လျှင် အင်ကြင်း

---

* ၁—ဆင်တပ်။ ၂—မြင်းတပ်။ ၃—ရထားတပ်။ ၄—ခြေလျင်တပ်။

† ဤဥယျာဉ်သို့ဝင်သော သူတို့၏အပူအပင်ကို ယူငင်၍ ပစ်သကဲ့သို့ အအေးဓာတ်ကို ပေးရာ၌ဘန်။

ပင်အကိုင်းကိုကိုင်ကာ ပုလဲရတနာသည် အာကာတိမ်ညွန့်မှ မြူးကွန့်ထွက်ဆင်း သကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာတော် အပေါင်းဖြင့် ရှုမညောင်း တင့်တယ်သော အလောင်းတော် မင်းသားကလေးကို သက္ကရာဇ် ၆၇-ခု ဥတုဂိမှန္တ ကဆုန်လပြည့် သောကြာနေ့ နံနက် ၁-ချက်တီးအချိန် သိဟ်လဂ်, ဖြိဿာစန်း ဝိသာခါနက္ခတ်နှင့် စန်းမြတ်ယှဉ်ကာ ကောင်းစွာ ဘွားမြင်တော် မူလတ်သတည်း၊ ယင်းသို့ ဘွားမြင်လေလျှင် အထက် ကောင်းကင်ပြင်မှ ရေယဉ် နှစ်သွယ်တို့သည် မယ်တော်မာယာနှင့် အလောင်းမင်းသား တို့၏ ချမ်းမြကြည်သာ၍ ဝေဒနာမရှိစေခြင်းငှါ သက်ဆင်း သွန်းဖျန်းလာကုန်၏၊ အလောင်းမင်းသား ဘွားတော်မူရာတွင် အခြားသောသတ္တဝါတို့ကဲ့သို့ လိမ်းကျံ ရစ်ထွေး ညစ်ကြေး သန်းမိုးခြင်း မရှိ ပကတိသွန်းသစ်စ ဖြစ်သော ဇမ္ဗူရာဇ် ရွှေစင်ကဲ့သို့ စင်ကြယ်သန့်ရှင်းစွာ ဘွားမြင်တော်မူလာလေ၏။

၃၂–ပါးသော နိမိတ်ကြီးများ

ယင်းသို့ ဘွားမြင်တော်မူလျှင်ပင် (၁) တသောင်းသော လောကဓာတ် တုန်လှုပ်ခြင်း၊ (၂) နတ်အပေါင်းတို့သည် စကြာဝဠာတခုတည်း၌သာ စုဝေး ကြခြင်း၊ (၃) အလောင်းတော် မင်းသားကလေးကို ရှေးဦးစွာ နတ်, ဗြဟ္မာ တို့ ခံယူခြင်း၊ (၄) ၎င်းတို့နောက်မှ လူအပေါင်းတို့ခံယူခြင်း၊ (၅) သားရေ ဖြင့် ကြက်အပ်သော စည်ကြီးတို့သည် အလိုလိုမြည်ဟည်းခြင်း၊ (၆) စောင်း, စောင်းကောက် တို့သည်လည်း အလိုလိုမြည်ခြင်း၊ (၇) အနှောင်အဖွဲ့ဟူသမျှ အလုံးစုံပြေပြတ်ကြခြင်း၊ (၈) လူအပေါင်းအား ရောဂါကင်းခြင်း၊ (၉) အမိ ဝမ်းမှပင် ကာဏ်းကုန်သောသူတို့ အဆင်းကို မြင်ကြခြင်း၊ (၁၀) နားပင်းကုန် သော သူတို့လည်း အသံကို ကြားရခြင်း၊ (၁၁) ပဋိသန္ဓေအားဖြင့် မေ့ဟ ဖုံးလွှမ်း လူတမ်းမစေ့ သတိမေ့၍ တွေဝေအားကြီးသော သူများပင်သော် လည်း အကြိမ်များစွာ သတိဖြစ်ပေါ်လာခြင်း၊ (၁၂) ခြေမသန်သော သူတို့ လည်း သန်မာစွာ မိမိခြေထောက်ဖြင့် လျှောက်သွားနိုင်ခြင်း၊ (၁၃) အရပ် တပါးသို့ သွားနေကြကုန်သော လှေသင်္ဘောတို့သည် ဆိပ်ကမ်းသို့ ရောက်လာ ခြင်း၊ (၁၄) ရွှေ,ငွေစသော ရတနာတို့ အလိုလို အရောင်လင်း၍ ထိန်ဝင်းစွာ ဖြစ်ကြခြင်း၊ (၁၅) ငရဲမီးငြိမ်းအေးခြင်း၊ (၁၆) မြစ်ချောင်းဟူသမျှ ရေမစီးဘဲ

တန့်ရပ်ခြင်း၊ (၁၇)လောကန္တရိက်ငရဲ၌ အရောင်ထိန်လင်းခြင်း၊ (၁၈) သမုဒ္ဒရာရေ ချိုမြိန်ခြင်း၊ (၁၉) လေပြင်းလေကြမ်း မလာခြင်း၊ (၂၀) သစ်ပင်ဟူသမျှ ပွင့်ခြင်း၊ (၂၁) ငွေသော်တာလမင်း အလွန်ပင်ထွန်းလင်းခြင်း၊ (၂၂) နေမင်းသည်ကား မပူမအေး အညစ်အကြေးကင်းခြင်း၊ (၂၃) ငှက်အပေါင်းတို့သည် ကောင်းကင်မှ သက်ဆင်း၍ မြေ၌သွားခြင်း၊ (၂၄) လေးကျွန်းလုံး မိုးသည်းရွာခြင်း၊ (၂၅) နတ်အပေါင်းတို့သည် မိမိတို့၏ ဗိမာန်ကပင်နေ၍ ကခြင်း, သီခြင်းစသည်တို့ဖြင့် မြူးတူးပျော်ပါး ကစားကြခြင်း၊ (၂၆) တံခါးရွက်တို့သည် မည်သူမျှမဖွင့်ဘဲ အလိုလိုပွင့်ကြခြင်း၊ (၂၇) ငတ်မွတ်ခြင်းဖြင့် နှိပ်စက်သောဘေးမရှိခြင်း၊ (၂၈)မွတ်သိပ်ခြင်းဖြင့် နှိပ်စက်သော ဘေးမရှိခြင်း၊ (၂၉)ရန်သူဟူသမျှ မေတ္တာစိတ် ဖြစ်ကြခြင်း၊ (၃၀) တသောင်းသော လောကဓာတ်၌ တပြိုင်နက် တံခွန်တည်းဟူသော ပန်းရှိခြင်း၊ (၃၁) ခါးကုန်းသောသူတို့ ဖြောင့်မတ်စွာ ဖြစ်ကြခြင်း၊ (၃၂) အ-သောသူများ စကားပြောနိုင်ကြခြင်းဟု ဆိုအပ်သော ပုဗ္ဗနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့သည်လည်း တပြိုင်တည်းဖြစ်ပေါ်ကြလေကုန်သတည်း။

ကဆုန်လပြည့် ဘုရားနေ့

သုဒ္ဓေါဒန-လောကကြက်သရေ၊
မာယာမယ်ဘွား-ထွတ်ဖျားမဟေ။
အောင်သံကျူးလို့ - မီးရှူးမြင်ချေ၊
ကဆုန်လ-ပုဏ္ဏဒိဝသေ။

အလောင်းတော်မင်းသားကို ဘွားမြင်တော်မူသောအခါ သုဒ္ဓါဝါသဘုံသားရဟန္တာပြဟ္မာကြီး လေးပါးတို့သည် ရွှေကွန်ရက်ဖြင့် ဖြန့်လျက် ခံယူကြကုန်ပြီးလျှင် မယ်တော်ကြီး၏ ရှေ့၌ထား၍ "အရှင်မိဖုယား အားငယ်ရိန္ဒမ်း ပင်ပန်းညှိုးလျော် ဖြစ်တော်မမူဘဲ လွန်ကဲလှစွာ ဝမ်းသာ ဝမ်းမြောက် ဖြစ်တော်မူပါ၊ ယခု ဘွားမြင်သော သားရွှေစင် ရတနာသည်ကား သမ္ဘာတော် ရွှေဘုန်းနေတန္ထုန်းမက ကြီးတော်မူလှပါ၏"ဟု လျှောက်တင်ကြကုန်၏၊ ယင်းသို့ လျှောက်တင်ပြီးသော ပြဟ္မာကြီးတို့၏ လက်မှ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ဝမ်းမြောက်ဝမ်းသာ ရှင်လန်းသောမျက်နှာ ရှိကြကုန်၍

သုခမ္ဘဝတီ (၈) ၂၀၁–၂၄

"အလွန်ထူးကဲစွာ မင်္ဂလာရှိသည်"ဟု သမုတ်အပ်သော နုထွဋ်ချောမွေ့ သိမ်မွေ့ ပြေပြစ်သော သစ်နက်ရေဖြင့် အသာအယာ ခံလာကြပြန်ကုန်၏၊ ထို့နောင်မှ ထီးနှယ် နန်းဘွား လူမင်းသား လေးယောက်တို့သည် အဘိုးအတိုင်းမသိ ထိုက်တန်သော ဘွဲ့ဖြူပုဆိုးဖြင့် ခံကြကုန်၏၊ ထိုမင်းသားတို့၏ လက်ပေါ်မှ မြေပေါ်သို့ ဆင်းသက်တော်မူသော အလောင်းတော် မင်းသားကလေးသည် အရှေ့အရပ်ကို မျက်နှာမူကာ ကောင်းစွာရပ်လေလျှင် တခဲနက်သော စကြဝဠာ အပေါင်းသည် တပြင်တည်းကဲ့သို့ ထင်လာလေ၏၊ သိန်း,သန်း,ကုဋေ တွက်ရေ၍ မဆုံးနိုင်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ညွတ်ပျောင်းရိုသေစွာ "အလုံးစုံသော လောကဓာတ် အတွင်းတွင် အလောင်းမင်းနှင့်တူသောသူကား မရှိပါပြီ၊ အရှင်အလောင်းမင်းထက် သာလွန်ထူးကဲသောသူကား အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း"ဟု ကောင်းချီး ပေးသံတို့ဖြင့် ဆူညံစွာ လျှောက်တင်ကြကုန်၏။

ထိုအခါ အကြီးအမှူးဖြစ်သော ဗြဟ္မာကြီးသည် ထီးဖြူဖြင့် အုပ်ကာ၍ သုယာမနတ်မင်းကား သားမြီးယပ်ကိုကိုင်ကာ ညင်သာစွာ ခပ်လေ၏၊ အခြားသော နတ်အပေါင်းတို့သည်ကား သန်လျက် ခြေနင်း သင်းကျစ်တို့ကိုကိုင်ကာ အရာမကသော ကောင်းချီးသံတို့ဖြင့် ခြိမ့်ခြိမ့်ညံအောင် ကြွေးကြော်လျက် ပူဇော်ကြကုန်၏၊ အလောင်းတော် မင်းသားကလေးသည်ကား အရှေ့အရပ်မှ မြောက်သို့ လှည့်တော်မူကာ ရွှေစကြာဖြန့်လျက် ခုနစ်ဘဝါး ကြွသွားတော်မူ၍ မားမားမတ်မတ် ရပ်ဘန့်တော်မူပြီးသော်—

အဂ္ဂေါ ဟ မသ္မိ လောကဿ၊ ဇေဋ္ဌော ဟ မသ္မိ လောကဿ၊ သေဋ္ဌော ဟ မသ္မိ လောကဿ။

အနက်ကား။ ။အဟံ၊ လောကဓမ္မ နှစ်ဝကြောင်းမြော် ငါအလောင်းတော်သည်။ လောကဿ၊ ဗြဟ္မာ,လူ,နတ် လောကဓာတ်ပျော်အောင်း သတ္တဝါအပေါင်းထက်။ အဂ္ဂေါ၊ ပါရမီဘုန်းဂုဏ် ဆုံးမကုန်အောင်သုံးဘုံတို့၏ နဝရတ်ကုံး သဖွယ် အမြတ်ဆုံးပုဂ္ဂိုလ်သည်။ အသ္မိ၊ မုချစင်စစ် ကေန်ဖြစ်၏။ အဟံ၊ လောက, ဓမ္မ နှစ်ဝကြောင်းမြော် ငါ အလောင်းတော်သည်။ လောကဿ၊ ဗြဟ္မာ,လူ,နတ် လောကဓာတ်ပျော်အောင်း သတ္တဝါအပေါင်းထက်။ ဇေဋ္ဌော၊ ကမ္ဘာတရိုး

သမ္ဘာဖြိုးသဖြင့် စိုးမိုးနိုင်သော အကြီးဆုံးပုဂ္ဂိုလ်သည်။ အသို့၊ မုချစင်စစ် ကေန်ဖြစ်၏။ အဟံ၊ လောက,ဓမ္မ နှစ်ဝကြောင်းမြွေ ငါ အလောင်းတော်သည်။ လောကဿ၊ ဗြဟ္မာ, လူ, နတ် လောကဓာတ်ပျော်အောင်း သတ္တဝါအပေါင်း ထက်။ သေဋ္ဌော၊ ယှဉ်ပြိုင်မရ အတုလသင်းကျစ် ဓမ္မရာဇ်ခေါင်ဖျား အထွတ်အထိပ် ပုဂ္ဂိုလ်စားသည်။ အသို့၊ မုချစင်စစ် ကေန်ဖြစ်၏။

ငါသည် တလောကလုံးတွင် အထင်အရှားရှိကြသော လူ, နတ်, ဗြဟ္မာ အများတို့ထက် အမြတ်စားပုဂ္ဂိုလ်, အကြီးစားပုဂ္ဂိုလ်, အထွတ်အထိပ်စား ပုဂ္ဂိုလ်ဟူ၍ ဆိုလိုသည်။

ဤသို့လျှင် ကေသရီခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစကားဖြင့် ကြုံးဝါးမြွက်ဆိုတော်မူလေ၏၊ အလောင်းတော်မင်းသားကလေးသည် မွေးဘွားတော်မူစ ခုနစ်လှမ်းကြွစဉ် တွေ့မြင်ကြသော လူအပေါင်းတို့၏ စိတ်၌ကား တဆယ့်ခြောက်နှစ်သားအရွယ် တင့်တယ်သော အသွင်အပြင်ဖြင့် ဆင်ယင်ဝတ်စား၍ သွားသည်ဟု ထင်ကြကုန်၏၊ စင်စစ်သော်ကား အလောင်းတော် မင်းသားကလေးသည် မွေးဘွားသော ကိုယ်အတိုင်းပင် ပြင်ဆင်ဝတ်စားခြင်းမရှိ ပကတိသော သွားခြင်းဖြင့်သာ သွားခြင်းပေတည်း၊ အလောင်းတော် မင်းသားကလေးကို မွေးဘွားခြင်းကိစ္စ ပြီးလေလျှင် ပြည်ကြီး နှစ်ပြည်ထောင်မှ ရောက်လာကြကုန်သော ဆွေတော်မျိုးတော် အပေါင်းတို့သည် သောင်းသောင်းညီညာ မဟာမာယာ မိဖုယားကြီးကို ဆောင်ယူ၍ ကပိလဝတ်ပြည်သို့ ပို့ကြကုန်သတည်း။

ဘွားဘက်တော် ခုနစ်ပါး

အလောင်းတော် မင်းသားကလေးကို မွေးဘွားတော်မူသည်နှင့် တပြိုင်နက် တချိန်တည်း၌ပင်လျှင် ဒေဝဒဟပြည်ကို ထီးစည်နှင့်တကွ အပိုင်ရ၍ ရာဇအဘိသိက်ကို ခံယူတော်မူသော သုပ္ပဗုဒ္ဓမင်းနှင့် အမိတာဒေဝီ မဟေသီမိဖုယားကြီးတို့မှ ဘဒ္ဒကစ္စာနာခေါ် ယသောဓရာ မင်းသမီးလေးကို မွေးဘွားတော်မူ၏၊ ဘထွေးတော် အမိတောဒန မင်းမြတ်မှလည်း အာနန္ဒာ မင်းသားကို မွေးဘွားတော်မူ၏၊ ဆန္နအမတ်, ကာဠုဒါယီအမတ်, * ကဏ္ဍကမြင်း တို့လည်း ဘွားမြင်

* ကဏ္ဍက–ကဏ္ဍက (မှုကွဲ) ဂ န္တ္တာ(သီဟိုဠ်မှ)

ကြကုန်၏၊ အထက်၌ ပြဆိုခဲ့ပြီးသော မဇ္ဈိမဒေသ အလယ်ဗဟို တည့်တည့်၌လည်း **မဟာဗောဓိပင်မြတ်** ပေါက်တော်မူလတ်၍ ရွှေနန်းတော် အတွင်း၌ကား (၁) တဂါဝုတ် ပမာဏရှိ **သင်္ခ** မည်သော ရွှေအိုး၊ (၂) နှစ်ဂါဝုတ် ပမာဏရှိ **ဧဠ** မည်သော ရွှေအိုး၊ (၃) သုံးဂါဝုတ် ပမာဏရှိ **ဥပ္ပလ** မည်သော ရွှေအိုး၊ (၄) တယူဇနာ ပမာဏရှိ **ပုဏ္ဍရိက** မည်သော ရွှေအိုးတို့သည် နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးနှင့်အမျှ အစောက်နက်၍ ပေါ်ထွက်လာကြကုန်သတည်း။

မှတ်ဘွယ် သံပေါက်

(၁) ကာဠု၊ ယသော်၊ ညီတော်၊ဆန္န၊ ကဏ္ဍက၊ သောဏ္ဏ၊ ဗုဒ္ဓဟော။

(၂) ဘွားဘက်တော်မြတ်၊ ခုနစ်ရပ်၊ သိမှတ် မျိုးလေးထွေ။

ဤဘွားဘက်တော်ခုနစ်ပါးတို့ဘွင် ကာဠုဒါယီအမတ်သည် မြတ်စွာဘုရားဓမ္မစကြာဟောပြီး၍ တဝါရတော်မူလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသောအခါ သုဒ္ဓေါဒနမင်းကြီး အမိန့်တော်နှင့် အပင့်လာရာတွင် ရဟန္တာ ဖြစ်လေ၏၊ ယသောဓရာ မိဖုယားလည်း နောင်အခါ ရဟန္တာဖြစ်၍ ညီတော်အာနန္ဒာကား မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အလုပ်အကျွေးဖြစ်၍ တေဒင်္ဂါးဖြာရပြီးလျှင်ဘုရားပရိနိဗ္ဗာန်စံပြင်သောအခါမှ ရဟန္တာဖြစ်လေ၏၊ ဆန္နအမတ်လည်း ရဟန္တာဖြစ်၍ ကဏ္ဍကမြင်းမှာကား အနောမာသောင်ကမ်းဝယ် စုတေ၍ နတ်ပြည်၌ နတ်သားဖြစ်လေ၏၊ ရွှေအိုးကြီးလေးလုံးကား အလောင်းတော် တောထွက်စကပင် ပျောက်ကွယ်၍ သွားလေ၏၊ ဗောဓိပင်သည်ကား မြတ်စွာဘုရားပွင့်တော်မူရာ အမှီပြုရာပေတည်း၊ ဤသို့လျှင် ဘွားဘက်တော် ခုနစ်ပါးကို အကျဉ်းအားဖြင့် သိသင့်ပေသတည်း။

ကာဠုဒေဝိလ ရသေ့ကြီး အကြောင်း

သုဒ္ဓေါဒနမင်းမြတ်၏ခမည်းတော်ဖြစ်သော သီဟဟနုမင်းကြီး၏ပုရောဟိတ်ပုဏ္ဏားသားဖြစ်သော **အသိတလုလင်သည်** သုဒ္ဓေါဒနမင်းငယ်စဉ်ကပင် အတတ်သင်ပြသောဆရာဖြစ်၍ တနေ့မပြတ် မင်းသားအထံသို့ သွားရောက်ကာ တတ်သင့်သော ပညာဟူသမျှကို ကောင်းစွာသင်ကြားရလေ၏၊ သီဟဟနုမင်းကြီး

သည် ထိုးနှင့်မလျော် ရွှေနန်း၌ မပျော်သကဲ့သို့ လူ့ဘုံကို ငြီး၍ နတ်ထီး၌ ပျော်သောအခါ သုဒ္ဓေါဒနမင်းသားသည် မိဖုယားကြီးမဟာမာယာကို ရွှေလက်တော်ဆွဲ၍ အဘိသိက်ပွဲခံယူကာ မိမိဆရာဖြစ်သော အသိတလုလင်ကို အတိုင်ပင်ခံ ပုရောဟိတ်အရာ၌ ထား၍ မြှောက်စားတော်မူလေ၏၊ အသိတ ဟူသော ငယ်နာမည်ကိုလည်း ဖျောက်ဖျက်၍ **ကာဠုဒေဝိလ** ဟူသော အမည်သစ်ကို မှည့်ခေါ်တော်မူလေ၏၊ သာကီဝင်မင်းမျိုးတို့၏ အရိုးစဉ်လာဓမ္မတာကား ရာဇာဘိသိက်ကို ခတ်နှိပ်ခံယူသောအခါ မှစ၍ မိဘမှတပါး အခြားသူကိုဝပ်တွားရိုကျိုးရှိခိုးလေ့မရှိသည့်အတိုင်း ကာဠုဒေဝိလကို ဆရာပင် ဖြစ်သော်လည်း ရိုသေဝပ်တွား လေးစားရှိခိုးခြင်း မပြုတော့ဘဲ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေတို့ဖြင့်သာ သင့်လျော်စွာ ချီးမြှောက်လေသတည်း။

ကာဠုဒေဝိလ ပုဏ္ဏားကြီးသည် မိမိအား ဆရာဖြစ်လျက် မရိုမသေ မလေးမစား ဝပ်မတွားနိုင်ဘဲ မပြောပလောက်သော ပစ္စည်းကလေးဖြင့်သာ မြှောက်စား၍နေသော သုဒ္ဓေါဒနမင်းတရားကို ကြည့်ကာ "ဤမင်းသည်ကား ရာဇဂုဏ်မြှောက်၍မင်းမာန်ဖြင့် မောက်ချေသည်၊ ဤသုဒ္ဓေါဒနမင်း၏ ဝပ်စင်းညွတ်လျှိုးရှိခိုးခံရသူ ဖြစ်အောင် ငါပြုတော့မည်"ဟု ကြံစည်ကာ ဘုရင့်ထံတွင် ရဟန်းပြုရန် ခွင့်ပန်လေ၏၊ သုဒ္ဓေါဒနမင်းမြတ်သည်လည်း ခွင့်တောင်းအပ်သော ကောင်းမြတ်သည့် ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူကာ "အရှင်ဆရာသည် ဤလူ့ဘဝကို ခွါရှောင်၍ ရဟန်းဘောင်၌ နေငြားသော်လည်း အခြားအရပ်သို့ ကြွမသွားဘဲ ဥယျာဉ်တော်အတွင်းမှာပင် သီတင်းသုံးတော်မူပါ၊ ရှိခိုးဦးချကိုးကွယ်ပါရစေ၊ အကျွန်ုပ်အားလည်း မပြတ်မပြတ်ကြွလာ၍ ဆုံးမတော်မူပါ" ဟု တဖန်ပြန်၍ တောင်းပန်လိုက်လေ၏။

သုဒ္ဓေါဒနဘုရင်မင်း၏ အခွင့်ကိုရသော ကာဠုဒေဝိလပုဏ္ဏားသည် "အရှင်မင်းတရား နှလုံးထားအတိုင်း ဖြစ်ပါစေမည်"ဟု လျှောက်တင်ပြီးကာ မင်္ဂလာဥယျာဉ်သို့သွား၍ ရသေ့ရဟန်းပြုလေ၏၊ ထက်သန်သော ဝီရိယကိုအဓိကထား၍ တရားကို အားထုတ်သော ကာဠုဒေဝိလရသေ့သည် မကြာမီ နေ့အတွင်း၌ပင် ရှစ်အင်သောသမာပတ် ငါးရပ်သော အဘိညာဉ်ကို ရလေသတည်း၊ ယင်းသို့ ဈာန်အဘိညာဉ်ကို ရသောနေ့ကစ၍ ရသေ့ကြီးကာဠုဒေဝိလသည် ရွှေနန်းတော်

၌ပင် ဆွမ်းခံကာ ဘုဉ်းပေးတော်မူ၍ နေ့လယ်နေ့ခင်းအခါ၌ သာယာသင်းထုံ ပန်းဝတ်မှုံတို့ဖြင့် ဂန္ဓာရုံရနံ့ပေါသော ဟိမဝန္တာတောသို့ကြွကာ သီတင်းသုံးတော်မူ၏၊ တရံတခါလည်း စတုမဟာရာဇ်, တာဝတိံသာ နတ်ပြည်သို့ ကြွရောက် လှည့်လည်ကာ သီတင်းသုံးတော်မူ၏၊ ဘုရားအလောင်းမင်းသားကို မွေးဖွားစဉ် အခါ၌ကား တာဝတိံသာနတ်ပြည်သို့ကြွ၍ သီတင်းသုံးကာနေလေ၏၊ ထိုအခါ တွင် ဘုရားအလောင်း ဖွားမြင်ခြင်းကြောင့် ပျော်ရွှင်မြူးတူး၍ ချီးကျူးသော ထောမနာဖြင့် ဩဘာပေးနေကြသော နတ်အပေါင်းတို့၏ အခြင်းအရာကို ကောင်းစွာ တွေ့မြင်လတ်သော် အရှင်ရသေ့ရှင်မှာ အကြောင်းကို စုံစမ်း မေးမြန်းသောအခါ သုဒ္ဓေါဒနရာဇာ၌ သမ္ဘာတော်ဘုန်းဟုန်ဖြင့် သုံးဘုံလုံးတို့၏ မကိုဋ်မှဖြစ်ထိုက်သော သားတော်တပါး ထွန်းကားတော်မူကြောင်းကို သိရ၍ ထိုခဏ၌ပင် တာဝတိံသာဘုံနန်းမှ စုံစမ်းရေးအတွက် လူ့ပြည်သို့ ဆင်းသက် လာလေ၏။

အလောင်းတော် မင်းသားကလေးနှင့် ကာဠဒေဝိလ ရသေ့တို့ တွေ့ဆုံကြခြင်း

ကာဠဒေဝိလရသေ့ကြီးသည် တာဝတိံသာနတ်ပြည်မှ ကြွလာခဲ့သော် မိမိ နေရာဖြစ်သော ကျောင်းသခ်မ်းသို့ မသွားမူ၍ သုဒ္ဓေါဒနမင်းမြတ်၏ နန်းတော် သို့သာ ကြွသွားတော်မူကာ ဒကာတော်မင်းမြတ်နှင့် တင့်အပ် လျောက်ပတ် သောစကားကို ပြောကြားပြီးသော် "အို-ဒကာတော် မင်းကြီး ယခုအခါ တာဝတိံသာ နတ်ပြည်ရှိ နတ်အပေါင်း တို့သည် သောင်းသောင်း ဖြဖြ ကြွေးကြော်ကြကုန်လျက် သုဒ္ဓေါဒနမင်းမြတ်၌ အလင်းဓာတ် တရားကောင်းကို နားမညောင်းအောင် ပေးတတ်သော သားတော်မြတ်တပါး ထွန်းကားတော် မူလေပြီ၊ ထိုမင်းသား ဘုရားဖြစ်လျှင် ကောင်းစွာဖူးမြင်ရ၍ ဟောကြား အပ်သော တရားအစဉ်ကိုလည်း နာဝင်ချိုမြ နာကြားကြရပေတော့မည်" ဟု ရွှင်ကြည်စွာ ပြောဆိုနေကြသောစကားကို ကိုယ်တိုင်ပင် ကြားခဲ့ရ၍ ယခု ကြွလာခြင်းဖြစ်ပေသည်၊ ဒကာတော် မင်းတရား၌ သားတော်တပါး ထွန်းကား သည်မှာ ဟုတ်မှန်ပါ၏လော" ဟု မေးမြန်းလေ၏၊ သုဒ္ဓေါဒနမင်းကြီးသည် "အရှင်ဘုရား ကြားသိတော်မူသော အတိုင်းပင် ဟုတ်မှန်ပါပေသည်" ဟု



အလောင်းတော် မင်းသားကလေး နှင့် ကာဠဒေဝိလ ရသေ့ တွေ့ဆုံကြသောအခါး။

လျှောက်ထားလေလျှင် မြင်ချင်သောအာသာဖြင့် ယူလာစေ၍ ကောင်းစွာ စေ့ငု ကြည့်ရှုတော်မူ၏။

အလောင်းတော်မြတ်ဖြစ်သော မင်းသားကလေးသည် ခမည်းတော် သုဒ္ဓေါဒနဘုရင်၏ ရင်ခွင်၌နေစဉ် ခမည်းတော်ကြီးက မင်းသားကလေး၏ လက်နှစ်ဘက်ကို ယှက်၍ ရှိခိုးစေသော် * အလောင်းမင်းသား၏ ဘဝါးတော် နှစ်ဘက်တို့သည် တမုဟုတ်ချင်း လည်ကြကုန်၍ ရသေ့၏ဆံကျစ်၌ တည်ကုန်၏၊ ယင်းသို့ အံ့ဩဘွယ်ရာ ထူးကဲစွာဖြစ်ပုံကို တွေ့မြင်ရသော အရှင်ရသေ့သည် ရှင်မွေ့သော စိတ် ယိုဖိတ်သောသဒ္ဓါဖြင့် အခါခါညွှတ်ကျိုး၍ ရှိခိုးဦးတိုက်လေ၏၊ ခမည်းတော် သုဒ္ဓေါဒနမင်းမြတ်သည်လည်း သားတော်၏ တန်ခိုးဂုဏ်နှင့် တမျိုးတဖုံဖြစ်ထွေကို မျက်မှောက်ရှေ့တွင် တွေ့မြင်ရလေသော် မိမိ၏စိတ်ဓာတ်ကို ထိန်း၍ ရပ်သိမ်း မရအောင် ဖြစ်လာပြီးလျှင် ပြုံးရွှင်သော မျက်နှာဖြင့် စကြဝဠာ မြေ မိုဃ်း ဖြန်းဖြန်းကျိုးမျှ ရှိခိုးဦးချလေ၏၊ **ဤကား ခမည်းတော်ကြီး၏ ရှေးဦး အစ ပထမ ရှိခိုးခြင်းပေတည်း။**

ရှေ့နှင့်နောက် ကမ္ဘာလေးဆယ်စီမြင်နိုင်၍ ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်နှင့် ပြည့်စုံသော ကာဠုဒေဝိလရသေ့သည် ဤယနေ့ပင် ဘွားမြင်တော်မူသော အလောင်းတော် မင်းသားကလေး၏ လက္ခဏာ ကြီး,ငယ် အသွယ်သွယ်ကို မျက်ဝယ်ထင်ထင် တွေ့မြင်ရသောအခါ "ဤမင်းသားကလေးကား ဧကန်စင်စစ် ဘုရားဖြစ်လတ္တံ့၊ ဤသို့သော သူတော်သူမြတ်ကို ထက်ကြပ်ကိုယ်တိုင် ပိုင်ပိုင်မိမိ ရှုကြည့် ဖူးတွေ့ရပေသည်"ဟု ရှင်ကြည်သောနှလုံးဖြင့် ပြုံးရယ်တော်မူလေ၏၊ ထို့နောက်တဖန် ထပ်မံ၍"ဤမင်းသားကလေး ဘုရားဖြစ်သော အခါ ငါဖူးတွေ့ရပါအံ့လော"ဟု ဘဝင်ဇောတမျိုးပြင်၍ ဆင်ခြင်စဉ်းစားလိုက်သော အခါ အလောင်းတော်မင်းသား ဘုရားမဖြစ်မီ လူ့ပြည်မှတဆင့်ခုန်၍ အရူပဘုံ၌ ဖြစ်ရမည့်အရေးကို ကြံတွေးဆင်ခြင် သိမြင်တော်မူလေလျှင် ရှင်ရသေ့၏ ဘဝင်နှလုံးသည် မီးအုံးသော ကြိမ်အညွှန့်ကဲ့သို့ လွန့်လူးခြင်း မရှိနိုင်တော့ဘဲ ခွေယိုင်ညှိုးနွမ်းကာ "တွေ့ခဲ ကြုံခဲ ဆုံခဲ လှစွာသော မဟာပုရိသ

---

* ဘုရားအလောင်းတော် ကလေးသည် ကာဠုဒေဝိလရသေ့ကြီး၏ ဦးခေါင်းပေါ်၌ ရပ်၏ ဟူ၍ လူအများတို့ ထင်ကြခြင်းသည် ကျမ်းဂန်တို့နှင့် မညီ၍ သတိပြုသင့်ပေ၏။

အစ္ဆရိယ ပုဂ္ဂိုလ်ကို ယခုလိုတွေ့လျက် အငွေအသက်ဖြစ်သော တရားသံကိုမျှ မနာခံနိုင်အောင် ဖြစ်ရခြင်းသည် လွန်မင်းစွာ ဝမ်းနည်းစရာ ကောင်းလှ၏”ဟု မိမိ၏ ကံကြမ္မာကို ပြန်ကာလှန်ကာ တွေးတောမိ၍ မချိပင်ပန်း အပူဖျန်းကာ ငိုကြွေးရှာပြန်လေ၏။

ရယ်ပုံ, ငိုပုံ အကြောင်းစုံနှစ်ရပ် အလောင်းမြတ်၏ ခမည်းတော်ဖြစ်သော သုဒ္ဓေါဒနမင်းတရားသည် ရသေ့အား လျှောက်ထားလေသော် အရှုပစ္ချာန်တရားကို လက်ကိုင်ထား၍ သမာပတ်ဝင်စားလေ့ရှိသော ကာဠဒေဝိလရသေ့ကြီးသည် ‘သားတော်နှင့် သင်မင်းမှာ အလျင်းပင် အန္တရာယ်မရှိ ပကတိကျန်းမာ၍ ချမ်းသာကြပါသည်၊ ငါ၏ဖြစ်ထွေ ကံကြမ္မာကိုသာ ဝမ်းနည်းလှပါတော့၏”ဟု ဆိုပြီးလျှင် အကြောင်းနှစ်ရပ်ကို ကောင်းမြတ်ရှင်းသင်းစွာ အချင်းအားမြစ်နှင့် တကွ ပြောပြလေသတည်း။

သုဒ္ဓေါဒန မင်းတရားသည် ဘုရားဖြစ်မည့် သားအကြောင်းကို ထပ်လောင်းကာ သိလိုသည်ဖြစ်၍“တပည့်တော်၏ သားတော်သည် ဘယ်အချိန်ဘယ်အရွယ်ရှိမှ မုနိထွတ်ထားဘုရားဖြစ်ပါအံ့နည်း”ဟု လျှောက်ထားသောအခါ”သင့်သားရတနာသည် ဘဂဝါဟူသောတံဆိပ်ထူးကို သုံးဆယ့်ငါးနှစ်အရွယ်တိုင်မှဆွတ်ခူး၍ ညွန့်ဖူးဉက္ကာ၌ ဘုရားမြတ်ဖြစ်လိမ့်မည်”ဟု ထူးလည်သောဉာဏ်ဖြင့် ဝေဘန်ကာ မိန့်တော်မူလေ၏၊ ဤစကားကို မိန့်ကြားတော်မူပြီးသောအခါ “ငါ့ကြမ္မာနှင့် ငါ့မှာသာရှိစေတော့၊ ငါ့စကားကိုနာယူ၍ ငါနှင့်စပ်သောသူကား ကောင်းကျိုးဖြစ်ပွားပါစေ”ဟူသော စိတ်ထားဖြင့် နှမ၏သားဖြစ်၍ တူဖြစ်သော နာဠကသူကြွယ်ကို ခေါ်ပြီးလျှင် “ငါ့တူနာဠက-သုဒ္ဓေါဒနမင်းတရား၌ ယနေ့မွေးဘွားသောမင်းသားသည် ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်၊ ထိုမင်းသား ဘုရားဖြစ်သောအခါ တရားကိုနာရ၍ ကာလမမြင့် ကျင့်သည်ရှိသော် ချမ်းသာ၏ဟု သမုတ်အပ်သော သုခဓာတ်အပေါင်းတို့၏ ဦးခေါင်း ဦးထိပ်သဘွယ် ဂုဏ်ပေါင်းကြွယ်သော နိဗ္ဗာန်နယ်ချမ်းသာကို ကောင်းစွာရပေလိမ့်မည်၊ သို့ကြောင့် ငါ့တူဖြစ်သော သင်နာဠကသည် ကာလကိုမငင် ကာမကိုလည်း မမင်ဘဲ ယနေ့ပင် တောထွက်၍ ရဟန်း ပြုလေတော့”ဟု တိုက်တွန်းစကား မိန့်ကြားတော်မူလေ၏။

ဘကြီးစကားကို ကြားရသော နာဠကသူကြွယ်သည် လူငယ်ပင် ဖြစ်လင့်ကစား ယုံမှားခြင်းမရှိမူ၍ "ငါ၏ဘကြီးသည် အချည်းနှီးသော စကားကို မိန့်ကြားတော်မမူရာ၊ ကောင်းကျိုးချမ်းသာနှင့် ကောင်းရာ ကောင်းကြောင်းကိုသာ မိန့်ကြားတော် မူရာသည်တကား"ဟု စဉ်းစားဆင်ခြင်၍ ယခုပင်လျှင် ရှစ်ဆယ့်လေးကုဋေသော ရွှေ,ငွေ,ဥစ္စာ, လယ်,ယာ,ကျွန်,နွား, သားမယားတို့ကို ပယ်စွန့်၍ အနွယ်ညွန့်ဖြစ်သော ရဟန်းတော်များ သုံးဆောင်တော်မူရာ ပရိက္ခရာ ရှစ်ပါးကို ရှာဖွေလျက် ဘုရားအလောင်းရှိရာ အရပ်ကို လေးမြတ်စွာ ရှိခိုး၍ ရိုကျိုးမြော်မှန်းကာ ရဟန်းပြုလေတော့သတည်း။

မြတ်စွာဘုရား သာသနာတော်တွင် **မောနေယျအကျင့်** ကို ကျင့်သော ပုဂ္ဂိုလ်ကား တပါးသာ ရှိမြဲဓမ္မတာ ဖြစ်သည်အားလျော်စွာ ဤ **နာဠကရဟန်းတော်** သည် ဂေါတမ မြတ်စွာဘုရား ဓမ္မစကြာတရားကို ဟောကြားပြီးနောက် ခုနစ်ရက်မြောက်သော နေ့တွင် ဘုရားသခင်နှင့်တွေ့၍ မောနေယျအကျင့်ကို လျှောက်ထားပြီးလျှင် ဘုရားရှင် ဟောတော်မူသော အတိုင်း ကျင့်တော်မူသော် ကိလေသာကုန်ခန်း ရဟန္တာဖြစ်တော်မူ၍ ခုနစ်ရက် မြောက်သော နေ့၌ပင် တခုသော ရွှေတောင်ကိုမှီ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူ၏၊ အထူးအားဖြင့် မောနေယျ အကျင့်ကို *ဥက္ကဋ္ဌ အားဖြင့် ကျင့်သောပုဂ္ဂိုလ်သည် ခုနစ်ရက်သာ အသက် ရှည်တော်မူ၏၊ † မဇ္ဈိမ အားဖြင့် ကျင့်လျှင် ခုနစ်နှစ် အသက်ရှည်၍ +မုဒု အားဖြင့် ကျင့်သော် တဆယ့်နှစ်နှစ် အသက်ရှည်လေသည်၊ ဤနာဠကရဟန်းတော်ကား ဥက္ကဋ္ဌကျင့်သောကြောင့် ခုနစ်ရက်မျှသာ အသက်ရှည်တော်မူသတည်း။

အလောင်းတော် မင်းသားကလေးအား အမည်ပေးခြင်း

အလောင်းတော် မင်းသား ပုဂ္ဂိုလ်ထူးကို မီးရှူးသန့်စင် ဘွားမြင်တော်မူပြီးနောက် ငါးရက်မြောက်သောနေ့၌ အလောင်းတော်ကလေးအား ဇာတာစစ်ဆေး အမည်ပေးခြင်းငှါ နန်းတော်ကြီးတခုလုံးကို နံ့သာမျိုးလေးပါး ထူးပြား

* အထွတ် အထိပ် အမြတ်ဆုံး ကျင့်ခြင်း။ † အလယ် အလတ် ကျင့်ခြင်း။ + အောက်တန်း အပေါ့စား ကျင့်ခြင်း။

သုတ္တနိပါတ် (ဇ) ၂၀၁–၂၅

သော အထုံအခိုးတို့ဖြင့် အမျိုးမျိုး မွှမ်းမံချယ်လယ်ကာ ခတ္တာ, နှင်းဆီ, သရဖီ, မြဘ်လေး, တတိုင်းမွှေး, ကြက်ရိုး, ပန်းဂမုန်းတို့ကို ရှူမဆုံးနိုင်ဘွယ် နေရာတကာ ဖြန့်ကြဲ ပန်းဆိုင်းဆွဲကာနှန်လျက် မင်းသားကလေးကို မွှေးကြိုင်လှစွာသော နံ့သာရေတို့ဖြင့် ချိုးပြီးလျှင် နဝရတ်ကိုးပါး အပေါ်မှာ ကောင်းစွာနေစေလေ၏၊ ဗေဒင်သုံးကျမ်းကို ဆုံးခန်းတိုင်ရောက်အောင် တတ်မြောက်ကြကုန်သော ပုဏ္ဏားတော် တရာ့ရှစ်ယောက်တို့ကို ခေါ်တော်မူ၍ အဖျော်ယမကာ ဃနာထမင်းတို့ဖြင့် ကျွေးမွေးပြီးသော် ဆုတော် လာဘ်တော် အဖုံဖုံတို့ဖြင့် အမျိုးစုံ ချီးမြှောက်တော်မူကာ ပါရမီဘုန်းဂုဏ်နှင့် ပြည့်စုံတော်မူသော အလောင်းတော် မင်းသားကလေး၏ လက္ခဏာနှင့် ဇာတာတော်ဖြစ်ရေးကို စစ်ဆေး မေးမြန်းတော်မူလေ၏။

ခမည်းတော် သုဒ္ဓေါဒန မင်းမြတ်ကြီးသည် သားတော်ကလေး၏ ဇာတာကို မေးတော်မူသောအခါ ထိုတရာ့ရှစ်ယောက်သော ပုဏ္ဏားပညာရှိတို့တွင် သူတကာထက် ထူးချွန်၍ အလွန်တတ်မြောက်သည်ဟု ချီးမွမ်းလောက်သော ဂုဏ်နှင့် ပြည့်စုံကြသော ရာမ,ဓဇ,လက္ခဏ, ဇောတိမန္တ, ယည, သုဗောဓ, သုရာမ ဟူသော ပုဏ္ဏားခုနစ်ယောက်တို့သည် လက်နှစ်ချောင်းကို မြှောက်ထောင်ကာ "ရာဇာဘုရင် အရှင်သခင်ကြီး၏ သားတော်ကလေးသည် ထီးညွန့်နန်းလျာ ဖြစ်သည်အားလျော်စွာ ရာဇာဘိသိက်ကို ခံယူတော်မူ၍ လောကီစည်းစိမ်၌ စံတော်မူပါလျှင် စကြာရတနာကြီး ဆိုက်ရောက်၍ ထွန်းတောက်သောဘုန်းဖြင့် လေးကျွန်းလုံးကို ပိုင်နင်းသော စကြာမင်းကြီး ဖြစ်ပါလိမ့်မည်၊ ယင်းသို့မဟုတ် ကာမဂုဏ် အဆွေးအပုပ်ကို ထွေးထုတ်ပြီးသော တံတွေးကဲ့သို့ ငဲ့တွေး ညှာတာခြင်းမရှိဘဲ တောရပ်သို့ ခိုဝင်ကာ ဖန်ဝါသက်န်းဖြင့် ရဟန်းပြုသည်ရှိသော် လောကဓာတ်ကြီးအပြင်၌ ပေါ်လွင်ထင်ရှား၍ နတ်, လူအများတို့၏ အားထားမှီခိုရာ မဟာအတုလ သမ္မာသမ္ဗုဒ္ဓဘုရားအစစ် ဖြစ်တော်မူပါလိမ့်မည်"ဟု နှစ်လီ နှစ်ခွသော စကားကို လျှောက်ထား သံတော်ဦးတင်ကြကုန်၏။

ဂင်းတို့အောက် အသက်အရွယ် အငယ်ဆုံးဖြစ်သော ကောဏ္ဍညအနွယ် ပုဏ္ဏားငယ် သုဒတ္တသည်ကား "အရှင်သခင်ကြီး၏ သားတော်မြတ်တွင် သုံးဆယ့်နှစ်ရပ်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ညီးညီး ရွှန်းကယ်



သုဒတ္တပုဏ္ဏားသည အလောင်းမင်းသားအား ဘုရားကေန် ဖြစ်ပါမည်ဟု လျှောက်တင်ခဏ်း။

ရှစ်ဆယ်သော လက္ခဏာတော်ငယ်,အံ့ဘွယ်တဆယ့်နှစ်ချက်,တရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ ပြည့်စုံစွာ ပါပါသည်၊ သုံးဆယ့်တဘုံသော ဤလောကကြီး အတွင်းဝယ် ပြိုင်ဘက်ကင်းသောသူ တပါးပါတည်း၊ သို့ပါ၍ အရှင်မင်းမြတ်၏ ရွှေရင်တော်သွေး သားတော်ကလေးအတွက် တွေးတောချက် နှစ်လမ်းမထွက်ဘဲ ရဟန်းဘက် စိတ်ပါပြီးလျှင် အဝိဇ္ဇာ တဏှာ ဝဲသြဃ ဝဋ္ဋဘောင်မှ လွတ်အောင် ရုန်းနိုင်သောအသဒိသအစစ် ဓမ္မရာဇ်ထွတ်ထား ဘုရားကေန် အမှန်ဖြစ်ပါလိမ့်မည်”ဟု လက်တချောင်းကိုသာ ထောင်မြှောက်၍ တောင်မြှောက်မကြည့် တည့်တည့်သေချာ ဘယ်ညာမယိမ်း တွက်ကိန်းအရ ပြောပြ လျှောက်တင်လေသတည်း။

ကောဏ္ဍညအနွယ်ဖြစ်သော သုဒတ္တပုဏ္ဏားငယ်၏ လျှောက်တင်သောစကားကို ကြားရသော သုဒ္ဓေါဒနမင်းမြတ်သည် “အို-သုဒတ္တမည်သော ပုဏ္ဏားပဏ္ဍိတ်ပုရောဟိတ် ငါ၏ သားတော်ကလေးသည် ဝဋ္ဋဘေးမှလွန်မြောက်၍ဘုရားအဖြစ်သို့ ရောက်လိမ့်မည်ဟု တည်ကြည်စွာသင်လျှောက်တင်၏၊ ဤသားတော်ကလေးသည် အဘယ်သို့သော အာရုံကိုမြင်၍ လူ့ဘောင်တွင် မပျော်ရွှင်ဘဲ တောခွင်မြိုင်နက်သို့ ထွက်တော်မူလတ္တံ့နည်း”ဟု မေးမြန်းတော်မူသောအခါ ပညာအရာတွင် မယှဉ်သာအောင် ကြီးမားသော ကောဏ္ဍညပုဏ္ဏားသည် လက်အုပ်ချီကျော့ကန်တော့ ဦးတင်ပြီးလျှင် “အရှင်မင်းမြတ်၏ သားတော်သည် ကြီးမားရင့်သန်သော ဘုန်းကံပါရမီနှင့် စုံညီပြည့်ဝသူတယောက်ဖြစ်၍ တဏှာရစ်စေတတ်သော အာရုံရမ္မက်ကို နှစ်သက်တော်မမူနိုင်ဘဲ သူအို, သူနာ, သူသေ, ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါးကို ထင်ရှားစွာ မြင်ရ၍ သံဝေဂ ဖြစ်တော်မူကာ တောထွက်ပါလိမ့်မည်”ဟု လျှောက်တင်လေ၏။

ယင်းသို့ လျှောက်တင်သော စကားကို သုဒ္ဓေါဒနမင်းကြီး ကြားရလေလျှင် ရွှေဘဝင် အပူမိ၍ နေထိသောပန်းကြာကဲ့သို့ နွမ်းရှာတော်မူလေ၏ အကြောင်းမူကား ခမည်းတော် သုဒ္ဓေါဒနမင်းမြတ်သည် သားတော်ကလေး၏ ရဟန်းဖြစ်ရေးကိုကား နှစ်သက်တော်မမူနိုင်ဘဲ မဏ္ဍိုင်မြင်းမိုရ် ဗဟိုပြုသော ကျွန်းကြီးလေးကျွန်း အပြင်ဝယ် စကြာယာဉ်ကို စီးနင်း၍ စကြာမင်းပြုလုပ်လျက် အုပ်ချုပ်ပိုင်စိုး တန်ခိုးပေါ်ထင်ကာ ပျော်ရွှင်စွာနေမှုကိုသာ ရှုစားတော်မူလို

သတည်း၊ သို့ကြောင့် သားတော်၏ သံဝေဂဖြစ်ခြင်း အကြောင်းကင်းအောင် ပြည်တွင်းပြည်ပ တဂါဝုတ်မျှသော အရပ်အတွင်းဝယ် သူအို, သူနာ, သူသေ, ရဟန်းဟု ဆိုအပ်သော အသွင်အပြင်ကို မြင်ရမည် မဆိုထားဘိ သတင်းစကားကိုမျှ မကြားရအောင် ကြံဆောင်ပြုလုပ် အမိန့်တော် ထုတ်ထားလေသတည်း။

ဤဆိုအပ်ခဲ့ပြီးသော အဖြစ်အပျက်တို့ကို စစ်တွက် ရွေးချယ်ပြီးသော် အလောင်းတော် မင်းသားကလေး၏ အမည်နာမကိုမှည့်ရန် ရွေးချယ်ကြပြန်သောအခါ အလုံးစုံသော လူ,နတ် အပေါင်းတို့၏ ကောင်းမြတ်သော အလိုခပ်သိမ်းကို ပြီးငြိမ်းပြီးမြောက် ခရီးရောက်အောင် ရှက်ဆောင်တတ်သောကြောင့် **သိဒ္ဓတ္ထကုမာရ** ဟူသော အမည်တော်ကို မှည့်ခေါ်ကြကုန်၏၊ ထိုအမည်ပေးသောမင်္ဂလာစုပေါင်း နေ့ရက်ကောင်း၌ပင် အနီး,အဝေးမှ စည်းဝေးလာရောက်ကြကုန်သော ဆွေတော် မျိုးတော်အပေါင်းတို့သည် အလောင်းတော်၏ အခြံအရံ အလို့ငှါ တယောက်စီ တယောက်စီသော မင်းသားကို နှံ့ထားဆောင်နှင်းကြကုန်၏၊ အသောင်း, အသိန်းမက များလှသော မောင်းမ ခြွေရံတို့ကိုလည်း အပ်နှင်းတော်မူကြ၍ တူမျှခြင်းမရှိ အတိုင်းမသိသော အခြွေအရံ အစေခံပေါင်းများစွာဖြင့် ဘုရားလျာဖြစ်သော မင်းသားမှာ ကြီးပွားတော်မူလာရပေသတည်း၊ အလောင်းတော်မင်းသားကို မွေးဘွားတော်မူသည်မှနောက် ခုနစ်ရက် မြောက်သောနေ့တွင် မွေးသမိခင်ဖြစ်သော မယ်တော်ကြီး သိရိမဟာမာယာသည် ဓမ္မတာဖြစ်သော တာဝန်ကို မလွန်ဆန်နိုင်သည်ဖြစ်၍ အိပ်ပျော်ယောကျာ်း နိုးသောလားသို့ ထင်ရှားသော အန္တရာယ် ရန်စွယ်ဟူ၍ မူငွေ့မျှမသန်းမခ နွမ်းလျခြင်းလည်းမရှိ ပကတိသော အနေဖြင့် စုတေလေလျှင် ဘုရားမယ်တော် အပေါင်းတို့၏ ပျော်ညောင်း ခိုလှုံရာ တုသိတာ နတ်ပြည်ဝယ် **သန္တုသိတ** အမည်ရှိသော နတ်မင်းဖြစ်လေ၏။

ခမည်းတော်မင်းကြီးသည် လယ်ထွန်မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပခြင်း

အလောင်းတော်၏ မယ်တော်ရင်းဖြစ်သော သိရိမဟာမာယာ ဒေဝီသည် လူ့ပြည်ငြိုး၍ နတ်ထီးပျော်စံတော်မူလေလျှင် မယ်တော်၏ညီမအရင်းဖြစ်သော

*__မဟာပဇာပတိဂေါတမီ__ မိဖုယားသည် မိမိ၏သားတော်ဖြစ်သော နန္ဒမင်းသားကို နို့ထိန်းများ၏ လက်တွင်းသို့ အပ်နှင်းတော်မူကာ တူတော်ဖြစ်သော အလောင်းမင်းသားကလေးကို ကိုယ်တော်တိုင် နို့ချိုတိုက်ကျွေး၍ မွေးမြူတော်မူလေ၏။

အလောင်းတော် မင်းသားကို မွေးဘွားတော်မူပြီးနောက် တလမြောက်သော နေ့၌ ခမည်းတော်မင်းမြတ်သည် မှူးမတ်ဗိုလ်ပါ အခြံအရံပေါင်း များစွာတို့ဖြင့် မင်္ဂလာရှိသော မြေအရပ်သို့ ထွက်စံတော်မူလတ်၍ လယ်ထွန်မင်္ဂလာသဘင်ကို ဆင်ယင် ကျင်းပတော်မူလေ၏၊ ခမည်းတော်ကြီးသည် ထိုမင်္ဂလာသဘင်ကို ဆင်ယင်တော်မူဆဲတွင် ပါရမီရှင်ဖြစ်သော အလောင်းတော်မင်းသားကလေးကို ထိုအရပ်၏ အနီး ကြီးစွာသော ဇမ္ဗူသပြေပင်ရင်းဝယ် ခင်းကျင်းကာရံ စီမံအပ်သောနေရာမြတ်၌ ကောင်းစွာ သိပ်ထားတော်မူလေ၏၊ အထိန်းအယဖြစ်သော မိန်းမတို့သည် ဘုရင်မင်းမြတ်၏ ပြုလုပ်အပ်သော လယ်ထွန်မင်္ဂလာကို မြင်သာသောနေရာမှ ကောင်းစွာ ကြည့်ရှု၍ သတိမပြုနိုင်အောင် မေ့လျော့နေကြစဉ်အတွင်း အလောင်းမင်းဖြစ်သော သားတော်ကလေးသည် မွေးပုံ့သင်းကြိုင် ရနံ့လှိုင်သော နေရာအပြင်ဝယ် တင်ပလ္လင်ဖွဲ့ခွေ၍ နေတော်မူပြီးသော် အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းကာ နှလုံးသွင်း၍ အရင်းမူလဖြစ်သော ပထမဈာန်တရားကို ဝင်စားတော်မူလေ၏။

အလောင်းတော်မင်းသား၏ ကြီးမားသော အရှိန်အစော် အာနုဘော်မြတ်ကြောင့် ဇမ္ဗူသပြေပင်၏ အရိပ်သည် နံနက်အခါ လယ်ထွန်မင်္ဂလာပြုသော အချိန်မှစ၍ ညနေမွန်းစောင်း ကာလညောင်းသည်တိုင်အောင် မရွေ့မပြောင်း မစောင်း မယွန်းဘဲ ထီးဝန်းကို အုပ်ကာသကဲ့သို့ အေးမြစွာ တည်လေ၏၊ အလောင်းတော်မင်းသား၏ အထိန်းအယဖြစ်သော မိန်းမတို့သည် သတိရကြသဖြင့် မင်းသားကလေး၏ နေရာ ကန့်လန့်ကာအတွင်းသို့ အတင်းပြေးသွားကာ ကြည့်ရှုကြရာတွင် သမာပတ်ဝင်စားနေသော မင်းသားကလေး၏ အခြင်းအရာကို ကောင်းစွာမြင်ကြ၍ ရှင်ပျအံ့ဩသော စိတ်မနောဖြင့် အဆောတလျင် မင်းကြီးထံ ဝင်ပြီးလျှင် သံတော်ဦးတင်ကြလေ၏၊ ခမည်းတော် မင်းတရားသည်

---

* သုဒ္ဓေါဒနမင်းကြီး၏ မိဖုယားပင်တည်း။

လျှောက်တင်ကြသော စကားကို ကြားရလေလျှင် မြင်ချင်လှသော အာသာဖြင့် လျင်မြန်စွာ ကြွသွား၍ ရှုစားတော်မူသောအခါ သားတော်၏ အခြင်းအရာကို ကောင်းစွာမြင်ရ၍ ရွှင်ပျူညွတ်တုပ် လက်အုပ်ချီမိုးကာ သားတော်ကို ရှိခိုးလေ၏၊ ဤကား ခမည်းတော်ကြီး၏ နှစ်ကြိမ်မြောက် ရှိခိုးခြင်းပေတည်း။

ခုနစ်နှစ်သား အလောင်းတော်၏ အာနုဘော်ကြီးမားပုံ

အလောင်းတော်မင်းသားသည် အစဉ်အားဖြင့် ကြီးပွားတော်မူလာ၍ ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ရာဇာသုဒ္ဓေါ ခမည်းတော်မင်းမြတ်သည် မှူးမတ်အစုံ ပညာရှိဗိုလ်ပုံကို အကုန်ခေါ်တော်မူ၍ အစည်းအဝေးပြုတော်မူကာ "ခုနစ်နှစ်အရွယ်ရှိသော ကလေးသူငယ်တို့မည်သည် အဘယ်သို့သောအရာကို လွန်စွာမြတ်နိုး နှစ်သက်တတ်ကြပါကုန်သနည်း၊ ဤမျှအရွယ် သားသူငယ်များအတွက် နှစ်သက်ပျော်ပါးကြရန် အဘယ်ကိစ္စကို မိဘပြုလုပ်သူတို့ ဆောင်ရွက်ရပါသနည်း"ဟု အစည်းအဝေးသို့ ရောက်လာသော ပညာရှိတို့၏ အလယ်၌ ခံ့ထယ်စွာ မေးတော်မူလေ၏၊ ထိုအခါ အမတ်အပေါင်းတို့သည် ညွတ်ပျောင်းသော လက်အုပ်ဖြင့် ဒူးတုပ်ကာ လျှောက်တင်ကြသည်မှာ "ဤခုနစ်နှစ်အရွယ်မင်းသားငယ်တို့မည်သည် ရေပွဲသဘင် ပျော်ရွှင်မှုကို အလိုရှိတတ်ကြကြောင်းပါဘုရား"ဟု လျှောက်ထားကြလေ၏၊ ထိုစကားကို ကြားရသော ခမည်းတော်မင်းမြတ်ကြီးသည် မြို့တွင်းမြို့ပ ဌာနဟူသမျှတွင် ပြုပြင်တတ်သော လက်သမားဘက်ဆိုင်ရာ လူကြီးများကို ခေါ်တော်မူ၍ "ဤမည်သောနေရာ မြေမျက်နှာညီညွတ်သောအရပ်၌ ငါ၏သားတော် ရွှင်ပျော်စရာရေကန်ကို အမြန်တူးကြ"ဟု မိန့်ဟ မြွက်ကြားတော်မူလေသတည်း။

ဗိသုကာဘက်ဆိုင်ရာ လူကြီးတို့သည် အောက်လက်ငယ်သား လက်သမားတို့ကိုခေါ်၍ ရေကန်တော် တူးဖော်ကြရန် ကောင်းသောနေရာကို သေချာစွာ တိုင်းကြပြီးသော် "ဤယနေ့ကား အချိန်နှောင်း၍ နေစောင်းရုံမက အကာလဖြစ်လေပြီ၊ နက်ဖြန် နံနက်အခါမှ ပြုလုပ်ကြကုန်အံ့"ဟု ပြောဆိုကာ အိမ်သို့ ပြန်သွားကြလေ၏၊ ထိုနေ့ညအခါ သိကြားမင်း၏နေရာ *ပဏ္ဍုကမ္ဗလာသည် တင်းမာလတ်၍ အတ္တုပ္ပတ် အကြောင်းအရာကို ကောင်းစွာ ဆင်ခြင်လေလျှင်

---

* ဖြူဖွေး ဖြော့ဖြော့ ပြေ့ပြေ့ ပျောင်းပျောင်း သက္ကလတ်ကောင်းသဘွယ် ဖြစ်သော ကျောက်ဖျာ။



လယ်ထွန်မင်္ဂလာ ဆင်ယင်ရာဝယ် ဇမ္ဗူ့သပြေပင်ရိပ်၌ အလောင်းတော်ကလေး ဈာန်ဝင်စားနေခဏ်း။

ဘုန်းရှင်,ကံရှင်,သမ္ဘာရှင် တပါးဖြစ်သော အလောင်းမင်းသား၏ ပျော်ပါးတော်မူဘို့ရန် ရေကန်တော် ပြုလိုကြောင်းကို ကောင်းစွာသိတော်မူ၍ ဝိသုကြုံနတ်သားကိုခေါ်ကာ “ငါတို့၏ ကိုးကွယ်ရာဖြစ်လတ္တံ့သော အလောင်းမင်းသား ပျော်ပါးတော်မူရန် ရေကန်ကို အမြန်သွား၍ ဖန်ဆင်းချေ”ဟု စေတော်မူလိုက်လေ၏၊ဝိသုကြုံနတ်သားသည် သိကြားမင်း၏အမိန့်သံကို နာခံတော်မူခဲ့ပြီးလျှင် ကပိလဝတ် နေပြည်တော်ကြီးသို့ သွားကာ အလျား, အနံအားဖြင့် တဂါဝုတ်မျှကျယ်၍ နဝရတ်တို့ဖြင့် ချယ်လယ်အပ်သော ရေကန်ကို ဖန်ဆင်းလေ၏၊ ထိုရေကန်သည်ကား သန္တာတရစ်,ပုလဲတရစ်, ဥဿဖယားတရစ်, ပတ္တမြားတရစ်, ကြောင်မျက်ရွဲတရစ်, ဝံသဝဏ်တရစ်, ရွှေနီဖလံတရစ် ဤခုနစ်ရစ်တို့ဖြင့် ခုနစ်ဆစ် ခုနစ်ကန့် တသန့်စီတသန့်စီ တန့်လျက် ပြိုးပြိုးပြက်ပြက် အရောင်ထွက်ကာ တောင်လကျ်ာ ဇမ္ဗူကျွန်းတွင် နေဝန်းကြီးအလား ထင်ရှားစွာပေါ်ပေါက်၍ နေလေ၏။

ထိုမျှမကသေး၊ ရေ၏အစ၌ လှပဖြူစင် ဝါလွင်တောက်ပသော ငွေသလဲ ရွှေသလဲတို့ဖြင့် ဖြန့်ကြဲကာ တည်ကုန်၍ ရတနာခုနစ်ပါး အတိပြီးသော အုတ်ကျောက်နံရံသုံးတန်ဝန်းပတ်လျက် အပြင်ထပ်မှလည်း ရွှေပွတ်လုံး,ငွေပွတ်လုံးတို့သည်ရှမဆုံးဘွယ်ရာ ခြံရံကာတည်ကုန်၏၊ခြူးပန်းခြူးနွယ် အသွယ်သွယ် အဖုံဖုံ ရုပ်စုံပေါင်း အရုပ်ရုပ်တို့ဖြင့် ထည့်လုပ်အပ်၍ နီလျပ်သော သန္တာအဆင်းဖြင့် နီဝင်းလှပသော စောင်းတန်းလှေကားတို့ဖြင့် ခင်းထားအပ်သော ရေဆိပ်ခုနစ်ခုတို့သည် ဝန်းရံကာ တည်ရှိကုန်၏၊ ရွှေပန်းအိုး,မြပန်းအိုးတို့ဖြင့် စိုက်ပျိုးစီတန်း၍ ထားဘိသကဲ့သို့ တကန့်စီ တသန့်စီ ပေါက်ရောက်နေသော ကြာမျိုးခုနစ်ပါးတို့သည် ထွားထွားဖွံ့ဖွံ့ အညွန့်အညှောက် ပေါက်ရောက်ကြကုန်လျက် အင့်တဆင့် အပွင့်တကန့် သင်းပျံ့သော ရနံ့လှိုင်ကာ မွှေးကြိုင်၍နေလေ၏၊ ထိုရေကန်ဦး၌ ကွန့်မြူးပျံသန်းသော ကျေးငှက် များစွာတို့၏ လူးလာပြောင်းကာ သာယာစွာရင့်ကြွေးသော အသံတို့သည်ကား နတ်သား, နတ်သမီးတို့၏ မငြီးနိုင်ဘွယ် မှုတ်တီးသော တူရိယာ အသံမျိုးကဲ့သို့ မရိုးနိုင်အောင် သစ်ဆန်း၍ အမြဲတန်း သာယာလှပေ၏၊ အလောင်းတော်မင်းသား ကစားလှော်ခတ်ဘို့မှာ ရတနာအတိပြီးသော လှေလောင်း ကတ္တူတို့ကိုလည်း အသင့်ယှဉ်၍ ပျော်ပါး

မြူးတူးဘို့ရန် စီမံဖန်တီးကာ ထားလေ၏၊ ၎င်းတို့တွင် ရွှေအတိပြီးသော လှေ၌ ငွေဖြင့်ပြီးသော ထီးဖြူ ရာဇပလ္လင် ဥကင်ကနက်ကိုတင်လျက် ငွေအတိပြီးသော လှေ၌ရွှေဖြင့်ပြီးသောထီးဖြူရာဇပလ္လင် ဥကင်ကနက်ကိုတင်ကာ နှစ်သက်သွယ်ရာ မင်းသုံးမင်းဆောင် မင်းခမ်းမင်းနားကို ဆန်းပြားလှပစွာ စီမံ၍ထားလေ၏၊ ယင်းသို့လျှင် လူတို့ရပ်ခွင်၌ မမြင်စဘူး လွန်ကြူးတင့်တယ် အံ့ဘွယ်ဘနန်း ထူးဆန်းသော နတ်ရေကန်ကို ညဉ့်သုံးယာမ် အတွင်း ဖန်ဆင်းခဲ့ပြီးသော ဝိသုကြုံ နတ်သားသည် သိကြားမင်း၏ အမိန့်လွှာကုန်သဖြင့် မိမိဘုံဖြစ်သော တာဝတိံသာသို့ ပြန်သွားလေသတည်း။

ဝိသုကြုံနတ်သား ဖန်ဆင်းထားသော နတ်ရေကန်ကြီး၏ မငြီးရှုဘွယ် တင့်တယ်ထူးဆန်း ရှုမခန်းနိုင်ဘွယ်ကို နံနက်မိုးသောက်သောအခါ များစွာ သောလူအပေါင်းတို့ မြင်ရ၍ ရွှင်ပျအံ့သြ ပြော၍မငြီး ချီး၍မကုန် "လူ့ဘုံတွင် မမြင်စဘူး အလွန်ထူးသော ရေကန်ကြီးသည် မြေကြီးမှ အလိုအလျောက် ပေါ်ပေါက်လာပေသည် တကား"ဟု မွက်ကြားဆိုပြော အံ့သြကြရုံမက သုဒ္ဓေါဒန မင်းမြတ်ထံ သွား၍လည်း လျှောက်ထားသံတော်ဦး တင်ကြကုန်၏၊ ထိုလျှောက်တင်သံကို ကြားရသော သုဒ္ဓေါဒနမင်းမြတ်သည် အတွင်းခ‌ဓာတ် ပီတိဇောဖြာ၍ ထွက်လာကြည့်ရှုတော်မူပြီးလျှင် "ငါ့သားတော်၏ ဘုန်းကံ ကြောင့် နတ်တို့ဖန်တီး၍ ပေးလာသည်တကား"ဟု များစွာ ဝမ်းမြောက်တော် မူလှ၍ သားတော်မြတ်အား နှင်းအပ်တော်မူလေသတည်း၊ အလောင်းတော် သိဒ္ဓတ္ထ မင်းသားကလေးသည် ငယ်သေးသော ခုနစ်နှစ်အရွယ်မှာပင် စပယ်ညှာ သဇင်ဥက္ကဲသို့ ယဉ်နုသော အခြံအရံတို့ဖြင့် နတ်ဖန်သော ရေကန်ဝယ် စံပယ် ပျော်ပါး၍ သိကြားမင်းကြီးနှင့် ပုံမသေ့ စံစားကာနေလေသတည်း။

အလောင်းတော်သိဒ္ဓတ် လေးအတတ်ကိုပြခြင်း

အလောင်းတော် သိဒ္ဓတ်မင်းသားသည် အစဉ်အားဖြင့် ကြီးပွားတော်မူလတ် ၍ မြင့်မြတ်သောစည်းစိမ်ကိုသာ စံစားတော်မူလာရာ တဆယ့်ခြောက်နှစ်အရွယ် သို့ ရောက်လတ်သတည်း၊ ထိုအခါ ရာဇာသုဒ္ဓေါ်ဒ ခမည်းတော်မင်းမြတ်သည် ဘေးတော်, ဘိုးတော်တို့ အဆက်ဆက်ကပင် တရံတခါမျှ မစံရစဘူး ထူးမြတ်

* ဝိသုကြုံ=ဝိသုကမ္မ၊ အရာခပ်သိမ်းကို လျင်မြန်စွာ ပြီးစေနိုင်သော နတ်သား။

သော ပြာသာဒ် သုံးဆောင်ကို စီမံတော်မူလေ၏၊ ခမည်းတော် မင်းတရားသည် ပုဏ္ဏားတို့၏ ဟောချက်ကြောင့် တောထွက်မည်ကို စိုးရိမ်တော်မူရကား ဥတု သုံးပါး အားလျော်စွာ စံစားတော်မူဘို့ရာ ဘုံ ၉ ါးဆင့်ရှိသော **ရမ္မပြာသာဒ်**, ဘုံခုနစ်ဆင့်ရှိသော **သုရမ္မပြာသာဒ်**, ဘုံကိုးဆင့်ရှိသော **သုဘပြာသာဒ်** သုံးရပ် သော ဘုံဆောင်ကို ရတနာရောင်တို့ဖြင့် တောက်ကြွား၍ အစောက်အားဖြင့် အတိုင်းအရှည် ညီညာလျက် အကျယ် အပြန့်အားဖြင့်ကား ရံရွေတော်ပေါင်း ရှ်သောင်းကျော်ကျော် နေပျော်လောက်အောင် စီမံလေ၏၊ အလောင်းတော် မြတ်သည် ထိုသုံးရပ်သော ဘုံဆောင်ပြာသာဒ်တို့၌သာ ဥတုသုံးလီတွင် တလှည့် စီ တလှည့်စီ ခံစား စံစားတော်မူကာ ပျော်ရွှင်စွာ နေလေ၏။

ဤရွှေနန်းတော်သုံးရပ်ကို ဘုန်းမြတ်ကြီးထွားသော အလောင်းမင်းသား အား အပ်နှင်းတော်မူပြီးသောအခါ သုဒ္ဓေါဒနမင်းရာဇာသည် "ငါ၏သားတော် ကား သင့်လျော်သော အရွယ်သို့ ရောက်ချေပြီ၊ အတိုင်းမသိ များစွာသော ရတနာတော်ဝင် အပျိုစင် မောင်းမအပေါင်းတို့ဖြင့် ခညောင်းဝန်းရံကာ ချမ်းသာစွာစံစေလျက် နိုင်ငံတရိုးကိုလည်း စိုးမိုးအုပ်ချုပ်၍ မင်းလုပ်စေရမည်၊ ယင်းသို့ အချောအလှ သဘောကျစဘွယ် တင့်တယ် နုယဉ်သော အပျိုစင်တို့ နှင့် ပျော်ရွှင်စွာနေမိ၍ ကပ်ငြိခြင်းရှိပါမှ သတိ သံဝေဂ မသက်ဘဲ တောထွက်၍ ရဟန်းမပြုနိုင် ရှိလိမ့်မည်၊ သို့မှသာ လူ့ရပ် လူ့ရွာတွင် စကြာမင်းဖြစ်သည်ကို ငါ မြင်ရချေမည်၊ ငါကား စကြာမင်း၏ ခမည်းတော်ဟူ၍ အခေါ်ခံရပေလိမ့် မည်" ဟု ကြံစည်မိလေ၏၊ ယင်းသို့ ကြံတော်မူပြီးသော် အသီးအသီးသော ဆွေတော် မျိုးတော် အပေါင်းတို့ထံ ရာဇသံ ရွှေပေနှင့် စေလွှတ်တော်မူကာ သမီးကညာ ရတနာ တော်ဝင်ကို အမြန်ပင် ဆက်သရမည့် အကြောင်းဖြင့် တောင်းတော်မူလေ၏။

သုပ္ပဗုဒ္ဓမင်း အစရှိသော ဆွေတော် မျိုးတော် အချို့တို့ကား သုဒ္ဓေါဒနမင်း မြတ်၏ ရာဇသံကို ကြားကြသောအခါ "ဤသိဒ္ဓတ်မင်းသားသည် **ဘုရားဖြစ် လိမ့်မည်** ဟု ပုဏ္ဏားတွေမြော်စား၍ ဟောထားသောစကားကြောင့် ပလ္လား မာန်တက်ကာ အဘယ်ပညာကိုမျှ မသင်မကြား အလကား အချိန်ဖြုန်း၍ နေ ချေသည်၊ တဆယ့်ရှစ်ရပ်သော အတတ်တွင် တခုမျှမတတ် အဆင်းမာတ်ကလေး

သုဓမ္မဝတီ (စ) ၂၀၁-၂၆

လှရုံနှင့် လူပုံထဲမဝင်နိုင်၊ အဆင်းသာရှိ၍ အချင်းမရှိဘဲ ပျင်းရိပေါ့တန်နေပါလျှင် အခြောက်လှန်းထားသော ပေါက်ပန်းများနှင့်သာ တူချေမည်၊ ပြည်ထောင် အချင်းချင်း မင်းတပါးတို့က ရမ်းကား ရန်မူလာသော် ဝါဂွမ်းပမာ လွင့်စင်ဘို့ သာ ရှိချေသည်၊ ငါတို့၏ ရင်သွေးကို ပေး၍မလျော်မသင့်တော်ချေတကား”ဟု ပြောကြားကြကုန်၏၊ ထိုစကားကို ကြားရသော သုဒ္ဓေါဒနမင်းမြတ်သည် အတွင်းခါတ်ပြေမရှင်းဘဲ နေညှဉ်းသောပန်းနွယ်ကဲ့သို့ နွမ်းနယ်တော်မူပြီးလျှင် ဘုရားအလောင်း မင်းသားထံ သွားကာ ကြားရသောစကားကို ပြောပြ၍ **အဋ္ဌာရသ သိပ္ပ** ကို သင်ကြားရန် တိုက်တွန်းတော်မူလေ၏။

အလောင်းတော်မင်းသားသည် “ဘုရားသားတော်၌ သင်ကြားဘွယ်မရှိပါ၊ ပဋိသန္ဓေကပင် တတ်မြောက်ပြီးဖြစ်ပါ၏၊မည်သည့်အတတ်ပညာကို ရှုစားတော် မူလိုပါသနည်း၊ ခမည်းတော်ဘုရား မိန့်ကြားတော်မူပါ၊ ယခုရှေ့တွင် အမြန်ပင် ပြပါမည်”ဟု လျှောက်တင်လေ၏၊ သားတော်၏ လျှောက်တင်သော စကားကို ကြားရမှ အားရတော်မူလှသော သုဒ္ဓေါဒနမင်းမြတ်သည် လေးအတတ်ကို ရှုမြင် လိုသည်ဖြစ်၍ မင်းယင်ပြင်တွင် မဏ္ဍပ်ကန္နားကို ခမ်းနားကြီးကျယ်စွာ ထိုးစေ ပြီးလျှင် ဗိုလ်ခြေ တထောင်တင်ဆိုက်သော လေးတော်ကို သားတော်အား အပ်နှင်းလေ၏။

အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် နှင်းအပ်သော လေးတော်ကို ကိုင်ကာ ကပိလဝတ်ပြည် တလွှား၌ ထင်ရှားကျော်စောကုန်သော အက္ခဏဝေဓိ, ဝါလဝေဓိ, သရဝေဓိ, သဒ္ဒဝေဓိ အမည်ရှိသော လေးသမားတို့ကို ခေါ်ကာ ကိုယ်တော်မြတ်မှာမူကား ပတ္တမြားပြောက်ဖြင့်ပြီးသော ချပ်မိန်ညို, မျဉ်းတို, မျဉ်းရှည် စသည်ကိုဝတ်၍ နဝရတ်ကိုးသွယ်ဖြင့် စီခြယ်အပ်သော သင်းကျစ် မကိဋ္ဌကို ဦးခေါင်း၌ဆောင်းပျက် တခဲနက်သော ရတနာခုနစ်ပါးဖြင့် ချုပ်ထား သော ခါးကြိုးကိုပန်းကာ လခြမ်းသဏ္ဍာန်ရှိသော သားချိုလေးဝယ် သန္တာ အဆင်းရှိသော ညှို့ဖြင့်ဖွဲ့လျက် မြအဆင်းကဲ့သို့ ညိုဝင်းသော ကျည်တောင့်ကို လွယ်ကာ မြေလွှာမှ ခွဲထွက်လာသော နဂါးလုလင်, စစ်မြေပြင်သို့ သွားသော သိကြားနတ်ကဲ့သို့ ပရိသတ်လေးပါးအလယ်၌ တင့်တယ်စွာ ရပ်တော်မူ၏၊ ယခင်ကခေါ်ထားသော လေးသမားကြီးများကို လေးထောင့်ကန်ပမာ အရပ်



အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ခမည်းတော်မြတ်အား လေးအတတ်ကိုပြခဏ်း။

လေးမျက်နှာမှနေစေပြီးလျှင် -မြွားကမ်းသူနှင့်တကွ သုံးသောင်း သုံးသောင်းမျှသော မြွားတို့ကိုအပ်၍“တညီတညွတ်တည်း ပစ်လွှတ်ကြ”ဟု မိန့်ဟတော်မူလေ၏၊ လေးသမားကြီးတို့သည်ကား “အရှင်မင်းသား မျှားပြားသော ကျွန်တော်မျိုးတို့ကို မဆိုထားဘိ တယောက်တည်းပစ်သော မြွားကိုမျှ တားမြစ်ခြင်းငှါ မတတ်နိုင်ရာ၊ ဤကဲ့သို့ ပြုတော်မမူသင့်ပါဘုရား”ဟု လျှောက်ထားကြကုန်၏။

ထိုအခါ အလောင်းမင်းသားသည် လျှောက်ထားသော စကားကိုကြားရလျှင်“အို-လေးသမားကြီးတို့ ငါမင်းသားအတွက် ဘာကိုမျှ မစိုးရိမ်ကြကုန်လင့်၊ လေးသမားကြီးများ စွမ်းအားရှိသမျှ ပစ်လွှတ်ကြ” ဟု မိန့်ဟတော်မူကာ တည်ကြည်သောမျက်နှာဖြင့် ခြသေ့်မင်းပမာ ရဲတင်းစွာ ရပ်တည်တော်မူလေ၏၊ အလောင်းမင်းသား၏ မိန့်ကြားသောစကားကို ကြားကြသော လေးသမားကြီးတို့သည် လျှပ်တပြက်အတွင်းမှာပင် မြွားအစင်းပေါင်း ထောင်,သောင်းမက ပစ်လွှတ်ကြကုန်၏၊ ထိုလေးသမားကြီးများ ပစ်လွှတ်သော မြွားအစင်းပေါင်းကို အလောင်းတော်မင်းသားသည် ဝဇီရစိန်စဉ်းသွားတပ်သော မြွားတစင်းဖြင့်သာ အားတင်းကာ ကာဆီးလျက် ထိုထိုသောအရပ်မျက်နှာသို့ ကျစေလေ၏.ယင်းသို့ လာသမျှ ပစ်သမျှ မြွားကို ပယ်ရှားဆီးကာသော သရပ္ပဋိဗာဟန အတတ်ကို ပြသောအခါ ရောက်လာကြည့်ရှုကြသော မင်း, ပုဏ္ဏား, သေဋ္ဌေး, သူကြွယ် စသောပရိသတ်များစွာတို့သည် လက်ဖျောက်ကိုတီး၍ အံ့ချီးသောထောမနာသံတို့ကို ဆူညံအောင်ပြုကြကုန်၏၊ ဤသို့ ပရိသတ်အပေါင်းတို့ နှစ်ထောင်းအားရ ပြုလုပ်ကြသော သြဘာသံကြီးသည် ကောင်းကင်ယံအပြင်၌ တော်လျှောင်ပဲ့တင် ဟည်းသကဲ့သို့ မြေကြီးတုန်မျှ ဖြစ်လေသတည်း။

သရပ္ပဋိဗာဟန လေးအတတ်လောက်ကို ပြနေဆဲမှာပင် သြဘာသံ ခြိမ့်ခြိမ့်မွှမ်း၍ သူတခွန်း, ငါတခွန်း ပြောနေကြရာ မကြာနောက်ထပ် လျှောက်ပတ်သော လေးအတတ်ကို ပြပြန်လိုသော အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ထိုလေးသမားတို့၏ နေရာ၌ စီကာ စဉ်ကာ စိုက်ထားအပ်သော ငှက်ပျောပင်တို့ကို တကြိမ်တည်း ပစ်အပ်သောမြွားဖြင့် အားလုံးကိုမှန်စေပြီးမှ လက်တွင်းသို့ တဖန် မြွားကျလာစေပြန်သောစက္ကဝေဓိ အတတ်ကို ပြတော်မူလေ၏၊ထို့နောက် လျှပ်တပြက်မှာ မြွားချက်ပေါင်း သောင်း, သိန်းမက ပစ်ခြင်းတည်းဟူသော

အက္ခရာဝေဓိ အတတ်,ခရမ်းသီး စသောအမှတ်ကို အချက်ရာမစပ်ဘဲ မလွဲအောင် ပစ်ခြင်း, သားမြီးမွေးကလေးကိုပင် အလည်တည့်တည့် ကွဲအောင် ပစ်ခွဲနိုင်ခြင်း တည်းဟူသော **ဝါလဝေဓိ** အတတ် ရှေးဦးအလျင် ပစ်နှင်လိုက်သောမြှားကို နောက်မှတဖန် ပစ်လိုက်ပြန်သော မြှားဖြင့် မှန်အောင်ပစ်ခြင်း တည်းဟူသော **သရဝေဓိ** အတတ်, ပသာဒစက္ခုဖြင့် ကြည့်ရှု၍မမြင်ရဘဲ အသံကိုနားထောင်၍ မှန်အောင်ပစ်ခြင်း တည်းဟူသော **သဒ္ဒဝေဓိ** အတတ် ဤသို့ ကြီးစွာသော လေးပညာအတတ်ကို ပရိသတ်တို့၏ မျက်မှောက်မှာပင် ကောင်းစွာ ပြတော်မူလေ၏။

ထိုအတတ်ပညာကို မြင်ရာအရပ်က မြင်ကြရသော လူအပေါင်းတို့သည်ကား အံ့ဩ၍မခန်း ချီးမွမ်း၍ မကုန်နိုင်ကြဘဲ တသဲသဲ တရုတ်ရုတ်နှင့် တလှုပ်လှုပ် တရွရွ ဖြစ်နေကြသတည်း၊ ပရိသတ်အများ၏ လှုပ်ရှားစွာ ပြောဆိုနေပုံကို အလုံးစုံမြင်ရသော အလောင်းတော်သည် အားရတော်မမူသေးဘဲ တနဲ တဖုံ ပြပြန်လိုသေးသည်ဖြစ်၍ နွယ်ပင်တန်းသကဲ့သို့ မြှားတန်းမပြတ်အောင် ပစ်ခြင်း တည်းဟူသော **သရလဋ္ဌိ** အတတ်, ကြိုးအစဉ်ကဲ့သို့ ကြည့်၍ပင် မငြီးနိုင်အောင် ပစ်ခြင်းတည်းဟူသော **သရရဇ္ဇု** အတတ်, ပြာသာဒ်ကြီး ဆောက်ပြသကဲ့သို့ အောက်မှ ကြည့်ရှုသူတို့၏ မနောဓာတ်တွင် ပြောစမှတ် တွင်ရအောင် မြှား ပြာသာဒ် ဆင့်တက်၍ မြင့်သထက်မြင့်ကာ ပစ်ခြင်းတည်းဟူသော **သရပါသာဒ** အတတ်, စောင်းတန်းကြီး အလားကဲ့သို့ မြှားများကို ဖြစ်စေနိုင်ခြင်းတည်းဟူသော **သရသောပါန** အတတ်,မြှားတခုကို မြှားတခုဖြင့် ဆီးကာအောင် ပစ်ခြင်း တည်းဟူသော **သရပ္ပဋိဗာဟန** အတတ်,ကောင်းကင်ကြီး တခုလုံးကို မြှားမဏ္ဍပ် အုပ်ဖုံးသကဲ့သို့ ပစ်ခြင်းတည်းဟူသော **သရမဏ္ဍပ** အတတ်, မြို့ရိုးတံတိုင်းကဲ့သို့ ရစ်ဝိုင်း၍ မြှားတံတိုင်းကြီး ဖြစ်အောင် ပစ်ခြင်းတည်းဟူသော **သရပါကာရ** အတတ်, လေးထောင့်ကန်ကြီးသဘွယ် တင့်တယ်စွာ တည်ရှိလျက် ရှုကြည့်၍ မငြီးနိုင်အောင် ပစ်ခြင်းတည်းဟူသော **သရပေါက္ခရဏီ** အတတ်, ပဒုမာ ပွင့်ချပ်ကဲ့သို့ မြှားထပ်ပေါင်း အဆိုင်ဆိုင်တက်အောင် ပစ်ခြင်းတည်းဟူသော **သရပဒုမ** အတတ်, ကောင်းကင်ယံတိမ်ထဲမှ မြှားမိုဃ်းကြီး သွန်းကြဲသကဲ့သို့ တဖွဲဖွဲနေအောင် ပစ်ခြင်းတည်းဟူသော **သရဝဿ** အတတ်, မိမိ၏မြှားသည်

စက်ဝန်းကဲ့သို့ သွားအောင် ပစ်ခြင်းတည်းဟူသော **စက္ကဝိဒ္ဓရ** အတတ်, ရဟတ်စကြာတရထည် ပတ်ပတ်လည်အောင် ပစ်ခြင်းတည်းဟူသော **သရဝဋ္ဋန** အတတ် ဤသို့ သူတပါးနှင့် မဆက်ဆံသော မြှားရေးငယ်အတတ် **တဆယ့်နှစ်ရပ်** တို့ကိုလည်း ပြတော်မူလေ၏။

တဆယ့်နှစ်လက်သစ်ထုသော ရေသဖန်းပျဉ်ကို ထုတ်ချင်း ပေါက်အောင်ပစ်ခြင်း, ရှစ်လက်သစ်ထုသော ပိတောက်နှစ်ပျဉ်ကို ထုတ်ချင်းပေါက်အောင်ပစ်ခြင်း, လက်လေးသစ် ထုသော ကြေးနီပြားကို ထုတ်ချင်းပေါက်အောင်ပစ်ခြင်း, လက်နှစ်သစ်ထုသော သံပြားကို ထုတ်ချင်းပေါက်အောင် ပစ်ခြင်း, ပိုလ်တရာဝန် တင်ထားသော လှည်းကို နောက်မှရှေ့, ရှေ့မှနောက် ထုတ်ချင်းပေါက်အောင် ပစ်ခြင်း, ကောက်ရိုး အပြည့်တင်သောလှည်းကို ပေါက်အောင်ပစ်ခြင်း, သဲအပြည့်တင်သောလှည်းကို ပေါက်အောင် ပစ်ခြင်း တည်းဟူသော **ခုနစ်ပါး** သော အားအစွမ်းကိုလည်း ပြတော်မူလေ၏။

အလောင်းတော်မင်းသားသည် ဤဗိုလ်တထောင်တင်သောလေးကို လက်ဝဲလက်ဖြင့် ကိုင်လျက် လကျ်ာလက်ဖြင့် လေးညှို့ကို ဆွဲလိုက်သော အသံသည် မိုဃ်းကြိုးပဲ့တင် ငလျင်တော်ဟိန်းသကဲ့သို့ကြက်သီးထမျှကြောက်ဘွယ်ကောင်းလှသည်ဖြစ်၍ ကပိလဝတ် ပြည်ဘုံတွင် သိမ့်သိမ့်တုန်သွားလေ၏၊ ဝဇိရစိန်သွားတပ်သော မြှားကို လကျ်ာလက်ဖြင့်ကိုင်ကာ လက်ဝဲလက်သန်း လက်သည်းဖြင့် စဉ်းကိုခတ်အပ်သော အသံသည်ကား တူရိယာငါးသွယ်ကို အဆန်းတကြယ်တီးမှုတ်သော အခါကဲ့သို့ သာယာနာပျော်ဘွယ် ရှိလေ၏၊ အလောင်းတော်သည် လေးညှို့ကိုဆွဲ၍ ရေထဲသို့ပစ်လိုက်သောအခါ မြှားရတနာသည်ကား လေးဥသဘတိုင်အောင် ရောက်လေ၏၊ ကောင်းကင်သို့မြှောက်၍ အစောက်အားဖြင့် ပစ်လိုက်သောအခါ ရှစ်ဥသဘတိုင်အောင် ရောက်လေ၏၊ နံဘေးဖီလာသို့ ပစ်လိုက်သောအခါ တယူဇနာဝေးသော အရပ်သို့ ရောက်လေ၏၊ ဤမျှလောက်ကား အလောင်းတော်၏ ပကတိသော အားအစွမ်းပေတည်း၊ အလိုတော်ရှိ၍ အားထုတ်တော်မူလေလျှင် စတုမဟာရာဇ် နတ်ပြည်သို့သော်လည်း ရောက်နိုင်ရာ၏။

ထိုမှတပါးလည်း မင်းသားတကာတို့ တတ်ကောင်းတတ်ရာသမျှ ဆင်စီး, မြင်းစီး,စက်မီး,ဓားတင်,ကာငင်, လှံထိုး အစရှိသော အတတ်မျိုးအပေါင်းတို့ကို

ကောင်းစွာ ပြတော်မူသတည်း၊ ယင်းသို့ ရွှေးမင်း အဆက်ဆက်တို့ လေ့ကျက်ဆည်းပူးနိုင်မည်ကို မဆိုထားဘိ သတင်းစကားမျှ မကြားရစဘူး ထူးမြတ်လွန်ကဲ အံ့အဲချီးမွမ်း၍မကုန် လူတို့ဘုံတွင် တစုံတယောက်သောသူမျှပိုင်တူဘက်ယှဉ်ခြင်းငှါ မတတ်နိုင်ရာသော အဋ္ဌာရသ သိပ္ပတွေကို ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းတို့၏ အလယ်၌ အဆန်းတကြယ် ရှုဘွယ်မငြီး ပြတော်မူလေသတည်း၊ အလောင်းတော်မင်းသား၏ အစွမ်းအားကို ရှုစားတွေ့မြင်ကြရသော တိုင်းသူ ပြည်သားအပေါင်း အသောင်း, အသိန်းမက များလှစွာသော ပရိသတ်လူထုကြီးသည် ပုဆိုး, ခေါင်းပေါင်းတို့ကို ထောင်သောင်းမက ကြဲမြှောက်ကြခြင်း,ပန်း ပေါက်ပေါက်ကြဲ၍ ရွှေသလဲ,ငွေသလဲတို့ကိုလည်း ထူးထူးကဲကဲ ဖြန့်ကြဲကြခြင်း, "တကဲ့ယောကျ်ား, မ တထောင် တကောင်ဘွား" ဟု စကားနှုတ်သံတို့ဖြင့် ဆူညံအောင် ချီးမွမ်းကြခြင်း စသော အံ့သြထောမနာ သြဘာသံကြီးသည် ကောင်းကင်ယံ ပဲ့တင်တီးမျှ တဟည်းဟည်း တသိမ့်သိမ့်တခြိမ့်ခြိမ့်ဖြစ်၍ နေပေသတည်း၊ ထက်ဝန်းကျင်ဒိသာ အရပ်ရှစ်မျက်နှာတို့တွင်လည်း ဝေဟင်အဇဋ္ဌာမှ ရောက်လာကြသော နတ်အပေါင်းတို့သည် ဂန္ဓာရုံတထောင်းထောင်းနှင့် နှာခေါင်းအရသာကို ပေးနိုင်သော အခိုင်ခိုင်သောပန်းအဆန်းဆန်းသော နံ့သာတို့ကို မိုဃ်းရွာသလို ကြဲချ၍ ပူဇော်ပသကြကုန်သတည်း။

ဤကဲ့သို့ အံ့ဘွယ်သရဲ ထူးကဲပုံအခြင်းအရာကို မင်းမဟာဖြစ်သောဆွေတော်မျိုးတော်အပေါင်းတို့သည် မျက်စိမညောင်းအောင် ကြည့်ရှုတော်မူကြရသောအခါ "အာဇာနည်ယောကျ်ား ထူးလည်းထူးခြားပါပေသည်" ဟု အလီလီသောဦးခေါင်းကို ညွတ်ပျောင်းနှိမ်ချလျက် ချီးပပြောဆိုကြပြီးသော် သား, သမီးကောင်း ရတနာနှင့် များစွာသော လက်ဆောင်ပဏ္ဏာတို့ကို သူ့ထက်ငါ ဆက်သလာကြလေကုန်၏၊ ဒေဝဒဟပြည်ကြီးကို စည်ထီးခရိုင် ပိုင်စံတော်မူသော သုပ္ပဗုဒ္ဓမင်းမြတ်ကလည်း ယမင်းဇာတ် အလှရတနာဖြစ်သော သမီးတော် **ဘဒ္ဒကစ္စာနာ**ကို အထိန်းအယ မိန်းမကိုယ်ရံတော်များနှင့် တကွ ပို့သဆက်သွင်းလာလေ၏၊ အရပ်တကာမှ ပို့ဆက်လာသော မဟာနွယ်မဟာမျိုး သတိုးအသမ္ဘိန်သာကိန်နွယ်ဘွား မင်းသမီးအများတို့တွင် လေးသောင်းသော မောင်းမ အပျို



အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ယသောဓရာမင်းသမီးနှင့် လက်ထပ် ထိမ်းမြားခဏ်း။

တော်များနှင့်တကွ ဘဒ္ဒကစ္စာနာကို ရွေးယူ၍ အသေးတူ အဆင်တူ အသွင် အမူ ပြေပြစ်၍ ဇမ္ဗူရာဇ်ရွှေသားကို ထုထားသော အရုပ်ပမာ ဥတ္တမာဂုဏ်နှင့် ပြည့်စုံသော ယင်း ဘဒ္ဒကစ္စာနာကို **ယသောဓရာ ဗိမ္ဗာဒေဝီ** ဟူသော အမည် တော်ဖြင့် ရွှေလက်တော်ဆွဲ၍ နန်းပွဲအဘိသိက်ခံကာ အဂ္ဂမဟေသီ အရာ၌ ထားတော်မူလေ၏၊ ဤ ယသောဓရာဒေဝီ မဟေသီကြီးနှင့် တကွ မောင်းမ အပျိုတော်ပေါင်း လေးသောင်းတို့ဖြင့် ခြံရံကာ ဝေဇယန္တာ ပြာသာဒ်နှင့် တူသော ဘုံနန်းဆောင် သုံးခုဝယ် ဥတုအလှည့်လှည့်ထား၍ စံစားတော်မူလေ၏၊ ယောကျ်ားမရော အချော့ဆုံး အလှဆုံးဖြစ်သော အငြိမ့်သမ တသင်းတို့၏ စောင်းငြှင်းပတ်သာ တူရိယာအတီး မငြီးနိုင်ဘွယ်သော အဆိုအကတို့ဖြင့် အလှည့်ကျ ဖြေဖျော်ခြင်းကို ခံလျက် နန်းစံတော်မူလာရာ **တဆယ့်သုံးနှစ်မျှ** ကြာလတ်သတည်း။

ဆွေတော်မျိုးတော်အဆက် အမြွက်စကား

ကပိလဝတ်ပြည်ကြီးရှင် ဘုရင်ဇယသေနမင်း၏သားတော် သီဟဟနုမင်းနှင့် ဒေဝဒဟပြည်ကြီးရှင် ဘုရင်အဥ္စနမင်း၏ နှမတော် ဘဒ္ဒကစ္စာနာကို စုံဘက် တော်မူရာ ဘွားတော်မူလာသည်တို့ကား သုဒ္ဓေါဒနမင်းသား, ဓောတောဒန မင်းသား, သက္ကောဒနမင်းသား, သုက္ကောဒနမင်းသား, အမိတောဒနမင်းသား, အမိတာမင်းသမီး, ပါလိတာမင်းသမီး ပေါင်း ခုနစ်ပါး တို့တည်း၊ ဇယသေန မင်း၏ သမီးတော် ယသောဓရာမင်းသမီးနှင့် အဥ္စနမင်းတို့ စုံဘက်ရာတွင် ဘွား မြင်တော်မူသည်တို့ကား သိရိမဟာမာယာမင်းသမီး, မဟာပဇာပတိဂေါတမီ မင်းသမီး, ဒဏ္ဍပါဏိမင်းသား, သုပ္ပဗုဒ္ဓမင်းသား ဤ လေးပါး တို့တည်း၊ သီဟဟနုမင်း၏ သားတော် သုဒ္ဓေါဒနမင်းသားနှင့် အဥ္စနမင်း၏ သမီးတော် သိရိမဟာမာယာတပါး, ညီမတော် မဟာပဇာပတိဂေါတမီတပါး ဤမင်းသမီး နှစ်ပါးတို့ကို စုံဘက်တော်မူကြရာတွင် ဘွားမြင်တော်မူကြသည်တို့ကား အစ်မ တော် မဟာမာယာတွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို မွေးဘွားတော် မူ၍ ညီမတော် မဟာပဇာပတိ ဂေါတမီတွင် ဇနပဒကလျာဏီ မင်းသမီးနှင့် နန္ဒမင်းသားကို မွေးဘွားတော်မူသည်၊ သီဟဟနုမင်း၏ သမီးတော် အမိတာ မင်းသမီးနှင့် အဥ္စနမင်း၏ သားတော် သုပ္ပဗုဒ္ဓမင်းသားကို စုံဘက်ရာတွင်

ဘဒ္ဒကစ္စာနာ မင်းသမီးနှင့် ဒေဝဒတ်ကို ဘွားမြင်လေသည်၊ သုဒ္ဓေါဒနမင်း၏ သားတော် သိဒ္ဓတ္ထမင်းသားနှင့် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ဘဒ္ဒကစ္စာနာ ယသောဓရာ မင်းသမီးကို စုံဘက်ရာတွင် ရာဟုလာမင်းသားကို ဘွားမြင်တော်မူ၏။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီး လေးပါးကို အစဉ်အားဖြင့် တွေ့မြင်တော်မူခြင်း

ပါရမီဘုန်းပန်းတို့သည် ဆုံးခန်းတိုင်မြောက်၍ နောက်ဆုံးဘဝသို့ ရောက်တော်မူသော အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ယသောဓရာဒေဝီကို မဟေသီမြှောက်စားတော်မူကာ ပို့ဆက်လာသော ရတနာတော်ဝင် အပျိုစင်လေးသောင်းမျှကို မောင်းမအရာ၌ထား၍ ခံစားစံစားတော်မူလာရာတဆယ့်သုံးနှစ်မျှ ကြာလေသတည်း၊ ဘုရားအဖြစ်ကို အားသစ်ကြိုးပမ်း၍ ပါရမီ အခန်းခန်းတို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့ပါသော်လည်း ကာမဂုဏ် မှိုင်းမိခြင်းကြောင့် အတိုင်းမသိ မေ့လျော့နေသော ဘုရားအလောင်းကို နတ်အပေါင်းတို့ မြင်ကြလျှင် အလောင်းတော်မှာ ဘုရားဖြစ်ဘို့ အခါနီးပေပြီ၊ နိမိတ်ကြီးလေးပါးကို အစဉ်အားဖြင့် ပြမှတော်ချေမည်ဟု ကြံစည်မိကြလေ၏။

တနေ့သောအခါ

အလောင်းတော်သည် သက်တော် ၂၈-နှစ်အရွယ် ပျိုမျစ်နုနယ်သောအခိုက်ဖြစ်၍ ပုထုဇဉ်တို့၏စရိုက် အကြိုက်ဝါသနာကို မပယ်ခွါနိုင်သေးသောကြောင့် ဥယျာဉ်တော်မြေကွက်သို့ အပျော်ထွက်လိုသောစိတ် ရှိတော်မူရကား ရထားထိန်းကို ခေါ်ကာ “အမောင်ချထားထိန်း ဥယျာဉ်တော် ဟော်နန်းမှာ ပျော်ခန်းတွေ အစုံအညီနှင့် အပျော်ကုမ္ပဏီကြီး ဖွဲ့စည်း၍ ပျော်ပျော်ကြီး သွားကြရအောင် ရထားတော် ယာဉ်ရတနာကို ပြင်ပါချေ”ဟု မိန့်ချေတော်မူလေ၏၊ သခင်၏ အမိန့်သံကို မြေဝယ်မကျ နားထောင်ရသော ရထားထိန်းသည်လည်း ရွှေ,ငွေ,မြသား,ပတ္တမြား,ပုလဲ, ကြောင်မျက်ရွဲ စီခြယ်၍ ရွှေကြယ်, ငွေကြယ်တို့ဖြင့် တင့်တယ်အောင် ပြုလုပ်ထားသော ရထားကိုယူကာ ကုမုဒြာကြာအဆင်းကဲ့သို့ ဖြူဝင်းလှပစွာသော သိန္ဓောမြင်းလေးကောင်ကို ကပြီးလျှင် အလောင်း



အလောင်းတော်သည် နိမိတ်ကြီး လေးပါးကို အစဉ်အားဖြင့် တွေ့မြင်တော်မူခဏ်း။

တော်အား သံတော်ဦး တင်သောအခါ ရာဇာသိဒ္ဓတ် လောင်းတော်မြတ်သည် လျှောက်ပတ် ကောင်းမွန်သော ရထားပေါ်၌စီးကာ ဥယျာဉ်တော်သို့ ရှေးရှု ခမောင်းနှင်စေတော်မူလေသတည်း။

နတ်အပေါင်းတို့သည် "ဘုရားအလောင်းတော် သိဒ္ဓတ်မင်းသားအား ထင်ရှားသော ပုဗ္ဗနိမိတ်ကြီးများကို ညွှန်ကြား ပြသကြကုန်အံ့" ဟု တိုင်ပင်၍ နတ်သားတယောက်ကို သွားကျိုး ဆံဖြူ ငယ်မူကင်းပျောက် ခြေထောက်ကိုမျှ မသယ်နိုင် ဘယ်ယိုင်,ညာနွဲ့ လဲတော့မည့်ပုံ တုန်တုန်ခိုက်ခိုက် လက်၌တောင်ဝှေး စွဲကိုင်သော အဘိုးအိုယောင် အသွင်ဆောင်စေပြီးလျှင် အလောင်းတော်အား ပြကြလေ၏၊ အလောင်းတော်မှာ လူအိုကို မြင်ရလျှင် ရင်ဝကိုအသာဖိ၍ မချိအောင် ဖြစ်ပြီးကာ ရထားထိန်းကို မေးသည်မှာ "အမောင် ရထားထိန်း တောင်ယိမ်း မြောက်ယိုင် ကိုယ့်ကိုယ်မှ ကိုယ်မသယ်နိုင်ဘဲ လက်ကိုင်တောင်ဝှေးနှင့် တဖြည်းဖြည်း သွားနေသောသူကား အဘယ်လိုလူပါနည်း"ဟု မေးမြန်းတော်မူလေ၏။

ထိုအခါ ရထားထိန်းက "အရှင်မင်းသား-ဤသူကား အခြားမဟုတ်၊ ဒုတ်တောင်ဝှေးကို အဖော်ပြု၍ ပျော်မှု ပါးမူမှ စိတ်မကူးနိုင်ဘဲ တယိုင်ယိုင်နေရှာသော လူအိုကြီးပါဘုရား"ဟု လျှောက်ထားလေလျှင် "ငါတို့မှာလည်း ဤလူအိုကြီးလို အိုကြရအုံးမလား"ဟု စကားနောက်ထပ် မေးအပ်သည်ရှိသော် "မှန်လှပါ အရှင်မင်းသားနှင့် ကျွန်တော်မျိုးတို့မှာလည်း ဤအဘိုးအိုကဲ့သို့ အရိုးကိုမျှ မသယ်နိုင်သော အဖြစ်သို့ တထစ်ချ ရောက်ကြရမည် အမှန်ပါဘုရား" ဟု လျှောက်ထားလေ၏၊ "အင်း- ယခုလိုဖြစ်ပါလျှင် ဤတွင်ပင် စခန်းသတ်၍ နန်းရပ်သို့ ပြန်တော့မည်၊ ရထားကို နောက်ဆုတ်ပြီး ခပ်သုတ်သုတ်မောင်းပေတော့"ဟု မိန့်ကြားကာ နန်းတော်သို့ ပြန်သွားရှာလေသတည်း။

စကြာမင်း၏စည်းစိမ်ကို မြိန်မြိန်ကြီးရှုလိုသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လူအိုကိုမြင်ရသော သားတော်မြတ်အား သံဝေဂဓာတ် ပူးဝင်၍ အထူးပင် ငြီးငွေ့နေကြောင်းကို သိတော်မူရသောအခါ ယူဇနာဝက်အတွင်းဝယ် လူအိုတွေကို နှင်ပယ်၍ စင်ကြယ်အောင်ပြုပြီးလျှင် ပုထုဇဉ်တို့၏ အကြိုက်

အာရုံ အသိုက်အအုံဖြစ်သော ကာမဂုဏ်တွေကို စုံသည်ထက်စုံအောင် အဖုံဖုံစီမံပြီးကာ "စကြာလောင်း ငါ့သားသည် ဝဝကြီး ခံစားစေသတည်း"ဟု အမိန့်တော် အာဏာဖြင့် ပါဝါကုန် လွှဲတော်မူလေသတည်း။

လေးလမြောက်သော နောက်တနေ့

ခမည်းတော်ကြီး ဖန်တီးစီမံ၍ ပေးသော ပုထုဇဉ်တို့၏ အကြိုက် ကာမဂုဏ်အသိုက်ပေါ်တွင် ပျော်ပျော်ကြီး ခံစားပြီးနောက် လေးလမြောက်သောနေ့တွင် ရှေးအစီအစဉ်အတိုင်း ဥယျာဉ်တော် ပျော်ခန်းသို့ ကြွမြန်းတော် မူပြန်သောအခါ အိပ်ရာမှာ လိမ့်လူး၍ ကျင်ကြီး,ကျင်ငယ်တို့ဖြင့် ပေကျံကာ ပြင်းထန်စွာသော အနာဖြင့် တညည်းညည်း တညူညူ အသည်းအူလန်မျှ အော်ဟစ်နေရရှာသော လူနာကို မြင်လေသော် သွေးဖျန်းဖျန်းဆူမတတ် သံဝေဂဉာဏ် အပူခတ်တို့မှာ အူပြတ်၍ပင် သွားမလောက် အကြောက်သွေးမွှန်ကာ "ပဋိသန္ဓေတည်နေရခြင်းသည် လွန်မင်းစွာ စက်ဆုပ်ဘွယ်ပါတကား"ဟု တရားဘက်စိတ်သန်၍ ထိုနေရာမှပင် ပြန်လာလေသတည်း၊ ခမည်းတော်ကြီးမှာ သားတော်၏ အကြောင်းအရာကို ကောင်းစွာသိလေလျှင် သုံးဂါဝုတ်အတွင်း လူနာတွေကို ပယ်ရှင်းပြီးသော် မင်းသမီးအဖော် အပေါင်းတွေကိုသာ ပျော်ကြောင်းပျော်ရာ တိုးကာ စီမံလေသတည်း။

နောက်ထပ်တဖန် တွေ့မြင်ပြန်သည်မှာ

ကာမဂုဏ်တည်းဟူသော ခေတ်စာကို နှတ်ရွှာနှင့်မခြား ခံစားစံစား၍နေစဉ် နေ့ရက်ပေါင်းများစွာကို အချိန်နာရီက စားလာ၍ တရားမှာ ပျောက်မလောက် လေးလကျော်မြောက်သော နောက်တနေ့၌ ဥယျာဉ်တော်တွင် ရှေးယခင်ကဲ့သို့ မွေ့ရှင်လိုသော အာသာသည် ဖြစ်ပေါ်လာပြန်သောအခါ ရထားထိန်းကိုခေါ်ကာ ရထားယာဉ်စီး၍ ဥယျာဉ်ကြီးသို့ ထွက်ပြန်လေသော် လူသေကို မြင်ရလျှင် ယခင်က စိတ်အနေကဲ့သို့ ပဋိသန္ဓေနေခြင်းကို လွန်မင်းစွာ ရှံမုန်းလျက် ညှန်တုံးညွန်ဗွက်ပမာ စက်ဆုပ်ကာဖြင့် ထိုနေရာမှပင် လှည့်ထွက်၍ နန်းတော်ဘက်သို့ ပြန်လေ၏၊ ခမည်းတော်ကြီးကလည်း ရှေးနည်းတူစွာ "တယူဇနာ မြေအတွင်းဝယ် သေခြင်း ဆိုသောစကားကိုမျှ မကြားစေရ"ဟု ပလ္လင်တော် မှန်နန်းစမုခ်မှ

ပြန်တမ်းတော် ထုတ်ပြီးလျှင် သားတော်၏ အရေး အပျော်ဆေး တို့ကိုသာ ရွေးချယ်ကာ ကြဉ်းဆောင်၍ မပျင်းအောင် ပြုတော်မူလေသတည်း။

အချိန်စေ့သော နောက်ဆုံးနေ့

သူအို, သူနာ, သူသေ စိတ်သံဝေ ဖြစ်ကြောင်းကို ကောင်းစွာမြင်ပြီး၍ လူ့ထီးမကိုင်ရှ ဘုံသုံးတိုက်သရဖူ ဖြစ်တော်မူလတ္တံ့သော အလောင်းတော် သိဒ္ဓတ္ထမင်းသားမှာ စဉ်းစားမိသမျှသော သံဝေဂဉာဏ် အငွေ့အသက်တို့သည် နေ့ရက်ရှည်ကြာ လေးလမျှကြာလတ်သော် တဖျော့ခတ် မျိုးမပျက်၍ အခိုး ထွက်လာပြန်သောကြောင့် "ရထားထိန်းလုလင်ကို ယခုပင် ဥယျာဉ်တော်သို့ သွားမည်"ဟု ရထားကိုပြင်ခိုင်းလျက် နန်းတော်မှထွက်ကြွလေလျှင် ရဟန်း ကို တွေ့မြင်ပြန်လေ၏၊ ထိုအခါ ရထားထိန်းကိုခေါ်ကာ "အို-အမောင်ရထားထိန်း ဦးခေါင်း ဦးပြည်း ခေါင်းတုံးကြီးနှင့် ဝတ်နည်းဝတ်ပုံကလည်း အလုံးစုံသော သူတို့နှင့်မတူ အမူအသွင် တမျိုးပြောင်းသော ဤသူကား အဘယ်လိုလူစား ခေါ်ပါသနည်း"ဟု မေးလေလျှင် ရထားထိန်းသည် ဘုရားပွင့်တော်မူရာ အခါ မဟုတ်သေး၍ ရဟန်း၏ဂုဏ်ကျေးဇူးကို အထူးမသိသော်လည်း နတ်တို့၏အာနု ဘော်တန်ခိုးအားဖြင့် "အို အရှင်မင်းသား ဤပုဂ္ဂိုလ်သည်ကား ဖန်ဝါသက်န်းကို ဆင်မြန်းဝတ်ရုံပြီး လူ့ဘုံကို မုန်းတီး၍ ဘုန်းကြီးလုပ်သော သူပါတည်း၊ ဤသို့ သော ဘုန်းကြီးရဟန်းအဖြစ်နှင့် အပြစ်ဖြစ်အံ့သော အကုသိုလ်ကို ရှောင်ခွါကာ ကုသိုလ်တရားကိုသာ ပွားများအားထုတ်ခြင်းသည် လွန်မင်းစွာ ကောင်းလှပါ ပေ၏၊ သတ္တဝါအများအား သနားညှာတာ ကရုဏာတွဲဘက်၍ မနှိပ်စက်မညှဉ်း ဆဲခြင်းသည်လည်း အလွန်ကောင်းမြတ်သော တရားကြီးပါတည်း"ဟု လျှောက် ထားလေလျှင် ရဟန်းတော်ရှိရာသို့ ရထားကိုမောင်းစေပြီးသော် ရဟန်းတော်၏ အနီးသို့ ရောက်လေလျှင် ရှင်ရဟန်းကို စုံစမ်းမေးမြန်းသောအခါ လွန်စွာပင် သဘောတော်ကြည်နူး၍ "ဤအရှင်ရဟန်းကဲ့သို့ ငါသည်လည်း မချွတ်ကေန် အမြန်ရဟန်း ပြုတော့အံ့"ဟု စိတ်နှလုံး ဒုံးဒုံးချပြီးလျှင် ဥယျာဉ်တော်ဘက်သို့ ရထားကိုထွက်စေ၍ ဤတနေ့ဘို့အတွက် ဥယျာဉ်တော်အတွင်းမှာပင် မပျင်းရာ မပျင်းကြောင်း အကကောင်းသော အပျိုကညာ, အဆိုသာသော မိန်းမငယ်, အတီးလယ်သော အဖူးအညွန့်တို့နှင့်သာ မြူးကွန့်ပျော်ပါး၍ နေတော်မူလေ၏။

ဝိသုကြုံနတ်သားသည် နတ်ဝတ် တန်ဆာတို့ဖြင့် အလောင်းတော်အား ဆင်မြန်းခြင်း

ညနေချမ်း ရွှေနန်းတော်ပြန်ခါနီး မင်္ဂလာရေကန်ကြီးတွင် ရေချိုးပြီး၍ မင်္ဂလာရှိသော ကျောက်ဖျာအပြင်၌ ထိုင်ကာ အဝတ်တန်ဆာကို ဝတ်ဆင်လိုသော အာသာသည် ဖြစ်ပေါ်၍ လာသတ်သော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြ၍ ကိစ္စကို သိလေလျှင် ဝိသုကြုံ နတ်သားကို ခေါ်ကာ "အမောင်ဝိသုကြုံနတ်သား ဘုရားအလောင်း သိဒ္ဓတ္ထ မင်းသားမှာ အဝတ်တန်ဆာကို ဆင်မြန်းလိုသော အာသာ ဖြစ်နေပေသည်၊ ယနေ့ညပင် တောထွက်တော်မူမည် ဖြစ်၍ နောက်ဆုံး တန်ဆာဆင်မှုကို သင် ယခု ပြုပါလေ"ဟု ချီပြောသောယာ ခိုင်းစေသောအခါ ဝိသုကြုံနတ်သားသည် လည်း သိကြားမင်း၏ အမိန့်တော်အတိုင်း မဆိုင်းမကြာ ဘုရားအလောင်းထံ လာပြီးလျှင် ဆေတ္တာသည်သဏ္ဌာန် ပုံဟန်ဆောင်၍ တင့်တယ် လှပအောင် တန်ဆာဆင်ပြီးကာ မိမိနေရာ တာဝတိံသာသို့ ပြန်လေ၏။

ရာဟုလာမင်းသား ဖွားမြင်တော်မူခြင်း

သက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလဆန်း ၁၅-ရက် တနင်္လာနေ့ဝယ် အလောင်း တော်သည် ဥယျာဉ်တော်သို့ ထွက်တော်မူစဉ် မိဖုယားခေါင်ကြီး ဖြစ်သော ယသော်ဒေဝီသည် သားတော်ကလေးကို မီးရှူးသန့်စင် ဘွားမြင်တော်မူ လေ၏၊ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ချွေးမတော်အား သားတော်တပါး ဘွားမြင်တော်မူကြောင်းကို ကြားသိရ၍ "ငါ့သားတော် သိဒ္ဓတ်မင်းသားအား နှစ်သက်ဘွယ်ရာကောင်းသော အကြောင်း မင်္ဂလာကို တင်လျှောက်ပြုလေကြ"ဟု မိန့်ဟတော်မူသော အခါ သံတမန်တို့သည် အလောင်းတော်ထံသို့ အမြန် သွားကြ၍"သားကောင်းရတနာတပါး ထွန်းကားတော်မူကြောင်းပါဘုရား"ဟု လျှောက်ထား သံတော်ဦးတင်ကြလေ၏၊ အလောင်းတော် မင်းသားသည် ထို စကားကို ကြားလေလျှင် "သော်တာယုန်စန်းကို ရာဟုအသူရိန် ဖမ်းသကဲ့သို့ မရှောင်မလွှဲ့သာသော အနှောင်အဖွဲ့ကြီးပါတကား"ဟု မိန့်ကြားတော်မူလေ၏၊ ယင်းစကားကို ခမည်းတော်ကြီးကြားသိ၍"ငါ့မြေးတော်ကို သူ့ခမည်းတော်၏

စကားအရ ရာဟုလာ ဟု ခေါ်ကြစေ"ဟု မြေးတော်၏ အမည်ကို မှည့်တော်မူလေ၏။

အလောင်းတော် မင်းသားသည် ယာဉ်ရထားကိုစီးကာ မင်္ဂလာရှိသော အခြွေအရံ အသင်းအပင်းတို့ဖြင့် မြို့တွင်းသို့ဝင်လာရာ **ကိသာဂေါတမီ** မည်သော မင်းသမီးသည် အလောင်းတော်၏ ကြက်သရေကို ရွှေနန်းတော် ပေါ်မှ ရှုမြော်လေရာ သော်တာယုန်ရေးကဲ့သို့ ရှုမြင်သူ ငေးလောက်အောင် အတွေး ရောက်ကာ မြင်ရခလသော် အောက်ပါဂါထာဖြင့် မင်္ဂလာစကားကို မြွက်ကြား ချီးကျူးလေ၏။

ကိသာဂေါတမီ၏ ချီးကျူးသံ

နိဗ္ဗုတာ နူန သာ မာတာ၊
နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊
ယဿာယံ ဤဒိသော ပတိ။

အနက်ကား– ယဿာ မာတုယာ၊ မြင်းမိုရ်ထွဋ်ဦး ကျေးဇူးကြီးရှင် အကြင် မွေးသမိခင်အား။ ဤဒိသော၊ နတ်တို့၏ ကြက်သရေလို လက်လက်ဝေ ထိန် ပြောင်၍ စိန်တောင်လေလား ယုံမှားတွေးတော ဤသို့ သဘောရှိသော။ အယံ အသဒိသပုတ္တော၊ မတူမတန် လူသာမန်တို့ တော်လှန်ဘို့ဝေး ကြံတွေး မဝံ့ အညွန့်အဖူး ဤယခုလို သားထူး သားမြတ်သည်။ အတ္ထိ၊ အမြင်အားဖြင့် ထင်ရှားရှိပေ၏။ သာ မာတာ၊ ထိုသားကောင်းအရှင် မွေးမိခင်သည်။ နိဗ္ဗုတာ နူန၊ ကိုယ့်စိတ်မနွမ်း ဘေးမသန်းဘဲ အေးချမ်းပေစွတကား။ ယဿ ပိတုနော၊ ကောင်းကင်အဇဋ္ဌာ ပမာချီးကျူး ကျေးဇူးပြန့်လွှင် အကြင်မွေးသဘခင်အား။ ဤဒိသော၊ နတ်တို့၏ ကြက်သရေလို လက်လက်ဝေ ထိန်ပြောင်၍ စိန်တောင် လေလား ယုံမှားတွေးတော ဤသို့သဘောရှိသော။ အယံ အသဒိသပုတ္တော၊ မတူမတန် လူသာမန်တို့ တော်လှန်ဘို့ဝေး ကြံတွေးမဝံ့ အညွန့်အဖူး ဤယခုလို သားထူးသားမြတ်သည်။ အတ္ထိ၊ အမြင်အားဖြင့် ထင်ရှားရှိပေ၏။ သော ပိတာ၊ ထိုသားကောင်းအရှင် မွေးဘခင်သည်။ နိဗ္ဗုတော နူန၊ ကိုယ့် စိတ်မနွမ်း

ဘေးမသန်းဘဲ အေးချမ်းပေစွတကား။ ယသော နာရိယာ၊ လုပ်ကျွေးခစား အနားမှီဆွယ် အကြင်ဇနီးသယ်အား။ ဤဒိသော၊ နတ်တို့၏ ကြက်သရေလို လက်လက်ဝေ ထိန်ပြောင်၍ စိန်တောင်လေလား ယုံမှားတွေးတော ဤသို့ သဘောရှိသော။ အယံ ပတိ၊ လပြည့်စန်းယုန် ပန်းပဒုံသို့ နန်းဂုဏ်မြောက်စား ဤလင်ယောကျ်ားမျိုးသည်။ အတ္တိ၊အမြင်အားဖြင့် ထင်ရှားရှိပေ၏။သာ နာရီ၊ လင်သားကောင်းနှင့် ပေါင်းခွင့်ကြုံရ ထိုမိန်းမသည်။ နိဗ္ဗုတာ နူန၊ ကိုယ်,စိတ် မနွမ်း ဘေးမသန်းဘဲ အေးချမ်းပေစွတကား။

နိဗ္ဗုတ ဟူသော ကိသာဂေါတမီ မင်းသမီး၏ ချီးကျူးသံ စကားကို အလောင်းတော် ကြားလေလျှင် "ဤစကားသည် ကောင်းသောအတိတ် နိမိတ် ဩဘာ မင်္ဂလာရှိသော စကားပေတည်း"ဟု ဝမ်းအမြောက်ကြီး မြောက်တော်မူ၍ လည်ပင်း၌ ဆွဲထားသော တသိန်းတန် ပုလဲကုံးကို ဆရာစားအနေ မင်းသမီးအား ပေးစေလေ၏၊ ကိသာဂေါတမီမှာ လောကီ လူအများတို့၏ အတွေးမျိုးဖြင့် ပေးရိုးပေးစဉ် မဟုတ်သော ဤပုလဲကုံးကို ပေးလိုက်ခြင်းသည် သိဒ္ဓတ္ထမင်းသားသည် ငါ့အပေါ်၌ ချစ်ခင်သော ရမ္မက်မာန်ဖြင့် ဆက်ဆံလိုသော အရေးကြောင့် ပေးခြင်းမျှ ဖြစ်ပေရာ၏ဟု တွေးတောကာ လွန်စွာဝမ်းမြောက်၍ နေလေ၏။

အလောင်းတော်သည် သံဝေဂဉာဏ်သက်၍ တောထွက်တော်မူခြင်း

ဘုရားအညွန့်ဖြစ်သော သိဒ္ဓတ္ထမင်းသားသည် ဝတ်စားဆင်ယင်လာသည့် မင်္ဂလာရှိသော နတ်ဝတ်တန်ဆာတို့ဖြင့် နန်းမဟာသို့ ဝင်ပြီးလျှင် ကောင်းမြတ်သော ဘောဇဉ်တို့ကို သုံးဆောင်တော်မူ၍ ကြက်သရေရှိသော တိုက်ခန်းသို့ ကြွမြန်းကာ အိပ်ရာတွင်ဝင်၍ အိပ်စက်တော်မူလေ၏၊ နတ်သမီးတို့ကဲ့သို့ ညီးညီး ပြောင်ပြောင် လောင်လုဘနန်း အဆန်းတကြယ် အသွယ်သွယ်ပြုပြင်၍ သူ့ထက် ငါနုယဉ်အောင် တန်ဆာဆင်ထားကြကုန်သော ကချေသည် အပျိုတော်တို့သည် တူရိယာငါးမျိုးကို ယူကာ လာကြကုန်ပြီးသော် တီးသူကတီး, ဆိုသူကဆို, ကသူက က, အံလျှည့်ကျ ဖြေဖျော်၍ အလောင်းတော်ကို ဝန်းရံကာ ခစား ကြကုန်၏။

မြမတော် ကသာဂေါတမီအား တသိန်းတန် ပုလဲကုံးကို ဆုရာစားအနေ ပေးပို့တော်မူစေခြင်း။

ထိုအချိန်အတွင်း * သမ္မဇဥ္စတရား စိတ်ဖြာ၍ အိပ်ရာတွင် လျောင်းသော အလောင်းတော်သည် အိပ်ပျော်ခြင်းသို့ ရောက်တော်မူလေရာ အပျိုကညာ မောင်းမပေါင်း များစွာတို့သည် "ငါတို့ကား အရှင့်သားအတွက် ပျော်တော် ဆက်နေရာ အရှင့်သားကား အိပ်ပျော်၍သွားချေပြီ၊ ထိုသူ့အတွက် ပြုလုပ်သော အချက်သည် ထိုသူအိပ်ပျော်နေချေက အချည်းနှီး အလဟဿသာတည်း"ဟု အောက်မေ့စဉ်းစားကြပြီးလျှင် အသီးအသီး အိပ်ကြကုန်သတည်း။

အလောင်းတော်သည် သန်းခေါင်ယာမ် ချိန်အခါ၌ နိုးတော်မူလာသော် နန်းတော်ကြီးအပေါ်တွင် အိပ်ပျော်၍နေကြသော မင်းမောင်းမ အပေါင်းတို့၏ နှာခေါင်းရှုပ်စရာ အခြေအနေ စက်ဆုပ်စရာတွေကို မြင်ရသောအခါ ရင်မ,ကာ နှလုံးပြု၍ "လောကကြီးသည် မျက်စိကိုမှိတ် နှာခေါင်းကိုပိတ်၍ စိတ်မသန့် ဘွယ်ရာ စက်ဆုပ်စရာ ကြီးပါတကား"ဟု မိန့်ကြားတော်မူပြီးလျှင် တံခါးခုံကို မှီကာ အိပ်ပျော်၍ နေရှာသော ကျွန်ယုံတော် † မောင်ဆန်ကို အသံတိုးတိုးဖြင့် အသာအယာနှိုး၍ ပြောသည်မှာ "ငါ၏ ကျွန်တော်ရင်း မောင်ဆန် ယခု သန်းခေါင်ယာမ်မှာပင် မြင်းတော်ကို ပြင်ဆင်ပါ၊ ငါမင်းသား သင့် သခင်သည် ယခုပင် တောထွက်တော်မူမည်"ဟု မိန့်တော်မူလေ၏၊ မောင်ဆန်သည် သခင်၏ အမိန့်စကားအတိုင်း မဆိုင်းသုတ်သုတ် မြင်းတင်းကုပ်သို့သွားကာ အလျား တဆယ့်ရှစ်တောင်ရှိ၍ ခွန်အားဗလနှင့် ပြည့်စုံသော + ကဏ္ဍကမြင်းကို ကကြိုး တန်ဆာတို့ဖြင့် လှပစွာ ဆင်မြန်းလေ၏၊ ၎င်းကဏ္ဍကမြင်းသည်ကား ပွတ်သစ်စ ခရုသင်းအသေွးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ကိုယ်အဆင်းဖြင့် တဝင်းဝင်း တောက်ပ၍ လွန်စွာအချိုးကြပြီးလျှင် အလှကြီးလှလေ၏၊ ကဏ္ဍကမြင်းသည် ကား မိမိကို ကကြိုးတန်ဆာ ဆင်ယင်သော အခါဝယ် ခါတိုင်းနှင့်မတူ အမူ တမျိုးကြောင့်"ငါ၏သခင် သိဒ္ဓတ္ထလောင်းရှင်သည် တောခွင်သို့ ထွက်လတ္တံ့" ဟု သိ၍ ကြီးစွာသောဟီသံကို တပြည်လုံး ညံမတတ် ပြုလေ၏၊ သို့သော်လည်း နတ်တို့၏ တန်ခိုးအားဖြင့် မည်သူမျှမကြားချေ၊ မြင်းတော်ကို ပြင်ဆင်ပြီးသော် မောင်ဆန်သည် အလောင်းတော်ကိုသာ မြှော်လင့်စောင့်စားကာ နေလေတော့ သတည်း။

---

* အပြားအားဖြင့် သိတတ်သောဉာဏ်နှင့် ယှဉ်သောတရား။ † ဘုရားဘက်တော် တဦးဖြစ်သော ဆန္နအမတ်။ + ဘုရားဘက်တော် ခုနစ်ပါးတွင် တပါးအပါအဝင်ဖြစ်သော စီးတော်မြင်း။

ယသောဓရာအခန်းသို့ ကြွလှမ်းတော်မူခြင်း

"သားတော်ကလေးမွေးဘွားသည်"ဟူသော စကားလောက်ကိုသာကြားရသော်လည်း ကိုယ်တော်တိုင် မမြင်ရသေးသည့်အတွက် မြင်ချင်လှသော ဆန္ဒသည် အားကြီးလှသည်ဖြစ်၍ ယသောဓရာ စံမြန်းသော မှန်နန်းသို့ ကြွလှမ်းတော်မူကာ တံခါးခုံပေါ်တွင် ငုံ့ရပ်၍ ကြည့်လေလျှင် မြတ်လေး, ကြက်ရုံး, ဇမုန်း, ခတ္တာ စသော ပန်းမျာ·စွာတို့ဖြင့် ခင်းထားအပ်သော အိပ်ရာပေါ်၌ သားတော်ကို လက်တင်၍ မျက်ရှင်ပတ္တမြားတုံးကဲ့သို့ ခပ်ပြုံးပြုံး မျက်နှာတော်ဖြင့် စက်တော်ခေါ်နေကြသည်ကို မြင်လေသော် ယသောဓရာ၏ ရင်ခွင်မှ သားတော်ကိုဝင်လု၍ ဖက်ယမ်းနမ်းရှုပ်ပြုလုပ်ချင်ပါသော်လည်း "ယသောဓရာ၏ လက်ကို ရှားဖယ်၍ သားငယ်ကို ယူပါက ယသောဓရာ နိုးချေရာ၏၊ ယသောဓရာနိုးလာလျှင် တောထွက်မည့်မှန်းချက်သည် မုချပျက်ချေတော့မည်၊ ဘုရားဖြစ်ချင်လျှင် သားချစ်၍ မနေနှင့်တော့၊ မယားနှင့် သားပစ်မှ ဘုရားဖြစ်ပေလိမ့်မည်၊ ယခုအခါမှာ အောင့်အည်း၍ နောင် ဘုရားဖြစ်ပြီးသော အခါမှသာ သားရတနာကို ဝဝကြီး ရှုစားပါတော့"ဟု ဘုရားအဖြစ်နှင့် သားအချစ်တွင် တရားစစ်ကူပြီးသော် ခြေတော်ကိုရုပ်၍ ဆုတ်တော်မူခဲ့ပြီး ကဏ္ဍကမြင်းအနီးသို့သွားကာ "အို-ချစ်သား ကဏ္ဍက ယနေ့ည မောင့်သခင်ကို စိတ်ရှင်, ကိုယ်ရှင်နှင့် တောခွင်မြိုင်အောက် အရောက် အားတင်း၍ ဆောင်ကြဉ်းပါ၊ မောင့်ကို မှီ၍ သဗ္ဗညုတ ဘုရားဖြစ်ပြီးလျှင် လူ, နတ်, ဗြဟ္မာ သတ္တဝါ ဒုက္ခိတတွေကို သံသရာဝဋ္ဋဗေ့မှ ကျွတ်လွတ်စေ ရည်မှန်း၍ ရှင်လန်းစွာ ပြုတော့မည်"ဟု သာကြည်စွာ မိန့်တော်မူ၍ ကဏ္ဍကမြင်း၏ ကျောပေါ်သို့ ခုန်ကျော်ကာ တက်စီးလေသတည်း။

မာရ်နတ်၏ အနှောက်အရှက် ကန့်ကွက်လာပုံ

အလောင်းတော်မြတ်သည် ကဏ္ဍကမြင်းကိုတက်စီး၍ မြင်းမြီးကို မောင်ဆန်အား ဆွဲစေပြီးလျှင် တဟုန်တည်း ထွက်လာရာ နတ်အများတို့သည် စောင့်ရှောက်ကြကုန်၏၊ **စောင့်ရှောက်ပုံကား** ကဏ္ဍကမြင်းကြီးသည် ထန်ပြင်းစွာ **မြည်ဟည်း**သော် စည်ကြီးသဘွယ် မြည်၍ တပြည်လုံးသိကုန်ရာ၏၊ အားခွန်ဗလကောင်းသော မြင်းကြီး၏ ပြေးသောခွါသံကို ကြားရလျှင် နားဝတွင် သတင်း



သိဒ္ဓတ္ထမင်းသားသည် တောထွက်မည့်ဆဲဆဲ ရင်သွေးတော် ရာဟုလာကို ရှုစားတော်မူခဏ်း။

ပေးသကဲ့သို့ အလုံးစုံသော သူတို့မှာ နိုးကုန်ရာ၏၊ သို့ကြောင့် မြင်းဟီသံနှင့် ခွါသံကို လူအများ မကြားရအောင် တားကြ ဆီးကြသောအနေ မြင်းဟီ သံကို တန်ခိုးဖြင့် ပျောက်စေ၍ မြင်းခွါသံကိုကား မကြားရလေအောင် နတ်တို့၏ လက်ဖြင့် ခြေကျရာ၌ အသင့် ခံလင့်ကြကုန်၏။

ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည်လည်း သားတော်၏ တောထွက်မည့် အခြင်းအရာကို ကောင်းစွာ သိမြင်တော်မူ၍ အမှတ်တမဲ့ ထွက်တော်မမူနိုင်ရန် မြို့ရိုးတံခါးကြီး နှစ်ချပ်ကို တချပ်လျှင် ဗိုလ်ခြေတထောင်ဖွင့်မှသာ ပွင့်နိုင်သော အခြေဆိုက်အောင် စီမံတော်မူပြီးလျှင် တံခါးစောင့်တို့ကိုလည်း များစွာ ထား တော်မူလေ၏၊ သို့သော်လည်း တံခါးရွက်ကြီးများမှာ နတ်တို့က ကြိုတင်၍ ဖွင့်ထားသဖြင့် အဆင်သင့်ပင် ပွင့်နေကြကုန်၏။

ဝသဝတ္တီ နတ်ပြည်ပိုင်စိုး၍ **အမိုက်အိုးထိပ်သီး** ဟု တံဆိပ်ကြီးရပေသော မာရ်နတ်သားသည် ဘုရားအလောင်း တောထွက်သွား၍ ဘုရားဖြစ်မည့် အရေး ကို တွေ့ မိတိုင်း ရင်ပူကာ ရန်သူပမာ စိတ်ထားလျက် "သိဒ္ဓတ္ထမင်းသားကို နန်းတော်သို့ ပြန်သွားစေအံ့"ဟု ကြံပြီးလျှင် ကောင်းကင်ပြင်တွင် ရပ်တန့်၍ လက်ကိုဆန့်တားကာ "အရှင်မင်းသား - အဘယ့်ကြောင့် တောထဲသွားပြီး အစားငတ်,အသောက်ငတ်နှင့် မလျောက်ပတ်သောနေခြင်းကို လွန်လွန်မင်းမင်း ကြီး အာသာရှိနေပါသနည်း၊ ဤယနေ့က ကျော်မြောက်လို့ ခုနစ်ရက်လောက် မှာပင် စကြာရတနာကြီးဆိုက်ရောက်ကာ လာပါလိမ့်မည်၊ လူ့ဘဝစည်းစိမ်မှာ တင်းတိမ်ခြင်း မရှိနိုင်အောင် အဓိပတိကောင်းတဲ့ ချမ်းသာကြီးကို ရှောင်ရှားပြီး မသွားပါလေနှင့်၊မြင်းတော်ကိုဇက်သတ်ပြီး ရက်တပတ်လောက်ကလေးစောင့်ရန် နန်းတော်သို့ပြန်တော်မူပါ၊ ဒိဋ္ဌကေန် စည်းစိမ်ကြီး စံရပါလိမ့်မည်"ဟု တားမြစ် လေလျှင် ရွှေဘဝင် ကြောက်သွေးနှင့် ထောက်တွေးငဲ့ကွက် စည်းစိမ်ကိုမမက်ဘဲ တောထွက်တော်မူလာသော ရာဇာသိဒ္ဓတ် လောင်းတော်မြတ်သည် မြင်းကိုရပ်၍ ခတ်ဆတ်ဆတ်နှုတ်သံဖြင့် "ငါ၏ ကောင်းမြတ်သော အလုပ်ကို ဝင်ရှုပ်ဖျက်ဆီး သူကား အဘယ်သူနည်း"ဟု မေးလေလျှင် "ကျွန်ုပ်သည် ဝသဝတ္တီ နယ်ခရိုင်ကို အပိုင်စားသော မာရ်နတ်သားတည်း"ဟု ပြောကြားလေသော် "အရေးအကြီး ဆုံးသော ဤအချိန်မှာ စည်းစိမ်နှင့် ဖြားယောင်း၍ စကားကောင်းလိုလိုနှုတ်ချို

လေသွားဖြင့် တဘက်သား အကြံပျက်အောင် နှောက်ရှက် ဖျက်ဆီးလာသော သင်သည်ကား ယခုပင်ရှောင်ရှား၍ အမြန်ပင် ထွက်သွားပါ၊ ငကြွာရတနာ ဆိုက်မည့် အကြောင်းကို ငါကောင်းကောင်း သိပြီးသား ဖြစ်ချေသည်၊ မင်းစည်းစိမ်ကို တညီးညီး ထိန်တောက်သော မီးကဲ့သို့ အကြောက်ကြီးကြောက် လှပေသည်၊ငါသည် လောကဓာတ်တသောင်းကို ရိုက်ညောင်း ဆော်ဟည်းပဲ့တင် တီးပြီးလျှင် လူ့ထီးမကိုင်ဋ္ဌ ဦးတိုက်ကြရာဖြစ်သော သုံးလူ့ထွတ်ထား ဘုရား အဖြစ်သို့ ရောက်လေအောင် အားသစ်၍ ကျင့်မည်ကေန် တကယ်အမှန်ပေ တည်း”ဟု မိန့်တော်မူလေလျှင် မာရ်နတ်ကြီးသည် ထိုအရပ်မှာပင် ကွယ်ပျောက် ၍ သွားလေတော့သတည်း။

ထီးနန်းရိုး ငြိမ် လောကီစည်းစိမ်ကို မမြိန်သောစိတ်ဖြင့် ငဲ့ကွက်တော်မမူဘဲ သာ ထွက်တော်မူလာရာ ကပိလဝတ် မြို့တော်နှင့် အတန်ငယ် ကွာသော အရပ် သို့ ရောက်လေလျှင် ဥက္ကာမုခ ငသော အာဠ်စ္စဂိုဏ်းဝင် မင်းမျိုးအစဉ်တို့၏ စံနေတော်မူရာ မဟာကပိလပြည်ကို ပြန်လည်၍ ကြည့်တော်မူလိုသော ဆန္ဒ အာသာ ဖြစ်ပေါ်လာစဉ် “အလောင်းတော်မြတ် ရွှေလည်တိုင် ပြန်လှည့်၍ ကြည့်ရှုတော်မူဘွယ် မရှိပါပြီ၊ လှည့်လည်၍ပြတော့အံ့”ဟူဘိသကဲ့သို့ အလောင်း တော်၏ ရှေ့တော်မှောက် မြင်လောက်အောင်ပင် အိုးထိန်းစက်သဘွယ် လှည့် လည်၍ ရွှေပြည်တော်မြတ် တည်လာလတ်၏။ (နေခင်သောအခါ ထိုနေရာ၌ ကဏ္ဍကနိဝတ္တနစေတီ တည်လေသတည်း။)

အနောမာသောင်ကမ်း၌ ရဟန်းပြုတော်မူခြင်း

နတ်အပေါင်းတို့သည် အလောင်းတော်၏ ရှေ့, နောက်, ဝဲ, ယာ အရပ်လေး မျက်နှာတို့တွင် ခြောက်သောင်းသော မီးရှူးမီးတိုင်တို့ကို ကိုယ်စီကိုင်ကာ လိုက် ပါကြကုန်၏၊ အချို့သော နတ်အပေါင်းတို့သည်ကား ပန်းအမျိုးမျိုး အခိုးအထုံ စုံလင်စွာတို့ဖြင့် တဖွဲဖွဲ ကြဲမြှောက်ကာ အမြဲနောက်က ပါကြကုန်၏၊ တံခွန်, ကုက္ကား, မုလေးပွားတို့ဖြင့်လည်း ပူဇော်ပသကြကုန်လျက် တူရိယာငါးပါးတို့ ဖြင့်လည်း တခြိမ့်ခြိမ့်မြည်ဟည်းအောင် ခတ်တီးပူဇော်ကြကုန်၏။

ဤကဲ့သို့ နတ်အပေါင်းတို့သည် သောင်းသောင်းဖြဖြ ပူဇော်ကြကုန်လျက် ပင် အလောင်းတော်နှင့် တကွ သုံးဦးသားတို့မှာ တညဥ့်ချင်းဖြင့်သာလျှင်

တောထွက်သာသော အလောင်းတော်အား မာရ်နတ်သား ကန့်ကွက်၍ အနှောက်အယှက်ပြုခဏ်း။

ယူဇနာ သုံးဆယ်ဝေးသော အနောမာ မြစ်ကမ်းသို့ ရောက်ကြလေကုန်၏၊ ထိုအခါ အလောင်းတော်သည် "ငယ်ကျွန်ရင်း မောင်ဆန် ဤ မြစ်ကြီးကား တဒီးဒီးရေဟုန်ဖြင့် အပုံကြီးကျယ်လှပါသည်၊ အဘယ်မြစ်ဟု ခေါ်ပါသနည်း"ဟု မေးလေလျှင် "အရှင့်သား အနောမာမြစ်ဟု ခေါ်ပါသည်ဘုရား"ဟု လျှောက်ထားလေသော် ,အင်း-အလွန်ကောင်းသောနိမိတ် ကောင်းဟိတ်နှင့် ပြည့်စုံ၍ ထုတိဂုဏ်ရှိလှပေသည်၊"မမပဗ္ဗဇ္ဇာ၊ ငါ၏ရဟန်းအဖြစ်သည်။ အနောမာ၊ အပြစ်ကင်း၍သန့်ရှင်းစွာ မယုတ်မာသည်။ ဘဝိဿတိ၊ မချွတ်စင်စစ် ဖြစ်ပေလတ္တံ့"ဟု မိန့်ကြားတော်မူပြီးလျှင် မြင်းကို ဖနောင့်ဖြင့်ခတ်၍ အမှတ်ပေးလိုက်သော-အခါ ကဏ္ဍကမြင်းသည် ရှစ်ဥသဘကျယ်သော အနောမာမြစ်ကြီးကို တဟုန်တည်း ခုန်လိုက်လေ၏၊ အလောင်းတော်နှင့်တကွ မောင်ဆန် ကဏ္ဍက သုံးဦးသားတို့ကား ဟိုမှာဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြကုန်သတည်း။

အလောင်းတော်သည် မြင်း၏ကျောပေါ်မှ ဆင်းတော်မူပြီးလျှင် ပုလဲဥနှင့်တူသော သဲစုသောင်ယံ၌ ရပ်တော်မူကာ "ငယ်ကျွန်တော်မောင်ဆန် မောင်မင်းသည် ငါ၏ အဝတ်တန်ဆာများနှင့်တကွ ကဏ္ဍကမြင်းကိုပါယူကာ ကပိလဝတ်ပြည်တော်သို့ ပြန်ပေတော့၊ ငါသည်ကား ဤအနောမာ သောင်ကမ်း၌ပင် ရဟန်းပြုပေတော့အံ့"ဟု မိန့်တော်မူလေလျှင် ငယ်ကျွန်ရင်း မောင်ဆန်သည် အလောင်းတော်၏ အမိန့်သံကို ကြားရသောအခါ "အရှင့်သား-ကျွန်တော်မျိုးလည်း အရှင်နှင့်မခွါမခွဲ နောက်တော်ပါမြဲလိုသည်ဖြစ်၍ ရဟန်းပြုပါရစေဘုရား" ဟု လျှောက်ထား တောင်းပန်လေ၏၊ ယင်းသို့ သုံးကြိမ် သုံးခါ တောင်းပန်ရှာသော်လည်း သုံးကြိမ် သုံးခါပင် ပယ်လှန်ပြီးလျှင် စကားကို လက်မခံဘဲ "မောင်မင်းသည်ကား ရဟန်းမပြုလေနှင့် ငါပြောသည့်အတိုင်းသာ ပြန်သွားပါချေ"ဟု မိန့်ခွန်းတော်ချွေလေလျှင် နောက်ထပ်တဖန် မည်သို့မျှ စကားတုံ့မပြန်ရဲရှာဘဲ မျက်နှာကိုငုံ၍ ကြုံ့ရုံ့ကာသာ နေရရှာလေတော့၏။

အလောင်းတော်သည် "ရဟန်းတို့အား မလျောက်ပတ်သော ဆံပင်တို့ကို ပယ်အံ့"ဟု မယ်ယသော် ထုံးနှောင်သော ဥဿျောင်တော်ဦးစွန်းကို လက်ဝဲလက်ဖြင့်ကိုင်ကာ မြမြထက်သော သန်လျက်ကို လကျ်ာလက်ဖြင့်ကိုင်၍ တခါတည်း ဖြတ်လိုက်ပြီးလျှင် ဆံတော်များကိုကိုင်၍ "ငါသည် ကေန်စင်စစ် ဘုရားဖြစ်အံ့

ငါ၏ဆံပင်တို့သည် ကောင်းကင်၌ တည်စေသတည်း၊ အကယ်၍ကား ဘုရား မဖြစ်ချေအံ့ မြေ၌ကျစေသတည်း”ဟု အဓိဋ္ဌာန်၍ ကောင်းကင်ယံသို့ ပစ်လိုက် လေသော် ဆံတော်များသည် တယူဇနာ အမြင့်ရောက်အောင်တက်၍ ကောင်း ကင်ထက်၌ တည်နေလေသတည်း။

ဖြတ်ပြီးသော ဆံပင်တို့သည် လက်နှစ်သစ်မျှသာ ကျန်ကုန်၍
မုတ်ဆိတ်,ကြင်စွယ်တို့သည်လည်း“ဆံတော်အားလျော်စွာ”ဤအတိုင်း
သာလျှင် သက်တော်ရှည်သမျှ ကာလပတ်လုံး တည်တော်မူ၏။

အလောင်းတော်၏ဥဿျောင်တော် ကေသာဓာတ်တို့သည် ကောင်းကင်ရပ်၌ တည်လတ်သည်ရှိသော် သိကြားမင်းသည် တယူဇနာရှိသောရတနာပန်းတောင်း ဖြင့် ကောင်းစွာပင့်ယူပြီးလျှင် တာဝတိံသာနတ်ပြည်၌ သုံးယူဇနာ ဉာဏ်တော် ရှိသော **စူဠာမဏိ စေတီတော်** ကို တည်ထားသဖြင့် နတ်အများတို့သည် ညွတ် တွား ကိုးကွယ်ကြရလေသတည်း။

ဃဋီကာရဗြဟ္မာကြီး ကြာသက်န်းကပ်လှူခြင်း

ထို့နောက်တဖန် တွေးကြံမိသော အလောင်းတော်မြတ်သည် “အဘိုးများ စွာထိုက်တန်ကုန်သော ကာသိတိုင်းဖြစ် ငါ၏အဝတ်သစ်တို့ကား ရဟန်းများနှင့် မလျောက်ပတ်ကုန်”ဟု စဉ်းစား ကြံစည်သောအခါ ကဿပဘုရား လက်ထက် တော်ကပင် ကလျာဏမိတ္တဖြစ်ခဲ့ဘူးသော ဃဋီကာရဗြဟ္မာကြီးသည် “ယနေ့ ငါ၏အဆွေတော်သည် လောကီ၌မပျော်မွေ့ဘဲ ငြီးငွေ့တော်မူကာ တောထွက်၍ လာချေပြီ၊အဆွေတော်၏အတွက် ပရိက္ခရာရှစ်ပါးကိုဆက်ပေအံ့”ဟု ကြံစည်ကာ ဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ဆင်းသက်လာ၍ ပရိက္ခရာရှစ်သွယ်ကို လက်ဝယ်ကိုင်ပြီး လျှင် မိတ်ဆွေကြီးဖြစ်သော အလောင်းတော်ထံသွား၍ လေးစားကြည်ဖြူ ကပ် လှူလေ၏၊ အလောင်းတော်သည် ဝမ်းသာကြည်ဖြူစွာ ခံယူတော်မူပြီးသော် အရဟတ္တဖိုလ်၏ တံခွန်အောင်လံဖြစ်သော သင်္ကန်းကို ဝတ်ရုံတော်မူပြီးလျှင် ပုဆိုးအစုံကို ကောင်းကင်သို့ လွှင့်တင် ပစ်မြှောက်လိုက်လေ၏၊ ၎င်းဝတ်လဲတော် ပုဆိုးအစုံကို ဃဋီကာရ ဗြဟ္မာကြီးခံယူ၍ ဗြဟ္မာ့ပြည်သို့ ပင့်ဆောင်ပြီးလျှင် **ဒုဿစေတီ** ဟူသော အမည်ဖြင့် ရတနာအတိပြီး၍ တဆယ့်နှစ်ယူဇနာ ရှိသော စေတီတော်ကြီးကို တည်ကာ အမြတ်တနိုး ကိုးကွယ်ကြလေကုန်သတည်း။



အလောင်းတော်မြတ်သည် အနောမာသောင်ကမ်း၌ ရဟန်းပြုရန် ဥသျှောင်တော်ပယ်ခဏ်း။

အလောင်းတော်သည် ဖန်ဝါသက်န်းကို ဆင်မြန်းတော် မူပြီးလေလျှင် "ငါ၏ကျွန်ယုံတော်ဖြစ်သော မောင်ဆန် ငါ့ထံမှ ငါ့စကားဖြင့် ခမည်းတော်, မယ်တော်များအား ငါ၏ ရောဂါကင်းကြောင်း သတင်းကောင်းစကားတို့ကို လျှောက်ထားပါလေ"ဟု မှာကြားကာ လွှတ်တော်မူလေသော် ကျွန်တော်ရင်း မောင်ဆန်သည်ကား အသဲအဆုတ်တို့ကို ဆွဲထုတ်၍ ပစ်လိုက်သကဲ့သို့ တရှိုက်ရှိုက် ငိုကြွေးကာ ဘုရားအလောင်းတော်ကို လကျ်ာရစ်လည်၍ မကြည်မသာ ရှိခိုး ရှာလျက် ခွါထွက်၍ သွားလေ၏၊ ကဏ္ဍကမြင်းသည်ကား အရှင်,ကျွန်နှစ်ပါးတို့ ၏ ပြောနေကြသော စကားကို ကြားစဉ်ကပင် "ငါ၏အရှင်သခင်ကို ပြန်လည် ဖူးမြင်ခွင့် မရတော့ပြီ"ဟု ဆိုမြည်တမ်းတ လွမ်းလှသည်ဖြစ်၍ ဘုရားအလောင်း ၏ မြင်ကောင်းသောအရပ်မှ လွန်လေလျှင် နှလုံးကြေကွဲ၍ သေပွဲသို့ ဝင်ရရှာ လေတော့၏၊ ကဏ္ဍကမြင်းသည် စုတေမနေ သေလွန်လေလျှင် တာဝတိံသာနတ် ပြည်တွင် **ကဏ္ဍက** ဟူသော အမည်ဖြင့်ပင် နတ်သားဖြစ်လေသတည်း မြင်းမြီး ဆွဲ မောင်ဆန်မှာ အနောမာ သောင်ယံကစ၍ သခင်နှင့် ကွေကွင်းခဲ့ရသဖြင့် နေညှဉ်းသော ပန်းပဒုံကဲ့သို့ နွမ်းနုံ့ချိနဲ့ သဲ့သဲ့ကလေး ဖြစ်ရသည့်အတွင်း ကဏ္ဍက မြင်း သေလွန်သော အခါတွင်မူ တပူပေါ် နှစ်ပူဆင့်၍ ကူပင့်သူမတွေ့ သောက ဋ္ဌေ နှိပ်စက်ကာ စိတ်ပျက် လက်ပျက် မျက်ရည်ကိုသုတ် တရှုတ်ရှုတ် ငိုကြွေး မြည်တမ်း၍တောလမ်း,တောင်လမ်း ခရီးကြမ်းတို့ဖြင့် ကပိလဝတ်မြို့တော်နန်းသို့ မြော်မှန်းကာ ပြန်သွားရှာလေတော့၏၊ ကပိလဝတ် နေပြည်တော်သို့ ရောက် သောအခါ ခမည်းတော်နှင့်တကွ ယသောဓရာ စသော မောင်းမမိဿံ ခြွေရံ များစွာတို့အား အကြောင်းခြင်းရာကို ပြောကြား လျှောက်တင်ရာ ကြားရသူ အပေါင်းတို့မှာ သောင်းသောင်းညံမျှ ရင်ကို မ,လျက် ငိုကြွေးကြကုန်သတည်း။

အလောင်းတော်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူခြင်း

တောထွက်သောညဉ့် မိုးသောက်၍ အလင်းရောက်လေလျှင် ရဟန်းပြုပြီး သောအခါ ဤအနောမာသောင်ယံတွင်ပင် "မောင်ဆန်နှင့် ကဏ္ဍကမြင်းတို့ အား ပြည်ရင်း၌ာန ကပိလသို့ပြန်ကြစေ" ဟူသော အမိန့်တော်ကို ချွေပြီးသော် မလ္လာမင်းတို့၏ နေရာ အနုပိယ ဥယျာဉ်မှာပင် အစာအာဟာရကို မမှီဝဲဘဲ

ခုနစ်ချက်ပတ်လုံး ရွှင်ပြုံးကြည်စွာ ရဟန်းတို့၏ ချမ်းသာဖြစ်သော **သမဏသုခ** ကို ခံစားတော်မူ၍ နေလေသတည်း။

ဝါဆိုလပြည့်ကျော် ၇-ရက်နေ့ နံနက်ရောက်မှသာလျှင် ရဟန်းတော်တို့၏ ကျင့်ဝတ်ကို မချွတ်စေမူ၍ ဆွမ်းခံတော်မူလိုသဖြင့် ဖန်ရည်စွန်းသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူကာ တောသားသတ္တဝါတို့၏ မျက်လုံးအရသာကို အခါခါ ဆောင်သကဲ့သို့ သင်္ကန်းတော်တိမ်နီအဆင်းနှင့် ထိန်ဝင်းသော အသားရောင်မှာ ရွှေတောင်ကို နေရောင်ဟပ်သကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ်ရှုမခန်း အောင် တောတန်းခရီးမှကြွတော်မူရာ ယူဇနာသုံးဆယ်ဝေးကွာသော ရာဇဂြိုဟ် ပြည်သို့ ရောက်တော်မူ၍ မင်္ဂလာရှိသော အရှေ့တံခါးမှ တရွှေ့ရွှေ့ကြွသွားကာ ဆွမ်းခံတော်မူရှာလေသတည်း။

တိုင်းသူပြည်သား လူအများတို့သည် မမြင်စဘူး အသွင်ထူးသော သူတဦး ကို မြင်ကြရာတွင် ဓနပါလဆင် ဝင်သောမြို့ကဲ့သို့ရင်း၊ အသူရိန်နတ်ကြီးဝင်သော တာဝတိံသာ နတ်ပြည်ကဲ့သို့ရင်း တုန်လှုပ်ချောက်ချား၍ ကြောက်အားပို သကဲ့သို့ ဖြစ်ကြကုန်၏၊ ဤသို့ မမြင်ဘူး မတွေ့ဘူး၍သာ ဖြစ်ကြရသော်လည်း ကြောက်ရွံ့ ရွံ့မုန်း၍ စိတ်နှလုံး မချမ်းမြခြင်း မဟုတ်ကြဘဲ တုပ်ကွရှိသေစွာ အလောင်းတော်၏ အဆင်းဓာတ်ကို လေးမြတ်ကြည်ညိုကြ၍ "ဤလိုပုဂ္ဂိုလ်မျိုး ကား ဤတခါသာ ဤမှာတွေ့ဘူးသဖြင့် တကယ်ထူးသောသူပင်"ဟု မှတ်ထင် ကြသည့်အတိုင်း တယောက်တမျိုး တီးတိုးစကား ပြောကြားကြကုန်၏။

"အမောင်တို့ ငွေစန္ဒာမြဘုံနန်းက လယုန်စန်းအရှင်သည် အသူရိန်နတ်မဟာ ကို ကြောက်ရှာတော်မူလွန်း၍ အောက်ရပ်ကျွန်း ဤဇမ္ဗူကို ကြွလာတော်မူလေ သလား"ဟု ပြောကြားကြသည်ကတဖြာ, "တာဝတိံသာက ဒေဝါသေဌ်နှင်း သိကြားမင်းသည် လူ့ပြည်သို့ဆင်း၍ ဤပြည်တွင်းသို့ ကြွလာခြင်းဧကန်" ဟု အခြေမာန်ပါပါနှင့် တစာစာပြောသူကမရှား, "သိကြားဖြင့် မဟုတ်ပေ ရုပ်ရေ ကို စစ်တွက်က ပြစ်ချက်မှသူမပေါ် အမူတော်ကလည်းသိမ်မွေ့ အိန္ဒြေ့အရာမှာ လည်း မယှဉ်သာ ဧကန္တ မဟာဗြဟ္မာ"ဟု ထင်ရာကို ပြောသူကပြော, ကိုယ့် သဘော၏ ထင်ချက်ကို ဝင်စွက်သူကလည်းမရှား, စကားတွေ ဆူညံသဖြင့် လူသံ ကို အကဲခတ်၍ ရပ်နေသော ပညာရှိတယောက်က "အို-အချင်းတို့ ဟိုဒင်း,ဒီဒင်း



ဗိမ္ဗိသာရမင်းသည် အလောင်းတော်မြတ်အား ပြည်စည်းစိမ်ကို အပ်နှင်းတော်မူခဏ်း။

စကားတွေစစ်ခင်း၍ မနေကြပါနှင့်၊ ဧဝကန် အမှန်ပြောရမည်ဆိုသော် သင်တို့ ပြောသော သူများကား လူသားနှင့် မဆက်စပ်၍ အထက်ရပ်ကလည်း လာမည် မဟုတ်ပါ၊ ဤပုဂ္ဂိုလ်သူမြတ်ကား အပူဇာတ် မီးလွန်အောင် လူတို့၏ ခရီးညွှန် ဖြစ်ပါလိမ့်မည်၊အံ့ဘွယ်သရဲ ထူးကဲသော သူပါတည်း”ဟု သိပ်သည်းကျနပြော ပြလိုက်သောအခါ ရောက်လာသော ပရိသတ်မှာ စိတ်ခေတ်မတွေ့ ဣန္ဒြေရ သွားလေသတည်း။

ဗိမ္ဗိသာရမင်းနှင့်တွေ့ခြင်း

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်း၏ ထံရင်းခစား မှူးကြီးမတ်ကြီးများ နှင့် မင်းချင်းယောကျ်ားတို့သည် ဘုရင့်ထံသို့ သွားကြကုန်၍ “အရှင်မင်းမြတ် သမ္မုနတ်-လူ့ရပ်သို့ ယခုလာ၍ ဥပမာ သွင်းမပြနိုင်အောင် အဆင်းလှသော သူတယောက် ဤမြို့တွင်းသို့ ဆွမ်းခံရောက်နေပါသည်၊ဤသူသည်ကား လူ့,နတ်, နဂါး, ဘီလူးများတွင် ထူးခြားလှသော အသွင်ကြောင့် မထင်တတ်အောင် ရှိကြောင်းပါ”ဟု ဝပ်ညောင်းကာ ခ, ယ၍ သံတော်ဦး တင်ကြသောအခါ ဗိမ္ဗိသာရမင်းမြတ်က “အို-အမတ်တို့ နတ်ဖြစ်လျှင် မြို့ပြင်ရောက်က အာကာသ သို့ သွားလိမ့်မည်၊ နဂါးဖြစ်ပါက မြေလွှာသို့ငုပ်၍ ဖြုတ်ခနဲပျောက်လတ္တံ့၊ ဘီလူးဖြစ်ပါလျှင် မြို့တော်အပြင် ရောက်က အသွင်ပျောက်ပါလိမ့်မည်၊ လူဖြစ်ပါ က ရ၍လာသော ဆွမ်းဘောဇဉ်ကို သုံးဆောင်တာ မြင်ရပါလိမ့်မည်”ဟု ကြံစည်နှိုင်းချိန်ကာ ပြောပြီးလျှင် ဘုရင်ကြီးကလည်း နန်းတော်ဦးက မျှော်ဖူး သောအခါ လွန်စွာကြည်ညိုလှ၍ “ငင်းသူကို အစ မပျောက်အောင် စုံထောက် ကာ ကြည့်ကြ”ဟု မိန့်ဟ မြွက်ကြားတော်မူလေ၏။

အလောင်းတော်သည်ကား “ဤမျှသော အာဟာရဖြင့် ဝလောက်ပြီ”ဟု မြော်ထောက် စဉ်းစားတော်မူပြီးလျှင် ဝင်သောတံခါးဖြင့် ပြန်ထွက်၍ ပဏ္ဍဝ တောင်ရိပ်တွင် ထိုင်ကာ ဆွမ်းဘဉ်းပေးအံ့”ဟု သပိတ်ကို ဖွင့်လိုက်သောအခါ လူး,ဆပ်,ပဲ,ပြောင်း, ကောင်း,မကောင်းတို့ဖြင့် သောင်းပြောင်းရောရာ ဘောဇဉ် အာဟာရကို တွေ့မြင်လိုက်လေလျှင် မွေ့ရှင်သော စိတ်နှလုံးမှာ ပိတ်ဖုံးကာ သွားသကဲ့သို့ အားနွဲ့ချိနုံး မပြုံးနိုင် မရယ်နိုင် ညှိုးမှိုင်ကာ သွားလေ၏၊ ထိုအခါ အလောင်းတော်သည် မိမိကိုယ်ကို “အမောင်သိဒ္ဓတ် တောင်ရိပ် တောရပ်သို့

ချဉ်းကပ်၍ လာခြင်းမှာ ဟင်းလျာ အဖျော်ကောင်းနှင့် အကြော်, အပေါင်း အရပ်ရပ် အနှပ်မျိုး အဖုံဖုံ အသုပ်မျိုးစုံကို မရိုးမကုန်အောင် စားချင်၍လာလေသလော၊ တရားအစစ်မြင်သော ဘုရားဖြစ်ချင်၍ လာလေသလော၊ စိတ်သဘော အလိုလိုက်ပြီး အချိုလဲမကြိုက်ချင်နှင့် အဆိမ့်အအီတွေကိုလဲ မမက်သေးဘဲ အသက်ကလေး မျှတအောင်သာ ဒါကိုပင် ဝဝကြီးစားပါတော့”ဟု တရားနှင့်ဖြေလျော့ပြီးလျှင် ခွေပြော့နေသော စိတ်နုံကို တဟုန်တည်းပြောင်းလျက် ကောင်း,မကောင်း မရွေးချယ်တော့ဘဲ နယ်ကာဖတ်ကာ ဘုဉ်းပေးတော်မူရှာလေတော့သတည်း။

မင်းချင်းယောကျ်ား စေတမန်များတို့သည် ထိုအကြောင်းအရာကို ကောင်းစွာ မြင်ကြသည့်အတိုင်း ဘုရင်မင်းမြတ်အား လျှောက်ထား သံတော်ဦးတင်ကြသောအခါ ဘုရင်မင်းမှာလည်း ရွှင်ခြင်း ဆိုသော ပီတိသည် တအိအိတက်၍ လာကာ ဘုရားအလောင်းရှိရာသို့ မြန်စွာသွားပြီးလျှင် အားကြီးသော *ပသန္နစေတနာသည် ဝေဆာသော အခက် အကိုင်း ထွက်ချင်တိုင်း ထွက်လာ၍ “အကျွန်ုပ်၏ စည်းစိမ်ချမ်းသာ ဟူသမျှကို လက်ခံသိမ်းပိုက်ကာ စံစားတော်မူပါ”ဟု အပ်နှင်း လှူဒါန်းလေ၏၊ ထိုအခါ ဘုရားအလောင်းသည် “အို-မင်းမြတ် အတွင်းခတ်ဖြူဖြူနှင့် လှူဒါန်းပင် လှူဒါန်းသော်လည်း မွေ့ခြမ်းမျှအလိုမရှိပေ၊ ဝတ္ထုကာမ,ကိလေသာကာမတို့ကို ခဝါချသလို ဖြူစင်အောင် ယှငင်ပယ်သတ်အမြစ်ပါ ဖြတ်ပါမည်ဟု ကြံစည်ရင်းဇောသက်၍ တောထွက်ခဲ့ပေသည်”ဟု မိန့်တော်မူသောအခါ ဗိမ္ဗိသာရမင်းမြတ်သည် အထပ်ထပ်တောင်းပန်အပ်သော်လည်း မရသည်ဖြစ်၍“အရှင်ဘုရားသည် ဘုံသုံးပါးမှာ ဘုရားကေန် ဖြစ်ပါလိမ့်မည်၊ ဘုရားဖြစ်သောအခါ တပည့်တော်၏ တိုင်းပြည်သို့ ဦးတည်မျက်မှောက်အလျှင် ကြွရောက်တော်မူပါဘုရား”ဟု တောင်းပန်စကား လျှောက်ထားလေလျှင် ၎င်းတောင်းပန်ချက်ကို ပဋိညာဉ် ပေးလိုက်လေ၏။

ဘုရားအလောင်းတော်သည် ဤ ဆွမ်းကို ဘုဉ်းပေးတော်မူခြင်းကား ရဟန်းပြုသောနေ့မှ ရှစ်ရက်မြောက်တွင် လက်ဦးအစ ပထမ ဘုဉ်းပေးတော်မူခြင်းပေတည်း။

---

* သဒ္ဓ စေတသိက်နှင့် ယှဉ်သောစေတနာ။ (စေ့ဆော်တိုက်တွန်းခြင်း။)

အာဠာရ ရသေ့ နှင့် ဥဒကရသေ့တို့ထံ လောကီစျာန်ကို နည်းခံတော်မူခြင်း။

ရသေ့နှစ်ဦးထံ ဈာန်သမာပတ် နည်းခံခြင်း

ဘုရားအလောင်းတော်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ခရီးအစဉ်အတိုင်း ကြွသွားတော်မူသောအခါ အာဠာရ ရသေ့ထံသို့ ရောက်၍ လောကီ သမာပတ် ရှစ်တန်ကို အစစ်အမှန် ရအောင် နည်းခံတော်မူသောအခါ နေဝသညာ နာသညာယတန သမာပတ်၏ ပရိကံကို ၎င်းရသေ့ အသိဉာဏ် မပေါက်သဖြင့် ထိုမှတထောက် ကြွသွားလျှင် ဥဒကရသေ့ထံမှောက်သို့ ရောက်လေ၏၊ ၎င်းရသေ့ထံ ရောက်မှသာလျှင် သမာပတ်ရှစ်ပါး ပြည့်စုံလေသတည်း၊ "သို့သော် ဤလောကီ သမာပတ်သည် ကမ္ဘာအရပ်ရပ်မှ မပြတ်ပင် ရနိုင်သော တရားဖြစ်ချေ၏၊ သစ္စာဉာဏ်အလင်းစစ်၏ အရင်းအမြစ် မဟုတ်ချေတကား"ဟု စိတ်ထားဉာဏ်ချယ်ကာ ထိုအရပ်မှ ဖယ်ခွါ၍ သွားလေသော် ဘွားဘက်တော် မဟာဗောဓိပင်၏ ပေါက်တော်မူရာဖြစ်သော ဥရုဝေလတောသို့ ချောမောစွာ ရောက်တော်မူလေလျှင် "ဤနေရာ ဌာနကား သပ္ပါယသင့်လျော် တရားနှင့် ချင့်မြှော်သည့် သူတော်စင် သူမြတ်လောင်းတို့၏ ခိုအောင်းစရာ ကောင်းသော အရပ် လျောက်ပတ်ပေစွတကား"ဟု စိတ်အားတော် တဆင့်ပြောင်း၍ အကျင့် ဟောင်း ဓမ္မတာ *ဒုက္ကရစရိယာကို ခြိုးခြံစွာ ကျင့်တော်မူလေသတည်း။

ပဉ္စဝဂ္ဂီရဟန်းများ ခစားလုပ်ကျွေးခြင်း

ဘုရားအလောင်း မွေးဘွားတော်မူစဉ် လက္ခဏာ ဘတ်ကြသော ပညာတတ် ပုဏ္ဏားတော် ရှစ်ဦးတို့တွင် အငယ်ဆုံးဖြစ်သော ကောဏ္ဍည ပုဏ္ဏားသည် "အလောင်းတော် မင်းသား တောထွက်သွားပြီ" ဟူသော သတင်းစကားကို ကြားသောနေ့မှာပင် သူငယ်ချင်းဖြစ်ကြသော ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိတို့ကို အဖော်ညှိ တိုင်ပင်လျက် ကမ္ဘဋ္ဌာန်းဘာဝနာ လေ့လာကြရန် ဘုရားအလောင်းသို့ အတုလိုက်၍ ရဟန်းပြုကြကုန်ပြီးလျှင် ၎င်းသူငယ်ချင်း ငါးယောက်စု ပဉ္စဝဂ္ဂီ တို့သည် ထိုထို၌ ဤ ဆွမ်းခံလှည့်လည်သောအခါ ဘုရား အလောင်းကို တွေ့မြင်၍ မွေ့ရှင်ဘွယ် ကောင်းလှသော တောစောင်းမြိုင်ခွင် ဥရုဝေလအရပ်၌ပင် အလောင်းတော်ကို ဆည်းကပ် လုပ်ကျွေးကြလျက် "ယခု မကြာခင် ဘုရားအရှင် ဖြစ်လတ္တံ့, ယခု မကြာခင် ဘုရား အရှင် ဖြစ်လတ္တံ့"ဟု

---

* လူသာမန်တို့ ပြုနိုင်ခဲလှသော အကျင့်။

အလောင်းတော်၏ အပေါ်၌ အမြှော်လင့်ကြီး မြှော်လင့်၍ တော်သင့်အောင် လုပ်ကျွေးနေကြလေ၏။

ဒုက္ကရစရိယာ ခြောက်နှစ်ကြာမျှ ကျင့်တော်မူရပုံ

အလောင်းတော်မြတ်သည် လူသာမန်တို့ ကျင့်နိုင်ဘို့ဝေးစွ ကြံတွေးရုံမျှနှင့် ကြက်သီးထလောက်အောင် ကြောက်မက်ဘွယ်ကောင်းသော **ဒုက္ကရစရိယာ** ကို **ခြောက်နှစ်မျှ** ကြာအောင်ပင် ကျင့်တော်မူသော အခြင်းအရာမှာကား မငြင်းသာသော ဝင္ခကြွေးကြောင့် မလွတ်သာ မပြေးသာ ကျင့်တော်မူရရှာသတည်း။

မှတ်ဘွယ်သံပေါက်

အမေး ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ကြမ္မာ ဘယ်ဝိပါက်။

အဖြေ ကဿပဘုရား၊ ရှင်တော်အား၊ ပြစ်မှား ဝစီထွက်။

ဤမှတ်ဘွယ် သံပေါက် လင်္ကာအရ ကဿပ မြတ်စွာဘုရားအား ပြစ်မှား ပုတ်ခတ် နှုတ်ပါးစပ် သရမ်း၍ ကြမ်းတန်းစွာ ပြောမိသည်ကား "ဤ ဦးပြည်း ရဟန်းသည် သဗ္ဗညုတ ဉာဏ်တော်ရှင် အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း၊ သဗ္ဗညုတဉာဏ်တော်မှာ လွန်စွာပင်ရခဲ၏"ဟု ပြောဆိုမိလေသတည်း၊* **ဝစီဘေဒ ထိတိုင်းရှသည့်** နှုတ်သံစကားကြောင့် ဒုက္ကရစရိယာကို ခြောက်နှစ်မျှကြာအောင် ပင်ပန်းစွာ ကျင့်တော်မူရလေသတည်း။ (သတိထားဘွယ်)

ဤအကြောင်းအရာနှင့်စပ်၍ အလောင်းအလျာ၏ ဝင္ခကြွေးကို ပညာရှိ တဦး ရေးထားဘူးသည်ကား အောက်ပါအတိုင်းပေတည်း။

ရှစ်လုံးဖွဲ့ကဗျာ မြန်မာဂါထာ

အမေး ဥရုဝေလ - တောဝမြိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး - ကျင့်သုံးအရှင်၊
အားကုန်ခန်းလို့ - ညှိုးနွမ်းငြိုငြင်၊
ပင်ပန်းရေး - ဝင္ခကြေးဘယ်ကြောင့်တင်။

---

* နှုတ်မြွက်ပြောဆိုမှု။

အလောင်းတော်မြတ်သည် ဥရုဝေလတော၌ ဒုက္ကရစရိယာကို ၆ - နှစ်ကြာမျှ ကျင့်တော်မူခဏ်း။

အဖြေ ကဿပဘုရား - ထင်ရှားပွင့်သော်၊
ဇောတိပါလ - နာမအကျော်၊
ပုဏ္ဏားမာန်တက် - နှုတ်မြွက်အာဘော်၊
ဝစီပြင်း - ရှေးရင်းဝိပါက်တော်။

ဇောတိပါလ ပုဏ္ဏားလုလင် ဖြစ်စဉ်အခါက ကဿပ ရှင်တော်ဘုရားအား ဆိုခဲ့ပြီးသော စကားအတိုင်း ပြစ်မှား ပြောဆိုခဲ့ဘူးသည့် ဝဇ္ဇကြွေးကြောင့် ဟူသော အမိပ္ပါယ်တူ ဖြစ်လေသတည်း။

ကျင့်တော်မူရပုံသော်ကား အလောင်းတော်သည် လက်ဦး အစ သေန နိဂုံးသို့ ရှင်ပြုံးစွာဆွမ်းခံကြွ၍ ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် "ငါ့အား ဤမျှလောက် ရုန့်ရင်းကြမ်းတန်းသော ဆွမ်းအာဟာရဖြင့် မျှတနေပါက အဘယ်မှာလျှင် သစ္စာဉာဏ်ကို မှုမှန်အတိုင်း ရပါမည်နည်း" ဟု ထန်သည်းသော စိတ်ဖြင့် ကြံတော်မူကာ အလိုလိုကြွေကျသော သစ်သီးဖြင့်သာ မျှတတော်မူရှာ၏၊ ထိုမှတဖန် "ဤသစ်သီးသည် အကြမ်းကြီး ကြမ်းသေး၏၊ ငါနေသော သစ်ပင်အောက်မှ အလိုအလျောက် လေခ၍ ကြွေကျသော သစ်သီးဖြင့်သာ ကောင်းစွာမျှတအံ့" ဟု ကြံမိသည့်အတိုင်း မဆိုင်းမဖင့် အကြံနှင့်လျော်အောင် ကျင့်တော်မူလေ၏။

ထို့နောက် ၎င်းအဆင့်အတန်းမှ ဆုတ်လျက် တလက်ဖက်မျှသော ပဲစင်း ခုန်စေ့ အဖျော်ရည်ကိုရင်း, ဆီးသီး အဖျော်ရည်ကိုရင်း သုံးဆောင်တော်မူ၏၊ ထို့နောက်မှ ဆန်တစေ့ဖြင့်ရင်း, နှမ်းတစေ့ဖြင့်ရင်း မျှတတော်မူ၍ ထန်ပြင်းစွာ ကျင့်တော်မူပြန်၏၊ ဤမျှလောက်သော အာဟာရကိုသာ စားသုံးတော်မူလျက် ကာလမြင့်ရှည် ကျင့်တော်မူလတ်သည်ရှိသော် သုံးဆယ့်နှစ်ပါးသော **လက္ခဏာ တော်ကြီး**နှင့် ရှစ်ဆယ်သော **လက္ခဏာတော်ငယ်**တို့သည် ပျောက်ကွယ်ခဲ့ရုံမက အရိုးပေါ်တွင် အရေခြုံ၍ မသေရုံမျှ ရှိတော်မူချေသတည်း။

ဇမ္ဗူရာဇ် ရွှေရောင်အဆင်းကဲ့သို့ တဝင်းဝင်းတင့်တယ်သော ကြက်သရေ ရောင်သည် မီးသွေးတောင်တွင် မိုးမှောင်ကျသကဲ့သို့ မဲညစ်သောဘဝသို့ပြောင်း တော်မူ၍ အသားအသွေးတို့သည်လည်း အားသေးခန်းခြောက်ကာ စမ်းပေါက်

ပိတ်သောရေတွင်း, နေညဉ်းသော ပန်းစံပယ်လို နွမ်းနယ်တော်မူလှကုန်၏၊ ကျောရိုးတို့သည်ကား အဆစ်အဆစ်နှင့် အထစ်အထစ်ဖြစ်ပြီးလျှင် နံရိုးတို့မှာ မူကား အမိုးပျက်သော အိမ်အခြင်ကဲ့သို့ အချောင်းအချောင်း မြင်ရပြီးသော် ဝမ်းရေသည်ကား ကျောရိုး၌ကပ်မှီကာ ရပ်တည်၍ မနေနိုင်အောင် ခွေယိုင် ရှိနွမ်း အပန်းကြီး ပန်းတော်မူလျက် အကြောအမြင်တို့သည်လည်း လက်တော် နှင့် သုံးသပ်လိုက်ပါက အပြုံးခေတ်ကင်းအောင် လက်တွင်း၌သာ ငြိကပ်၍ ပါလာကုန်တော့၏။

ယင်းသို့ ကိုယ်တော်ညှိုးနွမ်း အားတော်ခန်းအောင် အစွမ်းကုန် ကျင့်တော် မူရာ **ခြောက်နှစ်မျှ** ကြာပါသော်လည်း သဗ္ဗညုတဉာဏ်တော်သည် အရိပ် အရောင်မျှ မပေါ်ဘဲ နေရှာလေ၏၊ ထိုသို့ပင် ဖြစ်လင့်ကစား "ငါသည် ရွှေနန်း တော်သို့ပြန်၍ အခြွေအရံများစွာ ယသောဓရာ အမှူးရှိသော ပျော်မြူးဘွယ် ကညာအပေါင်းတို့နှင့် နှစ်ထောင်းကြည်နူး ပျော်ရွှင်မြူးပြီးလျှင် ကောင်းမွန် သော အချို အဆိမ့်တို့ကိုသာ ကိုယ်လုံးစိမ့်အောင်စား၍ ချမ်းသာစွာ ခံစားပါ တော့မည်"ဟူသော အကြံအစည်ကို တဆံချည်မျှ မကြံစည်မိချေ၊ တင်းမာစွာ သာ ကျင့်ကြံ အားထုတ်တော်မူလေသတည်း၊ အလောင်းတော်သည် တနေ့ သောအခါ ကိုယ်လက် သုမ်သင်အံ့သောငှါ ထိုင်တော်မူလေလျှင် ကျင်ကြီး ကြောင်းမှာ အရေတွန့်၍ စွန့်ခြင်းငှါ မစွမ်းနိုင်ရကား ပြင်းစွာသော ဝေဒနာ ကြောင့် သေရှာသို့ လိုက်ရတော့မည်ကဲ့သို့ ရပ်တည်၍ မနေသာဘဲ မူးဝေကာ လဲရှာလေ၏။

နတ်သားတယောက်၏ မမှန်သတင်း

ဘုရားအလောင်း၏ ကမ္ဗဋ္ဌာန်းကျောင်း အနီးအနား၌ ရှိသော နတ်သား တယောက်သည် **ဘုရားအလောင်း ဘဝပြောင်းပြီ** ဟူသော အမှတ်ဖြင့် ခမည်း တော် သုဒ္ဓေါဒနမင်းကြီးထံသို့ သွား၍ "အရှင်မင်းကြီး၏ သားသည် ဘုရားဖြစ် ချင် လွန်းလှ၍ အကျင့်လွန်သော ဝေဒနာဖြင့် သေရှာပါပြီ"ဟု လျှောက်ထား လေလျှင် ခမည်းတော်ကြီးက"ငါ့သားသည် ဘုရားဖြစ်ပြီးမှ သေသလော,ဘုရား မဖြစ်ခင် ဤအတိုင်းပင် သေသလော"ဟု မေးတော်မူလေ၏၊ ထိုအခါ နတ်သား သည်"ဘုရားအဖြစ်သို့ မရောက်ခင်ပင် သေပွဲဝင်သွားကြောင်းပါ"ဟု လျှောက်

လေသော်“အသင်နတ်သား ယခုပင် ဆုတ်ခွါ၍ သွားလော၊ ငါသားသည် ဘုရားအဖြစ်သို့ မရောက်မချင်း ဘောက်ယွင်း ပျက်စီး၍ အချည်းနှီး သေမည် မဟုတ်ပေ”ဟု ဖွင့်ထုတ် မိန့်ဟတော်မူလေ၏။

အလောင်းတော် ခမြာသည် မူးဝေရာမှ သတိရ၍ ထတော်မူသောအခါ ဝေဒနာပြင်းထန်၍ မဟန်နိုင်သောကြောင့် စင်္ကြံဦးမှာပင် လဲရှာပြန်လေ၏၊ ဤသို့သော အခြင်းအရာတို့ကို မျှားစွာသောနတ်တို့ မြင်ကြ၍ ပထမ နတ်သား ကဲ့သို့ပင် ခမည်းတော်ကြီးအား သံတော်ဦးတင်ကြပါသော်လည်း ယုံကြည်တော် မမူသည်မှာ အလောင်းတော် ငယ်ရွယ်စဉ်ကပင် ကာဠဒေဝိလရသေ့နှင့်သပြေပင် အရိပ်စခန်း၌ ထူးဆန်းအံ့ဘွယ်သော တန်ခိုးပြာဋိဟာတို့ကို မြင်တော်မူပြီး ဖြစ်သောကြောင့်ပေတည်း၊ နတ်သားတယောက်ကသာ“အရှင်မင်းကြီး၏ သား တော်သည် အသက်မသေ ရှိနေပါကြောင်း”ဟု သတင်းကောင်း သတင်းမှန်ကို ပို့လေ၏၊ ဤသတင်းမှန်ကို ကြားရမှ ငြင်းဆန်ခြင်းမရှိ “ဟုတ်မှန်၏ နတ်သား ငါကိုယ်တိုင်လည်း အမှန်ကိုသိပါ၏”ဟု အမိန့်တော်ရှိလေသတည်း။

အလောင်းတော်၏ ပြင်းထန်သောအကြံ

တနေ့သောအခါ မဟာအတုလ ဘွဲ့ထူးကို ဆွတ်ခူးလိုလှသဖြင့် ဆန္ဒတော် ခဲတ်ရင်း ထန်ပြင်းလှသော အလောင်းတော်သည် “ငါသည်ကား အာဟာရကို လုံးလုံးဖြတ်၍ ထွက်သက်, ဝင်သက် လေနှစ်ချက်ကို မဝင်မထွက်နိုင်အောင် အစဉ်ဆက်၍ ချုပ်လိုက်အံ့”ဟု ကြံပြီး၍ ချုပ်တည်းလိုက်ရာ နှာခေါင်းမှ လေ မထွက်ရသဖြင့် နားနှစ်ဘက်မှထွက်လေ၏၊ နားမှလည်း မထွက်အောင် တားမြစ် သောအခါ နားမှအထက်သို့တက်၍ ထိပ်မှထွက်သကဲ့သို့ ဦးခေါင်းတွင် စူးဝင်ပြီး သော် အထူးပင် ပြင်းထန်သောလေသည် ဦးခေါင်းမှ မထွက်သာ၍ အောက်သို့ သက်လာပြီးလျှင် အူထဲသို့ဝင်လေ၏၊ အူအခွေတို့သည် အပူရေဟပ်, ကတ်ကျေး နှင့် ဖြတ်သကဲ့သို့ တဆတ်ဆတ်တုန်ကာ ပြင်းထန်သော ဝေဒနာကို မနေသာ အောင် ခံစားတော်မူရရှာလေသတည်း၊ အလောင်းတော်သည် ဝေဒနာ အပြင်း အပြတို့က အဘယ်မျှပင် ညှဉ်းကြသော်လည်း တင်းလှသော ဝီရိယစက်တန်ခိုးကို သာ သွက်သွက်ကြီးနှိုး၍ အရိုးကြေကြေအရေခြောက်ခြောက်ဟု နောက်မဆုတ် သောဇွဲစိတ်ဖြင့် အသဲထိတ်ခမန်းသာ ကျင့်မြဲကျင့်လျက် နေရှာလေ၏။

အလောင်းတော်အား မာရ်နတ်တားမြစ်ခြင်း

ဤယခု ပြဆိုခဲ့သောအတိုင်း အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယဓာတ်သော့ကို အဘယ်အခါမှ မလျှော့ဘဲ ကျင့်တော်မူလာသောအခါ အမိုက်ရှေ့သွားအမှုးခေါင်းဆောင် အမှောင်ဥက္ကဋ္ဌ ယုတ်လှသောမာရ်နတ်သည် အလောင်းတော်ထံ ချဉ်းကပ်၍ အတွင်းဓာတ် ကောင်းယောင်ယောင် ဟန်ဆောင်လှည့်ဖြားသော စကားကို ပြောကြားလာသည်မှာ "အို-အရှင်ရဟန်း အသွင်ဆန်း၍ရှုမခန်းသော သင့်ခန္ဓာကိုယ်ကြီးကား လူအိုကြီးအသွင် အကြောအမျှင်တွေကြွထောင်ကာ မလှမပအောင် ရှိနေချေပြီ၊ အသား အသွေးတို့မှာလည်းခြောက်ခန်း၍ ကြောက်ခမန်း ရုပ်ရေတို့ကား ဘုတ်တစ္ဆေနှင့်မခြား ဖြစ်နေပါပေါ့ကလား၊ အသေနှင့်အရှင်ကို ချိန်ခွင်မှာတင်၍စက်လျှင် သေဘက်ကိုရှာထွက်၍ သေဘို့ရာအခါရက် နီးနေချေပြီ၊ အရှင်ရဟန်း၏ လုံးပမ်းသော ဝီရိယကိုလျှော့ပြီး လူဝတ်လူစားနှင့် ကုသိုလ်တရားကို အားထုတ်ပါ၊ အသက်တချောင်းကို မဖျက်ကောင်းပါဘူး"ဟု ကြည်နူးဘွယ်လိုလို ကြည်ညိုသည့် အနေဟန်လေသံကိုပြောင်း၍ ကောင်းစွာပြောလေသော် ဘုရားအဖြစ်ကို အားသစ်မြှော်ငြောင်းသော အလောင်းတော်သည် "သူတပါး အကျိုးမဲ့အောင် ချိုးဖဲ့ဖျက်ဆီးသော မာရ်နတ်ကြီး ငါသည် လောကီလူ့ဘောင်၌ သဘောမသက်ဘဲ တောထွက်၍ လာခြင်းကား အပျင်းကိုအားပေး၍ တရားဝေးအောင် ပြုသည်မဟုတ်၊ နှေးနှေးကန်ကန် ဝီရိယနှင့် မဆက်ဆံရအောင် လာသည်မဟုတ်၊ ဝီရိယဓာတ်တင်းတင်းနှင့် ဘုရားမဖြစ်မချင်း အားထုတ်မည်ဟု လာခဲ့ပေသည်၊ အသင်မာရ်နတ်ကြီးသည် ဤစကားမျိုးကိုရှေ့ဘို့၍မပြောလေနှင့်၊ ယခုပင် ငါ့အနားကဆုတ်ရှားရှောင်ထွက်၍ သွားပါ"ဟု တင်းမာသောစကားကို မိန့်ကြားလိုက်လေလျှင် မာရ်နတ်ကြီး အယုတ်တမာသည် ဆုတ်ခွါ၍ သွားလေတော့သတည်း။

ပဉ္စဝဂ္ဂီတို့ အလောင်းတော်ကိုရှောင်ခွါ စွန့်ထားခဲ့ကြခြင်း

အလောင်းတော်မြတ်သည် မာရ်နတ်ကို ပြေးစေ၍ တဖန် တွေးလေသည်ကား "ဤလောကကြီးတွင် အကြင်သူတယောက်သည် ပြုနိုင်ခဲသော အကျင့်ကိုကျင့်၏၊ ထိုသူသည်ကား ငါနှင့်တူရုံမျှသာ ရှိချေမည်၊ငါ့ထက်လွန်မည်မဟုတ်၊ ဤမျှလောက်ကျင့်၍မှ ဘုရားမဖြစ်နိုင် တည်ခိုင်သော သမာဓိစျာန်ကိုလည်း

ဤလိုပုံဟန်ဖြင့် မဖြစ်စေနိုင်၊ ငါ၏ခန္ဓာကိုယ်ကို အာဟာရမှီဝဲ၍ တည်မြဲခိုင်ခံ့စေပြီးမှသာလျှင် သမာဓိစျာန်ကို ရနိုင်ချေတော့မည်”ဟု ကြံစည်စဉ်းစားမိသည်အားလျော်စွာ ဃဋိကာရဗြဟ္မာမင်း ဆက်ကပ်လိုက်သော သပိတ်တော်ကိုယူကာ သေနနိဂုံး၌ ဆွမ်းခံတော်မူ၍ ရသမျှသော အာဟာရကို မျှတအောင်သုံးဆောင်လေ၏၊ သုံးလေးရက်မျှ အာဟာရကို မျှတအောင် မှီဝဲလေလျှင်အလောင်းတော်၏ ရုပ်အဆင်းသည် တဝင်းဝင်း ထိန်ကြည်လာ၍ စိန်စီကာထားသော ပတ္တမြားလုံးကဲ့သို့ ရှုမဆုံးနိုင်ဘွယ် တင့်တယ်တော်မူလာရုံမကသုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့သည်လည်း ထင်ရှားစွာ ဖြစ်ပေါ်လာကုန်သတည်း။

ထိုအခါ ပဉ္စဝဂ္ဂီငါးပါးတို့ကား “ဤ*ဂေါတမရဟန်းသည် လောကစခန်းကိုလွန်မြောက်၍ ဘုရားအဖြစ်သို့ ရောက်မလားဟု ငံ့စားမြော်လင့်ကာ နေကြပါသော်လည်း ရှေးကနှင့်မတူ အမူချိုယွင်းလျက် ထမင်း, ဟင်းကိုပင် စားနေချေပြီ၊ အစာမစားဘဲ လုံ့လအားသည်း၍သော်မှ ဘုရားအဖြစ် မနိုးနိုင်သောသူမှာလုံ့လကိုလျော့၍ စိတ်အားပြေ့စွာ ကျင့်နေပါလျှင် အဘယ်မှာ ဘုရားဖြစ်နိုင်ပါတော့အံ့နည်း၊ ဤရဟန်းကား လာဘ်ပေါများခြင်းကိုသာ မြော်လင့်၍ကမ္မဋ္ဌာန်းအကျင့်မှ ထွက်သော ကမ္မဋ္ဌာန်းလူထွက် (ပခာနဝိဗ္ဘန္တ) ကြီးပေတကား”ဟု ကဲ့ရဲ့စကား ပြောကြားကြပြီးလျှင် အလောင်းတော်ကို ပယ်ခွါ၍တဆယ့်ရှစ်ယူဇနာ ဝေးသော ဗာရာဏသီပြည် အနီး မိဂဒါဝုန် တောကြီးသို့သွားရောက် နေထိုင်ကြလေကုန်၏။

သေဋ္ဌေးသမီး သုဇာတာ၏ ဆုတောင်း

ဥရုဝေလ တောကြီးအနီး †သေနာအမည်ရှိသောနိဂုံး၌ သေနာနီ အမည်ရှိသော သေဋ္ဌေးကြီးအား အဝေး,အနီး ကျေညာ၍ ရတနာတော်ဝင် ရှုမြင်သူအပေါင်းတို့၏ နှလုံးအိမ်ကို အပြုံးရှိန်တက်စေနိုင်သော အဆင်းဖြင့် တခင်းဝင်းတင့်တယ် ရှုချင်ဘွယ်ရှိသောကြောင့် သုဇာတာ အမည် ပညတ်ဖြင့် သတင်းမွှတ် ကြီးနေသော သမီးတယောက် ရှိလေသတည်း၊ ၎င်းသေဋ္ဌေးသမီးသုဇာတာသည် ညောင်ပင် တပင်သို့ သွား၍ စိတ်အားကောင်းကောင်းနှင့်

* အလောင်းတော်၏ အနွယ်အားဖြင့် ခေါ်သောအမည်။ † သေနာနီ (မူကွဲ)

ဆုတောင်းသည်မှာ "အရှင်ရက္ခိုးမင်း ကျွန်တော်မသည် အမျိုးဇာတ်တူသော လင်သယ်ယောကျ်ားအိမ်သို့ လိုက်ပါ၍ လက်ဦးစွာ သားယောကျ်ားကလေးကို မွေးဘွားပါလျှင် အရှင်ရက္ခိုးမင်းအား နှစ်စဉ် နှစ်စဉ် တသိန်းထိုက်သော ဗလိနတ်စာဖြင့် ပသပူဇော်ပါမည်၊ အရှင်ရက္ခိုးမင်းသည်လည်း ကျွန်တော်မ၏ ဆုတောင်းကို ပြည့်ဝစေကြောင်း ကောင်းစွာ ပင့်ထောက်၍ စောင့်ရှောက်တော်မူပါဟု ဆုတောင်းလေသတည်း။

ငင်းသေဌေးသမီး သုဇာတာသည် မိမိ ဆုတောင်းလာသောအတိုင်း အချိန်အရွယ် ရောက်သောအခါ မိမိနှင့် အမျိုးအရိုးတူသော လင်သားနောက်သို့ သာ လိုက်ပါရသည်ဖြစ်၍ ရတနာ သားစင်ကို လက်ဦးစွာပင် ဘွားမြင်လေ၏၊ ဆုတောင်းသော အချက်နှစ်ရပ်မှာ အဆက်မပြတ်ပြည့်စုံ၍ "ညောင်ပင် ပိုင်စိုးသော ရက္ခိုး၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်သာ ဖြစ်ပေသည်"ဟု ယုံကြည်ဝမ်းမြောက်ကာ နေလေ၏။

သေဌေးသမီး သုဇာတာ ဃနာနို့ဆွမ်း စီမံပုံ

ဆုတောင်းအပ်သော အကြောင်းနှစ်ရပ်တို့သည် ကောင်းမြတ်စွာ ပြည့်စုံ၍ ပဋိညာဉ် ဝန်ခံထားသောအတိုင်း *နို့ဃနာဆွမ်းကို လှူဒါန်းပသရန် စီးမံလေ၏၊ **စီမံပုံကား** နို့စားနွားမ တထောင်ကို နွယ်ချိုတော၌ လွှတ်ကျွေး၍ ရသမျှသော နို့ရည်ကို အကုန်ညှစ်ယူပြီးလျှင် နွားမငါးရာကို တိုက်လေ၏၊ ငင်းနွားမငါးရာမှ တဖန် အကုန်ညှစ်ယူပြန်ပြီးလျှင် နွားမ နှစ်ရာ့ငါးဆယ်တို့ကို တိုက်လေ၏၊ ယင်းသို့သော နည်းဖြင့် ပြုလုပ်လေလျှင် ရှစ်ကောင်ကျန်သောအခါ ငင်းနွားမ ရှစ်ကောင်မှ ရသမျှသော နို့ကို ညှစ်ယူလေ၏၊ နွားနို့တို့မှာ လွန်စွာပြစ်နှစ်၍ ချိုမြိန်သော ဩဇာနှင့် အရသာ ထူးကုန်သတည်း။

ငင်းနွားနို့တို့ဖြင့် သက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ နံနက်စောစောထ၍ သဘောကျ စီမံပြီးလျှင် ညောင်ပင်စောင့် နတ်မင်းအား ပူဇော်ပသ သက္ကာရ ပြုမည်ဟု ကြံစည်ကာ အိုးသစ်၌ ထည့်ပြီးသော် မိမိလက်ဖြင့် ကိုယ်တိုင်ပင်

---

* နို့ဃနာ—ဟူ၍လည်း ရေးသားကြသည်၊ ပထမ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် ရွှေကျင်သာသနာပိုင် ပဏ္ဍိမာရုံ ဆရာတော်ဘုရားကြီးများကား နို့ဃဏှာ ဟု ရေးတော်မူကြကုန်၏။

သေဋ္ဌေးသမီး သုဇာတာသည် ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်း ကပ်လှူခဏ်း။

မီးမွေး၍ နို့ဃနာကို ကိုယ်တိုင်ချက်လေ၏၊ ထိုအခါ ကြီးစွာသော အမြှုပ်တို့သည် လကျ်ာရစ် ထကုန်သော်လည်း တပေါက်တစက်မျှ အောက်ဘက်သို့ မကျ၊ ဖိုခနောက် အထက်သို့လည်း မီးခိုးမထ၊ အစစ ထူးပုံကို သေချွေးသမီး မြင်ရလျှင် ရင်ဝတွင် ပီတိပျို၍ နှစ်လိုဝမ်းမြောက် သဒ္ဓါရောင် ဝင်းဝင်းတောက် နေလေတော့၏။

နို့ဃနာဆွမ်းကို ဝမ်းပမ်းတသာ ချက်သောအခါဝယ် မဟာဗြဟ္မာကြီးသည် တဆယ့်နှစ်ယူဇနာရှိသောထီးဖြူကိုဆောင်း၍ သဒ္ဓါကောင်းသောသိကြားမင်းကလည်း ထင်းစကိုကိုင်ကာ မီးကို တောက်စေ၏၊ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ဖိုခနောက်အနီး၌ စောင့်ကြကုန်၏၊ နတ်အပေါင်းတို့သည်လည်း နှစ်ထောင်း ဝမ်းသာ နတ်သြဇာကို ထည့်ကြကုန်၏။

မှတ်ချက် ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန် စံဝင်တော်မူသော နေ့များ၌သာ နတ်သြဇာကို ချက်သောအိုး၌ ထည့်ကြကုန်၏၊ အခြားသောနေ့တို့၌ကား ဆွမ်းလုပ်မှာသာ ထည့်ကြကုန်သတည်း။

အလောင်းတော်မြတ်၏ ငါးရပ်သော အိပ်မက်

အလောင်းတော်မြတ် ဗောဓိသတ်သည် ကျင့်အပ်သော ဒုက္ကရစရိယာကို ခြောက်နှစ်ကြာအောင် ကျင့်တော်မူပြီးသော် ၎င်းကဆုန်လပြည့်နေ့ မိုးသောက်လတ္တံ့သောညဉ့် လင်းအားကြီး အခါဝယ် ဘုရားဖြစ်ခြင်း၏ အကြောင်းကောင်းမြတ်သော ပုဗ္ဗနိမိတ် **အိပ်မက်ငါးပါး** ကို မျက်ဝါး၌ ထင်သကဲ့သို့ မြင်မက်တော်မူလေ၏။

၁ ဤကမ္ဘာမြေကြီးသည် ဗိတာန်နှင့်တကွ အိပ်ရာသင်ဖြူးဖြစ်၍ ဟိမဝန္တာတောင်လုံးကား ခေါင်းအုံးကြီး ဖြစ်ပြီးလျှင် အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကို ထား၍ အနောက်သမုဒ္ဒရာ၌ကား လကျ်ာလက်ကို ထားကာ တောင်သမုဒ္ဒရာ၌ ခြေနှစ်ဘက်ကို ထားလျက် အိပ်စက်ရသည်ဟု မြင်မက်ခြင်း တချက်။

၂ အလောင်းတော်၏ ချက်မှ လှည်းဝင်ရိုးခန့်အညီ သန္တာနီ အဆင်းရှိသော တိရိယာမြက်မျိုးသည် ပေါက်၍ အထက် ဘဝဂ်တိုင်ရောက်သည်ဟု မြင်မက်ခြင်းလည်း တချက်။

သုစန္ဒဝတီ (၈) ၂၀၁–၃၀

၃ ဦးခေါင်းမည်းနက်သော ပိုးလောက်တို့သည် ခြေဘဝါးမှတက်၍အထက် ပုဆစ်ဒူးဝန်းတိုင်အောင် ဖုံးလွှမ်းကုန်၏ဟု မြင်မက်ခြင်းလည်းတချက်။

၄ ထူးထွေသော အဆင်းဖြင့် ဝင်းဝင်းထိန်လက် လေးမျိုးသော ငှက်တို့သည် အရပ်လေးမျက်နှာမှ လာကုန်၍ အလောင်းတော်၏ ခြေတော်ရင်းသို့ ဝပ်စင်း ရောက်လာကြကုန်သည်ရှိသော် အားလုံးသော ငှက်ဟူသမျှမှာ ဖြူဆွသော အတောင်နှင့် အဖြူရောင်ချည်း ဖြစ်ကြကုန်၏ဟု မြင်မက်ခြင်းလည်း တချက်။

၅ မစင်တောင်ကြီးအပြင်တွင် မစင်ဖြင့်မလိမ်းကျံဘဲ စင်္ကြံကြွသွားတော်မူရသည်ဟု မြင်မက်ခြင်းလည်း တချက်။

ဤငါးချက်သော အိပ်မက်ကို မြင်မက်တော် မူလေသတည်း။

ယင်းအိပ်မက်ငါးချက်ကို ကိုယ်တော်တိုင် အဓိပ္ပါယ် ကောက်ယူသောအခါ "ငါသည် မုချမချွတ် အထွတ်သရဖူ ဆောင်းတော်မူရသော လောကထွတ်ထား ဘုရားဖြစ်ပေလတ္တံ့"ဟု မဆန့်အောင် ဝမ်းသာ၍ လွန်စွာ အားတက်တော်မူလေ၏။

သုဇာတာသေဌေးသမီးသည် ဃနာနို့ဆွမ်းကို ရွှေခွက်နှင့်တကွ လှူဒါန်းခြင်း

အလောင်းတော်သည် အိပ်မက်ငါးရပ်ကို ကိုယ်တိုင် နိမိတ်ဘတ်ပြီးလျှင် ဒုက္ကရစရိယာ ကျင့်တော်မူရာ ကျောင်းသင်္ခမ်းမှ ကြွလာ၍ ဆွမ်းအခါကို ဆိုင်းငံ့တော်မူလျက် * တခုသောညောင်ပင်ရင်း၌ အရှေ့ဘက်ကို မျက်နှာပြုကာ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏၊ ကိုယ်တော်မြတ်၏အရောင်ဖြင့် ညောင်ပင်၏ အကိုင်းအခက်တို့သည် တလက်လက် တဝင်းဝင်း ရှမ်းမျောခင်းသာယာ၍ ရတနာ အစုံသီးသော သစ်ပင်ကြီးကဲ့သို့ ရှုမငြီးအောင် တင့်တယ်လေ၏။

သေဌေးသမီး သုဇာတာသည် နို့ဃနာချက်ပြုတ်ရေးကိစ္စ ပြီးလတ်သော် နို့ထိန်းဖြစ်သော ကျွန်မ မယ်ပုဏ္ဏာအား ပြောကြားသည်မှာ "အို- မယ်ပုဏ္ဏာ ငါတို့ ကိုးကွယ်ကပ်ချဉ်းသော ရုက္ခစိုးနတ်မင်း၏ နေရာဗိမာန် ဘုံပျံပင်မင်းကို ရှင်းလင်း သုတ်သင်ပါချေ"ဟု ခိုင်းစေလိုက်လေ၏၊ ကျွန်မ မယ်ပုဏ္ဏာသည်

---

* သုဇာတာ သေဌေးသမီး ဆုတောင်းရင်းဖြစ်သော ညောင်ပင်။



သုဇာတာ လှူအပ်သော တသိန်းတန် ရွှေခွက်ကို နေရဥ္စရာ မြစ်ကြော၌ မျှောတော်မူခဏ်း။

တံမြက်စည်းကို ကိုင်ကာ သွားသည်ရှိသော် ညောင်ပင်ရင်း၌ တဝင်းဝင်းပြောင် လက်၍ အရောင်ထွက်နေသော အလောင်းတော်ကို စောင်းမျှော်ကာ ကြည့်ပြီး လျှင် "ဤယနေ့သည်ကား အလွန်တရာ ထူးခြားသော နေ့ပေတည်း၊ ရုက္ခစိုး နတ်မင်း ကိုယ်တိုင်ဆင်းသော နေ့ပါကလား"ဟု များစွာဝမ်းမြောက်၍ အိမ် အရောက် ပြန်ပြေးကာ "အို-အရှင်မ သုဇာတာ ကျွန်မတို့၏ အရှင်သခင်ကြီး သည် ညောင်နန်းပင်ရင်း၌ ကိုယ်တော်တိုင် ဆင်း၍ ထင်လင်းစွာ နေပါသည်၊ အလျင်သုတ်သုတ် ခပ်မြန်မြန်လုပ်ပါ"ဟု နှုတ်ဝါစာသွက်သွက်နှင့် အားတက် သရော ပြောလိုက်သောအခါ သုဇာတာမှာလည်း လွန်စွာ ဝမ်းမြောက် သဒ္ဓါ အရှိန်တောက်၍ "ဤမျှလောက် ကြာသော်လည်း တခါမျှ မတွေ့စဘူး ယနေ့ ဖြင့် ထူးပါပေ၏၊ ဖူးဘို့ရန် အဆင်သင့်၍ မြင်ခွင့်ရချေပြီ"ဟု သာကြည်ဇောကြွ မနော၁ဟဒယပြုံးဟန်နှင့် အဘိုးတသိန်းတန်သော ရွှေခွက်၌ နို့ဃနာကိုထည့်၍ အဖုံးဖြင့် အုပ်ကာ ခပ်သုတ်သုတ် လာကြလေသတည်း။

မယ်ပုဏ္ဏာပြောသည့်အတိုင်း ခက်ကိုင်းဝေဆာ ပဒေသာလို စည်ပင်သည့် ညောင်ပင်ကြီး အောက်တွင် အလောင်းတော်ကို မြင်လတ်သော် "ရုက္ခစိုးနတ် အစစ်ဘဲ"ဟု စိတ်ထဲ၌ထင်မှတ်၍ ရွှေခွက်နှင့်တကွသော နို့ဃနာဆွမ်းကို လှူဒါန်း ဆက်ကပ်လိုက်လေ၏၊ အလောင်းတော်သည်လည်း တုဏှိဘာဝေ ဆိတ်ဆိတ် နေကာ ဆက်ကပ်သော နို့ဃနာကို နှစ်မြို့စွာ အလှူခံလေသော် သေဋ္ဌေးသမီး သုဇာတာက "အရှင်ရုက္ခစိုးမင်း ကျွန်တော်မ တောင့်တသော ဆန္ဒအာသာ လည်း ပြည့်စုံပါပြီ၊ ကျွန်တော်မ ပြည့်ဇုံသကဲ့သို့ အရှင်နတ်မင်းတို့ မှာလည်း တောင့်တခြင်းဟူသမျှ ပြည့်ဝပါစေသား"ဟု စကားနှုတ်ချို မြွက်ဆိုပြီးကာ ရှိခိုး၍ ထွက်သွားကြလေတော့သတည်း။

နေရဉ္ဇရာမြစ်ကြော၌ ရွှေခွက်ကို မျှောခြင်း

သေဋ္ဌေးသမီး သုဇာတာသည် သဒ္ဓါဓာတ်ဖြူလျှမ်းစွာဖြင့် လှူဒါန်းလိုက်သော နို့ဃနာဆွမ်းကိုခံ သူပြီးသော် ဘုရားအလောင်းတကာတို့၏ သက်ဆင်းရေချိုးရာ ဖြစ်သော နေရဉ္ဇရာမြစ် * **သုပ္ပတိတ္ထိတ** ဆိပ်ကမ်းသို့ ကြွသွား၍ ကမ်းနားတွင် နို့ဃနာရွှေခွက်ကို ထားလျက် ရေချိုးတော်မူပြီးသောအခါ အရွှေမျက်နှာသို့

* သုပ္ပတိဋ္ဌ (မှကွဲ)

ရွှေရှူထိုင်၍ တစေ့တည်း သီးသော ထန်းသီးမှည့်ခန့်ရှိ ဆွမ်းလုပ်ကို လေးဆယ့် ကိုးလုပ်ပြုကာ ရေမ၂ါသောနို့ဃနာကို အားလုံးကုန် ဘုဉ်းပေးတော်မူလေ၏။

နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အဘိုးတသိန်းထိုက်သော ရွှေခွက် ကို ကိုင်ကာ နေရဉ္စရာမြစ်ကမ်း၌ ရပ်၍ "ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်အံ့၊ ဤရွှေခွက်သည် ရေညာဘက်သို့ ဆန်တက်စေသတည်း၊ ဘုရားဖြစ်ခြင်းငှါ မထိုက်သည်ဖြစ်အံ့၊ ရေသာဘက်သို့မျော၍ ပေါလော ပေါ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူလျက် ရွှေခွက်ကို မျှောလိုက်သောအခါ ရွှေခွက်ကြီးသည် ရေစီးအယဉ်ကိုဖြတ်၍ မြစ်လယ်သို့သွားကာ လျင်မြန်စွာအဟုန်ရှိသော သိန္ဓော မြင်းပမာ ရွှေဟသ်ာသဘွယ် အတောင်ရှစ်ဆယ်လောက်မျှ ရေညာသို့ ဆန် တက်၍ တခုသောဝဲ၌မြုပ်ကာ ကာလနဂါးမင်း၏ နေရာအရပ်သို့သွား၍ ဤ ကမ္ဘာတွင် ပွင့်တော်မူကြပြီးသော ဘုရားသုံးဆူတို့၏ ရွှေခွက်များကိုထိပါးလျက် ထိုရွှေခွက်သုံးလုံးတို့၏ အောက်၌ အစဉ်အတိုင်း လေးခုမြောက်ဖြစ်၍ တည်လတ် သတည်း။

ထိုအခါ ကာမဂုဏ်အဆိပ်မှီး၍ အအိပ်ကြီးသော * ကာလနဂါးမင်းသည် ရွှေခွက်တို့၏ ထိပါးသောအသံကို ကြား၍ ကာမဂုဏ်အိပ်ရာမှ နိုးလာပြီးလျှင် "ယမန်နေ့ကပင် လောကတွင် ဘုရားတဆူပွင့်သွားရာ မကြာသေးပါလျက် ယခုအခါ ဘုရားတဆူ ပွင့်တော်မူလာပြန်ပါပေါ့ကလား"ဟု များစွာသော ချီးမွမ်းစကားတို့ကို မြွက်ကြား သီဆိုလေသတည်း။

မြက်ထမ်းသမား သောတ္တိယသည် အလောင်းတော်အား မြက်ရှစ်ဆုပ် လှူဒါန်းခြင်း

ဘုရားအလောင်းတော်သည် ကိုယ်တော်မြတ်၏ အဓိဋ္ဌာန်ချက် ပြည့်စုံသော ကြောင့် လွန်စွာဝမ်းမြောက်လှသည်ဖြစ်၍ နေရဉ္စရာအမည်သာသော မြစ်ကမ်း၌ **မင်္ဂလာပန်း** ဟု သမုတ်သင့်၍ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းတောတွင် † နေ့သန့်စင်တော်မူကာ အဘိညာဉ်ငါးရပ်, သမာပတ်ရှစ်ထွေကို အခါခါ ဖြစ်စေတော်မူ၏။

---

* ဤကာလနဂါးမင်းကား မြေကြီး တယူဇနာနှင့် သုံးဂါဝုတ် တက်သောကာလကိုမှ တနေ့ဟူ၍ မှတ်လေ၏။ † နေ့လယ်နေ့ခင်း သီတင်းသုံးတော်မူခြင်း။

သောတ္ထိယမည်သော မြက်ထမ်းသမား၏ လှူဒါန်းသော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဏ်း။

ပန်းဝတ်ညှာတို့ကို လေခ၍ ကြွေကျသော ညနေချမ်းအခါ၌ ဒေဝဒေဝါ နတ်များစွာတို့ တန်ဆာဆင်အပ်သည့် ရှစ်ဥသဘရှိသော ခရီးလမ်းဝယ် ခြင်္သေ့မင်း၏ တင့်တယ်စံပယ်ခြင်းကဲ့သို့ ကြွသွားတော်မူကာ နေရဥ္စရာမြစ်ညာ၌ ရေချိုးတော်မူ၍ ဗောဓိညောင်နန်းသို့ မြော်မှန်းရှေးရှု ကြွတော်မူ၏၊ နဂါးနှင့် ဂဠုန်, အလုံးစုံသော နတ်အပေါင်းတို့သည် ညွှတ်ပျောင်းသောသဒ္ဓါဝမ်းသာသော သောမနဿ မနောဓာတ် အစိမ့်ကိုင်၍ အခိုင်ခိုင်သောပန်း, အဆန်းဆန်းသော နံ့သာမျိုးတို့ဖြင့် မိုဃ်းရွာသလို ဖြန့်ကြဲကာပူဇော်ပွဲပြုကြရုံမက အကအခုန်တီးမျိုးစုံတို့ဖြင့်လည်း ကမ္ဘာကြီးဖျန်းဖျန်းတုန်အောင် အစွမ်းကုန် ပြုကြလေ၏၊ စကြဝဠာတိုက်ကြီးသည် ကောင်းချီးပေးသောအသံတို့ဖြင့် ဆူညံအုံးကြွက်လျက် တခဲနက်သော နံ့သာပန်းတို့ဖြင့်လည်း ထုံမွှမ်းသကဲ့သို့ ရှိလေ၏။

ထိုအခါ * သောတ္ထိယမည်သော မြက်ရိတ်သမားသည် ဘုရားလောင်းနှင့် ရှေ့ရှုရင်ဆိုင် ခရီးပြိုင်၍လာခဲ့ရာ အလောင်းတော်မဟာ၏ အခြင်းအရာကို ကောင်းစွာ တွေ့မြင်ရလေသည်ရှိသော် ပီတိရွှန်းစို သဒ္ဓါကြည်ညိုလှသဖြင့် ရှစ်ဆုပ်သော မြက်များကို လက်ဝါးပေါ်တင်ကာ လှူဒါန်းလိုက်လေ၏။

အလောင်းတော်သည် ဗောဓိမဏ္ဍိုင်သို့ကြွတော်မူခြင်း

သောတ္ထိယ မည်သော မြက်ထမ်းသမား လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ယူကာ အလောင်းတော်မြတ်သည် ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်တော်မူလေ၏၊ ဗောဓိမဏ္ဍိုင်၏ တောင်မျက်နှာအရပ်မှ မြောက်ဘက်သို့ ရှေးရှု မျက်နှာမူကာ ရပ်လိုက်သည်ရှိသော် တောင်စကြဝဠာတခြမ်းသည် အောက်သို့နိမ့်၍ အဝီစိသို့ ရောက်မည်ကဲ့သို့ ဖြစ်ပြီးလျှင် မြောက်စကြဝဠာသည်ကား အထက်ဘဝဂ်သို့ တက်ရောက်၍ မှောက်အံ့သကဲ့သို့ ဖြစ်လေ၏၊ ထိုအခါ အလောင်းတော်သည် ဤအရပ်ကား သစ္စာဉာဏ် အထွတ်ပေါက်၍ ဘုရားအဖြစ်သို့ ရောက်ရာမဟုတ်ဟု နောက်ဆုတ်တော်မူကာ လကျ်ာရစ်လှည့်၍ အရှေ့ကိုမျက်နှာမူလျက် အနောက်ဘက်တွင် ရပ်တော်မူပြန်သော အခါ အနောက် စကြဝဠာ တခြမ်းသည် အောက်သို့စောင်း၍ အဝီစိသို့ ရောက်မည့်ပုံဟန်, အရှေ့စကြဝဠာ တခြမ်းကား

---

* သောတ္ထိယ၊ (မူကွဲ) သုဒ္ဓိယ ဟူ၍လည်း ရွတ်ဆိုကြသည်။

အထက်သို့ထောင်၍ ဘဝဂ်တိုင် ရောက်သကဲ့သို့ ဖြစ်ချေသော် ဤနေရာသည်လည်း ဘုရားအဖြစ်ရောက်ရန် မသင့်သော နေရာတည်းဟု တခါလှည့်၍ တောင်ဘက်သို့ မျက်နှာမူကာ ဗောဓိမဏ္ဍိုင် မြောက်ဘက်၌ ရပ်တော်မူသော အခါ မြောက်စကြဝဠာ တခြမ်းသည် အဝီစိ နှုတ်ခမ်းရောက်မျှ မှောက်အံ့သကဲ့သို့ တောင်စကြဝဠာသည်ကား အထက် ဘဝဂ်ရောက်အောင် စောင်းထောင်သည့်အနေ ဖြစ်ပြန်ချေသတည်း။

ထို့နောက်မှ အရှေ့မျက်နှာသို့ကြွသွား၍ အနောက်ဘက်သို့လှည့်ကာ ကြည့်ရှုရာတွင် ပလ္လင်တော်တည်ရာ မဟာဗောဓိ ရိပ်ခန်းဝါသည် ခိုင်မာကြံ့ကြံ့တည်ခံ့တော်မူသဖြင့် ဤအရပ်သည်သာ ကိလေသာမျိုးပြုတ်အောင် အခိုးထုတ်ရာတည်းဟု သိတော်မူ၍ သောတ္ထိယလှူဒါန်းသော မြက်များကို အဖျားမှကိုင်ကာ ဖြန့်ကြဲလိုက်သောအခါ ရတနာအတိ **တဆယ့်လေးတောင်** ရှိသော ပလ္လင်တော်ကြီးသည် ဖြစ်ပေါ်လာပေတော့သတည်း၊ မြက်သဏ္ဌာန်ပျောက်၍ ပေါ်ပေါက်လာသော ပလ္လင်တော်၏ ပုံပန်းကို အစွမ်းကုန်တတ်သော ပန်းချီဆရာနှင့်ပန်းပုပညာသည်တို့လည်း ရေးခြယ်, ထုလုပ်ခြင်းငှါ မစွမ်းနိုင်ကြလေကုန်၊ ထိုပုံသဏ္ဌာန်အတုလသည်ကား လူ့ဘဏ္ဍတ်ထား မြတ်ဘုရားနှင့်သာ ထိုက်တန်ပေသတည်း။

ဗောဓိပင်နှင့်ရှေ့ပလ္လင်တွင်ဝီရိယကိုအစွမ်းကုန်ပြုတော်မူခြင်း

ယောကျ်ားမြတ်ဖြစ်သော ဗောဓိသတ်သည် မဟာဗောဓိ ပင်စည်ကိုနောက်မှီထံကဲ ပြုတော်မူကာ အရှေ့သို့ မျက်နှာတော်လှည့်၍ "ငါ၏ ခန္ဓာကိုယ်တွင် အကြော,အရိုး, အရေတို့သည် ညှိုးခွေကာ ကြွင်းကျန်၍ အသားနှင့် အသွေးတို့ကား ခြောက်ခန်းကြပေစေ ငါ၏လုံ့လကို အနည်းငယ်မျှမလျော့၊ ငါသည် သဗ္ဗညုတ ဘုရားအဖြစ်သို့ မရောက်သမျှ မြေကြီးပြောင်းပြန် လန်သော်လည်း လန်ပေစေ,ငါ၏ဦးခေါင်းအထက်သို့ မိုးသံကြိုးစက် အသိန်းတို့သည် တဒိန်းဒိန်း မြည်ဟည်းကာ ကျသော်လည်းကျပေစေ၊ဤဥရုဝေလ တောအလုံးသည် တဟုန်းဟုန်းမီးလောင်၍ ညီးညီးပြောင်ပြောင် ဖြစ်သော်လည်း ဖြစ်ပေစေ၊ ငါ၏ တင်ပလ္လင်ခွေကို မဖြေမလျော့ ဝီရိယမပြော့အံ့"ဟု ဘုရားဖြစ်လိုသော စိတ်သန်၍ အဓိဋ္ဌာန် ပြုတော်မူလေ၏။

ရွှေအဆင်းကဲ့သို့ ထိန်ဝင်းသော အလောင်းတော်၏ သက်နှိုးငှါ ကြွေကျကုန်သော ဗောဓိရွက်တို့သည် ရွှေပြားဖြင့် ကပ်အပ်သော သင်္ကန်းသဘွယ် လွန်စွာ တင့်တယ်ကုန်၏၊ ထိုအခါ နတ်ရွာသေဋ္ဌေးနှင်း သိကြားမင်းသည် အတောင်တရာ့နှစ်ဆယ်ရှည်သွယ်သော **ဝိဇယုတ္တရ** ခရုသင်းကိုမှုတ်ကာ ရပ်တည်လာ၏၊ ပဉ္စသီခနတ်သားကား သုံးဂါဝုတ်ရှည်သော **ဗေလုဝ** စောင်းကြီးကို တီး၍ အနီးတွင် နေလေ၏၊ သုယာမ နတ်သားသည် **သားမြီးယပ်ကို** ကိုင်၍ ရှိသေစွာ နေ၏၊ သန္တုသိတ နတ်သားသည် **ပတ္တမြားထီးဖြူကို** ဆောင်းလျက် ခညောင်းကာနေ၏၊ ဟမ္ပတိ ဗြဟ္မာကြီးသည် သုံးယူဇနာရှိသော **ထီးဖြူကို** အနီးဌါယူကာ ဆောင်း၏၊ ကာလနဂါးမင်းသည် ချီးမွမ်းခြင်းအဖွဲ့ ထုတိမင်္ဂလာမျိုးစုံတို့ဖြင့် ဘဝဂ်တုန်အောင် ဩဘာပေးလေ၏၊ စကြဝဠာတသောင်းဌါ ခိုအောင်းကျက်စားသော နတ်အများတို့သည် ပန်း နံ့သာ အခိုးအထုံတို့ဖြင့် အမျိုးစုံ ပူဇော်ကြပြီးလျှင် ကောင်းချီးဩဘာ ထောမနာကို များစွာ ပြုကြလေကုန်သတည်း။

ဗောဓိပင်အောက် အလောင်းတော် ထံမှောက်သို့ မာရ်နတ်ကြီး ရောက်လာပြန်ခြင်း

သိကြားနတ်အပေါင်းတို့သည် ဘုရားမြတ်ဖြစ်မည်ဆဲဆဲဖြစ်သော အလောင်းတော်အား ခစားဆည်းကပ်၍ နေကြစဉ်အတွင်း မာရ်နတ်မင်း တဖန် ရောက်လာပြန်သတည်း၊ **ရောက်လာပုံသော်ကား** အလောင်းတော်မင်းသား တောထွက်သွားသော အခါမှစ၍ မာရ်နတ်ကြီး၏ စိတ်ထဲ၌ အကြိတ်အခဲ မကျေနိုင် "အလောင်းတော်၏ စိတ်ကို မိမိစိတ်ဖြင့်ယူအံ့"ဟု အရိပ်ပမာ နောက်တော်က မခွါဘဲ အစဉ်တစိုက် အမြဲလိုက်၍ ယုတ်ညံ့သောအမှုအရာကို ကြည့်ပါသော်လည်း ဘုရားအလောင်းတော်၏ ချွတ်ယွင်းမှု တစုံတခုကိုမျှ မမြင်ရချေ။

ဘုရားအလောင်းတော်သည် ဗောဓိမဏ္ဍိုင်တွင် တင်ပလ္လင်ဖွဲ့ခွေ နေတော်မူသောအခါ "ဤသိဒ္ဓတ္ထမင်းသားကား ဘုရားအဖြစ်ကိုယူရန် ဗောဓိပင်သို့ကပ်လာလေပြီ"ဟူသော အကြောင်းခြင်းရာကို ကြားသိရသော မာရ်နတ်ကြီးသည် နှလုံးသားကို အပ်သွားဖြင့် ဆွသကဲ့သို့ သောကလှိုက်ဖို ဗျာပါပိုလျက် "ငါ၏ အလိုဆန္ဒကို လွန်မြောက်အောင် လုံ့လပြုသော သိဒ္ဓတ္ထမင်းသားအား ငါ၏ အလိုဆန္ဒကို လွန်ခြင်းငှါ ငါမပေး"ဟု ကြံတွေးစဉ်းစားကာ မိမိ၏စစ်သည်တော်

တပ်သား ရဲမက်မျိုးကို လျှင်လျားစွာ စုဆောင်း၍ "အို-ငါ၏တပ်သား တပည့်များတို့-လူသား လူဇာတ် မင်းသိဒ္ဓတ်ကို သတ်ဘို့လျင်စွာ လာခဲ့ကြကုန်၊ ကြောက်မက်ဘွယ် သွေးရှဲအောင် အလွန့်အလွန် ဘောက်ပြန်သောရုပ်အသွင်ကို ဖန်ဆင်း၍ မိမိတို့လက်တွင်း၌လည်း ချက်ချင်း သေစေနိုင်သော လက်နက်ကို ကိုင်ဆောင်ကာ သည်းထန်စွာတက်သော ဒီလှိုင်းကဲ့သို့ မဆိုင်းမကြာ လျှင်မြန်စွာ စစ်တက်ကြကုန်"ဟု အဖုံဖုံပြောဆို၍ ဒေါပိုလှသော မာရ်နတ်ကြီးသည်ကား ယူဇနာ တရာ့ငါးဆယ် ရှိသော ဂိရိမေခလာ ဆင်ပြောင်ကြီးကို တက်စီးကာ လက်ရုံး တထောင် ဖန်ဆင်း၍ ထန်ပြင်းသော မျက်နှာထားဖြင့် များစွာသော လက်နက်အပေါင်းကိုလည်း ကိုင်ဆောင်ပြီးလျှင် ဝသဝတ္တီနတ်ပြည်မှ နတ်စစ်သည် များစွာခြံရံလျက် ထွက်လာလေသတည်း။

မာရ်နတ်၏ စစ်သည်တော် တပ်သားအပေါင်းတို့သည်လည်း **သန်လျက် ခက်ရင်း ပုဆိန် လေးမြှား ဒုတ် ဓား တင်းပုတ် ကျည်ပွေ့** စသော လက်နက်အမျိုးမျိုးတို့ကို ကိုင်ဆောင်ကာ နိုင်အောင်တိုက်မည် အံခဲလျက် မာန်ဇွဲပြင်းပြင်းနှင့် ဟင်းလင်းပွင့်သော ခံတွင်းတို့၌ စက်ဆုပ်ဘွယ်ရှိသော အစွယ်တို့ကိုရင်း၊ ဟင်းလင်းပွင့်သော ခံတွင်းတို့၌ တဝင်းဝင်းတောက်သော မီးအလျှံတို့ကိုရင်း၊ အဆင်းမလှ အရိုးစုမျှသာဖြစ်သော ရုပ်ဆင်းသဏ္ဍာန်တို့ကိုရင်း၊ အဖြူ, အနီ, အကြောင်, အကျား, ကြောက်ဘွယ်ကောင်းသော အဆင်းများကိုရင်း၊ လူတို့၏စိတ်ထည်း၌ ထိတ်ခနဲ လန့်တုန်၍ အသက်ကုန်စေတတ်သော ဆိုးဝါးကြမ်းတန်း ကြောက်ခမန်းဖြစ်စဘွယ် အသွယ်သွယ်သော ရုပ်အသွင်တို့ကိုရင်း၊ အစွမ်းကုန် ဖန်ဆင်းကြသည်မှာ တယောက်ဖန်ဆင်းသော အသွင်သဏ္ဍာန်နှင့် တယောက်ဖန်ဆင်းသော အသွင်သဏ္ဍာန်သည် အနည်းငယ်မျှမတူ အမူဘောက်ပြန်ကာ အမျိုးမျိုး ဖန်ဆင်းကြကုန်၏၊ ဤသို့ အထူးထူး အပြားပြားကြောက်အားပိုစရာ များစွာသော စစ်သည်တော် တပ်သားအပေါင်းတို့သည် ဘုရားအလောင်းရှိရာ မဟာဗောဓိမဏ္ဍိုင်သို့ သံပြိုင်အော်ကာ လာကြကုန်သည်မှာ လကျ်ာ,လက်ဝဲ တဆယ့်နှစ်ယူဇနာစီ၊ မာရ်နတ်၏ရှေ့မှာလည်း တဆယ့်နှစ်ယူဇနာ၊ နောက်မျက်နှာမှာမူကား စကြဝဠာတံတိုင်းအထိ အပြည့်အကြပ်ဖြစ်၍ အထက်ရပ် မျက်နှာ၌ကား ကိုးယူဇနာ ရှိလေ၏၊ မာရ်နတ်စစ်သည်

အပေါင်းတို့၏ သောင်းသောင်းကျော်ညာ လာကြသော အသံကြီးသည် မြေပြို ကာ ပွဲတင်ဟည်းသကဲ့သို့ ယူဇနာ တထောင်ခရီးမှ ကြားရလေ၏။

"ယခုအခါ အယုတ်တမာဖြစ်သော မာရ်နတ်၏ စစ်သည်တပ်သားတို့သည် ရောက်လိမ့်မည်"ဟု မရောက်မီ ရှေးဦးကပင် ကြိုတင်၍သိရသည်မှာ များစွာ သော တိတ်ကြီး နိမိတ်ကြီးတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်၏၊ ထိုတိတ် နိမိတ်ကြီးတို့သည်ကား အထောင် အသောင်း မကသော ဥက္ကာ အပေါင်းတို့ သည် ကောင်းကင် အတွင်းမှ တဝင်းဝင်း ကျကုန်၏၊ ကြောက်မက်ဘွယ်သော မှောင်ကြီး မဲကြီးသည် ကြက်သီးထမျှ ဖြစ်လေ၏၊ စိတ်မရှိသော မြေကြီးသည် စိတ်ရှိသော သတ္တဝါကဲ့သို့ အထပ်ထပ် အခါခါ တုန်လှုပ်၏၊ သမုဒ္ဒရာမြစ်ချောင်းမှ အခိုးတထောင်းထောင်း ထလေ၏ မြဂ်ရေအပေါင်းသည်ကား အောက်သို့မစုန် အထက်သို့ ဆန်တက်ကုန်၏၊ တောင်အထွဋ်တို့သည် သစ်ပင်အပေါင်းကို ချိုး ဖြတ်၍ အောက်ရပ်မြေပေါ်သို့ ကျလေကုန်၏၊ လေပြင်း,လေကြမ်း,လေမုန်တိုင်း ကြီးတို့သည် အရပ်ရှစ်မျက်နှာမှ လာကုန်၏၊ တော်လဲသော အသံကြီးတို့သည် တဟည်းဟည်း ဆူညံအောင် တရံမပြတ် ဖြစ်ကြလေကုန်၏။

ဤပြဆိုခဲ့သော တိတ်ကြီး နိမိတ်ကြီးများနှင့် မြေကြီး ပြိုတော့မည်ကဲ့သို့ သော အသံကြီးများကို တွေ့မြင်ကြားသိကြရသော သိကြား, နတ် အပေါင်း တို့တွင် တစုံတယောက်သောသူမျှ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ကြတော့ဘဲ မိမိတို့ မျက်နှာမူရာ အရပ်သို့သာ လျင်မြန်စွာ ပြေးကြကုန်၏၊ ၎င်းတို့တွင် သိကြားမင်း ကြီးသည်ကား မိမိမှုတ်သော ဝိဇယုတ္တရ ခရုသင်းကို ကျောပိုးကာ လွှယ်ပြေး၍ စကြဝဠာတံတိုင်းဝ အနီး၌ ရပ်တည်ကာ မြှော်ကြည့်နေရှာ၏၊ သဟမ္ပတိဗြဟ္မာ ကြီးသည် ဆောင်းမိုးသောထီးဖြူကို အထွဋ်၌ကိုင်၍ ဗြဟ္မာ့ပြည်တိုင် ပြေးလေ၏၊ ကာလနဂါးမင်းသည် မိမိ၏ အခြွေအရံဖြစ်သော ကချေသည်မ အပေါင်းကိုမျှ သတိမရနိုင်တော့ဘဲ မြေ၌ ငုပ်လျှိုးကာ ယူဇနာ၁၀၀ ရှိသော အဝန်းကျယ်သော **မဉ္ဇေရိက** နဂါးပြည်သို့ ပြေး၍ မိမိဗိမာန် အတွင်း၌ ခံတွင်းကို လက်ဝါးဖြင့် ပိတ်ကာ အိပ်ရှာလေ၏၊ စကြဝဠာတသောင်းမှ ကောင်းချီးပေးကာ လာနေ ကြကုန်သော နတ်ဒေဝါတို့သည်လည်း မိမိတို့ မျက်နှာမူရာ အရပ်သို့ ပြေးကြရာ စကြဝဠာ မျက်နှာအဝနား၌ ရပ်ကြကုန်လျက် အဝေးမှပင်မြှော်၍ အလောင်း

တော်ကို ကြည့်နေကြကုန်၏၊ အလောင်းတော်မြတ်ကို သတ်ဖြတ်မည်ဟု ကြိမ်း ဝါးကာ အစိမ်းစားတော့မလောက် မာန်စွယ်ပေါက်ကြသော မာရ်နတ်၏ စစ်သည်တပ်သား ရဲမက်များကို အလောင်းတော်၏ အနီးအနားတွင် တွေ့မြင်ရ သောအခါ အလောင်းတော်ကို လွန်စွာ သနားကြကုန်သည်ဖြစ်၍ "ချစ်ခင် ကြည်ညိုဘွယ်ကောင်းသော အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် ဥပဒ်မတွယ် အန္တရာယ်မငြိ ရန်စွယ်မရှိဘဲ ပကတိကျန်းမာ၍ ချမ်းသာတော်မူပါစေ" ဟူ၍ သာ ဆုတောင်းကာ နေကြကုန်၏။

အလောင်းတော်မြတ် ဗောဓိသတ်သည်ကား ဆိတ်ငြိမ်သော ပြဟ္မာမင်း၏ ဗိမာန်ကြီးအတွင်း၌ ပြဟ္မာမင်းကြီးအလား တပါးတည်းသာလျှင် နေတော်မူ၏၊ တောသား တောကောင်တို့၏အလယ် ကေသရရာဇာ ခြင်္သေ့မင်းကြီးသဘွယ် ငှက်ယယ်တို့အတွင်း ဂဠုန်မင်းမခြား များစွာသော မာရ်နတ်စစ်သားတို့၏ အလယ်၌ တင့်တယ်တော်မူလှသည်ဖြစ်၍ တပါးတည်းသာ နေတော်မူ၏၊ ဝသဝတ္တီ နတ်ပြည်ပျော်ပါးသော မာရ်နတ်သားသည်ကား စစ်သည်တော်တပ် တို့ဖြင့် အထပ်ထပ် ခြံရံကာ လှမ်းမိုးသကဲ့သို့ လာ၍ မဟာဗောဓိပင်အနီးသို့ ရောက်သောအခါ ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော သံတွေခဲကို ယင်အပေါင်းတို့ မချဉ်းကပ်ဝံ့သကဲ့သို့ ဗောဓိပင်မှ တဥသဘ ကွာသောအရပ်မှာ သာ ရပ်တည်ကာ နေရလေ၏၊ ထိုအခါ မာရ်နတ်သားသည် တပည့်များဖြစ်ကြ သောမိမိစစ်သည်တော်တို့ကို "ငါ၏ စစ်သားရဲမက်များတို့ သုဒ္ဓေါဒနမင်း၏သား ဖြစ်သော ဤသိဒ္ဓတ္ထမင်းသားသည် များစွာရဲရင့်ပေ၏၊ ဤမင်းသားနှင့်တူသော ယောကျ်ား အခြားတပါးမှာမရှိ၊ ငါတို့သည်ကား ဤမင်းသား၏ ရှေ့တည့်တည့် အရပ်မှ စစ်တပ်ကိုတက်ခြင်းငှါ မတတ်နိုင်၊ လက်ဝဲ, လက်ျာ,ဖီလာနံပါး, နောက် ဘက်နားက နေ၍သာ စစ်ထိုးကြကုန်အံ့"ဟု ပြောဆိုလေ၏။

ဘုရားအလောင်းတော်မြတ်သည် မာရ်နတ်၏ စကားကို ကြားတော်မူ၍ လက်ဝဲ,လက်ျာ,ရှေ့တည့်တည့်အားဖြင့် အရပ်သုံးပါးကို ရှုစားတော်မူသောအခါ ရှေးဦးစွာပင် အလျင်ရောက်လာနှင့်ကြသော သိကြား, ပြဟ္မာနှင့် များစွာသော နတ်အပေါင်းတို့ကို တဦးတယောက်မျှပင် တွေ့မြင်တော်မမူ၍ မြောက်ဘက် မျက်နှာကို ကြည့်ရှုတော်မူရာတွင် ဖြူ, ပြာ ညို, မောင်း လက်နက်ပေါင်းတို့ဖြင့်

ကြောက်ဘွယ်ရာကောင်းအောင် ထောင်းထောင်းကြေမျှ ချီတက်၍လာကြသော မာရ်နတ်၏ စစ်သည်တွေကိုသာ တွေ့မြင်တော်မူလေ၏။

ထိုအခါ အလောင်းတော်သည် "ဤမျှလောက် များပြား၍ ဒုတ်, ဓား လက်နက် ထိုးနှက်စရာအစုံတို့ဖြင့် အစွမ်းကုန် ချီတက်လာကြသော ဤသူများ အပေါင်းတို့သည်ကား ငါတယောက်တည်းကိုသာ ရည်မှတ်၍ သတ်တော့မည့် မာန်ဇွဲဖြင့် အံခဲကာ တက်လာကြပေသည်၊ ဤဥရုဝေလ တောအရပ်၌မူကား ငါ၏ခမည်းတော်,မယ်တော်နှင့် ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းတို့လည်း မရှိကြချေ၊ ညီတော်နန္ဒမင်းသားနှင့် ရွှေရင်တော်ဘွား သားတော်ရာဟုလာ လည်းမရှိ၊ မျှောက်သားတော် မယ်ယသော်နှင့် နှမတော် ဇနပဒကလျာဏီ စသော သူများလည်း မရှိချေ၊ ငါနှင့် တိုင်ပင် နှီးနှော၍ ပြောပြစရာမရှိသော ဤယခုအခါ၌ အသခ်ျလေးရပ် တသိန်းကပ်ကမ္ဘာအတွင်းက သဒ္ဓါအရင်းထူ၍ ကြည်ဖြူစွာဖြည့်ကျင့်ခဲ့သောပါရမီတော်အပေါင်းသည်သာ ငါ၏တိုင်ပင်ကောင်းသော ဆွေရင်းမျိုးချာ ဖြစ်ခဲ့ရာသည်၊ဤပါရမီတော်များသည်ငါ၏အားထားရာ ပေတည်း၊ ဤပါရမီဆယ်ချက်တည်းဟူသော လက်နက်တော်ကိုကိုင်ကာ ချီတက်လာသော မာရ်နတ်၏ စစ်သည်အပေါင်းကို ထောင်းထောင်း ကြေညက်အောင် ချေဖျက်သုမ်သင်မှ တော်ချေမည်"ဟု ကြံစည်စဉ်းစားတော်မူကာ ဖြည့်ကျင့် ဆည်းပူးလာသော ပါရမီများကိုသာ တပါးပြီးတပါး စဉ်းစား ဆင်ခြင်အော်မူ လျက် အရှေ့ဘက်သို့ မျက်နှာတည့်တည့်လှည့်တော်မူကာ တဆံလွှာမျှ တိမ်းပါး လှုပ်ရှားခြင်း ရှိတော်မမူဘဲ ရဲရင့်မြင့်မြတ်သော နှလုံးရည်ဖြင့်သာ တည်ငြိမ်စွာ နေတော်မူလေ၏။

ယင်းသို့ တည်ငြိမ် ဣန္ဒြေကြီးမားစွာ နေတော်မူသော အလောင်းမင်းသားကို မြင်ရသောမာရ်နတ်ကြီးသည်"ဤသိဒ္ဓတ္ထလူသားကို စကားဖြင့် ခြိမ်းချောက်၍ အကြောက်ဓာတ်သွင်းကာ ချက်ချင်းပြေးစေအံ့"ဟု ကြံလျက် "ငါ၏ တပ်သား ရဲမက်များတို့ ငါ၏ထံသို့ အမြန်လာကြကုန်၊ အဘယ့်ကြောင့် ယခုတိုင် မလှုပ်မရှက် ငြိမ်ချက်သားကောင်း၍ နေကြဘိသနည်း၊ ဤသိဒ္ဓတ္ထမင်းသားကို ဖမ်း၍ ခပ်ကြမ်းကြမ်း တုပ်နှောင်ကြကုန်၊ ခြေ, လက်ကိုဖြတ် ပါးစပ်ကိုလှီး၍ ငုံးတိတိကြီးဖြစ်အောင် ပြုကြကုန်၊ နားရွက်,နှာခေါင်း,ခေါင်းကိုလည်း ခုတ်လှီး

လက်နက်, လှံလက်နက်, သင်ခုန်းလက်နက် အစရှိသော လက်နက်တို့သည် အခိုး ထွက်ကာ အလျှံတောက်၍ ကောင်းကင်တလျှောက်မှ လာကုန်သော်လည်း အလောင်းတော်ထံမှောက်သို့ ရောက်သောအခါ နတ်ပြည်၌ဖြစ်သောမြတ်လေး, စကား, ချယားစသော ပန်းအပေါင်းတို့ကဲ့သို့ မွှေးရနံ့ တထောင်းထောင်းနှင့် ခညောင်းကာ နေကြကုန်၏၊ "သိဒ္ဓတ္ထမင်းသားသည် ဓားလက်နက်ဖြင့် ထိရှ၍ မချိလှသော ဝေဒနာဖြင့် သေရှာသို့ ဆိုက်လေပြီလော"ဟု မာရ်နတ်ကြီး ကြည့်လေလျှင် သန်လျက်စသော လက်နက်ဟူသမျှ၏ စန္ဒကူးနံ့သာမှုန့်ဖြစ်၍ ခြေတော်ရင်း၌ တသင်းသင်း တထုံထုံ ဖြစ်နေပုံကိုသာ မြင်ရလေ၏။

ဆိုးဝါးလှသော မာရ်ယုတ်၏ ဉာဏ်ထုတ်သမျှသည် အလဟဿ အချည်းနှီး အကျိုးမပြီးဘဲ ဖြစ်ပါသော်လည်း တနည်းတဖုံ အရဲတိုး၍ **သဲမိုးကို** ရွာစေ ပြန်လေ၏၊ အလွန်သေးဖွဲ့ သိမ်မွေ့လှစွာသော သဲတို့သည် မမှောင်သော အခိုး ထ၍ ဝင်းပသောအလျှံ တောက်ကုန်လျက် အထက်ကောင်းကင်မှ မောင်းနှင် လိုက်သကဲ့သို့ လာကြကုန်သော်လည်း အလောင်းတော်၏ ရှေ့နားသို့ ရောက် သွားသောအခါ များစွာသောသဲပုံသည် ပန်းဝတ်မှုံဖြစ်၍ အလုံးစုံကျကုန်၏။

ထို့နောက် **ရွှံ့သွန်မိုးကို** ရွာစေပြန်၏၊ ထိုရွှံ့သွန်အပေါင်းသည်လည်းအခိုး တထောင်းထောင်း အလျှံပေါင်းထိန်တောက်လျက် ကောင်းကင်တလျှောက်မှ ရောက်လာကြကုန်သော်လည်း အလောင်းတော်ထံမှောက်သို့ ရောက်သောအခါ ပြစ်နှစ်သော နံ့သာပျောင်းတွေ ဖြစ်ကြလေကုန်၏။

ထို့နောင် **မီးခဲမိုးကို** တမျိုးရွာစေပြန်၏၊ ပေါက်ပွင့်အဆင်းကဲ့သို့ နီဝင်း ထိန်တောက်သော မီးခဲတို့သည် ကောင်းကင်ပြင်မှ အလျှင်ဖြင့် လာကြကုန် သော်လည်း အလောင်းတော်ထံမှောက်သို့ ရောက်သောအခါ မွှေးကြိုင်သင်းပျံ့၍ အဆင်းအနံ့နှင့် ပြည့်စုံသော နတ်ပန်းတွေသာ ဖြစ်ကုန်လျက် ဖရိုဖရဲ ကြဲကုန် သတည်း။

ထို့နောင်မှ "ဤသိဒ္ဓတ္ထ မင်းသားကို ကြီးမားသော အမိုက်မှောင်ဖြင့် အကြောက်ကောင်းဖြစ်၍ ပြေးစေအံ့"ဟု ဘယ်အခါမှ မကြုံဘူး မတွေ့ဘူး သော **အမိုက်မှောင်ကို** ရှောင်တခင် ဖန်ဆင်းလိုက်ပြန်၏၊ အလောင်းတော်မြတ် သည် မာရ်နတ်ဖန်ဆင်းသော အမိုက်မှောင်ကြီးကို ကိုယ်တော်မြတ်၏ မွေးညှင်း

တော် အရေအတွက် ရှိသမျှမှ ထွက်သော ရောင်ခြည်တော် လက်နက်ဖြင့် ပယ်ဖျက်တော်မူကာ တထိန်ထိန်သာသော အလင်းကို ဖြစ်စေတော်မူ၏။

မာရ်နတ်သားသည် ထိုမျှလောက်ဖြင့် အားမရ တင်းမတိမ် ဒေါသရှိန်မအေးသေးဘဲ တွေးမိတိုင်း ပြုပြန်သည်မှာ ဥက္ကာကို ပျံစေ၏၊ ထိုဥက္ကာမှ အခိုးအရှိန်တို့သည် မိုဃ်းတိမ်ကို ခွဲဖောက်၍ ရဲရဲတောက်ပျံသန်းလျက် ကောင်းကင်လမ်းမှ ထစ်ကြိုးမြည်ဟည်းကာ တဓိးဓိး လာကြကုန်သော်လည်း အလောင်းတော်၏ ထံမှောက်သို့ ရောက်သောအခါ အားလုံးပင် ပျောက်ပျက်၍ အနှောက်အရှက် မရှိ ဖြစ်ကုန်၏။

ဒေါသမာန်စွယ်ကို မပယ်မချိုး အမျိုးမျိုးသော လက်နက်ဖြင့် အဆက်ဆက် ပြုလုပ်ပါသော်လည်း အလောင်းတော်၏ မွေးတော်တခြမ်းကိုမျှ ကြက်သီးဖျန်း အောင် မစွမ်းဆောင်နိုင်သော မာရ်နတ်ကြီးသည် မိမိ၏တပ်တော်သားဘက်သို့ လှည့်ကာ "အို-ငါ၏ရဲမက်သား တပည့်များတို့ မတုန်မလှုပ် အဘယ့်ကြောင့် ငြိမ်ကုပ်၍ နေကြလေကုန်သနည်း၊ ဖြည်းဖြည်း ဖြည်းဖြည်းနှင့် ဘယ်အတွက် လက်နှေး၍ နေကြကုန်သနည်း၊ ဤသိဒ္ဓတ္ထမင်းသားကို ယခုချက်ချင်း ဖမ်း၍ ခပ်ကြမ်းကြမ်း တုပ်နှောင်ကြကုန်၊ ဦးခေါင်းကိုဖြတ် ရင်ပပ်ကို ခွဲ၍ သေပွဲဝင်အောင် ပြုကြကုန်"ဟု ပြောဆိုကာ မိမိမှာမူကား ဂိရိမေခလာဆင်၏ လည်ကုပ်၌နေလျက် စက်လက်နက်ကိုကိုင်ကာ "သိဒ္ဓတ္ထမင်းသား၏ ဦးခေါင်းကို ဖြတ်အံ့"ဟု စက်လက်နက်ဖြင့် တချက်တည်း ပစ်လေ၏။

ထိုပစ်အပ်သော စက်လက်နက်၏ တန်ခိုးအာနုဘော်ကား မာရ်နတ်သားသည် ဒေါသအမျက် ပြင်းစွာထွက်၍ အထက်ကောင်းကင်သို့ လွှင့်တင်ပစ်လိုက်သည်ရှိသော် တဆယ့်နှစ်နှစ်ပတ်လုံး မိုဃ်းရေတပေါက်တစက်မျှ မကျတော့ချေ၊ မြေသို့ပစ်လိုက်ပါမူ စက်လက်နက်ကျရာ အရပ်သည် တဆယ့်နှစ်နှစ်ပတ်လုံး မြက်မပေါက် နိုင်တော့ချေ မြင်းမိုရ်တောင်ထိပ်သို့ လွှင့်တင်ပစ်လိုက်သည်ရှိသော် ယူဇနာ နှစ်သိန်း, ငါးသောင်း, နှစ်ထောင် အဝန်း လုံးပတ်ရှိသော မြင်းမိုရ် တောင်ကြီးသည် နှစ်ခြာထက်ခြမ်း ဖြန်းဖြန်းကွဲကာ မြေ၌ကျရာ၏၊ သို့စင် ကလောက် အစွမ်းထက်မြက်သော စက်လက်နက်ကြီးသည် တဟည်းဟည်း မြည်ကာ ပြင်းစွာထစ်ကြိုးလျက် မိုဃ်းကြိုးစက် ကျသကဲ့သို့ အရှိန်ထန်ပြင်းစွာ

ကျလာသော်လည်း မာရ်နတ်သား၏ မာန်စွယ်ကို နှိပ်နယ်ပယ်ဖျက်သည့်အလား ဘုရားအလောင်း၏ ခြေတော်ရင်းဝယ် ဖြန့်ခင်းထားသော ခြေသုတ် ကြိုးခွေကဲ့သို့ ဖြစ်၍ကျလေ၏။

မာရ်နတ်သား၏ စစ်သည်တော် ရဲမက် အပေါင်းတို့သည်လည်း "ယခုအခါ သိဒ္ဓတ္ထမင်းသားသည် ပလ္လင်မှဆင်း၍ ပြေးလိမ့်မည်" ဟူသော ထင်မြင်ချက်ဖြင့် အမျိုးမျိုး အသွယ်သွယ်သော ကြောက်ဘွယ် လန့်ဘွယ် သဏ္ဍာန်အဆင်းတို့ကို ဖန်ဆင်း၍ပြကြကုန်၏၊ ကြီးမားလှစွာသော ကျောက်တောင်ထွဋ်တို့ကိုလည်း ဖြိုခွဲဖွဲ့ချိုး၍ အမျိုးမျိုး စေလွှတ် ပစ်ခတ်ကြကုန်၏၊ အလုံးစုံသော ကြောက်လန့်ဘွယ် အပေါင်းကို အလောင်းတော်မြတ်သည် မေတ္တာဓာတ် အစွမ်းဖြင့် ငြိမ်းချမ်းစေ၍ ကျောက်တောင်ထွဋ် အပေါင်းတို့သည်ကား အလောင်းတော်မြတ်၏ခြေရင်း၌ ခွေစင်းညွတ်ခလျက် ပန်းကုံးပန်းဆိုင်းဖြစ်၍ ကျကုန်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မာရ်နတ်ကြီး အယုတ်တမာသည် မလုပ်ရာ, မလုပ်အပ်သော အခြင်းအရာတို့ဖြင့် များစွာ ကြိုးပမ်း၍ အားထုတ်လုပ်ကိုင် စစ်ဆိုင်ကာ တိုက်လေရာ ရှိသမျှသောလက်နက်ကုန်၍ အစွမ်းဟုန် မရှိသလောက် ဖြစ်နေသောအခါတွင် **မဟာဆင်ဖြစ်သော ဂိရိမေခလာ**ဖြင့် သေရွာသို့ဆိုက်အောင် တိုက်ဝှေ့တွန်းချအံ့" ဟု လက်တဘက်ဖြင့် မြှားတစင်းကို ကိုင်ကာ ဝိုင်းဂိုင်းစက်စက် သွက်သွက်ကြီးလည်စေလျက် ဘုရားအလောင်း၏ ရှေ့အနီးသို့ တဟုန်တည်း သွားလေ၏၊ အလောင်းတော်မြတ် မေတ္တာဓာတ် ပါရမီတော်၏ အာနုဘော်ကြောင့် အနီးသို့ ရောက်လတ်သော် ဂိရိမေခလာဆင်သည် မြေပေါ်တွင် ပုဆစ်တုပ်၍ ဦးခေါင်းကိုလည်းငိုက်ကာ မြေ၌စိုက်၍ နေလေ၏၊ မာရ်နတ်သားသည်လည်း ဆင်၏ဦးခေါင်းပေါ်၌ ရပ်တည်ကာ မနေနိုင်တော့ဘဲ ခွေယိုင်လျှောကျ၍ ဒေါမနဿ ပြင်းထန်စွာနှင့် မြေမှာပင် တည်လေ၏။

ဂိရိမေခလာဆင်ပေါ်မှ လျှောကျ၍ သောကထန်ပြင်းသော မာရ်နတ်မင်းသည် မိမိ၏ဖြစ်ပျက်ပုံကို မိမိ၏ တပ်တော်သားသူရဲများအား လွန်စွာ ရှက်လှသဖြင့် "ယခုအခါ မသိမသာပြေးရလျှင် ကောင်းလေစွတကား" ဟု ကြံပြီးမှ "ငါ့ဘက်က အခြေအနေကို သက်သေ အထောက်အထားပြရလျှင် သက်သေခံကြမည့်သူတွေ များစွာပင်ရှိလေ၏၊ သိဒ္ဓတ္ထမင်းသားမှာကား သူ့ဘက်ကအခြေကို

သက်သေပြစရာ တယောက်တာမျှ မရှိ၊ ဤသိဒ္ဓတ္ထကို စစ်ဘက်၍ လက်နက်ဖြင့် မအောင် မနိုင်သော်လည်း သက်သေခံအပြိုင်ထူ၍ အနိုင်ယူတော့အံ့” ဟု အရှက်ပြေ ချေလို၍ စနေဂြိုဟ်စီးသော မာရ်နတ်ကြီးသည် “သုဒ္ဓေါဒန,မဟာမာယာတို့ ဃရာဝါသ ကံစွဖြင့် အဆိပ်တမျှ မွေးဘွားသော သိဒ္ဓတ္ထမင်းသား ဤဗောဓိညောင် ရွှေပလ္လင်မှ နေမဝင်မီ ယခုခဏပင် သင်ထ၍ သွားပါချေ၊ ဤပလ္လင်သည် သင်နှင့်မဆိုင်, သင်မပိုင်၊ ဤဗုဒ္ဓဟေအောက် ပေါက်လာသော နန်းပလ္လင်သည် စွမ်းအင်နှင့်ပြည့်စုံ၍ တန်ခိုးဂုဏ်ရှိသော ငါတဦးတည်းသာ ပိုင်ချေသည်”ဟု ခပ်တည်တည် ပြောလေ၏။

ထိုစကားကိုကြားရသော အလောင်းတော်မင်းသားသည် သားတေသား ဆိုး သားကြမ်းပိုးတို့ကိုအုပ်စိုး၍နေရသောမွေးဘခင်ကြီးသည် ထိုသားအပေါင်းတို့၏ အပြစ်ကိုမမြင်ဘဲ ချစ်ခင်သောစိတ်ဖြင့်သာ ရင်ခွင်၌ အိပ်စေနိုင်သကဲ့သို့ ထို့အတူပင် အမြွတ်မကြိုက် စရိုက်ဆိုးဝါးသော မာရ်နတ်သား၏ ပြစ်မှား လွန်ကျူးသော အပြစ်အနာကို မေတ္တာဖြင့် အုပ်ဖုံး၍ အလုံးစုံ သည်းခံတော်မူကာ အဏုမြူလွှာခန့်မျှ နှလုံးမသာခြင်း ရှိတော်မမူဘဲ ချစ်တတ်သော မွေးဘခင်သည် ချစ်သော စိတ်ထားဖြင့် မိမိသားကိုကြည့်သကဲ့သို့ သနားခြင်း ကရုဏာဂုဏ်နှင့် ပြည့်စုံသော အလောင်းတော်မြတ်သည် မေတ္တာဓာတ်ကို မပြတ်ဖြစ်စေ၍ မကြောက်မရွံ့ မတုန့်မတုန် ခြင်္သေ့မင်းနေပုံဖြင့် နေတော်မူလျက် ကြည်လင်သော မျက်လုံး ရွှင်ပြုံးသော မျက်နှာဖြင့် မာရ်နတ်ကို ကြည့်တော်မူကာ ကေသရရာဇာ ခြင်္သေ့မင်း၏ ရဲတင်းတည်ကြည်သောအသံမျိုးဖြင့် “ခြောက်ထပ်သော နတ်ပြည်ကို ကွန့်လည်စိုးမိုး၍ တန်ခိုးထန်ပြင်းလှသော အို-မာရ်နတ်မင်း၊ သင်သည်ကား ဤဗောဓိညောင်နန်းတော်ကို မှန်းမြော်ကာ ရလိုသဖြင့် ပါရမီ ဆယ်ပါး,အပြားသုံးဆယ်,ငါးသွယ်စာဂ, စရိယ သုံးပါးကို နှလုံးထားမြင့်မြတ်စွာ တခါတရံမျှ ဖြည့်ကျင့်ခဲ့သည်မဟုတ်ပေ၊ ငါသည်သာ ဤအရာ, ဤအရာတို့ကို ကြည်သဒ္ဓါတောက်လျှမ်း၍ အောက်တန်းက မနေခဲ့ဘဲ စေတနာကောင်းကောင်း သဒ္ဓါမောင်း သန်သန်နှင့် အတန်တန် ဖြည့်ကျင့်ခဲ့ဘူးလှလေပြီ၊ သို့အတွက် ဤညောင်ဇေယျာဗောဓိ နန်းမဏ္ဍိုင်ကို ငါသာဆိုင်၍ ငါတဦးတည်း ပိုင်ချေသည်”ဟု သာကြည်ချိုမြ မိန့်ဟတော်မူလေ၏။

သုမင္ဂလဝတီ (စ) ၂၀၁–၃၂

အလောင်းတော် မေတ္တာရောက်သလောက် ဒေါသမီး တောက်နေသော မာရ်နတ်ကြီးသည် အလောင်းတော်၏ မိန့်ကြားချက်စကားသံကို ကြားရသော အခါ "နှုတ်သံလေပေါပေါနှင့် စကားကြောရှည်စွာ ဤဟာ,ထိုဟာ လိုရာကိုဆွဲ၍ တသဲသဲ ပြောကြားတတ်သော ဟယ်သိဒ္ဓတ်မင်းသား- ငါပိုင်သော ဤပလ္လင်မှာ အဘယ့်ကြောင့် ကြာမြင့်စွာနေဘိသနည်း၊ ယခုပင် အမြန်ထ၍ လိုရာသို့ ကြွပေတော့၊ ငါသည်ကား ဤပလ္လင်ကို ခင်မင်မက်မော ရလိုဇောကြောင့် နှမြောမတွန့်မူ၍ စွန့်လှူခဲ့သော ဒါနတွေ များလှလေပြီ ပါရမီတဆယ် အကျယ်သုံးဆယ်ကို နှလုံးဝယ်အမြစ်စိုက်၍ နှစ်နှင်ခြိုက်ခြိုက်ကြီး ပြုခဲ့လေပြီ၊ ငါးလီစာဂ, စရိယသုံးပါးတို့မှာမူ နှလုံးသားတွင် အခြေမြဲ၍ ဂဟေစွဲသထက် ခိုင်မြဲနေလေသည်၊ သို့အတွက်ကြောင့် ဤပလ္လင်မြေတကွက်သာမက ခြောက်ဌာနသော နတ်ဘုံနှင့်တကွ တလောကလုံးခြုံ၍ အကုန်ငါပိုင်သည်"ဟု ခပ်တည်တည်မျက်နှာထားနှင့် တဘက်သား ယုံလောက်အောင် ဂုဏ်မောက်ကာ ပြောလေ၏။

အလောင်းတော်မြတ် ဗောဓိသတ်သည်လည်း မာရ်နတ်၏ စကားကို ကြားလတ်၍ နောက်ထပ်တဖန် ပြောပြန်သည်မှာ "မမှန်သောစကားကို ပြောကြား၍ မတရားသော အမှုကို ပြုတတ်သော အို မာရ်နတ်ကြီး သင်သည်ကား ငါ့ကို မပိုင် သင်၏အလိုသို့ ငါ့ကိုမလိုက်စေနိုင်၊ယခုအခါ ငါသည်ကား သူတပါးတို့လုယူခြင်းငှါ မတတ်သာ၍ မအောင်နိုင်ရာဖြစ်သော ဤအပရာဇိတ ပလ္လင်နန်း၌ ရွှင်လန်းသော ပီတိအရှိန်ဖြင့် အရဟတ္တမဂ်တည်းဟူသော ပုဆိန်ကိုကိုင်ကာ ကိလေသာရန်ဘေးကို အမြန်အေးအောင် သတ်တော့မည်၊ များစွာသော သတ္တဝါကိုလည်း နတ်ရွာတွင်သာမက အာသဝကုန်ခန်း၍ ဘုံနန်းမကိုင်ငြဖြစ်သော အမြိုက်ဓာတ်သို့ ဆိုက်ကပ်အောင် ဆောင်တော့မည်၊ သင်သည် ငါ့ကို တားမြစ်၍ တရားစစ် တဖန်ခင်းသော်လည်း အောင်မြင်ခြင်း ရနိုင်မည်မဟုတ်ပေ၊ ဤပလ္လင်ဗောဓိကို သင်ပိုင်၏ဟုဆိုသော် ဤပလ္လင်ကို ရကြောင်းဖြစ်သော ကောင်းမှုပေါင်း အစုံအညီ ပါရမီဖြည့်ရာတွင် သိမြင်သော သက်သေတို့ကား အဘယ်သူတို့ပေနည်း"ဟု မိန့်ဟ မြွက်ကြားတော်မူလေ၏။

ဘုရားအလောင်း၏ သက်သေတောင်းသောစကားကိုကြားရသောမာရ်နတ်သည် မိမိ၏ စစ်သည်တော်တပ်သား ဗိုလ်ထုကြီးများကို လက်ညှိုးညွှန်ကာ



မာရ်နတ်ကြီး စစ်ရှုံး၍ စီးတော်ဆင် ဂိရိမေခလာသည် ဦးခေါင်းငုံ့ကာ ပုဆစ်တုပ်နေခဏ်း။

"ဤမျှားစွာသော ပရိသတ်ဗိုလ်ထုသည်ကြီးကား ငါ၏သက်သေများ ဖြစ်ကြသည်"ဟု ပြောကြားသောအခါ များစွာသော စစ်သည်တော် ရဲမက်သားတို့သည်ကား "ဤပလ္လင်ကြောင့် ငါတို့အရှင် အလှူပေးသည်ကို ငါသိပါသည် ငါအသိသက်သေ ဖြစ်ချေသည်"ဟု သိန်း,သန်း,ကုဋေမက ပြောကြသောနတ်သံ၏ ဆူညံ၍ သွားသည်မှာ တောင်လျှောင်လဲ မြေကြီးကွဲတော့မည်ကဲ့သို့ ခြိမ့်ခြိမ့်သဲသဲ ဖြစ်သွားလေ၏။

မာရ်နတ်သား၏ ကြွားဝါသောစကားကို အလောင်းမင်းသား ကြားတော်မူသောအခါ မုသာဝါဒ အဆိုးအညစ်ကို ကတိုးစစ်လိုစုံမက်၍ ဂုဏ်တက်အံ့ထင်သော အသင်နတ်မင်းကြီး တယောက်ထည်းတည်းဖြစ်သော ငါသည် သင်မာရ်နတ်၏ ပရိသတ်ဗိုလ်ပုံ များစွာကုန်သော သူတို့အလယ်၌ စံပယ်ကာနေသော တင်ပလ္လင်ခွေကို မဖျက်မူ၍ အုတ်ခဲ့ကျောက်ခဲဖြင့် မြေအိုးကို ထုခွဲသကဲ့သို့ရှင်း, ကျောက်ခဲ,အုတ်ခဲဖြင့် နှုတ်ရဲအာကြမ်းသော ကျီးကန်းအပေါင်းကို ချောက်လှန့်၍ ကြောက်လန့်တကြား ပြေးသွားစေသကဲ့သို့ရှင်း သင်နှင့်တကွ သင်၏ဗိုလ်ပါ တပ်သားအပေါင်းကို ငါ့ကောင်းမှုအစွမ်းအားဖြင့် ထိပါးပုတ်ခတ်ခြင်း မရှိစေဘဲ အခြားတပါးသို့ ထွက်သွားပြေးပုန်းစေအံ့၊ အို–မာရ်နတ်ကြီး ငါသည် ဤပလ္လင်တော်မြတ်ကို မပြတ်တောင့်တကာ ဘဝပေါင်းများစွာတွင်ကား မဆိုထားဘိ ဝေဿန္တရာဘဝတခုတည်းမှာပင် မြေကြီးကို ခုနစ်ကြိမ်လှုပ်ခါစေ၍ အထုပ်ပမာ ဖြစ်သော ကောင်းမှုတော်ကို ပေါင်းစုဆည်းပူးအပ်လှလေပြီ၊ကိုယ့်တပ်တော်သား ကိုအားကိုးတတ်သောအို–မာရ်နတ်ကြီးသင်သည်ကား **မယုံလျှင်တို့အိမ်သားမေး** ဟူသော စကားပမာ သင့်တပည့်သား ရဲမက်များကို သက်သေထူ၍ အနိုင်ယူတော့မည်ကဲ့သို့ ပြောဆိုနေဘိ၏၊ ယင်းသို့ စဉ်းလဲကောက်ကျစ် ဖောက်ညစ်ကာ ထွက်စေသော သက်သေကိုပေးသဖြင့် အဘယ်အရေး ရောက်အံ့နည်း၊ ဤမြေကြီးကား ပကတိအားဖြင့် စိတ်မရှိ၊ သင့်အား, ငါ့အား နှစ်ယောက်သား အတွက် ဖောက်ပြားလျက် သက်သေခံမည်မဟုတ်၊ သို့ဖြစ်၍ ဤမြေကြီးသည် ငါ၏တဦးတည်း၏ သက်သေခံ အမှန်ဖြစ်ပေလိမ့်မည်"ဟု မိန့်တော်မူလေ၏။

ထိုစကားကိုကြားသော မာရ်နတ်သားသည် "ဤဗောဓိညောင်ရိပ် ပလ္လင်ကို စိတ်ရှင်, ကိုယ်ရှင်နှင့် လိုချင်ငမ်းငမ်း အာသာတမ်းနေသော ရဟန်းသိဒ္ဓတ္ထ

အောင်အပ်သော မာရ်စစ်သားကို ဒုတ်,ဓားမစွက် လက်နက်မကူ အောင်တော်မူလေပြီ၊ယုတ်မာသောအလိုဆိုးဖြင့် ငြိုးသူရန်ဘက်အလား အမှားခေါင်းဆောင် အမှောင်ဦးစီး မာရ်နတ်ကြီးသည်ကား ရှုံးခြင်းကြီးမလှ ရှုံးခြင်းသို့ရောက်ရလေပြီ"ဟု သာကြည်မြွက်ကြွေး အောင်ဆု ပေးကြကုန်၏၊ ဂဠုန်နှင့်နတ်, မြွတ်သောဗြဟ္မာကြီးတို့သည်လည်း ထိုနည်းအတူ ကြည်ဖြူမြတ်လေး အောင်ဆု ပေးကြကုန်သတည်း။

စကြာဝဠာ တသောင်းတွင် ခိုအောင်းပျော်ပါး ကြွင်းကျန်သော နတ်အများတို့သည်လည်း အလောင်းတော် ထံမှောက်သို့ လာရောက် ဆည်းကပ်ကြကုန်လျက် ပန်း, နံ့သာ, အခိုးအထုံတို့ဖြင့် အမျိုးမျိုး အဖုံဖုံ ပူဇော်ကြပြီးလျှင် ကောင်းချီးမင်္ဂလာ ထောမနာသံတို့ဖြင့် အဖန်ဖန် အခါခါ ဩဘာအောင်ဆု သွန်းပြုကြလေကုန်၏၊ ယင်းသို့လျှင် အလောင်းတော်မြတ် ဗောဓိသတ်ဖြစ်တော်မူသော သိဒ္ဓတ္ထရဟန်းတော်သည် နေမဝင်မီအတွင်း အတင်းဗလက္ကာရ ပြုလုပ်တိုက်ခိုက်လာသော မာရ်စစ်သည် ရန်ညွန့်ကို လှဲကာ အောင်ပွဲ ရတော်မူ၍ ဗောဓိပင်အောက် မြေမှ ပေါက်လာသော ရတနာရောင်ရှင် အပရာဇိတပလ္လင် နန်းဌ် ရှင်လန်းကြည်ပြုံးစွာ သီတင်းသုံးတော်မူလျက် နက်နဲသော တရားမြတ်ကို သုံးသပ် ဆင်ခြင်တော်မူလေ၏။

ယခုအခါ အချင်းယူဇနာငါးဆယ် အဝန်းယူဇနာ တရာ့ငါးဆယ်ရှိ၍ပကတိသော ရောင်ခြည်တော် တထောင်ကိုဆောင်ကာ လွန်စွာတင့်တယ် ထွန်းလင်းသော နေမင်းကြီးသည် အကွပ်ကိုကိုင်ကာ ရေဌ်နှစ်လိုက်သော ရွှေလှည်းဘီးစက်ဝန်းပမာ ဂေါယာကျွန်းသို့ ယွန်းကာ ပျောက်ကွယ်၍ အချင်းလေးဆယ့်ကိုးယူဇနာ အဝန်းတရာ့လေးဆယ့်ခုနစ်ယူဇနာရှိ၍ ပကတိ အေးချမ်းကြည်မြသော ရောင်ခြည်ဖြင့် ထွန်းကြည်တောက်ပသော စန်းလယုန်ပံ့ ဘုံဗိမာန်သည် ငွေရည်သွန်းဖျန်းသော ပတ္တမြား ရထားဘီးကိုကိုင်ကာ အာကာသကောင်းကင်သို့ ပင့်တင်လိုက်သည့်အသွင် အရှေ့လောကဓာတ်မှ တက်ပေါ်လတ်၍ အလောင်းတော်မြတ်အား ခစားသည့်အနေ တည်၍နေလေ၏၊ စကြာဝဠာတိုက်၏ အလယ်ဗဟို၌ ဘုရားအဖြစ်ကို လိုလားသော အလောင်းတော် မင်းသား၏ ရွှေအဆင်းကဲ့သို့ ဝါဝင်းထိန်ပြေ ကြက်သရေရှိလှသော အရောင်ဖြင့် ဗောဓိညောင်အပြင်

ထက်ဝန်းကျင်အရပ်ကို ရွှေပြားဖြင့်ခတ်၍ ရွှေရည်သွန်းအပ်သကဲ့သို့ တလျှပ်လျှပ် တထိန်ထိန် တရှိန်ရှိန် တောက်ပ တင့်တယ်တော်မူလှပေ၏၊ ထိုအခါ သိကြား မင်းသည် တောင်စကြဝဠာတံတိုင်းနားမှ အတောင် တရာ့နှစ်ဆယ် ရှည်သွယ် သော ခရုသင်းကိုမှုတ်ကာ ပြေး၍လာ၏၊ မဟာဗြဟ္မာကြီးသည်ကား စကြဝဠာ တံတိုင်းနား၌ ထားခဲ့သောထီးဖြူကို တခါပြန်ယူ၍ ဘုရားအလောင်း၏ အထက်၌ ဆောင်းမိုးကာ ရပ်တည်လာလေ၏။

တသောင်းသော စကြဝဠာတွင် ကိုယ့်စကြဝဠာနှင့် ကိုယ့်ဘုံ အသီးအသီး နေကြကုန်သော သိကြား, ဗြဟ္မာ, နတ်များစွာတို့သည် သူ့ထက်ငါ လာကြ၍ ပ,သ ပူဇော်ကြသည်တို့ကား များလှစွာကုန်၏၊ ၎င်းတို့တွင် အချို့သောနတ်တို့ ကား သီချင်းသံပြိုင် အတိုင်အဖောက် ဝမ်းမြောက် ရွှင်ကြည် သီဆိုကြကုန်သည် ဖြစ်၍ အချို့သော နတ်တို့ကား စောင်းငြင်းပတ်သာ တူရိယာ အမျိုးမျိုးကိုအရိုး တခန်း အဆန်းတဖုံ စုံလင်အောင် တီးကြကုန်၏၊ အချို့သော နတ်တို့ကား ဘယ်ယိမ်းညာနွဲ့ အလှဲ့အပြောင်း ကောင်းစွာ ကကြကုန်၏၊ နတ်အပေါင်းတို့၏ ညွှတ်ပျောင်းပူဇော်သော ပန်း နံ့သာတို့သည်ကား ကောင်းကင်ပြင်ဝယ် တသွင် သွင် တမိုးမိုး အရှိန်ကြီးစွာ ရွာသော မိုးသဲရေအယဉ်ဖြင့် ပြည့်သကဲ့သို့ နေရာ မလပ် အထပ်ထပ် ပြည့်လွှမ်း၍ ကြိုင်လျှမ်းကာ နေလေ၏၊ "ဤသို့ ပန်း နံ့သာ အခိုးအထုံတို့ဖြင့် အမျိုးစုံအောင် ပူဇော်ပသခြင်းတို့ကား အလောင်းမင်းထံပါး တွင် နိဗ္ဗာန်သွားကြောင်း တရားကောင်း ဒေသနာကို စေတနာမြိုင်မြိုင်ဖြင့် နာနိုင်ကြစေရန်နှင့် မျက်လုံး၏ အရသာကို ကောင်းစွာဆောင်သော ယမိုက် ရောင် ပြာဋိဟာကို သေချာစွာ ရှုမြင်ကြဘို့ရန်အတွက် နှစ်သက်သောပီတိ ကြည်အိသောသဒ္ဓါဖြင့် အခါခါ ပူဇော်ကြပါကုန်၏"ဟု ထုတိဝေသော ကျေညာ လျှောက်တင်ကြသော အသံကြီးတို့မှာ စကြဝဠာ ကမ္ဘာတုန်ဟည်း၍ တဟုန် တည်း ဆူညံသွားလေသတည်း။

အလောင်းတော်သည် သမ္မာသမ္ဗုဒ္ဓအစစ် ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ ထိုင်နေ ရွှင်ပြုံး သီတင်းသုံးတော်မူသော အလောင်း တော်မြတ် ဗောဓိသတ်သည် စကြဝဠာတိုက်ကို ခြံရံ၍တည်သော ယုဇနာ

ရှစ်သောင်းနှစ်ထောင် အစောက်အမြင့်ရှိ စကြဝဠာတောင် တည်းဟူသော ကန့်လန့်ကာကို ကောင်းစွာကာရံရစ်သိုင်းအပ်သည်ဖြစ်၍ ထောင်ပေါင်းများစွာ ကြယ်တာရာ စိန်ကျောက်တို့ဖြင့် ထိန်တောက်စွာ စီခြယ်အပ်သည့် ကောင်းကင်ရပ် အာကာဗွေ ဟူသော ဗိတာန်မျက်နှာကြက်ကို ဖြန့်ကြက်ဆောင်းမိုးလျက် တထိန်ထိန်ကြည်မြ၍ ပိယဓာတ်ကို မပြတ်ပေးတတ်သည့် လဗိမာန်တည်းဟူသော ကမ္ဘာ့ဓာတ်မီးကို ထိန်ညီးအောင် ထွန်းညှိတော်မူကာ ကောင်းစွာ တည်ငြိမ် သမာဓိခြွေရှေးရှု နေတော်မူ၏။

ယင်းသို့ နေတော်မူသော အလောင်းတော်မြတ်သည် "နတ်, ဗြဟ္မာအကုန် ဂဠုန်,နဂါးတို့ ညွှတ်တွား ပူဇော်အပ်သမျှ သက္ကာရအမျိုးစုံကို အာရုံမစိုက် နှစ်ခြိုက်တော်မမူဘဲ အဖော်သဟဲဖြစ်သော တရားတော် အစဉ်ကိုသာ ဆင်ခြင်စဉ်းစား နှလုံးထားတော်မူသည်မှာ "ဤလောကကြီးတခုလုံးသည် ယူကျုံးမရ အပူတုံးမျှသာဖြစ်၍ ငိုငြင်ဆင်းရဲလှပေ၏၊ ပဋိသန္ဓေ တည်နေကိန်းအောင်း ကြဉ်းမြောင်းကြပ်တည်းသော ဒုက္ခကြီးသာမက သွားကျိုးဆံဖြူ ငယ်မူယွင်းယို၍ အိုလည်း အိုရချေသေး၏၊ အိုရသော ဘဝနှင့် လက်စမသိမ်း အပူကိန်း အမှုပွေ၍ စုတေသက်ပျောက် ဘဝသစ် တဖန်ရောက်ပြီး ဒုက္ခအညွန့်အညှောက် တည်းဟူသော ပဋိသန္ဓေ ဇာတိသည် အာဒိအစ ဖြစ်ပေါ် လာရပြန်သေး၏၊ သို့စဉ်လျက် ဒုက္ခတွင်းနက်ကာ လက်နှိုက်၍ မမှီသာအောင် ဖြစ်ပေါ်ပါသော်လည်း ပူလောင် ထန်ပြင်းသော ဤဒုက္ခတွင်းမှ လွတ်ကင်းထွက်မြောက်ရာ ထွက်ပေါက်ကို မသိနိုင်ရှာကြလေကုန်၊ အသည်းတုန်စရာ ကောင်းလေစွတကား၊ ဇာတိ, ဇရာတို့နှင့် မကင်းသော ငါသည် အဘယ်နံရော အခါကာလတွင် ဤဒုက္ခလက်အောက်မှ ထွက်ပေါက်ကို ရပါမည်နည်း"ဟု အားသည်းစွာ ကြံမိလေ၏။

ထို့နောက်တဖန် ထပ်မံ၍ ကြံပြန်သည်မှာ "အဘယ်သို့သော တရားဆိုးရှိ၍ အားမကိုး စိတ်မချရသော အိုခြင်း, သေခြင်း အမှုအခင်း ဖြစ်ရသနည်း၊ အဘယ် အကြောင်းကြောင့် မကောင်းသော အိုခြင်း, မကောင်းသော သေခြင်း ဖြစ်ရသနည်း"ဟု သိပ်သည်းစွာ ကြံမိရာတွင် "ပဋိသန္ဓေတည်နေခြင်း ဇာတိရှိသော ကြောင့်သာ အိုခြင်း, သေခြင်းနှင့် မကင်းနိုင်ပါတကား၊ အိုခြင်း, သေခြင်း

တရားဆိုးကြီးသည် ပဋိသန္ဓေနေခြင်းဟု ဆိုအပ်သော ဇာတိသာလျှင် အာဒိမူလ အကြောင်းရင်း ပေါင်းသင်း၍ မထိုက်သော လူမိုက်အလား တရားဆိုးကြီးပါ တကား”ဟု ရှေသွားသော ပညာဉာဏ်ဖြင့် ဝေဘန်ချင့်မြှော်ကာ သင့်လျော်စွာ နှလုံးသွင်းမိ၍ ထိုးထွင်းကာ သိတော်မူသတည်း။

ဤသို့လျှင် ဇရာ,မရဏတို့၏ အကြောင်းသည် ဇာတိ၊ ဇာတိ၏အကြောင်း သည် ဘဝ၊ ဘဝ၏ အကြောင်းသည် ဥပါဒါန်၊ ဥပါဒါန်၏ အကြောင်းသည် တဏှာ၊ တဏှာ၏ အကြောင်းသည် ဝေဒနာ၊ ဝေဒနာ၏ အကြောင်းသည် ဖဿ၊ ဖဿ၏ အကြောင်းသည် ခြောက်ပါးသော အာယတန၊ ခြောက်ပါးသော အာယတန၏ အကြောင်းသည် နာမ်, ရုပ်၊ နာမ်, ရုပ်၏ အကြောင်းသည် ဝိညာဏ်၊ ဝိညာဏ်၏ အကြောင်းသည် သင်္ခါရ၊ သင်္ခါရ၏ အကြောင်းသည် အဝိဇ္ဇာ-ဟူ၍ ခရေစေ့တွင်းကျ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံအားဖြင့် စဉ်းစား ဆင်ခြင် ဉာဏ်၌ ထင်တော်မူလေ၏။

ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံအားဖြင့် စဉ်းစား ဆင်ခြင်တော် မူပြီးသော အခါ သစ္စာလေးပါးကို ထင်ရှားစွာ သိလိုသော အလောင်းတော်မြတ်အား အားထုတ်အပ်သော ဝီရိယ အဓိကသဘောမှ ရွေ့လျောခြင်းမပြု လျော့မှု မထားချေ၊ တိုးတက်၍သာ ဆောက်တည်တော်မူလေ၏၊ ရှေးရှုထင်သော သတိဖြင့် ငြိမ်းအေးသော ကိုယ်လည်း ရှိတော်မူ၏၊ ပူပန်ခြင်း အလျဉ်းမရှိဘဲ ရေခဲတုံးကို ခေါင်းအုံး၍အိပ်သည့်အလား ကောင်းစွာထားအပ်သော စိတ်ဓာတ် သည် တည်ကြည်တော်မူလတ်၏၊ အလောင်းတော်သည် ကာမဂုဏ်တို့၌ အာရုံ မညိတ် ကင်းဆိတ်၍ အတွင်းစိတ်ဗဟို၌ အကုသိုလ်တရားတို့ကိုလည်း လက်ခံ၍ ထားတော်မမူ စင်ဖြူတော်မူလျှ၏၊ သို့ကြောင့် ဝိတက်, ဝိစာရနှင့်တကွ ပီတိ, သုခ ရှိသော ပထမဈာန်သို့ ကပ်၍ မပြတ်နေတော်မူသတည်း၊ ယင်းသို့လျှင် ပထမဈာန်မှ ဒုတိယဈာန်၊ ဒုတိယဈာန်မှ တတိယဈာန်၊ တတိယဈာန်မှ စတုတ္ထဈာန်သို့ တဆင့်ထက်တဆင့် အမြင့်သို့ကပ်ကာ ဝင်စားတော်မူလေ၏။

ဘုရားအလောင်းတော်သည် စတုက္ကနည်းအားဖြင့် စတုတ္ထဈာန်သို့ ကပ်၍ နေသဖြင့် စိတ်တော်ကြည်လင် အပူအပင်မရှိ ဖြူစင်နူးညံ့စွာဖြစ်၍ မတုန်မလှုပ် ကျောက်ရုပ်ကျောက်သားကဲ့သို့ ခံ့ညားတည်ငြိမ်သည်ရှိသော် ရှေး၌နေခဲ့ဘူး

သော ခန္ဓာအစဉ်ကို သိမြင် အောက်မေ့တတ်သောဉာဏ်ကို ရခြင်းငှါ စိတ်တော်ကို ညွတ်စေ၏၊ ဤသို့ အဆင့်ဆင့်အားဖြင့် ပွားများသုံးသပ်သော အလောင်းတော်မြတ်သည် ညဥ့်ဦးယာမ်၌ပင် **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်** မြတ်ကို ကောင်းစွာ ရရှိတော်မူလတ်သတည်း။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရရှိတော်မူသော အလောင်းတော်မြတ်သည် သန်းခေါင်ယာမ် အခါ၌ အကြံသစ်တခု ပေါ်လာသည်မှာ "အဘယ်သို့သော အကြောင်းတရား ပျက်ပြားချုပ်ဆုံး၍ လုံးလုံးမရှိသော် အတိဒုက္ခဖြစ်သော အိုမှု, သေမှုသည် တခုမကျန် အမှန်ချုပ်ဆုံးလေသနည်း"ဟု ဆင်ခြင်မိလေ၏၊ ယင်းသို့ ပညာဉာဏ်ဖြင့် ဝေဘန်ချင့်မြှော်၍ သင့်လျော်စွာ သုံးသပ်မိသောအခါ "ဇာတိဟူသော ပဋိသန္ဓေနေမှု မရှိခဲ့သော် အိုမှု, နာမှုလည်း ရှိမည်မဟုတ်၊ ဇာတိချုပ်ခြင်းကြောင့် ဇရာ, မရဏတို့လည်း စုံးစုံးမြုပ်၍ ချုပ်ရလေတော့သည်"ဟု အသိဉာဏ် ဖြစ်တော်မူ၏။

ဤသို့လျှင် ဇရာ, မရဏတို့၏ ချုပ်ငြိမ်းမှုသည် ဇာတိ၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ ဇာတိ၏ ချုပ်ငြိမ်းမှုသည် ဘဝ၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ ဘဝ၏ ချုပ်ငြိမ်းမှုသည် ဥပါဒါန်တို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ ဥပါဒါန်တို့၏ ချုပ်ငြိမ်းမှုသည် တဏှာ၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ တဏှာ၏ ချုပ်ငြိမ်းမှုသည် ဝေဒနာ၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ ဝေဒနာ၏ချုပ်ငြိမ်းမှုသည် ဖဿ၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ ဖဿ၏ ချုပ်ငြိမ်းမှုသည် အာယတန ခြောက်ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ အာယတန ခြောက်ပါးတို့၏ ချုပ်ငြိမ်းမှုသည် နာမ်, ရုပ်တို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ နာမ်, ရုပ်တို့၏ ချုပ်ငြိမ်းမှုသည် ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ ဝိညာဏ်၏ချုပ်ငြိမ်းမှုသည် သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ သင်္ခါရတို့၏ ချုပ်ငြိမ်းမှုသည် ပညာဉာဏ်ကို ပိတ်ကာတတ်သော အဝိဇ္ဇာ၏ သဲစင် လဲစင် အမြဲကေန်ပင် ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏ ဟူ၍ ခရေစေ့တွင်းကျ ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလုံအားဖြင့် စဉ်းစားဆင်ခြင် ဉာဏ်၌ ထင်တော်မူလေ၏။

ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလုံအားဖြင့် စဉ်းစားဆင်ခြင်တော်မူပြီးသောအခါ ပညာဉာဏ်မျက်လုံးသည် အဆုံးမရှိ ကြည်လင်တော်မူ၍ ပညာဟူသော အရောင်

အလင်းသည် အမှောင်ကင်းသော နေဗိမာန်ကြီးအလား အထူးအားဖြင့် တောက်ပတော်မူ၏၊ ထို့နောင်မှ စတုက္ကနည်းအားဖြင့် ရူပါဝစရစျာန် လေးပါးသို့ ကပ်ကာ ကြည်လင်စွာ နေတော်မူ၏၊ ယင်းသို့ ကိုယ်တော်မြတ်၏ စိတ်တော်အစဉ်သည် ထက်ဝန်းကျင်မှ ဖြူစင်၍ အပူအပင်ဟူသော ကိလေသာအရှိန် ငြိမ်ဝပ်သည်ရှိသော် သတ္တဝါတို့၏ စုတိ,ပဋိသန္ဓေကို သိတတ်သော ဉာဏ်တော်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေတော်မူ၏၊ ဤသို့ အဆင့်ဆင့်အားဖြင့် ပွားများသုံးသပ်တော်မူသော အလောင်းတော်မြတ်သည် ထိုသန်းခေါင်ယာမ်၌ပင် **ဒိဗ္ဗစက္ခုဉာဏ်**မြတ်ကို ရတော်မူလတ်သတည်း။

မိုးသောက်ယာမ်၌ အလောင်းတော်မြတ်သည် ဥပါဒါန်တရားလေးပါးတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကို စစ်တွက်ရှုစားတော်မူ၏၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပုံ, ပျက်ပုံကို အကွက်စုံအောင် အာရုံပြုတော်မူပြီးသောအခါ ယခင် ပဋိစ္စသမုပ္ပါဒ်ကိုပင် အနုလုံ, ပဋိလုံအားဖြင့် ပွားများ စီးဖြန်း၍ တခမ်းတနား ဆင်ခြင်တော်မူပြန်၏၊ ထို့နောင်မှ စတုတ္ထစျာန်မြတ်သို့ ကပ်၍ လျောက်ပတ်စွာ နေတော်မူ၏၊ ရူပါဝစရစျာန် သမာဓိဖြင့် စိတ်၏တည်ကြည်စင်ဖြူ၍ အပူအပင်မရှိဘဲ ပကတိ အေးမြလျက် မလှုပ်မကြွ ဖြစ်တော်မူသောအခါ ကိလေသာ အာသဝေါတို့ကို ခွါမျောကုန်ခန်းစေတတ်သောဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ညွတ်စေတော်မူ၏။

ထိုအခါ ဗောဓိမဂ်ဉာဏ်နှင့် ဆက်ဆံပေါင်းသင်းလိုသော အလောင်းမင်းသည် "လောကီစိတ် ဂ၁-ပါး၊ လောဘကြဉ်သော စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါး၊ဤတရားအပေါင်းသည် ဒုက္ခသစ္စာမည်၏၊လောဘစေတသိက်သည်သမုဒယသစ္စာမည်၏၊ တဏှာအပေါင်းတို့၏ ကုန်ကြောင်း ကုန်ရာမှန်သော မြတ်နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် လေးပါး၌ ယှဉ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာမည်၏"ဟူ၍ ထိုးထွင်းကာ သိတော်မူ၏၊ ဤသို့လျှင် သစ္စာလေးပါးကို အကြွင်းမထားဘဲ ပိုင်းခြား၍ သိတော်မူသော ခဏ နေအရုဏ်တက်လုဆဲဆဲ ကာလကလေး၌ပင်လျှင် **အာသဝက္ခယဉာဏ်** ကို

ရတော်မူလျက် အားသစ်တော်မူလာသော ဘုရားအဖြစ်သို့ ကောင်းစွာ ရောက်တော်မူလေတော့သတည်း။

အလောင်းတော်မြတ်သည် အရဟတ္တဖိုလ်ပေါက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူရလျှင်ပင် ရေငတ်သောယောကျ်ားသည် ကြာမျိုးငါးပါးတို့ဖြင့်စည်ကားကြည်လင် သန့်စင်သော ရေကန်ကြီးကို တွေ့လိုက်ရသည့်အလား များစွာသော ဘဝ အဖြာဖြာတို့တွင် ကိလေသာအပူဟပ်သဖြင့် မြေမတတ်,နေမတတ် ရေငတ်၍ လာတော်မူရာ ယခုအခါမှပင် သန့်စင်အေးကြည်သော မဂ်ရေ, ဖိုလ်ရေကိုအဆာပြေ သောက်တော်မူရသည်ဖြစ်၍ လွန်စွာပင် ဝမ်းမြောက်တော်မူလှသောကြောင့် ရှေးရှေးသော ဘုရားရှင်တို့သည် မစွန့်အပ်သော အောက်ပါ ဥဒါန်းဂါထာကို သာယာကြည်နူး ကျူးရင့်တော်မူ၏။

ရှင်ရှင်မြူး မြူး ကျူးရင့်တော်မူအပ်သော ဥဒါန်းဂါထာကြီး

၁ အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂ ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

၁ ဂဟကာရက၊ အိုခင်းပိုင်နက် နာမင်းပိုင်နက် သေးမင်းပိုင်နက် အပါယ်မင်းပိုင်နက် သူ့စားကျက်၌ မြေကွက်ရာရန် အမိန့်ခံ၍ ရုပ်, နမ် ယှက်လိမ်ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာတဲ့ တဏှာယောကျ်ား ဟယ်....

လက်သမား။ ပုနပ္ပုနံ၊ အမှန်းအဆ ဂဏန်းမပြနိုင်သော ဘဝအတန်တန် အဖန်ဖန် အထပ်ထပ်။ ဇာတိ၊ အို, နာ,သေရေး ဒုက္ခဘေးတို့ လုံးထွေးရောယှက် ကြိုးသွယ်ဆက်၍ ဖြစ်လျက်သန္ဓေ တည်နေရခြင်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဒုက္ခာ၊ ပြောပြ၍မကုန် လောကဓာတ် ထိုထိုဘုံတွင် အဖုံဖုံ အစုံစုံ ညှဉ်းဆဲ လှသဖြင့် ဆင်းရဲတကာ့ ဆင်းရဲကြီးပါတကား။ တသ္မာ၊ ထိုသို့ညှဉ်းဆဲ အလွန့်အလွန်ပင် ဆင်းရဲလှလေသောကြောင့်။ ဂဟကာရံ၊ ကပ်ကမ္ဘာ အနန္တတွင် လပ်ကွာ၍ မကျန်ရအောင် သတ္တဝါမှန်သမျှတို့၏ ဘဝတပင်တိုင် ခန္ဓာအိမ်, လေးပင်တိုင် ခန္ဓာအိမ်, ငါးပင်တိုင် ခန္ဓာအိမ်တွေကို အကြိမ်ကြိမ် အဖန်ဖန် ကန်ထရိုက်ဆွဲပြီးလျှင် တယောက်ထဲ ဆောက်လုပ်၍လာသော တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော၊ ဘယ်လိုဘယ်က ဘယ်သူစ၍ ဖြစ်ပျက်ရသနည်းဟု နိသျည်းမခံ သိပ်သည်းစွာကျိတ်ဖန်လျက် ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စုံစမ်းရှာဖွေ၍ လာခဲ့ရသော။ အဟံ၊ ငါဘုရား ကိုယ်တော်မြတ်သည်။ အနိဗ္ဗိသံ-တံ ဉာဏံ အဝိန္ဒန္တော၊ သင့်ကိုလှမ်း၍ အတင်းဖမ်းကိုင် မြင်စွမ်းနိုင်တဲ့ ကိုယ်ပိုင်ဉာဏ်မှန်ပြောင်းကို ကောင်းကောင်းပိုင်ပိုင် လက်ကိုင်မရရှိသေးသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ ဘုရားမြတ် ဒီပင်္ကရာနှင့် သုမေဓာ ရသေ့ဘဝမှာ တွေ့ကြစဉ် အခါက စပြီးလျှင် ရက်, လ,နှစ်တွေ သင်္ချာ တွက်စစ်၍ ရေခဲ့သော် အသင်္ချေလေးရပ် ထိန်းအမှတ်ဖြင့် တသိန်းကပ် ကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ ခန္ဓာအိမ် ကြိမ်ကြိမ်ဆောက်လျက် သံသရာ ပြန်ကာရောက်ပြီးလျှင် တုံ့ခေါက်လှည့်လည်၍ လာခဲ့ရလေပြီတကား။ ဝါ- ရုပ်,နာမ်နှစ်ရပ် ခေါင်းဆောင်လျက် အလောင်းကောင် သေစရာ မပြတ်နိုင်သဖြင့် မြေကမ္ဘာတွင် ခြေရာတွေထပ်လောက်အောင် လှည့်ပတ်ကာ ကျင်လည်ခဲ့ရလေသတည်း။

၂ ဂဟကာရက၊ တဏှာယောကျ်ား ဟယ်....လက်သမား။ တွံ၊ ခွဲချင်တိုင်းခွဲ, ဖွဲ့ချင်တိုင်းဖွဲ့, လှည့်ချင်တိုင်းလှည့်တတ်တဲ့ တကဲ့ယောကျ်ား သင်လက်သမားကို။ မယာ၊ အိုမှုတဖြာ, နာမှုတထွေ, သေမှုတဖုံ, ကြောက်မက်ဘွယ် ဝိုင်းအုံ၍ လက်နက်စုံ ပစ်ဖောက်သည့် ရန်သူတို့ လက်အောက်၌ စုံထောက်ခန်းဖွင့်ကာ ပွင့်ထွန်း၍ ပေါ်လာရသော ငါဘုရား ကိုယ်တော်မြတ်သည်။ ဒိဋ္ဌော၊ ဗောဓိပင်အောက် အမြင်ပေါက်သဖြင့် သင်ဆောက်တဲ့အိမ်တွေပါ မနိုင်နင်းကွန့်မြူးလျက်

လက်ပူးလက်ကြပ် ယခုတွေ့မြင်အပ်သည်။ အသိ၊ ဖြစ်လေပြီ။ ပုန၊ နောက်ထပ် တဖန် ပြန်လှန်ကွန့်လျက် လွန့်တက် တောင်လှန်ကာ။ ဂေဟ၊ ရေ, မြေ, လေ, မီး ခေတ်ကြီးလေးခု တိုင်ခြေပြု၍ သွေးစု,သားစု, ရိုးစုတပ်ဆင် ဒိုင်း,မြှားတင်လျက် ကိုယ်တွင်ဖြစ်လာ **ခတ္တိ°သာ**တို့ ညီညာစပ်နှော ငါ့ခန္ဓာအိမ် အတ္တဘောကို။ န ကာဟသိ၊ သင် ဘယ်လိုစီမံ ဘယ်လိုဖန်လို့မှ ဉာဏ်နီစွမ်းထုတ် ကြံစည် ဆောက်လုပ်နိုင်တော့မည် မဟုတ်ပေ။တေ၊ကာမဂုဏ်ငါးပါး လာဘ်လက်ဆောင် တံစိုးစားပြီးလျှင် ဆိုးရွားယုတ်မာ တိုးပွားရှည်ကြ အောင် ကြီးထွားရှိလာခဲ့ သော တဏှာယောကျ်ား သင် လက်သမား၏။ သဗ္ဗာ၊ တခုမကြွင်း ခပင်းဥဿုံ ကြိယာအစုံအကုန်လုံးဖြစ်ကုန်သော။ ဖာသုကာ၊ ညစ်ပူ, ရုပ်နောက် အဆောက် အဦအကူတန်ဆာ အတူပါလျက် တွဲဘက် ပူးဝင် အခြင်,ဒိုင်း, မြှား အလားတူစွာ သုံးထောင်ဝက် ကိလေသာတို့ကို။ ဘဂ္ဂါ၊ **ကမ္မက္ခယိန်** ဉာဏ်လက်နက်ဝရဇိန်ဖြင့် ရွယ်ချိန်ပစ်သွင်း၍ အမြစ်အရင်း အုတ်ပန္နက်တို့ပါ နုတ်ဖျက် ချိုးဖွဲ့အပ်ကုန်ပြီ။ ဂဟကူဋံ၊ သင် ဆောက်လုပ်ပြီး ခန္ဓာကိုယ် တိုက်အိမ်ကြီး၏ ထွဋ်ထိပ်းပမာ မိုးကာ လွှမ်းချုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကိုလည်း။ ဝိသင်္ခတံ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ခွဲဖျက် လှင့်ပစ်အပ်လေပြီ။စိတ္တံ၊ ညစ်နောက်ပူကင်း သန့်ရှင်း အေးကြည် ငါဘုရား၏ နှလုံးရည်တော်သည်။ ဝိသင်္ခါရဂတံ၊ ဤကမ္ဘာလောက ခေတ်တွင် အတောမသတ်ရှုပ်ပွေသည့် အလုပ်တွေဇာတ်သိမ်းလျက်အငြိမ်းခေတ် နိဗ္ဗာန်ဟု အသင်္ခတံ စားကျက်တွင်းသို့ သက်ဆင်းဝင်ရောက်ရလေပြီ။ တဏှာနံ၊ သံသရာဘုံတခွင်မှာ ခန္ဓာအိမ်တွေ စီစဉ်၍ စည်ပင်သာယာရုံးထောင်လျက် မဆုံး အောင် ခွဲထွင်ကြတဲ့ *ပပဥ္စတရား တဏှာတည်းဟူသော လက်သမားတို့၏။ ခယံ၊ ကိလေသာ စာရင်းအင်းနှင့် အသင်းအပင်းတွေပါ အကုန်ဖျက်တတ်တဲ့ ထက်မြက်ပြင်းထန် **ခယ** ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို။ အဇ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမထ ယခုကိုယ်တိုင် လက်ကိုင် ရရှိတော်မူခဲ့လေပြီတကား။

အလောင်းတော်မြတ်သည် အာသဝက္ခယဉာဏ်ကို ရတော်မူသည်နှင့်တပြိုင် နက် တချက်တည်း သဗ္ဗညုတဉာဏ်, မဟာကရုဏာသမာပတ္တိဉာဏ် စသော ဉာဏ်တော်အပေါင်းတို့လည်း ကောင်းစွာရရှိတော်မူလေ၏၊ ဤကဲ့သို့ ကိလေသာ

---

* သံသရာကို ချဲ့ထွင်ရစ်ပတ် လည်စေတတ်သော တရား။

အပူအခိုးတို့ဖြင့် မီးခိုးမဆုံး မိုးမဆုံးအောင် တရှန်းရှန်း တောက်လောင်၍ နေသော ဤလောကအရှုပ်တော်၌ ဒုက္ခဟူသော တရားကို ပယ်ဖျောက်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော နေ့, လ, ရက်, နှစ် သက္ကရာဇ်တော်ကား အလောင်းတော်မြတ်၏ ဘိုးတော်ဖြစ်သော အဉ္စနဘုရင်နှင့် အရှင်ဒေဝိလရသေ့မြတ်တို့ တိုင်ပင်ညှိနှိုင်းကာ ဖြိုထားအပ်သော ကောဇာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညဉ့် မိုးသောက်ယာမ် အရုဏ်မတက်မီ ဝိသာခါနက္ခတ်နှင့် စန်းမြတ်သော်တာ ယှဉ်စံသောအခါ ဖြစ်လေသတည်း။

ကဆုန်လပြည့် ဘုရားနေ့

ဗောဓိညောင်နန်း - အောင်ပန်းညောင်ရေ၊
သစ္စာဖွင့်ပွဲ - ဆင့်ကဲသရေ။
ဂုဏ်ကိုးပါးနှင့် - ဘုရားဖြစ်ချေ၊
ကဆုန်လ - ပုဏ္ဏာဒိဝသေ။

ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံနေတော်မူခြင်း

၁–ပလ္လင်္ကသတ္တာဟ

မာရ်နတ်၏စစ်သည်ကို အောင်စည်တော် ခြိမ့်ခြိမ့်သဲ၍ အောင်ပွဲရတော်မူပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ဂေါတမ ရှင်တော်မြတ်သည် ထက်ဝယ်ဖွဲ့ခွေ စံနေမြဲ ပလ္လင်တော်၌ပင်လျှင် သီတင်းသုံးတော်မူကာ "ငါသည် ဤပလ္လင်တော်ကို ရလိုမှုကြောင့် အသင်္ချေလေးရပ် တသိန်းကပ်လုံးလုံး အဆုံးမရှိသော ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရလေပြီ၊ ဤပလ္လင်တော်သည် ငါ့အတွက် သက်သက် ပေါ်ထွက်လာသော ပလ္လင်တော်ပေတည်း၊ ကောင်းခြင်းသြဘာ ထောမနာထုံ မင်္ဂလာဂုဏ်နှင့် ပြည့်ဝုံသော ပလ္လင်တော်ကြီးပေတကား၊ ဤပလ္လင်တော်အထက်မှာပင် သုံးထောင်ဝက် ကိလေသာတို့ကို တိချေကာ ပယ်ဖြတ်၍ အနွယ်ဇာတ် ကုန်ဆုံးအောင် အလုံးစုံ ပြုအပ်ချေပြီ" စသည်ဖြင့် ဆင်ခြင်တော်မူကာ အာသယာနုသယဉာဏ် ဖြင့်လည်း သတ္တလောကကြီး တခွင်ကို အစဉ်အားဖြင့် ရှုစားတော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူလေ၏။

၂—အနိမိသ သတ္တာဟ

ဗောဓိပင်အောက် ဝင်းဝင်းတောက်သော ရွှေပလ္လင်အထက်၌ ခုနစ်ရက် သီတင်းသုံးတော်မူပြီးလျှင် ထိုပလ္လင်မှထတော်မူ၍ ဗောဓိပင်၏ အရှေ့မြောက်ယံ တဆယ့်လေးလံကွာသောအရပ်၌ ရပ်တော်မူကာ "ငါသည် ဤဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် လေးအင်သောသစ္စာကို သိ၍ သဗ္ဗညုတဉာဏ်ကို ရရှိပေသည် တကား"ဟု မမှိတ်သောမျက်လုံးဖြင့် ခုနစ်ရက်ပတ်လုံး ကြည့်ရှုတော်မူလေ သတည်း၊ ယင်းသို့ မမှိတ်သောမျက်လုံးဖြင့် ကြည့်ရှုတော်မူသောအခါ များစွာ သော နတ်အပေါင်းတို့က "ဤသိဒ္ဓတ္ထမင်းသားဖြစ်သော အလောင်းတော် သည် စံပျော်ဘူးသည့် ရွှေပလ္လင်ကိုမှ ခင်မင်တောင့်တခြင်းမပြတ် ထပ်၍ပြုအပ် သော မင်္ဂကိစ္စ ရှိချေသေးသည်တကား"ဟု ယုံမှားသော အကြံဖြင့် အတန်တန် ပြောဆိုကြကုန်၏၊ ထိုနတ်တို့၏အကြံ မှုမမှန်သောသံသယကို သိတော်မူသော မြတ်စွာဘုရားသည် နတ်များ၏သံသယကို ပယ်ဖျောက်ခြင်းငှါ တသူဇနာမျှ လောက်သော အထက်ကောင်းကင်ပြင်သို့ လျင်မြန်စွာ ပျံတက်၍ အလျှံတလက် လက်ဖြစ်သော ရေအစုံ, မီးအစုံ ထွက်စေခြင်း တန်ခိုးပြာဋိဟာကို ကောင်းစွာ ပြတော်မူလေ၏၊ ထိုအခြင်းအရာ တန်ခိုးပြာဋိဟာကို ကောင်းစွာမြင်ကြရသော အခါကျမှသာလျှင် သံသယမကင်းသည့် ခပင်းဥဿုံ အလုံးစုံသောနတ်အပေါင်း တို့သည်ကား နှစ်ထောင်းဝမ်းမြောက် ယုံမှား ပျောက်ကြကုန်သတည်း။

၃—ရတနစင်္ကမန သတ္တာဟ

ရှင်တော်မြတ်ဘုရားသည် များစွာသော နတ်အပေါင်းတို့၏ ယုံမှားသော သံသယကို ပယ်ဖျောက်ခြင်းငှါ အာကာဗေ္ဒကောင်းကင်ဘုံ၌ အစုံအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်ပြင်မှ သက်ဆင်းတော်မူ၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်နှစ်ဆယ်ရှိသော အရပ်ကို အလယ်ထား ၍တဆယ့်ငါးလံ ကွာသောဌာနတွင် အရှေ့မှအနောက်သို့အတောင်ခြောက်ဆယ် ရှည်လျားသော ရတနာအတိပြီးသော စင်္ကြံကြီးကို ဖန်ဆင်းတော်မူကာ ထိုရတနာစင်္ကြံကြီးဝယ် ခုနစ်ရက်ပတ်လုံး စင်္ကြံကြွကာ သီတင်းသုံးတော် မူလေ၏။

၄–ရတနဃရသတ္တာဟ

*ကိုယ်တော်တိုင် ဖန်ဆင်းအပ်သော စင်္ကြံကြီးအတွင်း၌ စင်္ကြံလျှောက်ခြင်းဖြင့် သီတင်း သုံးတော်မူပြီးသောအခါ မဟာဗောဓိပင်မှ အနောက်မြောက် အတောင်လေးဆယ်အကွာတွင် နတ်များစွာတို့ စီမံဖန်ဆင်းအပ်သဖြင့် ရတနာ ခုနစ်ပါးအတိပြီး၍ တညီးညီး ထိန်ပြောင်လှစွာသော ရတနာကျောင်းဆောင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အဘိဓမ္မာ ခုနစ်ကျမ်းကို ဆုံးခန်းတိုင်အောင် သုံးသပ် ဆင်ခြင်တော်မူလေသတည်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့တွင် ပထမ အစ ဓမ္မသင်္ဂဏီကျမ်းမြတ်ကို သုံးသပ်တော်မူသောအခါ ရွှေညာဏ်တော် မကွန့်မြူးလောက်၍ ကိုယ်တော်ရောင် မထွန်းတောက်ဘဲ ရှိလေ၏၊ ထိုမှတဖန် ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်ကျမ်းတို့ကို ဆုံးခန်းသို့ ရောက်အောင် သုံးသပ် ဆင်ခြင်ပါသော်လည်း ရွှေညာဏ်တော်နှင့် မလိုက်ဘဲ အံမကိုက်အောင် ရှိနေသေးသောကြောင့် ရောင်ခြည်တော် မထွက်သာသဖြင့် ဆက်ကာ ဆက်ကာ သုံးသပ်တော်မူသောအခါ မဟာပဋ္ဌာန်းဖြစ်သော ပဋ္ဌာန်းကျမ်းသို့ ရောက်သောအခါမှသာလျှင် လူးသာ လွန့်သာ ရွှေညာဏ်တော် ချိန်ကိုက်လာသဖြင့် တိမ်တိုက်လွှာမှထွက်သော နေဝန်းကြီးသဘွယ် ခြောက်သွယ်သော ရောင်ခြည်တော် အညွန့်အဖူးတို့သည် ကိုယ်တော်မှ ကွန့်မြူး၍ အထူးတလည် လွှတ်ထွက်တော်မူကြကုန်သတည်း။

ညိုသောရောင်ခြည်, ဝါသောရောင်ခြည်, နီသောရောင်ခြည်, ပြိုးပြိုးပြက် ရှိုးရှိုးရက် တလက်လက်သောရောင်ခြည်, ဖြူသောရောင်ခြည်, မောင်းသော ရောင်ခြည်ဟု ဆိုအပ်သော ရောင်ခြည်တော်ခြောက်သွယ် အဆန်းတကြယ် တို့တွင် ဆံတော်, မုတ်ဆိတ်တော်, မျက်လုံးတော် အညိုရိပ်တို့မှ ညိုသော ရောင်ခြည်တော်တို့သည် ထို ဤ ပြေးသန်း ရှုမခန်း ထွက်တော်မူသည်တို့မှာ အာကာသကောင်းကင်ကို ကြာညို, ခွါညို, အောင်မဲညိုပန်းတို့ဖြင့် ဖုံးလွှမ်း၍ ထားဘိသကဲ့သို့ရှင်း တလွှလွှခတ်အပ်သော ပတ္တမြားညိုယပ်ကဲ့သို့ရှင်း၊ ကျီးဥပုဆိုးကို ဖြန့်မိုး၍ ထားသကဲ့သို့ရှင်း၊ ထူးခြားလွန်ကဲစွာ တင့်တယ်ကုန်၏၊ ရှင်တော်ဘုရား၏ ရွှေသားအဆင်းကဲ့သို့ ဝါဝင်းထိန်ပြေသော အရေတော်

* တေရသကဏ္ဍီကာစသော အချို့ကျမ်းကြီးများ၌ နတ်များဖန်ဆင်းကြောင်း လာ၏။

အရပ်နှင့် မျက်သားတော်ခေတ် ဝါသောအရပ်တို့မှ ဝါသော ရောင်ခြည်တော်ခေတ်တို့သည် အာကာရပ်ဗွေပြင်ကို ရွှေစင်ဖြင့်ခတ်၍ ရွှေရည်ဖြင့် သွန်းအပ်သကဲ့သို့ရင်း၊ ရွှေသားပုဆိုးကို ဖြန့်မိုး၍ ထားသကဲ့သို့ရင်း၊ မာလာကျိကျူမှန့်, မဟာလေှကားပန်း, ရွှေဝါ နေကြာ, စကားဝါပန်းတို့ကို တခမ်းတနား ဖြန့်၍ ထားသကဲ့သို့ရင်း ထူးခြားဝါလွင်၍ အလွန်ပင်တင့်တယ်ကုန်၏၊ မြတ်စွာဘုရား၏ အသားတော်, အသွေးတော်နှင့် မျက်သားတော် နီရာအရပ်တို့မှ နီနီမြန်းမြန်း ရှုမခန်းသော ရောင်ခြည်တော်တို့သည် ကမ္ဘာပေါ်လွှမ်း၍ နီမြန်းသော ချိပ်ရည်ကိုလောင်း၍ ပိုးကတ္တီပါအနီကို စီရရီ ခင်း,ကာသကဲ့သို့ လင်းစွာသော အနီရောင်တို့ဖြင့် တပြောင်ပြောင်တောက်ပကုန်၏၊ မြတ်စွာဘုရား၏ အရိုးနှင့် သွားမျက်သားတော် အဖြူရပ်တို့မှ ဖြူလျှပ်ထိန်ကြည်သော ရောင်ခြည်တော်ခေတ်တို့သည် အရပ်မျက်နှာ ရှိသမျှတို့၌ ငွေဖျဉ်းအိုးတို့မှ ငွေရည်မိုဃ်းကို သွန်းဖြိုးလိုက်သကဲ့သို့ရင်း၊ ကောင်းစွာ ဖြန့်ထားအပ်သော ငွေသားဗိတာန် လေဆန်, လေညာ၌ အခါခါ ဆွဲအပ်သကဲ့သို့ရင်း၊ တလွဲလွဲ တလျှပ်လျှပ်ယပ်သော ငွေပြားယပ်ဝန်းကဲ့သို့ရင်း၊ သင်းခွေ, ကြက်ရိုး, ဂမုန်း, ခတ္တာ, ကြာဖြူ, မြတ်လေးဖြူတို့ကို တထွေးကြီး တထွေးကြီး ကြဲဖြန့်သကဲ့သို့ရင်း၊ ဘော်သာခွါ ပုလဲဥတို့ကို အစုလိုက် အစုလိုက် ကောင်းကင်၌ကြဲသကဲ့သို့ရင်း၊ ထူးကဲဖြူဖွေးသောရောင်ခြည်တော် အသွေးရောင်တို့သည် အမှောင်ကိုပယ်လွှင့်၍ ရှုချင့်စဘွယ် တင့်တယ်ကြကုန်၏၊ ထိုပြင်တပါး ပြိုးပြိုးပြက် ရှိုးရှိုးရက် တခဲနက်သော ရောင်ခြည်တော်နှင့် အဝါ,အနီ,အညိုစုပေါင်း မောင်းသော ရောင်ခြည်တော်တို့သည်ကား မြတ်စွာဘုရား၏ ထိုထိုသော ကိုယ်တော်အစိတ်မှ တဖိတ်ဖိတ် ကွန့်မြူး၍ ထူးလည်လှဆန်း ကြွမြန်း ထွက်ချီတော်မူကြကုန်သတည်း။

ယင်းသို့ထွက်ချီ ခြောက်ရောင်ခြည်တို့သည် ပထဝီမြေကြီးကို ဦးပြီးသော ရွှေစိုင်ကဲ့သို့ဖြစ်စေ၍ မြေကိုလျှိုးဖောက်ကာ ရေသို့ ရောက်ကြကုန်၏၊ ထိုမြေကို ခံသော ရေအထုကိုလည်း ရွှေဥကဲ့သို့ ဖြစ်စေပြီးလျှင် အောက်လေအပြင်သို့ ပြေးဝင်ကြကုန်၏၊ ထိုရေကိုခံသော လေအပေါင်းကိုလည်း ရွှေချောင်း, ရွှေတုံးကြီးတွေကဲ့သို့ ဖြစ်စေပြီးလျှင် အောက်ဟင်းလင်းအပြင်သို့ ပြေးဝင်ကြကုန်၏၊ ထို မြေထု, ရေထု, လေအထုကို ကျော်ဖောက်၍ ဟင်းလင်းအပြင်သို့ ရောက်

အောင် ပြေးဝင်ကြသော ရောင်ခြည်တော်ခတ်တို့သည် ယနေ့တိုင်အောင်ပင် အောက်အဘို့သို့ဝင်၍ ကြွစဉ်ပင် ရှိကြကုန်သတည်း၊ အထက်အရပ်သို့ ကြွတော်မူသော ရောင်ခြည်တော်ခတ်တို့သည်ကား စတုမဟာရာဇ် နတ်ပြည်မှစ၍ အထက် ဘဝဂ်ဘုံမျှမက အာကာသ အထက်စခန်းသို့ ကွန့်မြူးကြွချီတော်မူကြ သည်တို့မှာ ယနေ့တိုင်အောင်ပင် ရှိကြကုန်သတည်း၊ အရှေ့, အနောက်, တောင်, မြောက်, ဖီလာ အရပ်မျက်နှာတို့သို့ ကြွတော်မူသော ရောင်ခြည်တော်မြတ် ထူးဆန်းသော အဆင်းခတ်တို့သည်ကား အဆုံးမရှိသော စကြဝဠာ ကမ္ဘာ အရပ်ရပ်သို့ မပြတ်မလပ် ကြွတော်မူသည်တို့မှာ ယနေ့တိုင်ပင် ရှိတော်မူကြကုန် သတည်း။

ရှင်တော်မြတ်ဘုရား၏ ထူးခြားသော ဉာဏ်တော်ကြောင့် ထွက်ပေါ်သော ရောင်ခြည်တော်တို့၏ ရောက်ရာ ရောက်ရာ အရပ်တို့၌ နေ, လ, နက္ခတ်တို့၏ အရောင်သည် မပြောင်မတောက် ပိုးစုန်းကြူးမျှလောက်ဖြစ်ကုန်၏၊ နတ်အပေါင်း တို့၏ ဗိမာန်, ဉယျာဉ်, ပဒေသာပင် ဟူသမျှတို့၌ရှင်း၊ နတ်, သိကြား,ဗြဟ္မာများ ၏ ဝတ်စား တန်ဆာတို့၌ရှင်း ရောင်ဝါကင်းပျောက်၍ လင်းတောက်ခြင်း မရှိ ကြကုန်၊ သို့စင်ကလောက် အရောင်တောက်သော ခြောက်သွယ်ရောင်ခြည် ထူးလည်ဆန်းပြားပုံကို ဂဏန်းအားဖြင့် အမှန်းအတား ရေတွက်၍ပင် အပြေ ခက်ဘို့ ရှိလေတော့သတည်း။

၅–အဇပါလသတ္တာဟ

ရတနာဃရမည်သောရွှေကျောင်း၌ ကိန်းအောင်း ရှင်ပြုံး သီတင်းသုံးတော် မူပြီး၍ ဗောဓိပင်မှ အရှေ့ဘက်စူးစူး သုံးဆယ့်နှစ်လံကွာသော အရပ်၌ရှိသော *အဇပါလ ညောင်ပင်သို့ ခိုဝင် ချဉ်းကပ်တော်မူလေ၏၊ ယင်း အဇပါလ ညောင်ပင်ရင်း၌လည်း ခုနစ်ရက်ပတ်လုံး ရှင်ပြုံးဘွယ်သော ဝိမုတ္တိချမ်းသာကို ခံစားကာ နေတော်မူ၏၊ ထိုညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် အမျိုး မာန်ဝင်၍ အလွန်လျှင် တက်ကြွသဖြင့် †ဟုံဟုံက မည်သော ပုဏ္ဏားသည် ဘုရားထံမှောက်သို့ ကပ်ရောက်လာ၍ မြတ်စွာဘုရားနှင့် စကားဆွေးနွေး တရား

* ဆိတ်ကျောင်းသမားတို့၏ ခိုနားနေရာညောင်ပင်။ † ဒိဋ္ဌမင်္ဂလိကပုဏ္ဏားလည်း ခေါ်၏။

ရေးတို့ကို ပြောဆိုပြီးလျှင် သင့်တော်လျှောက်ပတ်သော နေရာ၌ နေ၍ ဤဆိုလတ္တံ့သောစကားကို လျှောက်ထားလေ၏။

"အို-အရှင်ဂေါတမ အဘယ်မျှသော အကြောင်းတရားကြောင့် ပုဏ္ဏားမည်ပါသနည်း၊ ပုဏ္ဏားအဖြစ်ကို ပြုတတ်သောတရားတို့ကား အဘယ်တရားတို့ပါနည်း" ဟု မေးလျှောက်သော ပုစ္ဆာကို သမ္ဗုဒ္ဓါ ဘုရားမြတ်သည် ဤသို့ ဖြေဆိုအပ်သတည်း၊ "ဒေါသ တည်းဟူသော မီးလုံးဖြင့် တဟုန်းဟုန်းတက်ကြွ၍ ဟုံဟုံကမည်သော အို-ပုဏ္ဏား အကြင် **ဗြာဟ္မဏ** မည်သော ရဟန္တာ ပုဂ္ဂိုလ်သည် အကုသိုလ် အဲယုတ်တရားကို ဒုတ်,ဓားဖြင့် ပယ်သတ်အပ်သကဲ့သို့ အန္တယ်ဇာတ်ပါ မကျန် ပယ်လှန်စွန့်ပစ်အပ်လေပြီ၊ ဒေါသဟူသောမီးလုံးဖြင့် တဟုန်းဟုန်းလည်း မပြုတတ်ချေ၊ ရာဂ စသော ကိလေသာဖန်ရည်တို့သည် ပြန်လည်စွန်းထေးစရာ အညစ်အကြေးလည်း မရှိပေ၊ ဘာဝနာစီးဖြန်း၍ နည်းလမ်းကျနသော ဝီရိယ အရှိန်သည် ဘဝင်အိမ်၌အောင်း၍ သူတော်ကောင်းဟု သမုတ်အပ်ပေသည်၊ အရိယမဂ်စခန်းတွင် တဘက်ကမ်း ဆိုက်ကပ်၍ အမြိုက်ဓာတ်နိဗ္ဗူကို စိတ်ဖြူဖြူနှင့် အာရုံပြုနိုင်ချေ၏၊ ကျင့်သုံးအပ်ပြီးသော မဂ်အကျင့်ဖြင့်လည်း ဘဝဂ်နှင့်မနှိုင်းသာအောင် မြင့်မြတ်လှပါ၏၊ ဤဆိုအပ်ပြီးသော တရားတို့ကြောင့် ထိုပုဂ္ဂိုလ်မျိုးသည် **ဗြာဟ္မဏ** ဟု ဆိုအပ်သော ရဟန္တာမည်ပေ၏၊ ဤတရားတို့သည် ဗြာဟ္မဏဖြစ်အောင် သွေးဆောင်ပြုလုပ်တတ်သော တရားတို့ပေတည်း" ဟု တနည်းညွှန်ပြ ဗြာဟ္မဏ ဟူသော စကားရင်းကို တရားသွင်း၍ ဟောတော်မူလေ၏။

မာရ်နတ်သား တဖန်ရောက်လာပြန်ခြင်း

ထို အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် အတွင်းမှာပင် နှလုံးတွင်း ပူဆာ၍ **လူမသမာ** ဟု သမုတ်အပ်သော မာရ်နတ်သားသည် မြတ်စွာဘုရားအား စကားချိုချိုနှင့် အလိုသို့ပါအောင် လျှောက်ထားရန် တဖန်ရောက်လာပြန်သတည်း။

လျှောက်ထားပုံမှာ "အို-အရှင်ဂေါတမ လောကထွတ်ထား မြတ်စွာဘုရား အရှင်ဘုရားသည် တောထွက်ခါစကပင် 'ငါဘုရားမဖြစ်သမျှ သင်တားမြစ်သော်

လည်း မရ၊ ငါ ဘုရားအဖြစ်ကို အားသစ်ကြိုးပမ်း၍ ကမ္မဋ္ဌာန်းအလုပ် အားထုတ်မည်’ဟု မိန့်ကြားတော်မူပါသည်၊ ယခုအခါ အရှင်၏ အလိုဆန္ဒ ပြည့်ဝပါပြီ၊ နိဗ္ဗာန်သို့ ကြွတော်မူပါ”ဟု လျှောက်ထားလေ၏၊ ထိုအခါ ဘုရားမြတ်စွာသည် “စိတ်ခတ်ယုတ်မာ၍ နှုတ်ဝါစာ ချိုမြမြနှင့် အလိုကျအောင် ပြောတတ်သော မာရ်နတ်ကြီး ငါသည်ကား ဘုရားဖြစ်သည်မှာ မှန်ပါ၏၊ သို့ပင်ဖြစ်လင့်ကစား သတ္တဝါအများတို့အား တရားရေအေး အမြိုက်ဆေးကို တကျိုက်ကလေးမျှ မတိုက်ကျွေးရသေးသည် ဖြစ်၍ ငါ၏ဘုရားအဖြစ်သည် အားသစ်သလောက် အကျိုးမရောက်သေး၊ သို့အတွက် နိဗ္ဗာန်ကနက် တဘက်ကမ်းသို့ မကြွလှမ်းလိုသေး”ဟု မိန့်တော်မူလိုက်လေသတည်း၊ ဤစကားကို ကြားရသော မာရ်နတ်သားသည် စိတ်ထားမကြည် မနသီညစ်ထေး၍ ဘုရား၏ အပြစ်ဘေးကိုလည်း ကြည့်၍မမြင်၊ ဘဝင်နှလုံး နောက်ကျိလှသဖြင့် လမ်းခရီး၌ အမှိုင်ကြီးမှိုင်ကာ တဆယ့်ခြောက်ကြောင်းသော အရေးကို တွေးမိတိုင်း ခြစ်၍ နေရှာလေ၏။

အရေးခြစ်ဟန်ကား “ဤ ရဟန်း ဂေါတမသည် ဖြစ်လေရာ ဘဝတို့၌ သူတပါးထက် ထူးကဲစွာ (၁) ဒါနပါရမီကို ဖြည့်ကျင့်သောကြောင့် ဤဗောဓိညောင်ပင်နှင့် ရွှေပလ္လင်ကိုရပေသည်၊ ငါသည်ကား ဤကဲ့သို့ မဖြည့်ကျင့်မိသောကြောင့် ဤဗောဓိညောင်ပင်နှင့် ရွှေပလ္လင်ကို မရချေတကား”ဟု ဒုတ်ဖျားဖြင့် မြေကို တကြောင်းခြစ်လေ၏၊ ထိုနည်းအတူ (၂) သီလပါရမီ၊ (၃) နေက္ခမ္မပါရမီ (၄) ပညာပါရမီ၊ (၅) ဝီရိယပါရမီ၊ (၆) ခန္တီပါရမီ၊ (၇) သစ္စာပါရမီ၊ (၈) မေတ္တာပါရမီ၊ (၉) အဓိဋ္ဌာနပါရမီ၊ (၁၀) ဥပေက္ခာပါရမီတို့ကို ဘဝတိုင်း ဘဝတိုင်းမှာ သူတကာထက် ထူးချွန်၍ အလွန်အလွန် ဖြည့်ကျင့်တော်မူပေသည်၊ ၎င်းပြင် (၁၁) ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အကြောင်းရင်း မှီရာဖြစ်သော ပါရမီဆယ်ပါးကိုလည်း ဖြည့်ကျင့်ဘူးပေ၏၊ (၁၂) အာသယာနုသယဉာဏ်၊ (၁၃) မဟာကရုဏာ သမာပတ္တိဉာဏ်၊ (၁၄) ယမက ပါဋိဟာရိယဉာဏ်၊ (၁၅) အနာဝရဏဉာဏ်၊ (၁၆) သဗ္ဗညုတဉာဏ်တို့ကို ထိုးထွင်း၍ သိခြင်း၏ အကြောင်းရင်းမှီရာ ဖြစ်သော ပါရမီဆယ်ပါးကိုလည်း ဖြည့်ကျင့်ဘူးပေ၏၊ ငါသည်ကား ၎င်းအဆောက်အဦတွေကို မဖြည့်

ကျင့်ခဲ့ဘူးပေ”ဟု စိတ်နေမဖြောင့် ကြောင့်ကြ ပူဆွေးကာ မအေးနိုင်သော သောကဖြင့် ဤမျှလောက်သော အကြောင်းအရေးတို့ကို တဖြည်းဖြည်းတွေး ကာ ရေးခြစ်၍ နေရှာလေ၏။

မာရ်နတ်ကြီး၏ သမီးဖြစ်ကြသော တဏှာ, အရတိ, ရာဂ တို့သည် ခမည်း တော်၏ အနီး အဖော်မရှိဘဲ တယောက်ထဲ စိတ်မသက်မသာ ဖြစ်နေပုံကို တွေ့မြင် ကြရသောအခါ အနားသို့ လာကြကုန်၍ “ခမည်းတော်ဘုရား ဘယ်သို့သော အကြောင်းများကြောင့် စကားမပြော သဘောမသာ ရွှေမျက်နှာ မကြည်လန်း ဘဲ ဤလမ်းခရီး၌ တယောက်ထီးတည်း လာနေပါသနည်း”ဟု ပြာရီးပြာရာ မေးလာကြကုန်သော် စိတ်အလိုမပြည့်ဝ၍ ကြည့်မလှသော မျက်နှာထားဖြင့် တဘက်သား၏ ပျက်စီးရာ ပျက်စီးကြောင်းကိုသာ အကြောင်းရှာနေသော မာရ်နတ်ကြီးသည် “အို-ချစ်သမီးတို့ ဤဂေါတမရဟန်းသည် ငါပိုင်ရာ နယ်စခန်း မှ တကယ်တန်း လွတ်မြောက်၍ အထွတ်အထိပ်သို့ ရောက်သွားလေပြီ၊ ငါမှန်း ထားသော ရွှေပလ္လင်ကိုလည်း သူပင်အနိုင်ရ၍ သမ္ဗုဒ္ဓဘုရားဟု အထင်အရှား ဖြစ်သွားလေပြီ၊ ဤအမှုအကြောင်းတွေ စုပေါင်းကာ အပူပွေသဖြင့် ငါဘခင် ခမည်းတော်မှာ အနီးအဖော်မရှိ တယောက်ထီးတည်း နေဘိ၏၊ စိတ်သောက ဗျာလိုင်၍ မကြံနိုင်အောင် ရှိနေချေပြီ”ဟု မရယ်နိုင် မပြုံးနိုင် နှလုံးဆိုင် အပူ ဖျန်းလျက် ဦးတန်းရာ ပြောလိုက်လေ၏။

ဘခမည်းတော်၏စကားကို ကြားကြရသော တဏှာ,အရတိ,ရာဂ ဟူသော သမီးသုံးယောက်တို့သည် မီးဟုန်းဟုန်းတောက်သကဲ့သို့ ဒေါသလုံး ပိုမောက်ကြ ပြီးလျှင် “အို-ခမည်းတော်ကြီး ဤဂေါတမရဟန်း အဘွက်ကြောင့်ဖြင့် သောက မဘက်ပါဘဲ စိတ်သက်သာအောင် နေတော်မူပါ၊ လောကကြီးတလွှားမှာ ယောကျ်ားဆိုတဲ့ အဖိုဟူသမျှကို အူကြွ၍ အသည်းဖိုပြီး အလိုသို့ပါအောင် တတ်နိုင်သောအရာတွင် သာသူမရှိကြောင်းကို ကောင်းကောင်းကြီး သိတော်မူ သည့်အတိုင်း သမီးတော်တို့၏ တာဝန်သာထား၍ ခမည်းတော်ဘုရားမှာ သက်သာ အေးချမ်းစွာ နေတော်မူပါ”ဟု သာယာညှင်းပျောင်း ကောင်းစွာ ပြောဆို အားပေးကြကုန်လျက် ခမည်းတော်ထံမှ ထွက်ခဲ့၍ မြတ်စွာဘုရား၏ ထံတော်ပါးသို့ သွားကြကုန်သတည်း။

မြတ်စွာဘုရားထံမှောက်သို့ ရောက်ကြသောအခါ တယောက်ကား တဆယ့်သုံးနှစ်အရွယ်၊ တယောက်ကား တဆယ့်ခုနစ်နှစ်အရွယ်၊ တယောက်ကား ကလေးတယောက်ရပြီးသော သားသည်အမေအရွယ်ဖြင့် တင့်တယ်စွာ တန်ဆာဆင်ပြီးလျှင် အသွင်မာယာ အမျိုးမျိုး တန်ခိုးရှိသလောက် ဖန်ဆင်းကာ ခြေရင်းတော်၌ အလုပ်အကျွေး ဖြစ်လိုပါကြောင်း စကားကောင်းဖြင့် ဖြားယောင်းကာတောင်းပန်ကြလေ၏။

မြတ်စွာဘုရား၏ မိန့်ကြားသံ

မာရ်နတ်၏ သမီးသုံးယောက်တို့သည် စွမ်းအားရှိသလောက် ဖန်ဆင်းကြ၍ အဆင်းအသွယ်သွယ် အရွယ်အစားစား ယောကျ်ားများ စိတ်အကြိုက်ကို ထိခိုက်အောင် ဖျောင်းဖျလျက် ကောင်းလှသော အမူအရာဖြင့် ပျူပျူငှါငှါ လုပ်ကြပါသော်လည်း ရှင်တော်မြတ် ဘုရားသည်ကား ချထားသော မျက်လွှာကို ဖောက်ပြန်ခြင်း မရှိစေဘဲ နတ်သမီးများကိုလည်း ကြည့်ရှုတော်မမူ၊ ကိုယ်တော်မြတ်ရှေ့မှောက်သို့ရောက်လာကြသော နတ်သမီးတို့အား ဤဆိုလတ္တံ့သောစကားကို မိန့်ကြားတော်မူလေ၏။

"မာရ်နတ်၏ ရင်နှစ် သမီးချစ်ဖြစ်ကြသော အို-နတ်သမီးတို့ ငါဘုရားကိုယ်တော်မြတ်အား အောင်အပ်သော ကိလေသာခပင်းကို ဗောဓိပင်ရင်း၌ ခင်းအပ်သော ပလ္လင်ပေါ်မှာပင် အောင်မြင်တော်မူအပ်လေပြီ၊ ရန်သူတို့ ချေမှုန်းသော်လည်း ရှုံးနိုင်ဘွယ်လမ်း ကိန်းခန်းမရှိတော့ပေ၊ လောကသုံးပါးတွင် ငါဘုရား အောင်ပြီးသော ကိလေသာရန်ကို မာန်မူ ဖျက်ဆီးလိုသော သူတဦးသည် အထူးပင်ပြန်လာအောင် ရန်ရှာခြင်းငှါမတတ်နိုင်ချေ၊ ယင်းကဲ့သို့ ကိလေသာ တဏှာ အကြောင်းကင်း၍ ကောင်းခြင်းစုံလင် အကုန်မြင်သော သဗ္ဗညုတဉာဏ်လျှင် အာရုံရှိသည့် ကိုးဂုဏ်သခင် ငါဘုရားရှင်ကို ရုပ်သွင်သဏ္ဌာန် နှုတ်သံနွဲ့နွဲ့ လှည့်ပတ်သော မာယာ နှစ်သက်စရာ အဘယ်အကြောင်းမျိုးဖြင့် သင်နတ်သမီးတို့၏ အလိုပါ၍ ပြိုလဲကာ စိတ်ယိုင်အောင် ဆောင်စွမ်းနိုင်ကုန်အံ့နည်း၊ အို-မာရ်နတ်၏ ရင်ဘွား သမီးချစ်များတို့ ငါဘုရားကိုယ်တော်မြတ်အား ငါးပါးသောအာရုံကာမဂုဏ်၌ ခုံမင်တပ်ငြိတတ်သောသတ္တဝါကြောင့် မိရာကိုဖမ်းတတ်သည့်အတွက် ပိုက်ကွန်ယက်နှင့်တူသော တဏှာကို ပယ်ခွါသုတ်သင်၍အငုတ်

အပင်မျှ မကျန်ရအောင် ပြုလုပ်အပ်ပြီ၊ ဤသို့ တပ်မက်စွဲငြိ တဏှာမရှိသော ငါဘုရားအား တဏှာ၏အကြိုက် နှစ်ခြိုက်ဘွယ် အာရုံဖြင့် အမျိုးမျိုး အဖုံဖုံ အားထုတ်၍ အမှားအယုတ်သို့ ဆောင်ခြင်းငှါ သင်တို့ မတတ်နိုင်ရာ၊ သင်တို့ ကဲ့သို့ လှုပချော့မွေ့၍ သဘောတွေ့လောက်သော ရုပ်အဆင်းကို တဏှာမကင်းသော လူဖျင်း လူညံ့အပေါင်းတို့သာ နှစ်သက်ကောင်း နှစ်သက်ကြပေလိမ့်မည်၊ တဏှာကင်းသော ငါဘုရားသည်ကား မြေသုသာန်၌ မြှုပ်နှံအပ်ပြီးသော အကောင်ပုပ်ကဲ့သို့ စက်ဆုပ် ရွံမုန်း စိတ်နှလုံးမကြည်ရှင် ခြေဖျားနှင့်သော်မှ မတို့ချင်ပေ”ဟု မိန့်ကြားတော်မူသောအခါ တဏှာကို အားကိုး၍ အညွန့်ချိုးမည်ဟုလာကြသော နတ်သမီးသုံးယောက်တို့သည်“ဤပုဂ္ဂိုလ်ကား လောကကြီး တလွှားတွင် မြင့်မားထူးချွန်သော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ဖြစ်၍ မြတ်သောအလှူကိုလည်း ခံထိုက်ပေသည်၊ သတ္တဝါအပေါင်းတို့ နှစ်ထောင်းစွဲလမ်း၍ အမြဲတမ်း တောင့်တသော အာရုံ၌လည်း မတုန်မလှုပ် အဟုတ်ပင် ဆုံးမတော်မူနိုင်ပါပေသည်”ဟု ပြောဆိုချီးမွမ်းကာ မာရ်နတ်မင်း၏ အထံသို့ ပြန်ကြလေကုန်၏။

၆—မုစလိန္ဒ သတ္တာဟ

မြတ်စွာဘုရားသည် ဆိတ်ကျောင်းသားတို့၏ ခိုနားရာ အဇပါလညောင်ပင် ရင်း၌ သီတင်းသုံးတော်မူပြီး၍ ဗောဓိပင်၏ အရှေ့တောင်မျက်နှာ အလံငါးဆယ် ကွာသောအရပ် မုစလိန္ဒာမည်သော ရေအိုင်၏အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးတော်မူလေ၏၊ ထိုသို့ သီတင်းသုံးတော်မူခိုက် စကြဝဠာတိုက်အလုံး ပြန့်နှံ့သော အခါမဲ့မိုးသဲကြီး ရွာသွန်းလေလျှင် မုစလိန္ဒမည်သော နဂါးမင်းသည် မိမိဗိမာန် အတွင်းမှထွက်ကာ မြတ်စွာဘုရားအား ဖွတ်, ခြင်, ယင်ရဲ စသည်တို့ မထိပါး မကိုက်ထိုး စေခြင်းငှါလည်းကောင်း၊ အပူ,အချမ်း,လေကြမ်း,မိုးဖွဲ့တို့ မညှဥ်းဆဲ စေခြင်းငှါလည်းကောင်း ရတနာအတိပြီးသော ဗိမာန်ကြီးကို ဖန်ဆင်းလျက် လူဒါန်းခြင်း ငှါ တတ်နိုင်ပါသော်လည်း မိမိကိုယ်ကိုအရင်းထူ၍ ကျောင်းအလှူကို လှူခြင်းငှါ ကြီးစွာသော ကိုယ်ကိုဖန်ဆင်း၍ တပိုင်းတခွေကို ပလ္လင်အနေ ခင်းပြီးသော် ဘုရားကိုယ်တော်ကို ခုနစ်ပတ်ရစ်ရံလျက် ဦးခေါင်းထက်၌ ပါးပျဥ်းဖြင့်အုပ်မိုး၍ မိုးမစွတ်ရအောင် ပြုလေ၏၊ မြတ်စွာဘုရားသည်လည်း မုစလိန္ဒနဂါးမင်း၏ အခွေတွင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူကာ ဖလသမာပတ်ကို ဝင်စား

၍ နေတော်မူလေ၏၊ ခုနစ်ရက်စေ့၍ မိုးစဲသောအခါမှ နဂါးမင်းသည် လုလင်ပျိုယောင် အသွင်ဆောင်လျက် မြတ်စွာဘုရားရှေ့တော်၌ ရှိခိုးကာ ရိုကျိုးစွာ နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် "လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သော အရှင်ရဟန္တာသည် လွန်မင်းစွာအေးမြ၍ ချမ်းသာလှပေ၏၊ ထို့မှတပါး သတ္တဝါအများတို့၌ ထိပါးတိုက်ခိုက်၍ မီးကြီးမြိုက်သလို ပူပြင်းသော ဒေါသကင်းခြင်းသည်လည်း လွန်မင်းစွာ ချမ်းသာလှပေ၏၊ ကာမဂုဏ်ငါးပါးတို့၌ လိုက်စားငြိကပ်သော ရာဂဓာတ် ကင်းကွာမှုသည်လည်း အတုမရှိသော ချမ်းသာကြီးပေတည်း၊ ငါ,ငါ ဟူ၍ တလူလူ မာန်ယစ်ကာ ရန်ဖြစ်ခြင်းကို ပယ်ခွါလျက် သတ္တဝါခပင်းတို့အား မညှဉ်းဆဲ မထိခိုက်ဘဲ အလိုက်သင့် သည်းခံ၍နေခြင်းသည်လည်း ရေတွင်းစမ်းရေကို သောက်ရသကဲ့သို့ ဝမ်းမြောက်ပြုံးရွှင်၍ နှလုံးတွင် အေးမြလျက် ချမ်းသာလှ၁ပေ၏" ဟူသော ဥဒါန်းကို ဝမ်းသာရွှင်မြူး ကျူးရင့်တော်မူလေ၏။

၇–ရာဇာယတနသတ္တာဟ

မုစလိန္ဒာအိုင်အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးတော်မူရာ ခုနစ်ရက်မျှကြာလျှင် မဟာဗောဓိပင်မှ တောင်မျက်နှာ တဆယ့်တလံကွာသောလင်းလွန်းပင်ရင်းသို့ ရွှေပြောင်းကာ သီတင်းသုံးတော်မူလေ၏၊ ထိုရာဇာယတနမည်သော လင်းလွန်းပင်ရင်း၌ ဖလသမာပတ်ကို ဝင်စား၍ နေတော်မူရာ ခုနစ်ရက်ကြာ လေလျှင် ဘုရားရှင် ကိုယ်တော်မြတ်သည် မျက်နှာသစ်တော်မူလိုသော အကြံတော်ဖြစ်လတ်သော် နတ်တို့သေဌ်နင်း သိကြားမင်းသည် တရားမင်းဖြစ်တော်မူသောမြတ်စွာဘုရား၏ အကြံတော်ကိုသိ၍ ကြဇူသီး, ကွမ်းရိုးဒန်ပူနှင့် အနဝတတ် ရေများကို ဝပ်တွားကြည်ဖြူစွာ ကပ်လှူလာသဖြင့် ကောင်းစွာ ဘုဉ်းပေး သုံးဆောင်တော်မူလေ၏။

တဖုဿနှင့် ဘလ္လိကတို့ ရောက်လာကြခြင်း

မြတ်စွာဘုရားသည် သိကြားမင်းကပ်လှူသော ကွမ်းရိုးဒန်ပူ, ကြဇူသီးနှင့် အနဝတတ်ရေများကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးသောအခါ ရာမည တိုင်း

ဥက္ကလာ ဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိက ကုန်သည်နောင်ညီနှစ်ဦးတို့သည် ကုန်သွယ်ခြင်း အလို့ငှါ လှည်းပေါင်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ဘုရားရှိရာအရပ်သို့ ရောက်လာကြလေ၏၊ လောကကြီးအတွင်း တရားမင်းသခင် ဘုရားရှင်ပွင့်တော်မူကြောင်းကို မသိကြသော်လည်း ၎င်းကုန်သည်ညီနောင်တို့နှင့် ဆွေမျိုးမကင်း သားချင်းတော်ခဲ့ဘူးသော နတ်သားက လှည်းများကို မသွားနိုင်အောင် ချုပ်နှောင်ကာဆီး၍ ထားလေ၏၊ ဗလိနတ်စာဖြင့် ကောင်းစွာ ပ, သ တင်မြှောက်ကြသောအခါမှ နတ်သားက ကိုယ်ထင်ပြလျက် “လောကသုံးပါးတွင် နှိုန်းထားစံယှ အတုမရှိသောဘုရား ထင်ရှားပွင့်တော်မူ၍ ယခုအခါ လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူနေသည်၊ အသင်ညီနောင်တို့အား အကျိုးစီးပွား များလိုပါမူ တစုံတခုကိုယူ၍ လှူဒါန်းပူဇော် ဖူးမျှော်ကန်တော့ကြချေ”ဟု စေသောစကားကို ပြောကြားမြွက်ဆိုကာ ကွယ်သွားလေသတည်း၊ ထိုနတ်သား၏ ပြောကြားသောစကားကို ကြားကြရသော တဖုဿနှင့် ဘလ္လိက နောင်ညီနှစ်ယောက်တို့မှာ ဝမ်းမြောက်ရွှင်လန်း၍ ပီတိပန်းအညွှာအခိုင်တို့သည် သဒ္ဓါတလှိုင်လှိုင် ဖြစ်ကြကုန်လျက် ပျား,တင်လဲ, ထောပတ်တို့နှင့်ရောစပ်၍ ပြုလုပ်အပ်သောမုံ့ကိုရင်း၊ ၎င်းတို့နှင့် မရောမစပ်ဘဲ ပြုလုပ်အပ်သော မုံ့ကိုရင်း ယူဆောင်ကုန်ပြီးသော် မြတ်စွာဘုရား ထံတော်ပါးသို့ သွားကြပြီးလျှင် “လောကအထွတ် တမွတ်ခေါင်ဖျား အရှင်မြတ်ဘုရား တပည့်တော်တို့အား ရှည်လျားစွာသော နေ့ညဉ့်ပတ်လုံး မဆုံးနိုင်သော အကျိုးစီးပွားများပြားစိမ့်သောငှါ ဤယခု ယူဆောင်လာသော ပျားမုံ့ဆုပ်ကိုရင်း၊ ပျားနှင့်မဆုပ် ပကတိ ပြုလုပ်ထားသော မုံ့များကိုရင်း ကရုဏာထက်သန်စွာ အလှူခံတော်မူပါဘုရား”ဟု လျှောက်ထားကာ ဆက်ကပ် လှူဒါန်းကြလေ၏။

ယင်းသို့ ကုန်သည် ညီနောင်တို့သည် မုံ့များကို ကပ်လှူလာသော အခါ ရဟန်းပြုတော်မူစက ဃဋိကာရ ဗြဟ္မာမင်း ကပ်လှူအပ်သော သပိတ်တော်သည် ဘုရားဖြစ်အံ့သော ကဆုန်လပြည့်နေ့တွင် သေဋ္ဌေးသမီး သုဇာတာ ရွှေခွက်နှင့်တကွ နိုဃနာ လှူစဉ်ကပင် ကွယ်ပျောက်လေ၍ မုံ့များကိုထည့်ကာ အလှူခံစရာ သပိတ်တော်မရှိ ဖြစ်လေရကား “ငါ့အား ဤမုံ့များကို ခံယူအံ့သော ငှါ သပိတ်လည်း မရှိပေတကား၊ ရှေးရှေးသော ဘုရားရှင်တို့သည် ဘောဇဉ်

အာဟာရကို လက်တို့ဖြင့် မခံယူကုန်၊ အဘယ်ဝတ္ထုဖြင့် ဤမုံ့များကို ခံယူရပါမည်နည်း”ဟု အကြံတော်ဖြစ်လေ၏၊ ထိုအခါ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် မြတ်စွာဘုရား၏ အကြံကို အမှန်အားဖြင့် သိကြကုန်၍ ဇာနန္ဒီလာမည်သော ပတ္တမြားညို သပိတ်တော်လေးလုံးကို တလုံးစီ လှူလာကြကုန်၏၊ ထိုပတ္တမြား သပိတ်တို့ကို အလှူမခံ ပယ်လှန်တော်မူသဖြင့် တဖန် ပဲနောက်အဆင်းရှိသော ကျောက်ညို သပိတ်လေးလုံးကို လှူသော အခါမှသာ အလှူခံတော်မူလေ၏။

နောက်ထပ်တဖန် ထပ်မံ၍ လှူဒါန်းသော ကျောက်ညိုသပိတ် လေးလုံးကို ရွှင်ပြုံးစွာ အလှူခံတော်မူ၍ လေးယောက်သော နတ်သားတို့၏ သဒ္ဓါတရားကို မပျက်ပြားစေခြင်းငှါ စောင့်စည်းတော်မူလိုသော မြတ်စွာဘုရားသည် နတ်သားတို့၏ သပိတ်လေးလုံးကို လက်ပေါ်သို့ ဆင့်တင်ကာ ကောင်းစွာ အဓိဋ္ဌာန်ပြု၍ ဖိနှိပ်တော်မူလိုက်လေလျှင် အနားရစ် လေးဆင့်ဖြင့် တော်သင့်သော သပိတ်တလုံးတည်းသာ ဖြစ်သွားလေ၏၊ ထိုနတ်မင်းကြီးများ လှူဒါန်းဆက်ကပ်သော သပိတ်ဖြင့် တဖုဿနှင့် ဘလ္လိက ညီနောင်တို့၏ မုံ့များကို အလှူခံလေသတည်း။

မြတ်စွာဘုရားသည် မုံ့များကိုအလှူခံ၍ ဘုဉ်းပေးတော်မူသည်ကို မြင်ကြရသော တဖုဿနှင့် ဘလ္လိက တို့သည်ကား နှလုံးကြည် သဒ္ဓါပေါက်၍ လွန်စွာဝမ်းမြောက်ကြပြီးလျှင်“မြတ်စွာဘုရား တပည့်တော်များသည် မြတ်စွာဘုရားကို အားထား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏၊ (**ဗုဒ္ဓံ သရဏံ ဂစ္ဆာမ**) မြတ်စွာဘုရား၏တရားတော်မြတ်ကိုလည်း အားထားကိုးကွယ်ရာဟူ၍ဆည်းကပ်ကြပါကုန်၏၊ (**ဓမ္မံ သရဏံ ဂစ္ဆာမ**) မြတ်စွာဘုရားနှင့် တွေ့ရသော ယနေ့ကို အစထား၍ ဘဝတပါးသို့ ပြောင်းသွားသည်တိုင်အောင် တပည့်တော်များကို **သရဏဂုံ**ဆောက်တည်သော ဥပါသကာတို့ဟူ၍ မှတ်ယူတော်မူပါ”ဟု ကောင်းစွာ ဦးနှိမ်၍ အကြိမ်ကြိမ် ဝပ်တွားကာ လျှောက်ထားကြကုန်သတည်း၊ ထိုအခါကာလတွင် မြတ်စွာဘုရားနှင့် တရားတော်သာရှိသေး၍ သံဃာတော်ကား မရှိသေးသဖြင့် ထိုညီနောင်နှစ်ဦးတို့၏ ဆောက်တည်ခံယူသော သရဏဂုံသည်ကား **ဒွေဝါစိက သရဏဂုံ** မျှသာတည်း။

ကိုးကွယ်ရာတခုကို တောင်းကြခြင်း

ကုန်သည်ညီနောင် နှစ်ယောက်တို့သည် ဝမ်းမြောက်ကြည်ယုံစွာ သရဏဂုံကို ခံယူကြပြီးသော်"မြတ်စွာဘုရား တပည့်များသည် မြတ်စွာဘုရားနှင့်တွေ့ရသော ယနေ့ကစ၍ သရဏဂုံတည်သော **ဥပါသကာ** မည်ကြပါကုန်ပြီ၊ နောင်သော အခါ အဘယ်သူအား ကိုယ်တော်မြတ်အစားထား၍ ဝပ်တွားရှိခိုးခြင်း ခရီးဦး ကြိုဆိုခြင်း စသော ကိုးကွယ် ဆည်းကပ်မှုကို ပြုရပါမည်နည်း၊ တပည့်တော် များ၏ အားထားကိုးကွယ်ရာကို ပေးသနားတော်မူပါဘုရား"ဟု လျှောက် ထားကြလေ၏၊ ဤသို့သောစကားကို လျှောက်ထားသောအခါ ဘုရားမြတ်စွာ သည် လက်တော်ဖြင့် ဦးခေါင်းကို သုံးသပ်တော်မူလေလျှင် * **ရှစ်ဆူသော ဆံတော်** မြတ်တို့သည် လက်တော်၌ ငြိကပ်၍ ပါလာကုန်၏၊ ၎င်းဆံတော်မြတ် ရှစ်ဆူကို ကုန်သည်ညီနောင်တို့၏လက်သို့ ပေးအပ် သနားတော်မူလိုက်ပြီးလျှင် "ဤဆံတော်များကို ငါဘုရား၏ကိုယ်စား အားထားကြည်ညိုစွာ ကိုးကွယ် ဆည်းကပ်ကြလေ"ဟု မိန့်တော်မူလေ၏။

ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရား သနားချီးမြှင့်တော် မူအပ်သော ဆံတော်ဓာတ်တို့ကိုရကြ၍ အနဂ္ဃရတနာကို ရကြသည့်အသွင် လွန်စွာကြည်ရွှင် လျက် အမြိုက်ရေစင်ဖြင့် သွန်းလောင်းလိုက်သကဲ့သို့ အတိုင်းမသိ နှစ်ခြိုက် ကြကုန်၏၊ ဤသို့ဝမ်းသာ ရွှင်ပြုံး အကြည်လုံးဆိုက်ကြကုန်သော ညီနောင်နှစ်ဦး တို့သည် မြတ်စွာဘုရားအား ဝပ်တွားရှိသေစွာ ကန်တော့ကြကုန်လျက် ဘုရား ထံမှ ဖဲခွါ၍ အလိုရှိရာသို့ သွားကြပြီးလျှင် ကုန်ပစ္စည်းများကို ရောင်းချပြီး သောအခါ မိမိတို့နေရာဌာန ဥက္ကလာဇနပုဒ်သို့ ပြန်ကြကုန်သတည်း။

နေရင်းရပ်ထံသို့ ပြန်ရောက်ကြသောအခါ ဥက္ကလာမင်းမြတ်အား ဆံတော် ဓာတ် ပါသောအကြောင်းကို ကောင်းစွာ သံတော်ဦးတင်ကြ၍ သင့်လျော်ရာ ဌာနကို ရှာကြပြီးလျှင် စေတီတည်ကာ ဆံတော်ဓာတ် ရတနာကို ဌာပနာ ပြီးသော် ကောင်းစွာကော်ရော် ပူဇော် ကိုးကွယ်ကြကုန်သတည်း။

---

* ဝိနည်းအဋ္ဌကထာ၌ အရေအတွက်မပါ သာမညလာ၏၊ အနာဂတဝံသအဋ္ဌကထာ၌ တလက် ဆုပ်ဟု လာ၏၊ ဤ၌ကား အင်္ဂုတ္တိုရ်အဋ္ဌကထာ အလိုတည်း။

သဟမ္ပတိဗြဟ္မာမင်းသည် မြတ်စွာဘုရားအား တရားဟော တောင်းပန်ခြင်း။

သဟမ္ပတိဗြဟ္မာ တရားဟောတောင်းပန်လာခြင်း

ဤဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူပြီးသော် အဇပါလညောင်ပင်ရင်းသို့ တဖန် ရွှေ့ပြောင်းတော်မူပြန်၍ ဝိမုတ္တိချမ်းသာကို ခံစားတော်မူကာ ခုနစ်ရက် သီတင်းသုံးပြန်သတည်း၊ ထိုအဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်အား ဤသို့သော အကြံတော်ဖြစ်လတ်၏၊ "ယခု ငါသိတော်မူအပ်သော တရားတော်မြတ်သည် မြင်းမိုရ်တောင်ဖုံးသော မုန်ညင်းသီးအလုံးကလေးတမျှ အလွန်မြင်နိုင်ခဲလှ၏၊သဗ္ဗညုတဉာဏ်ရှင်ဖြစ်သော ဘုရားသခင်တို့၏အရာမျှသာ ဖြစ်ချေသည်၊ ပဋိစ္စသမုပ္ပါဒ်တရားတော်သည်လည်း ပံသုပထဝီ အောက်၌တည်သော မြေဆီဩဇာကဲ့သို့ လွန်စွာနက်နဲခက်ခဲသိမ်မွေ့လှ၏၊ ဤလောက၌ ရှိကြကုန်သော သတ္တဝါတို့သည် ပညာဉာဏ်နည်းပါး၍ များပြားသော ကိလေသာ အမြင်ခံတတ်တို့သာ အစဉ်မပြတ်ကိန်းကာ အေးငြိမ်းသော စိတ်ခံတတ် နည်းပါးလျက် စဉ်းစားမြော်မြင် အဆင်ခြင်ကင်းကြလေ၏၊ ကာမဂုဏ်ငါးရပ်ကိုသာ စားမတတ် ဝါးမတတ် တရားမြတ်အလွတ်ထားလျက် လိုက်စားပျော်မွေ့ကြကုန်၏၊ ငါဟောအပ်သော တရားအစဉ်ကိုလည်း နားဝင်နိုင်ကြမည် မဟုတ်ပေ၊ တရားဟောသော ငါဘုရားသာလျှင် ပင်ပန်းနွမ်းနယ်ရုံသာ ရှိချိမ့်မည်"ဟု ကြံစည် စဉ်းစားတော်မူကာ အလုံးစုံသော ဘုရားရှင်တို့ ကြံတော်မူမြဲ ဖြစ်သောအတိုင်း တရားမဟောလိုသော အကြံဖြစ်တော်မူလေ၏။

အလုံးစုံသော ဘုရားရှင်တို့အား ဤသို့ တရားမဟောလိုသော အကြံတော်ကို အဘယ့်ကြောင့် ကြံတော်မူရသနည်းဟူမူ တရားတော်၏ သိမ်မွေ့ နက်နဲခက်ခဲလှသောဖြစ်ဟန်ကို အဖန်တလဲလဲ ကြံစည်တော်မူသဖြင့် ဗြဟ္မာကြီးတောင်းပန်မှတရားကိုဟောရန် ဖြစ်သောကြောင့်ရင်း၊ မြတ်စွာဘုရားသည် တရားမဟောအံ့ဟူသော အကြံကို ကြံတော်မူသည်ရှိသော် ဗြဟ္မာကြီး တောင်းပန်လတ္တံ့ဟူ၍ရှင်တော်ဘုရားတို့သည် ထင်ရှားစွာ သိမြင်တော်မူကြကုန်သတည်း၊ ဗြဟ္မာကြီးတောင်းပန်သဖြင့် ဟောသောကြောင့် ဗြဟ္မာကြီးများကိုသာ အားထားကြည်ညိုကိုးကွယ်ကြကုန်သော သတ္တဝါခပင်းတို့သည် တရားတော်၌ရိုသေခံညား

ခြင်းကို ဖြစ်ကုန်စေလတ္တံ့ ဟူသော အကြောင်းကြောင့်ရှင်း အလုံးစုံသော ဘုရားရှင်တို့အား ဤသို့သောအကြံသည် ဖြစ်တော်မူလတ်ကုန်သတည်း။

ကဿပဘုရားရှင်၏ သာသနာတော်၌ **အရှင်သဟက** မည်သော ပထမ ဈာန်ရ ရဟန်းတော်သည် စုတေမနေ သေလွန်သောအခါ ပထမဈာန်ဘုံ၌ **သဟမ္ပတိ** ဟူသောအမည်ဖြင့် ဖြစ်လတ်သတည်း၊ ထိုသဟမ္ပတိဗြဟ္မာကြီးသည် မြတ်စွာဘုရား၏ အကြံ ခံတော်ကိုသိ၍ **နဿတိ ဝတ ဘော လောကော** "သတ္တဝါ ခပင်း အို အချင်းတို့ ဤလောကကြီးသည် အချည်းနှီး အလဟဿ ပျက်စီးကိန်း ဆိုက်ရပြီတကား"ဟု များစွာကြွေးကြော် တကျော်ကျော်ပြောဆိုလျက် နတ်, ဗြဟ္မာအပေါင်းတို့ကိုခေါ်၍ ဘုရားရှင်ထံပါးသို့သွားပြီးလျှင် မြင်းမိုရ်တောင်လုံး မျှရှိသော ရတနာပန်းကုံးဖြင့် ပူဇော်ကာ **ဒေသေတု ဘန္တေ ဘဂဝါ** "ဘုန်းတော် နေဝန်း တထိန်ထိန်ထွန်း၍ ကမ္ဘာတဝှမ်း၏ ကြက်သရေ သုံးလူ့ဆွေဖြစ်တော် မူသော မြတ်စွာဘုရား ဘုန်းတော်, ကံတော်, သမ္ဘာတော် ထူးခြားသော အရှင်ဘုရားသည် တရားတော်စည်ကြီးကို ခတ်တီးတော်မူပါ၊ အရှင်ဘုရားသည် သတ္တဝါများအတွက် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ဆယ်ချက်သော ပါရမီကို သာကြည်စွာ ဖြည့်တော်မူခဲ့ပါသည်၊ သုမေဓာဘဝ ဖြစ်စဉ်ကပင်—

တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ။

"ငါသည် သံသရာကကူးမြောက်ငြားအံ့၊သတ္တဝါအများတို့အားလည်း ငါနှင့် မခြား ကူးမြောက်စေမည်၊ ငါသည် ကိလေသာနယ်အတွင်းမှ လွတ်ကင်းငြားအံ့၊ သတ္တဝါအများတို့အားလည်း ငါနှင့်အတူ လွတ်ကင်းတော်မူစေမည်၊ ငါသည် သစ္စာလေးပါး တရားအထူးကို ဆွတ်ခူးနိုင်သည်ဖြစ်အံ့၊ သတ္တဝါအများတို့အား လည်း ငါနှင့်မခြား အလားတူစွာ သစ္စာလေးတန်ကို အမှန်သိစေမည်"ဟု ရှင်ကြည်သော နှုတ်သံကို ထုတ်ပြန်မြွက်ကြားတော်မူခဲ့သည် မဟုတ်ပါလား၊ သစ္စာလေးပါးကို အကြွင်းမထား သိမြင်တော်မူသော အရှင်ဘုရားမှ တရား ဟောတော်မမူချေသော် အဘယ်သူတယောက် ထွန်းပေါက်ကာလာ၍ ဟောနိုင် ပါမည်နည်းဘုရား၊ ယခုအခါ ကရုဏာယောင်ယောင်နှင့် ဆရာ့ဘောင်ဝင်ကာ ငါဘုရားဘဲဟု နှုတ်ရဲပြောရဲ အဟောလွဲနေကြသော မဂဓရာဇ်တိုင်းသား တိတ္ထိ ဆရာကြီးများသည် ဘုရားမဟုတ်ဘဲ ဘုရားဟု ဝန်ခံ၍ မလွန်ဆန်နိုင်သော

သတ္တဝါတို့ကို လှည့်ပတ်ဖြားယောင်းလျက် တရားကောင်းပမာ မိစ္ဆာဝါဒကို ပြနေကြပါပြီ၊ အပါယ်လေးပါး ခေါက်တံခါးကြီး ဟင်းလင်းပွင့်၍ နတ်နှင့်လူ့ထံ နိဗ္ဗာန်ဝင်ရန် သံတံခါးကြီးမှာ အမှန်အားဖြင့် ပိတ်နေပါပြီ၊ အရှင်ဘုရားသည် တရားစည်ကြီးကိုတီး၍ အပါယ်ခရီးသွားသော ခေါက်တံခါးကို ထောက်ထား ညှာတာကာ ပိတ်တော်မူပါ၊ လူ့, နတ်, နိဗ္ဗာန် သွားရန် သံတံခါးကြီးကို အမြန်အားဖြင့် ဖွင့်တော်မူပါ၊ ကိလေသာနည်းပါး၍ ကျွတ်ထိုက်သောသူများ လည်း ရှိပါလိမ့်မည်၊ထိုကျွတ်ထိုက်သော ဝေနေယျအပေါင်းအား တရားကောင်း မိုးသည်းရေဖြင့် ဖြိုးစွေကာ သွန်းလောင်းတော် မူပါဘုရား" ဟု လျှောက်ထား တောင်းပန်လေ၏။

မြတ်စွာဘုရားသည် သုံးကြိမ် သုံးခါ ပယ်လှန်၍ ဗြဟ္မာကြီးက တဖန် သုံးကြိမ် သုံးခါ တောင်းပန်သောအခါမှ တရားဟောရန် လက်ခံ ခွင့်ပြုတော် မူလိုက်လေတော့၏၊ သဟမ္ပတိဗြဟ္မာကြီးလည်း မိမိ လျှောက်ထားသည့်အတိုင်း မြတ်စွာဘုရားထံမှ ဝန်ခံအပ်သော ပဋိညာဉ်ကို ရ၍ ကြည်ရွှင် ဝမ်းသာစွာ လက်အုပ်ပဏာ တင်ချီပြီးလျှင် ဗြဟ္မာ့ပြည်သို့ ပြန်သွားလေတော့သတည်း။

မြတ်စွာဘုရား၏ တရားဟောရန် စိတ်အကြံ တော်

သဟမ္ပတိ ဗြဟ္မာကြီး၏ တရားဟော တောင်းပန်ခြင်းကို ဝန်ခံတော်မူပြီး လျှင်"အဘယ်သူအား ငါ့တရားကို ရှေးဦးစွာ ဟောရပါအံ့နည်း"ဟု အကြံတော် ဖြစ်သောအခါ ကျေးဇူးရှိသော အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့ကို တွေ့မြင် ဉာဏ်၌ထင်သော်လည်း"အာဠာရ ရသေ့မှာ လွန်ခဲ့သော ခုနစ်ရက်က စုတေကာ အာကိဉ္စညာယတနဘုံ၌ဖြစ်၍ ဥဒကရသေ့မှာ ယနေ့ည သန်းခေါင်ယာမ် အချိန် ကပင် အသက်ကုန်ကာ ဘဝဂ်ဘုံမှာ ဖြစ်လေပြီ"ဟု သိတော်မူ၍ အာဠာရနှင့် ဥဒကတို့မှာ တရားကိုမျှ မနာရ,မနာနိုင်သော* ရပ်ပြစ်ရှစ်ပါး မကင်းသည့် အရူပ ဘုံတွင်းဝယ်ဖြစ်ခြင်းကြီး ဖြစ်ကြရ၍ ရှုံးခြင်းကြီးမလှ, ရှုံးကြရသည်ကို လွန်စွာ သနားတော်မူပြီးလျှင် "အခြားသော သတ္တဝါ အပေါင်းတို့တွင်လည်း အဘယ်

* ၁–တိရစ္ဆာန်ဘုံ။ ၂–အသုရကာယ်ဘုံ။ ၃–ငရဲဘုံ၊ ၄–အသညသတ်ဘုံနှင့် အရူပလေးဘုံ။ ၅–ပစ္စန္တရစ်အရပ်။ ၆–မိစ္ဆာဒိဋ္ဌိအမျိုး။ ၇–တရားမသိနိုင်သော ပုဂ္ဂိုလ်။ ၈–သာသနာပအခါ ပညဝါ ပုဂ္ဂိုလ်။ (ရပ်ပြစ်ရှစ်ပါး)

သူကိုစတင်၍ ဓမ္မသဘင်ကျင်းပကာ အလင်းရအောင်ဟောရပါအံ့နည်း၊ အဘယ်သူသည် ငါဟောသော တရားဓမ္မကို အသားကျသောပညာဖြင့် လျင်စွာသိနိုင်ပါအံ့နည်း”ဟု ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ရှုမြော်သည်ရှိသော် ဒုက္ကရစရိယာကို ခြောက်နှစ်ကြာမျှ ကျင့်တော်မူရာတွင် “ပဥ္စဝဂ္ဂီတို့သည် ငါဘုရားအား ခစားလုပ်ကျွေးကြ၍ ကျေးဇူးများလှပေသည်”ဟု ကြံစည် စဉ်းစားတော်မူပြီးကာ ၎င်းတို့ကိုပင် လက်ဦးတရား ဟောကြားတော်မူမည်ဟု ရွှေစိတ်တော် နှလုံးခတ်ကို ဆုံးဖြတ်တော်မူလိုက်လေသတည်း။

ဂယာသီသ၌ ဥပကနှင့် တွေ့ခြင်း

ယင်းသို့ ကြံတော်မူပြီးသော် အဋ္ဌမ သတ္တာဟနောက် သုံးဋလေးရက်လောက်သာ ဗောဓိပင်၏ အနီးအနားရွာတို့၌ ဆွမ်းခံကာ မျှတတော်မူပြီးလျှင် ဝါဆိုလပြည့်နေ့၌ ဗောဓိပင်မှ တဆယ့်ရှစ်ယူဇနာ ဝေးကွာသော ဗာရာဏသီပြည်သို့ ဆဒ္ဒန်ဆင် ဆယ်စီး အားရှိသော မြတ်စွာဘုရားသည် နေ့ချင်းပေါက်အောင် အရောက်ကြွတော်မူလေ၏။

ရှေးရှေးသော ဘုရားရှင်တို့သည်ကား တရားဦးဟောရန် ကောင်းကင်ခရီးဖြင့် ချွန်းဟုန်စီးကာ ကြွတော်မူကြမြဲဖြစ်သော်လည်း ငါတို့ဘုရားရှင်သည်ကား မဟာကရုဏာတော်ဖြင့် မြော်လင့်တွေးရှုကာ **ဥပကရဟန်းကြီး** ကို လမ်းခရီး၌ တွေ့ဘို့ရန်အတွက် မြေပြင်စခန်းကပင် ခြေလျင်လှမ်း၍ကြွတော်မူလေသတည်း။

မြတ်စွာဘုရားသည် ခရီးစဉ်အတိုင်း ခြေလျင်လျှောက်၍ ကြွတော်မူသောအခါ ဗောဓိပင်မှ သုံးဂါဝုတ်မျှသာ ဝေးကွာသော ဂယာရွာသို့ မရောက်မီ လမ်းအကြားတွင် နောက်မကြာခင် မှဆိုးသားမက် ဖြစ်လတ္တံ့သော ဥပကတက္ကဒွန်းရဟန်းကို တွေ့တော်မူလေ၏၊ ထိုအခါ ဥပက ကလည်း မြတ်စွာဘုရားကို မြင်ရလျှင်ပင် အရှင်သမဏ ဘယ်ကကြွလာ၍ ဘယ်ဌာနသို့ သွားပါမည်နည်း၊ အရှင်၏ စက္ခု-စသော ဣန္ဒြေတို့သည် သိရိသရေ ဖြိုးတင့်၍ မိုဃ်းအမြင့် အာကာသ တာရာပေါင်း ခ,ရံ ကာသော လစန္ဒာတရထည် ကြည်လည်း ကြည်လင်ကြပါပေသည်၊ အရေအဆင်းမှာလည်း ရွှေလိုဝင်း၍ သန့်ရှင်းစင်ကြယ် လှပါပေ၏၊ အဘယ်သူ့ကို ရည်မှန်း၍ ထေရ်ရဟန်း ပြုခဲ့ပါသနည်း၊ အသင်၏ဆရာကား

အဘယ်သူပါနည်း၊ အသင်သည် အဘယ်သူ၏ ဓမ္မောစက်ကို သဘောသက်ပါသနည်း”ဟု ဥပကကြီးက မေးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် “အို-ဥပက ငါသည် အလုံးစုံသော လောကသုံးရပ်တွင် ဘယ်သူမှ မဆုံးဖြတ်နိုင်သော တရားအချက်ကို ဓားထက်ထက်ဖြင့် ကိုင်ကာ တိသကဲ့သို့ ပိုင်ပိုင်ကြီး သိလေပြီ၊ ကိလေသာ အဆိပ်အိုးတို့ကိုလည်း အရဟတ္တမဂ်ဉာဏ် ဟိတ်တန်ခိုးဖြင့် အမျိုးပြုတ်အောင် အခိုးထုတ်ပြီးလေပြီ၊ ငါ၏စိတ်သည်ကား တဏှာကုန်၍ အမတာဘုံခေါ်ရသော အမြိုက်ခတ်သို့ ဆိုက်ကပ်တော်မူချေပြီ၊ ငါဘုရားသည် တရားကို ကိုယ်တိုင်သိ၍ ဤပုဂ္ဂိုလ်ဟာ ငါ့ဆရာဟု ညွှန်ပြစရာ တယောက်မျှ လောကမှာ မပေါ်ပေါက်သေး၊ လောကကြီး အလယ်မှာ ငါနှင့် တူတယ်ဟူ၍ပင် ပြောစရာ တယောက်မျှမရှိ၊ ငါနှင့် ပြိုင်ဘက်၍ အနိုင်အထက် ပြုမည့်သူလည်းမမြင်၊ လောကတခွင်တွင် ကိလေသာ ကုန်စင်သော အရှင်ရဟန္တာ ဟု ဝမ်းသာစွာ မှတ်ပေတော့၊ ငါသည် ကာသိကတိုင်းဌာနီ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီး၌ ဓမ္မစကြာသုတ်တော်ကို ထုတ်ဘော်မြွက်ကြား၍ တရားတော်စည်ကြီးကို မြည်ဟည်းသော အသံဖြင့် ဟောပြောရန်အတွက် ခရီးဆက်၍ သွားရပေမည်”ဟု မိန့်ကြားတော်မူလေလျှင် ရှင်ကြီးဥပကသည် လူ့ဘထွတ်တင် ဘုရားရှင်ကို “အို-အရှင်ရဟန်း တခုမေးစမ်းပါရစေ၊ အရှင်၏ အမည်နာမကို ဘယ်လိုများမှတ်ရပါမည်နည်း”ဟု တဖန်ထပ်၍ မေးအပ်သည်ရှိသော် “အို-ရဟန်းကြီး ငါဘုရား၏ အမည်တော်ကိုကား အလုံးစုံသော အာသဝ ရန်စွယ်ကို အမြန်ပယ်ကာ ထုတ်နှင်၍ သုဓ်သင် ရှင်းလင်း အောင်မြေနင်းခဲ့ခြင်းကြောင့် အနန္တဇိန ဟု မိမိရရကြီး မှတ်ထားပေတော့”ဟု မိန့်တော်မူလေသတည်း။

ဥပကရဟန်းကြီးသည် မြတ်စွာဘုရား၏ မိန့်ကြားသောစကားကို ကြားရလျှင် နားဝတွင်ချိုမြိန်၍ ကိုယ်အရှိန်ကိုနှိပ် ဦးခေါင်းကိုညိတ်လျက်“အင်း-ပြောတဲ့ အတိုင်း ဟုတ်ပေရာ၏ မှန်ပေရာ၏” ဟု ပြောဆိုကာ ဘုရားနှင့် ဖဲခွါ၍ လိုရာခရီးသို့ သွားလေတော့သတည်း၊ ထို့နောက် မကြာမီပင် * ဆာဝါနှင့်အကြောင်းဆက်၍ စဏ္ဍာမိ မုဆိုးကြီး၏ သား သမက်ဖြစ်ပြီးလျှင် သားတယောက်ဘခင်

* စာပေါ–ပါဠိကျမ်းဂန်များအလို။

ဖြစ်သောအခါမှ မြတ်စွာဘုရား ထံမှောက်သို့ ပြန်ရောက်ကာ ဗုဒ္ဓသာသနာတွင်း ရဟန်းပဥ္စင်းဖြစ်၍ အနာဂါမိဖိုလ်ကို ခိုလှုံရသောကြောင့် စုတေမနေ သေလွန်သောအခါ အဝိဟာဘုံ၌ ဖြစ်လေသတည်း။

ဓမ္မစကြာတရားထူးကို လက်ဦးဟောကြားခြင်း

ရှင်တော်မြတ်ဘုရားသည် ဥပကရဟန်းအား မြိုင်တန်း တောအောက်တွင် သဘောအလျောက် တရားဟောတော်မူပြီးသော် ငင်းသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ညချမ်းလောက်မှာပင် မိဂဒါဝုန်သို့ရောက်တော်မူ၍ ဝဋ္ဋဝဂ္ဂီ ရဟန်းတို့၏နေရာသို့ကြွသွားသောအခါ ပဥ္စဝဂ္ဂီငါးပါးတို့ကလည်း မြတ်စွာဘုရားကို အဝေးမှပင် မြင်ကြလေလျှင် အချင်းချင်း ကတိကဝတ်ကို ပြုကြကုန်၏၊ "ငါ့သျှင်တို့ ထိုဂေါတမရဟန်းသည် ကမ္မဋ္ဌာန်းအကျင့်မှ ခွါထွက်၍ ရွာဘက်သို့ မျက်နှာမူကာ လာဘ်မိုးရွာအောင် လုပ်နေသည်မဟုတ်ပါလော၊ဒုက္ကရစရိယာ အကျင့်ကိုဖြတ်၍ မသင့်မြတ်သော လှည့်လည်ခြင်းဖြင့် ရွာတွင်း ရွာပြင် ခိုဝင် လှည့်လည်၍သာ နေချေ၏၊ ထိုဂေါတမရဟန်းကို ရှိလည်းမခိုး, ခရီးဦးလည်း မကြို, သပိတ်သင်္ကန်းကိုလည်း မလှမ်းမယူ, ခြေဆေးရေကိုမူလည်း မပေးကြဘဲ အဝေးက ခပ်ရှောင်ရှောင်နေ၍ မမြင်ရောင်ပြုပြီးလျှင် ကမ်းလှမ်းနှုတ်ဆက် ထုတ်မြွက်၍သော်မှ မခေါ်ကြစတမ်း"ဟု စည်းကမ်းသတ်မှတ်ကာ ကတိကဝတ် ပြုကြပြီးသော် အာဂန္တုကဝတ် မပျက်ရုံသာ နေရာကို ခင်းထားကြကုန်၏။

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီငါးပါးတို့၏ ထူးခြားသော အမူအရာကို ကောင်းစွာမြင်ရလေသော် ဩဓိသမေတ္တာမိုးကို သွန်းဖြိုးစေလွှတ်တော်မူကာ အနီးသို့ ကြွလာလေလျှင် ပဥ္စဝဂ္ဂီတို့သည် ရှင်တော်မြတ်၏ တန်ခိုးအဟုန်ကို ဂုဏ်မခံနိုင်ကြခြင်းကြောင့် အမျိုးမျိုး, အဖုံဖုံ ဖြစ်ကြပုံမှာ တပါးက သပိတ် သင်္ကန်းကို ကမ်းလှမ်း၍ယူသော် နောက်တပါးကလည်း နေရာမှထသွား၍ မျက်နှာထားချိုချိုနှင့် ခရီးဦးကြိုပြုကာ နှုတ်ခွန်းဆက်လာ၏၊ နောက်တပါးက လည်း ခြေဆေးရေကိုပေး အိုးခြမ်းကွဲကလေးကိုကိုင်ကာ ခြေဆေး၍ ပွတ်တိုက် ပေးလေ၏၊ နောက်တပါးကလည်း နေရာတော်ကိုခင်း၍ ဝပ်စင်းကာနေ၏၊ နောက်တပါးကလည်း ဒန်ပူ, ရေချမ်းကို ကမ်းလှမ်း၍ ပေးလေသတည်း။

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့ ခင်းအပ်သောနေရာ၌ ကောင်းစွာထိုင်တော်မူလတ်သော် ပဥ္စဝဂ္ဂီရဟန်းတို့သည် **ဂေါတမ** ဟူသော အနွယ်၏ အမည်အားဖြင့်၎င်း၊ **ငါ့သျှင်** ဟူသော အသုံးအနှုန်းမျိုးဖြင့်၎င်း မာနစိတ်ခတ်လွှမ်း၍ခပ်ကြမ်းကြမ်း ခေါ်ဝေါ်ကြလေလျှင် "အို-ရဟန်းတို့ ရှေးဘုရားတို့၏ အဆက်အနွယ် အတိုင်း မပျက်မပြယ် ကျင့်ကြံ၍ ရင့်သန်သော ပါရမီပန်းသည် အထက်တန်း မြင့်မြင့် ပွင့်လေပြီးသော ငါဘုရားအား စကားနှုတ်ကြမ်းတို့ဖြင့် သရမ်းပျက်ချော် မခေါ်ဝေါ်ကြလေနှင့်၊ ငါဘုရားသည် တရားစစ်, တရားမှန်ဖြစ်သော သစ္စာဉာဏ် လေးပါးကို အကြွေးမထားဘဲ ထင်ရှားစွာသိပေပြီ၊ သင်ရဟန်းတို့အား နိဗ္ဗာန် ခေါ်သော အမြိုက်ဆေးကို ယခုပင် ငါတိုက်ကျွေးတော့အံ့၊ ငါဟောသည့် တရားအချက်ကို နားကမထွက်ဘဲ ဉာဏ်သက်ကာ သတိချပ်၍ သိရှိအောင်မှတ် ကြပါလျှင် အရဟတ္တဖိုလ် အချက်ရောက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပါ လိမ့်မည်"ဟု သာကြည် ချိုမြသော နှုတ်သံဖြင့် ထုတ်ပြန် မိန့်ကြားတော် မူလေ၏။

ယင်းသို့ မိန့်တော်မူအပ်သည် ရှိသော် ပဥ္စဝဂ္ဂီ ရဟန်းတို့က တစခန်းထ၍ ပြောကြသည်မှာ "အို ရှင်ဂေါတမ လောကကြီးထဲတွင် ပြုနိုင်ခဲသော ဒုက္ကရ စရိယာ အကျင့်ကို ခြောက်နှစ်လုံးလုံး ကျင့်သုံးပါသော်လည်း အရိယာစခန်းသို့ မလှမ်းမရောက်နိုင်သေး ဖြစ်ပါလျက် ယခုအခါ လာဘ်များစွာကိုလို၍ ထိုထို ဤဤ အပြည့်ပြည့် အစုံစုံ အမြိုမြို အရွှာရွှာသို့ လှည့်လည်နေသော အခါမှ ဘုရားဖြစ်လာသည်ဟူသော အပြောမျိုးကို သဘောရိုးဟု ငါတို့ မထင်နိုင်၊ ကမ္မဋ္ဌာန်းအကျင့်မှ ထွက်သွားသောသင့်အား အရဟတ္တမဂ်ခရီးသည် ဘယ်ပုံနှင့် နီးနိုင်ပါမည်နည်း၊ ရုန့်ရင်းကြမ်းတန်း အဆန်းတကြယ် ဘွယ်ဘွယ်ရာရာသော အစာအာဟာရကို စားသဖြင့် တရားအကျင့်ကွယ်ပျောက် ကိုယ်ရောင်တောက် ခါမှ ဘုရားအဖြစ် ရောက်လာပြီဟု ဆိုခြင်းမှာ ငိုရင်းနှင့် တေးဆိုသကဲ့သို့ ကလေးလို စကားမျိုးမို့ အားကိုးယုံကြည်ရန် ခက်လှပေသည်"ဟု ခပ်တည်တည် ပြန်ပြောကြလေ၏။

မြတ်စွာဘုရားသခင်သည် မဟာကရုဏာရှင် ဖြစ်တော်မူသည် အားလျော် စွာ သုံးကြိမ်သုံးခါ အထပ်ထပ် ပြောဆိုရှာပြီးသော် "အို-ချစ်သားရဟန်းတို့

ရှေးအခါက ငါဘုရားသည် သင်ချစ်သားတို့အား'ငါဘုရားဖြစ်ပြီ, သစ္စာလေးပါး ကို သိမြင်ပြီ, ငါတရားဟောမည်'ဟု သင်တို့အား ပြောဘူးကုန်သလော”ဟု တဖန်ထပ်၍ မိန့်တော်မူအပ်လေလျှင် ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားအား ဝပ်တွား ရှိခိုးကြကုန်၍ “မြတ်စွာဘုရား၏ ဟောပြောသော တရားစကားကို သိရအောင် နားထောင်ကြပေအံ့”ဟု စိတ်ကို ဖြစ်စေကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို ခေါ်တော်မူ၍ ဝါဆိုလပြည့်နေ့ည အနောက်မျက်နှာတွင် နေတခြမ်း ဝင်သောအခါ အရှေ့မျက်နှာတွင်လည်း ဥတ္တရာသဠ်နက္ခတ်နှင့် စန်းမြတ်ယှဉ်ကာ လ,တခြမ်းပေါ်သောအခါဝယ် “ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ” အစဖြာသော ဒေသနာ ဓမ္မာစက်ကို ဟောမြွက်တော်မူလေသတည်း၊ အနောက်မျက်နှာတွင် နေလုံးလုံး ဝင်၍ အရှေ့မျက်နှာတွင် စန္ဒာငွေဘုံ လစန်းယုန်သည် အလုံးစုံပေါ်သောအခါ **ဓမ္မစကြာ** တရားတော်အလုံးသည် ပြီးဆုံးခြင်းသို့ ရောက်တော်မူသတည်း။

ပဉ္စဝဂ္ဂီရဟန်းတို့ ကျွတ်တမ်းဝင်ပုံ

ဓမ္မစကြာ ဒေသနာတော်အဆုံးဝယ် ပဉ္စဝဂ္ဂီ ငါးပါးတို့တွင် အကြီးဆုံးဖြစ်သော အရှင်**ကောဏ္ဍည**သည် *သောတာပတ္တိမဂ်ဉာဏ်ကို လက်ခံရရှိ ထိုးထွင်း၍ သိတော်မူလေ၏၊ ပြဟ္မာတဆယ့်ရှစ်ကုဋေ အသင်္ချေဖြစ်သော နတ်တို့သည်လည်း ပရံပရ ဘဝအဆက်ဆက်က အိပ်မက်မျှ မမြင်ဘူးသော တရားထူး မဂ်ဖိုလ်ကို ရ၍ ကျွတ်တမ်း ဝင်ကြလေကုန်သတည်း။

မိဂဒါဝုန် ပန်းမျိုးစုံသည့် ရဂုံကနိုင် သေလာမြိုင်တွင် အခိုင်ခိုင်သီးသော ပတ္တမြားလုံးကို သီကုံးဖွဲ့ချည် စီရရီထားသကဲ့သို့ ဟောကြားတော်မူသော ဓမ္မစကြာ ဒေသနာအသံကို နာခံကြရကုန်သော ဘုမ္မစိုး နတ်အပေါင်းတို့၏ သောင်းသောင်းဖြဖြ ကြွေးကြော်ကြသောအသံကို စတုမဟာရာဇ် နတ်တို့ ကြားကြ၍ ၎င်းတို့၏ ကြွေးကြော်သံကို တာဝတိံသာနတ်တို့ကတဖန် ကြားကြပြန်ကုန်၏၊ ဤနည်းအားဖြင့် တဆင့်ထက်တဆင့် အမြင့်ဘုံနန်းသို့ ကြွေးကြော်သံ လွှမ်းသွားရာ အကနိဋ္ဌဘုံဖျားသို့ တုန်သွားမလောက် အသံရောက်လေ၏၊ ကမ္ဘာ

---

* အရိယာမဂ်ရေယဉ်သို့ ရှေးဦးစွာရောက်သောဉာဏ်။

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဦး ဟောခဏ်း။

မြေကြီးသည်လည်း ပွဲတင်တီး၍ ကောင်းချီးနုမော် သာဓုခေါ်သော အသံဖြင့် တော်လျှင် တုန်လှုပ်၍ တမုဟုတ်အတွင်း အရောင် အလင်းတို့သည် သောင်းလောကဓာတ် အတွင်း၌ တဝင်းဝင်း တထိန်ထိန် တရှိန်ရှိန် တောက်ပကုန်၏၊ "အို-အချင်းတို့ အရှင်ကောဏ္ဍညကြီးသည် သစ္စာလေးတန်ကို အမှန်အတိုင်းသိပြီ"ဟူသော အသံကြီးမှာလည်း တုန်ဟည်း၍ သွားလေ၏။

သစ္စာလေးတန်ကို မှုမှန်အတိုင်း သိပြီးသော အရှင်ကောဏ္ဍညကြီးသည် 'ဘုရားမှတပါး အားထားကိုးကွယ်ရာမရှိ အဓိပတိအထွတ်အမျှ'ဟူညွတ်နူးသော စိတ်ဖြင့် "အရှင်ဘုရား တပည့်တော်အား သနားသဖြင့် ရဟန်းပဉ္စင်း ပြုတော်မူပါ"ဟု လျှောက်ထားလေလျှင် ဘုရားရှင် ကိုယ်တော်မြတ်သည် ဧဟိ ဘိက္ခုခေါ်တော်မူကာ ရဟန်းအဖြစ်သို့ ရောက်စေလေသတည်း။

အနတ္တလက္ခဏသုတ် ဟောကြား၍ ရဟန္တာဖြစ်ကြခြင်း

လပြည့်ကျော် တရက်နေ့မှစ၍ အရှင်ကောဏ္ဍညမှ ကြွင်းသော ပုဂ္ဂိုလ်လေးပါးအား ကမ္မဋ္ဌာန်း စီးဖြန်းခြင်းတို့၌ဖြစ်သော အညစ်အကြေးနှင့် အပြစ်ဘေး ဟူသမျှကို ဖြူဆွအောင် သုတ်သင်အံ့သောငှါ ဆွမ်းခံရွာသို့ မကြွစေဘဲ ကျောင်းတွင်း၌သာ သီတင်းသုံးစေ၍ အဆုံးအမကို ပေးတော်မူ၏၊ ၎င်းလပြည့်ကျော် တရက်နေ့၌ အရှင်ဝပ္ပ၊ နှစ်ရက်နေ့၌ အရှင်ဘဒ္ဒိယ၊ သုံးရက်နေ့၌ အရှင်မဟာနာမ်၊ လေးရက်နေ့၌ အရှင်အဿဇိ နေ့အစဉ်အားဖြင့် အရှင်လေးပါးတို့သည် အရိယာ ပထမစခန်း သောတာပတ္တိမြနန်းသို့ ကြွလှမ်းရောက်ရှိတော်မူကြရကုန်၏၊ လပြည့်ကျော် ငါးရက်နေ့တွင် အရှင် ပဉ္စဝဂ္ဂီ ငါးပါးတို့အား တပေါင်းတည်းထား၍ **အနတ္တလက္ခဏသုတ်**ကို ဟောကြားတော်မူသောအခါ အာသဝေါကုန်ခန်း၍ ဘုံနန်းအထွတ်ဖြစ်သော အရဟတ္တဖိုလ်ဘုံကို ခိုလှုံချဉ်းကပ်ကာ ရဟန္တာချည်း ဖြစ်ကြလေသတည်း၊ ဤသည်လျှင် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်ကျော် ၅-ရက် ကြာသပတေးနေ့၌ ကမ္ဘာလောကကြီး အတွင်းဝယ် **လူရဟန္တာ** ပုဂ္ဂိုလ် ခြောက်ပါးတို့သည်သာ ဖြစ်တော်မူကြကုန်သေး၏၊ မြတ်စွာဘုရားသည် ဤ ပထမဝါကို မိဂဒါဝုန်တော၌ပင် ဝါဆိုတော်မူလေသတည်း။

သာတာဂိရနှင့် ဟေမဝတနတ်တို့ အကြောင်း

သုံးလောကမျက်ရှု သဗ္ဗညုတ္တတ်ထား ရှင်တော်မြတ်ဘုရားသည် မိဂဒါဝုန် ပန်းမျိုးငုံသော ရဂုံ နိုင် အင်ကြင်းမြိုင်၌ ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူလေရာ ထိုနေ့ည ပထမယာမ်၏အဆုံး မဇ္ဈိမယာမ်၏ အစ၌ ပြီးဆုံးခြင်းသို့ ရောက်တော်မူသတည်း၊ ပစ္ဆိမယာမ်သို့ ရောက်သောအခါ *သာတာဂိရနတ်မင်းနှင့် ဟေမဝတ နတ်မင်းတို့သည် အသင်းအပင်း အခြွေအရံနှင့်တကွ တရားနာအံ့သောငှါ မြတ်စွာဘုရားထံသို့ ရောက်လာကြကုန်၏။

ထိုနတ်မင်း နှစ်ဦးတို့သည် ကဿပဘုရားရှင်၏ လက်ထက်တော် အခါ၌ အမျိုးကောင်းသား နှစ်ဦးဖြစ်ကြ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသော အခါမှ ရဟန်းပြုကြကုန်ပြီးလျှင် တပည့်ပရိသတ် များစွာတို့ဖြင့် ခြံရံကာ ပရိယတ္တိ သာသနာကို ကောင်းစွာ ဖြည့်စွမ်းတော်မူကြကုန်၏၊ ထိုအရှင် နှစ်ပါး တို့သည် သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါးနှင့် ပြည့်စုံလိုလောက် မှန်သောက်ဇာနည် မထေရ်ကြီးတွေ ဖြစ်ကြပါလျက် ပုထုဇဉ်တို့၏ စရိုက်အား လျော်စွာ အလဇ္ဇီပုဂ္ဂိုလ်တယောက်၏ ကောက်ကျစ် စဉ်းလဲသော အပြုအမူကို သဘောတူသကဲ့သို့ ကျင့်မိကြသောကြောင့် ယင်းကုက္ကုစ္စတရားဖြင့် စုတေမနေ သေလွန်သောအခါ (အထက်နတ်ရွာ၌ ဖြစ်ထိုက်သောကံ ရှိပါလျက် မဖြစ်ကြမူ၍) မထေရ်တပါးကား ဟိမဝန္တာတော ဟေမဝတတောင်၌ နတ်စစ်ဗိုလ်ကြီး ဖြစ်ပြီးလျှင် မထေရ်တပါးကမူ မဇ္ဈိမဒေသ၏အတွင်း သာတာဂိရိတောင်၌ နတ်စစ်ဗိုလ်ကြီးပင် ဖြစ်လတ်သတည်း၊ထိုမထေရ်နှစ်ပါးတို့၏ အခြွေအရံ ၊ ရိသတ် တို့သည်လည်း မထေရ်များနှင့် သဘောတူညီကြသဖြင့် ထိုနတ်စစ်ဗိုလ်ကြီးတို့၏ အထံ၌ပင် အခြံအရံ ဖြစ်ကြကုန်၏၊ ထိုမထေရ်တို့၏ အလုပ်အကျွေးဖြစ်သော ကျောင်းဒါယကာကား တာဝတိံသာနတ်ပြည်၌ ဖြစ်လေသတည်း၊ ဤသာတာ ဂိရနှင့် ဟေမဝတတို့ကား နတ်စစ်ဗိုလ်ကြီး နှစ်ကျိပ်ရှစ်ယောက်တို့တွင် အဝင် အပါဖြစ်သော နတ်မင်းတို့ပေတည်း။

---

* အများအခေါ်အပြောကား "သာတာဂိရိ" တည်း။

ပုဗ္ဗေ စ သန္နိဝါသေန

တရားဆုံးဖြတ်ခြင်းငှါဟိမဝန္တာတောအတွင်း မန္ဒာကိနီမည်သော တောင်ခြေ ရင်းဝယ် တင့်တယ်စွာ ပြုလုပ်အပ်သော ဘဂလဝတီမည်သော မဏ္ဍပ်၌ တလ တလလျှင် ရှစ်ခါ နတ်အစည်းအဝေးကို ပြုမြဲ ဓမ္မတာပေတည်း၊ ထိုသာတာ ဂိရနှင့် ဟေမဝတတို့သည် အစည်းအဝေးပွဲသို့ ဝင်ရာ၌ အချင်းချင်း တွေ့ကြုံ မြင်သိကြ၍ ရှင်အိကြည်ညို အချစ်ပိုကြပြီးလျှင် ဤဘဝ, ရှေးဘဝ ဖြစ်ရသော အရပ်ဒေသကို စေ့ငှစုံလင်စွာ မေးမြန်း၍ သိရှိရသောအခါ အလွန်တရာပင် ကြင်နာ ချစ်ခင်ကြကုန်လျက် တဦးနှင့်တဦး ကြည်နူးနှစ်သိမ့်စွာ ကတိကဝတ်ကို ထားကြကုန်သတည်း။

ထားကြပုံသော်ကား "ရှေးဘဝကပင် ချစ်ခင်လေပြီးသော ချစ်ဆွေကြီး ဟေမဝတ ချစ်ဆွေကြီး၏ နေရာဖြစ်သော ဟိမဝန္တာ တောအရပ်သည်ကား အလွန်တင့်တယ် အံ့ဘွယ်သရဲ ထူးကဲလှသော အရပ်ဖြစ်ပေသည်၊ သို့ကြောင့် ချစ်ဆွေကြီး၏ နေရာဖြစ်သော ဟိမဝန္တာတော၌ တစုံတရာ ထူးကဲစွာသော အကြောင်းအရာသည် ကောင်းစွာဖြစ်ပေါ် လာလတ်သော် ကျွန်ုပ်အား အမေ့ မထားဘဲ အကြောင်းကြားစေလိုပါသည်"ဟု သာတာဂိရနတ်မင်းက လက်ဦး စတင် အလျင် ပြောလိုက်လေ၏။

ထိုအခါ ဟေမဝတနတ်ကလည်း "ဘဝနှစ်ခါဆက်၍ မကွက်သော မေတ္တာ ဖြင့် ချစ်လာခဲ့ပေသော အို-မိတ်ဆွေ သာတာဂိရ မိတ်ဆွေ၏ နေရာဖြစ်သော ဇမ္ဗူကျွန်း၏ မကိုဋ် မဇ္ဈိမတိုက်ကြီးသည်လည်း ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အဆူဆူတို့၏ အထွတ်ဋ္ဌ နိဗ္ဗာန်နန်းသို့ ကြွလှမ်းတော်မူရာ ဒေသဖြစ်၍ လူမြတ် လူထူး ပုဂ္ဂိုလ်ထူး အပေါင်း၏ပေါ် ပေါက်လာရာဖြစ်သော ဌာနကြီးဖြစ်ပေသည်၊ ဤသို့ ထူးမြတ်သော နေရာ၌ ထူးမြတ်သောအရာတခုခု ပေါ် ပေါက်လာပါလျှင် အကျွန်ုပ်အား အကြောင်းကြားပါလေ ချစ်မိတ်ဆွေ"ဟု ပြောကြားလေ၏။

ယင်းသို့လျှင် ချစ်မိတ်ဆွေ နှစ်ဦးတို့သည် တဦးသည် တဦးအား ကတိထားကြပြီးသော် ကဿပဘုရားနှင့် ဂေါတမဘုရားအကြား မြေသား တယူဇနာ သုံးဂါဝုတ် တက်သည်တိုင်အောင် ကိုယ့်စည်းစိမ်နှင့် ကိုယ့်အချိန်ရှိသလောက်

ပျော်မွေ့ခဲ့ကြရာ ဂေါတမဘုရားအလောင်းတော်၏ ပဋိသန္ဓေ တည်နေသောအခါ၊ ဘွားတော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါတို့၌ ကြီးစွာသော တိတ် နိမိတ်တို့သည် ထန်သည်းစွာ ဖြစ်ပေါ်လာသော်လည်း ကာမဂုဏ်မှိုင်းမိ၍ အတိုင်းမသိ အပျော်ကြူးနေကြသောကြောင့်၎င်း၊ တိတ် နိမိတ်ကြီးများလည်း ရှည်လျားစွာ မတည်သောကြောင့်၎င်း ဗုဒ္ဓပုဗ္ဗနိမိတ် ဟု မသိလိုက်ကြလေကုန်၊ သဗ္ဗညုတဉာဏ်ကိုရ၍ ဗုဒ္ဓ ဟူသော ဘွဲ့ထူးကို ဆွတ်ခူးတော်မူသောအခါနှင့် ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားသော အခါတို့၌ကား ရှည်လျားသော နိမိတ်ကြီး များကြောင့် သာတာဂိရ နတ်မင်းသည် ကောင်းစွာ သိလတ်သတည်း။

ယင်းသို့ သိလတ်၍ ဘုရားမြတ်ထံချဉ်းကပ်ပြီးသော် ဟောတော်မူအပ်သော ဓမ္မစကြာ ဒေသနာကို ကောင်းစွာ ကြားနာ၍ နေစဉ်အတွင်း "ငါ၏ ချစ်လှစွာသော မိတ်ဆွေ ဟေမဝတသည် ဤတရားပွဲအတွင်း၌ ပါလာလိမ့်မည်လော"ဟု တွေးတော ကြည့်မျှော်ကာ တရားတော်ကို နာနေရသဖြင့် သမာဓိမရသောကြောင့် မဂ်,ဖိုလ်တည်းဟူသော အမြိုက်အရသာကို မခံစားရရှာပေ၊ စိတ်လေ၍သာ နေပေ၏၊ တရားတော်ပြီးဆုံး၍ နိဂုံးသတ်သောအခါမှ "ငါ၏မိတ်ဆွေကြီး ဟေမဝတသည် ဤမျှလောက် ဆန်းကြယ်နက်နဲ၍ ခက်ခဲသိမ်မွေ့ လှစွာသော တရားတော်ကို မနာကြားရသေးချေ၊ ရှေးအခါက ကတိကဝတ် ရှိသည်အားလျော်စွာ ငါ့အဆွေကို ခေါ်ပြီးလျှင် ရှင်တော်ဘုရား၏ တရားတော်ဒေသနာကို ကောင်းစွာ နာကြားပေကုန်အံ့"ဟု ကြံ၍ မိမိနေရာဖြစ်သော ဘုံဗိမာန်သို့ ပြန်သွားပြီးသော် ဆင်ယာဉ်, မြင်းယာဉ်, ဂဠုန်ယာဉ်စသည်တို့ကို ဖန်ဆင်း၍ နတ်ဘီလူးအရံ ငါးရာနှင့်တကွ ဟိမဝန္တာတောသို့ ရှေးရှုထွက်သွားလေ၏။

ထိုအချိန် အခါဝယ် ဟေမဝတ နတ်မင်းသည်လည်း မိမိနေရာ ဖြစ်သော ဟိမဝန္တာတောအရပ်၌ မနောခုတ်ကို ရွှင်လန်းစေနိုင်သော ပန်းတို့၏ ထူးဆန်းစွာ ဆင့်ရှုံ၍ ပွင့်ပုံကို မြင်ရသဖြင့်၎င်း၊ ကြယ်ရောင်, လရောင်, ရတနာရောင်တို့ဖြင့် အမှောင်မရှိအောင် အဓိပတိတောက်လင်း၍ နေပုံကို မြင်ရသဖြင့်၎င်း၊ တောတောင်ဂနိုင်ကြီးသည် **မာလာမြိုင်** တရထည် အရောင်ပေါင်းစုံညီ၍

သာတာဂိရ, ဟေမဝတနတ်တို့ ကောင်းကင်၌ စကားပြောသည်ကို ကာဠီအမျိုးသမီး နားထောင်ခဏ်း။

ထူးလည်သောရန့်ဖြင့် သင်းပျံ့နေပုံကိုရင်း ဟိမဝန္တာ တောကြီး၏ ကြက်သရေ ရှိပုံကို အလုံးစုံ တွေ့မြင်ရသောအခါ"မိမိ မိတ်ဆွေချစ်ဖြစ်သော သာတာဂိရ ကို ခေါ်၍ ကာမဂုဏ်တည်းဟူသော အဖော်ဖြင့် မွှေ့ပျော်ပေအံ့"ဟု ကြံပြီးလျှင် သာတာဂိရ နတ်မင်းကိုခေါ်ရန် မိမိ၏ အခြွေအရံတို့နှင့်တကွ မဇ္ဈိမဒေသသို့ ရှေးရှု ထွက်လာလေသတည်း။

မိတ်ဆွေနှစ်ဦး တွေ့ကြရာ ဟေမဝတ နတ်သားက ဘုရားဟုတ်, မဟုတ် မေ ခွန်းထုတ်ခြင်း

ဤသို့ နတ်မင်းကြီးနှစ်ဦးတို့သည် တဦးနေရာမှ တဦးဖြစ်ပျက်ပုံ အကြောင်း ထူးကို ပြောပြမည်ဟု မိမိတို့၏ အခြံအရံဖြင့် လာကြလေရာ ရာဇဂြိုဟ်ပြည်၏ အထက်၌ မျက်နှာချင်း ယှဉ်ပြိုင်၍ ရင်ဆိုင် တွေ့ဆုံကြလေ၏၊ တဦးနှင့်တဦး ဝမ်းသာအားရ နှုတ်ဆက်ပြောဆိုကြပြီးသော် သာတာဂိရနတ်မင်းက လာသော အကြောင်းကို စတင်၍ အလျင်မေးလေ၏၊ ထိုအခါ ဟေမဝတ နတ်မင်းက မိမိနေရာ ဟိမဝန္တာ မြိုင်တန်း၌ ခိုင်ပန်းစုံ အဖူးအပွင့်တို့ဖြင့် အထူးသဖြင့် သာယာ၍ ဘာသာဘာဝ ပျော်မွှေ့ကြရန် အထူးချစ်ပေသော မိတ်ဆွေကြီးကို လာခေါ်ရပေသည်ဟု ပြောကြားလေ၏။

သာတာဂိရ"အို-ချစ်လှစွာသော သဟာယအစစ် မိတ်ဆွေချစ် ဤလူ့ပြည် လောက၌ အသဒိသ ပုဂ္ဂိုလ်ထူး ဂုဏ်ကျေးဇူး အပေါင်းတို့ တည်ရာဖြစ်သော မြတ်စွာဘုရားသည် အထင်အရှား ပွင့်တော်မူ၍ ယခုနေ့ပင် ဓမ္မစကြာ တရား တော်မြတ်ကို ဟောကြားတော် မူအပ်သောကြောင့် အခါမဲ့ ပွင့်သောပန်း ထူးဆန်းသော အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲသော ပုဗ္ဗနိမိတ်ကြီးတို့ အထူးတလည် ဖြစ်ကြပါကုန်သည်၊ အို-မိတ်ဆွေကြီး ဟေမဝတ ယခုလို မြတ်စွာဘုရားသည် ဓမ္မ စကြာတရားကို ဟောကြားတော်မူသောအခါ ကမ္ဘာလောကဓာတ် တသောင်း မှ စုပေါင်းရောက်လာသော နတ်,ဗြဟ္မာ အများတို့၏ ကိုယ်ရောင်, တန်ဆာ ရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းပ ထိန်လင်းလှသည်ဖြစ်၍ နွယ်တာလ ပန္နရသီ တိထီရက်စေ့ ဤယနေ့ကား ဘုရားကို ဖူးတွေ့ဘို့အခါ လွန်စွာကောင်းလှ ပေသည်၊ ထူးမြတ်သော အမည်တော်ဖြင့် ပြည်ကျော်,နယ်ကျော်, ကမ္ဘာကျော်

သုတ္တနိပါတ် (၈) ၂၀၁—၃၇

ဖြစ်သော သမ္ဘာတော်အရှင် သာကီဝင်ထွတ်ဖျား ဂေါတမ ရှင်တော်ဘုရားကို အားရအောင် ဖူးမျှော်၍ တရားတော်ကို နာကြကုန်စို့ရှဲ့"။

ဟေမဝတ"အိုမိတ်ဆွေ သာတာဂိရ အသင်၏ ပြောစကားကို ကြားရ၍ ဝမ်းသာလှပါပြီ၊ သို့ပါသော်လည်း သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်မျိုးသည်ကား အလွန်တရာပင် ခဲယဉ်းလှပါသည်၊ ပူရဏကဿပ, မက္ခလိဂေါသာလ စသော တိတ္ထိဆရာကြီးတို့သည်လည်း မိမိတို့ကိုယ်ကို သဗ္ဗညုဘုရားဟု ဝန်ခံကြပြီးသော် မိစ္ဆာဉာဏ်တရားဖြင့် လူအများကို ဖြားယောင်းနှိပ်စက်၍ အပျက်ကြီး ပျက်စီးအောင် ဖျက်ဆီးနေကြပါသည်၊ ယခု မိတ်ဆွေပြောပြသော ဂေါတမဘုရားသည် အကယ်၍ သဗ္ဗညုဘဉာဏ်တော်ရှင် ဘုရားသခင်ဖြစ်အံ့၊ လောကဓံ လေဟုန်ကြောင့် မလှုပ်မတုန်သော တာဒိဂုဏ်နှင့် မုချပြည့်စုံပေရာသည်၊ လောကကြီး တလွှားတွင် ဘုရားတွေ အများရှိ၍ အမှားမိမှာကို လွန်စွာ သတိပြုဘို့ကောင်းပါသည် မိတ်ဆွေကြီး၊မိတ်ဆွေကြီးရဲ့ဘုရားကား တာဒိဂုဏ်နှင့်ပြည့်စုံပါရဲ့လား"။

သာတာဂိရ "အကျွန်ုပ်သည် ကိုယ်ပိုင်ဉာဏ် အစွမ်းအားဖြင့် ဘုရားဖြစ်ကြောင်းကိုသာ သိ၍ **သဗ္ဗညုတ** ဆိုတဲ့ ဝိသေသဂုဏ်ကို စေ့စုံအောင် ခွဲခြမ်းစိတ်ဖြာ၍ သေချာစွာ မပြောနိုင်သော်လည်း မိတ်ဆွေမေးသမျှကို စိတ်ကျေနပ်အောင် ဖြေပြပါမည်၊ ယခု အကျွန်ုပ်ပြောပြသော သုံးလောကမျက်ရှု သဗ္ဗညုဘုန်းမေ၏ နှလုံးတော်မြတ်သည်ကား ငါးပါးသောအာရုံကြောင့် လှုပ်တုန်ခြင်း မရှိ၊ကမ္ဘာ့ဗဟို မြင်းမိုရ်တောင်မင်းသည် လေပြင်းမုန်တိုင်း တိုက်ခတ်သော်လည်း မညွတ်မယိုင် အမြဲတည်တံ့နိုင်ဘိသကဲ့သို့ ကိလေသ, ခန္ဓ, မစ္စု, အဘိသင်္ခါရ ဟူသော အဇ္ဈတ္တမာရ်, ဒေဝပုတ္တ ဟူသော ဗဟိဒ္ဓမာရ်တို့ကို တိုက်လှန် ချိုးဖျက်တော်မူပြီး၍ ယွင်းကွက်ခြင်းမရှိ ပကတိ တည်ငြိမ်ပါပေသည်၊ သုခိတ, ဒုက္ခိတ ဝေနေယျများစွာ သတ္တဝါခပ်သိမ်းတို့၌ မယိမ်းမယိုင်ဘဲ ကိုယ်တော်နှင့်ညီမျှသော သိတလဓာတ် မေတ္တာစိတ်မြတ် ရှိတော်မူခြင်း၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ အလုံးစုံတို့၌ ခုံမင်စွဲလမ်းခြင်းမရှိ ပကတိ သည်းခံတော်မူနိုင်ခြင်း၊ လာဘ, အလာဘ စသော လောကဓံတရား ရှစ်ပါးတို့၌လည်း လှုပ်ရှားခြင်း မရှိပါဘဲ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်၊ သက်ပွရာဂ စသောတရားမှလည်း သမုဒ္ဒရာ ပယ်လှယ်

ခြားသကဲ့သို့ လုပ်ရှားတော်မမူ ဖြူစင်သန့်ရှင်းစွာ ကင်းကွာတော်မူပါပေ၏၊ သို့အတွက် သဗ္ဗညုတ ဘုရားအစစ်ဟု မိတ်ဆွေချစ်ကို ပြောရပါသည်"။

ဟေမဝတ "မိတ်ဆွေ ပြောကြားသော မြတ်စွာဘုရား၌ တာဒိဂုဏ်နှင့် ပြည့်စုံ၍ သက်ပွရာဂ စသည်မှ ကင်းကွာ လွတ်ငြိမ်းကြောင်းကို ကြားရသဖြင့် အားရဝမ်းမြောက်လှပါသည်၊ ဘုရားအဖြစ်ကို ဤမျှလောက်စစ်ရုံနှင့် မပြည့်စုံ သေး၊တဆင့်တိုး၍ တမျိုး စစ်ပါရစေဦး၊ မိတ်ဆွေ၏ ဆရာဖြစ်သော ဘုရားသည် သတ္တဝါများကို စိတ်ထားစိတ်နေ မပြောင်းပျောင်းဘဲ ညှဉ်းဆဲကြောင်းဖြစ်သော ပါဏာတိပါတ, လောဘရမ္မက်ဖြင့် ခိုးဝှက်ခြင်းဟူသော အဒိန္နာဒါန ဤနှစ်ဝ သော တရားဆိုးကြီးကို ကောင်းမွန်စွာ စောင့်စည်းပါရဲ့လား၊ ပုထုဇဉ်တို့ မွေ့လျော်ရာ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ ခုံမင်စွဲလမ်း၍ အမြဲတန်း ပျော်မွေ့ သော မွေ့လျော်ခြင်း ပမာဒမှ သဘာဝအလျောက် လွတ်မြောက်ပါရဲ့လား၊ မာတုဂါမ စသော သတ္တဝါ၌ တဏှာရမ္မက်ဖြင့် နှစ်သက်လွန်ကြူး၍ ညစ်ညူးခြင်း တည်းဟူသော အပြဟွစာရီ အကျင့်စရိုက် ဝသီဆိုးကို ပယ်ချိုးရှင်းလင်း၍ လွတ်ကင်းအောင် ပြုပြီးပါပြီလား၊ နီဝရဏခြောက်တန်ကို ပယ်လှန်စွန့်ဖြတ်၍ သမာပတ်စျာန်တရားနှင့် အဘိညာဉ်များကို ပွားများစည်ပင်အောင် တီထွင် ကာ ရွက်ဆောင်နိုင်ပါရဲ့လား၊ ဖြေကြားစေလိုပါသည် မိတ်ဆွေကြီး"။

သာတာဂိရ "အညစ် အကြေး ကင်း,မကင်း စစ်ဆေးခြင်းဆိုတာ လွန်စွာ သင့်လျော် လှပါသည်၊ မိတ်ဆွေ မေးမြန်းသည့်အတိုင်း အကျွန်ုပ်၏ ဆရာ ဖြစ်သော ဘုရားမြတ်စွာသည် ပါဏာတိပါတ, အဒိန္နာဒါန်, မိစ္ဆာကံတို့မှ ယခု ပစ္စုပ္ပန်ဖြစ်သောဘဝမှာသာ ကင်းကွာတော်မူသည် မဟုတ်သေးပါ၊ ဘဝများစွာ ရှေးအခါကပင် ရှောင်ခွါ ကင်းလွတ်တော်မူလှ၍ နိဗ္ဗောဓဗိမ္မ စသောလက္ခဏာ တော်ကြီး သုံးဆယ့်နှစ်သွယ်,ရှစ်ဆယ်သော လက္ခဏာတော်ငယ် အပေါင်းတို့နှင့် ရှုမငြောင်းအောင် တင့်တယ်တော်မူလှပါပေသည်၊ စျာန်သမာပတ် တရားကား ဘုရားဖြစ်သော်မှသာ ဖြစ်ပေါ်သည်မဟုတ်ပါ၊မယ်တော်ဝမ်းမှဘွား၍ မကြာခင် ဇမ္ဗူ့သပြေပင် အရိပ်အေး၌ ကလေးဘဝ တလသားအရွယ်မှာပင် စျာန် ဝင်စားတော်မူနိုင်ပါပေသည် မိတ်ဆွေ၊ သာမန် အနေအစားထဲက ဘုရားမျိုး မမှတ်ပါနှင့်"။

ဟေမဝတ "အင်း-မိတ်ဆွေ၏ ဘုရားသည် ကာယကံသုံးပါး ရှောင်ရှားမှု၌ ကျနုပ် စိတ်ကျေနပ်ပါ၏၊ ဝစီကံလေးရပ်ကို ထပ်မံ၍ မေးပါရစေဦး၊ မိတ်ဆွေ၏ ဆရာဖြစ်သော မြတ်စွာဘုရားသည် သတ္တဝါအများတို့အား လှည့်ဖြားလိုခြင်းကြောင့် ချွတ်ယွင်းစွာ ပြောဆိုတတ်သော မုသာဝါဒ, သူတပါးကို စိတ်ထားညစ်ညူးစေတတ်သော ဗျာပါဒယုတ် ဖရုသဝါစာ, သူနှစ်ဦးတို့၏ အထူးချစ်ခင်သော မေတ္တာတရားကို ပျက်ပြားစေတတ်သည့် ကုံးချောပြောဆိုသော ပိသုဏဝါစာ, အကျိုးမများ စီးပွားမဲ့ကို ပြောဆိုခြင်းဟူသော သမ္ဖပ္ပလာပ ဤလေးဝသော ဝစီကံကိုလည်း ပယ်လှန်စွန့်လွှတ်နိုင်ပါရဲ့လား၊ ဖြေကြားစေလိုပါသည်"။

သာတာဂိရ "အို-ချစ်ဆွေကြီး ဟေမဝတ အကျွန်ုပ်၏ ဆရာဖြစ်သော ဘုရားမြတ်စွာသည် မိတ်ဆွေမေးအပ်သော ဝစီကံလေးရပ်ကို ပယ်သတ်ခွါမျှော တော်မူသည်မှာ ယခုဘဝသာ မဟုတ်သေး၊ ရှေးရှေးသော ဘဝများစွာ သံသရာ တခွင်မှာပင် သန့်စင် လွတ်ကင်းတော် မူခဲ့သောကြောင့် သလိပ်, သည်းခြေ ပျောက်ပြေစင်လင်း သန့်ရှင်း ချေင်သော ပြဟ္မာမင်းအသံကဲ့သို့ အလွန်အမင်း သန့်ရှင်း သာယာ၍ သိသာ နာဘွယ် မပြယ် လုံးခဲ နက်နဲ စေ့စပ် ပွဲတင်ထပ် သလို ရှစ်ရပ်သောအင်္ဂါနှင့် လွန်စွာကောင်းသော အသံခေတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်၊ ပညာဖြင့် လွှမ်းမိုး၍ အကျိုးရှိသော စကားကိုသာ ပြောကြားမြွက်ဆိုတတ်သောကြောင့် ယခုအဘို့ဝယ် မည်သို့မသွေ ဖြစ်စေဆိုက ဖြစ်လာရသော **သီဟနာဒ** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်၊ ပစီကံလေးပါး၌ စောင့်စည်းမှုကို မိတ်ဆွေ သတိပြု မှတ်သားပါတော့"။

ဟေမဝတ "ကာယကံ သုံးပါးနှင့် ဝစီကံ လေးပါး၌ လေးစားရှောင်ကြဉ်ကြောင်းကို ကောင်းစွာသိရပါပြီ၊ မနောကံနယ် ဆိုက်အောင် မေးလိုက်ပါရစေ၊ မိတ်ဆွေ၏ ဆရာဖြစ်သော ဘုရားမြတ်စွာသည် ကိလေသာ၏အာရုံ ကာမဂုဏ်ငါးပါး၌ လိုလားတောင့်တခြင်း တည်းဟူသော အဘိဇ္ဈာတရားမှ ရှောင်ရှားနိုင်ပါရဲ့လား၊ စိတ်၏ဘောက်ပြန် မှောက်လှန် နောက်ကျိခြင်း တည်းဟူသော ဗျာပါဒအဆိုးအယုတ်ကို မျိုးပြုတ်အောင် ပြုပါရဲ့လား၊ မာနကြီးတကြွားကြွားနှင့် အဝိဇ္ဇာကို ပွားများ၍ ဘောက်ပြားစွာ အယူရှိသော မိစ္ဆာဒိဋ္ဌိတရားကို

ပယ်ရှားနိုင်ပါ၏လား၊ ခပ်သိမ်းသော တရားတို့၌ အပိတ်အပင်မရှိ မြင်သိတတ်သော ပညာမျက်စိ ရှိပါ၏လား၊ ဖြေကြားစေလိုပါသည်”။

သာတာဂိရ “ချစ်မိတ်ဆွေ ဟေမဝတ အကျွန်ုပ်၏ ဆရာအစစ်ဖြစ်သော ရှင်ချစ်ထွတ်ထား မြတ်စွာဘုရားသည် ကိလေသာဆယ်ပါး အယုတ်တရားတို့၏ အာရုံဖြစ်သော ကာမဂုဏ်တို့၌ ခုံမင်တပ်ငြိခြင်း ကင်းရှင်းတော်မူသောကြောင့် အပျက်ကြီး ပျက်အောင် ဖျက်ဆီးမည် ဟူသော စိတ်ယုတ်မာဖြင့် ဖြားယောင်းလာကြသော မာရ်နတ်၏ သမီးတို့သော်မှလည်း ရှုံးခြင်းကြီးမလှ ရှုံးကြရချေသည်၊ ရွှေနှလုံးတော်အနေလည်း အထွေအထူး ညစ်ညူး နောက်ကျိသောအရာ ဘယ်အခါမှ မဖြစ်စဘူး အထူး စင်ကြယ်တော်မူလှပါပေသည်၊ * ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူမှ စင်ဖြူတော်မူလှ၍ လောကသုံးခွင်ဝယ် မမြင် မသိသော တရားကား မရှိ အလုံးစုံ မြင်သိပါပေသည် မနောကံ၏ အခြေအနေကို သို့ကလောက်ဖြင့် သိပါလေ မိတ်ဆွေကြီး”။

ဟေမဝတ “ဒုစရိုက် ဆယ်ခု ရှောင်ရှားမှုကို ယခုပင် သိရ၍ ဝမ်းမြောက်လှပါသည်၊ သို့ပါသော်လည်း ဒုစရိုက်ကင်းရုံနှင့် ဘုရားဂုဏ် ပြည့်စုံသည်ဟု မဆိုသာသေး၊ တခုလောက် မေးပါရစေဦး၊ စိတ်ထားကောင်းကောင်းနှင့် မေးသမျှသော အကြောင်းကို ပြန်ပြောင်း၍ ဖြေစမ်းပါ၊ မေးလိုသော အကြောင်းတခုကတော့ ယခု မိတ်ဆွေချစ်ပြောကြားသော မြတ်စွာဘုရားသည် ဘုရားတကာတို့ ပြည့်စုံရာဖြစ်သော ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး မြတ်တရားနှင့် မခြားကုံလုံ ပြည့်စုံပါ၏လား၊ ၎င်းပြင်လည်း နိဗ္ဗာန် သွားရောက်ကြောင်းဖြစ်၍ ကောင်းစွာတင့်တယ် စင်ကြယ်လှသော စရဏတရား တဆယ့်ငါးပါးနှင့် ပြည့်စုံလုံလောက်ပါ၏လား၊ အဝီစိငရဲမှ နေဝသညာနာသညာယတနဘုံတိုင်အောင် လွှမ်းခြုံစီးဝင်တတ်သော အာသဝေါတရား အလုံးစုံတို့သည် ကုန်ခန်းပါ၏လား၊ ဘဝအသစ်၌ တဖန်ဖြစ်ရခြင်းဟူသော ပဋိသန္ဓေ တည်နေရခြင်းမှ ကင်းရှင်းပါ၏လား”။

သာတာဂိရ“မိတ်ဆွေကြီးမေးသမျှကို တွေးဆခြင်းမရှိဘဲ သိမြင်တဲ့အတိုင်း ဖြေနိုင်ပါသည်၊ အဘယ်ကြောင့်နည်းဆိုသော် ကျွန်ုပ်၏ဆရာ ဘဂဝါအတုလ လူ့ဘထွတ်ထား မြတ်စွာဘုရားသည် (၁) ရှေးဘဝခန္ဓာအစဉ်ကို သိမြင်နိုင်ခြင်း

---

* သမန္တစက္ခုဒီပနီကျမ်း ပဌမတွဲ၌ ကြည့်ရှုကြပါကုန်။

တည်းဟူသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ (၂) နတ်တို့၏ မျက်လုံးကဲ့သို့ အဆုံး, အစ မထင် မြင်တော်မူနိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ (၃) ကာမာသဝ, ဘဝါသဝ,ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူသော အာသဝေါလေးပါးကို ကုန်ခန်းစေနိုင်သော အာသဝက္ခယဉာဏ် ဤသုံးတန်သော ဝိဇ္ဇာသုံးပါးနှင့် တကယ်အားဖြင့် ပြည့်စုံတော်မူပါပေသည်။

(၁) အဆင်းအဖုံဖုံကို မျိုးစုံအောင် ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်၊ (၂) နတ်တို့၏ မျက်လုံးကဲ့သို့ အဆုံးအစမထင် မြင်စွမ်းတော် မူနိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ (၃) နတ်တို့၏ နားကဲ့သို့ ကြားနိုင်သော ဒိဗ္ဗသောတဉာဏ်၊ (၄) သူတပါးတို့၏စိတ်နှလုံးကို သိမ်းကျုံး၍သိနိုင်သော ပရစိတ္တဝိဇာနနဉာဏ်၊ (၅) ရှေးရှေးသော ဘဝ ခန္ဓာအစဉ်ကို သိမြင် အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ (၆) အာသဝေါတရား လေးပါးကို ကုန်ခန်းစေနိုင်သော အာသဝက္ခယဉာဏ်၊ (၇) စိတ်တော်အလိုအားဖြင့် ရုတ်တရက်ခြင်း ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်၊ (၈) အထူးထူးအပြားပြားကို ထင်ရှားစွာမြင်သိနိုင်သော ဝိပဿနာဉာဏ်၊ ဤရှစ်တန် ရှစ်ရပ်တော ဝိဇ္ဇာခေတ် အလင်းရောင်နှင့်လည်း ဘုန်းခေါင် ပရမေမှာ ပြည့်စုံတော်မူပါပေသည်။

ထိုမှတထွေ မိတ်ဆွေ၏ အမေးပုစ္ဆာအရ (၁) သီလတော် အကျင့်ကို အသင့်စောင့်စည်းတော်မူခြင်း တည်းဟူသော သီလသံဝရ၊ (၂) စက္ခုစသော ဣန္ဒြေကို အငြိမ်နေ၍ သေဝပ် ပိပြားအောင် စောင့်စည်းခြင်း တည်းဟူသော ဣန္ဒြိယသံဝရ၊ (၃) ဘောဇဉ်ငါးလီကို အတိုင်းအရှည် သိတတ်သော ဘောဇနေ မတ္တညုတာ၊ (၄) နိုးကြား ထကြွ ဝီရိယနှင့်ယှဉ်သော ဇာဂရိယာနုယောဂ၊ (၅) သဒ္ဓါ၊ (၆)ဟိရီ၊ (၇) ဩတ္တပ္ပ၊ (၈) ဗာဟုသစ္စ၊ (၉) ဝီရိယ၊ (၁၀)သတိ၊ (၁၁) ပညာ ဟူသော သူတော်ကောင်းတရား ခုနစ်ပါး၊ (၁၂) ပထမဈာန်၊ (၁၃) ဒုတိယဈာန်၊ (၁၄) တတိယဈာန်၊ (၁၅) စတုတ္ထဈာန် ဟူသော ရူပဈာန်လေးပါး ဤ **တဆယ့်ငါးပါးသော စရဏတရား** အပေါင်းနှင့်လည်း ကောင်းစွာဖူလုံ၍ ပြည့်စုံတော်မူပါပေသည်၊ ကျွန်ုပ်၏ဆရာဖြစ်သော မြတ်စွာဘုရားကား လေးပါးသော အာသဝေါကို ခွါမျှောပယ်သတ်၍ အနွယ်ဇာတ်

မရှိအောင် ပြုပြီးလေသောကြောင့် တဖန် ဘဝအသစ်၌ ဖြစ်ရခြင်းကိစ္စ မုချ မရှိတော့ပေ၊ ကျွန်ုပ်၏ ချစ်မိတ်ဆွေ”။

ဟေမဝတ “မိတ်ဆွေ၏ ပြောသမျှကို သဘောကျမှတ်သား၍ မြတ်ဘုရား အစစ် ဖြစ်ကြောင်းကိုလည်း ကောင်းကောင်းကြီး သိရပါပေပြီ၊ ဤသို့ အလွန် တရာ ထူးမြတ်သော သတင်းကောင်းလက်ဆောင်ကို ပေးသဖြင့် လွန်စွာ ကျေးဇူးတင်လှပါသည်၊ သင်၏ဆရာ ဘုရားမြတ်စွာသည် စကြဝဠာ လောက ခေတ်၌ နှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်မရှိ အဓိပတိထွတ်ဖျား သဗ္ဗညုဘုရားအစစ် အမှန်ဖြစ်ပါပေသည်၊ မိတ်ဆွေကောင်းအင်္ဂါနှင့် လွန်စွာ ပြည့်စုံလှပါပေသော ကျွန်ုပ်၏ ချစ်ဆွေကြီး ယခု–ကြွ အမြန်လာပါ၊ အချိန်ဝေးအောင် ဖြည်းဖြည်း မလုပ်ပါဘဲ ခပ်သုတ်သုတ်သွားကြပါစို့၊ ဟိမဝန္တာ မြိုင်ခန်းဝါမှာ ကောင်းစွာခိုမှီ သော သားဧကီကဲ့သို့ ညီညွတ်ဖွံ့ထွား၍ အဆစ်များပင် မထင်အောင် အစဉ် စုရုံးသော စပါးဖုံးလို လုံးဝန်းပြည့်ဖြိုးသဖြင့် ရှုကြည့်၍မရိုးအောင် အချိုး အဆစ် ပြေပြစ်သော မြင်းခေါင်း (ဒူးခေါင်း) ဖြင့် တသောင်းသော လောက ခေတ်တွင် ပြောစမှတ်ပေတကားဟု ထင်ရှားသော ဘုရားမြတ်ပါပေတည်း၊ ရှင်တော်မြတ်ဘုရားသည် “တိုသည်ကားလေး,အသေးစတု, မြင့်မှုခြောက်ဆင့်” ဝန်းသင့်သည့်အရာ ဝန်းလှစွာသော အင်္ဂါကြီးငယ် အသွယ်သွယ်တို့နှင့် ပြည့်စုံ ခြင်းကြောင့် လောကကြီး အတွင်းရပ်၌ အဆင်းခေတ်ရှိသူ အပေါင်းတို့တွင် မကိုင်ရှုံအသွင် ပေါ်လွင်ပါပေ၏။

ထိုမှတပါးလည်း တထပ်တည်းသာ ကိုယ်ခန္ဓာမပျက်မကြွေဘဲ အသက်မသေ ရုံမျှ အာဟာရကိုလည်း မျှတအောင် ဘုဉ်းပေးတော်မူခဲ့ပါပေသည်၊ လျှပ်ပေါ် လော်လည် မတည်ကြည်မှု ကင်း ၍ မောနေယျဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါ ပေသည်၊ ဆိတ်ငြိမ်သော တောအုပ်၌ လောကုတ်ခေါ်သော စျာန်တရားကို အမှန်အားဖြင့် ဝင်စားကာ မွေ့လျော်စွာ နေတတ်ပါပေသည်၊ သားတို့သခင်နှင်း ကေသရီ ခြင်္သေ့မင်းကြီးကဲ့သို့ ရဲတင်းတည်ငြိမ်၍ ဣန္ဒြေတော် ခံ့သားပြီးလျှင် တပါးတည်းသာ ကျင့်တော်မူတတ်ပါပေသည်၊ လောကခေတ်ဗွေပြင်၌ ပြိုင်ယှဉ် ဘက်မပြု တဆူတည်းသော ယောကျ်ားမြတ်ဖြစ်၍ ဘဝဇာတ် တပါးသို့ ပြောင်းသွား တည်နေခြင်းလည်း မရှိပါပေ၊ ကိလေသာကာမ, ဝတ္ထုကာမ

နှစ်ဝသော အရှုပ်အထွေးတို့၌ အလုပ်ရေး စခန်းသိမ်း၍ ချမ်းငြိမ်းတော်မူပါ ပေသည်၊ ဤအမြွက်မျှ ဖော်ပြခဲ့သော ဂေါတမထွတ်တင် ဘုရားရှင်ကို ယခုပင် ဖူးမြင်ကြကုန်စို့၊ ထို့ပြင်တပါးလည်း ရှင်တော်မြတ်ဘုရားကို ဝပ်တွားချဉ်းကပ်၍ သေမင်း၏ ကျော့ကွင်းမှ လွတ်ကင်းရာဖြစ်သော အမြိုက်နိဗ္ဗာန်တရားကို လျှောက်ထား မေးမြန်းကြကုန်စို့။

ဤသို့လျှင် သာတာဂိရနှင့်ဟေမဝတ နတ်မင်းတို့သည် ဘုရားရှင်၏ဂုဏ်တော်ကို ချီးပပြောဆို၍ သွားကြကုန်သတည်း၊ ဤ နတ်မင်းကြီး တို့သည်ကား ကဿပဘုရားရှင်၏ သာသနာတော် အခါကပင် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို အာဂုံဆောင်ဘူးသည်ဖြစ်၍ အထူးပင် ဉာဏ်ကြီးလှသောကြောင့် ရှင်တော်ဘုရား၏ ဂုဏ်တော် ကျေးဇူးတော် အမြွက်မျှကို အချက်ကျကျ သိမြင်နိုင်ကြလေကုန်သတည်း။

နတ်မင်း ကြီး များ ကျွတ်တမ်းဝင်ကြခြင်း

ထိုသာတာဂိရနှင့် ဟေမဝတနတ်မင်းတို့သည် တထောင်သော နတ်ဘီလူးတို့ဖြင့် ခြံရံကာ ယာကြကုန်သည်ရှိသော် ပစ္ဆိမယာမ်၌ မိဂဒါဝုန်တောသို့ရောက်ကြကုန်၏၊ ဓမ္မစကြာတရားကို ဟောကြားတော်မူလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသီတင်းသုံးတော်မူသော ဘုရားရှင်ထံသို့ ချဉ်းကပ်၍ လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် **အက္ခရာတာရံ** အစရှိသောဂါထာဖြင့် မြတ်စွာဘုရားအား ချီးမွမ်းစကားမြွက်ကြားကြကုန်၏၊ ထို့နောက်မှ ဆယ်ခုသော ပြဿနာတို့ကို လျှောက်ကြသည်တွင် ဘုရားရှင်ကိုယ်တော်မြတ်လည်း ***ဟေမဝတသုတ်** ဒေသနာတော်မြတ်ကို ဟောကြားတော်မူပေသတည်း၊ တရားတော်၏အဆုံး၌ ထိုနတ်မင်းကြီးနှစ်ဦးတို့သည် သောတာပန်တည်ကြလေကုန်၍ အခြံအရံဖြစ်သော နတ်ဘီလူးတို့သည်ကား ငါးပါးသောသီလနှင့် သရဏဂုံ၌ တည်ကြကုန်သတည်း။

ရာဇဂြိုဟ်ပြည် အမျိုးသမီး ကာဠီ ကျွတ်တမ်းဝင်ခြင်း

သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့ အချင်းချင်း ပြောဆိုမေးမြန်းစုံစမ်းနေသော ပုစ္ဆာနှင့် ပြဿနာတို့ကို ရာဇဂြိုဟ်ပြည်သူဖြစ်သော အမျိုးသမီး

---

* ဤသုတ်သည် သုတ္တနိပါတ် ပါဠိတော်၌ လာ၏။

ကာဠီ သည် မိမိနေရာဖြစ်သော ဘုံနန်းပြာသာဒ်သို့တက်၍ ပြူတင်းပေါက်ကို ဖွင့်ကာ ပဋိသန္ဓေ ကိုယ်ဝန်၏ ပင်ပန်းမှုကို ပယ်ဖျောက်ခြင်းငှါ ရပ်နေသော အခိုက် နားစိုက်မိ၍ အစ,အလယ်,အဆုံး အားလုံးပင် ကြားရလေသော်“ဘုရား စစ် ဘုရားမှန်တို့၏ သဘောသည် ဤသို့ ထူးခြားသောဂုဏ်နှင့် ပြည့်စုံပေသည် တကား”ဟု စိတ်ထား ကြည်ယုံ ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိကိုဖြစ်စေ လျက် ယင်းပီတိအရှိန်ဖြင့် နီဝရဏ တရားတို့ကို ပယ်နှိမ်လွှင့်ခွါ၍ ဝိပဿနာ လုပ်ငန်းကို စီးဖြန်း ပွားများလေ၏။

ယင်းသို့လျှင် ဘုရားသခင်၏ ဂုဏ်တော်များကို တဆင့်အားဖြင့် ကြားရ၍ ဝိပဿနာကို ပွားများ အားထုတ်သောအခါ ထိုခဏမှာပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရလေသတည်း၊ ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မြတ်သို့ ကြွရောက်သောအခါ များစွာသော တပည့်သာဝက တို့အား ဧတဒဂ်ပေးတော်မူရာတွင် အမျိုးသမီးကာဠီလည်း အဝင်အပါဖြစ်၍—

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ ကုလဃရိကာ—

ဟု ချီးကျူးတော်မူကာ ဘွဲ့ထူး နှင်းအပ်ခြင်းကို ခံရလေ၏။

အနက်ကား ဘိက္ခဝေ၊ ငါ၏သာဝိကာ များစွာသောင်းသောင်း တပည့်မ အပေါင်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မ ဖြစ်ကြကုန်သော။ အနုဿဝပ္ပသန္နာနံ၊ တဆင့်စကားကို ကြားကာမျှ သဒ္ဓါပို၍ ကြည်ညိုတတ်ကြ ကုန်သော။ ဥပါသိကာနံ၊ ရတနာသုံးရပ် ဆည်းကပ်ဝပ်ညောင်း ဥပါသိကာမ အပေါင်းတို့တွင်။ ကာဠီ၊ ကာဠီအမည်ရှိသော။ ကုလဃရိကာ၊ *ကုလဃရမြို့၌ နေလေ့ရှိသော။ ယဒိဒံ-ယာ သော ဥပါသိကာ၊ အကြင်ဒါယိကာမသည်။ အတ္ထိ၊ ရှိ၏။ ဧာံ-သော၊ ဤကာဠီမည်သော ဒါယိကာမသည်။ အဂ္ဂံ-အဂ္ဂါ၊ အမြတ်ဆုံး အသာဆုံးပေတည်း။

---

* ၎င်း အမျိုးသမီးသည် ရာဇဂြိုဟ်၌သူ ဖြစ်သော်လည်း ကုလဃရမြို့သားနှင့် ထိမ်းမြားသူ ဖြစ်၍ “ကုလဃရိကာ”ဟု အဂ်ုတ္တိုရ်အဋ္ဌကထာ၌ ဆို၏။

သုစမ္မဝတီ (စ) ၂၀၁–၃၇

အရှင်နာဋက အကြောင်း

ရှင်တော်မြတ်ဘုရားသည် ဓမ္မစကြာ တရားကို ဟောတော်မူပြီးနောက် လပြည့်ကျော် ခုနစ်ရက်ရောက်သောအခါ ကာဋဒေဝိလ ရသေ့ကြီး၏တူ မန္တာနီပုဏ္ဏားမ၏ သားဖြစ်သော အရှင်နာဋက မထေရ်မြတ် ရောက်လာလတ်၍ မောနေယျ အကျင့်မြတ်ကို ရှင်တော်ဘုရားအား လျှောက်ထားလေ၏။

အရှင်နာဋကမထေရ်မြတ်၏ ထေရုပ္ပတ္တိ အကျဉ်းသော်ကား မထေရ်မြတ်သည် ကာဋဒေဝိလ ရသေ့ကြီး၏ နှမဖြစ်သော မန္တာနီပုဏ္ဏားမ၏ သားဖြစ်၍ အဆင်းအင်္ဂါ သွင်လျာချောမွေ့သဖြင့် မိဘဘိုးဘွား အသက်ကြီးသူများအား လည်း လေးစားရိုသေပြီးလျှင် နဂိုအနေ သိမ်မွေ့သောကြောင့် ဇာနေ့ရှင် ဟူ၍ပင် ခေါ်ရမလောက် ထွန်းပေါက်ကျော်ကြား၍ နေလေ၏၊ အချိန်အရွယ် ရောက်သောအခါ အမျိုးအနွယ်အရွယ်တူဖြစ်သောသတို့သမီးတဦးနှင့်လက်ထပ် ထိမ်းမြား၍ များစွာသော စည်းစိမ်ချမ်းသာ၏ အရှင်သခင် ဖြစ်လေသတည်း။

အထက်၌ ဆိုခဲ့ပြီးသည့်အတိုင်း ဘကြီးဖြစ်သော ရသေ့မြတ် မိန့်တော်မူအပ် ၍ ဥစ္စာစီးပွားနှင့် ဇနီးမယားတို့ကို စွန့်ထားခဲ့ပြီးလျှင် ဘုရားအလောင်းတော်ကို ရည်မှန်း၍ ရဟန်းပြုလေသတည်း၊ ရဟန်းပြုပြီးသောအခါ တခုသောတောအုပ် ၌ မှီ၍နေပြီးလျှင် "ရေငုပ်ဖန် များပါက နားချိုတဲ့ရာသည်၊ နားချိုတဲ့၍ မကြားသော် တရားတော်မှ ဆုံးရှုံးခြင်းဘဝသို့ ရောက်ရမည် ကေန်သာ"ဟု နှလုံးသွင်းပြီးလျှင် အမျိုးတို့၏ အကျင့်စာရိတ္တာဖြစ်သော ရေငုပ်ခြင်းအကျင့်ကို ရှောင်ကြဉ်၍ သုံးဆယ့်ငါးနှစ်ပတ်လုံး စင်ကြယ်သန့်ရှင်းသော နှလုံးသွင်းခြင်း ဖြင့် ကောင်းသော အကျင့်ကိုသာ ကျင့်ကြံအားထုတ်၍ နေလေ၏။

အလောင်းတော်သည် ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာ တရားကို ဟော ကြားတော်မူသောအခါ ကြားနာရသော အရှင်နာဋက၏ သူငယ်ချင်းဖြစ်သော နတ်သားတယောက်သည် အရှင်နာဋကအား ဘုရားဖြစ်ခြင်း၏ အကြောင်းကို ကြားလာလေ၏၊ အရှင်နာဋကသည် သူငယ်ချင်းဖြစ်သော နတ်သား၏ ပြောပြသော စကားကို ကြားရလေလျှင် အလွန်ပင် ဝမ်းမြောက်၍ မြတ်စွာ ဘုရား သီတင်းသုံးတော်မူရာ ဖြစ်သော မိဂဒါဝုန်တောသို့ ဆောလျင်စွာ သွားလေ၏။

မောနေယျ အကျင့်မြတ်ကို လျှောက်ထားခြင်း

အရှင်နာဋကသည် မိဂဒါဝုန်တောသို့ ရောက်၍ ထိုတောအတွင်း သီတင်းသုံးတော်မူနေသော မြတ်စွာဘုရားထံ ချဉ်းကပ်လေသော် ထက်ဝန်းကျင်အတောင်ရှစ်ဆယ်မျှသော အရပ်၌ တလျှပ်လျှပ် တထိန်ထိန် တရှိန်ရှိန်ထွန်းပသော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်သော ဘုရားရှင်ကို မြင်ရလျှင် ရွှင်ပျကြည်ညို ရိုညွတ်လှသော စိတ်ရှိရကား "ငါ၏ ဘကြီးတော်ဘုရား ပြောကြားသည့်အတိုင်း ဘုရားစင်စစ် ဧကန်ဖြစ်ချေသည်၊ ဆင်းရဲကင်းရာဖြစ်သော နိဗ္ဗာန်အညာကို ကောင်းစွာညွှန်ပြတတ်သော ဘုရားမြတ်ကို တွေ့ရချေပြီတကား" ဟု အားရ ဝမ်းသာလျက် မောနေယျ အကျင့်မြတ်ကို လျှောက်ထားခြင်းငှါ အောက်ပါစကားကို ပြောကြား တင်လျှောက်လေသတည်း။

"သံသရာ၏ ဟိုမှာဘက်ဖြစ်သော ကမ်းတဘက်သို့ လှမ်းတက် ကူးမြောက်တော်မူပြီးသော အရှင်မြတ်ဘုရား အိမ်ရာမထောင်သော ရဟန်းဘောင်၌ ကျင့်ဆောင်အားထုတ်ကာ ဆွမ်းခံသောအလုပ်ဖြင့် ကုတ်ရုတ်သေခွေ နေလင့်ပါရသော တပည့်တော်အား အလျင်အမြန် နိဗ္ဗာန်ရကြောင်း ကောင်းမြတ်သော **မောနေယျ ပဋိပတ်** အကျင့်မြတ် ပဋိပဒါကို ကောင်းစွာ ဟောကြားတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

ယင်းသို့ လျှောက်ထားသောအခါ **မဟာအတုလ** ဟူသော ဘွဲ့ထူးဖြင့် လူသုံးဦးတို့၏ မကိုဋ်ခေါင်ဖျား အမြတ်စားဖြစ်သော ရှင်တော်မြတ်ဘုရားသည် "အို-ချစ်သားနာဋက ဤမောနေယျ ပဋိပတ်ဖြစ်သော အကျင့်မြတ်ကား ဖြည့်ကျင့် ဆည်းပူးအပ်သော ပါရမီထူးရှိမှသာ ကျင့်နိုင်ပေရာ၏၊ ပြုကျင့်အားထုတ်ခြင်းငှါ လွန်စွာခဲယဉ်းသော တရားပေတည်း၊ အသင်ချစ်သား ကျင့်လိုပါမူကား ငါဘုရား ဟောကြားပေအံ့၊ မှတ်သားနာယူ၍ သဒ္ဓါဖြူဖြူ အားထုတ်ပါလေ့၊ ဝီရိယဓာတ်ကိုလည်း မပြတ်ဆောက်တည်ပါ"ဟု တိုက်တွန်းစကားကို မိန့်ကြားတော်မူလေသတည်း။

မောနေယျတရား ဟောကြားတော်မူခြင်း

သုံးလောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်တင် ဘုရားရှင်သည် အရှင်နာဋကအား တိုက်တွန်းစကား မိန့်ကြားတော်မူပြီးသော် "အို - ချစ်သား

နာ၌ေက ထိုထိုသောမြို့ရွာနယ်ပယ်၌ ဒေါသအမျက် ချောင်းချောင်းထွက်၍ ရိုက်နှက်သတ်ပုတ်လာသောသူနှင့်ကြည်ညွတ်ရိုကျိုး၍ ရှိခိုးလာသောသူ ဤအကြွမ်းအနု နှစ်ခုသောလူ၌ အမုန်း, အချစ်ကို မပွားများဘဲ ညီညွတ်စွာသောစိတ်ကို ထားရပေမည်၊ ယုတ်စွအဆုံး စိတ်နှလုံးဖြင့် ပြစ်မှားခြင်း အမှုကိုလည်း မပြုလုပ်သင့်ပေတကား၊ အသင်ချစ်သား ခြေဖျားထောက်၍ မြင့်မောက်ခြင်းကိုလည်း အလျှင်းပယ်ရပေမည်။

ထိုမှတပြာ ဥပမာအားဖြင့် တောမြိုင်တခုလုံ ကိုတဟုန်းဟုန်းတောက်လောင်သော မီးလျှံနှင့် တူကြသည့် ငါးဝအာရုံ ကာမဂုဏ်တို့သည် လိုက်စားမွေလျော်အပျော်ကြူးကြသော အရူးအမိုက် သတ္တဝါတသိုက်ကို ရှို့မြိုက် ဖျက်ဆီးတတ်ကြလေသည်၊လောကကြီးတခွင်၌ အသွင်နုနယ်၍ အနွယ်အားဖြင့်အောက်တန်းစားဖြစ်သော မိန်းမအများတို့သည် ရဟန်းတော် အရှင်မြတ်များကို အသွင်ခေတ်တပြာ ချိုသာသောစကား လှုစရာကလေးများဖြင့် ဖြားယောင်းလှည့်ပတ်သွေးဆောင်တတ်ကြလေသည်၊ ထိုတောမီးပမာ လွန်စွာ လောင်တတ်သောအမြတ်မဟုတ် မိန်းမယုတ်တို့သည် သင်ချစ်သားကို ဖြားယောင်းဖျက်ဆီးမှုမပြုကြပါစေကုန်လင့်၊ ဖျက်ဆီး ဖြားယောင်းခြင်း မခံရအောင် သတိပြု၍ ရှောင်ကြဉ်ပါလေ အသင်ချစ်သား။

အို - ချစ်သားနာ၌ေက နှစ်ဦးနှစ်ဘက် နှစ်သက်မြူးခုန်သော မေထုန်အကျင့်မှလည်း ထောက်ချင့်သော သတ္တိဖြင့် ရှောင်ကြဉ်ဘိလော၊ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ရှောင်ရှားပယ်စွန့်ပြီးလျှင် ရန်သူဖြစ်သော သတ္တဝါတို့နှင့်လည်း မဆန့်ကျင်,အကျွမ်းဝင်သော သတ္တဝါတို့၌လည်း တပ်မက်စွဲလမ်းခြင်းမရှိဘဲ ချစ်ခြင်း, မုန်းခြင်းကို နှလုံးမသွင်း ရှောင်ကြဉ်ပါလော၊ ပုထုဇဉ်, သေက္ခ, အသေက္ခဖြစ်သော သတ္တဝါအပေါင်းတို့ကို မိမိကိုယ်ကဲ့သို့ စိတ်ခေတ်ကို အမြဲထားပြီ လျှင် ထိပါးပုတ်ခတ်ညှဉ်းဆဲတတ်သော အလေ့ဆိုးကို ပယ်ချိုးစွန့်ခွါ၍ ရှောင်ကြဉ်ပါလော။

မောနေယျပဋိပတ်ဖြင့် နိဗ္ဗာန်ရပ် နန်းအမတသို့ မြန်းကြွလိုသော အို-ချစ်သား ကိလေသာပြောထူ၍ သဘောမဖြူသော ပုထုဇဉ်ပုဂ္ဂိုလ်သည် သက်န်း, ဆွမ်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းရပ်၌ တပ်ငြိစွဲလမ်း၍ အမြဲတမ်း

တောင့်တလျက် မရသေးသည်ကိုပင် လိုချင်တပ်မက်သော ဇဋ္ဌာ, ရပြီးသည်ကိုပင် မယိုမဖိတ် လိုချင်စိတ်ဟူသော လောဘ ဤနှစ်ဌာန အယုတ်တရားကို ပယ်ရှား စွန့်လွှတ်ပြီးလျှင် အရာရာတွင် ဆင်ခြင်ကြည့်ရှုနိုင်သော ပညာစက္ခုဖြင့် ငါဘုရား ဟောကြား‌သော မောနေယျတရားကို အားပါးစိုက်၍ ကျင့်ဆိုက်ပေ၏၊ ယင်းသို့လျှင် ပညာစက္ခုဖြင့် ကြည့်ရှုကျင့်ကြံသောသူသည် အပါယ်ငရဲသို့ ဆွဲဆောင်တတ်သော မိစ္ဆာဇီဝဖြစ်ကြောင်း မကောင်းသော ပစ္စယတဏှာကို အမြစ်မှခွါ၍ ကူးမြောက်နိုင်ရာသည်။

မောနေယျ ပဋိပတ် အကျင့်မြတ်ကို ကျင့်ကြံ အားထုတ်သော သူသည် ဝမ်းပိုက်ကို မကားစေဘဲ အစားအသောက်ကို နှိုင်းယှဉ်ပြီးလျှင် လိုချင်သော တရားကို နည်းပါးအောင် ပြုရချေသည်၊ လျှပ်ပေါ်လော်လီ စိတ်မတည်ခြင်းကိုလည်း ရှောင်ကွင်းခွါဖယ်ရာသည်၊ ပစ္စည်းဥစ္စာ အရာရာကို အာသာမငင် လိုချင်မက်မောခြင်း မရှိစေရာ၊ တဏှာစိတ်ဖြင့် မွတ်သိပ်ဆာလောင်ခြင်းကို မဖြစ်စေဘဲ ကိလေသာ တည်းဟူသော အပူအပင်ကို ဖြူစင်ငြိမ်းချမ်းအောင် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရာသည်။

မောနေယျ အကျင့်စခန်းဖြင့် နိဗ္ဗာန်ဟူသော အမြင့်တန်းကို မြော်မှန်းသော ရဟန်းမြတ်သည် ဆွမ်းခံရွာသို့ ကော်င်းစွာသွား၍ ဆွမ်းစားခြင်းကိစ္စ ပြီးလေသော် ထိုဆွမ်းခံရွာ၌ မနေမူ၍ တောသို့သာလျှင် သွားရာသည်၊ သစ်ပင်ရင်း၌ ရပ်တည်၍ နေရာသို့ကပ်မှီကာ မလျှောင်းမစက် ထက်ဝယ်ဖွဲ့ခွေ ထိုင်၍သာ နေရာသည်၊ ကမ္မဋ္ဌာန်းအလုပ်မှ နောက်ဆုတ်၍ ကြောက်ရုပ် ကြောက်သွေးဖြင့် နှောင့်နှေးကြန့်ကြာ အိပ်ရာမှာ တုံးလုံးနေ၍ မောဟ မဖုံးစေရာ။

ဓုတင် အကျင့်မြတ် တဆယ့်သုံးရပ်ကို ဆောင်ပြီးလျှင် *အာရမ္မဏူပ နိဇ္ဈာနစျာန် †လက္ခဏူပနိဇ္ဈာနစျာန် တို့၌ လေ့ကျက်ပွားများ၍ ပညာ, သမာဓိ, ဝီရိယတရားကို လက်ကိုင်ထားရာသည်၊ မြို့တွင်း, ရွာတွင်း၌ သီတင်းသုံးနေထိုင်ခြင်းကို မပြုဘဲ အာရုံငါးပါးတို့၏ ကင်းဆိတ်ရာဖြစ်သော တောရိပ်မြိုင်စောင်းမှာသာ ကိန်းအောင်းနေထိုင်ရာသည်၊ တွယ်တာခြင်းလွတ်ကင်းသော

---

* ကသိုဏ်းစသော အာရုံသို့ကပ်၍ရှုခြင်း။ † လက္ခဏာရေးသုံးပါးကို ကပ်၍ရှုခြင်း။

သစ်ပင်ရင်း၌သာ သီတင်းသုံးပြီးသော် လောကုတ္တရာစျာန်ဖြင့် မိမိစိတ်သန္တာန်ကို နှစ်သက်စေပြီးလျှင် စျာန်ဝင်စား၍သာ ကောင်းစွာနေထိုင်ရာ၏။

ဤသို့လျှင် သစ်ပင်ရင်းတည်းဟူသော ကျောင်း၌ ကိန်းအောင်း ရှင်ပြုံး သီတင်းသုံး၍ ညဉ့်အဆုံးသို့ ရောက်သောအခါ *အာဘိသမာစာရိက ဝတ်ကို ပြစ်စေ၍ ကမ္မဋ္ဌာန်း နှလုံးသွင်းပြီးလျှင် ဆွမ်းခံရွာတွင်းသို့ သွားရာ၏၊ ဆွမ်းခံ သွားသောအခါ ဒကာ,ဒကာမ အပေါင်းတို့သည် ညွတ်ပျောင်းသော လက်အုပ်ဖြင့် ဆွမ်းစားပင့်ကြသော်လည်း ထိုပင့်ခေါ် ဘိတ်မန်မှုများကို လိုလား ငံ့ကွက်၍ နှစ်သက်ခြင်း မဖြစ်စေရာ။

ကာဠုဒေဝိလ ရသေ့မြတ်၏ တိုက်တွန်းအပ်သော စကားကြောင့် ရဟန်း တရားကို လိုလားနှစ်သက်စွာ ကျင့်ကြံလာသော အို-ချစ်သားနာဠက မောနေယျပဋိပတ် အကျင့်မြတ်ကို ကျင့်ဆောင်သော ရဟန်းသည်ကား မြို့တွင်း, ရွာတွင်းသို့ ဆွမ်းခံခြင်းကိစ္စဖြင့် ကြွတော်မူသောအခါ ဒကာ, ဒကာမတို့နှင့် ရောနှော၍ ဟောပြောခြင်း, တရားစကားကို အနည်းငယ်မျှ ဟောကြားခြင်း မပြုလုပ်ရာ၊ ပရိယာယ်ရိပ် နိမိတ် ဩဘာသ မိစ္ဆာဇီဝဖြစ်ကြောင်း မကောင်းစကား အဝတ်အစား ရှာဖွေမှုကို ပြုခြင်းမှ ရှောင်ကြဉ်၍ နှောင်အစဉ်အေးငြိမ်းမှုကိုသာ ဂရုပြုရာသည်။

ဆွမ်းခံရွာသို့ ဝင်သောအခါ အနည်း, အများ ရလာငြားသော်လည်း ဘောက်ပြားသော စိတ်ဓာတ်ကို မဖြစ်စေမူ၍ ရခြင်း, မရခြင်း တရား ဤနှစ်ပါးတို့၌ ဥပေက္ခာစိတ်ဖြင့် လျစ်လျူရှုခြင်း အမြဲပြုကာသာ ဆွမ်းခံရွာမှ လွန်စေရာ၏။

ရဟန်းတို့၏ အနွယ်စရိုက်အားဖြင့် သပိတ်ကိုလွယ်ပိုက်၍ သွားသည်ရှိသော် မအ,သော ရဟန်းသည်လည်း အ,သော ရဟန်းဟု သမုတ်ခံပြီးလျှင် ရုပ်, နာမ်ကိုသာ ဆင်ခြင်ရာ၏၊ အနည်းငယ်မျှ မပြောပလောက်ကလေး အလှူပေးခြင်း ကိုလည်း ကဲ့ရဲ့ရှုတ်ချခြင်း မပြုရာ၊ အလှူပေးသူ ကြည်ဖြူစွာရှိသော ဒကာ,

---

* စာရိတ္တသီလဖြစ်သော ဝတ်ကြီးဝတ်ငယ်များ။

မောနေယျအကျင့် ကျင့်သော အရှင်နာဠကမထေရ်သည် ရွှေတောင်ကိုမှီ၍ ပရိနိဗ္ဗာန်စံခဏ်း။

ဒကာမကိုလည်း နို့မှဲ့ချပြစ်တင်၍ မထေမဲ့မြင် မပြုရာ၊ ကောင်းစွာသိပ်သည်း ဣန္ဒြေကို ကြီးစေရာ၏။

ရှင်တော်မြတ်ဘုရားသည် ဤသို့စသော မောနေယျအကျင့် ပဋိပဒါကို ကောင်းစွာ ဟောကြားတော်မူလေ၏၊ အရှင်နာဠကသည်ကား မြတ်စွာဘုရား မြွက်ကြား ဆုံးမအပ်သော ဩဝါဒအတိုင်း လိုက်နာမှတ်သား၍"ငါသည်ကား နောက်ခါတဖန် ဘုရားရှင်ကို ဖူးမြင်ရမှု, တရားတော်ကို တဖန်နာပြန်ရပါမှု, မောနေယျ ပဋိပတ်ကို နောက်ထပ်တဖန် မေးရပြန်ပါမူ ပေါ့တန်လျှပ်ပေါ် ရာ ရောက်ချေတော့မည်"ဟု နှလုံးသွင်းလျက် မြတ်စွာဘုရားအား အားပါးတရ ဝပ်ချရှိခိုးပြီးသော် တခုသော တောအုပ်သို့ ဝင်သွားလေတော့သတည်း။

အရှင်နာဠကမထေရ်မြတ်သည် သစ်တပင်၌ နှစ်ရက်မကြာ, ရွာတရွာ၌လည်း နှစ်ရက်ဆွမ်းမခံ, တတောမှ တတော, သစ်ပင်တပင်မှ သစ်ပင်တပင်, ရွာတရွာမှ ရွာတရွာသို့ လှည့်ပတ်ကာ ခြိုးခြံစွာသော အကျင့်ဖြင့် * ခုနစ်လပတ်လုံး ကျင့်သုံးတော်မူလေလျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏၊ မိမိ၏ အာယုသင်္ခါရ ကုန်သည်ကိုလည်း သိတော်မူ၍ ရေသပ္ပါယ်တော် မူပြီးသော် သင်းပိုင်,ကိုယ်ဝတ်,ဒုကုဋ်,ခါးပန်းတို့ကို ကောင်းစွာ ဝတ်ရုံလျက် မြတ်စွာဘုရား ရှိရာသို့ မျက်နှာပြုပြီးလျှင် တခုသော ဆေးဒန်း မြင်းသိလာတောင်ကို မှီတော်မူကာ ဦးထိပ်အထက်၌ လက်အုပ်ကို ထား၍ ရပ်လျက်ပင်လျှင် ပရိနိဗ္ဗာန် စံဝင်တော် မူလေသတည်း။

ဝေနေယျများစွာတို့၏ အားထားရာဖြစ်တော်မူသော သုံးလောကမျက်ရှု သဗ္ဗညုသခင် ဘုရားရှင်သည် ကိုယ်တော်မြတ်၏ သာသနာတော် အတွင်းဝယ် ထူးကဲခြင်းဂုဏ်နှင့်ပြည့်စုံသော အရှင်နာဠက၏ ပြည်မနိဗ္ဗူစံယူတော်မူကြောင်းကို ကောင်းစွာသိတော်မူလတ်၍ နောက်ပါသံဃာတော်များနှင့်တကွ ကြွတော်မူကာ အရှင်နာဠက၏ ဥတုဇရုပ်ကို ဖုတ်ကြည်း သင်္ဂြိုဟ်တော်မူပြီးလျှင် ကြွင်းကျန်သော ဓာတ်တော်များကို ရဟန်းတော်များအား စေတီပုထိုးကိုးကွယ် တည်ထားစေရန် စီမံပြီးမှ စံတော်မူရာဌာနသို့ ပြန်ကြွတော်မူခဲ့ပေသတည်း။

---

* အချို့ကျမ်းဝန်၌ ခုနစ်ရက်ဆိုသည်။

သေဌေးသားယသလုလင်အကြောင်း

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား ဓမ္မစကြာတရားကို ဟောကြား တော်မူပြီး၍ ၎င်းဟောတော်မူရာ မိဂဒါဝုန်တောဉ်ပင် နန္ဒိယသေဌေးကြီး ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းတော်၌ ကိန်းအောင်း ရှင်ပြုံး သီတင်း သုံးတော်မူစဉ်အခါ ဗာရာဏသီ သေဌေးနှင့် ဃနာဒ္ဓီဆွမ်းဒါယိကာမ* **သုဇာတာ** တို့၏ ရင်သွေးဖြစ်သော **ယသလုလင်** သည် ဘုရားရှင်ထံ ရောက်လာလတ် သတည်း။

ရောက်လာပုံ

ယသလုလင်သည် ဘဝများစွာ သံသရာတွင် ဖြည့်ဘူးသော အဆောက်အဦ ပါရမီထူးရှိသ ဖြင့် ဦးပေါင်းများစွာတို့ အပေါ်တွင် လွှမ်းကျော်၍ သွားနိုင်သော အဆင်းအင်္ဂါ သွင်လျာချောမောသည့်အပြင်ရွှေအစစ်,ငွေအစစ်တို့ကိုပင်ထွေပစ် ၍ ကစားနိုင်လောက်သော ပစ္စည်းဥစ္စာ ရတနာ အထွေထွေတို့နှင့် ပြည့်စုံသော သေဌေးသားတယောက် ဖြစ်လေ၏၊ ပစ္စည်းရှင်တို့၏ မွေးဘွားသော သေဌေး သား ဖြစ်သည် အားလျော်စွာ ဥတုသုံးပါးအား လျောက်ပတ်သော ပြာသာဒ် ဘုံဆောင်တို့တွင် ဂုဏ်ရောင်ကွန့်မြူး၍အထူးလှပသော ကညာတော်ဝင် အပျိုစင် တထောင့် ငါးရာတို့ဖြင့် ခြံရံကာ ယောကျ်ားတပါး မရောသော စည်းစိမ်ကို ခံစားလျက် နေလေ၏။

ထိုတထောင့်ငါးရာသော အပျိုစင်တို့သည်ကား ယသလုလင်အား မပျော် ပျော်စေ ဖျော်ဖြေ ကြရသည်မှာ အချို့ကား စောင်းငြင်း ပတ်သာ တူရိယာ တီးမှုတ်ကြကုန်သည်ရှိသော် အချို့သောသူများကား သာယာပြေပြစ် ချစ်ဘွယ် ကောင်းသော အသံတို့ဖြင့် သီချင်းခံ သီချင်းကြီး စသည်တို့ကို မငြီးအောင် သီဆိုကြရကုန်၏၊ ဤသို့ တီးသူကတီး, မှုတ်သူကမှုတ်, ဆိုသူကဆို အလိုတော် ပြည့်ဝအောင် ဖြည့်ကြသောအခါ အချိုးကျကျနှင့် ကကြရသော သူများ ကလည်း ဟိမဝန္တာတောသယ်တွင် အချောသယ် ကိန္နရီတို့ကဲ့သို့ ရှုကြည့်သူ သေဌေးသား၏ မျက်လုံး၌ အသက်ထက်ဆုံး စွဲမက်အော င် ကကြလေ၏။

---

* တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပထမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေနာနီဓီတာ–ဟူသောဘွဲ့ထူးကို ရလေ၏။



သေဋ္ဌေးသား ယသလုလင်သည် လောကီစည်းစိမ်ကို မြိန်ယှက်စွာ ခံစားခဏ်း။

ရာသီ ဥတုပြောင်း၍ ပြာသာဒ်တခုမှ တခုသို့ ပြောင်းရွှေ့သော အခါ၌လည်း ယခင်ဆိုခဲ့သော အချော့တော် အပေါင်းတို့က နားမညောင်းအောင် မှုတ်တီးကပြ သီဆိုကြကုန်လျက် သေဌေးသား ယသလုလင်ကို ခြံရံကာလိုက်ပါကြကုန်သည်ရှိသော် ဗာရာဏသီပြည်တွင် ကြီးကျယ်သော ပွဲသဘင်ကြီးဖြစ်၍ ပြည်သူပြည်သား အပေါင်းတို့သည်လည်း ပွဲသဘင် အခမ်းအနားကို အရှုစား လာကြသည်မှာ ကမ္ဘာမြေကြီး ညွတ်တော့မည်ကဲ့သို့ အလွန်တရာ စည်ကား၍ များပြားကြကုန်သတည်း။

သို့စင်ကလောက် ခမ်းနားကြီးကျယ် မှုန်းနိုင်ဘွယ်မရှိသော လောကီ စည်းစိမ်ကို မြိန်မြိန်ကြီးခံစား၍ နေစဉ် ကျွတ်တမ်း ဝင်သင့်သော နေ့တနေ့၌ ဇာတ္ထဖြစ်သောအခါရံ ကာမဂုဏ်ချမ်းသာအသွယ်သွယ်တို့ဖြင့် စံပယ်ပျော်ရွှင်သော ယသလုလင်သည် ညဉ့်ဦးယာမ်အချိန် စောစောကပင် အိပ်ရာသို့ဝင်၍ အိပ်လေ၏၊ ပုရိမယာမ်, မဇ္ဈိမယာမ် ဟု ဆိုအပ်သော ညဉ့်ဦး, ညဉ့်လယ်တို့၌ အိပ်ပျော်ခြင်းသို့ ရောက်သော်လည်း ပစ္ဆိမယာမ်အစဟု ဆိုအပ်သော ညဉ့်နာ၂ရီပြန် ၂-ချက် အချိန်လောက်ဝယ် အိပ်ရာမှနိုးလာလတ်သော် အဖျော်အဖြေ အခြွေ အရံ ဖြစ်ကြကုန်သော သူတို့သည် အချို့ကား ရှူးဟောက်၍ အာစောက်ခံတွင်း ဟင်းလင်းပွင့်ကြကုန်လျက် စက်ဆုပ်ဘွယ် အနံ့တို့ဖြင့် လှိုင်ကုန်၏၊ အချို့ကား ကိုယ်ဝတ်ထဘီ ကျွတ်ပြေ၍ မသတိဘွယ်ရာ ဖြစ်ကုန်လျက် အချို့ကား ဖရိုဖရဲ ပြိုလဲကျသည့်အလား ဆံပင်တွေ ဖားရားပြေကုန်၏၊အချို့ကား စောင်းကိုပွေ့ချီ မုရိုးစည်ကိုလွယ်ကာ ဘယ်,ညာ ပြောင်းပြန် ရောက်ရက်ဆန်ဖြစ်၍ နေကြကုန်၏၊ ဤကဲ့သို့ ရှေးအခါက မိမိကို မပျော်ပျော်စေ ဖျော်ဖြေကြကုန်သော အပျိုကညာတို့သည် ယခုအခါ မြင်မကောင်းအောင် နှာခေါင်းရှုံ့ဘွယ်ရာ ဖြစ်နေသည်ကို တွေ့ရလျှင် "ရှေးယခင်က ဆင်တိုင်းယဉ်,ပြင်တိုင်းချော, ပြောတိုင်းချို, ဆိုတိုင်းသာသည်ဟု ထင်ရသော အပျိုကညာတို့သည်ကား လူသေမြုပ်နှံသော သုသာန်သင်းချိုင်းကြီးအလား ကြောက်ရွံ့စက်ဆုပ်ဘွယ်ကြီး ဖြစ်နေပါပေါ့ ကလား" ဟု စိတ်ထားလှုပ်တုန် ရွှေရင်တော်ခုန်လှ၍ ယူကျုံးမရ ဖြစ်ကာ "ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော"ဟု စိတ်မနှော မြူးခွင့်မရဘဲ အထူးသဖြင့် ဖွင့်ဆိုလေ၏။

သုမင်္ဂလဝိလာသိနီ (၁) ၂၀၁–၃၄

ဘောၢ၊သံသရာတွင်း ပျော်ရွှင်ခြင်းလက်ကိုင်နှင့် မထွက်နိုင်ငြားအိုလူအများ တို့။ ဣဒံ၊ အပုပ်တွေ သိုလှောင်တဲ့ ဂူဒေါင်ပမာ ဤခန္ဓာ၏ အဖြစ်သည်။ ဥပဒ္ဒုတံဝတ၊ နှစ်သက်ဘွယ်မမြင် ခင်မင်ဘွယ်မရှိ တပ်ငြိကာ မစွဲလမ်းနိုင်အောင် အမြဲတမ်း နှိပ်စက်ခလေစွတကား။ ဘောၢ၊ ကာမဗွက်တော မက်မောတုံငြား အိုလူအများတို့။ ဣဒံ၊ သေချာစွာ မတွေ့ဝံ့အောင် သွေးရှံ၍ ထိတ်စရာ အပိဇ္ဇာ ဖိစီး ဤကိုယ်ကြီး၏ အဖြစ်သည်။ ဥပဿဋ္ဌံဝတ၊ အနှစ်ဟူ၍ မှူငွေမသန်း ဆိုးသွမ်းယုတ်မာ တဏှာဂုဏ်တက်လျက် စုံမက်ခြင်းပြင်းပြင်းနှင့် ဝဋ်အတွင်းကို ထူထောင်၍ ပူလောင်ညှဉ်းဆဲလေစွတကား။

ဤဥဒါန်းစကားကို ပြောကြားမြွက်ဆိုကာ မိမိခန္ဓာကိုယ်၏အဖြစ်အပျက်ကို လည်း စစ်တွက်စဉ်းစား၍ ချောက်ချားထိတ်လန့်ရကား အိပ်ရာညောင်စောင်းမှ ထ၍ ရွှေခြေနင်းကိုစီးကာ ထွက်လာလေ၏၊ အိမ်တံခါးဝသို့ ရောက်လေလျှင် "သေဋ္ဌေးသား ယသလုလင်၏ ရဟန်းပြုခြင်း၌ တစုံတခုသော အနှောက် အယှက် အဖျက်အဆီးသည် ငြိတွယ်ခြင်း မရှိစေသတည်း"ဟု နတ်တို့သည် ရှေးဦးကပင်ကြိုတင်၍ တံခါးကိုဖွင့်လင့်၍ ပွင့်နှင့်နေသဖြင့် အသင့်ပင်ထွက်သွား လေ၏ မြို့တံခါးဝသို့ ရောက်သောအခါ၌လည်း ယခင်နည်းအတိုင်း နတ်တို့ ဖွင့်နှင့်ပြီးဖြစ်၍ အဆီးအတား အကန့်အကွက် အနှောက်အယှက်မရှိဘဲ ပကတိ ပင်ကိုယ်အတိုင်း ထွက်သွားလေရာ မိဂဒါဝုန် ပန်းပေါင်းစုံသော ရဂုံသာမော တောကြီးအတွင်းသို့ ရောက်သွားလေ၏။

ထိုအခိုက်မှာပင် ဘုရားရှင်ကိုယ်တော်မြတ်သည် ကျောင်းတော်မှ မနီးမဝေး ဖြစ်သော လွင်တီးခေါင် အပြင်ဝယ် စင်္ကြံကြွတော်မူနေသည် ဖြစ်၍ အဝေးမှလာ သော သေဋ္ဌေးသား ယသလုလင်ကို ရှုမြင်တော်မူရလေသော် စင်္ကြံကြွရာမှ ရပ်တန့်၍ ခုံညားသပ်ရပ် ခင်းထားအပ်သောနေရာ၌ ကောင်းစွာဖွဲ့ခွေ သီတင်း သုံးတော်မူလေ၏၊ အကြောက်သွေးဆူပွေ၍ အပူတွေလက်ကိုင်နှင့် အသက်ကိုမျှ မှန်မှန်မရှူနိုင်ရှာသော ယသလုလင်သည် ဘုရားသခင်၏ အနီးသို့ ရောက်လေ လျှင် ယခင်က ရွတ်ဆိုအပ်သော "ဥပဒ္ဒုတံ ဝတ ဘောၢ၊ ဥပဿဋ္ဌံ ဝတ ဘောၢ" ဟူသော ဥဒါန်းကို တကြိမ်ထပ်မံ၍ ရွတ်ပြန်လေသတည်း။

အကြောက်သွေးပူပန်၍ အသက်ရှူမမှန်သော ယသလုလင်၏ ဥဒါန်းစကားကို ကြားတော်မူသော မြတ်စွာဘုရားသည် နေအရုဏ်နှင့်ဆုံမိသော ကြာမဒိုကဲ့သို့ ကြက်သရေဂုဏ်ရှိလှသော ရွှေမျက်နှာတော်အပြင်ကို ရှင်ပျစွာထားတော်မူလျက် “ဣဒံ ခေါ ယသ အနုပဒ္ဒုတံ အနုပဿဋ္ဌံ၊ ဧဟိ ယသ နိသီဒ၊ ဓမ္မံ တေ ဒေသိဿာမိ” ဟူသော စကားကို မိန့်ကြားတော် မူလိုက်လေသတည်း။

အနက်ကား ယသ၊ သက်ရှူမမှန် မြက်ဖြူလန်အောင် ပူပန်ကြောက်အား ယသ မည်သော အိုချစ်သား။ ဣဒံ၊ သင်တို့ကိုးစား ငါဘုရား၏ မျက်ဝါးထင်ထင် ရှုမြင်ရအပ် နိဗ္ဗာန်တည်းဟူသော ဤအမြိုက်ဓာတ်သည်။ ခေါ၊ ဘယ်လိုမှ မတွေးတောနှင့် သဘောဟုတ်မှန် ကေန်အားဖြင့်။ အနုပဒ္ဒုတံ၊ အပြစ်မစွက် နှစ်သက်ဘွယ်ရာ ကောင်းစွာ လိုအပ်၍ အပူဇာတ် ကင်းဝေးလျက် အနှိပ်စက်ဘေး မရှိပေစွတကား။ အနုပဿဋ္ဌံ၊ အနှစ်ပြည့်လျှမ်း ဂုဏ်ရည်ဖြန်း၍ ဆိုးသွမ်းတဏှာ ကင်းသည့်တာကြောင့် ဘယာမနှောင့် ကြောင့်ကြမထင် အပူအပင် ဝေးလေစွတကား။ ယသ၊ သံဝေဂဓာတ်သဘောကို လတ်တလောတွေ့ငြား ယသ မည်သော အိုချစ်သား။ ဧဟိ၊ ငါ၏ထံမှောက် အရောက်မြန်စွာ လာခဲ့ပါလေ့။ နိသီဒ၊ *အပြစ်ခြောက်ဖြာ လွတ်ကင်းကွာအောင် ကောင်းစွာ ထိုင်လေ့။ အဟံ၊ ဒုက္ခိတတွေ များဝေဇနေကို အေးစေ, ငြိမ်းစေ, အေးငြိမ်းစေဟု ဆုချွေပန်ဆင် ဉာဏ်မြင်ထောက်ထား ငါဘုရားသည်။ တေ၊ ဒုက္ခိတစာရင်း အတွင်းအဝင် ပူပင်နွမ်းလျ သင်ချစ်သား ယသအား။ ဓမ္မံ၊ အပူအပင် ဖြူစင်သန့်ရှင်း အလင်းရောင်ဟပ် တရားတော်မြတ်ကို။ ဒေသိဿာမိ၊ နားပသာဒ ကြားကာမျှဖြင့် သီတဓာတ်လွှမ်း အပူခန်း၍ လူ့ငြမ်းကိုဖျက် ဝဋ္ဋမှထွက်အောင် အချက်ကျကျ ဟောပြပေအံ့သတည်း။

ဤမိန့်တော်သံစကားကို ကြားရသော ယသလုလင်သည် ပြုံးရွှင်အားတက်ကာ စီးနင်းလာသော ဘိနပ်ကိုချွတ်၍ တုံ့ဝပ် ခစားလျက် မြတ်စွာ

---

* ၁–နောက်တည့်တည့်နေခြင်း။ ၂–ရှေ့တည့်တည့်နေခြင်း။ ၃–အလွန်နီးကပ်စွာနေခြင်း။ ၄–အလွန်ဝေးစွာနေခြင်း။ ၅–နံဘေးတည့်တည့်နေခြင်း။ ၆–လေညာ၌နေခြင်း။ ၇–မြင့်လွန်းသောနေရာ၌နေခြင်း။ ၈–နိမ့်လွန်းသောနေရာ၌နေခြင်း။ ဤကား ခုဒ္ဒကပါဌအဋ္ဌကထာအဆိုတည်း။ ဝိနည်းအဋ္ဌကထာ၌ကား ၁-မှ ၆-အထိသာ အပြစ်ခြောက်ပါးလာ၏။

ဘုရားထံအမြန်သွားပြီးလျှင် ရှိသေစွာထိုင်နေလေ၏၊ မြတ်စွာဘုရားသည်လည်း လူ့အဖြစ်ကို စိတ်ပျက်၍ အိပ်စက်ရာမှ ထွက်လာသော ယသလုလင်အား အစဉ်ဖြစ်သော တရားကို ဟောကြားတော်မူလျက် အရင်းခံဖြစ်သော သစ္စာကို ကောင်းစွာ ပြတော်မူသောအခါ ယသလုလင်၏သန္တာန်ဝယ် ဘဝါဘဝက ခဝါချ၍သော်မှ မစင်မကြယ် ကပ်တွယ်စွဲငြိသော ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာတို့သည် ကင်းကွာပျောက်ပျက်၍ သောတာပတ္တိမဂ်ဖြစ်သော နိဗ္ဗာန်တံခါးပေါက်သို့ ဆိုက်ရောက်ကာ မျက်မှောက်ပြုရလေသတည်း။

ယသလုလင်၏ ဘခင်သေဋ္ဌေး ကျွတ်တမ်းဝင်ခြင်း

ယသလုလင်ထွက်သွား၍ နံနက်မိုးသောက် အလင်းရောက်သောအခါ ယသလုလင်၏မိခင်ဖြစ်သော သေဋ္ဌေးကတော်ကြီးသုဇာတာသည် မိမိသား၏ စံပျော်ရာ ရတနာပြာသာဒ်သို့ တက်၍ ကြည့်ရှုလေလျှင် သားကိုမမြင်၍ ပူပင်နွမ်းလျသောကဖိစီး ရင်ကိုတီးလျက် အငိုကြီးငိုကြွေးကာ ခင်ပွန်းသယ် ဖြစ်သော သေဋ္ဌေးကြီးအား ထိုအကြောင်းကို ပြောကြားလေ၏၊ ယသလုလင်၏ ဘခင်ဖြစ်သော သေဋ္ဌေးကြီးသည်လည်း ဇနီးသယ်ပြောပြသောစကားကိုကြားရလျှင် အလွန်ပင် စိတ်အိုက်၍ "ဟိုက်....ဘယ်လိုများဖြစ်ပုံလဲ"ဟု ရင်ထဲ၌ ဆူပွက်ကာ မြွက်လိုက်လေ၏။

ယသလုလင်၏ ဘခင်သေဋ္ဌေးကြီးသည်လည်း သားသွားမည့်လမ်းကို စုံစမ်းထောက်လှမ်းကြစေရန် အရပ်လေးမျက်နှာ စပ်ရာစပ်ရာဖြစ်သော မြို့ရွာသို့မြင်းသည်တော်များကို စေလွှတ်ပြီးလျှင် မိမိမူကား သားသွားမည့်လမ်းစကို မှန်းဆတွေးတော၍ လိုက်သွားသောအခါ မိဂဒါဝုန်တောသို့ ရောက်သွားလေသတည်း။

မိဂဒါဝုန်တောအတွင်း တရားမင်း ဖြစ်တော်မူသော ဘုရားရှင်သည် ယသလုလင်အား တရားတော် အလင်းပြ၍ ပြီးခါစအချိန်၌ အဝေးမှလာသော သေဋ္ဌေးကြီးကို မြင်ရသောအခါ "ဤသေဋ္ဌေးကြီးအား ယသလုလင်ကို အမြင်မခံမှ တော်မည်၊ အကယ်၍ ယခုချက်ချင်း တွေ့သွားပါက သောကဆူသည်း၍ အပူကြီးပူလိမ့်မည်"ဟု ကြံစည်တော်မူကာ ယသကို ကွယ်ဝှက်၍ ထားလေ၏၊

ထိုအတွင်း ဘုရားရှင်အနီးသို့ သေဋ္ဌေးကြီး ရောက်လာပြီးလျှင် "အရှင်ဘုရား တပည့်တော်ကား သားပျောက်၍ လိုက်ရှာသောသူ ဖြစ်ပါသည်၊ ဤနေရာဌာနသို့ သူငယ်ကလေးတယောက် ရောက်လာသည်ကို မြင်ပါသလားဘုရား" ဟု လျှောက်ထားမေးမြန်းလေ၏၊ ထိုအခါ ရှင်တော်မြတ်ဘုရားသည် "အို-သေဋ္ဌေးကြီး အရေးတကြီး မပူပါနှင့်၊ ငါဘုရား၏ ရှေ့နားမှာ ခေတ္တမျှ ထိုင်ပါဦးလော၊ ဤနေရာမှာပင် သင့်သားကို တွေ့မြင်ရပါလိမ့်မည်"ဟု မိန့်တော်မူလေ၏။

မြတ်စွာဘုရား၏ နှုတ်တော်ထွက်စကားကို ကြားရသော သေဋ္ဌေးကြီးသည် သားကိုမြင်ချင်သောဇောဖြင့် ဘယ်သို့မှုပြန်မပြောတော့ဘဲ မြတ်စွာဘုရားအနီးမှာပင် ကြည်ရွှင်ဝမ်းမြောက်စွာ ထိုင်လေ၏၊သတ္တဝါ ဒုက္ခိတ တသင်းတို့၏ ပူပြင်းခြင်းကို ပျောက်ကင်းအောင် ပြုတော်မူသောအရာတွင် ပြိုင်ယှဉ်သူမရှိ အဓိပတိ ပုဂ္ဂိုလ်ကြီးတဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ယသလုလင်၏ ဘခင် သေဋ္ဌေးကြီးအား ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာဒီနဝကထာ, နေက္ခမ္မာနိသံသကထာတို့ကို အစဉ်အားဖြင့် ဟောကြားတော် မူလေလျှင် ဒေသနာတော် အဆုံး၌ အပူလုံး အပူခဲတို့ စုဝေးရာ ဤသံသရာကို ခြေကန်၍ နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုနိုင်သော သောတာပတ္တိမဂ်စခန်းကို လက်လှမ်းဆွတ်ယူလေသတည်း။

ယင်းသို့ တရားစစ် တရားမှန်ကို သိရသော သေဋ္ဌေးကြီးသည်ကား နဝရတ်ကျောက်ထုပ်ကို လက်ဆုပ်လက်ကိုင် ကိုယ်ပိုင်ရသည်ထက် ဝမ်းမြောက်လှသည် ဖြစ်၍ အရှင်ဘုရား၏ တရားတော်ဒေသနာသည် လွန်စွာကောင်းမြတ်လှပါပေစွတကား၊ ခရီးလမ်းမှား၍ တောင်ကမ်းပါးတောတန်း၌ မောပန်းစွာ ဖြစ်နေသောသူအား ခရီးလမ်းမှန်ကို ညွှန်ပြသကဲ့သို့၎င်း ဖုံးမှောက်ကွယ်ဝှက်ထားသောအရာဝတ္ထုများကို ထင်ရှားစွာ ဖွင့်ဖော်၍ သင့်လျော်အောင် ပြသကဲ့သို့၎င်း၊ အင်္ဂါလေးပါးရှိသော အမိုက်မှောင်၌ တန်ဆောင်ဆီမီးကို ထိန်ညီးအောင် ထွန်းပြသကဲ့သို့၎င်း ဖြစ်တော်မူပါပေသည်ဘုရား၊ ယင်းသို့ အပြအသ ကောင်းမွန်လှ၍ ဓမ္မ၏လမ်းမှန်မှုကြောင့် တပည့်တော်သည်လည်း အရှင်ဘုရား ဟောကြားအပ်သော တရားဓာတ် အလင်းရောင်ကို ကွင်းရှောင်ခြင်းမရှိဘဲ အမှန်ကိုသိပါပြီ၊ ဤယခုနေ့ ယခုအချိန်က စပြီးလျှင် အရှင်ဘုရားကို၎င်း၊ အရှင်ဘုရား၏

ဟောကြားအပ်သော တရားတော်မြတ်ကိုရင်း၊ အရှင်ဘုရား၏သားတော်တပည့် သမ္မုတိ, အရိယာ နှစ်ဖြာသော သံဃာတော်ကိုရင်း အားထားကြည်ညို မှီခိုရာ ဟူ၍ ဆည်းကပ်ပါသည်ဘုရား၊ တပည့်တော်ကို ရတနာသုံးရပ် ဆည်းကပ်တတ်သော **ဥပါသကာ** ဟူ၍ မှတ်တော်မူပါ၊ ဟောကြား ဆုံးမရာကိုလည်း မသေ့မလှန် အမြဲနာခံ၍ ကျင့်ကြံပါတော့မည်ဘုရား”ဟူ၍ လျှောက်ထားလေ၏။

ဤသေဋ္ဌေးကား လူ့ပြည်လောကတွင် ရှေးဦးစွာ တေဝါစိက သရဏဂုံ တည်သော သူပေတည်း။

ယသလုလင်သည်လည်း မွေးသဘခင်အား ပြောဟောသော တရားကို ကြားနာရသဖြင့် လူဝတ် လူစားဖြင့်ပင် ကိလေသာ ကင်းကွာသော ရဟန္တာ အရှင်မြတ် ဖြစ်လတ်သတည်း။

သားအဘနှစ်ယောက် တွေ့ကြခြင်း

သားပျောက်ကိုရှာသော ယသလုလင်၏ ဘခင် သေဋ္ဌေးကြီးမှာလည်း မြတ်စွာဘုရား၏ တရားတော်ကို နာရလျှင် အာသဝ အခိုးအကင်းတို့သည် မိုးညှင်းကလေးလောက်မျှသာ ကျန်ရှိတော့၍ သောတာပတ္တိဖိုလ်ကို ခိုလှုံပြီးလျှင် သားဖြစ်သော ယသလုလင်မှာမူကား အဇ္ဈတ္တသန္တာန်ဝယ် အစဉ်ပါလာသော ဘဝါဘဝက အာသဝအခိုးအရှိန်တို့သည် မိုးတိမ်ကို လေယူကာ သိမ်းသကဲ့သို့ အေးငြိမ်းစင်ဖြူ ရဟန္တာ ဖြစ်တော်မူသောအခါ ရှင်တော်မြတ်ဘုရားသည် ဤသို့ ကြံစည်တော်မူလေ၏၊ “ယသလုလင်လည်း ဖြူစင်သော ရဟန္တာ ဖြစ်ပေပြီ၊ အိမ်ရာထောင်သော လူ့ဘောင်သို့ ခိုဝင်၍ ထိုစဉ်က ခံစားခဲ့ဘူးသော ကာမဂုဏ်တို့ကို အာရုံပြုတော့မည် မဟုတ်ချေ၊ သူ၏ဘခင် သေဋ္ဌေးကြီးလည်း သောတာပတ္တိမဂ်နန်းကို တက်လှမ်းခိုလှုံမိပြီဖြစ်၍ မိမိသားအတွက် သာသနာတော်ကို မဖျက်ဆီးပေရာ၊ သို့အတွက် ငါ၏တန်ခိုးတော်ကိုရုပ်သိမ်း၍ ငြိမ်းစေဘို့ သင့်ချေပြီ”ဟု ကြံစည်တော်မူပြီးလျှင် သား,အဘ နှစ်ယောက်ကို အချင်းချင်း မြင်စေလေသတည်း။

ဘခင်ဖြစ်သော သေဋ္ဌေးကြီးသည် ပျောက်သွားသော သားလုလင်ကို တွေ့မြင်ရသောအခါ လွန်စွာ ရွှင်လန်းသောစိတ်, ကြည်ပြုံးသော မျက်နှာရိပ်

ဖြင့်“အို-ချစ်သား သင်၏မိခင်သည် သင်ချစ်သားအတွက် စိတ်ရတက် ဆွေးပူ၍ အေးအေးလူလူ မနေနိုင်တော့ပါ၊ မျက်နှာမှာ မျက်ရည်ဖုံးပြီး မျက်လုံးကို ငုံမှိတ်၍ အတွင်းကျိတ်ဆူလောင်ကာ အပူကောင်ဖြစ်နေပါပြီ၊ သင့်မိခင် အပူဘေးကို ကူဖေးညှာတာကာ အိမ်သို့လိုက်ခဲ့ပါဦး”ဟု ပြောကြားလေ၏၊ ထိုအခါ ယသလုလင်သည် ဘုရားရှင်၏ ရွှေမျက်နှာတော်ကို မော်၍ ကြည့်လေ၏။

မြတ်စွာဘုရားသည် ယသလုလင်၏ဘခင် သေဋ္ဌေးကြီးအား “အို-သေဋ္ဌေးကြီး သင်သေဋ္ဌေးကြီးသည် ငါဘုရားဟောကြားသော သစ္စာတရားကို ထင်ရှားစွာသိမြင်သကဲ့သို့ သင်၏သား ယသလုလင်သည်လည်း တရားတော်ကိုမြင်ချေပြီ၊ အာသဝေါတရားတို့မှ လွတ်ကင်း၍ ဝဋ်အတွင်းကို ကျော်မြောက်လျက် ရဟန္တာအဖြစ်သို့ပင် ရောက်ချေပြီ၊ ရှေးလူဖြစ်စဉ်အခါက တဏှာနှင့် လူးလိမ်းသော ကာမဂုဏ် အလုပ်ကိစ္စတို့ကိုလည်း ရုပ်သိမ်းလိုက်လေပြီ၊ သင်သေဋ္ဌေးကြီးသည် သားအတွက်နှင့် တရားဘက်၌ အားတက်စရာ ကောင်းလှလေပြီ”ဟု မိန့်တော်မူလိုက်သောအခါ သောတာပတ္တိမဂ်ဉာဏ်နှင့် ဆက်ဆံရပြီးသော သေဋ္ဌေးကြီးသည် မြတ်စွာဘုရား၏ မိန့်တော်သံ စကားကို ကြားရလေလျှင် ကြည်ရွှင်ဝမ်းမြောက်လျက် ပီတိရှိန် ဖြိုးမောက်၍ သွားလေသတည်း၊ယသလုလင်၏ဘခင် သေဋ္ဌေးကြီးသည် ဤသို့သော ပီတိအရသာကို မြိန်ယှက်စွာ ခံစားပြီးလျှင် ဘုရားရှင်နှင့်တကွ သားတော် ယသကိုပါ နက်ဖြန် အလှူငှါ ဆွမ်းစားပင့်၍ အိမ်သို့ပြန်သွားလေ၏။

သေဋ္ဌေးကြီးပြန်သွား၍ မကြာမြင့်မီပင် ယသလုလင်သည် ဘုရားရှင်အထံတော်၌ ရှင်,ရဟန်းအဖြစ်ကို တောင်းပန်သဖြင့် ရှင်တော်ဘုရားကလည်း—

ဘိက္ခု၊ သံသရာဘေး ရှုတွေးမြော်မှန်း အို-ချစ်သားရဟန်း။ ဟေ၊ငါဘုရား မြတ် ထံတော်ရပ်သို့ ချဉ်းကပ်ခိုင်င အမြန်ပင်လာခဲ့လော။ မယာ၊ သင်တို့ ကိုးစား ငါဘုရားသည်။ ဓမ္မော၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဆိုက်ရန် တရားမှန်ကို။ သွာက္ခာတော၊ ရွှေနှုတ်တော်မြွက်ဟ၍ အချက်ကျအောင် ဟောကြားတော်မူအပ်လေပြီ။ ဘိက္ခု၊ သံသရာဝဋ်ဘေးမှ လွတ်အေးရာ မြော်မှန်းတဲ့ အို ချစ်သားရဟန်း။ တွံ၊ သင်ချစ်သားသည်။ ဒုက္ခဿ၊ တေဘုမ္မက ဝဋ်ဒုက္ခ၏။ အန္တကိရိယာယ၊ စခန်းရုံး၍ လမ်းဆုံးအောင် ပြုခြင်းငှါ။ သမ္မာ၊ ဝီရိယ, သတိ

ညှိကာညှိကာ ကောင်းမွန်စွာ။ ပြဟ္မစရိယံ၊ မဂ်, ဖိုလ်, နိဗ္ဗာန် အမြန်ရကြောင်း အကျင့်ကောင်းကို။ စရ-စရာဟိ၊ အဖင့်မခံ အသင့်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်ပါလော–

ဟု မိန့်တော်မူကာ **ဟေဝိဘိက္ခု** ခေါ်တော်မူလေလျှင် ဆံ,မုတ်ဆိတ်နှင့် လူဝတ်လူစား လူ့အသွင်များ ကွယ်ပျောက်၍ ရှေးကုသိုလ်တန်ခိုးဖြင့် ပေါ်လာသော သပိတ်, သင်္ကန်းတို့ကို ဆင်မြန်းဝတ်ရုံတော်မူကာ ဝါခြောက်ဆယ်ရသောမထေရ်ကြီးကဲ့သို့ ဖြစ်သွားလေသတည်း၊ (ထိုအခါ လူ့လောက၌ ခုနစ်ပါးသော ရဟန္တာတို့သာ ဖြစ်ကုန်သေး၏။)

နို့ဆွမ်းအမကြီး သုဇာတာ ကျွတ်တမ်းဝင်ခြင်း

နက်ဖြန်နံနက်အရုဏ်တက်ပြီးသောအခါမြတ်စွာဘုရားသည် နောက်တော်ပါပစ္ဆာသမဏ ဖြစ်သော အရှင်ယသနှင့်အတူ အရှင်ယသ၏ မယ်တော် ခမည်းတော်တို့၏ အိမ်သို့ ဆွမ်းဘုဉ်းပေးရန်အတွက် ကြွတော်မူလေ၏၊ အရှင်ယသ၏ မယ်တော်နှင့် ခမည်းတော်ဘို့မှာ သားရဟန်းတော် အရှင်ယသနှင့် မြတ်စွာဘုရား ကြွလာသည်ကို မြင်ရလျှင်ပင် ရှင်ပျကြည်ညို သဒ္ဓါပန်း ရွှန်းရွှန်းစိုကြကုန်လျက် ခဲဘွယ်ဘောဇဉ် ချိုချဉ် ရသာတို့နှင့်တကွ ဆွမ်းကပ်ကြကုန်၏၊ မြတ်စွာဘုရားသည် ဆွမ်းစားပြီးသော အဆုံး၌ **ဘတ္တာနုမောဒနာ** ခေါ်သော ဆွမ်းတရားကို ဟောကြားတော်မူလေရာ အရှင်ယသ၏မယ်တော် ဃနာ့နို့ဆွမ်းဒါယိကာမကြီး သေဌေးကတော် သုဇာတာနှင့်တကွ ထိုအရှင်၏ လူဖြစ်စဉ်အခါက ဇနီးသည်တို့ပါ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

အရှင် ယသ၏ သေဌေးသား မိတ်ဆွေများ

ဗာရာဏသီပြည်၌ သေဌေးကြီးများ၏ သားဖြစ်ကြကုန်သော ဝိမလလုလင်,သုဗာဟုလုလင်,ပုဏ္ဏဇိလုလင်,ဂဝံပတိလုလင် တို့သည်ကား အရှင်ယသ၏ လူဖြစ်စဉ်က အဆွေခင်ပွန်း ဖြစ်ကြကုန်၏၊ ထိုသေဌေးသား လေးယောက်တို့သည် မိမိတို့၏ မိတ်ဆွေကြီးဖြစ်သော ယသ သတို့သားသည် ခမ်းနားကြီးကျယ်သော စည်းစိမ်ဥစ္စာ ရတနာအထွေထွေနှင့် သား, မယားကိုပါ ပစ်ခွါ၍ သစ္စာမြတ်သခင် ဘုရားရှင်ထံပါး၌ ရဟန်းပြုသွားကြောင်းကို ကြားကြ

ရလေလျှင် "ရဟန်းအဖြစ်သည် စင်စစ် အကျိုးရှိတန်ရာ၏၊ သို့ကြောင့်သာ ငါတို့၏ မိတ်ဆွေကြီးသည် ဤမျှလောက် ကြီးကျယ်ခမ်းနား ဆန်းပြားထူးထွေသော စည်းစိမ်တွေကို ခွါသန်း၍ ရဟန်းပြုလေရာ၏၊ မုချဆတ်ဆတ် ထူးမြတ်ပေလတ္တံ့"ဟု ကြံစည် စဉ်းစားကြလေ၏။

ယင်းသို့ တိုင်ပင်နှိုင်းညှိ၍ ကြံစည်မိကြသည့်အတိုင်း လေးယောက်သားဖြစ်သော သူငယ်ချင်းတို့သည် မိတ်ဆွေရင်းဖြစ်သော အရှင်ယသထံသို့ သွားကြကုန်၍ မြတ်စွာဘုရားထံသို့ ပို့ပေးရန်အကြောင်းကို တောင်းပန်ကြလေ၏၊ အရှင်ယသလည်း မိတ်ဆွေဟောင်းတို့၏ အကြောင်းသင့်စွာ ပြောကြသော စကားအတိုင်း မြတ်စွာဘုရားထံတော်သို့ ခေါ်သွားပြီးလျှင် "သာသနာတော်အတွင်း သွတ်သွင်းတော်မူပါဘုရား"ဟုမြတ်စွာဘုရားအားလျှောက်ထားလေ၏၊ ရှင်တော်မြတ်ဘုရားလည်း ထိုလေးယောက်သားတို့အား အစဉ်ဖြစ်သောတရားကို ဟောကြားတော်မူလေလျှင် ကိလေသာကုန်စင်၍ လူဝတ်နှင့်ပင် ရဟန္တာတွေဖြစ်ကြကုန်သတည်း၊ ထို့နောက်မှ မြတ်စွာဘုရားသည် ဧဟိဘိက္ခု ခေါ်တော်မူသဖြင့် အရှင် ယသနည်းတူ ရဟန်းဖြစ်တော်မူကြကုန်၏။

အရှင်ယသ၏ ကုသိုလ်ဘက် မိတ်ဆွေများ

ထိုမှတပါး ဗာရာဏသီပြည်အနီး ဇနပုဒ်၌ နေကြကုန်သော သေဌေးသား ငါးဆယ်တို့သည်ကား ဤဘဝတွင် အရှင်ယသ၏ သူငယ်ချင်းများသာ ဖြစ်ရုံမက ရှေးရှေးသော ဘဝတို့၌ ကိုးကွယ်ရာမဲ့သူ လူတို့၏အလောင်းကောင်ကို သင်္ဂြိုဟ်ခြင်းကိစ္စ,အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းသောကာလတို့၌လည်း မဟာမိတ္တ ဖြစ်ကြကုန်သတည်း၊ ထိုသေဌေးသား ငါးဆယ်တို့သည်လည်း မိမိတို့ မိတ်ဆွေကြီးဖြစ်သော ယသလုလင်၏သာသနာ့ဘောင်သို့ဝင်၍ ရှင်ရဟန်းပြုကြောင်းကိုကြားကြရလေလျှင် "ငါတို့၏ မိတ်ဆွေကြီးသည် လူ့လောက ဤခရိုင်ဝယ် တုပြိုင်ဘွယ်မရှိသလောက် မြားမြောက်သော စည်းစိမ် ချမ်းသာကြီးကို မငြီးအောင်ခံစားရပါလျက် ဤမျှလောက် ကောင်းမွန်သော စည်းစိမ်အရပ်ရပ်ကို ပါးစပ်မှထွေးထွက်သော တံတွေးစက်ကဲ့သို့ ငဲ့ကွက်ခြင်းမရှိဘဲ ဂေါတမဘုရား အထံ၌ ပဉ္စင်းခံနိုင်ခြင်းကား သာမညမဟုတ်ချေ၊ မုချအကျိုးရှိပေရာ၏"ဟု စဉ်းစားမိကြလေ၏။

သုမင်္ဂလဝိလာသိနီ (၈) ၂၀၁–၄၀

ထိုသို့ တရားလမ်းအဖြောင့်အမှန်ကို ကြံစည်ကြပြီးသော် အဖော်အပေါင်း ဖြစ်ကြသော သေဋ္ဌေးသားငါးဆယ်တို့သည် ရှိသမျှသော အမိ အဘနှင့် ဥစ္စာ စီးပွား သား,မယားတို့ကို စွန့်ပစ်ထားခဲ့ကြကုန်လျက် ဘုရားရှင်ထံပါးသို့ အမြန် သွားကြကုန်သတည်း၊ မြတ်စွာဘုရား ရှေ့တော်မှောက် ရောက်ကြသောအခါ ရှိသေစွာ ဝပ်တွား၍ တရားကိုနာကြလေလျှင် သံသရာတခွင်မှ အစဉ်လိုက်ပါ လာသော ကိလေသာ အစိုင်အခဲတို့ကို ချိုင်လှဲ ဖျက်ဖြိုကာ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုကြကုန်သတည်း၊ ထိုသူတို့အားလည်း မြတ်စွာဘုရားသည် **ဧဟိဘိက္ခု** ခေါ်တော်မူသဖြင့် လူ့အသွင် ကွယ်ပျောက်၍ ရဟန်းအဖြစ်သို့ ရောက်ကြကုန်သတည်း။

ထိုအခါဝယ် လူ့လောကကြီး အတွင်း၌ ခြောက်ဆယ့်တပါးသော ရဟန္တာအရှင်မြတ်များတို့သည် ထင်ရှား ဖြစ်ကုန်လတ်သတည်း။

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီ အစရှိကုန်သော ခြောက်ဆယ်သော အရှင်မြတ် များနှင့် ထိုအရှင်မြတ်များ၏ အမိ,အဘ,ဆွေမျိုး ဉာတကာတို့အား ဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ ဤပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန် တော နန္ဒိယမည်သော သူကြွယ်ဥပါသကာသည် ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်း၌ ကိန်းအောင်း သီတင်းသုံးတော်မူလေ၏၊ ထိုပထမ ဝါကျွတ်လျှင် တပည့်ရဟန်းတို့ကို ခေါ်တော်မူ၍ "အို-ချစ်သားရဟန်းတို့ လူ့ပြည်, နတ်ရွာ, ဗြဟ္မာ နှစ်ဆယ်အတွင်း မကင်းသောဒုက္ခဖြင့် မလှုပ်မကြွနိုင်အောင် သံသရာ တည်းဟူသော အချုပ်ထောင်၌ တုပ်နှောင်ခြင်း ခံကြရသော လူ, နတ်, ဗြဟ္မာ များလှသော သတ္တဝါတို့သည် ရှည်စွာသောကြိုးဖြင့် လံထားသော နွားကဲ့သို့ ကာမဂုဏ်ငါးရပ်တို့၌ အားလပ်ခွင့်မပေးဘဲ ကပ်ငြိတွယ်တာ၍ နေခြင်းကို ရှင်းလင်းစွာ ကျွတ်လွတ်အောင် ငါဘုရားလည်း ချွတ်နိုင်ပေပြီ၊ သင်တို့လည်း ချွတ်နိုင်ကြလေပြီ၊ မကျွတ် မလွတ်ကင်းဘဲ ဝဋ်ဆင်းရဲ၌ ပျော်ပိုက်၍ နှစ်ခြိုက် နေသော သတ္တဝါကား အလွန်များလှချေသည်၊ ထိုထိုသတ္တဝါ ပေါင်းများစွာ တို့၏ စီးပွားချမ်းသာကို ပြုခြင်းငှါ ထိုထိုမြို့ရွာသို့ ဒေသစာရီ ကိုယ်စီကိုယ်ငှ သွားကြလေကုန်၊ ဝဋ်ဆင်းရဲ ဘေးအပေါင်းမှ ဝေးကြောင်းဝေးရာ တရားတော် ဒေသနာကို ကောင်းစွာ ဟောကြားကြလေကုန်၊ ပါရမီရင့်မာ၍ ပညာကြီး

မြတ်စွာဘုရားသည် ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့နှင့် တွေ့ဆုံတော်မူခဏ်း။

သော သူများလည်း ရှိကြပေသည်၊ ထိုသူတို့အား တရားတည်းဟူသောမိုးသည် ဖြင့် နှိုးကြလေကုန်၊ သင်ချစ်သားတို့ ဖဟာကြား၍ ငါဘုရား၏ သာသနာကို ကြည်ညိုလေးမြတ်ကာ ရဟန်းပြုလိုကြကုန်မူ ငါဘုရားထံမှောက်သို့ အရောက် ခေါ်မလာတော့ဘဲ သရဏဂုံ သုံးပါးဖြင့် သင်ချစ်သားတို့ပင် ရဟန်းပြုပေးကြ ကုန်လော”ဟု မိန့်တော်မူကာ တပည့်ရဟန်းများကို သာသနာပြုစေလွှတ်တော် မူလေသတည်း။

ဘဒ္ဒဝဂ္ဂီ ညီနောင်မင်းသားတို့ အကြောင်း

မြတ်စွာဘုရားသည် တပည့်သား သာဝကတို့အား အသီးသီး သာသနာပြု စေလွှတ်တော်မူပြီးသော် ကိုယ်တော်မြတ်မှာမူ ဥရုဝေလတောသို့ ကြွတော်မူ၏၊ ထိုသို့ကြွရာတွင် ခရီးလမ်းအကြား၌ တောအုပ်တခုကို တွေ့၍ ထိုတောအုပ်သို့ ဝင်တော်မူပြီးသော် သစ်ပင်ရင်းတခု၌ သီတင်းသုံးတော်မူနေစဉ် ဘဒ္ဒဝဂ္ဂီ ညီနောင် မင်းသား သုံးကျိပ်တို့နှင့် တွေ့တော်မူလေသတည်း။

တွေ့တော်မူပုံ

သာဝတ္ထိပြည်ရှင် ဘုရင်ကောသလမင်းကြီး၏ အဘတူ အမိကွဲ သားဖြစ်ကြ ကုန်သော ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့သည် အသက်အရွယ် နုနယ်ပျိုမြစ် ချစ်ဘွယ်ကောင်းသော အဆင်းရှိကြကုန်၏၊ တနေ့သောအခါ ညီနောင်သုံးကျိပ် တို့သည်“ငါတို့သည်ကား ရွှေလင်ပန်းနှင့်အချင်းဆေး၍ မင်းမွေးသောမင်းသား တို့ ဖြစ်ကြသဖြင့် မြို့ပြ ပြည်ရွာတွင် ဂုဏ်ဝါကြီးမားသော အထက်တန်းစား ပုဂ္ဂိုလ်များဖြစ်ချေသည်၊ ကာမဂုဏ်အလုပ်သည် သေးနုပ်သော အလုပ်များသာ ဖြစ်ပေ၏၊ သို့အတွက် ကာမဂုဏ်နှင့် စပ်သွယ်လျှင် ရပ်လယ်ရွာလယ်၌ တင့်တယ် ခြင်းမရှိ၊ တောကြီးမြက်မဲ လူသူနဲသော အရပ်မှာသာ သင့်တော်ချေသည် တကား”ဟု ပြောကြားတိုင်ပင်ကြပြီးလျှင် မိမိတို့၏ အသီးသီးသော ဇနီးသယ် တို့ကိုခေါ်ကာ ထိုတောကြီးအတွင်းသို့ သွားကြလေကုန်၏၊ အထူးအားဖြင့်ကား ရင်းညီနောင် သုံးကျိပ်တို့တွင် တယောက်သော မင်းသားမှာ လူပျိုကြီးဖြစ်သည့် အတွက် အဆင်းအင်္ဂါ သွင်လျှာချောလှသော ပြည့်တန်ဆာမ တယောက်ကို ခေါ်ကာသာ ပျော်ရွှင်စွာ နေရရှာလေ၏။

ဘဒ္ဒဝဂ္ဂီ ညီနောင်တစုတို့သည် ပျော်မွှေရှင်မှု အဖုံဖုံတို့ဖြင့် စိတ်အာရုံရှိ သလောက် ပျော်မြူးကြကုန်ပြီးလျှင် အသီးသီး အိပ်ပျော်ခြင်းသို့ ရောက်ကြ ကုန်၏၊ လူပျိုကြီး မင်းသား အိပ်ပျော်သွားသော အခါ အနား၌ ရှိသော ပြည့်တန်ဆာမသည် မင်းသား၏ အဘိုးထိုက်သော ဥစ္စာရတနာတို့ကို ယူ၍ ထွက်ပြေးလေ၏၊ မင်းသားသည် အိပ်ရာမှနိုးသောအခါ အနီး၌ မိမိ၏ ခေတ္တ အဖော် ကြင်ယာတော်ကို မတွေ့သည့်အပြင် ဥစ္စာဘဏ္ဍာ ရတနာများကိုလည်း မမြင်သောကြောင့် အခြားမင်းသား နှစ်ကျိပ်ကိုးယောက်တို့အား ထိုအကြောင်း ကို ပြောကြားလေ၏။

အခြားသော မင်းသားတို့သည် လူပျိုကြီး၏ ပြောစကားကို ကြားကြလေ လျှင် ရာဇမာန်ဝင်ကြ၍ "ပြည့်တန်ဆာမ အယုတ်တမာကို အထုပ်ပါ အမိဖမ်း မည်"ဟု ခပ်ကြမ်းကြမ်း စိတ်မာန်ဖြင့် လိုက်လံရှာဖွေကြသောအခါ အရွက် အခက်တို့ဖြင့် လွန်စွာစည်ကားသော သစ်ပင်ကြီးတပင်၏ အရင်း၌ သီတင်းသုံး နေသော ဘုရားရှင်ကို တွေ့မြင်ကြလေ၏၊ ထိုသို့တွေ့မြင်လေလျှင် ဘုရားရှင် အနီးသို့ သွားကြ၍ "အို-ရှင်ရဟန်း ဤလမ်းက မိန်းမတယောက် သွားသည်ကို မြင်ပါသလား"ဟု မေးမြန်းကြလေ၏။

ထိုအခါ မြတ်စွာဘုရားသည်"အို-မင်းသားတို့ ဘယ်အကြောင်း ကိစ္စကြောင့် မိန်းမကို ရှာကြကုန်သနည်း"ဟု စကားစကို ရလို၍ မိန့်ဟတော် မူလိုက်သော အခါ မင်းသားတို့သည် ယခင်အကြောင်းကို ပြန်ပြောင်း၍ ပြောပြကြကုန်၏၊ တဖန် မြတ်စွာဘုရားက"အို-မင်းသားတို့ သင်မင်းသားတို့သည် ဘဝပေါင်းများ စွာမှာ မယားရှာ၍လာသည်ကား များလှချေပြီ၊ ဤသို့ သူတပါးကို ရှာရခြင်း သည် မြတ်သလော၊ မိမိကိုယ်ကို ရှာရခြင်းသည် မြတ်သလော၊ သူတပါးကို အရှာရပ်၍ မိမိတို့၏ ခန္ဓာကိုယ်ကိုပင် တွေ့မြင်အောင် ရှာကြပါဦး၊ ရှာကြဘို့ တော်ချေပြီ"ဟု မိန့်တော်မူလေ၏။

မင်းသားသုံးကျိပ်တို့သည် မြတ်စွာဘုရား၏ စကားစကို ကြားရလျှင်ပင် "အရှင်ဘုရား တပည့်တော်တို့သည် မိမိကိုယ်ကို ရှာခြင်းသာ မြတ်သည်ဟု ထင်ပါသည်ဘုရား"ဟု လျှောက်ထားကြကုန်၏၊ ယင်းသို့ လျှောက်ထားပြီး သော် မင်းသားတို့၏ အတွင်း အဇ္ဈတ္တသန္တာန်ဝယ် ပူပန်နွမ်းလျ မိန်းမတို့၌

ငြိုးငွေ့၍ မီးတွေ့သော ဖယောင်းကဲ့သို့ ပြေ့ပျောင်းသော စိတ်တို့သည်သာ ဖြစ်ပေါ်လာကြကုန်၏။

မြတ်စွာဘုရားသည် မင်းသားညီနောင်တို့၏ အတွင်းခေတ် အဇ္ဈာသယကို သိမြင်တော်မူရလေလျှင် "အို မင်းသားတို့ ကိလေသာ၏ အစွမ်းဖြင့် ကြိုးပမ်း အားထုတ်ကာ သားမယားကို ရှာကြံ၍ ပေါင်းသင်းရခြင်းသည်ကား သူတို့၏ စရိုက်နှင့် အကြိုက်ကိုပေး၍ အရေးလုပ်ရသဖြင့် ဒုက္ခကြီးစင်စစ် ဖြစ်ချေသည်၊ မိမိအလိုသို့လည်း မပါ,ပါအောင် သွေးဆောင် ဖြားယောင်းရသဖြင့် တရား ကြောင်း မသက်ဝင်နိုင်ဘဲ ခက်ချင်တိုင်း ခက်လှချေသေး၏၊ သူတို့အတွက် ကြောင့် စိတ်ရတက်ဂနာမငြိမ်ဘဲ တဏှာရှိန် အမြစ်ကြီးပြီးလျှင် ပစ္စည်းဥစ္စာကို လည်း မရ ရအောင် ရှာမှီးကြရပြန်၏၊ ပင်ကိုယ် ပကတိက ထင်မိထင်ရာ သွားချင်ရာကို သွားနိုင်ပါသော်လည်း သူတို့၏အတွက် လွတ်လပ်ရာသို့ မထွက် နိုင်ဘဲ သူတို့၏ နယ်တွင်းမှာသာ လည်စင်းကျောကော့ မြော့နေသကဲ့သို့ ဖြစ်ပြီး လျှင် ချစ်ဇနီး ဟူသော အမှတ်ဖြင့် မပြတ်စောင့်ရှောက်ရချေသည်၊ ကျွေးမွေး သုခ်သင်ပြုပြင်ရေးတို့မှာလည်း သူတကာထက်လျှံပို၍ လိုသည်မရှိ ပြည့်စုံအောင် အစွမ်းကုန် ရှာဖွေရလေ၏၊ ဤကဲ့သို့ မနားမရပ် တရားခေတ် လာဘ်လွဲ၍ ထပ်တလဲလဲ ရှာကြံ လုပ်ကိုင်ရခြင်းသည်ကား ဆင်းရဲခြင်း၏ အကြောင်း မကောင်းသော အလုပ်ပိုမျိုးသာ ဖြစ်ချေသည်တကား အသင်မင်းသားတို့"ဟု မိန့်ကြားတော်မူလေ၏။

ထိုမှတပါးလည်း "အို-မင်းသားတို့ လောကီအာရုံ ကာမဂုဏ် ငါးရပ်သည် သာယာအပ်သော သဘောနည်းပါး၍ ချောက်ခြားပူပန်ကာ အသက်ရှူမမှန် အောင် ဒုက္ခများလှချေ၏၊ အိပ်မက်သောအခါ စားရသော အရသာကဲ့သို့ အသားမပါ ဗလာဆင်းရဲအစုပေတည်း၊ ထိုကာမဂုဏ် တရားတို့ကို လိုက်စားမှီဝဲ ရခြင်းသည်ကား ကြည်ကွဲစရာကြီးဖြစ်၍ အဆိပ်သီးကို စားရသကဲ့သို့ မှားလှ သော အလုပ်ကြီးပေတည်း၊ ထို့ပြင်တပါး ငါးပါးသောကာမဂုဏ်ကို တဏှာ ဟုန်တက်ကြွ၍ အသက်တမျှ အရေးယူကာ အလေးမူကြသော သူတို့သည်ကား မြွေ၏ခံတွင်း, မီးကျီးတွင်းသို့ သက်ဆင်းရသည်နှင့်မခြား ဒုက္ခတွေဆက်ပွား၍ အသက်များကိုပင် ရန်ရှာတတ်ချေသည်"ဟု မိန့်တော်မူသတည်း။

ထို့ပြင်တဝ မိန်းမတို့၏ အပြစ်ဘေးကို စစ်ဆေး ဖော်ပြတော်မူလိုသော ရှင်တော်မြတ်ဘုရားသည် "မိန်းမတယောက် အတွက်ကြောင့် ရတက်ပူပွေ ရှာဖွေကြရကုန်သော ဘဒ္ဒဝဂ္ဂီ နောင်ညီဆက်ပွား အိုမင်းသားတို့ မိန်းမတို့ သည်ကား ကလေးသူငယ် ဉာဏ်မကြွယ်သောသူတို့၏ မျက်စိ၌ ကြည့်လိုက်လျှင် တမျိုးထင်စေလျက် အကောင်းမှအဆိုး,အဆိုးမှ အကောင်းကဲ့သို့ ဖြားယောင်း လှည့်ပတ်တတ်သော မျက်လှည့်သမားနှင့် တသားတည်း တူလှကုန်သည်၊ ရေငတ်သော သားသမင်ကို ရေဟုထင်အောင် အသွင်ဆောင်တတ်သော တံလျှပ် နှင့်လည်း တူချေ၏၊ ထိုမိန်းမတို့ မည်သည်ကား စိုးရိမ်ပင်ပန်း မရွှင်လန်း စေနိုင်ခြင်း၏အကြောင်း မကောင်းသော အထောက်အထားဖြစ်၍ ယောကျ်ား ဟူသမျှတို့၏ ဆင်းရဲမှုကို တခုမကျန်အောင် ပေးတတ်လေသည်၊ ထိုမှတပါး မကျန်းမမာ အနာရောဂါ ရတတ်၍ နှိပ်စက်တတ်သော ဘေးရန်ကိုလည်း ခံရခြင်း၏အကြောင်းသာ ဖြစ်ချေသည်၊ လောဘ, ဒေါသ စသော အကုသိုလ် အစု ဒုစရိုက်မှုတို့၏ တခုမကျန် ပွားများ၍ အားထားစရာ မရှိသော အပါယ် လေးပါးသို့လည်း လားရခြင်း၏ အကြောင်းသာ ဖြစ်ချေသည်၊ ဆင်းရဲဒုက္ခ ဟူသမျှတို့သည် မာတုဂါမခေါ်သော မိန်းမတို့ကို မှီ၍သာ ဖြစ်တတ်ကုန်၏၊ သို့ကြောင့် ထိုမိန်းမတို့ကို နှစ်လိုဆပွား လိုက်စားသောသူသည်ကား ယောကျ်ား တကာတို့တွင် အယုတ်မာဆုံး အသုံးမဝင် သူတော်စင်တို့ စက်ဆုပ်အပ်သော ယောကျ်ားယုတ်ပေတည်း"ဟု တနည်းအားဖြင့် မိန့်တော်မူလေ၏။

ဤသို့ ဟောကြားတော်မူအပ်သော မိန်းမတို့၏ အပြစ်ဒေါသကို သဘော ကျနားဝင်၍ တရားရှင် ဖြစ်ကြကုန်သော မင်းသားတို့သည် အချို့ကား သောတာပန်, အချို့ကား သကဒါဂါမ်, အချို့ကား အနာဂါမ် တည်ကြကုန်၍ **ဟေဘိက္ခု** ရဟန်းတော်ချည်း ဖြစ်ကြကုန်သတည်း၊ ဤ ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ် တို့သည်ကား တုဏ္ဍိလဇာတ်၌ အရက်သမားတို့ ဖြစ်ကြ၍ ဘုရား အလောင်း မဟာတုဏ္ဍိလဝက်မင်း၏ အဆုံးအမ၌ တည်ကြသဖြင့် ငါးပါးသီလ တို့ကို ဆောက်တည်ခဲ့ဘူးသော ကုသိုလ်ထူးကြောင့် မဂ်ဖိုလ်ကို ရလွယ်ကြကုန် သတည်း။

ဥရုဝေလကဿပ၏ မီးဖိုခန်း၌ ကြမ်းတမ်းသောနဂါးကို မြတ်စွာဘုရား ဖမ်းယူတော်မူခဏ်း။

ဥရုဝေလကဿပ ရသေ့ညီနောင် သုံးဦးတို့အကြောင်း

မြတ်စွာဘုရားသည် ဘဒ္ဒဝဂ္ဂီ ညီနောင်ဖြစ်သော ရဟန်းသုံးကျိပ်ကို ထိုတောအုပ်၌ပင် ထားခဲ့၍ ထိုအရပ်မှ ဒေသစာရီ ကြွချီတော်မူလေသော် ဥရုဝေလတောအုပ်သို့ ရောက်တော်မူသတည်း၊ ထိုအခါ ဥရုဝေလ တောအုပ်၌ ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ ဟူသော ရသေ့ညီနောင် သုံးဦးတို့သည် အကြီးအမှူးဆရာပြုကြလျက် ဥရုဝေလကဿပ၌ တပည့်ငါးရာ၊ နဒီကဿပ၌ တပည့်သုံးရာ၊ ဂယာကဿပ၌ တပည့်နှစ်ရာ အသီးသီးရှိကုန်၍ မြစ်ကွေ့ တခုစီ တခုစီကို မှီလျက် နေကြကုန်၏။

ရသေ့တို့၏ အယူဝါဒ

ထိုဥရုဝေလကဿပ ညီနောင်တစုတို့သည် ဘုရားမပွင့်မီ တရားနှင့်ကင်းသော ခေတ်အတွင်း၌ ဖြစ်ကြရသောကြောင့် ဘုရားမှန်, တရားမှန်ကို တခါတရံမျှ မကြားရဘဲ မိမိတို့ထင်ရာကို ပြုလုပ်ကျင့်ကြံ၍ နေကြကုန်သတည်း၊ မိမိတို့၏ စိတ်ထား၌ ကိလေသာတရားကို ခေါင်းပါးပျက်ပြယ်အောင် တကယ်အားထုတ်ကြသော်လည်း နည်းမှန် စည်းမှန်ကို မသိကြရှာသောကြောင့် မိမိတို့ထင်ရာ မြင်ရာကိုသာ ပြုလုပ်၍နေကြသည်မှာ နံနက် နေမထွက်မီ ရေသို့ဆင်းသက်၍ မြူးတူးပျော်ပါးကစားကြလေရာ ဆွမ်းစားသောအချိန်အခါ ရောက်မှသာလျှင် ရေမှတက်၍ ဆွမ်းစားကြကုန်၏၊ ဆွမ်းစားပြီးသော အခါ၌လည်း အလကားအချိန်မကုန်စေမူ၍ ဇယ်ပုံ့ကြိုးခုန်စသော ကစားမျိုးကို အမျိုးမျိုးကစားကြပြီးသော် မိမိတို့ကိုယ်ကို တဖန်မီးကင်၍ ပူပင်စွာရှိသောအခါ **ကိလေသာကို ရေမှာမျှောအံ့**ဟု ရေသို့တဖန် ဆင်းသက်ပြန်၍ အိပ်ချိန်တန်သော အခါမှသာ ရေမှတက်လာကြကုန်သတည်း၊ ဤမျှသော အကျင့်မျိုးကို ကြိုးကြိုးစားစား အားထုတ်ကြကုန်လျက် နေ့ရက်ရှည်ကြာစွာ နေကြကုန်၏။

မြတ်စွာဘုရားနှင့် တွေ့ကြခြင်း

မြတ်စွာဘုရားသည် ဥရုဝေလကဿပ ရသေ့၏ ကျောင်းသခ်မ်းသို့ ချဉ်းကပ်တော်မူကာ "အို·ကဿပ သင်သည် ဝန်မလေးပါမူ သင်၏ ကျောင်းအနီး မီးဖိုခန်း၌ တည်းခိုပါရစေ"ဟု မိန့်တော်မူလေ၏၊ ထိုအခါ ဥရုဝေလကဿပ ရသေ့

ကြီးက "အို-ရဟန်းကြီး ငါ၏အတွက်ကတော့ ဝန်မလေးပါ၊ သို့ပါသော်လည်း ဤမီးဖိုခန်း၌ အလွန်ကြမ်းတန်း ခက်ထန်၍ အမျက်မာန်ကြီးလှသော တန်ခိုးကြီးသည့်နဂါးမင်းရှိနေပါသည်၊ ထိုနဂါးမင်းသည် သင့်ကိုညှဉ်းဆဲ ပေါက်သတ်ပေလိမ့်မည်၊ သို့အတွက် ဤမီးဖိုခန်းမှာ သင် မတည်းခိုပါလေနှင့်"ဟု ပြောဆိုလေ၏။

ထို့နောက် မြတ်စွာဘုရားသည် "အို-ကဿပ ငါ့ကို ထိုနဂါးမင်း မညှဉ်းဆဲ မပေါက်သတ်နိုင်ပါ၊ သင်ကသာ ခွင့်ပြုလျှင် ငါတည်းခိုချင်ပါ၏"ဟု မိန့်တော်မူပြန်၏၊ ဥရုဝေလကဿပရသေ့သည်လည်း အကြိမ်ကြိမ်အခါခါ သာယာပြေပြစ်ချစ်ဘွယ်ကောင်းအောင် ပြောကြားသော မြတ်စွာဘုရား၏ စကားကို မပယ်လှန်တော့ဘဲ"အို-ရဟန်းကြီး သင်မကြောက်မရွံ့ ရဲဝံ့စွာရှိပါလျှင် နေချင်နေပေတော့"ဟု ခွင့်ပြုလိုက်သော အခါ မြတ်စွာဘုရားသည် ရသေ့၏ မီးဖိုခန်းသို့ဝင်ကာ ကောင်းစွာ ခင်းထားသော မြက်အခင်း၌ သီတင်းသုံးတော်မူ၍ အာနာပါနကမ္မဋ္ဌာန်းသို့ ရှေးရှုပြုကာ နေတော်မူသတည်း။

ယင်းသို့ ထက်ဝယ်ဖွဲ့ခွေ နေတော်မူသော ဘုရားရှင်ကို နဂါးမြင်လေလျှင် အမှင်ရဲရဲ တောက်ဆဲဖြစ်သောမီးကဲ့သို့ ကြီးစွာသော အမျက်ရန်ငြိုးဖြင့် အလျှံအခိုးကို လွှတ်လေ၏၊ မြတ်စွာဘုရားသည်လည်း ထိုနဂါးမင်း၏ ခက်ထန်သော အမျက်မာန်ကို ချိုးလှန် ပယ်လှင့်တော်မူခြင်းငှါ တေဇောကသိုဏ်းကို ဝင်စား၍ နဂါးမင်း၏ အခိုးအလျှံထက် လွန်ကဲသော အခိုးအလျှံကို လွှတ်တော်မူ၏၊ ဘုရားနှင့်နဂါး ထိုနှစ်ဦးသားတို့၏ အခိုးအလျှံသည် မိုးနဘံတိမ်ညွန့်သို့ တလွန့်လွန့်တက်သော မီးပုံကြီးကဲ့သို့ တညီးညီး ထိန်ပြောင်လျက် အရောင်ထွက်နေလေ၏။

အနီးအနား၌ ရှိကြကုန်သော ရသေ့အများတို့သည် မီးဖိုခန်းမှ ဝေးလံသော အရပ်ကနေ ကြကုန်ပြီးသော် "မိတ်ဆွေတသင်း အို-အချင်းတို့ ယခုညပင် ကြွဝင် တည်းခိုလာသော ရဟန်းကြီးသည်ကား ရုပ်ဆင်းအင်္ဂါလွန်စွာချောမောလှပပါပေသည်၊ ဤကဲ့သို့ အဆင်းလှသော ရဟန်းကြီးကို နဂါးမင်း ညှဉ်းဆဲပေါက်သတ်၍ ယနေ့ပင် သေရရှာချေတော့မည်"ဟု ဆိုမြည် တမ်းတကြလေကုန်၏၊ ရသေ့အပေါင်းတို့သည် မြတ်စွာဘုရား၏ ထူးခြားသပ္ပါယ် ကြည်ညို

ဘွယ်ရှိသော အဆင်းကို မြင်ကြရသဖြင့် အလွန်ပင် သနားကြကုန်လျက် စိုးရိမ်ကြောင့်ကြ တမ်းတကာ ပြောဆိုကြကုန်သတည်း၊ မြတ်စွာဘုရားသည်ကား ညဥ့်သုံးယာမ်ပတ်လုံး နဂါးမင်းကို နှိပ်နင်းတော်မူကာ နံနက်မိုးသောက်ရောက်လတ်သော အခါ၀ယ် နဂါးမင်းကို သပိတ် အတွင်း၌ ထည့်ပြီးလျှင် "ငါ့သျှင် ဥရုဝေလ ဤကား သင်တို့၏ နဂါးမင်းပင်တည်း"ဟု ပြတော်မူလေ၏၊ ထိုအခါ ဥရုဝေလ ကဿပ ရသေ့ကြီးသည် "ဤရဟန်းကြီးကား တကယ်ပင် တန်ခိုးအာနုဘော် ကြီးတော်မူပါပေသည်၊ သို့ကလောက် ကြမ်းတန်းခက်ထန်၍ အမျက်မာန် ကြီးလှသော နဂါးမင်းကိုပင် နှိပ်နင်းတော် မူနိုင်ပါပေသည်၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး"ဟု ကြံတွေးမိလေ၏။

နတ်မင်းကြီးလေးပါး ခစားဖူးမျှော်လာကြခြင်း

ဥရုဝေလကဿပ ရသေ့သည် မြတ်စွာဘုရား၏ တန်ခိုးတော်ကို မြင်ရ၍ ရှင်ပျကြည်ညိုလှသည်ဖြစ်၍ "အို-ရဟန်းကြီး ဤအရပ်မှာပင် အစဉ်အမြဲနေပါ ဆွမ်းအတွက်တာ ငါတို့ ဝန်ခံပါ၏၊ ငါတို့ကပင် လုပ်ကျွေးပါမည်"ဟု မြတ်စွာဘုရားအား ပြောကြားလေ၏၊ ဘုရားရှင်ကိုယ်တော်မြတ်လည်း ဥရုဝေလကဿပ၏ လျှောက်ထား ပင့်ဖိတ်သည့်အတိုင်း ထိုသူ၏ကျောင်းသခ်မ်းအနီး တခုသော တောအုပ်ကြီး၌ သီတင်းသုံး နေထိုင်တော်မူလေ၏၊ ညဥ့်ဦးယာမ်အချိန်သို့ ရောက်သောအခါ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့သည် မြတ်စွာဘုရားအား ခစားဖူးမျှော်ကြခြင်းငှါ ထက်ဝန်းကျင် တောက်ပသော အဆင်းရောင်ဖြင့် ဝင်းပြောင် ထိန်လက်စေပြီးလျှင် ဘုရားရှင်အနီးသို့ ချဉ်းကပ်ကြကုန်၏။

နံနက်မိုးသောက် အလင်းရောက်သောအခါ ဥရုဝေလကဿပသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ "အို-ရဟန်းမြတ် ဆွမ်းစားချိန် တန်ပါပြီ, ဆွမ်းကိုလည်းအသင့်ပြင်ဆင်၍ပြီးပါပြီ,ကြွတော်မူပါ"ဟု ကောင်းစွာပြောကြား လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် ထိုရသေ့နှင့်အတူ ကြွတော်မူလာရာ လမ်းသို့ ရောက်သောအခါ ဥရုဝေလ ကဿပ ရသေ့က "အို-ရဟန်းကြီး ညဥ့်ဦး ယာမ်က သင့်အထံသို့ မီးလျှံ မီးပုံကြီးများသဘွယ် ကိုယ်ရောင်ကိုယ်ဝါဖြင့် အရပ်လေးမျက်နှာမှ လာကုန်သော သူတို့ကား ဘယ်လိုလူစား ပုဂ္ဂိုလ်များပါနည်း"ဟု မေးလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် "အို-ကဿပ ထိုသူများကား

အခြားမဟုတ်ပေ၊ စတုမဟာရာဇ် နတ်မင်းကြီးတို့ပေတည်း၊ ထိုနတ်မင်းကြီးများသည် ငါဘုရား၏ တရားသံကို နာခံ မှတ်သားကြခြင်း အကျိုးငှါရင်း၊ ငါဘုရားအား ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် ပြုကြခြင်းငှါရင်း ဆည်းကပ်ရောက်လာကြပေသည်”ဟုမိန့်တော်မူလေသော်“ဤရဟန်းကြီးကား လွန်စွာပင်တန်ခိုးအာနုဘော် ကြီးတော်မူပေသည်၊ စတုမဟာရာဇ် နတ်မင်းကြီးတို့သော်မှ ဝပ်စင်းခယ အပူဇော်လာကြပေသည်၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး”ဟု ကြံတွေး စဉ်းစားလေ၏။

သိကြားမင်း ဝတ်ပြုလာခြင်း

မြတ်စွာဘုရားသည် ဥရုဝေလကဿပရသေ့၏ ကြံစည်တွေးတော သဘောမမှန်ပုံကို သိလျက်ပင် သည်းခံတော်မူကာ ထိုရသေ့၏ ဆွမ်းကိုပင် ဘုဉ်းပေးတော်မူ၍ ထိုတော၌ပင် သီတင်းသုံးတော်မူနေလေသတည်း၊ နောက်တနေ့ညဥ့်အခါ တာဝတိံသာသေဌ်နင်းသိကြားမင်းသည် တရားမင်းဖြစ်တော်မူသောရှင်တော်မြတ်ဘုရားထံ အခစား ရောက်လာလေ၏၊ ဥရုဝေလကဿပရသေ့သည်ညဥ့် အခါက တွေ့ရသော အကြောင်းကို မှတ်ပြီးလျှင် ယခင်ကကဲ့သို့ ဆွမ်းစားပင့်ရာ လမ်းခရီးမှာပင် မေးလျှောက်သောကြောင့် မြတ်စွာဘုရားကလည်း “အို-ဥရုဝေလကဿပ ညဥ့်အချိန်က ငါဘုရားထံမှောက်သို့ လာရောက်သူကားစတုမဟာရာဇ်,တာဝတိံသာ နတ်ရွာနှစ်ထပ်ကို အစိုးရသော သိကြားမင်းဖြစ်ပေသည်၊ ငါဘုရားအား ခစားလုပ်ကျွေး တရားတော်ကို နာဘို့အရေးကြောင့်လာပေသည်”ဟု မိန့်တော်မူလေသော်“ဤရဟန်းကြီးကား လွန်စွာတန်ခိုးကြီးပေသဖြင့် တာဝတိံသာ နတ်ရွာသေဌ်နင်း သိကြားမင်းသော်မှ ဝပ်စင်းဦးတင်အဖူးအမြင် လာရပေသည်၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး”ဟု ကြံတွေး စဉ်းစားပြန်လေသတည်း။

မြတ်စွာဘုရားသည် မြောက်ကျွန်း၌ ဆွမ်းခံ၍ သီဟိုဠ်ကျွန်းသို့ကြွခြင်း

ဤသို့သောနည်းဖြင့် ရသေ့ကြီး၏ဆွမ်းကိုဘုဉ်းပေးတော်မူပြီးလျှင်ဥရုဝေလတော၌ပင် သီတင်းသုံးတော်မူလာရာ ပြာသိုလပြည့်နေ့သို့ ရောက်လာသတည်း၊ ထိုအခါ အင်္ဂတိုင်းနှင့် မဂဓတိုင်းကြီး နှစ်တိုင်း၌ နေကြကုန်သော လူအများ

တို့သည် ကြီးစွာသော ပွဲလမ်းသဘင် ဆင်ယင်ကျင်းပလျက် ဥရုဝေလရသေ့တို့အား ပူဇော်လှူဒါန်းကြမြဲ ဖြစ်သည့်အတိုင်း အဘိတ်နေ့ကပင် ဆွမ်း ဘောဇဉ်အချိုအချဉ်တို့ကို စီရင်ချက်ပြုတ်လျက် အုတ်အုတ်ကျက်ကျက် ဖြစ်နေကြကုန်၏၊ ထိုအခါဝယ် ဥရုဝေလကဿပ၏ လာဘမစ္ဆေရ ဖြစ်ပေါ်ပုံမှာ "ငါတို့ထံသို့ နက်ဖြန်ခါ ကြီးစွာသောလှူဒါန်းဘွယ် ပူဇော်သက္ကာရတို့ဖြင့် ဒကာ, ဒကာမများ ရောက်လာကြပေလိမ့်မည်၊ ရဟန်းကြီးသည် အလွန်လည်း အဆင်းလှ၍ တန်ခိုးအာနုဘော်လည်း ကြီးတော်မူပေသည်၊ ရောက်လာသော ငါတို့၏ ဒကာ, ဒကာမများ အလယ်၌ ကြီးကျယ်သော တန်ခိုးပြာဋိဟာကို ပြခဲ့လျှင် မြင်သမျှသော သူအပေါင်းတို့သည် အလွန်ပင် ကြည်ညိုကြပေလိမ့်မည်၊ ငါတို့အပေါ်၌ သဒ္ဓါတရားပျက်၍ သူ့ဘက်သို့ ရောက်ပြီးလျှင် ငါတို့မှာ လာဘ် အပူဇော်နည်းပေလိမ့်မည်၊ နက်ဖြန် ငါတို့ထံသို့ ဤရဟန်းကြီး မလာပါမူကား ကောင်းလေစွ"ဟု ယုတ်လှသော အကြံအစည်ကို ကြံစည်လေသတည်း။

မြတ်စွာဘုရားသည် ထိုရသေ့၏အကြံကိုသိတော်မူ၍ ၎င်း ၁၀၃-ခုနှစ် ပြာသိုလပြည့်နေ့ နံနက် မြောက်ကျွန်းသို့ ဆွမ်းခံထွက်၍ အနဝတတ် ရေအိုင်အနီး၌ ဆွမ်း ဘုဉ်းပေးတော် မူခဲ့ပြီးသော် နေ့ခင်းသောအခါ သာသနာရောင်ရှိန် တောက်ထိန်ထွန်းပရာ ဖြစ်မည်ကို မြင်တော်မူ၍ လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့ ကိုယ်တော်မြတ် တပါးတည်း ကြွသွားတော်မူကာ များစွာသော ဘီလူးတို့ကို နှိမ်နင်းလျက် သုမနနတ်မင်းအား ဆံတော်တလက်ဆုပ်ကို ပေးအပ်တော်မူခဲ့၍ အရုဏ်မတက်မီ ပြန်ကြွသဖြင့် ဥရုဝေလတောအရပ်သို့ ရောက်တော်မူလတ်သတည်း။

ထိုလပြည့်ကျော် တရက်နေ့ နံနက်အချိန်ဝယ် ဥရုဝေလရသေ့သည်ရှေးယခင်ကကဲ့သို့ မြတ်စွာဘုရားအား ဆွမ်းစားလာပင့်သောအခါ လောကွတ်ပျူငှါအတွင်းခေါတ်မပါသော စကားဖြင့် "အို-ရဟန်းကြီး မနေ့ကနံနက် ဘယ်အတွက်ကြောင့် သင်မလာသနည်း၊ငါတို့မှာ သင့်ကို အလွန်တရာ တောင့်တပြီးမြော်လင့်နေကြပါသည်၊ ငါတို့သည် သင့်အတွက်တာ ဆွမ်း ဘောဇဉ်အချိုအချဉ်များစွာအစားအစာကို ချန်၍ထားကြပါသည်"ဟု အပေါ်ရံသဘောနှင့် ပြောဆိုလေ၏၊ ထိုစကားကိုကြားလျှင် ဘုရားရှင်သည် "အို-ကဿပ သင်၏ စိတ်ကူး ကြံစည်

ပုံသည် ဤအတိုင်းမဟုတ်ချေ၊ အပြောကရိုးသော်လည်း သဘောကတမျိုးဖြစ်ချေသည်၊ သင်သည် ငါဘုရား၏ လာခြင်းကို အလိုမရှိသည် မဟုတ်သလော၊ သင့်အကြံကို အမှန်အကန် ငါသိတော်မူ၍ ဥတ္တရကုရုမည်သော မြေ-က်ကျွန်း၌ ဆွမ်းခံတော်မူပြီးလျှင် အနဝတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေးတော်မူ၍ စန္ဒကူးပန်းမြိုင်အတွင်း နေ့သန့် သီတင်းသုံးတော်မူကာ လက်ဝဲဒီပသို့ ရောက်ခဲ့ပေသေး၏”ဟု ဥရုဝေလကဿပ၏ အကြံအစည် အတွင်းသဘောကို ဘွင်းဘွင်းကြီးပြောပြမိန့်ဟတော်မူ၏၊ ဥရုဝေလကဿပ ရသေ့သည်ကား မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သော စကားကို ကြားရလေသော် “ဤ ရဟန်းကြီးကား အလွန်တန်ခိုးကြီးလှပေသည်၊ ငါ့အကြံအစည်ကိုလည်း အားလုံးပင် သိပေ၏၊ ပညာအလွန်ရှိပေသည်၊ သူတကာထက် သာလွန်ထူးကဲ အံ့ဘွယ်သရဲပါတကား၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး” ဟု ကြံတွေး စဉ်းစားပြန်လေသတည်း၊ မြတ်စွာဘုရားသည်လည်း ဥရုဝေလကဿပ ရသေ့၏ ဆွမ်းကို ဘုဉ်းပေး၍သာလျှင် ထိုအရပ်၌ပင် နေတော်မူလေ၏။

အသေကောင်ပုပ် ထုပ်အပ်သော အဝတ်ဖြူကို ပံသုကူ ကောက်တော်မူခြင်း

ပါရမီဘုန်းဂုဏ်တို့ဖြင့် သုံးဘုံလုံး ဦးတိုက်ရာဖြစ်သော ရှင်တော်မြတ်ဘုရားသည် တနေ့သ၌ ခရီးဒေသစာရီ ကြွချီတော်မူသောအခါ သေနနိဂုံး သေဋ္ဌေးကြီး၏ ကျွန်မဖြစ်သော မယ်ပုဏ္ဏာအလောင်းကို အဝတ်ဖြင့်ထုပ်၍ သုသာန်၌ ပစ်ထားလေရာ များစွာသော ပိုးလောက်တို့ဖြင့် ပြည့်၍နေသည်ကို မြင်တော်မူသဖြင့် တပြည်သားမျှသော ပိုးလောက်တို့ကို ဖယ်၍ အလောင်းကောင်ထုပ်သော အဝတ်ဖြူကို ပံသုကူ ကောက်တော်မူလေ၏၊ ထိုအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးလျက် ဧးယာဉ်စက်ကဲ့သို့ တသွက်သွက်မြည်ဟည်း၍ အလှုပ်ကြီး လှုပ်လေ၏။

မြတ်စွာဘုရားသည် “ပိုးလောက်ကောင်တို့ဖြင့် ပုပ်ဟောင်ညှီနံလှစွာသော ဤ ပံသုကူအဝတ်ကို အဘယ်နေရာ၌ ဖွပ်ရပါမည်နည်း”ဟုကြံစည်တော်မူသောအခါ တာဝတိံသာ နတ်ရွာသေ၌နင်း သိကြားမင်းသည် ရေကန်ကို ဖန်ဆင်း၍

"အရှင်ဘုရား ဤရေကန်၌ ဖွပ်လျှော်တော်မူပါဘုရား"ဟု လျှောက်ထားလေ၏၊ ပံသုကူအဝတ်ကို ဖွပ်လျှော်သော အခါ၌လည်း ဤမဟာပထဝီ မြေကြီးသည် ထန်သည်းစွာလှုပ်တုန်လေ၏၊ ဖွပ်ပြီးသောအခါ မြတ်စွာဘုရားသည်"ဤပံသုကူ သင်္ကန်းကို အဘယ်မှာလှန်းရပါမည်နည်း"ဟုကြံစည်တော်မူပြန်လေ၏၊သိကြားမင်းလည်း မြတ်စွာဘုရား၏ အကြံကို သိရ၍ ကျောက်ဖျာကြီးကို အနီး၌ ထားပြီးလျှင် "ဤ ကျောက်ဖျာပေါ်၌ လှန်းတော်မူပါဘုရား"ဟု လျှောက်ထား လေ၏၊ လှန်းပြီးသောအခါ၌လည်း မြတ်စွာဘုရားသည် "ဤသင်္ကန်းကို အဘယ် မှာ ဆွဲရပါအံ့နည်း"ဟု ကြံတော်မူပြန်လေ၏၊ ထိုအခါ ရေခံတက်ပင်စောင့်သော နတ်သည် ရှင်တော်ဘုရား၏ အကြံတော်ကို သိရ၍ ရေခံတက်ကိုင်းကို ညွတ် စေပြီးလျှင် "အရှင်ဘုရား ဤတန်း၌ ဆွဲတော်မူပါဘုရား"ဟု လျှောက်ထား လာလေ၏၊ ထို့နောင်လည်း "ဤပံသုကူသင်္ကန်းကို အဘယ်မှာဖြန့်၍ အဘယ် မှာ ဆိုးရည် ကျိုရပါအံ့နည်း"ဟူသော အကြံတော်များကိုလည်း အားလုံးပင် ပြည့်စုံအောင် သိကြားမင်း ရွက်ဆောင်လေသတည်း။

ထိုညဥ့်လွန်မြောက်၍ မိုးသောက်သောအခါ ဥရုဝေလကဿပ ရသေ့သည် မြတ်စွာဘုရားထံလာ၍ ဆွမ်းစားပင့်လေလျှင် ရေကန်, ကျောက်ဖျာ, ရေခံတက် ပင် စသည်တို့ကို မြင်ရ၍ "အို-ရှင်ကြီးဂေါတမ ရှေးအခါက ဤနေရာ၌ ရေကန်, ကျောက်ဖျာတို့ မရှိပါ၊ ဤရေခံတက်ပင်ကြီးသည်လည်း မညွတ်မကိုင်း ပကတိ အတိုင်းပင် တည်နေပါသည်၊ ယခုအခါ အဘယ်သူလာ၍ ပြုပြင်ပါသနည်း"ဟု လျှောက်ထား မေးမြန်းလေ၏၊ ဥရုဝေလ ကဿပရသေ့ မေးမြန်းလျှောက်ထား သော စကားကို မြတ်စွာဘုရားသည် ပြန်ကြားတော်မူလို၍ ပံသုကူသင်္ကန်းကို ကောက်တော်မူသော အခါကစပြီးလျှင် ဖြစ်ပုံပျက်ပုံ အလုံးစုံကို မိန့်ကြားတော် မူလေ၏၊ မြတ်စွာဘုရား၏ မိန့်ကြားတော်မူအပ်သော အကြောင်းအရပ်ရပ်ကို ကောင်းမြတ်စွာ ကြားရလေသော် "ဤ ရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးမားလှုပါပေသည်၊ နတ်တို့သေ ၌နှင်း သိကြားမင်းကြီးသော်မှ ခြေရင်း အလုပ်အကျွေး သာမဏေကလေးကဲ့သို့ အမှုကြီးငယ် အသွယ်သွယ်ကို ရွက် ဆောင်ပါပေသည်၊ အံ့ဩဘွယ် ရှိလှပေစွတကား၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး"ဟု ကြံတွေး စဉ်းစားပြန်လေ၏။

နောက်တနေ့ နံနက် ဥရုဝေလကဿပသည် မြတ်စွာဘုရားအား ဆွမ်းစား လာပင့်သောအခါ "အို-ကဿပ ယခုပင် အသင်"သွားနှင့်ပေတော့ ငါလာခဲ့မည် ဟု မိန့်တော်မူကာ ရသေ့ကို လွှတ်လိုက်လေ၏၊ မြတ်စွာဘုရားသည် ရသေ့ကို လွှတ်လိုက်ပြီးမှ ဇမ္ဗူဒိပ်ကျွန်းဦး၌ ပေါက်လျက်ရှိသော ဇမ္ဗူ့သပြေပင်မှ အသီးကိုယူဆောင်၍ ကြွလာပြီးသော် မီးဖိုခန်း၌ သီတင်း သုံးတော်မူလေ၏၊ ဥရုဝေလကဿပသည် မြတ်စွာဘုရားကို မြင်လေလျှင် "အို-ရဟန်းကြီး ဂေါတမ ငါ့သျှင်သည် ငါ၏ နောက်မှ လာသည်ဖြစ်လျက် အဘယ့်ကြောင့် ရှေးဦးစွာ ရောက်နေဘိသနည်း၊ အဘယ်ခရီးဖြတ်လမ်းမှ ကမန်းကတန်း လာခဲ့ပါသနည်း" ဟု မေးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် "အို-ကဿပ ငါဘုရားသည် ဇမ္ဗူဒိပ်ကျွန်းဦး၌ ပေါက်နေသော ဇမ္ဗူ့သပြေပင်အောက်ဝယ် အသီးကိုကောက်ယူခဲ့၍လာသဖြင့် ရှေးဦးစွာ မီးဖိုခန်းသို့ ရောက်နေပေသည်၊ အို ကဿပ အသင်သည် ဇမ္ဗူ့သပြေ သီးကို မစားဘူးပါမူ ယခုယူ၍ သုံးဆောင်လော၊ အလွန်ကောင်းမြတ်သော အနံ့ အရသာနှင့် ပြည့်စုံလှပေသည်"ဟု မိန့်တော်မူလေ၏၊ ထိုအခါ ဥရုဝေလကဿပ သည် "အို ရှင်မှဟန်းကြီး ဤမျှလောက် အနံ့အရသာနှင့် ပြည့်စုံ၍ လူ့ဘုံတွင် အကောင်းဆုံးဖြစ်သော ဤသပြေသီးသည် ကျွန်ုပ်တို့နှင့် မထိုက်တန်ပါ၊ တန်ခိုး ဂုဏ်နှင့် ပြည့်စုံသော အရှင်ဂေါတမသာလျှင် သဘောကျ သုံးဆောင်တော်မူပါ" ဟု ကောင်းစွာ လျှောက်ထားလေ၏၊ ထို့နောက် စဉ်းစားမိသည်မှာ"ဤရဟန်း ဂေါတမသည် လောကအတွင်း ပြိုင်ဘက်ကင်းလောက်အောင် ပုဂ္ဂိုလ်တယောက် ဖြစ်ပေသည်၊ ငါ့ကို ရှေးဦးစွာ လွှတ်လိုက်ပြီးမှ သပြေသီးကိုလည်း ဆောင်ယူ ခဲ့သေး၏၊ သို့စဉ်လျက် ငါ့အလျင်ပင် ရောက်နေသေးသည်၊ မကြံအပ်, မကြံရာ အံ့ဘွယ်ပါတကား၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး"ဟု ကြံတွေး စဉ်းစားလေ၏။

ရှင်တော်မြတ်ဘုရားသည် ဥရုဝေလကဿပ၏ ဆွမ်းကိုသာ ဘုဉ်းပေးတော်မူ လျက် ထိုတောအုပ်အတွင်း၌ သီတင်းသုံးတော်မူလေ၏၊ နောက်တနေ့ ဆွမ်းစား လာပင့်သောအခါ "အို-ကဿပ အသင် သွားနှင့်လော"ဟု မိန့်တော်မူပြီးသော် ကိုယ်တော်မြတ်သည် ဇမ္ဗူဒိပ် ကျွန်းဦးသပြေပင်၏ အနီး သရက်ဖြူသီးကို

ဆောင်ယူတော်မူကာ ရှေးနည်းအတူ နေတော်မူလင့်၏၊တနေ့သောအခါ၌လည်း ထိုသပြေပင်၏အနီး ရှစ်ရှားသီးကို ဆောင်ယူတော်မူကာ ရှေးနည်းတူ နေတော်မူလင့်၏၊ နောက်တနေ့လည်း ထိုသပြေပင်၏အနီး ကြဇူသီးကို ဆောင်ယူတော်မူကာ ရှေးနည်းအတူ နေတော်မူလင့်၏၊ နောက်တနေ့၌လည်း တာဝတိံသာနတ်ပြည်မှ ပင်လယ်ကသစ်ပွင့်ကိုဆောင်ယူတော်မူကာ ရှေးနည်းအတူ နေတော်မူလင့်၏၊ ယင်းသို့အဖုံဖုံ အမျိုးစုံသော အံ့ဩဘွယ်ကို ဥရုဝေလကဿပ တွေ့မြင်ရသောအခါ "ရှင်ကြီး ဂေါတမသည်ကား လောကကြီး တခုလုံးတွင် ရှုမဆုံးကြည့်မဆုံး အသိဆုံးပုဂ္ဂိုလ်ဖြစ်၍ တန်ခိုးအာနုဘော်လည်း ကြီးတော်မူပါပေ၏၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး"ဟူ၍သာ မိမိကိုယ်ကို အမွှမ်းတင် မပျက်ဘဲ စိတ်ထဲ၌ တွေးတောပြန်လေသတည်း။

မဟာကာရုဏိက ဟူသောဂုဏ်ကို အမြဲဝတ်ရုံတော်မူထားသော ရှင်တော်မြတ်ဘုရားသည် ထိုဥရုဝေလကဿပ စသော ရသေ့ ရှင်တထောင်တို့၏ မဟုတ်မမှန်သော အကြံကို ရွှေဉာဏ်တော်ဖြင့်သိလျက် သို့ဝှက် သည်းခံတော်မူကာ ထိုရသေ့တို့၏ ဆက်ကပ်လှူဒါန်းသော ဘောဇဉ် ဆွမ်းကိုသာ ချမ်းသာစွာ ဘုဉ်းပေးတော်မူလျက် နေမြဲတိုင်းပင် နေတော်မူလေသတည်း။

တနေ့သ၌

မြတ်စွာဘုရားသည် ယင်းသို့ သီတင်းသုံးတော်မူနေရာ တနေ့သောအခါ၌ ဥရုဝေလကဿပနှင့် ငါးရာသော တပည့်တို့သည် မိမိတို့ အစဉ်အလာ တရားအတိုင်း*မီးကို လုပ်ကျွေးခြင်းငှါ ထင်းကိုခွဲကြကုန်၏၊ ရသေ့တို့သည် ထန်သည်းစွာသော အားအစွမ်းဖြင့် အကြမ်း ခွဲကြပါသော်လည်း ထင်းတုံးတို့သည် ရသေ့များကို ကျီစားပြက်ရယ်ပြုသကဲ့သို့ တခုမျှ မကွဲကြလေကုန်၊ ထိုမျှလောက်ခဲခက်နေသောအခါ ဥရုဝေလကဿပ ရသေ့ကြီးသည် "ရှင်ကြီးဂေါတမ ရဟန်းကား တန်ခိုးစွမ်းအား သတ္တိ အလွန် ကြီးမား၍ ငါ့ကိုလည်း ကြင်နာချစ်ခင်မေတ္တာဝင်၏၊ ဤခွဲမရသော ထင်းတုံးငါးရာကို ခွဲစေရသော် အလွန်သင့်လျော်ပေလိမ့်မည်"ဟု ကြံစည်ပြီးသော် မြတ်စွာဘုရားထံ အမြန်သွား၍ လျှောက်ထား

* မီးမငြိမ်းအောင် ထောပတ်, ဆီ စသည်ဖြင့် လောင်းခြင်း။

လေ၏၊ "ဤထင်းတုံးငါးရာသည် မြန်စွာကွဲစေသတည်း"ဟု ဘုရားရှင်မိန့်တော်မူသောအခါ ငါးရာသော ထင်းတုံးတို့သည် တကြိမ်တည်းဖြင့် ကွဲကုန်သတည်း။

သူတော်ရှင်ယောင် ထောင်ဝက်သော ရသေ့တို့သည် ရေတွေ့သော ကြာပန်းကဲ့သို့ အလွန်ရွှင်လန်းကြကုန်ပြီးသော် ထင်းများကိုမီးညှိကြကုန်၏၊ မီးတောက်စေခြင်းငှါ မတတ်နိုင်၍ လက်မှိုင် ချကြရပြန်လေလျှင် ဘုရားရှင်ထံ သွား၍ လျှောက်ထားသောအခါ မြတ်စွာဘုရားက "မီး ညှိစေသတည်း"ဟု မိန့်တော်မူလေ၏၊ မြတ်စွာဘုရား မိန့်ကြားတော်မူသည်နှင့် တပြိုင်နက် အလျှံလက်ဝင်းသော မီးအရှိန်တို့သည် ညီးညီးထိန်အောင် တောက်လာကုန်၏၊ မီးကိုလုပ်ကျွေးပြီးသော အခါ၌လည်း ထိုမီးကိုငြိမ်းခြင်းငှါ မတတ်နိုင်ကြကုန်သည် ဖြစ်၍ ဘုရားရှင်အားသာ လျှောက်ထားကြရရှာကုန်၏၊ မြတ်စွာဘုရားသည် "မီးငြိမ်းစေသတည်း"ဟု မိန့်တော်မူသည်နှင့် တပြိုင်နက်ပင် အလုံးစုံသော မီးအရှိန်သည် တခါတည်း ငြိမ်းအေးလေ၏။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ တရားအမြိုက်ကို နှစ်ခြိုက်စွဲလမ်း၍ ကျွတ်တမ်းသို့ ဝင်ကြမည်ဖြစ်သော ရသေ့ရှင်ယောင် ပေါင်းတထောင်တို့၏ ခေါင်းဆောင်ဖြစ်သော ဥရုဝေလကဿပကို အမူးထားလျက် ထူးခြားခြင်းမရှိမူ၍ ညီတူညီမျှဖြစ်သော ရွှေနှလုံးတော်ဖြင့် ထိုသူတို့၏ စရိုက်အားလျော်စွာ အလိုသို့ လိုက်တော်မူနေပေတော့၏၊ နောက်ထပ်တဖန် အလိုလိုက်၍ အကြိုက်ပြုပုံမှာကား ရသေ့အပေါင်းတို့သည် မီးလုပ်ကျွေးပြီး၍ ရေငုပ်ကြပြန်ကုန်၏၊ မြတ်စွာဘုရားသည် ရေကစားရာမှ ချမ်းချမ်းတီးတီးနှင့် ပြန်တက်လာကြကုန်သော ရသေ့များ မီးလှုံကြစေရန် မီးလင်းဖိုငါးရာကို ဖန်ဆင်း၍ ပေးတော်မူလေ၏။

ရေငုပ် ရေကူး အထူးထူးပျော်ပါး၍ ကစားမြူးတူးကြရာမှ ပြန်တက်လာကြကုန်သော ရသေ့တို့သည် မီးလှုံစရာ အဆင်သင့်ဖြစ်သော မီးလင်းဖိုငါးရာကို တွေ့မြင်ကြလေရာ "ဤ ရှင်ကြီးဂေါတမသည် ပြောမပြနိုင်လောက်အောင်ပင် တန်ခိုးတော်အရာဝယ် ကြီးကျယ်လှပါပေသည်၊ ငါတို့ ခွဲမရနိုင်သော ထင်းတုံးငါးရာကိုလည်း သူ၏ တန်ခိုးဖြင့် တပြိုင်တည်း ကွဲစေနိုင်၏၊ ငါတို့မွှေး၍ ညှိ၍ မရသော မီးကိုလည်း သူ့တန်ခိုးဖြင့် မွှေးညှိ တောက်လင်းစေနိုင်၏၊ ငါတို့

ငြိမ်းမရသော မီးကိုလည်း သူ့တန်ခိုးဖြင့် ငြိမ်းစေနိုင်၏၊ယခုလည်း ငါတို့လှူစရာ မီးလင်းဖိုင်ါးရာကိုလည်း သူ၏တန်ခိုးဖြင့် ဖန်ဆင်း၍ ပေးတော်မူနိုင်ပါပေသည်၊ မဖြစ်ဘူးမြဲ ထူးကဲအံ့ဘွယ် တကယ်ပင် အစွမ်းထက်သော သူပါပေတည်း၊သို့ပါ သော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်နိုင်သေး”ဟု ကြံတွေးစဉ်းစား၍ အမှားမှား အယွင်းယွင်း ကိုယ့်ဘက်ကို အလေးတင်းကာသာ နေကြကုန် သတည်း။

ဆီးနှင်းတွေ အလွန်ကျသော ပြာသိုလ ဆောင်းအခါမှာပင် သည်းထန်စွာ သော အကာလမိုးကြီးသည် တစိမ်းစိမ်းသော ရေအယဉ်တို့ဖြင့် တသွင်သွင်ရွာချ လေ၏၊ ထိုအခါ ထက်ဝန်းကျင် အရပ်မျက်နှာ၌ နေရာမလပ်အောင် ရေလွှမ်း၍ သွားလမ်းမရှိအောင် ဖြစ်နေလေသတည်း၊ မြတ်စွာဘုရားသည် ဤထက်ဝန်း ကျင်သော ရေပြင်ကြီး အလယ်၌ စံပယ်တော်မူကာ ကိုယ်တော်မြတ်၏နေရာကို ရေဖြင့်မလွှမ်းစေဘဲ သဲ ဖုတ် တထောင်းထောင်း လွင့်စေလျက် ထိုမြေအပြင်မှာ ပင် ခြေလျင်မြန်း၍ စင်္ကြံ ကြွလှမ်းတော်မူလေ၏။

ဥရုဝေလကဿပ ရသေ့ကြီးသည် “ရှင်ကြီး ဂေါတမကား ရေ၌မျော၍ ပါလေပြီ၊ ရေမွန်း၍ သေရှာချေတော့မည်၊ အသက်မသေ ချမ်းသာပါစေ”ဟု စဉ်းစား ကြံစည်ကာ မိမိ၏ တပည့်များကို အမြန်ခေါ်၍ လှေလှော်ကာဖြင့် ဘုရားရှိရာသို့ သွားလေသော် ရေအယဉ်၏ ထက်ဝန်းကျင် အလယ်ချက်၌ ဖုတ်ညက် တထောင်းထောင်း လွင့်သော မြေပေါ်ဝယ် ခြေတော်ကို ချိမ၍ စင်္ကြံကြွနေသည်ကို မြင်ရလေ၏၊ ထိုအခါ ဥရုဝေလကဿပသည် “အို-ရှင်ကြီး ဂေါတမ ငါတို့က သင်ရေ၌မျော၍ ပါလေပြီအထင်နှင့် အသင့်ကိုယူဆောင်ရန် လှေလှော်ကာ လာကြပါကုန်သည်၊ အသင့်မှာမူ ရေမထိဘဲ နေသည်တကား” ဟု ပြောကြားလေ၏၊ ဘုရားရှင်ကိုယ်တော်မြတ်သည် စင်္ကြံကြွရာ မြေအပြင်မှ ရသေ့တို့၏လှေထက်သို့ စျာန်စက်ဖြင့် ပျံတက်တော်မူလေ၏၊ မြတ်စွာဘုရား၏ အခြင်းအရာ တန်ခိုးပြာဋိဟာကို ကောင်းစွာမြင်ရသော ဥရုဝေလကဿပသည် “ဤ ဂေါတမရဟန်းသည် တန်ခိုးအစွမ်း အလွန်ထက်မြက် ကြီးမားပါပေသည်၊ အသက်မရှိသော ရေကပင်သော်လည်း မညှဉ်းဆဲနိုင်ပေ၊ သဲသောင်ပင် ပေါ်၍

ခံရချေသည်၊ ထူးထူးကဲကဲ အံ့ဘွယ်သရဲ ရှိပေစွ၊ သို့ပါသော်လည်း ငါတို့ကဲ့သို့ ရဟန္တာတော့ မဟုတ်သေး”ဟု ကြံတွေး စဉ်းစားလေ၏။

ဥရုဝေလကဿပနှင့် ရသေ့တထောင် ကျွတ်တမ်းဝင်ခြင်း

ဤသို့စသည်ဖြင့် ရှင်တော်မြတ်ဘုရားသည် တထောင့် ငါးရာ့ ခြောက်မျိုးသော တန်ခိုးပြာဋိဟာတို့ကို အခါခါ အထပ်ထပ် ပြတော်မူအပ်ပါသော်လည်း ဥရုဝေလကဿပသည် ဘုရားရှင်၏ တန်ခိုးတော်ကို ချီးမွမ်းအံ့ဩ ထောမနာ ပြုရုံသာ ပြုပြီးလျှင် “သူကဲ့သို့ပင် ရဟန္တာမဟုတ်သေး” ဟူသော အတွေးဆိုး အကြံယုတ်ဖြင့်သာ နိဂုံးချုပ်၍နေလေ၏၊ မိမိအား အထင်အမြင်ကြီးစေသော မာန်မာန ရန်စွယ်ကို မပယ်မလျှော့ချေ၊ တင်း၍သာ နေပေသတည်း။

မြတ်စွာဘုရားသည် “ဤမျှလောက် မာနတံခွန်ကို မိုးစွန်သို့စွင့်၍ တလွှင့်ထဲ လွှင့်နေသော ဥရုဝေလကဿပအား ထိတ်လန့်ခြင်းသံဝေဂကို ယခုပင် ဖြစ်စေတော့အံ့”ဟု ကြံတော်မူပြီးလျှင် “အို-ချစ်သားကဿပ သင်၏ မာနတရားကား ထောင်လွှားစွင့်စွင့် မိုးအမြင့်သို့ ရောက်နေချေ၏တကား၊ “နေမင်း,လမင်းတို့ အလင်းရောင်သည် ငါ၏ကိုယ်ရောင်လောက် မတောက် မထိန် အလင်းရှိန် အားနည်းလှချေ၏”ဟု နေမင်း, လမင်းတို့ကို မာန်ခု၍ အံတုဘက်ပြိုင်သော ပိုးစိမ်းဖြူ အကောင်မိုက်ကဲ့သို့ မိမိသန္တာန်၌ရှိသော ဉာဏ်အာနုဘော်ကို မမြော် မချင့် ကိုယ့်အကျင့် စခန်းကိုလည်း မမှန်းမတွက် မဂ်, ဖိုလ် အကြောင်းကိုလည်း မမြင်မထင်သို့စင်ကလောက် အောက်တန်းစားအခြေ ဆိုက်နေသည်ဖြစ်ပါလျက် “ငါတို့ကဲ့သို့ ရဟန္တာတော့မဟုတ်ဟု နုပ်ဖွဲ့ယုတ်ညံ့သော အကြံကိုသာ အဖန်ဖန် သင်ကြံ၍ နေချေသည်တကား”ဟု မိန့်ကြားတော်မူလေ၏။

ထိုစကားကို မြတ်စွာဘုရားမိန့်ကြားတော်မူလေလျှင် ဥရုဝေလကဿပသည် သတိသံဝေဂရ၍ မြတ်စွာဘုရား၏ ခြေတော်ဦးကို နဖူးတိုက်ကာ ဆံကေသာ ဖြေလျှော့၍ အကြိမ်ကြိမ် ကန်တော့လေ၏၊ ထို့နောက်မှလက်အုပ်ချီမိုး ရှိခိုးပြီးလျှင် “အရှင်ဘုရား တပည့်တော် ကဿပသည် အရှင်ဘုရား၏ ထံပါးတော် လက်အောက်၌ ရဟန်း အဖြစ်သို့ ရောက်လိုပါသည်၊ ရဟန်း ပြုတော်မူပါ ဘုရား”ဟု လျှောက်ထား တောင်းပန်လေသတည်း၊ ထိုအခါ ရှင်တော်ဘုရားက

"အို-ချစ်သားကဿပ သင်ချစ်သားသည် ရသေ့အများကို သင်ကြားဆုံးမတတ် သောဂိုဏ်းဂဏ၏ အကြီးအမှူး ဂဏပါမောက္ခ, ဂဏာစရိယတဦး ဖြစ်ချေသည်၊ သို့အတွက် ငါဘုရားထံ၌ ရဟန်းပြုလိုပါလျှင် သင်၏တပည့်များကို ပန်ကြား ချေဦးလော့"ဟု မိန့်တော်မူလိုက်လေ၏။

ဥရုဝေလကဿပသည် ရှင်ပျသောမျက်နှာ ဝမ်းသာသော အမူအရာဖြင့် မြန်စွာသွားပြီးသော် တပည့်များကိုခေါ်၍ စည်းဝေးပြီးလျှင် "ငါ၏ထံပါးသို့ ခစား ရောက်လာသော တပည့်များစွာ ပေါင်းငါးရာတို့ ငါဆရာသည်ကား ရဟန်းဂေါတမ၏ အထံ၌ အဆုံးအမကို ခံ၍ နည်းမှန်သော အကျင့်မြတ်ကို ကျင့်ကြံ အားထုတ်ချေတော့မည်၊ ငါတို့၏ အကျင့်အကြံသည်ကား သင့်မှန် ကောင်းမွန်သည် မဟုတ်ပေ၊ ငါတို့ လိုအပ်သော မဂ်တရား,ဖိုလ်တရားနှင့် အလွန် တရာ ကွာခြားချေသည်၊ မဂ်,ဖိုလ် ရကြောင်းဖြစ်သော အကျင့်ကောင်း ပဋိပဒါမဟုတ်၊ ယုတ်ညံ့ ဆိုးဝါးသော *အတ္တကိလမထ တရားသာ ဖြစ်ချေ၏၊ သင်တပည့်တို့လည်း သေချာစွာ တွေး၍ တဖြေးဖြေး စဉ်းစားကြပါကုန်၊ ရဟန်းဂေါတမ၏ တရားလမ်းကြောင်းသည်ကား ကျင့်ရခြင်း အကျိုးနပ်၍ အဘိုးမပြတ်နိုင်အောင် ကောင်းလိမ့်မည်ဟု ငါထင်မိချေသည်၊ ဆိုးတူကောင်း ဘက် အကျိုးအကြောင်း ဆက်လာကြရပေသော သင်တပည့်တို့အား ငါ၏ ဝတ္တရားအတိုင်း အကြောင်းအားလျော်စွာ ပြောကြားရပါ၏"ဟု တပည့် ငါးရာတို့၏ အလယ်တွင် ခံ့ထယ်စွာ ပြောလိုက်လေ၏။

ဆရာဖြစ်သော ဥရုဝေလကဿပ ရသေ့ကြီး၏ စကားကို ကြားကြရသော တပည့်များစွာ ပေါင်းငါးရာတို့သည် ဝမ်းသာ ရှင်ကြည်၍တင်ချီသောလက်အုပ် ဖြင့် ညွတ်တုပ်ကြပြီးလျှင် "တပည့်တော်တို့သည်ကား ထိုရဟန်းဂေါတမကို သဘောကျ နေကြသည်မှာ အတော်ပင် ကြာပါပြီ၊ အဆုံးအမ ဩဝါဒနာယူ၍ ရဟန်းပြုလိုကြပါကုန်၏၊ ဆရာ့မျက်နှာကို ထောက်ထား၍ ကြောက်အားနှင့် နေကြရပါသည်၊ ယခုအခါ ဆရာသည် ရဟန်းပြုသည်ဖြစ်ပါအံ့၊ တပည့်အများ တို့သည်လည်း ထိုဘုရားဂေါတမ၏ ဟောသမျှတရားကို နာယူကာ ရဟန်းပြုကြ ပါကုန်အံ့"ဟု လျှောက်ထားကြ၍ မြတ်စွာဘုရားထံ တညီတညွတ်တည်း

---

* မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်စေတတ်သော တရား။

သွားကြကုန်ပြီးသော်"ရဟန်းဖြစ်ရေးကို အခွင့်ပေးပါ"ဟု ကြည်အေး ရွှင်ပျစွာ လျှောက်ထားကြလေကုန်၏။

သကျသာကီန် ငါးမာရ်နှိမ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ ထံမှောက်သို့ ရောက်လာသော ရသေ့တို့အား"အို-ချစ်သားအပေါင်းတို့ ငါဘုရား၏ ဟောကြားအပ်သော တရားမြတ် ဒေသနာကို သေချာစွာ နာကြကုန်လော၊ ရှစ်ပါးသောအရာ၌ သင်္ကာမကင်း ယုံမှားခြင်းကိုမျှ လွန်မြောက်အောင် ထွက်ပေါက် မရသေးသောသူကို အဝတ်မဆီး အချည်းနှီး ကျင့်သော အကျင့်ဖြင့် အသင့်တင့်ဆုံးသော နိဗ္ဗာန်ကို ကေန်မျက်မှောက် ပြုနိုင်ကြရန် ကိလေသာဝဋ္ဋဘေးမှ လွတ်အေးစင်ကြယ်နိုင်ကြသည် မဟုတ်ကုန်၊ထို့ပြင်တဖြာ အိမ်ရာကိုစွန့်ပစ်၍ ဆံကျစ်ကို ထုံးပြီးလျှင် စိတ်နှလုံးကို မပြုပြင်သော ရသေ့အကျင့်လမ်းဖြင့်လည်း အမြင့်တမ်း ဆိုက်ကပ်ရန် အမြိုက်ဓာတ်နှင့် ဝေး၍ ကိလေသာဘေးမှ အေးငြိမ်းစင်ကြယ်စေနိုင်သည် မဟုတ်ကုန်၊ လူ့အလုပ်ရေး အရှုပ်အထွေးတို့ကို ပယ်ရှား၍ သွားကိုမျှပင် မသုမ်သင်ဘဲ ညွန်တင်အောင် ကျင့်သဖြင့်လည်း ကိလေသာဘေးမှ ကင်းဝေးစင်ကြယ်စေကြမည် မဟုတ်ပေ၊ ထမင်းမစား, ရေမသောက်နှင့် သေမလောက် အားထုတ်သော်လည်း လမ်းမဟုတ်သော အကျင့်ဖြင့်လည်း ကိလေသာ ကုန်ခန်း၍ ရဟန္တာ မဖြစ်စေနိုင်ကြလေကုန်၊ ရေငုပ်,မီးလှုံ,တုံးခုန်, ဇယ်ခုပ်, ဆူးချုံပုတ်၌ အိပ်ပြီးလျှင် ထန်သည်းစွာ ကျင့်ကြံသော အကျင့်ဖြင့်လည်း ကိလေသာချေးညှော်ကို ဆေးကျော်သည် မမည်ကုန် မြူမှုန်တွေပြွမ်း၍ညစ်ညမ်းစွာသောကိုယ်အကျင့်ဖြင့်လည်းအာသဝေါ တရားကို ခွါမျှောခြင်း မပြုနိုင်ကြလေကုန်၊ တုံးလုံးလည်း မအိပ်စက်, ရပ်လျက်လည်းမတည်,သွားသည်လည်းမရှိ,ပကတိ ဆောင့်ကြောင့်ထိုင်နေသော အကျင့်ဖြင့်လည်း ကိလေသာငြိမ်း၍ အပူကိုမသိမ်းနိုင်ကြလေကုန်၊ စင်စစ်အားဖြင့် ငါဘုရား မိန့်ကြားရမည်ဆိုသော် ဝိစိကိစ္ဆာတည်းဟူသော ငြောင့်တံသင်းကို ပယ်ရှင်းလွှင့်မှုတ် အမြစ်ပါဖြုတ်ပြီးလျှင် *ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့ကို အားထုတ်၍ မမှားသောအလုပ်ကို လုပ်မှသာလျှင် အမြိုက်ဓာတ်ခေါ်ဆိုသော မဂ်,ဖိုလ်ကို ရက်တိုဘိုနှင့် ကေန်အမြန် ရကြပေလိမ့်မည်"ဟု မိန့်တော်မူကာ

---

* သင်္ဂြိုဟ်သမုစ္စည်းပိုင်း၌ အရေအတွက် သရုပ်ကို ကြည့်ပါ။

ဟေဟိဘိက္ခု ခေါ်တော်မူလေလျှင် အလုံးစုံသော ရသေ့တို့သည် ဗုဒ္ဓသာသနာ တော်ထမ်း အရှင်ရဟန်းတော်ချည်း ဖြစ်ကြကုန်သတည်း။

ယင်းသို့လျှင် ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းတော်စစ် ဖြစ်ကြသောအခါ မိမိတို့ အသုံးပြုခဲ့သော မီးမွှေယောက်မ, သစ်သားသုံးခွ, ခြင်းတောင်း, တံချူ, ဆံကျစ်, ပြာစစ်, ထမ်းပိုး မှစ၍ အလုံးစုံသော ရသေ့တို့၏ ပရိက္ခရာကို ဂင်္ဂါမြစ် ကြောသို့ မျှောလိုက်ကြလေကုန်သတည်း၊ အောက်မြစ်ကွေ့၌ တပည့်သုံးရာနှင့် နေသော နဒီကဿပသည် ရေ၌မျှောလာသော ထိုပရိက္ခရာတို့ကို မြင်လတ်သော် "ငါ၏ နောင်တော်ကြီး ဥရုဝေလကဿပ၌ တစုံတခုသော ဘေးရန် အန္တရာယ် သည် အမှန်တကယ် ဆိုက်ရောက်ချေပြီ"ဟု ကြံစည်ပြီးလျှင် တပည့်တမန်ကို အမြန်စေလွှတ်လိုက်လေ၏၊ နောင်တော်ကြီးနှင့်တကွ ငါးရာသော တပည့်တို့ သည် မြတ်စွာဘုရားထံမှောက်၌ ရဟန်းအဖြစ်သို့ ရောက်၍ တရားနှင့်ညီမျှသော ဩဝါဒကို ခံယူနေကြောင်း သိရသောအခါ ညီတော်အငယ်ဖြစ်သော ဂယာ ကဿပကို ကောင်းမြတ်သော သတင်းစကားဖြင့် အကြောင်းကြား၍ ခေါ်ပြီး လျှင် မိမိတို့၏ ညီတော် နောင်တော် ပရိသတ် ရသေ့မြတ် ငါးရာနှင့်တကွ အားရ ဝမ်းသာစွာ အမြန်လာကြကုန်၍ သုံးဘိုလုံး၌ ရှိသမျှသော အမင်းမင်းတို့၏ ညွှတ်စင်း ဦးတိုက်ရာဖြစ်သော မြတ်စွာဘုရား ထံတော်ပါး၌ ဝပ်တွားခွင့်ပန်ကာ ရဟန်းပြုကြလေကုန်၏။

သမ္မာသမ္ဗုဒ္ဓ ဟူသော အထွတ်သရဖူကိုဆွတ်ယူတော်မူသော မြတ်စွာဘုရား သည် ဤ ဥရုဝေလ ကဿပ စသော ရသေ့တထောင်ကို မြူမှောင်ပယ်သန်း၍ ရဟန်း ဖြစ်တော်မူစေပြီးလျှင် ထိုရဟန်းတော်များနှင့် တကွ ဥရုဝေလတောမှ ထွက်ကြွတော်မူ၍ ဂယာသီသသို့ ရောက်သောအခါ ရွာ၏အနီး ကြီးစွာသော ကျောက်ဖျာထက်၌ စည်းဝေးစေပြီးသော် *အာဒိတ္တပရိယာယ သုတ်တော်ကို ထုတ်ဖော်ရှင်းလင်းစွာ တရားပွဲခင်းကျင်းတော်မူလေ၏၊ ဒေသနာတော်အဆုံး၌ အလုံးစုံသော ရဟန်းတထောင်တို့ကား ယခေါင်ရှည်ဝေးကပင်ကပ်မေးတွယ်လာ သော ကိလေသာအခိုးအဆိပ်တို့သည် မိုးဃံးရိပ် တိမ်ရိပ် လွင့်စင်သကဲ့သို့ကင်းစင် လွတ်မြောက်တော်မူကြ၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြကုန်သတည်း။

---

* ဝိနည်းမဟာဝါ စသည်၌ လာ၏။

ရှင်တော်ဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

ရောင်ခြည်တထောင် တောက်ပြောင်သော နေတန္နန်းကဲ့သို့ ရွှေဘုန်းတော်သခင် ဘုရားရှင်သည် ဂယာသီသ၌ မွေလျော်သမျှ သီတင်းသုံးတော်မူပြီး၍ "ဘုရားဖြစ်လျှင် တပည့်တော်၏ တိုင်းပြည်သို့ ရှေးဦး ပထမ ကြွတော်မူပါ"ဟု လျှောက်ထားသော ဗိမ္ဗိသာရမင်းမြတ်၏ စကားကို နှလုံးထားတော်မူကာ ဥရုဝေလကဿပ စသော ရဟန္တာတထောင်တို့ဖြင့် ခြံရံတော်မူလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေ၏၊ မြို့တော်၏အနီး ကြီးစွာသော ထန်းတောဥယျာဉ်သို့ ရောက်တော်မူလျှင် ဥယျာဉ်ကြီး၏အလယ် ကျယ်ပြန့်ဖွေးဖွေးအရိပ်အေးရှိသော သစ်ပင်အရင်း၌ သီတင်းသုံးတော်မူ၏၊ ဥယျာဉ်စောင့်သည် သံဃာတော်များနှင့် တကွ မြတ်စွာဘုရား သီတင်းသုံးတော်မူနေသည်ကို မြင်ရ၍ ရွှင်ပျသော စိတ်ထားဖြင့် ဘုရင့်ထံသွားပြီးလျှင် လျှောက်ထား သံတော်ဦး တင်လေ၏။

ဥယျာဉ်စောင့်ယောကျ်ား လျှောက်ထားသော စကားကို ကြားရသော ဗိမ္ဗိသာရမင်းသည် မှူးကြီးမတ်ရာ သေနာပတိ အစရှိသော တသိန်း နှစ်သောင်းသောပရိသတ်ကြီးဖြင့် ခြံရံကာ မြတ်စွာဘုရားထံ အံမြန်သွားရောက် ဆည်းကပ်လေ၏၊ ထိုတသိန်း နှစ်သောင်းသော ပရိသတ်အပေါင်းတို့တွင် အချို့သော သူများကား မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ တသက်လျာလုံးလုံး ယူကျုံးမှတ်ပိုက် အောက်မေ့ထိုက်သောစကားကို ပြောကြားကြကုန်၏၊ အချို့သော သူများကား အမျိုးအမည်ကို လျှောက်ကြား၍ ပစ္စည်းလေးပါးဖြင့် ဘိတ်မန္တက ပြုကြကုန်၏၊ အချို့သောသူများကား မြတ်စွာဘုရားကို လေးစားကြည်ညို ရိုသေစွာ ရှိခိုး၍ အမျိုးမျိုးသော စကားကို လျှောက်ထား မေးမြန်းကြကုန်၏။

ပရိသတ်များ၏ ယုံမှားခြင်း ဝိစိကိစ္ဆာ

ထိုအခါ ရောက်လာသောပရိသတ်အပေါင်းသည် ဤဆိုလတ္တံ့သောယုံမှားခြင်း ဝိစိကိစ္ဆာ ဖြစ်ပေါ်လာလေ၏၊ ဖြစ်ပုံကား "င်ါတို့ဆရာဖြစ်သော ဥရုဝေလကဿပသည် ဂေါတမရဟန်းကြီးထံ၌ နည်းခံ၍ကျင့်ရလေသလော၊ ထိုသို့မဟုတ် ရဟန်းကြီးဂေါတမသည်ပင်လျှင် ဥရုဝေလကဿပ၏အထံ၌ နည်းခံ၍ကျင့်ရလေ

သလော”ဟု တွေးတော ကြံစည်ကြလေ၏၊ ဘုရားရှင် ကိုယ်တော်မြတ်သည် ထိုလူအပေါင်းတို့၏ စိတ်အကြံကို သိတော်မူ၍ ဥရုဝေလကဿပကိုခေါ်တော်မူကာ “ဥရုဝေလမည်သော ဌာနၶ ထာဝရပျော်မွေ့၍ တရားလေ့သော ရသေ့ကဿပ သင်ချစ်သားသည် အကျင့်ဖြင့် ကြုံလှီ ပိန်ကပ် ကိုယ်ဒြဗ်ရှိသော ရသေ့ငါးရာတို့၏ များစွာအားကိုးအပ်သော ဆရာကြီးတယောက် ဖြစ်ပါလျက် ဘယ်အကျိုးကျေးဇူးကို သိမြင်၍ သင်တို့မပြတ် လေ့ကျက်အပ်သော မီးပူဇော်ခြင်းကို အလျဉ်းစွန့်ပစ်လိုက်ပါသနည်း”ဟု မေးတော်မူ၏။

မြတ်စွာဘုရား အမေးစကားကို ကြားရသော ဥရုဝေလကဿပ မထေရ်မြတ်သည် “ရွှေဘုန်းတော် သမ္ဘာထိန်သည့် သာကီနွယ်ဉက္ကဋ် ရှင်တော်မြတ်ဘုရား ပုထုဇဉ်သတ္တဝါ အများတို့၏ ခံစားစုံမက်၍ နှစ်သက်မြတ်နိုးအပ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟူသော ဝတ္ထုကာမ၊ ချစ်ခင်စဘွယ် ငယ်ရွယ်သော မာတုဂါမအတွေ့ သိမ်မွေ့သော ကိလေသာကာမ ဤနှစ်ဝသော လောကီချမ်းသာသည် ယဇ်ပူဇော်ခြင်းကြောင့်သာ ပြည့်စုံရာ၏ဟု တပည့်အစဉ်အလာ ဆရာအဆက်ဆက်တို့ ဆိုမြွက်ပြောပြ သဘောကျအောင် ဟောကြပါကုန်သည်၊ ထို ရလိမ့်မည်ဟူသော အကျိုးကို မြတ်နိုးခြင်း အမှတ်မှား၍ နှစ်ပါးသော ယဇ်ကြီး, ယဇ်ငယ်ကို ကိုးကွယ်ပူဇော်မိပါသည်၊ ယခုအခါမှသာ အလုံးစုံသော ကာမဂုဏ်ချမ်းသာသည် ခန္ဓာဟူသော ဥပဓိတို့၌ကပ်ငြိတွယ်တာ အနှစ်မပါသော အညစ်အကြေးသာ ဖြစ်ချေ၏ဟု အရှင့်ဒေသနာတော်ဖြင့် သိ၍ ကျင့်မိမှားသော ယဇ်ပူဇော်ခြင်းအလုပ်ကို ရုပ်သိမ်း ပယ်စွန့်ရပါတော့သည် ဘုရား”ဟု လျှောက်လေ၏။

ဤသို့ လျှောက်ထားပြီး၍ မိမိသည်ကား ဘုရားရှင်၏ တပည့်သားသာဝကဖြစ်ကြောင်းကို ပြလို၍ မြတ်စွာဘုရား၏ ခြေဖမိုးတော်အပြင်၌ ဦးခေါင်းကို တင်ပြီးလျှင် “သဗ္ဗညုတဉာဏ် တည်းဟူသော မြသရဖူကို အရယူတော်မူပြီးသော မြတ်စွာဘုရား အရှင်ဘုရားသည်ကား တပည့်တော်၏ ဆရာအစစ် ဖြစ်တော်မူပါပေသည်၊ တပည့်တော်မှာမူ အရှင်ဘုရား၏ တပည့်သားသာဝကဖြစ်ပါပေသည် ဘုရား”ဟု လျှောက်ထားပြီးသော် ထန်းတဖျား ထန်းနှစ်ဖျား မှစ၍ ထန်းခုနစ်ဖျား တိုင်အောင် ခုနစ်ကြိမ် ခုနစ်ခါ အာကာဝေဟင် ကောင်းကင်

ပြင်သို့ ပျံတက်၍ ဆင်းသက်လာသောအခါ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး ပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပြီးလျှင် သင့်တင့် လျောက်ပတ်သော နေရာအရပ်၌ သီတင်းသုံးလေသတည်း။

ထိုသို့ အံ့ဘွယ်သရဲ ထူးကဲသောအချင်းအရာကို ကောင်းစွာ တွေ့မြင်ကြရသော လူအပေါင်းတို့သည်“ရှင်တော်မြတ် ဘုရားတို့သည် နှုတ်ဖျား မဆုံအောင် အလွန့်အလွန် ချီးမွမ်းအပ်သော ပုဂ္ဂိုလ်မြတ်ကြီးတို့ပါပေတည်း၊သို့စင်ကလောက် အစွမ်းအားသို့ ရောက်သောအယူနှင့် ပြည့်ငုံလျက် မိမိကိုယ်ကို ရဟန္တာ တည်းဟု အထင်ကြီးနေသော ဥရုဝေလကဿပကိုပင် ထိုသူ၏ ဒိဋ္ဌိတည်းဟူသော ကွန်ယက်ကြီးကို ဖျက်ဆီးချေမှုန်း၍ ဆုံးမတော်မူနိုင်ပါပေသည် တကား”ဟု မြတ်စွာဘုရား၏ ဂုဏ်တော်နှင့်စပ်သော စကားရပ်တို့ကို အထပ်ထပ် ပြောဆိုနေကြလေ၏။

ဤသို့လျှင် ပရိသတ်အပေါင်းတို့သည် သောင်းသောင်းညံမျှ ပြောဆို ချီးမွမ်း၍ နေကြသောအခါ ရှင်တော်မြတ်ဘုရားသည်“အို-ချစ်သားတို့ ငါဘုရားသည် ဤဥရုဝေလကဿပကို ယခုဘဝ၌သာ ယဉ်ကျေးအောင် ဆုံးမသည် မဟုတ်သေး၊ ဟိုရှေးကာလ နာရဒရသေ့ဖြစ်သော ဘဝ၌လည်း မိစ္ဆာဝါဒကင်းအောင် နှိမ်နင်း ဆုံးမတော်မူဘူးပြီ”ဟု မိန့်ကြားတော်မူပြီးလျှင် နာရဒဇာတ်ကြီးကို ဟောကြားတော်မူလေသတည်း၊ တရားတော်၏အဆုံး၌ ဗိမ္ဗိသာရဘုရင်မင်းမြတ်နှင့်တကွ တသိန်းတသောင်းသော သူတို့သည် သောတာပန်တည်ကုန်၍ ကြွင်းသော လူဘသောင်းတို့သည်ကား သရဏဂုံသုံးရပ် နှလုံးခတ်၌ တည်ကြကုန်သတည်း။

ဗိမ္ဗိသာရမင်း၏ အလိုဆန္ဒပြည့်ဝခြင်း

မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရ ဘုရင်ကြီးသည် အရှင်ကြီးရှင်လန်း၍ လက်အုပ်ပန်း မြှောက်ချီပြီးလျှင် ဤဆိုလတ္တံ့သောစကားကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

လျှောက်ထားပုံကား သစ္စာလေးရပ် တည်းဟူသော ဂမုန်းခိုင်ကို အဆုံးတိုင် ပန်ဆင်၍ ဉာဏ်အမြင် ကြီးမားလှသော မြတ်စွာဘုရား တပည့်တော်

သည် အိမ်ရှေ့ဥပရာဇာ ဖြစ်စဉ်အခါကပင် တောင့်တခြင်း ငါးပါး ဖြစ်ပါသည် ဘုရား၊ ယခုအခါ ဘပည့်တော် တောင့်တအပ်သော အချက်ငါးချက်သည် တပြိုင်နက် ပြည့်ဝပါပြီ၊ ထိုငါးပါးမှာ (၁) ငါသည် ရွှေထီးရွှေနန်းကို စိုးအုပ်၍ မင်းလုပ်ရပါမူ ကောင်းလေစွ၊ (၂) ငါမင်းပြုသောအခါ ငါ၏နိုင်ငံအတွင်းသို့ တရားမင်းအရှင် ဘုရားသခင် ကြွလာပါမူ ကောင်းလေစွ၊ (၃) ဘုရားရှင် ကြွလာသောအခါ ဒေသနာတော် မြတ်တရားကို မှတ်သားနာယူရပါမူ ကောင်း လေစွ၊ (၄) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားမြတ် အမြိုက် ခတ်သို့ ဆိုက်ကပ်သိမြင်ရပါမူ ကောင်းလေစွ၊ (၅) မိစ္ဆာဒိဋ္ဌိဖြစ်သော အယူ ဘာသာ ကင်းကွာလျက် ဟုတ်မှန်ရာဖြစ်သော တရားလမ်းကို ဖြောင့်တန်းစွာ လိုက်ရပါမူ ကောင်းလေစွ၊ ဤငါးဝသော တောင့်တခြင်းတို့ပါ ဘုရား"ဟု လျှောက်ထားပြီးသော်"ယနေ့ကစ၍ တပည့်တော်ကို ဥပါသကာဟု မှတ်တော် မူပါ၊ နက်ဖြန်နံနက်လည်း နောက်ပါ သံဃာများနှင့်တကွ နန်းတော်သို့ကြွ၍ ဆွမ်းအလှူကို ခံတော်မူပါ"ဟု လျှောက်ထားကာ မြတ်စွာဘုရားအား ဝပ်တွား ဦးနှိမ် အကြိမ်ကြိမ် ရှိခိုး၍ ရွှေနန်းတော်သို့ ပြန်ကြွလေ၏။

နိဗ္ဗာန်ဆော် သိကြားမင်း လုလင်အသွင် ဖန်ဆင်းခြင်း

နောက်တနေ့နံနက် အရုဏ်တက်လတ်သော် ရာဇဂြိုဟ်ပြည်အတွင်း၌ မှီတင်း နေထိုင်ကြသော တဆယ့်ရှစ်ကုဋေမျှသော လူအပေါင်းတို့သည် အချို့သောသူ များကား ငါတို့သည် မနေ့ကပင် ဘုရားရှင်ကို ဖူးမြင်ရပေပြီ၊ အချို့သောသူများ ကား ငါတို့သည် မြတ်စွာဘုရား၏ ထူးခြားတင့်လျှပ်သော အဆင်းတော်ခတ် ကို တခါတရံမျှ မဖူးမြင်ရသေး၊ ဤသို့ အသီးအသီး ပြောဆိုကြကုန်ပြီးသော် ဖူးမြင်လိုသောသူများကား အားရတင်းတိမ်ခြင်း မရှိကြသေး၊ မဖူးမြင်ရသေး သော သူများလည်း အလွန်တရာပင် ဖူးမြင်လိုလှသော ဆန္ဒအာသာ ပြင်းလှစွာ ဖြစ်ခြင်းကြောင့် ပျားပန်းခတ်သကဲ့သို့ သူ့ထက်ငါ ထွက်လာလတ်၍ မြတ်စွာ ဘုရား သီတင်းသုံးတော်မူရာ ထန်းတောဥယျာဉ်သို့ ဝင်ကြလေ၏၊ သုံးဂါဝုတ်မျှ ရှိသော လမ်းမကြီးသည်ကား သွားခြင်းငှါ မလောက်ပေ၊ ဥယျာဉ်ကြီးအတွင်း ၌လည်း လူချင်းပြည့်ညှပ်၍ နေရာလပ် မရှိတော့ချေ၊ ရောက်လာသော ပရိသတ် လူထုကြီးသည် မြတ်စွာဘုရား၏ အဆင်းတော် ရူပကာယကို ရှုမြင်ကြရသော

အခါ အာသာမကျေ အဆာမပြေနိုင်ကြဘဲ အဆင်းတော်မြတ်ကို ချီးကျူး ထောမနာသော ဩဘာသံကြီးသည် တော်လျှောင် ပွဲတင်ဟည်းသကဲ့သို့ တပြိုင် တည်း ဆူညံနေလေတော့၏။

ဤမျှလောက် များပြား၍ စည်ကားသော လူထုပရိသတ်ကြီးဖြင့် ပြည့်ညှပ် နေသော ဥယျာဉ်ကြီး တခုလုံးမှာ ရဟန်းတော်တပါး သွားစရာလမ်းမျှ မရှိ သောကြောင့် မြတ်စွာဘုရားနှင့် သံဃာတော်များမှာ ကြွဘို့ရာပင် ခဲယဉ်းနေ လေတော့သတည်း၊ ထိုနေ့၌ ရှင်တော်မြတ်ဘုရားနှင့် သံဃာတော်များအား ကြွတော်မူရန် လမ်းမရှိသောကြောင့် ဆွမ်းကိစ္စမှ ပြတ်တော်မူရမည်ကဲ့သို့ဖြစ်၍ "ဆွမ်းကိစ္စ ပြတ်တော်မူရခြင်းသည် မဖြစ်ပါစေသတည်း"ဟု တာဝတိံသာ သေဌ်နင်း သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်း အရာကိုပြ၍ သိကြားမင်း စဉ်းစားဆင်ခြင်လေလျှင် ဤအကြောင်းကို မြင်လေ သော် အလွန်တရာ လှပပျိုလွင်သော လုလင်အသွင်ကို ဖန်ဆင်း၍ ဘုရား, တရား, သံဃာ ရတနာသုံးပါးနှင့်စပ်သော ချီးကျူးသံစကားတို့ကို ပြောကြား ရွတ်ဆိုကာ မြတ်စွာဘုရား၏ ကြွတော်မူရာ ရှေ့တော်မှ သွား၍ သိကြား၏ အာနုဘော် တန်ခိုးဖြင့် တိုးမရသော လမ်းတရပ်ကို နေရာလပ် ရအောင် ပြုလေ၏။

သိကြားမင်း၏ ချီးကျူးသံ

ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ၊
သိင်္ဂီ နိက္ခ သဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။

ဒန္တော၊ မနိဗ္ဗေကို ဆုံးမ၍ နှလုံးဟဒယ အသွင်အေးသဖြင့် ယဉ်ကျေးတော် မူထသော။ ဝိပ္ပမုတ္တော၊ ဘဝါဘဝမှ ပါသမျှသော အာသဝအခိုး အငွေ့တွေကို မျိုးစေ့ပါ ပယ်ဖျောက်၍ ကိလေသာမှ လွတ်မြောက်တော် မူပြီးထသော။ သိင်္ဂီနိက္ခသဝဏ္ဏော၊ သိင်္ဂီနိက်ရွှေ အဆင်းကဲ့သို့ ဝါဝင်းထိန်ပြေ ကြက်သရေဂနိုင် မဏ္ဍိုင်ဥက္ကဋ္ဌမို့ စုတ်သပ်၍ငေးရအောင် တွေးဆလို့အံ့စဘွယ် တင့်တယ်ထိန်လျှပ် အဆင်းဓာတ်လည်းရှိတော်မူထသော။ ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်

မူသည့် အောင်သူဥက္ကာ၌ ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒန္တေဟိ၊ ဣန္ဒြေကို အချိုးကျအောင် ဆုံးမတော်မူပြီး၍ အယဉ်ကျေးကြီး ယဉ်ကျေးတော်မူကြကုန်သော။ ဝိပ္ပမုတ္တေဟိ၊ အာသဝ အခိုးအကင်းတို့သည် မိုယ်းနှင်းလောက်မျှ မကျန်ကြသဖြင့် သံသရာဝဋ်အောက်မှ လွတ်မြောက်တော် မူကြကုန်သော။ ပုရာဏဇဋိလေဟိ၊ ရေငုပ် မီးလှုံ တုံးခုန် ဇယ်ခုတ် ထင်ရာလုပ်တဲ့ မဟုတ်ရာရာ ရှေးအခါက ဝနာမြိုင်ကွေ့ ရသေ့အကျော် ခုခါသော်မှ ရှင်တော်ဗုဒ္ဓ ဩဝါဒ၌ ကျနကျင့်ဆောင် ရဟန္တာ တထောင်တို့နှင့်။ သဟ၊ နောက်တော်ပါးမှ ဘဝါး မကွာ အတူသာလျှင်။ ရာဇဂဟံ၊ တောင်ငါးလုံးကာခိုသည့် ရာဇဂြိုဟ်တွင်ခေါ် နေပြည်တော်ကြီးသို့။ ပါဝိသိ၊ တရာ့ရှစ်ဖြာ လက္ခဏာယှက်သန်း စက်နှစ်ပန်း တို့ဖြင့် ကြွမြန်းဝင်ရောက်တော် မူလာလေပြီ တကား။

ဤသို့ အစရှိသော လေးဂါထာတို့ဖြင့် သာယာမြွက်ကျူး အထူးသီဆိုကာ ဘုရားရှင်ရှေ့တော်မှ ရှိသေစွာ သွားလေ၏၊ ထိုအခါ လုလင်၏ ရုပ်ဆင်း ကြက်သရေရှိပုံကို လူအပေါင်းတို့ မြင်ကြရသောအခါ “ဤသူငယ်ကား ငါတို့ နယ်ပယ်မှာ မမြင်စဘူး အထူးလှပ၍ ကြက်သရေပေါင်း ခပေသည်၊ ဘယ်မြို့ ဘယ်ရွာက လာရောက်သော သူငယ်ကလေး ဖြစ်ပါလိမ့်မည်နည်း၊ ဘယ်လို အမျိုးအရိုးက ဘယ်လိုလူမျိုး မွေးဘွားသော ဘယ်သူ၏ သားပါလိမ့်နည်း”ဟု တယောက်တခွန်းနှုတ်မဆိတ်အောင် ခေါင်းညိတ်လည်ညိတ် အံ့ဩသောစိတ်ဖြင့် ပြောကြားကြလေ၏၊ ယင်းသို့ လူအပေါင်းတို့သည် ဦးခေါင်း လည်ညိတ် ချစ်ခင်သောစိတ်ဖြင့် ပြောနေကြသောစကားကို လုလင်ပျို ကြားသောအခါ အောက်ပါ ဂါထာဖြင့် ကောင်းမွန်စွာ ပြန်ပြောလေ၏။

သိကြားမင်းလုလင်၏ နှုတ်ရှင်ရှင် ပြန်ပြောပုံ

ယော ဓီရော သဗ္ဗဓိ ဒန္တော၊
*သုဒ္ဓေါ အပ္ပဋိပုဂ္ဂလော။
အရဟံ သုဂတော လောကေ၊
တဿာဟံ ပရိစာရကော။

* အချို့မှု၌ ဗုဒ္ဓေါ-ဟု ရှိ၏။

ဘဝဂ္ဂေ၊ မမြင်စဘူး အသွင်ထူး၍ ရှင်မြူးစွာ ပြောကြားကြတဲ့ အို-လူ အများတို့။ ယော ဘဂဝါ၊ ဘုန်းတော်ခြောက်စိုင် ဘဝဂ်တိုင်အောင် ပျံ့လှိုင် ကျော်လွင် အကြင်ဘုရားရှင်သည်။ လောကေ၊ လူ,နတ်,ပြဟ္မာ သတ္တဝါသိမ်းခြုံ လောကကြီး ဤသုံးဘုံ၌။ ဝိဇ္ဇော၊ မြဲမြံခိုင်တည် ယိုင်သည်မရှိ သမာဓိအရှင် ပညာတော်ရင်လည်း ဖြစ်တော်မူပါပေ၏၊ သဗ္ဗဓိ၊ စက္ခု,သောတ, ဃာန, ဇိဝှါ, ကာယ, မနော, မချောမပြေ အလုံးစုံသော ဣန္ဒြေတို့၌။ ဒန္တော၊ အဘယ်သူမှ ယှဉ်မရအောင် အယဉ်တကာ့အယဉ် ထိပ်ခေါင်တင်ကြီး ဖြစ်တော်မူပါပေ၏။ သုဒ္ဓေါ၊ ကိလေသာ အသိုးအပုပ်ကို မျိုးပြုတ်အောင် လှန်ထုတ်၍ ရန်ငုတ် ပျောက်ကင်း အသန့်ရှင်းကြီး သန့်ရှင်းတော် မူပါပေ၏။ အပ္ပဋိပုဂ္ဂလော၊ လာတုကာယှဉ်ပြိုင်၍ မနိုင်ရိုးကေန် တုဘက်ကင်းသော ပုဂ္ဂိုလ်လည်း မှန်ပါ ပေ၏။ အရဟံ၊ လူထူး,နတ်ထူး,ပြဟ္မာထူးတို့၏ ညွတ်နူးကော်ရော် ပူဇော်ဘွယ် အရပ်ရပ်ကို မပြတ်မလပ် ခံတော်မူထိုက်ပါပေ၏။ သုဂတော၊ မမှားမစောင်း စကားကောင်းကိုလည်း တရားကြောင်းနှင့်ညီညာအောင် ကြည်သာစွာပြောဆို တတ်ပါပေ၏။အဟံ၊ယခုမြင်ရ အသွင်လှသည်ဟု ထင်ကြသလို ပြောဆိုအပ်ငြား ဓာတ်သား ဓာတ်ရုပ် အကျွန်ုပ်သည်။ တဿ ဘဂဝတော၊ သုံးလူ့ဘုန်းမော် နှုန်းလျော်ဘက်ရှား ထိုရှင်တော်မြတ်ဘုရား၏။ ပရိစာရကော၊ အနီးထံပါး ခစားလုပ်ကျွေး တပည့်ကလေး ဖြစ်ပါသတည်း။

မြတ်စွာဘုရားသည် သံဃာတော်ပေါင်း တထောင်တို့ဖြင့် ခြံရံတော်မူကာ သိကြားမင်းလုလင်၏ ပြုပြင်ပေးသော ခရီးလမ်းဖြင့် ရာဇဂြိုဟ်မြို့တော်တွင်း သို့ ကြွလေ၏၊ ဗိမ္ဗိသာရ မင်းမြတ်သည် ဘုရားအမှူးရှိသော သံဃာတော် အပေါင်းအား ကောင်းမြတ်သော စေတနာဖြင့် မဟာဒါနကြီးကို ပြုလုပ်၍ ပြီးလတ်သော် မြတ်စွာဘုရားရှေ့တော်မှောက်၌ လက်အုပ်ကိုချီကာ"သုံးလောက မှန်ကူ သယမ္ဘူမကိုဋ္ဌ ဦးတိုက်ရာသခင် အရှင်မြတ်ဘုရား တပည့်တော်သည် ရတနာသုံးပါးနှင့် ကင်း၍ နေခြင်းငှါ မစွမ်းနိုင်ပါ၊ အချိန်အခါ ရှိ, မရှိ အရှင် ဘုရား၏ ထံတော်ပါးသို့ ခစား ဆည်းကပ်လိုပါသည်၊ ယခု မြတ်စွာဘုရား သီတင်း သုံးတော်မူရာဖြစ်သော ထန်းတောဥယျာဉ်သည်ကား အလွန်ပင်ဝေးလှ ပါသည်၊ ဝေဠုဝန်ခေါ်သော ဝါးတော ဥယျာဉ်တော်သည်ကား မဝေးလွန်း,

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်ရာတွင် သိကြားမင်းလုလင် နှိုးဆော်ခဏ်း။

မနီးလွန်း၍ အသွား, အလာ လွယ်ကူပြီးလျှင် ဘုရားရှင် များနှင့်လည်း သင့်လျော် လျောက်ပတ် ကောင်းမြတ်သော နေရာဖြစ်ပါသည်၊ သို့ပါ၍ အရှင်မြတ်ဘုရားသည် ဤဝေဠုဝန်ဉယျာဉ်ကို ယခုပင် အလှူခံတော်မူပါ ဘုရား”ဟု လျှောက်ထားပြီးလျှင် ဇမ္ဗူရာဇ်သိင်္ဂီ နာရဏီ ရွှေသားကို သွန်းလုပ်ထားသော ရွှေကရားဖြင့် ပန်းနံ့သာတို့ဖြင့် ထုံ၍ တသုံသုံမွှေးကြိုင်၍ မြအဆင်းကဲ့သို့သော ရေကိုယူကာ ရေစက်သွန်းဖျန်းလျက် လှူဒါန်းလိုက်လေ၏၊ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံး ကိန်းအောင်းတော်မူရာ ဝေဠုဝန် ဉယျာဉ်တော်ကျောင်းကို အလှူခံသည်နှင့် တပြိုင်နက် “ဘုရားရှင် သာသနာတော်၏ ပင်ရင်းမြစ်မတို့သည် တည်ကုန်ပြီ”ဟူ၍ မဟာပထဝီမြေကြီးသည် တဟည်းဟည်း တုန်လှုပ်လေ၏၊ မြတ်စွာဘုရားသည် ဝေဠုဝန်ဉယျာဉ်တော်ကို အလှူခံပြီးသော် ဗိမ္ဗိသာရမင်းမြတ်အား အနုမောဒနာတရား ဟောကြားတော်မူ၍ ရဟန်း သံဃာတော် အပေါင်း ခြံရံကာ ဝေဠုဝန်ဉယျာဉ်သို့ ကြွသွားတော်မူလေ၏။

မြတ်စွာဘုရားသည် တပည့်သား သာဝကများစွာတို့ဖြင့် ခြံရံတော်မူကာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ရွှေကျောင်း၌ ကိန်းအောင်း သီတင်းသုံးတော်မူကြောင်းကို ကြားကြရသောအခါ ပဉ္စဝဂ္ဂီငါးပါးတို့တွင် တပါးအဝင်ဖြစ်သော အရှင်အဿဇိ မထေရ်မြတ်သည်ရှင်း၊ မိဂဒါဝုန်နှင့် ဉရုဝေလအကြား တခုသော တောအုပ်ဖျား၌ မြတ်စွာဘုရား ထားတော်မူခဲ့သော ဘဒ္ဒဝဂ္ဂီ ညီနောင်မင်းသား သုံးကျိပ်သော ရဟန်းတော်များသည်ရှင်း၊ အရှင်ယသ စသော ငါးကျိပ် ငါးပါး ရဟန္တာ အရှင်မြတ်များသည်ရှင်း မြတ်စွာဘုရား ထံတော်မှောက်သို့ ရောက်လာကြကုန်သတည်း။

အဂ္ဂသာဝကနှစ်ပါး၏ မွေးဖွားရာ ဇာတိမြစ်အကြောင်း

ဂေါတမဗုဒ္ဓမည်သော ရှင်တော်မြတ်၏ သာသနာတော်၌ ထင်ပေါ်ကျော်ကြား၍ ထူးခြားသော အရှင်မြတ် နှစ်ပါးတို့ကား လက်ျာတော်ရံ အရှင် **သာရိပုတြာ** နှင့် လက်ဝဲတော်ရံ **အရှင်မောဂ္ဂလာန်** တို့ ဖြစ်ကြလေသတည်း၊ ထို အဂ္ဂသာဝကကြီး နှစ်ပါးတို့သည် မြတ်စွာဘုရားမပွင့်မီ အခါကပင် ရာဇဂြိုဟ်ပြည်ကြီး၏အနီး အသီးအသီးသောရွာတို့၌ ဖြစ်ကြကုန်၏၊ **ဖြစ်ကြပုံသော်ကား**-

ဥပတိဿမည်သော ရွာ၌ ဥစ္စာအင်အား ကြီးမားပြည့်ဖြိုး၍ အမျိုးခုနစ်ဆက် တိုင်အောင် ကြွယ်ဝလျက် ပြာဟ္မဏ မဟာသာလဖြစ်သော ဝင်္ကန္တပုဏ္ဏားသည် ရူပသာရီမည်သော ပုဏ္ဏေးမနှင့် သင့်မြတ်၍ ထိုအရပ်၌ ကြီးစိုး အုပ်ချုပ်ရလေ ၏၊ ဤနည်းအတူ ကောလိတမည်သော ရွာ၌လည်း ချမ်းသာကြွယ်ဝသော သုဇာတ ပုဏ္ဏားသည် မောဂ္ဂလိမည်သော ပုဏ္ဏေးမနှင့် သင့်မြတ်၍ ထိုအရပ်ကို စိုးကွပ် အုပ်ချုပ်ရလေ၏၊ ထို ဝင်္ကန္တပုဏ္ဏားနှင့် သုဇာတပုဏ္ဏားတို့သည် တမိ ဝမ်းတွင်း ရှေ့,နောက်ဆင်းသော ညီရင်းအစ်ကိုကဲ့သို့ သား, မယား ဆွေမျိုး များနှင့်တကွ ချစ်ကြည်လေးမြတ်သော မဟာမိတ် ဖြစ်ကြကုန်၏။

တရံရောအခါ ဥပတိဿရွာ၌ ရူပသာရီမည်သော ပုဏ္ဏေးမ၏ ဝမ်းတိုက်ဝယ် ကိန်းပိုက်သန္ဓေ တည်နေသောအခါ အဆွေတော်ဖြစ်သော မောဂ္ဂလိ ပုဏ္ဏေးမ၏ ဝမ်း၌လည်း စွဲလမ်းသန္ဓေ တည်နေရရှိလေ၏၊ ယင်းသို့ သန္ဓေတည်အောင်းသော အကြောင်းခြင်းရာများကို တဦးသည် တဦးအား သတင်းစကား ပြောကြား ကမ်းလှမ်းကြကုန်ပြီးလျှင် **ဂဗ္ဘပရိဟာရ** ခေါ်သော ကိုယ်ဝန်၏ အစောင့် အရှောက်ကို ညီတူညီမျှ ထားကြကုန်၏၊ ကိုးလလွန်မြောက်၍ ဆယ်လသို့ ရောက်သောအခါ မင်္ဂလာရှိသော သတို့သားများကို ဘွားမြင်ကြသည်မှာ ရုပ်သွင်နိကာယ် တင့်တယ်လှစွာသော သားကောင်းရတနာချည်းသာ ဖြစ်ကြ ကုန်၍ ရူပသာရီပုဏ္ဏေးမ၏ မွေးဘွားသော သားငယ်၏ အမည်သညာကို **ဥပတိဿ** ဟု မှည့်ခေါ်ကာ မောဂ္ဂလိပုဏ္ဏေးမ၏ မွေးဘွားသော သားငယ်အား **ကောလိတ** ဟူသော အမည်ကို မှည့်ကြကုန်သတည်း။

မိတ်ဆွေနှစ်ဦး ကြည်နူးပျော်ရွှင်

ဥပတိဿနှင့် ကောလိတ နှစ်ဦးသော သူငယ်ချင်းတို့သည် အရွယ်သို့ရောက် လတ်၍ အမျိုးအား လျောက်ပတ်သော ဗေဒင်ပညာကို သင်ကြသောအခါ ဗေဒင်သုံးပုံကို အလုံးစုံ တတ်မြောက်ကြကုန်၏၊ သူငယ်နှစ်ဦး တို့သည်ကား တရွာစီခြား၍ ကွဲပြားသော မိဘဖြစ်ကြသော်လည်း "နှစ်ကိုယ့်တစိတ်, တအိတ် တည်းငွေ"ကဲ့သို့ အလွန်တရာ သင့်တင့်လျက် ဘယ်တော့မှ ခွဲခွါကြသည် မရှိဘဲ အမြဲ အတူသာ နေကြကုန်၏၊ **အဂ္ဂသာဝက အလောင်းနှစ်ဦးမှာ** မကောင်းဘူး

ဟူသော အနိဋ္ဌာရုံမျိုးကို မတွေ့မမြင်ရဘဲ မွေ့ရှင်ဘွယ်ရာဖြစ်သော အာရုံ အရပ်ရပ်ဖြင့်သာ မပြတ်ပျော်ရွှင်ကာ နေကြလေ၏။

ပစ္စည်းဥစ္စာ လွန်စွာကြွယ်ဝသော သူများ၏သား ဖြစ်ကြသည်အားလျော်စွာ အရာရာတွင် သူတကာတို့ထက် ပိုသာ၍ လိုရာမရှား ဖြစ်ကြကုန်သည့်ပြင် ပညာ အရာ၌လည်း မိမိတို့ဆရာမှတပါး အခြားသောသူများသည် ထိုလုလင် နှစ်ဦးနှင့် ယှဉ်ပြိုင်၍ နှီးနှော‌ပြောဆိုနိုင်သောသူ မရှိကြကုန်၊ အလုံးစုံသော လောကီ ပညာမျိုးကို ဒိုးကဲ့သို့မွှေပြီးလျှင် ရေကဲ့သို့ နှောက်နိုင်ကြလေကုန်၏၊ ၎င်းတို့ နှစ်ယောက်တွင် ဥပတိဿလုလင်သည် ဥယျာဉ်ကစား မြစ်နားကမ်းခွင် ပွဲသဘင်သို့ ထွက်ဝင်မှူးတူးသောအခါ အရွယ်တူသော ပုဏ္ဏားလုလင်တို့သည် ရွှေထမ်းစင်ငါးရာကို စီး၍ အသီးအသီး ခြံရံကာ လိုက်ပါကြကုန်၏၊ ကောလိတ လုလင်သည်ကား မြင်းရထားစီးသော ပုဏ္ဏားလုလင်တို့ဖြင့် ခြံရံကာသာ သွား လာလှည့်ပတ်ခြင်းကို ပြုလေ၏၊ ဤသို့လျှင် မိမိတို့၏ အခြံအရံနှင့်တကွ စိတ်တူ ကိုယ်မျှ နေထိုင်၍လာကြရာ တနေ့သောအခါဝယ် ရာဇဂြိုဟ်မြို့တော်ကြီး၌ အရပ်ရပ်သော ပြည်သူပြည်သားတို့ ပျော်ပါးမှူးရွှင်ခြင်းငှါ နှစ်စဉ်မပြတ် ပြုလုပ်အပ်သော တောင်ထိပ်ပွဲသဘင်သည် ထင်ရှားစွာ ဖြစ်ပေါ်၍ လာလေ၏။

လုလင်နှစ်ဦးတို့၏ ထူးသောသံဝေဂ

ထိုတောင်ထိပ် ပွဲသဘင်ကြီးသို့ လုလင်ပျိုဖြစ်သော မိတ်ဆွေနှစ်ဦးတို့သည် အထူးပျော်ရွှင်စွာ သွားလာကြည့်ရှုကြရာတွင် သောခန်း ရယ်ခန်းတို့၌ တသော သော ရယ်မောကြကုန်လျက် လွမ်းခန်း ဆွေးခန်းတို့၌ကား အတူတကွပင် လွမ်းကြ ဆွေးကြလေကုန်၏၊ ဤသို့လျှင် နေ့ရှည်ရက်များ ပျော်ပါးနှစ်သက်၍ ပေါင်းဘက် သွားလာကြလေရာ တနေ့သောအခါဝယ် ဥပတိဿ သတို့သား အား ကြီးမားရင့်သန်သော ပညာဉာဏ် ရှိခြင်းကြောင့် ဤသို့သောအကြံသည် ဖြစ်လတ်သတည်း၊ "ဤလောက ကမ္ဘာမြေ၌ အထွေထွေ အစားစား ဖြစ်ပေါ် လာကြကုန်သော လူအပေါင်းတို့သည်ကား ဖြစ်ခြင်းဟူသော အကြောင်းအား ဖြင့် အစာဟောင်းတွင်းဝယ် ငြိတွယ်ကြီးပွားသော ပိုးလောက်များကဲ့သို့ အမိ, အဘနှစ်ပါးတို့၏ စက်ဆုပ်ရွံရှာဘွယ်သော အညစ်အကြေးတွေကို မှီ၍ ဖြစ်ပေါ် လာကြရသောကြောင့် နှာခေါင်းတွန့်၍ အလွန့်အလွန် မသတီစရာ ရွံဘွယ်ရာ

စင်စစ် ကေန်ဖြစ်တော့သည်၊ ပဋိသန္ဓေ တည်နေရာဖြစ်သော မိုရာအားဖြင့်လည်း အမိစားသော အစာဟောင်း, အစာသစ်တို့၏ ဗဟိုအလယ်၌ နှစ်၍ တဆယ့်ရှစ်ထပ်သော အူခွေတို့၏ အကြားဝယ် သစ်ငုတ်ဖျား၌ မိုယ်းစိုသော မျောက်အိုကြီး အလားကဲ့သို့ လှုပ်ရှားခြင်းငှါ မတတ်သာဘဲ ကြပ်တည်းစွာ နေရခြင်းကြောင့် အမိဝမ်းခေါင်း၌ ကိန်းအောင်းမှုသည် သူ့အတွက်, ငါ့အတွက် မသက်မသာ လွန်စွာ ဆိုးဝါးလှချေသည်။

အချိန်ရောက်၍ ဘွားမြောက်သော အခါ၌လည်း * အသူတရာ နက်လှစွာသော ချောက်အတွင်းသို့ တွန်းချခြင်း ခံရဘိအလား မျက်နှာကို ကျောဘက်ထားရာမှ အောက်ဘက်သို့ထွက်ရန် ဦးခေါင်းကို တဖန်လှည့်ရခြင်းသည်ကား လွန်မင်းစွာ ထိတ်ကြောက်၍ အသက်မျှ မှားလောက်အောင် ဆင်းရဲကြီးပေတည်း၊ အပြင်ဘက်သို့ ရောက်အောင် ဘွားမြောက်သော အခါ၌မူကား သံကောက်ပေါက်အတွင်း ဆင်ပြောင်ကြီးကို သွင်းသကဲ့သို့ ထန်ပြင်းစွာသော ဒုက္ခ မုချဖြစ်ရလေသည်၊ ဤယခုလို ကျင်နာထန်ပြင်းစွာ မွေးဘွား၍ အပြင်သို့ ရောက်သောအခါ လက်ကြမ်း,ခြေကြမ်း, အဝတ်ကြမ်းတို့ဖြင့် ကိုင်တွယ်ပွေ့ချီကြခြင်းကြောင့် အသားနုတက်စအနာကို အပ်တရာ, လှံတရာဖြင့် အပြန်ပြန်အခါခါ ဆွတာလို ကြိမ်းစပ်ဝင်စူး တထွန့်ထွန့်လူးအောင် အထူးနာကျင်လှချေသည်။

ဤသို့မွေးဘွား၍ ကသိကအောက် ဒုက္ခဖြင့် ကြီးပြင်းခြင်းသို့ ရောက်လာသောအခါ ကိုးဆယ့်ခြောက်ဖြာသော ရောဂါဝေဒနာတို့သည် ဝိုင်းအုံ၍လာပြန်သဖြင့် မျက်စိနာ, နားနာ, ခါးနာ, သွားနာ, ဝမ်းနာ,ခေါင်းခဲ, ပွေး, ဝဲ, နူနာ, ဒူလာ, ပါဒရက် အနာချင်းထွေးယှက်၍ အေးကွက်မနင်း နှိပ်စက်ခြင်း ပြင်းလှသော ဒုက္ခမျိုးကို မုချ ဝင်တိုးရချေမည်၊ ရောဂါတွေမပြတ်ဘဲ ဒုက္ခကြီးအမြဲကပ်နေသော အထဲမှာ "နူရာတွင် ဝဲစွဲ, လဲရာတွင် သူခိုးထောင်း" ဆိုဘိသကဲ့သို့ မျက်စိက သီ, နားက အီ ပြီးလျှင် အများက မသတီအောင် သွားရည်စိမ့်ယိုရွှေးကလို မတူဘဲ ဆံဖြူ, သွားကျိုး, အရိုးပြိုင်းပြိုင်း, ခါးကကိုင်း၍ ဇရာတွေ ဝိုင်းအုံကာ လာရချေသည်၊ ရောဂါဝေဒနာ ကင်းကင်းနှင့် သန့်ရှင်းစင်ကြယ်စွာ

* အတောင်ငါးရာ နက်သော ချောက်ကမ်းပါး။

ကြီးပွားလာရသောသူ ဖြစ်သော်လည်း အနှစ်တရာ အတွင်းသာ ခံ့တင်းစွာ နေနိုင်ချေမည်၊ ဤ အနှစ်တရာ မကြာမီအတွင်း၌ပင် သေမင်း၏လက်တွင်းသို့ သက်ဆင်း ဝင်ရောက်ရချေမည်သာတည်း၊ အသက်မသေ တည်နေရသောကာလ အတွင်း၌ စားခြင်း, သောက်ခြင်း, နေခြင်း, ထိုင်ခြင်း အရှုပ်မကင်းသောအမှု ကိစ္စတို့အတွက်အသက်မျှမရှူသာအောင် ရှာကြံဆည်းပူးရသောဒုက္ခ,ညီ,အစ်ကို မောင်,နှမ,မိဘ, သားမယားတို့နှင့် စပ်သမျှ တွေ့ကြုံရသောဆင်းရဲ, အိုးမှု အိမ်မှု ရပ်ရေး ရွာရေး တို့ကြောင့် မအေးရသော သောကနှင့်တွေ့ရသောဆင်းရဲ,ဤသို့ စသော ဆင်းရဲမှုဒုက္ခ အပေါင်းကိုသာ အကြောင်းအားလျော်စွာတွေ့ရချေမည် မှာ ဧကန်သာဖြစ်ချေ၏၊ ထိုသို့ဖြစ်ပါလျက် အုတ်အုတ်ကျက်ကျက် အားတက် ရွှင်လန်း ရယ်သွမ်းသွေးကာ ပျော်နိုင်ကြရှာသောသတ္တဝါအနန္တတို့ကားလွန်စွာ အံ့သြဘွယ်ရှိလှပေသည်”ဟူ၍ သံဝေဂဉာဏ် ထက်သန်သောစိတ္တုပ္ပါဒ်ဖြင့် မပြတ် ကြံစည်၍နေရာ ရှေးအခါကကဲ့သို့ မဟုတ်ဘဲ လွှမ်းသင့်သောအခါလည်းမလွှမ်း, ဆွေးသင့်သော အခါလည်း မဆွေး, ရယ်သင့်သောအခါလည်း မရယ်မပြုံးဘဲ နှလုံးမာတ်ကို မီးထိသကဲ့သို့ ပကတိ ညှိုးခြောက်သော မျက်နှာဖြင့်သာ တောင် ထိပ် ပွဲသဘင်ကြီးကို ရှုစားကာ နေလေ၏။

ဥပတိဿ၏ အခြေအနေကို ကောလိတမြင်လေသော် “အို မိတ်ဆွေကြီး ဥပတိဿ မိတ်ဆွေသည် ရှေးရှေးသော နေ့ရက်အခါများကဲ့သို့ ယနေ့ သင်၏ မျက်နှာထားသည် မဟုတ်ချေတကား၊ ဘယ်ပုံ ဘယ်နည်း စဉ်းစားကြံဆ၍ နေသည်ကို သိပါရစေ”ဟု ပြောကြားလေ၏၊ ဥပတိဿကလည်း မိမိကြံစည် သော အကြောင်းကို ပြန်ပြောင်း၍ ပြောပြလေသော် “ဟုတ်ပေ၏မိတ်ဆွေကြီး အကျွန်ုပ်လည်း ဤအတိုင်းပင်ကြံစည်၍ ဉာဏ်မှီသမျှစဉ်းစားမိပါသည်၊ ဤယခု ကဲ့သို့ ပွဲလမ်းသဘင်ကို ရှုစားခြင်းသည် အနှစ်သာရမရှိ အကာအတိဖြစ်ချေ၏၊ အနှစ်သာရ မရှိသောအလုပ်၌အချိန်ကို ဖြုန်းတီးပစ်ပါလျှင် တော်မည်မထင်ပါ၊ အနှစ်မရှိသော တရားအပေါင်းတို့၏ ခိုအောင်းရာဖြစ်သော ဤသံသရာမှ မြန်စွာထွက်ကြောင်းတရားကို အားစိုက်၍ ရှာမှီးခြင်းငှါ သင့်လျော်ပေပြီ”ဟု ပြောကြားလေ၏။

သုဓမ္မဝတီ (၈) ၂၀၁–၄၄

သူငယ်ချင်းနှစ်ဦး တရားထူးရှာကြခြင်း

ယင်းသို့လျှင် မိတ်ဆွေနှစ်ဦးတို့သည် ထူးသော သံဝေဂစကားကို ပြောကြားကြကုန်ပြီးလျှင် "တရားကောင်းကို ရှာအံ့"ဟု တိုင်ပင်ကာ ရသေ့ ရဟန်းပြုရန် ရည်သန်ကြလေ၏၊ ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်ကြီး၌ မိမိ၏ အခြွေအရံ ပရိသတ်တို့ဖြင့် ကျော်ကြား၍ ဆရာတပါးပြုလုပ်နေသော သိဉ္စည်းပရိဗိုဇ်သည် ရှိလေ၏၊ ဥပတိဿနှင့် ကောလိတတို့သည် ထိုသိဉ္စည်းပရိဗိုဇ် ဆရာကြီးထံ၌ပင် ရဟန်းပြုကြမည်ဟု ငါးရာသော လုလင်တို့နှင့် ထမ်းစင်,ရထားတို့ကို အိမ်သို့ပြန်လွှတ်လိုက်၍ ဥပတိဿသည်ကား ထမ်းစင်ကိုစီးကာ ကောလိတမှာမူ ရထားကိုစီးလျက် သိဉ္စည်းဆရာကြီးထံသို့ သွား၍ ရဟန်းပြုကြကုန်သတည်း။

ထိုအဂ္ဂသာဝက အလောင်းနှစ်ပါး ရောက်သောနေ့ရက်ကစ၍ သိဉ္စည်းဆရာကြီး၌ များစွာသောလာဘ်လာဘ အခြွေအရံတို့သည် တနေ့တခြား တိုးတက်၍ တန်ခိုးထွက်လာလေ၏၊ အရှင်နှစ်ပါးမှာမူ တထွာပြ တလံမြင်သော ဉာဏ်ရှင်များ ဖြစ်သည်အားလျော်စွာ ဆရာကြီးထံမှောက်သို့ ရောက်၍ မကြာမီပင် ဆရာ့ပညာကို ကုန်စင်အောင် တတ်မြောက်ကြ၍ ဆရာ့ရှေ့တွင် ရိုသေစွာ ထိုင်ပြီးလျှင်"အရှင်ဆရာကြီး အရှင်၏ပညာသည် ဤမျှလောက်သာ ဖြစ်ပါသလော၊ ထိုသို့မဟုတ်မူ ထို့ထက်ပင် အထက်တန်းရောက်အောင် တတ်မြောက်ပါသေးသလော"ဟု မေးမြန်းကြကုန်၏၊ ဤသို့မေးမြန်းသောအခါ သိဉ္စည်းဆရာကြီးသည် "အို·တပည့်တို့ ငါတတ်သော ပညာသည် ဤမျှသာတည်း၊ သင်တို့သည် ငါ့ပညာကို အလုံးစုံပင် တတ်မြောက်ကြလေပြီ"ဟု မိန့်ဆိုလေ၏။

ထိုဆရာ၏စကားကို ကြားရသော မိတ်ဆွေနှစ်ဦးတို့သည် အချင်းချင်း လက်တို့ကြပြီးလျှင် "ဤဆရာ၏ ပညာသည် မဂ်, ဖိုလ် ရောက်ကြောင်း တရားကောင်းမဟုတ်ချေ၊ ဤပညာ ဤအကျင့်ဖြင့် အမြိုက်နိဗ္ဗာန်ကို ကေန်ရနိုင်မည် မဟုတ်၊ အမြိုက်တရား ရကြောင်းဖြစ်သော အကျင့်ကောင်းတရားမြတ်ကို ရှာမှီးကြကုန်အံ့"ဟု တိုင်ပင်ကာ တရားကောင်းရှာရန် ဆရာကို ခွင့်ပန်ကြကုန်၏၊ ခွင့်ပန်သည့် အတိုင်းပင် အခွင့်ရကြ၍ ဝမ်းမြောက်လှသော အမူအရာဖြင့် ထွက်လာကြလျက် မိတ်ဆွေ ဤဇမ္ဗူဒီပါကျွန်းကြီးသည် များစွာကျယ်ဝန်းလှပါ၏၊ ထိုထိုမြို့ရွာ နိုင်ငံတို့၌ ပညာရှိ အမည်ခံသော ပုဂ္ဂိုလ်များထံသို့ သွားရောက်ကာ



ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိမထေရ်နှင့် တရားဆွေးနွေးခန်း။

စုံစမ်းမေးမြန်းကြဦးအံ့၊ ကျွန်ုပ်တို့ နှစ်ဦးတွင် အကြင်သူသည် လက်ဦးစွာ တရားထူးကိုရအံ့၊ ထိုသူသည် မရသေးသောသူ့ထံ အမြန်ပြောကြစတမ်း”ဟု ကတိကဝတ်ကို ထား၍ အသီးအသီးသွားကာ တရားရှာကြကုန်၏၊ မိတ်ဆွေနှစ်ဦးတို့သည် အထူးတိုင်ပင် ပြောဆိုကြကုန်ပြီးလျှင် ဇမ္ဗူဒီပါကျွန်းလုံး၌ သိမ်းကျုံး၍ ရှာဖွေသော်လည်း မိမိတို့ထက် လူရည်သာသူကို မတွေ့ကြသောကြောင့် မိမိတို့နေရပ်ဌာနသို့သာ ပြန်ကြွလာကြကုန်၏။

တရားထူးကိုရခြင်း

ထိုရောအခါ ရှင်တော်မြတ်ဘုရားသည် ဝေဠုဝန်ကျောင်းတော်ကို အလှူခံသည်မှာ သုံးရက်မြောက်ဖြစ်၏၊ထိုနေ့၌ ပဉ္စဝဂ္ဂီတွင် တပါးအဝင်ဖြစ်သော အရှင်အဿဇိ မထေရ်မြတ်သည် သပိတ်, သင်္ကန်းကို ပြင်ဆင်လျက် ငြိမ်သက်သောဣန္ဒြေဖြင့် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်လေ၏၊ အရှင် သာရိပုတြာ အလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် မြို့တွင်းမှ ဆွမ်းစားပြီးလျှင် ကျောင်းသို့အပြန် အရှံသင့် တွေ့မြင်လေလျှင် “ဤအရှင်မြတ်ကဲ့သို့ ယဉ်ကျေးတည်ငြိမ်ဣန္ဒြေအမူအရာနှင့် ပြည့်စုံသော ရဟန်းကို တခါတရံမျှ မမြင်စဘူး ထူးမြတ်တင့်တယ်လှပါပေသည်၊ ဤလောကကြီးတွင် ဤအရှင်ကား အမြိုက်တရား၏တည်ရာ ရဟန္တာသော်လည်း ဖြစ်ပေမည်၊ ရဟန္တာဖြစ်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံသော သူတော်သူမြတ်သော်လည်း ဖြစ်ပေမည်၊ ဤပုဂ္ဂိုလ်သူမြတ်ထံသို့ ချဉ်းကပ်၍ သင့်မြတ်သော တရားကို လျှောက်ထားလေလျှင် ကောင်းပေလိမ့်မည် သို့ပါသော်လည်း ယခုအခါ ဆွမ်းခံဆဲဖြစ်၍ မေးမြန်းလျှောက်ထားခြင်းငှါ မသင့်လျော်သေး၊ သူ့ပညာကို နည်းခံလိုမူ သူ၏ အမှုကိစ္စကိုလည်း ပြုမှသင့်ချေမည်”ဟု ကြံစည်ကာ အရှင်အဿဇိ ကြွရာနောက်မှ မနီးမဝေး လိုက်လေ၏၊ အရှင်အဿဇိမထေရ်သည် ဆွမ်းခံပြီး၍ ဆွမ်းစားစရပ် တခုသို့ ကပ်တော်မူသောအခါ မိမိ၌ပါသော ပရိဗိုဇ်တို့၏ အင်းပျဉ်ကိုခင်းလျက် ကရားမှ ရေကိုပေး၍ ဆွမ်းစားရေး၌ ပြုထိုက်သမျှသော အာစရိယဝတ်ကို ပြုလေ၏။

အရှင်အဿဇိမထေရ်ဆွမ်းဘုဉ်းပေးပြီးသောအခါ ဝမ်းသာရွှင်ပျ ပဋိသန္ထာရစကား ပြောကြားပြီးမှ “အို-အရှင်မြတ် လောကဓာတ် ဤလူ့ဘောင်တွင် အရှင်နှင့် တူယောင်ယောင် ပုဂ္ဂိုလ်သော်မှ မတွေ့စဘူးပါ၊ အရှင်မြတ်၏ ဣန္ဒြေ

အမှုအရာသည် လွန်စွာ နှစ်သက်ဘွယ်ရှိ၍ ဖြူစင်သန့်ရှင်းသော အဆင်းတော် ပုံပန်းကလည်း လ,ယုန်စန်းအတူ ကြက်သရေ ရှိတော်မူပါပေသည်၊ အရှင်မြတ် သည် အဘယ်ကို ရည်မှန်း၍ ရဟန်းပြုပါသနည်း၊ အရှင်မြတ်၏ ဆရာကား မည်သူ မည်ဝါပါနည်း၊ အဘယ်သူ၏တရားကို လိုလား နှစ်သက်ပါသနည်း၊ အဘယ်သူ၏ အဆုံးအမသည် နှလုံးဟာဒယစွဲမှီ၍ အမြဲတည် ကိန်းပါသနည်း”ဟု လျှောက်ထား မေးမြန်းလေ၏။

ထိုအခါ အရှင်အဿဇိ မထေရ်မြတ်သည်ကား“ဤပရိဗိုဇ် ရဟန်းများသည် ဗုဒ္ဓရှင်မြတ်စွာ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်ချေသည်၊ ဤပရိဗိုဇ်ရဟန်း အား သာသနာတော်မြတ်၏ ဆန်းကြယ်နက်နဲ ခက်ခဲသိမ်မွေ့ပုံကို စေ့စုံအောင် ပြောပြခြင်းငှါသင့်ပေ၏၊ ပြပေအံ့”ဟု ကြံစည်တော်မူကာ“ငါ့သျှင် ငါရည်မှန်း၍ ရဟန်းပြုအပ်သော ဆရာမြတ်ကား လောကဓာတ် သုံးရပ်တွင် မန္တန်းအပ်, မတုအပ်သော အသဒိသ ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူပေသည်၊ သာကီဝင် မင်းအမျိုးမှ မညှိုးသော ဂုဏ်အတန်းဖြင့် ရဟန်း ပြုသော်သူပေတည်း၊ အရဟံ စသော ဂုဏ်ကိုးပါးနှင့် ပြည့်စုံ၍ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ ရှိသမျှသော လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ဝပ်စင်းခိုလှုံရာ ရတနာမကိုဋ် မျှော်ဖူးထိုက် သော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပေသည်၊ ထိုလောကထွတ်ထား မြတ်စွာဘုရားသည် ငါ၏အားထားရာဖြစ်သော ဆရာမြတ်ပေတည်း၊ ထိုဆရာမြတ်ဟောကြားအပ် သော တရားကိုသာ လိုလားနှစ်သက်ပေသည်၊ ထိုဆရာမြတ်၏ မိန့်အပ်သော အဆုံးအမကိုသာ ဟာဒယနှလုံးဓာတ်၌ မပြတ် သိုမှီးရပေသည်”ဟု မိန့်တော် မူလေ၏။

ထို့နောက် ဥပတိဿပရိဗိုဇ်သည်“အို-အရှင်မြတ် အရှင်၏ ဆရာဘုရားသည် အဘယ်တရားကို ဟောကြားပါသနည်း၊ အဘယ်အယူကို ကြည်ဖြူပါသနည်း၊ အကျွန်ုပ်ကား တရားရှာသူ ဖြစ်ပါ၏၊ ထိုအရှင့်ဆရာ၏ တရားကို တဆင့်ပြန်၍ ဟောကြားတော်မူပါ”ဟု လျှောက်ထားလေသော်“ငါ့သျှင်ပရိဗိုဇ်ရဟန်းငါသည် ကား ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ရဟန်းပြုသည်မှာ မကြာမြင့်သေးပါ၊ သို့ကြောင့် *လေးပါးသော ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံသော တရားကို အကျယ်ဖွင့်၍

* ၁–အနက် အဓိပ္ပါယ်၏ နက်နဲခြင်း အတ္ထဂမ္ဘီရ။ ၂–တရားတော်၏ နက်နဲခြင်း ဓမ္မဂမ္ဘီရ။ ၃–ဟောပြောပုံ၏ နက်နဲခြင်း ဒေသနာဂမ္ဘီရ။ ၄–ထိုးထွင်းသိမှု၏ နက်နဲခြင်း ပဋိဝေဓဂမ္ဘီရ။

ဟောကြားခြင်းငှါ မစွမ်းနိုင်ပါ၊ အမြွက်မျှဖြစ်သော သာမညတရားကိုသာ ဟောကြားနိုင်ပါသည်”ဟု မိန့်တော်မူလေ၏၊ ထိုအခါ ဥပတိဿ ပရိဗိုဇ်က “အို·အရှင်မြတ်ဘုရား ဇမ္ဗူဒီပါကျွန်းနယ်တလွှားခွဲ အကယ်အားဖြင့် ပေါ်လွင်၍ ကျော်ချင်တိုင်း ကျော်ကြားနေသော **ဥပတိဿ** ဆိုသည်မှာ အကျွန်ုပ်ပါတည်း၊ အရှင်ဘုရားသည် အနည်း,အများ စွမ်းအားရှိသလောက်သာ ဟောတော်မူပါ၊ သို့သော် တခုလျှောက်လိုသည်မှာ အနက် အဓိပ္ပါယ်ပါပါ သဒ္ဒါတွေ နည်းပါး၍ အနှစ်အသားရှိသည်ကိုသာ နာကြားလိုပါသည်၊ သဒ္ဒါကျယ်၍ အကာသဘွယ် ဖြစ်သောတရားကို ဟောကြားတော်မမူပါလင့်၊ သဒ္ဒါအနေအထား အပိုစကား များ၍ အနှစ်အသားနည်းသော တရားကို နာကြားရခြင်းသည် ပျင်းစရာပင် ကောင်းလှ၍ မဂ်ရ,ဖိုလ်ရမှုမှုလည်း ဝေးချေ၏၊ အကျဉ်းအားဖြင့် အနှစ်သာရ များများ အရှင်ဘုရား ဟောကြားသည်ကို နည်းအရာ, နည်းအထောင်ဖြင့် တန်ဆာဆင်၍ ချဲ့ထွင်ကာ သိမြင်ဘို့အရေးကိုကား အကျွန်ုပ်အား တာဝန်ပေး တော်မူပါ”ဟု ကောင်းစွာ လျှောက်ထားလေသော် အရှင်အဿဇိမထေရ်မြတ် သည် အောက်ပါ ဂါထာကို သာယာပြေပြစ်စွာ ဟောကြားတော်မူလေ၏။

လက်ျာရံ မထေရ်မြတ်ကြီး ပထမလက်ဦး အရိယာဇာတ် ကူးသော ဂါထာတော်ကြီး

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော။

ယေ ဓမ္မာ၊ အကြင် ခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့သည်။ ဟေတုပ္ပ- ဘဝါ၊ အကြောင်းဖြစ်သော သမုဒယသစ္စာ တဏှာ လောဘလျှင် အမွန်အစ ပဘဝဖြစ်ကုန်၏။ တေသံ၊ ထိုခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့၏။ ဟေတုံ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ တထာဂတော၊ မှန်ကန်စကား မြွက်ကြားတုံလတ် ဘုရားမြတ်သည်။ အာဟ၊ ရွှေနှုတ်တော် ကြာကုမုဒ်မှ ထုတ်ပြန်မြွက်ချေ ဟောမိန့်တော်မူလေ၏။တေသဉ္စ ဓမ္မာနံ၊ ထိုအကျိုးဖြစ်သော

ဒုက္ခသစ္စာ, အကြောင်းဖြစ်သော သမုဒယသစ္စာ တရားတို့၏လည်း။ ယော နိရောဓော၊ အကြင်ချုပ်ရာငြိမ်းရာ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်,ထိုချုပ်ငြိမ်းရာ မှန် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါး မဂ္ဂသစ္စာ တရားသည်။ အတ္ထိ၊ အမှန်အားဖြင့် ထင်ရှားရှိ၏။ တဥ္စ၊ အကျိုးဖြစ်သော နိရောဓသစ္စာ, အကြောင်းဖြစ်သော မဂ္ဂသစ္စာတရား ယင်းနှစ်ပါးကိုလည်း။ တထာဂတော၊ ရှင်တော်ထွတ်ထား ငါတို့ဘုရားသည်။ အာဟ၊ သဗ္ဗညုတဉာဏ် ဖြင့် ဝေဘန်ချင့်မြှော် ဟောတော်မူ၏။ မဟာသမဏော၊ ရဟန်းတကာတို့ထက် လွန်စွာထူးခြား အမြတ်စားဖြစ်သော မြတ်စွာဘုရားသည်။ ဧဝံဝါဒီ၊ ဤသို့ သစ္စာလေးဆူ အရင်းထုကာ ဟောတော်မူလေ့ ရှိပေသတည်း။

> မှတ်သားချက်။ ။ဤဂါထာ၏ အနက်ပေးပုံမှာ အချို့နေရာ၌ အနည်းငယ် ချွတ်ယွင်းပြီးလျှင် အချို့နေရာ၌ မဂ္ဂသစ္စာပင် မပါ၍ ကျန်နေတတ်လေသည်၊ သို့အတွက် အနက်မှန်ကို သိကြစေခြင်း အကျိုးငှါ ဤနေရာ၌ အနက်ပေး၍ ရေးသားလိုက်ရပါသတည်း။

ဤဂါထာကို အရှင်အဿဇိ ဟောတော်မူလေလျှင် ဥပတိဿ ပရိဗိုဇ်သည် ဂါထာမဆုံးမီပင် သောတာပန်ဘည်လေ၏၊ "ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော"တွင် **တော** ၏ အဆုံး၌ အလုံးစုံသော သုံးဘုံလောကမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက် ပြုလေသတည်း။

ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိမထေရ်မြတ်၏တရားကို ကြားနာရသော အခါ လေးဖြာသော သစ္စာအလင်းကို ထိုးထွင်း၍ သိသဖြင့် ပီတိ သောမနဿ ဇောဖြာပြီးလျှင် ဦးတင်ယှက်မိုးအကြိမ်ကြိမ်ရှိခိုးလျက်"အရှင်ဘုရား ဤမျှသော တရားကိုသာ ဟောကြားတော်မူပါ၊ ရှေ့သို့ဆက်၍ နှုတ်မြွက်တော် မမူပါလင့်၊ ဤမျှလောက်သော တရားဖြင့် ဆိုင်းထားသင့်သော အကြောင်းသည် တပည့် တော်၌ရှိပါသည်၊ သို့ရာတွင် တပည့်တော်များ၏ဆရာ မြတ်စွာဘုရားသည် ယခု အခါ အဘယ်မှာရှိပါသနည်း"ဟု လျှောက်ထားမေးမြန်းလေ၏၊ အရှင်အဿဇိ သည် "ဘုရားသခင်ကား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရှိလေသည်" ဟု မိန့်ကြားတော်မူသောအခါ "အရှင်ဘုရား ကြွတော်မူနှင့်ပါ၊ မကြာမီအတွင်း မိတ်ဆွေရင်း အဖော်တယောက်နှင့် မြတ်စွာဘုရားထံမှောက်သို့ အရောက်လာ

ပါမည်ဘုရား”ဟု လျှောက်ထားပြီးလျှင် မိမိနေရာဖြစ်သော ပရိဗိုဇ်အာရာမ်သို့ အမြန်သွားလေ၏။

မိတ်ဆွေနှစ်ဦး ပြန်တွေ့ခြင်း

ယင်းသို့ ဥပတိဿပရိဗိုဇ် လာနေသည်ကို ကောလိတမြင်လျှင်ပင် “ငါ့မိတ်ဆွေချစ် ဥပတိဿ၏ ဣန္ဒြေအမူအရာသည် ယနေ့ ထူးခြားစွာ ဖြစ်လေ၏၊ မြတ်သောတရားကို နာကြားခဲ့ရသဖြင့် တရားထူးရလာဟန်တူပေသည်၊ ငါကပင် စတင်၍ အရင်မေးမြန်းရပါမူ ကောင်းလေစွ”ဟု ကြံဆစဉ်းစား၍ နေစဉ်ပင် ဥပတိဿသည် အနီးသို့ ရောက်လာလေ၏၊ ထိုအခါ ကောလိတက “ခင်မင်ရင်းနှီး မေတ္တာဓာတ် ကြီးလှစွာသော သဟာယအစစ် အို-မိတ်ဆွေချစ် မိတ်ဆွေ၏ ဣန္ဒြေသိက္ခာ ကိုယ်အမူအရာ, နှုတ်အမူအရာသည် အခါတပါးနှင့် မတူဘဲ ထူးကဲ ခြားနားလှပါပေသည်၊ လပြည့်အခါ စန်းရတနာနှင့် ကြွေခါစ ထန်းသီးမှည့် အညှာကဲ့သို့ သာယာလန်းရွှင်သော မျက်နှာအသွင်လည်း ရှိပေသည်၊ အမြိုက်တရားကို ကြားနာရခဲ့ပါပြီလော၊ အကြောင်းစုံ ဟုတ်သမျှကို နှုတ်ဟ၍ ဖွင့်စမ်းပါဦး”ဟု ညွတ်နူးသောနှုတ်သံဖြင့် မေးမြန်းလေ၏။

ဥပတိဿသည် အရှင်အဿဇိနှင့် တွေ့ရသည်မှ အစထား၍ အမြိုက်တရားကို နာကြားရသည်တိုင်အောင် ပြောလေ၏၊ ထိုအခါ ကောလိတသည် အလွန်တရာပင် ကြည်ရွှင်ဝမ်းမြောက်သည်ဖြစ်၍ “မိတ်ဆွေ ကြားနာခဲ့ရသော တရားကို အကျွန်ုပ်အား တဖန်ပြန်၍ ဟောပြော်ပါဦး”ဟု တောင်းပန်လေလျှင် မိမိနာကြားခဲ့ရသော “ယေ ဓမ္မာ ဟေတုပ္ပဘဝါ” အစရှိသော ဂါထာကို သာယာစွာ မြွက်ဟ၍ ဟောပြသောအခါ ကောလိတမှာလည်း သောတာပတ္တိမဂ်နန်းသို့ တက်လှမ်းကူးမြောက် ရောက်လေသတည်း၊ဤသို့လျှင် သောတာပတ္တိ အရိပ်ဘုံကို ခိုလှုံရသောအခါ လွန်စွာဝမ်းမြောက်လှသည်ဖြစ်၍ အို-မိတ်ဆွေ ဥပတိဿ အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်မည်သောကျောင်း၌ ကိန်းအောင်းရှင်ပြုံး သီတင်းသုံးပါသနည်း”ဟု မေးလေ၏၊ ဥပတိဿက “မိတ်ဆွေကြီး ကောလိတ အရှင်အဿဇိ မထေရ်မြတ် မိန့်အပ်တော်မူသည်ကား မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းရှင်ပြုံး

သီတင်းသုံးပါသည်”ဟု ပြန်ပြောလေလျှင် ကြည်ရွှင်နှစ်သက် အားတက်၍ သွားလေ၏။

ထို့နောက်တဖန် ဥပတိဿက “မိတ်ဆွေကြီး ကောလိတ နှစ်ရာ့ငါးဆယ်စီသော ပရိဗိုဇ်တို့သည် ကျွန်ုပ်တို့ကိုသာ မှီခိုကိုးစား အားထား၍ နေကြပေသည်၊ ထိုပုဂ္ဂိုလ်တို့အား အကြောင်းအားလျော်စွာ ပြောကြားချေဦးမှ သင့်လျော်ပေမည်”ဟု ပြောဆိုကာ နှစ်ရာ့ငါးဆယ်စီသော တပည့်ပရိဗိုဇ်တို့အား အကြောင်းစုံကို ပေါင်းခြုံ၍ ပြောကြားကြလေ၏၊ ထိုအကြောင်းကို ကြားကြသော တပည့်သား ငါးရာတို့ကလည်း အရှင်နှစ်ပါးသာ ကြွသွားကြပါမူ တပည့်ဖြစ်သော အကျွန်ုပ်တို့သည်လည်း ဆရာနှစ်ပါး၏ နောက်တော်ပါးက တဘာဝါး မကွာလိုက်ရန်သာ အသင့်ရှိပါတော့ကြောင်း၊ အရှင်နှစ်ပါးတို့နှင့်အတူ မြတ်စွာဘုရား၏ သနားချီးမြှောက်တော်မူသော ဩဝါဒနည်းမှန်ကို နာခံကျင့်ဆောင်ကြပါမည်”ဟု ပြန်လည်ကာ လျှောက်တင်ကြလေ၏။

သိဉ္စည်းဆရာကြီးကို ခေါ်ကြခြင်း

ထို့နောက်မှ ဥပတိဿနှင့် ကောလိတတို့သည် သိဉ္စည်းဆရာကြီးထံသို့ သွားကြကုန်၍“အရှင် ဆရာတော်ဘုရား တပည့်များသည် နိဗ္ဗာန်တရား ဟောကြားညွှန်ပြတတ်သော ဆရာမြတ်ကို တွေ့ကြရပါပြီ၊ ဤလောက၏ အစ, အဆုံးကို အလုံးစုံမြင်၍ တဏှာ, အဝိဇ္ဇာစင်အောင် ပြုတတ်သော မြတ်စွာဘုရားသည် ထင်ရှားစွာ ပွင့်တော်မူပါပြီ၊ တရားစစ် တရားမှန်နှင့် သံဃာစစ် သံဃာမှန်များလည်း အထင်အရှား ဖြစ်ပေါ်ပါပေပြီ၊ အရှင်ဆရာတော်များသည် အနှစ်သာရ မရှိဘဲ အကာအတိုသာဖြစ်၍ စင်စစ်အားဖြင့် အချည်းနှီးဖြစ်သော အကျင့်ကို ပယ်လှင့်စွန့်ခွါကာ ဘုရားမြတ်စွာထံ အဆုံးအမ ခံပြီးလျှင် ကျင့်ကြံအားထုတ်ကြကုန်စို့အံ့”ဟု လျှောက်ထား ပြောဆိုကြကုန်၏။

ထိုအခါ သိဉ္စည်းဆရာကြီးက “ငါ၏လက်ရုံး အလားကဲ့သို့ အားထားအပ်သော တပည့်မြတ်နှစ်ဦးတို့ ငါဆရာသည်ကား ဤရာဇဂြိုဟ်ပြည်ကြီး၌ ထီးတံခွန်အသွင် အလွန်ပင်ထင်ရှားသော ဂိုဏ်းဆရာကြီးတပါး ဖြစ်ချေသည်၊ ရေခံအိုးအိုးထုပ်ကြီးကို ခေါင်းရွက်လက်ငင် အိုးကလေးပြုလုပ်လျှင် အမြင်မတော်သဖြင့်

ဆင်တော်နှင့် ခလောက်ကဲ့သို့ သူတပါးလက်အောက်ခံ၍ မလျှော်ကန်ရာပြီ၊ ငါ့ထံ၌လည်း ပရိသတ် အခြွေအရံ များပါ၏၊ ဆရာတပည့် သုံးယောက်ပင် ဤမျှလောက်သော ပရိသတ်တသင်းကို ဆောင်ကြဉ်းကြကုန်အံ့၊ တပည့်များလည်းမသွားကြပါနှင့်”ဟု ပြောဆိုကာ သုံးခါသုံးကြိမ် တားမြစ်လေ၏၊ဥပတိဿနှင့် ကောလိတတို့ကလည်း “ဤလောကကြီးအတွင်း၌ ပြိုင်ဘက်ကင်း၍ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ဝပ်စင်းပူဇော်ရာ မဟာအတုလ အသဒိသဖြစ်သော ဘုရားရှိကြောင်းကို လူအပေါင်းတို့ သိကြရလေလျှင် မည်သူ တဦးတယောက်မျှ ဆရာ့ထံသို့ နည်းခံရန် လာကြတော့မည် မဟုတ်ပါ၊ လှူဒါန်းပူဇော်ဖူးမျှော်ရန်အတွက် နှစ်သက်ကြည်ညိုသော သူများလည်း ရှိကြတော့မည်မဟုတ်ပါ၊ ငါးမာရ်အောင်မြင်သော ဘုရားရှင်ထံသို့သာ ပန်း, နံ့သာ လက်စွဲ၍ မှိုဝဲဆည်းကပ်ကြပါလိမ့်မည်၊အနှစ်မရှိသော ဂုဏ်တုဂုဏ်ယောင်ဖြင့် ထောင်လွှားမာန်လှင့်ကာ မပြုသင့်ရိုး မှန်ပါသည်၊ အကာဖြစ်သော တရားနှင့် ထောင်လွှားတော် မမူပါနှင့်”ဟု ရင့်ရင့်သီးသီး နင့်နင့်ကြီး ပြောဆိုကြလေ၏။

တပည့်နှစ်ဦးတို့၏ လျှောက်ထားသော စကားကို ကြားရသော သိဉ္စည်းဆရာကြီးသည် “တပည့်တို့ ဤလောကမြေပြင်ဝယ် မြော်မြင်တတ်သော ပညာရှိက များသလော၊ သို့တည်းမဟုတ် လူနုပ် လူချာ ပညာမဲ့ကင်း လူ့ကြွက်ဖျင်းကများသလော”ဟု မေးလေသော် “အို-ဆရာတော် ဤလောကကြီး အတွင်း၌ လူဖျင်းလူညံ့ကသာ ပေါ၍ ပညာရှိသောသူများကား အလွန်ရှားပါးပါသည်”ဟု လျှောက်ထားကြလေ၏၊ ထို့နောက်မှ သိဉ္စည်းဆရာကြီးက“တပည့်များတို့ ယုတ်ညံ့သော သတ္တဝါသည် ယုတ်မာသော အဆွေခင်ပွန်းကိုသာ မှီဝဲပေသည်၊ မလိမ္မာ ပညာပေတုံး အသုံးမကျ လူ့ဗာလသည်ကား သူကဲ့သို့ပင် ဉာဏ်မြင်မရှိ ငတုံးတိတို့ကိုသာ မှီဝဲဆည်းကပ်တတ်ပေသည်၊ သို့အတွက် ပညာမရှိ ဂုဏ်ထူးကို မသိသော သူအပေါင်းသည် ငါတို့ထံမှောက်သို့ လာရောက်ချေလိမ့်မည်၊ ပညာမြော်မြင် သမ္ပဇဉ်ရှိသော လူ, ရှင်, ရဟန်း အပေါင်းသည်ကား ဘုရားဂေါတမ ထံပါးသို့ သွားကြပေလိမ့်မည်၊ ထို့ကြောင့် ငါဆရာ၏အတွက် လာဘ်လာဘအရေးကို အတွေးလွန်၍ သွေးမှန်စိုးရိမ်ရန် မရှိချေ၊ မစိုးရိမ်ကြပါကုန်လင့်၊ သင်တပည့်တို့ကား သွားလိုလျှင် သွားကြကုန်”ဟု ပြောဆိုလေ၏။

မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ကြခြင်း

ဥပတိဿနှင့် ကောလိတတို့သည် ဆရာ့ထံမှ အခွင့်ပန်၍ ရပြီးသောအခါ နှစ်ရာ့ငါးဆယ်စီဖြစ်သော မိမိတို့၏တပည့် ပရိသတ်ငါးရာကို ခေါ်၍ မြတ်စွာဘုရား ကိန်းအောင်းသော ဝေဠုဝန်ကျောင်းတော်သို့ ခရီးရှေးရှု ထွက်တော်မူကြကုန်၏၊ သိဉ္စည်းဆရာကြီး၏ တပည့်ဟောင်းတို့လည်း လိုက်ပါကြကုန်သည်ဖြစ်၍ တပည့်ပရိသတ်မရှိဘဲ အချည်းနှီးဖြစ်သော ကျောင်းအာရာမ်တို့ကို သိဉ္စည်းဆရာကြီးမြင်ရလျှင် ရင်ဝမှ သွေးဆူ၍ တွေးမိတိုင်းရင်ပူကာ သွေးအန်သော ဝေဒနာ စွဲကပ်လေ၏၊ ဆရာကြီး၏ မကျန်းမာကြောင်းကို တပည့်ဟောင်းတို့ ကြားသိရလေသော် ရှေးအခါက ကျေးဇူးကိုမြော်ကာ နောက်တခါ ပြန်၍ တဖန်လုပ်ကျွေး ပြုစုကြကုန်သတည်း။

အဂ္ဂသာဝကကြီးနှစ်ပါး ဖြစ်တော်မူလတ္တံ့သော ဥပတိဿနှင့် ကောလိတတို့သည် မြတ်စွာဘုရားထံသို့ ရှေးရှုသွားကြသောအခါ မြတ်စွာဘုရားသည်ကား ပရိသတ်လေးပါးတို့အား တရားဟောတော်မူစဉ် အခိုက်ဖြစ်၍ နှစ်ရာ့ငါးဆယ်စီ ဖြစ်သော ပရိဗိုဇ် အခြံအရံတို့နှင့်တကွ ကြွလာတော်မူကြသော အဂ္ဂသာဝက အလောင်း သူတော်ကောင်းတို့ကို အဝေးမှပင် မြင်တော်မူသော် တပည့်သား သံဃာများကို ခေါ်တော်မူကာ "ချစ်သားတို့ ဥပတိဿနှင့် ကောလိတ ဟူသော မိတ်ဆွေနှစ်ဦးတို့သည် ကြည်နူးသောစိတ်ဓာတ်ဖြင့် ယခုလာလတ်ကုန်ပြီ၊ ဤသူများကား ငါဘုရား၏ တပည့်သားမြတ်အစုံ အဂ္ဂသာဝက ဖြစ်ကြကုန်လတ္တံ့" ဟု ကြိုတင်ကျူးရင့် မိန့်တော်မူလင့်၏၊ တပည့်ကြီးနှစ်ပါးသည် မြတ်စွာဘုရား၏ ရှေတော်မှောက်သို့ ရောက်ကြသော အခါ ဖရဏာပီတိ တအိအိဖြစ်ပြီးလျှင် အကြိမ်ကြိမ်ဦးတင်ကာ "ဘုန်းတော်နေဝန်း ထွန်းတထိန်ထိန် သာကိန်ဉက္ကဋ္ဌ ပုဂ္ဂိုလ်မြတ်ကြီးဘုရား တပည့်တော်များအား သနားတော်မူသော အားဖြင့် တရားတော်အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါ၊ အရှင်မြတ်ဘုရား၏ ထံတော်ပါး၌လည်း ရဟန်းအဖြစ်ကို ရလိုပါသည်ဘုရား" ဟု လျှောက်ထားလေသော် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် **ဧဟိဘိက္ခု** ခေါ်တော်မူသဖြင့် တန်ခိုးဖြင့် ဖြစ်ပေါ်လာသော သင်္ကန်း, သပိတ်, ပရိက္ခရာကို ကောင်းစွာရကြ၍ ရဟန်း ဖြစ်ကြကုန်သတည်း။

ရှင်းဆရာတပည့်ငါးရာ နှစ်ပါးတို့တွင် အရှင်ဥပတိဿနှင့်အရှင်ကောလိတတို့မှ တပါး ငါးရာသော တပည့်များတို့သည်ကား အစဦးအတိုင်းဖြစ်သော မဂ်ကိစ္စဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်ကြကုန်သော်လည်း ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးတို့မှာကား ကြီးမားသော သာဝကပါရမီဉာဏ်၏ *ပရိကံ မပြည့်စုံသေးသောကြောင့် ရှေးအခါက ရရင်းစွဲ သောတာပန်အဖြစ်ဖြင့်သာ တည်ကုန်၏၊ အရှင်ကောလိတသည် ရဟန်းဖြစ်သည့်နောက် ခုနစ်ရက်မြောက်သောနေ့၌ ရာဇဂြိုဟ်ပြည်၏အနီး ကလ္လဝါဠ ရွာကြီးအတွင်း တခုသောသစ်ပင်ရင်း၌ ကမ္မဋ္ဌာန်းစီးဖြန်းရင်း ငိုက်မျဉ်း၍နေစဉ် ဘုရားသခင်သည် “အို-ချစ်သား ကောလိတ သင်ချစ်သားသည် အို,နာ,သေရေး ဒုက္ခဘေးတို့မှ လွတ်ဝေးရာမှန်သော နိဗ္ဗာန်ချမ်းသာကိုဖွေရှာကြိုးပမ်းသော ရဟန်းဖြစ်ပါလျက် ထိန,မိဒ္ဓ,ပမာဒ ဟူသောတရားယုတ်တို့ကို အဘယ်ကြောင့် အဖော်လုပ်နေဘိသနည်း”ဟု မိန့်တော်မူကာ ဓာတုကမ္မဋ္ဌာန်းကိုဟော၍ နာကြားရလေလျှင် အထက်သုံးခွင်သော မဂ်ဖိုလ်ကိုမြင်၍ အရှင်ရဟန္တာတဆူ ဖြစ်တော်မူလတ်သတည်း။

အရှင်ဥပတိဿကား ရဟန်းပြုပြီးနောက် ၁၅-ရက်မြောက်သော နေ့ဝယ် **သူကရခတ** မည်သော လိုဏ်ဂူ၌နေစဉ် ထိုအရှင်၏ တူဖြစ်သော **ဒီဃနခ** ပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟ လက္ခဏာသုတ်ကို မြတ်စွာဘုရား ဟောကြားလေလျှင် ထိုတရားကို ကြားနာရသောကြောင့် သာဝက ပါရမီဉာဏ်၏ . အပြီးအဆုံးသို့ ရောက်တော်မူကာ ရဟန္တာဖြစ်လေသတည်း။

ထိုအရှင်နှစ်ပါးတို့တွင် အရှင်ဥပတိဿသည် ပညာအရာတွင် လွန်စွာထူးချွန်၍ မွန်မြတ်သော ဧတဒဂ်ဘွဲ့ထူးကိုရတော်မူကာ လကျ်ာရံ အဂ္ဂသာဝကကြီး ဖြစ်တော်မူ၍ သာရီပုဏ္ဏေးမကြီး၏သားဖြစ်သည့်အတွက် **အရှင်သာရိပုတြာ**ဟူသော အမည်တော်ဖြင့် ထင်ပေါ် ကျော်ကြားတော်မူလေ၏၊ အရှင်ကောလိတကား တန်ခိုးအရာတွင် သူတကာထက် ထူးချွန်၍ မွန်မြတ်သော ဧတဒဂ်ရာထူးကို ရတော်မူသည့်ပြင် လက်ဝဲရံ အဂ္ဂသာဝက ဘွဲ့ထူးကိုလည်း ဆွတ်ခူးပန်ဆင်တော်မူကာ မောဂ္ဂလိပုဏ္ဏေးမ၏ သားဖြစ်သည့်အတွက် **အရှင်မောဂ္ဂလာန်** ဟူသော

---

* မူလပြည့်စုံစေအပ်သော အရင်းခံ အချက်ကိစ္စများ။

အမည်မြတ်ဖြင့် လောကဓာတ်မြေပြင်ဝယ် ပေါ်လွင်ထင်ရှား၍ အထူး ကျော်ကြားတော် မူလေသတည်း။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွချီတော်မူခြင်း

ခြောက်ရောင်ရှိန် ဘုန်းမကိုဋ္ဌတို့ဖြင့် သုံးတိုက်လုံးတို့၏ ဦးညွှတ်ရာဖြစ်သော တမွတ်ခေါင်ဖျား ရှင်တော်မြတ်ဘုရားသည် တရားတော်အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း ရှင်ပြုံး သီတင်းသုံးတော်မူစဉ် ကျေးဇူးရှင်ဖြစ်သော ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သားတော် ဘုရားဖြစ်ကြောင်း သတင်းကောင်းကို ကြားရသော်လည်း မဖူးမျှော်ရသေးချေ၊ မတွေ့ မမြင်ရသည်မှာကား ခုနစ်နှစ်မျှ ကြာသွားပြီဖြစ်သော်လည်း တကြိမ်တခါမျှပင် မတွေ့မမြင်ရသေးသောကြောင့် တွေ့မြင်ချင်သော အာသာ လွန်စွာပြင်းထန်၍ လာလေ၏၊ သို့အတွက် အမြော်အမြင်ရှိမည် ထင်ရသော အမတ်တယောက်ကို ခေါ်ကာ "အို-အမတ်ကြီး သင်သည် ဗိုလ်ခြေ စစ်သား ယောကျ်ားတထောင် ခြံရံကာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသော သားတော်ဘုရားအား ငါ့စကားဖြင့် လျှောက်ထား ပင့်ပါချေ၊အရှင်မြတ်ဘုရား၏ ခမည်းတော်ကြီးသည် အိုမင်းညွတ်ကိုင်း ဇရာပိုင်း အရွယ်သို့ ရောက်ပါပြီ၊ သားတော်ဘုရားကို ရှုစားတော် မမူရသည်မှာလည်း အခါမြင့်စွာ ခုနစ်နှစ်ပင်ကြာပါပြီ၊ ခမည်းတော်ကြီး မသေခင် ဖူးမြင်ကန်တော့ လိုပါ၍ မဖျားမနာ ကျန်းမာစွာရှိစဉ် မွေးသဘခင်ကြီး ဖူးမြင်ရအောင် ကြွတော်မူပါဘုရား ဟူ၍လည်း လျှောက်ထားပါလေ"ဟု မိန့်တော်မူလေ၏။

ခိုင်းစေအပ်သော အမတ်ကြီးလည်း ဗိုလ်ခြေစစ်သား ယောကျ်ားတထောင် ခြံရံကာ ရာဇဂြိုဟ်ပြည်သို့ သွားသေ၏၊ ရောက်သောအခါ မြတ်စွာဘုရားသည် တရားဟောနေစဉ်ကြုံ၍ အကြောင်းစုံ မလျှောက်ထားရသေးဘဲ ပရိသတ်အစွန် အဖျားမှ တရားကို နာကြားရလေသော် တရားတော်၏အဆုံး၌ အလုံးစုံသော အာသဝေါတို့ကို ခွါမျှောဖျက်ဖြိုသောအရဟတ္တဖိုလ်သို့ရောက်ကြကုန်၍ မြတ်စွာဘုရားထံ ရဟန်းဖြစ်လိုကြောင်းကို တောင်းပန် လျှောက်ထားကြပြီးလျှင်

မြတ်စွာဘုရားသည် **ဗေဟိဘိက္ခု** ခေါ်တော်မူသောအခါ ဝါခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ သင်္ကန်း,သပိတ်,ပရိက္ခရာ စုံလင်စွာဖြင့် ရဟန္တာဖြစ်ကြကုန်သတည်း၊ ဤသို့ ရဟန္တာဖြစ်သော အခါမှစ၍ အရိယာတို့၏ သဘောသည် အလုံးစုံသော အမှုကိစ္စတို့၌ ကြောင့်ကြမမူ လျစ်လျူရှုကြသည်သာ ဖြစ်ရကား ခမည်းတော် မင်းတရားကြီး၏ မှာကြားအပ်သော စကားအရပ်ရပ်ကို ဘုရားမြတ်အား မလျှောက်ထားကြဘဲ မဂ်,ဖိုလ်၏ အရသာကိုသာ ကောင်းစွာခံစား၍ နေကြကုန်၏။

သုဒ္ဓေါဒနမင်းမြတ်ကြီးသည် ခိုင်းစေအပ်သော အမတ်ကြီး ပြန်ချိန်သင့်၍ မပြန်မရောက်လာသော် လိမ်မာသော အမတ်တယောက်ကို နောက်တဖန်ခေါ်ပြန်၍ ရှေးနည်းအတူ ခိုင်းစေတော်မူ၏၊ ထိုအမတ်ကြီးသည်လည်း ရှေးနည်းအတိုင်းပင် အခြံအရံ တထောင်နှင့်တကွ မြတ်စွာဘုရားထံတော်ဝယ် ရဟန်းပြုကြ၍ အာသဝ အနိုးအကင်းတို့သည် မိုဃ်းနှင်းပေါက်ကလေးမျှမကျန်သော အရဟတ္တအစစ် ရဟန္တာဖြစ်တော်မူကြကုန်သတည်း၊ ဤနည်းအတိုင်းပင် အမတ်တယောက်ကို ဗိုလ်ခြေစေ်သား ယောကျ်ားတထောင်ခြံရံကာ ကိုးခါကိုးကြိမ်လွှတ်ပါသော်လည်း တဦးမျှမပေါ်လာ မြှော်ရှာသော ခမည်းတော်ကြီးမှာသာ သောကဖိစီး၍ “ငါ၏ရွှေနန်းတော် အပြင်၌ အမှုထမ်းဝင်ကြကုန်သော သူတို့သည် ငါ၌ ချစ်ခြင်းကင်း၍ သတင်းစကားကလေးကိုမျှ ပြန်ရောက်၍ မကြားဘဲ နေအားနိုင်ကြပါပေသည်၊ ယခုအခါ အဘယ်သူသည် ငါ့အား သားတော်ဘုရား၏ သတင်းစကားကို ပြန်ကြားလျှောက်တင်ပါလိမ့်မည်နည်း” ဟု မြည်တမ်းညည်းညူ၍ အသည်း, အူ ကျွမ်းမလောက် သောက ရောက်ရှာလေ၏။

ထို့နောက်တဖန် အပြန်အလှန် ဉာဏ်ဖြင့် စူးစိုက်၍ ဗိုလ်အပေါင်းကို ကြည့်ရှုလေသော် မြတ်စွာဘုရားနှင့် ဘွားဘက်တော်ဖြစ်သော ကာဠုဒါယီ အမတ်ကို မြင်တော်မူလတ်၍ အနီးသို့ ခေါ်ပြီးလျှင် “အို-ချစ်သားကာဠုဒါယီ သားတော်ဘုရားကို ရှုစားဖူးမျှော်ခြင်းငှါ ကိုးခါကိုးကြိမ်စေလွှတ်ပါသော်လည်း တဦးတယောက်မျှ မပေါ်လာ၍ ဘာသတင်းကိုမျှလည်း မကြားရ၊ ခမည်းတော်၏ အပေါ်၌ အချစ်ကင်း၍ သတင်းကလေးကိုမျှ မပို့လေရော့သလား မသိ၊

အသက်၏ အန္တရာယ်ကိုလည်းမသိ မလွယ်ချေ၊ ခမည်းတော်ကြီးမှာ ကျန်းမာစွာ ရှိစဉ် မသေခင်ပင် ရှင်ပင်မြတ်ဖြစ်သော ငါ့သားတော်ကို ဖူးမျှော်လိုပါသည်၊ မောင့်သခင်အတွက် မောင့်ကိုပင် တာဝန်လွှဲပါရစေ၊ အရင်စေလွှတ်လိုက်သော အမတ်ကြီးများလို တပ်မြုပ်ပြီးမနေပါနှင့်၊ မောင့်မှာတော့ ဘွားဘက်တော် အရင်းဖြစ်၍ ရဲရဲတင်းတင်း လျှောက်ဝံ့ပါလိမ့်မည်၊ မရ, ရအောင် ကြံဆောင် ဉာဏ်ထုတ်၍ တပ်မြုပ်ကာမထားဘဲ အပင့်သွားပါချေ၊ အသင်ချစ်သားသည် သားတော်ဘုရားကို ပင့်ဆောင်ခြင်းငှါ စွမ်းနိုင်ပါမည်လော”ဟု သောကလှိုက်ဖို ငိုတော့မည့်ပုံ အကြောင်းစုံ မိန့်ကြားလေ၏။

ဤသို့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ရွှေစိတ်တော် ပြေ့ပြေ့နှင့် ချော့မော့ကာ မိန့်တော်မူသောအခါ ကာဠုဒါယီ၏ နှလုံးထဲ၌ ဖြိုးကနဲ သွေးဆူ၍ “စိုးရိမ်တော်မမူပါနှင့်ဘုရား၊ ကျွန်တော်မျိုး၏သခင် ကျေးဇူးရှင် ဘုရားကို နေပြည်တော်သို့ပါအောင် ပင့်ဆောင်၍ ပေးပါမည်၊ ယယ်ရွယ်စဉ်က စ၍ ကျွန်တော်မျိုးသခင်သည် လျှောက်တင်သောစကားကို ပယ်ရှားတော် မူလေ့ မရှိပါ၊ အခါကောင်းသော တပေါင်းလမှာ ကြွလာတော်မူအောင် ကျွန်တော်မျိုး ရွက်ဆောင်ပါမည်၊ နေပြည်တော်မှာသာ သာယာနှပျိုသော အရပ်၌ မဏ္ဍပ်ကနွှားများ ဆောက်လုပ်၍ သီတင်းသုံးတော်မူရန် ကျောင်းကန် ပရိဝုဏ်များကို စုံလင်စွာ စီမံ၍ ထားတော်မူပါ”ဟု လျှောက်တင်လေ၏။

နှစ်ခြိုက်ဘွယ် ကောင်းလှသော လျှောက်တင်ချက်စကားကို ကြားရ၍ မင်းတရားကြီး ရွှေနှလုံးတော်သည် ရှင်ပြုံးနှစ်သိမ့် ပီတိစိမ့်ကာ ဦးခေါင်းတော် တငြိမ့်ငြိမ့်နှင့် “မောင့်စကားအတိုင်း အလှိုင်းတကြီး မြှော်လင့်တော်မူရပါတော့ မည်၊ပြင်ဆင်ဘွယ် အလုံးစုံကိုလည်း အကုန်ပြီးစီးနှင့်ပါစေမည်၊ ဗိုလ်ခြေစစ်သား တထောင်နှင့် ရွှေဆောင်ပြုကာသာ မြန်စွာသွားပေတော့”ဟု မိန့်တော်မူ လေ၏၊ ထို့ပြင်တရပ် ကာဠုဒါယီ အမတ်သည် “အခါအခွင့် သင့်ပေပြီ”ဟု စဉ်းစားကာ “အရှင်ခမည်းတော်ကြီးဘုရား ဘုရားကျွန်တော်မျိုးသည် မြတ်စွာ ဘုရားအထံတော်ဝယ် ရဟန်းပြုရန် အခွင့်ကို အသင့်ရသည်ဖြစ်ပါအံ့၊ ဤသို့ရပါမူ အရှင်ခမည်းတော်ကြီး၏ အလိုဆန္ဒပြည့်ဝတော်မူစေရန် အမြန်ပင် ပင့်ဆောင်၍ ပေးပါမည်”ဟု လျှောက်ထားလေသော် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်

"ချစ်သားကာဠုဒါယီ သင့်အလိုအတိုင်း ပြုလိုလျှင်လည်း ပြုပါ၊ မပြုလိုလျှင်လည်း နေပါ၊ သားတော်ဘုရားကိုသာ ပင့်ဆောင်၍ပေးပါလျှင် အလိုရှိရာ ပြုနိုင်ပါသည်"ဟု ချီးပြောစွာ မြွက်ကြား၍ စကားကုန် ခွင့်ပြုလေ၏။

ကာဠုဒါယီ အမတ်လည်း ရှေးရှေးသော အမတ်များကဲ့သို့ ဗိုလ်ခြေ ယောကျ်ား တထောင်သောစစ်သားဖြင့် ခြံရံကာ ယူဇနာခြောက်ဆယ်အလှမ်း ကွာသော ရာဇဂြိုဟ်ပြည်သို့ သွားလေသော် ဘုရား သီတင်းသုံးတော်မူရာ ဖြစ်သော ဝေဠုဝန်ကျောင်းသို့ ရောက်လေ၏၊ ကာဠုဒါယီအမတ် ရောက်သော အခါနှင့် ဘုရားရှင် တရားဟောခိုက် ကြုံလတ်သော် ပရိသတ်အစွန်အဖျားကပင် တရားကိုနာ၍ နေကြကုန်၏၊ တရားတော်၏အဆုံး၌ သုံးဘုံလုံးကို အမြင်ပြယ်၍ အာသဝေါတို့မှ စင်ကြယ်ပြီးလျှင် ခင်တွယ်မှု ဖျက်ဖြိုသော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြ၍ မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကို ခွင့်တောင်း လျှောက်ထား ကြကုန်၏၊ မြတ်စွာဘုရားသည် ကာဠုဒါယီ စသော စစ်သား တထောင်တို့အား **ဧဟိဘိက္ခု** ခေါ်တော်မူလျှင် ပရိက္ခရာနှင့် ပြည့်စုံစွာသော ရဟန္တာပုဂ္ဂိုလ်ကြီး များ ဖြစ်ကြ၍ ဝါတော်ခြောက်ဆယ် ရပြီးသော မထေရ်ကြီးများ ကဲ့သို့ပင် ခန့်ညားတော်မူကြကုန်သတည်း။

ကာဠုဒါယီ မထေရ်မြတ်သည် ခမည်းတော် မှာကြားလိုက်သော စကား များကို ရုတ်တရက် မလျှောက်ထားသေးဘဲ ရောက်သောနေ့မှ ခုနစ်ရက်, ရှစ်ရက်လွန်မြောက်၍ တပေါင်းလပြည့် ရောက်သောနေ့မှသာလျှင် "ယခုအခါ ဆောင်းရာသီ လွန်မြောက်၍ နွေဥတုသို့ရောက်ချေပြီ၊ မြေပြင်ကြီးတခုလုံးသည် ကား ရှုမဆုံးဘွယ် စိမ်းစိုသောမြက်တို့ဖြင့် နှစ်သက်စွာဖုံးလွှမ်းအပ်လေပြီ၊ တော တောင်ဂနိုင် ဝနာမှိုင်ကြီးလည်း တကြိုင်ကြိုင်မွှေးထုံသော မာလာရုံ ပန်းအပွင့် တို့ဖြင့် အတင့်တယ်ကြီး တင့်တယ်လှပေသည်၊ ခရီးလမ်းလည်း မပန်းမမော ချောချော ပြေပြေ သွား၍ ကောင်းလှပေသည်၊ မြတ်စွာဘုရားသည် ငံ့စား မြော်လင့် နေကြသော ခမည်းတော်ကြီးနှင့် တကွ ဆွေတော် ရှစ်သောင်း မျိုးတော်ပေါင်းတို့အား ကောင်းမြတ်သော ချီးမြှောက်ခြင်းကို ပြုခြင်းငှါ သင့်လျော်ပေပြီ"ဟု ကြံစည်တော်မူကာ အောက်ပါ စကားရပ်တို့ဖြင့် ဘုရား မြတ်ထံ ချဉ်းကပ်ပြီးလျှင် အထပ်ထပ် ဝပ်တွားကာ လျှောက်ထားလေသတည်း။

ကာဠုဒါယီမထေရ်မြတ်သည် မြတ်စွာဘုရားအား လျှောက်ထားခြင်း

မြတ်စွာဘုရား တပည့်တော် ကာဠုဒါယီ လျှောက်ထားပါရစေ၊ ဆောင်းရာသီမှ နွေရာသီသို့ ကူးပြောင်းသော တပေါင်းလ ဤအခါဝယ် အငယ်,အကြီး အသီးသီးသော သစ်ပင်မှန်သမျှတို့သည် ရွက်သစ်တွေပြောင်း၍ ရွက်ဟောင်းတွေကြွေကာ မီးကျီးမီးပန်းကဲ့သို့ ရှုမခန်းထိန်ပြောင်သော ရွက်ညွန့်ရောင်တို့ဖြင့် ကြက်သရေဆောင် ဖြစ်ကြပြီးလျှင် အသီးကိုလည်း သီးကြပါကုန်၏၊ မီးရှူး မီးပန်းကဲ့သို့ နီမြန်းသော ရွက်ညွန့်ရွက်နုတို့ဖြင့် ရှုကြည့်၍ မငြီးအောင်လည်း အတင့်တယ်ကြီးတင့်တယ်ကာ ဆန်းကြယ်လှပါကုန်သည်၊ ဤတပေါင်းလအခါမှီအောင် ရာသီအလိုက် ဖူးပွင့်ငုံသီးကြသော သစ်ပင်ကြီးတို့သည်ကား ရတနာခုနစ်သွယ်တို့ဖြင့် စီခြယ်ကာ အမွမ်းတင်အပ်သော မဏ္ဍပ်ကြီးသဘွယ် တင့်တယ်လှပါပေသည်၊ လူအပေါင်းတို့၏ သွားလာရာ ခရီးလမ်းတို့၏ လကျာ်, လက်ဝဲ နှစ်ဘက်၌ ရှိကြသော သစ်ပင်တို့သည် အဖျားစွင့်သော အပွင့်လည်း ရှိကြပါသဖြင့် ပညာဉာဏ်ရှိသော လူအပေါင်းတို့ တန်ဆာဆင်မြန်း၍ အပန်းကြီးစွာပင် ပြုပြင်ကာထားသလို အဖူး, အပွင့်တို့သည် အထူးသဖြင့်ယဉ်လှ၍ မြင်ရသော သူအပေါင်းတို့၏ အသဲနှလုံးကို အမြဲပြုံးစေနိုင်ပါသည်၊ အပွင့် အဖူးတို့ဖြင့် တင့်ထူး ဆန်းကြယ်ရုံမက ဂန္ဓာရုံ ရနံ့အပေါင်းတို့ကလည်း နှာခေါင်း၏သာယာမှုကို အခါခါပြုကြပါကုန်သည်၊ သို့ပါ၍ ရာသီပြောင်းသော တပေါင်းလ ဤအခါသည် ညီညာသောလမ်း တင့်ဆန်းသော အဖူးအခိုင် မွှေးကြိုင်သော ရနံ့ထူးတို့ကြောင့် လူသုံးဦးတို့၏ ထွတ်ထား အရှင်ဘုရားတို့သည် ခရီးသွားဘို့ ကောင်းလှသော အခါကာလကြီးပါ ဘုရား။

ထိုမှတပြာ လျှောက်ပါဦးမည်၊ ခရီးသည်တို့၏ သွားရာလမ်း နှစ်ဘက်တွင် သစ်ပင်အပေါင်းတို့သည် ထောင်သောင်းမကသော အသီးကိုဆောင်သဖြင့် ဆာလောင်သော ခရီးသွားတို့ကို အစာဖြင့် ဖြေဖျော်ကာ ပျော်ရွှင်အောင် ပြုကြပါသည်၊ ဆန်းကြယ်သော ပန်းပွင့်နှင့် ဆန်းတင့်သော ရွက်နုတို့သည်ကား ဥဒေါင်းမြီးစည်းကဲ့သို့ ရှုမငြီး တင့်တယ်၍ ပျင်းရိဘွယ်မရှိ ပကတိအားဖြင့် နှစ်သက်အောင် ပျော်တော် ဆက်ကြပါသည်၊ ခရီးပန်း၍ မရွှင်လန်းသော

ကာဠုဒါယီ အမတ်ကြီးသည် မြတ်စွာဘုရားအား ပင့်ရန်သွားခဏ်း။

သူများပင်သော်လည်း ထိုအပွင့် အသီး ရွက်ညွန့် ဖူးတံတို့ဖြင့် စီမံထားသကဲ့သို့ တင့်တယ်သော သစ်ပင်တို့၏ အရိပ်အေးဝယ် တဆိတ်ကလေးမျှနားရုံနှင့် အား အဟုန်ကြည်လင်၍ ပျော်ရွှင် နှစ်သက်နိုင်ကြပါသည်၊ ယခုလို ခရီးလမ်းနှင့် တောတန်းသာယာသော အခိုက်ဝယ် မကိုဋ္ဌသဘွယ် အရှင်ဘုရားတို့သည် ခရီး သွားဘို့ ကောင်းလှပါသည်ဘုရား။

သစ်ပင်ကြီးများသာမက များလှသော နွယ်တန်းတို့သည်လည်း ဆန်းကြယ် သော ပန်းနွယ်တို့ကိုပွင့်ကာ မျက်လုံး၏အရသာကို ဆောင်ပြီးလျှင် တောရုံ ချုံပုတ်ဟူသမျှ အမှိုရကြသောကြောင့် စိမ်းညိုပြာလျှပ် မြမဏ္ဍပ်ကြီး အလား ကဲ့သို့ ခရီးသွားသော သူအပေါင်းတို့ကို ကောင်းစွာ နှုတ်ဆက်လိုက်သလို ရတ်တရက်ချင်း နှစ်သက်စေနိုင်ကြပါသည်၊ ထိုနွယ်တန်း နွယ်ပင်တို့၏ ဖြစ်ပုံ ကလေးကို ဥပမာပေး၍ လျှောက်ထားရမည်ဆိုသော် နွယ် ခေါ်သော အပင် များသည် ကြီးမားထွားကြိုင်းသော သစ်ကိုင်း သစ်ခက် သစ်ပင်သို့တက်ကာ မှီရာနှင့်သာ နေကြပါသဖြင့် ချစ်ခင်သော လင်သားတို့နှင့် ခင်အား မင်အား ရှင်အား နှစ်သက်စွာနေကြသော အမျိုးသမီးများအတူ ရန့်တလူလူနှင့် မြင်သူ အပေါင်းကိုပင် ဖြားယောင်းသကဲ့သို့ ပြုကြပါကုန်၏၊ ဤကဲ့သို့ နွယ်ပင်နွယ်တန်း တို့၏ ခရီးလမ်းနှစ်ဘက်ဝယ် နှစ်သက်ဘွယ်ကို ဆောင်သော အခါ ရက်ကောင်း ကြီး ဖြစ်ပါသောကြောင့် ဘဂဝါအတုလ မကုဋ္ဌသင်းကျစ် ဓမ္မရာဇ် ထွတ်ထား ရှင်တော်ဘုရားတို့အား ခရီးသွားဘို့ရန် ကောင်းလှပါတော့သည်ဘုရား။

သစ်ပင်,နွယ်တန်း ရှုမခန်းတို့သာ ဆန်းဆန်းကြယ်ကြယ် တင့်တယ်ကြသည် မဟုတ်သေးပါ၊ ထိုသစ်ပင်,နွယ်တန်းတို့၌ ပျံသန်းလူးလာ များစွာသော ငှက် အပေါင်းတို့ကလည်း ညိုမောင်း စိမ်းပြာ ဖြူ ဝါ ပြောက်ကျားသောအဆင်းများ ဖြင့် ရှုစားသူတို့၏ မျက်စိကို မက်ရှိအောင် ဖြစ်စေပြီးလျှင် ဖို့,မ လည်ယှက် ပျံတက်ခုန်ကျော်ကာ နာပျော်ဘွယ်ရှိသော အသံတို့ဖြင့် ဆူညံစွာ တွန်မြူး လိုက်ကြခြင်းသည် နားတွင်းချို့မြိန်၍ စည်းစိမ်ရှိဘွယ် ဖြစ်ကြပါကုန်သည်၊ သမင်, ဒရယ်, ချေယ်, စိုင်, ဆတ် တောဇာတ်မွေးဘွားကြသော တောသား တောကောင်တို့သည်ကား ထောင်သောနားရွက်ဖြင့် အထက်သို့မြင့်ကာ တစွင့် စွင့် နေကြပြီးလျှင် ကြည်လင် နှစ်သက်ဘွယ်သော မျက်လုံးတို့ဖြင့် ရှင်ပြုံး

ဝမ်းမြောက်စွာ ခုန်ပေါက်သွားလာလျက် ဘာသာ ဘာဝ ပျော်မြူး၍ နေကြခြင်းကို ခရီးသွားသောသူများ မြင်ရလျှင် ရွှင်ပျသော ပီတိရှိန်တို့မှာ အကြိမ်ကြိမ် ဖြစ်နိုင်ကြပါသည်၊ ခရီးသွားတို့ကို တနည်းအားဖြင့် နှစ်သက်စေခြင်း တမျိုး ဖြစ်ပါ၏၊ ဤကဲ့သို့ လမ်းနှစ်ဘက် နံပါးတို့၌ ပျံသွားသော ငှက်များနှင့် တောသား တောကောင်တို့၏ ရွှင်မြူးဘွယ်ကို ဆောင်သော အခါကာလ ကောင်းကြီးဖြစ်ပါသောကြောင့် ဘုန်းတော်ကြီးမားသော အရှင်ဘုရားတို့အား ခရီးသွားဖြန့်ချီ၍ စက်နှစ်လီ ကြွမြန်းတော်မူတို့ရန် အလွန်တရာ ကောင်းလှပါသည်ဘုရား။

ရှေ့သို့ဆက်၍ နှစ်သက်ဘွယ်တပါး လျှောက်ထားပါရစေဦး မြတ်စွာဘုရား၊ ဖဂ္ဂုဏမာသီ တပေါင်းလ ဤရာသီကား မဟီမြေပြင် ထက်ဝန်းကျင်ဝယ် ရှုချင်ဘွယ်သော နေဇာမြက်အခင်းတို့သည် နေရာချင်းမလပ်အောင် စိမ်းစိုကာ နှစ်လိုဘွယ်သော ပီတိအရသာကို ဆောင်ရုံမက လှပနုနယ် ငယ်ရွယ်သော သမီးကညာ၏ ဆံကေသာ အထုံးသဘွယ်ကို ရွှင်ပြုံးဘွယ် တန်ဆာဆင်ထားသကဲ့သို့ အမြင်အားဖြင့် တင့်တယ်၍ တကယ်သာယာလှပါပေသည်၊ သွားလေရာရာ ခရီးလမ်းတို့မှာလည်း ဖွေးဖြူစွာသော ပုလဲဥတို့ကို စုပုံ၍ထားသည့်အတူ ဖြူစင်သန့်ရှင်းသော သဲအခင်းတို့ဖြင့် ဖြန့်ကျင်းကာ တည်ကြပါကုန်၏၊ ခရီးလမ်းမြေအပြင်မှာမူ ဗေ့ပြင်အဇင္ဂါကဲ့သို့ ညီညာစွာရှိ၍ အထိအတွေ့ နူးညံ့လှပါသည်၊ ထိုမှတဖြာ တာဝတိံသာ နတ်ဒေဝါ အများတို့၏ ရွှင်အားကို ဖြစ်စေနိုင်သော အမြတ်အမွန် နန္ဒဝန်ဥယျာဉ်ကြီးသည် သစ်ပင် ပန်းပင် အသွယ်သွယ်တို့ဖြင့် တင့်တယ်သည့်အတူပင် ကပိလဝတ်နှင့် ရာဇဂြိုဟ်ပြည် ဗဟိုအကြားတောစခန်းများသည်လည်း ထူးခြားသော ပန်းတံတို့ဖြင့် နန်းဆန်ဆန်တင့်တယ်ကာ ရနံ့ဖြာသော အထုံအကြိုင်တို့မှာလည်း တလှိုင်လှိုင် ရှိကြပါ၍ လွန်စွာမွှေလျော် ရွှင်ပျော်ဘွယ် ကောင်းလှပါသည်၊ ယခုလို ခရီးလမ်း၏ မငြီးတမ်းသာယာသော အခါကာလကြီး ဖြစ်ပါသောကြောင့် ဘဂဝါ ဘွဲ့ထူးကိုဆွတ်ခူးပန်ဆင်တော်မူသော ဘုရားရှင်တို့အား ရွှေစက်နှစ်လီတို့ကို ဖြန့်ချီရန်အခွင့်အသင့်ဆုံးဖြစ်ပါတော့သည်ဘုရား။

ထိုကပိလဝတ်နှင့် ရာဇဂြိုဟ် ဗဟိုအကြား တောလမ်းများ၏ နံဘေး နှစ်ချက်တို့ဝယ် နှစ်သက်ဘွယ်ကိုဆောင်သော ရေကန်, ရေအိုင်တို့သည် ပတ္တမြား ညိုအသွင် ကြည်လင်အေးမြသော ရေတို့ဖြင့် တင့်တယ်၍ ကြာဖြူ, ကြာညို, ကြာပုဏ္ဍရိက်, ကြာခေါင်းလောင်း, ပဒုမ္မာကြာ အပေါင်းတို့ဖြင့် တထောင်း ထောင်းသော ရနံ့ကြိုင်ကာ လွန်စွာရှုဘွယ် အဆန်းကြယ်ကြီး ဆန်းကြယ် ပြီးလျှင် ရှုမြင်ရသူအပေါင်းတို့၏ မျက်လုံးအိမ်ကို စည်းစိမ်ရှိအောင် ပြုနိုင်ကြ ပါကုန်၏၊ ထိုရေကန်တို့ အပြင်ဝင် ရှုဘွယ်သာမော ကြာရုံ ကြာတောတို့တွင် တသောသော ဆူညံအောင် လူသံနှင့်မခြား ကြွေးကြော်သော ငှက်အများတို့၏ ကစားမြူးတူး ဘာသာဘာဝ တွန်ကျူးကြသော အသံတို့ကလည်း ကြားရသူ တို့၏ သောတကို သဘောကျ ဖြစ်စေနိုင်ကြပါကုန်သည်၊ ယင်းငှက်အပေါင်း တို့သည်လည်း မိမိ မိမိတို့၏ ဇနီးမျက်ဖျော် ချစ်ကြင်ဘော်တို့နှင့် အတူတကွ ပျော်ရွှင်ကာ ရေကန်၏ ကြက်သရေကို မက်မပြေနိုင်အောင် ပြုကြပါကုန်၏၊ ပန်းရက်ဝတ်ရည်ကို စားသုံးကြသော ပျား ပိတုန်းတို့ကလည်း တရုန်းရုန်းတဒီဒီ တအုံးအုံး စစ်ချီသလို အချစ်ညီသော ပျံသန်းခြင်းတို့ဖြင့် ပျံသန်းကာ ပန်း၏ အရသာကို ကောင်းစွာစုတ်ယူပြီးလျှင် ကြာပင် ကြာပန်းတို့၏ ထူးဆန်းသော ကြက်သရေဆောင်သဘွယ် ဖြစ်ကြပါကုန်၏၊ ဤကဲ့သို့ ရေကန်, ကြာတောတို့ဖြင့် ရွှင်မော သာယာလှသော လမ်းမတော်ကြီးဝယ် ထွတ်ထိးဥက္ကဋ္ဌ ရှင်တော်မြတ် ဘုရားတို့အား ခရီးသွားတော်မူရန် အတွက် သင့်လျော်သော အချက်တခု ဖြစ်ပါသည်ဘုရား။

အရှင်ဘုရား၏ မွေးဘွားတော်မူရာ နေပြည်တော်ကြီး၏ ကြက်သရေကို လျှောက်ပါရစေဦး ဘုရား၊ သုဒ္ဓေါဒနခေါ်သော နတ်ဘုံ နတ်နန်းကြီးသည် ထူးဆန်းသော ရေတွင်း, ရေကန်, ဗိမာန်အထပ်ထပ်, ပြာသာဒ်အဖုံဖုံ အစုံကြီး စုံပြီးလျှင် နတ်တို့၏ ဂုဏ်ကို တဟုန်တည်း မြှောက်တင်ပေးသကဲ့သို့ ဤလောက လူ့ရွာတွင်လည်း တုစရာ ပြိုင်စရာကင်းသော လူမင်းတို့၏ ရွှင်ပျော်ရာ ကပိလဝတ်မြို့တော်ကြီးသည်ကား နေထိုင်ကြသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေပြီး လျှင် ပြအိုး, ကျုံးမြောင်း, တန်ဆောင်း မဏ္ဍပ်,ပြာသာဒ် နန်းဘုံတို့ဖြင့် အဆန်း စုံသော မြို့တော်ကြီး ဖြစ်ပါသည်၊ သိကြားမင်း၏ ပျော်စံရာ တာဝတိံသာ

နတ်ပြည်၌ ရှင်ကြည်စံစားကြသော နတ်သားအပေါင်းတို့သည် အဆင်းတန်ဆာ ဒွါဒရာ အဖုံဖုံတို့ဖြင့် တင့်တယ်ကြကုန်သကဲ့သို့ ကပိလဝတ် ပြည်တော်ဘွား ဖြစ်ကြသော သာကီဝင်မင်းသား အပေါင်းတို့သည်လည်း တာဝတိံသာနတ် သားတို့နှင့် ရွေးမရအောင် တင့်တယ်ကြပါကုန်သည်၊ သို့ကလို နတ်ဘုံနတ်နန်း ကဲ့သို့ မှတ်တမ်းတော်တင်လောက်သည့် ပြည်တော်ကြီးသို့ ခရီးဖြန့်ချီ၍ ဒေသ စာရီ ကြွတော်မူခြင်းငှါ အလွန်တရာ သင့်လျော် ကောင်းမြတ်သော အခါတော် ကြီး ဖြစ်ပါသည်ဘုရား။

ရဟန်းအပေါင်းတို့၏ ဦးခေါင်းဝပ်စင်း ညွှတ်ခင်းရာ ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်မြတ်ဘုရား၏ကြီးမားသောကျေးဇူးရှင် မွေးသဘခင်အရှင်း သုဒ္ဓေါဒနမင်းကြီးသည် မုနိုင်ါးပါးတို့ထက် ထူးခြားသော ဂုဏ်သကတ်ကြောင့် မြတ်တော်မူသော အရှင်ဘုရားကို ရှုစားတော်မူလိုလှပါသဖြင့် ဆယ်ကြိမ်တိုင် တိုင် အပင့်လွှတ်ပါသည်၊ ယင်းသို့ပင် အပင့်လွှတ်ပါသော်လည်း တဦးတယောက် မျှ မပေါ်လာ၍ မြော်ရှာရသော ခမည်းတော်ကြီးမှာ သောကတွေဖိစီးလျက် ပူမီးတောက်ကာသာ နေရပါတော့သည်ဘုရား၊ သို့ပါ၍ တပည့်တော် ကာဠုဒါယီ သည် ကျေးဇူးရင်ဖြစ်သော ခမည်းတော်ကြီးကို အလိုတော်ပြည့်ဝ၍ သဘောကျ နှစ်သိမ့်စိမ့်သောငှါ လွန်စွာပင် အလိုရှိပါ၏၊ "ငါ့သားတော် ဘုရားမြတ်ကို အနားကပ်၍ ဝပ်လျှိုးကာ ညွတ်ကျိုးဦးနှိမ် အကြိမ်ကြိမ် ပူဇော်ချင်ပါဘိ"ဟု အဓိပတိတပ်သော ဆန္ဒတော်မြတ်ဖြင့် တောင့်တ၍နေသော ခမည်းတော် မင်းတရားကြီးသည် အရှင်မြတ်ဘုရားကို ညွှတ်တွား ရှိခိုးရသည်ရှိသော် မဖြစ် ဘူးမြဲ ထူးကဲအံ့ဘွယ် ဆန်းကြယ်သော ပီတိအစုသည် ဂွမ်းဝါနှ ဆိစိမ်ဘိ သကဲ့သို့ ကြည်ငြိမ်အိစွာ ဖြစ်ပါလိမ့်မည်ဘုရား၊ သို့ဖြစ်ပါ၍ ခမည်းတော်ကြီး ကျေးဇူးကို အထူးမြော်ရှုကာ ကြွတော်မူပါမည့်အကြောင်း အကောင်းဆုံး ဖြစ်ပါသည်ဘုရား။

ဥပမာအားဖြင့် လျှောက်ထားပါရစေဘုရား၊ လယ်ထွန်ယောကျ်ား လယ် သမားသည် အသီးအနှံကို တောင့်တသဖြင့် လယ်ကိုထွန်ပြီးသော် အသီးအနှံကို တရံမစဲ အမြဲတောင့်တ၍ပင် မျိုးစေ့ကို ကြဲချစိုက်ပျိုးပါသည်၊ ဥစ္စာစီးပွားကို လိုလားကြကုန်သော ကုန်သည်အပေါင်းတို့သည် မြတ်စွန်းလိုလှသော တောင့်တ

ချက်ဖြင့် ငါးမန်း, ငါးဆင်ဘေးကို မမြင်နိုင်ဘဲ ပင်လယ် သမုဒ္ဒရာကြီးကို ဖြတ်သန်းကာ သင်္ဘော, လှေကြီး အသီးသီးတို့ဖြင့် ကူးကြပါသည်၊ အရှင်ဘုရားနှင့် ဘွားဘက်တော်ဖြစ်သော တပည့်တော် ကာဠုဒါယီသည်လည်း နေပြည်တော် ဟောင်း ကြွစေကြောင်းဖြစ်သော သမ္မာဆန္ဒဖြင့် ဝေဠုဝန်ခေါ်သော ဤမင်းကျောင်းတော်ကြီး၌ ခိုမှီးနေထိုင်ရပါသည်၊သို့အတွက် တပည့်တော် ကာဠုဒါယီ၏ နေပြည်ရပ်ထံ ကိုယ်တော်ပြန်ပြီးလျှင် အဖူးအမျှော် ခံစေလိုသော သမ္မာဆန္ဒသည် မတောင့်မတ မကြောင့်ကြဘဲ တလုံးတဝတည်း ပြည့်စုံပါစေသား အရှင်ဘုရား။

မုနိငါးပါးတို့၏ ထွတ်ဖျားဉသျှောင် အခေါင်သရဖူ ဖြစ်တော်မူသော မြတ်စွာဘုရား ဟေမန္တဥတုမှ ဂိမှန္တဥတုသို့ပြောင်းသော တပေါင်းလ ဤအခါသည်ကား အပူလည်းမလွှမ်း, အချမ်းလည်းမလွန် ကောင်းမွန်သော ဥတုရာသီကြီး ဖြစ်ပါသည်၊ သစ်ပင်အပေါင်းတို့မှာလည်း ရွက်သစ်ပြောင်း၍ ရွက်ဟောင်းကြွေချိန် ဖြစ်ပါသဖြင့် နေအရှိန်ကမပူ သီတဂူ အအေးသာပြီးလျှင် ဝေးစွာသော ခရီးလမ်းကိုပင် မပန်းမမော သွားနိုင်သော အခါကာလကြီးပါဘုရား၊ ကပိလဝတ်နှင့် ရာဇဂြိုဟ် ဗဟိုလမ်းအကြားဝယ် ဆွမ်းများလည်း ရလွယ်၍ ကြောင့်ကြဘွယ် မရှိပါဘုရား၊ ခရီးလမ်းမြေအပြင်သည်လည်း ခြေလျင်ကုန်းကြောင်း လျှောက်၍ ကောင်းအောင်ပင် မြက်အပေါင်း စိမ်းရှင်ကာ သာယာ ပြေပြစ်လှပါသည် ဘုရား၊ တပေါင်းလ ဤအခါမှာ ညီညာသော ခရီးလမ်းရှိပါ၍ ဘုန်းပန်းတလူလူ အောင်သူအဓိပတိ မုနိထွတ်ထား ရှင်တော်မြတ်ဘုရားတို့အား နှစ်ပါးသော စက်နှစ်လီကို ဖြန့်ချီဘို့ရန်အတွက် နှစ်သက်စရာ အကောင်းဆုံးဖြစ်သော ဥတုရာသီကြီးပါဘုရား။

> **မှာထားချက်** ကာဠုဒါယီမထေရ်မြတ်၏ လျှောက်ထားအပ်သော တောဖွဲ့, တောင်ဖွဲ့, ပန်းဖွဲ့, စမ်းဖွဲ့, စခန်းဖွဲ့ ဂါထာများမှာ ခြောက်ဆယ်ကျော်ကျော် ရှိပါသော်လည်း အကုန်ဖော်၍ မရေးသားတော့ဘဲ လိုရင်းလောက်ကိုသာ အကျဉ်းချုပ် ရေးသားအပ်ပါသတည်း။

ဤသို့ စသည်ဖြင့် ဘွားဘက်တော်ကြီး လျှောက်တင်အပ်သော အရပ်ရပ် စကားကို ကြားတော်မူရသောအခါ ဘုရားရှင်တို့၏ ဓမ္မတာ စရိုက်တော်

ရှုမြော်ကာ အခါအခွင့် ကြွသင့်ကြွထိုက်သော အကြောင်းကို မြင်တော်မူ၍ "ချစ်သားကာဠုဒါယိ သံဃာတော်များအား အကြောင်းကြားချေ၊ နက်ဖြန်ခါ ကပိလဝတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူမည်" ဟု မိန့်တော်မူလေ၏၊ ကာဠုဒါယီ မထေရ်မြတ်လည်း သံဃာတော်အပေါင်းအား အကြောင်းကြား၍ လျှောက်ထားလေ၏၊ ရှင်တော်မြတ်ဘုရားသည် မဂဓတိုင်းသား သံဃာတော် တသောင်း,ကပိလဝတ်ပြည်သား သံဃာတော် တသောင်း,ပေါင်း သံဃာတော် နှစ်သောင်း ခြံရံကာ ရာဇဂြိုဟ်ပြည်မှ တပေါင်းလပြည့်ကျော်တရက် ထွက်ကြွတော်မူလေ၏။

ကာဠုဒါယီမထေရ်သည် ခမည်းတော်ကြီးနှင့် ဆွေတော်မျိုးတော်များအား ပြောကြားနှင့်ခြင်း

မြတ်စွာဘုရားသည် ယူဇနာခြောက်ဆယ် ကွာလှမ်းသော ခရီးလမ်းကို တနေ့လျှင် တယူဇနာ မှန်မှန်ထား၍ သံဃာတော်များနှင့် ကြွသည်ရှိသော် ကာဠုဒါယီမထေရ်မြတ်သည် ကောင်းကင်ခရီးဖြင့် စျာန်ဟုန်စီးကာ ကြွတော်မူ၍ ခမည်းတော်မင်းကြီးအား အကြောင်းကြားတော်မူလေ၏၊ သုဒ္ဓေါဒနမင်းကြီးသည် ကာဠုဒါယီ မထေရ်ကိုမြင်လျှင် ကြည်ရွှင်လန်းလန်း ပီတိပန်းဝေဖြာလျက် စေတနာကြီးစွာဖြစ်ပေါ်၍လာလေ၏၊ထို့နောက်မှ"ငါ့သားတော် ကာဠုဒါယီ အမောင်တို့ဆရာ ဘုရားမြတ်စွာသည်လည်း ဤအသွင်အပြင်မျိုး ပင် ဖြစ်ပါသလော၊ သင်ကဲ့သို့ပင် ကောင်းကင်သို့ ပျံတက်နိုင်ပါသလော၊ သားတော်ဘုရားသည် ယခုအခါ အဘယ်မှာ ရှိပါသနည်း"စသည်ဖြင့် ဝမ်းပမ်းတသာ မေးမြန်းမှာလေ၏။

သုဒ္ဓေါဒနမင်းကြီး၏ လျှောက်ထားသော စကားကို ကြားရသော အရှင် ကာဠုဒါယီ မထေရ်မြတ်သည် "အို - ဒကာတော် မင်းမြတ်ကြီး ပိုးစိမ်းဖွဲ၏ အရောင်နှင့် နေမင်း၏အရောင်ကို ပုံဆောင်ခြင်းငှါ မသင့်သကဲ့သို့ရှင်း! နွား၏ ဦးချိုနှင့် မြင်းမိုရ်တောင်မင်းကို ပုံဆောင်ခြင်းငှါ မသင့်သကဲ့သို့ရှင်း ငါတို့လို သာမည အပါကဋ္ဌဖြစ်သော ပုဂ္ဂိုလ်မျှနှင့် သမ္ဗုဒ္ဓရှင်တော်ဘုရား၏ ထူးခြားကဲလွန် အမွန်ဆုံး အမြတ်ဆုံး အသာဆုံးဖြစ်သော ရုပ်ပုံတော်ကို နှိုင်းလျော်ခြင်းငှါ အဘယ်မှာ သင့်ပါမည်နည်း၊ ဒကာတော် မင်းမြတ်ကြီး၏သား ဘုရားရှင်

ကိုယ်တော်မြတ်၏ အသွင်အပြင်တော်ကား ခြောက်ပါးသော ရောင်ခြည်တော် အဝန်းဖြင့် တင့်ထွန်းထိန်သာလျက် ထွက်ခါစ နေလုလင်တထောင်၏ရောင်ခြည် ပေါင်း ကြက်သရေထက်ပင် ကြည်လင်ထွန်းပ၍တင့်တယ်လှပေသည်၊ ဣသာရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်လီ* လောကီ တန်ခိုးရှစ်ဖြာ† လောကုတ္တရာ တန်ခိုးရှစ်ရပ် တရားမြတ် အပေါင်းတို့နှင့်လည်း ပြည့်စုံ၍ သုံးဆယ့်တဘုံသော လောကတွင် အဘယ်သူ တယောက်မျှ ဘက်မရ တုမရှ စကြဝဠာအနန္တ ဝိသယခေတ်ကုန်အောင် မျက်တောင်တခတ် လျှပ် တပြက်မျှဖြင့်လည်း ကြွလည်ပြန်ခေါက် ရောက်တော် မူနိုင်ပါပေသည်" ဟု အစိန္တေယျ ဖြစ်သော ဂုဏ်တော် တန်ခိုးတော်ကို ထုတ်ဖော်ချီးကျူး၍ အထူး မြွက်ကြားကာ "မြတ်စွာဘုရားသည် များစွာသော သံဃာတော်တို့နှင့် တကွ ဘခမည်းတော်ကြီး ဖူးမျှော်စေခြင်း အကျိုးငှါ ကြွလာတော်မူပါပြီ၊ ဤယနေ့ မည်သည့်စခန်းသို့ ရောက်နေပါပြီ"ဟု မိန့်တော်မူလေ၏။

ခမည်းတော် မင်းတရားကြီးသည် အရှင်ကာဠုဒါယီ၏ ကြည်ညိုဘွယ်လက် ဆောင်စကားတို့ကို ကြားသိရသောအခါ လွန်စွာအားရတော်မူလှ၍ ဖြူဆွသော သဒ္ဓါစေတ်ဖြင့် မထေရ်မြတ်အား ငါးပါးသော ဘောဇဉ်ဖြင့် လုပ်ကျွေးဆက်ကပ် လေ၏၊ ဆက်ကပ်ပြီးသော် "သားတော်ဘုရား အလို့ငှါလည်း ကောင်းစွာ လှူဒါန်းပါမည် ဆောင်ကြဉ်းတော်မူပါ၊ ၎င်းပြင်လည်း သားတော်ဘုရားသည် နေပြည်တော်သို့မရောက်မီအတွင်း နန်းတော်မှဆွမ်းဟင်းတို့ကိုသာ ဆောင်ကြဉ်း ယူငင်၍ အရှင်ဘုရား လုပ်ကျွေးတော်မူပါ"ဟု ကောင်းစွာ လျှောက်ထားလေ ၏၊ ကာဠုဒါယီ မထေရ်မြတ်သည် ခမည်းတော်ကြီး ဆက်ကပ်လိုက်သော ဆွမ်း များကို ယူငင်၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူကာ မြတ်စွာဘုရားအား ဆက်ကပ်လေ၏၊ ဤသို့သောနည်းဖြင့် ကာဠုဒါယီမထေရ်သည် ကပိလဝတ်ပြည် ရွှေနန်းတော်မှ ဆွမ်းကို ဆောင်ကြဉ်း၍ တရားမင်းဖြစ်သော ဘုရားသခင်အား နေ့စဉ်နှင့်အမျှ ဆက်ကပ်သောကြောင့် ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် မှ ကပိလဝတ်ပြည်သို့ အကြွ နှစ်လပတ်လုံး ခမည်းတော်ကြီး၏ ဆွမ်းကိုသာ ဘုဉ်းပေးတော်မူလေသတည်း။

* လောကီနှင့် ယှဉ်သော သမာပတ်ရှစ်ပါး။ † လောကုတ္တရာနှင့် ယှဉ်သော သမာပတ်ရှစ်ပါး။

ကပိလဝတ်ပြည်တော်သို့ ရောက်၍ ဗုဒ္ဓဝင်တရား ဟောကြားတော်မူခြင်း

သုံးလောကထိပ်ပန် နိဗ္ဗာန်သရဖူ ဆောင်းယူတော်မူသော အောင်သူတကာ တို့၏ ဥက္ကဋ္ဌ ရှင်တော်မြတ်ဘုရားသည် ယူဇနာ ခြောက်ဆယ် ကွာလှမ်းသော ရာဇဂြိုဟ်နှင့် ကပိလဝတ်ကို တနေ့လျှင် တယူဇနာကျ နှစ်လကြာမျှ ကြွတော်မူရာ မဟာနဂရ ကပိလနေပြည်သို့ ကဆုန်လပြည့်နေ့ဝယ် ရောက်တော်မူလေ၏၊ ဆွေတော် မျိုးတော်ဖြစ်သော သာကီဝင်မင်း အပေါင်းသည်ကား ရှင်တော် ဘုရားနှင့် သင့်လျော်လျောက်ပတ် ကောင်းမြတ်သာယာ သန့်ရှင်းစွာသော နေရာကို သေချာစွာ ရွေးချယ်စီစစ်၍ နိဂြောဓမည်သော သာကီဝင်မင်းသား၏ ဥယျာဉ်အလယ် မွေ့လျော်ဘွယ်ရာ အရပ်၌ လျောက်ပတ် ကောင်းမွန်သော ကျောင်းကိုဆောက်၍ လှူဒါန်းကြသောကြောင့် နိဂြောဓာရုံမည်သောကျောင်း ၌ပင် ကိန်းအောင်းရှင်ပြုံး သီတင်းသုံးတော်မူသတည်း။

မြတ်စွာဘုရား ကြွလာတော်မူသော အကြောင်းကို ကောင်းစွာသိကြကုန် သော သာကိယနွယ်ဘွား မင်းသား,မင်းသမီးအများတို့သည် ပူဇော်ဘွယ်အမျိုး မျိုးတို့ဖြင့် လာကြကုန်သော်လည်း ကြီးကုန် ကြီးကုန်သော သာကီဝင် မင်းသား တို့သည်ကား “သိဒ္ဓတ္ထမင်းသားသည် ငါတို့၏တူ ငါ၏တို့သား အသက်အားဖြင့် ငယ်လှစွာ၏”ဟူသော စိတ်ထားဖြင့် ဝပ်တွားဦးနှိမ်ခြင်း မပြုကြဘဲ ငယ်ကုန် ငယ်ကုန်သော မင်းသားကလေးများကို ရှေ့၌ထား၍ နောက်နားကသာ ရှောင် ရှားကာ နေကြကုန်၏၊ မြတ်စွာဘုရားသည် သာကီဝင် မင်းသားကြီးများ၏ စိတ်ထားမျက်မာန် ခက်ထန်ပုံ အခြင်းအရာကို ကောင်းစွာ မြင်သိတော်မူ၍ ဆွေတော် မျိုးတော်တို့၏ မာန်မာနကို ကျစိမ့်သောငှါ စံတော်မူရာ ပလ္လင်ထက် ၌ စတုတ္ထစျာန်ယာဉ်ကို ဝင်စားတော်မူပြီးလျှင် ကောင်းကင်ပြင်သို့ ပျံတက် တော်မူလေ၏။

ထိုကောင်းကင်ပြင်ဝယ် အမြန်ပင်ဖန်ဆင်းအပ်သော ရတနာစင်္ကြံ၌ လူးလာ တုံ့ခေါက် လျှောက်တော်မူကာ တန်ခိုးပြာဋိဟာကိုပြတော်မူရာတွင် ကိုယ်တော် ၏ အထက်ပိုင်းမှ မီးအလျှံ, ကိုယ်တော်၏ အောက်ပိုင်းမှရေအယဉ်, လက်ဖဝါး



ကပိလဝတ်ပြည့်နိဂြောဓာရုံကျောင်း၌ မြတ်စွာဘုရား ဗုဒ္ဓဝင်တရား ဟောကြားခဏ်း။

တော်မှ မီးအလျှံ လက်ျာဖဝါးတော်မှ ရေအယဉ်၊ လက်ျာမျက်လုံးတော်မှ မီးအလျှံ, လက်ဝဲမျက်လုံးတော်မှ ရေအယဉ် ဤသို့ စသည်ဖြင့် ရေ, မီး အစုံအစုံ သော ပြာဋိဟာ တန်ခိုးကို အမျိုးမျိုး ပြတော်မူပြီးသော် ရောင်ခြည်တော် ခြောက်သွယ် အဆန်းတကြယ် တို့ကိုလည်း လယ်ကာ လယ်ကာ အဇ္ဈာ ကောင်းကင်ပြင်ဝယ် အလျဉ်မပြတ် အထပ်ထပ် ကွန့်မြူးလျက် အထူးထွက်ပေါ် တော်မူစေလေ၏။

ယင်းသို့ အံ့ဘွယ်သရဲ ထူးကဲမြင့်မြတ်သော တန်ခိုးပြာဋိဟာကို မြင်ရသော ဘခင်မြတ် မင်းတရားကြီးသည် ရှင်တော်မြတ်ဘုရား၏ ခြေတော်မြတ်အစုံကို ဦးဖြင့်တိုက်၍ "သားတော်မြတ်ဘုရား ခမည်းတော်ကြီးသည် သားတော်ဘုရား ဖွားတော်မူစ ကာဠဒေဝိလရသေ့နှင့်တွေ့စဉ် အလွန်ပင်ထူးဆန်းသော အံ့ဘနန်း အဖုံဖုံကို မြင်ရ၍ ရှင်ပျဝမ်းမြောက်စွာ **တခါ ရှိခိုးဘူးပါပြီ၊** လယ်ထွန် မင်္ဂလာ ပွဲသောအခါ တလသား အရွယ်မှာလည်း အံ့ဘွယ်ရာရာ ကြီးစွာသော သပြေ ပင်ရိပ်၌ သိပ်ထားရာတွင် သစ်ပင်ရိပ် ပြန်ကာပြောင်း၍ သားကောင်းရတနာ စံနေရာ သပြေပင်ရိပ်ဝန်းသည် မယွန်းမရွေ့ ပြကတေ့ တည်သည်ကို မြင်၍လည်း ဦးတင်ကာယှက်မိုး၍ **ဒုတိယအကြိမ်** ရှိခိုးဘူးပါပြီ၊ ဤယခုမှာလည်း တခါတုံမျှ မကြုံဘူး မမြင်ဘူးအောင် ထူးမြတ်လှသော တန်ခိုးပြာဋိဟာကို မြင်ရပါသော ကြောင့် ဘခင်ဇော ရှင်ကြည်စွာဖြင့် **တတိယအကြိမ်** ရှိခိုးခြင်း ဖြစ်ပါသည် ဘုရား"ဟု လျှောက်ထားကာ ရှိခိုး ဦးချလေသတည်း၊ ခမည်းတော် မင်းတရား ကြီးသည် ဝပ်တွားမာန်လျှော့ ကန်တော့ ရှိခိုးသောအခါမှ "အရင်းလဲ အဖျား ထင်းဖြစ်"ဟူသကဲ့သို့ ရှိမခိုးဘဲ တိမ်းရှောင်၍ နေဝံ့သောသူ မရှိသဖြင့် အလုံးစုံ သော သာကီဝင် မင်းသား, မင်းသမီး, အကြီး,အငယ်, အရွယ်,အလတ် ဟူသမျှ တို့သည် ဖြူဆွသော စိတ်ထားဖြင့် ဝပ်တွား ရှိခိုးကြကုန်သတည်း။

ထို့နောက်မှ လက်ျာတော်ရံ အရှင်သာရိပုတြာ လျှောက်ထား တောင်းပန် ချက်အရ ထိုရတနာစင်္ကြံထက်၌ပင်လျှင် **ဗုဒ္ဓဝင်** ဒေသနာကို ကောင်းစွာ ဟော ကြားတော်မူလေ၏၊ ဗုဒ္ဓဝင်ကို ဟောတော်မူပြီးလျှင် ကောင်းကင်မှ သက်ဆင်း တော်မူ၍ ရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသောအခါ မိုဃ်း ကောင်းကင် တပြင်လုံးချိ၍ ကြေးနီအဆင်းရှိသော **ပေါက္ခရဝဿ** မိုဃ်းကြီး

ရှာလတ်သော် အချို့သောသူသာ စွတ်စို၍ အချို့သောသူမှာကား တပေါက်တစက်မျှ စွတ်စိုခြင်းမရှိချေ၊ဤသို့လျှင် စွတ်စိုလိုသောသူများသာလျှင် စွတ်စို၍ စွတ်စိုချင်သော အာသာ မရှိသူများကား စွတ်စိုခြင်းမရှိသော အခြင်းအရာကို မြင်ကြရသော ထက်ဝန်းကျင်သောင်းသောင်း ပရိသတ် အပေါင်းတို့သည် နှစ်ထောင်းဝမ်းသာ များစွာ ချီးမွမ်းကြကုန်၏၊ ထိုချီးမွမ်း မြွက်ကြားသော စကားအစဉ်ကို ဘုရားရှင်အကြောင်းပြု၍ "ဤယခုအခါမှာသာ မဟာဆွေတော် မျိုးတော်တို့၏ မျက်မှောက်၌ ပေါက္ခရဝဿမိုးကို သွန်းဖြိုးကာ ရွာစေသည် မဟုတ်သေး၊ ရှေးသရေအခါ ဝေဿန္တရာမင်းဖြစ်စဉ်ကလည်း ဤနည်းအတူပင် ရွာသွန်းစေဘူးပြီ" ဟု မြွက်ချီ မိန့်ဟတော်မူလတ်သော် နာကြားလိုသော သူအပေါင်းတို့ တောင်းပန်အပ်သည်ဖြစ်၍ ဂါထာပေါင်း တထောင်ကျော်တို့ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်လမ်းကို အဆန်းတကြယ် ဟောတော်မူလေသတည်း။

ရှင်တော်မြတ်ဘုရားသည် ဆွေတော် မျိုးတော်တို့နှင့် သင့်လျော်လျောက်ပတ်သော တရားကို ဟောကြားတော်မူရာ များစွာသော အဆွေအမျိုးပေါင်း သာကီဝင် မင်းကောင်းတို့သည် ညွတ်ပျောင်းသော သဒ္ဓါစိတ်ဖြင့် အထပ်ထပ် ရှိခိုးကြကုန်ပြီးလျှင် အသီးသီးပြန်ကြကုန်၏၊ မြတ်စွာဘုရားအား "သံဃာတော်များနှင့်တကွ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား"ဟု လျှောက်ထားသော သူကား တဦးတယောက်မျှ မရှိချေ၊ အမှတ်မဲ့သာ ဖြစ်ကြပေ၏၊ ခမည်းတော်ဖြစ်သော သုဒ္ဓေါဒန မင်းမြတ်ကြီးသည်ကား "ငါ့သားဘုရားသည် များစွာသော သံဃာတော်ပေါင်း နှစ်သောင်းနှင့်တကွ နက်ဖြန်နံနက်ဆွမ်းဘုဉ်းပေးရန် ကေန် နန်းတော်သို့ ကြွလာပေလိမ့်မည်"ဟု ယုံကြည်စိတ်ချကာ မပင့်မဘိတ်ဘဲ ဆိတ်ဆိတ်ပြန်လာလေ၏။

ကပိလဝတ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူခြင်း

သာကီဝင် မင်းသမီး, မင်းသား ဆွေတော် မျိုးတော် အများတို့သည် အကြီးအကျယ် ကြိုဆိုပွဲသဘင်ကို ဆင်ယင်ကျင်းပရသော ကိစ္စတာဝန်နှင့်တကွ တန်ခိုးပြာဋိဟာကို ဖူးမြင်ရခြင်း, တရားနာရခြင်း ကိစ္စတွေများပြား၍ တရားတော်နာကြားရသဖြင့် ဝမ်းမြောက်နှစ်သိမ့် တဖိမ့်ဖိမ့်ဖြစ်ကာ တခြိမ့်ခြိမ့်မွမ်း

အောင် ချီးကျူးရခြင်းတို့ကြောင့် နေလုံးကွယ်ပျောက်၍ လရောင်တောက်သော အခါ အထံတော်မှ ဖဲခွါလာကြကုန်၏၊ မည်သူတဦးတယောက်မျှ “ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရား”ဟု လျှောက်ထား ပင့်ဘိတ်ခြင်း မရှိကြလေကုန်၊ သို့ရာတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ စိတ်ထဲ၌မူကား “နက်ဖြန် နံနက်အခါ နန်းတော်သို့ ကြွလာပြီးလျှင် ဆွမ်းဘုဉ်းပေးတော်မူပေလိမ့်မည်၊ သားတော် ဘုရားနှင့်တကွ သံဃာတော် နှစ်သောင်းတို့အဘို့ပါ လုံလောက်စွာ ချက်ပြုတ်ထားမှ သင့်လျော်ပေမည်”ဟု ကြံစည်ကာ နန်းတော်သို့ ရောက်သောအခါ အစုံအလင် ချက်ပြုတ်လုပ်ကိုင်ကြစေရန် စီမံတော်မူထားလေ၏။

ရှင်တော်မြတ်ဘုရားသည် ထိုညကုန်ပျောက်၍ နံနက်သို့ ရောက်သောအခါ “ရှေးရှေးသော နောင်တော်ဘုရားတို့သည် ဆွေချက်တော်သိုရာ နေပြည်တော်သို့ ကြွရောက်သောအခါ ခမည်းတော်၏ ဆွမ်းကိုသာ ဘုဉ်းပေးတော်မူသလော၊ သို့တည်းမဟုတ် အိမ်စဉ်လှည့်ပတ်၍ ဆွမ်းရပ်ခြင်းကို ပြုပြီးလျှင် ဘုဉ်းပေးတော် မူသလော”ဟု ဆင်ခြင်တော်မူလေလျှင် အိမ်စဉ်လှည့်ပတ်၍ ဆွမ်းရပ်ခံခြင်းကို မြင်တော်မူသဖြင့် “ငါဘုရားလည်း ရှေး နောင်တော်များ၏ ပဋိပတ် အကျင့် မြတ်နှင့် လျော်ကပ်စွာ ကျင့်မည်”ဟု နှလုံးပြုတော်မူကာ နောက်တော်ပါ သံဃာနှစ်သောင်းနှင့် တကွ ကပိလဝတ် မြို့တော်တွင်းသို့ ဆွမ်းခံကြွတော်မူလေ သတည်း။

ထိုအခါ ရောင်ခြည်တော်ခြောက်ဆိုင်ကို အပြိုင်အပြိုင် လွှတ်တော်မူပြီးလျှင် ရှု၍မငြီးနိုင်သော ဘုရားတို့၏ ကြက်သရေတော်မြတ်ဖြင့် ကြွတော်မူရာ ခြေ တလှမ်း ခြေတလှမ်း၌ ကြာပန်း ကြာပွင့်တို့သည် မြေမှပေါက်၍ အံ့သြလောက် စဘွယ် ဆန်းကြယ်စွာ ခံလာကြကုန်၏၊ အညိုတဖြာ အဝါတလီ အနီတဆူ အဖြူ တကြောင်း ရောင်မောင်းတချက် ပြိုးပြက်ဆန်းကြယ်သော ရောင်ခြည်တော် ခြောက်စင်းတို့ဖြင့် တလင်းလင်း တထိန်ထိန် အိမ်ရှိတိုင်း နှုတ်ဆက်သကဲ့သို့ ရတ်ရက်ပြေးသန်း ရှုမခန်း တင့်တယ်တော်မူလေ၏၊ မမြင်စဘူး အထူးအဆန်း အံ့ဘနန်းဖြစ်သော ရောင်ခြည်တော် ပန်းတို့ကို ဖူးမြင်ကြရသော တိုင်းသူ ပြည်သားတို့သည် ရှင်အားတက်ကြွ၍ ထက်လှသောသဒ္ဓါစေတ်ဖြင့် ဖူးမျှော်ကြ သည်မှာ လွန်စွာများပြားကုန်၏။

ယသောဓရာနှင့် ရာဟုလာတို့ ဖူးမြင်ကြခြင်း

ပဒုမာကြာပွင့်တွေကို အဆင့်ဆင့်နင်းပြီးလျှင် ခြောက်ရောင်ဆိုင် တလင်းလင်းနှင့် မြို့တော်တွင်းသို့ဆွမ်းခံဝင်လာကြောင်းကို နန်းသူအပေါင်းတို့လျှောက်တင်ကြသဖြင့် နန်းညွန့်ရွှေလျှော် မယ်ယသော်သည် ရွှေပြည်တော် ကပ္ပိနန်းသို့ ဖြန့်မြန်းကြွဝင်လာသော ဘုရားရှင်ကို ဖူးမြင်လိုသော ဆန္ဒဓာတ်ရင်း ပြင်းတော်မူလှသဖြင့် ဌာန္တြေရုပ်ဆောင်၍ တည်တံ့ကာ မနေနိုင်အောင် ယောင်ယောင်မှားမှား ရွှေကိုယ်တော်လှုပ်ရှားပြီးလျှင် အားတန့်န့်နှင့် လွန့်တဲ့ကာထပြီးသော် ရွှေခြသေ့် ရုပ်တို့ဖြင့် ထုလုပ်မွမ်းတင်၍ ရောင်ရှင်ထိန်တောက်သော တံခါးပေါက်ကို မပွင့်တပွင့် အသာအယာ ဖွင့်လှစ်ကာ ရှုစားလိုက်လေ၏၊ ထိုအခါ ခြောက်ဖြာသော ရောင်ခြည်တော် အလင်းသည် ပြူတင်းပေါက် အတွင်းသို့ ချဉ်းနင်းတိုးဝင်ကာ ယသောဓရာ၏ မျက်နှာကို အသာအယာ နှုတ်ဆက်သော အသွင်ကဲ့သို့ ရှုချင်စဘွယ် တင့်တယ်စွာ ပြေးဝင်လာကြလေကုန်၏။

ဗိမ္ဗာရွှေလျှော် ယသော်ဒေဝီသည် ဘုရားရှင်၏ ရုပ်ပုံတော် အသွေးဓာတ်ကို အဝေးရပ်မှပင် မြင်တော်မူ၍ ပုထုဇဉ်အငွေ့ အလေ့ မပြယ်သေးသောကြောင့် တာတွယ်ယိုဖိတ် ချစ်ခင် လေးမြတ်သောစိတ်ဖြင့် ရှင်တော်မြတ် ရုပ်ပုံတည်းဟူသော ရွှေကြေးမုံကို အာရုံတော်စူးစိုက်လျက် ဦးခိုက်၍ရှုစားကာ "ဩြော်.... ရွှေကိုယ်တော်မြတ် သခင်မှာ ဟိုစဉ်ကထက်ပင် တင့်တယ်၍ ကြည်ညိုလှစဘွယ် အလွန်သပ္ပါယ်တော်မူလှပါပေသည်၊ ဒုက္ကရစရိယာ ကျင့်သုံးတော်မူစဉ်ကများ သတင်းကြားရပုံကို ထောက်လျှင် ဤရုပ်သွင်မျိုး နေမည်မထင်၊ ဟိုစဉ်အခါက ဤမျှလောက်ဆန်းကြယ်၍ လျှပ်ပန်းနွယ်ကဲ့သို့ တင့်တယ်သော ရောင်ခြည်တော်များကား မရှိပေ၊ ယခုအခါ ဘုရားဖြစ်လာမှ တမျိုးပြီးတမျိုး တိုးကာတိုးကာ တင့်တယ်တော်မူပါပေသည်၊ ဟိုယခင်က ငါကိုယ်တိုင်ပင် နေ့စဉ်တုံးပေးရသော ဆံထုံးခေါ်သည့် ဥဿျောင်တော်မြတ်ကား မရှိတော့ပေ၊ ရွှေဝတ်လဲတော်များလည်း ရှေးကနှင့်မတူ အတမူမျိုး ပြောင်းလဲ၍ ရွှေခဲရွှေတုံးနှင့်တူသော ကိုယ်တော်ကို ဖန်ရည်ဆိုးသော သင်္ကန်းတို့ဖြင့် ဖုံးလွှမ်းဝတ်ရုံကာ ထားတော်မူပေသည်၊ ဌာန္တြေတော်များကလည်း ခန့်ငြားတော်မူပါပေ၏၊ သပိတ်ကိုပိုက်၍ နောက်လိုက်သံဃာတော်ပေါင်း နှစ်သောင်းတို့နှင့်တကွ ဆွမ်းခံကြွတော်မူမည့်



ယသောဓရာသည် ရာဟုလာကို လက်ဆွဲ၍ "မောင့်ဘခင်ဘဲ" ဟု ဘုရားရှင်အား ညွှန်ပြခဏ်း။

အစား ရွှေနန်းတော်ကြီးသို့ကြွကာ ဆွမ်းဘောဇဉ် အချိုအချဉ်တို့ကို မငြိုမငြင် သုံးဆောင်တော် မူပါတော့လား၊ သာကီဝင်တို့၏ရိုးရာ ဓမ္မတာမဟုတ်သော အလေ့ဖြင့် တွေ့တွေ့သမျှ အိမ်တိုင်းကဘောဇဉ်ကို ဘာကြောင့် ခံယူတော်မူချင် ပါလိမ့်မလဲ”ဟု စိတ်ထဲ၌စဉ်းစားကာ ရှင်တော်ဘုရား၏ ရုပ်သွင်တော်ခတ်ပုံကို မမှိတ်ကုန်သော မျက်စိတို့ဖြင့် ရှုကြည့်၍ အတန်ကြာသောအခါ သားတော် ရာဟုလာကိုလည်း ရှုမြင်စေလိုသော အာသာဖြင့် စိန်, ကြောင်, မြသား, ပတ္တမြား, ပုလဲ ရိုးရဲထိန်ပြောင် ရတနာရောင်တို့ဖြင့် အဆန်းတကြယ် ခြယ်လယ် ပြုပြင်ကာ တန်ဆာဆင်ယင်၍ ထားအပ်သော သားတော်မြတ် ရာဟုလာကို “မယ်မယ့်ထံသို့ အမြန်လာပါ”ဟု ဆောလျင်စွာခေါ်တော်မူပြီးသော်“မယ်မယ့် သက်စု မျက်ရှုရတနာ ရာဟုလာ - ဟို မင်းလမ်းမတော်ကြီးဝယ် ခြောက်ဖော် သော ရောင်ဝန်းဖြင့် ထိန်ထွန်းစွာကြွလာတော်မူသော ထွတ်ဘုန်းလူမြတ်ဘုရား ကို သေချာစွာ ရှုစားပေတော့၊ သင်ချစ်သား၏ဘခင် ကျေးဇူးရှင် အစစ်ကြီး ပေတည်း” ဟူသော စကားဖြင့် ညွှန်ကြားမိန့်ဆိုတော်မူကာ ရောင်ခြည်တော် အဖူးအညွန့်တို့ဖြင့် မှူးကွန့်ယှက်သန်း၍ ကြွမြန်းတော်မူလာသော ဘဂဝါ ထွတ်ထားရှင်တော်မြတ်ဘုရားကို သားတော်မြတ်ရာဟုလာအား လက်ညှိုးတော် ပန်းဖြင့် အကြိမ်ကြိမ်လွှန့်ပြီးလျှင် ကွန့်ကာကွန့်ကာ ညွှန်ပြတော်မူရှာလေ၏။

ထိုမှတပါး **နရသီဟ** စကားတို့ဖြင့် ထူးခြားစွာ ညွှန်ပြပြောဆိုပြန်သည်မှာ “သံဃာတော်ပေါင်း နှစ်သောင်းခြံရံကာ ဆဗ္ဗဏ္ဏရံသီဖြင့် ထိနကြည်စွာကြွလာ သော ဘဝပါရဂူ ထွတ်ဘုန်းလူသည်ကား တရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် ကောင်းစွာ မှတ်အပ်သည်ဖြစ်၍ ပတ္တမြားသွေးကဲ့သို့ တွေးတွေးနီမြန်းသဖြင့် ရှုမခန်းသော ခြေဘဝါးအပြင် ရှိတော်မူပါပေသည်၊ ထို့ပြင်တပါး စာမရီ သားမြီးယပ်, ထီးဖြူတော် အမြတ်တို့ဖြင့် တလျှပ်လျှပ် တန်ဆာဆင်အပ်သော ခြေတော် ဘဝါးတို့ဖြင့်လည်း ခန့်ညားသပ္ပါယ်တော်မူပါပေသည်၊ ကောင်းမွန် မြတ်ဆန်းသော လက္ခဏာပန်းတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ ရှည်သွယ် မြင့်မားသော ဖနှောင့်တော်များလည်း ရှိတော်မူပါပေသည်၊ **နရသီဟ** ခေါ်ထိုက်သော မကိုဋ္ဌထွတ်မှူး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လည်း ဖြစ်ပါပေသည်၊ ထို **နရသီဟ** အမည်ရသော လူ့ဘထွတ်ထား အရှင်မြတ်ဘုရားသည်ကား

သာကီနန်းဘွားဖြစ်သော သင်ချစ်သား ရာဟုလာ၏ ပိတာမည်ရ သုံးလောက ထွတ်ထား ခမည်းတော် မြတ်ဘုရားကြီးပေတည်း။”

“အို - ချစ်သား သေချာစွာ ရှုစားလော၊ ထို အရှင်မြတ်ဘုရားသည်ကား ဉက္ကာကရာဇ် နေမြစ်နန်းရိုး သတိုးသကျ သာကီယနွယ်ဘွား သာကီဝင်မင်းသား အမြတ်လည်းဖြစ်တော်မူပါပေသည်၊လက္ခဏာတော်ကြီးသုံးဆယ့်နှစ်သွယ်တို့ဖြင့် လည်း တင့်တင့်တယ်တယ် ဆန်းကြယ်ပြည့်ဖြိုး ကြက်သရေတိုးသော ကိုယ်တော် လည်း ရှိတော်မူပါပေသည်၊ ထိုအရှင်မြတ်ကြီးသည် သုံးလောက တိုက်ဘောင် ဝယ် အမြိုက်ရောင်ထိန်ဝင်း၍ အရှိန်လင်းကာ တိုးပွားလျက် အကျိုးများစိမ့် သောငှါ လူ့ရွာတလွှားတွင် ပေါက်ဘွားတော်မူလာသော ရတနာမကိုဋ္ဌ် အမြိုက်ထိပ်ဦး ရဲဗိုလ်မှူးကြီးလည်း ဖြစ်တော်မူပါပေသည်၊ သို့အတွက် **နရသီဟ** ဟူသော ဂုဏ်ထူးကို လက်ဦးဆုံး ဆင်သ၍ အပိုင်ရသော ပုဂ္ဂိုလ်ကြီးပါတည်း၊ ထို **နရသီဟ** ဂုဏ်ထူးဖြင့် ဘဝဂ်တုန်အောင် ကျော်ကြားသော အရှင်မြတ်ဘုရား ကြီးသည်ကား မယ်မယ့်သည်းချာ အသင်ရာဟုလာကလေး၏ အချစ်သွေးကို ရည်မြှော်သော ခမည်းတော်ကြီးအစစ် ကေန်ဖြစ်ပါပေသည်။”

“အို-မယ်မယ့်ရင်သွေး သားတော်ကလေး - ခပ်ဝေးဝေးလမ်းမဝယ် မြန်းကြွ တော်မူနေသော အရှင်မြတ်ကြီးသည်ကား ပြည့်ဝန်းသော စန်းလအသွင်ကဲ့သို့ ကြည်လင်လှစွာ ထိန်ဝင်းဝါသော မျက်နှာတော် အသွေးအဆင်းလည်း ရှိတော် မူပါပေသည်၊ လူ, နတ်,ဗြဟ္မာ ပေါင်းများစွာတို့၏ ရတနာမျက်နှစ် အချစ်ကြီး ချစ်အပ်သော လူသုံးရပ်တို့၏အရှင် ပြောင်မာတင်ကြီးလည်း ဖြစ်တော်မူပါပေ သည်၊ အမုန်ယစ်သော ဆင်မင်းကြီးသဘွယ် တင့်တယ်စွာ သွားခြင်းလည်း ရှိတော်မူပါပေသည်၊ လူမြတ်ထွတ်မှူး ပုဂ္ဂိုလ်ထူးအစစ် ဖြစ်ကြီးဖြစ်တော်မူသော **နရသီဟ** သမ္ဗုဒ္ဓ အရှင်မြတ်ကြီးသည်ကား သင်ချစ်သား ရာဟုလာ၏ မွေးခါစ ညဥ့်အချိန်ဝယ် ဘဝနှောင်အိမ်တွင်းမှ လွတ်ကင်းအောင် ရုန်းမည်ဟု နှလုံးရည် ထက်မြက်စွာဖြင့် တောထွက်ခါသွားသော ခမည်းတော် ဘုရားကြီးပေတည်း။”

“အို-မယ်မယ့်သည်းချာ ရာဟုလာ - သေချာစွာ ရှုစားလော၊ ယခုကြွသွား သော အရှင်မြတ်ကြီးကား သမ္မတနန်းရိုး မင်းအမျိုးမှ မညှိုးမတိမ် တရှိန်တည်း ဖြစ်၍ စင်စစ်အားဖြင့် အမျိုးလည်းမြတ်ပါပေသည်၊ ဗြဟ္မာ,နတ်, လူ သုံးဘုံသူ

တို့၏ ကြည်ဖြူမြတ်နိုး တုပ်ဝပ်လျှိုးပြီးလျှင် ရှိခိုးဦးခိုက်အပ်သော ခြေတော်မြတ် အစုံလည်း ရှိတော်မူပါပေသည်၊ သီလ,သမာဓိ တည်းဟူသော ကျောက်မြေဝယ် အောက်ခြေစိုက်၍ တည်တံ့သော စိတ်ခံ့ စိတ်ခိုင်လည်း ရှိတော်မူပါပေသည်၊ ထို့ကြောင့် သတ္တဝါအများတို့ထက် ထူးခြားမြင့်မြတ်လှ၍ **နရသီဟ** ဟူသော ပန်းခိုင်ကို လှမ်းကိုင်ဆင်သုံးတော်မူနိုင်ပါပေသည်၊ ဤသို့သော ဂုဏ်အပေါင်းဖြင့် ညွတ်ပျောင်း ပူဇော်ထိုက်သော မကိုဋ်ထွတ်ထား အရှင်မြတ်ဘုရားကြီးသည် သင်ချစ်သား လူမမယ်၏ ဖြူတယ်, မဲတယ်မှ မသိရသော မွေးဘမျက်ဖျော် ခမည်းတော်ကြီးပေတည်း။”

“အို-ချစ်သား-ရွှေအားတော် မယိုင်ဘဲ မဏ္ဍိုင်လိုတည့်မတ်ပြီး ကြွတော်မူ လတ်သော အရှင်မြတ်ကြီးသည်ကား ရှည်သွယ်ခြင်းနှင့်ယှဉ်၍ အသွင်သဏ္ဌာန် ကောင်းလှသော နှာခေါင်းနှာတံလည်း ရှိတော်မူပါပေသည်၊ နွားငယ်ကလေး၏ မြက်ကွင်းအဝန်းကဲ့သို့ စိုရွှန်းကြည်လင်သော မျက်ကွင်းလည်း ရှိတော်မူပါ ပေသည်၊ သက်တန့်ကိုင်းလို အလွန်ညို၍ စိုပြည်စိမ်းလဲ့သဖြင့် တကဲ့ညိုမှောင် သော မျက်တောင် မျက်ခုံးလည်း ရှိတော်မူပါပေသည်၊ **နရသီဟ** ဘွဲ့ထူးဖြင့် ချီးကျူးတော်မူအပ်သော ထိုအရှင်မြတ်ကြီးသည်ကား မယ်မယ်၏ နှလုံးငြိမ် ဆေး သားတော်ကလေး အသင်ရာဟုလာ၏ ရတနာတပါး ခမည်းတော်ဘုရား ကြီးပေတည်း။”

“အို-မေမေ့မျက်ရှု မင်းရာဟု-ယခု ကြွလာသော အရှင်မြတ်ကြီးသည်ကား လုံးလျောင်း ပြည့်ဖြိုးသော ရွှေမုရိုးစည်ပုံဟန် သဏ္ဌာန်တော်ပြေပြစ် ကျစ်လစ် သွယ်ဆင်းသော လည်ပင်းတော်လည်း ရှိတော်မူပါပေသည်၊ခြင်္သေ့မင်း၏မေးနှင့် တပြေးတည်းတူမျှ၍ လှပသော မေးတော်လည်း ရှိပါပေသည်၊ သားများ သေဋ္ဌနှင်း ခြင်္သေ့မင်း၏ ကိုယ်ပေါက်ကိုယ်ရောက်ကဲ့သို့ မို့မောက်ပြည့်ဖြိုးသော ကိုယ်တော်လည်း ရှိတော်မူပါပေသည်၊ လှော်ရွှေဦးသစ် ဇမ္ဗူရာဇ်သိင်္ဂီ တထိန်ထိန် ကြည်သကဲ့သို့ ရောင်ခြည်တော် တဝင်းဝင်းနှင့် တလျှပ်လျှပ် လင်းသော အဆင်းအရေတော်လည်း ရှိတော်မူပါပေသည်၊ တုပြိုင်စံနှုန်းလျှင် အမြတ်ဆုံး အသာဆုံးဖြစ်သော အဆင်းကိုလည်း ဆောင်တော်မူပါပေသည်၊ အဆင်းဂုဏ်ဖြင့် သတင်းဟုန်ကြီးလှ၍**နရသီဟ**ခေါ်သော ထိုအရှင်မြတ်ကြီးသည်

ရာဟုလာတွင်ခေါ်သော သားတော်မျက်နှစ် မယ်မယ့်အချစ်၏ ဓမ္မရာဇ် ထွတ်ထား ခမည်းတော်ဘုရားကြီးပေတည်း။”

“အို-ချစ်သား စိတ်အားတော်မငယ်နှင့် မယ်မယ်ပြောပြပါမည် သဘော ကျအောင် နားထောင်ပါ၊ လမ်းမတော်ကြီး တခုလုံးဝယ် ရှုမဆုံးသော ရောင်ခြည်တော် အဖူးအညွန့်ဖြင့် မြူးကွန့်၍ ကြွလာသော အရှင်မြတ်ကြီး သည်ကား ပြေပြစ်နက်နဲ၍ လွန်ကဲသာယာ ချိုမြိန်စွာသော အသံတော်လည်း ရှိတော်မူပါပေသည်၊ ဟင်္သာပြဒါးတူစွာ လယ်ခေါင်ရန်းပမာကဲ့သို့ တျာတျာ နီမြန်းသော နှုတ်ခမ်းနှင့် လျှာတော်လည်း ရှိတော်မူပါပေသည်၊ အထက် နှစ်ဆယ်, အောက်နှစ်ဆယ် လေးဆယ်မျှညီပြီးလျှင် ပုလဲလုံး ကုံးသီသကဲ့သို့ ညီညာတင့်တယ် ချစ်စဘွယ်သော သွားတော်လည်း ရှိတော်မူပါပေသည်၊ ထို နရသီဟ လောကထွတ်မူး ပုဂ္ဂိုလ်ထူးကြီးသည်ကား မယ်တော့်နှလုံးသွေး၏ အပြုံးဆေးပမာ သင်ချစ်သား ရာဟုလာ၏ ပိတာခေါ်ဝေါ် ခမည်းတော်မြတ် ဘုရားကြီးပေတည်း။”

“အို-ချစ်သား ဆဒ္ဒန်ဆင် ပုံအလားကဲ့သို့ မားမား မားမားနှင့် ကြွသွား တော်မူသော အရှင်မြတ်ဘုရားကား မျက်စဉ်းညိုအရောင် ပိတုန်းတောင်ကဲ့သို့ မဲမှောင်စိမ်းလဲ့သော ဆံတော်ဓာတ်မြတ်လည်း ရှိတော်မူပါပေသည်၊ ရွှေပြား အပြင်ကဲ့သို့ စင်ကြယ်ပြန့်ပြူးသော နဖူးသင်းကျစ်တော်လည်း ရှိတော်မူပါပေ သည်၊ သောက်ရှုူးကြယ်အတူ ဖွေးဖြူနုနု ပုလဲဥပုံ စပယ်ငုံကဲ့သို့ ဥဏ္ဏာလုံမွေး ရှင်တော်လည်း ရှိတော်မူပါပေ၏၊ ယင်းသို့လျှင် ထူးခြားသော လက္ခဏာဂုဏ် တို့ဖြင့် ဘဝဂ်ပါတုန်ဟည်းအောင် ဂုဏ်ကြီးတော်မူလှသော နရသီဟ မည်တွင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ကား မယ်မယ်၏ နှလုံးအိမ်ကို ဂမုန်းစိမ် သော သဇင်ဥကဲ့သို့ ရွှင်မူပြုံးမူကို ပေးတတ်သော ရင်သွေးမျက်လှာ အသင်ရာဟု လာ၏ စကြာဓမ္မ ညွန်ပြဟောဖော်သော ခမည်းတော်ဘုရားကြီးပေတည်း။”

“အို-ချစ်သား ထူးခြားသောဂုဏ်ကို တဖုံလှဲ၍ ပြောပြမည် သောတ အကြည် ဓာတ်စက်ဖြင့် မှတ်ချက်ပြုပေတော့၊ ထက်ကောင်းကင် အဇဋ္ဌာဝယ် ကြယ်တာရာအပေါင်း ခညောင်း ဝန်းရံသော ယုန်ပျံဘုံနန်း လပြည့်စန်းကြီး သည် လမင်း၏ကြက်သရေကိုဖွင့်ကာ တင့်တင့်တယ်တယ် လှည့်လည်သွားလာ

သကဲ့သို့ လောကဓာတ် တရပ်လုံးတွင် အမြတ်ဆုံးဖြစ်သော သံဃာ့သေဌ်နှင်း ရဟန်းမင်းတပါး ရှင်တော်ဘုရားသည် ကြွယ်တာရာသဘွယ် ရဟန်းသံဃာ တို့၏အလယ်၌ စံပယ်ကွန့်မြူးတော်မူကာ ဘုရားရှင်တို့၏ ကြက်သရေကို ဖွင့်၍ တင့်တင့်တယ်တယ်ကြီး ကြွလှမ်းတော်မူလာပါပေသည်၊တိုလမင်းတမျှ **နရသီဟ** ဖြစ်သော တြိဘဝပါရဂူ သယမ္ဘူ အရှင်ဘုရားသည် သင် သားရတနာရာဟုလာ ၏ မှီရာသီးခြား ခမည်းတော်ဘုရားကြီးပေတည်း၊” ဤသို့လျှင် ညွှန်ပြတမ်းတ၍ လမ်းမ၌ ကြွသွားသော ရှင်တော်ဘုရားကို ရှုစားတော်မူကာ သောကဖြစ်ရှာ လေသတည်း။

နရသီဟဂါထာ လင်္ကာ ၉–ပုဒ်

၁။ သုံးဆယ့်တဘုံ၊ အလုံးစုံတွင်၊ များပုံသတ္တဝါ၊ ဦးခိုက်ရာသည့်၊ တေဇာ မြင့်မား၊ မြတ်ဘုရား၏၊ ပတ္တမြားအသွင်၊ ဘဝါးပြင်ဝယ်၊ ဆင်စွယ်ဝန်းယှက်၊ ရာ့ရှစ်ကွက်ဟု၊ စက်လက္ခဏာ၊ မြတ်အင်္ဂါမူ၊ ဖြူမှာမကြွင်း၊ ဘုံခပင်းတည်း၊ ရှည်ခြင်းသင့်လျော်၊ ဖမျက်တော်ဖြင့်၊ နှစ်ဘော်မမြင်၊ စက်နှစ်ပြင်ဝယ်၊ ရောင်ရှင်လူလူ၊ ထီးဖြူလျှပ်လျှပ်၊ သားမြီးယပ်ဖြင့်၊ တင့်အပ်စွာဘိ၊ တန်ဆာ ရှိသား၊ သာကီဥသျှောင်၊ ဤဘုန်းခေါင်ကို၊ အမောင်ရှုမျှော်၊ ခမည်းတော်ဟု၊ ယသော်ညွှန်ပြ၊ မြွက်ဆိုဟသည်။ ။ သံမြချိုမြိန် ဂါထာတည်း။

၂။ သာကီနွယ်စဉ်၊မင်းနှင့်နှင့်တို့၊ နှိုင်းအင်မဘက်၊ ကဲမိုးတက်၍၊ ထိပ်ထက် ကြာမုံ၊ လက်ပဒုံဖြင့်၊ ခြေစုံစကြာ၊ ဦးညွှတ်ရာသား၊ လဲဝါတန္တု၊ မွေ့ညှံ့နုလျက်၊ ကုသုမာလော်၊ ရွှေကိုယ်တော်နှင့်၊ ရှုမျှော်ဆန်းကြယ်၊ လွန်တင့်တယ်သည်၊ သုံးဆယ်နှင့် ဒွိ၊ အသီတိဟု၊ ပုရိသကြန်၊ မြတ်သဏ္ဍာန်နှင့်၊ ပုံဟန်ပြဟန်၊ ဆဗ္ဗဏ္ဏာဖြင့်၊ အံ့အာသရဲ၊ ဘဝင်ကွဲမျှ၊ ခပ်များစွာ၊ သတ္တဝါ၏၊ ချမ်းသာစီးပွား၊ ရှာဖွေငြား၍၊ ကြွသွားဆွမ်းခံ၊ စေဘုန်းလျှံသည်။ ။ သက်နှံ့မောင့်ဘ ရာဇာတည်း။

၃။ ဇမ္ဗူသိင်္ဂီ၊ နာရဏီသို့၊ တူညီမှည့်ရွှန်း၊ လပြည့်ဝန်းမျှ၊ ဘက်ကျွန်း မျက်နှာ၊ ရွှေဆင်းဝါတည့်၊ ဖြူမှာ, နတ်, လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူရှုမျှော်၊ ဖူးရသော်လျှင်၊ ရွှင်ပျော်နှစ်မြို့၊ စိတ်ကိုညှို့သို့၊ ပျို့ပျို့ ဇောတက်၊ မခွါရက်တည့်၊

စက်စက္ကဝါ၊ တိုက်မှာမှာတွင်၊ နှိုင်းရာမမြင်၊ ဥသျှောင်ကျင်တည့်၊ ဆင်၏သဏ္ဌာန်၊ ပြောင်ဆဒ္ဒန်သို့၊ သွားဟန်ငြိမ့်လေး၊ လွန်ယဉ်ကျေးသည်၊ သင့်မွေးသဘာ၊ ရှုစမ်းပဟု၊ သီဟလေသွန်၊ ရွှေညိုးညွန်သည်။ ။ အလွန်သာတောင့် သာယာတည်း။

၄။ ဘဒ္ဒမည့်သာ၊ဤကမ္ဘာတွင်၊မဟာသမ္မတ်၊လောင်းနေနတ်မှ၊ ခတ်ခတ္တိယ၊ မျိုးဝံသဖြင့်၊ ဘိုးဘစဉ်ဆက်၊ နွယ်မပျက်လျှင်၊ မြတ်ထက်မြတ်ခေါင်၊ ဘုန်းတော်ရောင်ကြောင့်၊ သုံးဘောင်ရပ်သူ၊ နတ်, လူ, ဗြဟ္မာ၊ သချ်ာချာလျှင်၊ ရတနာမကိုဋ်၊ ငုံ့လျှိုးငိုက်၍၊ ဦးခိုက်ကြရာ၊ ခြေစကြာနှင့်၊ ကျောက်ဖျာတန္တိ၊ နှိုင်းတူရှိသား၊ မိသမာစျာန်၊ သီလက္ခန်ဝယ်၊ မဟန္တာရုံ၊ ရပ်ပြီးတုံမှ၊ ခိုင်လုံကြံ့ကြံ့၊ စိတ်တော်ခံ့သား၊ ချီးအံ့တိုင်းကျယ်၊ ဂုဏ်ပင်လယ်ဖြင့်၊သပ္ပါယ်ဖွံ့ထွား၊ ဤမြတ်ဖျားကို၊ ချစ်သားနန်းသွေး၊ ရှုဘိသေးဟု၊ ကြည်အေးလေသွန်၊ ရွှေသလွန်မှ၊ နှုတ်မွန်မြွက်ဟ၊ ယသော်ပြသည်။ ။ ကြားကနာသောင့် နာသာတည်း။

၅။ သရေပြည့်ထွန်း၊ တက်နေဝန်းသို့၊ရွှေချွန်းသဘွယ်၊နှာတော်ဝယ်လည်း၊ ရှည်သွယ်ဝန်းတိ၊ သပ္ပါယ်ဘိ၏၊ အမိမခြား၊ ယနေ့ဘွားသည်၊ နွားငယ်မျက်စိ၊ သဏ္ဌာန်ရှိသို့၊ ညိုဘိရှုမျှော်၊ မျက်မှောင်တော်လည်း၊ နှိုင်းလျော်မထင်၊ ပြစ်မျိုးစင်၏၊ သက်တင်ပုံသွေး၊ ကော့ကော့ရေးသား၊ မျက်မွေးမျက်တောင်၊ ထွတ်ဘုန်းခေါင်ကား၊ သုံးဘောင်ရပ်သူ၊ သုံးပြည်သူတို့၊ နိုင်းတူမမျှ၊ မောင့်မွေးဘဟု၊ လုံးဝလျင်ဆော၊ ဟုတ်တိုင်းပြောသည်။ ။ သဘောဖွေဖွေ ရှာရှာတည်း။

၆။ ရွှေဖျားဦးတည်၊မြတ်ဘုန်းစည်ကား၊ဝန်းလည်နှိုင်းပြိုင်၊ရွှေပွတ်တိုင်သို့၊ ရွှေဆိုင်ပုံခင်း၊ ရွှေလည်ပင်းနှင့်၊ သားမင်းခေါ်ဆို၊ ခြင်္သေ့ပျို၏၊ ကိုယ်နှင့်တမျှ၊ ပြည့်ဖြိုးလှသား၊ ဒေဟလက္ခဏာ၊ ညီညွတ်စွာတည့်၊ သောဏ္ဏာစလံ၊ ရွှေတောင်ပျံသို့၊ အလျှံထိန်ပြောင်၊ ရွှေကိုယ်ရောင်လည်း၊ လောင်စလိလိ၊ ဝင်းဝင်းညီလျက်၊ သိရှိမြူတော၊ အသရေမှူ၊ အံ့ပေမဆုံး၊ ဘက်မဲ့ကျုံးသား၊ အားလုံးလောက၊ ဦးတင်သသည်၊ မောင်ဘသခင်၊ ဤချစ်ရှင်ဟု၊ မျက်မြင်ခဏ၊ သားကိုပြသည်။ ။ ကြောင်းစထွေထွေ လာလာတည်း။

၇။ အင်္ဂါရှစ်သွယ်၊ ဆန်းတကြယ်တည့်၊ နာဘွယ်ကော်ရော်၊ မိန့်သံတော်လည်း၊ ကြားသော်ချမ်းမြေ့၊ နားဝင်တွေ့၏၊ မိုဃ်းစွေ့ခေါင်ရန်း၊ နှင်းဆီပန်းသို့၊ နီမြန်းတျာတျာ၊ လျှာတော်မှာလည်း၊ ဟင်္သာပြဒါး၊ ပတ္တမြားသွေး၊ တွတ်တွတ်စွေး၏၊ ဖြူဖွေးသန့်ရှင်း၊ ခရုသင်းသို့၊ မယွင်းတူဘွယ်၊ သွားတော်ဝယ်လည်း၊လေးဆယ်ပြည့်စုံ၊အံ့မျိုးစုံသား၊သုံးဘုံထင်ပေါ်၊ တုမမျှော်သည်။ ။ ရှင်တော်မောင့်ဘ ပိတာတည်း။

၈။ နှိုင်းရာမထင်၊ ကိုယ်တော်တွင်မူ၊ ကေရှင်ညွန့်ထွား၊ မျက်စဉ်းလားသို့၊ ရွှေပြားပမာ၊ စင်ကြယ်စွာလျှင်၊ ပြစ်ဆာမမျှော်၊ နဖူးတော်နှင့်၊ အံ့ဩော်ဆန်းထူး၊ ကဲလွန်ကြူးမျှ၊ သောက်ရှူးကြယ်သွင်၊ ဖွေးဖွေးစင်သား၊ မွေးရှင်တော်ရုံ၊ ဥဏ္ဏာလုံလည်း၊ တိမ်ဘုံလစန်း၊ လျှပ်နွယ်ပန်းသို့၊ ပတ်သန်းလင့်ပွင့်၊ ရောင်ဖြူဝင့်သည် သုံးဆင့်ဘုံတိုက်၊ ထွတ်မကိုဋ်မှူ၊ ရန်မိုက်ဖြတ်လည်း၊ မောင့်ခမည်းဟု၊ သားသည်းချာမြတ်၊ ရာဟုနတ်ကို၊ ညွှန်လတ်တုံလျက်၊ ဂါထာမြွက်သည်။ ။ အချက်သေသေ ချာချာတည်း။

၉။ မောင့်ဘသရေ၊ ထွန်းပထွေကို၊ စေ့ရေနှိုင်းလို၊ ပမာဆိုပိမ့်၊ မြင်းမိုရ်လှည့်လည်၊ ကောင်းကင်စည်မျှ၊ ရောင်ခြည်ဝင်းဝါ၊ ကြယ်တာရာသို့၊ ရံခါဝန်းကျင်၊ လေလမ်းနှင်သည်၊ ငွေစင်လစန်း၊ သော်တာနန်းလျှင်၊ ရောင်ပန်းပွင့်ဝေ၊ ကြွမြန်းလေသို့၊ မုနေသဘာ၊ သံဃိန္ဒလျှင်၊ မျှားလှသောင်းသောင်း၊ တပည့်ပေါင်းတို့၊ ခညောင်းရံကာ၊ လယ်ချက်ခြာက၊ ခြောက်ဖြာရောင်ခြည်၊ ပတ်ဝန်းလည်နှင့်၊ ရှင်ကြည်ဘွယ်ရာ၊ ကြွမူလာ၏၊ ရူပါခလှည့်၊ သားမောင်ကြည့်ဟု၊ နွမ်းသည့်မူရာ၊ မင်းဗိမ္ဗာလျှင်၊ လေသာလှစ်ဖွင့်၊ ပြည့်နှင်လင့်သည်။ ။ ဘခင့်ရွှေတောင့် ရုပ်ဝါတည်း။

မှတ်ချက် ဤ နရသီဟ ဂါထာ လင်္ကာ ၉-ပုဒ်ကား လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီး ဘာသာပြန်ဆို ရေးသားအပ်သော "သာသန သမ္ပတ္တိဒီပနီ"ကျမ်း၌ ပါရှိလေသည်၊အများပြည်သူတို့ ကြည်ဖြူသဒ္ဓါ ကျက်မှတ်ကြစေရန် ဤတွင်ထည့်သွင်းလိုက်ပါသတည်း။

သုဒ္ဓေါဒနမင်းတရားသည် မြတ်စွာဘုရားထံ လျင်မြန်စွာ သွားရောက်ခြင်း

ယင်းသို့ သပိတ်တော်ကို ပိုက်၍ နောက်လိုက် နောက်ပါဖြစ်သော သံဃာတော်နှစ်သောင်းတို့ဖြင့် ခြံရံကာ မြို့တော်လမ်းတခွင်၌ အိမ်စဉ်အတိုင်း ဆွမ်းခံကြွမြန်းတော်မူပုံကို ဆွေတော်မျိုးစုံ ဗိုလ်ပုံအပေါင်းတို့ မြင်ကြရသော အခါ လွန်စွာကြေကွဲ၍ ဝမ်းနည်းပက်လက်ဖြစ်ကြပြီးသော် "အို-သိဒ္ဓတ္ထဘုန်းမြတ်သည် နှလုံးခေါတ်ကြေကွဲစရာအဘယ်သို့ ဖြစ်ပါလိမ့်မည်နည်း၊ ငါတို့သာကီဝင်မင်းမျိုး၌ ညှိုးငယ်သောမျက်နှာဖြင့် အစာအာဟာရအတွက် တောင်းရမ်းရိုးထုံးစံမရှိချေ၊ ယခုမှာကား အမျိုး၏မျက်နှာကို မထောက်ထားဘဲ ဘောက်ပြားသော စိတ်ဖြင့် သပိတ်ကိုလက်စွဲကာ ရဲရဲကြီးတောင်းရမ်း စားသောက်သော အမှုကို ပြုနေပါပေါ့ကလား၊ တခါဖြင့် ခက်ကုန်ပြီ, သာကီဝင်မျိုးဇာတ်လည်း ညှိုးပြတ်ချေတော့မည်"ဟု တွေးတောကြံဆ ကွဲ့ရဲ့ပြစ်တင်ကြကုန်လျက် သုဒ္ဓေါဒနမင်းကြီးထံသို့ အမြန်သွားကာ "သာကီဝင်တို့၏ ဥက္ကဌ်ဖြစ်သော အရှင်မင်းမြတ်အရှင်၏သားတော်သည် ယနေ့နံနက် သပိတ်လက်စွဲ၍ မြို့ထဲတွင် တောင်းရမ်းခြင်းအမှု ပြုနေပါပြီ၊ ဤနန်းတော်ကြီးသို့ ကြွလာ၍ အာဟာရဘောဇဉ်ကို မငြင်မငြို အလိုရှိသလောက် စားသောက် သုံးဆောင်ပါတော့လော၊ သာကီဝင်အမျိုးအနွယ်ကို ညှိုးငယ်အောင် ပြုရက်လေသည်၊ သာကီဝင်အနွယ်၌ တောင်းရမ်းစားသောက် အိမ်ပေါက်စေ့ သွားလာသော အလေ့မျိုးကို ဘယ်သူတဦးမျှ ပြုရိုးထုံးစံမရှိချေ၊ အရှင့်သား၏ ပြုတော်မူပုံများကို ကိုယ်တော်တိုင် ရှုစားတော်မူပါ၊ မြို့အတွင်းမှာပင် သပိတ်ကြီးကိုပိုက်၍ နောက်လိုက် ရဟန်းတော်များနှင့်တကွ သွားလာလှည့်လည်ဆဲပင် ရှိပါသေးသည်ဘုရား"ဟု ကဲ့ရဲ့သော စိတ်နှလုံး မကြည်ပြုံးသော မျက်နှာအသွင်ဖြင့် သူ့ထက်ငါ လျှောက်တင်ကြကုန်၏။

ဆွေတော် မျိုးတော်အပေါင်းတို့ သောင်းသောင်းဖြဖြ လျှောက်တင်ကြသောအခါ ရာဇာသုဒ္ဓေါဒနမည်းတော်ကြီးသည် ပြာရီးပြာရာမချမ်းသာသော စိတ်နှလုံးဖြင့်"အို-သည်အတိုင်းမှန်လျှင်ကေန်ပင်အနွယ်ပျက်၍တကယ်ခက်သော အခက်ကြီးပါတကား၊ သားတော်ဘုရားနှယ် အနွယ်နှင့်မလိုက် သပိတ်ကိုပိုက်

ပြီးလျှင် တအိမ် တစလေ၁င်း တောင်းရမ်းသောအမှုကို ပြုရက်ပေစွတကား”ဟု အကြိမ်ကြိမ် ညည်းတွားလျက် ရှက်အားကြီးတော်မူလှသဖြင့် ဝတ်လဲတော် ပုဆိုးစကိုဆွဲကိုင်ကာ လျင်မြန်စွာနန်းတော်မှဆင်း၍ တရားမင်းသခင် ဘုရားရှင် ရှိရာသို့ သွားလေပြီးသော် ချီအပ်သောလက်အုပ်ဖြင့် တလှုပ်လှုပ်တုန်ရီကာ “အိုသားတော်မြတ် မလျော်ကပ်ပတ်သော အမှုကို ဘာ့ကြောင့် ပြုတော်မူပါသနည်း၊ သားတော်မြတ်သည်ကား သာကီယနွယ်တော်စဉ်မှ ဘွားမြင်တော်မူလာသည် မဟုတ်ပါလော၊ သာကီဝင်မျိုးမှန်လျှင် တောင်းခံလှည့်လည်သော အမှုမျိုးကို ပြုရိုးထုံးစံမရှိပါ၊ရွှေသို့တလှမ်းမျှ ကြွမြန်းတော်မမူပါနှင့်၊ နန်းတော်ကြီးအတွင်း၌ သံဃာတော်ပေါင်း နှစ်သောင်းမက လိုသမျှ သံဃာတော်တို့ ပြည့်စုံလုံလောက် အောင် စားသော်က်စရာ အရသာဘောဇဉ်တို့ကို အဆင်သင့်ပင် စီရင်ပြီးဖြစ် ပါသည်၊ကဲ-ကဲ နန်းတော်သို့သာ အမြန်ကြွတော်မူပါ၊ တလောကလုံးချီးကျူး၍ ထူးမြတ်သော အမျိုးဇာတ်ကြီးကို ဖျက်ဆီးတော်မမူပါနှင့်”ဟု လမ်းခရီးမှာပင် အရေးတကြီး လျှောက်ထားလေ၏။

သာကီဝင် နှင့် ဗုဒ္ဓဝင်

ခမည်းတော် မင်းတရားကြီး၏ လျှောက်ထားပုံ စကားကို ကြားတော်မူရ သော ရှင်တော်မြတ်ဘုရားသည် **သာကီဝင်** နှင့် **ဗုဒ္ဓဝင်** တို့၏ ခြားနားကွဲပြားပုံ အချက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိစေလိုသောကြောင့် “သာကီ နွယ်တမွတ်ထီးတို့၏ အထွတ်ကြီးဖြစ်တော်မူသော အို-ခမည်းတော်ကြီး ဒေဝဒဟ ကောလိယနှင့် ကပိလထီးနန်း ဤကြင့်နန်းသုံးဆူတို့၏ အနွန်းတူအနွယ်တူ တကယ် စင်ဖြူသော စရိုက်ဖြင့် သမိုက်တွင်ခေါ်သော သာကီယ အနွယ်တော်သည် မယ်တော်, ခမည်းတော်မှစ၍ အသင်မင်းတရားကြီးတို့၏ ဤလောကတိုင်း ဘောင်တွင် ဂိုဏ်းထောင်၍ ချွန်ပေသော အနွယ်မွန် အနွယ်မြတ်ကြီး ဖြစ်ပါပေ သည်၊ ဗောဇ္ဈင်စကြာ ရတနာလက်ရှိဖြင့် ဗောဓိပလ္လင်ဝယ် ငါးရပ်သောမာရ်ကို ပယ်နိုင်ကာ အောင်မြင်ခဲ့သော ငါဘုရား၏ အနွယ်တော်မြတ်သည် အသင် မင်းကြီးတို့၏ အနွယ်အရိုး သာကီပင်မျိုး မဟုတ်တော့ပေ၊ သုံးလောကခရိုင် နယ်တွင် ပြိုင်ဘွယ်ကင်းလွတ်သော ငါဘုရား၏အနွယ်တော်မြတ်သည်ကား ရှေး ရှေးသော နောင်တော်ဘုရားတို့၏ အစဉ်အဆက် မပျက်တီထွင်ခဲ့သော ဗုဒ္ဓဝင်

ဖြစ်ပေသည်၊ ဗောဓိပင်နှင့် ပလ္လင်မဏ္ဍိုင်ဝယ် မာရ်ငါးပါးကို ခုတ်ချိုင်ကာ လေးခိုင်သော သစ္စာပန်းတို့ကို ဆွတ်လှမ်းသောအခါမှ စပြီးလျှင် **သာကီဝင်** အနွယ်ဇာတ်မှ လုံးလုံးကြီးကင်းပြတ်၍ မြင့်မြတ်သော ဗုဒ္ဓအနွယ်တော် မြတိုက်သို့ ကြွဆိုက် သက်ရောက်တော်မူခဲ့လေပြီ၊ သို့ကြောင့် ယခုအခါ ငါဘုရားကို သင်မင်းတရားတို့၏ ဇာတ်ဝင်ဟု မှတ်ထင်တော်မမူးလနှင့်၊ ဗုဒ္ဓဝင်သမိုင်းပြောင်အောင် ဂိုဏ်းထောင်တော်မူခဲ့ကြသော ရှေးရှေး နောင်တော် ဘုရားတို့သည်လည်း သလုံးမြင်းခေါင်းဖြင့် ရင်နှီးကာ သပိတ်ကိုပိုက်၍ သိုက်မြိုက်သောရောင်ခြည်တော် ဓာတ်အလင်းဖြင့် မြို့တွင်း, ရွာတွင်းဝယ် ဆွမ်းခံခြင်းအလို့ငှါ လှည့်လည်တော်မူကြပါသည်၊ ငါဘုရားသည်လည်း ရှေးရှေးသောနောင်တော်များ၏ ထုံးစံစရိုက်ကို အစဉ်တစိုက်လိုက်တော်မူသောအားဖြင့် ကပိလဝတ်နေပြည်တော်ကြီးအတွင်းဝယ် ဆွမ်းခံခြင်း ပြုတော်မူရပေသည်၊ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာမှစ၍ ဗုဒ္ဓဝင်ဂိုဏ်းတွင် ပါဝင်သောပုဂ္ဂိုလ်မှန်သမျှ ဆွမ်းခံရသော ဝတ်တရားကို မေ့ထားဘို့မသင့်၊စင်စစ်မမေ့ကောင်းပေ”ဟူ၍ ခမည်းတော် မင်းတရားကြီးအား **သာကီဝင်** နှင့် ဗုဒ္ဓဝင်ကို နှုတ်ရှင်ရှင် ဟောကြားတော်မူလေ၏။

ခမည်းတော်ကြီး သောတာပန်တည်ခြင်း

ဤဆိုအပ်ပြီးသောအတိုင်း သုံးလောကမျက်ရှ သဗ္ဗညုရှင်တော်ဘုရားသည် “ယခုအခါ သာကီဝင်နွယ်စရိုက်သို့ မလိုက်တော့ကြောင်းနှင့် ဗုဒ္ဓဝင်စရိုက်ကိုသာ လိုက်တော်မူကြောင်း”ဟု မိန့်တော်မူအပ်သော မျိုးပြတ် ဆွေပြတ် စကားရပ်ကို ခမည်းတော်ကြီး ကြားရလေလျှင် “ရက်စက် စိမ်းကားလေစွ တကား”ဟု များစွာပင် စိတ်နှလုံး မချမ်းမသာ ဖြစ်သင့်ပါသော်လည်း သားတော်ကြီးတဆူ ဖြစ်တော်မူသည့်အတွက် စိတ်နာခြင်း မချမ်းသာခြင်း မဖြစ်ဘဲ “ပုဂ္ဂိုလ်ခင်မှ တရားမင်” ဆိုသည့်အတိုင်း လမ်းခရီးမတ်တတ်မှာပင် ဗုဒ္ဓဝင်တရားတော်မြတ်ကို ကြည်ညိုခြင်းဖြစ်၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် တရားတော်၏ အဆုံး၌ သောတာပန်အဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

သောတာပန်တည်းဟူသော အရိယာစခန်းကို လက်လှမ်းဆွတ်ယူတော်မူပြီးသော သုဒ္ဓေါဒနမင်းကြီးသည် ရှင်တော်မြတ်ဘုရားကို နှစ်သောင်းသော သံဃာ

တော်နှင့်တကွ နန်းတော်သို့ ပင့်ဆောင်သွားပြီးလျှင် မွန်မြတ်သော ဘောဇဉ် အချိုအချဉ် အရသာ အစုံအလင်တို့ဖြင့် ကြည်ရွှင်စွာ လုပ်ကျွေးလှူဒါန်းလေ၏၊ ထိုအခါ ဆွေတော် မျိုးတော်ဖြစ်ကြကုန်သော သာကီဝင် မင်းအပေါင်းတို့သည် ကောင်းမွန်သော အဝတ်တန်ဆာတို့ကို ဆင်မြန်းကြကုန်လျက် ဘုရားရှင်ထံ မှောက်သို့ အစုံအညီ လာရောက်၍ ဝမ်းမြောက်ဝမ်းသာ ဝပ်တွား ရှိခိုးကာ နေကြကုန်၏၊ ရွှေနန်းတော်ကြီးအတွင်း ဆွမ်းကျွေးခြင်းကိစ္စ ပြီးသော အခါ၌ သာကီထိပ်တင် ဘုရင်ထွတ်ထား ခမည်းတော် မင်းတရားကြီးသည် "ကိုယ်စီ ကိုယ်စီ အဥ္စလီဖြင့် စုံညီစွာ ထွက်၍ ဖူးကြ"ဟု အကြည်အနူး ခွင့်ပြု အပ်သောကြောင့် ကောင်းခြင်းစုံစွာ ဂုဏ်ငါးပါး ခတ်ပါ၍ နတ်ကညာ အမှန်ဘဲဟု စွပ်စွဲ ယိုးမှားလောက်သော ထီးဘွား နန်းဘွား မင်းသမီး အများတို့သည် ရတနာ အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ပြုပြင်ကာ ဆင်ယင်၍ ထားအပ်သော ဘုရားမြတ် နေရာထံမှောက်သို့ လာရောက်ကြ ကုန်ပြီးသော် သာကီဝင်တို့၏မကိုဋ် အံမြိုက်ခတ်နန်းပိုင်သော စောဘုန်းလှိုင် မြတ်ဘုရားကို ဝပ်တွားသော အဥ္စလီဖြင့် တင်ချီဖြိုးဖြိုး လက်စုံမိုးကာ ရှိခိုး ဦးတိုက်ကြကုန်၏။

ဤသို့လျှင် သာကီဝင် မင်းယောကျ်ားများနှင့် တကွ နန်းတော်သူအများ တို့သည် ဘုရားရှင် ထံမှောက်သို့ အစုံအညီ လာရောက်၍ ဝမ်းမြောက် ဝမ်းသာ ဖူးမြင်ကြပါ ကုန်သော်လည်း ရာဟုလာ၏မယ်တော် ယသော်ဒေဝီ မဟေသီကြီး မှာမူ အပါးတော်သို့ မလာမရောက်ဘဲ အဆောင်တော်ထဲမှာသာ ငြိမ်ဝပ်စွာ စံနေတော်မူလေ၏၊ ထိုသို့ မလာမရောက်သည့်အတွက် လက်ပါးစေ အပျိုတော် များလာရောက်၍ "ယခုအခါ မောင်တော်ဘုရားသည် ရွှေနန်းတော်သို့ ဆိုက် ရောက်တော်မူနေပါပြီ၊ သွားရောက်၍ ဖူးမြင်သင့်ပါသည်"ဟု လျှောက်တင် ကြလေ၏၊ ထိုအခါ ယသောဓရာသည် "အို-သွားဘို့ မလိုပါဘူး၊ ကျေးဇူး ရှိကြောင်းကို သိတော်မူပါလျှင် အဆောင်တော်သို့ ကိုယ်တော်တိုင် ကြွရောက် တော်မူလာပါလိမ့်မည်၊ သည်အခါကျမှပင် ဖူးမြင်ရပါမည်"ဟု ပြောကြားကာ အဆောင်တော် အတွင်းမှာသာ စံနေတော်မူရှာလေ၏။

"ကျေးဇူးရှိကြောင်း သိတော်မူပါလျှင် ကြွလာပါလိမ့်မည်" ဟူသော စကားကိုသာ ပြောဆိုကာ ရှင်တော်ဘုရား၏ ထံတော်မှောက်သို့ အဖူးအမျှော်

မရောက်ကြောင်းကို သုဒ္ဓေါဒနမင်းကြီး သိတော်မူလေလျှင် ရေလာမြောင်းပေး စကားကလေးကို စတင်၍ ဘုရားရှင်အား လျှောက်ထားလေသတည်း။

လျှောက်ထားပုံမှာ “သားတော်ဘုရားမှာကား မာရင်ါးပါးကို ခုတ်ချိုင်၍ ဒိဆိုင်ဝဲညြှဿဟူသော လောကကြီး ဝဋ်အတွင်းမှ လွတ်ကင်းတော်မူပါပေပြီ၊ သားတော်ဘုရား၏ နှမတော် ယသောဓရာကလေးမှာ သနားစရာ ဖြစ်နေပါပြီ ဘုရား၊ တောထွက်သွားသော နေ့ကစ၍ ချမ်းမြေ့တယ်လို့ မရှိရှာပါ၊ ညှိုးငယ်သော အမူအရာနှင့်သာ စံတော်မူရရှာပါသည်၊သတင်းတော်များကိုလည်း အမြဲမပြတ် နားစိုက်ပြီး ကြားလိုက်တိုင်း ကြားလိုက်တိုင်း သားတော်ဘုရား၏ အလေ့မျိုးကို အတုခိုးကာ ကျင့်ကြံ၍နေရှာပါသည်၊ သမီးတော် ယသောဓရာသည် ရွှေနန်းပေါ်မှာ စံတော်မူနေရပါသော်လည်း သူ့စိတ်သဘောက တောထွက်နေရိုး အမှန်ပါဘုရား၊ သားတော်ဘုရားသည် မြင့်မြတ်သော နေရာများကို စွန့်ပယ်သည်ဟု ကြားရပါလျှင် မြသလွန်ညောင်စောင်းမှ ရွှေပြောင်းတော်မူကာ နိမ့်သော စက်ရာမှာသာ လျောင်းစက်တော်မူရှာပါသည်၊ ပန်းနံ့သာများကို ပယ်သည်ဟု ကြားရသောအခါ အဘယ်မျှ မွန်မြတ်မွှေးကြိုင် ရနံ့လှိုင်သော ပန်းနံ့သာမျိုးကိုမျှ မသုံးဘဲ လုံးလုံးကြီး ရှောင်ကြဉ်တော်မူပါသည်၊ အရှင်ဘုရားမှာ စံတော်မူရာ ရွှေနန်း၌ ဆင်မြန်းနေကျဖြစ်သော ဝတ်လဲတော်များကိုလည်း ပယ်ရှား စွန့်လွှတ်တော်မူကာ ဖန်ဝါရေဆိုးသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံ သည်များကို ကြားလျှင်ကြားချင်း အဘိုးထိုက် အဘိုးတန်ဖြစ်သော အဝတ်တန်ဆာတွေကို ပယ်ရှား၍ အဝါရောင် အဝတ်များကိုသာ ဝတ်ရုံကာနေပါသည်၊ ကိုယ်ကို တင့်တယ်အောင် ချယ်လှယ်သောအလေ့ အလုံးစုံကို အကုန်ပင် ရှောင်သွေ၍ ရုံရွှေနှင့်မမွေ့လှဘဲ ရသေ့မကလေးလို နေထိုင်ပါသည်ဘုရား၊ သားတော်ရာဟုလာ၏ ငွေပုဏ္ဏာလစန်းကဲ့သို့ လှဆန်းသော မျက်နှာကို မကြာ မကြာ ခမြာရှုပြီး ပူမှုတွေပျောက်ပျက်အောင် ဖျောက်ဖျက်ကာ နေရရှာပါသည်ဘုရား၊ ယခုအခါ ထံတော်မှောက်သို့ မရောက်လာခြင်းမှာလည်း စိုးရိမ်ပူဆွေးလျက် ရွှေစိတ်တော် မအေးခြင်းကြောင့်သာ ဖြစ်ပါတော့သည် အဆောင်တော်ကဖြင့် မျှော်တော်မူလျက်ပါဘုရား၊ သနားတော်မူသောအားဖြင့် ကြွသွားတော်မူပါလျှင် ခမြာကလေး၏ စိတ်နှလုံးမှာ ရွှင်ပြုံးခွင့်

ယသောဓရာသည်၊ မြတ်စွာဘုရား၏ ခြေတော်စုံ၌ ဆံပုံ၍ ကန်တော့ခြင်း။

ရပါလိမ့်မည်ဘုရား "ကျေးဇူးရှိလျှင် ကြွလာလိမ့်မည် ဟူသော စကားဖြင့် စောင့်စားမြော်လင့်၍ အသင့် နေရှာပါသည်ဘုရား" ဤသို့လျှင် ဘုရင်မင်းတရားကြီး လျှောက်ထားလေ၏။

ယသောဓရာ၏ အဆောင်နန်းသို့ ကြွမြန်းတော်မူခြင်း

သုံးလောကမျက်နှစ် ဓမ္မရာဇ်ထွတ်ထား ရှင်တော်မြတ်ဘုရားသည် လျှောက်ထားသော မင်းကြီး၏ စကားကို ကြားတော်မူရသောအခါ သနားသောကရုဏာဖြင့် "ရာဟုလာ၏ မယ်တော် ယသောဓရာသည် သံသရာဘဝ အဆက်ဆက်က ပါရမီ ဖြည့်ဘော်ဖြည့်ဘက် ဖြစ်ခဲ့သည့်အတိုင်း ငါ့အပေါ်မှာ ကျေးဇူးရှိသူတဦး ဖြစ်ချေသည်၊ ပါရမီစီးပွား မကွဲမပြားကုန်ဘဲ အစုံအစုံ ကျင်လည်၍လာခဲ့ရာ ယခုအခါကား နောက်ဆုံးဘဝသို့ ရောက်ကြပေပြီ၊ ငါဘုရားသည် အဆောင်တော်သို့ မကြွသွားပါလျှင် နန်းညွန့်ကေသွယ် အလွန်နုနယ်လှသော ယသောဓရာ၏ ကြာငုံအလားကဲ့သို့ နုထွားမွှေးသိမ်သော နှလုံးအိမ်သည် သောက ရတက် မီးရှိန်ချက်သဖြင့် ကွဲပျက်လေရာ၏၊ ဒုက္ခိတသတ္တဝါကို ညှာတာသနားသဖြင့် ကြွသွားကာ ချီးမြှင့်မှ သင့်ချေမည်"ဟု ဆင်ခြင်တော်မူကာ လက်ျာ,လက်ဝဲ အမြဲခစားသော ရဟန္တာအရှင်မြတ်ကြီး နှစ်ပါးကို နောက်တော်ပါးမှ ဘဝါးမကွာ ခေါ်တော်မူ၍ ခမည်းတော်ကြီးကို ရှေ့သွားပြုကာ လွန်စွာတင့်ဆန်းသော ခြူးပန်းခြူးအုံတို့ဖြင့် ဝန်းရံယှက်လိမ်ကာ နေရှိန်မသန်းသော ယသောဓရာ၏ စံတော်နန်းသို့ ဣန္ဒြေတောင်အထုကဲ့သို့ လေးတောင်မျှရှုကာ စက္ခုတော်မလွန့်ဘဲ ခြောက်ရောင်ခြည် မြူးကွန့်ပြီးလျှင် ဘုန်းညွန့်ပရမေသည် ကြွမြန်းတော်မူလေသတည်း။

ရာဟုလာမယ်တော် ယသောဓရာ၏ နန်းဆောင်သို့ ဘုန်းခေါင်ဘုရား ကြွသွားတော်မူကြောင်းကို ကြားသိကြသောအခါ လက်ပါးစေ အပျိုတော်များသည် ယသောဓရာထံသို့ သွား၍ "မောင်တော်ဘုရား ကြွလာတော်မူပါပြီ" ဟု တင်ကြိုကာ လျှောက်ထားကြလေသော် ယသောဓရာသည် လွန်စွာ ဝမ်းမြောက်တော်မူလျက် "ခုနစ်နှစ်ပတ်လုံး ကွဲကွာ၍နေခဲ့ရာ သည်တခါဖြင့် အားရစွာ ဖူးတွေ့ရတော့မည်"ဟု ရှင်ကြည်ကာ နေလေ၏၊ ထို့နောက်မှ

သားတော် ရာဟုလာကလေးကို ချီထွေးပွေ့ယူကာအဆောင်တော် တံခါးပေါက်မှ ဝပ်တွား၍ စောင့်စားမြော်လင့်ကာ နေလေ၏။

ရှင်တော်မြတ်ဘုရား၏ နှစ်ပါးသော ခြေစက်တော်အစုံသည် တံခါးခုံအပေါ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် နှမတော် ယသောဓရာသည် ရုတ်တရက်ပင် ခြေတော်စုံကိုဖက်၍ ဖမိုးပေါ်တွင် မျက်နှာကိုတင်ကာ ရှိုက်ကြီးတငင် ငိုကြွေးရှာလေ၏၊ စက်တော်စုံနှစ်ပါးကို ဖက်ထားသော လက်များကိုလည်း ရုတ်တရက်မလွှတ်နိုင်ဘဲ ဇွတ်ကိုင်၍ ထားလေသတည်း၊ ထိုအခါ သားတော် ရာဟုလာသည် ပြာရီးပြာရာဖြစ်ပြီးကာ ခြေတော်စုံကို ဦးခိုက်၍ တရှိုက်ရှိုက် ငိုကြွေးနေသော မယ်တော်၏ မျက်နှာကိုလည်း ကြည့်ရှုံမက ခမည်းတော်အစစ်ဖြစ်တော်မူသော ရှင်တော်ဘုရား၏ ရွှေမျက်နှာတော်ကိုလည်း ရှုကြည့်ကာ မျက်လုံးကလေးမှာ ပြာကလပ် ပြာကလပ်နှင့် မနေတတ် မထိုင်တတ် ဖြစ်ပြီးလျှင် မကြာခင်ပင် ရာဟုလာလည်း ငိုရှာပြန်လေ၏။

ဤကဲ့သို့ ယသောဓရာနှင့် ရာဟုလာဟူသော သားအမိ နှစ်ယောက်တို့၏ အားရှိသလောက် ငိုကြွေးပုံများကို နန်းတော်သူ အပေါင်းတို့ မြင်ကြလေလျှင် ရင်ဝတွင် အပူဆိုက်၍ တရှိုက်ရှိုက်ငိုကြွေးကြသည်မှာ အဆောင်တော်တခုလုံး၌ အုံးအုံးကြွက်ကြွက် ဖြစ်၍နေလေ၏၊ ခမည်းတော် သုဒ္ဓေါဒန ဘုရင်ကြီးသည် ဤငိုပွဲတွင် မပါဝင်ဟု အောက်မေ့နေပါသော်လည်း စိတ်ဖြောင့်စွာ ထားမရသောကြောင့် ဝတ်လဲတော်စကို မျက်နှာအုပ်၍ ခပ်ချုတ်ချုတ်နှင့် တရှုတ်ရှုတ် ငိုတော်မူရှာ ပြန်လေသတည်း။

ခြေဖမိုးတော် အပေါ်၌ မျက်နှာတော်ကို မှောက်၍ အစွမ်းရှိသလောက် ငိုကြွေးရှာသော ယသောဓရာကို ခမည်းတော် မင်းတရားကြီးသည် "သမီးတော် ယသောဓရာ ငိုချတာကြာပြီဖြစ်၍ တော်လောက်ပါပြီ၊ နေရာတော်သို့ ကြွချိန်တန်ပါပြီ"ဟု အငိုတိတ်အောင် ပြောသောအခါ ကရုဏာတော်ရှင် ဘုရားရှင်သည်"နှမတော် ယသောဓရာသည် အလိုရှိသမျှ ဝကြီး ဖူးပေစေ၊ ဘယ်သူမျှ မတားမြစ်ကြလေနှင့်"ဟု မိန့်ကြားတော်မူလေ၏၊ ယသောဓရာသည် အတော်ကြာအောင်ပင် ငိုကြွေးသည့်အတွက် ရှင်တော်ဘုရား၏ ဖမိုးတော်ထက်၌ စီးကျသော မျက်ရည်စက်တို့ဖြင့် ပြည့်နှက် ရွှဲစိုကာနေလေ၏၊ ဤသို့ အားရ တင်းတိမ်

အောင် အရှိန်ကြီးသလောက် ငိုကြွေးပြီးလျှင် အလွန်ပင်နူးညံ့သော ပုဝါဖြင့် ဖမိုးတော်၌ ရွှဲစိုနေသော မျက်ရည်များကို သုတ်ပေးလေ၏၊ ထို့နောက်မှ လက်မြှောက်ကာ ရှိခိုး၍ "ရွှေဘုန်းတော်ကြီးလှသော ထွတ်ထိပ်ဥက္ကဋ္ဌ ရှင်တော်မြတ်ဘုရား အရှင်မြတ်ဘုရား တောထွက်သွားသည့် ညဥ့်အချိန်ကစ၍ ယနေ့ ကျအောင်ပင် အရှင်ဘုရားကို လွမ်းတသဖြင့် သောကတည်းဟူသော မီးတောက်ကြီးသည် တပည့်တော်မ၏ နှလုံးအိမ်ကို အချိန်မလပ်အောင် အရှိန်မသတ်ဘဲ စွဲဟပ် လောင်ကျွမ်းနေပါ၏၊ တပည့်တော်မ၏ နှလုံးအိမ်သည် အပူရှိန် ကြီးလှသော မီးဖိုကြီးသဘွယ် ဖြစ်နေပါတော့သည်ဘုရား သို့ကလောက်ပင် စွဲတောက်ပူလောင်နေသော မီးဖိုကြီးကို ယခု အရှင်မြတ်၏ ဖမိုးထက်၌ မျက်နှာကို မှောက်ကာ အလိုရှိသလောက် ငိုကြွေး၍ စီးယိုသော မျက်ရည်တို့ဖြင့် ငြိမ်းအေးအောင် ပြုလိုက်ပါပြီဘုရား"ဟု လျှောက်ထားလေ၏။

ထို့နောက် ရှင်တော်မြတ်ဘုရားသည် ခင်းထားအပ်သော နေရာတော်၌ စံနေတော်မူလေရာ သာဝကကြီး နှစ်ပါးတို့သည်လည်း လက်ဝဲ,လကျ်ာ ရှိသေစွာ ဝပ်တွား ထိုင်နေကြကုန်၏၊ ထိုအခါ သုဒ္ဓေါဒန မင်းကြီးသည် ယသောဓရာ၏ ဂုဏ်ကျေးဇူးများကို ပန်းကုံးသီသည့် အလား တခမ်းတနား ချီးကျူးကာ အထူးထူး လျှောက်ထားလေ၏၊ ခမည်းတော် မင်းတရားကြီး၏ စကားအဆုံး၌ ဘုန်းတော်ကြီးလှသော ရှင်တော်မြတ်ဘုရားသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ဆင်ခြင်တော်မူကာ "အို- ခမည်းတော်ကြီး လွန်ခဲ့သော အသင်္ချေလေးရပ် တသိန်းကပ်အခါ ဒီပင်္ကရာဘုရား လက်ထက်ကစ၍ နှမတော် ယသောဓရာသည် သုမိတ္တာအမည်ဖြင့် ပါရမီ ဖြည့်ဘော် ဖြည့်ဘက် ရေစက်ကြောင်းဟိတ် နိယတဗျာဒိတ်ကို ခံယူခဲ့ရှာလေသည်၊ဖြစ်လေရာရာ သံသရာဘဝတို့၌ နှမတော်ယသောဓရာကို လက်ကိုင်ထား၍ ပါရမီစီးပွားကို အနည်း အများ ရှာမှီးစုဆောင်းတော်မူရချေသည်၊ပုထုဇဉ်တို့၏မေတ္တာ ချစ်မေတ္တာလည်းမကွဲပြား ပါရမီစီးပွားလည်း မခြားနားဘဲ အားပါးတရ ဖြည့်တော်မူရပေသည်၊ စွန့်ခြင်းကြီး ငါးပါးတွင် မယားကိုစွန့်လှူခြင်း,သား,သမီးများကို စွန့်လှူခြင်းဟု ဆိုအပ်သော ပါရမီတော်တို့ကိုကား ယသောဓရာကို အမှီ ၍သာ ပြည့်ဝအောင် ဖြည့်ရပေသည်၊ ဤယခုအဆုံး စွန်သောဘဝသို့ရောက်သောအခါ အပရာဇိ ဗောဓိမဏ္ဍလင် မြေအပြင်ဝယ်

မာရ်ငါးပါးကို ပယ်နှင်၍ လေးအင်္ဂါသောသစ္စာပန်းကို ဆွတ်လှမ်းတော်မူပြီးကာ သမ္မာသမ္ဗောဓိ အတုမရှိသော တြိဘဝထွတ်ထား ဘုရားဖြစ်တော်မူလာခြင်း၌လည်း နှမတော် ယသောဓရာ၏ကျေးဇူးနှင့် မကင်းပေ”ဟု မိန့်တော်မူလေ၏။

ဤသို့လျှင် ရှေးယခင် သံသရာ ဘဝ အဆက်ဆက်က ပါရမီ စီးပွားဘက်ဖြစ်ခဲ့သော ယသောဓရာ၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူး ဟောကြားတော်မူရုံမက“ နှမတော် ယသောဓရာသည် ယခုအခါ ခမည်းတော် မင်းတရားကြီးတို့၏ ထိန်းသိမ်း စောင့်ရှောက်အပ်သည်ဖြစ်၍ ဖြောင့်မတ် တည်ကြည်သည်ကား အံ့ဩဘွယ် မရှိသေး၊ ရှေးသရောအခါ စန္ဒကိန္နရီ ဖြစ်စဉ်က ပဲ့ပြင်ဆုံးမသော မိဘ,မောင်ဘွား,အဆွေအမျိုးများ မရှိပါဘဲလျက် မိမိကိုယ်ကို မိမိစောင့်ထိန်းကာ အခါကာလရှည်မြင့်စွာပင် ကြင်နာထောက်ထား မေတ္တာပွားခဲ့ဘူးလေပြီ” ဟု *စန္ဒကိန္နရီ ဇာတ်တော်ကို ယသောဓရာ၏ အဆောင်နန်း၌ တခမ်းတနား ဟောကြားတော် မူပြီးသောအခါ နိဂြောဓာရုံ ရွှေဘုံဗိမာန်သို့ ပြန်ကြွတော်မူလေ၏။

စန္ဒကိန္နရီဇာတ်တော်ကြီးကိုနာကြားရသော ယသောဓရာ၏ နှလုံးအိမ်သည် ကုက္ကုမံနှင်းရည်နှင့် စိမ်ထားသကဲ့သို့ တင်းမတိမ်နိုင်သော နှစ်သိမ့်ခြင်း ဖြစ်ရလေ၏၊ သားတော်ကလေး ရာဟုလာမှာကား တရားနာရသော်လည်း များစွာနားမလည်ရှာဘဲ ခမည်းတော်ဘုရား၏ ထူးခြားသပ္ပါယ်သော မျက်နှာတော်ကို စိမ်းစိမ်းရှုကာ မရဲတရဲနှင့်သာ ရှိခိုးနေရှာလေ၏၊ အပါးတော်သို့ ကပ်ချဉ်း၍ ရင်းရင်းနှီးနှီး နေလိုသော်လည်း စိတ်မရဲသဖြင့် မကပ်ဝံ့ဘဲ ရှိရှာ လသတည်း၊ သားတော် ရာဟုလာကလေးသည် ဘုရားရှင်ကို တွေ့မြင်ရသော အခါကစ၍ ရှေးရှေးသောဘဝ သံသရာက“ဘုရားသားတော်ကြီးဖြစ်ကာ ကျွတ်တမ်းဝင်ရပါစေသား”ဟု ဆုတောင်းခဲ့ရသော ပါရမီတော်ဓာတ်ရင်းတိုက်တွန်းခြင်းကြောင့် အထံတော်မှာသာ မခွါမခွဲ အမြဲနေလိုသော စိတ်ဓာတ်သည် မပြတ်ဖြစ်နေလေ၏၊ ပုထုဇဉ်ကလေးဖြစ်၍ သေွးပြောသည့်အတိုင်း ရှင်တော်မြတ်ဘုရားကို ဂေဟဿိတပေမ အချစ်မျိုးဖြင့် အချစ်ကြိုး သွယ်ဆက်ခြင်းပေတည်း။

---

* ပကိဏ္ဏကနိပါတ်၌ ကြည့်ရှုတော်မူပါ။



မြတ်စွာဘုရားသည် ညီတော် နန္ဒမင်းသားကို သပိတ်ထမ်းခေါ်၍ ကြွတော်မူခဏ်း။

ညီတော် နန္ဒမင်းသား အကြောင်း

ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးသည်“ငါ့သားတော်ကြီးကား ရွှေထီး ရွှေနန်း တိုင်းခမ်းပြည်ထောင် စိုးဆောင် စံပယ်ခြင်းဟူသော လူမင်းတို့၏ စည်းစိမ် ချမ်းသာကို ငြီးငွေ့၍ မီးတွေ့သော ပျားဖယောင်းကဲ့သို့ တရားကောင်း အရသာကို ကောင်းစွာခံစားလျက် ဘုရားဖြစ်တော်မူချေပြီ၊ နောင်သောအခါ ငါ၏အရိပ်အရာကို အုပ်ချုပ်၍ မင်းလုပ်စိမ့်သောငှါ သားတော် နန္ဒမင်းသားကို သူ၏နှမအရင်းဖြစ်သော ဇနပဒကလျာဏီနှင့်ပင် စုံဘက်၍ဂုဏ်တက်စေကြောင်း ဖြစ်သော အိမ်ရှေ့မင်း အရာကို နှင်းမည်”ဟု ကြံစည်တော်မူလေ၏၊ ယင်းသို့ ကြံစည်သည့်အတိုင်းပင် ဘုရားရှင် ကိုယ်တော်မြတ်သည် ကပိလဝတ်ပြည်တော် သို့ ရောက်၍ သုံးရက်မြောက်သောနေ့၌ မြတ်စွာဘုရားအောက် ခုနစ်ရက်ငယ် သော နန္ဒမင်းသားအား “(၁) ဥသျှောင်ထုံးမင်္ဂလာ၊ (၂) သင်းကျစ်သရဖူ မကိုဋ်ဆောင်းမင်္ဂလာ၊ (၃) အိမ်နိမ့်မှ အိမ်မြင့်သို့တက်သော မင်္ဂလာ၊ (၄) ဇနပဒကလျာဏီနှင့် လက်ထပ်ပေးစား ထိမ်းမြားသော မင်္ဂလာ၊ (၅) အိမ်ရှေ့ ထီးဆောင်း မင်္ဂလာ၊ ဤငါးဖြာတို့ကို ပြုအံ့”ဟု စီမံ ခင်းကျင်းလေ၏။

သပိတ်ထမ်း ခေါ်ခြင်း

အလုံးစုံသော သတ္တဝါတို့ကို ရဟုလာနှင့်မခြား သနားတော်မူတတ်သော ရှင်တော်မြတ်သည် ဆွမ်းခံဝင်တော်မူ၍ မင်္ဂလာလက်ထပ်နန်း၌ အဆန်းတကြယ် နာပျော်ဘွယ်ရှိသော မင်္ဂလာတရားကို ဟောကြားတော်မူပြီးသော် ညီတော် ဖြစ်သော နန္ဒမင်းသားအား ကိုယ်တော်မြတ်၏ သပိတ်တော်ကိုကမ်း၍ ထမ်းစေ လေ၏၊ နန္ဒမင်းသားသည်ကား ရှင်တော်ဘုရား၌ လေးစား ရိုသေသောစိတ်ဖြင့် သပိတ်တော်ကို အခြားသူများအား မပေးဝံ့ဘဲ ကြောက်ရွံ့ရိုသေစွာသာလျှင် သပိတ်တော်ကိုထမ်း၍ နောက်တော်ပါးမှ လိုက်ရရှာ၏၊နန္ဒမင်းသား၏စိတ်ထား သည်ကား“နောင်တော်ဘုရားသည် ရွှေနန်းယင်ပြင်သို့ရောက်လျှင် သပိတ်တော် ကို ပြန်၍ယူတော်မူလိမ့်မည်၊ ဤနည်းအတူ ဥကင် စောင်းတန်းရင်းသို့ ရောက် လျှင် ပြန်၍ယူလိမ့်မည်”ဟု ကြံစည်စဉ်းစားကာ လိုက်ပါ၍ သွားချေ၏၊ ဤသို့ ရောက်၍ မယူပြန်သော် “မမြင်တော်မူဘိ၍ သတိမရသောကြောင့်သာ မယူ ခြင်းဖြစ်ပေမည်”ဟု အောက်မေ့ကာ ကြွတော်မူရာ လမ်းစောင်း မြင်ကောင်း

ရာသို့ တက်လေ၏၊ ဤသို့ ကြံစည် အောက်မေ့ရင်းပင် ကျောင်းတော်တွင်းသို့ ရောက်သွားလေသတည်း။

နှမတော်၏ မှာတမ်း

ညီတော်နန္ဒမင်းသားကို မြတ်စွာဘုရားသည် သပိတ်ထမ်းစေ၍ ခေါ်သွားလေလျှင် ဇနပဒကလျာဏီ၏ ကိုယ်ရံခစား အပျိုတော်များသည် မင်းသမီးထံ အမြန်သွား၍ "အရှင်သခင်မ၏ ရုပ်ရည်လှပ ရှုမဝသော နန္ဒမင်းသားကို သူ့နောင်တော်ဘုရားက နောက်တော်ပါးမှ သပိတ်ကိုထမ်းစေ၍ ခေါ်ဆောင်ကာ သွားပါပေပြီ ဘုရား"ဟု လျှောက်ထား သံတော်ဦး တင်ကြကုန်၏၊ ဇနပဒကလျာဏီ မင်းသမီးသည် အပျိုတော်များ လျှောက်တင်သံစကားကို ကြားရ၍ လျှင်မြန်စွာထပြီးသော် ဖီး၍ တဝက်သာပြီးသဖြင့် ဖရိုဖရဲ တွဲရရွဲကျသော ဆံပင်တို့ဖြင့် ငြိုငြင်တုန်လှုပ်စွာ လေသာနန်းတံခါးကို ဖွင့်၍ မျှော်ကြည့်လိုက်သောအခါ မသက်သာသော အမူအရာဖြင့် မြတ်စွာဘုရား၏ နောက်ပါးမှ သပိတ်ကိုထမ်း၍ လိုက်သွားရရှာသော မောင်တော် နန္ဒမင်းသားကို မြင်ရလျှင် ရင်ဝကိုမီးတိုက်၍ လောင်မြိုက်ခြင်းကို ခံရဘိအလား ရွှေအားတော်ငယ်ပြီးလျှင် အသွယ်သွယ် ယိုစီးသော မျက်ရည်တို့ဖြင့် ခက်ပြီ ဟု ညည်းတွားကာ ငယ်သံငယ်မူပါပါ "မောင်တော်ဘုရား နှမတော်ကိုပစ်ထား၍ ရှည်လျားမြင့်ကြာစွာ မနေပါနှင့်၊သလွန်ပေါ်က နှမတော်မြှော်၍ စောင့်ပါမည်၊ တအောင့်ကလေးနှင့် ပြန်ကြွတော်မူခဲ့ပါ၊ မြှော်ရသူမှာ အပူနှင့်မြောရပါလိမ့်မည်၊ အမေ့တမောကြီး နေတော်မမူပါနှင့်ဘုရား"ဟု ကြားလောက်အောင် ဟစ်အော်၍ တကြော်ကြော် မှာကြားလိုက်လေပြီးသော် မောင်တော် နန္ဒမင်းသား၏ အရေးကြောင့် လောင်ဆွေးပူပင် ညှိုးငယ်သော အသွင်ဖြင့် ရှုမြင်၍အားမရ ချစ်၍ပင်မဝနိုင်သေးသော မောင်တော်နန္ဒမင်းသားကို "သပိတ်တော်ကို ထမ်းပြီးလျှင် အပန်းကြီးစွာ လိုက်သွားရရှာသည် တကား"ဟု ရှုစားတော်မူကာ မသက်မသာ ကျန်ရစ်ရှာလေ၏။

နန္ဒမင်းသား ရဟန်းပြုခြင်း

နန္ဒမင်းသားသည် နှမတော်၏လေသာနန်းပြူတင်းမှ သံညှင်းသာယာ မှာဆိုလိုက်သောစကားကို အမြဲကြား၍ ခွဲသွားချင်သောစိတ် မရှိဘဲလျက် ခွဲထွက်၍

သွားရခြင်းမှာ ရှင်တော်ဘုရား၌ လေးစားရိုသေသော စိတ်ကြောင့်သာ ဖြစ်ပေ၏၊ ဤသို့လျှင် ရှင်တော်ဘုရားနှင့် လိုက်ပါ၍ ကျောင်းတော်သို့ ရောက်သောအခါ "ညီတော်နန္ဒ ရဟန်း ပြုနိုင်ပါမည်လော"ဟု မိန့်တော်မူသော် မပြုချင်ပါဟု မလျှောက်ထားဝံ့ဘဲ မှန်လှပါ ရဟန်းပြုပါမည်ဘုရား" ဟူ၍သာ လျှောက်ထားရရှာလေ၏၊ မြတ်စွာဘုရားလည်း သားကြီး ရတနာဖြစ်သော အရှင်သာရိပုတြာကို ခေါ်တော်မူကာ ညီတော်နန္ဒမင်းသားကို ရဟန်းပြုစေလေသတည်း။

မြတ်စွာဘုရား၌ ကြောက်အားတော် ပိုလှသောကြောင့်သာ နေရရှာသည်မှာလည်း လွန်စွာပင် ပျင်းရိရုံမကဘဲ နှမတော်ဇနပဒကလျာဏီ၏ တီတာချိုမြနားဝကမထွက်သာအောင် ရက်မကြာပြန်ခဲ့ပါ ဟူသော အသံခတ်သည် နှလုံးစပ်အသည်းညှာဝယ် အမြဲသာတည်၍နေလေ၏၊ ဇနပဒကလျာဏီတည်းဟူသော အာရုံနိမိတ် အချစ်စိတ်နှင့်ပင် အိပ်ရာတွင်တသွယ် စားရာဝယ်တမျိုး သံယောဇဉ်ကြိုးအရှုပ်တို့သည် မျိုးမပြတ်ဘဲကြီးထွား၍ စည်ကားသထက်သာ စည်ကား၍လာရာ သာဝတ္ထိပြည်သို့ ရောက်သည်တိုင်အောင်ပင် စားမဖြောင့် စက်မပျော်ဘဲ အခက်ပေါ် အခက်ဝိုင်းလျက် အခက်တိုင်းပြည်ကြီး ဖြစ်၍နေလေ၏။

တနေ့သောအခါ

ထိုသာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း သီတင်းသုံးနေစဉ် တနေ့သောအခါဝယ် ရဟန်းတော် အရှင်နန္ဒသည် "ငါသည်ကား နောင်တော်ဘုရား၏ သာသနာ၌ သက်သာရာကို မမြင်နိုင်၊ ဘဝင်ဆိုင် အသည်းညှာ၌ကား အမြဲသာပူပင်၍ မရွှင်မလန်း မချမ်းမသာ ဖြစ်ရချေသည်၊ သာသနာတော်မှ ထွက်၍ လူဘက်သို့ပြောင်းပြီးလျှင် အကောင်းကြီးကောင်းလှစွာသော ထီးဆက်နန်းမွေကို စံလေမှတော်တော့မည်"ဟု ကြံစည်ကာ သီတင်းသုံးဘော်ဖြစ်သော ရဟန်းတော်များကို တွေ့သောအခါ "တပည့်တော်သည် သာသနာတော်၌ မပျော်ပါ၊ ယခုမကြာပင် လူထွက်ပါတော့မည် ဘုရား"ဟု ပြောကြားလေ၏၊ သီတင်းသုံးဘော်ဖြစ်သော ရဟန်းတော်တို့သည်ကား မြတ်စွာဘုရားထံ သွားကြ၍ ညီတော်နန္ဒ ရဟန်းအကြောင်းကို ပြန်ပြောင်း လျှောက်ထားကြကုန်၏။

နတ်ပြည်သို့ ခေါ်ဆောင်သွားခြင်း

မြတ်စွာဘုရားသည် အဘတူ အမိကွဲဖြစ်သော ညီတော် နန္ဒမင်းသားအား သံသရာဝဋ္ဋ်စက်မှ လွတ်ထွက်စေ ရည်သန်၍ ရဟန်းခံပေးတော်မူရာ ညီတော်၏ အဖြစ်အပျက်ကို သံဃာတော်များ လျှောက်ချက်ဖြင့် သိတော်မူရလေသော် ညီတော်ရဟန်းကို ကိုယ်တော်မြတ် ရှေ့တော်မှောက်သို့ အရောက်ခေါ်ကာ "ငါ့ညီတော်နန္ဒ လူထွက်လိုသည်ဟု ငါဘုရား ကြားသိတော်မူရသည်မှာ မှန်ပေသလော"ဟု မေးတော်မူလေ၏၊ ထိုအခါ ရဟန်းတော် အရှင်နန္ဒသည် မြတ်စွာဘုရား မေးတော်မူသော အကြောင်းကို မကွယ်မထောင့် အဖြောင့်ဝန်ခံတော်မူကာ "ဟုတ်မှန်ပါသည်၊ လူထွက်ချင်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏၊ ထို့နောက် မြတ်စွာဘုရားက"ငါ့ညီတော်နန္ဒ အသင်သည် ငါဘုရား၏ သာသနာတော်၌ မပျော်ငြီးငွေ့ ပျင်းရိ၍နေခြင်းကား အဘယ်အာရုံဆိုး ဝင်တိုးမှုကြောင့် ယခုလောက်ဖြစ်ရလေသနည်း"ဟု မေးတော်မူလေလျှင်"အရှင်ဘုရား နှမတော် ဇနပဒကလျာဏီ၏ သာကြည်ချိုမြစွာ မှာကြားလိုက်သော အသံခတ်ကို တရံမပြတ် ကြားယောင်၍နေပါသည်၊ ဇနပဒကလျာဏီ တည်းဟူသော အာရုံမိ၍ နှမ်းရိညှိုးချုံး စိတ်နှလုံးမရွှင်ပျတဲ ရင်ဝမှာ အမြဲပူသည့်အတွက် လူထွက်လိုပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

သတ္တဝါအပေါင်းတို့၏ အလိုဆန္ဒ အဇ္ဈာသယကို ကျနကုန်စင် မြင်သိတော်မူသော မြတ်စွာဘုရားသည် ညီတော်နန္ဒရဟန်း၏ လျှောက်ထားသမျှကို ကြားရတော်မူလေလျှင် "အို-ငါ့ညီတော် မပျော်မွေ့၍ ငြီးငွေ့ပါက ဒေသစာရီ ကြွချီတော်မူရာ ငါဘုရားနှင့် လိုက်ခဲ့ပေတော့"ဟု မိန့်တော်မူလျက် ညီတော်၏ လက်ရုံးကို ကိုင်တော်မူကာ ရဂုံစခန်း တောမြိုင်လမ်းဖြင့် မြန်းကြွတော်မူလေ၏၊ တောလမ်းခရီး၌ မီးလောင်ပြင်စု တခုသော သစ်ငုတ်တိုဝယ် နားရွက်,နှုတ်သီး, အမြီးပြတ်ကြွေ ထိုင်နေသော မျောက်မကြီးကို ပြခဲ့၍ သိကြားမင်းစံရာ တာဝတိံသာနတ်နန်းသို့ မြန်းကြွတော်မူလေလျှင် ရုပ်သွင်ရူပ အလွန်တရာလှပသော နတ်သမီးငါးရာတို့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုကာ ခစားလာကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတော် အရှင်နန္ဒကို ပြတော်မူ၍ "ငါ့ညီတော်နန္ဒ ဇနပဒကလျာဏီနှင့် ဤနတ်သမီးများကား အဘယ်သူက

အလှသာ၍ မျက်စိအရသာကို ဆောင်သနည်း”ဟု မေးတော်မူသော အခါ “အရှင်ဘုရား အသွင်ခြားလှပါပေသည်၊ ဤနတ်သမီးများနှင့် ထောက်စာလျှင် အောက်၌ရှာသူ ဇနပဒကလျာဏီသည် လမ်း၌ တွေ့မြင်ခဲ့ရသော မျောက်မကြီး မသေ့ ဖြစ်နေပါပြီဘုရား”ဟု လျှောက်ထားလေ၏။

ဆူးတချောင်းကို ဆူးတချောင်းဖြင့်သာ နုတ်ယူရာသကဲ့သို့ လိမ်မာသိမြင်တော်မူသောဘုရားရှင်သည်“ငါ့ညီတော် ဤလှပယဉ်ကျေး ရုပ်အသွေးတင့်တယ်သောနတ်သမီးများကို လိုချင်ပါလျှင် သာသနာတော်၌ ပျော်ရွှင်စွာ ကျင့်ကြံအားထုတ်ပါလော၊ ဤနတ်သမီးများအတွက် ဝန်ခံချက်ငါပေးမည်၊ သင့်ထံသို့ ခစားလာစေတတ်သော အတတ်ပညာကို ပေးအံ့”ဟု မိန့်တော်မူကာ တာဝတိံသာနတ်ပြည်မှ ပြန်လည်မြန်းကြွတော်မူခဲ့၍ ဇေတဝန်ကျောင်းသို့ ရောက်သော အခါ လက္ခဏာရေး သုံးပါးနှင့်စပ်သော တရားဒေသနာကို ဂါထာဖွဲ့သီ၍ ပေးသနားတော်မူလေ၏၊ နန္ဒရဟန်းသည် “နတ်သမီးတွေ လာလိမ့်မည်”ဟူသော အမှတ်ဖြင့် မပြတ်ကြိုးကုတ်၍ အားထုတ်ကာ စီးဖြန်းနေလေတော့သတည်း။

အရှင်နန္ဒရဟန္တာဖြစ်၍ တေဒဂ်ရခြင်း

အရှင်နန္ဒရဟန်းတော်သည် မြတ်စွာဘုရား ပေးသနားတော်မူသော ဂါထာများကို နတ်သမီးတွေလာစေရန် ရည်မှန်း၍ စီးဖြန်း သရဇ္ဈာယ်သော အခါ များစွာသော သီတင်းသုံးဘော် ရဟန်းတော်တို့က “ညီတော်မြတ်ဖြစ်၍ နတ်သမီး လာစေတတ်သော ဂါထာကို မြတ်စွာဘုရား သနားတော်မူပေသည်၊ ညီတော်ဖြစ်သော နန္ဒရဟန်းကလည်း နတ်သမီးများလာစိမ့်သောငှါ သာသနာတော်၌ ရဟန်းပြုချေသည်၊ ဤအကျင့်ဖြင့် နတ်သမီးများကို ဝယ်မည်ဟုကြံစည်ခြင်းသည် လွန်မင်းစွာ အံ့ဘွယ်ရှိပေ၏” စသည်ဖြင့် ကဲ့ရဲ့၍ ပြက်ရယ်ပြုကြလေသော် ရဟန်းတော် အရှင်နန္ဒသည် အပေါင်းအဖော် အဆွေခင်ပွန်းတို့ကို ရှက်လှသည်ဖြစ်၍ ကွယ်ဝှက်ရာ၌ နေထိုင်ကာ စီးဖြန်းအားထုတ်လေ၏၊ ဤသို့လျှင် အကြိမ်ကြိမ် အထပ်ထပ် မပြတ်စီးဖြန်းဘန် များသောကြောင့် တရားတော်၏ အနက်အဓိပ္ပါယ်သည် မျက်စိဝယ် မြင်သကဲ့သို့ ထင်လာရကား များမကြာမီပင် သံသရာလမ်းစဉ်ကို ဖျက်ဖြိုဖို့၍ အရဟတ္တဖိုလ်သို့ ရောက်သတည်း။

သုတ္တနိပါတ် (စ) ၂၀၁–၅၀

ထိုအခါ နတ်သားတယောက်သည် မြတ်စွာဘုရား ထံမှောက်သို့ ဝင်ရောက်ခစားပြီးလျှင် "အရှင်မြတ်ဘုရား၏ညီတော်ဖြစ်သော နန္ဒရဟန်းသည် သံသရာဝဋ်ဆင်းရဲမှ ကျွတ်တမ်းဝင်ကာ ရဟန္တာဖြစ်ပါပြီ၊ ဤလောက၏ဆုံးရာ နိဗ္ဗာန်တည်း ကနက်ပန်းကိုလက်လှမ်း ဆွတ်ယူတော်မူပါပေပြီ ဘုရား" ဟု လျှောက်ထားလေ၏၊ ရဟန်းတော် အရှင်နန္ဒသည်လည်း ထိုညဉ့်လွန်မြောက် အလင်းရောက်သောအခါ ဘုရားထံ ချဉ်းကပ်၍ "နှောင်တော်မြတ်ဘုရား တပည့်တော်သည် အရှင်ဘုရား ဝန်ခံထားသော နတ်သမီးများကို အလိုမရှိတော့ပါပြီ၊ ဤမျှလောက်သော ကာလပတ်လုံး အဆုံးမရှိသော ဒုက္ခကို ရခြင်း၏အကြောင်း မကောင်းသော အာရုံမျိုး၌သာ မရိုးတမ်း ပျော်ရွှင်ကာ အတော်ပင်မှားခဲ့ပါပြီ၊ ယခုမှသာလျှင် ဒေသနာတော်အစွမ်းဖြင့် ဖြောင့်သောလမ်းကို မြင်ရပါပြီ၊ သံသရာ၏ အဆုံးသို့ ရောက်၍ မှောက်ထားသော ဝတ္ထုကို ဖွင့်လှန်ကာ ပြသကဲ့သို့ ဒိဋ္ဌမြင်ရပါပြီဘုရား" ဟု သဗ္ဗညုတဉာဏ်မြတ်၏ အရပ်ရပ်သော ကျေးဇူးကို ချီးကျူး၍ လျှောက်ထားလေ၏၊ ထိုအခါ ဘုရားရှင် ကိုယ်တော်မြတ်က "ငါ့ညီတော်နန္ဒသင်သည် နတ်သမီးများကို လိုလားနှစ်သက်ခြင်း မရှိပါမူ ငါးဘုရား၏ ဝန်ခံခြင်းကင်းငြိမ်းလေတော့သည်" ဟု ရှင်ကြည်ဝမ်းမြောက်စွာ မိန့်တော်မူလေသတည်း၊ နောက်အခါ အရှင်နန္ဒမထေရ်မြတ်သည် ဣန္ဒြေကြီးမား၍ အချီးအစားကျတော်မူလှသောကြောင့် "တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ဣန္ဒြိယေသု ဂုတ္တဒွါရာနံ ယဒိဒံ နန္ဒော" ဟု ဣန္ဒြေကြီးမားသော အရာ၌ ဧတဒဂ် ဘွဲ့ထူးကို ပင် ရတော်မူလေ၏။

သားတော်ရာဟုလာ အမွေတောင်းခြင်း

တိလောကပါရဂူသယမ္ဘူထွတ်ထား ရှင်တော်မြတ်ဘုရားသည်ရွှေချက်တော်သိုရာဖြစ်သော မဟာရာဇဌာနီ နေပြည်တော်ကပိလ်နန်းသို့ ကြွမြန်းဆိုက်ရောက်၍ ခုနစ်ရက်မြောက်သောနေ့အခါဝယ် ဗိမ္ဗာရွှေလှော်မယ်ယသော်သည် သားတော်မြတ် ရတနာဖြစ်သော ရာဟုလာကို ကောင်းမွန်စွာ တန်ဆာဆင်ယင်၍ ဘုရားရှင်ထံ အမွေတောင်းစေလိုသောဆန္ဒဖြင့် "မယ်မယ့်သည်းချာ ရတနာမျက်ရှူသားရာဟု ယခုအခါ ကပိလဝတ်နေပြည်တော်ကြီး တခုလုံး အုံးအုံးကြွက်ကြွက်နှင့် သူ့ထက်ငါ ပူဇော်၍ ကော်ရော်မြတ်နိုး ရှိခိုးဦးခိုက်အပ်သော ရှင်တော်မြတ်

သားတော်ရာဟုလာသည် မြတ်စွာဘုရားနောက်ပါးမှ လိုက်၍ ရထိုက်သော အမွေကို တောင်းခံ၏။

ဘုရားကား မောင့်ခမည်းတော်ရင်း အစစ်ကေန် ဖြစ်ပေသည် ရွှေနန်းစည်းစိမ်ကို စွန့်လွှတ်၍ တောထွက်တော်မူသောကြောင့် ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူပေသည်၊ ရွှေနန်းပေါ်မှာသာ မယ်တော်နှင့်အတူ ပျော်ပျော်ပါးပါး စံစားတော်မူပါလျှင် စကြဝတေးမင်းကြီး အစစ်အမှန် ဖြစ်တော်မူပေမည်၊ မောင့်မှာလည်း သားကြီးရတနာ ဖြစ်ရပါမည်၊ ယခုမှာကား စကြာမင်း၏ သားတော် မဖြစ်ဘဲ မြတ်စွာဘုရား၏ သားတော် ဖြစ်နေချေပြီ၊ သို့ပါသော်လည်း ထီးနန်းစည်းစိမ်ကိုကား မောင်မှတပါး ခံစား စံစားထိုက်သူ မရှိပေ၊ မောင်သာလျှင် ထီးနန်းအမွေခံ အမှန်ဖြစ်ပေ၏၊ ယခု လောလောဆယ် အရွယ်သို့ မရောက်မီ အမွေတောင်းစရာ ရှိနေသည်မှာ မောင့်ခမည်းတော် တောထွက်သွားသောနေ့ကစ၍ ရွှေအိုးကြီးလေးလုံးကား ဘယ်ရောက်သွားသည်ဟု မသိရချေ၊ ပျောက်နေပေ၏၊ ထိုရွှေအိုးကြီးလေးလုံးသည် မောင့်ဘခင်ကို ဘွားမြင်သည်နှင့် တပြိုင်နက် ဘွားဘက်တော်အဖြစ်ဖြင့် အလိုအလျောက် ပေါ်ပေါက်လာသော ရွှေအိုးကြီးများ ဖြစ်ပေသည်၊ အာသာဆန္ဒကို ပြည့်ဝအောင် ပေးနိုင်သော ရွှေအိုးကြီးများ ပေတည်း၊ ၎င်းရွှေအိုးကြီးများကို စောစောစီးစီး ရ,ထားနှင့်လေအောင် မောင့်ခမည်းတော်ထံ အမြန်သွား၍ အမွေကို တောင်းပါ၊ ယခုအခါ မောင့်ခမည်းတော်ဘုရားသည် မြေနန်းဥကင် ရာဇပလ္လင်မှာ သံဃာတော် အရှင်မြတ်များနှင့် ဆွမ်းဘုဉ်းပေးတုန်းပင် ရှိသေးသည်၊ ကျောင်းတော်သို့မပြန်ခင် အမြန်ပင်သွား၍ သား၏အတွက် ဆက်လက်ခံစားဘို့ရန် အမွေတောင်းပါ”ဟု ကောင်းစွာ သွန်သင်ပြီးလျှင် သဘောကျအောင် ပြောပြလေ၏။

သားတော် ရာဟုလာကလေးသည် မယ်တော်သင်ပေးသည့် အတိုင်းပင် ဘုရားသခင် ဆွမ်းဘုဉ်းပေးတော်မူရာသို့ သွား၍ ဘခင် ဟူသော ချစ်ခြင်းဖြင့် ရဲတင်းရွှင်လန်းစွာ မိမိနှင့်လျော်ရာဖြစ်သောစကားတို့ကို ပြောကြားကာ ရပ်နေလေ၏၊ ဘုရားသခင်လည်း ဆွမ်းဘုဉ်းပေးတော်မူပြီး၍ ကြွတော်မူလေသော် နောက်တော်ပါးမှ ကပ်လျက် သင်္ကန်းစကို ဆွဲငင်ကာ “မွေးသဘခင် ကျေးဇူးရှင် သားတော်ကလေးအား အမွေပေးသနားတော်မူပါ၊ မွေးသဘခင်၏ ပစ္စည်းဥစ္စာကိုကား သားတို့သာ ရမြဲဓမ္မတာဖြစ်ပါသည်”ဟု ပြောဆိုတောင်းရမ်းကာ သင်္ကန်းတော်ကို လက်ဖြင့်ဆွဲကာ တွဲလဲ တွဲလဲနှင့် မခွဲဘဲ လိုက်ပါသွားလေ၏၊

ရှင်တော်မြတ်ဘုရားသည် သားတော်ရာဟုလာကို "မလိုက်နှင့် ပြန်သွား"ဟု ဟန့်တားတော်မမူ၊ ကြွမြဲတိုင်းသာ ကြွတော်မူ၏၊ အနီးအနား သံဃာတော်များကလည်း"အို-ရာဟုလာ ပြန်သွားပါ"ဟူ၍လည်းမဆိုဝံ့ကြ၍ ကျောင်းတော်သို့ ရောက်အောင်ပင် လိုက်ပါလာလေတော့သတည်း၊ ထိုအခါ ကရုဏာကြီးမားသော မြတ်စွာဘုရားသည် "ငါ့သားတော် ရာဟုလာကား ပစ္စည်းဥစ္စာ တည်းဟူသော အမွေကို အလိုရှိပေသည်၊ ဤပစ္စည်းဥစ္စာများကား သံသရာဝဋ်တွင်း၌ ညွတ်ကွင်းသဘွယ်ဖြစ်၍ လွတ်ကင်းလွယ်သောအလုပ် မဟုတ်ချေ၊ ငါဘုရားသည် အသချေ်လေးရပ် တသိန်းကပ်ကာလအတွင်း အပြင်းအပြ ရှာဖွေမှ ရအပ်သော လောကုတ္တရာ ဓမ္မအမွေကို ပေးတော်မူပေအံ့"ဟု မိန့်တော်မူပြီးလျှင် အရှင်သာရိပုတြာကို ခေါ်တော်မူ၍"ဤသားတော် ရာဟုလာကို ငါဘုရားအမွေပေးသနားတော် မူလိုသည် ရှင်ပြုဘိလော"ဟု မိန့်တော်မူ၏၊ ထိုအခါ အရှင်မောဂ္ဂလာန်သည် ဆံပင်ကိုရိတ်၍ သင်္ကန်းဝတ်ပေး၏၊ အရှင်သာရိပုတြာကား သရဏဂုံပေး၍ အရှင်မဟာကဿပကား ဩဝါဒါစရိယ ပြုတော်မူ၏။

သုဒ္ဓေါဒနမင်းကြီးသည် သောကရောက်၍ တောင်းပန် စကား လျှောက်ထားခြင်း

ဤဆိုအပ်ပြီးသည့်အတိုင်း ကောင်းကျိုးချမ်းသာ တရားကို သူတပါးထက် အဆပေါင်းများစွာ လိုလားတော်မူသော ရှင်တော်မြတ်ဘုရားသည် ညီတော်နန္ဒမင်းသားနှင့် သားတော်ရင်သွေး ရာဟုလာကလေးကို ရှင်ရဟန်း ပြုပေးလိုက်သည်ရှိသော် သားတော်,မြေးတော် များအတွက် မြှော်လင့်ချက် ကြီးစွာနှင့် အားခဲလာသော သုဒ္ဓေါဒနမင်းကြီးသည် အတွင်းမီး သောက လောင်မြိုက်၍ သုံးတိုက်လုံး၏ မှန်ကူဖြစ်သော သယမ္ဘူ ဘုရားမြတ်ထံ ချဉ်းကပ်ပြီးသော် "တလောကလုံး ညွတ်ရိုးအားထားရာဖြစ်သော ရှင်တော်ဘုရား အရှင်ဘုရား ငယ်စဉ်ကပင် လေးဝသော နိမိတ်ကို မြင်၍ လူ့ခွင်၌မပျော်မြန်းဘဲ ရဟန်းပြုလိမ့်မည်ဟု ပုဏ္ဏားတော် ပဏ္ဍိတ် ပုရောဟိတ်တို့၏ အဟောထွက်သော စကားကို ကြားရသော အချိန်မှစပြီးလျှင် ခမည်းတော်ကြီးမှာ မသာသောနှလုံးဖြင့် ယူကျုံးမရဖြစ်ကာ ကြီးစွာသောလုံ့လဖြင့် ဗိုလ်ခြေတထောင် ဖွင့်မှပွင့်နိုင်သော တံခါးတို့ကို ခိုင်ခံ့စွာထား၍ ဥတုသုံးပါးနှင့် လျော်ကပ်သော ရွှေနန်းပြာသာဒ်

ဝယ် ဝန်းပတ်ခသြောင်း လေးသောင်းသော အပျိုကညာတို့ဖြင့် လိုတာမရှိရ အောင် အဓိကဖြစ်သော စည်းစိမ်ချမ်းသာတို့ကို ကောင်းစွာခံစား စေပါသော် လည်း သားတော်ဘုရားသည် ခမည်းတော်ကြီးကို မငဲ့ကွက်ဘဲ တောထွက်၍ ရဟန်းပြုခြင်းကြောင့် ထန်ပြင်းသော ဒုက္ခကို မခံနိုင်အောင် ခံစားရပါပြီ။

သားတော်ဘုရား တောထွက်သွားသည့်နောက် အားထားလောက်သော နန္ဒမင်းသားကို အမြှော်လင့်ကြီး မြှော်လင့်ခဲ့ပါသော်လည်း နန္ဒမင်းသားကို လည်း အရှင်ဘုရားပင် ကိုယ်တိုင်ခေါ်၍ သာသနာတော်တွင်းသို့ သွတ်သွင်း လိုက်ပါပြီ၊ထိုအခါကလည်း ခမည်းတော်ကြီး၏ အသည်းနှလုံးတို့သည် မီးအုံး၍ ထားသော ကြိမ်ညွန့်ကဲ့သို့ မလွန့်သာ မလှုပ်သာအောင် များစွာပင်ပန်းလှပါ သည်၊ သို့ပါသော်လည်း မြေးတော်ကလေးတပါး အားထားဘို့ ရှိသေးသည်ဟု ကြံစည်စဉ်းစားမိ၍ သက်သာသလို ရှိနေသည့်အတွင်းမှာပင် စကြာရှင်ဖြစ် လတ္တံ့သော မြေးတော်ကလေးကိုသည်း အရှင်ဘုရားဘက်ကိုသာ အရဆွဲငင်၍ ရှင်ပြုလိုက်ပြန်ပါပြီ၊ ယခုအခါ ခမည်းတော်ကြီးမှာ အရိုက်အရာ ခံမည့်သူလည်း မရှိ၊ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ကို ခေါင်းဆောင်လုပ်၍ အုပ်ချုပ် နိုင်မည့်သူလည်း မရှိပါတော့ပြီ၊ ရာဇပဝေဏီ အစီအစဉ်ယုတ်၍ လူ့သစ်ငုတ်ကြီး ကဲ့သို့ ဖြစ်နေပါပြီ. ခမည်းတော်ကြီးမှာကား ရတနာသုံးပါးကို အားထားမှီခို၍ အသက်တမျှ ကြည်ညိုသူဖြစ်ပါလျက် အတိုင်းထက်အလွန် ပူပန်ဆင်းရဲ၍ ကြေကွဲ စွာ ဖြစ်ရပါသေးသည်၊ သာမန်လူစား သူတပါးတို့မှာကား အဘယ်မှာဆိုဘွယ် ရာ ရှိပါတော့မည်နည်း၊ မိဘတို့မည်သည် သား, မြေး များအပေါ်တွင် ချစ်ခင် မြတ်နိုးခြင်းကားရိုးတွင်းခြင်ဆီကို ခိုက်အောင် စူးစူးစိုက်စိုက်ကြီး တည်ပါသည် ဘုရား”ဟု လျှောက်ထားလေသော် ရှင်တော်မြတ်ဘုရားသည် ခမည်းတော်ကြီး အား သောကမီး ပျောက်ကင်း၍ ဝမ်းမြောက်ခြင်း သောမနဿ ဖြစ်စေခြင်း ငှါ *ပဗ္ဗဇ္ဇာသုတ်တော်မြတ်ကို ဟောကြားတော်မူအပ်သတည်း။

ထို့နောက်မှ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် “မြတ်စွာဘုရား ဤကဲ့သို့ ကြီးမားသော အကျိုးထူး အကျိုးမြတ်ပင် ရှိပါသော်လည်း ဤအကျိုးကို မသိ မမြင်သော မိခင်ဘခင်တို့သည်ကား မရှင်သော စိတ်နှလုံးဖြင့် ယူကျုံးမရဖြစ်ကြ

---

* သုတ္တနိပါတ် ပါဠိတော်၌ ပါသည်၊

မည်မှာ ယုံမှားဘွယ်ရာ မရှိပါ၊ ခမည်းတော်ကြီး တောင်းပန်ပါရစေ၊ ယနေ့က စ၍ မိဘနှစ်ပါး စိတ်ထားနူးညွတ် ခွင့်မလွှတ်အပ်သော သား,သမီးကို အရှင်ဘုရား သာသနာ၌ ရှင်ရဟန်း မပြုပါစေနှင့်”ဟု လျှောက်ထားသော စကားကို မြတ်စွာဘုရား ဝန်ခံတော်မူကာ “န ဘိက္ခဝေ မာတာပိတူဟိ အနနုညာတော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ” ဟူသော သိက္ခာပုဒ်ကို အမိန့်ထုတ်ပြန်ကာ ပညတ်တော်မူလေသတည်း။

အနက်ကား ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ မာတာပိတူဟိ၊ မိဘနှစ်ပြင် ကျေးဇူးရှင်တို့သည်။ အနနုညာတော၊ အနူးအညွတ် ခွင့်မလွှတ်အပ်သော။ ပုတ္တော၊ သားနှင့်သမီး ချစ်မငြီးကို။ န ပဗ္ဗာဇေတဗ္ဗော၊ ရှင်,ရဟန်း မပြုပေးအပ်။ ယော၊ အကြင် ရဟန်းသည်။ ပဗ္ဗာဇေယျ၊ ရှင်, ရဟန်း ပြုပေးငြားအံ့။ သော၊ ထိုရဟန်းသည်။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ- အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ခမည်းတော်ကြီး အနာဂါမ်တည်ခြင်း

တနေ့သောအခါ မြတ်စွာဘုရားသည် နန်းတော်အပြင်၌ ဆွမ်းဘုဉ်းပေး၍ အပြီးတွင် ဘခင်ဖြစ်သော သုဒ္ဓေါဒနမင်းကြီးသည် လက်အုပ်ချီမိုး ရှိခိုးပြီးကာ “ရတနာ့ ရတနာတို့တွင် မဟာရတနာကြီး ဖြစ်တော်မူသော သားတော်ဘုရား အရှင်ဘုရား ဒုက္ကရစရိယာ ကျင့်တော်မူစဉ်က မထင်ရှားသော နတ်သား တယောက်လာ၍ ‘အရှင်မင်းကြီး၏ သား ဘုရားမဖြစ်နိုင်ပြီ၊ စင်္ကြံဦးတွင် ကမ္ဘဋ္ဌာန်း စီးဖြန်းစဉ် လဲ၍ အသည်းကွဲသဖြင့် သေရှာလေပြီ’ဟု သုံးကြိမ် လေးကြိမ် ပြောဆိုလာပါ၏၊ ထိုနတ်သား ပြောဆိုသောစကားကို ခမည်းတော်ကြီးမယုံမကြည်ဖြစ်ပါ၍ ‘ငါ၏သားကား ဘုရားမဖြစ်ဘဲ မသေနိုင်’ဟူ၍သာ နတ်သားကို ခြိမ်းချောက်၍ ခတ်ငေါက်ငေါက် ပြောလိုက်ပါ၏၊ ယခုအခါ ခမည်းတော်ကြီး မြော်လင့် ယုံကြည်သည့် အတိုင်းပင် သုံးခွင်သော လောကဓာတ်၌ ပြောစမှတ်ပေတကားဟု ထူးထူး ခြားခြား ဘုရားဖြစ်လာပါပေပြီ၊ ထိုအကြောင်းကို အောက်မေ့၍ ဤယနေ့ ယခုအချိန်အထိ ပီတိရှိန်လျှမ်းတောက်ပြီး ဝမ်းအ‌ေမြာက်ကြီး မြောက်ရပါတော့သည် ဘုရား”ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ခမည်းတော်ကြီး၏ စကားအဆုံး၌ ပြုံးတော်မူကာ "အို-ခမည်းတော်မင်းကြီး ပါရမီရင့်လှသော ယခုဘဝ၌ကား မှားမှားယွင်းယွင်း ဖြစ်သော စကားအဖျင်းတို့ကို အဘယ်မှာ ယုံကြည်ခြင်း ဖြစ်နိုင်ပါမည်နည်း၊ ပါရမီဉာဏ် မရင့်သန်သေးသော ရှေးရှေးဘဝ မဟာဓမ္မပါလ သေဋ္ဌေးကြီး ဖြစ်စဉ်အခါ ဒိသာပါမောက္ခဆရာကြီးသည် တူရာ တူရာ အရိုးတို့ကို ဟုတ်နိုးနိုး ယူဆောင်ကာ တူယောင်ယောင် ဟုတ်သလိုပြု၍ အသင့်သား သေပြီဟု အလီလီပြောသော်လည်း မနေ့တော် သတိမကင်းဘဲ ယုံကြည်ခြင်း မဖြစ်ဘူး ပေ"ဟု ရှေးဟောင်း နှောင်းဖြစ် ဖြစ်သော *မဟာဓမ္မပါလ ဇာတ်တော်ကို ထုတ်ဘော် မြွက်ကြားတော်မူလေ၏၊ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် ထိုတရားတော်၏ အဆုံး၌ သုံးဆင့်သော အနာဂါမိမဂ်သို့ ဆိုက်ကပ်၍ အမြိုက်ခတ် အရသာကို ထူးကဲစွာ ခံစားရလေတော့သတည်း။

ရှင်တော်ဘုရား၏ မှတ်သားဘွယ် ဝါဆိုစဉ်

အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးတန်, †ဉာဏ်တော်ဆယ်ရပ် တို့ဖြင့် အနွယ်မြတ် အမျိုးမြတ် တန်ခိုးလျှပ် ရှိန်သမ္ဘာတို့ကြောင့် ဝတီံသာ မက ဘဝဂ်ကျအောင် အထက်ကချည်း အနိုင်ယူ၍ ပြိုင်သူဘက်ကင်းသော တရားမင်းသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ခမည်းတော်, ညီတော်, သားတော်တို့ကိုသာ ကျွတ်တမ်းဝင်စေရုံမက ဇနပဒကလျာဏီ, မိထွေးတော် ဂေါတမီ,နှမတော်ယသောဓရာ, ညီတော်အာနန္ဒာအစ များလှသော ဝေနေယျ ကြာ သတ္တဝါအပေါင်းတို့အား ကောင်းမွန်မြင့်မြတ်သော အမြိုက်ခတ် သုခ ဘုတ်ကို မဆုတ်သော လုံ့လ, ထက်သန်လှသော ကရုဏာဖြင့် လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် ကောင်းစွာ ကျွေးမွေးတော်မူခဲ့ပေ သတည်း၊ ယင်းသို့

---

* ဒသကနိပါတ်၌ ကြည့်ပါ။ †၁-ဌာနာဋ္ဌာနကောသလ္လဉာဏ်။ ၂—ကမ္မဝိပါကပရိစ္ဆေဒဉာဏ်။ ၃—သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်။ ၄—နာနာဓာတုဉာဏ်။ ၅—အာသယာနုသယဉာဏ်။ ၆—ဣန္ဒြိယပရောပရိယတ္တိဉာဏ်။ ၇—ဈာနာဒိသံကိလေသဉာဏ်။ ၈—ပုဗ္ဗေနိဝါသဉာဏ်။ ၉—ဒိဗ္ဗစက္ခုဉာဏ်။ ၁၀—အာသဝက္ခယဉာဏ်။ (ဒိဗ္ဗစက္ခုကို စုတူပပါတဉာဏ်,ယထာကမ္မူပဂဉာဏ် ဟူ၍လည်း ခေါ်၏။)

ကျေးဇူးတော်မူရာ လေးဆယ့်ငါးဝါတို့တွင် အစဉ်အားဖြင့် သီတင်းသုံး ဝါဆို တော်မူရာ မြို့ ရွာ ပြည် နယ် ဇနပုဒ်တို့ကား ဤသို့တည်း။

ရှင်တော်မြတ်ဘုရားသည် မိဂဒါဝုန်တော၌ (၁) ပထမဝါ။ ရာဇဂြိုဟ်ပြည်၌ (၂) ဒုတိယဝါ။ (၃) တတိယဝါ။ (၄) စတုတ္ထဝါ။ ဝေသာလီပြည်မဟာဝုန် တော၌ (၅) ပဉ္စမဝါ။ မကုဋ္ဌတောင်၌ (၆) ဆဋ္ဌမဝါ။ တာဝတိံသာနတ် ပြည်၌ (၇)သတ္တမဝါ။ ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ ပဲစဉ်းငုံတော၌(၈)အဋ္ဌမဝါ။ ကောသမ္ဗီပြည်၌ (၉)နဝမဝါ။ ပါလိလေယျကတောအုပ်၌ (၁၀) ဒသမဝါ။ နာဠာမည်သော ပုဏ္ဏားရွာ၌ (၁၁)ဧကာဒသမဝါ။ ဝေရဥ္စာတိုင်းပြည်၌ (၁၂) ဒွါဒသမဝါ။ စာလိယတောင်၌ (၁၃) တေရသမဝါ။ သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ (၁၄) စုဒ္ဒသမဝါ။ ကပိလဝတ်ပြည်တော်၌ (၁၅) ပဉ္စဒသမဝါ။ အာဠဝီပြည်၌ (၁၆) သောဠသမဝါ။ ရာဇဂြိုဟ်ပြည်၌ (၁၇) သတ္တရသမဝါ။ စာလိယတောင်၌ (၁၈)အဋ္ဌာရသမဝါ။ (၁၉) ဧကူနဝီသတိမဝါ။ ရာဇဂြိုဟ် ပြည်၌ (၂၀) ဝီသတိမဝါ။ ဤဝါတော် နှစ်ဆယ်၌ကား ရှင်တော်ဘုရားသည် အတည်စွဲ၍ အမြဲနေတော် မမူသေးသောကြောင့် **အနိဗဒ္ဓဝါ**ဟူသော မမြဲသော ဝါဆိုခြင်း ဖြစ်ပေသည်။

ကြွင်းသော ဝါတော်နှစ်ဆယ့်ငါးဝါသာ သာဝတ္ထိပြည်ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်းတို့၌သာ ကိန်းအောင်းရှင်ပြုး အမြဲသီတင်းသုံးတော်မူသော ကြောင့် **နိဗဒ္ဓဝါ**ဟုဆိုရလေ၏၊ ၎င်းတို့တွင် ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၏ တောင်မျက်နှာ ဇေတဝန်ကျောင်း၌ နှစ်ဆယ့်တဝါမြောက်ဧကဝီသတိမဝါမှစ၍ ဝါတော်သုံးဆယ့်ကိုး-ဧကူနစတ္တာလီသမဝါတိုင်အောင် တဆယ့်ကိုးဝါပတ်လုံး သီတင်းသုံးတော်မူ၏၊ ၎င်းပြည်၏ အရှေ့မျက်နှာ ပုဗ္ဗာရုံကျောင်း၌ ဝါတော် လေးဆယ်မြောက် စတ္တာလီသမဝါမှစ၍ ဝါတော်လေးဆယ့်လေး စတုစတ္တာလီ သမဝါတိုင်အောင် ငါးဝါပတ်လုံး သီတင်းသုံးတော်မူ၏၊အထူးအားဖြင့် နောက် ဆုံး လေးဆယ့်ငါးဝါမြောက်ဝယ် ဗေလုဝရွာ၌ တဝါဆိုတော် မူသော်လည်း သာဝတ္ထိပြည်၏ နယ်နိမိတ် အတွင်းဖြစ်၍ သာဝတ္ထိပြည်၌ပင် နှစ်ဆယ့်ငါးဝါ ပတ်လုံး သီတင်းသုံးတော်မူသည်ဟု ဆိုရပေသတည်း။

ဘုရားရှင်၏ သီတင်းသုံးတော်မူရာ
ဝါဆိုစဉ် တေးထပ်

(က) သယမ္ဘူစောနုတ်၍၊ မနောဓာတ်ချို့ရှင်၊ ပြောစမှတ် စာကိုတင်မည်၊ ဝါဆိုစဉ် မှတ်သား။ မြတ်ဓမ္မရွှေစကြာကို၊ မိဂဒါဝုဟောကပ်ရွှေဖျား။ ဒု,တ, စ-ရာဇဂြိုဟ်၊ ဝါဆိုတော်မူငြား။ တောင်စာလီ မြတ်အပါးမှာတော့၊ ငါးဝါမြောက်ဘုန်းကြွယ်။ မကုဋ္ဌာတောင်ဂိရိ၊ ခြောက်ဝါရှိ ဖြိုးလျှပ်စံပယ်။ ထောက်ညှာသည့် မျိုးမြတ်နွယ်ကို၊ တိုးမှတ်ဘွယ် ညွှန်ရစ်တော့၊ ခုနစ်နှစ် ဝတိံသာ၊ မြန်းကြွကပ်ရှာ။ ရှစ်ဝါမြောက် စံတုက္ကာသည်၊ သံသုမာ ဂိရိပလေး။

(ခ) နဝမံ ကောသမ္ဗီ၊ စောလျှံကြွစံ့ထိုင်၊ တောဂန္ဓ ပုလဲမြိုင်မှာ၊ မလွဲနိုင်ဆယ်ထား။ ပြာဟမ္မဏ နာဠန္ဒာမှာ၊ ဝါကြွကာ ကိန်းဆယ့်တစ်ငြား။ ဝေရဥ္စတိုင်းဌာနီ၊ ဒွါဒသီမှတ်သား။ တောင်စာလီ မြတ်အပါးမှာတော၊ ဆယ့်သုံးထားကျမ်းညီ။ စုဒ္ဒသာဇေတဝန၊ ကပိလပန္နရသီ။ သောဠသ အာဠဝီမှာ၊ စာအညီမှတ်စမ်းတော့၊ စံမြန်းတဲ့ ရာဇဂြိုဟ်၊ ဆယ့်ခုနစ်ဆို။ ဆယ့်ရှစ်နှင့် ဆယ့်ကိုးအလိုမှာ၊ စာလီဆို တောင်ထိပ်ပလေး။

(ဂ) ရာဇဂြိုဟ် ဝါဝီသ၊ စာရိမျှသုံးချွေ၊ ဌာနီကြွ ဘုန်းဝေမှာ၊ ထုံးအနေမပြဲ။နှစ်ဆယ့်လေး ဝါကျွတ်မှီတယ်၊ သာဝတ္ထိ မြို့ပြည်ဦးဘဲ။ အန္တိမနောက်ဆုံးဝါမှာ၊ ဗေလုဝ္ရွာ မလွဲ။ အာယုတော် ဇီဝိန်နဲ့ပြိုင်မို့၊ ရည်ချိန်မြဲထုံးစံ။ ဗျည်းတာလီ ဝါအဆိုက်၊ အမတာအမြိုက် မြန်းကြွအမှန်။သတ္တဝါတသိုက်ပက်ဇံကို၊ ယာဉ်ပံ့တော်မဂ်နန်းနှင့်၊ တာဘက်ကမ်း ပြည်ခေမာ၊ လှမ်းပို့တင်ရှာ။ ဘုရားမြတ် ဆိုစဉ်ဝါကို၊ လိုချင်စရာ မှတ်စမ်းတော့လေး။

မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်တော်မူခြင်း

သုံးလောကာဓိပတိ မုနိဥသျှောင်အခေါင်ညွန့်ဖူး ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော မြတ်စွာဘုရားသည် တရားတော် ဒေသနာကို လေးဆယ့်ငါးဝါ ရှည်မြင့်ကြာ

အောင် ကောင်းစွာ ဟောတော်မူပြီး၍ အမြိုက်ထီး နိဗ္ဗူသို့ စံယူတော်မူကာနီး အခါ သာယာစိမ်းစို တောင်ငါးလုံးကာခိုသော ရာဇဂြိုဟ်မြို့တော်အနီး ဂိဇ္ဈကုဋ်တောင်ကြီးမှ ခရီးဒေသစာရီ ဖြန့်ချီတော်မူခဲ့ရာ ဝေသာလီပြည်သို့ရောက်တော်မူသတည်း၊ ထိုအခါ ဘုရားမြတ်စွာ စိန္တေယျာသည် အိမ်ဂေဟာ အစဉ်လျှောက်၍ ဆွမ်းခံတော်မူပြီးနောက် အလုပ်အကျွေး လိမ်မာသော ညီတော်မြတ် အရှင်အာနန္ဒာကို သာယာစွာမြွက်ဘော်၍ ခေါ်တော်မူပြီးလျှင် “ငါ၏ညီဘွား ချစ်သားအာနန္ဒာ **စမ္မခဏ်** သားရေနယ်ကို ယူလာ၍ ဤနေရာ၌ ကောင်းစွာခင်းပါလော”ဟု မိန့်တော်မူသောအခါ အရှင်အာနန္ဒာ မထေရ်သည် မြတ်စွာဘုရား၏ အမိန့်တော်အတိုင်း စမ္မခဏ်ကိုယူကာ **စာပါလ** မည်သော နတ်ကွန်း **နတ်စင်** ၌ ခင်းတော်မူလေ၏။

သုံးလောကဆိမီး ထွတ်ထီးခရိုင် မြတ်ဘုန်းလှိုင်ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် အရှင်အာနန္ဒာ ခင်းအပ်သောနေရာ၌ ကောင်းစွာဖွဲ့ခွေစံနေတော်မူပြီးသော် “ချစ်သားအာနန္ဒာ ဤဝေသာလီပြည်ကြီးသည် စည်းထီးအရပ်ရပ်နှင့် နဝရတ်ခြယ်သန်းသော ရွှေနန်းတော် ရွှင်ပျော်ဘွယ်သော ဥယျာဉ်ဗိမာန်, လူအပေါင်း ဆက်ဆံသော ဈေးကြီး, ဈေးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ် စည်ကားလှပေသည်၊ ဤစာပါလနတ်ကွန်း, ဥတေနနတ်ကွန်း,ဂေါတမနတ်ကွန်း, သတ္တမ္ဗနတ်ကွန်း, ဗဟုပုတ္တနတ်ကွန်း, သာနန္ဒရနတ်ကွန်း တို့သည်လည်း ထွန်းအပ်သော တန်ဆောင်တိုင်သဘွယ် မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဂနိုင်ဟောမာကဲ့သို့ လွန်စွာပင် တင့်တယ်လျက် ပျော်မွေ့ဘွယ် ရှိလှကုန်၏၊ အို· ချစ်သားအာနန္ဒာ မည်သူမဆို ပုဂ္ဂိုလ်မထောက် တစုံတယောက်သောသူသည် လေးပါးသော * ဣဒ္ဓိပါဒ်ကို အထပ်ထပ်ပွား၍ များစွာဆည်းပူးပြီးလျှင် အထူးတလည် တည်ရာကဲ့သို့ ပြုလုပ်ငြားအံ့၊ ထိုဣဒ္ဓိပါဒ် လေးပါးကို ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် မအို,မသေ နေလိုပါက အနှစ်တရာလုံးလုံး အာယုကပ်ကုန်ဆုံးအောင် တည်နိုင်ရာ၏၊ အနှစ်တရာထက် ပိုပြီးလျှင် အာယုကပ်ကို လွန်၍လည်း နေနိုင်ရာ၏”ဟု မိန့်ကြားတော်မူပြီးလျှင် နောက်ထပ်တဖန် တခါပြန်၍ “ငါ၏ညီဘွား ချစ်သားအာနန္ဒာ မုချစင်စစ် တထစ်ချအားဖြင့် ငါဘုရားသည်လည်း

---

* ၁=ဆန္ဒိဒ္ဓိပါဒ်။ ၂–ဝီရိယိဒ္ဓိပါဒ်။ ၃–စိတ္တိဒ္ဓိပါဒ်။ ၄-ဝီမံသိဒ္ဓိပါဒ်။

မာရ်နတ်သားသည် မြတ်စွာဘုရားအား ပရိနိဗ္ဗာန် ဝင်စံရန်အကြောင်း တောင်းပန်ခဏ်း။

ဤလေးပါးသော ဣဒ္ဓိပါဒ်ကို ယခင် ဆိုခဲ့ပြီးသော နည်းအားဖြင့် ပွားများအားထုတ်၍ အလိုရှိသည်ဖြစ်ငြားအံ့၊ အနှစ်တရာလုံးလုံး အာယုကပ် ကုန်ဆုံးအောင် တည်နိုင်ရာ၏၊ အနှစ်တရာထက် ပိုပြီးလျှင် အာယုကပ်ကို လွန်မြောက်၍လည်း နေနိုင်ရာ၏”ဟု မိန့်ကြားတော်မူလေသတည်း။

ဤသို့ မြတ်စွာဘုရားသည် သုံးကြိမ် သုံးခါ မိန့်ကြားတော်မူပါသော်လည်း မာရ်နတ်သားသည် အရှင်အာနန္ဒာ၏ စိတ်နှလုံးကို ချေမှုန်း နှောက်ယှက်ထားသောကြောင့် မြတ်စွာဘုရား မိန့်ကြားတော်မူသော ဩဘာသနိမိတ် အရိပ်အမြွက်စကားကို နားလည်ခြင်း မရှိ ထိုးထွင်း၍ မသိနိုင်လေ၊ သို့မသိရှိ မရိပ်မိသောကြောင့် မြတ်စွာဘုရားအား “သတ္တဝါအပေါင်းတို့ အကျိုးများ၍ ချမ်းသာမှုတိုးပွားစေခြင်း အကျိုးငှါ အာယုကပ် ကုန်ဆုံးအောင် ရှင်ပြုံးစွာ တည်နေတော်မူပါဘုရား”ဟု မလျှောက်ထားမိဘဲ တုဏှိဘာဝေ တိတ်ဆိတ်စွာသာ နေလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် “ချစ်သား အာနန္ဒာ သင်ချစ်သားသည် အလိုရှိသော နေရာ၌ ကောင်းစွာ သွား၍နေလော့”ဟု မိန့်တော်မူလေလျှင် အရှင်အာနန္ဒာ မထေရ်မြတ်သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာအရပ်နှင့် မနီးမဝေးသော သစ်ပင်တပင်၏ အရင်းသို့ သွားကာ ကောင်းစွာ တိတ်ဆိတ် ကမ္မဋ္ဌာန်းစိတ်ဖြင့် နေလေသတည်း။

မြတ်စွာဘုရားထံ မာရ်နတ်သား လာရောက်၍ ပရိနိဗ္ဗာန် ပြုပါဟု လျှောက်ခြင်း

ဤသို့လျှင် အရှင်အာနန္ဒာ မထေရ်မြတ်သည် တခုသော သစ်ပင်ရင်းသို့ ချဉ်းကပ်၍နေစဉ် ဆိုးသွမ်းယုတ်မာ၍ အဘိဇ္ဈာ အမြဲပွားသော မာရ်နတ်သားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ တင့်အပ်လျောက်ပတ်သော နေရာ၌ နေပြီးသော် “ဘုန်းတော်ခြောက်စင်းဖြင့် တောက်လင်းတော်မူသော မြတ်စွာဘုရားအရှင်ဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုဘို့ အချိန်တန်ပါပြီ၊ အရှင်ဘုရား၏ ဟောကြားအပ်သော တရားသည်လည်း စည်ကားတောက်ဝင်း၍ သုံးခရိုင်အတွင်း၌ အမြဲလင်းနေပါပြီ၊ အရှင်ဘုရားသည် ပြုသင့်သမျှ ကိစ္စကလည်းပြီးသက်တော်ကကြီးသဖြင့် ပရိနိဗ္ဗာန် ဝင်စံဘို့ကောင်းသော အခါကြီးပါဘုရား”ဟု လျှောက်ထားလေ၏။

မာရ်နတ်သား၏ လျှောက်ထားတောင်းပန်သော စကားကို ကြားတော်မူရသော ဘုရားရှင်သည် "မကောင်းသော နှလုံးသွင်းဖြင့် မုန်းခြင်းကို ရှေ့ထား၍ လျှောက်ကြားသော မာရ်နတ်သား အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရား၏ တပည့်သား သာဝက ဝေနေယျတို့သည် တရားဓမ္မအဖုံဖုံ၌ မလိမ္မာကြကုန်သည်ဖြစ်၍ ကိုယ်,နှုတ်,နှလုံးကို မဆုံးမ,နိုင်ကြကုန်သေး၊ယုံမှားခြင်းကင်းလတ်၍ ပိဋကတ်သုံးပုံ အလုံးစုံကို နှုတ်ငုံပိုင်ပိုင် မရွက်ဆောင်နိုင်ကြကုန်သေး၊ မိမိသိအပ်ပြီးသော တရားကိုလည်း တပါးသော ပုဂ္ဂိုလ်တို့အား ထုတ်ဆိုမြွက်ချွေ မသိစေနိုင်ကြကုန်သေး၊ မိမိတို့လည်း မသိကြသည့်အတွက် ဖွင့်မြွက်ခွဲဝေ အထွေထွေ ထင်မြင်မှုကို မပြုနိုင်ကြကုန်သေး၊ သူတပါးသန္တာန်၌ ဖောက်ပြန်သော အယူကို ဖြူစင်သန့်ရှင်း၍ အလင်းသို့ရောက်အောင် မဟောကြား မပြသနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါဘုရားသည် တပည့်များကို ချန်ထား၍ နိဗ္ဗာန်သို့ မသွားနိုင်သေး"ဟု မိန့်ကြားတော်မူလေ၏။

မြတ်စွာဘုရား၏ စကားတော်အမိန့်သံကို နာခံရသော မာရ်နတ်သားသည် စိတ်အားမလျှော့ဘဲ တကျော့ပြန်ကာ ထပ်မံ လျှောက်ထားသည်မှာ "သီတင်းကျေးဇူး ဂုဏ်အထူးဖြင့် ချီးကျူးအံ့သြ၍ မကုန်နိုင်သော သုံးဘုံသခင် အရှင်ဘုရား ယခုအခါ အရှင်ဘုရား၏ တပည့်သား သာဝက ဝေနေယျအပေါင်းတို့သည် ကောင်းမြတ်သော အရာ၌ လိမ်မာကျွမ်းကျင် စွမ်းအင်မယုတ် ကိုယ်, နှုတ်, နှလုံးကို ဆုံးမနိုင်ကြပါပြီ၊ ယုံမှားခြင်းကင်းလတ်၍ ပိဋကတ်သုံးပုံ အလုံးစုံတို့ကိုသည်း နှုတ်ငုံပိုင်ပိုင် ရွက်ဆောင်နိုင်ကြပါပြီ၊ မိမိသိအပ်ပြီးသော တရားကိုလည်း တပါးသော ပုဂ္ဂိုလ်တို့အား ထုတ်ဆိုမြွက်ချွေ၍ သိစေနိုင်ကြပါကုန်ပြီ၊ မိမိတို့လည်း ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင် သိကြသည့်အတွက် ဖွင့်မြွက်ခွဲဝေကာ အထွေထွေ ထင်မြင်မှုကို ပြုနိုင်ကြပါကုန်ပြီ၊ သူတပါးသန္တာန်၌ ဖောက်ပြန်သော အယူကိုလည်း ဖြူစင်သန့်ရှင်း၍ အလင်းသို့ရောက်အောင် ဟောကြားပြသနိုင်ကြပါပြီ၊ သို့အတွက် အရှင်ဘုရားသည် ပရိနိဗ္ဗာန် ဝင်စံဘို့ရာ သင့်လျော်ပါပြီ"ဟု ဝစီသံပြောင်ပြောင် ချော့မော့သည့် လေသွားဖြင့် လျှောက်ထားလေ၏။

ယင်းသို့လျှင် မာရ်နတ်နှင့်ဘုရား တပြန်စီ ပြောကြားရာ သုံးကြိမ်မြောက်သောအခါတွင် သမ္ဗာရှင်ဖြစ်တော်မူသောမြတ်စွာဘုရားသည်"ကမ္ဘာတဂိုက်တွင်

မသမာ မကိုင်ရှဆောင်း၍ အမိုက်အပေါင်းတို့၏ ရှေ့သွားဖြစ်သော မာရ်နတ်သား အသင်မာရ်နတ်သားသည် ရှစ်ခုမြောက်သော အဋ္ဌမ သတ္တာဟ အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ်ကပင် 'ပရိနိဗ္ဗာန်စံဝင်ပါ, ပရိနိဗ္ဗာန်စံဝင်ပါ'ဟု အခါခါ ဆိုမြည်၍ လျှောက်ထားဘူးချေပြီ၊ သင်နှင့်ငါ တွေ့ရသော ယနေ့ကစ၍ သောကပယ်ရှင်းလျက် ကြောင့်ကြမဲ့ ကင်းကင်းနှင့် နေပေတော့၊ နောင် သုံးလမြောက်သော အခါတွင် ပရိနိဗ္ဗာန် ဝင်စံပေတော့အံ့"ဟု မိန့်ကြားကာ အာယုသင်္ခါရကို လွှတ်တော်မူလိုက်လေတော့သတည်း။

ရှင်တော်မြတ်ဘုရားသည် မာရ်နတ်သား၏ လျှောက်ထားချက်အရ အာယုသင်္ခါရ လွှတ်တော်မူသည်ရှိသော် တသောင်းသော လောကဓာတ်ကြီးသည် တဆတ်ဆတ်မြည်ဟည်း၍ ထန်သည်းစွာ တုန်လှုပ်လေသတည်း၊ ကောင်းကင်ယံ၌လည်း မိုးသံ,လေသံတို့သည် တခြိမ့်ခြိမ့်ညံ၍ မြည်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "တုလ မတုလဉ္စ သမ္ဘဝံ"စသော ဥဒါန်းကို ကျူးရင့်တော်မူလေ၏။

မြေလှုပ်ခြင်း အကြောင်းကို ရှင်တော်ဘုရားအား အရှင်အာနန္ဒာ လျှောက်ထားခြင်း

မိုးသံ, လေသံ ဆူညံစွာဖြင့် ကမ္ဘာမြေကြီးသည် ထန်သီးစွာ တုန်လှုပ်သည်ရှိသော် အရှင်အာနန္ဒာ မထေရ်မြတ်သည် "ဤမြေကြီးသည် ကြက်သီးမွေးညှင်း တဖျဉ်းဖျဉ်းထ၍ ကြောက်ခြင်းကို ဖြစ်စေအောင် ပြင်းပြစွာ တုန်လှုပ်ပေသည်၊ ဤသို့ ထူးထူးခြားခြား အခါတပါးနှင့် မတူပါဘဲ လွန်ကဲစွာ လှုပ်ခြင်းကို နောင်တော်ဘုရားအား လျှောက်ထားမေးမြန်းမှ တော်ချေမည်"ဟု မြတ်စွာဘုရားထံသို့ အမြန်သွားရောက်၍ ရှေ့တော်မှောက်တွင် လက်မြှောက်ဦးတင်ကာ "မြတ်စွာဘုရား ဤယခုပင် မြေငလျင် တုန်လှုပ်ခြင်းသည် ထန်ပြင်းလှပါသည်၊ အကြောင်းခြင်းရာ အသို့ပါနည်း"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာ၏ လျှောက်ထားသော စကားကို ဖြေကြားတော်မူလိုရကား "ချစ်သားအာနန္ဒာ မြေတုန်လှုပ်ခြင်း၏ အကြောင်းတရားတို့သည် ရှစ်ပါးရှိကုန်၏။ ၎င်းတို့တွင်—

၁။ ဤမြေကြီးသည် ရေ၌တည်၏၊ ရေသည် လေ၌တည်၏၊ လေသည် ဟင်းလင်းသော ကောင်းကင်အပြင်၌တည်၏၊ ချစ်သားအာနန္ဒာ အကြင်အခါ၌ ပြင်းစွာသောလေတို့သည် လာကုန်၏၊ ထိုလေပြင်းလာခြင်းကြောင့် ရေတို့သည် လှုပ်ကုန်၏၊ ရေလှုပ်ခြင်းကြောင့် ဤကမ္ဘာမြေကြီးသည် လှုပ်လေ၏၊ ဤသည် လျှင် အကြောင်းတရပ်ပေတည်း။

၂။ ကြီးစွာသောတန်ခိုးဖြင့် မြေလျှိုးမိုးပျံ စျာန်အဘိညာဉ် လေ့လာသော ရဟန်း, ပုဏ္ဏားနှင့် တန်ခိုးကြီးမားသော နတ်အများသည် ဤမြေကြီးကို ထန်သည်းစွာ တုန်လှုပ်စေနိုင်၏၊ ဤသည်လည်း အကြောင်းတရပ်ပေတည်း။

၃။ ချစ်သား အာနန္ဒာ အကြင်အခါ၌ ဘုရားအလောင်းသည် တုသိတာ နတ်ပြည်မှ စုတေကာ လူ့ပြည်တွင် ပဋိသန္ဓေနေသည်ဖြစ်အံ့၊ ထိုအခါ ဤမဟာ ပထဝီမြေကြီးသည် အထက်မှအောက် အစဉ်လျှောက်၍ အေးယာဉ် လွဲသကဲ့သို့ တန္တန္တတုန်လှုပ်လေ၏၊ ဤသည်လည်း အကြောင်းတရပ်ပေတည်း။

၄။ အို-ငါ၏ ညီဘွား ချစ်သားအာနန္ဒာ အကြင်အခါ၌ ဘုရားအလောင်း တော်မြတ် အရှင်သည် သတိ, သမ္ပဇဉ်နှင့် ယှဉ်ကာ မယ်တော်၏ ဝမ်းကြာမှ ချမ်းသာ ရွှင်မြူး၍ မီးရှူးသန့်စင် ဘွားမြင်တော်မူ၏၊ ထိုအခါ ဤမြေလွှာသည် ပြင်းစွာတုန်လှုပ်၏၊ ဤသည်လည်း အကြောင်းတရပ်ပေတည်း။

၅။ ငါဘုရား၏ ညီဘွားလိမ်မာ အာနန္ဒာ အကြင်အခါ၌ ငါဘုရားသည် လေးပါးသော သစ္စာကို သိ၍ သဗ္ဗညုတဉာဏ် အလင်းကိုလည်း ထိုးထွင်း၍ သိတော်မူ၏၊ ထိုအခါ ဤကမ္ဘာမြေကြီးသည် ထန်သည်းပြင်းပြစွာ တုန်လှုပ်၏၊ ဤသည်လည်း အကြောင်းတရပ်ပေတည်း။

၆။ ငါ၏ထံပါး ခစားလိမ်မာ ချစ်သားအာနန္ဒာ အကြင်အခါ၌ ငါဘုရား သည် ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ ပုဂ္ဂိုလ်မြတ်တို့ သော်မှလည်း မလှည့်ပတ် မဟောပြောနိုင်သော ဓမ္မစကြာတရားတော်ကို ဟောတော်မူ၏၊ ထိုအခါ ဤ ကမ္ဘာမြေကြီးသည် ထန်သည်းပြင်းပြစွာ တုန်လှုပ်၏၊ ဤသည်လည်း အကြောင်းတရပ်ပေတည်း။

၇။ ငါ၏နောက်ပါးမှထောက်ထားညွှာတာ အမြဲပါသော အာနန္ဒာညီဘွား အို-ချစ်သား အကြင်အခါ၌ ဘုရားသည် သတိ, သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍

အာယုသင်္ခါရကို လွှတ်တော်မူ၏၊ ထိုအခါ ဤမဟာပထဝီမြေသည် ထို ဤ အောက်ထက် ရောက်ရက်လွှားခုန်သကဲ့သို့ ပြင်းစွာလှုပ်တုန်၏၊ ဤသည်လည်း အကြောင်းတရပ်ပေတည်း။

၈။ တေဒဂ်ငါးပြာဖြင့် ထူးခြားလှစွာသော အာနန္ဒာညီဘွား အို-ချစ်သား ငါဘုရားသည် အကြွင်းအခါ၌ ခန္ဓာ ကမ္မဇရုပ် ငြိမ်းချုပ်သော နိဗ္ဗာန်သို့ ဝင်စံ တော်မူ၏၊ ထိုအခါ ဤမဟာပထဝီ မြေကြီးသည် ထန်သည်းစွာ လှုပ်တုန်၍ တဆတ်ဆတ်ခုန်သကဲ့သို့ ဖြစ်လေ၏၊ဤသည်လည်း အကြောင်းတရပ်ပေတည်း။

ဤမြေလှုပ်ခြင်း၏ အကြောင်းရပ်တို့ကို ကောင်းမြတ်စွာ မိန့်ကြားတော်မူ ပြီး၍ "ငါ၏ထံတော်ပါး၌ အမြဲခစားသော ချစ်သားအာနန္ဒာ ငါဘုရားဖြစ် တော်မူစ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ်အခါ ယုတ်မာသော မာရ်နတ်သားသည် ငါဘုရားထံမှောက်သို့ လာရောက်၍ 'ပရိနိဗ္ဗာန် ပြုတော် မူပါ'ဟု သုံးခါတိတိ လျှောက်ထားလေလျှင် 'ငါဘုရားသည် ယခုအခါ ဘုရား ဖြစ်၍ မကြာသေးမီ ရှေးပြည်နိဗ္ဗာန်သို့ ဝင်စံတော်မမူ'ဟု မာရ်နတ်၏ စကားကို ပယ်ရှားတော်မူခဲ့လေပြီ၊ ဤယနေ့အခါ ဤစာပါလမည်သော နတ်ကွန်းအတွင်း သီတင်းသုံးတော်မူစဉ် မာရ်နတ်ကြီး တဖန်လာ၍ လျှောက်ပြန်သောကြောင့် ဇီဝိန်တော်အာယုကို ကြည့်ရှုဆင်ခြင်တော်မူသောအခါ ပြည်ခွင်နိဗ္ဗာန်သို့ ဝင်စံ တော်မူချိန်ကျသဖြင့် မာရ်နတ်ကြီး၏ စကားကို မတားမလှန်တော့ဘဲ ဝန်ခံလိုက် လေပြီ၊ ယင်းသို့ အာယုသင်္ခါရလွှတ်တော်မူသော အကြောင်းကြောင့်ပင်လျှင် ဤ မဟာပထဝီ မြေကြီးသည် တဟည်းဟည်းမြည်၍ တုန်လှုပ်ပေသည်"ဟု သာကြည်နူးတ်ချိုစွာ မိန့်ဆိုတော်မူလေသတည်း၊ အရှင်အာနန္ဒာသည် မြတ်စွာ ဘုရား၏ မိန့်တော်မူအပ်သော စကားကို ကြားရလေလျှင် နားဝတွင် သံမှိုနှက် သကဲ့သို့ ရတက်သောက ပူဟုန်ကြွ၍ ပရိဒေဝမီး တောက်လောင်ကာ မျက်ရည် ယိုရှာလေတော့သတည်း။

ပရိနိဗ္ဗာန် မစံဘို့အကြောင်းကို အရှင်အာနန္ဒာ တောင်းပန်ခြင်း

မြတ်စွာဘုရား၏ မိန့်ကြားမြွက်ဆိုသော စကားကို ကြားရသော အရှင် အာနန္ဒာ မထေရ်မြတ်သည် နှလုံးခေါတ် အပူမိ၍ မြားထိသော ယုန်ငယ်ကဲ့သို့

တဆတ်ဆတ်တုန် ဖြစ်ပြီးလျှင် "ဘုန်းတော်,ကံတော်, ဉာဏ်တော်စက် အဟုန်ဖြင့် ဘဝဂ်ဘုံ ကျော်ဖောက်ကာ ထွန်းတောက်တော်မူသော အရှင်ဘုရား သုံးလောကဆီမီး ထွတ်ထိုးသခင် အရှင်ဘုရားသည် အများသော ဝေနေယျတို့၏ သုခပွားတိုး၍ ကောင်းကျိုးနှင့် ပြည့်စုံကြစေခြင်းအကျိုးငှါ အနှစ်တရာလုံးလုံး အာယုကပ်ကုန်ဆုံးအောင် ရှင်ပြုံးစွာ နေတော်မူပါ၊ ပရိနိဗ္ဗာန် ဝင်စံတော်မမူပါနှင့်၊ မမှားမစောင်း စကားကောင်းဖြင့် တရားကြောင်းကျနအောင် ပြသတော်မူတတ်သော အရှင်မြတ်ဘုရား လောကဓာတ်ဗွေပြင်၌ ကိလေသာအမြင်မပြတ်၍ အရှင်ခေတ် ကိန်းအောင်းနေကြသော သတ္တဝါအပေါင်းတို့သည်ကား အရှင်ဘုရား နိဗ္ဗာန်သို့ကြွသွားပါက နို့စို့နွားငယ် မိခင်ကွယ်သကဲ့သို့ ဘယ်ဆီဘယ်လမ်းကို မမြော်မှန်းတတ်အောင် ရှိပြီးလျှင် ကြီးစွာသော ဒုက္ခနှင့် တွေ့ကြရပါလိမ့်မည်ဘုရား၊ ဤသို့သော အကြောင်းကို ထောက်ထား၍ မာရ်နတ်၏ စကားကို ပယ်ရှားတော်မူကာ ရွှေပြည်နိဗ္ဗာန်သို့ ဝင်စံရန် မသင့်ကြောင်းပါဘုရား"ဟု သနားဘွယ်ရာ လျှောက်ထားရှာလေသတည်း။

ဤစကားကို အရှင်အာနန္ဒာ လျှောက်ထားလေလျှင် ဘုန်းတော်သခင်ဘုရားရှင် ကိုယ်တော်မြတ်သည် "ငါ၏ထံပါး၌ ဝပ်တွားကာ လျှောက်တင်သော ငါ့ညီခင် အာနန္ဒာ ရှေးရှေးသောအခါကပင် သင်ချစ်သားအား အာယုကပ်ကျော်မြောက်အောင်ပင် နေတော်မူနိုင်ကြောင်းကို ဩဘာနိမိတ် အရိပ်အမြွက်စကားဖြင့် သုံးကြိမ်တိုင်တိုင် မိန့်ကြားခဲ့ဘူးလေပြီ၊ ထိုအခါကာလက သင်ချစ်သားလျှောက်ထားခဲ့ပါလျှင် ငါဘုရားသည် နှစ်ကြိမ်လောက်သာ ပယ်တော်မူ၍ သုံးကြိမ်မြောက် လျှောက်ထားပါက ပယ်ရှားတော်မမူဘဲ သင်ချစ်သား၏ အလိုဆန္ဒအတိုင်း သည်းခံ၍ ပဋိညာဉ် ပေးတော်မူရချေမည် အမှန်ပင်ဖြစ်ချေသည်၊ ယခုအခါ အချိန်လွန်မှ လာ၍ လျှောက်ထားခြင်းကား လားလားကမှမသင့်လျော်တော့ချေ၊ မာရ်နတ်၏ လျှောက်ချက်စကားကိုလည်းပယ်ရှားဘို့ရန်မသင့်ရိုးမှန်ပေသည်၊ ရှေးဘုရားရှင်တို့နှင့်အတူ လာခြင်းကောင်းတော်မူသော ငါဘုရားတို့သည်ကား စကားနှစ်ခွ ပြောကြရိုးထုံးစံ မရှိချေ၊ သက်သာအောင် နေပေတော့"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထား တောင်းပန်သော်လည်း မရသောကြောင့် သောကလှိုက်ဖို မျက်နှာညှို၍ မျက်ရည်စိုပြိုးလျှင် ငိုယိုကာသာ နေရှာလေတော့၏၊ ထိုအခါ မြတ်စွာဘုရားသည် "အို-ချစ်သား အဘယ့်ကြောင့် သောကပွား၍ တရားကို မေ့ဘိသနည်း၊ ဤကဲ့သို့ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းသည် ကွေကွင်းကွဲကွာ နောက်ဆုံးသာတည်း"ဟု ရှေးရှေးသော အခါများကပင် ငါဘုရား ဟောကြားခဲ့ဘူးသည် မဟုတ်ပါလား၊ မေတ္တာအာရုံ ပွားများစိမ်ထုံအပ်သည့် အလုံးစုံသော အမိအဘ,ညီအစ်ကို, မောင်နှမနှင့် တကွ မိတ်ဆွေသင်္ဂဟတို့သည် သေကွဲ ရှင်ကွဲ အနန့်နဲဖြင့် မလွဲမကင်းနိုင်သော အဖြစ်မျိုးကို အရိုးခံလက်ဟောင်းတရားဟု ငါဘုရားဟောကြားအပ်ဘူးလေပြီ၊ အို-ချစ်သားအာနန္ဒာ ဤသံသရာဝဋ္ဋအတွင်းမှ မလွတ်ကင်းသော ငါဘုရား၏ ခန္ဓာကိုယ်ကို မပြိုမကွဲ အမြဲတည်ခြင်းငှါ အဘယ်မှာ ရနိုင်ပါမည်နည်း၊ ဤကဲ့သို့ မပျက်စီးစိမ့်သောငှါ သောကမီး ပူဖြာ၍ တစာစာ မြည်တမ်းလျက် ပင်ပန်းကြီးစွာ ငိုကြွေးပါသော်လည်း အဘယ်မှာ အကျိုးရှိ၍ သင့်အလို ပြည့်နိုင်ပါအံ့နည်း၊ ငါ၏ညီဘွား အို-ချစ်သား ငါဘုရားသည် အကြင်ကိလေသာ အပေါင်းကို ထောင်းထောင်း ညက်ကြေအောင် ဖျက်ချေ သုတ်သင်အပ်လေပြီ၊ ထိုကိလေသာအပေါင်းတို့သည် ငါဘုရားကို နောက်ကားတဖန် ပြုပြင်ရန် အကြောင်း မရှိပြီ၊ အို ချစ်သား ငါဘုရားသည် အာယုသင်္ခါရကို မုချဆတ်ဆတ် လွှတ်အပ်ပြီးလေပြီ၊ စင်စစ်အားဖြင့် ပရိနိဗ္ဗာန် ပြုအပ်သော စကားကို ထင်ရှားစွာ ငါဆိုအပ်လေပြီ၊ ငါဘုရားသည် ကိလေသာအပေါင်းကို ထပ်လောင်းမပျက် အသက်ကြောင့်တဖန် ပြုပြင်ရန် အကြောင်းမရှိပြီ"ဟု ဝစီတော်မြွက်ဟ၍ အချက်ကျမိန့်ကြားတော်မူလေ၏၊မြတ်စွာဘုရားသည် တရားနှင့်ယှဉ်စပ်၍ ကောင်းမြတ်စွာဟောတော်မူပါသော်လည်း အရှင်အာနန္ဒာ မထေရ်မြတ်သည် ရှေ့ရေး, နောက်ရေးကို တွေးမိတိုင်း အပူပို၍ မျက်ရည်ကို ဖြေမဆီးနိုင်ဘဲ အငိုကြီး ငိုကာသာ နေရှာလေတော့သတည်း။

မြတ်စွာဘုရားသည် ညီတော်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူပြီးသောအခါ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ဝေသာလီပြည်အနီး မဟာဝုန်တောကြီးဝယ် ကူဋာဂါရမည်သော ကျောင်းစရပ်သို့ ကောင်းမြတ်စွာကြွတော်

မူပြီးလျှင်“ချစ်သား အာနန္ဒာ ဝေသာလီပြည်အတွင်း၌ သီတင်းသုံးတော်မူကြသော ရဟန်းတော်များကို သွား၍ ခေါ်ချေ”ဟု မိန့်တော်မူလေ၏၊ အရှင်အာနန္ဒာသည်လည်း “ကောင်းပါပြီဘုရား”ဟု လျှောက်ထားဝန်ခံကာ လျင်မြန်စွာသွား၍ မြတ်စွာဘုရား၏ အမိန့်တော်အတိုင်း ခေါ်တော်မူလေလျှင် ပုထုဇဉ်, သောတာပန်နှင့် သကဒါဂါမ် ရဟန်းတော်တို့မှာ အလွမ်းပေါ် အပူဆင့်ပြီးလျှင် ကူပင့်၍မရအောင် ပရိဒေဝမီး ထိန်ပြောင်၍ တောင်ယိမ်း, မြောက်ယိုင် ဣန္ဒြေမဆည်နိုင်ဘဲ အနိုင်နိုင်ခဲကာ ဘုရားထံသို့ လာကြကုန်၏။

ပရိဒေဝမီးတောက်၍ မျက်ရည်ပေါက်အသွယ်သွယ်ဖြင့် ဘယ်,ညာယိုင်ယိမ်းကတိမ်းကပါး ရောက်လာကြကုန်သော ရဟန်းတော်အပေါင်း များထောင်သောင်းတို့ကို တရားကောင်းအရှင် ဖြစ်သော ဘုရားသခင် မြင်တော်မူလတ်သော် “သံသရာတည်းဟူသော ဘေးဘယကို တွေးဆကြောက်ရွံ့လေ့ ရှိကြကုန်သော ငါ၏ချစ်သား အိုရဟန်းများတို့ မြင်မြင်သမျှ သင်္ခါရတရားတို့သည် ပျက်ပြားကုန်ခန်း၍ တုန်ခမန်း ကြောက်ခမန်း အဆုံးလမ်းသို့သာ ရောက်ကြရချေသည်၊ ဤသင်္ခါရအမျိုးတို့သည် ပျက်ညှိုးပျောက်စဲ၍ အမြဲ မတည်နိုင်ကြလေကုန်၊ သို့အတွက် သင်္ခါရစက်မှ မလွတ်ထွက်သေးသော ငါဘုရားသည်လည်း ဤယနေ့မှ သုံးလကျော်မြောက်လျှင် ဖောက်ပြန်ယွင်းယိုသော ခန္ဓာကိုယ်ကမ္ဘာဇရပ်တို့၏ ငြိမ်းချုပ်ရာအမှန် ပြည်နိဗ္ဗာန်သို့ ဝင်စံရချေတော့မည်၊ ငါဘုရားသည်လည်း ဇရာဖိစီး၍ အရွယ်တော် ကြီးချေပြီ၊ ငါဘုရား၏ ခန္ဓာတော်သည်ကား ရင့်ရော်သော ဖက်ရွက်ကြီးကဲ့သို့ ပျက်စီးဘို့အချိန်ကြီးက နီးကပ်၍လာချေပြီ၊ သင်ချစ်သားတို့၏ အဘို့အရာ ချမ်းသာရာ ချမ်းသာကြောင်းကိုလည်း ကောင်းစွာပြုလုပ်အပ်ချေပြီ၊ ငါဘုရားထံမှောက်သို့ ရောက်လာကြကုန်သော အို-ချစ်သားအပေါင်းတို့ သတိချုပ်တဲ လက်ကိုင်မြဲပြီးလျှင် မမေ့မလျော့ မပေါ့မဆ နေရစ်ကြပါ၊ အဓိသီလ သိက္ခာဂုဏ်နှင့် ပြည့်စုံ၍ ကိုယ်ရေးကြိုးလျှင် သက်လုံကောင်းကြစေရန် သတိတမန် ဉာဏ်မြေကတုတ်ကို ခိုင်အောင် ပြုလုပ်ကြကုန်လော၊ အာရုံငါးဝကို တားမရ ဆီးမရအောင် အနည်းနည်း စ-တတ်သော မိမိတို့၏ စိတ်နှလုံးကိုလည်း မရုန်းမကြွအောင် ဆုံးမကြပါကုန်၊ သံသရာဘေးဘယကို တွေးဆမြော်မှန်းသော အကြင်ရဟန်းသည် ပင်ပန်းစွာဆည်းပူး၍

ရအပ်သော ဤငါဘုရား၏ သာသနာတော်ကြီး၌ မမေ့မလျော့ မပေါ့မဆတ် ပါဘဲ မယုတ်သော ဥဿာဟဖြင့် ဓမ္မကိုဖွေလှစ်၍ နေရစ်သည် ဖြစ်ငြားအံ့၊ သံသရာဘေးကို ကြံတွေးမြော်မှန်းသော ထိုရဟန်းသည် ပဋိသန္ဓေ, အို,သေ၍ မပြီးနိုင်သော ဤသံသရာကြီးကို အပြီးတိုင်ပယ်စွန့်၍ အန္တယ်ညွန့်အပေါင်းတို့၏ ခိုအောင်းပျော်စံရာ နိဗ္ဗာန်ချမ်းသာကို ကောင်းစွာ ရပေလိမ့်မည် တကား”ဟု မိန့်ကြားတော်မူလေ၏။

သုံးလူ့ချစ်ရှင် ဘုရားသခင်သည် ခိုဝင်မျက်မှောက် ရွှေတော်သို့ရောက်လာ ကြကုန်သော ရဟန်းအပေါင်းတို့အား လမ်းကြောင်းပြသ ဆုံးမတော်မူပြီး သော် “ချစ်သား အာနန္ဒာ သပိတ်နှင့်သင်္ကန်းကို ဆောင်မြန်းချေလော့၊ ကုသိ နာရုံပြည်အနီး ပါဝါမြို့ကြီးသို့ ခရီးအစဉ်အားဖြင့် သွားကြကုန်အံ့”ဟု မိန့်တော် မူလေ၏။

ပါဝါမြို့ စုန္ဒသေဌေးသား၏ ဆွမ်းကို ဘုဉ်းပေးတော်မူခြင်း

မြတ်စွာဘုရားသည် ရဟန်းအပေါင်း ရံခလျက် ကြွတော်မူသည် ရှိသော် ဝေသာလီပြည်ကို ပြန်လည်ကာ ကြည့်တော်မူပြီးလျှင် “ချစ်သား အာနန္ဒာ ငါဘုရားသည် ဤဝေသာလီပြည်ကို ကြည့်တော်မူခြင်းကား နောက်ဆုံးကြည့် ခြင်းဖြစ်ပေသည်”ဟု မိန့်တော်မူ၏၊ ယင်းသို့ မိန့်ကြားတော်မူပြီး၍ အစဉ်အား ဖြင့် ကြွသွားတော်မူရာ ဘဏ္ဍုရွာသို့ ရောက်တော်မူ၏၊ ထိုရွာတွင် သီလ, သမာဓိ အစရှိသော တရားတို့ကို ဟောကြားတော်မူ၍ *လေးပါးသော ဇာရိယာပထ ဖြင့် မျှတစွာနေပြီးသော် ထိုရွာမှတဖန် ကြွတော်မူရာ ဘောဂရွာသို့ရောက်တော် မူသတည်း၊ ထိုဘောဂရွာ၌လည်း မျှတစွာ သီတင်းသုံးတော်မူပြီး၍ ပါဝါမြို့ကြီး သို့ ခရီးဆက်ကာ ကြွတော်မူပြန်၏။

ပါဝါမြို့ကြီးသို့ ရောက်တော်မူသောအခါ ရွှေပန်းထိမ်သည်၏ သားဖြစ်သော စုန္ဒသေဌေး၏ သရက်ဥယျာဉ်၌ ခိုပင်ချဉ်းကပ် သီတင်းသုံးတော်မူလတ်သတည်း၊

---

* ၁–ရပ်ခြင်း ဣရိယာပုထ်။ ၂–သွားခြင်း ဣရိယာပုထ်။ ၃–ထိုင်ခြင်း ဣရိယာပုထ်။ ၄–လျောင်းခြင်း ဣရိယာပုထ်။

စုန္ဒသေဋ္ဌေးသည် မြတ်စွာဘုရားသခင် မိမိဥယျာဉ်၌ သီတင်းသုံးတော်မူကြောင်းကို ကောင်းစွာ ကြားသိရသည်ရှိသော် လွန်စွာပင် ဝမ်းမြောက်လှ၍ ပူဇော်ဘွယ်ရာ ပန်း,နံ့သာတို့ကို ယူပြီးလျှင် မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက်ပူဇော်ကာ အလ္လာပ သလ္လာပ စကားကို ပြောကြားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် စုန္ဒသေဋ္ဌေးအားတရားစကားဖြင့် ထင်ရှားစွာ သိမြင်အောင် ရှင်ကြည်သော သဒ္ဓါတရားကို ဖြစ်စေ၍ အမြစ်အခြေဖြစ်သော သစ္စာလေးပါးကို ဟောကြားတော်မူလေလျှင် ဒေသနာတော် အစဉ်လျှောက်၍ ဝမ်းမြောက်ရှင်လန်း ပီတိပန်းနှင့်တကွ ပညာဉာဏ် အရင်းတည်၍ အတွင်းကြည်ကြည်နှင့် နာကြားသောအခါ သောတာပတ္တိ မဂ်ပန်းကို ဆင်မြန်းရလေသတည်း။

ဤကဲ့သို့ လောကုတ္တရာ အခြေပါဒ မူလအရင်းဖြစ်သော သောတာပန်သို့ ဆိုက်ရောက်ရသော စုန္ဒသေဋ္ဌေးအား တိမ်မြေး မြူလွှာကင်းသော တာရာမင်း သော်တာစန်းကဲ့သို့ ရှင်လန်းသော သဒ္ဓါရောင်တို့သည် တဖိတ်ဖိတ်ပြောင်ကာ ပဉ္စာလက်အုပ် ညွှတ်တုတ်ဝပ်တွားလျက် “ဘုန်းတော်ခြောက်တန် ဉာဏ်တော် အနန္တနှင့် ပြည့်ဝတော်မူသော မြတ်စွာဘုရား အရှင်မြတ်ဘုရားသည် နောက်တော်ပါးမှ ခစားဝန်းရံသော သံဃာတော်များနှင့်တကွ နက်ဖြန်အလို့ငှါ ဆွမ်းဘောဇဉ် အရသာကို ဘုဉ်းပေးတော်မူရန် သည်းခံမစ ကြွတော်မူပါဘုရား”ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် စုန္ဒသေဋ္ဌေး၏ ပင့်ဘိတ်လျှောက်ထားသော စကားကို ပယ်ရှားမလှန် သည်းခံတော်မူကာ တိတ်ဆိတ်စွာ နေတော်မူလေ၏။

စုန္ဒသေဋ္ဌေးသည် မိမိလျှောက်ထား ပင့်ဘိတ်အပ်သည့်အတိုင်း အခွင့်ရသည် ဖြစ်၍ သဒ္ဓါရှိန် ပီတိလုံးဖြင့် တပြုံးပြုံးဖြစ်ကာ ရိုသေစွာ ရှိခိုး၍ပြီးလျှင် မိမိအိမ်သို့ ပြန်သွားလေ၏၊ အိမ်သို့ရောက်လျှင် ချိုချဉ်ရသာ ဩဇာရှိသော ဘောဇဉ် အဖုံဖုံကို အမျိုးစုံအောင် ဖန်တီးစီမံလေ၏၊ အထူးအားဖြင့် မနု,မရင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော ဝက်ပျို့သားကို ဈေးသို့သွား၍ ဝယ်ယူကာ ကောင်းစွာချက်ပြုတ်လေ၏၊ အလုံးစုံသော ဆွမ်း,ပန်းကိုစီ ပြီးလေလျှင် မြတ်စွာဘုရားထံသို့ သွား၍ “မြတ်စွာဘုရားကြွတော်မူရန် အချိန်တန်ပါပြီ”ဟု လျှောက်ထားလေ၏၊ ထိုအခါမြတ်စွာဘုရားသည် သံဃာတော်အပေါင်းနှင့်တကွ စုန္ဒအိမ်

သို့ ကြွတော်မူ၍၊ ရောက်တော်မူလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ ကောင်းစွာ သိမ်းဆည်းတော်မူပြီးသော် စုန္ဒသေဋ္ဌေးကိုခေါ်တော်မူ၍ "ချစ်သား စုန္ဒ သင်သည် ဝက်ပျို့သားပြွမ်း ဆွမ်းကို ကောင်းစွာစီရင်အပ်ပြီ မဟုတ်လော၊ ဤဝက်ပျို့သားပြွမ်းဆွမ်းကို အခြားသော ရဟန်း သံဃာများအား မကပ်မူ၍ ငါဘုရား တပါးတည်းသာ ဆက်ကပ်ပါလေ"ဟု မိန့်တော်မူ၏၊ စုန္ဒသေဋ္ဌေး လည်း မြတ်စွာဘုရား အမိန့်တော်ထားသည့်အတိုင်း အခြားသော ရဟန်းတော် များအား အထူးထူး အပြားပြားသော ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ ကောင်း နိုးရာကို ကောင်းစွာဆက်ကပ် လှူဒါန်းပြီးလျှင် မြတ်စွာဘုရားအား ဝက်ပျို့ သားပြွမ်းဆွမ်းကို ဆက်ကပ်လေ၏။

ဘုရားရှင်သည် စုန္ဒသေဋ္ဌေး ကပ်လှူအပ်သော ဝက်ပျို့သားပြွမ်း ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ "အိုချစ်သားစုန္ဒ သင်ကပ်လှူအပ်သော ဝက်ပျို့ သားပြွမ်းဆွမ်းသည် ကြွင်းကျန်သေး၏၊ ဤကြွင်းကျန်သော ဝက်ပျို့သားပြွမ်း ဆွမ်းကို မြေ၌ တူး၍ မြှုပ်ချေလော့၊ ငါဘုရားမှတပါး ဤသားပြွမ်းဆွမ်းကို စားသောသူသည် အစာကြေသူကား ရှိမည်မဟုတ်၊ အမြန်မြှုပ်လော့" ဟု မိန့်တော်မူလေ၏၊ စုန္ဒသေဋ္ဌေးလည်း အမိန့် ပေးတော်မူသော အတိုင်း မဆိုင်း မကြာ လျင်မြန်စွာ မြှုပ်နှံလိုက်လေသတည်း၊ မြတ်စွာဘုရားသည်လည်း ထို ဝက်ပျို့သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ ဆွမ်းအနုမောဒနာ တရားကို ဟောကြားတော်မူပြီး၍ စုန္ဒအိမ်မှ ဖဲခွါခဲ့သော် ဝမ်းသွေးသွန်ဆင်း ထန်ပြင်းသော ရောဂါဝေဒနာ ဖြစ်တော်မူရှာ၏၊ ထိုပြင်းထန်စွာသော ဝေဒနာ တို့ကို မြတ်စွာဘုရားသည် သတိ, သမ္ပဇဉ် အမြဲယှဉ်ကာ သည်းခံတော်မူရှာ သတည်း။

ပါဝါမြို့မှ ကုသိနာရုံပြည်သို့ ကြွချီတော်မူခြင်း

မှုင်တော်မြတ်ဘုရားသည် ညီတော်လိမ္မာ အရှင်အာနန္ဒာကို ခေါ်ပြီးလျှင် "ချစ်သား အာနန္ဒာ ဤပါဝါမြို့မှတဖန် ကုသိနာရုံပြည်သို့ ကြွချီကြဦးစို့"ဟု မိန့်တော်မူကာ ပါဝါမြို့မှ ခရီးဆက်၍ ထွက်တော်မူကြ ပြန်သတည်း၊ ထိုအခါ အရှင်အာနန္ဒာသည် "သုံးလောကထွတ်ထား မြတ်စွာဘုရား အရှင်ဘုရားသည်

စုန္ဒသေဋ္ဌေး ကပ်လှူအပ်သော ဝက်ပျိုသားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်းကြောင့် ဝမ်းသွေးသွန်သော ရောဂါဖြစ်သည်မှာ ဟုတ်မှန်ပါသလား” ဟု မြတ်စွာဘုရားအား လျှောက်ထားလေလျှင် “ဟုတ်မှန်၏ချစ်သား”ဟု မိန့်ကြားတော်မူကာ ခရီးကိုသာ သွားမြဲ သွားရှာတော်မူ၏။

ဝမ်းသွေးသွန်ဆင်း၍ ထန်ပြင်းသော ဝေဒနာဖြင့် မနေသာ မထိုင်သာအောင် ရှိတော်မူလှ၍ လမ်းမခရီးမှ ဖဲကြွတော်မူပြီးသော် သစ်ပင်ကြီးတပင်အရင်းသို့ ချဉ်းကပ်တော်မူကာ “ချစ်သား အာနန္ဒာ နောင်တော်ဘုရားမှာ ဝမ်းသွေးသွန် ဝေဒနာကြောင့် လွန်စွာပင်ပန်း၍ ကိုယ်တော်နွမ်းလှချေသည်၊ ကိုယ်တော်နွမ်း၍ အပန်းဖြေခြင်းငှါ ဤသစ်ပင်ရင်း၌ ဒုကုဋ်တော်သင်္ကန်းကို ဖြန့်၍ခင်းပါလေ့”ဟု မိန့်တော်မူလေ၏၊ အရှင်အာနန္ဒာသည် နောင်တော်ဘုရား၏ ညှိုးနွမ်း ပင်ပန်းတော်မူပုံကို အလုံးစုံမြင်၍ ရှင်ပျသောမျက်နှာကို မထားနိုင်ဘဲ ဒုကုဋ်တော်ကို ကိုင်ပြီးလျှင် အမိန့်တော်အတိုင်း လေးခေါက်ပြုကာ ဖြန့်ခင်းရရှာလေ၏၊ မြတ်စွာဘုရားလည်း အရှင်အာနန္ဒာ ခင်းအပ်သော ဒုကုဋ်အပေါ်တွင် အားတော်လျော့နွမ်း အပန်းတော် ပျောက်ပြေအောင် နားတော်မူလေ၏။

ယင်းသို့နားနေ အပန်းဖြေသည့် အခါတွင် ကိုယ်တော်၏ ဝေဒနာ သက်သာတော် မမူရှာဘဲ အခါခါ အကြိမ်ကြိမ် အရှိန်ဒလဟော ဝမ်းလျှောတော် မူလေရာ ရွှေရင်မှာ အပူဟပ်၍ ရေငတ်တော်မူရှာသဖြင့် နောက်တော်ပါ ညီမြတ်ကို ခေါ်တော်မူလတ်၍ “ငါ၏ နောက်ပါးတွင် အမြဲခစားသော ညီဘွားလိမ်မာ အာနန္ဒာ ငါဘုရား၌ ခံစားရသော ဝေဒနာသည် သက်သာရာမရ ဗလဝထန်ပြင်း၍ ရင်တွင်းမှာ အပူဟပ်ပြီးလျှင် ရေငတ်တော်မူလှချေသည်၊ ငါဘုရား၏ ဝမ်းတွင်းက အပူပြင်းလှသော ဤဒုက္ခဝေဒနာ အနည်းငယ်မျှ သက်သာအောင် သပိတ်တော်ကို ဆောင်ကြဉ်း၍ ဂင်္ဂါမြစ်အတွင်းမှာ ရေသွား၍ခပ်ပါ၊ တပေါက်ကလေးမျှ သောက်စမ်းပါရစေ ချစ်သား”ဟု မိန့်ကြားတော်မူလေလျှင် အရှင်အာနန္ဒာသည် ယခုမကြာ မီပင် မလ္လာမင်း၏သား ပုက္ကုသမင်းသားသည် လှည်းပေါင်း ငါးရာဖြင့် ဖြတ်ကူး၍ သွားသည်ကိုမြင်၍ “အရှင်မြတ်ဘုရား ယခုအခါကား ရေကြည်ရေကောင်းကို ရှာမရနိုင်အောင်ရှိနေပါသည်၊ ရွှေစခန်းလမ်းတာ

ကြွလှမ်း၍ မကြာခင် ကကုဓာမြစ်ကြီးနှင့် ခရီးရင်ဆိုင် တွေ့ပါလိမ့်မည်'ထိုမြစ်သို့ ရောက်ခါမှ လိုသလောက်မျှတ၍ ကိုယ်တော်ကိုလည်း ရေသပ္ပါယ် ရပါလိမ့်မည် ဘုရား"ဟုလျှောက်ထားလေ၏၊ထိုအခါမြတ်စွာဘုရားသည် ညီတော်၏စကားကို ပယ်ရှားစွန့်လွှန်၍ မခံမရပ်နိုင်အောင် ရေငတ်တော်မူလှသောကြောင့် "အို-ချစ်သား ငါဘုရား၏ ရင်သားတော်နှလုံးဓာတ်မှာ မီးဝင်၍ဟပ်သကဲ့သို့ တဆတ် ဆတ်တုန်အောင် အပူကြီး ပူလှပါသည်၊ သင်ချစ်သား လျှောက်သော အညှိ အဟောက် ရှိသလောက်နှင့် ကျိကျိနောက်နောက် သောက်တော်ရေကိုပင် ငါဘုရား သောက်ချင်လှပါပြီ၊ ဝမ်းသွေးတော် ဓာတ်ကလည်း မရပ်မနားဘဲ တသွားတည်းသွားလှပါသည်၊ ရေကြည်,ရေနောက်ကို ရွေးကောက်၍ မနေပါ နှင့်တော့၊ ရေကြည်ကိုဘဲရရ,ရေနောက်ကိုဘဲရရ ငါဘုရားသောက်ရလျှင် ရင် အပူတန္ဒေးနွေးမှာ အေးရလိမ့်မည် ထင်ပါသည်၊ သပိတ်နှင့်ရေခပ်၍ ခပ်မြန်မြန် ပြန်ခဲ့ပါ"ဟု သုံးခါသုံးကြိမ် မိန့်ကြားတော်မူအပ်သော ဘုရားစကားကိုပယ်ရှား ခြင်းငှါ မဝံ့သာသည်ဖြစ်၍ တကြောင်း၊ နေမကောင်းလှသဖြင့် ရေတောင့်တ ရအောင် ရုပ်ကာယညှိုးမှိန်၍ ရောဂါ၏တန်ခိုးရှိန်ကြောင့် မငြိမ်မသက်နိုင်ရှာဘဲ ဖြစ်တော်မူရပုံ အချက်ကို ငဲ့ကွက်ရှုစား ကိုယ်တိုင်ပင် ခံရသည့် အလားကဲ့သို့ သနားကြင်နာ မချိလှရှာသည်ဖြစ်၍ တကြောင်း၊ မကောင်းဖြစ်စေ, ကောင်း ဖြစ်စေ အာသာတော်ပြေစေအံ့ဟု ရေခပ်ခြင်းငှါ သပိတ်တော်ကို ထမ်း၍ ဂင်္ဂါ မြစ်ကမ်းသို့ သွားလေ၏။

အရှင်အာနန္ဒာသည် မျက်နှာတော်ညှိုးနွမ်းနွမ်းဖြင့် သပိတ်ကို ထမ်းပြီးလျှင် အစဉ်အတိုင်းလျှောက်လာ၍ ဂင်္ဂါမြစ်ကမ်းသို့ ရောက်သောအခါ နောက်ကျိ သမျှသောရေသည် အနောက်အကျိ ကင်းပျောက်၍ ချိုးသောက်စဘွယ် မှုံနယ် ရှင်းစင်လျက် အနဝတတ် အိုင်အပြင်ကဲ့သို့ ကြည်လင်သန့်ရှင်းစွာ စီးဆင်းနေ သည်ကို မြင်ရလေ၏၊ ထိုအခါ အရှင်အာနန္ဒာသည် များစွာချီးမွမ်းအံ့ဩ၍ ရှင်မောဝမ်းမြောက်သော ရေကိုယူလာပြီးသော် မြတ်စွာဘုန်းမြတ်အား ဆက် ကပ်လေ၏၊ မြတ်စွာဘုရားသည် အေးမြသန့်ရှင်းသော ဂင်္ဂါမြစ်ရေကို သောက် တော်မူရသဖြင့် အားတော် အထောက်အပံ့ကိုရ၍ ထိုခဏ၌ပင် အပူပြေအေးကာ တဖြေးဖြေး ကြွတော်မူပြန်သတည်း။

မြတ်စွာဘုရား ကြွ၍ ခရီးထောက် မကွာလှမ်းခင်ပင် အေးမြစိမ်းညို၍ လူ အပေါင်း တည်းခိုရာဖြစ်သော သရက်ပင်ပျို ဥယျာဉ်ကြီးအနီး ကကုဓာမြစ်ကြီး သို့ ရောက်ပြန်သတည်း၊ ထိုကကုဓာမြစ်ကြီး အတွင်းသို့ ကိုယ်တော်တိုင်ဆင်း၍ သန့်ရှင်း အေးကြည်သော ရေကောင်းရေစင်တို့ဖြင့် အပူအပင် ပျောက်ပြယ် အောင် သပ္ပါယ်လည်း သပ္ပါယ်တော်မူ၍ သောက်လည်း သောက်တော်မူ၏၊ မြတ်စွာ ဘုရားသည် ရေများကို သပ္ပါယ်ချိုးသောက်၍ အပူပြေပျောက်သဖြင့် ခွန်အားတော် ရှိလောက်မှ နောက်သို့ပြန်လှမ်း ကမ်းပေါ်သို့ တက်ပြီးလျှင် ဥယျာဉ်ကြီးအတွင်း၌ ကပ်ချဉ်းနားနေ အပန်းဖြေတော်မူလေ၏။

ပရိနိဗ္ဗာန် ဝင်စံရာ အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူခြင်း

ထိုကကုဓာမြစ်အနီး သရက်ပင်ပျို ဥယျာဉ်ကြီးမှ တဖန် ကုသိနာရုံပြည်သို့ ကြွတော်မူမည်အကြံနှင့် ထိုင်စံတော်မူရာမှ အထတွင် ခွန်အားတော် ကုန်ခန်းလှ သဖြင့် မ-မနိုင် မသိမ်းနိုင် ယိမ်းယိုင်ဘယ်ညာ, ရွှေတောင်ကြီး ပြိုတော့မှာကဲ့သို့ မူးမှိုင်ကာတွဲအိ၍ လဲတော့မည်ရှိရာတွင် အရှင်အာနန္ဒာနှင့်တကွ တပည့်သာဝက များစွာတို့သည်ထိန်းကာကူတွဲ၍လက်ဝဲ,လက်ျာမှပင့်မြှောက်ကြသောအခါ ကိုယ် တော်မြတ် အသာမှေးလျက် တဖြေးဖြေး ပြေပျောက်လာသဖြင့် အားထောက် တော် အနည်းငယ်ရလေလျှင် ကြွမြဲတိုင်းပင် ကြွတော်မူရှာပြန်၏၊ မြတ်စွာဘုရား သည် ယင်းသို့ပင် အထောက်ထောက်နားကာ ကြွသွားတော်မူရှာလေလျှင် ပါဝါ မြို့နှင့် ကုသိနာရုံပြည် အကြား ကိုးမိုင်မျှရှိသော ခရီးလမ်းကို နှစ်ဆယ့်ငါးကြိမ် တိုင်တိုင် နားတော်မူကာ ကြွသွားတော်မူရရှာသည့်အတွက် ညချမ်းဘက် အချိန် လောက်မှ ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်သို့ ရောက်တော်မူလေ၏။

မလ္လာမင်းတို့၏ ဥယျာဉ်တော်သို့ ရောက်လေလျှင် ဥယျာဉ်တော်အတွင်း ခင်းထားအပ်သော သလွန်တော် ညောင်စောင်းကို မြင်တော်မူ၍ "ချစ်သား အာနန္ဒာ ဤသလွန်ညောင်စောင်းကို အင်ကြင်းပင် နှစ်ပင်အကြားသို့ ရွှေ့ ပြောင်း၍ ကောင်းစွာခင်းပေလော့၊ ငါဘုရားသည် အားတော်ကုန်ခန်း ကိုယ် တော်လည်း ညှိုးနွမ်းသဖြင့် ပင်ပန်းတော်မူလှချေပြီ၊ ဤသလွန်တော် အထက် ၌ပင် အိပ်စက်တော်မူအံ့"ဟု မိန့်တော်မူလေ၏၊ အရှင်အာနန္ဒာ မထေရ်လည်း

မြတ်စွာဘုရား၏ မိန့်ကြားတော်မူချက်အရ လျှင်မြန်စွာ ထတော်မူပြီးသော် သလွန်ညောင်စောင်းကို ရွှေပြောင်း၍ မြောက်ဘက်သို့ ဦးခေါင်းထားပြီးလျှင် သလွန်ပေါ်၌လည်း ဒုကုဋ်တော်သင်္ကန်းကို လေးထပ်ခေါက်ကာခင်း၍ သန့်ရှင်း စင်ကြယ်စွာ ပြုလုပ်လေ၏၊ ရှင်တော်မြတ်ဘုရားသည် ရွှေအားချိနဲ့၍ တသဲ့သဲ့ ဖြစ်နေသော ကိုယ်တော်ကို ညောင်စောင်းပေါ်တွင် လှဲကာ လျောင်းစက်တော် မူရှာသတည်း။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အနီးအပါး၌ ဝပ်တွားရှိခိုး ကာ "သတ္တဝါဗိုလ်လူ ဟိန္ဒုဂူတို့၏ တဆူမကိုဋ် ဦးတိုက်ရာဖြစ်တော်မူသော မြတ်စွာ ဘုရား ဤကုသိနာရုံပြည်သည် မစည်မကား လူအနေပါးပြီးလျှင် အားထားစရာ လည်း မမြင်ပါ၊ သို့တွက်တာကြောင့် ဤမြို့သိမ် ပြည်ငယ်တွင် ပရိနိဗ္ဗာန် စံတော် မမူပါဘဲ လွန်စွာစည်ကား လူနေများ၍ အရှင်ဘုရားကိုလည်း အားထား ယုံကြည်ကြသော ဗာရာဏသီ, ကောသမ္ဗီနှင့် စမ္ပာနဂိုရ်, ရာဇဂြိုဟ်, သာဝတ္ထိ စသော ထိုထိုတိုင်းပြည်ကြီးတို့၌ ပရိနိဗ္ဗာန် ဝင်စံတော်မူပါဘုရား၊ ထိုစည်ကား လှသော တိုင်းပြည်ကြီးများ၌ ပရိနိဗ္ဗာန် ဝင်စံတော်မူပါလျှင် ဗြာဟ္မဏမဟာ သာလ, ခတ္တိယမဟာသာလ, ဂဟပတိမဟာသာလ ဖြစ်ကြသော ဥပါသကာ ဒါယကာ, ဒါယိကာမ အပေါင်းတို့သည် သောင်းသောင်းညံ ကျေညာလျက် ဝေဝေဆာဆာကြီး ပူဇော်ကြပါလိမ့်မည်၊ ဤကုသိနာရုံပြည်မှာသာ ပရိနိဗ္ဗာန် ပြုတော်မူပါလျှင် ညှော်သည်ကပ်ပါး ခရီးသွားကဲ့သို့ စည်ကားခြင်း ရှိနိုင်မည် မဟုတ်ပါဘုရား၊ စည်ကားသော အရပ်သို့သာ ပြန်ကြွတော်မူပါ"ဟု ပူဆာ သောမျက်နှာ မသက်သာသော နှုတ်သံဖြင့် အဖန်ဖန် လျှောက်ထားလေ၏။

ဤသို့သောစကားကို အရှင်အာနန္ဒာ လျှောက်ထားလေလျှင် ဘုရားရှင် ကိုယ်တော်မြတ်သည် "အို-ချစ်သား အာနန္ဒာ ဤကုသိနာရုံပြည်ကို ငယ်သည် ဟူ၍ သင် မမှတ်လေနှင့်၊ ငါဘုရားသည် သုဒဿန စကြာမင်းကြီး ဖြစ်စဉ်က ဤ ကုသိနာရုံပြည်သည် **ကုသဝတီ** ဟူသောအမည်ဖြင့် အလွန်ပင် စည်ကား၍ လူနေ အိမ်ခြေလည်း များပေသည်" စသည်ဖြင့် *သုဒဿန စက္ကဝတ္တိ သုတ်တော်ကို ထုတ်ဘော်မြွက်ဟ၍ ဟောပြတော်မူလေ၏။

---

* သုတ်မဟာဝါ၌ ကြည့်ရှုတော်မူပါ။

မြတ်စွာဘုရားအား သက်ရှိ,သက်မဲ့ဟူသမျှ ပူဇော်ကြခြင်း

မြတ်စွာဘုရားသည် ရတနာ ညောင်စောင်းထက်၌ လျောင်းစက်တော်မူသောအခါ ခေါင်းရင်း,ခြေရင်း၌ရှိသော အင်ကြင်းပျိုပင် အစုံတို့သည် အပွင့်, အငုံတို့ဖြင့် ဆင့်ကာဆင့်ကာ ပွင့်ကုန်ပြီးသော် ဝတ်မှုံဝတ်ဆံတို့သည် ကိုယ်တော်မြတ် အပေါ်ထက်သို့ ကြွေသက်ကာ ကောင်းစွာ ပူဇော်ကြကုန်၏၊ ထိုဥယျာဉ်အတွင်း၌ ရှိကြသော သစ်ပင်ဟူသမျှတို့သည် အညွန့် အဖူး ဆက်ကာ ဆက်ကာ ဘုရားရှိရာသို့ ရှေးရှုညွတ်၍ ပင်လုံးကျွတ်ပွင့်ကာ ပူဇော်ကြကုန်၏၊ ထိုမျှမက သေး တသောင်းသော စကြဝဠာ အပြင်ရှိ သစ်ပင်ဟူသမျှ တို့သည်လည်း ထူးလည်ဆန်းပြား တခမ်းတနား အပွင့်, အသီးကို ဆောင်ကုန်လျက် ပင်စည် အခက် အရွက် အခွ ဟူသမျှတို့၌ ပဒုမာကြာသဏ္ဍာန် ဝတ်ဆံ ဝတ်မှုံနှင့်တကွ *ခန္ဓပဒုမာ, သာခပဒုမာ, ပတ္တပဒုမာ, ဝိဋပ ပဒုမာ မည်သော ပန်းတို့သည် ပြည့်လျှမ်း တင့်တယ်စွာသာ ထွက်ကာ ထွက်ကာ ပွင့်၍ ပူဇော်ကြကုန်၏၊ ထိုဥယျာဉ်အတွင်း မှီတင်းနေထိုင်ကြကုန်သော ဘုမ္မဇိုဝ်း နတ်တို့သည်လည်း ပန်းဝတ်မှုံ ဟူသမျှကို သူက, ငါက ပထမလက်ဦး အထူးရအောင် ဆွတ်ခူး၍ ဦးညွှတ်ကာ ဖြန့်ကြဲပူဇော်ကြကုန်၏၊ အထက်ဘုံသား နတ်အများတို့သည်လည်း ရွှေသား အဆင်းကဲ့သို့ ဝါဝင်းထိန်ပြေ ကြက်သရေရှိလှသော မန္ဒာရဝ နတ်ပန်းတို့ဖြင့် ကြဲဖျန်း ပူဇော်ကြရုံမက အထုံအခိုး အမွှေးမျိုး နံ့သာပေါင်းတို့ဖြင့် ကြဲလောင်း ပူဇော်ကြကုန်၏၊ ထိုမှတပြာ စောင်း, ငြင်း, ပတ်သာ တူရိယာ အမျိုးစုံတို့ဖြင့် အဖုံဖုံတီးမှုတ်ကာ ပူဇော်လာကြကုန်၏၊ မြင်းမိုရ်တောင်ခြေ၌ နေကြသော နဂါး, ဂဠုန်, ကုမ္ဘဏ်များစွာ အသုရာတို့သည်လည်း ထူးမြတ်စွာသော ပန်း,နံ့သာနှင့် ရတနာပေါက်ပေါက်တို့ဖြင့် မြှောက်ကာ ကြဲကာ ပူဇော်လာကြကုန်၏။

အသက်ရှည်စွာ ဝေဟာသဘုံ၌ ဖြစ်ကြကုန်သော ဝရုဏ ဝါရဏမည်သော နတ်တို့သည် အလောင်းတော်မြတ် လူ့ပြည်၌ဖြစ်တော်မူ၍ ဘုရားဖြစ်လတ္တံ့ဟု

---

* ခန္ဓပဒုမာ၊ အပင်လုံးမှ ပွင့်သောပန်း။ သာခပဒုမာ၊ အကိုင်းမှ ပွင့်သောပန်း။ ပတ္တပဒုမာ၊ အရွက်မှ ပွင့်သောပန်း။ ဝိဋပပဒုမာ၊ အခွမှ ပွင့်သောပန်း။

ကြွားစကပင် "ပဋိသန္ဓေ နေတော်မူသောအခါ, ဘွားတော်မူသောအခါ ငါတို့ သွား၍ ညွတ်တွား ပူဇော်ကုန်အံ့"ဟု ထုံပို့မွေးကြူသော ပန်းတို့ကို သိကုံးကြကုန်၏၊ ထိုနတ်အများတို့ ပန်းကုံးစဉ်ပင်လျှင် အလောင်းတော်ရှင် ပုဂ္ဂိုလ်မြတ်သည် ပဋိသန္ဓေတည်နေတော်မူ၍ မယ်တော်ဝမ်းမှ မီးရှူးသန့်စင် ဘွားမြင်တော်မူလေ၏၊ ထိုအခါ အခြားတပါးသော နတ်အများတို့က "ဘုရားအလောင်း ဘွားတော်မူပြီ၊ သင်တို့သည် ဘယ်သူ့ကို ပူဇော်ရန်အလို့ငှါ ဤပန်းကို သီကုံးကြပါသနည်း"ဟု မေးကြလတ်သော် "ငါတို့သည် ပန်းကုံး၍ မပြီးသေး၊ အလောင်းတော်မြတ် တောရပ်မှိုင်ခွင်သို့ ခိုဝင်ကြွချီသော အခါမှပင် ပူဇော်ကြပါတော့မည်"ဟု ပြောဆိုကြကုန်၏၊ အလောင်းတော်မင်းသား တောထွက်သွားသောအခါ၌လည်း ပန်းကုံးကြီး မပြီးသေး၍ မပူဇော်ကြရပေ။

ဤနည်းအားဖြင့် "ဘုရားဖြစ်တော်မူသောအခါ ပူဇော်အံ့၊ ဓမ္မစကြာတရားဟောတော်မူသောအခါ ပူဇော်အံ့၊ ယမိုက်ပြာဋိဟာ ပြတော်မူသောအခါ ပူဇော်အံ့၊ တာဝတိံသာ၌ အဘိဓမ္မာတရား ဟောတော်မူသောအခါ ပူဇော်အံ့၊ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူသောအခါ ပူဇော်အံ့၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါ ပူဇော်အံ့၊ပရိနိဗ္ဗာန်စံတော်မူသောအခါမှပင် ပူဇော်အံ့"ဟု မပြီးသေးသော ပန်းကုံးအတွက် ဆိုင်းငံ့၍လာရာ ပရိနိဗ္ဗာန် စံတော်မူသောအခါ၌လည်း မပြီးသေးဘဲ ရှိနေသဖြင့် "ဤအခါမှ မပူဇော်လိုက်ရလျှင် နောင်အခါလည်း ပူဇော်ရန် အချိန်မရှိပြီ"ဟု ကြံစည် စဉ်းစားမိကြသဖြင့် မပြီးသေးသော ပန်းကုံးကြီးကိုယူကာ ပူဇော်ရန် လာကြကုန်သတည်း၊ စကြဝဠာတိုက်အတွင်း၌ ဝပ်စင်းခဲယ ပူဇော်လာကြကုန်သော နတ်, ဗြဟ္မာ ပရိသတ်မှာ ပြည့်ကြပ်၍ နေသောကြောင့် စကြဝဠာတိုက်အတွင်းသို့ ဝင်ခြင်းငှါ အခွင့်မရရှာကြဘဲ စကြဝဠာတိုက်နှုတ်ခမ်းမှ ရော်ရမ်းငေးမြှော်ကာထံတော်ရှေ့မှောက်သို့ ရောက်အောင် တယောက်လက်မှ တယောက်လက်သို့ တဆင့် တဆင့် ကမ်းလှမ်း၍ မြှော်မှန်းကာ ပူဇော်ကြရရှာလေကုန်၏။

ထိုရောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်တော်မူ၍ "အို-ငါ၏ ညီဘွား ချစ်သားအာနန္ဒာ ဤစကြဝဠာ တိုက်တသောင်းရှိ သစ်ပင်အပေါင်းတို့နှင့်တကွ စုပေးရောက်လာကြကုန်သော ဂန္ဓဗ္ဗ, နဂါး, သိကြား, ဗြဟ္မာ, နတ်

များစွာတို့သည် အဖြာဖြာသော ပူဇော်သက္ကာရတို့ဖြင့် ငါဘုရားအား ပူဇော်ကြကုန်ပြီ၊ ဤသို့ ပူဇော်ကာမျှဖြင့် သမ္ဗုဒ္ဓ ငါဘုရားအား ညွတ်တွားကော်ရော် ပူဇော်ကြသည် မမည်သေး၊မြတ်နိုးတနာ သဒ္ဓါရှိသည် မမည်သေး၊လောကုတ္တရာအား လျော်သောအမှုကို ပြုကြသည် မမည်သေး၊ အကြင် ပုဂ္ဂိုလ်သည် ငါဘုရားမြတ် ပညတ်တော်မူသော ဝါရိတ္တသီလ, စာရိတ္တသီလတို့ကို ရိုသေစွာ ကျင့်၏၊ ဓမ္မာနုဓမ္မပ္ပဋိပန္နဟု ဆိုအပ်သော လောကုတ္တရာတရား အားလျော်စွာ အကျင့်ကောင်းတို့ကို မစောင်းမသွေ ကျင့်၍နေ၏၊ ထိုပုဂ္ဂိုလ်သည်သာလျှင် ငါဘုရားရှင်ကို ကြည်လင်သဒ္ဓါ ရိုသေလေးမြတ်သည် မည်ရာ၏၊ ချစ်ကြည်မြတ်နိုး ရှိခိုးပူဇော်သည် မည်ရာ၏”ဟု သာလွန် ထူးမြတ်သော တရားကို ဟောကြားတော်မူလေ၏။

ပူဇော်ကာမျှ ဒါနလောကီဖြင့်သာ ရောင့်ရဲခြင်း မရှိစေခြင်းအကျိုးငှါ ဤ ဒေသနာတော်ကို ထုတ်ဘော် ဖြန့်ခင်း၍ အထူးဟောခြင်း ဖြစ်သတည်း။

ခန္ဓာကိုယ်ကြီးလှသော အရှင်ဥပဝါဏ အကြောင်း

မြတ်စွာဘုရားသည် သလွန်တော်ညောင်စောင်း၌ လျောင်းတော်မူသော အခါ များစွာသော ရဟန်းပရိသတ်ကြီးသည် အနီးအနား၌ပင် ခစားဝန်းရံကာ နေလေ၏၊၎င်းပရိသတ်ကြီးတွင် အရှင်ဥပဝါဏ မထေရ်သည် ဆင်ပေါက်ကလေး ပမာဏ ခန္ဓာကိုယ် ကြီးလှသည်ဖြစ်၍ မြတ်စွာဘုရားသည် အရှင်ဥပဝါဏကို ခေါ်တော်မူပြီးလျှင်“ချစ်သား ဥပဝါဏ ငါဘုရား၏ထံပါးမှ ရှောင်ရှား၍ သွားလေလော၊ ငါဘုရား၏ ရှေ့တော်တွင် အသင် မနေလင့်”ဟု တခွန်းတည်းသော စကားဖြင့် မိန့်ကြားတော်မူကာမျှပင် အရှင်ဥပဝါဏသည် လက်ဖြင့်ကိုင်ကာ ခပ်နေသော ယပ်ကို ချ၍ လျောက်ပတ်ရာ ဌာနသို့ သွားကာ ကောင်းစွာ နေလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် “အဘယ်သို့သော အကြောင်းခြင်းရာကြောင့် အရှင်ဥပဝါဏကို ရှောင်ရှား ခိုင်းလေသနည်း”ဟု ကြံကာ ဘုရားရှင်ထံသို့ ကပ်ပြီးသော် “ဘုန်းတော်ခြောက်ပွင့်ဖြင့် တထိန်ထိန် တင့်တော်မူသော မြတ်စွာ

ဘုရား ဤ အရှင်ဥပဝါဏသည် ပထမဗောဓိဟုဆိုအပ်သော ဝါတော်နှစ်ဆယ် အတွင်း၌ အရှင့်ခြေတော်ရင်းဝယ် ဝပ်စင်းခစား၍ ရှည်လျားမြင့်ကြာစွာ လုပ်ကျွေးဘူးသောသူ အနီး၌နေသောသူ ဖြစ်ပါလျက် မြတ်စွာဘုရားနှင့် ခွဲခွါအံ့သော ဤနောက်ဆုံးအချိန်အခါ၌ ရှေ့တော်တွင် မထားဘဲ အဘယ့်ကြောင့် ရှောင်ရှား ခိုင်းပါသနည်း”ဟု လျှောက်ထားလေ၏။

အရှင်အာနန္ဒာ လျှောက်ထားသော စကားကို မြတ်စွာဘုရား ဖြေကြားတော် မူလိုသည်ဖြစ်၍ “ချစ်သားအာနန္ဒာ ငါ၏တပည့်သာဝက ဥပဝါဏရဟန်း၌ နှမ်းတလုံးခန့်မျှ အပြစ်မရှိပေ၊ သို့ပါသော်လည်း လောကဓာတ်တသောင်းမှ စုပေါင်းရောက်လာကြကုန်သော နတ်, ဗြဟ္မာ အများတို့သည် ငါဘုရား၏ မျက်နှာတော်ကို ဖူးမျှော်ချင်ကြသော အာသာဖြင့် ရောက်လာသည်သာ များကုန်၏၊ ဤဥယျာဉ်တော်မှ တဆယ့်နှစ်ယူဇနာအတွင်း ပကတိနေခြင်းငှါ မလောက်သည်ဖြစ်၍ သားမြီးမျှင် တထောက်မျှလောက်သောနေရာကလေးမှာပင်နှစ်ဆယ်,သုံးဆယ်မျှသောနတ်တို့သည် တန်းခိုးဖြင့်ဖန်ဆင်း၍နေကြရရှာကုန်၏၊ မြက်, နွယ်, သစ်ပင်,ကောင်းကင်ပြင်မျှ မလပ်ရအောင် ပြည့်ကြပ်စွာနေကြရကုန်၏၊ ဤ ဥပဝါဏ ရဟန်းကား ခန္ဓာကိုယ်ကြီး၍ တန်ခိုးလည်း ထက်မြက်ပေသည်၊ ဥပဝါဏရဟန်း၏ အပြင်ဘက်တန်းမှ နေကြကုန်သော နတ်, ဗြဟ္မာတို့သည် ငါဘုရား၏ မျက်နှာတော်ကို ဖူးမျှော်ခွင့် မရကြသောကြောင့် ငါတို့ကား ဘုရားသခင်ကို ဖူးမြင်ကြခြင်းငှါ အဝေးစကြဝဠာမှလာကြရကုန်သည်၊ ဤ အရှင်မြတ်၏ ကိုယ်ခန္ဓာဖြင့် ကွယ်ကာဆီးပိတ်၍ မျက်နှာတော်အရိပ်ကိုမျှ ဖူးခွင့်မရပါတကားဟု များစွာသော နတ်ဗြဟ္မာတို့သည် ငြူစူစောင်းမြောင်းကာ မကောင်းပြောဆိုကြကုန်၏၊ နတ်, ဗြဟ္မာတို့၏ မျက်လုံးသည် ပုထုဇဉ်တို့၏ ကိုယ်ကိုသာ ထွင်းဖောက်ကာ မြင်နိုင်ကြသော်လည်း ရဟန္တာတို့၏ ကိုယ်ကိုကား ထွင်းဖောက်၍ မမြင်နိုင်ကြပေ၊ ဤဥပဝါဏရဟန်းကား ဆင်ပေါက်ကလေး ပမာဏ ကြီးမားလှသော ကိုယ်လည်းရှိ၏၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာလည်း ဖြစ်ပေသည်၊ အပြစ်ကင်းကွာသော ရဟန္တာဖြစ်သော်လည်း နတ်တို့၏ ငြူစူခြင်း ကင်းစိမ့်သောငှါ ငါဘုရားသည် ရှောင်ရှား ခိုင်းရလေတော့သည်”ဟု မိန့်တော်မူသတည်း။

“စကြာဝဠာတသောင်းမှစုပေါင်းရောက်လာကြကုန်သော နတ်,ဗြဟ္မာတို့၏ စိတ်နှလုံးသည် အဘယ်သို့ ဖြစ်ကြပါသနည်း၊ အဘယ်သို့သော စကားကို ပြော ကြားမြွက်ဆို၍ ကိုယ်တော်မြတ်ကို ပူဇော်ကြပါကုန်သနည်း”ဟု အရှင်အာနန္ဒာ သည် မြတ်စွာဘုရားအား တဖန်လျှောက်ထားလေလျှင် မြတ်စွာဘုရား သခင် သည်“ချစ်သားအာနန္ဒာမြေ,မိုယ်းကောင်းကင် ထက်ဝန်းကျင်မှ ဦးတင်ညွတ်ခ၍ ရောက်လာကြကုန်သော နတ်, ဗြဟ္မာ အပေါင်းတို့သည် စကားကောင်းကို မစောင်းမတ်မတ် ဟောကြားတော်မူတတ်ပေသော မြတ်စွာဘုရားသည် နိဗ္ဗာန် သို့ လားသည်မှာ လွန်စွာ မြန်လေစွတကားဟု ကြောင့်ကြ ညှိုးမှိန် စိုးရိမ် ပူဆွေးကြကုန်လျက် စိတ်နှလုံးကိုလည်းကြိမ်မီးအုံးသကဲ့သို့မပြုံးမပျော် နိုင်ကြဘဲ ဖရိုဖရဲကြဲသော ဆံပင်တို့ဖြင့် ရှိုက်ကြီးတငင် ငိုပွဲဆင်ကြကုန်၏”ဟု မိန့်တော် မူလေ၏၊ မြတ်စွာဘုရားသည် တပည့်အများ၏ လျှောက်ထားသော စကားကို ဖြေကြားတော်မူရပါသော်လည်း ရောဂါဝေဒနာမှာ သက်သာတော်မမူရှာဘဲ လူမမာကြီးအသွင် အလွန်ပင် ညှိုးနွမ်းတော်မူရှာလေသတည်း။

အရှင်အာနန္ဒာသည် မာတုဂါမအကြောင်းကို လျှောက်ထားခြင်း

အရှင်အာနန္ဒာသည် အရှင်ဥပဝါဏ၏ အကြောင်းကို လျှောက်ထားပြီး သော် မာတုဂါမတို့နှင့် ဆက်ဆံရေးကိစ္စတွင် စိတ်ချလောက်သော တရားကို လျှောက်ထားလိုသည်ဖြစ်၍ “မြတ်စွာဘုရား တပည့်တော်များသည် တိုင်းပြည် မြို့ရွာတို့၌ သွားလာထွက်ဝင်ရသည်ဖြစ်ပါ၍ မာတုဂါမတို့ ဆည်းကပ်လာသည် ရှိသော် အဘယ်သို့ကျင့်၍ သင့်တင့်အောင် နှလုံးထားရပါမည်နည်း”ဟု မေး မြန်း လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် “အို-ချစ်သားအာနန္ဒာ ကိလေသာကို ပယ်ခွါ၍ သံသရာမှ ထွက်မြောက်လိုသော ရဟန်းသည် စည်း စောင်းရန်းလုံခြုံရာ၌နေသော နွားကဲ့သို့ တိုက်တံခါး လုံခြုံသောကျောင်း၌သာ ကိန်းအောင်း၍ နေရာသည်၊ မာတုဂါမတို့၏ အဆင်းသည် ရုန့်ရင်းကြမ်းတန်း သော ကိလေသာရာဂကို ဖြစ်စေတတ်၏၊ သို့အတွက် မာတုဂါမတို့ ရောက်လာ ဆည်းကပ်သော်လည်း ၎င်းတို့၏ အဆင်းကို အလျဉ်းပင် မတွေ့မြင်ရခြင်းသည် အကောင်းဆုံးဖြစ်ပေ၏”ဟု မိန့်တော်မူသတည်း။

အရှင်အာနန္ဒာသည် ထိုမှတဖန် လျှောက်ပြန်သည်မှာ "မြတ်စွာဘုရား တပည့်တော်များသည် ဆွမ်းခံသွားသောအခါ ဆွမ်းလှူလာသော အခါတို့၌ မာတုဂါမတို့၏ အဆင်းကို မမြင်ချင်သော်လည်း မနေရ၊ အကယ်၍ မြင်ရပါလျှင် အဘယ်သို့ကျင့်၍ သင့်တင့်အောင် နှလုံးထားရပါမည်နည်း"ဟု လျှောက်ထားလေလျှင်"ချစ်သားအာနန္ဒာ မလှဲမကင်းသာ၍ ဆင်းဝါသွင်ပြင်ကို အကယ်၍ မြင်ငြားသော်လည်း စကားမပြော တုဏှိဘောနေခြင်းသည် အလွန်မြင့်မြတ်သော ပဋိပတ်အကျင့်လမ်းပေတည်း၊ မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်သောအလုပ်,မဟုတ်သော အကျင့်ပေတည်း၊ ထက်စွာသော သန်လျက်ကို ကိုင်၍ ငါနှင့်စကားဆိုမူကား သင်၏ ဦးခေါင်းကို ဖြတ်အံ့ဟုဆို၍ ရပ်လာသော ယောကျ်ားနှင့် စကားပြောခြင်းသည် မြတ်သေး၏၊ မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်ပေ၊ ငါ့ကို စကားပြောသူအား အသားကိုလှီး၍ တခါတည်းစားအံ့ဟု ပြောဆိုကာ ရပ်တည်လာသော ဘီလူးမအား စကားပြောခြင်းကား မြတ်သေး၏၊ မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်ပေ၊ အဘယ့်ကြောင့်နည်း ဟူမူ မာတုဂါမတို့နှင့် စကား ပြောရသည်ရှိသော် အထူးပင် ချစ်ကျွမ်းဝင်ခြင်းဖြစ်၏၊ ချစ်ကျွမ်းဝင်သည်ရှိသော် နှစ်သက်ခြင်း ရာဂသားသည် ဖြစ်ပွား၍လာ၏၊ ရာဂတည်းဟူသောသား ဖြစ်ပွားလတ်သော် အထူးထူးသောကိစ္စကို ဣဋ္ဌဟူ၍ကြံတတ်သော သက်ပွရာဂသည် ဖြစ်ပေါ်လာ၏၊ ထိုသက်ပွရာဂ ဖြစ်ပေါ်လတ်သော် တဏှာ, ဥပါဒါန်တို့သည် ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာကုန်၏၊ တဏှာ, ဥပါဒါန်တရားတို့ ဖြစ်ပွားကုန်လတ်သော် သီလ ညစ်နွမ်း၍ အသစ်အဆန်း လိုက်စားခြင်းကြောင့် အပါယ်လေးပါးသို့ လားကြရချေသည်၊ မာတုဂါမတို့နှင့် စကားပြောရခြင်းသည် တရားသဘောမသက်ဝင်ဘဲ အလွန်ပင် အပြစ်များလှလေသောကြောင့် ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် နှုတ်ချိုစွာ ပြောတတ်သော မာတုဂါမများကို မမြင်အောင် ရှောင်ရှားခြင်းသည် အကောင်းဆုံးပင်တည်း"ဟု မိန့်တော်မူသတည်း။

"မြတ်စွာဘုရား တခါထပ်မံ၍ ကြွင်းကျန်သောစကားကို လျှောက်ထားပါရစေဦး"ဟု ညွတ်နူးစွာရှိခိုးပြီးသော်"အရှင်ဘုရားတောရမမှီနိုင်ကြသောဂါမဝါသီ ရဟန်းတို့မည်သည်ကား မာတုဂါမတို့နှင့်ကင်း၍ အလျဉ်းပင် မဖြစ်နိုင်ကြပါ၊

တရံတခါ မာတုဂါမတို့သည် ကျောင်းသို့လာ၍ ပုစ္ဆာ ပြဿနာကို ထပ်ကာ ထပ်ကာ မေးလျှောက်ကြပါသည်၊ ဥပုသ်သီတင်း စောင့်သုံးခြင်းငှါလည်း လာကြပါသည်၊တရားတော်ကို နာရန်လည်း အဖန်ဖန် လာတတ်ကြပါသည်၊ ရဟန်းတော်တို့နှင့် လျှောက်ပတ်သော အရပ်ရပ်ကိစ္စ ဝေယျာဝစ္စကို ပြုလုပ်ခြင်းငှါလည်း လာကြပါသည်၊ ထိုအခါတွင် အရှင်ရဟန်းတော်တို့က တစုံတရာသော စကားကိုမျှ မပြောကြားကုန်သည် ဖြစ်ငြားအံ့၊ ရဟန်းတော် တို့သည်ကား ဆွံ့အ, နားပင်းကြ၍ လောကရေးရာတွင် မလိမ်မာသည့်အပြင် ပညာကင်းတုံး ထမင်းဖြုန်းသည့် အသုံးမဝင်သော သူတို့သာတည်းဟု ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်း ဆိုကြပါလိမ့်မည်၊ ယင်းသို့ ကဲ့ရဲ့လွတ်ရှင်း မလွဲကင်းသောကိစ္စကြောင့် မာတုဂါမတို့နှင့် စကားပြောရချေသော် အဘယ်သို့သော နှလုံးထားဖြင့် တရားကို ဆင်ခြင်ရပါမည်နည်း”ဟု လျှောက်ထား တောင်းပန်လေ၏၊ အရှင်အာနန္ဒာ လျှောက်ထားသော စကားကို မြတ်စွာဘုရားသည် ဖြေကြားတော် မူလိုရကား “ချစ်သားအာနန္ဒာ မလွဲသာ မကင်းသာ၍ မာတုဂါမတို့နှင့် စကားပြောကြားသောအခါ အမိအရွယ်မျှ မာတုဂါမ, နှမအရွယ်မျှ မာတုဂါမ, သမီးအရွယ်မျှ မာတုဂါမတို့၌ အမိဟူသော အမှတ်သညာ, နှမဟူသော အမှတ်သညာ, သမီးဟူသော အမှတ်သညာကို ပညာ, သတိနှင့်ယှဉ်စပ်၍ ကောင်းစွာဖြစ်စေအပ်၏” ဟု ဩဝါဒ ဒေသနာကို သေချာစွာ ဟောကြားတော် မူလေသတည်း။

အရှင်အာနန္ဒာသည် အလောင်းတော် ဥတ္တဇဌ် ဈာပန အစီအစဉ်ကို လျှောက်တင်ပြန်ခြင်း

ထို့နောက်တဖြာ အရှင်အာနန္ဒာ မထေရ်မြတ်သည် ဘုရားရှင်အား ဦးတင်ဝပ်တွားကာ “ဘုန်းတော်တံခွန် အောင်လံချွန်၍ အမွန်မြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် ပရိနိဗ္ဗာန် ဝင်စံ ကြွသွားတော်မူခဲ့သော် ကြွင်းကျန်သော အလောင်းတော် ဥတ္တဇဌ် ဈာပနအစီအစဉ်ကို ဘယ်ကဲ့သို့ ပြုပြင်ရပါမည်နည်း ဘုရား”ဟု လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည်“အို-ချစ်သား အာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန်ဝင်စံလျှင် ကြွင်းကျန်ရစ်သော ငါဘုရား၏ အလောင်းတော် ဈာပနရေးကို တွေးတောကာမနေပါနှင့် ရတနာ

သုံးပါး၌ အားထားကြည်ညိုကြသော မင်း, ပုဏ္ဏား, သေဌေးများစွာ ပညာရှိ ဒါယကာတို့သည်နံ့သာထင်းမီးဖြင့် ပူဇော်ကြပေလိမ့်မည်”ဟု မိန့်တော်မူလေ၏။

“မြတ်စွာဘုရား သဒ္ဓါတရားရှိကုန်သော သူအပေါင်းတို့သည် အလောင်းတော်ကို ပူဇော်ကြမည်ကား မှန်ပါသည်၊ ၎င်းပူဇော်ကြမည့် ဒကာ, ဒကာမတို့သည်ကား တပည့်တော်ထံသို့လာ၍ သင်္ဂြိုဟ်ရမည့် အခြင်းအရာကို မေးငြားအံ့၊ အဘယ်သို့ ဖြေကြားရပါမည်နည်း”ဟု လျှောက်ထားပြန်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် တဖန်နောက်ထပ် မေးအပ်သောပြဿနာကို သေချာစွာ မိန့်ဟ၍ပြောပြတော်မူလိုရကား“အို-ချစ်သားအာနန္ဒာ စကြဝတေး၏အလောင်းကို သင်္ဂြိုဟ်ဘူးသော ထုံးဟောင်းကား အလောင်းတော်ကို ကောင်းမွန်စွာသော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးသစ်တို့ဖြင့် ထုပ်ပိုးပတ်ရစ်၍ ဖွဲနှစ်သန့်စင်သော ဝါဂွမ်းဖြင့် ညီညာစွာလွှမ်းပြီးသော် အပေါ်၌တခါ နူးညံ့စွာသော ပုဆိုးသစ်ဖြင့် ရစ်ပတ်ပြန်၏၊ ဤနည်းအတိုင်း အဖန်များစွာ ငါးရာသော ပုဆိုးသစ်တို့ဖြင့် ရစ်ပတ်ပြီးသော် လှော်ပြီးသော သိင်္ဂနိက်ရွှေတလား၌ သွတ်သွင်းကာ နံ့သာထင်းပုံအထက်သို့ တင်ပြီးမှ မီးတိုက်၍ ရှို့လေသတည်း၊ အလောင်းတော်ချာပန ပြာကျသောအခါ အရိုးတို့ကိုယူ၍ ကြည်ဖြူကော်ရော် ပူဇော်ကြရန် ခရီးလမ်းမ ဆုံရာတို့၌ ကောင်းစွာ စေတီတည်ကြလေသည်၊ ဤနည်းအတူ ငါဘုရား၏ အလောင်းတော်ကိုလည်း ပြုအပ်ပေသတည်း။

အို-ချစ်သား အာနန္ဒာ ထိုမှတဖြာ သေချာစွာ မှတ်ဦးလော့၊ အရိုးတော်ကို ကော်ရော်ဦးတိုက် စေတီထိုက်သော ပုဂ္ဂိုလ်တို့ကား သမ္မာသမ္ဗုဒ္ဓ ဘုရား, ပစ္စေက ဗုဒ္ဓါ,ရဟန္တာနှင့် စကြဝတေးမင်းတို့ပေတည်း၊ ထိုလေးပါးတို့တွင် သမ္မာသမ္ဗုဒ္ဓ ဘုရားမြတ်၏ သရီရဓာတ်ကို စေတီတည်ထား၍ ခစားခိုလှုံ ဆည်းကပ်ပူဇော်ကြကုန်သော သူတို့သည် ငါဘုရား၏ ဂုဏ်ကို အာရုံပြု၍ ကြည်ညိုမှုစေတနာကြောင့် ခန္ဓာပျက်ကြွေ သေသောအခါ နတ်ရွာသုဂတိဘဝသို့လည်း လားရကုန်လတ္တံ့၊ သေဌေး, သူကြွယ်, ပဒေသရာဇ်, ကေရာဇ်စသော လူမြတ်လူကောင်းတို့၏ စည်းစိမ်အပေါင်းကိုလည်း ရပေလတ္တံ့၊ ယင်းသို့သော အကျိုးထူးရှိခြင်းကြောင့် စေတီတည်၍ ကိုးကွယ်ဦးတိုက်ခြင်းငှါ ထိုက်သတည်း၊ ပစ္စေကဗုဒ္ဓါ, ရဟန္တာနှင့် စကြဝတေးမင်းတို့၏ စေတီတို့၌လည်း ဤနည်းအတူ ထိုက်သည်

အားလျော်စွာ အကျိုးကို ခံစားရသတည်း”ဟု မိန့်တော်မူပြီးလျှင် ကိုယ်တော်မြတ်သည် ဖလသမာပတ်ချမ်းသာဖြင့် ဆိတ်ငြိမ်စွာ နေတော်မူ၏။

အရှင်အာနန္ဒာသည် စိတ်မချမ်းသာသဖြင့် ငိုယိုကာနေခြင်း

သုံးလောကနတ် ရှင်တော်မြတ်သည် ဖလသမာပတ်ချမ်းသာကို ငြိမ်သက်စွာ ခံစားတော်မူနေစဉ် အရှင်အာနန္ဒာသည် များစွာကြောင့်ကြ၍ သောကမအေး ပူဆွေးစိုးရိမ်ကာ စိတ်မငြိမ်ရှာသည်ဖြစ်၍ ရှေ့ရေး, နောက်ရေးကို တွေးတောမိသည်မှာ “နောင်တော်ဘုရားသည် မှာကြား ဆုံးမထိုက်သမျှသော ဩဝါဒအဖုံဖုံကို စုံလင်စွာ ဟောတော်မူပြီးလေပြီ၊ ယခုညဥ့်နံနက် အရုဏ်တက်မှာ ကနက်ထီးပွင့် နိဗ္ဗာန်ကို ယူတော့မည်ကေန် အမှန်ဖြစ်ချေသည်၊ ဤယခုညဥ့်လွန်မြောက်၍ နက်ဖြန်ခါရောက်လျှင်ပင် သွန်သင်ပြသ ဆိုဆုံးမသော အသံရိပ်သည် ကင်းဆိတ်ချေတော့မည်၊ ဘဝပေါင်းများစွာ သံသရာတွင်သာမက ယခုဘဝမှာပင် နောက်တော်က အစဉ်လိုက်၍ ပြုထိုက်သော ကျင့်ဝတ်ကို မချွတ်အောင် ပြုနေရသောငါ့မှာ နက်ဖြန်ခါဖြင့် ဆရာလည်းတော်, နောင်တော်လည်းဟုတ်, အနုတ္တရဖြစ်သော ဘုရားမြတ်စွာနှင့် ခွဲခွါကွေကွင်း ရချေတော့မည်တကား”ဟု စဉ်းစားအောက်မေ့လျက် ဆွေးမြေ့သော စိတ်နှလုံးဖြင့် ယူကျုံးမရ သောကလှိုက်ဖို မျက်ရည်ယိုကာ ဘုရားရှင်အနီးမှ ဖဲခွါ၍ မလ္လာမင်းတို့၏ ကောင်းစွာ ဆောက်လုပ် ထားအပ်သော မင်းကွန်းတံခါးတိုင်ကို ကိုင်ကာ ငိုကြွေး၍ နေရှာလေ၏။

ထိုမှတဖန် တွေးကြံမိသည်မှာ “ငါသည်လည်း ရဟန်းကိစ္စမတုံးသေး, သောတာပန်ကလေးမျှသာ ဖြစ်ချေသည်၊ အထက်မဂ် ရရန်ကိစ္စလည်း မတုံးသေး, ကိလေသာ အမြေးတို့ဖြင့် ရောထွေးနေသော ငါ့ကို ဆုံးမပဲ့ပြင် သွန်သင်တော်မူတတ်သော နောင်တော်မြတ်လည်း ငါ့ကိုချန်ထား၍ နိဗ္ဗာန်သို့ သွားချေတော့မည်၊ နက်ဖြန်ခါမှစ၍ အဘယ်သူအား မျက်နှာသစ်ရေနှင့် ဒန်ပူကို ကပ်လှူရပါမည်နည်း၊ အဘယ်သူ၏ခြေကို ဆေးရပါမည်နည်း၊ အဘယ်သူ၏နေရာကို ခင်းရပါမည်နည်း၊ အဘယ်သူ၏ နေရာကို သုတ်သင်၍ သန့်စင်အောင်ပြုရပါ

မည်နည်း၊ အဘယ်သူ၏ သက်န်းအဝတ်ကို ဖွပ်လျှော်ရပါမည်နည်း၊ အဘယ်သူ၏ သပိတ် ပရိက္ခရာကို ကောင်းစွာကြည့်ရှု၍ ငါဝတ်ပြုရပါမည်နည်း၊ ရှေးအခါက နောင်တော်ဘုရားအား ခစားဝတ်ပြု၍ နံနက်ရေချမ်း ညနေပန်းဖြင့် အမြဲတမ်း ကပ်လှူကာ အတူနေရပါသည်၊ ယခုအခါ အဘယ်သူကို အားထား၍ ဝပ်တွား ဆည်းကပ်ရပါမည်နည်း၊ ငါ့မှာ အားကိုးစရာ ကင်း၍ မိဘရင်းမရှိသော သား သမီးကဲ့သို့ မျက်စိသူငယ်နှင့် ကျန်နေရတော့ မှာပါတကား”ဟု စဉ်းစားတိုင်း အပူပွေ၍ မျက်ရည်ကို မဆည်နိုင်ဘဲ တဖြိုင်ဖြိုင် ယိုဆင်းကာ ငိုရင်းနှင့် တွေးတော၍ နေရှာလေတော့သတည်း။

အရှင်အာနန္ဒာအား အပူအေးကြောင်းတရား ဟောကြားတော်မူခြင်း

ဘုရားသခင်သည် သံဃာတော်တို့၏ အလယ်တွင် အရှင်အာနန္ဒာကို မမြင် သည်ရှိသော်“ချစ်သားရဟန်းတို့ ယခုအခါ အာနန္ဒာသည် အဘယ်မှာနည်း”ဟု မေးတော်မူသောအခါ “ဘုန်းတော်သခင် အရှင်ဘုရား အရှင်အာနန္ဒာသည် မလ္လာမင်းတို့၏ မင်းကွန်းတံခါးကို ကိုင်ကာ ငိုကြွေး၍ နေပါသည်ဘုရား”ဟု လျှောက်ထားကြလေ၏၊ ထိုအခါ ဘုရားမြတ်စွာသည် ညီတော် အာနန္ဒာကို ခေါ်ခိုင်း၍ ကိုယ်တော်မြတ် ရှေ့မှောက်သို့ ရောက်လေလျှင် “ချစ်သား အာနန္ဒာ မြင်မြင်သမျှ သင်္ခါရတရားတို့သည် အစဉ် ထာဝရအားဖြင့် မတည်နိုင်ကြောင်း ကို ကောင်းစွာသိပြီးသား မဟုတ်ပါလော၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်း၌ ပင်ပန်းခြင်း အကျိုးကလွဲ၍ ထူးကဲမြင့်မြတ်သော ကောင်းကျိုး မရှိကြောင်းကို လည်း ရှေးအခါကပင် ငါဘုရား ဟောကြားဘူးပြီ မဟုတ်ပါလော။

ဤလောက၌ ဖြစ်ရကုန်သော နတ်, လူ, ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ခင်မင်စုံမက် နှစ်သက်အပ်ကုန်သော ညီ, အစ်ကို, မောင်, နှမ, မိဘ, သားချင်း, ဆွေရင်းမျိုးချာ ဟူသမျှတို့နှင့် အတူတကွမနေ သေလွန်၍ ဖြင့် ကွဲပြားရခြင်း တည်းဟူသော **ဝိနာဘာဝ**, ဒေသတခြား လွင့်ပါးဝေးကွာ ခွဲခွါရခြင်းတည်း ဟူသော **နာနာဘာဝ**,ရှေးအခါက မျှားလှသော စည်းစိမ်ဖြင့် ရိပ်ငြိမ်ပျော်စံကာ နေကြရငြားသော်လည်း ကံကုသိုလ် အကြောင်းမသင့်၍ မကောင်းသဖြင့်

ငြိုငြင်ကာ လွန်စွာဆင်းရဲရပြန်ခြင်း တည်းဟူသော **အညထာဘာဝ** ဤဒုက္ခမျိုးတို့ကို မုချကေန် ခံရမြဲဓမ္မတာဟု ကြိုတင်ကာဟောပြီး မဟုတ်ပါလော၊ ဤသုံးပါးမှ ရှောင်ဖဲ၍ လွတ်လွဲခြင်းငှါ အဘယ်မှာ ရနိုင်ပါမည်နည်း ချစ်သား။

ထိုမှတပါးလည်း အကြင်ကိုယ်ခန္ဓာသည် တဏှာဟူသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်တတ်ချေသည်၊ ထိုဖြစ်ဖြစ်သမျှ အနှစ်သာရမရှိသော ကိုယ်ခန္ဓာလည်း ပျက်ရမြဲဓမ္မတာသာတည်း၊ တစုံတယောက် တန်ခိုးကြီးမားသော သိကြား, ဗြဟ္မာနှင့် ဘုရားမြတ်စွာတို့မှသော်လည်း မပျက်စီးအောင် တားဆီးကာကွယ် ဉာဏ်စုံခြယ်သဖြင့် ရနိုင်ဘွယ်မရှိချေ၊ ငါဘုရား၏ ခန္ဓာကိုယ်ကြီး အတွက်ကြောင့် ငိုကြွေးပင်ပန်း မရှင်လန်းနိုင်ဘဲ မျက်ရည်တဖြိုင်ဖြိုင် ယိုဆင်း၍ နေခြင်းသည် သေမင်းကိုအံတု၍ ရန်ပြုနေခြင်းနှင့် တူချေသည်၊ အာဏာတန်ခိုး လက်နက်မျိုးနှင့် ဘယ်မျှပင် လက်ဆောင်ထိုးသော်လည်း နိုင်နိုင်ရိုးထုံးစံမရှိသောအမှုကို သင်ပြု၍မနေပါနှင့်၊ ပရိဒေဝ အပူလောင်၍ ဆင်းရဲကောင်ကြီး မဖြစ်ပါနှင့်ချစ်သား၊ မြစ်တားအပ်သော လောင်မီးကို ဝေးဝေးကြီးပိတ်ကာ၍ အဝိဇ္ဇာ မပွားစီးအောင် တရားမှီးကာ နေပါလော” စသည်ဖြင့် မိန့်ဟောတော်မူလေလျှင် အရှင်အာနန္ဒာ၏ ပရိဒေဝမီးသည် လုံးလုံးကြီး မပျောက်သော်လည်း ထောက်တည်ရာ ရသွားလေသတည်း။

မလ္လာမင်းတို့အား အကြောင်းကြားစေခြင်း

မြတ်စွာဘုရားသည် အရှင်အာနန္ဒာ၏ အပူပျောက်ကြောင်းတရားကို ဟောကြားတော်မူပြီးနောက် “ငါ၏ညီတော်အား အို-ချစ်သား ကုသိနာရုံမြို့တွင်းသို့သွား၍ မလ္လာမင်းတို့အား အကြောင်းကြားချေ၊ ဝါသေဋ္ဌ အနွယ်ဖြင့် ကြီးကျယ်ထင်ရှားသော အို-မင်းများတို့ သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ယနေ့ညဉ့်မိုးသောက်ယာမ်၌ ပရိနိဗ္ဗာန် ဝင်စံချေတော့မည်၊ ဘုရားရှင်ကို ဖူးမြင်လိုပါမူ လျင်မြန်စွာသွားကြလေကုန်၊ နောင်သောအခါ ငါတို့ဂါမခေတ်၌ ချစ်ရှင်ဘုရား နိဗ္ဗာန်လားသည်ကိုမှ ငါတို့မဖူးရ မမြင်ရဟု မရှင်ပျသော နှလုံးဖြင့် ယူကျုံးမရ မဖြစ်ကြစေကုန်လင့်”စသည်ဖြင့် မှာထား၍ ပြောကြားစေလေ၏။

အရှင်အာနန္ဒာလည်း ဘုရားမြတ်စွာ မိန့်မှာတော်မူသောအတိုင်း မဆိုင်းမကြာ တပါးတည်းလာခဲ့၍ ကုသိနာရုံမြို့အတွင်းသို့ ဝင်တော်မူလေ၏၊ မလ္လာမင်းတို့လည်း အမှုအခင်း ပြုခြင်းကိစ္စ ရှိကုန်ကြသဖြင့် မိမိတို့ စည်းဝေးမြဲဖြစ်သော မင်းကွန်း၌ စည်းဝေး၍ နေကြစဉ် အရှင်အာနန္ဒာသည် မြတ်စွာဘုရား မှာထားတော်မူသော စကားကို ပြောကြားလေ၏၊ မလ္လာမင်းတို့သည် ထိုစကားကို ကြားလျှင် ကြားခြင်း နားတွင်းကို သန်ချွန်ဖြင့်ထိုးဆွ၍ ဟဒယနှလုံး၌ မီးဟုန်းဟုန်း လောင်သည့်အတူ အသည်း, အူ ပြတ်မတတ် တဆတ်ဆတ် တတုန်တုန် ငိုယိုမြည်တမ်းကြကုန်လျက် ကဆုန်လွှားကာ ဘုရားရှိရာသို့ ပြေးလာကြကုန်၍ "လောကသုံးပါး၏ စီးပွားချမ်းသာကို လွန်စွာရှက်ဆောင်တတ်သော မြတ်စွာဘုရားသည် လျင်လျားမြန်စွာ ပရိနိဗ္ဗာန်စံတော့မှာပါတကား,ငါတို့ကိုပစ်ထား၍ နိဗ္ဗာန်သို့ ကြွသွားတော်မူတော့မှာပါတကား, ငါတို့တတွေမှာ ရေနည်းသော ငါးကဲ့သို့ အားထားရာမဲ့ပြီးလျှင် တကဲ့ဒုက္ခကြီးနှင့် တွေ့ကြရတော့မည်တကား" စသည်ဖြင့် ပြောကြားဆိုမြည်ကာ မကြည်သာသောနှလုံးမပြုံးနိုင်မသာမျက်နှာ မသက်သာသော အသွင်အပြင် ဖရိုဖရဲကြသော ဆံပင်တို့ဖြင့် မြေပြင်၌ လူးလိမ့်ကာ အပူကြီး ပူကြရှာကုန်၏။

မလ္လာမင်းသမီး, မင်းသား, ဆွေတော် မျိုးတော် အများတို့သည် မြတ်စွာဘုရားထံမှောက်သို့ ရောက်ကြသောအခါ အရှင်အာနန္ဒာ မထေရ်မြတ်သည် လျောက်ပတ် သင့်တော်အောင် ဘုရားရှေ့တော်သို့သွင်း၍ ကန်တော့ခြင်း ပြုစေရာ ပထမယာမ်၌ပင်လျှင် မလ္လာမင်းတို့၏ ရှိခိုးခြင်းကိစ္စကို ပြီးစေလေသတည်း။

သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားထံ၌ ပုစ္ဆာကို မေးလျှောက်ခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူဆဲဖြစ်သော ထိုအခါဝယ် ဥပက, ဆာဝါတို့၏ သားဖြစ်သော သုဘဒ္ဒ ပရိဗိုဇ်သည် ကုသိနာရုံပြည်၌ နေလေသတည်း၊ ထို သုဘဒ္ဒပရိဗိုဇ်သည် "ယနေ့ညဉ့် ပစ္ဆိမယာမ်၌ပင်လျှင် ဂေါတမ ဘုရားရှင်သည် ပြည်ခွင်နိဗ္ဗာန် ဝင်စံတော်မူအံ့" ဟူသော သတင်းစကားကို ကြားရသောကြောင့် မြတ်စွာဘုရားရှိရာသို့ လျင်မြန်စွာလာပြီးသော် အရှင်

အာနန္ဒာ အထံသို့ သွား၍ ဤသို့ လျှောက်ထား တောင်းပန်လေ၏၊ "အရှင် အာနန္ဒာ အကျွန်ုပ်သည် အသက်အရွယ် အနွယ်အားဖြင့်ကြီး၍ နည်းနာနိဿယ အဖုံဖုံကို ပြောဆိုတတ်ကုန်သော ဆရာတို့၏ ဆရာ့ဆရာ ဖြစ်ကြကုန်သော ပရိဗိုဇ်ကြီးတို့၏အထံမှ ဆုံးမသောစကားကို ဤသို့ကြားဘူးပါသည်၊ဤလောက လူ့ရွာဝယ် ကိလေသာ ရန်ခပင်းကို အကြွင်းမဲ့ ပယ်သင်၍ လေးအင်သော သစ္စာကို ကောင်းစွာ သိမြင်တော်မူသော သယမ္ဘူ မြတ်စွာဘုရားတို့သည် တရံတခါ ပွင့်ပေါ်လာခြင်းငှါ လွန်စွာပင် ခဲယဉ်း၍ ရှားခြင်းကြီး ရှားလှသည်၊ အကယ်၍ ဖြစ်လာငြားက ထိုဘုရားရှင်တို့၏အထံ၌ သံသယရှိသမျှကို ပျောက်ပ ကျေအေးအောင် မေးလျှောက်ရာသည် ဟူသော စကားကို ကြားဘူးပါသည်၊ သို့အတွက် အရှင်တို့၏ ဆရာဖြစ်သော အရှင်ဂေါတမကို အကျွန်ုပ် အလွန် ကြည်ညိုပါသည်၊ ယင်းသို့ ကြည်ညိုလျက်လည်း တရက် တည တခဏမျှ မဆည်း ကပ်ရပါသေး၊ ယနေ့ညဥ့် မိုးသောက်ယာမ်၌ပင် အရှင်ဂေါတမသည် လောက၏ အသွတ်အငူနိဗ္ဗာန်ကိုယူမည်ဟု ကြားရပါသည်၊အကျွန်ုပ်၏ ယုံမှားခြင်း သံသယ ကို အရှင်ဂေါတမသာ ပယ်ဖျောက်နိုင်ရာသည်၊ ကြာလျှင် မတွေ့ရချေပြီဟု ကြံစည်စဉ်းစားကာ အမြန်လာခဲ့ရပါသည်၊ ဂေါတမဘုရားရှင်ကို ဖူးမြင်ချင်လှ ပါ၍ အခွင့်ပြုတော်မူပါမည့်အကြောင်းကို များများကြီး တောင်းပန်ပါသည်" ဟု ရိုသေညွှတ်တွားကာ လျှောက်ထားလေ၏။

သုဘဒ္ဒပရိဗိုဇ်ရဟန်း ခယမ်းတောင်းပန်သော စကားကို ကြားလျှင် အရှင် အာနန္ဒာမထေရ်သည် "ဗုဒ္ဓသာသနာတော်မှ အပြင်ပ၌ဖြစ်သော တိတ္ထိတို့သည် ကား မိမိတို့၏အယူကိုသာ စွဲမြဲစွာယူတတ်ကုန်သည်၊ ထိုအယူကို ပယ်ရှားအောင် တရားဟောရသော် ဘုရားကိုယ်တော်မှာ ပင်ကိုယ်ကပင် ညှိုးနွမ်းရသည့်အထဲ ထူးကဲ၍ ပင်ပန်းခြင်း ဖြစ်တော်မူလိမ့်မည်"ဟု စဉ်းစားတော်မူကာ "ငါ့သျှင် သုဘဒ္ဒ အကြောင်းအခွင့် မသင့်တော့ပြီ၊ ပင်ပန်း ညှိုးနွမ်းတော် မူလှသော ဘုရားမြတ်ကို နောက်ထပ်ပိုကဲအောင် မညှဉ်းဆဲချင်ပါနှင့်၊ယခုအခါ ကိုယ်တော် မြတ်မှာ တလျှပ်လျှပ် ရင်ခုန်၍ အပုံကြီး ပင်ပန်းတော်မူနေပါသည်" ဟု ပြောကြားကာ သုဘဒ္ဒ၏ စကားကို ပယ်ရှားလိုက်လေ၏။

အရှင်အာနန္ဒာသည် မိမိ၏စကားကို မြစ်တားပယ်လှန် လက်မခံသော်လည်း "ကိုယ့်အလိုကျ အခွင့်ကိုရချင်သောသူ မည်သည်ကား သူတပါး ကြည်နူးအောင် အထူးပြုအပ်ချေ၏"ဟု စဉ်းစားကာ ရှေ့စကားအတူ သုံးကြိမ်တိုင်တိုင် တောင်းပန်လျှောက်ထား အသနားခံလေ၏၊ အရှင်အာနန္ဒာကလည်း သုံးကြိမ်လုံးလုံးပင် စကားကို လက်မခံဘဲ ပယ်လှန်တော်မူလေ၏၊ ထိုအချီအချပြောနေကြသော စကားကို မြတ်စွာဘုရား ကိုယ်တိုင်ကြားလေလျှင် သုဘဒ္ဒပရိဗိုဇ်အကျိုးကိုမျှော်ကိုးရည်သန်ကာ ပြင်းထန်စွာ ကြိုးပမ်း၍ညှိုးနွမ်းစွာကြွလာတော်မူသည် ဖြစ်သောကြောင့် "ချစ်သားအာနန္ဒာ သုဘဒ္ဒစကားကို မတားမြစ်ပါလင့်၊ ငါဘုရားကို အားရကြည်ရှုရင် ဖူးမြင်ပါစေ၊ ပြဿနာကို မေးလိုလည်း မေးပါစေ"ဟု အမိန့်ပေးတော်မူလေ၏။

မြတ်စွာဘုရား မိန့်ကြားတော်မူသောအခါ အရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်အား "ငါ့သျှင်သုဘဒ္ဒ မြတ်စွာဘုရားထံမှ အခွင့်ရလေပြီ၊ ရှေ့တော်သို့အဖူးအမျှော်ဝင်ပါ"ဟု အခွင့်သာသော စကားကို ပြောကြားသောအခါ သုဘဒ္ဒပရိဗိုဇ်သည် လိုက်လိုက်လှဲလှဲ လက်ထဲသို့ စိန်တုံးကြီးရောက်သည့်ပမာ အားရဝမ်းသာစွာနှင့် ဘုရားရှိရာသို့ ချဉ်းကပ်ပြီးသော် ကိုယ်တော်မြတ် ဘုရားအားပဋိသန္ထာရ စကားကို လျှောက်ထား ပြောဆိုပြီးမှ "အရှင်ဂေါတမ လောကထွတ်ထား မြတ်စွာဘုရား အကျွန်ုပ်၌ ယုံမှားခြင်း သံသယတခု ရှိပါသည်၊ ထိုယုံမှားသော အမေးပြဿနာကို သိသာထင်ရှားအောင် ဖြေကြားတော်မူပါ၊ ဤလူ့ရွာ၌ ဂိုဏ်းဆရာဖြစ်၍ လွန်စွာပင် ကျော်စော ထင်ရှားကြကုန်သော ပူရဏကဿပ, မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ, ပကုဓကစ္စာယန, သဉ္စယ, နိဂဏ္ဌတို့သည် မိမိတို့ ဝန်ခံသည့် အတိုင်း အလုံးစုံသော တရားကို အမှန်အားဖြင့် သိကြပါကုန်သလော၊ မသိဘဲပင် လွန်ကဲစွာ ဝင့်ဝါ၍ မသင့်တာကို ပြောခြင်းပင်ဖြစ်ပါသလော၊ အချို့သော တရားကိုသာ သိခြင်းဖြစ်ပါသလော"ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် "အို-ချစ်သား သုဘဒ္ဒဤစကားကို ငါဘုရားဖြေကြားခြင်းငှါ အကြောင်းမသင့် အခွင့်မဟုတ်တော့ပြီ၊ ဤစကားကိုထား၍ အခြားတပါးကို ငါဘုရားဟောကြားအံ့၊ အကြင်တိတ္ထိတို့သည် ကိလေသာတည်းဟူသော အညစ်အကြေးကင်းသဖြင့် သန့်ရှင်းဖြူစင်စွာ

အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ကို ထင်မြင်ရရှိအောင် မကျင့်တတ်ပေ၊ ထိုတိတ္ထိတို့၏ သာသနာ၌ သောတာပန်ရဟန်းကိုဂင်း၊ သကဒါဂါမိရဟန်းကိုဂင်း၊ အနာဂါမိ ရဟန်းကိုဂင်း၊ ရဟန္တာကိုဂင်း အခါခပ်သိမ်း မရအပ်သေး၊ ယင်းသို့မဂ္ဂ, ဖလံ ဤရှစ်တန်ကိုမှ တရံတခါ မရလာသောကြောင့် ခန္ဓာပျက်ကြွေ သေလွန်ငြား သော်လည်း အမြိုက်တရားကို မရကုန်၊ ငါဘုရား၏ မြွက်ကြားဟောတော် သာသနာတော်၌သာလျှင် ကိလေသာ အညစ်အကြေးကို ကင်းဝေးစေတတ် သော အဋ္ဌင်္ဂိကမဂ္ဂ ပဋိပတ်ကို ကောင်းစွာရအပ်သောကြောင့် စွန့်ပစ်အပ်သော တရားကို စွန့်ထားပယ်ခွါလျက် မဂ်အားလျော်စွာ ကျင့်တတ်သော "မဂ္ဂါ နုလောမ ပဋိပန္န" ပုဂ္ဂိုလ်လေးပါး၊ မဂ်၌တည်သော "မဂ္ဂဋ္ဌ" ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်၌တည်သော "ဖလဋ္ဌ" ပုဂ္ဂိုလ်လေးပါးအားဖြင့် တကျိပ်နှစ်ပါးသော ပုဂ္ဂိုလ် တို့ကို ရသည်ဖြစ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်တို့သည် ကောင်းစွာအသင့် ကျင့်ကုန် ငြားအံ့၊ ဤလောက၌ ရဟန္တာတို့မှ မကင်းမဆိတ်ပေရာ" စသော ဒေသနာတော် ကို ကောင်းစွာ ဟောကြားတော်မူပေသတည်း။

သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရား၏ ဟောကြားသော ဒေသနာကို ကောင်း စွာ နာမိ သိရှိရသောအခါ အလွန်တရာ ဝမ်းမြောက်လှသည်ဖြစ်၍ "သုံးလောက မျက်နှစ် ဓမ္မရာဇ်ထွတ်ဖျား အရှင်မြတ်ဘုရား အရှင်ဘုရား ဟောကြားအပ်သော ဒေသနာတော်သည် အလွန်တရာ သိသာခြားနား၍ ထင်ရှားပေါ်လွင်ကာ ဉာဏ်အမြင် ထူးချွန်အောင် ကောင်းမွန်လှပါပေသည်၊ မျက်စိလည်လမ်းမှား၍ ချောက်ကမ်းပါး ကျသူကို ကူပင့်ကာဆောင်ယူ၍ ကြည်ဖြူစွာ ညွှန်ပြသကဲ့သို့ ကျေးဇူးတော် ကြီးလှပါပေသည်၊ တပည့်တော်သည် မြတ်စွာဘုရားနှင့်တကွ တရား, သံဃာ သုံးပါးသော ရတနာကို ကောင်းစွာ ဆည်းကပ်၍ မပြတ်ဝပ်လျှိုး ပါ၏၊ အဆုံးစကား လျှောက်ထားရမည်ဆိုသော် အရှင်ဘုရား၏ သာသနာ တော်အတွင်း၌ ရဟန်းပဉ္စင်း ပြုလိုပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

ရှင်တော်မြတ်ဘုရားကလည်း "အို-ချစ်သားသုဘဒ္ဒ တိတ္ထိဖြစ်ဘူးသောသူ သည် ငါဘုရား၏ သာသနာတော်သို့ ဝင်ရောက်လိုမူ လေးလပတ်လုံး ပရိဝါသ် နေရသည်၊ လေးလလွန်၍ အဗ္ဘာန်သွင်းပြီးမှသာ ရှင်ရဟန်းပြုရချေသည်၊ သို့သော်လည်း ငါဘုရားသည် ပုဂ္ဂိုလ်ထူးကိုလည်း သိတော်မူ၏"ဟု မိန့်ကြား

လေလျှင် ဦးတင်သော လက်အုပ်ဖြင့် ဝပ်တုပ်ရှိခိုးကာ "အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရား၏ သာသနာတော် အတွင်း၌ ရဟန်းပဥ္စင်း ပြုရသည် ဖြစ်ပါအံ့၊ လေးလမက လေးနှစ်မျှပင် ပရိဝါသ် နေနိုင်ပါသည် ဘုရား"ဟု လျှောက်ထားလေ၏။

ဘုရားသခင်သည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ အာသာဆန္ဒ အလွန်ကြီးလှသော ဤသုဘဒ္ဒကို ယခုမကြာ လျင်မြန်စွာ ရဟန်းပြုပေးလော"ဟု မိန့်တော်မူသောအခါ အရှင်အာနန္ဒာလည်း သုဘဒ္ဒပရိဗိုဇ်ကို ခေါ်ကာ ဆံ,မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ရဟန်းပြုပြီးလျှင် ဘုရားရှင်ထံမှောက်သို့ ခေါ်သွားလေ၏၊ မြတ်စွာဘုရား ပေးသနားတော်မူသော ကမ္မဋ္ဌာန်းကို အားထုတ်လေလျှင် အဘိညာဉ်, သမာပတ်, ပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ ရောက်လေသတည်း၊ ဤသုဘဒ္ဒသည် ဘုရားရှင်၏ တသက်တလက်ထက်တွင် နောက်ဆုံးတပည့် **ပစ္ဆိမဗုဒ္ဓသာဝက** ပေတည်း။

နောက်ဆုံးစကား မိန့်ကြားတော်မူခြင်း

ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့် အရှင်သုဘဒ္ဒအား တရားရစေပြီးသော် အရှင်အာနန္ဒာကို ခေါ်တော်မူကာ "ချစ်သား အာနန္ဒာ ငါ၏သာဝက တပည့်သားဖြစ်သော သံဃာတော်များသည် ငါဘုရား ပရိနိဗ္ဗာန် ဝင်စံပြီဟု ထင်မှတ်ကြပေလိမ့်မည်၊ယင်းသို့ကား အမှတ်မထားအပ်၊ ငါဘုရားသည် သုတ်,အဘိဓမ္မာ, ဝိနည်းတရားကို ဟောကြား ပညတ်အပ်လေပြီ၊ ထိုအလုံးစုံသော ဓမ္မက္ခန္ဓာ အပေါင်း ရှစ်သောင်း လေးထောင်သည် သင်တို့၏ဆရာ ဖြစ်ကြပေလိမ့်မည်၊ ထို့ကြောင့် ငါဘုရား ရှိသည်သာဟု ကောင်းစွာမှတ်အပ်၏၊ ချစ်သားအာနန္ဒာ ငါဘုရား ပညတ်တော်မူအပ်သော ရဟန်းသိက္ခာပုဒ် အစုတွင် ခုဒ္ဒါနု ခုဒ္ဒက ဖြစ်သော သိက္ခာပုဒ်တို့ကား အလွန်ပင် များကြကုန်၏၊ ထို အသေးအမွှား ဖြစ်သော သိက္ခာပုဒ်များကို နုတ်ချထားသော်ကား နောက်သား သံဃာတို့ သက်သာရာ ရပေလိမ့်မည်၊ ချစ်သားအာနန္ဒာ ငါဘုရားရှိစဉ်အခါ ရဟန်းသံဃာတို့သည် မိမိတို့ အချင်းချင်း **အာဝုသော** ဟူသော စကားဖြင့် ပြောကြား ခေါ်ဆိုကြပေသည်၊ ငါဘုရား နိဗ္ဗာန်သို့ ကြွသွားပြီးနောက် တယောက်သည်

သုမင်္ဂလဝိလာသိနီ(ဓ) ၂၀၁-၅၅ ;

တယောက်အား **အာဝုသော** ဟူသော စကားဖြင့် မပြောကြား မခေါ်ဆိုကြလေနှင့်၊ သိက္ခာ,ဝါ ကြီးသောရဟန်းသည် သိက္ခာ,ဝါ ငယ်သော ရဟန်းအား အန္ဒယ်အားဖြင့်ရှင်း၊ **အာဝုသော** ဟူသောစကားဖြင့်ရှင်း ပြောကြားခေါ်ဆိုအပ်၏၊ ငယ်သော ရဟန်းသည် ကြီးသောရဟန်းအား **ဘန္တေ** ဟူ၍ရှင်း၊ **အာယသ္မာ** ဟူ၍ရှင်း ခေါ်ဝေါ်အပ်၏၊ "ယင်းသို့ မခေါ်ဝေါ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ"ဟု မိန့်တော်မူလေ၏။

ထိုမှတပါးလည်း "ချစ်သားအာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ဆန္နရဟန်းကိုလည်း **ဗြဟ္မဒဏ်** ပေးကြ"ဟု မိန့်တော်မူ၏၊ "အဘယ်သို့ ဗြဟ္မဒဏ် ပေးရမည်နည်း"ဟု လျှောက်ထားသောအခါ "ချစ်သား အာနန္ဒာ သံဃာအများ အစည်းအဝေးပြု၍ 'အဆိုခက် အပြောခက် အဆုံးမ ခက်လှသော ဤဆန္နရဟန်းသည် သူဆိုချင်တာ ပြောချင်တာ ဆိုပြောသည်ကို အခြားတပါးသော ရဟန်းတို့က မဆုံးမကြလင့်၊ ဤရဟန်း၏ စကားကိုလည်း လေးစားသမှု မပြုကြလင့်' ဟူ၍ ဗြဟ္မဒဏ်ပေးအပ်၏"ဟု မိန့်တော်မူလေ၏။

ထို့နောက်မှ ရဟန်းအများကို မိန့်ကြားမြွက်ဘော် ခေါ်တော်မူ၍ "ငါ၏ ချစ်သား ရဟန်းများတို့ အကြင်ပုဂ္ဂိုလ်သည် ရတနာသုံးပါးဖြစ်သော ဘုရား, တရား, သံဃာ၌ရှင်း၊ မဂ်တရား, ဖိုလ်တရား၌ရှင်း၊ ကျင့်ဝတ် ပဋိပတ်၌ရှင်း ယုံမှားတွေးတော သဘောမမျှ သံသယရှိသည်ဖြစ်အံ့၊ ငါဘုရားအား လျှောက်ထားမေးမြန်းကြလေကုန်၊ နောင်သောအခါ မြတ်စွာဘုရားကို မျက်ဝါးထင်ထင် တွေ့မြင်ရပါလျက် မသိသော အချက်ကို မမေးလိုက်ရဟု နောင်တ တဖန် ပူပန်ခြင်း မဖြစ်ကြစေလင့်"ဟု မိန့်တော်မူသောအခါ ရဟန်း သံဃာတော်များမှာ တိတ်ဆိတ်စွာသာ နေကြလေ၏၊ ဘုရားသခင်သည် သုံးကြိမ်တိုင်တိုင် မိန့်ကြားတော်မူသော်လည်း တစုံတယောက်မျှ မလျှောက်ထားကြချေ၊ ယင်းသို့ ဖြစ်ရကား မြတ်စွာဘုရားသည်"အိုချစ်သား ရဟန်းတို့ အသင်တို့သည် ငါဘုရားကို ရိုသေခံ့ညားသောအားဖြင့် မလျှောက်ထားဝံ့ချေသော် အပေါင်း အဖော် ဖြစ်သော ရဟန်းတို့အား ပြောကြားကြလော့"ဟု မိန့်တော်မူပြန်၏။

ယင်းသို့လျှင် ခွင့်ပြုသင့်သောစကား မှာကြားတန်သော အကြောင်းတို့ကို ကောင်းစွာမိန့်တော်မူပြီးသောအခါ များစွာသော တပည့်သားတို့ကိုခေါ်တော်



ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဏ်း။

မူ၍ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဟူသော နောက်ဆုံးစကားကို မိန့်ကြားတော်မူလေတော့သတည်း။

အနက်ကား ဘိက္ခဝေ၊ သံသရာ ဇလုပ်ဝဲ၌ တမြုပ်ထဲ မြုပ်ကြသည့် ဒုက္ခ ထွေပြား အို-ချစ်သားတို့။ ဒါနိ-ဣဒါနိ၊ ယခုနိဗ္ဗာန် ဝင်စံလုနီး အခါကြီး၌။ ဟန္ဒ-ဂဏှထ၊ ငါဘုရား၌ လေးစားကြည်ဖြူ မှတ်ယူကြကုန်လော့။ ဝေါ၊ မျက် မှောက်ခုရှိ တပည့်အများ သင်ချစ်သားတို့အား။ အာမန္တယာမိ - ဗောဓေမိ၊ သင်တို့ တသက်လုံး လက်ကိုင်သုံးဘို့ အဆုံးစကား မှာကြားတော်မူခဲ့အံ့။ သင်္ခါရာ၊ သက်ရှိ, သက်မဲ့ တွင်းပြင်လွှဲ၍ ကြွင်းမဲ့ရှိငြား သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ဖြစ်ကမရပ် ကွက်မလပ်ဘဲ ပျက်တတ်သော သဘော ရှိကြကုန်၏။ တသ္မာ၊ ထိုသို့ပျက်တတ် အကြောင်းရပ်ကြောင့်။ တုမှေ၊ သံသရာနယ်စွန် ဒုက္ခလွန်အောင် အားသွန်ကြိုးစား သင်ချစ်သားတို့သည်။ အပ္ပမာဒေန၊ လုံ့လ မလျော့ မပေါ့မစား မမေ့သော သတိတရားနှင့်။ သမ္ပာဒေထ၊ စိတ်မှာသွင်းခြုံ ကိုယ်တွင်းလုံအောင် ပြည့်စုံကြစေကုန်လော့။

ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

အဆုံးစွန် ခွဲခွါကြရမည့် မိဘများသည် သား,သမီးများအား မှာကြားသင့် သော စကားဟူသမျှကို လုံးဝဥဿုံ အလုံးစုံပြောဆိုကာ မှာသင့်ရာ မှာသကဲ့သို့ မြတ်စွာဘုရားသခင်သည်လည်း မိမိ၏တပည့်သား သာဝက ဝေနေယျအပေါင်း တို့အား နောက်ဆုံးစကား မိန့်ကြား ဆုံးမတော်မူပြီးလျှင် ပထမဈာန်ကို ဝင်စား တော်မူ၏၊ ထို့နောက်မှ ဒုတိယဈာန်၊ ထို့နောက်မှ တတိယဈာန်၊ ထို့နောက်မှ စတုတ္ထဈာန်ကို ဝင်စားတော်မူလေ၏၊ ထို စတုတ္ထဈာန်မှထ၍ အာကာသာနဉ္စာ ယတနဈာန်ကို ဝင်စားတော်မူလေ၏၊ထို့နောက်မှ ဝိညာဏဉ္စာယတနဈာန်၊ထို့ နောက်မှ အာကိဉ္စညာယတနဈာန်၊ ထို့နောက်မှ နေဝသညာ နာသညာ ယတန ဈာန်ကို ဝင်စားတော်မူလေ၏၊ ထို့နောက်မှ ဝေဒနာ, သညာတို့၏ ချုပ်ရာဖြစ် သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ ဤသို့ မြတ်စွာဘုရားသည် သမာပတ်ဖြင့် ငြိမ်သက်၍ နေတော်မူသောအခါ အရှင်အာနန္ဒာသည် အရှင် အနုရုဒ္ဓါအား "အရှင်ဘုရား အနုရုဒ္ဓါ မြတ်စွာဘုရားသည် ငြိမ်သက်တော် မူလှချေသည်၊ ပရိနိဗ္ဗာန် ဝင်စံတော် မူပြီလော" ဟု မေးလျှောက်လေ၏၊ အရှင်

အနုရုဒ္ဓါမထေရ်ကလည်း "ငါ့သျှင် အာနန္ဒာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မပြုသေး၊နိရောဓသမာပတ်ကိုသာ ဝင်စားတော်မူနေသည်"ဟု မိန့်တော်မူ၏၊ ဘုရားသခင်လည်း ဝင်စားတော်မူသော နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတနစျာန်ကို ဝင်စားတော်မူ၏၊ ထို့နောက်မှ ပဋိလုံအားဖြင့် ပထမစျာန်တိုင်အောင် ဝင်စားတော်မူလေသတည်း၊ယင်း ပထမစျာန်မှ တဖန်ထတော်မူပြန်၍ ဒုတိယစျာန်,တတိယစျာန်,စတုတ္ထစျာန်အားဖြင့် အစဉ်အတိုင်း ဝင်စားတော်မူလေ၏၊ ယင်း စတုတ္ထစျာန်မှ တဖန် ထတော်မူပြန်ရာ စျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဇောတို့သည် အကြိမ်များစွာ ဖြစ်ကုန်၏၊ ထိုသို့ အပြန်အလှန်အားဖြင့် အဖန်ဖန် ဝင်စားတော်မူရာ ဝီထိတွက်ရေ ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးမှ စတုတ္ထစျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိ၏အဆုံး၌ အလုံးစုံသော သင်္ခါရတရားတို့၏ကုန်ငြိမ်းရာ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါက် ပထမ အသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန် ပြုတော်မူရှာလေသတည်း။

ဤဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် သုံးလောကဆီမီး ထွတ်ထိးခရိုင် ခြောက်ဆိုင်ဘုန်းရှင် ဘုရားသခင်သည် လူတွင်တွက်စစ် သက္ကရာဇ် ၁၄၈-ခု ရတုဂိမှ ကဆုန်လပြည့် အင်္ဂါနေ့ ညဉ့်ဦးယာမ်ဝယ် မလ္လာမင်းတို့အား တရားကောင်းညွှန်ပြ၍ သန်းခေါင်ယာမ် ကာလ၌ သုဘဒ္ဒပရိဗိုဇ်ရဟန်းကို ကျွတ်တမ်းဝင်စေ၍ မိုးသောက်ယာမ်အခါ ရဟန်းသံဃာ တပည့်များစွာတို့ကို ဒေသနာဓမ္မစကားနောက်ဆုံး မိန့်မြွက်တော်မူကာ အရုဏ်တက်ခါနီး လင်းအားကြီးယာမ်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်နှင့် တပြိုင်နက် ကြောက်မက်ထိတ်လန့်၍ ကြက်သီးမွေးညှင်းကို ဖြစ်စေလျက် ဤမဟာပထဝီ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်လေ၏၊ ကောင်းကင်အလုံးလည်း ထစ်ချုန်းရိုက်ဟည်း ပဲ့တင်ထိး၍ အူ့,အသည်းတုန်မျှ ဖြစ်လေ၏၊ မဖြစ်ဘူး မြဲ ထူးကဲသော တိတ်ကြီးနိမိတ်ကြီးတို့သည် တပြိုင်တည်း ဖြစ်ကုန်လတ်သတည်း။

ယင်းသို့ မြတ်စွာဘုရား နိဗ္ဗာန်လားသောအခါ သဟမ္ပတိ ဗြဟ္မာသည် စကြဝဠာ အလုံးကို သိမ်းကျုံး၍ ကြားစေလျက် သံဝေဂနှင့် စပ်သော အောက်ပါဂါထာကို ကောင်းစွာ ရွတ်ဆိုလေ၏။

သဟမ္ပတိဗြဟ္မာ၏ သံဝေဂကထာ

သဗ္ဗေဝ နိက္ခိပိဿန္တိ၊
ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊
လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

ဘောဂန္တော၊ သိဝအမတံ နန်းနိဗ္ဗာန်သို့ ဝင်စံကြွသွား ရှင်တော်ပါး၌ ခစားခိုညောင်း အို-ပရိသတ်အပေါင်းတို့။ ယတ္ထ-ယသ္မိံ လောကေ၊ အကြင်ငါတို့တည်ကြ သတ္တလောကကြီးအတွင်း၌။ ဧတာဒိသော၊ ကြံစည်မရ ခန္တီစဟု ဗလလုံခြုံ တာဒိဂုဏ်နှင့် ပြည့်စုံပေထသော။ သတ္ထာ၊ ဗြဟ္မာ,နတ်,လူ အများသူတို့၏အားယူရာအစစ် ဆရာလည်းဖြစ်တော်မူထသော။ လောကေ၊ လူပါနတ်လုံး ဗြဟ္မာဆုံးအောင် သိမ်းကျုံးနှံ့စပ် လောကဓာတ်၌။ အပ္ပဋိပုဂ္ဂလော၊ တုသူမပြိုင် မရနိုင်အောင် ကြံ့ခိုင်ကျေးဇူး ဂုဏ်ကွန့်မြူးသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လည်းဖြစ်တော်မူထသော။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ တရားမစောင်း လာခြင်းလည်း ကောင်းတော်မူထသော။ ဗလပ္ပတ္တော၊ ကာယ,ဉာဏ အားဆယ်ဝနှင့် စွေ့ငှလုံလောက် အဆုံးသို့လည်း ရောက်တော်မူထသော။ သမ္ဗုဒ္ဓေါ၊ သယမ္ဘူဟုတဆူကျော်ကြား ရှင်တော်ဘုရားသော်မှလည်း။ ပရိနိဗ္ဗုတော၊ ခန္ဓာတိမ်းမှောက်ပျက်ကိန်းရောက်၍ ငြိမ်းပျောက်တော်မူရချေသေး၏။ တတ္ထ-တသ္မိံ လောကေ၊ ထိုထိုလောကဓာတ် ဘုံသုံးရပ်ကြီးအတွင်း၌။ သဗ္ဗေဝ၊ သူ,ငါမဟူ နတ်နှင့်လူပါ ရှိသူဗိုလ်ပုံ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ ဖြစ်လာထင်ရှား သတ္တဝါအများတို့သည်၊ သမုဿယံ၊ ငါးဖြာ ငါးရပ် အထပ်ထပ်ဖြင့် စပ်၍စုချုပ် ခန္ဓာကိုယ်ရုပ်ကို။ နိက္ခိပိဿန္တိ၊ မြုပ်နှံ့ပလေ သုသာန်မြေ၌ ဧကန်မုချ စွန့်ပစ်ကြရကုန်လတ္တံ့သတည်း။

ထိုမှတပါး နတ်ရွာသေဋ္ဌနင်း သိကြားမင်းကလည်း ရင်တွင်း၌ ထိတ်လှ၍ သံဝေဂနှင့်စပ်သော ဂါထာကို အောက်ပါအတိုင်း ရွတ်ဆိုပြန်လေ၏။

သိကြားမင်း၏ သံဝေဂကထာ

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒ, ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဘောန္တော၊ သိဝအမတံ နန်းနိဗ္ဗာန်သို့ ဝင်စံကြွသွား ရှင်တော်ပါး၌ ခစား ခိုညောင်း အို-ပရိသတ်အပေါင်းတို့။ သင်္ခါရာ၊ မြင်မြင်သမျှ သင်္ခါရစုပုံ အလုံးစုံတို့သည်။ အနိစ္စာ ဝတ၊ ကွဲပြိုပျက်စဲ မှုန့်မှုန့်ကြဲ၍ အမြဲမတည်ကုန်စွ တကား။ ဥပ္ပါဒ, ဝယ ဓမ္မိနော၊ ဖြစ်ရုံမျှသာ တည်မရပ်ဘဲ ဘင်တိုင်အောင် ဆက်စပ်၍ ပျက်တတ်သော သဘောရှိကြကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်းနံ့စုံ ပေါင်းကာဆုံ၍ ဖြစ်ကုန်ပြီးသည်ရှိသော်။ နိရုဇ္ဈန္တိ၊ ကုန်ဆုံးပျက်ယွင်း အဆက် ကင်း၍ ချုပ်ခြင်းမလှ ချုပ်ပျောက်ကြရကုန်သတည်း။ တေသံ၊ ထိုဆုတ်, တက် ငုပ်လျှိုး ချုပ်ပျက်ညှိုး၍ အုပ်စိုးမရ သင်္ခါရတို့၏။ ဝူပသမော၊ သိမ်းကာစံကြွ ငြိမ်းရာကြသည့် သိဝဗိမာန် နန်းနိဗ္ဗာန်သည် သာလျှင်။ သုခေါ၊ ကြည်သာ အေးမြ ဘေးမခဘဲ ချမ်းမြေ့လှလေတော့သည်တကား။

ထိုမှတပါး အရှင်အနုရုဒ္ဓါ,အရှင်အာနန္ဒာ စသော မထေရ်မြတ်တို့သည်လည်း အသီးအသီးသော သံဝေဂဥဒါန်းဖြင့် မရဏာဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းရွတ်ဆို ကြသည်မှာ များစွာပင် ရှိကြလေသေးသတည်း။

သုံးလောကတံခွန် အမွန်ရတနာ ဘုရားမြတ်စွာသည် တခါရောက်က နောက် ထပ်မပြန်သော ပြည်နိဗ္ဗာန်သို့ ဝင်စံတော်မူသောအခါ အနီးအနား ထံတော် ပါး၌ ခစား၍နေကြကုန်သော ပုထုဇဉ်,သောတာပန်,သကဒါဂါမ် ရဟန်းတော် အပေါင်းတို့သည် ဦးခေါင်းကိုရမ်း လက်ကိုတမ်းလျက် ပင်ပန်းကြီးစွာဖြင့် လူး ကာလှိမ့်ကာ ငိုကြွေးရှာကြကုန်၏၊ အနာဂါမ်နှင့် ရဟန္တာ အရှင်မြတ်တို့သည် သာလျှင် သင်္ခါရဓမ္မကို နှလုံးသွင်း၍ အတွင်းစိတ်မပူ သည်းခံတော်မူနိုင်ကြ ကုန်၏၊ ရောက်လာသမျှသော နတ်အပေါင်းတို့တွင်လည်း အနာဂါမ်, ရဟန္တာ တို့ကို ချန်လှပ်၍ ကြွင်းကျန်သော နတ်အပေါင်းတို့သည်ကား "ရွှေဘုန်းတော်ရှင် ဘုရားသခင်သည် သတ္တဝါတို့၏ ချမ်းသာကောင်းကျိုးကို သည်ပိုးရွက်ဆောင်

နေရသည်မှာ တာရှည်အောင်မျှ မနေရပါတကား၊ ထွက်လာသော နေမင်းသည် ရက်ခြင်းဝင်ဘိသကဲ့သို့ လူ, နတ်တို့၏ အလင်းမရအောင် တခဏခြင်းဖြင့်သာ ပရိနိဗ္ဗာန် ဝင်စံတော်မူရ ရှာသည်တကား”ဟု တရားကိုမထင်မြင် အဆင်ခြင်မရှိနိုင်ဘဲ သောကဖိစီး၍ ပရိဒေဝမီး တောက်လောင်ကြကုန်သတည်း၊ ယင်းသို့လျှင် ခြေမကိုင်မိ လက်မကိုင်မိအောင် ဖိစီးသော သောက, ပရိဒေဝ အရှိန်ဖြင့်သာ ထိုညဉ့်အကြွင်းကို ကုန်လွန်စေကြလေ၏။

နံနက်မိုးသောက် အလင်းရောက်သောအခါ အရှင်အာနန္ဒာသည် မလ္လာမင်းတို့ထံ တဖန်အကြောင်းကြားလေလျှင် မလ္လာမင်းတို့သည်လည်း အပူမီးတောက်လက်ကိုမြှောက်၍ အားရှိသလောက် ငိုကြွေးကာ ယောကျ်ား တယောက်ကို ခေါ်၍ “အို-အချင်းယောကျ်ား ဤငါတို့တိုင်းပြည် အတွင်း၌ရှိသော တူရိယာသမား တီးဝိုင်းများသည်၎င်း၊ အကျော်, စမ္ပာ စသော နံ့သာပေါင်း မျိုးစုံရောင်းသော သူအပေါင်းသည်၎င်း ဘုရားသခင် နိဗ္ဗာန်ဝင်ရာဌာနသို့ လာကြရမည့်အကြောင်းကို မောင်းကြော်ရမည်”ဟု အမိန့်ပေးလိုက်လေ၏၊ မောင်းသမားကြွေးကြော်သည့်အတိုင်း တူရိယာသမားနှင့် နံ့သာရောင်းစားသော သူအပေါင်းတို့သည် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူရာဌာနသို့ သွားရောက်ကြကုန်၏။

မလ္လာမင်းတို့နှင့်တကွ အားလုံးရောက်ကြလျှင် မြတ်စွာဘုရား၏ အလောင်းတော်ကို အကျော်, စမ္ပာ, နံ့သာဖြူ, နံ့သာနီ စသော အမွှေးအထုံတို့ဖြင့် မွှမ်းလျက် ထူးဆန်းသော အက,အ တီးတို့ကိုလည်း မငြီးအောင် က, တီး၍ ပူဇော်ကြကုန်လျက် အသစ်စက်စက်ဖြစ်သော ပုဆိုးဗိတာန်, ပုဆိုး မဏ္ဍပ်တို့ကိုလည်း ပြုလုပ်ကြစဉ် နှစ်ရက်မြောက်သောနေ့ကို လွန်စေ၏၊ ဤသို့လျှင် မြတ်စွာဘုရား၏ အလောင်းတော်မြတ် ရုပ်ကလာပ်ကို အထပ်ထပ်ပင် မပြတ် ပူဇော်ကြလျက် ခြောက်ရက်လွန်မြောက်၍ ခုနစ်ရက်သို့ ရောက်သောအခါ “ငါတို့သည် မြတ်စွာဘုရား၏ အလောင်းတော်မြတ်ကို မပြတ်မလပ် ပူဇော်ချီးမြှောက်ကာ ရတနာပြာသာဒ်ပေါ် သို့တင်၍ မြို့ပြင်၌ လကျ်ာရစ် သုံးပတ်လှည့်ပြီးလျှင် မြို့၏ တောင်စူးစူးဖြစ်သော အရပ်၌ အလောင်းတော်ကို မီးပူဇော်ကုန်အံ့”ဟု မလ္လာမင်းတို့ ကြံစည်ကြပြီးသော် ခွန်အားကြီးမားသော မလ္လာမင်းသားကြီး ရှစ်ယောက်တို့သည် တောက်ပြောင် သန့်ရှင်းသော အဝတ်သစ်ထို့ကို ဝတ်ကုန်လျက်

"အလောင်းတော်ကို ချီမကုန်အံ့"ဟု နှလုံးသွင်းကာ ခေါင်းရင်း, ခြေရင်းမှ ဝန်းရံ၍ ချီမကုန်သော်လည်း ကြွခြင်းငှါ မတတ်နိုင်ကြကုန်၊ ထိုအခါ မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါ မထေရ်ထံ အမြန်သွားကြ၍ "အရှင်ဘုရား အနုရုဒ္ဓါ တပည့်တော်တို့သည် သုသာန်သို့ဆောင်ခြင်းငှါ အလောင်းတော်ကို ချီပါကုန်သော်လည်း မလှုပ်မကြွ ချီမ၍မရပါကုန်၊ အကြောင်းထူး အသို့ရှိပါ သနည်း"ဟု လျှောက်ထားကြလေ၏၊ အရှင်အနုရုဒ္ဓါသည် "အို-ဒါယကာတို့ သင်တို့၏အကြံနှင့် နတ်တို့၏အကြံသည် မတူကွဲပြား တမျိုးတခြားစီ ဖြစ်၍နေချေသည်၊ သို့အတွက် အလောင်းတော်သည် မလှုပ်မကြွ ချီမ၍မရပေ"ဟု မိန့်တော်မူလေ၏၊ နောက်ထပ်တဖန် နတ်တို့၏ အကြံကို လျှောက်ပြန်သောအခါ "အသင် ဒါယကာမင်းတို့ နတ်တို့၏ အကြံအစည်ကား အလောင်းတော်မြတ်ကို နတ်စောင်းငြင်း တူရိယာ ပန်း,နံ့သာတို့ဖြင့် ပူဇော်လျက် မြို့အနောက်ဘက်မှ ယူဆောင်၍ မြောက်တံခါးသို့ ရောက်သောအခါ မြို့လယ်သို့ဝင်လာ၍ အရှေ့တံခါးမှ ထွက်ပြီးလျှင် မင်းတို့၏ မင်္ဂလာပူဇော်ရာဖြစ်သော မကုဋဗန္ဓန အရပ်၌ တေဇောဓာတ် လောင်စေလိုသည်"ဟု မိန့်တော်မူလေ၏။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်၏ မိန့်တော်မူအပ်သော စကားကို ကြားကြရသော မလ္လာမင်းတို့သည် "နတ်တို့၏ အလိုဆန္ဒအတိုင်း ဖြစ်ပါစေတော့ဘုရား" ဟု လျှောက်ထားကြ၍ အလောင်းတော်သွားရာကို သန့်ရှင်းစွာ သုမ်သင်စေ၏၊ ထိုသုမ်သင်အပ်သော မြေအရပ်၌ နတ်တို့သည် မန္ဒာရဝမည်သော နတ်ပန်းဖြင့် ကြဲဖျန်းလေရကား လူသွားလောက်သမျှသော ဌာနဝယ် ပုဆစ်ဒူး ကျွံနစ်မျှလောက်ရှိ၏၊ လူအပေါင်းနှင့် နတ်အပေါင်းတို့ သောင်းသောင်းညံမျှ အလောင်းတော်ကို ပူဇော်ကြခြင်းငှါ ထက်ဝန်းကျင်မှ ပွဲသဘင် အမျိုးမျိုးတို့ဖြင့် တိုး၍မပေါက်အောင် ရောက်လာကြသည်မှာ လွန်စွာများကုန်၏၊ အလောင်းတော်မြတ်ကိုလည်း မြို့အနောက်ဘက်မှမြောက်မျက်နှာ တံခါးဖြင့်ဝင်၍ မြို့လယ်ခေါင်သို့ ယူဆောင်ခဲ့ကြလေ၏၊လူတို့၏ အကြားအကြား၌ နတ်တို့သွားသည်ကိုလည်း ထင်ရှားစွာ တွေ့မြင်ကြရကုန်၏။

ဗန္ဓုလစစ်ဗိုလ်ကြီး၏ မယားဖြစ်သော မလ္လိကာသည် မြတ်စွာဘုရား၏ အလောင်းတော်မြတ်ကို ယူဆောင်လာသည်ဟု ကြားရလျှင် မိမိလင် သေသည်

မှစ၍ မဆင်မြန်းဘဲ ထားသော မဟာလ္လတာ တန်ဆာကြီးကို "မြတ်စွာဘုရား အား ပူဇော်အံ့"ဟုကြံကာ ၎င်းတန်ဆာကို နံ့သာရေဖြင့် ဆေးပြီးသော် အိမ်ဝမှ မြှော်၍ နေလေ၏၊ အလောင်းတော်မြတ် အိမ်ဝသို့ရောက်သောအခါ "အမောင်တို့ ခေတ္တမျှ ချကြပါဦး"ဟု တောင်းပန်ကာ ပြောဆို၍ ကိုယ်တော်မြတ် အလောင်းဝယ် ဦးခေါင်းမှစ၍ ဘဝါးတိုင်အောင် စွပ်လှူ ပူဇော်လေ၏၊ သိင်္ဂနိက်ရွှေအဆင်းကဲ့သို့ ဝါဝင်းထိန်ပြေ ကြက်သရေရှိလှသော ကိုယ်တော်မြတ်ဝယ် ခုနစ်ရပ်သော ရတနာတို့ဖြင့် စီခြယ်ကာထားသော တန်ဆာကို ဆင်ယင်လိုက်သောအခါ လွန်စွာပင် လျောက်ပတ်တင့်တယ်၍ ရှုချင့်စဖွယ် ဖြစ်လေ၏၊ ထို့နောက်မှ မလ္လိကာသည် အလောင်းတော်မြတ်ကို ချီအပ်သော လက်အုပ်ဖြင့် ဒူးတုပ်ရှိခိုးကာ "ဤတန်ဆာကို လှူရသော ပုညမျိုးမှန် ကောင်းမှုကံကြောင့် ဘဝတိုင်း,ဘဝတိုင်း တန်ဆာမဆင်ဘဲ တင့်တယ်၍ ရှုချင်စဖွယ်ကောင်းသော ရုပ်အဆင်းဖြင့် တဝင်းဝင်းလှပကာ တင့်တယ်ရပါလို၏ဘုရား"ဟု ဆုတောင်းလိုက်လေ၏၊ မလ္လာမင်းသား အထမ်းသမားတို့သည်ကား အလောင်းတော်ကို တဖန် ချီမ ထမ်းဆောင်ကြကုန်၍ အရှေ့တံခါးမှ ထွက်ပြီးလျှင် မင်္ဂလာပြုရာဖြစ်သော မကုဋဗန္ဓန အရပ်၌ လျောက်ပတ်စွာ ထားကြကုန်သတည်း။

မလ္လာမင်းတို့သည် အရှင်အာနန္ဒာအား "အရှင်ဘုရား အလောင်းတော်ကို အဘယ်သို့ သင်္ဂြိုဟ်ရပါမည်နည်း"ဟုလျှောက်ထားကြသောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဟောကြားတော်မူထားခဲ့သည့်အတိုင်း မိန့်တော်မူလေ၏၊ မလ္လာမင်းတို့သည်ကား အရှင်အာနန္ဒာ၏အမိန့်တော်အတိုင်း စီမံပြုလုပ်ကြပြီးလျှင် အလောင်းတော်ကို စန္ဒကူးထင်းပုံပေါ်သို့ တင်ကြကုန်၏။

အရှင်မဟာကဿပ ကြွလာတော်မူခြင်း

ရှင်တော်မြတ်ဘုရားသည် ငါးပါးသောခန္ဓာတို့ဖြင့် အပြန်ပြန်အခါခါ ထွေးယှက်ရာဖြစ်သော ဤသံသရာမှကူးထွက်၍ ကနက်ထီးဖြူ နန်းနိဗ္ဗူကို စံယူတော်မူသော ထိုအခါတွင် အရှင်မဟာကဿပ မထေရ်ကြီးသည် ပါဝါမြို့မှ ကုသိနာရုံပြည်သို့ တပည့်ငါးရာနှင့်တကွ ကြွလာတော်မူလေ၏၊ ထိုသို့ ကြွလာသောအခါ၌ တပည့်သံဃာ ငါးရာတို့သည် ပူလှစွာသော မြေကိုနင်း၍ နေပြင်းပြင်း လာရခြင်းကြောင့် လွန်မင်းစွာ ပင်ပန်းတော်မူကြသဖြင့် အရှင်မဟာကဿပ မထေရ်

ကြီးသည် "ညချမ်းလောက်မှ အရောက်သွား၍ ဘုရားရှင်ကို ဖူးမြင်တော့အံ့" ဟု ကြံစည်ကာ ခရီးလမ်းမှ သက်ဆင်း၍ တခုသော သစ်ပင်ရင်း၌ ပင်ပန်းခြင်း ဖျောက်ကာ နားနေကြလေ၏။

အရှင်မဟာကဿပနှင့်တကွ နောက်တော်ပါ တပည့်ငါးရာတို့ နားနေကြသောအခါ တက္ကတွန်းတယောက်သည် ကုသိနာရုံပြည်မှ ခွက်ကြီးပမာဏရှိသော မန္ဒာရဝနတ်ပန်းကြီးကို ထီးကဲ့သို့ဆောင်းကာ၍ ပါဝါမြို့သို့ လာလေ၏၊ ယင်းသို့သော အခြင်းအရာကို အရှင်မဟာကဿပ မြင်တော်မူရလျှင် "ဤတက္ကတွန်း လက်၌ ပါလာသော မန္ဒာရဝနတ်ပန်းသည် ဤလူ့ပြည်တွင် အခါခပ်သိမ်း မထင်ချေ၊ တန်ခိုးရှိသော ပုဂ္ဂိုလ်တို့ ဖန်ဆင်းသောအခါ၌၎င်း၊ ဘုရားအလောင်းတို့ ပဋိသန္ဓေနေသောအခါ, ဖွားတော်မူသောအခါ စသည်တို့၌၎င်း ထင်ရှားစွာ ဖြစ်ပေါ်လာလေ၏၊ ယခုအခါ၌မူကား အဘယ်သူမျှ တန်ခိုးလည်း မဖန်ဆင်း, ငါတို့ဆရာဖြစ်သော မြတ်စွာဘုရားလည်း ပြာဋိဟာတန်ခိုး အမျိုးမျိုးပြပြီး၍ အာယုသင်္ခါရပင် လွှတ်တော်မူချေပြီ၊ သို့ကြောင့် ဤအခါကား ဘုရားကျောင်း နိဗ္ဗာန်ယူသိမ်း ငြိမ်းတော်မူခြင်း ဖြစ်ပေလိမ့်မည်"ဟု ကြံစည်စဉ်းစားတော်မူကာ "ဤ တက္ကတွန်းကို ငါမေးရလျှင် ကောင်းပေလိမ့်မည်"ဟု တဖန် ကြံပြန်၏၊ သို့သော် ယင်းသို့ "နေမြဲတိုင်းပင် အဝေးကလှမ်းလျက် စကားကမ်း၍ မေးချေလျှင် ဘုရားရှင်ကို မရိုသေရာကျလတ္တံ့"ဟု နောက်ထပ်တမျိုး အကြံတိုး၍ ဆဒ္ဒန်ဆင်မင်း၏ ပတ္တမြားကျောက်မြတ် စီတပ်အပ်သော ချပ်ဝတ်တန်ဆာကဲ့သို့ မြတ်စွာဘုရား သနားတော်မူအပ်သော ပံသုကူ ဒုကုဋ်သင်္ကန်းကို ဝတ်ရုံတော်မူကာ လက်စုံယှက်၍ ဦးထိပ်ထက်၌တင်ပြီးသော် "ငါ့သျှင်အာဇီဝက ငါတို့ဆရာ မြတ်ဘုရားကို သင်ကား သိပါသလော"ဟု မေးလေ၏၊ တက္ကတွန်းကလည်း "ငါ့သျှင် သိပါ၏၊ ရဟန်းဂေါတမသည် ပရိနိဗ္ဗာန်ပြု၍ ယခု ခုနစ်ရက်ရှိပေပြီ၊ ဤ မန္ဒာရဝ နတ်ပန်းသည် ထိုရဟန်းဂေါတမ နိဗ္ဗာန်ယူရာဌာနကပင် ငါရခဲ့ပေသည်"ဟု ပြောဆိုလေ၏။

အာဇီဝက ပြောသော စကားကို ကြားကြရသော ရဟန်းငါးရာတို့တွင် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ဖြစ်သော ရဟန်းတို့သည် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲ၍ အူ့အသည်း ပြုတ်ကျတော့မည့်ပုံဟန် ပြင်းထန်စွာ ငိုကြွေးကြ

ကုန်၏၊ ဤသို့လျှင် ရဟန်းအများတို့က "ဘုရားကိုယ်တော်မြတ်သည် ငါတို့ကို ခြွင်းချန်၍ အမြန် နိဗ္ဗာန်ယူတော်မူခဲ့ချေပြီ၊ ဘုရားရှင်ကို ဖူးမြင်ခြင်းငှါ ပင်ပန်းကြီးစွာနှင့် လာကြပါသော်လည်း ငါတို့မှာ မဖူးရ, မမြင်ရ" ဟု ရင်ဝကို စုံတီး၍ အငိုကြီးငိုကြကုန်သော် ကြီးမှရဟန်းပြု၍ အာတုမပြည်မှ လိုက်လာသော တောထွက်ရဟန်းကြီး သုဘဒ္ဒသည် ငိုကြွေးမြည်တမ်းခြင်း မရှိ၊ ပကတိတည်ငြိမ်သော မျက်နှာဖြင့် "ငါ့သျှင်တို့ အဘယ်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးတသကြကုန်ဘိသနည်း၊ ငါတို့သည် ဂေါတမရဟန်း၏ လက်အောက်မှ ထွက်မြောက်ကြရကုန်ပြီ၊ ဤဂေါတမရဟန်းသည် ငါတို့အား 'ဤအမှုကို ပြုအပ်၏၊ ဤအမှုကိုကား မပြုအပ်၊ မည်သည့်အာပတ် သင့်စေ' စသည်ဖြင့် နှိပ်စက် ညှဉ်းပန်းခြင်းကို အမြဲတမ်းပြုချေသည်၊ ဤယခုအခါမှာမူကား ငါတို့ပြုလိုသမျှ ပြုကြရတော့မည်" ဟု ဝမ်းသာအားရ ပြောပြ၍ နေလေသတည်း။

သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီး ပြောပြနေသော စကားကို အရှင်မဟာကဿပ ကြားလေလျှင် အသည်းကြားကို အပ်ဖျားဖြင့် ဆွသကဲ့သို့ရင်း၊ ဦးထိပ်ထက်၌ မိုးကြိုးစက်ကျသကဲ့သို့ရင်း အောက်မေ့တော်မူကာ ဓမ္မသံဝေဂ ဖြစ်တော်မူ၍ "ယခုအခါ ဘုရားသခင် ကွယ်လွန်သည်မှာ ခုနစ်ရက်မျှသာ ရှိသေးသည်၊ ရွှေအဆင်းကဲ့သို့ ဝါငင်းသော အလောင်းတော်ပင် အထင်အရှား ရှိချေသေး၏၊ သို့ပါလျက် မကောင်းသောသူတို့ မကြည်ဖြူသော စကားကို ပြောဆိုနေချေပြီ၊ ထိုသူမျိုး တိုးပွား၍ များပြားလာသည်ရှိသော် သာသနာတော်ကို မကြာမီဖျက်ဆီး၍ အချည်းနှီး ပြုနိုင်ချေရာသည်၊ ငါသည် ဤသုဘဒ္ဒရဟန်းကြီးကို ဤလမ်းခရီး၌ပင် ပုဆိုးနွမ်းကို ဝတ်ဆင်လျက် ဦးထိပ်အပြင်၌ ပြာပုံကာနှင်ထုတ်စေသည် ဖြစ်အံ့၊ 'အရှင်ဂေါတမ၏ တပည့်သား သာဝကတို့သည် ကိုယ်တော်မြတ်မကွယ်မီ အခါကပင် အချစ်အကြင်နာမရှိ၊ ဝိဝါဒ, ကလဟများ ကုန်သည်၊ မထေရ်ကြီးတို့သည် မထေရ်ငယ်ဖြစ်သော ရဟန်းတို့ကို အနိုင့်အထက် နှိပ်စက်ကြသည်' ဟု ငါတို့အား လူအများ ကဲ့ရဲ့ကြကုန်လတ္တံ့" ဟု ကြံ၍ သည်းခံတော်မူသတည်း။

ထို့ပြင်တပါးလည်း အရှင်မဟာကဿပသည် "ကြိုးသီတံဖြင့် မကုံးသီအပ်သော ပန်းတို့သည် ဘရမ်းဘတာ ဖရိုဖရဲ ကြဲကုန်သကဲ့သို့ ထို့အတူပင်

ဘုရားမြတ် ပညတ်တော်မူအပ်သော ဝိနည်း သိက္ခာ, သုတ်, အဘိဓမ္မာ တရား အပေါင်းကို ကောင်းစွာရုံးစု၍ သင်္ဂါယနာ တင်ခြင်းမပြုခဲ့သော် မသူတော်ဖြစ်သော ရဟန်းဆိုး ရဟန်းယုတ်တို့သည်ကား တနေ့ထက်တနေ့ တရွေ့ရွေ့ တိုးပွားပြီးလျှင် ဘုရားရှင် ကိုယ်တော်မြတ်၏ ဟောတော်မူအပ်သော တရားတော်မြတ်တို့သည် နေရောင်တွေ့သော နှင်းငွေ့နှင်းပေါက်ကဲ့သို့ တရွေ့ရွေ့ ပျောက်ပျက်ကုန်ရာသည်၊လေးကျွန်းသေဌ်နှင်း စကြာမင်းတရားသည် သားကြီးရတနာအား စည်းစိမ်ဥစ္စာ ပြည်ရွာတိုင်းကားကို သိမ်းဆည်းစိမ့်သောငှါ မင်းမြောက်တန်ဆာနှင့် အရာအထူးကို ပေးသကဲ့သို့ ထို့အတူ သယမ္ဘူမြတ်စွာဘုရားသည် တရားတော်ကို စောင့်ထိန်းခြင်းငှါ အစစ္စာကပင် သုံးဂါဝုတ်တိုင်ရောက်အောင် ခရီးဦးကြိုဆိုတော်မူ၍ ငါ့ကိုလည်း ဆုံးမဩဝါဒ ပေးတော်မူပေသည်၊ ကိုယ်တော်မြတ်ဝတ်ရုံတော်မူအပ်သော ဒုကုဋ်သင်္ကန်းကိုလည်း ချီးမြှောက် ပေးသနားတော်မူပေသည်၊ မြတ်စွာဘုရား၏ တရားတော်အစဉ်ကို သင်္ဂါယနာမတင်ပါမူကား ကျေးဇူးတော်ကြီးမားသော ဘုရားရှင်၏ ကျေးဇူးတော်သည် မပြေဘဲ ရှိချေရာ၏၊မကြာခင်ပင် သင်္ဂါယနာတင်ရအောင် ငါလုံ့လပြုအံ့”ဟု အခြားသူကိုလည်း မပြောကြားသေးဘဲ မိမိ၏စိတ်ထဲကသာ ကြံတော်မူလေ၏၊ငိုယိုတသ၍ သောက အရှိန် ပြင်းလှသော ရဟန်းအပေါင်းကိုလည်း “ငါ့သျှင်တို့ သင်္ခါရတရား၏ ပျက်ပြားမြဲ သဘောတရားကို ဘုရားသခင်လည်း ဟောကြားတော်မူပြီးသည် မဟုတ်ပါလော၊ နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ သဘော၌ သောက မီးမတောက်ဘဲ ငြိမ်းပျောက်ကင်းရှင်းအောင် နေထိုင်ကြလော”ဟု ဟောပြော ဆုံးမ၍ ဩဝါဒဒေသနာဖြင့် သက်သာရာကိုရစေတော်မူပြီးလျှင် ခရီးစဉ်အတိုင်း ကြွတော်မူလေ၏၊ နောက်တော်ပါ တပည့်သံဃာ အချို့တို့သည် ငိုယိုသော မျက်နှာဖြင့် သက်သာခြင်းမရှိနိုင်ကြဘဲ တယိုင်ယိုင် တယိမ်းယိမ်းနှင့် ကတိမ်းကပါး ကြွသွားကြရှာကုန်၏။

အလောင်းတော်ကို တေဇောဓာတ်မီး ခံ့တော်မူခြင်း

ကုသိနာရုံပြည် သင်းချိုင်းတော်၌ မလ္လာမင်းသား လေးယောက်တို့သည် “မြတ်စွာဘုရား၏ အလောင်းတော်ကို မီးပူဇော်အံ့”ဟု ကြံ၍ အတောင်တရာ့

နှစ်ဆယ်မြင့်သော စန္ဒကူးထင်းပုံပေါ်သို့ တက်ပြီးလျှင် မီးရှို့ကြကုန်၏၊ တစုံတခုကိုမျှ မလောင်ချေ၊ ထို့နောက်မှ ရှစ်ယောက်, တဆယ့်ခြောက်ယောက်မှစ၍ များစွာသော မလ္လာမင်းတို့သည် စန္ဒကူးထင်းတို့၏ အကြား အကြား၌ ဆီ, ထောပတ်မှစ၍ မီးလောင်စေတတ်သော အရာဝတ္ထုများကို စုဆောင်းကာ အကြိမ်များစွာ မီးရှို့ကြပါသော်လည်း တစုံတခုကိုမျှ မီးမလောင်ဘဲရှိလေလျှင် အရှင်အနုရုဒ္ဓါထံ အမြန်သွားကြကုန်၍ "အရှင်မြတ်ဘုရား တပည့်တော်တို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို မီးရှို့ကြပါသော်လည်း တစုံတရာကိုမျှ မီးမလောင်ဘဲ ရှိခြင်းမှာ အဘယ်သို့သော အကြောင်းကြောင့်ပါနည်းဘုရား" ဟု လျှောက်ထားကြလေ၏၊ ထိုအခါ အရှင်အနုရုဒ္ဓါက "မလ္လာမင်းသားတို့ နတ်တို့၏ အလိုဆန္ဒ မပြည့်ဝသေးသောကြောင့် မီးမခနိုင်သည်"ဟု မိန့်တော်မူလေ၏၊ "နတ်တို့၏အလိုဆန္ဒ အဘယ်သို့ ရှိပါသနည်း" ဟု ထပ်မံလျှောက်ထားကြသောအခါ"သင်မင်းသားတို့၏ ခမည်းတော်များ ကွယ်လွန်သွား၍ နတ်ပြည်၌ ဖြစ်ကုန်သော မလ္လာမင်း ရှစ်ယောက်တို့သည် တတိယမြောက် သာဝကကြီးဖြစ်သော အရှင်မဟာကဿပကို အလွန်ကြည်ညိုကြပေကုန်သည်၊ ထိုအရှင်မဟာကဿပသည် ယခုကြွလာ၍ လမ်းခရီးမှာ ရှိနေချေပြီ၊ ထို အရှင်သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ရှိခိုးခြင်း မပြုရသေးသမျှ ဤထင်းပုံ ထက်၌ မီးမလောင်စေသတည်းဟု ကာဆီးတားမြစ်သော နတ်တို့၏ အဓိဋ္ဌာန်ကြောင့် မီးမလောင်နိုင်ပေ"ဟု မိန့်တော်မူလေ၏။

အရှင်အနုရုဒ္ဓါမထေရ်မြတ် မိန့်တော်မူအပ်သော စကားကို ကြားကြရသော လူအပေါင်းတို့သည်"အရှင်မဟာကဿပသည်ကားရှင်တော်ဘုရား၏ အားထားသော တပည့်ကြီးတဦးဖြစ်ပါလျက် အဘယ့်ကြောင့် ကြာနေဘိသနည်း၊ နတ်အများကပင် အရှင်မဟာကဿပ၏ အလိုဆန္ဒကို ပြည့်ဝအောင် ဖြည့်ကြပေသည်၊ ထိုအရှင်ကား အဘယ်မျှပင် ထူးမြတ်လှသနည်း၊ ဖြူဖြူလား, မည်းမည်းလား, နိမ့်နိမ့်လား, မြင့်မြင့်လား စသော စကားကို ပြောကြားကာ နေကြကုန်၏၊ ၎င်း လူအပေါင်းတို့တွင် အချို့ကလည်း ခရီးဦးကြိုဆိုကြကုန်၏၊ အချို့ကလည်း ကြွလာမည့် လမ်းခရီးကို သုတ်သင် ပြင်ဆင်ကြကုန်၏၊ အချို့ကလည်း မထေရ်ကြီးရောက်လာလျှင် သီတင်းသုံးရန် နေရာထိုင်ခင်းကို ပြင်ဆင်ကြကုန်

သတည်း၊ ထိုအခိုက် အရှင်မဟာကဿပသည် နောက်ပါ တပည့် ငါးရာနှင့် သင်းချိုင်းတော်သို့ ရောက်လာလေ၏။

ထိုသို့ရောက်လာလျှင် အလောင်းတော်မြတ်ကို ထင်းတလားတွင်း၌ သွင်းထားသည်ကိုမြင်၍ ကိုယ်ဝတ်သင်္ကန်းကို စံပယ်တင်ကာ ဘုရားရှင်ရှိရာသို့ ပဏာလက်အုပ် ညွတ်တုပ်ရှိခိုးလျက် စန္ဒကူးထင်းပုံကို လက်ျာရစ် သုံးပတ်လည်၍ ပူဇော်ပြီးမှ "ဤအရပ်၌ာနကား ဦးခေါင်းတော် ထားရာတည်း၊ ဤအရပ် ဌာနကား ဘဝါးတော် ရှိရာတည်း"ဟု မှတ်၍ ဘဝါးတော်သို့ ရှေးရှု ရပ်လျက် စတုတ္ထစျာန်သမာပတ်ကို ဝင်စားတော်မူပြီးသော် "ကိုယ်တော်မြတ်၏ ခြေတော်အစုံသည် လွှမ်းခြုံသမျှကို ဖောက်ထွက်၍ ဦးခေါင်းထက်၌ တည်စေသောဝ်"ဟု မနော‌အဓိဋ္ဌာန် ကြံတော်မူ၏၊ ထိုခဏ၌ အကန့်တထောင်တို့ဖြင့် တန်ဆာဆင်အပ်၍ တရာ့ရှစ်ကွက်သော စက်လက္ခဏာတို့တည်ရာ ဘုရားမြတ်စွာ၏ ဘဝါးတော်အစုံသည် လွှမ်းခြုံရစ်ပတ်သော ဝါဂွမ်းလွှာနှင့် ငါးရာသော ပုဆိုးအထပ်ထပ်တို့ကိုရင်း ထည့်သွင်း သိုမှီးအပ်သော ရွှေခေါင်းတော်ကိုရင်း, စန္ဒကူးထင်းပုံကိုရင်း ဖောက်ထွင်း၍ တိမ်တိုက်အတွင်းမှ ထွက်သော လမင်းကဲ့သို့ အရှင်မဟာကဿပ၏ ဦးခေါင်းတော်အထက်၌ ကောင်းမွန်စွာတည်လာလေ၏၊ အရှင်မဟာကဿပလည်း ပွင့်သစ်စ ပန်းဒေါင်းကဲ့သို့သော လက်အုပ်အစုံကို ဆန့်စင်း၍ ရွှေအဆင်းနှင့်တူသော ခြေတော်စုံနှစ်ဘက်ကို ဖမျက်တိုင်အောင်ကိုင်လျက် မိမိဦးခေါင်းအထက်၌ ထားကာ ရှိသေစွာ ရှိခိုးလေ၏၊ငါးရာသော ရဟန်းတို့လည်း အနည်းနည်း အဖုံဖုံ ရှိခိုးကြကုန်သတည်း။

စည်းဝေးရောက်လာ များစွာသော လူအပေါင်းတို့သည်လည်း ထိုအံ့ဘွယ်သရဲ ထူးကဲပုံကို မြင်ရ၍ ရွှင်ပျအံ့ဩလျက် ကျယ်လောင်စွာသော အသံဖြင့် အဖန်ဖန်ဟစ်အော်ကာ ပူဇော်ရာ အမျိုးမျိုးတို့ဖြင့် ရိုကျိုး ပူဇော်ကြကုန်၏၊ ယင်းသို့ ပူဇော်၍ပြီးကာမျှ၌ တဖန် အဓိဋ္ဌာန်ခြင်း ကိစ္စမရှိဘဲ ပကတိအားဖြင့်သာလျှင် အရှင်မဟာကဿပလက်မှ ထွက်တော်မူ၍ ထင်းပုံတလားကိုမျှ လှုပ်ရှားခြင်းမရှိစေဘဲ တည်မြဲတိုင်း ဝင်၍တည်လေ၏၊ ထိုသို့ခြေတော်အစုံ ထွက်ကုန်ဝင်ကုန်သော်လည်း အလောင်းတော်မြတ်၌ လွှမ်းပတ်အပ်သော ဝါဂွမ်းပုဆိုးတို့သည် စိုးစဉ်းမျှ မယိုယွင်းဘဲ ပကတိအတိုင်းသာ တည်ကုန်၏၊ ဤသို့လျှင်

မြတ်စွာဘုရား၏ ခြေတော်အစုံသည် အရှင်မဟာကဿပလက်မှ လွတ်ထွက်၍ ကွယ်သောအခါ များစွာသော ရဟန်း, ရှင်, လူတို့သည် ပူပန်ရိုနွမ်း ပင်ပန်း ရှိုက်ငင် ငိုပွဲကြီးဆင်ကြသည်မှာ ပရိနိဗ္ဗာန် စံစဉ်ကထက်ပင် ထူးကဲစွာ သနား ဘွယ်ရာ ဖြစ်ကြကုန်သတည်း။

လူအရပ်ရပ် နတ်အဖုံဖုံ များစွာကုန်သော ပရိသတ်အထုကြီးသည် အစုလိုက် အစုလိုက် တဟိုက်ဟိုက်ပူဆွေး၍ ငိုကြွေးကြကုန်စဉ် ဘုရားသခင်၏ အလောင်း တော်တည်ရာ နံ့သာထင်းပုံသည် တစုံတယောက်သောသူမျှ မီးမညှိရဘဲ ရဲရဲ ပြောင်ပြောင် မီးရောင်ထိန်လက် အရှိန်တက်ကာ အထက်မှစ၍ ကျွမ်းလေ၏၊ တေဇောဓာတ်မီး ခ,တော်မူပြီးသော် ကိုယ်တော်မြတ်၏ အရေ, အသား, အရိုး တော်များကား တပေါင်းတစုတည်းမထင် **ရွှေစင်တန်** **ပုလဲဥ**အလား **ချယားစေ့** အဆင်းရှိသော ဓာတ်တော်တို့ဖြစ်၍နှစ်တင်းခန့်မျှ ကြွင်းကျန်တည်လေသတည်း၊ ဤသို့ မြတ်စွာဘုရား၏ ကြွင်းကျန်သော ဓာတ်တော်တို့တွင် **စွယ်**တော်လေးဆူ၊ **ညှပ်ရိုးတော်** နှစ်ဆူ၊ န**ဖူးသင်းကျစ်တော်** တဆူ၊ ဤခုနစ်ဆူသော ဓာတ်တော် တို့သည် မပြိုမကွဲ တည်မြဲတိုင်းတည်ကုန်၍ အသမ္ဘိန္နဓာတ် မည်ကုန်၏၊ အခြား သော **ပဲနောက်**ပမာဏ, **ဆန်ကျိုး**ပမာဏ, **မုန်ညင်းစေ့**ပမာဏအားဖြင့် စိတ်ဖြာ ၍ တည်ကုန်သော ဓာတ်တော်တို့သည်ကား သမ္ဘိန္နဓာတ် မည်ကုန်သတည်း။

စန္ဒကူးထင်းပုံကို အကုန်မီးလောင်ပြီးလျှင် ကောင်းကင်ပြင်မှ လက်ရုံး ဖျားမျှလောက်သော ရေအလျဉ်သည် အောက်သို့သက်ဖျန်း၍ ငြိမ်းချမ်းစေ၏၊ အင်ကြင်းပင်ပျိုတို့၏ ထိုထိုသော အခွမှရင်း၊ ထက်ဝန်းကျင်သော မြေအပြင်မှ ၎င်း ထွန်တုံးပမာဏရှိသော ရေလုံးကြီးသည် တဟည်းဟည်းတက်၍ ထင်းပုံ အထက်ကို ဆွတ်ဖျန်းလေ၏၊ ဤသို့ မြေကြီးနှင့် ကောင်းကင်မှ တသွင်သွင်ပက် ဖျန်းသောရေအယဉ်၏ အစွမ်းကြောင့် တေဇောမီးဓာတ် ငြိမ်းချမ်းလတ်သော် မလ္လာမင်းတို့သည် ကြွင်းကျန်သောဓာတ်တော်များကို အားလုံးပင်ယူကြ၍ ရှင်ပျ သောသဒ္ဒါဓာတ်ဖြင့် နဝရတ်ခြယ်စီသော ရွှေဖျဉ်းအိုး၌ထည့်ပြီးသော် အလောင်း တော်ကို ကျင်းပပူဇော်ရာ စရပ်၌ ထူးမြတ်ကောင်းမွန်သော ကော်ဇောကမ္ဗလာ ကတ္တီပါ အမျိုးမျိုးတို့ကို ခင်း၍ ထုံသင်း မွှေးကြိုင်လှစွာသော နံ့သာပျောင်း, နံ့သာမှုန့်တို့ကို ပက်ဖျန်းလျက် အဆန်းတကြယ် တင့်တယ်စွာ ပြုပြင်အပ်သော

ရတနာပလ္လင်ထက်၌တင်ကာ ရှုချင်ဘွယ်ရာ အဖြာဖြာသော တံခွန်, ကုက္ကား, မုလေးပွား, ကြက်လျှာ, နံ့သာဆိုင်း, ပန်းဆိုင်းတို့ကို အတိုင်းမသိ ဆင်မြန်း၍ ရှင်လန်းစွာ ပူဇော်ကြကုန်၏။

ထိုမှတပါးလည်း ထား,လှံ, သန်လျက်, လက်နက်စွဲကိုင်ကုန်သော စစ်သည်တော် တပ်သားတို့ကို အစောင့်အရှောက်ထား၍ များစွာသော ပွဲလမ်းသဘင် ပဥ္စင်တူရိယာတို့ဖြင့် ကောင်းစွာပူဇော်ကြကုန်၏၊ထို့နောက်မှ တန်ဆာဆင်အပ်သော ဆင်ပြောင်ကြီး၏ ကျောပေါ်၌ ဓာတ်တော်ကို ရတနာပန်းတောင်းဖြင့် တင်ပြီးသော် ထီးဖြူတော်အုပ်ကာလျက် လက်ဝဲ, လက်ျာ နောက်မျက်နှာတို့၌ ဦးကင်းချင်း ယှက်ကာ ယှက်ကာ ညီညွတ်စွာရံစေသော ဆင်တတပ်၊ လည်ပင်းချင်း ယှက်ကာ ယှက်ကာ ကောင်းစွာရံစေသော မြင်းတတပ်၊ နားပန်းချင်း စပ်ကာစပ်ကာ ကောင်းစွာရံစေသော ရထားတတပ်၊လက်ရုံးချင်း ထိကာ ထိကာ တညီတညာ ကောင်းစွာရံစေသော ခြေသည်သူရဲ လက်နက်စွဲသော စစ်သားတတပ်၊ဤသို့အထပ်ထပ်ပင် ရံပတ်ခင်းကျင်းလျက် မြို့တော်အတွင်းသို့ဆောင်ယူပြီးလျှင် ပွဲသဘင်အဖုံဖုံတို့ဖြင့် ခုနစ်ရက်ပတ်လုံး ပူဇော်ကြကုန်သတည်း။

မြတ်စွာဘုရား၏ ခုနစ်နေ့အဖြစ်အပျက်ကို စစ်တွက် စုပေါင်း၍ ပြရာဖြစ်သော မြန်မာဂါထာ ရှစ်လုံးဖွဲ့ကဗျာများ

(၁) လောင်းတော်ညွန့်ဖူး - ကွန့်မြူးဉာဏ်ယင်၊
တုသိမြနန်း - ကြွလှမ်းစံစဉ်၊
ဖြဟ္မာ, နတ်များ - ညွတ်တွားပန်ဆင်၊
နေ့ ကြွက်မင်း - သက်ဆင်းသန္ဓေယှဉ်။

(၂) သုဒ္ဓေါ်မင်းမြတ် - နှင်းအပ်ဒေဝီ၊
မာယာမယ်ဘွား - နွယ်အားသာကီ၊
ဝမ်းတော်လွယ်ရ - ဆယ်လကြာရှည်၊
ပူးမင်းနေ့ - ဘွား၍အောင်သံချီ။

(၃) သွင်မူချောလျှပ် - သောင္ဒသ်ချိန်ခါ၊
ယသောဒ်နှထွား - စုလျားပြိုင်ကာ၊
ရာဟုသားမြတ် - ဘွားလတ်မြင်လာ၊
နေ့ဗျူဍ္ဍ - ထွက်ကြွမှိုင်ဟောမာ။

(၄) ဥရုဝေလ - ဟောမမြိုင်ခွင်၊
ခြောက်နှစ်ကျင့်သုံး - မြင့်ဘုန်းအရှင်၊
သစ္စာဖွင့်ပွဲ - တင့်ကဲအောင်မြင်၊
ဗုဒ္ဓဟူး - နေ့ထူးကြုံခိုက်ပင်။

(၅) ဗာရာဏသီ ကြွ၍နှုန်း - တောတန်းမြိုင်မွေ၊
ဝဂ္ဂီပဉ္စ - သင်ပြတူနေ၊
ဗြဟ္မာထပ်လောင်း - နတ်ပေါင်းသခေ်ျ၊
ဓမ္မာစက် - ဟောမြွက်နေ့စနေ။

(၆) မလ္လာပင်မင်း - အင်ကြင်းမြိုင်ယံ၊
အားတော်ခွေလျ - ကြွေကျပုံဟန်၊
ငိုပွဲယိုပွဲ - ပြိုလဲဆူညံ၊
အင်္ဂါနေ့ - ပြောင်းရွှေပြည်နိဗ္ဗာန်။

(၇) နံ့သာကျောင်းနှင့် - ရွှေခေါင်းစီမံ၊
တေဇာရှိန်လင်း - ထိန်ဝင်းတောက်လျှံ၊
မြတ်အလောင်းမှ - ဓာတ်ပေါင်းတော်ကျန်၊
ဂဠုန်နေ့ - ကြုံတွေ့တေဇောသံ။

အကျဉ်းမှတ်ချက်

၁။ အလောင်းတော် နတ်သားသည် တုသိတာ နတ်ပြည်မှ စုတေ၍ သက္ကရာဇ် ၆၇ - ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ တွင် မယ်တော်သိရိမဟာ မာယာ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေတော်မူသည်။

၂။ မယ်တော် သိရိမဟာ မာယာဒေဝီသည် ကပိလဝတ်ပြည်မှ ဒေဝဒဟ ပြည်သို့အသွား လမ်း၏အကြား အင်ကြင်းဥယျာဉ် အတွင်း၌ သက္ကရာဇ် ၆၈-

ခုနှစ် ကဆုန်လပြည့် **သောကြာ**နေ့ တွင် အလောင်းတော် သားထူးကို မီးရှူး သန့်စင် ဘွားမြင်တော်မူသည်။

၃။ အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် သက်တော် တဆယ့်ခြောက်နှစ် အရွယ်တွင် မောင်နှမ တဝမ်းကွဲဖြစ်သော ယသောဓရာ မင်းသမီးနှင့် စုလျားရစ်ပတ် လက်ထပ်တော်မူ၍ တဆယ့်သုံးနှစ်ပတ်လုံး ရှင်ပြုံးမြိန်မြိန် ထီးနန်းစည်းစိမ်ကို ခံစားတော်မူစဉ် နိမိတ်ကြီးလေးပါး ထင်မြင်၍ သားတော်ရာဟုလာကို ဘွားမြင်တော်မူသော သက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် **တနင်းလာ**နေ့ တွင် မြိုင်ခွင်တောနက်သို့ ထွက်တော်မူသည်။

၄။ ဥရုဝေလ တောအရပ်တွင် ခြောက်နှစ်ပတ်လုံး ကျင့်သုံးအပ်သော ဒုက္ကရစရိယာကို လွန်စွာသော ဝီရိယဖြင့် အဓိကကျင့်တော်မူ၍ သက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် **ဗုဒ္ဓဟူး**နေ့ တွင် ချမ်းမြေ့ကြည်ဖြူ ဘုရားဖြစ်တော်မူသည်။

၅။ ဘုရားဖြစ်တော်မူပြီး၍ မဟာဗောဓိပင်မှ ခြေလျင်ကြွတော်မူပြီးသော် ဗာရာဏသီပြည် အနီး မိဂဒါဝုန်တောကြီးဝယ် ကိုယ်တော်မြတ်နှင့် အတူ ကျင့်တော် မူကြသော ပဥ္စဝဂ္ဂီ ငါးဦးကို အမှူးထား၍ နတ်, ဗြဟ္မာအပေါင်းတို့အား သက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် **စနေ**နေ့ တွင် ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။

၆။ လေးဆယ့်ငါးဝါပတ်လုံး ချိမ့်အုံးသဲသဲထူးကဲလှစွာသော ဒေသနာတော် အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီး၍ ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်အတွင်း ခင်းထားအပ်သော ညောင်စောင်း၌ မြောက်သို့ ဦးခေါင်းစောင်းလှည့် တော်မူ၍ သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် **အင်္ဂါ**နေ့တွင် အမတဓာတ်နန်း စံမြန်းနိဗ္ဗူ ကြွတော်မူသည်။

၇။ ပရိနိဗ္ဗာန် စံယူပြီးသည့်နောက် ၁၃-ရက်မြောက်ဖြစ်သော သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့်ကျော် ၁၂-ရက် **တနင်္ဂနွေ**နေ့ တွင် ဘယ်သူမျှ မရှိ မမြှုက်ဘဲ အလိုလိုမီးထ၍ တေဇောဓာတ် ခတော်မူသည်။

တနည်းဆောင်ပုဒ် ကြွက် - သန့်, ပူး - ဘွား၊ ကျား - တောသွား၊ ဆင်-ဘုရားဖြစ်၊ စက်လှစ် - နာဂ၊ နိဗ် - သီဟ၊ ဂရုဠ - ဓာတ်မီးလောင်။

အဇာတသတ်မင်း စစ်ချီလာခြင်း

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်၏ မှူးမတ်တို့သည် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်ကြောင်းကို ကြားကြလေလျှင် ဆင်ခြင်မိကြသည်မှာ "ပုထုဇဉ်တို့၏ သဒ္ဓါကြည်ညိုခြင်းတွင် ငါတို့အရှင် ဘုရင်မင်းမြတ်နှင့်တူသော ကြည်ညိုကြသူမရှိ အဓိပတိ လွန်ကဲလှပေသည်၊ ဤငါတို့ဘုရင် အရှင်မင်းမြတ်သည် ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်းကို ကြားရလျှင် နှလုံးဝတွင် သံမှိုဖြင့်နှက်သကဲ့သို့ ချက်ချင်းပင် ဗုန်းဗုန်းလဲကာ နှလုံးကွဲ၍ သေရာသည်၊ ထို့ကြောင့် ငါတို့သည် ဘုရင်မင်းမြတ်၏ အသက်ကို မပျက်စီးအောင် တနည်းနည်းဖြင့် စောင့်ရှောက်သင့်ပေသည်"ဟု တိုင်ပင်ဆွေးနွေး အစည်းအဝေးပြုကြကုန်၍ လျှောင်းတန်ရုံမျှသော ရွှေကျင်းသုံးခုကိုယူကာ စတုမဓုဖြင့် ပြည့်စေပြီးသော် ဘုရင်မင်းမြတ်ထံသို့ ချဉ်းကပ်ကာ "အရှင်မင်းမြတ် ကျွန်တော်မျိုးများသည် အထူးအားဖြင့် ကြောက်မက်ဘွယ်သော အိပ်မက်ကို မြင်မက်ပါသည်၊ ယင်းအိပ်မက်ကို ဖျောက်ဖျက်စေလိုသည် ဖြစ်ပါ၍ အရှင်မင်းမြတ်သည် ဘွဲ့ဖြူပုဆိုးနှစ်ထည်ကို ဝတ်ကာ နှာခေါင်းဝမျှ ဖော်လျက် ဤစတုမဓုကျင်းထဲ၌ လှဲအိပ်တော်မူပါ"ဟု သံတော်ဦးတင်ကြလေ၏။

အဇာတသတ် မင်းမြတ်သည် ကောင်းကျိုးကို လိုလားကြသော မှူးမတ်များ၏ လျှောက်ထား သံတော်ဦးတင်ကြသည့်အတိုင်း မဆိုင်းမတွ အမြန်ထ၍ စတုမဓုကျင်းထဲ၌ လှဲအိပ်လေ၏၊ ထိုအခါ ပညာရှိ အမတ်တယောက်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်လားတော်မူရာ အရပ်ဆီသို့ လက်အုပ်ချီပြီးသော် "အရှင်မင်းမြတ်ဘုရား အရှင်မင်းတရား၏ ယုံမှားခြင်း သံသယကို ပျောက်ပကျေနပ်စေလျက် ဘုန်းတော် အာနုဘော်တက်၍ အသက်ကို ရှည်စေတတ်သော ဘုရားမြတ်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူပါပြီဘုရား"ဟု လျှောက်ထား သံတော်ဦးတင်လေ၏၊အဇာတသတ်မင်းမြတ်သည် အမတ်ကြီး လျှောက်တင်သော စကားကို ကြားရသောအခါ သစ်ပင်ပေါ်မှ မတော်တဆ ကျသောသူကဲ့သို့ သည်း, အူလှိုက်ဖို ကိုယ်အလုံးတုန်ဘိ၍ သတိမရတော့ဘဲ တ,သ, မိန်းမောကာ မြော၍ သွားရှာသတည်း၊ စိမ်အပ်သော စတုမဓုသည်ပင် ကျိုက်ကျိုက်ဆူကာ အငွေ့ထွက်လာ၏၊ အမတ်တို့

သည် ဘုရင်မင်းမြတ်၏ ကိုယ်ကိုချီမ၍ တခုသောကျောင်း၌ သိပ်ပြန်ကြသဖြင့် သတိရလာသောအခါ“အို-မှူးကြီးမတ်ကြီးများတို့ အသင်တို့သည် ဘယ်သို့သော အကြောင်းစကားကို လျှောက်ထား သံတော်ဦးတင်ကြသနည်း”ဟု မေးတော်မူ၏၊ “အရှင်မင်းမြတ် မြတ်စွာဘုရား နိဗ္ဗာန်လားတော်မူပါပြီ”ဟု လျှောက်တင်ကြလေ၏၊ ဘုရင်မင်းမြတ်လည်း ရှေးနည်းတူစွာ မေ့မြော၍ သွားရှာပြန်၏၊ ယင်းသို့လျှင် သုံးခါတိုင်တိုင် မေ့မြော၍ စတုမဓု ကျင်းသုံးခုထဲ၌ အလဲအလှယ် ပြောင်းရွှေ့ချပြီးလျှင် နောက်ဆုံးအကြိမ်တွင် စတုမဓုကျင်းမှ ဆယ်တင်၍ သန့်ရှင်းမွှေးကြိုင်သော နံ့သာရေတို့ဖြင့် ချိုးပေးကြလေ၏။

အဇာတသတ်မင်းမြတ်သည် အထပ်ထပ်အခါခါ မေ့မြောရှာ၍ နောက်ဆုံးအခါတွင်မှ ကောင်းစွာသတိရလေသော် မိမိဦးခေါင်းအပြင်မှ ဆံပင်တို့ကို ကပိုကရို ဖရိုဖရဲ ဖြန့်ကြဲလျက် သိမ်မွေ့နူးညံ့သော လက်နှစ်ဘက်တို့ဖြင့် မိမိရင်ပပ်ကို ခတ်တီးကာ ရှိုက်ကြီးတငင် ပူပင်ငိုကြွေးရှာ၍ လမ်းမဘက်သို့ ပြေးထွက်ပြီးလျှင် ရူးသောလူနှင့်မခြား သွားမိသွားရာ ဦးတန်းကာမပြေးလေ၏၊ တန်ဆာဆင်အပ်သော ကချေသည် အငြိမ့်သမားတို့သည် နောက်မှဝန်းရံကာ လိုက်ပါကြကုန်၏၊ ယင်းသို့လျှင် လမ်းတကာ့လမ်းသို့ အရမ်းမဲ့သွားပြီးလျှင် မြို့ပြင်သို့ထွက်၍ ဇီဝက ဥယျာဉ်ဘက်သို့ ပြေးလေ၏၊ မိမိအား တရားဟောဘူးသော နေရာတော်ကို ကြည့်မျှော်ကာ “ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် ဤနေရာ၌ သီတင်းသုံးဘော်မူ၍ တပည့်တော်အား တရားတော် ဒေသနာကို ဟောတော်မူသည်မဟုတ်ပါလော၊ တပည့်တော်၏ ကြောက်လန့်ညှိုးမှိန် စိုးရိမ်ပူဆွေးသော ငြောင့်အငုတ်ကို ပယ်နုတ်သည်မဟုတ်ပါလော၊ တပည့်တော်သည် အရှင်ဘုရားအား ခမည်းတော်ကြီးထက်ပင် ဆယ်ဆမက ညွတ်ခမပြတ် ဆည်းကပ်သည် မဟုတ်ပါလော၊ ယခုအခါ တပည့်တော်အား စကားတုံ့ပြန်၍ တခွန်းသောအသံကိုမျှ မိန့်ဟတော်မမူပါပြီတကား၊ရှေးအခါက တပည့်တော်၌ စူးရှသော သောကကို အရှင်ဘုရားဖျောက်ပယ်၍ သုခနယ်သို့ ပို့သော်လည်း ယခုစူးရှနေသော တပည့်တော်၏ သောကကိုကား အဘယ်သူများလာ၍ တရားနှင့်ဖြေဖျောက်ကာ ပြေပျောက်အောင် ပြုပါမည်နည်းဘုရား၊ တပည့်တော်မှာ မျောက်သစ်ကိုင်းလွှတ်,ငှက်တောင်ကျွတ်ကဲ့သို့ မချွတ်ဖြစ်ရပါပြီ

ဘုရား၊ ရေခန်းသောင်ါး, အမိကွယ်သော နွားကဲ့သို့ အားထားရာ ကင်းမဲ့ပါပြီ ဘုရား၊ ရှေးရှေးသော အခါများက မြတ်စွာဘုရားသည် သံဃာများစွာ ခြံရံလျက် နိုင်ငံအသီးသီး, ပြည်ကြီးအစုံစုံ, မြို့ကြီးအဖြာဖြာ, ရွာကြီးအရပ်ရပ်သို့ လှည့်ပတ်ကြွချီ ဒေသစာရီ ဖြန့်ကြောင်းကိုသာ ကြားရပါသည်၊ ယခုမှာမူကား တခါမပြန် ပြည်နိဗ္ဗာန်သို့ ဝင်စံကြွပြီဟူသော သတင်းစကားကိုမျှသာ ကြားရပါတော့သည်ဘုရား”စသည်ဖြင့် တ,သ,ငိုယို မြည်တမ်းကာ ပြောဆို၍ မျက်ရည်ကို မဆည်နိုင်ဘဲ တယိုင်ယိုင်-တယိမ်းယိမ်းနှင့် ကတိမ်းကပါး ဖြစ်နေရှာလေ၏။

အဇာတသတ်မင်းသည် ငိုကြွေးရင်းမှ သတိရလာ၍ နောက်ခါတဖန် ကြံမိသည်မှာ “ငါသည်ကား ဤကဲ့သို့ ပူပင် လောင်ဆွေး၍ ငိုကြွေးနေသဖြင့် အခွင့်မသာ မပြည့်စုံရာချေ၊ အမွေအနှစ်ဖြစ်သော ဓာတ်တော်များကို သွား၍ ဆောင်ယူပင့်မှ သင့်တော့မည်တကား”ဟု စိတ်ထားကို တမျိုးတင်း၍ လိုရင်းကို ကြံကာ အောက်ပါစာကို ရေးပြီးလျှင် မလ္လာမင်းတို့ထံ ပေးလိုက်လေ၏။

အကြည်တော်များထံ

အဆွေတော်မလ္လာမင်းတို့ ရှေ့တော်သခင် ဘုရားရှင်သည် ရှေးအစဉ်ဖြစ်သော မဟာသမ္မတမင်းမှ အသ မ္ဘိန္နတွဲ့ယ အန္တယ်မပြတ်ဘဲ တကယ် မြင့်မြတ်လှသော မင်းမျိုးပေတည်း၊ အကျွန်ုပ်တို့သည်း ထို့နည်းတူစွာ သက်ဆင်လာသော မဟာမျိုး မဟာန္တယ်ဖြစ်ရကား ဘေးတော် ဘိုးလောင်း မင်းအဆောင်းတို့၏ ဓာတ်အရိုးကို မပြတ်ကိုးကွယ် ဖြစ်ပေသည်၊ ထို့အတွက် ဘုရားကိုယ်တော်စား ဓာတ်တော်များကို အကျွန်ုပ်တို့အဘို့ တစုတပုံ ရသိုက်ပါကုန်၏၊ စေတီတည်၍ ယုံကြည်အားထား လေးလေးစားစား ကိုးကွယ်ကြပါမည်၊ ဘုရားနှင့် ဓာတ်တော်များကို အကျွန်ုပ်တို့အား အဘို့အစု ဝေဘန်စေလိုကြောင်း။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်။

အထက်ပါ အဇာတသတ်မင်း၏ စာလွှာအတိုင်း (၁) ဝေသာလီပြည်-လိစ္ဆဝီမင်း၊ (၂) ကပိလဝတ်ပြည်-သာကီဝင်မင်း၊ (၃)အလ္လကပ္ပပြည်-ဗုလမင်း၊ (၄) ရာမရွာ-ကောလိယမင်း၊ (၅) ဝေဌဒီပတိုင်း-ပုဏ္ဏားများ၊ (၆) ပါဝါပြည်-မလ္လာမင်း၊ ဤမင်းတို့သည်လည်း တမန်စေ၍ ဓာတ်မွေတော်ကို တောင်းကြကုန်သတည်း။

ခါတ်တော်ဝေခြင်း

သံတမန်နှင့်တကွ စာလွှာကိုပို့ပြီး၍ မျှားမကြာမီပင် အဇာတသတ် ဘုရင်သည် စစ်သည်ဗိုလ်ပါတို့ကို လိုရာမရှိအောင် ရုံးစု၍ "သံတမန်နှင့် စာလွှာကို စေလိုက်သည့်အတိုင်း မဆိုင်းမတွပေးသော်လည်း ပေးကြစေ၊အကယ်၍မပေးကြဘဲနေခဲ့မူ ကုသိနာရုံပြည်အလုံးကို မီးဟုန်းဟုန်း တောက်သကဲ့သို့ အစပျောက်ပယ်ဖျက်၍ ညက်ညက်မှုမှု ကျေစေပြီးလျှင် ဘုရားရှင်၏ ဓါတ်တော်ကိုယူအံ့"ဟု ကြုံးလျက် ကိုယ်တိုင်ထွက်၍ ချီတက်တော်မူလေ၏၊ ကုသိနာရုံပြည်သို့ ရောက်သောအခါ မြို့ကို ဝန်းရံကာနေလေ၏၊ ထို့အတူပင် ဝေသာလီမင်း, ကပိလဝတ်မင်း စသော ဘုရင်အပေါင်းတို့သည်လည်း လက်နက်ကောင်း ကိုင်စွဲသောသူရဲကောင်း စစ်သားတို့ဖြင့် ချီတက်၍ လာပြီးလျှင် ထက်ဝန်းကျင်မှ ဝန်းရံကာနေကြကုန်သတည်း။

ယင်းသို့ ခုနစ်ပြည်ထောင်မင်းတို့သည် အချင်းချင်း တူမျှသော သံတမန်တို့ကို စေလွှတ်ကာ"ဘုရားရှင်၏ ဓါတ်တော်ကို ပေးမည်လော၊ သို့တည်းမဟုတ် လက်နက်ကိုင်စွဲ၍ စစ်ပွဲပြုလုပ်မည်လော"ဟု ပြောဆိုစေ၏၊ ခုနစ်ပြည်ထောင်မင်းတို့၏ ထန်ပြင်းသော ရာဇသံကို ကြားကြရသော မလ္လာမင်းတို့ကလည်း ရာဇမာန်တင်းတင်းနှင့် ချက်ချင်း အကြောင်းပြန်သည်မှာ "ဘုရားသခင်သည် အသင်တို့တိုင်းပြည်၌ သီတင်းသုံးရာဝယ် အကျွန်ုပ်တို့ ပင့်ဆောင်၍ လာသည် မဟုတ်ပေ၊ သတင်းစကားကိုလည်း မှာထားလိုက်ရသည်မဟုတ်၊ကိုယ်တော်မြတ် အလိုလိုသာ ကြွရောက်လာ၍ ဤအကျွန်ုပ်တို့၏ ကုသိနာရုံ အင်ကြင်းစုံဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူသည်၊ အကျွန်ုပ်တို့ ကိုးကွယ်ထိုက်၍ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော်မူလာပေသည်၊ အသင်တို့ပိုင်ဆိုင်သော ဂါမခေတ်အတွင်း၌ တစုံတခုသော ရွှေ, ငွေ ရတနာ ဖြစ်ထွန်းလာခဲ့သော် ကျွန်ုပ်တို့အား အသင်တို့ ပေးကြမည်မဟုတ်ပေ၊လောကသုံးပါး၌ မြတ်စွာဘုရားနှင့်တူသော ရတနာသည် မရှိ၊ ယင်းသို့ အသဒိသအစစ်ဖြစ်သော ရတနာအနှစ်ကို အသင်တို့အား အဘယ် ဥပဒေနှင့်သက်၍ အဘယ်အတွက် ပေးနိုင်ပါမည်နည်း၊ အသင်တို့သာ အမိနို့ကို စို့သောက်၍ သို့ကလောက်ကြီးလာသည်မဟုတ်၊အကျွန်ုပ်တို့လည်း အမိနို့စို့သော သူတို့ပင်တည်း၊ အသင်တို့သာ အာဇာနည်ဘွား မင်းယောကျ်ားဖြစ်၍ ကျွန်ုပ်



ဒေါဏပုဏ္ဏား ဆရာကြီးသည် ရှစ်ပြည်ထောင်မင်းတို့အား ဓာတ်တော်ဝေခဏ်း။

တို့ကား ယောကျ်ားမဟုတ်သလော၊ အသင်တို့သာ အသက်နှင့်လူဖြစ်၍ ကျွန်ုပ်တို့ကိုကား အသက်နှင့်ကင်းသော ထင်းတုံးတို့မှတ်သလော၊ ဖြစ်လိုသမျှ ဘယ်လိုပင်ဖြစ်ဖြစ် ရတနာစစ်ဖြစ်သော ဘုရားရှင်၏ ဓာတ်တော်ကို မပေးဝေနိုင်” ဟု ကြုံးဝါးသံပ၍ မာန်မာနဖြင့်သာ ပြန်ကြားလိုက်လေ၏။

ထိုတိုင်းပြည် ထီးဆောင်းမင်း အပေါင်းတို့သည် အချင်းချင်း ကြုံးဝါးသံပ ငြင်းခုံကြရာတွင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ပေါ်လွင်ထင်ရှားသော မင်းပုဏ္ဏားတို့၏ လေးစားညွတ်နူး ဆရာဖြစ်ဘူးသော ဒေါဏပုဏ္ဏားကြီးလာ၍ သင့်ရာအရပ်မှ နေပြီးသော် * နှစ်ဘာဏဝါရခန့်ရှိသော စကားဖြင့် ပြောကြားအော်ဟစ်ကာ ဆုံးမလေ၏၊ ထီးဆောင်းမင်းတို့၏ အချင်းချင်းငြင်းခုံ၍ သူတဖုံ ငါတမျိုးပြောဆိုနေကြသော အသံတို့ဖြင့် ဆူညံနေခြင်းကြောင်း ဆရာပုဏ္ဏား၏ ပထမဘာဏဝါရစကားကို မကြားလိုက်ကြရဘဲ ဒုတိယဘာဏဝါရ အဆုံး၌သာ “ငါတို့ဆရာ၏ အသံနှင့်တူချေသည်တကား” ဟု နှုတ်ဖျားကိုပိတ်၍ အသံတိတ်ကြလေ၏။

ဒေါသထန်ပြင်းသော ဘုရင်မင်းတို့၏ အချင်းချင်း ပြောဆိုငြင်းခုံသော အသံသည် တိတ်ဆိတ်သွားသောအခါ ဆရာဖြစ်သော ဒေါဏပုဏ္ဏားသည် “သမ္မုတိနတ်ဖြစ်သော အို-မင်းမြတ်အပေါင်းတို့ ကောင်းစွာ နားထောင်ကြကုန်လော၊ သင်တို့, ငါတို့၏ဆရာ ဘုရားမြတ်သည် ပါရမီတော် အဆူဆူကို ဖြည့်ကျင့်တော်မူသော ဓမ္မပါလမင်းသား, ခန္တိဝါဒီရသေ့, မဟာသီလဝမင်း, ဘူရိဒတ်နဂါး, စမ္ပေယျနဂါး, သင်္ခပါလနဂါး, မဟာကပိမျောက်မင်း ဤသို့စသော ဘဝ ဖြစ်တော်မူသော အခါကာလတို့၌ ဒေါသမထွက် အမျက်မပွါး သည်းခံတော်မူလေ့ ရှိပါပေသည်၊ သည်းခံခြင်းတရားကို အမြတ်ထား၍ အမှတ်အသားပြုကာ ချီးမွမ်းဟောပြောလေ့ ရှိပါသည်၊ ယခု ဘုရားဖြစ်တော်မူသော ကာလ နောက်ဆုံးဘဝ၌မူကား အဘယ်ဆိုဘွယ်ရာ ရှိပါချေအံ့နည်း၊ ကိုယ်တော်မြတ်၏ အသက်ကို ဖျက်ဆီးရန်မူသော ရန်သူ ဒေဝဒတ်ကိုပင် ကျေနပ်ကြည်ဖြူ သည်းခံတော်မူချေသည်၊ အသင်မင်းတို့သည် သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံသော ဘုရားရှင်ထံတွင် ကျိုးနွံဆည်းကပ်သော ဥပါသကာတွေချည်း ဖြစ်ချေသည်၊ မြတ်စွာဘုရား၏ ဓာတ်တော်ကို ပူဇော်လိုခြင်းအကြောင်းကြောင့် မကောင်းမှု

---

* ဂါထာငါးရာရှိသော စကား။ (တဘာဏဝါရတွင် ဂါထာ–၂၅၀) တည်း။

ဖြစ်ပွား၍ ခိုက်ရန်များခြင်း, စစ်ထိုးခြင်းတို့ကို အလျဉ်းမပြုသင့်ချေ၊ အညီ အညွတ်သာ ဖြစ်သင့်ပေ၏၊ မေတ္တာရေ ဖျန်းဆွတ်၍ အညီအညွတ်ဖြစ်ကြပါကုန်၊ အချင်းချင်း ချစ်ခင်၍ အရှင်မြတ်၏ ဓာတ်တော်ကို ပူဇော်ရိုကျိုး ခိုကိုးကြည်ညို ကြပါကုန်၊ ညီတူညီမျှ ကိုးကွယ်ကြရအောင် *အဋ္ဌဘာဂပြု၍ ကျွန်ုပ်ဝေဘန်အံ့" ဟု ပြေဖြန်လေ၏၊ ထိုဒေါဏပုဏ္ဏားပြောသော စကားကို ကြားကြရသော မင်းအပေါင်းတို့သည် ဆရာဖြစ်သော ဒေါဏပုဏ္ဏားထံ အမြန်လာကြ၍ "ဆရာ ပုဏ္ဏားပင် စိတ်ထားဖြူဖြူနှင့် ဝေငှတော်မူပါ" ဟု တညီတညာ ပြောဆို အပ်နှင်း ကြကုန်သတည်း။

ဒေါဏပုဏ္ဏားသည် ထိုမင်းမြတ်တို့၏ ဝန်ခံအပ်သောစကားကို ကြားရသော အခါ ဓာတ်တော်ကို ဝေအံ့သောငှါ နဝရတ်ကိုးသွယ်တို့ဖြင့် ခြယ်လယ်ပြုပြင် တန်ဆာဆင်အပ်သော ရွှေအိုးကြီးကို ဖွင့်လိုက်လေလျှင် ရွှေစင်ရွှေသား အဆင်း ကဲ့သို့ ထိန်ဝင်းပြောင်လျှပ်သော ဓာတ်တော်တို့ကို မြင်ကြရသဖြင့် ရင်ဝကို အသာဖိ၍ မချိအောင်ဖြစ်ကြကုန်လျက် "ငါတို့သည် ရှေးအခါက ဝါရွှေထိန်ဝင်း သော ဘုရားရှင်၏ အဆင်းကိုသာ ဖူးမြင်ရမြဲဖြစ်ပါလျက် ယခုမှာမူကား ဓာတ် တော်များကိုသာ မြင်ရပါတော့သည်တကား" ဟု များစွာ တ,ဆို၍ ငိုကြွေးကြ ကုန်သတည်း၊ ဒေါဏပုဏ္ဏားလည်း ဘုရင်မင်းများငိုကြွေး၍ ပူဆွေးမေ့လျော့စဉ် အခါ လကျ်ာ အထက်စွယ်တော်ကိုယူ၍ မိမိ၏ ဦးရစ်ခေါင်းပေါင်းကြား၌ ဝှက် ထားလိုက်လေ၏၊ လကျ်ာ အောက်စွယ်တော်တဆူကိုကား ခြေထောက်ဖြင့် နင်း ထားလေ၏၊လက်ဝဲ အထက်စွယ်တော်တဆူကိုလည်း အပေါ်ရုံတဘက်အကြား၌ ဝှက်ထားလေ၏၊ ထို့နောက်မှ ရှစ်ပုံမျှပြု၍ တစုစီ ဝေဘန်လေ၏၊ တစုလျှင် တစိတ်မျှစီ ရလေသတည်း။

ဒေါဏပုဏ္ဏားသည် ဓာတ်တော်များကိုဝေငှစဉ် နတ်ဘုရင်ဖြစ်သောသိကြား မင်းသည် "လကျ်ာ အထက်စွယ်တော်တဆူကို အဘယ်သူယူသနည်း" ဟု ကြည့် ရှုလေလျှင် ဒေါဏပုဏ္ဏား၏ ခေါင်းပေါင်းကြား၌ ဝှက်ထားသည်ကို မြင်၍ "ဤပုဏ္ဏားသည် အရိုအသေ ပူဇော် ကိုးကွယ်နိုင်ပါမည်လော" ဟု သတိပြု၍

---

* ရှစ်ပုံ-ရှစ်ဘို့။

ကြည့်ရှု စဉ်းစားသောအခါ ကောင်းစွာ မကိုးကွယ်နိုင်ကြောင်းကို သိရသဖြင့် မိမိ၏တန်ခိုးဖြင့် စွယ်တော်ကို ပင့်ယူကာ စူဠာမဏိစေတီ၌ ဌာပနာလေ၏။

ဇေယျသေန နဂါးမင်းသည်ကား "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော အကြောင်းကို ကြားရလေလျှင် ယနေ့အဆုံးစွန် ဖူးမြင်ခြင်းဖြင့် ဖူးမြင်ကန်တော့ အံ့"ဟု ကုသိနာရုံပြည်သို့လာ၍ ကြီးကျယ်စွာ ပူဇော်ပြီးလျှင် သင့်တော်သော နေရာ၌ ကောင်းစွာနေလေ၏၊ ထိုအခါ ဒေါဏပုဏ္ဏားသည် ခြေဖျားဖြင့် နင်းယူ ၍ ထားသော လကျ်ာ အောက်စွယ်တော်ကို မြင်ရ၍ နဂါးတို့၏ တန်ခိုးဖြင့် နဂါးပြည်သို့ ပင့်ဆောင်ကာ ကြီးကျယ်ခမ်းနားစွာ ကိုးကွယ်လေ၏။

အပေါ်ရိုတဘက်ကြား၌ ဝှက်ထားသော လက်ဝဲ အထက်စွယ်တော် တဆူကို ကား ဂန္ဓာရတိုင်း၌ နေဘူးသော ဗျာဒိတ်တော်ရ ရဟန်းတပါးသည် ကုသိုလ် စိတ်ထားဖြင့် ပင့်ယူ၍ မိမိ ဂန္ဓာရတိုင်း စေတိယတောအုပ်၌ စေတီတည်ကာ ဌာပနာသွင်း၍ ကိုးကွယ်လေ၏။

လက်ဝဲ အောက်စွယ်တော်တဆူကိုကား အရှင်သာရိပုတြာ၏ တပည့် ခေမ မည်သော ရဟန္တာအရှင်မြတ်သည် တေဇောဓာတ်လောင်ရာ ညီးညီးရဲရဲ စန္ဒကူး ထင်းပုံထဲမှ တန်ခိုးဖြင့် ပင့်ဆောင်၍ ကာလိင်္ဂတိုင်း ဒန္တပူရ မြို့တော်သေဋ္ဌနင်း ဗြဟ္မဒတ်မင်းမြတ်အား နှင်းအပ်၍ ကိုးကွယ် ပူဇော်စေ၏။

ဒေါဏပုဏ္ဏားသည် ဓာတ်တော်များကို ဝေငှပြီးသောအခါ မိမိသိုဝှက်ထား သော စွယ်တော်များကိုကြည့်လေလျှင် တဆူမျှမမြင်တော့သည်ဖြစ်၍ သူတပါး ကိုလည်း မမေးသာ "ငါ့အတွက်တာ ပေးပါ"ဟု ဆိုရမှာလည်း မိမိက ဝေငှသူ ဖြစ်သောကြောင့် မသင့်ရကား "အို-ဘုရင်များတို့ ကျွန်ုပ်အား ဓာတ်တော် ထည့်သော ရွှေအိုးကို ပေးပါ" ဟူ၍သာ တောင်းရရှာသတည်း၊ ဘုရင်မင်းတို့ ကလည်း ဓာတ်တော်ခြင်သော စရွတ်ခွက်ကိုသာ ပေးကြကုန်၏၊ ဒေါဏပုဏ္ဏား ကြီးလည်း ထိုရလာသော စရွတ်ခွက်ကိုပင် ဓာတ်တော် ဟု အမှတ်ထား၍ မိမိ မြို့တွင် စေတီတည်ကာ ကိုးကွယ်ရရှာလေ၏။

ထို့နောက်မှ ပိပ္ပလိဝန၌ နေကြသော မောရိယမင်းတို့သည် ယခင် ခုနစ်ပြည် ထောင် မင်းတို့ကဲ့သို့ မလ္လာမင်းတို့ထံ သံတမန်စေလွှတ်၍ ဓာတ်တော်ကို တောင်း

ကြလေ၏၊ မလ္လာမင်းတို့ကလည်း "ဓာတ်တော်ကို ဝေဘန်၍ ကုန်ချေပြီ၊ အလောင်းတော်ကို သင်္ဂြိုဟ်သော စန္ဒကူးမီးသွေးသာ ကြွင်းကျန်ပါတော့သည်၊ ဤ မီးသွေးကိုသာ ကိုးကွယ်ကြပါတော့"ဟု ပေးလိုက်လေ၏၊ ထိုမောရိယ မင်းတို့သည်လည်း စန္ဒကူး မီးသွေးကိုသာ စေတီတည်ကာ ဌာပနာသွင်း၍ ကိုးကွယ်ခြင်း ပြုကြရကုန်သတည်း။

သတိပေးချက် သုံးလောက၏ မကိုဋ် သုံးတိုက်လုံး၏ မှန်ကူဖြစ်သော သယမ္ဘူထွတ်ထား ရှင်တော်မြတ်ဘုရားသည် အို,နာ,သေရေး ဒုက္ခဘေးတို့ဖြင့် ရှုပ်ထွေး ရောပြွမ်းရာ ဤသံသရာ့လမ်းတာကို ပယ်ခွါ စွန့်လွှတ်တော်မူပြီးလျှင် အလုံးစုံသော ဒုက္ခဟူသမျှ မတွေ့ရာ မကြုံရာ ခေမာနိဗ္ဗူ စံယူတော်မူသွားရှာ လေပြီ၊ ယင်းသို့ ဘုရားရှင်မြတ် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သော်လည်း ဘုရားရှင်မှ ကြွင်းကျန်ရစ်သော ဆံတော်, အံတော်, ညှပ်ရိုးတော်, စွယ်တော် စသော ဓာတ်တော် အပေါင်းတို့ကား ကြွင်းကျန် တည်ရှိရုံမက ဘုရားရှင်မြတ် ဟောကြားအပ်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့သည်လည်း နေမင်း, လမင်းတို့အလား ထင်ရှားစွာ တည်ရှိကြကုန်သေးသည်ဖြစ်၍ ဘုရားရှင်သည် နိဗ္ဗာန်မသွား အမြဲထင်ရှားရှိသကဲ့သို့ စိတ်ထားစိတ်နေ မပြောင်းကြဘဲ သဒ္ဓါကောင်း စေတနာဖြင့် ဤဗုဒ္ဓသာသနာတော်ကြီး ကြီးပွား ထွန်းကားလေအောင် ကြိုးစားအားထုတ် ပြုလုပ်သင့်ကြပေကုန်သတည်း။

သုဓမ္မဝတီ ဗုဒ္ဓဝင် ပြီး၏။

မဟာမြေသပုံတော်များ



လုမ္ဗိနီကျောက်တိုင်

အလောင်းတော်မြတ်သည် သက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသဠ် နက္ခတ်နှင့် စန်းမြတ်ယှဉ်သော သန်းခေါင်ယာမ် အချိန်ဝယ် သိရီမဟာမာယာ၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ စွဲနေတော်မူ၏၊ ဆယ်လမြောက်သောအခါ မိဖုယားခေါင်ကြီးသည် ဒေဝဒဟပြည်သို့အသွား ဤပုံတွင်မြင်ရသော **လုမ္ဗိနီဥယျာဉ်** ကို တွေ့၍ ဥယျာဉ်အတွင်းသို့ဝင်ကာ အင်ကြင်းပန်းကို ခူးယူမည်ဟု အကိုင်းကို ကိုင်လိုက်ရာ ကမ္ဘာလေ လှုပ်ရှား၍ ဘုရားအလောင်းသားကောင်း ရတနာကို သက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ဘွားမြင်တော် မူလေ၏၊ ပုံတွင်မြင်ရသော ကျောက်စာတိုင်ကား သိရီဓမ္မာသောက မင်းတရားသည် ဘုရားလောင်း ဘွားမြင်တော်မူရာ အရပ်ကို အမှတ်အသားပြု၍ စိုက်ထားသော ကျောက်စာတိုင်ပေတည်း၊ လုံးပတ် ခြောက်တောင် အမြင့် ရှစ်တောင်ခန့် ရှိ၏။



လုမ္ဗိနီ ဥယျာဉ်တော်

ဤကား လုမ္ဗိနီကျေးကက်တိုင် တည်ရှိရာဖြစ်သော အလောင်းတော်မင်းသား ကို ဘွားမြင်တော်မူရာ **လုမ္ဗိနီဥယျာဉ်တော်** ပင်တည်း၊ ရှေးအခါ ကာလက အင်ကြင်းပင်ပေါင်းများစွာတို့ဖြင့် သာယာစိမ်းစိုလျက် နှစ်လိုဘွယ်အထူး အဖူး, အငုံ, ပွင့်တံစုံတို့ဖြင့် အာရုံစက္ခု သူ့ထက်ငါလုပြီးလျှင် ကြည့်ရှုရသော ဥယျာဉ် တော်ကြီးသည် ယခုအခါဝယ် အင်ကြင်းပင်တို့ကိုမူ အရှင်းမမြင်ရဘဲ အခြား သော သစ်ပင်ကလေးများသာ ခပ်ကြဲကြဲ ရှိလေတော့၏၊ဘင်္ဂလား အမြင်သန်ဘို ပင်တည်း၊ ထိုဥယျာဉ်အတွင်း၌ ယခုအခါ နေပါလ်ဘုရင်က တူးဖော်စေ၍ ဂန္ဓ ကုဋိတိုက် စေတီတော် ကျောင်းတော်များစွာ ပေါ်ထွက်လာလျက် ရှိနေလေပြီ၊ စေတီတော်တို့တွင် ဘုရားလောင်းမင်းသား ခုနစ်လှမ်း လှမ်းရာ၌ စေတီကလေး ၇-ဆူ၊ တောင်နှင့်မြောက် စီတန်းလျက်ရှိ၏၊ ဥယျာဉ်တော်အတွင်းရှိ သာကီဝင် မင်းသားများ ရေချိုးလေ့ရှိသော ရေကန်ကိုလည်း နေပါလ်ဘုရင်ကပင် ပြင်ဆင် ပြုစုဆဲ ရှိလေ၏၊ ထိုလုမ္ဗိနီဥယျာဉ်သည် နေပါလ်နယ်ထဲတွင် ကျရောက်၍ **ခုန္ဒဂါဤ** ရွာ၏ မြောက်ဘက်၌ **ရုမ္မိန်းဒေဤ** ဟူ၍ ယခု အမည် တွင်နေလေ၏၊ နေပါလ်ဘုရင်က အုပ်ချုပ်၍ထား၏။



မယ်တော်မာယာ အုတ်ဂူတိုက်

လောကဓာတ် တသောင်း၌ ရှိကြသော လူ, နတ်, ဗြဟ္မာ အပေါင်းတို့၏ ဦးခေါင်းညွတ်စင်းရာ အထွတ်သေဌ်နင်း ဖြစ်တော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကား "ဂေါတမဗုဒ္ဓ" ခေါ်သော အရှင်ဂေါတမ ဘုရားမြတ်ပေတည်း၊ ထိုဘုရားမြတ်ကို ဘွားလတ်သောသူကား **သိရီမဟာမာယာဒေဝီ** မဟေသီ ထိပ်ခေါင်တင်ကြီးပေတည်း၊ ယင်းသို့ နတ်လူ အများ၏ ညွတ်တွားရာ ပုဂ္ဂိုလ်တဆူကို ဘွားမြင်တော်မူသော မယ်တော်မြတ်ကြီးအား ယနေ့တိုင် အမှတ်အသားပြု၍ကြည့်ရှုနိုင်ကြစေရန် မဟူရာကျောက်ပြားပုံတော်အတုရုပ်ကို ထုလုပ်ကာအုတ်ဂူ၌တည်ထားလေ၏၊ မြင်ရသော ပုံတော်ကား **အုတ်ဂူတိုက်ကြီး** ဖြစ်လေသည်၊ ၎င်း အုတ်ဂူအောက်ကို တူးဖော်ရာ ရှေးဟောင်း ဂန္ဓကုဋိတိုက် ပေါ်လာသည်။



အနောမာသောင်

ဘုရားအလောင်းတော်မြတ်သည် သက်တော် (၁၆)နှစ် အရွယ်မှစ၍(၂၉) နှစ် အရွယ်တိုင်အောင် ယသောဓရာဗိမ္ဗာဒေဝီကို အမှူးထား၍ များစွာသော အပျိုတော် မောင်းမအပေါင်းတို့ဖြင့် ခြံရံကာ (၁၃) နှစ်ပတ်လုံး ရွှေနန်းတော် အပေါ်၌ ပျော်ရွှင်စွာ ခံစား စံစားတော်မူပြီးသော် နိမိတ်ကြီးလေးပါးကို လေးလစီခြား၍ အစဉ်အားဖြင့် တွေ့မြင်ရသောအခါ မွေ့ရွှင်သောစိတ်ခါတ် ကင်းပြတ်တော်မူသောကြောင့် ကျွန်ယုံတော် မောင်ဆန်နှင့် တိုင်ပင်၍ ကဏ္ဍကမြင်းတော်ကိုစီးကာ သက္ကရာဇ် (၉၇)ခုနှစ် ကဆုန်လပြည့် တနင်းလာနေ့ညဉ့် သန်းခေါင်ယာမ်အချိန်၌ တောထွက်တော်မူလေ၏၊ တညဉ့်ချင်းပင်လျှင် ကပိလဝတ်, ကောလိယ, မလ္လဟူသော သုံးပြည်ထောင်ကို ကျော်လွန်၍ ခရီးလမ်း တာ ယူဇနာသုံးဆယ် ကွာလှမ်းသောအခါ အလံ (၂၀) ကျယ်သော အနော မာမြစ်သို့ ရောက်လေ၏၊ ထိုမှာဘက်ကမ်းသို့ ကူးပြီးလျှင် ထိုအနောမာမြစ် သဲသောင်ပြင်၌ပင် ဃဋိကာရဗြဟ္မာကြီး ဆက်ကပ်သော ပရိက္ခရာရှစ်ပါးဖြင့် ရဟန်းပြုတော်မူကာ ကျွန်ယုံတော် မောင်ဆန်နှင့် ကဏ္ဍကမြင်းတို့ကို ကပိလဝတ် နေပြည်တော်သို့ ပြန်လွှတ်တော်မူလိုက်လေ၏၊ ထို **အနောမာမြစ်**သည် ယခုအခါ **ဂန္ဒကီ** သို့မဟုတ် **နာရာယဏီ** ဟု ခေါ်သော မြစ်ပင် ဖြစ်လေသည်။



ပဉ္စဝဂ္ဂီငါးဦးတို့ ခရီးဦးကြိုပြုရာဌာန

ဘုရားအလောင်းတော်သည် အနောမာသောင်ယံ၌ မောင်ဆန်နှင့် ကဏ္ဍက တို့ကို “ပြန်ကြ”ဟုစေလွှတ်တော်မူပြီးသော် ရဟန်းပြုရာအရပ်နှင့်မနီးမဝေးသော အနုပိယ သရက်ဥယျာဉ်၌ ခုနစ်ရက်တာမျှ နေတော်မူကာ ယူဇနာသုံးဆယ် ကွာလှမ်းသော ရာဇဂြိုဟ်ပြည်သို့ ကြွရောက်၍ ဆွမ်းခံတော်မူ၏၊ ထို့နောက် အာဠာရ ရသေ့ထံမှ လောကီစျာန်ကို နည်းခံ၏၊ ထို့နောက်မှတဖန် ဥဒကရသေ့ ထံသို့ ကပ်၍ နှီးနှောပြောဆိုလေလျှင် ရှစ်အင်သော သမာပတ်ကို ရတော်မူ၏၊ ထို့နောက်မှ ဥရုဝေလတောသို့ ကြွတော်မူရာ ပဉ္စဝဂ္ဂီငါးဦးတို့နှင့်တွေ့တော်မူလေ သည်၊ထို့နောက် ၆-နှစ်တိုင်ပတ်လုံးဒုက္ကရစရိယာကျင့်တော်မူလေသည်၊ထို့နောက် ပဉ္စဝဂ္ဂီတို့သည် ဘုရားလောင်းအား စွန့်ခွါ၍ မိဂဒါဝုန်သို့ သွားကြလေသည်၊ ဤမြင်ရသော ပုံကား ဘုရားဖြစ်ပြီးနောက် မိဂဒါဝုန်သို့အလာ ပဉ္စဝဂ္ဂီငါးဦးတို့က **ခရီးဦးကြိုပြုသည့်**နေရာ တွင် တည်ထားသော စေတီတော် ဖြစ်သတည်း။



ဥရုဝေလ တောတန်း

ဤပုံတော်ကား ဘုရားအလောင်းတော်သည် ခြောက်နှစ်ပတ်လုံး သီတင်းသုံးကာ ဒုက္ကရစရိယာကို ကျင့်တော်မူသော ဥရုဝေလတောတန်း ဖြစ်ပေသတည်း၊ ဥရုဝေလတော ဟူသည်ကား "သဲပုံကြီးရှိသော တော"ဟု အဓိပ္ပါယ်ရလေသည်၊ ရှေးအခါ များစွာသော သူတော်ကောင်း သူတော်မြတ်တို့သည် ဤတောအရပ်၌ နေကြရာတွင် "မိမိတို့၏အပြစ်ကို မိမိတို့သိကြ၍ သဲဒဏ်ထမ်းကြစတမ်း"ဟု စည်းကမ်း ဥပဒေပြုထားသော အကြီးအမှူးဆရာ၏ စကားအရ သူတော်ကောင်း ဖြစ်ကြသော ပုဂ္ဂိုလ်အပေါင်းတို့သည် ကိုယ့်အပြစ်ဒဏ်အား လျော်ညီစွာ သဲဒဏ်ထမ်း၍ စုပုံထားသောကြောင့် သဲပုံကြီးရှိသော တောကို "ဥရုဝေလတော"ဟု ပြောစမှတ် အစဉ် ဥဒါန်း တွင်လေတော့သတည်း၊ ထိုဥရုဝေလတော၌ မြစ်ကွေ့တခုစီကို မှီ၍ နေခဲ့ကြသော ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ ဟူသော ရသေ့ညီနောင် ရှင်တထောင်တို့အား တန်ခိုးတော် ပြာဋိဟာကိုပြ၍ အကျွတ်တရား ရစေသည်တို့ကို အောက်မေ့လွမ်းဆွတ် သတိရဘွယ် ကောင်းလေစွ။



ဒုက္ကရစရိယာ ကျင့်ရာဌာန

ဤပုံတော်သည် ဥရုဝေလတောအရပ်၌ ပြောစမှတ်ကြီးပေ တကားဟု လူအများ သတိပြုအပ်သော လိုဏ်ဂူကြီးပေတည်း၊ အလောင်းတော်မြတ် ကိန်းအောင်း ခိုလှုံ ကမ္မဋ္ဌာန်းအာရုံ ပြုရာဖြစ်သော လိုဏ်ဂူကို ပဓာနပြု၍ ရိုက်ယူထားလေသည်၊ "ရှေးဖြစ်ဟောင်း-အောက်မေ့ဘွယ်" ဟူသကဲ့သို့ ရှေးအခါက လောက အဓိပတိ မုနိတဆူ ဖြစ်တော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ကိန်းလတ်တော်မူရာဖြစ်၍ ဤဌာနကို မြင်ရလျှင် ရင်ဝလှိုက်ဖို၍ ရှိုက်ငိုရလောက်အောင်ပင် အလွမ်းစိတ် ဝင်လာလေတော့၏၊ အလောင်းတော် မြတ်သည် လူသာမန်တို့ ကျင့်နိုင်ဘို့ ဝေးစွ ကြံတွေးရုံမျှနှင့် ကြက်သီးထလောက်အောင် အလွန် ခက်ခဲလှစွာသော ဒုက္ကရစရိယာ အကျင့်ကိုခြောက်နှစ်ကြာမျှ ကျင့်တော်မူရသောအခြင်းအရာများနှင့်တကွ ထိုအရှင်မြတ်ဘုရား ဟောကြားတော်မူသော သင်္ခါရတရားတို့ကိုလည်း "မှန်ပါပေသည်တကား" ဟု စဉ်းစားဆင်ခြင်ကာ ဉာဏ်၌ ထင်လာလေတော့သတည်း။

သုဓမ္မဝတီ (စ) ၂၀၁-၁၉

သေဌေးသမီး သုဇာတာ နို့ဃနာကပ်လှူရာဌာန

ဥရုဝေလတော သေနနိဂုံး သေနာနိ သေဌေးသမီး သုဇာတာသည် တခုသော ညောင်ပင်သို့သွား၍ "အမျိုးတူသော ယောကျ်ားကို ရပြီး သားဦး ယောကျ်ားကိုသာ ဘွားမြင်ရပါမူ နှစ်စဉ် နှစ်တိုင်း (ဝါ-သုံးနှစ် တကြိမ်) အဘိုးတသိန်းတန်သော ပစ္စည်းဖြင့် ဗလိနတ်စာ ပူဇော်ပသပါမည်"ဟု ဆုတောင်း ဝန်ခံသည့်အတိုင်း သက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဝယ် အခါကြုံ၍ ပူဇော်သောအခါ ထိုညောင်ပင်အောက်၌ ဘုရားအလောင်းကို တွေ့မြင်ရလေသော် "အရှင်နတ်မင်းကြီး ပေတကား"ဟု စိတ်ထားကြည်ညို သဒ္ဓါပိုပြီးလျှင် တသိန်းတန် ရွှေခွက်နှင့်အတူ နို့ဃနာဆွမ်းကို လှူဒါန်းဆက်ကပ်၍ "တပည့်တော်မ အလိုပြည့်ဝ၍ ဟာဒယနှလုံးကို ရွှင်ပြုံးရသကဲ့သို့ အရှင်ဘုရားလည်း လိုလားသောအရာနှင့် ပြည့်စုံပါစေ"ဟု လျှောက်ထား ပြောဆိုကာ ပြန်သွားလေ၏၊ ထို **သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူရာဌာန**သည် ပုံတော်၌ မြင်ရသည့်အတိုင်း ရှေးဟောင်းဖြစ်သော နတ်ကွန်း, ရေကန်, ဗောဓိညောင်တို့ ရှိကုန်၏၊ အချို့အချို့ရုပ်တုတော် ဆင်းတုတော်များလည်း ရှိကုန်၏။



နေရဥ္စရာမြစ်

"ငါသည် ဘုရားစင်စစ် ကေန်ဖြစ်အံ့၊ဤ ရွှေခွက်သည် ရေညာဘက်သို့ ဆန်တက်စေသတည်း၊ ဘုရားဖြစ်ခြင်းငှါ မထိုက်သည်ဖြစ်အံ့၊ ရေသာဘက်သို့ မျော၍ ပါသွားစေသတည်း"ဟု အဓိဋ္ဌာန်ပြု၍ ဘုရားအလောင်း ရွှေခွက်မျှောရာမြစ်ဟု လူတိုင်းပင်သိကြပြီးဖြစ်သော နေရဥ္စရာမြစ်သည်ကား ဗောဓိပင်၏ အရှေ့ဘက်တောင်မှ မြောက်သို့စီးသော ဤမြစ်ပင်ဖြစ်လေသည်၊ ကျမ်းဂန်လာသောစကားအရ ရှေးအခါက လွန်စွာရေများသော မြစ်ကြီးဖြစ်သော်လည်း ယခုအခါမှာမူ မိုးဉ်းဥတု၌သာ ရေရှိ၍ နွေဥတု၌ကား ရေစီးချောင်းကလေးမျှသာ ရှိပေသည်၊ ဟိန္ဒူလူမျိုးတို့၏ အခေါ်အားဖြင့် ၎င်းနေရဥ္စရာမြစ်ကို ဖလဂူနဒီဟု ခေါ်ဆိုလေသည်၊ ဂယာမြို့မှ ငါးမိုင်လောက်တွင် မိုဟာနီ ခေါ်သောမြစ်နှင့် ပေါင်းဆုံနေ၏၊ သို့မဟုတ် "ဖာလဂူ" ဟူ၍၎င်း၊ "လီလာဂျန်" ဟူ၍၎င်း ခေါ်ဝေါ်ကြသော မြစ် ၂-ခုဖြစ်နေရာ လီလာဂျန်သည်ပင် နေရဥ္စရာမြစ် ဖြစ်လေသည် ဟူ၍လည်း ဆိုစမှတ်ပြုကြ၏။



မဟာဗောဓိစေတီတော်ကြီး

ဤ **မဟာဗောဓိစေတီတော်ကြီး** ကား မဟာဗောဓိပင် ပလ္လင်တော်၏ ရှေ့၌ တည်ရှိလေသည်၊ ပုံတော်မှာ လေးထောင့် နှစ်ဆင့်ထပ်ဖြစ်၍ အရှေ့နှင့်အနောက် ၅၇-တောင်, တောင်နှင့်မြောက် အတောင် ၅၀, အထက် သပိတ်မှောက်အထိ အမြင့်ပေ ၂၃၀-ခန့် ရှိ၏၊ ၎င်းမှအထက် ပေ-၃၀ ရှိ၏၊ ၎င်းစေတီကြီး၏အောက်ထပ် ဂူအတွင်း၌ ညဏ်ဘော် သုံးတောင် တမိုက်ရှိသော ရုပ်ပွါးတော်ကြီးတဆူ ရှိ၏၊ ဤစေတီကြီးကိုကား "သိရိဓမ္မာသောကမင်းကြီး" တည်ထားလေသည်၊ စတုတ္ထ အမရပူရမြို့ ဘည် ဘုရင်မင်းမြတ်သည် အဘိုးတန် လှူဘွယ်ဝတ္ထုအမျိုးမျိုးတို့ ကို ကမ္ဗည်း ကျောက်စာနှင့်တကွ စေတီတော်ကြီးသို့ လှူဒါန်းပူဇော်ခဲ့၏၊ **မင်းတုန်း** မင်းတရားကြီးသည် မြန်မာ ကမ္ဗည်း ကျောက်စာနှင့် ပါဠိ ကမ္ဗည်း ကျောက်စာ များကို လိုဏ်ဂူလုပ်၍ စိုက်ထူပြီးလျှင် စိန် ၅၁၁-လုံး၊ မြ ၃၁၁-လုံး၊ ပတ္တမြား ၃၉၆၆-လုံး၊ ပုလဲ ၆၂၃-လုံး၊ ၎င်းအဘိုးတန် ရတနာများကို လှူဒါန်းတော်မူခဲ့၏။



မဟာစင်္ကြံတော်

ပလ္လင်တော်နှင့် အနိမိသစေတီ အကြား နတ်တို့ဖန်ဆင်းအပ်သော ရတနာစင်္ကြံတော်မှာ အရှေ့,အနောက် တန်းလျား အတောင် ၆ဝ-ရှိ၏၊ နတ်တို့ဖန်ဆင်းအပ်သည်ဖြစ်၍ ၎င်း၏ ခမ်းနား ဆန်းကြယ်ပုံကို ဖော်ပြ၍ ကုန်နိုင်မည် မဟုတ်ချေ၊ ထို စင်္ကြံကြီးနေရာတွင် တည်ထား ကိုးကွယ်ကြသော မဟာစင်္ကြံတော်၏ ယခု တည်ရှိပုံမှာကား အရှေ့, အနောက် အလျား ၅၄-ပေ ၉-လက်မ၊ အနံ ၄-ပေ၊ အမြင့် ၃-ပေရှိ၍ ထိပ်ပေါ်၌ စီတန်းလျက် ကြာပွင့်ပုံ ၁၈-ခုရှိ၏၊ ထို ကြာပွင့်ပုံ ၁၈-ခု တည်ရှိခြင်း အကြောင်းကား ၎င်းနေရာဌာနသို့ "ဟူယိင်ဆင်" အမည်ရှိသော တရုပ်ဘုန်းတော်ကြီး ကြွရောက်လာစဉ် ကာလက ဘုရားသခင် စင်္ကြံကြွတော်မူသောအခါ ခြေတော်များချသော နေရာတိုင်း၌ ကြာပွင့်များ ထွက်ပေါ်၍ ခံလာသော အမှတ်အသားကို အကြောင်းပြု၍ လုပ်ဆောင်ထားသည်ဟု ဆိုကြ၏၊ ၎င်း မဟာစင်္ကြံတော်မှာ မဟာဗောဓိ စေတီတော်ကြီး၏ မြောက်ဘက် အနီးတွင် ကပ်၍ တည်ရှိလေသည်။



မဟာဗောဓိ ပလ္လင်တော်

အလောင်းတော်မြတ်သည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်မြတ်ကို ကျင့်လတ်တော်မူပြီးသော် နေရဉ္စရာမြစ်ကြီး၏ အနောက်ဘက်ကမ်း ဗောဓိပင်၏ အနီးရွှေပလ္လင်၌နေမဝင်မီမာရ်စစ်သည်ကို အောင်တော်မူကာ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ်မြတ်ကို ရတော်မူ၍ ဘုရားဖြစ်ကြောင်းကို ကောင်းစွာသိအပ်၏၊ ယခုပုံ၌မြင်ရသော **ပလ္လင်တော်** ကား ပါရမီအဟုန်ကြောင့် ရအပ်သော ပလ္လင်တော်၏ အတုပုံစံမျှ ဖြစ်၍ မင်းတုန်းဘုရင် လက်ထက်က ပြုလုပ် ကည်ထားခဲ့လေသည်၊ မဟာဗောဓိပင်မှ ၆-ပေခန့်မျှသော အကွာအဝေး၌သာ တည်ရှိလေ၏၊ အုတ်နံ့ရံတို့ဖြင့် ကာရံထားပေ၏၊ အလျား ၅-တောင် ၆-လက်မရှိ၏၊ အုတ်နံ့ရံမှာ အလျား ၂၇-တောင်၊ အနံ ၁၀-တောင်၊ အမြင့် ၂-တောင် ၃ လက်မ၊ ဗျက် ၂-တောင်ခန့် ရှိ၏။



မဟာဗောဓိ စေတီရံများ

ဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာ မြေမျက်နှာ၏ ယခုခေတ် တည်နေပုံမှာ ချောက်ကမ်းပါးကဲ့သို့ အစောက်နက်၍လေးဘက်ပတ်လည် ကုန်းမြင့်ကြီးဖြစ်နေ၏၊ အရှေ့ဘက် မဟာရာမ် တံတိုင်း ၂၂၂-ပေရှိ၏၊ အနောက်ဘက် မဟာရာမ်တံတိုင်း ၁၂၃-ပေရှိ၏၊ တောင်ဘက် မဟာရာမ်တံတိုင်း ၁၇၇-ပေရှိ၏၊ မြောက်ဘက် မဟာရာမ်တံတိုင်း ၁၇၇-ပေရှိ၏၊ထိုမဟာရာမ်တံတိုင်းကြီး အတွင်း၌ မဟာဗောဓိ ပလ္လင်တော်နှင့် အချို့သော သတ္တာဟ စေတီကြီး စေတီငယ် များစွာတို့နှင့် အကောင်း အဆိုး အမျိုးမျိုးသော အရာဝတ္ထုတို့ ရှိနေကုန်၏၊ ဤပုံတော်ကား မဟာဗောဓိပင်၏အနီး စေတီရံများပင် ဖြစ်လေသည်၊ ပုံတော်တွင် ဖူးမြင်ရသည်ပင် အလွန်ပေါ်လွင် ထင်ရှားလျက် ရှိလေတော့သည်၊ ဤဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာ မြေမျက်နှာတွင် "ဟူယိင်ဆင်" ရောက်လာစဉ်ကပင် မဟာရာမ်တံတိုင်းများ အတွင်း၌ ခြေတလှမ်းလျှင် ပူဇော်အပ်သော ဌာနတခုစီ ရှိနေသေးကြောင်းနှင့် မှတ်တမ်း ထားခဲ့လေသည်။



မဟာဗောဓိပင်

မဟာဗောဓိပင်မြတ်သည် ဘုရားအလောင်း ဘွားမြင်တော်မူသည်နှင့်တပြိုင်နက် အလိုအလျောက် မြေမှပေါက်လာသော ဘွားဘက်တော်တဆူ ဖြစ်တော်မူ၏၊ ထိုမဟာဗောဓိပင်မြတ် အစစ်သည် ရန်သူအဆက်ဆက်တို့၏ ဘေးရန်များကြောင့် ပျက်စီးယိုယွင်းရှာလေပြီ၊ ယခုမြင်ရသော ဗောဓိပင်မှာကား ထိုဗောဓိပင်အစစ်၏ နေရာတော်၌ပင် လုံးပတ်ကိုးတောင်နှင့် ဆယ်လက်မခန့်ရှိ၍ အမြင့်ညာဏ်တော်မှာ အတောင်သုံးဆယ်ခန့်ရှိသော "ဗောဓိပင်ပွား" တဆူဖြစ်တော်မူ၏၊ မဟာဗောဓိ စေတီကြီး၏ အနောက်ဘက်၌ ကပ်လျက် ပေါက်နေပေ၏၊အုတ်နံရံတို့ဖြင့် ကာထား၏၊ ဘုရားဖူးသွားသော သူများသည် အကိုင်း, အခက်,အရွက်, အသီးတို့ကို ပူဇော်ကိုးကွယ်ရန်ယူလိုကြသောအခါ အစောင့် အရှောက်ဖြစ်သော သူများအား ပိုက်ဆံ ကြေးငွေ ပေးကမ်း၍ တောင်းရမ်း ယူငင်နိုင်ကြလေသည်။



အနိမိသကုန်း

မြတ်စွာဘုရားသည် မဟာဗောဓိပင် ရွှေပလ္လင်၌ ခုနစ်ရက်တပတ် သီတင်းသုံးစောာ်မူပြီးလျှင် ပလ္လင်တော်မှ တဆယ့်လေးလံကွာသော အရှေ့မြောက်ထောင့်အရပ်သို့ ကြွတော်မူ၍ လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကျင့်ကြံအားထုတ်ပါမှ ရတော်မူအပ်သော ထိုဗောဓိပင်နှင့် ရွှေပလ္လင်ကို မမှိတ်သောမျက်လုံးဖြင့် ရှင်ပြုံးစေ့ငု ကြည့်ရှုတော်မူရာ သတ္တာဟကို "အနိမိသသတ္တာဟ"ဟု ခေါ်၏၊ ဤပုံတွင် မြင်ရသော စေတီတော်ကား အမြင့်ပေ ၂၀၊ အလျား,အနံ ၁၆-ပေနှင့် ၄-လက်မစီရှိ၍အရှေ့ဘက်သို့ မုတ်ဝလှည့်နေ၏၊ အထက်ခေါင်ထွဋ်မရှိတော့ချေ၊ မဟာဗောဓိပလ္လင်တော်မှ အရှေ့မြောက်အရပ် ၂၂၇-ပေကွာသော တောင်ကုန်းမြင့်ပေါ်၌ တည်ရှိလေသည်၊ ထိုစေတီတော်ကလေး တည်ရာ ဌာနကိုပင် အနိမိသကုန်း ဟု ယခု အသိအမှတ် ပြုကြရလေကုန်၏၊ ၎င်း စေတီကလေးမှာ မဟာဗောဓိ စေတီတော်ကြီးနှင့် ပုံသဏ္ဌာန်ချင်းတူ၏။



စင်္ကမနကုန်း

မြတ်စွာဘုရားသခင်သည် ဗောဓိပလ္လင်မှ အရှေ့မြောက်ထောင့်တွင် ရှိသော အနိမိသကုန်း၌ ရပ်တော်မူလျက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်၍ ရအပ်သော ဗောဓိပင်နှင့် ရွှေပလ္လင်ကို မမှိတ်သောမျက်စိတော်ဖြင့်ကြည့်ရှုတော်မူ၍ ခုနစ်ရက် သီတင်းသုံးတော်မူပြီးလျှင် ယင်း အနိမိသကုန်းတော်နှင့် မဟာဗောဓိ ပလ္လင်တော်အကြား အရှေ့နှင့် အနောက် တန်းလျား နတ်တို့ဖန်ဆင်းအပ်သော "စင်္ကြံတော်"၌ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူ၏၊ ဤပုံကား ဟိုအခါက **စင်္ကြံတော်ဌာန** ပေတည်း၊ "ရတနစင်္ကမေတိ ဒေဝတာဟိ မာပိတေ ရတနမယေ **စင်္ကမေ**"ဟူ၍ တေရသကဏ္ဍဋီကာ၌ လာရှိသော ပါဠိနှင့်အညီ နတ်များဖန်ဆင်းထားသော စင်္ကြံကြီးဖြစ်၍ မည်မျှလောက်ဆန်းပြားကြီးကျယ် တင့်တယ်လှပပုံကိုကား ပြောမပြနိုင်ချေ၊ ကျမ်းဂန်အလိုအားဖြင့် အလျား အတောင် ၆၀-ရှည်၍ တတောင်စီ ကျယ်သော စင်္ကြံအဆွယ်ကလေး နှစ်ခု မြောင်လျက်ရှိလေသည်၊ ဆန်းကြယ်သော မြေအပြင်၌ သန့်စင်သော သဲတို့ကို ဖြန့်ကြဲထား၍ အလွန်တရာ နူးညံ့လေ၏။



ရတနာဃရစေတီ

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဖန်ဆင်းအပ်သော သို့မဟုတ် နတ်တို့ ဖန်ဆင်းအပ်သော ရတနာစင်္ကြံတော်၌ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူပြီးသောအခါ ဗောဓိပင်မှ အနောက်မြောက် အရပ်၌ နတ်များ ဖန်ဆင်းသဖြင့် ရတနာ ၇-ပါး အတိပြီး၍ တညီးညီး တထိန်ထိန်ရှိသော ရတနာဃရစေတီ၌ နေရှိန်မသန်း အေးချမ်းငြိမ်သက်စွာ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူကာ အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ်လျက် ခုနစ်ရက်ပတ်လုံးပင် ရှင်ပြုံးစွာ သီတင်းသုံးတော်မူ၏၊ ယခုအခါ ထိုအရပ်၌ စေတီငယ်တဆူ ရှိသော်လည်း ပျက်စီးနေပြီဖြစ်၍ အုတ်ပုံမျှသာရှိတော့၏၊ ၎င်းမှာ ဗောဓိပင်၏ အနောက်မြောက် ၁၅၃-ပေကွာတွင်ရှိ၏၊ အနိမိသစေတီတော်နှင့် ပုံ ၊န်းသဏ္ဌာန် တူမည်ဟန် ရှိလေသည်၊ ထိုပျက်စီးယိုယွင်းနေသော စေတီတော်အောက်ခြေ အလျားမှာ အရှေ့ အနောက် ၁၄-ပေနှင့် ၄-လက်မ ရှိ၏၊ တောင်နှင့် မြောက် ၁၂-ပေ ရှိ၏၊ မြောက်ဘက်သို့ မျက်နှာမူလျက် ရှိလေသည်၊ ထို့စေတီနေရာကိုပင် ရတနာဃရစေတီ-ဟု ဆိုစမှတ်ပြုကြလေ၏။



ဆိတ်ကျောင်း ညောင်ပင်

ရတနာဃရရွှေအိမ်၌ ခုနစ်ရက် သီတင်းသုံးတော်မူပြီးလျှင် မဟာဗောဓိပင်မှ အရှေ့ဘက် ၃၂-လံကွာသောအရပ် အဇပါလ ညောင်ပင်ရင်းတွင် ခုနစ်ရက် သီတင်းသုံးတော်မူစဉ် ဖြားယောင်းလာကြသော မာရ်နတ်သမီး သုံးယောက်၏ ရန်ကို တွန်းလှန် ဖြိုဖျက်တော်မူလိုက်၏၊ "ဟုံဟုံက" ဟူသော အမည်ဖြင့် အလွန်မာန်ကြွသော ပုဏ္ဏား၏ အမေးကိုလည်း ဂါထာဖြင့် ဖြေကြားတော် မူလေတော့၏၊ ယခုအခါ ထို **အဇပါလ သတ္တာဟ** ဆိတ်ကျောင်း ညောင်ပင်ကြီး ပေါက်ရာအရပ်၌ ထိုညောင်ပင်ကား မရှိတော့ပေ၊ ဗောဓိပင်၏ အရှေ့ ၁၇၄-ပေကွာသော အရပ်၌ မဟာဗောဓိ စေတီတော်ကြီးပုံအတိုင်း ပုံ၍မြင်ရသော စေတီငယ်တဆူ လက်ျာဘက်၌ ရှိ၏၊ အမြင့် ဉာဏ်တော်ကား ၁၅-ပေ၊ အလျား, အနံပေ ၃၀-နှင့် ၄-လက်မ ရှိ၏၊ မြောက်ဘက်သို့ မျက်နှာမူကာ တည်တော်မူ၏၊ လက်ဝဲဘက် စေတီကား ပျက်စီးသွားလေပြီ။



မုစလိန္ဒာအိုင်

မြတ်စွာဘုရားသည် အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူပြီးလျှင် ဗောဓိပင်မှအရှေ့တောင်ထောင့် အလံ ၅၀-ကွာဝေးသောမုစလိန္ဒာရေအိုင်၏အနီး ကျည်းပင်ကြီးအရင်း၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူလေ၏၊ သီတင်းသုံးတော်မူပုံမှာ- ထိုအခါ မိုးသည်းကြီးစွေသဖြင့် မုစလိန္ဒနဂါးမင်းသည် မိမိနေရာဗိမာန်မှထွက်၍ ကိုယ်တပိုင်းကိုခွေကာ ပလ္လင်ပမာပြုလျက် ကျန်သောကိုယ်တပိုင်းဖြင့် ဘုရားအား ပတ်ရံပြီးလျှင် ဦးခေါင်းတော် အထက်၌ ပါးပျဉ်းကိုထောင်၍ ထီးကြီးသဘွယ် မိုးထားပူဇော်လေ၏၊မြတ်စွာဘုရားသည် ထိုနဂါး၏ အခွေကြား၌ပင်လျှင် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသတည်း၊ယခုရှိပုံမှာ ဗောဓိပင်၏ အရှေ့တောင် ၃၃၂-ပေ အကွာ၌ တည်ရှိလေ၏၊ မုစလိန္ဒာရေအိုင်မှာ ကန်၏ မြောက်ဘက် ကန်အဝ၌ မုတ်နှစ်ဆောင် ထုတ်လျက်ရှိ၏၊၎င်း၏ အမြင့်မှာ ၁၅-ပေခန့်ရှိ၏၊ မုတ်ဝအကျယ်မှာ အရှေ့နှင့် အနောက် ၃၅-ပေ၊ တောင်နှင့်မြောက် ၃၅-ပေ ၆-လက်မ ရှိ၏၊ ၎င်းမုတ်နှင့်တဆက်တည်း အရှေ့ဘက်သို့ ဆက်လျက် ၇၀ ပေါင်း ၁၇-ခု တန်းလျား ရှိ၏၊ အမြင့် ၆-ပေခန့် ရှိလေသည်။



လင်းလွန်းပင်နေရာ

မြတ်စွာဘုရားသည် နဂါးမင်း၏ ပူဇော်ခြင်းကို ခံတော်မူပြီးလျှင် ဗောဓိပင်မှ တဆယ့်တလံကွာသော **လင်းလွန်းပင်** ရင်းသို့ ကြွတော်မူကာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူ၏၊ ခုနစ်ရက်စေ့သောအခါ သိကြားမင်းလာ၍ မျက်နှာသစ်ရေနှင့် ဒန်ပူတို့ကို ဆက်ကပ်၏၊ ထိုအခါ၌ပင် ဥက္ကလာပတိုင်းသား လှည်းကုန်သည်များဖြစ်ကြသော တဖုဿနှင့်ဘလ္လိက ညီနောင်တို့သည်ပျားမုံ့ဆွမ်းကို ကပ်လှူကြ၍ ၎င်းတို့အား "ဒွေဝါစိကသရဏဂုံ"နှင့်တကွ ဆံတော်များကိုလည်း ပေးသနားတော်မူလိုက်သတည်း၊ ယခုမှာမူ ထို "ရာဇာယတနသတ္တာဟ" ခေါ်သော လင်းလွန်းပင်အရပ် မြတ်စွာဘုရား သီတင်းသုံးရာဌာနသည် ဗောဓိပင်မှ တောင်ဘက် ပေ ၁၄၀-ခန့်၌ ရှိ၍၊ ရှေးအခါက ဤနေရာ၌ စေတီကြီးတဆူ ရှိဟန်တူသည်၊ ယခုမူကား ဘိနပ်တော်မျှသာ ကြွင်းကျန်ရှာ၏၊ အကျယ်အဝန်း လေးမျက်နှာကား ၇၉-ပေနှင့် ၃-လက်မစီ ရှိ၏၊ ပုံ၌ကြည့်ပါ။



မိဂဒါဝုန်တော

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီငါးဦးတို့အား အမှူးထား၍ ထူးခြားသော ဓမ္မစကြာ ဒေသနာကို ဟောတော်မူရာ **မိဂဒါဝုန်တောကြီး** သည် ယခုအခါ ဗာရာဏသီမြို့ မြောက်ဘက် အဖြောင့်လမ်း သုံးမိုင်ခွဲ၊ တာလမ်း ခုနစ်မိုင် ဝေးသော အရပ်၌ "ဆာရနထ" ဟူသော အမည်တော်ဖြင့် ထင်ပေါ် ကျော်ကြားလေ၏၊ "ဗာရာဏသီမြို့" ကိုလည်း "ဗနာရဆ်"ဟူ၍ ခေါ်လေသည်၊ ပုံတော် လက်ဝဲဘက်၌ ကြည့်ရှုလျှင် လုံးပတ်ကြီးမားသော ဘုရားစေတီကြီးတဆူကို တွေ့မြင်ရပေလိမ့်မည်၊ ဤစေတီကြီးတည်ရာကား မြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားသောဌာန ဖြစ်လေသည်၊ အကျိုးအပဲ့ အပျက်အစီးတို့မှာကား ရှေးအခါ နန္ဒိယ သူကြွယ်စသော ကျောင်းဒကာကြီးများ ဆောက်လုပ် လှူဒါန်းခဲ့သော ကျောင်းတော်ကြီးများဖြစ်၍ အစိုးရ ကျောက်စာဘက်ဆိုင်ရာတို့က တူးဖော်ထားလေသည်၊ ရှေးအခါက အဖြစ်အပျက်တွေကို စစ်တွက်၍ တွေးလျှင် မဆွေးချင်သော်လည်း မနေနိုင်ဘဲ ဆွေဖြိုင်သော မျက်ရည်စက်ကိုပင် မထွက်အောင် တားမြစ်ဘို့ ခက်ပေလိမ့်မည်၊ အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲလေစွတကား။



မိဂဒါဝုန်တော အဝင်ဝ

ဤပုံတော်ကား **မိဂဒါဝုန်တော၏ အဝင်ဝ**ဖြစ်၍ မြင်ရသော အရာဝတ္ထုများမှာလည်း တူးဖော်၍ထားသော ဘုရားကျောင်းတော်ဟောင်း အကျိုးအပဲ့များ ဖြစ်လေသည်၊ ဤပုံကို ရှုမြင်ရခြင်းအားဖြင့် "အို-ရှင်ကြီးဂေါတမ လောကကြီးထဲတွင် ပြုနိုင်ခဲ့သော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်လုံးလုံး ကျင့်သုံးပါသော်လည်း အရိယာစခန်းသို့ မလှမ်းမရောက်နိုင်သေးပါလျက် ယခုအခါလာဘ်များစွာကိုလို၍ ထိုထို့ဤဤ အပြည်ပြည် အစိုစို အမြို့မြို့ အရွာရွာသို့ လှည့်လည်နေသော အခါမှ ဘုရားဖြစ်လာသည်ဟူသော အပြောမျိုးကို အားကိုးယုံကြည်ရန်ခက်လှပေသည်"ဟု ပဉ္စဝဂ္ဂီတို့ကပြောသောအခါများမှာ မြတ်စွာဘုရားသည် မဟာကရုဏာရင် ဖြစ်တော်မူသည်အားလျော်စွာ သုံးကြိမ် သုံးခါ အထပ်ထပ် ပြောဆိုရှာပြီးသော် "အို-ချစ်သားရဟန်းတို့ ရှေးအခါက ငါဘုရားသည် သင်ချစ်သားတို့အား ငါဘုရားဖြစ်ပြီ သစ္စာလေးပါးကို သိမြင်ပြီ ငါတရားဟောမည်ဟု သင်တို့အား ပြောဘူးကုန်သလော"ဟု မိန့်တော်မူလျက် ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦးဟောတော်မူသည်ကို သတိရဘွယ်ရာတည်း။



ဓာတ်တော်တိုက်

ဓာတ်ပုံကိုမြင်ရလျှင် ရှင်ပျဘွယ်ဖြစ်သော အဆောက်အဦကြီးကို ဖူးတွေ့ရပေလိမ့်မည်၊ ထိုအဆောက်အဦကြီးသည်ကား အနာဂါရိက ဓမ္မပါလ ကြီးမှူးသော မဟာဗောဓိအသင်းက ရအပ်သော လှူဒါန်းဘွယ် ဝတ္ထုတို့ဖြင့် ခရစ်သက္ကရာဇ် ၁၉၂၇-ခုနှစ်မှ စတင်၍ ဆောက်လုပ်ရာ ၁၉၃၁-ခုနှစ်၌ အပြီးအစီးသို့ ရောက်သော ဓာတ်တော်တိုက်ကြီး ပေတည်း၊ ၎င်းဓာတ်တော်တိုက်ကြီး၏ အလျားပေမှာ ၁၃၀-နှင့် ၅-လက်မ၊ အမြင့်ပေမှာ ၁၁၀-ရှိ၏၊ ကုန်ကျသော ငွေပေါင်းမှာ(၁၂၀,၀၀၀)တသိန်း နှစ်သောင်းကျော်ကုန်၏၊ဓာတ်တော်တိုက်၏ အုတ်ခုံ အလျားမှာ ၁၁၆-တောင်၊ အနံမှာ ၄၆-တောင်နှင့် တထွာရှိ၏၊ ၎င်း၏ အမြင့်မှာ ၂၂-လက်မ ရှိ၏၊ ဓာတ်တော်တိုက်ကြီး၌ လှေကား ငါးခု အုတ်ခုံ၌ လှေကား ရှစ်ခု ရှိ၏၊ ကျောင်းကြီးအတွင်း မူလဂန္ဓကုဋိ၏ ပလ္လင်တော်ထက်၌ ဓမ္မစကြာတရား ဟောကြားနေသော ပုံတော် ဆင်းတုတဆူ ရှိ၏၊ ထိုပလ္လင် အောက်၌ ဓာတ်တော် ဌာပနာတိုက် ရှိ၏။

သုမင်္ဂလဝိလာသိနီ (စ) ၂၀၁-၆၁



ရာဇဂြိုဟ်ပြည် ကျောင်းတော်ရာ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ရာဇဂြိုဟ်ပြည်၌ မြို့တွင်း, မြို့ပြင် လူဦးရေ ကိုးကုဋေစီ ရှိ၍ တဆယ့်ရှစ်ကုဋေ လူနေရှိကြောင်း ကျမ်းဂန်၌ တွေ့ဘူးရသော်လည်း ယခုအခါ မြင်ရပုံမှာ များစွာ မစည်ကားတော့ဘဲ မြတ်စွာဘုရား သီတင်းသုံးရာဖြစ်သော ကျောင်းတော်ရာကြီး သည်ပင် နေရာဟောင်း မျှသာထင်၍ တူးဖော်ထားသော ကျောင်းပျက် ကျောက်တုံးများကိုသာ မြင်ရတော့၏၊ ကျမ်းဂန်များတွင် ထိုရာဇဂြိုဟ်ပြည်၏ ထက်ဝန်းကျင်၌ တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးများ ရှိသည်ဟူ၍ရင်း, ရာဇဂြိုဟ်ပြည် အရှေ့တောင် အရပ်၌ ဓာတ်တော် ၇-စိတ် ဌာပနာ ခဲ့သည်ဟူ၍ရင်း၊ ရာဇဂြိုဟ်ပြည်မှာ ဂိဇ္ဈကုဋ္ဌ်တောင် ကျောင်းတော်, ဝေဠုဝန်ကျောင်းတော်,ဇီဝက သရက်ဉယျာဉ်ကျောင်းတော်များ ရှိ၏၊ ၎င်းတို့အနက် ဂိဇ္ဈကုဋ္ဌ်တောင်နှင့် ဝေဠုဝန် ကျောင်းတော်သည် မြို့တော်နှင့် အဝေးဆုံးဟူ၍ရင်း တွေ့ရှိရလေသည်။



ဝေဘာရတောင်နှင့် ကျောင်းတော်ရာ

ဤပုံတော်ကား ရာဇဂြိုဟ်ပြည် ဝေဘာရတောင်နှင့်ဝေဠုဝန်ကျောင်းတော်ရာ ဖြစ်လေသည်၊ ရာဇဂြိုဟ်ပြည်ကြီးသည် ဝေဘာရတောင်,ဝေပုလ္လတောင်,ဂိဇ္ဈကုဋ် တောင်, ပဏ္ဍဝတောင်, ဣသိဂိလိတောင်အားဖြင့် တောင်ငါးလုံး ဝန်းရံလျက် တည်ရှိလေသည်၊ ၎င်း တောင်ငါးလုံးကိုဆက်၍ ခံတပ်ကြီးသဘွယ် ပြုလုပ်ထား သော မြို့ရိုးတံတိုင်းကြီးပတ်လည်မှာ ရှစ်မိုင်လောက်ရှိ၏၊ ဝေဘာရတောင်မှ ဝေပုလ္လတောင်အထိ ပေပေါင်း ၁၂,၀၀၀၊ ဝေပုလ္လတောင်မှ ဂိဇ္ဈကုဋ်တောင်အထိ ပေပေါင်း ၄,၅၀၀၊ ဂိဇ္ဈကုဋ်တောင်မှ ပဏ္ဍဝတောင်အထိ ပေပေါင်း ၈,၃၀၀၊ ပဏ္ဍဝတောင်မှ ဣသိဂိလိတောင်အထိ ပေပေါင်း ၇,၀၀၀၊ ဣသိဂိလိတောင်မှ ဝေဘာရတောင်အထိ ပေပေါင်း ၉,၀၀၀ ကွာဝေး၏၊ အချို့နေရာ၌ တံတိုင်း၏ အထုအပါးမှာ ၁၃-ပေတိုင်အောင် ရှိ၏၊ ယခုတိုင်အောင်ပင် ဤ တောင်ကြီး များကို အထင်အရှား တွေ့မြင်နိုင်သေး၏။



ရာဇဂြိုဟ် မြို့တော်ဟောင်း

ဤ ပုံ၌မြင်ရသော နေရာကား ရာဇဂြိုဟ်မြို့တော်ဟောင်းနေရာဖြစ်လေသည်၊ အဇာတသတ်မင်း တည်သောမြို့၏ တောင်ဘက် ၁၂-ဖာလုံခန့် ကွာသော အရပ်၌ ရှိလေသည်၊ ယခု အထင်အရှားရှိသော "ရာဂျဂိရ်" မြို့သည် ရှေးအခါက တည်ထောင်ထားခဲ့သော အဇာတသတ်မင်း၏ မြို့တော်နေရာ ဖြစ်၏၊ ၎င်းမြို့၏ ခံတပ်တံတိုင်းပတ်လည်မှာ သုံးမိုင်ခန့်လောက်သာ ရှိပေသည်၊ ရာဇဂြိုဟ်မြို့တွင်း နေရာ၌ကား တောအတိ ဖြစ်နေသောကြောင့် အကုန်ရှာဖွေ၍ မသွားရောက်နိုင်ကြ၊ သို့သော် ဗိမ္ဗိသာရနန်းတော်ရာနှင့် ပက္ကုသာတိ ဓာတ်တော်တိုက် တခုကိုကား အထင်အရှား တွေ့နိုင်ကြလေသည်၊ ၎င်း ဓာတ်တော်တိုက်ကို အစိုးရတို့က အဆောက်အဦငယ် တခု ပြုလုပ်ထားကြ၏၊ ယခုအခါ ရာဇဂြိုဟ်ပြည်နေရာသည် မူဆလမန် စော်ဘွားနယ်အတွင်း၌ ကျရောက်၍ နေလေသည်ဟု ဆိုကြ၏။



ဇေတဝန်ကျောင်း စင်္ကြံတော်နေရာ

သာဝတ္ထိပြည် အနောက်တောင်ဘက်ရှိ ဇေတဝန် ကျောင်းတော်ကြီးသည်ကား အနာထပိဏ် သေဌေးကြီးသည် ဇေတမင်းသား၏ ဥယျာဉ်တော်ကို ဝယ်ယူ၍ သန်းပေါင်းများစွာ အကုန်အကျခံလျက် ဆောက်လုပ် လှူဒါန်းအပ်သော **ကျောင်းတော်ကြီး** ဖြစ်၏၊ ရွှေလက်ထက်တော်အခါက လွန်စွာစည်ကား၍ ခန့်ညားသော ကျောင်းတိုက်ကြီးအတွင်း မြတ်စွာဘုရား၏ **စင်္ကြံတော်ကြီး** သည်လည်း ရှုမငြီးတင့်တယ်၍ ဆန်းကြယ်သော အရောင်တို့ဖြင့် ဝင်းပြောင်ထိန်လက် နေသည်မှာ စေတနာနှင့် သဒ္ဓါတရားကို ပိတ်ထား၍ မရနိုင်ပေရာ၊ ဤမျှလောက်ကြီးကျယ်၍ ဆန်းကြယ်သော စင်္ကြံတော်ကြီးမှာ ယခုအခါ နေရာလောက်ကိုသာ မြှော်မှန်းရသော တောတန်းအခြေ ဖြစ်၍နေလေတော့၏၊ ထိုစင်္ကြံတော်ရှိသော ဇေတဝန်ကျောင်းတော်ရာမှာ ၁၈-မင်းပယ်စာ ရှိ၏၊ မင်းပယ်သည် ပကတိပယ်ထက် တပြန်ကြီးသည်ဟုဆို၍ ခုနစ်တောင်တာဖြင့် စတုရန်းအတာ ငါးဆယ်သည် မင်းပယ် တပယ်မည်၏။



အာနန္ဒာဗောဓိပင်

ဤ ပုံကိုကြည့်လျှင် နှစ်ပေါင်း ၂၀၀၀-ကျော် အသက် ရှည်တော်မူသော သစ်ပင်ကြီးကို တွေ့မြင်ရပေလိမ့်မည်၊ ဤသစ်ပင်ကား သာမညမဟုတ်ပေ၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက အိမ်ခြေပေါင်း ငါးသန်း, ခုနစ်သိန်း၊ လူဦးရေ ခုနစ်ကုဋေမျှရှိ၍ ရွာပေါင်း ရှစ်သောင်းတို့ဖြင့် တန်ဆာဆင်လျက် အလွန်စည်ကား ခမ်းနားခဲ့သော သာဝတ္ထိပြည်တွင် ငါးဆယ့် လေးကုဋေသော ငွေတို့ဖြင့် ဇေတမင်းသား၏ ဥယျာဉ်ကို ဝယ်ပြီးလျှင် အနာထပိဏ်သေဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်ကြီး တံခါးဝ၌ ဤဗောဓိပင်ကြီးကို စိုက်ပျိုးရန် အရှင်အာနန္ဒာ မထေရ်က အရှင်မဟာမောဂ္ဂလာန် အထံတော်မှ ဗောဓိသီး ခံယူ၍ ထိုအနာထပိဏ်သေဌေးကြီးကိုပင် စိုက်ပျိုးစေသော မဟာဗောဓိပင်ကြီးတည်း၊ ယင်းဗောဓိပင်ကြီးသည် ယနေ့တိုင်အောင်ပင် **အာနန္ဒာဗောဓိပင်** ဟု ခေါ်တွင်လေ၏။

ရဟန္တာဓာတ်တော် စေတီနေရာ

ဤပုံကား ရဟန္တာမြတ် ဓာတ်တော် စေတီ ဖြစ်သော်လည်း သာမန်ရဟန္တာ စေတီမဟုတ်ချေ၊ လကျာတော်ရံ ပဌမ အဂ္ဂသာဝက ဖြစ်တော်မူသော ပညာ အရာ၌ ဧတဒဂ်ရ အရှင်သာရိပုတြာ မထေရ်မြတ်၏ ဓာတ်တော် စေတီ ဖြစ်လေသည်၊ ညီတော် အရှင်စုန္ဒသည် နောင်တော်ကြီး အရှင်သာရိပုတြာ ပရိနိဗ္ဗာန်စံသောအခါ ထိုအရှင်မြတ်ကြီး၏ သပိတ်, သင်္ကန်းနှင့် ဓာတ်တော် ထည့်သော ရေစစ်ကို ယူလာပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာအား ဆက်ကပ်လေ၏၊ ဘုရားရှင်လည်း ထိုသပိတ်, သင်္ကန်းနှင့် ဓာတ်တော်များကို လက်ခံတော်မူကာ ဂါထာပေါင်း ငါးရာတို့ဖြင့် အရှင်သာရိပုတြာ၏ ကျေးဇူးဂုဏ်ကို ချီးမွမ်းတော်မူ၍ ဓာတုစေတီ တည်တော်မူ၏၊ ထို့ကြောင့် ဤစေတီကို အရှင်သာရိပုတြာ ဓာတ်တော်စေတီဟူ၍ မှတ်ကြရာ၏၊ ဤစကားတို့ကား သုတ်မဟာဝါ အဋ္ဌကထာလာ စကားတို့တည်း။



ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်နေရာ

အနာထပိဏ်သေဋ္ဌေးကြီး၏ ကောင်းမှုဖြစ်သော ဇေတဝန် ကျောင်းတော်ကြီး အတွင်း၌ ကရေရိကုဋိ, ကောသမ္ဗကကုဋိ, သလဋ္ဌာဂါရကုဋိ, ဂန္ဓကုဋိ ဟူ၍ ကုဋိ လေးလုံး ရှိရာတွင် ဤပုံကား ဂန္ဓကုဋိနေရာ တော်ပေတည်း၊ ရှေးအခါက မည်မျှလောက်ပင် စည်စည်ကားကား တည်ထား ဆောက်လုပ်အပ်သော်လည်း "ဘိဇ္ဇနဓမ္မောဘိဇ္ဇတိ" ဟူသကဲ့သို့ပျက်စီးတတ်သော သဘောမျိုးသည်ပျက်စီးရိုး ဓမ္မတာ ဖြစ်သောကြောင့် ယခုအခါ အပျက်အစီးနှင့် အချည်းနှီးကိုသာ တွေ့မြင် ရသည်၊ ဘုရားရှင်လက်ထက်က သာဝတ္ထိ မြို့တော်ကြီးမှာ လူဦးရေ ခုနစ်ကုဋေ ရှိရာ ၎င်းတို့အနက်မှ အရိယာပုဂ္ဂိုလ် ၅-ကုဋေတို့သည် ဇေတဝန်ကျောင်းတော်သို့ တရားတော်ကို နာယူရအောင် နံ့စဉ်နှင့်အမျှ ဆည်းကပ် ခစားလာကြသော အခါများတွင် အရိယာပုဂ္ဂိုလ်တို့ အပူဇော်ကို ခံယူရန် ဂန္ဓကုဋိတိုက်တော်မှ ထွက်ကြွတော်မူသော သက်တော်ထင်ရှားမြတ်စွာဘုရားကို သတိရဘွယ်ကောင်း လှပေသည်။



သာဝတ္ထိတောတန်း

ပသေနဒီ ကောသလမင်းမြတ် စိုးပိုင်လတ်သော ကောသလတိုင်း **သာဝတ္ထိပြည်ကြီး** သည် ရှင်တော်ဘုရား လက်ထက်တော် အခါက လူဦးရေ ခုနစ်ကုဋေရှိ၍ ငါးသန်း ခုနစ်သိန်းကုန်သော အိမ်ခြေတို့၏ တည်ရာဖြစ်၏၊ ရှစ်သောင်းသော ရွာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ယူဇနာသုံးရာ အတိုင်းအရှည်ရှိကုန်သော ကာသိတိုင်း, ကောသလတိုင်း နှစ်တိုင်းတို့၏ အခွန်ဆက်သရာ အဓိပတိမြို့ကြီး ဖြစ်သော်လည်း ခရစ်ယန် သက္ကရာဇ် ၃၀၀-အတွင်းမှပင် ပျက်စီးခဲ့လေရာ သက္ကရာဇ် ၄၀၀-လောက်မှာ အိမ်ခြေ ၂၀၀-လောက်သာ ကြွင်းကျန်ပြီးလျှင် ၎င်းသက္ကရာဇ် ၆၃၂-ခုနှစ်၌ အလုံးစုံ ပျက်စီးလေတော့၏၊ ကောသလမင်းကြီး၏ နန်းတော် အတွင်း အပြင် မြို့ရာမှာ ယခုထက်ထိပင် မြို့ရိုးတံတိုင်းကြီး အလျား, အနံ တမိုင်လောက်စီ ပျက်စီးလျက်ရှိနေ၏၊ ပုံ၌ မြင်ရသည့်အတိုင်း ယခုအခါမှာ ဥပမာ မပြနိုင်အောင် စုံမြိုင်တောကြီး အတိ ဖြစ်နေဘိ၏ တကား။

သုမင်္ဂလဝိလာသိနီ (ဓ) ၂၇၁–၆၂



ညောင်စောင်းတော်နေရာ

ဤပုံသည် ဂန္ဓကုဋိတိုက်၏ ညောင်စောင်းရာ ဖြစ်၏၊ အလျား ၂၇-တောင် အနံ ၇-တောင်ရှိ၏၊ သက်တော် ထင်ရှားရှိသော ဘုရားကိုယ်တော်မြတ်ကြီး၏ သီတင်းသုံးတော်မူပုံကို အာရုံစူးစိုက်၍ အထူးမြော်ရှုလိုက်ပါလျှင် ရွှေဘဝင် အသည်း ကျွမ်းလောက်အောင် လွှမ်းတကြွရတော့မည်သာ ဖြစ်လေသည်၊ "ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဉ္စပါဒဋ္ဌာနာနိ အဝိဇဟိတာနေဝ ဟောန္တိ" ဟု အဋ္ဌကထာပါဠိ လာရှိသည့်အတိုင်း ဇေတဝန်ကျောင်းတော်အတွင်း ကုဋိကြီး လေးလုံးတို့တွင် ဂန္ဓကုဋိတိုက်၌ ၄-ပါးကုန်သော ညောင်စောင်း ခြေတို့ ချရာ အရပ်သည် ဘုရားရှင်တို့ မစွန့်အပ်သော ဌာနထူး ဌာနမြတ်ကြီးဖြစ်သဖြင့် ထိုသို့ ဗုဒ္ဓအဝိဇဟိတ ဌာနကြီး တခုဖြစ်သော ဤပုံတော်ကို ဖူးမျှော်ကာ မြတ်စွာ ဘုရား၏ ဂုဏ်တော်များကို ဆင်ခြင်ပွားများ၍ တရားကို နှလုံးသွင်းပြီး ကောင်းမြတ်ခြင်းမင်္ဂလာ ဇေယျာသိဒ္ဓိ အကျိုးရှိခြင်းများ ကြီးမားလျက် ထွန်းကားတော်မူကြပါစေသော်ဝ်။



သရက်ဖြူကုန်း

နတ်လူအများ သူတပါးတို့၏ ဖွံ့ထွားမြားမြောင် အကျိုးစီးပွားကိုဆောင်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ ကဏ္ဍ မည်သော ဥယျာဉ်မှူးသည် အထူးပြုပြင် စိုက်ပျိုးအပ်သည်ဖြစ်၍ ကဏ္ဍမ္ဗမည်သောသရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းတော်မူသောအားဖြင့် မဖြစ်စဘူး အံ့ဘွယ်သရဲ အလွန်အကျူး အထူးကဲမောက် တင့်တယ်ခြင်းသို့ ရောက်သော ရေအလျှံမီးအလျှံ အစုံအစုံနှင့် တကွ အဖုံဖုံ အဖြာဖြာသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်း သုံးဘဝါးဖြင့် ကြွသွားတော်မူ၍၊ မြတ်စွာဘုရားသည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော သိကြားမင်း၏ နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာအပြင်ဝယ် သတ္တမမြောက် ဝါကပ်ဆိုတော်မူ၏၊ ယခု မြင်ရသောပုံမှာ တန်ခိုးပြရာဌာနကြီးပေတည်း။



ဒေဝဒတ် မြေမျိုရာဌာန

ဒေဝဒတ်သည် အဇာတသတ်မင်းသားကို ဖြားယောင်း၍တဂိုဏ်းထောင်လေ၏၊ နောင်မကြာမြင့်မီ ၎င်းတပည့်သား ငါးရာကို အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန်တို့သည် တရားနည်းမှန်ဟောကြားပြီးလျှင် ပြန်ခေါ်သွားသောအခါမှစ၍ ဒေဝဒတ်သည် အနာရောဂါ ဖိစီးကာ ကိုးလပတ်လုံး ရောဂါသည်ကြီးဖြစ်၍နေရှာ၏၊ မထနိုင်သော ရောဂါသည်ကြီး ဖြစ်သောအခါ ဘုရားကို သတိရလာ၍ တပည့်တကာတို့ကို ပို့ခိုင်းလေ၏၊ ထိုအခါ တပည့်အပေါင်းတို့သည် ဆရာဖြစ်သော ဒေဝဒတ်ကို ထမ်းစင်ဖြင့် ထမ်းဆောင်ကာ မြတ်စွာဘုရား သီတင်းသုံးရာဖြစ်သော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားကြလေ၏၊ ကျောင်းအနီးရေကန်ကြီးသို့ ရောက်လျှင် ရေချိုးမည်ဟူသော စိတ်ကူးဖြင့် တပည့်များကို ကန်ကြီးအနီး၌ ချခိုင်းလေ၏ ထမ်းစင်မှဆင်း၍ ရေချိုးမည်အပြုတွင် အဝီစိမီးလျှံသည် တဝင်းဝင်းတက်လတ်၍ ဒေဝဒတ်အား အရှင်လတ်လတ် မြေခွဲမျိုသွားလေ၏၊ ထိုအရပ်ကို ရေကန်နှင့်တကွ ယခုတိုင်အောင်ပင် အထင်အရှားတွေ့မြင်နိုင်၏။



ဒေဝဒတ် ကျောက်လှိမ့်ချရာအရပ်

ဤယခု မြင်ရသော တောင်ကြီးသည်ကား ဂိဇ္ဈကုဋ်တောင်ကြီး ဖြစ်၏၊ ဤ ဂိဇ္ဈကုဋ်တောင်ကြီးသည် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့၌ များစွာပါသော ကြောင့် အထူးကျော်ကြား၍ ထင်ရှားသော တောင်ကြီးတခု ဖြစ်လေသည်၊ အထူးအားဖြင့်ကား ဘုရားတဆူလုပ်၍ မိမိ ဓမ္မစက်ရောင်ဖြင့် တဂိုဏ်းထောင် ခြင်းငှါ ထို **ဂိဇ္ဈကုဋ်တောင်စောင်း** ၌ ကျောက်မောင်းဆင်ပြီးလျှင် **ဒေဝဒတ်**၏ ဘုရားကို လုပ်ကြံသော နေရာဌာနကြီးပေတည်း၊ ယခုတိုင်ပင် အထင်အရှား တွေ့နိုင်သေး၏၊ ၎င်းပြင် ထိုဂိဇ္ဈကုဋ်တောင်ပေါ်၌ ယခု တွေ့ရှိရသော အခြား ဌာနများမှာကား အသောကမင်းကြီး စေတီပျက်တဆူ၊ ဘုရားလေးဆူတို့ သီတင်းသုံးတော်မူရာနှင့် လိုဏ်ဂူပျက် လေးဘာသာပါရှိသော ကျောက်စာတိုင် တခု, သက္ကပဥ္စသုတ်ကို ဟောတော်မူရာ ဣန္ဒသာလာလိုဏ်ဂူတို့ ဖြစ်လေသည်။

နိဂြောဓာရုံကျောင်းတော်ရာ

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ပဥ္စမဝါကို မိဂဒါဝုန်တော၌ ဝါဆိုတော်မူပြီးလျှင် ပြာသိုလအတွင်းရာဇဂြိုဟ်ပြည်သို့ ကြွ၍ သီတင်းသုံးနေစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ မိန့်တော်မူချက်အရ ကာဠုဒါယီအမတ် ပင့်အပ်သောကြောင့် ရဟန်းတော်ပေါင်း နှစ်သောင်း ခြံရံကာ ရွှေချက်တော် သိုရာဖြစ်သော ကပိလဝတ်ပြည်သို့ ကြွတော်မူ၏၊ ထိုအခါ ခမည်းတော်ကြီးနှင့်တကွ ဆွေတော်မျိုးတော် အပေါင်းတို့သည်"နိဂြောဓမင်းသား"၏ ဉယျာဉ်ကိုတွေ့၍ ထိုဉယျာဉ်အတွင်း၌ အခင်းအကျင်း အစုံအလင်ကို ပြင်ဆင်စေလျက် **နိဂြောဓာရုံကျောင်းတော်** ကို ဆောက်လုပ်ကာ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ သီတင်းသုံးရန် လှူဒါန်းထား ပင့်ကြလေ၏၊ ထိုဉယျာဉ်တော်မှာ ယခုအခါ တောအတိသာလျှင် ဖြစ်နေလေတော့၏။



ပဋာစာရီ ကူးသောမြစ်

သာဝတ္ထိပြည်ကြီး၌ သေဋ္ဌေးသမီး ပဋာစာရီသည် အစေခံဖြစ်သော မောင်ဒါသနှင့် တိမ်းရှောင် ပြေးနေကြရာမှ တယောက်သော သားငယ်နှင့် လွယ်ထားသော သန္ဓေသားကို ဆောင်ယူကာ သားအမိ, သားအဘတို့ သာဝတ္ထိပြည်သို့ ပြန်လာသောအခါ ခရီးလမ်းအကြား တောတတော၌ ကမ္မဇလေလှုပ်ကြွ၍ ဒုက္ခဖြစ်လွန်းအောင် မိုးသည်းရွာသွန်းပြန် သောကြောင့် ထင်းအတွက် မောင်ဒါသ အရှာထွက်ရာတွင် မြွေဟောက်ပေါက်၍ အသက်ပျောက်ရှာလေ၏၊ ထိုအခါ ပဋာစာရီသည် မွေးစကလေးကို ပိုက်ထွေး၍ နို့ညှာကလေး လက်ဆွဲကာ သုံးယောက်သား လာကြလေလျှင် မြစ်ငယ် တခုကို တွေ့ရသဖြင့် သားငယ်ကိုကမ်းပါး၌ ထားခဲ့၍ သားကြီးကို တဘက်ကမ်းသို့ ပို့ပြီး အပြန် သားငယ်စွန်ချီရာ လက်ဖြင့်မြှောက်၍ ချောက်အော်သည့်ကို မိမိကိုခေါ်သည့်ဟု အထင်မှားသောသားကြီးသည် ရေသို့ဆင်းလိုက်သောအခါ မြုပ်မျော၍ ပါသွားရှာလေ၏၊ ဤမြစ်ပုံသည် ထို ပဋာစာရီကူးသောမြစ်ပင်တည်း။

အသောကမင်း ကျောက်တိုင်

သိရိဓမ္မာသောကမင်းကြီး မြို့တော်သည် ရှေးအခါက "ပါဋလိပုတ်" ဟု အမည်ထင်ရှားသော်လည်း ယခုအခါ "ပဋ္ဋနာ" ဟူ၍ ခေါ်တွင်လေသည်၊ ၎င်းမြို့၏တောင်ဘက် လေးမိုင်ခန့်အရပ်၌ မဟာစေတီကို တည်၏၊ မဟာစေတီ၏ တောင်ဘက်၌ အမြင့် အတောင်သုံးဆယ် လုံးပတ် ဆယ့်ငါးတောင်ခန့် ရှိသော ကျောက်စာတိုင် တခုကို စိုက်ထူထားလေသည်၊ ကျောက်စာ၏ အဓိပ္ပါယ်မှာ "အသောကမင်းကြီးသည် မိမိအုပ်စိုးသော ဇမ္ဗူဒီပါ ကျွန်းတရိုးကို ထက်ဝန်းကျင် အရပ်မျက်နှာနှင့် တကွ သံဃာတော်တို့အား လှူဒါန်းတော်မူလေ၏၊ ထို့နောက်မှ သံဃာတော်များထံမှ တန်ရာတန်ဘိုးပေး၍ ငွေဖြင့် ဝယ်ယူပြန်ကြောင်း ဤအလှူမျိုးကို အသောက မင်းကြီးသည် သုံးကြိမ်တိုင်တိုင် လှူဒါန်းဘူးကြောင်း" ဟူသော အကြောင်းများ ပါလေသည်၊ ပုံ၌ တွေ့မြင်ရသော ကျောက်စာတိုင် ကား နောက်မှတဖန် ပြန်ပြုပြင်ထားလေသည်။



ကျောက်ဆင်ရုပ်

မြတ်စွာဘုရားသည် ၇·၀ါမြောက် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောကြားတော်မူကာ ဝါဆိုတော်မူ၏၊ ရှင်မောဂ္ဂလာန်လာ၍ တောင်းပန်လျှောက်ထားသောကြောင့် သီတင်းကျွတ် လပြည့်နေ့၌ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းမည်ပြုရာတွင် သိကြားမင်းသည် သုဒဿနမြို့ တောင်ဘက်တံခါးမှ သင်္ကဿနဂိုရ်ပြည် တောင်ဘက် တံခါးတိုင်အောင် ရွှေစောင်းတန်း,ပတ္တမြားစောင်းတန်း, ငွေစောင်းတန်းတို့ကို ဖန်ဆင်း၏၊ မြတ်စွာဘုရားသည် ပတ္တမြားစောင်းတန်းမှ ကြွဆင်းတော်မူ၏၊ ထိုသင်္ကဿနဂိုရ်မြို့ကြီးကား ယခုအခါ"ဆံကိဆာ"ဟူ၍၎င်း၊ "ဆံကဆိယာ" ဟူ၍၎င်း ခေါ်တွင်လေ၏၊ ထိုဆံကိဆာရွာ၏ တောင်ဘက်၌ **ကျောက်ဆင်ရုပ်** ပါသော ကျောက်တိုင်တခုရှိ၏၊ ဤကျောက်တိုင်၏နေရာသည် မြတ်စွာဘုရား၏ လကျာခြေတော်ရာ သင်္ကဿနဂိုရ် ပြည်၏ တောင်တံခါးဝနှင့် တူဟန်ရှိ၏။

သုစန္ဒဝတီ (စ) ၂၀၁–၆၃



သက်ဿနဂိုရ် ကျောင်းတော်ရာ

ဤပုံကား သိရိဓမ္မာသောကမင်းမြတ် ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းတော်ကြီး နေရာပေတည်း၊ တာဝတိံသာနတ်ပြည်မှ သက်ဆင်းသော စောင်းတန်းကြီး သုံးခုသည် မြေသို့ဝင်သွား၍ လှေခါးထိပ် ခုနစ်ခုသာ ကြွင်းကျန်၏၊ သိရိဓမ္မာသောကမင်းကြီးသည် ထိုလှေခါး၏ အဆုံးကိုသိလို၍ တူးဖော်စေရာအောက်ရေဝါ တိုင်သော်လည်း အဆုံးကိုမတွေ့၍ထိုနေရာ၌ ကျောင်းတော်ကြီးတဆောင် ဆောက်လုပ်လေ၏၊ ထိုသို့မြေသို့ ဝင်သွားပြီဆိုသော စောင်းတန်းကြီး သုံးခုဖြင့် ထိုသက်ဿနဂိုရ်မြို့ တောင်ဘက်တံခါးဝသို့ မြတ်စွာဘုရားသခင်သည် ၇-ဝါမြောက် သီတင်းကျွတ် လပြည့်နေ့၌ တာဝတိံသာမှ ဆင်းမည်ပြုရာတွင် သိကြားတို့နေရာ သုဒဿနမြို့ထိပ်က ရပ်တော်မူလျက် လူအပေါင်းတို့အား ပီတိသောမနဿ ရွှင်ပျစွာ ဖြစ်ကြစေခြင်းငှါ နတ်ပြည်ခြောက်ထပ်နှင့်တကွ ဗြဟ္မာပြည်ထိအောင် ဟင်းလင်းအပြင် မြင်စေနိုင်သော လောကဝိဝရဏ တန်ခိုးပြာဋိဟာကို ပြတော်မူ၏။



အင်္ဂုလိမာလ ကျောင်းတော်ရာ

သာဝတ္ထိပြည်သေဌ်နင်း ကောသလမင်း၏ ပုရောဟိတ်ဖြစ်သော အန္တက ပုဏ္ဏားနှင့် မန္တာနီပုဏ္ဏေးမတို့၏ သား ငယ်မည် "အဟိံသက" ကြီးမည် "အင်္ဂုလိမာလ" အမည်ရသော မထေရ်မြတ်သည် တောရပ်ခိုမှီး၍ နေတော်မူ၏၊ ရဟန်းဖြစ်စအခါ များစွာသော လူအပေါင်းတို့သည် "ငါတို့အမိကို သတ်သောသူ၊ ငါတို့အဘကို သတ်သောသူ၊ ငါတို့ညီ, ငါတို့အစ်ကို, ငါတို့နှမ, ငါတို့အစ်မကို သတ်သောသူ" စသည်ဖြင့် အငြိုးထား၍ အုတ်ခဲ, လှံတံ, ဒုတ်တို့ဖြင့်ပင် ပစ်ခတ်ကြလေသည်၊ ဆွမ်းခံသောအခါ အနည်းငယ်မျှ မရချေ၊ နောင်သောအခါ အရှင်အင်္ဂုလိမာလ၏ အကြောင်းကို သိကြ၍ သဒ္ဓါပသန္န ဖြစ်ကြ၏၊ အလွန်ထင်ရှားသော မထေရ်တပါး ဖြစ်လေသည်၊ မဟာသာဝက ရှစ်ကျိပ်တွင် အဝင်အပါ ပုဂ္ဂိုလ်ကြီးပေတည်း၊ ယင်းသို့ ထင်ရှားကျော်ကြားတော်မူသော ရဟန္တာမထေရ်မြတ်ကြီး သီတင်းသုံး သွားဘူးသော ကျောင်းတော်ကြီးမှာ ယခုအခါ နေရာလောက်သာ မြင်ရလေတော့၏။



တက္ကသိုလ်ပြည် ထူပါရုံ

တက္ကသိုလ်ပြည်ကြီးသည် ရှေးရှေးသောအခါ လွန်စွာကျော်ကြား၍ ဘုရားရှင် ရွှေလက်ထက်တော်၌လည်း ထင်ပေါ်သော ပြည်ကြီးတပြည် ဖြစ်လေသည်၊ ပညာရှိ အလွန်ပေါသော ပြည်ကြီးပေတည်း၊ သိရိဓမ္မာသောကမင်း လက်ထက်မှာပင် တက္ကသိုလ်ပြည်သား အဆက်အနွယ်ဖြစ်သော သား မြေးတို့ကို ယန္တရားစက်ရုပ် ပြုလုပ်စေ၍ ဓာတ်တော်များကို ယူစေ၏၊ "ယန္တရားစက်ရုပ် ဆိုသည်မှာ ယခုကာလ လေယာဉ်ပျံများထက် အဆပေါင်း များစွာ ကောင်းမွန်၏၊ အကြောင်းမူကား ၎င်းယန္တရားစက်ရုပ်ကို ပြုလုပ်ပြီးသောအခါ အလိုရှိရာကို လူမ၊၂ါဘဲ စေလွှတ်၍ ခိုင်းနိုင်၏၊ လူ၌ တစုံတရာ အန္တရာယ်မရှိချေ၊ စိတ်ချရလေ၏" ဤမျှလောက် ကျော်ကြား၍ ပညာရှိ ပေါများသော ပြည်ကြီး၌ ကျောင်း, ကန်, ဘုရားစသည်တို့လည်း လွန်စွာများကုန်သည်၊ ဤပုံကား စေတီတော် တဆူနှင့် ကျောင်းပျက်များ တူးဖော်ထားသည်ကို တွေ့မြင်ရပေလိမ့်မည်၊ ယခုအခါ ထိုတက္ကသိုလ်ပြည်၏ အမည်ကိုလည်း **တက္ကစီလာ** ဟုပင် ခေါ်ဝေါ်ကြလေသည်။



နာလန္ဒမြို့ ကျောင်းတော်ရာ

မြတ်စွာဘုရား၏ လက်ျာတော်ရံ ပညာပါရဂူ ဧတဒဂ်ဘွဲ့ထူး ရတော်မူသော အရှင်သာရိပုတြာ မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်အနီး ဥပတိဿရွာကြီး၌ မီးရှူးသန့်စင် ဘွားမြင်တော်မူ၏၊ ငယ်မည် ဥပတိဿလုလင်တည်း၊ ပရိနိဗ္ဗာန် ဝင်စံသောအခါလည်း ထိုရွှေချက်တော် သိုရာဖြစ်သော ရွာ၌ပင် ဝင်စံတော်မူသည်၊ ပိဋကတ်ကျမ်းဂန်၌ ပါရှိသော နာလန္ဒမြို့ကား ရာဇဂြိုဟ်ပြည်၏ မြောက်ဘက် ခုနစ်မိုင်ဝေး၏၊ နာလန္ဒနဂါးမင်း၏ နေရာကိုအစွဲပြု၍ နာလန္ဒဟု ခေါ်တွင်၏၊ ထိုအရှင်သာရိပုတြာ၏ ဇာတိဖြစ်သော ဥပတိဿရွာ၏ အနီး၌ တည်ရှိ၏၊ နာလန္ဒကျောင်းတော်ကို **နာလိကာရုံကျောင်း** ဟု ခေါ်သည်၊ ယခုအခါ ဤနေရာ၌ ကျောင်းတော်ရာ အပျက်အစီးနှင့် စေတီကြီးတဆူ ရှိ၏၊ ရှေးအခါက လွန်စွာ စည်ကားဟန် ရှိလေသည်၊ ယခုအခါ၌ကား ထိုကဲ့သို့စည်စည်ကားကား မရှိတော့ချေ၊ သင်္ဂါရတရား၏ မမြဲပုံကို ဆင်ခြင်စရာ ကောင်းလှပေသည်။



(ဆံချီ) ဝေဒိဿကတောင်ပေါ် စေတီတော်

အရှင်မဟိန္ဒ သီတင်းသုံးရာဖြစ်သော ဝေဒိဿကတောင်၌ရှိသော ဤပုံ၌မြင်ရသည့် စေတီတော်ကြီးကား မုတ်လေးဘက်ရှိ၏၊ စေတီတော် ယင်ပြင်၌ သိရိဓမ္မာသောကမင်းကြီး ကျောက်စာတော်ရှိ၏၊ စေတီ၏ တံတိုင်း နံရံ၌လည်း ကမ္ဗည်းကျောက်စာထိုးလျက် ရှိ၏၊ စေတီတောင်ဘက် တံခါးမုတ်၌ရှိသော အသောကမင်း ကျောက်စာကို မိစ္ဆာလူမျိုးတို့ ချိုးဖျက်ပစ်ခြင်းကြောင့် ကျိုးပျက်လျက်ရှိနေလေ၏၊ တောင်ပေါ် သို့တက်ရန် စောင်းတန်းနှစ်ခုရှိ၏၊ တောင်ခြေမျှင်း ကပ်လျက်ရှိသော ရေကန်ကြီးတခု၌ ရေမပြတ်ရှိ၏၊ တောင်၏ အနီးအပါး၌ ရွာငယ်လည်း တရွာ နှစ်ရွာ ရှိ၏၊ ပါဠိဘာသာ ကျမ်းဂန်များ၌ **ဝေဒိဿကဂိရိ** ဟုလ.ရှိသော အမည်သည် ယခုအခါ **ဆံချီ** ဟူသော အမည်ဖြင့်သာ ထင်ရှားနေတော့၏၊ အရှင်မဟိန္ဒ သီတင်းသုံးရာ ကျောင်းတော်နေရာကို အစိုးရ ကျောက်စာဝန်တို့ တူးဖော်ကြရာ ရုပ်တု ဆင်းတုစသည်များကိုတွေ့ရလေသည်၊ ထိုတောင်ပေါ်၌ပင် ပြတိုက်ကြီး လုပ်၍ထားရာ များစွာ ကြည့်ရှုဘွယ် ပေါလေသည်။



ညီတော်အာနန္ဒာ ရေကြည်ရှာရာဌာန

ဂေါတမဗုဒ္ဓ ဟူသော အမည်တော်ဖြင့် ကျော်ကြား ထင်ရှားတော် မူသော မြတ်စွာဘုရားသည် ဝါတော် ၄၅-ဝါပတ်လုံး တရားတော်မိုးကို သွန်းဖြိုး တော်မူခဲ့ပြီး၍ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မူရန် အလို့ငှါ ကြွသွားလေ လျှင် ပါဝါပြည် ပန်းထိမ်သည်၏သား စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးတော်မူသည်မှ အစပြု၍ ဝမ်းသွေးသွန်ရောဂါ ဖိစီးတော်မူလျက်ပင် ခရီးစဉ်အတိုင်း ကြွတော်မူ လာရာ လမ်းခရီးအကြား၌ ရွှေအားတော်မလူ ရွှေရင်တော်ပူလှသဖြင့် **ရေယူကာ ကပ်ပါ** ဟု အာနန္ဒာ ညီဘွားကို မိန့်ကြားတော်မူရရှာ၏၊ ထိုအခါ ညီတော် အာနန္ဒာသည် သပိတ်တော်ကို ထမ်းလျက် ရေဆိပ်ကမ်းသို့ သွားကာ ရေကြည် တော်ရှာရလေ၏၊ ထိုနေရာကြီးကား ယခုတိုင်ပင် အထင်အရှား ရှိချေသေး၏၊ ပုံတော်ကို ကြည့်ရှုပါလျှင် ယခုပင် ဖြစ်ရေးကဲ့သို့ စိတ်အေးနိုင်ဘွယ်ရာ ရှိကြမည် မဟုတ်ပေ၊ ဝမ်းနည်းဘွယ် ကောင်းလေစွ။



ကုသိနာရုံပြည်

ပါဝါပြည်နှင့် ကုသိနာရုံပြည်ကား သုံးဂါဝုတ် သာသာမျှ ရှိသော်လည်း ၂၅-ကြိမ် တိုင်တိုင် ထိုင်နားတော်မူပြီးမှ ကုသိနာရုံပြည်ကြီးသို့ ရောက်ရရှာလေ၏၊ ဤ မြင်ရသော ပုံကား မလ္လာမင်းအပေါင်းတို့၏ ပျော်ညောင်းရာပြည်ဘုံ **ကုသိနာရုံပြည်** ပင်တည်း၊ စေတီကြီးတဆူနှင့် ကျောင်းရာ အပျက်အစီးတွေကို များစွာမြင်နိုင်လေသည်၊ ယခုအခါ "ကာဆိယာ" ခေါ်သော မြို့ငယ်မှ အနောက်ဘက် တမိုင်ခွဲလောက် အရပ်၌ စတုရန်း ၂-မိုင်ခန့်ရှိသော "ဗိရှန်ပုရ်" ခေါ် ရွာသည်ပင် ရှေးက "ကုသိနာရုံ" မြို့တော်ဖြစ်၏၊ ထိုမလ္လာမင်းတို့ ပျော်ခင်းစံရာ ကုသိနာရုံပြည်ကို ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူရာ မဟာဆိပ်ကမ်းကြီး ဖြစ်ခြင်းကြောင့် အထူးသဖြင့် မြင့်မြတ် ကြီးကျယ်လှစွာသော ဌာနကြီးဟူ၍ မှတ်ယူကြရပေ၏၊ မြတ်စွာဘုရားသည် ကုသိနာရုံပြည်ကို အထူးချီးမွမ်းခဲ့၏၊ ပရိနိဗ္ဗာန် စံတော်မူရာ အင်ကြင်းတောသည် မြို့၏ အနောက်တောင်ထောင့် အရပ်၌ ရှိလေ၏။



ပရိနိဗ္ဗာန် စံရာဌာန

မြတ်စွာဘုရားသည် သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် အတွင်း ခင်းထားအပ်သော ညောင်စောင်း၌ မြောက်သို့ ဦးခေါင်း လကျာ်စောင်း၍ ပြောင်းရွှေနိဗ္ဗာန် ဝင်စံတော်မူသတည်း၊ ထိုပရိနိဗ္ဗာန်ဝင်စံတော်မူရာ အင်ကြင်းဥယျာဉ်တော်ကား ယခုအခါ ဗိဂျန်ပုရ်ရွာ၏ အနောက်ဘက် မိုင်တဝက်ခန့်ရှိသော မာထကုဝရ် ခေါ် နေရာပင်တည်း၊ ဤပုံ၌ မြင်ရသည်မှာ လျောင်းတော်မူ ဂူကြီးဖြစ်၏၊ အလျား ၄၈-ပေ၊ အနံ ၃၂-ပေ ၂-လက်မ၊ အမြင့် ၁၆-ပေ ၇-လက်မ ရှိ၏၊ အာရုံခံ ကြမ်းပြင်ကြီးမှာ အလျား ၃၄-ပေ ၈-လက်မ၊ အနံ ၁၄-ပေ ၈-လက်မ ရှိ၏၊ ဂူကြီးအတွင်း၌ လျောင်းတော်မူ ပုံတော်တဆူ ရှိ၏၊ အလျားပေ ၂၀-ရှိ၏၊ ဤပုံတော်ကို မြင်ရလျှင် ရင်ဝကိုဖိ၍ မချိပူမီး မျက်ရည်စီးသောသူသာ များချေသည်၊ ရှေးက ဖြစ်ရေးကို တွေးမိကြသောကြောင့်တည်း။

သုမင်္ဂလဝိလာသိနီ (စ) ၂၀၁–၆၄



တေဇောခတ် လောင်ရာဌာန

ဤပုံကား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ အင်ကြင်းဥယျာဉ် "မာထကုဝရ်"မှ အရှေ့ဘက် တမိုင်သာသာ အရပ်၌ရှိသော **တေဇောခတ်လောင်ရာဌာန** ကြီးပေတည်း၊ ရှေးအခါ **မကုဋဗန္ဓန** ခေါ်သည်၊ ယခုအခါ "ရာမဘာရ်" သို့မဟုတ် "ဒေဝီဆထာန်"ဟု ခေါ်သည်၊ ထိုနေရာ၌ စေတီတော်ကြီးတဆူ ပျက်ပြိုလျက်ရှိနေ၏၊ စေတီပေါ်၌ ညောင်ပင်များ ပေါက်နေသည်၊ စေတီအနီးခြေရင်း၌ ရေတွင်းနှင့်တကွ ကျောင်းတော်ရာများလည်း ရှိသေး၏၊ ၎င်းတေဇောခတ်လောင်ရာ မကုဋဗန္ဓန အကြောင်း သုတ်မဟာဝါ ပါဠိတော်၌ "မြတ်စွာဘုရား၏ အလောင်းတော်ကို မြို့၏ အရှေ့တံခါးဖြင့် ထုတ်ဆောင်ပြီးလျှင် ကုသိနာရုံ၏ အရှေ့အရပ် မလ္လာမင်းတို့၏ ဥသျှောင်ထုံးမင်္ဂလာ ပြုရာဖြစ်သော "မကုဋဗန္ဓန" အရိုအသေပြုရာစရပ်၌ ချထား၏" စသည်ဖြင့် လာရှိသည်တို့ကို သတိချပ်၍ ဘုရား ပရိနိဗ္ဗာန် ဝင်စံခြင်းကို အမှတ်တရ ဖြစ်ကြပြီးလျှင် ခတ်အာယတန ခန္ဓာအစဉ်တို့၌ သမ္ပဇဉ်တရားရှုကာ ကောင်းမှုကုသိုလ် တိုးပွားအောင် ကြိုးစားအားထုတ်ဘို့ ကောင်းလှပေတော့၏။



ကုသိနာရုံ စေတီတော်

အစိုးရ ကျောက်စာဝန်တို့သည် **ကုသိနာရုံ စေတီဟောင်းကြီး**ကို တူးဖော်ကြရာ အလျားပေ ၂၀-ရှိ ပရိနိဗ္ဗာန်စံယူတော်မူပုံ လျောင်းတော်မူ ဘုရားကြီး၊ ထိုရုပ်တုတော်၏ ညောင်စောင်းအောက်၌ကပ်လျက်ဇီဝကရုပ်ပုံ,သုဘဒ္ဒရဟန်းပုံ, ညီတော်အာနန္ဒာပုံ, ၎င်းပုံသုံးခုအကြား၌ ကျောက်စာများကို တွေ့ရလေသည်၊ ဤပုံ၌မြင်ရသော စေတီကြီးသည်ကား နောက်တဖန်အသစ်ထပ်မံ၍ ပြုလုပ်ထားသော စေတီသစ်ကြီးဖြစ်လေသည်၊ စေတီကြီး၏ ထီးတော်အမြင့်မှာ ၁၅-ပေ၊ ထီးအောက်ခုံ၆ ပေ၊အလျား ၁၀-ပေ ၉ လက်မ၊အောက်အလျား ၁၀ ပေ ၃-လက်မရှိ၏၊ ထီးအောက် စေတီတော်အမြင့်မှာ ၅၇-ပေ ၂-လက်မ လုံးပတ် ၁၇၉-ပေရှိ၏၊ ၎င်းစေတီကြီးကို တူးဖော်သောအခါ ဌာပနာအိုးမှ မီးသွေး,ပြာ,ကျောက်,သံ,ပတ္တမြား,ကြေးပုရပိုက်စာ, စန္ဒကူးနံ့သာ,တံဆိပ်စာ,ရွှေ,ငွေ,ပုလဲ စသည်များကို ရရှိ၍ ဆိုင်ရာပြတိုက်၌ ဖော်ပြထား၏၊ ၎င်းပြင် လူများ တည်းခိုရန် ဓမ္မသာလာကြီး တခုလည်း ရှိလေသတည်း။



ပဋ္ဌမသင်္ဂါယနာ တင်ရာဌာန

မြတ်စွာဘုရားသည် ခန္ဓာကိုယ် ကမ္မဇရုပ်ကို အစွမ်းကုန် ပယ်စွန့်တော်မူ၍ အညွန့်ဆုံး အမြတ်ဆုံးဖြစ်သော ပရိနိဗ္ဗာန် ဝင်စံမှုကို ပြုတော်မူပြီးသောအခါ ကြွင်းကျန်သော ခန္ဓာ ရုပ်ဓာတ်ကိုမျှ တေဇောဓာတ်မခမီ "သုဘဒ္ဒ" မည်သော ရဟန်းတပါးသည် ဝမ်းပန်းတသာ ပြောဆိုကာဖြင့် "ငါတို့မှာကား ဤဂေါတမ လက်အောက်မှ ထွက်မြောက်ခွင့်ရပေပြီ၊ ထိုဟာ မအပ်, ဤဟာ မအပ်ဟု ပညတ်ချက် အလီလီမှ ကင်းလွတ်ပြီကကား"ဟု ပြောကြားလေ၏၊ ထိုစကားကို အရှင်မဟာကဿပမထေရ်မြတ် ကြားတော်မူလတ်၍ ဓမ္မသံဝေဂ ဖြစ်တော်မူခဲ့ရာ ပရိနိဗ္ဗာန် ဝင်စံသော ပွဲတော်ကြီးအပြီး ရာဇဂြိုဟ်မြို့ကြီးသို့ ကြွတော်မူလေ၏၊ ဇင်းပြည်ကြီးရှင် ဘုရင်အဇာတသတ်နှင့် တိုင်ပင်၍ ရဟန္တာငါးရာ ရွေးချယ်ပြီးလျှင် သင်္ဂါယနာတင်တော်မူ၏၊ထို သင်္ဂါယနာတင်သောနေရာကား ဤပုံ၌မြင်ရသော ဂူကြီး ပေတည်း၊ ဤဂူကြီးသည် အလျား ၂၄-တောင်၊အနံ ၁၄-တောင်ခန့် ရှိ၍ စရည်းပင်ရောက်ရာ လိုဏ်ဂူကြီးဖြစ်လေသည်၊ ဝေဘာရတောင်အနီး၌ တည်ရှိ၏။

နိဂုံး အာသီသ

(က) ဧတ္တာဝတာ ဗုဒ္ဓဝံသော၊
နိဋ္ဌိတော သတ္ထိ ဝဏ္ဏိတော။
သတတံ တ မုဒိက္ခန္တု၊
ဗုဒ္ဓသာသန မာမကာ။

ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ သတ္ထိ၊ စိတ်ထားဖြူစင် ပညာရှင်အပေါင်း သူတော်ကောင်းတို့သည်။ ဝဏ္ဏိတော၊ စပယ် နှင်းဆီ သရဖီပန်းညွှာ စန်းပမာသို့ ဝမ်းသာ ရွှင်မြူး နှစ်သက် ချီးကျူး အပ်သော။ ဗုဒ္ဓဝံသော၊ ဘုရားရှင်ဇာတ် ဂုဏ်သကတ်ဖြင့် မှတ်တမ်းတင်ရာ သညာတင့်ဆန်း ဗုဒ္ဓဝင်မည်သော ဤစကားပြေကျမ်းကြီးသည်။ နိဋ္ဌိတော၊ မဇ္ဈိမဒေသ ပုံတော်ပေါင်းများစွာနှင့် တကွ ကောင်းစွာပြီးမြောက် အဆုံးသို့ ရောက်သတည်း။ ဗုဒ္ဓသာသန မာမကာ၊ ဘုရားဟောမြွက် မဂ်, ဖိုလ်, နိဗ္ဗာန်, ဆယ်တန်ပရိယတ်တရားမြတ်တို့ကို မပြတ်အစဉ် လိုချင်တောင့်တ သာသနမာမက ပုဂ္ဂိုလ်တို့သည်။ တံ၊ ထိုအထူးတည်ထွင် ဗုဒ္ဓဝင်ကျမ်းကြီးကို။ သတတံ၊ အမြဲမပြတ် အထပ်ထပ်။ ဥဒိက္ခန္တု၊ ဉာဏ်အမြင်နှင့် ဆင်ခြင်ကြည့်ရှု စက္ခုအာရုံ ခံကြစေကုန်သတည်း။

(ခ) ဗုဒ္ဓဝံသော သုဒ္ဓဝံသော၊
သဗ္ဗသာဓူဟိ မာနိတော။
တောသယန္တော ဇနံ သဗ္ဗံ၊
စိရံ တိဋ္ဌတု ဘူတလေ။

သဗ္ဗသာဓူဟိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကို ပြည့်စုံသဒ္ဓါ စေတနာ ဗလဝနှင့် သာသနာ့ အကျိုးဆောင်၍ တိုးပွားအောင်ကြိုးစားလျက် မဂ်တရား,ဖိုလ်တရားကို ကိုးစားကြသူအပေါင်း သူတော်ကောင်းတို့သည်။ မာနိတော၊ သဘောနှစ်ခြိုက် စိတ်ကြိုက်နှင့်တွေ့ နှစ်သက်မွေ့လျှင် ကြည်မွေ့စုံမက် မြတ်နိုးအပ်သည်ဖြစ်သော။ သုဒ္ဓဝံသော၊ ဒီပင်္ကရာ အစ ဂေါတမ အဆုံး ဘုန်းကံကြီးမား

မြတ်ဘုရားတို့၏ အနွယ်အားဖြင့် သီးခြားပိုင်းကန့် သန့်ပြန့်စင်ကြယ်သော အနွယ်တော်တို့ကို လှစ်ဖော်ထုတ်ဟ သရုပ်ပြရာဖြစ်သော။ ဗုဒ္ဓဝံသော၊ အထူး တည်ထွင် ခေတ်တွင် ခေတ်ကြိုက် ခေတ်နှင့်လိုက်အောင် နှစ်ခြိုက်စရာ ဘဂဝါ အတုလ သုဂတ ထွတ်ခေါင် ဘုန်းရောင်ထွန်းကား မြတ်ဘုရား အဆူဆူတို့ ပွင့်တော်မူသည့်အစဉ်ကို ပြရာဖြစ်သော ဗုဒ္ဓဝင်ကျမ်းကြီးသည်။ ဇနံ သဗ္ဗံ၊ ဇမ္ဗူသမိုက် တသောင်းတိုက်တွင် မကိုဋ္ဌသဘွယ် ဘာသာ အမျိုးမျိုးတို့အလယ်၌ တင့်တယ်ထွန်းကြည် ငါးထောင်တည်အောင် အရောင်ထိန်လင်း တဝင်းဝင်း တောက်ပလျက်ရှိသော မြတ်စွာဘုရားသခင်၏ သာသနာတော် မြတ်ကြီးအား ကျောက်ထီးတန္တု အလေးပြု၍ ဂရုဓမ္မ ယုံကြည်သက်ဝင်ကြကုန်သော လုံးစုံ ခပ်သိမ်း စောင့်ထိန်းတရား ရဟန်းရှင်လူ အများကို။ တောသယန္တော၊ ငါ်ဘိ အပြား ငါးမျိုးအားဖြင့် ထင်ရှားရှိရာ ဖရဏာပီတိ ဂွမ်းဆီထိသို့ အိအိစက်စ ် နှစ်သက်စေလျက်။ ဘူတလေ၊ ရွှေ, ငွေ, မြ, ဖလ် လေးတန်ရောင်စု မေရုဗဟို ရွှေမြင့်မိုရ်မှ ဒက္ခိဏဒိသာ ဇမ္ဗူခြာဝယ် သောင်းတိုက်နယ်တွင် မြေအပြင်၌။ စိရံ၊ နှစ်ပေါင်းသံဝစ္ဆရ ကာလရှည်စွာ ငါးထောင်ကြာအောင်။ တိဋ္ဌတု၊ ဝါဒ အမျိုးမျိုး အယူအမျိုးမျိုး ဘာသာအမျိုးမျိုး ဆရာအမျိုးမျိုး ဘုရားအမျိုးမျိုး တို့၏ နာနာ သတ္တာရ မုခ ဥလ္လောကန ဘေးကြီးကို တားဆီးပယ်ဖျောက် အနှောက်အယှက် တစွန်း တစမျှ မထွက်ရအောင် ထက်မြက်မြင့်မြတ် စိရဋ္ဌိတိက ကာလရှည်စွာ တည်ပါစေသတည်း။

(၈) မဟာထေရေဟိ ဝိညူဟိ၊
ပဘူဟိ စ ပသံသိတော။
ဗုဒ္ဓဝံသော စိရံ ကာလံ၊
တောသေတု ဇနမာနသံ။

ဝိညူဟိ၊ ပိဋကတ္တယဆောက နိကာယဏ္ဏဝ ပါရဂူ သာသနိက ဂန္ထန္တရဝိဒူ ဝိနိစ္ဆယညူ ဟူဟူစလောက်ပါမောက်စွယ်စုံကျော်ထင်စံရှားကုန်သည်ဖြစ်၍တရား အဆီ အနှစ်သာရတို့ဖြင့် ပညာရှိကုန်သော။ မဟာထေရေဟိ စ၊ ဝါနှစ်ဆယ် ကျော်ပြီး မထေရ်ကြီးတို့နှင့်တကွ တံဆိပ်တော် ရ, မရ မြန်မာ့ရဋ္ဌ၌ ပဏ္ဍိတဂုဏ်